

မြန်မာနိုင်ငံလုံးဆိုင်ရာ
ဗေဒင်ဓမ္မဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာ့ဂုဟာအသင်း

အပျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တပဏ္ဍိုင်ပညာ

(အထက်တန်းအဆင့်)

သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆၊ ခရစ်နှစ် - ၂၀၁၄

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓဏရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း

အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တမဏ္ဍိုင်ပညာ

(အထက်တန်းအဆင့်)



သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ်နှစ် - ၂၀၁၄

အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တမဏ္ဍိုင်ပညာ
(အထက်တန်းအဆင့်)
မာတိကာ

ဉ်	အကြောင်းအရာ	စာမျက်နှာ
	အမှာစာ	၅
	နိဒါန်း	၁၂
	အခန်း(၁)	
၁။	**အခြေခံအဘိဓမ္မာ**	
	– အဘိဓမ္မာ၏အဓိပ္ပါယ်နှင့် သဘာဝ	၁
	– ပရမတ္တတရား (၄)ပါး	၁
	(၁) စိတ်၏အဓိပ္ပါယ်သဘာဝ	၁
	စိတ်၏သဘော	၂
	စိတ်၏ဓလေ့	၃
	(၂) စေတသိက်၏ အဓိပ္ပါယ်နှင့် သဘာဝ	၃
	(၃) ရုပ်၏အဓိပ္ပါယ်နှင့် သဘာဝ	၅
	(၄) နိဗ္ဗာန်အဓိပ္ပါယ်နှင့် သဘာဝ	၆
	နိဗ္ဗာန် (၂)မျိုး	
	နိဗ္ဗာန် (၃)မျိုး	
	– ပရမတ္တတရား (၄)ပါးနှင့် သစ်တ၊ အသစ်တ	၆
	– မရှိပညတ်၊ ရှိပရမတ်	၇
	– စိတ်ပိုင်း	
	– စိတ်အမျိုးအစားများ	၇
	– စိတ်ကို ဘုံအားဖြင့်ခွဲ (၄)မျိုး	၉
	– ကာမာဝစရစိတ် (၅၄)ပါး	၉

(၁) အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တမထွန်းကြားပညာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	– အကုသိုလ်စိတ် (၁၂)ပါး	၁၀
	– အဟိတ်စိတ် (၁၈)ပါး	၁၈
	– အကုသလဝိပါက်စိတ် (၇)ပါး	၁၈
	– အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး	၂၄
	– အဟိတ်ကြိယာစိတ် (၃)ပါး	၂၈
	– အသောဘဏ္ဍာစိတ် (၃၀)	၃၁
	– ရူပါဝစရစိတ် (၁၅)ပါး	၃၈
	– အရူပါဝစရစိတ် (၁၂)ပါး	၄၃
	– လောကုတ္တရာစိတ်	၄၈
	– စေတသိက်	၅၆
	– စေတသိက်လက္ခဏာ (၄)ပါး	၅၇
	– အကုသိုလ်စေတသိက် (၁၄)ပါး	၆၆
	– သောဘဏစေတသိက် (၂၅)ပါး	၇၁
	– ရုပ်ပိုင်း	၈၅
	– ရုပ် (၂၈)ပါး	၈၅
	– ရုပ်အမျိုးအစား	၈၅
	– ရုပ်တို့၏ ဖြစ်ပေါ်မှု သဘာဝများ	၁၁၂
	– နိဗ္ဗာန	၁၃၃
	– နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်ကွာခြားမှု	၁၃၄
	– နိဗ္ဗာန်၏ဂုဏ်ရည်များ	၁၃၅
	– နိဗ္ဗာန်ချမ်းသာ	၁၃၅
	– နိဗ္ဗာန်ရောက်ခြင်းနှင့်ရောက်ရာကာလ	၁၃၆

အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တမဏ္ဍိုင်ပညာ (၈)

	အကြောင်းအရာ	စာမျက်နှာ
	အခန်း(၂)	
၂။	**ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက် ပြုပြင်ရေးအတွက် ဝတ္တရားများ**	
-	ကမ္ဘာဦးမဟာသမ္မတမင်းတင်မြှောက်မှုပေါ်လာပုံ	၁၃၇
-	တိုင်းပြည်တစ်ပြည်၌ ပြည့်စုံရမည့် အင်္ဂါအချက်အလက်များ	၁၄၇
-	မင်းအစိုးရတို့ ပြည်သူပြည်သားတို့အပေါ် ကျင့်ရန် သင်္ဂဟတရား (၄)ပါး	၁၄၇
-	တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့၏ ကျင့်ဝတ်များ	၁၅၆
-	ခေါင်းဆောင်ကောင်းတို့၏ကျင့်ဝတ်များ	၁၆၄
-	ခေါင်းဆောင်ကောင်းတို့ မကျင့်အပ်သော ကျင့်ဝတ်များ	၁၇၃
-	ခေါင်းဆောင်ကောင်းတို့၏ အောင်မြင်သော စည်းရုံးရေးနည်းများ	၁၇၆
-	ဇာတ်တော်လာ ညီညွတ်မှုကြောင့် ကောင်းကျိုးရပုံ	၁၈၃
-	တိုင်းပြည်/မိသားစု ကြီးပွားချမ်းသာရေးကျင့်ဝတ်များ	၁၉၁
-	ပြည်သူတို့ အသိအလိမ္မာရရှိရေး ပညာသင်ကြားမှု တတ်မြောက်မှုများ	၂၄၆
-	မြန်မာ့ယဉ်ကျေးမှုလာ ပြည်သူတို့ ကျန်းမာရေး လမ်းညွှန်ချက်များ	၂၅၆
-	တိုင်းပြည်ကာကွယ်ရေး စစ်ရေးအတတ်ပညာများ	၃၂၄

စဉ် အကြောင်းအရာ စာမျက်နှာ

အခန်း(၃)

၅။ ခင်ပွန်းကြီး (၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ၄၀၁

- ခင်ပွန်းကြီး (၁၀)ပါး ၄၀၄
- ခင်ပွန်းကြီး (၁၀)ပါး ပြစ်မှား၍ ဆင်းရဲရောက်ရပုံ ၄၀၇

- ခင်ပွန်းကြီး (၁၀)ပါးအပေါ်၌ ကျေးဇူးသိတတ်၍ အကျိုးကြီး ရရှိခံစားရပုံ ၄၂၅
- ခင်ပွန်းကြီး (၁၀)ပါး ပြစ်မှား၍ ရရှိသော ဒဏ် (၁၀)ပါး ၄၄၅
- ခင်ပွန်းကြီး (၁၀)ပါး မပြစ်မှား၍ ဂုဏ်ကျေးဇူးကို သိတတ်သူများရရှိသော အကျိုးတရားများ ၄၄၇
- ခင်ပွန်းကြီး (၁၀)ပါးကန်တော့နည်း ၄၄၈
- ခင်ပွန်းကြီး (၁၀)ပါး ပြစ်မှားသူများကို ကုသရန်နည်းလမ်းများ ၄၅၀

အခန်း(၄)

၆။ မြန်မာ့ယဉ်ကျေးမှုလာ အနွံရာယ်ကင်း ပရိတ်နှင့် သိမှတ်ဖွယ်ရာများ ၄၅၅

- ပရိတ်နိဒါန်း ၄၅၅
- ဓမ္မစက်ဆက် ပရိတ်ရွတ်မှု ၄၅၆
- ပရိတ်စီစဉ်မှု ၄၅၉

အကြောင်းအရာ	စာမျက်နှာ
- ပရိတ်ရွတ်သူနှင့် ပရိတ်နာသူတို့၏အင်္ဂါများ	၄၆၁
- မင်္ဂလသုတ် ပရိတ်တော် အကျိုး	၄၆၃
- ရတနသုတ် ပရိတ်တော် အကျိုး	၄၆၆
- မေတ္တသုတ် ပရိတ်တော် အကျိုး	၄၆၉
- ခန္ဓသုတ်ပရိတ်တော် အကျိုး	၄၇၁
- မောရသုတ်ပရိတ်တော် အကျိုး	၄၇၂
- ဝဋ္ဌသုတ်ပရိတ်တော် အကျိုး	၄၇၅
- ဓဇဂ္ဂသုတ်ပရိတ်တော် အကျိုး	၄၇၇
- အာဋာနာဋိယသုတ်ပရိတ်တော် အကျိုး	၄၈၀
- အင်္ဂုလိမာလသုတ်ပရိတ်တော် အကျိုး	၄၈၁
- ဗောဇ္ဈင်္ဂသုတ်ပရိတ်တော် အကျိုး	၄၈၄
- ပုဗ္ဗဏ္ဍသုတ်ပရိတ်တော် အကျိုး	၄၈၆

အခန်း(၅)

၅။ **မြန်မာ့ယဉ်ကျေးမှုလာ အသက်, ဂုဏ်ဝါကြီးသူများ အပေါ်၌ ယဉ်ကျေးလိမ္မာဆက်ဆံနည်းစနစ်များ**	၄၈၉
- ကာယကံ ယဉ်ကျေးမှု	၄၈၉
- ဝစီကံ ယဉ်ကျေးမှု	၄၉၂
- မနောကံ ယဉ်ကျေးမှု	၄၉၆
- မိဘဆရာ၊ သက်ကြီးဂုဏ်ကြီး ဆက်ဆံရေး ယဉ်ကျေးမှု	၄၉၆
- စကားပြောနည်းဆိုင်ရာ စကားကြီး (၁၀)ခွန်း	၄၉၈

(စ) အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တမတည်ဆောက်ခြင်းပညာ

စဉ် အကြောင်းအရာ စာမျက်နှာ

အခန်း(၆)

၆။ ဗုဒ္ဓယဉ်ကျေးမှုလာ မြန်မာရိုးရာဓလေ့ထုံးစံပွဲများ ၅၀၅

- ရှင်ပြု ရဟန်းခံပွဲ ၅၀၇
- ပဉ္စင်းခံပွဲ ၅၂၀
- ဘုရားအနေကဇာတင်ပွဲ ၅၂၁
- အိမ်တက်မင်္ဂလာပွဲ ၅၂၉
- ထိမ်းမြားလက်ထပ် မင်္ဂလာပွဲ ၅၃၁
- မြတ်ဗုဒ္ဓ၏ အိမ်ထောင်ရေး တရား ၅၄၃
- ဆွမ်းသွတ်တရားနာယူပွဲ ၅၄၆
- ရည်မှန်းလျှုလျှင် ဃသူရနိုင် ၅၄၇
- အလှူခံသီလရှိမှ အကျိုးခံစားရ ၅၄၈

အခန်း(၇)

၇။ အတုယူပွယ်ရာ ဇာတ်ဓတ်ကြီးများ ၅၅၁

- တေမိယဇာတ်တော် ၅၅၁
- မဟာဇနကဇာတ်တော် ၅၅၇
- သုဝဏ္ဏသာမဇာတ်တော် ၅၆၈
- နေမိဇာတ်တော် ၅၇၆
- မဟောသဓဇာတ်တော် ၅၉၁

စဉ်	အခန်းအကြောင်း	စာမျက်နှာ
	– ဘုရိဒတ်ဇာတ်တော်	၆၁၅
	– စန္ဒာကုမာရဇာတ်တော်	၆၂၂
	– နာရဒဇာတ်တော်	၆၂၇
	– ဝိဓူရဇာတ်တော်	၆၃၃
	– ဝေဿန္တရာဇာတ်တော်	၆၃၈

အခန်း(၈)

၈။ ဗုဒ္ဓယဉ်ကျေးမှုများ မြန်မာနိုင်ငံသို့ သက်ဆင်း ရောက်လာပုံ ၆၄၆

– ဘုရားရှင်လက်ထက် သာသနာရောက်ရှိလာပုံ	၆၄၆
(က) ရာမညတိုင်း ဥက္ကလာပသို့ ဆံတော် ရောက်ရှိလာခြင်း	၆၄၆
(ခ) ရာမညတိုင်း သုဝဏ္ဏာဘူမိသို့ ဘုရားရှင်ကြွလာခြင်း	၆၄၇
(ဂ) ရက္ခပူရတိုင်း ဓညဝတီသို့ ဘုရားရှင် ကြွလာခြင်း	၆၄၉
(ဃ) သုနာပရန္တတိုင်းသို့ ဘုရားရှင် ကြွလာခြင်း	၆၅၁
– ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်	၆၅၂
(က) ရှင်သောဏ၊ ရှင်ဥတ္တရတို့ သုဝဏ္ဏာဘူမိသို့ ကြွရောက်သာသနာပြုခြင်း	၆၅၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
(ခ)	ရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်မှ ပိဋကတ်တော်များ သယ်ယူလာခြင်း	၆၅၄
(ဂ)	မြန်မာနိုင်ငံ (သရေခေတ္တရာ) ပျူမြို့ပြနိုင်ငံများသို့ ယဉ်ကျေးမှုများရောက်လာခြင်း	၆၅၆
(ဃ)	မြန်မာနိုင်ငံ အလယ်ပိုင်း၊ အထက်ပိုင်းသို့ မဟာယာနနှင့် ဗြာဟ္မဏရောသော သာသနာ ရောက်ရှိလာခြင်း	၆၅၇
(င)	မြန်မာနိုင်ငံနှင့် ဗြာဟ္မဏဝါဒ ကြီးစိုးမှု	၆၆၁
(စ)	အထက်မြန်မာပြည်၌ ရှင်အရဟံနှင့်အနော်ရထာမင်း တို့ ဗုဒ္ဓသာသနာနှင့် ယဉ်ကျေးမှုပျံ့ပွားအောင် ဆောင်ရွက်ခြင်း	၆၆၄

အမှာစာ

ယနေ့အချိန်အခါသည်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုး တိုးတက်သာယာပြီး ကမ္ဘာ့အလယ် တင့်တယ်သော နိုင်ငံတော်သစ်ကြီး ဖြစ်အောင် ကြိုးပမ်းနေကြသော အချိန်အခါပင်ဖြစ်လေသည်။ မြန်မာနိုင်ငံတော်၏တည်နေရာ အချက်အချာကျမှု ပထဝီအနေအထားအရ ပြည့်စုံမှု သဘာဝသယံဇာတကြွယ်ဝမှု စသောအားသာချက်များကြောင့် မြန်မာနိုင်ငံတော်၏အနာဂတ် အလားအလာသည် လွန်စွာကောင်းမွန်သည်ဟု ပညာရှင်တို့က သုံးသပ်ကြသည်။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးများသည် အေးအတူပူအမျှ တစ်အူတုံဆင်းညီရင်းအကိုပမာ ငြိမ်းချမ်းပျော်ရွှင်စွာနေထိုင်ခဲ့ကြသည်။ သာသနာတော် ပွင့်ပေါ်တော်မူစ ခေတ်ဦးကာလကပင် ရှင်တော်ဗုဒ္ဓဂေါတမမြတ်စွာဘုရား၏ အဆုံးအမတော်ကို ယုံကြည်သက်ဝင် ကိုးကွယ်ခဲ့ကြသဖြင့် ဘဝသံသရာ နှစ်ဖြာသော ငြိမ်းချမ်းမှုကို တည်ဆောက်နိုင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို မိမိတို့၏ အမျိုးသားယဉ်ကျေးမှုအဖြစ် ခံယူကျင့်သုံးခဲ့ကြသဖြင့် မြန်မာလူ့ဘောင်သည် ကမ္ဘာ့အလယ်တွင် ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖြစ် အသိအမှတ် ပြုခံခဲ့ကြရသည်။

ရှည်လျားလှစွာသော မြန်မာ့သမိုင်းတစ်လျှောက်တွင် ရှင်တော်ဗုဒ္ဓ၏အဆုံးအမတော်များကို လိုက်နာပြီး ဗုဒ္ဓယဉ်ကျေးမှုကို ကျောရိုးမကျိုင်အဖြစ်လေးစားခဲ့ကြသဖြင့် မြန်မာတို့၏ပုံရိပ်သည် အေးချမ်းသာယာတိုးတက်ခဲ့လေသည်။ ဘဝကို ချမ်းမြေ့စွာ တည်ဆောက်နိုင်ရုံမက ဗုဒ္ဓစာပေမှ ရရှိသော အသိအမြင်များကို အသုံးချနိုင်ခဲ့ကြသဖြင့် နိုင်ငံတော်တည်

ဆောက်ရေးသည် အာရှတလွှားတွင် ပီပြင်ထင်ရှားကျော်ကြားခဲ့သည်။ စာပေအနုပညာ ပန်းချီ ပန်းပု အနုသုခမပညာရပ်များသည် ကမ္ဘာကလေးစား ရသည်အထိ မြင့်မားခဲ့သည်။ စစ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေး၊ မြို့ပြ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေး စသည့် ဗဟုသုတများကိုပါရရှိ ခဲ့သဖြင့် မြို့ပြနိုင်ငံတော်ကြီးအဆင့်အထိ အောင်မြင်မှုရရှိခဲ့သည်။

ဗုဒ္ဓဘာသာအဆုံးမ၏ ကျေးဇူးကားဆပ်၍မကုန်နိုင်အောင် ဖြစ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေကို ဘုန်းတော်ကြီးကျောင်းများက ဖြန့်ဝေပေးခဲ့သဖြင့် မြန်မာတို့၏ ဘဝအခြေအနေသည် မြင့်မားခဲ့ပါသည်။

ယနေ့အခါတွင်မူ အခြေအနေတို့ပြောင်းလဲ လာခဲ့ပါသည်။ ပညာရေး၊ ယဉ်ကျေးမှု အဓိက ဖြန့်ဝေရာ ဘုန်းတော်ကြီးကျောင်း ပညာရေး စနစ်အစား ကျောင်းသင်ပညာရေးစနစ် အစားထိုး ဝင်ရောက်လာခဲ့ပါသည်။ ပညာသင် စာသင်ကျောင်းများသည် ခေတ်ပညာရပ်များကို အဓိကထား သင်ကြားပေးခဲ့သဖြင့် လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအသွင် အပြင်တို့အားနည်းလာပါသည်။ အနာဂတ်ခေါင်းဆောင် လူငယ်ထုအတွင်း ဘာသာ သာသနာအဆုံးအမယဉ်ကျေးမှုတို့ တိုးပွားဝင်ရောက်လာမှုမရှိသဖြင့် မြန်မာ့ယဉ်ကျေးမှုတို့ ဆုတ်ယုတ်လာပါသည်။ လူငယ်ထုတို့သည် မြန်မာ့ ယဉ်ကျေးမှုကို ကျောခိုင်းလာကြပါသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်တော့မည် ဆိုလျှင် စာရိတ္တမကျင့်ဝတ်ခိုင်ဖို့ လိုလာပါသည်။ စာရိတ္တမကျင့်ဝတ်အားနည်း ပြီး မျိုးချစ်စိတ် ကင်းမဲ့လာလျှင် ဤနိုင်ငံသည် စိုပြေသာယာမှုကင်းဝေး မည်မှာမုချဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်တို့ အမျိုးဘာသာ သာသနာ ယဉ်ကျေးမှု စိတ်ဓာတ်တို့ ပြန်လည် ပြည့်ဖြိုးလာ

စေရန် ရည်သန်၍ ဤစာအုပ်ကို ထုတ်ဝေရပါသည်။ ဤစာအုပ်ကို ကျောင်းသားလူငယ်အားလုံးတို့၏ လက်ဝယ်သို့ ရောက်ရှိကာ စိတ်ထား ဖြူစင်၍ ကိုယ်ကျင့်တရား ကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖွဲ့အစည်းများ ဖြစ်ထွန်းလာစေရန် ရည်သန်ပြီး ပညာရေး ဌာနနှင့် ပူးပေါင်းကာ ကျောင်းသားတိုင်း သင်ယူနိုင်သည်အထိ ကြိုးပမ်းမည်ဟု ထက်သန်သော စိတ်ထားဖြင့် ရည်မှန်းချက်ထားကာ ထုတ်ဝေ လိုက်ရပါသည်။



ဥက္ကဋ္ဌ

(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ

ဝဏ္ဏကျော်ထင်) ဒေါက်တာခင်ရွှေ

နိဒါန်း

အမျိုးသားယဉ်ကျေးမှုအစ စာသင်ကျောင်းက

ကမ္ဘာပေါ်တွင် လူမျိုးအလိုက် ယဉ်ကျေးမှုမျိုးစုံတို့ ရှိကြကုန်၏။ ယဉ်ကျေးမှုကွဲပြားခြင်း၏ အခြေခံအကြောင်းရင်းကို ရှာဖွေကြည့်သော အခါ မိမိတို့ကိုးကွယ်သော ဘာသာတရားများ ကွဲပြားခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရ၏။ ဘာသာရေး ကွဲပြားမှုကြောင့် ယဉ်ကျေးမှုကွဲပြားရသည်ဟု ဆိုနိုင်၏။ ဤသို့ဆိုလျှင် ယဉ်ကျေးမှုသည် ဘာသာအရေးအပေါ် အခြေခံသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ယဉ်ကျေးမှုကို လေ့လာမည်ဆိုလျှင် ဘာသာရေးကိုလေ့လာမှသာ အတွင်းကျကျ သိရမည်ဖြစ်သည်။ ယဉ်ကျေးမှု စီးဆင်းရာလမ်းကြောင်းသည် ဘာသာရေး ရေစီးကြောင်းနှင့် ဆက်စပ်နေလေသည်။ ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းနိုင်ရန် ဘာသာရေးအခြေခံကို ရှေးဦးစွာလေ့လာရပေမည်။ မြန်မာတို့၏ ယဉ်ကျေးမှုသည် မြန်မာတို့၏ ကိုးကွယ်ရာ ဗုဒ္ဓဘာသာမှ ဆင်းသက်လာသည်။ မြန်မာ့ယဉ်ကျေးမှုကို သိရှိနိုင်ရန် ဗုဒ္ဓဘာသာကို အခြေခံကျကျ သိရှိနားလည်ထားရပေမည်။ အခြားလူမျိုးတို့သည်လည်း မိမိတို့၏ယဉ်ကျေးမှုကို နားလည်စေရန် မိမိလူမျိုးတို့ ကိုးကွယ်ရာ ဘာသာရေးကို လေ့လာထားမှသာ ကြောင်းကျိုးဆက်စပ်မှုကို သိရှိနိုင်မည်ဖြစ်သည်။

လူမျိုးတစ်မျိုးလုံး၏ ယဉ်ကျေးမှုသည် အမျိုးသားယဉ်ကျေးမှု အသွင်ဆောင်မဆောင် သိရှိလိုပါမူ လူဦးရေအချိုးကို ကြည့်၍ဆုံးဖြတ်ရမည်။ လူဦးရေ၏ ထက်ဝက်နှင့် ထက်ဝက်အထက် လိုက်နာသော ယဉ်ကျေးမှုဖြစ်ပါမူ အမျိုးသားယဉ်ကျေးမှု အဆင့်ရောက်ပြီဟု ဆိုနိုင်လေသည်။ မြန်မာတို့၏ ယဉ်ကျေးမှုများမှာ နိုင်ငံလူဦးရေ၏ ရှစ်ဆယ်ရာခိုင်နှုန်းကျော်လက်ခံ ကျင့်သုံးလိုက်နာသော ယဉ်ကျေးမှုများဖြစ်၍ အမျိုးသားယဉ်ကျေးမှုသတ်မှတ်ချက်ကိုများစွာ ကျော်လွန်နေပြီ ဖြစ်ပါသည်။

ထိုအမျိုးသား ယဉ်ကျေးမှုသည် လူသားများအတွက် ကောင်းမွန်မှန်ကန် အကျိုးရှိမည့် သဘော လက္ခဏာ အသွင်များကို ဆောင်နေပါမူ ထိုယဉ်ကျေးမှုသည် အမျိုးသားယဉ်ကျေးမှုအမွေအဖြစ် ထိန်းသိမ်းရမည့် အခြေဖြစ်လာသည်။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ကမှ ရှုံ့ချ နှိပ်ကွပ် ဖျက်ဆီးခွင့် မရှိပေ။ မိမိဆန္ဒနှင့် မကိုက်ညီသော်လည်း အခြားလူများ၏ဆန္ဒကို လေးစားသောအားဖြင့် စောင့်ရှောက်ရမည်မှာ လူယဉ်ကျေးတို့၏ စည်းကမ်း ဖြစ်လာသည်။

ထိုအမျိုးသားယဉ်ကျေးမှု အမွေအနှစ်များသည် လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံ၏ လိုက်နာရမည့်၊ စောင့်ထိန်းရမည့် အလေးဂရုပြုရမည့် ကိုယ်ကျင့်သဘောကို ဆောင်လာလျှင် စာရိတ္တ ဖြစ်လာ၏။ စာရိတ္တသည် ကိုယ်ကျင့်သိလဖြစ်၏။ လူတစ်ယောက် လူတစ်စု လူမျိုးတစ်မျိုး ကိုယ်ကျင့်သိက္ခာ ဂုဏ်ကျက်သရေမြင့်မားမှု၊ အခြားသူတို့၏ လေးစားရိုသေမြတ်နိုးအတုခိုးမှု ခံရလောက်အောင် စာရိတ္တမြင့်မားလာလျှင် စာရိတ္တမကင်္ကိုင်ကြွ.ခိုင်လာပြီ ဟုဆိုနိုင်၏။ စာရိတ္တမကင်္ကိုင်သည် မကင်္ကိုင်ငါးရပ်တွင် အရေးအပါဆုံးဖြစ်၏။ ခွန်းအားငါးရပ်ဖြစ်သည့် ကာယဗလ ဉာဏဗလ ဘောဂဗလ မိတ္တဗလ စာရိတ္တဗလ တို့တွင် တန်ဖိုးအရှိဆုံး ခွန်အားဖြစ်၏။ လက်ငါးချောင်းတွင် မြင့်မားစွာရပ်တည်နေသော အလယ်ဗဟိုရှိလက်ခလယ်နှင့်ဟူသဖြင့် စာရိတ္တ မကင်္ကိုင်ဟူအသိအမှတ်ပြုကြ၏။ စာရိတ္တမကင်္ကိုင်ကြွ.ခိုင်ရေးသည် အရေးပါလှသဖြင့် အသိပညာ တစ်ရပ်အဖြစ် လူမျိုးအဆက်ဆက် သင်ပေးခဲ့ကြ၏။ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမကင်္ကိုင်ပညာရပ် ကို စနစ်တကျ တတ်မြောက်သိရှိနားလည်မှသာ မိမိနိုင်ငံ မိမိလူမျိုး မိမိဘာသာ မိမိသာသနာကို ချစ်မြတ်နိုးသော နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တို့ ထာဝရ ရှင်သန်နေမည် ဖြစ်လေသည်။

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး စာရိတ္တမကွာခြင်း ပညာရပ်ကို ဂဃနဏာ ခရေစေ့တွင်းကျ နားလည်မှသာ မျိုးချစ်စိတ်တို့ စဉ်ဆက်မပြတ် တိုးပွားနေမည် ဖြစ်သည်။ မျိုးချစ်စိတ်နှင့် ယဉ်ကျေးမှု ထိန်းသိမ်းခြင်မှုသည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေ၏။ မျိုးချစ် စိတ်ရှိမှသာ မိမိကိုယ်ပိုင် ယဉ်ကျေးမှုကို မြတ်နိုးစိတ်ရှိနိုင်သည်။ ယဉ်ကျေးမှု မြတ်နိုးမှသာ မျိုးချစ်စိတ်ရှိနိုင်သည်။ ခွဲခွာမရထာဝရ ဒွန်တွဲနေသော စိတ်ဓာတ် နှစ်ခုဖြစ်လေသည်။ နိုင်ငံတော်ကို ကမ္ဘာတည်သရွေ့ မြန်မာ တည်ရှိရမည်ဟု သန္နိဋ္ဌာန်ပြုထားသော မျိုးချစ်စိတ် ထက်သန် သူတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု တို့မပျောက်မကွယ် ထာဝရ ရှင်သန်တိုးတက်နေရန်အတွက် မျိုးဆက်သစ် လူငယ်တို့ကို အားပြုရပြန်သည်။

မျိုးဆက်သစ် မြန်မာ့သွေးသစ် အားသစ်လူငယ်တို့သည် အနာဂတ် မြန်မာနိုင်ငံ၏ အားထားရာ မီးရှူးတန်ဆောင်များဖြစ်၏။ ထိုအားသစ်တို့ စုဝေးရာနေရာသည် စာသင်ကျောင်းများဖြစ်ကြ၏။ ထိုလူငယ်တို့သည် အနာဂတ်နိုင်ငံတော်သစ်ကြီးကို ပုံဖော်ထုဆစ်တည်ဆောက် ရုပ်လုံးဖော်ရန် အတွက် ပညာရင်နှို့ သောက်စို့နေကြကုန်၏။ ဆရာသမားများက ခေတ်မီပညာရပ်မျိုးစုံကို သင်ပေးနေကြကုန်၏။ ထို ပညာရပ်များကို တတ်မြောက်ကျွမ်းကျင်ကြလျှင် လူတော်လေးများ ပေါ်ထွက်လာပေမည်။ နိုင်ငံတော်၏ ရုပ်ပိုင်းဆိုင်ရာ ပုံရိပ်ကို လှပတင့်တယ် ရှုစဖွယ်ဖြစ်အောင် ထုဆစ်နိုင်မည် မှာမုချဖြစ်သည်။

လူတော်များဖြစ်ရုံနှင့် မလုံလောက်သေးပေ၊ လူကောင်းလေးများ ဖြစ်ရန်လည်း လိုလာပြန်သည်။ လူတော်တို့ တည်ဆောက်ထားသော နိုင်ငံတော်ကို လူကောင်းတို့က ဦးဆောင် ထိန်းသိမ်းမှသာ ကမ္ဘာ့အလယ်

ထည်ဝါသောနိုင်ငံ ဖြစ်ပေသည်။ လူတော် ပညာတတ်၊ လူကောင်း ကိုယ်ကျင့်သီလ စာရိတ္တပြည့်ဝသူ လူတော်လူကောင်းတို့ ပြည်လုံးအနှံ့ တိုးပွားရေးသည် နိုင်ငံတော်အတွက် အရေးကြီးဆုံးအရာ ဖြစ်လာပါသည်။ ထို့ကြောင့် လူတော် လူကောင်း ဘက်စုံလူငယ်တို့ မွေးထုတ်နိုင်ရန်အတွက် အမျိုးသား ယဉ်ကျေးမှုစာရိတ္တမဏ္ဍိုင်ပညာရပ်ကို သင်ကြားရပေမည်။ ဤပညာရပ်ကို တစ်ပြည်လုံး တစ်ကျောင်းလုံး တစ်ခန်းလုံးရှိကျောင်းသားအားလုံး စနစ်တကျ တတ်မြောက်မှသာ အမျိုး ဘာသာသာသနာအတွက် အားထားရသော နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာပေမည်။ ထိုသားကောင်းရတနာ တို့သည်သာ စိတ်ဓာတ် စည်းကမ်းပညာ ပြည့်စုံလာသည့် လူတော် လူကောင်းများဖြစ်လာပေမည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှုအစ စာသင်ကျောင်းတော်က ဟု ဆိုရိုးပြုကြလေသည်။

ဗုဒ္ဓတရားတော်ဖြင့် အခြေခံခဲ့သော မြန်မာ့ယဉ်ကျေးမှုသည် မြန်မာ လူ့ဘောင်၏ အသက် သွေးကြောဖြစ်သည်။ ယဉ်ကျေးမှု သွေးကြောကို ဘာသာရေးသွေးဖြင့် သွေးသစ်လောင်းပေးနေမှသာ ထာဝရ ရှင်သန်သော သွေးသန့်သွေးစစ်များ တိုးပွားလာမည်ဟု အမှန်အတိုင်း သိမြင်ကြသော နိုင်ငံခေါင်းဆောင်တို့သည် လူငယ်ထုတစ်ရပ်လုံး မြန်မာ့ယဉ်ကျေးမှု စာရိတ္တမဏ္ဍိုင် အားရှိ ကြံ့ခိုင်လာစေရန်အတွက် ဤသင်ခန်းစာများကို ပြုစုရန် စီမံခဲ့လေသည်။

ယခုအခါ မြန်မာ့ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်း ပေးအပ်လိုသော "မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း" ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိ ပုဂ္ဂိုလ်ကြီးများက ဤစာအုပ်ဖြစ်မြောက်ရေးအတွက်

(တ) အမျိုးသားယဉ်ကျေးမှုနှင့်စာရိတ္တမကျင့်ပညာ

အမျိုးသားယဉ်ကျေးမှု နှင့် စာရိတ္တမကျင့်ပညာ ပြုစုရေး ကော်မတီတစ်ရပ်ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

(၁)	ဦးကိုကိုမြင့်	ဥက္ကဋ္ဌ
(၂)	ဦးကျော်ခင်မြင့်	အဖွဲ့ဝင်
(၃)	ဦးလှသိန်းထွဋ်	။
(၄)	ဦးကျော်လွင်	။
(၅)	ဦးခင်မောင်ရင်	အတွင်းရေးမှူး

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ရုံးအဖွဲ့မှ ဦးသာမြင့်(ဌာနမှူး - စည်းရုံး/ပညာ)၊ ဦးဝင်းနောင်(စည်းရုံးရေးမှူး)နှင့် ဒေါ်ထိုက်ဆုလှိုင် (ကွန်ပျူတာကွမ်းကျင်)တို့၏ အကူအညီရယူ ဆောင်ရွက်ခဲ့ပါသည်။ စာအုပ်ဖြစ်မြောက်ရေးကော်မတီသည် လူငယ်များနှင့် သင့်လျော်မည့် သင်ခန်းစာများကို ရွေးထုတ်၍ ထုတ်ဝေလိုက်ပါသည်။

သင်ကြားပေးကြသော ဆရာ၊ ဆရာမများကလည်း ကလေး သူငယ်တို့၏ အတန်းအလိုက် ရွေးနုတ်သင်ကြားပေးရန် လိုအပ်ပါ၍ ဤစာအုပ်ပါ ယဉ်ကျေးမှုများကို နဝမတန်း၊ ဒသမတန်း အတန်းအလိုက် ခွဲခြားစီစဉ် သင်ကြားပေးပါရန် တိုက်တွန်းအပ်ပါသည်။

အခန်း(၁)
အဓြေခံအဘိဓမ္မာ

အဘိဓမ္မာ၏ အဓိပ္ပါယ်နှင့် သဘာဝ

အဘိဓမ္မာ ဆိုသည်မှာ ပုဂ္ဂိုလ် သတ္တဝါ မဖက်၊ ရုပ် နာမ် ဓမ္မ သက်သက်ဖြစ်သောတရားသည် အဘိဓမ္မာဖြစ်ပါသည်။

အဘိဓမ္မာသည် အမှန်တကယ်ရှိနေသော သဘာဝတရားစစ်တရားမှန် ပြောင်းလဲမှုမရှိဘဲ သဘောတရား သီးခြားရှိသောတရား စိတ် စေတသိက် ရုပ် နိဗ္ဗာန် သဘာဝတရား (၄)ပါးတို့ဖြစ်သည်။

ယင်း (၄)ပါးတို့သည် ပြောင်းလဲမှုမရှိ သဘောတရား သီးခြားရှိမှန်ကန်သောတရားဖြစ်၍ ပရမတ္ထ ဟူ၍ ခေါ်ပါသည်။

ဥပမာ - လောဘစိတ်သည် လိုချင်သော သဘောရှိသည်။ ထို လောဘစိတ်သည် လူ နတ် ဗြဟ္မာ သတ္တဝါအမျိုးမျိုး၌ ဖြစ်သော်လည်း လိုချင်မှုသဘော သဘာဝအမှန်ကို မပြောင်းလွဲပါချေ။ ခွေးလောဘ၊ လူလောဘ၊ နတ်လောဘ အားလုံးသဘောချင်း တူမျှကြသည်။

ထိုလောဘ လိုချင်မှု သဘောမှ ပြောင်းလွဲမှုမရှိဘဲ မိမိလိုချင်ခြင်း သဘောတရားအတိုင်း ဖြစ်တတ်သောကြောင့် မှန်ကန်သော ပရမတ်ဟု ခေါ်ခြင်းဖြစ်ပါသည်။

ပရမတ္ထတရားဧလေးပါး အဓိပ္ပါယ်

(၁) စိတ်၏အဓိပ္ပါယ်သဘာဝ

စိတ် ထိုပရမတ်သည် သိစရာအာရုံအားလုံးကို သိတတ်သော သဘောကို စိတ်ဟုခေါ်သည်။ အဆင်းကိုမြင်လျှင် သိခြင်း၊ အသံကို

ကြားလျှင် သိခြင်း၊ အနံ့ကို နံလျှင် သိခြင်း၊ အရသာကို စားလျှင် သိခြင်း၊ အတွေ့ အထိကို တွေ့ထိလျှင် သိခြင်းနှင့် ထိုးငါးမျိုးမှ တစ်ပါးပါးသော တရားများကို သိခြင်းဖြစ်ပါသည်။

ထိုအာရုံကိုသိရာ၌လည်း သိခြင်း (၃)မျိုးရှိသည်။

(က) သညာသိ = မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မှတ်မိရုံသိခြင်း

(ခ) ပညာသိ = အမှားမရှိ အမှန်တိုင်း ထိုးထွင်းသိခြင်း

(ဂ) ဝိညာဏ်သိ = အာရုံတစ်ခုခုကို ရအောင်ယူရခြင်း

ထိုဝိညာဏ်သိဖြင့် သိခြင်းကို စိတ်ဟုခေါ်သည်။

စိတ်၏သဘော

(က) ဝေးသောအရပ်သို့ သွားနိုင်သည်။

ဝေးသောအရပ် နီးသောအရပ်များသို့ မိမိသွားလိုရာသို့ ချက်ချင်း သွားနိုင်သည်။ ဥပမာ- ရန်ကုန်နေသူသည် မန္တလေးသို့ စိတ်ဖြင့် တစ်ခဏချင်း သွားနိုင်သည်။

(ခ) အကောင်အထည်မရှိ

စိတ်ကို မမြင်နိုင်၊ တွေ့ထိ ကိုင်တွယ်၍ မရ သို့သော် သက်ရှိ သတ္တဝါ၌ စိတ်ရှိသည်။ စိတ်ကြောင့် ပြုမူ ပြောဆို ကြံစည်နေကြသည်။

(ဂ) ကိုယ်ထဲမှာ ရှိသည်။

သစ်စေ့သည် သစ်သီးထဲတွင် ရှိသကဲ့သို့ သက်ရှိသတ္တဝါ၏ ကိုယ် ခန္ဓာထဲ၌ စိတ်ရှိသည်။ စိတ်က စေခိုင်း၍ ရုပ်ခန္ဓာကြီးသည် သွားလာ လှုပ်ရှား နေရသည်။

(ဃ) လောကကို ဆွဲဆောင်နိုင်သော အားရှိသည်။

လျှပ်စစ်ဓာတ်အားသည် ဓာတ်ကြိုးထဲတွင်ရှိ၍ အားရှိပြီး အမျိုးမျိုး အသုံးချနိုင်သလို သတ္တလောက သဒ်ါရလောက ဩကာသလောကကြီး

(၃)ပါးကို ဆွဲဆောင်နိုင်သော အားရှိသည်။ လောကသုံးပါးထက် စိတ်သည် အားကောင်းသည်။ စွမ်းရည်ထက်မြက်သည်။

ဗုဒ္ဓက စိတ်ကသာ လောကကြီးကို ဦးဆောင်နေသည်ဟု ဟောခဲ့ပါသည်။ လူတစ်ယောက်သည် ပညာတတ်ဖြစ်လာရန်၊ လူယုတ်မာတစ်ယောက် ဖြစ်သွားစေရန် စိတ်ကပင် စွမ်းဆောင်ပေးသည်။

စိတ်သည် ထက်မြက်အားကောင်းလွန်းသောကြောင့် စိတ်ကို မပယ်ထားရ၊ သတိဖြင့် ထိန်းသိမ်းထားရသည်။

စိတ်၏ဓလေ့

(က) အာရုံငါးပါးကာမဂုဏ်တရားနှင့် ပျော်တတ်သည်။

(ခ) အကြောင်းမဲ့သက်သက် အလကားနေလို၏။

(ဂ) ကြိုက်သလို မနေရပါက စိတ်ဆိုး၏၊ ဖောက်ပြန်နေ၏။

(၂) စေတသိက်၏ အဓိပ္ပါယ်သဘာဝ

စိတ်နှင့်ယှဉ်တွဲ၍ အတူတကွဖြစ်တတ်သော သဘောတရားတို့ကို စေတသိက်ဟုခေါ်သည်။

စိတ်သည် တစ်စုံတစ်ခုကို သိခြင်းမျှသာဖြစ်၍ စိတ်ချည်းသက်သက်ဖြင့် အကောင်းအဆိုး အမျိုးမျိုးကို မကွဲပြားသေးပါ။ စေတသိက် အမျိုးမျိုးနှင့် ပေါင်းစပ် ခြယ်လှယ်ခြင်းခံရမှသာ စိတ်သည် အကောင်းအဆိုး အမျိုးမျိုး ကွဲပြားလာခြင်းဖြစ်သည်။

စေတသိက်သည် အာရုံငါးပါးကို အထူးသိစေသည်။ ကောင်းသည် ဆိုးသည်ကို ဝေဖန်ပေးနိုင်သည်။ စေတသိက်ကြောင့် ကောင်းသောစိတ်၊ ဖြောင့်သောစိတ်များဖြစ်ရသည်။ စိတ်နှင့် စေတသိက်တွင် စိတ်က ခံစားခြင်း မပြုနိုင်ပါ။ စေတသိက်ကသာ ခံစားနိုင်ပါသည်။

ဥပမာ - ဖဿစေတသိက်၏ အာရုံကို တွေ့ထိရာ၌ ခေါင်းဆောင်ရှေ့သွား ဖြစ်သော စိတ်မပါလျှင် မပြီးနိုင်၊ စိတ်နှင့် စပ်ယှဉ်၍သာ ဖြစ်ရသောကြောင့် ဖဿကို စေတသိက်ဟု ခေါ်သည်။

ဥပမာ - ရေရိုးရိုး၊ အဆိပ်ရည်၊ ဆေးရည် (၃)မျိုးတို့တွင် ရေရိုးရိုးသုံးစွဲက ဘာမှမဖြစ်၊ အဆိပ်ရည်သုံးစွဲက ရောဂါရမည်၊ ဆေးရည်သောက်က ရောဂါပျောက်မည်။

ရောဂါရခြင်းသည် ရေက ရသည်မဟုတ်၊ အဆိပ်က ရခြင်းဖြစ်သည်။ ရောဂါပျောက်ခြင်းသည် ရေက ပျောက်သည်မဟုတ်၊ ဆေးက ပျောက်စေခြင်းဖြစ်သည်။

ဤအတူ စိတ်သည် ရေနှင့်တူသည်။ အဆိပ်သည် စေတသိက်နှင့် တူသည်။ ဆေးရည်တွင်ဆေးသည် စေတသိက်နှင့် တူသည်။

ဖြူ၊ နီ၊ ညို၊ ဝါ၊ စိမ်း၊ ပြာ စသောအားဖြင့် အထူးထူး အပြားအပြား အဆင်းရှိသော ဆေးမှုန့်အမျိုးမျိုးတို့ကို ရေနှင့်အသီးသီးဖျော်၍ တစ်ခုသော ပန်းခိုကားချပ်၌ အထူးထူးသော ရုပ်စုံ၊ ရုပ်ဆန်း၊ ခြူးပန်းခြူးနွယ်တို့ကို စွဲငြိခြင်းသည် ရေ၏ကိစ္စသာဖြစ်သည်။ ဆေးမှုန့် အမျိုးမျိုး၏ကိစ္စမဟုတ်၊ အနီ၊ အပြာ၊ အဝါ၊ အစိမ်းစသော အရောင်အမျိုးမျိုး ထင်ရှားမှုသည် ဆေးမှုန့်အမျိုးမျိုး၏ ကိစ္စဖြစ်၏။ ရေကိစ္စမဟုတ်ပါ။

ဤဥပမာ၌ ပန်းခိုကားချပ်သည် အာရုံနှင့်တူသည်။ ရေသည် စိတ်နှင့်တူ၏။ ဆေးမှုန့်အမျိုးမျိုးသည် စေတသိက်နှင့်တူပါသည်။

ဆေးမှုန့်သည် ရေ၌မှီ၍ အရောင်အမျိုးမျိုးဖြစ်အောင် ဖန်ဆင်းခြယ်လှယ်သကဲ့သို့ စေတသိက်တို့သည် စိတ်၌မှီတွယ်၍ လောဘ၊ ဒေါသ၊ မောဟ၊ ကြွသာ၊ မစ္ဆရိယ၊ သဒ္ဓါ၊ သတိ၊ ပညာ စသော သဘောအမျိုးမျိုးတွေဖြစ်အောင် ဖန်ဆင်း ခြယ်လှယ်တတ်သည်။ ထိုစေတသိက် အမျိုးအစား (၅၂)မျိုးရှိသည်။

(၃) ရုပ်၏ အဓိပ္ပါယ်သဘာဝ

အချမ်း အပူ စသည်တို့ကြောင့် ရှေ့ရုပ်နှင့် မတူအောင် နောက်ရုပ်က ထင်ရှားဖြစ်ပျက် ပြောင်းလဲတတ်သော သဘောကို ရုပ်ဟုခေါ်သည်။

ဥပမာ - ဖယောင်းတိုင် တစ်တိုင်ကို ဆင်းရဲသား လက်ထဲတွင် လည်းကောင်း၊ သူဋ္ဌေးလက်ထဲတွင်လည်းကောင်း တစ်လှည့်စီထား၍ အပူပေးပါက အတူတကွ ရုပ်ပြောင်းသွားပါမည်။ ဖယောင်းတိုင်တို့သည် ရုပ်ပြောင်းရမည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားသည်။

ရုပ်၏တည်ခိုက်(ဌီအခိုက်)သည် နာမ်၏တည်ခိုက်(ဌီအခိုက်)ထက် ကြာပါသည်။ သို့အတွက် တည်ခိုက်(ဌီ) တည်ရှိစဉ်မျှားပင် ဆန့်ကျင်ဘက်အကြောင်းမျှားနှင့် ပေါင်းဆုံတတ်၏။

အပူဥတု စိုးအုပ်၍ အပူရုပ်အစဉ် ဖြစ်ခဲ့လေရာ အအေး ဥတုပေါ်လာ၍ ထိုအအေးဥတုနှင့် တည်ခိုက် (ဌီ)မှာ ပထမအကြိမ်တွေ့ဆုံမိကြ၏။ သို့သော် မထင်ရှားပေ။ ဒုတိယအကြိမ်၊ တတိယအကြိမ် တွေ့ဆုံမိကြပြန်၏။ ထိုကဲ့သို့ တည်(ဌီ) အခိုက်၌ ဆန့်ကျင်ဘက်အအေးဥတုနှင့် ပေါင်းမိဖန်များသောအခါ ရှေးက အပူရုပ်စဉ်ကွယ်ပျောက်၍ အအေးရုပ်စဉ် ပြောင်းလဲဖြစ်ပေါ်လာမည်။

အအေးကြောင့် ရုပ်အမျိုးမျိုးပြောင်းရာ၌ အအေးမိ၍ ဖျားနာမှု၊ ဆောင်းအခါ၌ အသားအရေ ကွဲအက်မှု စသည်တို့ဖြစ်သည်။

အပူကြောင့် အသားအရေကွဲအက်မှု၊ ထမင်းဆာ ရေငတ်မှုကြောင့် ရုပ်ညှိုးနွမ်းမှု စသည်တို့သည်လည်း ရုပ်အမျိုးမျိုးပြောင်းလဲ ဖြစ်ပေါ်မှုမျှားပင်ဖြစ်သည်။ ထိုရုပ်သည် အမျိုးအစား (၂၈)မျိုးရှိသည်။

(၄) နိဗ္ဗာန်၏အဓိပ္ပါယ်သဘာဝ

လိုချင်မှု (တဏှာ)မှ လွတ်မြောက်သည့်သဘော၊ ဆင်းရဲအပေါင်းမှချုပ်ငြိမ်းရာ၊ ရာဂစသော မီး (၁၁)ပါးတို့၏ ငြိမ်းရာ၊ ချုပ်ရာ အစစ်အမှန်တရားကို နိဗ္ဗာန်ဟုခေါ်သည်။

နိဗ္ဗာန် (၂)မျိုး

၁။ သဥပါဒိသေသ နိဗ္ဗာန် = ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ ဟူသော ခန္ဓာငါးပါးရှိနေဆဲ ငြိမ်းအေးမှုရောက်ရှိခံစားနေရသော နိဗ္ဗာန်။

၂။ အနုပါဒိသေသ နိဗ္ဗာန် = ခန္ဓာငါးပါး ချုပ်ငြိမ်းပျောက်၍ ဘဝပြီးဆုံးသော အခါ၌သာ ခံစားရသော နိဗ္ဗာန်။

နိဗ္ဗာန် (၃)မျိုး

၁။ သုညတနိဗ္ဗာန် = ရာဂစသည်မှ ကင်းဆိတ်သောနိဗ္ဗာန်

၂။ အနိမိတ္တနိဗ္ဗာန် = ရာဂစသော အကြောင်းတရားတို့မရှိသောနိဗ္ဗာန်။

၃။ အပ္ပဏိဟိတနိဗ္ဗာန် = လိုချင်တောင့်တမှု (ရာဂ) မရှိသော နိဗ္ဗာန်။

ပရမတ္ထတရား (၄)ပါးနှင့် သင်္ခတ၊ အသင်္ခတ

စိတ်၊ စေတသိက်၊ ရုပ်တရားတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား (၄)ပါးတို့က ပြုပြင်ဖန်တီး၍ ရသောကြောင့် သင်္ခတတရား ဟုခေါ်ပါသည်။

နိဗ္ဗာန်သည် ထိုကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား (၄) ပါးတို့ ပြုပြင်ဖန်တီးမှု ကင်းသောကြောင့် အသင်္ခတတရား ဟုခေါ်ပါသည်။

မရှိ ပညတ် ၊ ရှိ ပရမတ်

လူဟူခေါ်သော ခန္ဓာကိုယ်ဒြပ်၊ အထည်၊ ပညတ်ကြီးကို ဖျက်ဆီး၍ ဆံပင်တစ်ပုံ၊ အမွေးတစ်ပုံ၊ သွားတစ်ပုံ၊ ခြေသည်းလက်သည်းတစ်ပုံ၊ အရေတစ်ပုံ၊ အသားတစ်ပုံ စသည်ဖြင့် (၃၂)ပုံ စုထားလျှင် လူမဟုတ်တော့ပါ။ လူ ဟူသော ပညတ် သတ်မှတ်ချက် မရှိတော့ပါ။ ဆံပင် အမွေး စသော သတ်မှတ် (ပညတ်)ချက်သာ ရှိပါတော့သည်။

ထို (၃၂)ပုံတွင် အမာခံဖြစ်သော အရိုးပညတ် အထည်ဒြပ်ကိုယ်ကို မီးရှို့လိုက်လျှင် အရိုးမဟုတ်တော့ပြီ။ အရိုးဟူသော ပညတ်မှ မီးသွေးဟူသော ပညတ်၊ မီးသွေးဟူသော ပညတ်ကို မှုန့်မှုန့်ညက်ညက် ထောင်းထုပြန်လျှင် မီးသွေးမဟုတ်တော့ဘဲ မြေမှုန့်အဖြစ်သို့ ပြောင်းလဲသွားပါမည်။

ဤသို့လျှင် ပညတ်သည် သီးခြားသဘာဝ အတိအကျ မရှိသောကြောင့် ဖြစ်သည်။ ရုပ်-နာမ် တရားတို့တွင် မြေဓာတ် ပထဝီသည် ခိုင်မာခြင်း သဘောရှိသည်။ ယခင်မြေမှုန့်ထဲ၌ ဤမြေ(ပထဝီ)ဓာတ်မှုန့်များ များစွာပါရှိ၏။ ဤပထဝီမြေဓာတ်၏ ခိုင်မာခြင်းသဘောသည် ဖွဲ့စည်းခြင်း စသောသဘောသို့ ပြောင်းလဲသွားမှု မရှိဘဲ သဘာဝသီးခြားစီ အမှန်တကယ် ရှိနေသော တရား ဖြစ်ပါသည်။

စိတ်ပိုင်း

စိတ်အမျိုးအစားများ

စိတ်သည် သဘောအားဖြင့် အာရုံကိုသိခြင်း သဘောလက္ခဏာတစ်ပါးသာ ရှိသော်လည်း စေတသိက်တို့၏ကွဲပြားမှုကြောင့် အယုတ်၊ အမြတ်၊ အထူးမြတ်၊ အမြတ်ဆုံး သဘောအရ (၄)မျိုး ခွဲခြားထားပါသည်။

၁။ ကာမာဝစရစိတ် (အယုတ်) = ကာမ (၁၁)ဘုံ၌ အမျှားဆုံးကျင်လည် တတ်သောကြောင့် ကာမာဝစရ စိတ် မည်ပါသည်။

ကာမာဝစရစိတ် (၅၄)ပါးရှိသည်။

၂။ ရူပါဝစရစိတ် (အမြတ်) = အသည်သတ်ကြဉ်သော ရူပ (၁၅)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ် သောကြောင့် ရူပါဝစရစိတ်မည်ပါသည်။

ရူပါဝစရစိတ် (၁၅)ပါး ရှိပါသည်။

၃။ အရူပါဝစရစိတ် (အထူးမြတ်) = အရူပ (၄)ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် အရူပါဝစရ စိတ်မည်ပါသည်။

အရူပါဝစရစိတ် (၁၂)ပါးရှိပါသည်။

၄။ လောကုတ္တရာစိတ် (အမြတ်ဆုံး) = မဂ်စိတ်သည် ခန္ဓာငါးပါး စွဲလမ်းမှုဟူသော သခ်ၤါရလောကမှ အာသဝေါတရား တို့၏ အာရုံမဟုတ်သောအားဖြင့် လွန် မြောက်ဆဲဖြစ်သောကြောင့် လောကုတ္တရာ စိတ်မည်ပါသည်။

ဖိုလ်စိတ်သည် သခ်ၤါရလောကမှ လွန်မြောက် ပြီးဖြစ်သောကြောင့် လောကုတ္တရာစိတ် မည်ပါသည်။

တစ်နည်း = မဂ်၊ ဖိုလ်၊ နိဗ္ဗာန်သည် သခ်ၤါရလောက ထက် လွန်ကဲ မြင့်မြတ်သောကြောင့် လောကုတ္တရာစိတ် မည်ပါသည်။

လောကုတ္တရာစိတ်သည် အကျဉ်း (၈) ပါး၊ စျာန်အရ အကျယ် (၄၀)ပါးရှိသည်။

စိတ်ကို ဘုံအားဖြင့်ခွဲ (၄)မျိုး

စိတ်, စေတသိက်တို့၏ မတူကွဲပြားမှုကြောင့် သတ္တဝါတို့၏ ဘုံများသည် (၄)မျိုးကွဲပါသည်။

၁။ ကာမ (၁၁) ဘုံ - ကာမဘုံ၌ သက်ဝင်သော ကာမာဝစရစိတ် (၅၄)ပါး

၂။ ရူပ (၁၅) ဘုံ - ရူပဘုံ၌ သက်ဝင်သော ရူပါဝစရစိတ် (၁၅)ပါး

၃။ အရူပ (၄)ဘုံ - အရူပဘုံ၌ သက်ဝင်သော အရူပါဝစရစိတ် (၁၂)ပါး

၄။ လောကုတ္တရာ (အဝတ္ထာဘုံ) - လောကသုံးပါးမှ လွတ်မြောက်သောစိတ် (၈)ပါး၊ အကျယ် - စျာန်အရ (၄၀)ပါး

ကာမာဝစရစိတ် (၅၄)ပါး

၁။	အကုသိုလ်စိတ်	၁၂ ပါး
၂။	အဟိတ်စိတ်	၁၈ ပါး
၃။	ကာမသောဘာဏစိတ်	၂၄ ပါး
	စုစုပေါင်း	၅၄ ပါး

အကုသိုလ်စိတ် (၁၂)ပါး

အကုသလ (အကုသိုလ်) = အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိသော စိတ်ကို အကုသိုလ်စိတ်ဟုခေါ်သည်။ (ထိုအကုသိုလ် စိတ်များသည် ဟဒယဝတ္ထု (နှလုံးသွေးအိမ်)မှ ပေါ်ထွက်လာသည်။ ဤစိတ်သည် ပယ်အပ်သော တရားဖြစ်သည်။)

၁။	လောဘမူစိတ်	၈ ပါး
၂။	ဒေါသမူစိတ်	၂ ပါး
၃။	မောဟမူစိတ်	၂ ပါး
	စုစုပေါင်း	၁၂ ပါး

လောဘမူစိတ် (၈)ပါး

လောဘမူလ (လောဘမူစိတ်) = လိုချင်ခြင်း၊ ကပ်ငြိခြင်း အရင်းခံ၍ ဖြစ်ပေါ်လာသော စိတ်ကို လောဘမူစိတ်ဟုခေါ်သည်။

၁။ အမြင်မှား၊ အတွေးမှား၊ အယူမှားနှင့် ယှဉ်၍ ဝမ်းမြောက်စွာ သူတစ်ပါး တိုက်တွန်းမှုမရှိ မိမိကြိုးစားမှုနှင့် လိုချင်သောစိတ်။

၂။ အမြင်မှား၊ အတွေးမှား၊ အယူမှားနှင့် ယှဉ်၍ ဝမ်းမြောက်စွာ သူတစ်ပါး တိုက်တွန်း၍ ကြိုးစားမှုမပါသော လိုချင်သောစိတ်။

၃။ အမြင်မှား၊ အတွေးမှား၊ အယူမှားခြင်းနှင့်မယှဉ် ဝမ်းမြောက်စွာ သူတစ်ပါး တိုက်တွန်းမှုမရှိ မိမိကြိုးစားမှုဖြင့် လိုချင်သောစိတ်။

၄။ အမြင်မှား၊ အတွေးမှား၊ အယူမှားခြင်းနှင့်မယှဉ် သူတစ်ပါးက တိုက်တွန်း၍ ကြိုးစားမှုမပါသော လိုချင်သောစိတ်။

၅။ အမြင်မှား၊ အတွေးမှား၊ အယူမှားနှင့်ယှဉ်၍ အမှုမဲ့ အမှတ်မဲ့ လျစ်လျူရှုစွာ သူတစ်ပါးတိုက်တွန်းမှုမရှိ မိမိကြိုးစားမှုဖြင့် လိုချင်သောစိတ်။

၆။ အမြင်မှား၊ အတွေးမှား၊ အယူမှားနှင့်ယှဉ်၍ အမှုမဲ့ အမှတ်မဲ့ လျစ်လျူရှုစွာ သူတစ်ပါးက တိုက်တွန်း၍ ကြိုးစားမှုမပါသော လိုချင်သောစိတ်။

၇။ အမြင်မှား၊ အတွေးမှား၊ အယူမှားနှင့် မယှဉ်မူ၍ အမှုမဲ့ အမှတ်မဲ့ လျစ်လျူရှုစွာ သူတစ်ပါး တိုက်တွန်းမှုမရှိ မိမိကြိုးစားမှုဖြင့် လိုချင်သောစိတ်။

၈။ အမြင်မှား၊ အတွေးမှား၊ အယူမှားနှင့် မယှဉ်မူ၍ အမှုမဲ့ အမှတ်မဲ့ လျစ်လျူရှုစွာ သူတစ်ပါးက တိုက်တွန်း၍ ကြိုးစားမှုပါသော လိုချင်သောစိတ်။

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက လောဘမူစိတ်

၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက လောဘမူစိတ်

လောဘစိတ်သည် တစ်မျိုးတည်းဖြစ်သော်လည်း

- ရွှင်လန်းဝမ်းမြောက်စွာ ခံစားခြင်းသဘော (သောမနဿ)

- လျစ်လျူရှု ခံစားခြင်းသဘော (ဥပေက္ခာ)
- အယူမှား၊ အတွေးမှား၊ အကြံမှားနှင့်ယှဉ်ခြင်းသဘော (ဒိဋ္ဌိဂတသမ္ပယုတ်)
- အယူမှား၊ အတွေးမှား၊ အကြံမှားနှင့်မယှဉ်ခြင်းသဘော(ဒိဋ္ဌိဂတဝိပ္ပယုတ်)
- သူတစ်ပါး တိုက်တွန်းမှုမပါ မိမိအသိဖြင့် ကြိုးစားမှု သဘော (အသင်္ခါရိက)
- သူတစ်ပါး တိုက်တွန်းမှုပါ ကြိုးစားမှု သဘော (သသင်္ခါရိက)

စသည်အားဖြင့် ကွဲပြား ခြားနားကြသောကြောင့် (၂×၂×၂ = ၈ ပါး) ပြားရပါသည်။

လောဘစိတ်ကြောင့် ခိုးဆိုးတိုက်ခိုက် လိမ်ညာလှည့်ဖြားရာ၏။ ထိုအပြစ်ကြောင်းအရ ပစ္စုပ္ပန်ဘဝ၌ ထောင်စသည် ကျခံရသည်၊ တမလွန်ဘဝတွင် အပါယ်လေးပါး ကျရောက်ရ၏။

လောဘမူစိတ် ဥပမာ

၁။ ရွှေရည်စိမ်အတုကို အစစ်ထင်၍ လိုချင်စိတ်ဖြင့် ဝမ်းမြောက်ဝမ်းသာစွာ မိမိကိုယ်တိုင် ကြိုးစားပြီး၍ ကောက်ယူခြင်း။

၂။ တစ်ယောက်ယောက်က တိုက်တွန်း၍ ပြီးကောက်ယူခြင်း။

၃။ ရွှေလက်စွပ်အစစ်ကို အစစ်မှတ်ယူကာ ဝမ်းမြောက်ဝမ်းသာစွာ မိမိကိုယ်တိုင်ကြိုးစားပြီး၍ ကောက်ယူခြင်း။

၄။ တစ်ယောက်ယောက်က တိုက်တွန်း၍ ပြီးကောက်ယူခြင်း။

၅။ ငါးကျပ်တန်အတုကို အစစ်ထင်၍ မလိုချင် လိုချင်၊ အမှုမဲ့ အမှုတ်မဲ့စိတ်မပါဘဲ ကိုယ်တိုင်ကြိုးစား၍ ပြီးကောက်ခြင်း။

၆။ တစ်ယောက်ယောက်က တိုက်တွန်း၍ ပြေးကောက်ယူခြင်း။

၇။ ငါးကျပ်တန်အစစ်ကို အစစ်အမှန်သိပြီး အမှုမဲ့ အမှတ်မဲ့ စိတ်မပါဘဲ ကိုယ်တိုင်ပြေးကောက်ယူခြင်း။

၈။ တစ်ယောက်ယောက်က တိုက်တွန်း၍ ပြေးကောက်ယူခြင်း။

- ခွေးအကျင့် နွားအကျင့်ကို သံသရာမှ လွတ်မြောက်ကြောင်း အကျင့် မှန်ဟူ၍ ဝမ်းသာစွာ လက်ခံယုံကြည်၍ ကျင့်ခြင်း။

- အိမ်မြောင် စုပ်ထိုးသံကို မင်္ဂလာရှိသော အသံဟူ၍ ဝမ်းသာစွာ လက်ခံယုံကြည်ခြင်း။

ဒေါသမူစိတ် (၂)ပါး

ဒေါသမူလ=(ဒေါသမူစိတ်) = ကြမ်းတမ်းခြင်း၊ ပြစ်မှားခြင်း၊ အရင်းခံ ဖြစ်သောစိတ်ကို ဒေါသစိတ် ဟုခေါ်ပါသည်။

(၁) စိတ်မချမ်းသာခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းနှင့်ယှဉ်၍ ကြမ်းတမ်းမှုနှင့် သူတစ်ပါး တိုက်တွန်းမှုမရှိ ကြိုးစားမှုရှိသော ဒေါသ စိတ်။

(၂) စိတ်မချမ်းသာခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်းနှင့်ယှဉ်၍ ကြမ်းတမ်းမှုနှင့် သူတစ်ပါး တိုက်တွန်းမှုရှိ ကြိုးစားမှု ဒေါသစိတ်။

- စိတ်ဆိုး စိတ်ပျက် စိတ်ဆင်းရဲမှုဖြစ်သောအခါတိုင်း ဒေါသစိတ် ဖြစ်ရသည်။ ဒေါသစိတ်ဖြစ်တိုင်း စိတ်ပူလောင် ဆွေးမြေ့ နှလုံးမသာ မယာဖြစ်ရသဖြင့် ကြမ်းတမ်းသော ခံစားမှု ဒေါသစေတသိက်ယှဉ်လာ ရပါသည်။

- စိတ်ဆင်းရဲလျှင် စိတ်ပူတော့မည်၊ စိတ်ကြမ်းတမ်းလာမည်ဖြစ်သောကြောင့် မိမိအလိုမရှိအပ်၊ မနှစ်သက်အပ်သော အာရုံများကိုတွေးသောအခါ၌လည်းကောင်း၊ ရန်ငြိုးဖွဲ့ခြင်း တရားများ ပေါ်လာသော အခါ၌လည်းကောင်း၊ မိုးကရွာလိုက်၊ နေကပူလိုက်တာ စသည်ဖြင့် အရာမဟုတ်သည်ကို စိတ်ဆိုးနေသဖြင့်လည်းကောင်း ဤအကြောင်းများကြောင့် အမျက်ထွက်မှုများ၊ ကြမ်းတမ်းမှုများ ဖြစ်ပေါ်လာရပါသည်။

ဒေါမနဿနှင့်ပဋိဃ

- ဒေါမနဿသည် အလိုမရှိအပ်သော အာရုံ၌ ခံစားခြင်းလက္ခဏာရှိ၍ ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သည်။

- ပဋိဃသည် ကြမ်းတမ်းသော သဘောလက္ခဏာရှိ၍ သခ်ါရက္ခန္ဓာ၌ အကျုံးဝင်ပါသည်။

ဒေါမနဿ၌ စိတ်ဆင်းရဲခြင်း (၂)မျိုး

(က) ဝမ်းနည်း၍ စိတ်ဆင်းရဲခြင်း = ဆုတ်နစ်သော စိတ်ဆင်းရဲခြင်း

(၁) ဒေါမနဿ သဟဂုတ် ပဋိဃသမွယုတ် အသခ်ါရိက ဒေါသစိတ်

(၂) ဒေါမနဿ သဟဂုတ် ပဋိဃသမွယုတ် သသခ်ါရိက ဒေါသစိတ်

- ရင်ကွဲနာကျ၍ သေခြင်း၊ နှလုံးကွဲ၍ သေခြင်းများသည် ဆုတ်နစ်သော ဒေါသဖြစ်သည်။

- ဆုတ်နစ်သော ဒေါသစိတ်ထဲတွင် ကြမ်းတမ်းသော သဘောပါသောကြောင့် သေရခြင်းဖြစ်သည်။

ဥပမာ - ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၏ မိဖုရားဖြစ်သော သုဘဒ္ဒါသည် ဆင်မင်းမိဖုရားဘဝက မနာလိုသော ရန်ငြိုးကြောင့် လူမင်း၏

မိဖုရားဘဝတွင် ဆဒ္ဒန်ဆင်စွယ်ကို သောနုတ္တရမုဆိုးအား ဖြတ်ခိုင်းပြီး ထိုဆင်စွယ်ကို ရင်ဝယ်ပွေ့ကာ အတိတ်ကဖြစ်ခဲ့သော အဖြစ်သနစ်ကို တစိမ့်စိမ့်တွေးတောပြီး နှလုံးကွဲသေရသည်ကို ဝမ်းနည်း၍ ဆုတ်နစ်သောဒေါသထဲတွင် ကြမ်းတမ်းသော သဘောပါဝင်သည်။

(ခ) စိတ်ဆိုး၍ စိတ်ဆင်းရဲခြင်း = တက်ကြွသော စိတ်ဆင်းရဲခြင်း

- တက်ကြွသော စိတ်ဆင်းရဲခြင်းတွင် ကြမ်းတမ်းသော သဘောပါဝင်ပါသည်။

ဥပမာ - ရွဲကုန်သည် ဝတ္ထုတွင် ဒေဝဒတ်အလောင်း ရွဲကုန်သည်မိုက်သည် ဘုရားလောင်း ရွဲကုန်သည်ထံမှ ရွှေခွက်ကို မရလိုက်သောကြောင့် ဒေါသအမျက်ထွက်ကာ နှလုံးကွဲ၍ သေရသည်။

သူတစ်ပါးက မတိုက်တွန်းသော (အသင်္ခါရိက) ဒေါသစိတ်

- သူတစ်ပါးက မတိုက်တွန်းဘဲ မိမိအလိုပင် တက်ကြွသောဒေါသ၊ ဆုတ်နစ်သောဒေါသ ဖြစ်ရသည်။

- မိမိ အလိုအလျောက်ပင် ဖြစ်ပြီးသော ကိစ္စတို့ကို ပြန်စဉ်းစားပြီး ဝမ်းနည်း၍ စိတ်ဆင်းရဲခြင်းသည် အသင်္ခါရိက ဒေါသစိတ်ဖြစ်သည်။

သူတစ်ပါး တိုက်တွန်းသော (သသင်္ခါရိက) ဒေါသစိတ်

- သူတစ်ပါးက လာ၍ ကုန်းတိုက်စကားပြောခြင်းကြောင့် ဖြစ်လာသော ဒေါသသည် သသင်္ခါရိက ဒေါသစိတ်ဖြစ်သည်။

- သူတစ်ပါး ပယောဂကိုမှီ၍ ကလေးများ ခြေဆောင့်ခြင်း၊ စိတ်ပြင်းသောသူများ တိုင်နှင့်ခေါင်းဆောင့်ခြင်း၊ ဓားနှင့်မိမိကိုယ်ကို ပြန်၍ ထိုးခြင်း စသည်များများသည် သသင်္ခါရိက ဒေါသစိတ်ကြောင့်ဖြစ်ရခြင်းဖြစ်ပါသည်။

ဒေါသအပြစ်ပြစ်ပုံ

ဒေါသကြောင့် ရန်ဖြစ်၏။ တိုက်ခိုက်၏။ ရာဇဝတ်မှုဖြစ်ကာ ပစ္စုပ္ပန်ဘဝ၌ ထောင်ကျခံရသည်။ သေသောအခါ အပါယ်သို့ သွားရသည်။

မောဟမူစိတ်(၂)ပါး

မောဟမူလ (မောဟမူစိတ်) = တွေဝေခြင်း၊ ဖုံးလွှမ်းခြင်း အရင်းခံ၍ ဖြစ်ပေါ်လာသော စိတ်ကို မောဟမူစိတ်ဟု ခေါ်သည်။

(၁) ယုံမှားခြင်းနှင့်ယှဉ်သော၊ မဆုံးဖြတ်နိုင်သော သို့လော သို့လော ဖြစ်သော သဘော (ဝိစိကိစ္ဆာ)ရှိသော တွေဝေဖုံးလွှမ်းသောစိတ်။ (ရတနာသုံးပါး ကံ ကံ၏အကျိုး စသည်၌ ယုံမှားသံသယရှိခြင်း။)

(၂) ပျံ့လွင့်ခြင်း၊ မမှန်သောအာရုံအမျိုးမျိုးသို့ စိတ်ပျံ့လွင့်ခြင်း(ဥဒ္ဓစ္စ) သဘော တွေဝေ ဖုံးလွှမ်းသောစိတ်။

မောဟမူစိတ်၏ ဝိစိကိစ္ဆာသဘော

- တွေဝေခြင်း၊ ယုံမှားခြင်းရှိသော ပုဂ္ဂိုလ်အား ထိုယုံမှားသံသယဖြင့် ဘဝကို စူးစမ်းသည်ရှိသော် ပူပန်ပင်ပန်းတတ်၏။ ယုံမှားခြင်း တွေဝေခြင်းရှိသော ပုဂ္ဂိုလ်အား သဘာဝအမှန်တရားကို စဉ်းစားဆုံးဖြတ်ခိုင်းလျှင် မဆုံးဖြတ်နိုင်သဖြင့် ထိုပုဂ္ဂိုလ်အတွက် ဆင်းရဲစရာ ပူပန်စရာ ပင်ပန်းစရာသာ ဖြစ်သည်။

- ယုံမှားသံသယရှိသော ဝိစိကိစ္ဆာစိတ်ကို ဉာဏ်ဖြင့် ကုစားခြင်းငှာ ခဲယဉ်းသည်ဖြစ်၍ ဉာဏ်တည်းဟူသော ဆေးသမား ကင်းသည့်အတွက် ဝိစိကိစ္ဆာမည်ပါသည်။

မောဟမူဠ် ဥပေက္ခာရှိရပုံ

- မောဟမူစိတ်သည် မောဟဟိတ်တစ်ပါးသာရှိ၍ တွေဝေခြင်း မဆုံးဖြတ်နိုင်ခြင်း၊ ယုံမှားခြင်း၊ ပျံ့လွင့်အားကြီးသောကြောင့် ကောင်းသော အာရုံ၌လည်း နှစ်သက်ဝမ်းမြောက်မှု သဘောမရှိ၊ မကောင်းသောအာရုံ၌လည်း မနှစ်သက်ခြင်း၊ ဒေါမနဿသဘောမရှိ သို့အတွက် ဥပေက္ခာတစ်မျိုးသာ ရှိရသည်။

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာစိတ်၊

(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စစိတ်၊

မောဟစိတ်အပြစ်ဖြစ်ပုံ

မိမိလုပ်ရမည်ဖြစ်သော စာသင်ကြားမှုအလုပ်ကို မလုပ် မသင် တွေဝေနေသဖြင့် စာမေးပွဲမအောင် စာမတတ် ပညာမဲ့ဖြစ်ရသည်။ ပညာမဲ့သဖြင့် အကြောင်းအကျိုး အကောင်းအဆိုးကို မသိ၊ သတ်မည်၊ ခိုးမည်။

ထိုအတွက် အပြစ်ရမည်၊ အကျိုးစီးပွား ပျက်စီးရသည်။ သူတစ်ပါး ကဲ့ရဲ့ခံရတတ်သည်။

ရတနာသုံးပါး ကောင်းမှု၊ မကောင်းမှု အကျိုး စသည်၌ ယုံမှားသံသယဖြစ်နေသူအတွက် ဝိစိကိစ္ဆာ မောဟမူစိတ်ဖြစ်သည်။

အာရုံပျံ့လွင့်ပြီး တွေဝေငေးမောနေသူ၌ ဥဒ္ဓစ္စမောဟမူစိတ်ဖြစ်သည်။ အကုသိုလ်စိတ်ဖြစ်တိုင်း သတိထားမိလျှင် အကုသိုလ်စိတ် အစဉ်ပြတ်သည်။ အထူးသဖြင့် မကောင်းမှု (အကုသိုလ်ဒုစရိုက်) ၁၀ ပါးကို မသိမှု (မောဟ) ကြောင့်ပြုလုပ်နေကြရာ အပါယ်သို့ကျနိုင်သည်။ အကုသိုလ်စိတ်အကြံကို ထိန်းသိမ်းနိုင်ပါက ကိုယ်နှုတ်အမူအရာ ထိန်းပြီးဖြစ်သည်။

အဟိတ်စိတ် (၁၈)ပါး

အဟေတုက (အဟိတ်) = အကြောင်းတရား (၀၊) အရင်းအမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရားမရှိ။

ယှဉ်ဖော်ယှဉ်ဖက် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်(၆)ပါးတွင် တစ်ပါးပါးနှင့် မယှဉ်သော ကြောင့် (၀၊) အခြေမြစ်ဟိတ်မရှိသောကြောင့် အဟိတ်စိတ် မည်ပါသည်။

ဟိတ်မရှိသော (အဟိတ်စိတ်) ၁၈ ပါး

၁။	အကုသလဝိပါက်စိတ်	၇-ပါး
၂။	အဟိတ်ကုသလဝိပါက်စိတ်	၈-ပါး
၃။	အဟိတ်ကြိယာစိတ်	၃-ပါး
	စုစုပေါင်း	၁၈-ပါး

အကုသလဝိပါက်စိတ် (၇) ပါး

အကုသလဝိပါက = အပြစ်ရှိ၍ ကောင်းကျိုးကို ဖြစ်စေသော ရင့်ကျက်သော အကျိုးဖြစ်စေခြင်း

- မကောင်းသော အာရုံဖြစ်ခြင်းစသော အကုသိုလ်စိတ်ကြောင့် ပေါ်ထွက်လာသော မကောင်းသော အကျိုးပေးမှုစိတ် (အကုသလ ဝိပါက) ဖြစ်သည်။
- မကောင်းအကျိုးပေးစိတ် (အကုသလဝိပါက်)များသည် ရှေး မကောင်းမှုတို့၏ အကျိုးဖြစ်သော စိတ်များဖြစ်ကြပါသည်။
- မကောင်းသော အာရုံများကို မြင်,ကြား,နံ,စား,တွေ့,ထိသောအခါ အာရုံကိုသိသော စိတ်များဖြစ်ကြပါသည်။

(၁) အလယ်အလတ်အတူအဖြစ် မျက်စိဖြင့် မြင်သိစိတ်

(၂) အလယ်အလတ်အတူအဖြစ် နားဖြင့် ကြားသိစိတ်

(၃) အလယ်အလတ်အတူအဖြစ် နှာခေါင်းဖြင့် နံသိစိတ်

(၄) အလယ်အလတ်အတူအဖြစ် လျှာဖြင့် စားသိစိတ်

(၅) ဆင်းရဲအတူအဖြစ် ကိုယ်ဖြင့် တွေ့ထိစိတ်

(၆) အလယ်အလတ်အတူအဖြစ် အာရုံလက်ခံစိတ်

(၇) အလယ်အလတ်အတူအဖြစ် စုံစမ်းစစ်ဆေးစိတ်

၁။ မျက်စိအသိစိတ်သည် မျက်စိအကြည်ရုပ်မှပေါ်၍ အဆင်းကို သိသည်။

၂။ နားအသိစိတ်သည် နားအကြားရုပ်မှပေါ်၍ အသံကို ကြားရုံမျှကြား ရသည်။

၃။ နှာခေါင်းအသိစိတ်သည် နှာခေါင်းအကြည်ရုပ်မှပေါ်၍ အနံ့ကိုနံရုံမျှ နံသည်။

၄။ လျှာအသိစိတ်သည် လျှာအကြည်ရုပ်မှပေါ်၍ အရသာကို သိသည်။

၅။ ကိုယ်တွေ့ထိစိတ်သည် ကိုယ်အကြည်ရုပ်မှပေါ်၍ ဆင်းရဲအတွေ့ အထိကို သိသည်။

၆။ လက်ခံသိစိတ်သည် နှလုံးထဲမှပေါ်၍ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိအားလုံးကို လက်ခံသည်။

၇။ စုံစမ်း စစ်ဆေးစိတ်သည် အဆင်း, အသံ စသော အာရုံ အားလုံးကို ကောင်း မကောင်း စုံစမ်းစစ်ဆေးပါသည်။

ဥပမာ - ဆဲသံ စသော ကြမ်းတမ်းသော အသံ တစ်ခုကို ကြားခြင်း သည် အကုသိုလ်အကျိုး ကြားသိစိတ်ဖြစ်၍ ထိုကြားခြင်းကို လက်ခံ၏။ (သမ္ပဋိစ္ဆိုင်း)အလုပ်ဖြစ်ပါသည်။

- ဆဲဆိုသံ ကောင်းမကောင်း အဓိပ္ပါယ် မည်သို့ရှိသည် မည်မျှ ကြမ်းတမ်း ညစ်ညမ်းသည်တို့ကို သေချာစွာ စစ်ဆေး၏။ (သန္ဓီရဏ) အလုပ်ဖြစ်ပါသည်။
- နားသည် အသံတစ်ခုကို ကြားပြီးနောက် ချက်ချင်းပျောက်သွားသော သဘောရှိသည်။ နားတွင် ကြားနိုင်သော ကိရိယာ ရှိသည်။
- ထို့နောက် သွားသောအသံကို လက်ခံစိတ် (သမ္ပဋိစ္ဆိုင်း)က အသံယူ၍ လက်ခံထားလိုက်သည်။
- ထို့နောက် စုံစမ်းစစ်ဆေးစိတ် (သန္ဓီရဏ)က စုံစမ်းစစ်ဆေးသောအလုပ်ကို လုပ်သည်။

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်
(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်
(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်
(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဉ်စိတ်
(၅) ဒုက္ခသဟဂုတ် ကာယဝိညာဉ်စိတ်
(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်
(၇) ဥပေက္ခာသဟဂုတ် သန္ဓီရဏစိတ်

မကောင်းမှုအကျိုးပေးစိတ် (အကုသလဝိပါက်)နှင့် မကောင်းစိတ် (အကုသိုလ်စိတ်)ဖြစ်မှု

မျက်စိ အသိစိတ် စသောအသိစိတ်တို့သည် မျက်စိစသည်ထဲ၌လည်းကောင်း၊ အရာဝတ္ထုတစ်ခုခုထဲ၌လည်းကောင်း သိုလှောင်သိမ်းထားသည် မဟုတ်ပါ။ အဆင်းနှင့်မျက်စိ စသည်ဖြင့် သက်ဆိုင်ရာ တစ်ခုနှင့်တစ်ခု တွေ့ထိမှသာ ဖြစ်ရပါသည်။

- မကောင်းမှု (အကုသိုလ်)စိတ်နှင့် မကောင်းအကျိုးပေး (အကုသလဝိပါက်) စိတ်တို့သည် ဆက်သွယ်လျက်ရှိနေပါသည်။
- အကုသိုလ်စိတ် (၁၂)ပါးကြောင့် အကုသိုလ်အကျိုးစိတ် (အကုသလဝိပါက်စိတ်) (၇)ပါးကို ရရှိပါသည်။
- အပြစ်ရှိ၍ မကောင်းကျိုးကို ဖြစ်စေသော မကောင်းမှုအကုသိုလ်အလုပ်ကို လုပ်ကိုင်ပါက အပြစ်ရှိသော မကောင်းကျိုး (အကုသလဝိပါက်)ကို ခံစားကြရပါမည်။

ဥပမာ - လူတစ်ယောက်သည် လိုချင်သော (လောဘ)စိတ်ဖြင့် ပစ္စည်းကို ခိုးယူ၏။ ပိုင်ရှင်သိသွားသော် အမျက်ထွက် (ဒေါသ)စိတ်ဖြစ်ကာ ပစ္စည်းပိုင်ရှင်ကို ရိုက်နှက်သတ်ဖြတ်ပါက ထိုသူသည် ဖမ်းဆီးချုပ်နှောင်ခံရသော ဆိုးကျိုးကို ရပါမည်။

လောဘစိတ်၊ ဒေါသစိတ်၏ အကျိုးအဖြစ် အချုပ်ခန်းထဲ၌ မကောင်းသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ တို့ကို ရရှိ ခံစားရပါတော့မည်။ မကောင်းသော စိတ်ကြောင့် မကောင်းသော အကျိုး မှာ ရရှိခံစားရပါတော့မည်။ ထိုသို့ခံစားရခြင်းသည် မကောင်းမှု (အကုသိုလ်) စိတ် (၁၂)ပါးကြောင့်သာ ဖြစ်ရခြင်းဖြစ်ပါသည်။

ဥပေက္ခာ(အလယ်အလတ်)စိတ်ဖြစ်မှု

စိတ်တို့သည် တစ်စက္ကန့်အတွင်း၌ ကုဋ္ဌေတစ်သိန်းကျော် ရှေ့ဆင့်နောက်ဆင့် ဖြစ်ပျက်သွားကြရာ မြင်သိစိတ်၊ ကြားသိစိတ်ဖြစ်ပျက်သွားသော အချိန်သည် အလွန်တိုတောင်းလှပါသည်။

ဤတိုတောင်းလှသော အချိန်အတွင်း၌ အာရုံကို ပြတ်ပြတ်သားသား မသိနိုင်သဖြင့် အာရုံကို ခံစားနိုင်မှု မရှိသေးချေ။ သို့အတွက် ကိုယ်အသိစိတ် (ကာယဝိဉာဉ်)စိတ်မှလွဲ၍ အားလုံး အလယ်အလတ်(ဥပေက္ခာ)စိတ်များ ဖြစ်ကြရပါသည်။

၂၈၉၅၇

ကိုယ်တွေ့ထိအသိစိတ်(ကာယဝိညာဉ်)မှာ တိုက်ရိုက်ကိုယ်ဆင်းရဲကို ခံစားရသဖြင့် ဆင်းရဲဖြစ်စိတ် (ဒုက္ခသဟဂုတ်စိတ်)ဖြစ်ရပါသည်။

မျက်စိအသိစိတ်(စက္ခုဝိညာဉ်) စသော အာရုံအသိစိတ်ချုပ်ငြိမ်းသွားသောအခါ ယင်းစိတ်က ယူခဲ့သော အာရုံကို နောက်နောက်စိတ်သို့ လက်ဆင့်ကမ်း ပေးခဲ့ပါသည်။

ထိုအာရုံကိုလည်း လက်ခံစိတ်(သမ္ပဋိစ္ဆိုင်း)က လက်ခံပြီး၊ စုံစမ်းစိတ် (သန္တီရဏ)က စုံစမ်းပါသည်။ ထို့နောက် အဟိတ်ကြိယာတွင်ပါသော စိတ်ကို ဆင်ခြင်စိတ် (မနောဒွါရာဝဇ္ဇန်းစိတ်)က ထိုအာရုံကို အဆုံးအဖြတ် ပေးပါသည်။ ထိုအခါကျမှ အာရုံကို သိလာနိုင်ပါသည်။

စက္ခုသောတ စသည်၌ ဥပေက္ခာဟု သတ်မှတ်မှု

မျက်စိအသိ၊ နားအသိ၊ နှာခေါင်းအသိ၊ လျှာအသိ တို့သည် ဝတ္ထု နှင့်အာရုံ ထိခိုက်ခြင်း၏ အားနည်းသည်အဖြစ်ကြောင့် ဥပေက္ခာ(အလယ်အလတ်)ဖြစ်ရသည်။

ထိခိုက်မှုအားနည်းပုံမှာ မျက်စိအသိ စသည်တို့မှီရာ ရုပ်တရားမှာ မျက်စိအကြည် (စက္ခုပသာဒ)ရုပ်စသော အမှီရုပ် (ဥပါဒါရုပ်) အမျိုးအစားဖြစ်ပါသည်။ အဆင်း(ရူပါရုံ) စသောအာရုံ (၄)ပါးတို့သည်လည်း အမှီရုပ် (ဥပါဒါရုပ်)အမျိုးအစားများသာ ဖြစ်ကြပါသည်။

အမှီရုပ်(ဥပါဒါရုပ်)တို့သည် မဟာဘုတ်(ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော) ဟူသော အခြေခံရုပ်ကြီးပေါ်မှာ အမှီအတွယ်ပြုရသောကြောင့် ယင်းတို့ကိုယ်တိုင်မှာ စွမ်းအင်သိပ်မရှိ၊ အားနည်းလှပါသည်။

ထိုသို့ အားနည်းသော ဥပါဒါရုပ်အချင်းချင်း ထိခိုက်မှုသည် ဝါဂွမ်း ဆိုင်တစ်ခုနှင့် ဝါဂွမ်းဆိုင်တစ်ခု ထိခိုက်ခြင်းကဲ့သို့ အလွန်အားနည်းသောကြောင့် အမြဲတမ်း အလယ်အလတ် (ဥပေက္ခာ) တစ်မျိုးသာဖြစ်ရပါသည်။

ကိုယ်အဇ္ဈတ္တ.အထိအသိ (ကာယဝိညဉ်)၌
ချမ်းသာဆင်းရဲ (သုခ-ဒုက္ခ)ဖြစ်ရပုံ

- ဝတ္ထုနှင့်အာရုံတို့ ထိခိုက်မှု အားရှိသောကြောင့် အလိုမရှိအပ်သောအာရုံ (အနိဋ္ဌာရုံ)၌ ဆင်းရဲ (ဒုက္ခ) ဖြစ်ရသည်။ အလိုရှိအပ်သော အာရုံ(ကန္တာရုံ)၌ ချမ်းသာ(သုခ) ဖြစ်ရသည်။
- ကိုယ်၏အတွေ့.အထိ အသိစိတ်(ကာယဝိညဉ်)အာရုံမှာ အမာအပျော့ (ပထဝီ)၊ အပူအအေး (တေဇော)၊ ထောက်ကန်လှုပ်ရှား (ဝါယော)ဟူသော မဟာဘုတ်(၃)ပါး၏ အတွေ့.အထိ (ဖောဋ္ဌဗ္ဗ) ဖြစ်ပါသည်။ ထိုမဟာဘုတ် (၃)ပါးသည် မိမိတို့ ကိုယ်တိုင်ကပင် အားကြီးနေပါသည်။
- အတွေ့.အထိအသိ (ကာယဝိညဉ်)၏ မှီရာသည် ကိုယ်အကြည်ရုပ်(ကာယပသာဒ)ဖြစ်သည်။ ကာယပသာဒသည် ဥပါဒါရုပ်ဖြစ်သည်။ ကာယပသာဒ(ကိုယ်အကြည်ရုပ်)၏တည်ရာ ခန္ဓာကိုယ်သည်ကား မဟာဘုတ်ဓာတ်ကြီး (၄)ပါးဖြင့် ဖွဲ့စည်းထားသည်။

အတွေ့.အထိ အသိ (ကာယဝိညဉ်) စိတ်၏ အာရုံဖြစ်သော ဖောဋ္ဌဗ္ဗာရုံ အရှိန်အားကြီးသဖြင့် ကာယဝိညဉ်စိတ်၏မှီရာ ကာယပသာဒရုပ်နှင့်ထိခိုက်သောအခါ ကာယပသာဒရုပ်ကိုလွန်၍ ကာယပသာဒ၏တည်ရာ မဟာဘုတ်ဓာတ်ကြီး (၄)ပါးဖြင့် သွားရောက် ထိခိုက်သည်။

ဥပမာ - အောက်ခံတုံးပေါ်၌ ဝါဂွမ်းဆိုင်ကိုတင်၍ တူဖြင့်ထုလိုက်ပါက တူသည် ဝါဂွမ်းဆိုင်ကို လွန်၍ အောက်ခံတုံးကိုပါ ရိုက်ဖိမိသကဲ့သို့ တူသည်။ ဖောဋ္ဌဗ္ဗာရုံ(ဘူတရုပ်)၊ ဝါဂွမ်းဆိုင်သည် ကာယပသာဒ (ဥပါဒါရုပ်)၊ အောက်ခံတုံးသည် ကာယပသာဒ၏တည်ရာ ခန္ဓာ(ဓာတ်ကြီးလေးပါးအစု ဘူတရုပ်)တို့နှင့် တူပါသည်။

ဤသို့ မဟာဘုတ်ချင်း တိုက်ခိုက်မှု အားပြင်းသောကြောင့် မကောင်းသောအာရုံ (အနိဋ္ဌာရုံ)၌ ဆင်းရဲ(ဒုက္ခ)၊ ကောင်းသောအာရုံ (ကန္တာရုံ)၌ ချမ်းသာ(သုခ) ဖြစ်ရပါသည်။

အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး

အဟေတုက = အပြစ်ကင်း၍ ကောင်းကျိုးတို့ကို ဖြစ်စေခြင်း၊
ကုသလဝိပါက ရင့်ကျက်ခြင်းအကျိုးဖြစ်စေခြင်းကို ကုသလဝိပါက် ဟုခေါ်သည်။

ဥပမာ - သစ်ပင်တစ်ပင်သည် တစ်စတစ်စ တစ်ဖြည်းဖြည်း တိုးတက် ကြီးပွားလာသည်။ နောက်ဆုံး အပွင့်အသီးသီးသည်။ ထို့ကြောင့် နောက်ဆုံး အရင့်ပိုင်းသည် အသီးဖြစ်သည်။

- ဝိပါကဟူသည် နောက်ဆုံး အရင့်ပိုင်း အသီးပိုင်းဖြစ်သည်။ ကုသလဝိပါက်စိတ်များသည် ရှေးကုသိုလ်ကံတို့၏ အကျိုးတရား ဖြစ်သော စိတ်များ ဖြစ်ကြပါသည်။

- ကောင်းသော အာရုံကို မြင်,ကြား,နံ,စား,ထိတွေ့,ရန်နှင့် ထို အာရုံကိုလက်ခံရန် စူးစမ်းရန်တို့အတွက် အလုပ်လုပ်ပေးကြ ရသည်။

- အကုသလဝိပါက်စိတ်သည် အဟိတ်သက်သက်ဖြစ်၍ အဟိတ် (အဟေတုက) ပုဒ်မထည့်ပါ။ ကုသလ ဝိပါက်တွင်မူ အဟိတ် ကုသလဝိပါက်၊ သဟိတ်ကုသလဝိပါက် (၂)မျိုးရှိနေ၍ အဟိတ် ကုသလ ဝိပါက်ဟု ကွဲပြားစေလို၍ အဟိတ်(အဟေတုက) ပုဒ် ထည့်ပါသည်။

အဟိတ်ကုသလဝိပါက်စိတ် (၈)ပါး

၁။ အလယ်အလတ် အတူဖြစ် မျက်စိဖြင့်သိမြင်စိတ်
၂။ အလယ်အလတ် အတူဖြစ် နားကြားသိစိတ်

၃။ အလယ်အလတ် အတူဖြစ် နှာခေါင်းနံသိစိတ်
၄။ အလယ်အလတ် အတူဖြစ် လျှာလျက်သိစိတ်
၅။ ချမ်းသာနှင့်အတူဖြစ် ကိုယ်ထိတွေ့စိတ်
၆။ အလယ်အလတ်အတူဖြစ် လက်ခံစိတ်
၇။ အလယ်အလတ်အတူဖြစ် စုံစမ်းစိတ်
၈။ ဝမ်းမြောက်မှုအတူဖြစ် စုံစမ်းစိတ်

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်
(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်
(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်
(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဉ်စိတ်
(၅) သုခသဟဂုတ် ကာယဝိညာဉ်စိတ်
(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ်
(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်
(၈) သောမနဿသဟဂုတ် သန္တီရဏစိတ်

ကုသလဝိပါက်နှင့် အကုသလဝိပါက်သဘော

- ကောင်းမှုဟူသော အမြစ်ဖြင့် အရင်းခံပါက ကုသိုလ်အကျိုး ဟူသော အသီးကို ရရှိခံစားရပါမည်။
- မကောင်းမှုဟူသော အမြစ်ဖြင့် အရင်းခံပါက အကုသိုလ်အကျိုး ဟူသော အသီးကို ရရှိခံစားရပါမည်။

ဥပမာ - ပိန္နဲပင်စိုက်ပါက တစ်စတစ်စ ကြီးထွားလာအောင် ပြုစုရသည်။ ထိုကာလတွင် ပင်ပန်းဆင်းရဲသည်။ ပိန္နဲသီး အရသာကို မခံစားရသေးချေ။ အသီးသီးလာသောအခါ ကျမှသာ ပိန္နဲသီးချိုသော အရသာကို ခံစားရသည်။

- အလားတူ ကုသိုလ်လုပ်ငန်းကို ဆောင်ရွက်နေစဉ် အရသာမပေါ်သေးခဲ့။ ကြိုးစားပမ်းစား ပြုလုပ်ဆောင်ရွက်ကြရသည်။ ထိုကုသိုလ်ကြောင့် လူ နတ် ဗြဟ္မာ နိဗ္ဗာန်ရရှိ၍ အကျိုး ကို ခံစားရပါမည်။

အဆိပ်ပင်ကို သေချာစွာ မစိုက်ရ၊ အလေ့ကျ ပေါက်ရောက်သကဲ့သို့ အကုသိုလ်အလုပ်သည် မျှားစွာကြိုးပမ်း၍ မလုပ်ရ။ အလွယ်ဖြစ်ပေါ်ပြုလုပ်တတ်သည်။

ရုံးတစ်ရုံးတွင် အလုပ်ကို ကောင်းစွာ ပြုလုပ်သူနှင့် အပျော်အပါးလိုက်စားသူ (၂)ဦးတွင် နောက်ဆုံးရလဒ်သည် အလုပ်ကြိုးစားသူသာ ရာထူးတက်မည်။ အပျော်အပါး လိုက်စားနေသူက ရာထူးမတက်ဘဲ ကျန်ခဲ့ မည်။

လူတစ်ယောက်သည် မျက်စိတစ်လုံး၊ နားတစ်ခုဖြင့် ကုသိုလ်ကိုရော အကုသိုလ်ကိုပါ ပြုလုပ်နိုင်ပါသည်။

အဟိတ်စိတ်၊ သဟိတ်စိတ်

၁။ အဟိတ်စိတ် = အကြောင်းအရင်းမြစ်မရှိသောစိတ်
(အဟေတုက)

၂။ သဟိတ်စိတ် = အကြောင်းရင်း အရင်းအမြစ်ရှိသောစိတ်
(သဟေတုက)

- သဟိတ်စိတ်သည် အမြစ်ရှိ၏၊ သစ်ပင်တစ်ပင်၏ အမြစ်သည် ထိုသစ်ပင်ကို ခိုင်မာအောင် စည်ကားအောင် အလုပ်လုပ်ပေးသကဲ့သို့ စိတ်မှာလည်း အမြစ်ရှိ၏။

- သဟိတ်စိတ်သည် အမြစ်ရှိသဖြင့် ခိုင်မာ၏၊ စွဲမြဲ၏။

- ပစ္စည်းတစ်ခုခုကို မြင်ရသော အမြင်စိတ်သည် မျက်စိအသိစိတ်ဖြစ်သည်။ အမြစ်မရှိသော အဟိတ်စိတ်ဖြစ်၏။

- ထိုပစ္စည်းကိုလိုချင်သော လောဘစိတ်သည် အမြစ်ရှိသော သဟိတ်စိတ်ဖြစ်သည်။

- မြင်ရသော မျက်စိအသိသည် ထိုပစ္စည်းကို မမြင်ရသော် ပျောက်သွားမည်။ လိုချင်သော (လောဘ)စိတ်သည် မမြင်ရတော့သော်လည်း ပျောက်မသွားပါ။ လိုချင်စိတ် စွဲထင်လျက် ကျန်ရှိနေသည်။ လိုချင်မှု (လောဘ)အမြစ်ရှိနေသဖြင့် ခိုင်ခံ့သည်။ စွဲမြဲသည်။

- လူတစ်ယောက်က အခြားတစ်ယောက်ကို နှင်ပဲငဆ ပြောဆိုဆဲရေး၏။ လူတစ်ယောက် ကြားသည်။ ထိုကြားသောနားအသိစိတ်သည် အမြစ်မရှိသော အဟိတ်စိတ်ဖြစ်သဖြင့် မခိုင်မြဲပေ။ ကြားပြီးနောက် ပျောက်သွား၏။

- မိမိအား ဆဲဆိုသဖြင့် အမျက်ထွက်(ဒေါသ)ဖြစ်သောကြောင့် ထိုသူကို ရိုက်နှက်ပုတ်ခတ်မိပါက အပြစ်ဒဏ်ကျခံရမည်။ သတ်မိက ထောင်ကျသေဒဏ်ပြန်ခံရမည်။

ဤသို့အားဖြင့် အမျက်ထွက်(ဒေါသ)စိတ်ကြောင့် စည်ကားလာရသည်။ ထို့ကြောင့် အဟိတ်စိတ်ဖြစ်သော မျက်စိအသိ (စက္ခုဝိညာဉ်)၊ နားအသိ (သောတဝိညာဉ်)စသည်တို့ကား အမြစ်မရှိ၍ မစည်ကားမပြန့်ပွားနိုင်ပါ။ လိုချင်မှု(လောဘ)၊ အမျက်ထွက်မှု(ဒေါသ) စိတ်တို့ကအမြစ်ရှိ၍ စည်ကားသွားရပါသည်။ အမြစ်ရှိသောကြောင့် အမြစ်မရှိသော စိတ်များ ပျောက်ရပါသည်။

ဥပမာ - ဘုရားလောင်းသည် ဇဲ့ကောင်းသည်။ သတ္တဝါများ ကောင်းစားရေး၊ ဘုရားဖြစ်ရေးဟူသော ကုသိုလ်စိတ်က ပြင်းထန်နေသောကြောင့် အစားဆင်းရဲ၊ အနေဆင်းရဲ၊ အအိပ်ဆင်းရဲခြင်းများကို ခံနိုင်သည်။

ကုသိုလ်စိတ် ဟူသော အမြစ်ကြောင့် အနေ ဆင်းရဲသော အမြစ်မရှိသော စိတ်များ ပပျောက်သွားရသည်။

အဟိတ်ကြိယာစိတ် (၃)ပါး

ကြိယာစိတ် = ပြုကာမျှမတတ်ဖြစ်သောစိတ် (ဘုရား၊ ရဟန္တာတို့၌ ဖြစ်ပေါ်သောစိတ်)

အဟိတ်ကြိယာ = ယှဉ်ဖော်ယှဉ်ဖက် ဟိတ်မရှိသောကြောင့် အဟိတ်ကြိယာစိတ်ဟု ခေါ်ပါသည်။

၁။ အလယ်အလတ် - တံခါးငါးပေါက် (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်)၌ ထင်လာသော အာရုံများကို ဆင်ခြင် နှလုံးသွင်းတတ်သောစိတ်။

၂။ အလယ်အလတ် စိတ်တံခါးပေါက်၌ ထင်လာသော အာရုံကို ဆင်ခြင် နှလုံးသွင်းသောစိတ်။

၃။ ဝမ်းမြောက်မှုနှင့်အတူ ပြုံးရယ်ခြင်းဖြစ်စေသောစိတ်။

- ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ် တို့သည် အသိစိတ်(ဝိထိစိတ်) ဖြစ်ပေါ်ရန် မိမိတို့ဆိုင်ရာ ကိစ္စများကို ဝတ္တရားအရသာ လုပ်ဆောင်ရသောကြောင့် အလယ်အလတ် (ဥပေက္ခာစိတ်)ဖြစ်ရသည်။
- ဟသိတုပ္ပါဒ်စိတ်မှာ ဝမ်းမြောက်ရွှင်လန်းမှုနှင့် ပြုံးရယ်နေသောကြောင့် ဝမ်းမြောက်မှု(သောမနဿ)ဖြစ်ရသည်။

- ပဉ္စဒ္ဓါရာဝဇ္ဇန်းစိတ်နှင့် မနောဒ္ဓါရာဝဇ္ဇန်းစိတ် (၂)ပါးသည် ဇောစိတ်မဟုတ်သဖြင့် အာရုံကိုဆင်ခြင်ရုံမျှဖြစ်သောကြောင့် ကြိယာမည်ပါသည်။

- ဟသိတုပ္ပါဒ်စသော ဇောဖြစ်သော ကြိယာစိတ်များသည် အာသဝေါကင်းပြီးသော ဘုရား ရဟန္တာတို့၏ သန္တာန်၌ ဖြစ်သည်။ ဘုရား ရဟန္တာတို့သည် ကုသိုလ်ပြုသော်လည်း အကျိုး မဖြစ်စေနိုင်တော့။ ပြုကာမျှသာဖြစ်တော့၍ ဟသိတုပ္ပါဒ်သည် ကြိယာမည်ပါသည်။

၁။ ဥပက္ခာသဟဂုတ် ပဉ္စဒ္ဓါရာဝဇ္ဇန်းစိတ်

၂ ဥပေက္ခာသဟဂုတ် မနောဒ္ဓါရာဝဇ္ဇန်းစိတ်

၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်

ဒွေးပဋ္ဌဝိဉ္ဉာဉ် (၁၀)

(အသိ – ၂တွဲ – ၅ စုံ – ၁၀)

၁။ အကုသလဝိပါက် စက္ခုဝိညာဏ် - ကုသလဝိပါက် စက္ခုဝိညာဏ် ၂ စုံတစ်တွဲ - စက္ခုဝိညာဏ်ဒွေး။

၂။ အကုသလဝိပါက် သောတဝိညာဏ် - ကုသလဝိပါက် သောတ ဝိညာဏ် ၂ စုံတစ်တွဲ - သောတဝိညာဏ်ဒွေး။

၃။ အကုသလဝိပါက် ဃာနဝိညာဏ် - ကုသလဝိပါက် ဃာနဝိညာဏ် ၂ စုံတစ်တွဲ - ဃာနဝိညာဏ်ဒွေး။

၄။ အကုသလဝိပါက် ဇိဝှာဝိညာဏ် - ကုသလဝိပါက် ဇိဝှာဝိညာဏ် ၂ စုံတစ်တွဲ - ဇိဝှာဝိညာဏ်ဒွေး။

၅။ အကုသလဝိပါက် ကာယဝိညာဏ် - ကုသလဝိပါက် ကာယဝိညာဏ် ၂ စုံတစ်တွဲ - ကာယဝိညာဏ်ဒွေး။

[ယင်း ၂ ပါးတွဲ (၅)စုံ (၁၀)ကို ဒွေးပဉ္စဝိညာဉ် (၁၀) ဟုခေါ်သည်]

မနောဓာတ် (၃)ပါး (အသိသဘာဝ)

၁။ အကုသလဝိပါက် သမ္ပဋိစ္ဆိုင်း ၁

၂။ ကုသလဝိပါက် သမ္ပဋိစ္ဆိုင်း ၁

၃။ ပဉ္စာဒ္ဒါရာဝဇ္ဇန်း ၁

[ယင်း ၃ ပါးကို အသိသဘာဝ (မနောဓာတ်)ဟုခေါ်သည်။]

အာဝဇ္ဇန်းဒွေး (ဆင်ခြင်မှုတစ်စုံ)

၁။ ပဉ္စဒ္ဒါရာဝဇ္ဇန်း

၂။ မနောဒ္ဒါရာဝဇ္ဇန်း

[ဤ ၂ ပါးကို အာဝဇ္ဇန်းဒွေး ဟု ခေါ်သည်။]

အာဝဇ္ဇန်းဒွေး အလယ်အလတ် (ဥပေက္ခာ)ဖြစ်မှု

ပဉ္စဒ္ဒါရာဝဇ္ဇန်းသည်လည်း ဟဒယဝတ္ထုကိုမှီသည်။ ယင်း၏ရှေ့မှ ဘဝင်စိတ် (၁၉)ပါးသည်လည်း ဟဒယဝတ္ထုကို မှီသည်။ ဤသို့မှီရာတူသော ရှေးဘဝင်စိတ်မှ အနန္တရသတ္တိဖြင့် ကျေးဇူးပြုခံရသဖြင့် အနည်းငယ် အားရှိသည်။ ထိုသို့ အင်အားရှိသော်လည်း ပဉ္စဒ္ဒါရဋ္ဌ ထင်လာသော အာရုံအသစ်ကို ဘဝပြီးသည်နှင့် -

- စိတ်ဖြစ်မှု (ဝီထိစိတ်)အနေဖြင့် ဦးစွာထွက်၍ အာရုံယူရခြင်း။

- ထိုသို့ အာရုံယူရာတွင်လည်း အကြိမ်များစွာဖြစ်ခွင့်မရဘဲ တစ်ကြိမ်သာဖြစ်ခွင့်ရခြင်း။

- မှီရာမတူသောနောက် ပဉ္စဝိညာဉ် (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ အသိ)တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပေးနေရခြင်းတို့ကြောင့် အာရုံ၏ အရသာကို ကျနစွာ မခံစားရသဖြင့် အားမရှိ၍ အလယ်အလတ်(ဥပေက္ခာ)ဖြစ်ရသည်။

လောက ဥပမာ၌ - မည်သည့်ကိစ္စမဆို အစဦးလည်း လုပ်ရပြန်၊ တစ်ကြိမ်တည်းလည်း လုပ်ရပြန်ဆိုလျှင် ဘာကိုမျှ ကောင်းကောင်းသိရှိနားလည်ခံစားလိုက ရမည် မဟုတ်သလို၊ မိမိလုပ်ငန်းနှင့် အခြေအနေမတူသူကိုလည်း အကူအညီပေးနေရလျှင် အလွန်ပင်ပန်းပြီး၊ အလုပ်ရှုပ်နေရသကဲ့သို့ဖြစ်နေ၍ ကောင်းစွာ သိရှိခံစားခွင့် မရသကဲ့သို့ အာရုံ၏အရသာကို သေချာကျနစွာ မခံစားရသဖြင့် အလယ်အလတ်(ဥပေက္ခာ) ဖြစ်ရသည်။

အသောဘကစိတ် (၃၀)

အသောဘက - သဒ္ဓါ၊ သတိ စသော ကောင်းမွန် တင့်တယ်သော စေတသိက်တို့နှင့်မယှဉ်၍ မတင့်တယ်၊ မကောင်းသောကြောင့် အသောဘကစိတ်ဟု ခေါ်ပါသည်။

၁။	အကုသိုလ်စိတ်	၁၂ ပါး
၂။	အဟိတ်စိတ်	၁၈ ပါး
	စုစုပေါင်း	၃၀ ပါး

ကုသလဝိပါက်၊ အဟိတ်ကြိယာ၊ ဟသိတုပ္ပါဒ်တို့
အသောဘဏစိတ်၌ ပါဝင်နေမှု

ကုသလဝိပါက်စိတ်၊ အဟိတ်ကြိယာစိတ်တို့သည် စင်စစ်အားဖြင့် နှုးညံ့သည်။ သို့ရာတွင် အခြေအမြစ်၊ အကြောင်းအရင်းမရှိသောကြောင့် မတင့်တယ်သော (အသောဘဏ)စိတ်ထဲ ပါဝင်ရပါသည်။

ဘုရားရဟန္တာတို့ ပြုံးရယ်ခြင်းကို ဖြစ်စေသော ဟသိတုပ္ပါဒ်သည် ဘုရား ရဟန္တာတို့နှင့် သက်ဆိုင်သဖြင့် နှုးညံ့သည် ဆိုရာတွင် အကြောင်းရင်း မရှိသဖြင့် မတင့်တယ်(အသောဘဏ)စိတ်သာဖြစ်ရသည်။

ဥပမာ - ဘုန်းတန်ခိုး ကြီးမားသော မင်းဖြစ်လင့်ကစား မင်း၏အဆောင်အယောင်၊ မင်းဝတ် တန်ဆာ မဝတ်ထားပါက မတင့်တယ်သကဲ့သို့ ဖြစ်ပါသည်။

တစ်နည်း- ယှဉ်ဖက်စိတ်မရှိ၊ သဟိတ်မဖြစ်သောကြောင့် မတင့်တယ်သော(အသောဘန)စိတ်ဖြစ်ရပါသည်။

ကာမာဝစရသောဘဏစိတ် (၂၄)ပါး

(ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သော တင့်တယ်သော စိတ်များ)

သောဘဏ - သဒ္ဓါ၊ သတိ၊ ဟီရိ စသော ကောင်းမွန်တင့်တယ်သော ဂုဏ်အထူးကို ဆောင်တတ်သောကြောင့် လည်းကောင်း၊ အလောဘ(မလိုချင်မှု) အစရှိသော အမြစ်မရှိသော ဟိတ်များနှင့် ယှဉ်သောကြောင့်လည်းကောင်း တင့်တယ် စိတ် (သောဘဏ)မည်ပါသည်။

ကုသလ - (ကုသိုလ်) ကောင်းကျိုးကို ပေးစွမ်းနိုင်သောကြောင့် လည်းကောင်း၊ အကုသိုလ်တရားတို့ကို ကင်းပျောက်

ဖယ်ရှားစေတတ်သောကြောင့်လည်းကောင်း ကုသိုလ် မည်ပါသည်။

မဟာကုသိုလ် - ရဟန္တာမဟုတ်သော ပုဂ္ဂိုလ်တို့ ကုသိုလ်ပြုသော စိတ်၊ အခြားသော ရူပ၊ အရူပကုသိုလ်တို့ထက်များခြင်း၊ အရာကျယ်ခြင်း၊ အရေအတွက် များသောကြောင့် မဟာကုသိုလ်ဟုခေါ်ပါသည်။

ကာမာဝစရကုသိုလ် - ကာမတဏှာ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့.အထိ)ကို အာရုံပြု၍ဖြစ်သော ကုသိုလ်စိတ် ဖြစ်၍ ကာမာဝစရကုသိုလ်ဟု ခေါ်ပါသည်။

ကာမာဝါစရသောဘဏ္ဍစိတ် (၂၄)ပါး

၁။ မဟာကုသိုလ်စိတ် ၈ ပါး

၂။ မဟာဝိပါက်စိတ် ၈ ပါး

၃။ မဟာကြိယာစိတ် ၈ ပါး

စုစုပေါင်း ၂၄ ပါး

မဟာကုသိုလ်စိတ် (၈)ပါး

၁။ ဝမ်းမြောက်မှုဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်ယှဉ်လျက် တိုက်တွန်းမှုမလို အလိုအလျောက် ထက်သန်မှုဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

၂။ ဝမ်းမြောက်မှုဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်ယှဉ်လျက် တိုက်တွန်းမှုရှိမှု ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

၃။ ဝမ်းမြောက်မှုဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်ဖြင့်မယှဉ်ဘဲ တိုက်တွန်းမှုမလို အလိုအလျောက် ထက်သန်မှုဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

၄။ ဝမ်းမြောက်မှုဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်ဖြင့်မယှဉ်ဘဲ တိုက်တွန်းမှုရှိမှ ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

၅။ ဝမ်းသာ ဝမ်းနည်းမရှိ အလယ်အလတ် သဘောဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်လျက် တိုက်တွန်းမှုမလို အလိုအလျောက် ထက်သန်မှုဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

၆။ ဝမ်းသာ ဝမ်းနည်းမရှိ အလယ်အလတ် သဘောဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်လျက် တိုက်တွန်းမှု ရှိမှု ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

၇။ ဝမ်းသာဝမ်းနည်းမရှိ၊ အလယ်အလတ်သဘောဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်နှင့်မယှဉ်ဘဲ တိုက်တွန်းမှုမလို အလိုအလျောက် ထက်သန်မှုဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

၈။ ဝမ်းသာဝမ်းနည်းမရှိ၊ အလယ်အလတ်သဘောဖြစ်ကာ ကြောင်းကျိုးသိမြင် ဉာဏ်နှင့်မယှဉ်ဘဲ တိုက်တွန်းမှုရှိမှ ထက်သန်ဖြစ်ပေါ်လာသော ကုသိုလ်စိတ်။

(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်။

(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်။

(၃) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်။

(၄) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက မဟာကုသိုလ်စိတ်။

(၅) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသခ်ါရိက မဟာကုသိုလ်စိတ်။

(၆) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသခ်ါရိက မဟာကုသိုလ်စိတ်။

(၇) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိက မဟာကုသိုလ်စိတ်။

(၈) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိက မဟာကုသိုလ်စိတ်။

မဟာကုသိုလ်စိတ် (၈)ပါးဖြစ်မှု

မဟာကုသိုလ်စိတ်သည် တစ်ပါးတည်းဖြစ်သော်လည်း

- ဝမ်းမြောက်မှု(သောမနဿ)
- အလယ်အလတ်ဖြစ်မှု (ဥပေက္ခာ)
- ကြောင်းကျိုးသိမြင် ဉာဏ်နှင့်ယှဉ်မှု (ဉာဏသမ္ပယုတ်)
- ကြောင်းကျိုးသိမြင် ဉာဏ်နှင့်မယှဉ်မှု (ဉာဏဝိပ္ပယုတ်)
- တိုက်တွန်းသူမရှိမှု (အသခ်ါရိက)
- တိုက်တွန်းသူရှိမှု (သသခ်ါရိက)

ကွဲပြားကြသောကြောင့် ကုသိုလ်စိတ် (၈)မျိုးကွဲပြားရပါသည်။ (အလားတူ ဝိပါက်၊ ကြိယာတို့လည်း ၈-မျိုးကွဲပြားရပါသည်။)

ကုသိုလ်ဖြစ်ရသော အကြောင်းရင်းမှာ -

- နှလုံးသွင်းသဘောထား လိမ္မာယဉ်ကျေးသော စိတ်နှလုံးသွင်းမှု (ယောနိသောမနသိကာရ)သည် ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သည်။

- အာရုံတစ်ခုခုဌ္ဌ နှလုံးသွင်းကောင်းသူ (ယောနိသောမနသိကာရ)ရှိခြင်းကြောင့် ကုသိုလ်ဖြစ်ပါသည်။
- အလားတူ အာရုံဌ္ဌ နှလုံးသွင်းသဘောထား မကောင်းသူသည် (အယောနိသောမနသိကာရ)ဖြစ်ခြင်းကြောင့် အကုသိုလ်ဖြစ်ရသည်။

မဟာဝိပါက်စိတ် (၈)ပါး

မဟာဝိပါက် - ရှေးကုသိုလ်ကံ၏ အကျိုးဖြစ်သောစိတ်
ကြီးကျယ်သော ကုသိုလ်၏ အကျိုးတရားများဖြစ်သောစိတ်

- ရှေးဘဝက ကုသိုလ်ကောင်းမှုကြောင့် လက်ရှိဘဝတွင် အကျိုးခံစားရသော စိတ်ကို မဟာဝိပါက်စိတ်ဟုခေါ်သည်။
(မဟာဝိပါက်စိတ် (၈)ပါးသည် မဟာကုသိုလ်စိတ်နှင့် ရေတွက်ပုံ တူပါသည်။)
- လူနှင့်နတ်တို့သည် မဟာဝိပါက်စိတ်တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြရသည်။ ထိုမဟာဝိပါက်စိတ်ကပင်လျှင် တစ်သက်လုံးဘဝင်စိတ် (ဘဝင်က ဆက်ပေးသောစိတ်)အဖြစ် ဆက်ကာဆက်ကာ ဖြစ်ပေါ်လာရသည်။
- နောက်ဆုံးသေသောအခါဌ္ဌလည်း ထိုမဟာဝိပါက်စိတ်ကပင် စုတိစိတ်အဖြစ် ဆောင်ရွက်ပါသည်။
- မဟာဝိပါက်စိတ်တို့သည် သိစိတ် (ဝိထိစိတ်)အစဉ်တွင် တဒါရုံ (အရှိန်နောက်လိုက်)စိတ်ဌ္ဌ ပါဝင်ဆောင်ရွက်ပါသည်။
- ကြောင်းကျိုးသိမြင်ဉာဏ်နှင့် (ဉာဏသမ္ပယုတ်) မဟာဝိပါက်တစ်ပါးပါးဖြင့် ပဋိသန္ဓေ နေခဲ့သောသူ၏ စိတ်အစဉ်ဌ္ဌ အလောဘ၊ အဒေါသ၊ အမောဟ (ဉာဏ်ပညာ) ဟူသော

ဟိတ် (၃)ပါးယှဉ်ပါသည်။ ထိုပုဂ္ဂိုလ်ကို တိဟိတ်(ဟိတ်သုံးပါးရှိ) ပုဂ္ဂိုလ် ဟုခေါ်ပါသည်။

ကြောင်းကျိုးသိမြင် ဉာဏ်နှင့် မယှဉ်သော (ဉာဏဝိပ္ပယုတ်) မဟာဝိပါက်တစ်ပါးပါးဖြင့် ပဋိသန္ဓေနေသောသူ၏ ဘဝင်စိတ်အစဉ်၌ အလောဘ၊ အဒေါသ ဟူသော ဟိတ်(၂)ပါးနှင့် ယှဉ်၏။ ထိုပုဂ္ဂိုလ်ကို ဒွိဟိတ် (ဟိတ်နှစ်ပါး)ပုဂ္ဂိုလ် ဟုခေါ်ပါသည်။

မဟာကြိယာစိတ် (၈)ပါး

ကြိယာ = အကျိုးပေးခြင်းသဘောမရှိ ပြုကာမျှ အားထုတ်ကာမျှ သဘောသည် ကြိယာမည်ပါသည်။

မဟာကြိယာ = ကြီးမြတ်သော ဘုရား ရဟန္တာတို့၏ သန္တာန်၌သာ ဖြစ်၍ ပြုလုပ်သောကုသိုလ်(ကောင်းမှု)အကျိုးပေးခြင်းမရှိတော့ဘဲ ပြုကာမျှ အားထုတ်ကာမျှ ဖြစ်သောသဘောသည် မဟာကြိယာမည်ပါသည်။
(မဟာကြိယာစိတ် ၈ ပါးသည် မဟာ ကုသိုလ်စိတ် ရေတွက်ပုံနှင့် တူပါသည်။

ကာမစိတ် (၅၄)ပါး

ကာမ (၁၁) ဘုံ (အပါယ် ၄ ဘုံ၊ လူဘုံ၊ နတ်ပြည် ၆ထပ်) ၌ များသော အားဖြင့် ကျက်စားတတ်သောကြောင့် ကာမစိတ်ဟုခေါ်ပါသည်။

(၁)	အကုသိုလ်စိတ်	၁၂ ပါး
(၂)	အဟိတ်စိတ်	၁၈ ပါး
(၃)	ကာမသောဘဏစိတ်	၂၄ ပါး
	စုစုပေါင်း	၅၄ ပါး

ရူပါဝစရစိတ် (၁၅) ပါး

ရူပါဝစရ - ရူပဘုံ (ရူပပြဟ္မာ ၁၆ ဘုံ)၌ မျှားသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောကြောင့် ရူပါဝစရစိတ်ဟု ခေါ်သည်။

- ရူပတဏှာ (ရူပပြဟ္မာ ၁၆ ဘုံသို့ သွားလိုမှု)၏ အာရုံပြုသောအားဖြင့် ဖြစ်ရာဖြစ်သောကြောင့် ရူပါဝစရစိတ်ဟုခေါ်သည်။

စျာန်စိတ် - မိမိအာရုံပြု ဆောင်ရွက်နေသော (သမထ-ဝိပဿနာ) အလုပ်တို့၌ စိုက်စိုက်စူးစူး အထူးရှုမှတ် နေတတ်သောသဘောကို စျာန်စိတ်ဟုခေါ်သည်။

- ကိလေသာစိတ်များကို ရှုံ့မြိုက် တတ်သောကြောင့် စျာန်စိတ်ဟုခေါ်သည်။

စျာန်အင်္ဂါ(စျာနင်္ဂ်) - ကြံစည်ခြင်း (ဝိတက်)၊ သုံးသပ်ခြင်း (ဝိစာရ)၊ နှစ်သက်ခြင်း (ပီတိ)၊ ချမ်းသာခြင်း (သုခ)၊ တည်ကြည်ခြင်း (ဧကဂ္ဂတာ) ဟူသော စေတသိက် အစိတ်အပိုင်းအင်အားစု (လက်၊ ခြေ၊ ဦးခေါင်းအပေါင်းကို ကိုယ်ဟုခေါ်၍ လက်ခြေတစ်ခုစီကို ကိုယ်အင်္ဂါ အစိတ်အပိုင်းဟု ခေါ်သကဲ့သို့ စျာန်အင်္ဂါဟု ခေါ်ပါသည်။

ရူပါဝစရစိတ် (၁၅)ပါး

၁။	ရူပါဝစရ ကုသိုလ်စိတ်	၅ ပါး
၂။	ရူပါဝစရ ဝိပါက်စိတ်	၅ ပါး
၃။	ရူပါဝစရ ကြိယာစိတ်	၅ ပါး
	စုစုပေါင်း	၁၅ ပါး

ဈာန်အင်္ဂါ (၅)ပါး

၁။ ဝိတက် - ယှဉ်ဖက်စေတသိက် (သို့မဟုတ်) သမထအာရုံကိုကြံစည်ခြင်း။

၂။ ဝိစာရ - ရလာသောအာရုံ (သမထအာရုံ)ကို သုံးသပ်ဆင်ခြင်ခြင်း။

၃။ ပီတိ - ရလာသောအာရုံ(သမထအာရုံ)၌ နှစ်သက်နေခြင်း။

၄။ သုခ - ရလာသောအာရုံ (သမထအာရုံ)၌ ချမ်းသာကို ခံစားနေခြင်း။

၅။ ဧကဂ္ဂတာ - ရလာသောအာရုံ (သမထအာရုံ)၌ တည်ကြည်ငြိမ်သက်နေခြင်း။

ဈာန်အင်္ဂါ ဥပမာပြပုံ

၁။ ဝိတက် - ပိတုန်းတစ်ကောင်သည် မိမိနေရာမှ ပျံတက်၍ ပန်းချုံတစ်ခုကို တွေ့သည်။ ထိုပန်းချုံသို့ တိုက်ရိုက်ပျံသွားသည်။ ယင်းသည် ဝိတက် သဘော ဖြစ်သည်။

၂။ ဝိစာရ - ပိတုန်းသည် ပန်းချုံသို့ ရောက်လျှင် မည်သည့် ပန်းပွင့်မှ ဝတ်ရည်ကို သုံးစွဲရမည်နည်းဟု ရစ်ဝဲသုံးသပ် ဆင်ခြင်နေသည်။ ယင်းသည် ဝိစာရ သဘော ဖြစ်သည်။

၃။ ပီတိ - ပိတုန်းသည် မိမိသုံးစွဲမည့် ပန်းပွင့်ကို တွေ့သော် နှစ်သက်သွားသည်။ ယင်းသည် ပီတိ သဘော ဖြစ်သည်။

၄။ သုခ - ပိတုန်းသည် ပန်းပွင့်မှ ဝတ်ရည်ကို ဒသုံးပြုနေရသဖြင့် ချမ်းသာနေသည်။ ယင်းသည် သုခသဘောဖြစ်သည်။

၅။ ဧကဂ္ဂတာ - ပိတုန်းသည် ဝတ်ရည်ကို စားသုံးနေခိုက် လှုပ်ရှားမှုမရှိဘဲ တည်ငြိမ်နေသည်။ ယင်းသည် ဧကဂ္ဂတာသဘောဖြစ်သည်။

ဈာန်အဆင့်ဆင့်တက်ပုံ

ဈာန်အင်္ဂါ စေတသိက်တို့သည် စိတ်နှင့်စေတသိက် အပေါင်းစုကို ဘာဝနာ (သမထဝိပဿနာ)အာရုံ၌ စူးစိုက်၍ တည်နေကြကုန်စေရန် ဆောင်ရွက်ပေးသည်။

- ပထမဈာန်၌ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ (၅)ပါး ပါဝင်သည်။
- အလေ့အကျင့်များသောအခါ ဝိတက်မပါတော့ဘဲ ဒုတိယဈာန်သို့ တက်နိုင်၏။
- ဝိစာရကို ပယ်နိုင်သော တတိယဈာန်သို့ တက်နိုင်၏။
- ပီတိကို ပယ်နိုင်သော စတုတ္ထဈာန်သို့ တက်နိုင်၏။
- သုခထက်ပိုမိုသိမ်မွေ့သော ဥပေက္ခာ+ဧကဂ္ဂတာ ဈာန်အင်္ဂါ (၂)ပါးသည် ပဉ္စမဈာန်သို့ ရောက်ရှိနိုင်ပါသည်။

ရူပါဝစရကုသိုလ်စိတ် (၅)ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ - ဈာန်အင်္ဂါ (၅)ပါးနှင့်ပြည့်စုံသော ပထမဈာန်ကုသိုလ်စိတ်

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ- စျာန်အင်္ဂါ (၄)ပါးနှင့်ပြည့်စုံသော ဒုတိယစျာန်ကုသိုလ်စိတ်

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၃)ပါးနှင့်ပြည့်စုံသော တတိယစျာန်ကုသိုလ်စိတ်

၄။ သုခ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၂)ပါးနှင့်ပြည့်စုံသော စတုတ္ထစျာန်ကုသိုလ်စိတ်

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၂)ပါးနှင့်ပြည့်စုံသော ပဉ္စမစျာန်ကုသိုလ်စိတ်

ရူပါဝစရ ဝိပါက်စိတ် (၅)ပါး - (ကုသိုလ်အတိုင်း - ကုသိုလ်နေရာ၌ ဝိပါက်စိတ် ပြောင်းပါ။)

ရူပါဝစရ ကြိယာစိတ် (၅)ပါး - (ကုသိုလ်အတိုင်း - ကုသိုလ်နေရာ၌ ကြိယာစိတ်ပြောင်းပါ။)

စျာန်စိတ်နှင့်ပဋိသန္ဓေ

- ဤလူ့ဘဝ၌ ပထမစျာန်ရအောင် အားထုတ်သော သူသည် ထိုစျာန်မပျက်ဘဲ ကွယ်လွန်လျှင် ပထမစျာန်ဝိပါက်စိတ်ဖြင့် ပထမစျာန် ပြဟ္မာဘုံ (၃)ဘုံ၌ ဥပပတ်ပဋိသန္ဓေဖြစ်ရသည်။
- ဒုတိယစျာန်ဖြင့်သေက ဒုတိယစျာန်ပြဟ္မာဘုံ (၃)ဘုံ
- တတိယစျာန်ဖြင့်သေက တတိယစျာန်ပြဟ္မာဘုံ (၃)ဘုံ
- စတုတ္ထစျာန်ဖြင့်သေက စတုတ္ထစျာန်ပြဟ္မာဘုံ (၇)ဘုံ တို့၌ ဥပပတ်ပဋိသန္ဓေဖြစ်ရသည်။

စျာန်ရပုဂ္ဂိုလ် မြေလျှိုးမိုးပျံမှု

ပထမစျာန်မှ ပဉ္စမစျာန်အထိရသော ပုဂ္ဂိုလ်သည် မြေလျှိုးမိုးပျံဟူသော တန်ခိုးကို မရနိုင်သေးပါ။ ပဉ္စမစျာန်မှလွန်မြောက်၍ အာဘိညာဉ်

စိတ်ကိုရမ္မဿာလျှင် ကောင်းကင်ပျံတက်နိုင်၊ တန်ခိုးဖန်ဆင်းနိုင်သည်အထိ တတ်စွမ်းနိုင်ပါသည်။

ပဥ္စမစျာန်တွင် အဘိညာဉ်စိတ်ဝင်လာအောင် ထပ်ခါတလဲလဲ ပွားများရသည်။ သို့မှသာ အဘိညာဉ်စိတ်ကို ပွားများပြီး ပျံနိုင်ပါသည်။

အဘိညာဉ် - အလွန်သိခြင်း၊ ကောင်းကင်သို့ ပျံတက်နိုင်သည် အထိ သိခြင်း၊ တန်ခိုးဖန်ဆင်းနိုင်သည်အထိသိခြင်း

အဘိညာဉ်ဒွေး - ကုသိုလ် ပဥ္စမစျာန် ၁ - ပါး
ကြိယာ ပဥ္စမစျာန် ၁ - ပါး

ခန္ဓာဥ္စိစိတ်များပြားရပုံ

ယှဉ်ဖက်ဖြစ်သော စျာန်အားဖြင့် ကွဲပြားပါက စျာန်စိတ်များ ကွဲပြားရသည်။ ရူပစိတ်များသည် စျာန်အားဖြင့် ပြားသော စိတ်တို့ဖြစ်ပါသည်။

- ရူပစျာန်စိတ်သည် တစ်ပါးတည်းဖြစ်သော်လည်း ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဥ္စမစျာန်ဟူ၍ (၅)မျိုးပြားသောကြောင့် ရူပကုသိုလ်စိတ် (၅)မျိုးပြားပါသည်။ (အလားတူ ဝိပါက်၊ ကြိယာများလည်း (၅)မျိုးပြားပါသည်။)
- ဤစိတ်တို့သည် ရူပဗြဟ္မာဘုံတို့၌ အများအားဖြင့် ဖြစ်ကြသော်လည်း ရူပကုသိုလ်စိတ်နှင့် ကြိယာစိတ်တို့သည် လူ့ဘုံ၌လည်းဖြစ်နိုင်ပါသည်။
- စျာန်ရသည်အထိ သမထဘာဝနာ ပွားများကြသော သူတို့၌ ဖြစ်နိုင်ကြပါသည်။
- စျာန်ရသော ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တို့၌ ရူပကုသိုလ်စိတ်တို့ဖြစ်ကြသည်။

စ္စာန်ရသော ရဟန္တာတို့၌ ရူပကြိယာစိတ်ဖြစ်ကြသည်။

- ရူပပြဟ္မာတို့၌ ရူပါဝစရဝိပါက် ပဉ္စမသန္ဓေစိတ်တို့ဖြစ်ကြသည်။

အရူပါဝစရစိတ် (၁၂)ပါး
(ရုပ်မရှိသော ဝိညာဉ်ကို) (အာရုံပြုစိတ်)

အရူပါဝစရစိတ် - အရူပဘုံ၌ များသောအားဖြင့် ဖြစ်တတ်သောကြောင့် အရူပါဝစရစိတ်မည်ပါသည်။
အရူပတရော (အရူပလေးဘုံပြဟ္မာဖြစ်လိုမူ)၏ အာရုံပြုရာ ဖြစ်သောကြောင့် အရူပါဝစရစိတ် မည်ပါ သည်။

အာလမ္ဗနဘေဒ - အာရုံအားဖြင့် ပြားသောကြောင့် အာလမ္ဗနစိတ်မည် ပါသည်။

အရူပါဝစရကုသိုလ်စိတ် (၄)ပါး
(အရူပစ္စာန်ရပုထုဇဉ်နှင့်ဧသက္ခပုဂ္ဂိုလ်တို့၏အရူပကုသိုလ်)

၁။ ဥပေက္ခာ၊ ဧကဂ္ဂတာ - ဟူသောစ္စာန်အင်္ဂါ (၂)ပါးနှင့် ယှဉ်သော
(ကောင်းကင်ပညတ်ကို အာရုံပြုသောစိတ်)
အာကာသာနဉ္စာယတန ကုသိုလ်စိတ်

၂။ ဥပေက္ခာ၊ ဧကဂ္ဂတာ - ဟူသော စ္စာန်အင်္ဂါ (၂)ပါးနှင့်ယှဉ်သော
(အာကာသာနဉ္စယတနဟူသော ပထမာရုပ္ပဝိညာဏ်ကို အာရုံပြုသောစိတ်)
ဝိညာဏဉ္စာယတန ကုသိုလ်စိတ်

၃။ ဥပေက္ခာ၊ ဧကဂ္ဂတာ - ဟူသော စ္စာန်အင်္ဂါ (၂)ပါးနှင့်ယှဉ်သော
(ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော (နတ္ထိဘော)ပညတ်ကို

အာရုံပြုသောစိတ်)
အာကိဉ္စညာယတန ကုသိုလ်စိတ်

၄။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ (၂)ပါးနှင့်ယှဉ်သော (အာကိဉ္စညာယတနဟူသော တတိယာရုပ္ပဝိညာဏ်ကိုအာရုံပြုသောစိတ်)
နေဝသညာနာသညာယတန ကုသိုလ်စိတ်

အရူပါဝစရ ဝိပါက်စိတ် (၄)ပါး - အရူပစျာန် ကုသိုလ်၏ အကျိုးစိတ်များ (ကုသိုလ်နေရာ၌ ဝိပါက် ပြောင်းဆိုပါ)

အရူပါဝစရ ကြိယာစိတ် (၄)ပါး - အရူပစျာန်ရ ရဟန္တာတို့၏ အရူပစျာန်စိတ်များ (ကုသိုလ် နေရာ၌ ကြိယာ ပြောင်းဆိုပါ)

အရူပစျာန်စိတ်ဖြစ်ပေါ်ပုံ

- ရူပါဝစရပဉ္စမစျာန်ကို ကောင်းစွာပွားများ လေ့ကျင့်ထားပြီးသော ပုဂ္ဂိုလ်သည် ရုပ်ခန္ဓာ၏ အပြစ်ကို မြင်၍ ရုပ်နှင့်မဆက်ဆံသော အရူပစျာန်ကို အလိုရှိကာ ကသိုဏ်း၊ နိမိတ်ကို လျစ်လျူရှုလျက် အာကာသဟူသော ကောင်းကင်ပညတ်ကို အာရုံပြုပြီး ဘာဝနာပွားများနေရသည်။

- စျာန်ဇောကျသောအခါ အာကာသကို အာရုံပြုသော အာကာသာနဉ္စာယတနကုသိုလ် ဖြစ်လာရပါသည်။

- ထို့နောက် အာကာသာနဉ္စာယတနစိတ် (ဝိညာဏ်)ကို အာရုံပြု၍ ဘာဝနာကို ဆက်လက်ပွားလျှင် စျာန်ဇောကျသည့်အခါ ဝိညာဏဉ္စာယတနကုသိုလ်စိတ် ဖြစ်ပါသည်။

- ထို့နောက် အာကာသာနဉ္စာယတနစိတ်၏ စိုးစဉ်းမျှမရှိခြင်း (နတ္ထိဘော)ပညတ်ကို အာရုံပြုလျက် ဘာဝနာ ဆက်ပွား၍ ဇောကျသည့်အခါ အာကိဉ္စညာယတနကုသိုလ်စိတ်ဖြစ်၏။
- ဤတတိယာရုပ္ပဝိညာဏ်ကို အာရုံပြုလျက် နောက်တစ်ဆင့် မြင့်သော စျာန်သို့ရောက်ကြောင်း ဘာဝနာဆက်ပွားသော် နေဝသညာနာသညာယတန ကုသိုလ်စိတ်ဖြစ်၏။ ဤစိတ်သည် မှတ်သားမှု(သညာ)ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ဆိုရလောက်အောင် အလွန် သိမ်မွေ့သောစိတ် ဖြစ်ပါသည်။
- အရိယာတို့သည် အထက်ပါနည်းအတိုင်း ရူပါဝစရပဉ္စမစျာန် ကြိယာစိတ်ကို အခြေခံပြီးနောက် ဆက်လက် အားထုတ် သွားလျှင် အရူပါဝစရကြိယာစိတ်ကို ရပါသည်။

အရူပါဝစရစိတ် (၁၂)ပါး ပြားပုံ

အရူပါဝစရ စိတ်များသည် အာရုံအားဖြင့်သာ ပြားသောစိတ် ဖြစ်သည်။ စျာန်အားဖြင့် ဥပေက္ခာ၊ ဧကဂ္ဂတာ အင်္ဂါ (၂)ပါးချင်းတူသော ကြောင့် ပဉ္စမစျာန်၌ သွင်းရသည်။ ခံစားမှု (ဝေဒနာ)အဖြစ် အလယ် အလတ် (ဥပေက္ခာ)အဖြစ် ရေတွက်ရသည်။

- ကောင်းကင်ပညတ် အာရုံ
- ပထမာရုပ္ပဝိညာဏ် အာရုံ
- နတ္ထိဘောပညတ် အာရုံ
- တတိယာရုပ္ပဝိညာဏ် အာရုံ

ဟူသော အာရုံလေးမျိုးပြားသောကြောင့် အရူပကုသိုလ်စိတ် ၄-မျိုးပြား ရသည်။ အလားတူ ဝိပါက်ကြိယာစိတ်များလည်း ၄-မျိုးစီ ပြားရသည်။

မဟဂ္ဂုတ်စိတ်

မဟဂ္ဂုတ်စိတ် - ကြီးမြတ်သော အဖြစ်သို့ ရောက်သော စိတ်ကို မဟဂ္ဂုတ်စိတ် ဟုခေါ်ပါသည်။

မဟဂ္ဂုတ်စိတ် ၂၇ ပါး

ရူပါဝစရစိတ်	၁၅ ပါး
အရူပါဝစရစိတ်	၁၂ ပါး
စုစုပေါင်း	၂၇ ပါး

လောကီစိတ် (၈၁)ပါး

လောကီစိတ် - လောကဋ္ဌထင်ရှားရှိ၍ ဖြစ်တတ်ပျက်တတ်သော စိတ်ကို လောကီစိတ်ဟု ခေါ်ပါသည်။

- ပျက်တတ်သော သဒ္ဓါရလောကဋ္ဌအကျုံးဝင်သော စိတ်ကို လောကီစိတ်ဟုခေါ်သည်။

လောကီသဘာဝ - သက်ရှိ သက်မဲ့ အရာဝတ္ထုအားလုံးတို့သည် လောကီ အတိုင်း ဖြစ်ပျက် သဘောရှိကြသည်။

- ဤကမ္ဘာကြီးသည် ဖြစ်ပျက်မှု သဘောရှိ၍ ဖြစ်ပေါ်လာသော အရာမှန်သမျှသည် ပျက်ရသည့်သဘော ရှိပါသည်။

-	ကာမလောကခေါ် ကာမ	၁၁ ဘုံ
	ရူပလောကခေါ် ရူပ	၁၆ ဘုံ
	အရူပလောကခေါ် အရူပ	၄ ဘုံ

ဤ (၃)ဘုံတို့သည် ဖြစ်-ပျက် လောကကြီးထဲတွင် ပါဝင်နေသော ဘုံများဖြစ်ကြပါသည်။

လူစသော သတ္တဝါတို့သည် သစ်ရွက်များ ကြွေကျသလို ကြွေကျရသည်။ သစ်ရွက်များသဘာဝ အဟောင်းကြွေ အသစ် ပြန်ထွက်သလို ဘဝသစ် ဖြစ်ကြရပြန်ပါသည်။

သတ္တဝါများ ကုသိုလ်ကံအရ ကောင်းသောဘုံသို့ ရောက်ရသလို အကုသိုလ်ကံအရ အပါယ် ၄-ဘုံသို့ ကျရောက်ရသည်။ ဤသည်မှာ လောကီသဘာဝဖြစ်ပါသည်။

ဤဖြစ်ပျက် လောကီသဘာဝမှ လွတ်မြောက်ရန် နည်းလမ်းသည် လောကုတ္တရာကျင့်စဉ် နည်းလမ်းသာဖြစ်သည်။

လောကီစိတ် (၈၁)ပါး

၁။	အသောဘကုသိုလ်စိတ်	၃၀ ပါး
၂။	ကာမာဝစရစိတ်	၂၄ ပါး
၃။	ရူပါဝစရစိတ်	၁၅ ပါး
၄။	အရူပါဝစရစိတ်	၁၂ ပါး
	စုစုပေါင်း	၈၁ ပါး

တစ်နည်း

၁။	ကာမစိတ်	၅၄ ပါး
၂။	မဟဂ္ဂုတ်စိတ်	၂၇ ပါး
	စုစုပေါင်း	၈၁ ပါး

ကြီယာ (၂) မျိုး

၁။ ကိစ္စနှင့်မူလအခြေခံ အားနည်း၍ ဖြစ်ရသော ကြီယာမျိုး ပုထုဇဉ်တို့၌လည်းဖြစ် အာဝဇ္ဇန်းဒွေး ၂

၂။ အနုသယ ရသောက်မြစ်ကင်းပြတ်၍ ဖြစ်ရသောကြီယာမျိုး (ဘုရား ရဟန္တာ) တို့၌သာဖြစ် ဟသိတုပ္ပါဒ် ၁
မဟာကြီယာ ၈
မဟဂ္ဂုတ်ကြီယာ ၉
၂၀

လောကုတ္တရာစိတ်

လောကုတ္တရာ - ဖြစ်ပျက်ခြင်းမှ ကျော်လွန်ခြင်း၊ လွန်မြောက်ခြင်း ရှိသောစိတ်ကို လောကုတ္တရာစိတ်ဟုခေါ်သည်။

ဖြစ်ပျက်ခြင်းကိုကျော်လွန်ပါက မဖြစ်မပျက်ရတော့ပါ။ လောကုတ္တရာသို့ သွားရောက်စေရန် အသိမှားများကို ပယ်ဖျက်ရပါမည်။

အသိမှားများ ခေတ္တခဏ မလာရုံမျှဖြင့် လောကုတ္တရာမဖြစ်သေးပါ။ နောင်ဘဝများတွင် အသိမှားများပြန်ဖြစ်ဦးမည်။

ဥပမာ - ယောက်ျား မိန်းမ တကယ်ရှိကြောင်း သိသောစိတ်သည် ဒိဋ္ဌဂတသမ္ပယုတ်(မှားသောအယူနှင့်ယှဉ်မှု)စိတ်ဖြစ်သည်။ ထိုအဖြစ်မှန်စိတ်ဖြစ်လာသော် ဒိဋ္ဌဂတသမ္ပယုတ်စိတ်သည် ပျောက်ကွယ်သွားပြန်သည်။ သို့သော် လုံးဝ ပျောက်ကွယ်သွားသည် မဟုတ်သောကြောင့် လောကုတ္တရာစိတ်မဖြစ်သေးပါ။ ယောက်ျား မိန်းမ တကယ်ရှိကြောင်း အမြင်မှား ပြန်ဝင်လာလျှင် အပါယ်လေးဘုံသို့ သွားရန်အခွင့်အရေး ရှိနေပါသေးသည်။

အမြင်အမှားမရှိဘဲ လုံးဝကင်းပြတ်သွားလျှင် အထက်ဘုံသို့သွားရန် အခွင့်အလမ်းရှိပါသည်။

သတ္တဝါအားလုံးတို့သည် အမြင်မှား မပျောက်ကြသောကြောင့် အပါယ်လေးဘုံသို့ အလောင်းအလျှာများ ဖြစ်နေရပါသည်။

ဘုရားဖြစ်တော်စဉ် ဇာတ်တော်များ၌ ဘုရားအလောင်းသည် ပါရမီရှင်ဖြစ်သော်လည်း အမြင်မှားကို မကျော်လွန်နိုင်သေးသောကြောင့် ခွေး၊ နွား၊ သမင်၊ မျောက်၊ ခြင်္သေ့၊ ဆင်စသော တိရစ္ဆာန်ဟူသော အပါယ်လေးဘုံ များသို့ ရောက်ရသေးသည်။

မဂ္ဂ - ကိလေသာများကို သတ်၍သွားရာလမ်းကို မဂ္ဂဟု ခေါ်သည်။ လှည်း, ရထား, ကား သွားစရာလမ်းကို မဂ္ဂဟုခေါ်သည်။ ထိုလမ်းများကို စတင်ဖောက်လုပ်ကြရာ၌ သစ်ပင်၊ ချုံပုတ်၊ တောင်ကုန်း၊ အနိမ့်၊ အမြင့်စသည်များကို ဖယ်ရှားသုတ်သင်၍ လမ်းဖောက်နေသကဲ့သို့ နိဗ္ဗာန်သို့ရောက်ရန် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ ချုံ။ သစ်ပင်၊ ကုန်းတို့ကို သမထ ဝိပဿနာတရားတို့ဖြင့် သုတ်သင်ရှင်းလင်းသွားရသည်။

၃၁-ဘုံ၌ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ စသည်ဖြင့် အဖန်တလဲလဲ ကျင်လည်ရောက်ရှိရာတွင် လမ်းရှိပါသည်။ လမ်းမရှိက မရောက်နိုင်ပါ။

လူ့ဘုံမှ သေပြီးနောက် လမ်းရှိမှသာ ငရဲဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ နိဗ္ဗာန်ဘုံများသို့ ရောက်ရှိနိုင်ပါသည်။

လူတို့၏ကိုယ်တွင်း၌ နေ့စဉ်သုံးနေသော မဂ်လမ်းမှာ ရှိနေပါသည်။ တိုးတက်ကြီးပွားခြင်းသို့ ရောက်စေနိုင်သောလမ်းကို ဖောက်ကကောင်းသော အခြေသို့ ရောက်ပါမည်။ ခိုးဆိုးတိုက်ခိုက်လမ်းဖောက်က ပစ္စုပ္ပန်တွင် ထောင်ကျအပြစ်ပေးခံရပြီးနောက် ဘဝငရဲကျရပေမည်။

လူတို့ ဖောက်လုပ်ထားသော လမ်းကို မျက်စိဖြင့် မြင်နိုင်ပါသည်။ ကိုယ်တွင်း၌ ဖြစ်ပေါ်နေသော ဓာတ်သဘာဝအလျောက် ဖြစ်သောမဂ်ကို မျက်စိဖြင့် မမြင်နိုင်ပါ။ ဉာဏ်ဖြင့်သာ မြင်နိုင်ပါသည်။

စိတ်ဓာတ်သည် မျက်မြင်အားဖြင့် လူတို့ကို မြင့်အောင်လည်း လုပ်ပေးနိုင်သည်။ နိမ့်အောင်လည်း လုပ်ပေးနိုင်သည်။

ဥပမာ - မိဘတစ်ဦးတည်းမှ မွေးဖွားလာသော သား(၂)ဦးတွင် တစ်ယောက်သည် စိတ်ဓာတ်ပြုပြင်မှုကြောင့် ကြီးပွားသွားသည်။ တစ်ယောက်သည် မကောင်းသော စိတ်ဆွဲဆောင်မှုကြောင့် နိမ့်ဆင်းသွားရသည်။ အနိမ့်အမြင့်သို့ တက်ခြင်း၊ ကျခြင်းသည် လမ်း(မဂ္ဂ)ကြောင့်ဖြစ် ပါသည်။ မိစ္ဆာမဂ်ကြောင့် အနိမ့်သို့ကျနိုင်သည်။ သမ္မာမဂ်ကြောင့် အမြင့်သို့ တက်နိုင်သည်။ နိဗ္ဗာန်သို့ သွားရာလမ်း(မဂ်)သည် အရိယာမဂ်ဖြစ်သည်။ အရိယာမဂ်သည် ဖြူစင်သန့်ရှင်းသောမဂ်ဖြစ်သည်။

လောကုတ္တရာစိတ်(၈)ပါး

မဂ် (၄)ပါး	ဖိုလ်(၄)ပါး
၁။ သောတာပတ္တိမဂ်စိတ်	၁။ သောတာပတ္တိဖိုလ်စိတ်
၂။ သကဒါဂါမိမဂ်စိတ်	၂။ သကဒါဂါမိဖိုလ်စိတ်
၃။ အနာဂါမိမဂ်စိတ်	၃။ အနာဂါမိဖိုလ်စိတ်
၄။ အရဟတ္တမဂ်စိတ်	၄။ အရဟတ္တဖိုလ်စိတ်

၁။ သောတာပတ္တိမဂ် - နိဗ္ဗာန်သို့ တဖြောင့်တည်း စီးဝင်သော မဂ်ရေအလျင်သို့ ရှေးဦးစွာ ရောက်ရှိသောမဂ်။ ဤမဂ်သည် ဒိဋ္ဌိ (အယူမှား)၊ ဝိစိကိစ္ဆာ (ယုံမှားသံသယ) နှစ်ပါးကို ပယ်သတ်သည်။ အပါယ်ရောက်နိုင်သော အကုသိုလ်ဟူသမျှတို့ကို ပယ်သတ်သည်။

၂။ သကဒါဂါမိမဂ် - ကာမရာဂ - အာရုံငါးပါးပေါ်၌ (လိုချင်မှု) ဗျာပါဒ - အမျက်သိုလှောင်မှု ယင်းနှစ်ပါးကို အကြမ်းပယ်သတ်ပါသည်။ ကာမသုဂတိ (၇)ဘုံ (လူ့ဘုံ၊ နတ်ပြည် ၆ ထပ်) သို့ တစ်ကြိမ်ပြန်လာရန် အခွင့်ရှိသော မဂ်ဖြစ်သည်။ (ဤမဂ်ရသောသူသည် လူ့ပြည်၊ နတ်ပြည်သို့ တစ်ကြိမ်ပြန်ရောက်နိုင်သည်။)

၃။ အနာဂါမိမဂ် - ကာမဘုံသို့ လုံးဝ ပြန်မလာသောမဂ် အနုစားဖြစ်သော ကာမရာဂ၊ ဗျာပါဒတို့ကို အပြီးသတ် ပယ်သတ်သည်။

၄။ အရဟတ္တမဂ် - ကိလေသာရန်သူ အားလုံးကိုသတ်၍ ဘဝငြိမ်းသူ၊ (အရဟတ္တမဂ် ရပြီးသော ပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်သည်။)

မဂ်ပိုလ်အဆင့်ဆင့်ရပုံ

၁။ တိဟိတ်ပုဂ္ဂိုလ်တစ်ဦးသည် ဝိပဿနာတရား အားထုတ်သဖြင့် ရုပ်နာမ်တို့၏ မမြဲ၊ ဆင်းရဲ၊ အစိုးမရ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) သဘောကို ဉာဏ်မျက်စိတို့ဖြင့် ထင်ရှားသိမြင်သောအခါ သောတာပတ္တိမဂ် တစ်ကြိမ် ဖြစ်ပါသည်။ ထို့နောက် စိတ်မခြားဘဲ သောတာ ပတ္တိဖိုလ်စိတ် ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ် ဟု ခေါ်သည်။

၂။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာအလုပ်ကို ဆက်လက်အားထုတ်သဖြင့် ဣန္ဒြေအဆင့်ဆင့် ရင့်ကျက်လာသောအခါ သကဒါဂါမိ

မင်္ဂနှင့် ဖိုလ်စိတ်၊ အနာဂါမိမင်္ဂနှင့် ဖိုလ်စိတ်၊ အရဟတ္တမင်္ဂနှင့် ဖိုလ်စိတ်တို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာပါမည်။

မင်္ဂစိတ်နှင့်ဖိုလ်စိတ် အားလုံးတို့သည် နိဗ္ဗာန်ကိုသာ အာရုံပြုကြသည်။ မင်္ဂစိတ်တို့ကား လောကုတ္တရာကုသိုလ်စိတ်များဖြစ်သည်။ ဖိုလ်စိတ်တို့ကား လောကုတ္တရာအကျိုး(ဝိပါက်)စိတ်များ ဖြစ်ကြသည်။

မင်္ဂရေသာအကျိုး

မဲမှောင်နေသော အခန်းတွင် မီးလုံးဖွင့်လိုက်ပါက အမှောင်ထုများ ကွယ်ပျောက်ပြီး၊ အလင်းရောင်များ ရောက်လာသကဲ့သို့ မင်္ဂတရားများ ရလာပါက မိမိကိုယ်တွင်း၌ရှိသော အညစ်အကြေး အနာအဆာ(ကိလေသာ)များ ပျောက်ကင်းလွင့်စင်ကုန်သော အကျိုးကို ရရှိနိုင်ပါသည်။

မင်္ဂဖိုလ်စိတ် (၄)မျိုးပြားရပုံ

ကွန်ဒြေတို့၏ အနုအရင့်၊ ရင့်သည်ထက်ရင့်၊ အရင့်ဆုံး အမျိုးအစားအားဖြင့် မင်္ဂလေးပါး ပြားရသလို မင်္ဂလေးပါး ပြား၍ မင်္ဂနှင့်ယှဉ်သော ဖိုလ်လေးပါး ပြားရပါသည်။

လောကုတ္တရာစိတ်အကျယ် (၄၀)

အချို့သော ရဟန္တာတို့သည် စျာန်အဘိညာဉ်ရကြသည်။ အချို့မှာ မရကြပါ။ စျာန်အဘိညာဉ်မရသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာတို့အတွက် လောကုတ္တရာစိတ်သည် (၈)ပါးသာ ရှိပါသည်။

စျာန်အဘိညာဉ်ရသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့အတွက် လောကုတ္တရာစိတ်သည် အကျယ် (၄၀)ဖြစ်ပါသည်။

စျာန်ရမက်ပုဂ္ဂိုလ်များ

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တစ်ဦးသည် သမထဖြင့် ရူပါဝစရကုသိုလ် စျာန်တို့ကို ဦးစွာ ရယူပြီးနောက် ဝိပဿနာဘက်သို့ ဦးလှည့်ကာ ရုပ်နာမ် အဖြစ်အပျက်ကို ရှုမှတ်ပွားများသည်။

ပထမစျာန်ကို ဝင်စားပြီးနောက် ထိုစျာန်မှ ထကာ ဝိပဿနာ ရှုမှတ်သဖြင့် သောတာပတ္တိမဂ်ဆိုက်လျှင် ပထမစျာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်ဖြစ်သည်။ ထိုမဂ်စိတ်၏အကျိုးဖြစ်သော သောတာပတ္တိဖိုလ်စိတ်သည်လည်း ပထမစျာန်နှင့် ယှဉ်ပါသည်။

အလားတူစျာန် သမထဖြစ်သော ဒုတိယ၊ တတိယ၊ စတုတ္ထစျာန်ကို အခြေခံပြုပြီး ဝိပဿနာတရားတို့ကို ဆက်လက် အားထုတ်သောသူသည် မဂ်ဖိုလ်ရသောအခါ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမစျာန်တို့နှင့် ယှဉ်သော မဂ်စိတ် ဖိုလ်စိတ်တို့ကို ရပါသည်။

သောတာပတ္တိမဂ်ဌ စျာန်(၅)မျိုးပွားပုံ

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၅)ပါးနှင့် ပြည့်စုံသော ပထမစျာန် သောတာပတ္တိမဂ်စိတ် တစ်စိတ်၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၄)ပါးနှင့် ပြည့်စုံသော ဒုတိယစျာန် သောတာပတ္တိ မဂ်စိတ် တစ်စိတ်၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၃)ပါးနှင့် ပြည့်စုံသော တတိယ စျာန် သောတာပတ္တိ မဂ်စိတ် တစ်စိတ်၊

၄။ သုခ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၂)ပါးနှင့် ပြည့်စုံသော စတုတ္ထစျာန် သောတာပတ္တိ မဂ်စိတ် တစ်စိတ်၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ - စျာန်အင်္ဂါ (၂)ပါးနှင့် ပြည့်စုံသော ပဉ္စမစျာန် သောတာပတ္တိ မဂ်စိတ် တစ်စိတ်၊

(သောတာပတ္တိဖိုလ်၌ စျာန် ၅-မျိုးပွားလျှင် အလားတူဖြစ်သည်။)

အလားတူ သကဒါဂါမိမဂ်-ဖိုလ်၊ အနာဂါမိ မဂ်-ဖိုလ်၊ အရဟတ္တ မဂ်ဖိုလ် တို့၌ စျာန်အင်္ဂါ (၅)မျိုးစီ ရပါသည်။

၁။ မဂ်စိတ် ၄ ပါးကို စျာန်အင်္ဂါ ၅-ပါးဖြင့် မြှောက်သော် (မဂ် ၄ × ၅) မဂ်စိတ်အကျယ် ၂၀

၂။ ဖိုလ်စိတ် ၄ ပါးကို စျာန်အင်္ဂါ ၅-ပါးဖြင့် မြှောက်သော် (ဖိုလ် ၄ × ၅) ဖိုလ်စိတ်အကျယ် ၂၀

ဤသို့အားဖြင့် လောကုတ္တရာစိတ်အကျယ် ၄၀ ရပါသည်။

စိတ်အကျယ် (၁၂၁)

ကာမစိတ်	၅၄ ပါး
မဟဂ္ဂုတ်စိတ်	၂၇ ပါး
လောကုတ္တရာစိတ်	၄၀ ပါး
စုစုပေါင်း	၁၂၁ ပါး

စိတ်ကို ဘုံ၊ ဈာတိ၊ ဓဝဒနာ၊ စျာနဓောဒအားဖြင့် တွက်ပုံ

ဘုံ (ဘူမိ)အားဖြင့်

၁။	ကာမာဝစရဘုံစိတ်	၅၄
၂။	ရူပါဝစရဘုံစိတ်	၁၅
၃။	အရူပါဝစရဘုံစိတ်	၁၂
၄။	လောကုတ္တရာစိတ် (အဝတ္ထာဘုံ)	၄၀

ဈာတိ(ဖြစ်ခြင်း)အားဖြင့်

၁။	အကုသိုလ်စိတ်	၁၂
၂။	ကုသိုလ်စိတ်	၃၇
၃။	ဝိပါက် (အကျိုးပေး)စိတ်	၅၂
၄။	ကြိယာ (ပြုကာမျှ) စိတ်	၂၀

ဝေဒနာ(ခံစားမှု)အားဖြင့်

၁။ သုခဝေဒနာ ၆၃ (သုခ-၁၊ သောမနဿ ၆၂)

၂။ ဒုက္ခဝေဒနာ ၃ (ဒုက္ခ-၁၊ ဒေါမနဿ ၂)

၃။ ဥပေက္ခာ ၅၅

စျာန်အားဖြင့်

၁။ ပထမစျာန် ၁၁ (ရူပ-ကု-ဝိ-ကြိ-၃ + လော-မဂ်-ဖိုလ်-၈)

၂။ ဒုတိယစျာန် ၁၁ (ရူပ-ကု-ဝိ-ကြိ-၃ + လော-မဂ်-ဖိုလ်-၈)

၃။ တတိယစျာန် ၁၁ (ရူပ-ကု-ဝိ-ကြိ-၃ + လော-မဂ်-ဖိုလ်-၈)

၄။ စတုတ္ထစျာန် ၁၁ (ရူပ-ကု-ဝိ-ကြိ-၃ + လော-မဂ်-ဖိုလ်-၈)

၅။ ပဉ္စမစျာန် ၂၃ (ရူပ-ကု-ဝိ-ကြိ-၃ + လော-မဂ်-ဖိုလ်-၈+
အရူပ-၁၂)

၆။ စျာန်မဟုတ် ၅၄ (အကု-၁၂၊ အဟိတ်-၁၈၊ ကာမာဝစရ-၂၄)

စေတသိက်ပိုင်း

စေတသိက် သဘာဝ

စိတ်၌ မှီတွယ်၍ စိတ်ကိုခြယ်လှယ်တတ်သော စိတ်နှင့်အမြဲယှဉ်စပ်နေသော သဘောကို စေတသိက်ဟု ခေါ်ပါသည်။

စိတ်နှင့်ယှဉ်လျက်ဖြစ်ကြသော ၅၂ ပါးသော သဘောတရားတို့ကို စေတသိက်ဟုခေါ်ပါသည်။

စိတ်နှင့်စေတသိက်သည် မြင်းနှင့် မြင်းစီးသူပမာကဲ့သို့ ရှိသည်။ မြင်းစီးသောသူသည် မြင်းကျောပေါ်မှ နေ၍ မြင်းကို ကိုယ်လိုရာသို့ ပြေးခိုင်း၏၊ ရပ်ခိုင်း၏၊ မြင်းသည် မိမိကျောပေါ်မှ လူ၏ခိုင်းသည်ကို လိုက်၍ လုပ်ရသည်။ စိတ်သည် မြင်းနှင့်တူသည်။ စေတသိက်သည် မြင်းစီးသူနှင့် တူသည်။

ဖန်ခါးသီးတွင် ဖန်၊ ခဲ့ျ၊ ဆိမ့်၊ ချဉ်၊ အရသာမျိုးစုံပါသလို စိတ်တွင်လည်း စေတသိက်များစွာ ပါဝင်နေပါသည်။ ဖန်ခါးသီးတွင်ပါသော အရသာများနှင့် သရက်သီးတွင်ပါဝင်သော အရသာများ မတူညီကြသလို စိတ်ထဲတွင်ပါသော စေတသိက်များ၏ စွမ်းရည်မတူကြပါ။ စိတ်တစ်ခုတစ်ခုတွင် စေတသိက်မာတ်အားသည် မညီပါ။

စေတသိက်လက္ခဏာ (၄)ပါး

၁။ စိတ်နှင့်အတူဖြစ်ခြင်း

၂။ စိတ်နှင့်အတူချုပ်ခြင်း

၃။ စိတ်နှင့်အာရုံတူခြင်း

၄။ စိတ်နှင့်တူသောမှီရာဝတ္ထုရှိခြင်း

စေတသိက် ၅၂ ပါးရှိရာ ယင်းတို့ကို အုပ်စု (၃)စု ခွဲခြားနိုင်ပါသည်။

၁။ ကောင်းမှု မကောင်းမှု (ကုသိုလ်-အကုသိုလ်)နှစ်ပါးလုံးနှင့် သက်ဆိုင်သော အညီသမာန်းစေတသိက်အုပ်စု ၁၃-ပါး

၂။ အကုသိုလ်နှင့်သာ သက်ဆိုင်သော အကုသိုလ်စေတသိက် ၁၄-ပါး

၃။ တင့်တယ်သော ကုသိုလ်နှင့်သာ သက်ဆိုင်သော သောဘဏ စေတသိက်အုပ်စု ၂၅-ပါး

- ယင်းတို့အနက် အညသမန်းစေတသိက်အုပ်စု (၁၃)ပါးကို စိတ်အားလုံးနှင့် ဆက်ဆံသော (သဗ္ဗစိတ္တသာဓာရဏ) စေတသိက်အုပ်စု (၇)ပါး

- စိတ်အချို့နှင့်ယှဉ်၍ စိတ်အချို့နှင့်မယှဉ်သော ရောရောနှောနှောယှဉ်တတ်သော ပကိဏ်းစေတသိက် (၆)ပါး ထပ်မံခွဲခြားနိုင်သည်။

အညသမန်းစေတသိက် (၁၃)ပါး

- ကောင်း မကောင်း၊ တင့်တယ် မတင့်တယ် စိတ်တို့နှင့် မယှဉ်တွဲနိုင်သော စေတသိက်များကို အညသမန်းစေတသိက် ဟုခေါ်ပါသည်။

- ဆားသည် ဟင်းချက် စသည့်နေရာတိုင်း၌ ပါရသလို အညသမန်း စေတသိက်သည် အကောင်း အဆိုး နေရာတိုင်း ယှဉ်ပါသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး

- အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံတတ် ယှဉ်တတ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟုခေါ်ပါသည်။

၁။ ဖဿ - အာရုံကို တွေ့ထိခြင်းသဘောလက္ခဏာရှိ၏။

- ဖဿသည် နာမ်တရားဖြစ်သဖြင့် ရုပ်တရားများကဲ့သို့ ဝတ္ထုပစ္စည်း အချင်းချင်း တွေ့ထိခြင်း မဟုတ်ပါ။ မြင်, ကြား,နံ,လျက်,တွေ့ထိ စသော အာရုံများကို စိတ်ဖြင့် ရယူခြင်းဖြစ်ပါသည်။
ဥပမာ - သံပုရာသီး၊ ရှောက်သီး စသောချဉ်သီးစားနေသူကို မြင်နေရသူအဖို့ ကိုယ်တိုင် မစားရသော်

လည်း သွားရည်ယိုခြင်း၊ သွားကျဉ်ခြင်းမျိုး စိတ်ထဲမှာ ခံစားရသကဲ့သို့ ဖြစ်ပါသည်။

- စိတ်သည် အာရုံ၊ ဝတ္ထုတို့နှင့် တွေ့ထိသော် သိတတ်သည်။ ထိုသို့စိတ်နှင့်အာရုံတွေ့ထိရန် ဖဿက ပြုလုပ်ပေးသည်။

၂။ ဝေဒနာ - အာရုံ၏အရသာကို ခံစားခြင်းသဘောလက္ခဏာရှိ၏။ စိတ်,စေတသိက် အားလုံး အာရုံ၏အရသာကိုခံစားတတ်သော်လည်း ဝေဒနာသည်ကား အာရုံ၏အရသာကို ပိုင်စိုးပိုင်နင်းခံစား၏။ တစ်ခြား စိတ်,စေတသိက်တို့ပညူ တစ်စိတ်တစ်ဒေသလောက်သာ ခံစား၏။

ဥပမာ - ရှင်ဘုရင်၏ စားတော်ပွဲကို မင်းသည် ပိုင်စိုးပိုင်နင်းခံစားခြင်းသည် ဝေဒနာနှင့်တူပါသည်။ စားဖိုမှူး၏အနည်းငယ်မျှ မြည်းစမ်းရခြင်းသည် အခြား စိတ်, စေတသိက်တို့၏ ခံစားခြင်းနှင့်တူသည်။

၃။ သညာ - နောင်အခါတွင် သိဖို့ရန် အာရုံကိုမှတ်သားခြင်း သဘောလက္ခဏာရှိ၏။

ဥပမာ - လက်သမား ဆရာသည် နောင်တွင် ဖြတ်တောက်ထွင်းဖောက်ရန်အတွက် ခဲအမှတ်သား စသည်ဖြင့် သစ်သားပေါ်တွင် အမှတ်အသားပြုခြင်းကဲ့သို့ ဖြစ်သည်။

- စာအုပ်၊ အက်ျီ စသောအရာဝတ္ထုများ၊ သက်ရှိသတ္တဝါများရှိကြောင်းကို သိရ၏။

- ထိုသို့သိသော ဓာတ်သဘောသည်ကား သညာဖြစ်သည်။ သညာသည် မှတ်စရာအားလုံးကို မှတ်သား၏။ အာရုံခံစားမှုကို မှတ်သားသည်။

၄။ စေတနာ - ယှဉ်ဖက် စိတ်, စေတသိက်တို့ကို ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြရန် စေ့ဆော်တိုက်တွန်းခြင်းသဘော လက္ခဏာရှိ၏။

ဥပမာ - စစ်တပ်၏ အကြီးအကဲ စစ်ဗိုလ်ကြီးသည် မိမိကိုယ်တိုင် စစ်ပွဲတွင် တိုက်ခိုက်၍ လက်အောက်ငယ်သားစစ်သားများကိုလည်း ရဲဝံ့စွာ တိုက်ခိုက်၍ နှိုးဆော်တိုက်တွန်းခြင်း(အမိန့်ပေးခြင်း)ကဲ့သို့ စေတနာသည် အကောင်းအဆိုးကိစ္စများကို စေ့ဆော်ပေးသည်။ လှုံ့ဆော်ပေးသည်။

၅။ ဧကဂ္ဂတာ - တစ်ခုတည်းသော အာရုံအပေါ်၌သာ စူးစိုက်တည်ကြည်ခြင်း သဘောလက္ခဏာရှိ၏။

ဥပမာ - လေငြိမ်ရာ၌ ထွန်းထားသော ဆီမီးတိုင်သည် လှုပ်ရှားယိမ်းယိုင်ခြင်း မရှိဘဲ ငြိမ်သက်နေသကဲ့သို့ အာရုံပေါ်တွင် စိတ်ကို တည်အောင် ပြုလုပ်ပေးသည်။

- ဆောက်တည်ရာတွင် လျင်မြန်သဖြင့် တည်ငြိမ်နေသည်ဟု ထင်ရသကဲ့သို့ စိတ်သည်မည်ကဲ့သို့ လျင်မြန်ပါစေ တည်ငြိမ်လျက်ရှိသည်။ ထိုတည်ငြိမ်မှုကို ဧကဂ္ဂတာက ပြုလုပ်ပေးသည်။

- တစ်ခုသော အာရုံတွင် စိတ်သည် ထပ်ကာထပ်ကာ တည်ငြိမ်လာသော် ဧကဂ္ဂတာ အားကောင်းလာသည်။ ထိုအခါ စိတ်သည်လည်း အားရှိလာသည်။ အားရှိသော စိတ်က ဆောင်ရွက်စရာ အမှုကိစ္စများ၊ လွယ်ကူ စွာပြီးစီးနိုင်သည်။

၆။ ဇီဝိတိန္ဒြိယ - အတူတကွဖြစ်သော စိတ်, စေတသိက် (နာမ်တရား) တို့ကို သက်တမ်းပြည့် တည်တံ့အောင် စောင့်ရှောက်ခြင်းသဘော၊ အစိုးရခြင်းသဘောလက္ခဏာရှိသည်။

ဥပမာ - ကြာရိုးထဲတွင်ရှိသော ရေသည် ကြာပင်ကို ဆက်လက်ရှင်သန်စေရန် အစဉ်စောင့်ရှောက်သကဲ့သို့ နှံထိန်းအမေသည် ကလေးကို စောင့်ရှောက်သကဲ့သို့ လှေလှော်သူသည် တစ်ဘက်ကမ်းသို့ရောက်အောင် ပို့သကဲ့သို့။

- ရုံးတစ်ရုံးတွင် အရာရှိ အသီးသီးရှိကြသည်။ အချို့တူစွာ ရုံးတက်၍ တစ်စုတစ်ဝေးတည်း အလုပ်လုပ်ကြသော ထိုအရာရှိ အသီးသီးတို့ကို စောင့်ရှောက်ထိန်းသိမ်းသောသူကဲ့သို့ ဇီဝိတိန္ဒြိယသည် စောင့်ရှောက်ခြင်းထိန်းသိမ်းခြင်းလက္ခဏာရှိပါသည်။

၇။ မနသိကာရ - စိတ်ထဲ၌ အာရုံပေါ်လာအောင် နှလုံးသွင်းခြင်း သဘောလက္ခဏာရှိသည်။

ဥပမာ - ရထားထိန်းသည် မြင်းတို့ကို လိုရာသို့ဖြောင့်တန်းစွာ သွားစေသကဲ့သို့၊ လူ၏ ပုံရိပ်ကို ကင်မရာထဲသို့ ရောက်သွားအောင် အလင်းရောင်က ဖွင့်ပေး သကဲ့သို့ အာရုံကို စိတ်ထဲရောက်အောင် မနသိကာရက ဖွင့်ပေးသည်။ မနသိကာရ နှလုံးသွင်းခြင်း (၂)မျိုး ရှိသည်။

(၁) ယောနိသော မနသိကာရ = ကောင်းသော နှလုံးသွင်းခြင်း၊ ကောင်းသောနှလုံးသွင်းမှုကြောင့် ကောင်းသော စိတ်ဖြစ်ပေါ်လာသည်။

(၂) အယောနိသော မနသိကာရ = မကောင်းသော နှလုံးသွင်းခြင်း၊ မကောင်းသော နှလုံးသွင်းမှုကြောင့် မကောင်းသောစိတ်ဖြစ်ပေါ်ရသည်။ ထို့ကြောင့် မနသိကာရသည်အရေးကြီးပါသည်။

ပကိဏ်းစေတသိက် (၆)ပါး

ပကိဏ္ဏက - အချို့သော စိတ်၌သာယှဉ်၍ အချို့သောစိတ်တို့နှင့် မယှဉ်ဘဲ ပြိုးပြမ်း၍ ယှဉ်သောကြောင့် ပကိဏ်းစေတသိက်ဟု ခေါ်သည်။

၁။ ဝိတက် - ယှဉ်ဖော်ယှဉ်ဖက် စေတသိက်တို့ကို အာရုံသို့ တင်ပေး ခြင်းသဘော လက္ခဏာရှိသည်။

- အာရုံသည် အနီးအဝေး ပို့ဆောင်ပေးသော အင်အား ဓာတ်သည် ဝိတက်စေတသိက်ဖြစ်သည်။

ဥပမာ - ပိတုန်းသည် ပန်းခဲ့ရှိရာသို့ ပျံသန်းသွားသကဲ့သို့ စိတ်ထဲမှ စိတ်,စေတသိက်များသည် အာရုံရှိရာသို့ ပို့လိုက်သည်။ မီးပုံးပျံသည် ကောင်းကင်တက်ရန် မြှင်းကပို့ပေးသကဲ့သို့၊ မင်းနှင့်ကျွမ်းသူက ကျေးတောသားကို မင်းထံ ပို့ပေးသကဲ့သို့ ဝိတက်က အာရုံရှိရာသို့ ပို့ပေးသည်။

- အာရုံတို့သည် စိတ်(မနောဒွါရ)နှင့် တိုက်ရိုက်မထိနိုင်ကြသဖြင့် ထိတွေ့ရန် ဝိတက်၏အကူအညီကိုလိုအပ်သည်။

- ဝိတက်သည် စိတ်, စေတသိက်တို့ကို အာရုံအမျိုးမျိုးသို့ တင်ပေးခြင်းဖြင့် စိတ်ကူးအကြံအစည်များစေပါသည်။

တစ်ဖန် ဝိတက်စေတသိက်သည် အစဉ်းစွာမြည်သော ကြေးစည်သံ ခေါင်းလောင်းသံကဲ့သို့၊ ကောင်းကင်သို့ ပျံတက်သော ငှက်တောင်ပံခတ်သကဲ့သို့၊ ပဒုမ္မာကြာဆီသို့ ထိုးဆင်းလာသော ပျားပိတုန်းကဲ့သို့သဘောရှိပါသည်။

၂။ ဝိစာရ - အာရုံအပေါ်၌ အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်းသဘောလက္ခဏာရှိသည်။

- ပိတုန်းသည် ပန်းပွင့်ပေါ်တွင် မည်သည့် ဝတ်ရည်ကို သုံးစွဲရမည်နည်းဟု ရွေးချယ်သုံးသပ်ရန် ဝဲနေသကဲ့သို့ အာရုံပေါ်၌ ရစ်ဝဲ၍ စိတ်ကို သုံးသပ်စေသောသဘောသည် ဝိစာရစေတသိက်ဖြစ်ပါသည်။

- ဝိစာရသည် ဝိတက်တင်ပေးလိုက်သော အာရုံပေါ်မှ စိတ်,စေတသိက်တို့ကို ချက်ချင်းလျှော့ကျ မသွားစေရန် အာရုံကို သုံးသပ်နေစေသည်။

၃။ အဓိမောက္ခ - အာရုံကို ဆုံးဖြတ်ခြင်း သဘောလက္ခဏာရှိသည်။ စိတ်, စေတသိက်တို့ကို အာရုံ၌ ခိုင်မြဲနေအောင် ဆောင်ရွက်ပေးပြီး အာရုံကို ဆုံးဖြတ်ပေးသည်။

- ကောင်းသည့်ဘက်၌ဖြစ်စေ၊ မကောင်းသည့်ဘက်၌ဖြစ်စေ အမှုကိစ္စဆောင်ရွက်ရန်အတွက် အခိုင်အမာဆုံးဖြတ်ချက်ချခြင်းသည် အဓိမောက္ခဖြစ်သည်။

ဥပမာ - အရပ်မျက်နှာအားလုံးတို့မှ တိုက်ခတ်လာသောလေပြင်းမုန်တိုင်းကြောင့် လုံးဝယိမ်းယိုင်ခြင်းမရှိအောင် ခိုင်ခိုင်မတ်မတ် စိုက်ထူထားသော ကျောက်တိုင်ကြီးကဲ့သို့ဖြစ်သည်။

၄။ ဝီရိယ - အတူဖြစ်ဖက်တရားတို့ကို မဆုတ်မနစ်အောင် အားထုတ်ခြင်း သဘောလက္ခဏာရှိသည်။

- စိတ်,စေတသိက်တို့ကို မဆုတ်မနစ်အောင် ထောက်ပံ့ခြင်း၊ အားထုတ်ခြင်း သဘောဖြစ်သည်။

ဥပမာ - စစ်တိုက်ရာတွင် တစ်ဘက်ရန်သူများ နောက်ဆုတ်ချင်၏ ဆိုရာတွင် နောက်ထပ်အကူတပ် ရောက်လာစေရန် အတင်း တောင့်ခံစေသကဲ့သို့ စိတ်သည် နောက်သို့ ဆုတ်ချင်သော်လည်း ဆုတ်ခွာခွင့်မပေးဘဲ တောင့်တင်းကြိုးစားစေရန် ထောက်ပံ့ခြင်းသဘောသည် ဝီရိယစေတသိက်ဖြစ်သည်။

- ဝီရိယသည် ကောင်းသည့်ဘက်၊ မကောင်းသည့်ဘက် တို့၌လည်း ထောက်ပံ့သည်။

- အိမ်ကြီး မပြုလဲအောင် ကျားကန်ပေးသကဲ့သို့သော သဘောသည် ဝီရိယစေတသိက်ဖြစ်သည်။

၅။ ပီတိ - အာရုံကို နှစ်သက်ခြင်း သဘောလက္ခဏာရှိသည်။

- ပီတုန်းသည် ပန်းပွင့်ကို တွေ့သော် နှစ်သက်သွားသကဲ့သို့ အာရုံအပေါ်၌ စိတ်ကို နှစ်သက်စေတတ်သော သဘောသည် ပီတိဖြစ်ပါသည်။

- အာရုံ၌ စိတ်,စေတသိက်တို့ကို ခိုင်မြဲနေစေရန် ကူညီပေး၏။ စိတ်,စေတသိက်တို့ကို ပဒုမ္မာကြာပန်းကဲ့သို့ ပွင့်လန်းတိုးပွားစေ၏။

- ရေငတ်နေသော ခရီးသွားသည် ရေကန်ကို မြင်ရသောအခါ ရွှင်လန်းအားရပြီး ခွန်အားလန်းသစ်လာ

သည်။ ဤသို့ လန်းသစ်လာခြင်းမှာ ပီတိ၏စွမ်းအား ကြောင့်ဖြစ်သည်။

၆။ ဆန္ဒ - ပြုလိုကာမျှ သဘောလက္ခဏာ ရှိသည်။

လောဘကဲ့သို့ တပ်မက်မှုမပါ လှုပ်ရှားမှု ဟူသမျှတို့ သည် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာတို့သည် အဓိပတိတပ် သော တရားများဖြစ်ကြသည်။ ယှဉ်ဖက်တရားတို့ကို ဦးဆောင်နိုင်သည်။

ဥပမာ - လေးသမားသည် မိမိပစ်လိုရာ ပစ်မှတ်ကို ချိန်ရွယ်ပြီး ပစ်လွှတ်စဉ် မြားတောင့်မှ မြားကိုနုတ်ယူ၍ ပစ်ခတ်ရာတွင် စကားမစပ် ဤနေရာ၌ ဆန္ဒသည် လည်း လိုချင်မှု ဖြစ်၏။ လောဘသည်လည်း လိုချင်မှု ဖြစ်၏။

သို့သော် ဆန္ဒကား ရရုံသက်သက်မျှသာ ဖြစ်၏။ တွယ် တာ မက်မောခြင်း၊ ကင်းငြိခြင်း သဘောမရှိပေ။ လောဘကား တွယ်တာ မက်မောခြင်း၊ ကပ်ငြိခြင်း သဘောရှိ၏။

အညသမန်းစေတသိက် (၁၃)ပါး

သဗ္ဗစိတ္တသာဓာရဏစေတသိက်	၇ ပါး
ပကိဏ်းစေတသိက်	၆ ပါး
	၁၃ ပါး

ဤ (၁၃)ပါးသည် ကောင်းမှု မကောင်းမှု (ကုသိုလ်, အကုသိုလ်) နှစ်မျိုးလုံးနှင့် ဆိုင်သောကြောင့် အညသမန်းစေတသိက်ဟုခေါ်ပါသည်။

အကုသိုလ်စေတသိက် (၁၄)ပါး

၁။ မောဟ - အာရုံ၌ တွေဝေခြင်း၊ အာရုံ၏ သဘောကို ဖုံးကွယ်ခြင်း သဘောလက္ခဏာရှိ၏။

- သတ္တဝါတို့ အာရုံ၏ သဘောမှန်ကို မသိခြင်းမှာ ဤမောဟ စေတသိက် ဖုံးကွယ်ထားမှုကြောင့်ဖြစ်ပါသည်။

- အရာဝတ္ထုအစစ်အမှန်ရှိသည်ကို တစ်ခုခုဖုံးလွှမ်းလိုက်ပါက ကောင်းစွာ မမြင်ရတော့သကဲ့သို့ စိတ်ဆိုသော မောဟဖုံးလွှမ်းလိုက်ပါက စိတ်သည် ညစ်နွမ်းသွားသည်။

ဥပမာအားဖြင့် မျက်မှန်စိမ်းတပ်ခြင်းခံရသော မြင်းသည် မြက်အခြောက်ကို ကျွေးထားသော်လည်း မြက်စိမ်းထင်၍ စားခြင်းကဲ့သို့ဖြစ်သည်။ ထို့ကြောင့်မောဟသည် မျက်မှန်စိမ်းနှင့်တူသည်။ စိတ်ကို အနှောင့်အယှက်ပေးသည်။

၂။ အဟိရိက - မကောင်းမှု ဒုစရိုက်ပြုလုပ်မှုမှ မရှက်ခြင်း သဘောလက္ခဏာရှိသည်။

- ရွာဝက်သည် မစင်စားရသည်ကို မရှက်၊ မြိတ်ရှက်စွာ စားသောက်ပြီး ဂုဏ်ယူနေသကဲ့သို့ မကောင်းမှုပြုရမည်ကို မရှက်ခြင်းသည် အဟိရိကစေတသိက်ဖြစ်ပါသည်။

- ယုတ်မာညစ်ညမ်းစွာ ဆဲရေးသူသည် အဟိရိကနှင့် ယှဉ်လာသော် ရှက်ခြင်းမရှိတော့ပေ။

၃။ အနောတ္တပ္ပ - မကောင်းမှု ဒုစရိုက်ပြုလုပ်မှုမှ မကြောက်ခြင်းသဘော လက္ခဏာရှိသည်။

- ပိုးဖလံသည် မီးထဲဝင်ရမှာကို မကြောက် သကဲ့သို့ အနောတ္တပ္ပသည် မကောင်းမှုဒုစရိုက်လုပ်ငန်းများ လုပ်ရခြင်းကို ကြောက်လန့်မရှိ တဇွတ်ထိုး ပြုလုပ်တတ်သည်။

၄။ ဥဒ္ဓစ္စ - စိတ်၏မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်းသဘောလက္ခဏာရှိသည်။ ခဲထိသော ပြာသည် ပျံ့လွင့်သွားသည်ရှိသော် ကောင်းကင်၌ အမှုန်ကလေးများ၊ မြူမှုန်ကလေးများ နှင့်ပြည့်နှက်နေသောကြောင့် မှုန်မှိုင်းနေသကဲ့သို့ ဥဒ္ဓစ္စ ရှိလာလျှင် လူ၏စိတ်မပြတ်သားတော့ပေ။မတိကျ မရေရာတော့ပေ။ မြူမှုန်သည် ကောင်းကင် တွင် မကြည်လင်အောင် အနှောင့်အယှက်ပေး သကဲ့သို့ ဥဒ္ဓစ္စသည် စိတ်ကို မကြည်လင်အောင် အနှောင့်အယှက်ပေးသည်။

- စာရေးနေစဉ် စိတ်သည် အိမ်ရောက်သွားသည်။ အိမ်သို့ မရောက်ခင် ကြားတွင်ရှိသောစိတ်သည် ဥဒ္ဓစ္စဖြစ်၏။ အိမ်သို့ရောက်လျှင် ထိုစိတ်သည် တစ်နေရာတည်းတွင် အခြေစိုက်မိရကား ဥဒ္ဓစ္စမဖြစ်တော့ပေ။

- မောဟသည် ရုပ်-နာမ်သဘော၊ ကံသဘော၊ သစ္စာသဘောကို မသိအောင် ဖုံးကွယ်ထားပြီး၊ သတ္တဝါတို့ကိုအမှောင်တိုက်၌ ကျင်လည်စေပါသည်။ ထိုအမှောင်တိုက် အထောက်အပံ့ဖြင့် မကောင်းမှုကို ပြုလုပ်ရန် အဟိရိက က မရှက်ရန် အနောတ္တပ္ပက မကြောက်ရွံ့

၆၈ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမကွဲပြားပုံ

ရန်အားပေးမြောက်၏။ ဥဒ္ဓစ္စက အမှန်သဘော မတွေး မိအောင် စိတ်ကို ပျံ့လွင့်နေစေ၏။

၅။ လောဘ - ကာမဂုဏ်အာရုံတို့၌ ကပ်ငြိတပ်မက် လိုချင်သော သဘော လက္ခဏာရှိသည်။

- လောဘသည် အလွန်ပြင်းထန်၏။ ကြမ်းတမ်း၏။ ရိုင်းစိုင်း၏။လောဘအလွန်ကပ်ငြိပါက နိမ့်ကျ ပျက်စီးနိုင်၏။

ဥပမာ- ဥမ္မာဒန္တီအလှ၌ လောဘကပ်ငြိမှုကြောင့် သိဝိဘုရင်ရှုးရသည်။ ပဘာဝတီအပေါ် လောဘကပ်ငြိမှုကြောင့် မင်းကုသသည် အမြင့်ဆုံးဘုရင်ဘဝမှ အနိမ့်ဆုံးသို့လည်းဖျာရက်, ကျွန်ဘဝအဖြစ် ရောက်ရသည်။

- လောဘသည် မျောက်နဲ့စေးနှင့်တူသည်။ မျောက်နဲ့စေးသည် လက်,ခြေ,ကိုယ် ဦးခေါင်းတို့ကို ခွာမရအောင် ကပ်နေသကဲ့သို့ လောဘသည် သတ္တဝါတို့ကို ကာမဂုဏ်အာရုံငါးပါးတို့၌ မခွာနိုင်အောင် ကပ်ငြိသည်။

၆။ ဒိဋ္ဌိ - ယုံမှားစွာ ထင်မြင်ယူဆခြင်း သဘောလက္ခဏာရှိသည်။ အရှေ့ကို အနောက်ထင်၊ အနောက်ကို အရှေ့ထင်၊ မျက်စိလည်ယူနှင့် တူသည်၊ အမှားနှင့် အမှန်ကို မခွဲခြားနိုင်။ ဉာဏ်ကား အမှန်သိမြင်ခြင်း၊ ဒိဋ္ဌိကား အမှားသိမြင်ခြင်းဖြစ်သည်။

၇။ မာန - ထောင်လွှားဝင့်ကြွားခြင်း သဘောလက္ခဏာရှိသည်။ ပို၍ လိုချင်ခြင်းဖြစ်သည်။ မာနသည် လောဘနှင့်အမြဲ ရောနေသည်။ လောဘထဲ၌ ဒိဋ္ဌိ၊ မာန (တစ်ခုခု) အမြဲ ပါဝင်နေပါသည်။

- လိုချင်ခြင်းသည် လောဘစွမ်းရည်ဖြစ်ပြီး ပို၍လိုချင်ခြင်းဖြစ်သည်။ မာနစွမ်းရည်ဖြစ်သည်။ မာနသည်တံခွန်အလံနှင့်တူသည်။ တလူလူဖြစ်နေသည်။

၈။ ဒေါသ - ခက်ထန်ကြမ်းတမ်းသော သဘောလက္ခဏာရှိသည်။ တက်ကြွသော ကြမ်းတမ်းခြင်း (စိတ်ဆိုးခြင်း)၊ ဆုတ်နစ်သော ကြမ်းတမ်းခြင်း (ပူဆွေးဝမ်းနည်းခြင်း)

- ဒေါသဝင်လာလျှင် အကောင်းအဆိုး အကြောင်းအကျိုး မသိတော့ပါ။ ဒေါသ၌ မောဟပါဝင်နေပါသည်။

- ဒေါသနှင့်တူသော အပြစ်မရှိ၊ မြွေပွေး မြွေဟောက်နှင့်တူသည်။ အဖျက်ဆီးဆုံး တရားဖြစ်သည်။

- တက်ကြွသော ဒေါသကလည်း ဖျက်ဆီးသည်။ ပူဆွေးခြင်း၊ ဝမ်းနည်းခြင်း စသော ဆုတ်နစ်သောဒေါသကလည်း ဖျက်ဆီးသည်။

၉။ ကွသာ - သူတစ်ပါး၏ စည်းစိမ်ချမ်းသာမှုကို ရာထူးအာဏာတိုးမှုကို မနာလိုသော သဘောလက္ခဏာရှိသည်။

- ကိုယ့်ထက်သာ မနာလိုသော စိတ်သဘောဖြစ်နေခြင်းသည် ကွသာစေတသိက်ဖြစ်ပါသည်။

ဥပမာ - ရွှေကုန်သည်ဇာတ်၌ ဒေဝဒတ်လောင်း ရွှေကုန်သည်, သည် ဘုရားလောင်း ရွှေကုန်သည်အပေါ်၌ မနာလိုမှုကြောင့် ပစ္စည်းပါဆုံးပြီး သွေးအန် သေဆုံးရသည်။

၁၀။ မစ္ဆရိယ - မိမိ၏ စည်းစိမ်ကို လျှို့ဝှက်ခြင်း၊ နှမြောခြင်း သဘောလက္ခဏာရှိသည်။

- ဤစေတသိက်ကြောင့်ပင် လူတို်းသန္တာန်၌ အခြားပုဂ္ဂိုလ်တို့အား မိမိလို ကြီးပွားချမ်းသာလာမည်ကို မလိုလားခြင်း၊ မိမိပစ္စည်းအား အခြားသူကို မပေးရက်လိုခြင်း သဘောဖြစ်သည်။ မဏိကဏ္ဍာဇာတ်တွင် ရဿေငယ်က နဂါးထံရှိသော ပတ္တမြားကို တောင်းခံသဖြင့် နဂါးသည် မိမိပစ္စည်း၌ နှမြောသဖြင့် မပေးလိုသောကြောင့် မလာတော့ပေ။

၁၁။ ကုက္ကုစ္စ - ပြုမိသော မကောင်းမှု ဒုစရိုက်၊ မပြုလုပ်ခဲ့မိသော ကောင်းမှုသုစရိုက်အပေါ်၌ နောင်တ,တစ်ဖန် ပူပန်ခြင်း သဘောလက္ခဏာရှိသည်။ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တရားလေးပါး ပါသည်။)

၁၂။ ထိန - စိတ်၏အမှုဌ် လေးလံထိုင်းမှိုင်းခြင်း၊ မခံခြင်းသဘောလက္ခဏာရှိသည်။

- လုပ်ငန်းကိစ္စဆောင်ရွက်ရန်အတွက် စိတ်၏တွန့်ဆုတ်ခြင်း၊ အလုပ်ကိစ္စ မဆောင်ရွက်လိုခြင်း၊ ပျင်းရိခြင်း၊ ထုံထိုင်းထိုင်း ဖြစ်နေခြင်း၊ စိတ်မပါခြင်းစသည် ထိန စေတသိက်၏ သဘောဖြစ်ပါသည်။

၁၃။ မိဒ္ဓ - စေတသိက်တို့၏ အမှုဌ် လေးလံထိုင်းမှိုင်းခြင်း မခံခြင်း သဘောလက္ခဏာရှိသည်။

အလုပ်ကိစ္စဆောင်ရွက်ရန် လေးလံခြင်း၊ မှုန်မှိုင်းခြင်း၊ သွက်လက်ပေါ့ပါးမှုမရှိခြင်းသည် ဤမိဒ္ဓစေတသိက်၏ သဘောဖြစ်ပါသည်။

၁၄။ ဝိစိကိစ္ဆာ - အာရုံကို မဆုံးဖြတ်နိုင်ခြင်း သဘောလက္ခဏာရှိသည်။ ရတနာ သုံးပါး၊ သစ္စာလေးပါး၊ ကံနှင့်ကံအကျိုးတရားအပေါ်၌ ယုံမှား သံသယဖြစ်နေခြင်း သဘောရှိသည်။

- ဤအကုသိုလ် စေတသိက် (၁၄)လုံးကား ကြောက်စရာ အကောင်းဆုံး ရန်သူဖြစ်သည်။ သတိမရှိသောစိတ်တွင် ဝင်ချင်သလိုဝင်ပြီး၊ စိတ်ကိုပူလောင်ဆင်းရဲစေပြီး၊ အပါယ်လေးဘုံသို့ တွန်းချတတ်ပါသည်။

သောဘဏစေတသိက် (၂၅)ပါး

၁။ သောဘဏသာဓာရဏစေတသိက် ၁၉-ပါး

၂။ ဝိရတီစေတသိက် ၃-ပါး

၃။ အပ္ပမညာစေတသိက် ၂-ပါး

၄။ ပညိန္ဒြိစေတသိက် ၁-ပါး

စုစုပေါင်း ၂၅-ပါး

သောဘဏသာဓာရဏစေတသိက် (၁၉)ပါး

သောဘဏသာဓာရဏ - တင့်တယ်သောကုသိုလ်စိတ် အားလုံးနှင့် ဆက်ဆံသော စေတသိက်များကို သောဘဏသာဓာရဏ စေတသိက်ဟုခေါ်ပါသည်။

၁။ သဒ္ဓါ - ရတနာသုံးပါးစသော ကုသိုလ်အာရုံ၌ ယုဉ်ဖက်တရားတို့ကို ကြည်လင်စေခြင်း၊ ယုံကြည်စေခြင်း သဘောလက္ခဏာရှိသည်။

- စကြဝတေးမင်း၏ မနောမယပတ္တမြားနှင့် တူသည်။ နောက်နေသော ရေထဲသို့ ပတ္တမြားထည့်လိုက်ပါက ချက်ချင်း ကြည်လင်သွားသကဲ့သို့ သဒ္ဓါစေတသိက် ဝင်ပါလာပါက စိတ်သည် ကြည်လင်သွားပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမကျိုးပညာ

၂။ သတိ - ရတနာသုံးပါး စသော ကုသိုလ်အာရုံသည် ယှဉ်ဖက်တရားတို့ကို အောက်မေ့ အမှတ်ရစေခြင်း သဘောလက္ခဏာရှိသည်။

ဥပမာ - ဘဏ္ဍာစိုးအမတ်သည် မင်း၏ ရွှေငွေရတနာများကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်၍ ညနေတစ်ကြိမ်၊ နံနက်တစ်ကြိမ် မင်းအား အမှတ်ရစေသကဲ့သို့ သတိစေတသိက်သည် အမှတ်ရစေခြင်း ဖြစ်ပါသည်။

- တစ်ဦးတစ်ယောက်အား မမေ့ခြင်း၊ လွမ်းဆွတ်နေခြင်းသည် သတိမဟုတ်ပါ၊ သောကဖြစ်ပါသည်။

- မိမိလုပ်ကိုင်ဆောင်ရွက်နေသော ရတနာသုံးပါးစသော ကောင်းသောအလုပ်တို့၌ မမေ့ခြင်း၊ အမှန်တည်ရှိနေသည်ကို အောက်မေ့ခြင်းသည်သာ သတိဖြစ်ပါသည်။

၃။ ဟိရီ - မကောင်းမှု ဒုစရိုက် ပြုလုပ်ရမည်ကို ရှက်မုန်းခြင်း သဘောလက္ခဏာရှိသည်။

- မိမိ၏ဂုဏ်သိက္ခာကို ထောက်ရှု၍ ယုတ်မာစွာဆဲရေးခြင်းသည် မိမိ၏သိက္ခာနှင့်မတန်ဟု ယူဆကာ မလုပ်ဘဲမှတ်ခြင်း၊ ရှုံခြင်းသဘောသည် ဟိရီဖြစ်ပါသည်။

- အမျိုးကောင်းသား-သမီးသည် မိမိ၏ မျိုးရိုးဂုဏ်သိက္ခာကို စောင့်ထိန်းရိုသေသောအားဖြင့် မကောင်းမှုပြုလုပ်ရမည်ကို ရှက်မုန်းသကဲ့သို့ဖြစ်ပါသည်။

၄။ ဩတ္တပ္ပ - မကောင်းမှုဒုစရိုက် ပြုရမည်ကို ကြောက်ခြင်းသဘောလက္ခဏာရှိသည်။

- ဟိရီရှက်စိတ်သည် မိမိကိုယ်ကိုတွေး၍ (အာရုံပြု၍) မကောင်းမှုကို မပြုလုပ်ရဲခြင်းဖြစ်သည်။ ဩတ္တပ္ပကား ပတ်ဝန်းကျင်ကိုတွေး၍ (အာရုံပြု၍) မကောင်းမှု ပြုလုပ်ရမည်ကို ကြောက်ခြင်း၊ မပြုလုပ်ရဲခြင်းဖြစ်ပါသည်။

ဤအရှက်အကြောက် (ဟိရီ-ဩတ္တပ္ပ) တရားနှစ်ပါးကို လောကကို စောင့်ရှောက်သော (လောကပါလ)တရား နှစ်ပါးဟုခေါ်ပါသည်။ ဤတရား (၂)ပါးမရှိသော် လူ တို့သည် တိရစ္ဆာန်များနှင့် တူသွားပါမည်။ (ဤတရား နှစ်ပါးကို ကမ္ဘာခြံစည်းရိုးတရားဟုခေါ်ပါသည်။)

၅။ အလောဘ - အာရုံပေါ်၌ မကပ်ငြို မတွယ်တာခြင်း၊ မလိုချင်ခြင်း သဘောလက္ခဏာရှိသည်။

ဥပမာ - ရဟန္တာသည် မည်သည့်အရာကိုမျှ လိုချင်တပ်မက်မှုမရှိတော့ဘဲ ကိလေသာအားလုံးမှ လွတ်မြောက်ခြင်းကဲ့သို့ အလောဘသည် လိုချင်မှုအားလုံးမှ လွတ်မြောက်ခြင်းသဘောရှိပါသည်။

ဥပမာ - သစ်ပင်၏ ရေသောက်မြစ်သည် ရေကို သောက်၍ အပင် တည်တံ့ခိုင်မြဲအောင် ပင်စည်သို့ ပို့ပေးသလို ထိုကဲ့သို့ပင် အလောဘစသည်တို့သည် ကုသိုလ်မှု၌ ပွားများအောင် လုပ်ပေးတတ်ပါသည်။

- လောဘစည်ကား ပွားများလာလျှင် ခိုးချင်လာမည်၊ ဝှက်ချင်လာမည်၊ အလောဘ စည်ကားပွားများလာလျှင် လှူဒါန်းပေးကမ်းချင်လာပါမည်။

၆။ အဒေါသ - မကြမ်းတမ်းခြင်း၊ မခက်ထန်ခြင်း သဘောလက္ခဏာရှိသည်။

ဥပမာ - အရာရာတွင် လိုက်လျောတတ်သော မိတ်ဆွေကောင်းနှင့် တူပါသည်။

- အဒေါသသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ အဒေါသသည်နှုးညံ့သိမ်မွေ့၏။ သူတစ်ပါးအကျိုးစီးပွားလိုလားတတ်၏။ အဒေါသစေတသိက် ရှင်သန်စေရန် မေတ္တာစိတ်ထား ပွားများရသည်။ (မေတ္တာသည် ဗြဟ္မစိုရ်တရားလေးပါးတွင် ပါဝင်သည်။)

၇။ တတြမဇ္ဈတ္တတာ - စိတ်, စေတိသက်တို့ကို အညီအမျှထားခြင်းသဘောလက္ခဏာ ရှိသည်။

-ထိုသို့ အာရုံကိစ္စတို့၌ အလျော့အတင်း ချစ်ခြင်းမုန်းခြင်း မရှိ အလယ်အလတ်ရှုခြင်း သဘောဖြစ်သည်။ တတြမဇ္ဈတတ္တာကား လူပုဂ္ဂိုလ်ချင်း ဆက်ဆံရာ၌ အသုံးပြုရသည်။

-ပုဂ္ဂိုလ်တစ်ဦးကို အထူးခင်မင်သွားပါက လောဘဖြစ်သွားသည်။ မုန်းတီးသောအခါ ဒေါသဖြစ်ပွားသည်။ တတြမဇ္ဈတတ္တာကား မုန်းတီးသည်လည်း မဟုတ်၊ အလွန်ချစ်သည်လည်း မဟုတ် အလယ်အလတ် (ဥပေက္ခာ)ထားခြင်းဖြစ်သည်။

ဥပမာ - ရထားထိန်းသည် မြင်း(၂)ကောင်ကသော ရထားတွင် မြင်းနှစ်ကောင်ကို ဟိုဘက်သည်ဘက် မပါသွားအောင် အညီအမျှပြေးစေရန် ထိန်း၍မောင်း

နှင်သကဲ့သို့ ဤစေတသိက်သည် သတ္တဝါတို့အပေါ်တွင် ချစ်ခြင်း၊ မုန်းခြင်းဟူသော အစွန်း(၂)ဘက် မလွတ်အောင် ထိန်းပေးသည်။ ဘက်လိုက်ခြင်း မရှိပေ။

၈။ ကာယပဿဒ္ဓိ - ကိုယ်၏ (ဝါ) စေတသိက်၏ ပူပန်ခြင်းကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာရှိသည်။

၉။ စိတ္တပဿဒ္ဓိ - စိတ်၏ပူပန်ခြင်းကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာရှိသည်။

- ကောင်းစွာ စာရေးနေချိန်တွင် ရဖမ်းမည်ကိုမကြောက်ရပါ။ အေးချမ်းနေသည်၊ စိတ္တပဿဒ္ဓိဝင်နေသည်။
- သူတစ်ပါးပစ္စည်းကို ခိုးယူနေချိန် စိတ်ပူနေရသည်။ စိတ္တပဿဒ္ဓိစေတသိက် ဝင်မလာ၍ စိတ်၏အေးချမ်းခြင်းကိုမရ။
- စိတ္တပဿဒ္ဓိဝင်လာလျှင် ကာယပဿဒ္ဓိ စေတသိက်လည်း ဝင်မလာနိုင်ပါ။ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိသည် တွဲဘက်နေပါသည်။ တစ်ခုမလာလျှင် တစ်ခုမလာတော့ပါ။
- ဤစေတသိက်တစ်စုံသည် ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဤပဿဒ္ဓိ (၂) ပါးရှိနေသူသည် ကိုယ်စိတ်တို့၏ ငြိမ်းအေးခြင်းကိုရ၏။ ဤတရား(၂)ပါးမရှိသူမှာ ကိုယ်စိတ်တို့၏ ပူပန်ခြင်းကို အမြဲ မငြိမ်မသက် ပျံ့လွင့်လျက်ရှိနေတတ်ပါသည်။

၁၀။ ကာယလဟုတာ - ကိုယ်၏ (ဝါ) စေတသိက်၏ လေးလံထိုင်းမှိုင်းခြင်းကို ငြိမ်းအေးခြင်း သဘောလက္ခဏာရှိသည်။

၁၁။ စိတ္တလဟုတာ - စိတ်၏ လေးလံ ထိုင်းမှိုင်းခြင်းကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာရှိ၏။

- ကောင်းသောကိစ္စ ဆောင်ရွက်နိုင်ခြင်းသည် ပေါ့ပါးခြင်းဖြစ်သည်။ မဆောင်ရွက်နိုင်ခြင်းသည် လေးလံခြင်းဖြစ်သည်။

- စာသင်လိုခြင်း၊ ပညာကို လိုလိုလားလား သင်ယူခြင်းသည် ကာယလဟုတာ၊ စိတ္တလဟုတာ ပါဝင်သည်။ ထိုအတွက် နောင်အခါ အကျိုးရမည်၊ အဆင့်အတန်း မြင့်မည်။

- ဤစေတသိက် တစ်စုံသည် ထိန မိဒ္ဓတို့၏ ဆန့်ကျင်ဘက်ဖြစ်သည်။

- ဤစေတသိက်တစ်စုံရှိသူသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန် ပေါ့ပါး သွက်လက်၏။ ဤတရားနှစ်ပါးမရှိသူမှာ ကောင်းမှု ကုသိုလ်ပြုရန် အရေးတွင် တုံ့နှေးဆိုင်းတွ လေးလံနေတတ်သည်။

၁၂။ ကာယမုဒုတာ - ကိုယ်၏ (ဝါ) စေတသိက်၏ ကြမ်းတမ်းခက်ထန်ခြင်းကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာရှိသည်။

၁၃။ စိတ္တမုဒုတာ - စိတ်၏ ကြမ်းတမ်းခက်ထန်ခြင်းကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာရှိသည်။

- နှူးညံ့ခြင်းဆိုသည်မှာ ပျက်စီးရာ ပျက်စီးကြောင်းကို မလုပ်ခြင်းဖြစ်သည်။ အသက်သေကြောင်းကို မပြုလုပ်ခြင်းဖြစ်သည်။ အသက်သေကြ ပျက်စီးရန် ပြုလုပ်ခြင်းသည် ကြမ်းတမ်းခြင်း သဘောဖြစ်သည်။

- စာပေသင်ကြားပေးခြင်းသည် သူတစ်ပါးကို မပျက်စီးစေနိုင်။ မိမိကိုယ်တိုင်လည်း မပျက်စီးစေနိုင်သောကြောင့် နှုးညံ့နေသည်မှာ ကာယမုဒုတာ၊ စိတ္တာမုဒုတာ ပါဝင်နေသောကြောင့်ဖြစ်သည်။ အကျိုးဖြစ်စေသော အကြောင်းတစ်ခုကို လက်သီး လက်မောင်းတန်း၍ ပြောနေခြင်းသည် စိတ္တာမုဒုတာ စေတသိက်ကြောင့် ဖြစ်သည်။ သူတစ်ပါးကို နှောင့်ယှက်သော လုပ်ငန်း မဟုတ်ပါချေ။

- ဤစေတသိက်တစ်စုံသည် ဒိဋ္ဌိ မာနစသော ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ဤစေတသိက် (၂) ပါးရှိသူသည် နှုးညံ့သိမ်မွေ့၍ ယဉ်ကျေး၏။ ဤတရား နှစ်ပါးမရှိသူမှာ ခက်ထန်မာကျောပြီး ရိုင်းစိုင်း၏။

၁၄။ ကာယကမ္မညတာ - ကိုယ်၏ (၀၊) စေတသိက်၏ ကုသိုလ်အမှု၌ မခန့်ညားခြင်းကို ငြိမ်းအေးစေခြင်း သဘောလက္ခဏာရှိသည်။

၁၅။ စိတ္တကမ္မညတာ - ကုသိုလ်အမှု၌ မခန့်ညားခြင်းကို ငြိမ်းအေးစေခြင်းသဘောလက္ခဏာရှိ၏။

- အကျိုးရှိရာ ရှိကြောင်းကို ဆောင်ရွက်ရာတွင် စိတ်နှင့် စေတသိက်အပေါင်း ခိုင်ခံ့စေရန်အတွက် စိတ္တကမ္မညတာ၊ ကာယကမ္မညတာက ဆောင်ရွက်ပေးသည်။

- ကာယကမ္မညတာ စေတသိက်အားနည်းလျှင် အကျိုးရှိသော ကိစ္စပြီးစီးအောင် မလုပ်နိုင်ပေ။ တစ်ဝက်တစ်ပျက်နှင့် ပြီးသွားရသည်။ စာပေသင်ကြားရာ၌

မပြီးဆုံးသောသဘော ဘွဲ့ရသည်အထိ မသင်ရသော သဘောသည် ကာယကမ္မညတာ ညံ့၍ဖြစ်သည်။

ဥပမာ - စင်ကြယ်သော ရွှေသားသည် လက်ဝတ်တန်ဆာ ရတနာအမျိုးမျိုး စီမံပြုလုပ်ရန် အတွက် အဆင်သင့် အနေအထားတွင် ရှိနေသကဲ့သို့ ဖြစ်ပါသည်။

- ဤစေတသိက်နှစ်ပါးရှိသူသည် ကောင်းမှုပြုရန် အရေးတွင် အဆင်သင့်ဖြစ်နေ၏။ လိုက်လိုက်လျောလျော ရှောရှောရှူရှူ ဖြစ်နေ၏။ ဤစေတသိက် နှစ်ပါး မရှိသူမှာ ကောင်းမှုပြုလုပ်ရန်အတွက် လက်နှေးနေတတ်၏။ စိတ်လက် မကြည်မသာ ဖြစ်နေတတ်၏။

၁၆။ ကာယပါဂုညတာ - ကိုယ်၏ (ဝါ) စေတသိက် အပေါင်း၏ ကောင်းမှုတို့၌ ကျွမ်းကျင်ခြင်း၊ လေ့ကျက်ခြင်းသဘော လက္ခဏာရှိသည်။

၁၇။ စိတ္တပါဂုညတာ - စိတ်သည် ကောင်းသော အလုပ်လုပ်ရာ၌ ကျွမ်းကျင်နေခြင်း သဘောလက္ခဏာ ရှိသည်။

- ဥပုသ်စောင့်သည်၊ တရားနာသည်၊ တရားပွားများသည်၊ ဆွမ်းလောင်းသည်၊ ဘုရားပန်းထိုးသည် စသည်တို့သည် ကာယကမ္မညတာ ပါဝင်နေသောကြောင့် ဖြစ်သည်။

- အကျိုးရှိရာ ရှိကြောင်းကို လူတိုင်း မလုပ်တတ်ပေ။ လူတိုင်းတွင် လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ စသော မကောင်းသော စိတ်ကသာများနေတတ်

သည်။ စိတ်ကောင်း စေတနာကောင်း ရှိဖို့ဆိုသည်မှာ ကာယပါဂုညတာ၊ စိတ္တပါဂုညတာရှိမှ ဖြစ်ပါသည်။

- ဤစေတသိက် (၂)ပါးရှိသူသည် နက်သောရေ၌ ချအပ်သော မိချောင်းကဲ့သို့ဖြစ်သည်။ ကောင်းမှုလုပ်ငန်းတို့၌ ကျွမ်းကျင်၏။ ပျော်ရွှင်ကျေနပ်နေ၏။ ဤစေတသိက်(၂)ပါး ကင်းမဲ့နေသူကား ကောင်းမှုလုပ်ငန်း၌ ပျော်ပိုက်နှစ်ခြိုက်ခြင်း မရှိပါပေ။

၁၈။ ကာယဒုကတာ - ကိုယ်၏ (၀ါ) စေတသိက်၏ ဖြောင့်မတ်ခြင်း သဘောလက္ခဏာရှိသည်။

၁၉။ စိတ္တဒုကတာ- စိတ်၏ ဖြောင့်မတ်ခြင်း သဘောလက္ခဏာရှိသည်။ ကောင်းသော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်စေနိုင်သော လမ်းကောင်းကို လုပ်ကိုင်ခြင်းတွင် စိတ်ထား ဖြောင့်မတ်မှုလိုသည်။ ထိုဖြောင့်မတ်မှုအတွက် ဤကာယဒုကတာ (၂)ပါး ပါဝင်ရသည်။

- လေးသည်ကျော် ပစ်အပ်သော မြားကဲ့သို့ ဖြစ်ပါသည်။ စိတ်, စေတသိက်၏ ငြိမ်းအေးခြင်း၊ ပေါ့ပါး သွက်လက်ခြင်း၊ နူးညံ့ယဉ်ပျောင်းခြင်း၊ ကောင်းမှု၌ ကောင်းမွန်ခန့်ညားခြင်း၊ အပြစ်အနာအဆာ ကင်းပ၍ ကျွမ်းကျင် စွာ လေ့လာထားခြင်း၊ ဖြောင့်မတ်ခြင်း သဘောတို့ သည် ကုသိုလ်ရေးကို စွဲ၌ အလေ့အကျင့်များသူတို့ တွင် ပေါ်လွင်ထင်ရှားသည်။

- ဝိပဿနာအားထုတ်ခြင်း အထက်ဉာဏ်သို့ရောက်နေသူများ၌ သာ၍ ထင်ရှားပါသည်။

- စိတ်, စေတသိက်တို့ ငြိမ်းအေး၊ ပေါ့ပါး ကောင်းမွန်ခန့်ညားနေသောအခါ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များသည် ငြိမ်းအေးပေါ့ပါး ကောင်းမွန်ခန့်ငြားနေပါသည်။

- ကာယဒုစရိုက်တာ၊ စိတ္တဒုစရိုက်တာ နှစ်ပါးစုံရှိသူသည် စိတ်နေကိုယ်ဟန် ဖြောင့်မတ်ခိုင်ခဲ့၏။ ဤတရားနှစ်ပါးမရှိသူမှာ စိတ်နေကိုယ်ဟန် ဖြောင့်မတ်ခြင်းမရှိ၊ မာယာသာဒ္ဓေယျများ၏။

- ဤ၌ မာယာသာဒ္ဓေယျ ဆိုသည်မှာ အပြစ်ရှိလျက် အပြစ်မဲ့ဟန်ဆောင်ခြင်းဖြစ်ပြီး၊ သာဒ္ဓေယျဆိုသည်မှာ ဂုဏ်မရှိဘဲ ဂုဏ်ရှိဟန်ဆောင်ခြင်းဖြစ်ပါသည်။

- သဒ္ဓါ၊ သတိ၊ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ တို့သည် တစ်ပါးစီသာလျှင် မိမိတို့၏ ဆန့်ကျင်ဘက် တရားတို့ကို ဖယ်ရှားနှိမ်နင်းနိုင်ပါ၏။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိစသော စုံတွဲများက သက်ဆိုင်ရာ အကုသိုလ်တရားတို့ကို ဖယ်ရှားရာ၌ (၂)ပါး စီတွဲ၍သာ ဖယ်ရှားနိုင်သည်။

ဝိရတီစေတသိက် (၃)ပါး

ဝိရတီ - ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသဘောကို ဝိရတီဟု ခေါ်ပါသည်။

၁။ သမ္မာဝါစာ - အသက်မွေးဝမ်းကျောင်းနှင့် မဆက်ဆံသော ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း။

၁။ မုသာဝါဒါ - မဟုတ်မမှန်လိမ်ညာ၍ ပြောဆိုခြင်း၊

၂။ ပိသုဏဝါစာ - သူ့နှစ်ဦး ချစ်ခြင်း ကွဲပြားအောင် ကုန်းချောစကား ပြောခြင်း၊

၃။ ဖရုသဝါစာ - ကြမ်းတမ်းစွာ ဆဲရေးပြောခြင်း၊

၄။ သမ္ဖပ္ပလာပ - အနှစ်မပါအကျိုးမရှိစကားပြောခြင်း၊

၂။ သမ္မာကမ္မန္တ - အသက်မွေးဝမ်းကျောင်းနှင့် မဆက်ဆံသော ကာယ ဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်း။

၁။ ပါဏာတိပါတ - သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊

၂။ အာဒိန္နာဒါနာ - အရှင်မပေး သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊

၃။ ကာမေသုမိစ္ဆာစာရာ - သူ့သား မယား အား ပြစ်မှားခြင်း၊

၃။ သမ္မာအာဇီဝ - အသက်မွေးဝမ်းကျောင်းနှင့် ဆက်ဆံသော ကာယ သုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း။

- အရပ်သားများ အဖျင်းစကား ပြက်ရယ်စကား မပြော ရှောင်ကြဉ်ခြင်းသည် သမ္မာဝါစာ။
- လူရွင်တော်များ ပြက်ရယ်စကား မပြောခြင်းသည် သမ္မာအာဇီဝ။
- ရုံးသမားတစ်ယောက် လမ်း၌ ငါးတစ်ကောင်တွေ့၍ မသတ်ဘဲ ရှောင်ကြဉ်ခြင်းသည် သမ္မာကမ္မန္တ။
- တံငါသည် တစ်ယောက် ငါးတစ်ကောင်တွေ့၍ မသတ်ခြင်းသည် သမ္မာအာဇီဝ။

ဝိရတီအပြား (၃)ပါး

၁။ သမာဒါနဝိရတီ - မကောင်းမှုကို သူတစ်ပါးက မကောင်း၍ မလုပ်နှင့်ဟုပြော၍ မလုပ်ခြင်းသဘော။

၂။ သမ္မတ္တဝိရတီ - ရင်ဆိုင်တွေ့ကြုံလာသော် မလုပ်ခြင်းသဘော၊ မတည့်သော အစားအစာများနှင့် တွေ့လာသော မစားဘဲ ရှောင်ကြဉ်ခြင်းသဘော။

၃။ သမုစ္ဆေဒဝိရတီ - အပြီးအပြတ်ရှောင်ကြဉ်ခြင်းသဘော မတည့်သော အစာကို အပြတ်ရွံမုန်းပြီး ရှောင်ကြဉ်ခြင်း ဘော။

အပွမညာစေတသိက် (၂)ပါး

အပွမညာ - အတိုင်းအဆမရှိသော သတ္တဝါပညတ်ကို အာရုံပြု သောကြောင့် အပွမညာစေတသိက်ဟု ခေါ်ပါသည်။

၁။ ကရုဏာ - ဆင်းရဲသော သတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော။

- အခြားသူများ ဆင်းရဲရောက်နေသည်ကို ကြားမြင်သောအခါ ထိုဆင်းရဲကို ဖယ်ရှားလိုခြင်း၊ ဆင်းရဲတွင်းမှ ကယ်တင်လိုခြင်းသဘော လက္ခဏာရှိသည်။

- ကရုဏာဆိုသည်မှာ သူတစ်ပါး၏ ဆင်းရဲကိုလက်တွေ့ဖယ်ရှားပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ ဖယ်ရှားပေးလိုခြင်း၊ ကယ်တင်လိုခြင်း၊ စာနာခြင်းကို ဆိုလိုပါသည်။

- ကရုဏာတရား လက်ကိုင်ထားပါက အခြားသူများကို ညှဉ်းဆဲခြင်း၊ အနိုင်ကျင့်ခြင်းများ မပြုမိတော့ပါ။

၁။ မုဒိတာ - ချမ်းသာသော သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက် ခြင်း။

- ပစ္စည်းဥစ္စာပြည့်စုံသူများကို ကြားမြင်ရလျှင် ထိုသူ၏ ပြည့်စုံမှုကို ဝမ်းမြောက်ခြင်းသဘော လက္ခဏာရှိ၏။ ဤမုဒိတာတရား မပွားနိုင်လျှင် ကိုယ့်ထက်သာ မနာလို စိတ်များ ဝင်ရောက်လာတတ်၏။ မုဒိတာ ပွားနိုင်ပါမှ မနာလိုစိတ်ပျောက်ပါမည်။

- ဤ စေတသိက်တို့တွင် အခြား စေတသိက်များက သတ္တဝါကို မကြည့်၊ သဘာဝကိုခြုံ၍ ကြည့်သည်။ ကရုဏာ၊ မုဒိတာက သဘာဝကို မကြည့် သတ္တဝါကို သာကြည့်သည်။

- ရေ မြေ တော တောင်ကား သဘာဝ တူညီသည်။ သတ္တဝါကားမတူညီ၊ တစ်ဦးနှင့်တစ်ဦး မတူ ကွာခြား သည်။

- ကမ္ဘာသည် အဆုံးမရှိ၊ အဆုံးမရှိသော သတ္တဝါတို့ကို သနားခြင်း၊ ဝမ်းမြောက်ခြင်းသည်လည်း အဆုံးမရှိပါ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ (၄)ပါးသည် ဗြဟ္မာတို့၏ မြတ်သောအကျင့် (ဗြဟ္မစိုရ်)တရားဟုခေါ်သလို အပွမညာ တရားဟူ၍ လည်း ခေါ်ပါသည်။

၁။ သတ္တဝါအားလုံး၏ အကျိုးစီးပွားကို လိုလားခြင်းသည် - မေတ္တာ (အဒေါသစေတသိက်)

၂။ ဆင်းရဲရောက်နေသူကို မြင်လျှင် ကယ်တင်လိုခြင်းသည် - ကရုဏာ

၃။ ချမ်းသာကြွယ်ဝသူကို မြင်လျှင် ဝမ်းမြောက်ခြင်းသည် - မုဒိတာ

၄။ ချစ်ခြင်း၊ မုန်းခြင်း ဆိုသော အစွန်းနှစ်ဘက်သို့ မရောက်အောင် မျှမျှတတ ထိန်းပေးခြင်းသည် - ဥပေက္ခာ (တတြမဇ္ဈတ္တတာ)

ပညိန္ဒြေစေတသိက်

ပညိန္ဒြေ - အုပ်စိုးနိုင်သော အသိဉာဏ်ကို ပညိန္ဒြေဟု ခေါ်သည်။

- ပညာနှင့်ဂ္ဂဒြေကို ပေါင်းစပ်၍ ပညိန္ဒြေဟု ခေါ်ထားခြင်းဖြစ်ပါသည်။
- အလုံးစုံသော စေတသိက်တို့ကို ပညိန္ဒြေက အုပ်စိုးသည်။ မောဟ၏ ဆန့်ကျင်ဘက် အမောဟစေတသိက် ဖြစ်သည်။ ဝိဇ္ဇာဟူ၍လည်း ခေါ်ပါသည်။
- မောဟသည် အမှန်ကို ဖုံးကွယ်ခြင်း၊ အမှောင်ချခြင်း သဘောဖြစ်သည်။ သညာကား အမှန်နှင့်အမှားကို ခွဲခြားတတ်၏။ အလင်းရောင်ကို ပေးတတ်၏။ ဤပညာ စေတသိက်သည် လူသားတို့၏ဘဝကို မြှင့်တင်ပေး နိုင်ပါ၏။
- ရုပ် နာမ်တို့၏ မမြဲ ဆင်းရဲ၊ အစိုးမရ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ကို သိခြင်း၊ ကံ ကံ၏အကျိုးကို သိခြင်း၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်ကို သိခြင်းသည် သညာဖြစ်၏။
- ချမ်းသာသူကို တွေ့မြင်က အသိဉာဏ်မရှိသူက မနာလို (ဣဿာ)စိတ်ဝင်မည်။ အသိဉာဏ်ရှိသူက အပြစ်ကို သိ၍ မနာလိုစိတ် မဝင်တော့ဘဲ ဝမ်းမြောက်မည်။ ထို့ကြောင့် အသိဉာဏ်သည် ပညာ မည်ပါသည်။ ဤပညာသည် မဂ် ဖိုလ် နိဗ္ဗာန် ပန်းတိုင်အထိ ပို့နိုင်ပါသည်။

ရုပ်ပိုင်း

ရုပ် (၂၈) ပါး

ရုပ် - ပူခြင်း၊ အေးခြင်းစသော ဆန့်ကျင်ဘက်အကြောင်း တရားများကြောင့် ရှေးရုပ်စဉ်နှင့်မတူသော နောက် ရုပ်စဉ်သို့ ပြောင်းလဲသောအားဖြင့် ဖောက်ပြန်တတ် သော သဘောလက္ခဏာကို ရုပ်ဟုခေါ်ပါသည်။

- ဖောက်ပြန်တတ်သော သဘောအားဖြင့် ရုပ်သည် တစ်မျိုးတည်းဖြစ်သော်လည်း ခက်မာခြင်း၊ ယိုစီး ခြင်း၊ ဖွဲ့စည်းခြင်း၊ ပူ အေးခြင်းစသော သီးခြားဂုဏ် သတ္တိများကြောင့် ရုပ် ၂၈ မျိုးကွဲပြားရသည်။

ရုပ်အမျိုးအစားများ

၁။	မဟာဘူတရုပ်	၄-ပါး
၂။	ဥပါဒါရုပ်	၂၄-ပါး
	စုစုပေါင်း	၂၈ ပါး

တစ်နည်း

၁။	နိပ္ဖန္နရုပ်	၁၈-ပါး
၂။	အနိပ္ဖန္နရုပ်	၁၀-ပါး
	စုစုပေါင်း	၂၈-ပါး ရှိပါသည်။

၁။ မဟာဘူတရုပ် - မိမိတို့၏ သဘောလက္ခဏာအားဖြင့် လည်း ကောင်း၊ မိမိတို့၏ အဆောက်အဦအားဖြင့် လည်းကောင်း၊ ကြီးကျယ်ကုန်သည် ဖြစ်၍ ထင်ရှားစွာ ဖြစ်သောကြောင့် မဟာဘုတ်ဟု ခေါ်ပါသည်။

- အရာဝတ္ထု၊ သက်ရှိ၊ သက်မဲ့တိုင်းတွင် မြေ,ရေ လေ,မီး(ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ဟူသော ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက် ဖွဲ့စည်းထား၍ ယင်းဓာတ်ကြီး (၄)ပါးကို မဟာ ဘူတ် ဟုခေါ်ပါသည်။

- ဤလောကတွင် သက်ရှိတိမိရငါးကြီး၊ အသူရိန် ကြီး၊ မဟာဖြဟ္မာကြီး စသည်တို့သည် လည်း ကောင်း၊ သက်မဲ့ တောင်ကြီး၊ သမုဒ္ဒရာကြီး၊ မြင့်မိုရ်တောင်ကြီး၊ စကြဝဠာကြီး၊ ကမ္ဘာကြီး စသည် တို့သည်လည်းကောင်း၊ မဟာဘူတ် လေးပါးတို့၏ အဆောက်အဦများ ဖြစ်ကြသည်။

- မျက်လှည့်ဆရာက မျက်လှည့်ပညာဖြင့် လှည့် ဖြားသလို ဘီလူးမက ဖျားယောင်းလှည့်ပတ် သလို မဟာဘူတ်လေးပါးတို့က သတ္တဝါတို့ကို ဖြားယောင်းသောကြောင့် မဟာဘူတ်လေးပါး ကို မျက်လှည့်ဆရာကြီး ဘီလူးမကြီးဟုဆိုပါ သည်။

- တစ်ဖန် ဂန္ဓမာဒနတောင်ကြီး၊ ဟိမဝန္တာတောင် ကြီး၊ အနောတတ္တရေအိုင်ကြီး၊ မဥ္ဇူသကနတ် ပန်းပင်ကြီး၊ မဏိဇောတပတ္တမြားကြီး၊ နေပိမာန်၊ လပိမာန်၊ တာရာ၊ ကြယ်၊ ဥက္ကာကြီး စသော အံ့ဖွယ်သူရဲတို့ကို ဤမဟာဘူတ်လေးပါးကပင် ဖန်ဆင်းပေးထားသဖြင့် အံ့ဖွယ်(အမွှတ)ဟူ၍ လည်း ခေါ်ပါသည်။

- ဤကမ္ဘာကြီး မီးလောင်သဖြင့် ပထမစျာန် ဌာနဟာ (၃)ဘုံတိုင်အောင် အကုန်လောင်ကျွမ်း ခံရသည်။

- ကမ္ဘာကြီး ရေကြီး ဖောက်ပြန်ထက္ကြ ထိုးတက် လာသဖြင့် ဒုတိယစျာန် ဌာနဟာ(၃)ဘုံအထိ ကြေမွပျက်စီးရသည်။

- ကမ္ဘာလေကြီး ဖောက်ပြန် တိုက်ခတ်သဖြင့် တတိယစျာန် ဌာနဟာ (၃)ဘုံအထိ အလုံးစုံ မှုန့် မှုန့်ညက်ညက် ကြေမွပျက်စီးရသည်။

- ပထဝီဓာတ် ထက္ကဖောက်ပြန်သည်ရှိသော် တောင့်တင်း ခက်ထန်သောကိုယ်ရှိပြီး ရောဂါ အမျိုးမျိုးခံစားရသည်။

- အာပေါဓာတ် ထက္ကဖောက်ပြန်သည်ရှိသော် ပုပ်ဆွေးသောကိုယ်၊ ယိုစီးသောကိုယ်ဖြစ်၍ ရောဂါအမျိုးမျိုးခံစားရသည်။

- ဝါယောဓာတ် ထက္ကဖောက်ပြန်သည်ရှိသော် လေဖြတ်သောကိုယ်၊ ကိုက်ခဲသောကိုယ်၊ မအီ မသာ မကိုင်ချင်သောကိုယ် ဖြစ်ကာ ရောဂါ အမျိုးမျိုး ခံစားရသည်။

- တေဇောဓာတ် ထက္ကဖောက်ပြန်သည်ရှိသော် အပူတက်၍ ဖျားနာသော ကိုယ်၊ အအေးမိ၍ ဖျားနာသောကိုယ် စသည်ဖြင့် ရောဂါအမျိုးမျိုး ခံစားရသည်။

- ထို့ကြောင့် မဟာဘုတ်ဟူသည် အကြီးအကျယ် ဖောက်ပြန်သော သဘာဝတရားကြီး ဖြစ်သည်။

- သက်ရှိသတ္တဝါ ဟူသမျှတို့သည် မဟာဘုတ်က သတ်လျှင် ရုတ်တရက်သေရသည်။ သက်မဲ့ မြင်းမိုရ်တောင်ကြီးသည် ပြိုကျပျက်စီးရသည်။

- ဤမဟာဘုတ်လေးပါးတွင်

  - ပထဝီ (မြေ)ဓာတ်နှင့် အာပေါ(ရေ)ဓာတ်ကား လေးလံသောဓာတ်များဖြစ်သည်။

  - ဝါယော(လေ)ဓာတ်နှင့် တေဇော(မီး)ဓာတ်ကား ပေါ့ပါးသော ဓာတ်များဖြစ်သည်။

လူတစ်ယောက်၏ ခြေလှမ်း တစ်လှမ်း၌ မဟာဘုတ်သတ္တိကို တွေ့ရသည်။

- ခြေကြွမှုသည် တေဇောဓာတ်၏ သတ္တိ
- ရွှေ့သို့ခြေလှမ်းမှုသည် ဝါယောဓာတ်၏သတ္တိ
- ကြွလှမ်းသော ခြေအောက်သို့ ချမှုသည် အာပေါဓာတ် သတ္တိ
- ခြေကို အောက်မြေ၌ ထိထားမှု ဖိနှိပ်မှုသည် ပထဝီဓာတ် သတ္တိဖြစ်သည်။

၂။ ဥပါဒါရုပ် - မဟာဘုတ်လေးပါးကို မှီ၍ ဖြစ်သော အမှီရုပ် (ဥပါဒါရုပ်)ဟုခေါ်သည်။

အနိပ္ပန္နရုပ် (၁၈)ပါး

၁။ (က) နိပ္ပန္နရုပ် - ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ပေါ်လာသည်ကို နိပ္ပန္နရုပ်ဟုခေါ်သည်။

(၁)	ဘူတရုပ် (မဟာဘူတ်ရုပ်)	၁ ပါး
(၂)	ပသာဒရုပ်	၅ ပါး
(၃)	ဂေါစရရုပ်	၄ ပါး
(၄)	ဘာဝရုပ်	၂ ပါး
(၅)	ဟဒယရုပ်	၁ ပါး
(၆)	ဇီဝိတရုပ်	၁ ပါး
(၇)	အာဟာရရုပ်(ဩဇာရုပ်)	၁ ပါး
	စုစုပေါင်း	၁၈ ပါး

(ခ) သဘာဝရုပ် - ခက်မာခြင်းစသော သဘာဝတရားကို ကိုယ်စီရှိကြ၍ သဘာဝရုပ်။

(ဂ) သလက္ခဏရုပ်- ဥပါဒ်၊ ဇရာ၊ အနိစ္စတာဟူသော ဘင်္ဂလက္ခဏာတို့နှင့်တကွ ဖြစ်သောကြောင့် သလက္ခဏရုပ်။

(ဃ) ရူပရုပ် - ဖောက်ပြန်တတ်သော သဘောရှိသောကြောင့် ရူပရုပ်။

(င) သမ္မသနရုပ်- အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာ သုံးပါးသို့တင်ကာ သုံးသပ်ထိုက်သောကြောင့် သမ္မသနရုပ်ဟူ၍ အမည်တွင်ပါသည်။

ဘူတရုပ် (မဟာဘုတ်) (၄)ပါး

၁။ ပထဝီဓာတ် (မြေဓာတ်) - ခက်မာခြင်း၊ နူးညံ့ခြင်း၊ (မာခြင်း၊ ပျော့ခြင်း) အစိုင်အခဲသဘော။

- အခြားဓာတ်တို့ တည်ရာ ရေမှုန့်၊ အခိုးမှုန့်၊ မြူမှုန့် ဖြစ်သောကြောင့် ခိုင်ခံ့သောသဘော။

- အတူဖြစ်ဖက် ရုပ်ကလာပ်များ၏ တည်ရာမှီရာ ဖြစ်သည့် ပထဝီ(မြေဓာတ်)တွင် အနုအရင့် (၂)မျိုးရှိသည်။

(က) နူးညံ့သော ပထဝီဓာတ် - ရေ၊ သွေး၊ ချွေး၊ လေ၊ အနံ့၊ အသံ၊ အရောင် စသည်တို့၌ ရှိသော ပထဝီဓာတ်ဖြစ်ရာ အလွန်နည်းပါးပြီး၊ အဖတ်၊ အစိုင်အခဲသဘော မထင်ရှားသော ဓာတ် ဖြစ်သည်။

- ရေထဲ၊ လေထဲ၊ မီးထဲတို့၌ ပထဝီဓာတ်ရှိသည်။ ရေ၌ အေးခြင်း၊ ပူခြင်း တေဇောဓာတ်၏ မှီရာ အမာခံသည် ပထဝီဓာတ်ဖြစ်သည်။ ရေခဲပေါ်တွင် စမ်းကြည့်က အေး၏။ အအေး၏မှီရာ ရေခဲရှိသောကြောင့် ဖြစ်သည်။

- မီး၌လည်းအေးခြင်း၊ ပူခြင်း တေဇောဓာတ်မှီရာ အမာခံသည် ပထဝီဓာတ် ဖြစ်သည်။ အပူမှီရာ ဖြစ်သော မီးရှိသောကြောင့် ဖြစ်ပါသည်။

- လေ၌လည်း အေးခြင်း၊ ပူခြင်း တေဇောဓာတ်၏ မှီရာအမာခံသည် ပထဝီဓာတ်ဖြစ်သည်။ ထို

အပူ အအေးတို့မှီရာ အမာခံတည်ရှိနေသော ကြောင့် ပူခြင်း အေးခြင်းရှိနေပါသည်။

- ရေခဲ၊ မီး၊ လေကို ဖယ်လိုက်ပါက အပူအအေး တို့ မရှိတော့ပါ။

- အသံထဲတွင် အသံ၏မှီရာ အမာခံပထဝီဓာတ် ရှိ၏။ အရာဝတ္ထုနှစ်ခုကို ရိုက်ခတ်သော အသံ မြည်ပါသည်။

- အရာဝတ္ထုတစ်ခု(ဥပမာ-ကြိမ်လုံးနှင့်လေကို ရိုက်သော် ရွှီးဟူသော အသံမြည်သည်။ လေထဲ တွင် အမာခံပထဝီရှိသည်။

- အသံ၏တည်ရာ အမာခံပထဝီရှိသည်။ ဥပမာ အိုးတစ်ခုထဲတွင် ပြင်းထန်စွာ မြည်ဟည်းပါက အိုးကွဲသွားပါ၏။ နားထဲသို့ ပြင်းထန်သောအသံ မှုတ်သွင်းပါက နားနာသွား၏။ အကြောင်းမှာ အသံထဲတွင် ပါဝင်သောအသံ၏ မှီရာ အမာခံ ပထဝီ၏ တွန်းကန်မှုကြောင့်ဖြစ်သည်။

(ခ) ပထဝီ(အရင့်) (ခက်မာပထဝီ) - ဆံပင်၊ မွေးညှင်း၊ အသား၊ အရိုးတို့၌ ရှိသော ပထဝီ ဓာတ်ဖြစ်သည်။ အလွန်များပြားပြီး၊ အစိုင်အခဲ အဖတ် ထင်ရှားသောဓာတ်ဖြစ်သည်။

ယင်းတို့ကို လက္ခဏပထဝီ - ပရမတ်စစ်စစ် ပထဝီ ဟုခေါ်သည်။

- ဗုဒ္ဓက အဏုမြူကို (၃၆)စိတ်ထိအောင် စိတ်နိုင်ပါက ပရမာဏုမြူကို ရသည်ဟု ဟောခဲ့ပါသည်။
- ပရမတ္ထဘဝကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ကြည့်၍မရသော်လည်း ပရမတ္ထ သဘာဝအထည်ဒြပ်ဖြစ်ပေါ်လာသော ပရမာဏုမြူကို ဒိဗ္ဗစက္ခုဖြင့် ကြည့်မြင်နိုင်ပါသည်။
- မြူမှုန်နှင့်ပတ်သက်၍ ဗုဒ္ဓက (၄)မျိုး ခွဲခြားခဲ့ပါသည်။

(က) ရထရေဏုမြူ - လမ်းပေါ်တွင် ကား၊ လှည်းယာဉ်၊ နွားများ သွားသောအခါထသော မြူမှုန့်များ။

(ခ) တဇ္ဇာရီဏုမြူ - စားပွဲ၊ ကုလားထိုင်၊ အဝတ်များပေါ်တွင် တင်ကျန်သော ဖုန်မှုန့်များ။

(ဂ) အဏုမြူ - နေရောင်ခြည် ထွက်ပေါ်မှသာ နေရောင်ခြည် အလင်းရောင်တန်းအတွင်းရှိ မြင်နိုင်သော မြူမှုန့်များ။

(ဃ) ပရမာဏုမြူ - အလွန်သေးငယ်သော မြူမှုန့်များ၊ ယင်းမြူမှုန့်တို့ကို နှိုင်းဆကြည့်ပါက -

(၁) ရထရေဏုမြူသည် တဇ္ဇရီဏုမြူထက် (၃၆)ဆ

(၂) တဇ္ဇာရီဏုမြူသည် အဏုမြူ ထက် (၃၆)ဆ

(၃) အဏုမြူသည် ပရမာဏုမြူထက် (၃၆)ဆကြီးမားသည်။

ပထဝီဓာတ်ကို ထပ်မံခွဲကြည့်ပါက -

(က) ကိုယ်တွင်း ပထဝီ - ကောဌာသ - ၂၀ ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမွေး၊ အဖျင်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။

(ခ) ပြင်ပပထဝီ - မြေ၊ ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ကျောက်ခဲ၊ သကြားစသည်များ။
(ယင်းတို့ကို သသမ္ဘာရပထဝီ ဟုခေါ်ပါသည်။)

ဗုဒ္ဓက အသေးဆုံး ရုပ်ဝတ္ထုဖြစ်သော ပရမာဏုမြူဥ် ရုပ်ဓာတ်သဘာဝ(၈)ခုဖြင့် ဖွဲ့စည်းထားသည်ဟု ဟောကြားခဲ့ပါသည်။

ယင်းရုပ်ဓာတ် (၈)မျိုးမှာ -

၁။ ဝဏ္ဏ - အဆင်း
၂။ ဂန္ဓ - အနံ့
၃။ ရသ - အရသာ
၄။ အဆီ - အစေး (သြဇာ)
၅။ ပထဝီ - မြေ
၆။ အာပေါ - ရေ
၇။ ဝါယော - လေ
၈။ တေဇော - မီး

ဤ ရုပ်(၈)ပါးသည် မကွဲမပြား အမြဲတွဲ၍ ဖြစ်နေသောကြောင့် အဝိနိဘ္ဘောဂရုပ် ဟုခေါ်ပါသည်။

ဥပမာ - ဆံပင်တစ်ချောင်းကို ဓာတ်ခွဲကြည့်ပါက-

- ပျော့ပျောင်းခြင်း၊ မာကြောခြင်း၊ ပထဝီဓာတ် ရှိသည်။
- အချောင်းကလေး အလုံးကလေးဖြစ်အောင် ဖွဲ့စည်းထားမှု အာပေါဓာတ်ရှိသည်။
- ကိုင်ကြည့်လျှင် ပူခြင်း အေးခြင်းသဘော တေဇောဓာတ် ရှိနေသည်။
- နှိပ်ကြည့်လျှင် ပြန်၍ တွန်းကန်ခြင်းသဘော၊ လှုပ်ရှားခြင်းသဘော ဝါယောဓာတ်ရှိသည်။
- အနက်ရောင်၊ အဖြူရောင်၊ ရွှေရောင်ဟူသော ဝဏ္ဏ အဆင်းဓာတ်ရှိသည်။
- နမ်းကြည့်လျှင် အနံ့အသက် ဂန္ဓဓာတ်ရှိသည်။
- လျှာဖြင့် လျက်ကြည့်လျှင် အရသာတစ်မျိုးမျိုး တွေ့ရသော ရသဓာတ်ရှိသည်။
- အဆီ၊ အစေး၊ သြဇာဓာတ်ရှိသည်။

ပထဝီဓာတ်ကို အာပေါဟူသော ရေကစုပေးထားသောကြောင့် ပထဝီဓာတ် အစိုင်အခဲဖြစ်လာသည်။

(ယူဇနာပေါင်း ၂၄၀၀၀ အထူရှိသော ကျောက်မြေ ရွှံ့မြေထူကြီးဖြစ်လာရသည်။)

၂။ အာပေါဓာတ် (ရေဓာတ်) - ဖွဲ့စည်းခြင်း (စိုစွတ် စေးကပ်ခြင်း) ယိုစီးခြင်းသဘော အတူဖြစ်ဖက် ရုပ်ကလာပ်တို့ကို ပေါင်းဖွဲ့ပျံ့နှံ့စေပါသည်။

- ရုပ်ဓာတ်အချင်းချင်းကို တပေါင်းတည်း ဖြစ်အောင် ဖွဲ့စည်းထားသော ဓာတ်ဖြစ်ပါသည်။

အာပေါဓာတ် (၂)မျိုးရှိသည် -

(က) ဖွဲ့စည်းအာပေါ - သံ၊ ခဲ၊ သစ် စသည်များ (အာပေါနု)

(ခ) ယိုစီးအာပေါ - ရေ၊ နှို့၊ ကြံရည်၊ (အာပေါရင့်)

ယင်းတို့ကို ပရမတ်စစ်စစ်လက္ခဏာ အာပေါဟုခေါ်သည်။

တစ်ဖန် ထပ်မံခွဲကြည့်ပါက -

(က) ကိုယ်တွင်းအာပေါ - သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် (၁၂)မျိုးရှိ သည်။

(ခ) ပြင်ပအာပေါ - ရေ၊ နှို့၊ ကြံရည်စသည်များ၊ ယင်းတို့ကို သသမ္ဘာရ အာပေါဟုခေါ်သည်။ ယင်းတို့ကို ပရမတ်စစ်စစ် လက္ခဏာ အာပေါဟု ခေါ်ပါသည်။

၃။ တေဇော (မီးဓာတ်) - ပူခြင်း၊ အေးခြင်းသဘော အတူတူဖြစ်ဖက် ရုပ်ကလာပ်များကို ရင့်ကျက်စေတတ်၏။ ထက်စေတတ်၏။ ပူစေတတ်၏။ နူးညံ့စေတတ်၏။

တေဇောဓာတ်တွင် အပူ အအေး(၂)မျိုးရှိသည်။

(က) သီတတေဇော - အအေး

(ခ) ဥဏှတေဇော - အပူ

ထပ်မံခွဲသော် ကိုယ်တွင်း တေဇော ၅ မျိုးရှိသည်-

(၁) သန္တပ္ပနတေဇော
သာမန်ဖျားသော အခါ ပူလာသော အပူ
(တေဇောဓာတ်ပျက်မှု ဖြစ်သောအပူ)

(၂) ပရိဒဟနတေဇော
အလွန်အမင်း ပူပြင်းသောအပူ
(မီးယပ်ပူ ဒူလာပူ ဖြစ်သောအပူ)

(၃) ဇိရဏတေဇော
အိုမင်းရင့်ရော်ဆွေးမြေ့သော အပူ
(သွားကျိုးခြင်း၊ ဆံပင်ဖြူခြင်း၊ ခါးကိုင်းခြင်း စသော သတ္တဝါတို့၏အရွယ် ဖောက်ပြန်ခြင်း၊ သစ်ပင်တို့၏ အရွယ်ကြီးခြင်း၊ မှည့်ခြင်း၊ ရင့်ခြင်း၊ အဝတ်အထည်များ ဆွေးမြေ့ခြင်းစသော သမ္မုတိဇရာကိုဖြစ်စေသောအပူ) ထိုအပူသည် နတ်ဗြဟ္မာတို့၌ မရှိ၊ ဆေးဝါးဖြင့် ကုသ ကရနိုင်သည်။)

(၄) ပါစကတေဇော

အစာ အာဟာရကို ကြေညက်စေသော အပူ

(၅) ဥဏှတေဇော

ခန္ဓာကိုယ်၌မပြတ် ပကတိ တည်ရှိနေသော ကိုယ်ငွေ့အပူ

ဤအပူသည် ချမ်းသောကာလ၊ ပူသောကာလ အေးသောကာလ ဟူသော အရပ်တို့၌လည်းကောင်း၊ အသားတုံးကို ကျက်အောင်ပူသောမီး၏ အနီး၌လည်းကောင်း၊ ရေခဲတောင်အေးသော အရပ်၌လည်းကောင်း မတိုးမဆုတ် အညီအမျှဖြစ်သည်။

- လူတို့၏ ကိုယ်၌ရှိသော ပကတိ ကိုယ်ငွေ့ပူသောအပူသည် အပူ၊ အအေးတိုင်းသော ပြဒါးတိုင်အမှတ်အားဖြင့် ၉၈-ဒီဂရီရှိသည်။
- ငှက်တို့သည် လူတို့ထက် အပူသာသောကြောင့် ၁၀၈-ဒီဂရီရှိသည်။
- သူငယ်တို့၌ ၉၆-ဒီဂရီရှိသည်။ အရွယ်ကြီးလျှင် အပူအနည်းငယ် လျော့သည်။
- သက်မဲ့ဝတ္ထုကို နေ၊ မီးဖြင့် အပူပြုလုပ်ပါက ခဏသာပူသည်။ သက်ရှိသတ္တဝါတို့ကမူ အမြဲပူသည်။ သေသော် အပူမရှိတော့ပါ။

၄။ ဝါယောဓာတ်(လေဓာတ်) - ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်းသဘော

- အတူဖြစ်ဖက် ရုပ်ကလာပ်တို့ကို ရွှေ့လျားစေတတ်၊ တိုက်လွှင့်တတ်သည်။

ဝါယောဓာတ် (၂) မျိုးရှိသည် -

(က) ထောက်ကန်ဝါယော - ငြိမ်သက်နေသော အရာဝတ္ထုကို ထောက်ကန်နိုင်ပြီး၊ မလှုပ်ရှားနိုင်သောကြောင့် အနုစားဝါယော။

(ခ) လှုပ်ရှားဝါယော - လှုပ်ရှား လွင့်ပါးနေသော အရာဝတ္ထု လှုပ်ရှားနိုင်သည်အထိ အရှိန်အဟုန် ဖြစ်ပေါ်လာသော အရင့်စားဝါယော။ (ယင်းတို့ကို လက္ခဏဝါယော ဟုခေါ် သည်။)

ကိုယ်တွင်းဝါယော (၁၀)မျိုးရှိသည် -

(၁) ဥဒ္ဓင်္ဂမဝါယော - အထက်သို့ ဆန်တက်သောလေ၊ လေထိုးခြင်း၊ ကြို့ထိုးခြင်း၊ ပျို့ခြင်း၊ အန်ခြင်းစသည်ကို ဖြစ်ပေါ်စေသောလေ။

(၂) အဓောဂမဝါယော - အောက်သို့စုန်ဆင်းသောလေ၊ ကျင်ကြီးကျင်ငယ်၊ လေသက်ခြင်းကို ပြုသောလေ။

(၃) ကုစ္ဆိသယဝါယော - အူအပြင် ဝမ်းခေါင်းအတွင်း၌ တည်ရှိသောလေ။

(၄) ကောဌာသဝါယော - အူ အတွင်း၌ တည်သောလေ။

(၅) အဂမဂီါ သာရီဝါယော - ကိုယ်၊ လက်၊ အင်္ဂါကြီးငယ်သို့ ပျံ့နှံ့ရွှေ့ခြင်း၊ ဆန်ခြင်းကို ဖြစ်စေသောလေ။

(၆) အဿာသပဿာသဝါယော - ထွက်သက်လေ၊ ဝင်သက်လေ။

(၇) သတ္ထကဝါယော - အဆစ်၊ အမြစ်၊ အဆက်၊ အကြောတို့ကို ကတ်ကျေးဖြင့် ဖြတ်သကဲ့သို့ ဖြစ်စေတတ်သောလေ။

(၈) ခုဒ္ဒကဝါယော - သင်တုန်းမားကဲ့သို့ နှလုံးသားကို ခွဲတတ် ဖြတ်တတ်သောလေ။

(၉) ဥပ္ပလကဝါယော - နှလုံးသားအတွင်း၌ တည်သောလေ၊ ဤလေကြောင့် နှလုံးသည် ပိန်ချည် ဖောင်းချည် မပြတ် ဖြစ်နေရသည်။ ဤ နှလုံးသား ပိန်ခြင်း ဖောင်းခြင်းကြောင့် သွေးကြောထဲရှိသော နှလုံးသွေးတို့သည် အထွက် အဝင် အသွား အလာ ပြုနေသည်။ ထို့ကြောင့် ဆေးသမားတို့က ခြေကျင်းဝတ်၊ လက်ကောက်ဝတ်တို့၏ သွေးကြော၌ရှိသော သွေး၏လှုပ် ရှားမှုကိုကြည့်၍ ရောဂါအနာကို စမ်းသပ်ကြည့် ကြလေ့ရှိသည်။

(၁၀) အဘိက္ကမာဒိနဝတ္တကဝါယော - ရှေ့သို့ တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသော သွားလာလှုပ်ရှားမှုကို ဖြစ်စေသောလေ။

ပဿာဒရုပ် (၅)ပါး

ပသာဒ - မဟာဘူတ်လေးပါးကို ကြည်လင်စေတတ်သောကြောင့် ပသာဒဟု ခေါ်ပါသည်။

၁။ စက္ခုပသာဒ မျက်စိအကြည်ဓာတ် - မျက်ဝန်းအလယ် ပုံရိပ်ထင်ရာ မျက်လွှာ ၇ထပ် အတွင်း၌ သန်းဦးခေါင်းပမာဏရှိ အကြည် ဓာတ်ရုပ်။

၂။ သောတပသာဒ နားအကြည်ဓာတ် - နားပေါက် အတွင်း လက်စွပ်ကွင်းသဏ္ဌာန် ရှိသော အမွေးနှီ၌ တည်သော အကြည် ဓာတ်ရုပ်။

၃။ ဃာနပသာဒ နှာခေါင်းအကြည်ဓာတ် - နှာခေါင်းအတွင်း၌ ဆိတ်ခွာ ပုံစံနှင့်တူသော အရပ်၌ရှိသော အကြည် ဓာတ်ရုပ်။

၄။ ဇိဝှါပသာဒ လျှာအကြည်ဓာတ် - လျှာ၏အလယ် အထက်ဖျား၌ ကြာရွက်ဖျား ပုံသဏ္ဌာန်နှင့်တူသော အကြည်ဓာတ်ရုပ်။

၅။ ကာယပသာဒ ကိုယ်အကြည်ဓာတ် - အသားအရေ၏ အရေပြားခြောက်၊ ခြေသည်း လက်သည်းများ၊ ဆံပင် မွေးညှင်း မှတစ်ပါး တစ်ကိုယ်လုံး၌ရှိသော အကြည် ဓာတ်။

ပသာဒရုပ် (၅)ပါးက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို သက်ဆိုင်ရာ မျက်စိ အကြည်ဓာတ်၊ နားအကြည်ဓာတ်၊

နှာခေါင်း အကြည်ဓာတ်၊ လျှာအကြည်ဓာတ်၊ ကိုယ်အကြည်ဓာတ်တို့က ဖမ်းယူပါသည်။

ကာယပသာဒသည် မဟာဘုတ်လေးပါးတွင် ပထဝီ၊ တေဇော၊ ဝါယောကိုသာ ဖမ်းယူနိုင်သည်။ အာပေါကို မဖမ်းယူနိုင်ပါ။

ဂေါစရရုပ် (၇)ပါး (ဒိဿယရုပ်)

ဂေါစရ - စားကျက်ရုပ်

ဝိသယ - အာရုံရုပ်

ဂေါစရ - စိတ်၊ စေတသိက်တို့၏ ကျက်စားရာအာရုံများ ဖြစ်သည်။

၁။	ရူပါရုံ	- အဆင်းဓာတ်	ဝဏ္ဏ
၂။	သဒ္ဒါရုံ	- အသံဓာတ်	သဒ္ဒ
၃။	ဂန္ဓာရုံ	- အနံ့ဓာတ်	ဂန္ဓ
၄။	ရသာရုံ	- အရသာဓာတ်	ရသ
၅။	ဖောဋ္ဌဗ္ဗာရုံ	- အတွေ့အထိဓာတ်	ပထဝီ
၆။			တေဇော
၇။			ဝါယော

ဖောဋ္ဌဗ္ဗကို ပထဝီ, တေဇော, ဝါယောဟူ ရုပ် ၃-ပါး ယူသောကြောင့် ဂေါစရရုပ် (၇)ပါးဖြစ်ရသည်။

“အာပေါဓလေ့၊ လွန်သိမ်မွေ့၊ ထိတွေ့စမ်းသပ်၊ မရအပ်” ဟု ဆိုသည့်အတိုင်း အလွန်နူးညံ့သိမ်မွေ့ပြီး ထိတွေ့ စမ်းသပ်၍မရသောကြောင့် အာပေါသည် ဖောဋ္ဌဗ္ဗ မရထိုက်ပါ။

ဘာဝရုပ် (၂)ပါး

ဘာဝ - ဖြစ်ပုံအထူးကို ဖော်ပြသောရုပ်။

၁။ ကွတ္ထိဘာဝရုပ် - အမ,ဖြစ်ပုံကို ဖော်ပြသော ရုပ်၊ အမသတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်လျက်ရှိပြီး အမဖြစ်ကြောင်းကို သိစေပါသည်။

၂။ ပုဗ္ဗာဝရုပ် - အထီးဖြစ်ပုံအထူးဖော်ပြသောရုပ်၊ အထီးသတ္တဝါတို့၏ တစ်ကိုယ်လုံး ပျံ့နှံ့တည်လျက်ရှိပြီး အထီးဖြစ်ကြောင်းကို သိစေပါသည်။

- ထိုရုပ်နှစ်မျိုးသည် သက်ရှိတွင်သာ ရှိသည်။ သက်မဲ့တွင် မရှိပါ။ ထိုရုပ် (၂)ခုကြောင့် အထီးအမ မတူကြခြင်းဖြစ်ပါသည်။

- ထိုဘာဝရုပ်နှစ်ခုသည် ကာမဘုံတွင်သာရှိပြီး ဗြဟ္မာဘုံတွင် မရှိပါ။

- ယောကျ်ားက မိန်းမအဖြစ်ပြောင်းခြင်း၊ မိန်းမက ယောကျ်ားအဖြစ်ပြောင်းခြင်းသည် ကံကြောင့်သာ အဓိကဖြစ်သည်။ ဆေးကုသ၍ပြောင်းခြင်းဟူသည် အဖျားပိုင်းသာဖြစ်သည်။

- နွားစားကျက်နှင့်တူသော ကာမဂုဏ်တို့ကို လိုက်စား မှားသောသူသည် ကွတ္ထိဘာဝကို များစွာ ထူထောင်ပေးသည်။

- ကာမဂုဏ်လိုက်စားနည်းသူသည် ပုဗ္ဗာဝကို များစွာထူထောင်ပေးသည်။

ဤဘာဝရုပ် (၂)ခုသည် ကမ္ဘာဦးဗြဟ္မာပြည်မှ ဗြဟ္မာသက်ကြွလာသူ (၅)ဦးတွင် မြေဆီကို စားမိကြရာမှ မူလက မိန်းမဖြစ်ပြီး၊ ဗြဟ္မာဖြစ်သူသည် ကွတ္ထိဘာဝရုပ်၊ မူလက ယောကျ်ားဖြစ်ပြီး၊ ဗြဟ္မာဖြစ်သူသည် ပုဗ္ဗာဝရုပ် ဖြစ်လာခဲ့သည်။

မူလကမ္ဘာဦးက ကာမပဋိသန္ဓေ ခဲ့ခြားမှုမရှိပါ။ နောက်မှ ဣတ္ထိ ဘာဝ၊ ပုမ္ဘာဝ၊ ပဋိသန္ဓေဖြစ်လာသည်။ ပဋိသန္ဓေအခါ ပဝတ္ထိ အခါတို့၌ဖြစ်သော ဘာဝရုပ်သည် ဖောက်ပြန်တတ်ပါသည်။

ဘာဝရုပ် (၂)မျိုးရှိသူ (ဥဘေတောဗျည်း)

- ယောကျ်ားစိတ်ပေါက်သူ၊ မိန်းမစိတ်ပေါက်သူကို ဝိနည်းတော်၌ ဥဘတောဗျည်းဟု ဟောပါသည်။

- ဣတ္ထိယဥဘတောဗျည်း၌ ဣတ္ထိယဘာဝ တစ်ခုသာ ရှိသည်။ အကြင်အခါ၌ ဣတ္ထိယဥဘတောဗျည်းသည် မိန်းမ၌ ရာဂစိတ် ဖြစ်အံ့။ ထိုအခါ ယောကျ်ားအင်္ဂါဖြစ်လာပြီး၊ မိန်းမအင်္ဂါဇာတ် ကွယ်သည်။ ယောကျ်ား၌ ရာဂစိတ်ဖြစ်မူ မိန်းမ အင်္ဂါဇာတ် အတိုင်းပင်။ (ဣတ္ထိယဥဘတောဗျည်းသည် မိမိလည်း ကိုယ်ဝန်ယူနိုင်သည်။ သူတစ်ပါးကိုလည်း ကိုယ်ဝန်ပေးနိုင်သည်။)

- ပုရိသဥဘတောဗျည်း၌ ပုရိသဘာဝရုပ်တစ်ခုသာ ရှိသည်။ ပုရိသဥဘတောဗျည်းသည်လည်း ယောကျ်ား၌ ရာဂစိတ်ဖြစ်မူ ယောကျ်းအင်္ဂါဇာတ်ပျောက်၍ မိန်းအင်္ဂါဇာတ်ပေါ်လာသည်။ မိန်းမ၌ ရာဂစိတ်ဖြစ်မူ ယောကျ်းအင်္ဂါဇာတ်အတိုင်းပင် တည်ရှိပါ၏။ (ပုရိသဥဘတောဗျည်းသည် သူတစ်ပါးကိုသာ ပဋိသန္ဓေပေးနိုင်သည်။ မိမိကမူ ပဋိသန္ဓေမယူနိုင်၊ ကိုယ်ဝန်မဆောင်နိုင်။)

- ဥဘတောဗျည်း အင်္ဂါဇာတ်ဖြစ်ပေါ်မှုသည် ကမ္မပစ္စယရာဂသမုဋ္ဌာန်ကြောင့် ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

ဟဒယဝတ္ထုရုပ် (နှလုံးသားရုပ်)

- နှလုံးသားအတွင်း၌ မုန်ညင်းစေ့တစ်စေ့၏ တည်ရာ ပမာဏရှိသော တွင်းငယ်တစ်ခုရှိသည်။ ထိုတွင်းငယ်၌ တစ်လက်ခုပ်၏ လေးပုံတစ်ပုံ၏ ထက်ဝက်မျှလောက်သော သွေးပေါ်တွင် တည်ကိန်းနေသော စိတ်,စေတသိက်တို့၏ တည်ရာ အမှီပြုရာဖြစ်သော ဝတ္ထု ဟုခေါ်သောရုပ်ကို ဟဒယဝတ္ထုရုပ် ဟု ခေါ်သည်။
- မနောဓာတ်၊ မနောဝိညာဏ်ဓာတ်၏ တည်ရာမှီရာရုပ်သည် ဟဒယဝတ္ထုရုပ် ဖြစ်ပါသည်။ ဤဟဒယဝတ္ထုရုပ်ကို မဟာဘုတ်ဓာတ် လေးပါးတို့သည် ကျေးဇူးပြုလျက်ရှိသည်။ ဥတု၊ စိတ်၊ အာဟာရတို့က ထောက်ပံ့လျက်ရှိသည်။

ဇီဝိတရုပ်

- အတူတူ ဖြစ်ဖက်ရုပ်များ မပျက်စီးအောင် မပုပ်သိုးအောင် စောင့်ရှောက်တတ်သော အသက်ဟုခေါ်သော ရုပ်ကို ဇီဝိတရုပ် ဟုခေါ်ပါသည်။ ထိုဇီဝိတရုပ်သည် တစ်ကိုယ်လုံး ပျံ့နှံ့လျက် တည်ရှိနေပါသည်။
- စိတ်၊ ဥတု၊ အာဟာရတို့ကြောင့် ဖြစ်သော ရုပ်တို့ကို မိမိ၏သားကို မိမိ ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ စိတ်၊ ဥတု၊ အာဟာရတို့က စောင့်ရှောက်သည်။
- နောက်ဘဝက ပြုခဲ့သော ကံကြောင့်ဖြစ်သော ရုပ်မူကား ဖြစ်ကြောင်းကံထင်ရှား မရှိသောကြောင့် အမိသေသော သားကို နို့ထိန်းက စောင့်ရှောက်သကဲ့သို့ ဤဇီဝိတရုပ်သည် ကံကြောင့် ဖြစ်သောရုပ်တို့ကို မပျက်စီးရအောင် စောင့်ရှောက်ပါသည်။

- စောင့်ရှောက်ပုံမှာ သစ်သီး သစ်ရွက်အတွင်း၌ ရှိသော အရည်သည် သစ်သီး သစ်ရွက်တို့ကို မပိန် မခြောက်အောင်၊ မည်သို့နွမ်းရအောင် စောင့်ရှောက်သကဲ့သို့ ကိုယ်အလုံး၌ ပျံ့နှံ့တည်သော ဇီဝိတရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်တို့ကို မည်သို့မနွမ်း မပျက်စီး ရအောင် စောင့်ရှောက်သည်။

- ဇီဝိတရုပ်သည် မိမိနှင့်အတူဖြစ်သော ကမ္မဇရုပ်တို့ကို မိမိထင်ရှား ရှိသမျှ ကာလပတ်လုံး စောင့်ရှောက်သည်။

- နို့ထိန်းသည် မိမိနို့တိုက်သော သားကို စောင့်ရှောက်သကဲ့သို့ လှေသွားရာနောက်သို့ လှေထိုးသား လိုက်ပါရသကဲ့သို့ မိမိကို ဖြစ်စေတတ်သော ကမ္မဇရုပ်နှင့်စပ်၍သာဖြစ်သည်။

- ကျေးဇူးပြုအပ်သော ပစ္စုပ္ပန်ဘဝအတူဖြစ်ဖက် ကံကြောင့်ဖြစ်သော ရုပ်တို့ကို စောင့်ရှောက်ပါသည်။

အာဟာရရုပ်

- အာဟာရဟူသည် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

- အာဟာရရုပ်သည် ရုပ်မျှားကို တိုးပွားအောင် အားရှိအောင် ခိုင်ခံ့အောင် ဆောင်ရွက်သော ရုပ်ဖြစ်သည်။

- အာဟာရရုပ်သည် အပြင်အစားအသောက်တွင်လည်းရှိသည်။ သတ္တဝါတို့၏ ကိုယ်တွင်း၌လည်းရှိသည်။ မွေးကတည်းက အတွင်းဩဇာမာတ် ပါရှိပြီးဖြစ်သည်။ အပြင်က အစားအစာကို စားသောက်ထည့်သွင်းခြင်း မပြုပါက အတွင်းအာဟာရသည် မကြီးပွားနိုင်ပါ။ အပြင်က ဩဇာတခမာတ်၊ အာဟာရခမာတ်ဝင်လာသော အာဟာရ ခမာတ်မျှားသည် နေရာအနှံ့အပြားသို့ ရောက်သွားသည်။

- အပြင်မှ အာဟာရနှင့် အတွင်းမှ အာဟာရနှစ်မျိုး ပေါင်းဆုံမိသောအခါတွင် အတွင်းအာဟာရက ရုပ်များကို တိုးပွားအောင် ဆောင်ရွက်နိုင်သည်။
- မိုးရေကြောင့် နဂိုကရှိသော မျိုးစေ့များသည် အပင်ငယ်အဖြစ်သို့ ပေါက်ရောက်လာသည်။
- ထိုသို့ပင် အပြင်မှ အာဟာရဓာတ်နှင့် ကိုယ်တွင်းမှ အာဟာရဓာတ် ပေါင်းဆုံမိသော် ရုပ်များ တိုးပွားလာရပါသည်။
- မိုးရေသည် အပြင်အာဟာရဓာတ်နှင့် တူသည်။
- မျိုးစေ့သည် အတွင်းအာဟာရဓာတ်နှင့် တူသည်။
  အာဟာရရုပ်သည် နွားနို့ကို မီးဖြင့်ချက်၍ ထောပတ်ပြုလုပ်ရာ၌ ထောပတ်၊ ဒိန်ခဲ၊ ရက်တက်ရည် (၃)မျိုး ဖြစ်သကဲ့သို့ သတ္တဝါတို့ စားသောက်သမျှသော အရည် အဖတ်တို့ကို အစာသစ်အိမ်၌ ဝမ်းမီးကချက်ရာ အရည်၊ အဖတ်၊ အဆီ၊ အစေးဟူ၍ (၃)မျိုး ကွဲလာသည်။
- အဖတ်သည် ဆာလောင်ခြင်းကို ဖျောက်သည်။
- အရည်သည် မွတ်သိပ်ခြင်းကို ဖျောက်သည်။
- အဆီအစေးသည် အသွေးအသားကို တိုးပွားစေသည်။ စားသောက်သမျှသော အရည်အဖတ်တို့၏ ငါးပုံတစ်ပုံသည် အနှစ်သာရမည်သော ရသဓာတ်ဖြစ်သည်။ ဤရသဓာတ်၌ပါသော ရသဓာတ်၏ အနှစ်သည် ရသာကြောတစ်လျှောက် ကိုယ်လုံးအနှံ့ ပျံ့နှံ့တည်သည်။ တစ်ကိုယ်လုံးကို ထောက်ပံ့အားရှိစေသည်။ ယင်းအနှစ်သည်ဩဇာဖြစ်ပြီး၊ ယင်းဩဇာသည်ပင် ကာဗဋ်ကာရအာဟာရရုပ်မည်ပါသည်။ (ဩဇာဟူသည် အဆီပင်ဖြစ်ပါသည်။)

အနိပ္ပန္နရုပ်

အနိပ္ပန္န - ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရား လေးပါးတို့က မဖြစ်စေအပ်၊ မပြီးစေအပ်သောကြောင့် အနိပ္ပန္နရုပ်ဟုခေါ်သည်။

အနိပ္ပန္နရုပ် (၁၀)ပါး

၁။	ပရိစ္ဆေဒရုပ်	-	၁ ပါး
၂။	ဝိညတ်ရုပ်	-	၂ ပါး
၃။	လက္ခဏရုပ်	-	၄ ပါး
	စုစုပေါင်း		၁၀ ပါး

ဤအနိပ္ပန္နရုပ်တို့သည် -

- ကိုယ်ပိုင် သဘောတရားမရှိသဖြင့် - အသဘာဝရုပ်
- သဒ်တလက္ခဏာနှင့်တကွမဖြစ်သောကြောင့် - အလက္ခဏရုပ်
- ဖောက်ပြန်ခြင်း မရှိသောကြောင့် - အရူပရုပ်
- လက္ခဏာရေးသုံးပါးသို့တင်ကာ မသုံးသပ်ထိုက်သောကြောင့်- အသမ္မသနရုပ်

၁။ ပရိစ္ဆေဒရုပ် (အကာသရုပ်)

ပရိစ္ဆေဒရုပ် - အပိုင်းအခြားရုပ်

အာကာသရုပ် - ဟင်းလင်းပြင်ရုပ်

- လက်ချောင်းကလေးများသည် နိပ္ပန္နရုပ်ဖြစ်သည်။ ထိုလက်ချောင်းများတွင် အကြားရှိသည်။ထိုအကြားကို အာကာသရုပ်-ပရိစ္ဆေဒ

ရုပ် ဟုခေါ်သည်။ အကြားများသည် လက်ချောင်းများ၏ အခြင်း အရာမျှသာဖြစ်သောကြောင့် အနိပ္ပန္နရုပ် မည်ပါသည်။

- အဘိဓမ္မာသဘာဝအရ အဏုမြူမှုန်တစ်ခုကို ၃၆-စိတ်ခွဲ ကြည့်လျှင် ပရမာဏုမြူခေါ် မြူမှုန်ကလေးများ ဖြစ်လာပါသည်။ ယင်းမြူမှုန် ကလေးများကို ရုပ်ကလာပ်မှုန်များ ဟုခေါ်ပါသည်။ ရုပ်ကလာပ် မှုန့်ကလေးများ၏ တစ်ခုနှင့်တစ်ခု အကြား ကလေးများကို ပရိစ္ဆေဒ ရုပ် (အာကာသရုပ်) ဟုခေါ်သည်။

- ကောင်းကင်သည် ကမ္ဘာကြီးတစ်ခုနှင့်တစ်ခု အကြားဖြစ်သည်။ အကြားဖြစ်သောကြောင့် အာကာသ ဟုခေါ်ပါသည်။ အာကာသ ရုပ်၊ ပရိစ္ဆေဒရုပ်များ ဖြစ်ကြသည်။ အာကာသမှန်လျှင် အနိပ္ပန္နရုပ်များသာဖြစ်သည်။

ဝိညတ်ရုပ် (၂)ပါး

ဝိညတ် - သိစေနိုင်မှု

၁။ ကာယဝိညတ်ရုပ် - ကိုယ်အမူအရာဖြင့် သိစေနိုင်သောရုပ်

၂။ ဝစီဝိညတ်ရုပ် - နှုတ်အမူအရာဖြင့် သိစေနိုင်သောရုပ်

- ကာယဝိညတ်၊ ဝစီဝိညတ်သည် နိပ္ပန္နရုပ်၏ အမူအရာမျှသာဖြစ်သည်။ လက်သည် နိပ္ပန္နရုပ်ဖြစ်၍ လက်ယပ်ခေါ်ခြင်းသည် ကိုယ်အမူအရာအားဖြင့် သိစေနိုင်သော လှုပ်ရှားမှုဖြစ်သော ကာယဝိညတ်ရုပ်ဖြစ်သည်။

- အသံသည် နိပ္ပန္နရုပ်ဖြစ်၍ အသံ၏အခြင်းအရာကို ပြသောအခါ လာပါ သွားပါ စသည်ပြောဆိုခြင်းသည် ဝစီဝိညတ်ရုပ် ဖြစ်သည်။

- ငြိမ်နေသောသူတွင် ဝိညတ်ရုပ် မပါပေ။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ တစ်ပါးသူသော်လည်းကောင်း မသိစေဘဲ ပြုလုပ်နေခြင်းတွင် ဝိညတ်ရုပ် မပါပေ။

- မိမိကိုယ်တိုင် သိစေရန် တစ်ပါးသူ သိစေရန် လှုပ်ရှားခြင်းတွင် ဝိညတ်ရုပ် ပါသည်။ အိပ်လျက်နေစဉ် ဝိညတ်ရုပ် မရှိပေ။

ဝိကာရရူပ် (၃)ပါး

ဝိကာရ - ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်း၊ ထူးခြားသောအမူအရာ

- စိတ်ချမ်းသာသောအခါ၊ အာဟာရမျှတသောအခါ၊ ဥတုသာယာသောအခါ စသည်တို့၌ ရုပ်တို့၏ ပေါ့ပါးနူးညံ့သွက်လက်ခြင်းသည် ထူးခြားသောအမူအရာဖြစ်၍ ဝိကာရမည်ပါသည်။

- ရုပ်ဟူသမျှ မည်သည့်ရုပ်မဆို ဖောက်ပြန်ပြောင်းလဲ၏။ သို့သော် ရုပ် ၂၈-ပါးတွင် ဝိကာရရုပ် (၃)ပါး၏ ဖောက်ပြန်ခြင်းမှာ ကျန် ၂၅-ပါးထက် ပိုမိုထင်ရှားသည်။

၁။ လဟုတာရုပ် - နိပ္ဖန္နရုပ်တို့၏ မလေးလံဘဲ သွက်လက်ပေါ့ပါးသော အမူအရာ အထူးရုပ်။

- မှန်မှန် လျှောက်သွားနေရာမှ မြောက်တက် သွားအောင် ခုန်လိုက်ခြင်းသည် ပေါ့ပါးသော ကြောင့်ဖြစ်၍ လဟုတာရုပ် ဖြစ်ပါသည်။

၂။ မုဒုတာရုပ် - နိပ္ဖန္နရုပ်တို့၏ မကြမ်းတမ်းဘဲ နူးညံ့နုနယ်ခြင်းသဘော၊ ယဉ်ကျေးသိမ်မွေ့ခြင်းသဘော။

- ရိုသေအပ်သော မိဘ၊ ဆရာ၊ ရဟန်းသံဃာတို့ရှေ့မှောက်တွင် နူးညံ့ပျော့ပျောင်းသော

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တမကျင့်ပညာ

အမှုအရာနှင့် လုပ်ကိုင်ပြောဆိုခြင်းသည် မုဒု တာရုပ်ဖြစ်သည်။

- မိန်းကလေးများ နူးညံ့ပျော့ပျောင်းစွာ ပြုမူ ပြောဆိုခြင်း၊ ဝိသာခါအပျိုမသည် လမ်းခရီး တွင် ပြေးသွားခြင်းမပြုဘဲ ကုန်ဆွေသိက္ခာနှင့် သွားလာခြင်းသည် မုဒုတာဖြစ်သည်။

၃။ ကမ္မညတာရုပ် - နိပ္ဖန္နရုပ်တို့၏ နူးညံ့မှုကြောင့် ကိုယ်မှု နှုတ်မှု အမျိုးမျိုး၌ ကောင်းမွန်ခန့်ညားခြင်းသဘော။

- ပစ္စည်းကလေးများကို မ,ရာတွင် အကြောများ တောင့်တင်း ခိုင်မာသွား၏။ စာရေးသော် လက်ကလေးများ တောင့်တင်းခိုင်မာနေ၏။ ဤသည်မှာ ကမ္မညတာရုပ်ဖြစ်သည်။ တစ်ကိုယ် လုံးတွင် ကမ္မညတာရုပ် ရှိသည်။ ကမ္မညတာ ရုပ်သည် အလုပ်,လုပ်နိုင်သော အားဖြစ်သည်။

လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်တို့၏ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်းများ ထင်ရှားပါသည်။ အပြောင်းအလဲမြန်၊ ဖောက်ပြန်မြန်မှု ကြောင့် ဝိကာရရုပ် ဟုခေါ်သည်။ ဝိကာရ ရုပ်သုံးပါးသည် သူ့နေရာနှင့်သူ နေရာတကျ အသုံးများ၏။

မှတ်ချက် = ဤဝိကာရရုပ် (၃)ပါးကို ကာယဝိညတ်၊ ဝစီဝိညတ်တို့နှင့်ပေါင်း၍ ဝိကာရရုပ် (၅)ပါးဟု ရေတွက်သည်။

လက္ခဏာရပ် (၄)ပါး

လက္ခဏာရပ် - နိပ္ပန္နရုပ်တို့၏ ဖြစ်ခြင်း၊ ရပ်ခြင်း၊ ပျက်ခြင်း အခိုက်အတန့်ကို မှတ်သားပြသော အမှတ် လက္ခဏာကို လက္ခဏာရုပ် ဟုခေါ်ပါသည်။

၁။ ဥပစယရုပ် - ပဋိသန္ဓေတည်စဉ် ပထမရုပ်တို့ဖြစ်ခြင်း။ ထို့နောက် တစ်ဘဝတာအတွက် ရထိုက်သမျှသော ရုပ်များ ပြည့်စုံအောင် တိုးတက်၍ ဖြစ်ခြင်း။

- ဥပစယ အခိုက်ကို ပဋိသန္ဓေ တည်သည်မှ ဇာတိဒဿက ဖြစ်သည်အထိ သတ်မှတ်ပါသည်။

၂။ သန္ဟတိ - တစ်ဘဝအတွက် ရထိုက်သမျှသော ရုပ်များ ပြည့်စုံသည်ကစ၍ အဆက်မပြတ် ထပ်ကာ ထပ်ကာ ဖြစ်လာခြင်း။

- ဥပမာ - လျှပ်စစ်မီးလုံးလင်းရာတွင် ဖျတ်ဖျတ်နှင့် လှုပ်ရှားကာ အလွန်လျင်မြန်သောကြောင့် တစ်ဆက်တည်း ဖြစ်နေသည်ဟု ကင်ရင်၏။ ဇဝဒါဒဿကမှ နောက်၌ဖြစ်သော ရုပ်တို့၏ တည်ရှိမှု။

၃။ ဇရတာ - အိုမှု၊ ရင့်ရော် မှည့်ရွမ်းမှု၊ ဟောင်းနွမ်းဆွေးပုတ် ဆုတ်ယုတ်မှု၊ လျော့ပါးမှုအခိုက်အတန့်။

၄။ အနိစ္စတာ - ဖြစ်ပြီး နိပ္ပန္နရုပ်တို့၏ ချုပ်ကွယ်ပြတ်စဲခြင်း၊ အခိုက်အတန့်၊ ဥပစယ၊ သန္ဟတိရုပ်တို့ကို ပေါင်း၍ ဇာတိရုပ်ဟု ခေါ်သည်။

- ဥပမာ - သစ်ပင်တစ်ပင်မှ ရှေးဦးစွာပေါက်လာခြင်းသည် ဥပစယ၊
- တစ်နေ့တစ်ခြား တိုးပွားလာခြင်းသည် ဒုတိယ ဥပစယ၊
- အတိုးအပွား ရပ်၍ ကာလရှည်မြင့်စွာ နေခြင်းသည် သန္ဓတိ၊
- သေကျေပျက်ပြား ကုန်ဆုံးခြင်းသည် အနိစ္စတာ၊

ရုပ်တို့၏ဖြစ်ပေါ်မှု သဘာဝများ

ရူပကလာပ - ဆိုင်ရာဆိုင်ရာ ရုပ်များ ပူးတွဲပေါင်းစပ်၍ ဖြစ်ပေါ်လာသော ရုပ်အဖွဲ့အစည်းကို ရူပကလာပ ဟုခေါ်ပါသည်။

ရုပ်ကလာပ်၏ လက္ခဏာ ၄ - ရပ်

၁။ ကေ့ပ္ပါဒ - အတူတကွ ဖြစ်ခြင်း
၂။ ကေနိရောဓ - အတူတကွ ချုပ်ပျက်ခြင်း
၃။ ကေနိသယ - တူသော မှီရာရှိခြင်း
၄။ သဟဝုတ္တိ - ခွဲခြားမရအောင် ပေါင်းရောနေခြင်း

- လူဘုံ၌ ရှိသော ပရမတ္ထ ရုပ်ကလာပ်တစ်ခု၏ အရွယ်သည် ပရမာအဏုမြူတစ်ခု၏ အစိတ် တစ်သိန်းပုံတစ်ပုံသာရှိသည်။ ရုပ်ဓာတ်တို့သည် မည်သည့်ရုပ်မျှ တစ်ခုတည်း မနေ။ အပေါင်းအစည်းနှင့်နေသည်။

(၁) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ၄ ပါး
(၂) ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ၄ ပါး

ဤ (၈)ပါးသည် ရုပ်တစ်ခုတွင် အမြဲပါပြီး ခွဲ၍မရသောကြောင့် အဝိနိဗ္ဘောဂရုပ် ဟုခေါ်သည်။

- ဤ (၈)ပါးသည် ကလာပ်စည်းအားဖြင့် သန့်ရှင်းစွာဖြစ်ပေါ်နေသော (၈)ခု အပေါင်းအစည်း (သုဒ္ဓဋ္ဌက) ဟုခေါ်ပါသည်။ ဥပမာ - ရေကို အခြားမည်သည့် အရောင်အသွေးမှ မရောသေးမီ ကာလကို သုဒ္ဓဋ္ဌက ကလာပ်ဟုခေါ်ပြီး၊ ဤ (၈)ပါး အပြင် အခြားဘာမျှ မပါသေး၍ သန့်ရှင်း စင်ကြယ်သောကြောင့် (သုဒ္ဓဋ္ဌက)ဟုခေါ်ပါသည်။

ရုပ်ကလာပ်စည်းပေါင်း (၂၁)

၁။ ကမ္မဇ ကလာပ် - ကံ(ကုသိုလ်-အကုသိုလ်ပြုမူ)
ကြောင့်ဖြစ်သော ရုပ်တို့အပေါင်းအစည်း ၉

၂။ စိတ္တဇက လာပ် - စိတ်ကြောင့်ဖြစ်သော
ရုပ်တို့ အပေါင်းအစည်း ၆

၃။ ဥတုဇ ကလာပ် - ဥတုကြောင့်ဖြစ်သော
ရုပ်တို့ အပေါင်းအစည်း ၄

၄။ အာဟာရဇ ကလာပ် - အာဟာရကြောင့်ဖြစ်သော
ရုပ်တို့ အပေါင်းအစည်း ၂

စုစုပေါင်း ၂၁

ရုပ်ကလာပ်စည်းများ

ကမ္မဇ ကလာပ် - ၉	ပါဝင်သောရုပ်များ
၁။ စက္ခုဒသက ကလာပ်	အဝိနိဗ္ဘောဂရုပ် ၈ + ဇီဝိတ + စက္ခု
(မျက်စိ၌ပါသောရုပ်စု)	ပသာဒ = ၁၀

၂။ သောတဒသက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈+ဇီဝိတ+ သောတ
နားဒွိပါသောရုပ်စု-၁၀ ပသာဒ = ၁၀

၃။ ဃာနဒသက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ + ဇီဝိတ + ဃာန
နှာခေါင်းဒွိပါသောရုပ်စု-၁၀ ပသာဒ = ၁၀

၄။ ဇိဝှါဒသက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ + ဇီဝိတ + ဇိဝှါ
လျှာဒွိပါသောရုပ်စု-၁၀ ပသာဒ = ၁၀

၅။ ကာယဒသက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ + ဇီဝိတ +ကာယ
ကိုယ်ဒွိပါသောရုပ်စု-၁၀ ပသာဒ = ၁၀

၆။ ကွတ္ထိဘာဝဒသက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ + ဇီဝိတ + ကွတ္ထိ
မ,ကိုယ်ဒွိပါသောရုပ်-၁၀ ဘာဝ = ၁၀

၇။ ပုမ္ဘာဝဒသက ကလာပ် အဝနိဘ္ဘောဂရုပ် ၈ + ဇဝိတ + ပုမ္ဘာ
ကျားကိုယ်ဒွိပါသောရုပ်-၁၀ ဘာဝ = ၁၀

၈။ ဝတ္ထုဒသက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ + ဇီဝိတ +ဟဒယ
နှလုံးသားဒွိပါသောရုပ်-၁၀ ဝတ္ထု = ၁၀

၉။ ဇီဝိတနဝက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ + ဇီဝိတ = ၉
အသက်ဒွိပါသောရုပ်-၉

ဓိတ္တဇ ကလာပ် ၆ မျိုး

၁။ သုဒ္ဓဋ္ဌက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ = ၈
(စင်ကြယ်သောရုပ်စု)

၂။ ကာယဝိညတ္တိနဝက ကလာပ် အဝိနိဘ္ဘောဂရုပ် ၈ + ကာယဝိညတ်
(ကိုယ်မူရာရုပ် ၉) = ၉

၃။ ဝစီဝိညတ္တိဒသက ကလာပ် (နှုတ်မှုရာရုပ် -၁၀)

အဝိနိဗ္ဘောဂရုပ် ၈ + ဝစီဝိညတ် + သဒ္ဒ = ၁၀

၄။ လဟုတာဒိဧကာဒသက ကလာပ်(ပေါ့ပါးမှုစသည်ရုပ်)

အဝိနိဗ္ဘောဂရုပ် ၈+လဟုတာဒိ ၃=၁၁

၅။ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ် (ကိုယ်မှုရာပေါ့ပါးမှုစသောရုပ်-၁၂)

အဝိနိဗ္ဘောဂရုပ် ၈ + လဟုတာဒိ ၃ ကာဝိညတ် = ၁၂

၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက (နှုတ်မှုရာအသံပေါ့ပါးမှု စသောရုပ်-၁၃)

အဝိနိဗ္ဘောဂရုပ် ၈ + ဝစီဝိညတ် + သဒ္ဒ + လဟုတာဒိရုပ် - ၃ = ၁၃

ဥတုဇ ကလာပ် (၄)မျိုး

၁။ သုဒ္ဓဋ္ဌက ကလာပ် အဝိနိဗ္ဘောဂရုပ် ၈ = ၈

၂။ သဒ္ဒနဝက ကလာပ် အဝိနိဗ္ဘောဂရုပ် ၈+ သဒ္ဒ = ၉

၃။ လဟုတာဒိဧကာဒသက အဝိနိဗ္ဘောဂရုပ် ၈ + လဟုတာဒိ ၃ =၁၁

၄။ သဒ္ဒလဟုတာဒိဒွါဒသက အဝိနိဗ္ဘောဂရုပ် ၈ + သဒ္ဒ + လဟုတာဒိ ၃ = ၁၂

အာဟာရဇ ကလာပ် (၂)မျိုး

၁။ သုဒ္ဓဋ္ဌက ကလာပ် အဝိနိဗ္ဘောဂရုပ် ၈ = ၈

၂။ လဟုတာဒိဧကာဒသက ကလာပ် အဝိနိဗ္ဘောဂရုပ် ၈ + လဟုတာဒိ ၃ = ၁၁

ရုပ်တို့၏ပြစ်စဉ်များ

ပဋိသန္ဓေ - ဘဝတစ်ခုမှ ဘဝတစ်ခု ဆက်စပ်မှု

တစ်ဘဝ၌ ပဋိသန္ဓေဖြစ်ခိုက်ကို ပဋိသန္ဓေအခါ ဟုခေါ်သည်။ ထိုအခါ ပဋိသန္ဓေစိတ်နှင့် ယင်း၏ယှဉ်ဖက်စေတသိက်များ (အကျိုးပေး နာမ်ခန္ဓာ) များနှင့် ကံကြောင့်ဖြစ်သောရုပ် (ကမ္မဇရုပ်)များ ဖြစ်ကြ၏။

ပဝတ္တိအခါ - လက်ရှိဖြစ်နေသော ဘဝများ

ပဋိသန္ဓေစိတ်၏ တည်ဆဲ(ဌီ) ခဏမှစ၍ မသေမီအတွင်း (စုတိစိတ်မကျမီအတွင်း) ကာလကို ပဝတ္တိအခါ ဟုခေါ်ပါသည်။

- ထိုအခါ၌ ဘဝင်စိတ်များ (ငြိမ်သက်နေသောစိတ်များ) နှိုးကြားသိနေသော စိတ်အစဉ် (ဝီထိစိတ်များ)နှင့် ယင်းတို့၏ ယှဉ်ဖက်စေတသိက်များ၊ ကမ္မဇရုပ်များ၊ စိတ္တဇရုပ်မှ ဥတုဇရုပ်များ၊ အာဟာရဇရုပ်များ ဖြစ်ကြသည်။

ဘဝဆက်စပ်မှု (ပဋိသန္ဓေ) (၄)မျိုး

သတ္တဝါများ ဘဝဆက်စပ်မှု (ပဋိသန္ဓေ)ဖြစ်ရာတွင် (၄)မျိုးဖြင့် ယူကြပါသည်။

၁။ သံသေဒဇသတ္တဝါ - ပဒုမ္မာကြာတိုက်၊ သစ်ခေါင်း၊ သစ်သီး၊ ရွံ့ညွန်၊ ရေညှိ၊ ရေအညစ်အကြေး စသော ငြိကပ်ရာအရပ်၌ ဘဝသစ်စွဲယူသော သတ္တဝါများ။ (ပဒုမဝတီမိဖုရား၊ စိဉ္စမာဏဝိကာ၊ ပေါက္ခရသာတိ ပုဏ္ဏား၊ မယ်လမူ၊ ဝေဠုဝတီ နှင့် ပိုးလောက်လန်းများ၊ ခြင်များ စသည်တို့ဖြစ်ကြသည်)

၂။ ဇလာဝုဇသတ္တဝါ - အမိသားအိမ်၌ ဘဝသစ်စွဲယူသူ
(လူ၊ ကြောင်၊ ခွေး စသောသတ္တဝါများ)

၃။ အဏ္ဍဇသတ္တဝါ - ဥခွံအတွင်း၌ ပဋိသန္ဓေနေသူ
(ကြက်၊ ဋက်၊ ဘဲ စသည်များ)
(ဤဇလာဝုဇနှင့် အဏ္ဍဇ ဘဝသစ် စွဲယူမှုကို ဂဗ္ဘသေယျက = အမိဝမ်း၌ ကိန်း၍ ဘဝသစ်ယူသူ ဟူ၍လည်းခေါ်ပါသည်။)

၄။ သြပပါတိကသတ္တဝါ - ဘဝဟောင်း ချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက် ရောက်မည့်ဘဝသစ်၌ ဘွားကနဲ ခန္ဓာကိုယ် အသစ် ထင်ရှားဖြစ်လာသော သတ္တဝါ (ကမ္ဘာဦး လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲသား၊ အခိုး့သော ပြိတ္တာများ)
- (ဤ သတ္တဝါ ၄-မျိုးကို အမျိုးဇာတ် (ယောနိ) ၄ မျိုးဟူ၍လည်း ခေါ်ပါသည်။)

အဏ္ဍဇ(သံသေဒဇ)ဘဝသစ်ယူသူ စ၍တည်ပုံ

အဏ္ဍဇ(သံသေဒဇ)မျိုးသည် အဏ္ဍဇပေါ်၌မှီ၍ ဘဝသစ် ဆက်ယူမှု (ပဋိသန္ဓေ) နေခြင်းဖြစ်သည်။ ပဋိသန္ဓေတည်ရာတွင် အပြည့်အဝ အများဆုံးတည်နိုင်သော ပဋိသန္ဓေသည် -

၁။ မျက်စိစသော ရုပ်ကလာပ် (၁၀)ခု (စက္ခုဒသက ကလာပ)
၂။ နားစသော ရုပ်ကလာပ် (၁၀)ခု (သောတဒသက ကလာပ)
၃။ နှာခေါင်းစသော ရုပ်ကလာပ်(၁၀)ခု (ဃာနဒသက ကလာပ)
၄။ လျှာစသော ရုပ်ကလာပ် (၁၀)ခု (ဇိဝှါဒသက ကလာပ)
၅။ ကိုယ်စသော ရုပ်ကလာပ် (၁၀)ခု (ကာယဒသက ကလာပ)

၆။ ကျား မ ရုပ်ကလာပ် (၁၀)ခု (ဘာဝဒသက ကလာပ)

၇။ နှလုံးသား ရုပ်ကလာပ် (၁၀)ခု (ဝတ္ထုဒသက ကလာပ)

ဤကလာပ်(၇)ခုစလုံး တစ်ပြိုင်တည်းဖြစ်၍ အများဆုံးပါဝင်နိုင်သည်။

- လျော့နည်းသော ဘဝဆက်သူ (သန္ဓေရှင်) များလည်း ရှိနိုင်သည်။
- မျက်စိ မပါက စက္ခုဒသက ကလာပ်လျော့နေပါသည်။
- နား မပါက သောတဒသက ကလာပ်လျော့နေပါသည်။
- နှာခေါင်း မပါက ဃာနဒသက ကလာပ်လျော့နေပါသည်။
- မိန်းမမဟုတ် ယောကျ်ားမဟုတ် သူသည် ဘာဝဒသက ကလာပ် လျော့နေပါသည်။

အမိဝမ်း (ဂဗ္ဘသေယျက)ဘဝသစ်ယူသူ စတည်ပုံ

အမိဝမ်း (ဂဗ္ဘသေယျက) ဘဝသစ်ယူသူတွင် အမိဝမ်းတိုက်၌ တိုက်ရိုက်ယူသူနှင့် ဥတွင် ဘဝသစ်ယူသူ ဟူ၍ (၂)မျိုးရှိပါသည်။

ဤ(၂)ခုတွင် -

၁။ ကိုယ်စသော ရုပ်ကလာပ် (၁၀)ခု (ကာယဒသက ကလာပ)

၂။ ကျား မ ဖြစ်သော ရုပ်ကလာပ်(၁၀)ခု (ဘာဝဒသက ကလာပ)

၃။ နှလုံးသားဖြစ်သော ရုပ်ကလာပ်(၁၀)ခု (ဝတ္ထုဒသက ကလာပ)

ဟူသော ကလာပ်စည်း (၃)မျိုး အများဆုံး တစ်ပြိုင်တည်းဖြစ်၍ တည်နိုင်ပါသည်။ လျော့ပါက ဘာဝဒသက ကလာပ်စည်းလျော့နိုင်သည်။

ဘွားကနဲ(သြပပါတိက)ဘဝသစ်ယူသူ စ၍တည်ပုံ

ဘွားကနဲဖြစ်သော (သြပပါတိက)ဘဝသစ် ယူသူသည် ဘဝသစ်ယူ(ပဋိသန္ဓေ)နေရာတွင် -

၁။ မျက်စိစသောရုပ်စု (၁၀)ခု စက္ခုပသာဒ ကလာပ
၂။ နားစသော ရုပ်စု (၁၀)ခု သောတဒသက ကလာပ
၃။ နှာခေါင်းစသော ရုပ်စု(၁၀)ခု ဃာနဒသက ကလာပ
၄။ လျှာစသော ရုပ်စု (၁၀)ခု ဇိဝှါဒသက ကလာပ
၅။ ကိုယ်စသော ရုပ်စု (၁၀)ခု ကာယဒသက ကလာပ
၆။ ကျား-မ ဖြစ်မှုရုပ်စု (၁၀)ခု ဘာဝဒသက ကလာပ
၇။ နှလုံးသားဖြစ်မှုရုပ်စု (၁၀)ခု ဝတ္ထုဒသ ကလာပ

ဟူသော ကလာပ်စည်း (၇)စည်း အများဆုံး တစ်ပြိုင်တည်းဖြစ်နိုင်သည်။ လျော့လျှင် စက္ခု၊ သောတ၊ ဃာန၊ ဘာဝ ကလာပ်များ လျော့နိုင်သည်။

ကလလရေကြည် ဘဝသစ် (ပဋိသန္ဓေ)တည်ပုံ

ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်စည်း (၃)မျိုးဖြင့် ဘဝသစ်(သန္ဓေ) စတင်တည်ရာတွင် ထိုကလာပ်စည်း (၃)ခု၏ ပေါင်းစည်း ထားမှုသည် ပမာဏအားဖြင့် အထူးပင် နူးညံ့သည်။ သေးငယ်ပါသည်။

ပုံစံပြရသော် မွေးခါကစ ကလေးငယ်၏ ဆံပင်ကဲ့သို့ အလွန်နူးညံ့သော ဆံပင်တစ်ပင်ကို ယူပါ။ အကြိမ်(၁၀၀)ချက်ထားသော ဆီထဲသို့ ဆံပင်၏အဖျားကို နှစ်ပါ။ ထို့နောက် ဆွဲထုတ်ယူ၍ ခါပစ်ပါ။ ထိုဆံပင်များတွင် ကျန်ရစ်ခဲ့သော ဆီပမာဏသည် ကလာပ်စည်းအားဖြင့် (၃)စည်း၊ ရုပ်အားဖြင့် (၃၀) စုပေါင်းထားသော အစိုင်အခဲဖြစ်ပါသည်။ ထိုအစိုင်အခဲတွင် ဘဝသစ် ယူစိတ် (ပဋိသန္ဓေစိတ်) ပါလာပါသည်။ ဤသည်မှာ စတင် တည်ပုံဖြစ်ပါသည်။

- မဟာဝိပါက်စိတ် (၈)ခုနှင့် ဘဝသစ် (ပဋိသန္ဓေ) ယူခဲ့သူများတွင် ပင်ကိုယ်အားဖြင့် ရွှင်လန်းစွာ နေလေ့ရှိသူများသည် ဝမ်းမြောက်မှု (သောမနဿ)စိတ်ဖြင့် ဘဝသစ် (ပဋိသန္ဓေ)နေခဲ့ကြသူများဖြစ်သည်။

- တည်ကြည်စွာ နေလေ့ရှိသူများသည် အလယ်အလတ်(ဥပေက္ခာ) စိတ်ဖြင့် ဘဝသစ် (ပဋိသန္ဓေ) နေခဲ့ကြသူများဖြစ်သည်။

ရွှင်လန်းသူများထဲတွင်

- ပို၍ ရွှင်လန်းသူက တိုက်တွန်းမှုမပါ (အသခ်ါရိက) စိတ်ဖြင့် နေခဲ့သည်။
- ရွှင်လန်းမှုနည်းသူက တိုက်တွန်းမှုပါ (သသခ်ါရိက)စိတ်ဖြင့် နေခဲ့သည်။

ရွှင်လန်းသူများထဲတွင်

- ပင်ကိုယ်ဉာဏ်ကောင်းသူက ဉာဏ်နှင့်ယှဉ် (ဉာဏသမ္ပယုတ်)ဖြင့် နေခဲ့သည်။
- ပင်ကိုယ်ဉာဏ်မကောင်းသူက ဉာဏ်နှင့်မယှဉ် (ဉာဏဝိပ္ပယုတ်) ဖြင့် နေခဲ့သည်။

တည်ကြည်သူထဲတွင်လည်း

- ပို၍တည်ကြည်သူက အသခ်ါရိကဥပေက္ခာစိတ်ဖြင့်နေခဲ့သည်။
- တည်ကြည်မှုနည်းသူက သသခ်ါရိကဥပေက္ခာစိတ်ဖြင့် နေခဲ့သည်။
- ဉာဏ်ကောင်းသူက (ဉာဏသမ္ပယုတ်)စိတ်ဖြင့် နေခဲ့သည်။
- ဉာဏ်မကောင်းသူက (ဉာဏဝိပ္ပယုတ်)စိတ်ဖြင့် နေခဲ့သည်။ (ဗုဒ္ဓ၏ ပဋိသန္ဓေစိတ်သည် သောမနဿဉာဏသမ္ပယုတ် အသခ်ါရိက မဟာဝိပါက်စိတ် ဖြစ်ပါသည်။)

ပဋိသန္ဓေစိတ်သည် ဝတ္ထုဒသက (နှလုံးအိမ်)ကလာပ်ထဲမှ ဝတ္ထုရုပ်ပေါ်တွင် အမှီပြု၍ ပေါ်လာပါသည်။ ယင်းကို 'အသက်' ဟုခေါ်ကြပါသည်။

အမှန်စင်စစ် ပုဒ္ဓက သတ္တဟူ၍မရှိ အသက်မရှိ၊ (နိဿတ္တ၊ နိဇ္ဇီဝ) ဟူ၍ ဟောထား၍ သတ္တမရှိ၊ အသက်မရှိပါ။ ရုပ်နာမ်မျှသာရှိသည်။

ဝတ္ထုရုပ်ထဲ၌ ကလာပ်စည်းနှင့် စိတ်, စေတသိက်သာ ပါရှိသည်။ ဥပမာ - နာရီတွင် အသက်ရှိသောကြောင့် တစ်ချက်ချက်မြည်ကာ လှုပ်ရှားသွားလာနေသည်။ နာရီစက်ကို ဖွင့်ကြည့်ပါက အသက်ကို မတွေ့ရပါ။ ဆံခြည်တိုင်၊ လက်တံ၊ ခွေးသွားစိတ် စသည်တို့ကိုသာ တွေ့ရသကဲ့သို့ပင် ဖြစ်ပါသည်။ ထိုကလာပ်စည်း (၃)ခုလုံးသည် ကမ္မဇ(ကံကြောင့်ဖြစ်သော ရုပ်မျှားသာ) ဖြစ်ပါသည်။ ပဋိသန္ဓေစိတ်နှင့် ဖြစ်မှုအပြိုင်ဖြစ်၍ ကာယ၊ ဘာဝ၊ ဝတ္ထု ကလာပ်စည်း (၃)စည်း၊ ရုပ် (၃၀)တို့ ဖြစ်ရပါသည်။

ထို့နောက် စိတ္တက္ခဏ၊ ခဏငယ်နှင့် တိုင်းထွာသော် ခဏတိုင်း ခဏတိုင်း အချိန်မျှားစွာတွင် ကမ္မဇရုပ်မျှားသည် အသစ်အသစ် ထပ်ကာ ထပ်ကာ ဖြစ်နေကြပါသည်။

ရုပ်၏ ဖြစ်-တည်-ပျက် ပုံ (ဥပါဒ်-ဌီ-ဘင်)

သတ္တဝါတို့ သေဆုံးကွယ်လွန်ခြင်းဟူသော သမ္မုတိမရဏာကိုသာ လူတို့သိနေကြသည်။ အမှန်မှာ ရုပ်-နာမ်တရားတို့ အမြဲမပြတ် တရစပ် သေဆုံးနေကြသည်ကို လူတိုင်းသတိမထား၍ မသိကြပါ။

ကမ္မဇ (ကံကြောင့်ဖြစ်သော) ရုပ်မျှားသည် အစဉ်မပြတ် ပျက်စီးသေကျေနေကြပါသည်။ ခဏတိုင်း သေနေသည်။ ယင်းကို ခဏိကမရဏာ ဟုခေါ်သည်။

မီးသည်တဖျပ်ဖျပ်နှင့် ဖြစ်လိုက်ပျက်လိုက် ဖြစ်နေသည်။ ထိုကဲ့သို့ပင် ကံကြောင့်ဖြစ်သော (ကမ္မဇ)ရုပ်မျှားသည်လည်းကောင်း၊ အရာဝတ္ထုမျှားသည်လည်းကောင်း၊ အစဉ်တစိုက် တည်ငြိမ်မှုမရှိဘဲ တဖျပ်ဖျပ်နှင့် ဖြစ်လိုက် ပျက်လိုက် ဖြစ်နေပါသည်။ မည်သည့် အရာဝတ္ထုမဆို ရုပ်ရှိသည်။ ရုပ်ရှိက ဖြစ်လိုက် ပျက်လိုက် ဖြစ်နေပါသည်။

ရုပ်တစ်ခုဖြစ်၍ ပျက်သောအခါ စိတ်သည် (၁၇)ချက်ဖြစ်၍ ပျက်သွားသည်။ သို့အတွက် စိတ်သည် ရုပ်ထက် ၁၇ ဆ မြန်ပါသည်။ စိတ်တစ်ခုတွင် အခိုက်အတန့်ပေါင်း ဖြစ် တည် ပျက် (ဥပါဒ်-ဌီ-ဘင်)ဟူ၍ ခဏငယ် (၃)ချက်ရှိသည်။ အခိုက်အတန့် တစ်ခုနှင့်ပြိုင်၍ ကလာပ်စည်း (၃)စည်း တစ်ခဏဖြစ်လာသည်။

စိတ်တစ်ခုတွင် အခိုက်အတန့် ဖြစ် တည် ပျက် (၃)ခုဖြစ်သဖြင့် စိတ် ၁၇ ချက်တွင် အခိုက်အတန့်ပေါင်း (၁၇×၃=၅၁)ချက် ဖြစ် တည် ပျက်သွားသည်။

စကားနှစ်လုံးကို တစ်ပြိုင်တည်းပြော၍ မဖြစ်နိုင်သကဲ့သို့ စိတ်သည် တစ်ပြိုင်နက်တည်း (၂)ခု မဖြစ်ပေ။ တစ်ခုပြီးမှ တစ်ခုပေါ်၏။ မည်သည့်အခါမျှ မထပ်ပေ။

ရုပ်သည်ကား ထပ်၍ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် ရုပ်သည် အကောင်အထည်ရှိသည်။ စိတ်ကား အကောင်အထည်မရှိပေ။

ဘဝသစ်ယူနေစဉ် (ပဋိသန္ဓေနေစဉ်) ကလာပ် (၃)မျိုး (၃)စည်း ရှိ၍ တည်တုံ (ဌီ)အချိန်တွင် ကလာပ် (၃)မျိုး (၆)စည်းရှိသည်။ ပျက်စီး (ဘင်)အချိန်တွင် ကလာပ် (၃)မျိုး (၉)စည်းရှိသည်။

ပဋိသန္ဓေနေသည်မှ မွေးဖွားသည်အထိ

ပဋိသန္ဓေစတင်တည်သည်မှာ -

၁။ ပထမ ၇-ရက် (ပထမသတ္တာဟ) - ရေကြည်ပေါက်ငယ် အဖြစ် တည်သည်။ ကလလရေကြည်။

၂။ ဒုတိယ ၇-ရက် (ဒုတိယသတ္တာဟ)- အမြှုပ်ဖြစ်၍ တည်သည်။

၃။ တတိယ ၇-ရက် (တတိယသတ္တာဟ)-သား:တစ်၊ သွေးခဲအဖြစ် တည်သည်။

၄။ စတုတ္ထ ၇-ရက် (စတုတ္ထသတ္တာဟ) - မာသော အသား:ခဲအဖြစ် တည်သည်။

၅။ ပဉ္စမ ၇-ရက် (ပဉ္စမသတ္တာဟ) - ခေါင်း, ခြေ, လက် စသော ခက်မင်းဖြာ ပေါ်ထွက်သည်။

ထိုအချိန်တွင် ကလေးအတွက် အာဟာရသည် ချက်ကြိုးမှဝင်သည်။ ကလေးသည် မိခင်၏အစာအိမ်ကို မျှော့တွယ်သည့်ပမာ တွယ်ကပ်ထား:သည်။ မိခင်စား:သောအစာသည် ချက်ကြိုးမှ လျှောက်၍ သူငယ်၏ဝမ်း:တွင်း:သို့ ရောက်သောအခါ ထိုအစာကိုချက်ရန် ပါစကတေဇောဓာတ်မီး:ဖြစ်လာသည်။ ယင်း:တေဇောဓာတ်မီး:၌ ဇီဝိတနဝက ကလာပ်ပါလာသည်။

စက္ခု။ သောတ၊ ဃာန၊ ဇိဝှါတို့ ပေါ်လာပြီး:နောက် တစ်စတစ်စ ကြီး:ထွား:ရင့်ကျက်လာရာ ၇-လ၊ ၈-လ၊ ၉-လ၊ ၁၀-လ ရောက်သောအခါ ဖွား:မြင်လာကြသည်။

အချို့မှာ ကံအား:နည်း:သောကြောင့် ၁၂ သတ္တာဟအတွင်း: စက္ခု။ သောတ၊ ဃာန၊ ဇိဝှါတို့မှ တစ်ခုခုလျော့တတ်သည်။ အချို့မှာ မျက်စိအကြည်ဓာတ် (စက္ခုဒသက ကလာပ်)မပါဘဲ အချို့မှာ ဘာဝဒသက ကလာပ်လျော့နိုင်သည်။ (ဝမ်း:တွင်ပါ - ဝမ်း:တွင်း:ကန်း:ဟု ဆိုစမှတ်ပြုကြသည်။)

အသိဉာဏ်အား:ဖြင့် အမိဝမ်း:တွင်း: သန္ဓေမှစ၍ တည်ကတည်းကပင် အသိဉာဏ်ရှိပါသည်။ သို့ရာတွင် များစွာမပြတ်သား:ပေ။ ဝမ်း:တွင်း:တွင် နေရသည်။ နေရသည်မှာ ပင်ပန်း:သည်။ ပင်ပန်း:သဖြင့် စိတ်မခိုင်၍ သမာဓိမရှိပေ။

ကမ္မဇရုပ်၊ ဥတုဇရုပ် စသ်ဖြစ်ပုံ

ကမ္မဇကလာပ်သည် ပဋိသန္ဓေ၏ ဖြစ်စ (ဥပါဒ်)အခိုန်မှစ၍ ဖြစ်သည်။

ဥတုဇရုပ်သည် ပဋိသန္ဓေ၏ တည်တံ့ (ဌိ)အခိုန်မှစ၍ဖြစ်သည်။

မဟာဘုတ်လေးပါးတွင် တေဇောတ်ပါဝင်နေသည်။ တေဇောကို တန်ခိုးစွမ်းရည် ထက်မြက်ခြင်းဟု အဓိပ္ပါယ်ယူဆနိုင်ပြီး၊ သူသည် ရုပ်ကလာပ်တစ်ခု ထပ်မံ၍ ပေါက်ဖွားလာနိုင်အောင် စွမ်းရည်ထက်ပါသည်။ ထိုတေဇောတ်သည် ပဋိသန္ဓေဥ်ဖြစ်သော ကာယဒသက ကလာပ်ထဲတွင် ပါဝင်နေပါသည်။

တေဇောသည် ပဋိသန္ဓေဖြစ်ခိုန်ဥ် သူ၏အစွမ်းကို မထုတ်သေးပါ။ ဌိအခိုန်တွင်ကား တေဇောသည် အားကြီးလာသည်။ ထက်လာသည်။ ထို့ကြောင့် တေဇောမှ ဥတုဇကလာပ်များဖြစ်သည်။ ဥတုကြောင့်ဖြစ်သည်။ ဥတုက မွေးဖွားခြင်း ဖြစ်ပါသည်။ ဥတုဇရုပ်ကို ကမ္မဇရုပ်ထဲမှ တေဇောက မွေးဖွားခဲ့သည်။ ကမ္မဇရုပ်ထဲမှာပါသော တေဇောသည် ဖြစ်ပြီးနောက် မပျက်ခင် ကြား(ဌိကာလ)တွင် ဥတုဇရုပ်ကလာပ်များကို ၇-ကြိမ် ၈-ကြိမ် ပေါက်ဖွားသည်။

ကံ၏ အရှိန်အားကိုလိုက်၍ ဖြစ်သည်။ ကံအနည်းအများ ကန့်သတ်ချက်မရှိသော 'ကံ'အရှိန်အင်အား မရှိပါက အလျင်းမပေါက်ဖွားသည် လည်းရှိပါသည်။

ဥတုဇရုပ်ဟူသည် ဥတု ဟုခေါ်သော တေဇောကပေါက်ဖွားလာသောကြောင့် ဥတုဇရုပ် ဟုခေါ်ပါသည်။

စိတ္တဇရုပ်စခြေပုံ

စိတ်ကြောင့်ဖြစ်သော (စိတ္တဇ)ရုပ်များသည် ပဋိသန္ဓေနောက် ပထမဘဝင်၏ ဖြစ်ခြင်း (ဥပါဒ်)မှစ၍ စိတ်တို့၏ ဖြစ်တိုင်းဖြစ်တိုင်း (ဥပါဒ်တိုင်း) ဖြစ်ကြပါသည်။

- စိတ်သည် ဥပါဒ် (ဖြစ်ခြင်း)မှာ အားရှိသည်။
- ရုပ်သည် ဌီ (တည်တံ့ခြင်း)မှာ အားရှိသည်။

အားရှိသော အချိန်မှာ ရုပ်များကို ပေါက်ဖွားကြပါသည်။ ပဋိသန္ဓေ၏ ဥပါဒ်ချိန်တွင် အားမရှိသေးသောကြောင့် စိတ္တဇရုပ်များ မဖြစ်ကြသေးပါ။ ပဋိသန္ဓေ၏ နောက်ဘဝင်များ၌ ဥပါဒ်ချိန်တွင်ကား အားရှိလာသောကြောင့် စိတ္တဇရုပ်များ ဖြစ်ကြပါသည်။

စိတ်တစ်ခုပေါ်လျှင် စိတ္တဇကလာပ် ပါလာသည်။ ထိုစိတ္တဇကလာပ်ထဲတွင် တေဇောဓာတ်ပါလာသည်။ ထိုတေဇောဓာတ်က ဥတုဇရုပ် ၇-ခု ၈-ခု ကိုဖြန့်သွား၏။ ထိုမှတစ်ဖန်ထပ်၍ (၇)ခု (၈)ခု ဖြာထွက်၍ သွားပြန်သည်။ နောက်တိုးမှန်သမျှ ဥတုဇရုပ်များသာ ဖြစ်ကြပါသည်။ ထို့ကြောင့် ဥတုဇရုပ်သည် ကမ္မဇရုပ်၏ သားဖြစ်သည့်အပြင် စိတ္တဇရုပ်၏သားလည်း ဖြစ်သည်။

ကံ	ကမ္မဇ (တေဇော)	ဥတုဇရုပ်
စိတ်	စိတ္တဇ (တေဇော)	ဥတုဇရုပ်

ဥပမာနှိုင်းပြရလျှင်

အမကြီး အမေ သား

ကံ	ကမ္မဇ (တေဇော)	ဥတုဇရုပ်
စိတ်	စိတ္တဇ (တေဇော)	ဥတုဇရုပ်

သတ္တဝါတိုင်းသည် အိုမင်းကြသည်။ တာဝတိံသာအောက် နတ် တို့သည် အိုကြပါသည်။ အကြောင်းမှာ နေ၏အပူရှိန်ကြောင့် ဥတု မမျှသဖြင့် အိုမင်းကြရသည်။ တာဝတိံသာနတ်ပြည်မှစ၍ အထက် နတ်ဘုံများ၌ နေမရှိသဖြင့် ဥတုမျှသောကြောင့် ပုံစံအားဖြင့် အိုခြင်းမရှိပေ။

အာဟာရဇရုပ်စ၍ဖြစ်ပုံ

ပဋိသန္ဓေနောက် စိတ်တစ်ခုမှ စိတ္တဇရုပ် ဖြစ်ပေါ်ရာတွင် ထိုစိတ္တဇရုပ်ထဲမှ အဝိနိဘ္ဘောဂရုပ် ၈-ခု၌ တေဇောနှင့် ဩဇာပါဝင်သည်။

- တေဇောမှာ ဥတုဖြစ်သည်။ ဥတုမှ ဥတုဇရုပ်များ ပေါက်ဖွားသည်။
- ဩဇာမှာ အာဟာရဖြစ်သည်။ အာဟာရမှ အာဟာရဇရုပ်များ ပေါက်ဖွားသည်။

ဥတုဇရုပ်တွင်လည်းကောင်း၊ အာဟာရဇရုပ်တွင်လည်းကောင်း တေဇောနှင့်ဩဇာပါဝင်သည်။ ထိုတေဇောနှင့် ဩဇာသည် ဥတုနှင့် အာဟာရ ဖြစ်ပါသည်။ ထိုဥတုနှင့်အာဟာရတို့မှ တစ်ဖန် ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ ပေါက်ဖွားလာပါသည်။

ရုပ်ကလာပ်တစ်ခုဖြစ်ပေးတိုင်း အဝိနိဘ္ဘောဂရုပ် ၈-ခုပါဝင်၏။ တေဇောနှင့် ဩဇာသည် အမဖြစ်သည်။ ကျန်ရုပ်တို့ကား အဖိုဖြစ်သည်။

- စိတ်က ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် ဥပါဒ်အချိန်မှ ပေါက်၏။
- ကံက ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် အချိန်ပြည့် ခဏတိုင်း ခဏတိုင်း ပေါက်ဖွားသည်။
- ဥတုနှင့်အာဟာရဇရုပ်များက ရုပ်ကလာပ်များကို ပေါက်ဖွားလျှင် တည်တံ့ (၌) အချိန်မှ ပေါက်ဖွားပါသည်။

- လူစသော သတ္တဝါများသည် ကုသိုလ် အကုသိုလ်ကံ၏ စီမံချက်ကြောင့် ဖြစ်ပေါ်လာရသည်။
- မိမိကိုယ်တိုင်က ကောင်းမှု ပြုလုပ်ခဲ့ပါသည်။ ကိုယ်ခန္ဓာ အချိုးအစား ရုပ်ရည်လှပသည်။
- မကောင်းမှုပြုလုပ်လာမိက ကိုယ်ခန္ဓာ အချိုးအစား မလှမပ အရုပ်ဆိုးပါသည်။ ထို့ကြောင့် ကောင်းမှု မကောင်းမှုကြောင့် ဖြစ်သော ရုပ်ကောင်း ရုပ်ဆိုးကို ကံထဲတွင် ပါဝင်သော တေဇောက ပြုလုပ်ဆောင်ရွက် ပေါက်ဖွားပေးပါသည်။
- ကံက မူရင်းဖြစ်သည့်အတွက် အလုပ်ချင်းကွာသည်နှင့်အမျှ လူပုံစံ၊ စိတ်နေသဘောထားတို့သည် မတူညီကြပါ။

သြဇာရုပ် (အဆီအစေးရုပ်)

သြဇာ

အဇ္ဈတ္တသြဇာ(သက်ရှိ) ဗဟိဒ္ဓသြဇာ (သက်မဲ့)

- ရုပ်ကလာပ် ရှိတိုင်း သြဇာရှိသည်။ သြဇာသည် မည်သည့် နေရာတွင်မဆို ရှိနိုင်ပါသည်။ အဝိနိဗ္ဘောဂရုပ်ထဲတွင် ပါဝင် နေပါသည်။ လူ၏ခန္ဓာကိုယ်ထဲ၌ သြဇာ (အဆီအစေး)ရှိ ပါသည်။
- သက်ရှိတွင် ရှိသော သြဇာသည် အဇ္ဈတ္တသြဇာ
- သက်မဲ့တွင် ရှိသော သြဇာသည် ဗဟိဒ္ဓသြဇာ
- အဇ္ဈတ္တသြဇာကသာ ရုပ်ကလာပ်များကို ပေါက်ဖွားပေးနိုင်ပါသည်။ ဗဟိဒ္ဓသြဇာက ရုပ်ကလာပ်ကို မပေါက်ဖွားနိုင်ပါ။

သို့သော် အဇ္ဈတ္တရုပ်ကလာပ် ပေါက်ဖွားမှုကို ဗဟိဒ္ဓသြဇာက အကူအညီပေးရပါသည်။

- သတ္တဝါတို့သည် အစာအာဟာရအလို့ငှာ အစားကို စားရသည်။ ထိုအစာသည် ဗဟိဒ္ဓသြဇာဖြစ်သည်။ ခန္ဓာကိုယ်တွင်ရှိသော အဇ္ဈတ္တသြဇာရုပ်ကလာပ်များကို ပေါက်ဖွားနိုင်ရန်အတွက် အစားဟူသော ဗဟိဒ္ဓသြဇာက အကူအညီပေးနေရသည်။ ဗဟိဒ္ဓသြဇာ အကူအညီမရပါက အဇ္ဈတ္တသြဇာသည် ရုပ်ကလာပ်များကို မပေါက်ပွားနိုင်တော့ပါ။ ထိုအခါ သတ္တဝါတို့သည် အားအင်ကုန်ခန်း၍ ချည့်နဲ့လာရပါသည်။
- ဥပမာ မျိုးစေ့သည် အပင်ကို ပေါက်စေနိုင်၏။ မျိုးစေ့သည် အဇ္ဈတ္တသြဇာနှင့်တူသည် သို့သော် ရေမရပါက မျိုးစေ့ အပင် မပေါက်နိုင်သလို ဗဟိဒ္ဓအစာသြဇာမရပါက အဇ္ဈတ္တသြဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွားနိုင်ပါ။
- ဗဟိဒ္ဓသြဇာ၏ အရင်းခံသည် ဥတုဖြစ်သည်။ အဇ္ဈတ္တသြဇာ၏ အရင်းခံကား ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဖြစ်သည်။

ဥပါဒါရုပ် ၂၄ ပါးသည် မဟာဘုတ် (၄)ပါးတွင်တည်မှီနေပုံ

ဥပါဒ်ရုပ် (၂၄) ပါးသည် မဟာဘုတ် (၄)ပါးပေါ်တွင် မူတည်နေပါသည်။ အဝိနိဗ္ဘောဂရုပ် (၈) ပါးတွင် အမာခံသည် ပထဝီဖြစ်ပါသည်။ ကျန် (၇)ပါးသည် ပထဝီပေါ်တွင် မှီနေရပါသည်။

သတ္တဝါတစ်ဦး၏ ကိုယ်တွင်လည်းကောင်း၊ အရာဝတ္ထုများတွင်လည်းကောင်း နေရာတိုင်းတွင် ပထဝီသည် အမာခံဖြစ်သည်။

(ဤတွင် ပထဝီဟူသည် နောက်ဆုံး ပထဝီဖြစ်သော ပရမာဏုမြူတစ်မှုန်ကိုသာလျှင် ဆိုလိုပါသည်။ ထိုပရမာဏုမြူသည် ရုပ်အားဖြင့် (၈)ပါး ပါဝင်နေပါသည်။)

ထိုပရမာဏုမြူသည် -
- ပထဝီပေါ်တွင် မူတည်နေသည်။
- အပူ အအေးနှင့် အမာခံ ပထဝီကို ဖွဲ့စည်းသောအခါ အာပေါလည်းရှိသည်။
- လှုပ်ရှားမှု ငြိမ်သက်မှု ဖြစ်သောအခါလည်း ရှင်သန်သည်။
- ဝဏ္ဏခေါ် အဆင်းလည်း ရှိသည်။
- အစေးခေါ် ြဩဇာလည်းရှိသည်။

ထို့အတူပင် ကျန်သောရုပ်များသည်လည်း မဟာဘုတ် (၄) ပါးပေါ်မှာသာ မှီတည်နေရပါသည်။

စိတ် ရုပ်နှင့် သန္ဓတိပညတ်၊ သဏ္ဌာနပညတ်

သတ္တဝါတို့၏ ကိုယ်တွင်း၌ ရှိသော စိတ်နှင့်ရုပ်တို့သည် အတည်တကျမရှိပါ။ တစ်ဖွားဖွားဖြစ်၍ တစ်ဖျပ်ဖျပ် ကူးပြောင်းနေပါသည်။ သို့သော် ထို ဖြစ်ပျက် နေမှုကို အစဉ်တန်းဟုခေါ်သော သန္ဓတိပညတ်က ဖုံးလွှမ်း ထားသောကြောင့် အစဉ်တစိုက် တည်နေသည်ဟု ထင်နေကြပါသည်။ သန္ဓတိ ပညတ်က ဖုံးလွှမ်းထား၍ စိတ် ရုပ်တို့ ပြောင်းလဲပုံကို မသိကြပါ။

ဥပမာ - ဆီမီးပေါက် မီးလျှံနှင့်တူပါသည်။ ဆီထဲတွင် ရေမူန် ရေဖွားကလေးများရှိသည်။ ထိုရေမူန် ရေဖွားကလေးများသည် အခိုးကဲ့သို့ ထွက်သွား၏။ အသစ်တစ်ဖန် ပေါ်လာပြန်သည်။ ရှေ့နောက် အစဉ်အဆက် ကူးပြောင်းနေသည်။ သန္ဓတိက ဖုံးလွှမ်းထား၍ အစဉ်တစိုက် ဖြစ်နေသည်ဟု ထင်မှတ်နေရပါသည်။

မီးတောက်သည် ပုံစံအားဖြင့် လုံးလုံး ရှည်ရှည် ခွန်ခွန် ဖြစ်နေသည်။ သဏ္ဌာနပညတ်ဟုခေါ်သည်။ မီးမူန် မီးဖွားကလေးမှန်း မသိဘဲ

မီးတောက်ဟု ထင်မှတ်နေပါသည်။ သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသောကြောင့်ဖြစ်ပါသည်။

မီးမှုန်ကလေးများသည် တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေမှန်း မသိဘဲ အစဉ်တစိုက် ဖြစ်ပျက်နေမှန်းမသိဘဲ တစ်ခုတည်းဖြစ်နေသည်ဟု ထင်မြင်ခြင်းသည် သန္ဋတိပညတ်က ဖုံးလွှမ်းထားသောကြောင့်ဖြစ်သည်။

မြစ်ရေအလျဉ်နှင့် ဥပမာပေးနိုင်ပါသည်။ မြစ်ရေပြင်ကြီးဟု ထင်မှတ်နေခြိန်တွင် အကယ်စင်စစ် ရေပြင်ကြီး မဟုတ်ပါ။ မမြင်နိုင်သော ရေမှုန် ရေဖွားကလေးများ စုဝေးနေခြင်းသာဖြစ်သည်။ မြစ်ရေသည် တစ်စက္ကန့်နှင့် တစ်စက္ကန့် မတူပါ။ ရွှေ့လျားနေပါသည်။ ရေမှုန်ရေဖွားကလေးများ တစ်ရွှေ့ရွှေ့နှင့် စီးဆင်းနေခြင်းသာဖြစ်သည်။ ထိုသည်ကို ရေမှုန် ရေဖွားကလေးများဟု မထင်၊ ရေပြင် ရေထုကြီး ထင်စေရန် သဏ္ဌာနပညတ်က ဖုံးလွှမ်းထားသည်။

ပြောင်းလဲမှုမရှိဘဲ အစဉ်ဖြစ်နေသည်ဟု ထင်စေရန် သန္ဋတိပညတ်က ဖုံးလွှမ်းထားသည်။ မီးတောက် မငြိမ်းစေရန် ဆီကို ထပ်ထည့် ပေးရသလို၊ သတ္တဝါ ခန္ဓာကိုယ်မပျက်စီးစေရန် အသက်ရှည်စေရန် အာဟာရကို ထပ်ထည့်ပေးရသည်။

မီးမှုန်များကို ဆီက ရသလို ကိုယ်ထဲရှိ အမှုန်များကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ က ရပါသည်။

ကမ္မဇရုပ်စသည်တို့ချုပ်ရာ

ကမ္မဇရုပ်ကလာပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား (၄)ပါးတို့ကြောင့် ဖြစ်သည့်အားလျော်စွာ ကာမဘုံ၌ ဆီမီးအလှိုက်သို့လည်းကောင်း၊ ရေအလျဉ်ကဲ့သို့လည်းကောင်း အသက်ရှင်သမျှ ကာလပတ်လုံး အဆုံးအဖြတ်ဖြစ်၍ တည်နေကြပါသည်။

ထိုကမ္မဇရုပ်စသော ရုပ်တို့သည် စုတိစိတ် (သေသောစိတ်)မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇) ချက်မြောက်သောစိတ်၏ ဌီကာလမှ အစပြု၍ မဖြစ်ကြကုန်။

စုတိစိတ်မှ ပြန်၍ ရေတွက်သည်ရှိသော် (၁၇)ချက်မြောက် စိတ်၏ ဥပါဒ်ခဏာ၌ ဖြစ်ကုန်သော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့်အမျှသော ကာလပတ်လုံးသာလျှင် ဖြစ်၍ ချုပ်ပါမည်။

ကမ္မဇရုပ် ချုပ်သည်မှ နောက်၌ စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့သည်လည်း ပြတ်ကြသည်။ ထိုစိတ္တဇရုပ်၊ အာဟာရဇရုပ်တို့ ပြတ်သည့်နောက်တွင် ဥတုလျှင်ဖြစ်ကြောင်းရှိသော ရုပ်ကလာပ် အဆက်ဆက်သည် သေ၍ အကောင်ပုပ်အဖြစ် ကျန်ရစ်သည်။

နတ် ဗြဟ္မာတို့၌ကား စုတိပြီးနောက် အလောင်းကောင်ကျန်ရုံး ထုံးစံမရှိသဖြင့် ဥတုဇရုပ်တို့သည် စိတ္တဇရုပ်၊ အာဟာရဇရုပ်များ နည်းတူ စုတိပြီး ခဏငယ်အနည်းငယ်တွင်ပင် အပြီးချုပ်ကြသည်။ နတ် ဗြဟ္မာ တို့၏ ခန္ဓာကိုယ်မှာ ကံကြောင့်ဖြစ်သဖြင့် ကံချုပ်လျှင် အားလုံးပျောက် ကွယ်သွားသည်။

အသက်ကုန်ဆုံးသည်ဆိုရာ၌ - ကမ္မဇရုပ်ကလာပ်များတွင် အမြဲပါသော ဇီဝိတရုပ်သည် အတူတကွဖြစ်ဖက် ကမ္မဇရုပ်များကို စောင့်ရှောက်သောကြောင့် ရုပ်သက်ဟုခေါ်သည်။

စိတ်တိုင်း၌ယှဉ်သော ဇီဝိတိန္ဒြေ စေတသိက်သည်လည်း အတူတကွ ဖြစ်ဖက် နာမ်တရားတို့ကို စောင့်ရှောက်သောကြောင့် နာမ်သက်ဟု ခေါ်ပါသည်။

တစ်ဘဝ၌ ထိုရုပ်သက် နာမ်သက်တို့ တစ်ပြိုင်နက်တည်း အပြီးသတ်ချုပ်ကြသည်ကိုပင် အသက်ကုန်သည် (စုတေသည်)ဟု ခေါ်ပါသည်။ အာယု(အသက်)၊ ဥဿာ(ကိုယ်ငွေ့ = ကမ္မဇတေဇော)၊ ဝိညာဏ် (စိတ်) ဤသုံးခုချုပ်လျှင် သေဆုံးပြီဟု သိရပါသည်။

ဘုံအားလျော်စွာရသော ရုပ်များ

၁။ ကာမဘုံ၌ ရုပ် (၂၈) ပါးလုံး ရပါသည်။

၂။ အသည်းသတ်ကြဉ်ရုပ (၁၅) ဘုံ၌ -

- မဟာဘုတ်	၄ - ပါး
- စက္ခု၊ သောတပသာဒရုပ်	၂ - ပါး
- ဝိသယရုပ်	၄ - ပါး
- ဟဒယရုပ်	၁ - ပါး
- ဇီဝိတရုပ်	၁ - ပါး
- အာဟာရရုပ်	၁ - ပါး
- ပရိစ္ဆေဒရုပ်	၁ - ပါး
- ဝိညတ်ရုပ်	၂ - ပါး
- ဝိကာရရုပ်	၂ - ပါး
- လက္ခဏရုပ်	၄ - ပါး
	၂၃ - ပါး

(ကာမဝိရာဂ ဘာဝနာအစွမ်းကြောင့် ဃာန၊ ဇိဝှာ၊ ကာယ ဘာဝရုပ် ၂-ပါး စုစုပေါင်း ၅-ပါး မရပါ။)

၃။ အသည်းဘုံ၌ -

- ဇီဝိတရုပ်	၁ - ပါး
- အဝိနိဘ္ဘောဂရုပ်	၈ - ပါး
- ပရိစ္ဆေဒရုပ်	၁ - ပါး
- ဝိကာရရုပ်	၅ - ပါး
- လက္ခဏရုပ်	၄ - ပါး
	၁၇ - ပါး

၄။ အရူပဘုံ၌ ရူပဝိရာဂဘာဝနာ အစွမ်းကြောင့် ရုပ်တစ်ပါးမျှမရပါ။

၅။ တစ်ကိုယ်လုံးဌိတည်သောရုပ် -

- ဘာဝရုပ်
- ကာယပသာဒရုပ်
- ဇီဝိတရုပ်
- အာပေါဓာတ် လွန်ကဲသော သုက်, သွေး, သည်းခြေ တို့သည် သတ္တဝါတိုင်း တစ်ကိုယ်လုံး ပျံ့နှံ့ တည်ရှိနေပါသည်။

နိဗ္ဗာန

နိဗ္ဗာန - တဏှာမရှိရာ တဏှာကုန်ရာ တရား

- မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ မျက်မှောက်ပြုတရား
- မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောတရား
- လောကကို လွန်မြောက်သောတရား
- သတ္တဝါတို့ကို သံသရာဝဋ်မှ ချုပ်တတ်၊ မှေးတတ်သော တဏှာမှ ထွက်မြောက်တတ်၍ နိဗ္ဗာနဟုခေါ်သည်။
- နိဗ္ဗာန်သည် ထိုတဏှာမှ ငြိမ်းအေးခြင်း လက္ခဏာအားဖြင့် တစ်ပါးသာရှိသည်။

အကြောင်းပရိယာယ်အားဖြင့် နိဗ္ဗာန် (၂)မျိုး

၁။ သဥပါဒိသေသနိဗ္ဗာန် - အကျိုးနာမ်ခန္ဓာများ မချုပ်သေးခင် ရအပ်သောနိဗ္ဗာန်

၂။ အနုပါဒိသေသနိဗ္ဗာန် - ရဟန္တာတို့ ပရိနိဗ္ဗာန်စံသောအခါ ရအပ်သော နိဗ္ဗာန်

အခြင်းအရာ (အာကာရ)အားဖြင့် နိဗ္ဗာန် (၃)မျိုး

၁။ သုညတနိဗ္ဗာန် - ရာဂ, ဒေါသ, မောဟတို့နှင့်တကွ ရုပ်နာမ် အားလုံး ဆိတ်သုဉ်း ကင်းဆိတ်သော အခြင်း အရာကို အစွဲပြု၍ သုညတနိဗ္ဗာန် ဟုခေါ် သည်။

၂။ အနိမိတ္တနိဗ္ဗာန် - ရာဂစသော အကြောင်းနိမိတ်မရှိ၊ ရုပ်တရား တို့ကဲ့သို့ ပုံသဏ္ဌာန်မရှိ၊ ဤသို့ အကြောင်း နိမိတ် ပုံသဏ္ဌာန် တစ်စုံတစ်ရာ မရအပ် သော အခြင်းအရာကိုအစွဲပြု၍ အနိမိတ္တ နိဗ္ဗာန်ဟုခေါ်သည်။

၃။ အပ္ပဏိဟိတနိဗ္ဗာန် - တောင့်တမှု ပူပန်တတ်သော တဏှာ ကိလေ သာတို့မှ ကင်းသော အခြင်းအရာကို အစွဲ ပြု၍ အပ္ပဏိဟိတနိဗ္ဗာန် ဟုခေါ်သည်။

နိဗ္ဗာန်နှင့်ပရိနိဗ္ဗာန်ကွာခြားမှု

နိဗ္ဗာန် - ငြိမ်းအေးခြင်း လက္ခဏာတစ်မျိုးသာရှိသော ပရမတ် တရားကြီးဖြစ်သည်။

ပရိနိဗ္ဗာန် - ထိုနိဗ္ဗာန်ကို မဂ်လေးပါးဖြင့် လေးကြိမ်တိုင် တိုင် အာရုံပြုပြီးသောရဟန္တာတို့၏ စုတိ နောက်၌ ဘုံသုံးပါး၌ ခန္ဓာအသစ်မဖြစ်တော့ သော အငြိမ်းဓာတ်ဖြစ်သည်။

နိဗ္ဗာန်၏ဂုဏ်ရည်များ

၁။ အစ္စုတံ - သေ ရွေ့လျော့ရခြင်း သဘောမရှိ

၂။ အစ္စန္တံ - သေခြင်းအာရုံ အပိုင်းအခြားကို လွန်သည်

၃။ အသန်္ခံတံ - ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတရား လေးပါးသည် မပြုပြင်အပ်

၄။ အနုတ္တရံ - မိမိထက် မွန်မြတ်သောတရားမရှိ

၅။ ပဒံ - မင်္ဂ၊ ဖိုလ်တို့ဖြင့် အာရုံပြုအပ်သော တရား

နိဗ္ဗာန်ချမ်းသာ

နိဗ္ဗာန်တရားသည် သိမ်မွေ့သည်။ ပုထုဇဉ်တို့ မှန်းဆ၍သာ သိနိုင်သည်။ မျက်မှောက်ပြုသောအားဖြင့် မသိနိုင်သဖြင့် အမျိုးမျိုး ပြောဆို၍ အမျိုးမျိုး ထင်မြင်ကြကုန်သည်။

နိဗ္ဗာန်ကို တကယ် မြင်နိုင်သည်မှာ မင်္ဂဖိုလ် တရားတို့၏ရှေ့ ဂေါတြဘူ တံခါးဝသို့ ရောက်မှသာ နိဗ္ဗာန်ကို တကယ်လှမ်းမြင်နိုင်မည် ဖြစ်၍ မင်္ဂ ဖိုလ် တရားရအောင် ဝိပဿနာတရားကို ကြိုးစားအားထုတ်မှသာ နိဗ္ဗာန်ချမ်းသာကို ရရှိခံစား နိုင်ပါသည်။

နိဗ္ဗာန်သည် အာရုံပြုခြင်းကြောင့် ရအပ်သော ချမ်းသာဖြစ်သည်။ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် အဆက်ဆက် အားဖြင့် ရအပ်သော ဝဋ်ဆင်းရဲဟူသမျှတို့၏ ချုပ်ခြင်း ကုန်ခြင်းဟူသော ဥပဿမ ချမ်းသာသည်သာ နိဗ္ဗာန်ချမ်းသာ အစစ်ဖြစ်ပါသည်။

နိဗ္ဗာန်ရောက်ခြင်းနှင့်ရောက်ရာကာလ

နိဗ္ဗာန်သည် -

- ယာဉ်ရထား၊ ခြေတို့ဖြင့် သွားလာရာမဟုတ်။
- ပဋိသန္ဓေအားဖြင့် သွားရောက်ရာမဟုတ်
- သွားအပ်သော တရားမဟုတ်
- မျက်မှောက်အာရုံပြုသောအားဖြင့် ရောက်အပ်၊ သိအပ်သော တရားသာဖြစ်သည်။

ရောက်အပ်သိအပ်သော အချိန်ကား

- ဂေါတြဘူဉာဏ်
- မဂ်ဉာဏ်
- နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်
- နိဗ္ဗာန်ကို အောက်မေ့သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် ဝင်စားအပ်သော ဖိုလ်စိတ်ဖြစ်ရာ အချိန် ကာလ၌သာ အာရုံ ပြုသောအားဖြင့် နိဗ္ဗာန်သို့ ရောက်ရပါသည်။

အခန်း(၂)

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက် ပြုပြင်ရေးအတွက် ဝတ္ထုရှုမြင်

ကမ္ဘာဦး မဟာသမ္မတမင်းတင်မြောက်မှုပေါ်လာပုံ

ဤကြဝဠာ ကမ္ဘာတည်ရှိပုံ

စက်ဘီးသဏ္ဌာန်ကဲ့သို့ ဝန်းဝိုင်း၍ တည်သော တစ်ခုသော လောကဓာတ်ကို သြကာသလောကတစ်ခုဟု ခေါ်ပါသည်။

ထိုစကြဝဠာတစ်ခုအတွင်း၌ လေထုက အောက်ခြေက ဝိုင်းရံခံထားပြီး လေထုအထက်က ရေထု၊ ရေထုအထက်က ကျောက်မြေ၊ နွံ့မြေဟူသော မြေထုကြီးက တည်ရှိနေပါသည်။

ထိုစကြဝဠာတစ်ခုတွင် မြင်းမိုရ်တောင်၊ ကျွန်းကြီးလေးကျွန်းနှင့် ကျွန်းငယ်များ၊ တိုက်ကြီး (၇)တိုက်ဟူသော မြေစိုင်ကြီးများ၊ သမုဒ္ဒရာကြီး (၅)စင်း ဟူသော ရေများ တည်ရှိနေပါသည်။ လေထု၏ အောက်၌ အနန္တ ကောင်းကင်ကြီးသည် အဆုံးမရှိ တည်ရှိနေပါသည်။ အထက်ကောင်းကင်၌ ရှိကြသော မိုးတိမ်၊ နေ၊ လ၊ နက္ခတ်၊ တာရာတို့သည် လေထုအတွင်း၌ တည်ရှိနေပါသည်။ ရေထုကြီးသည်လည်း ပြင်းထန်စွာ လှုပ်ရှားနေသော လေထုကြီးအတွင်း မှာပင် တည်ရှိနေပါသည်။

လူ့ပြည်မှ အထက်ယူဇနာပေါင်း (၇၁၈၅၆၀၀၀) (ခုနစ်ကုဋေ့ တစ်သန်းရှစ်သိန်းငါးသောင်းခြောက်ထောင်) ကွာဝေးသော ကောင်းကင်အရပ်၌ ဘဝဂ်ဘုံ ရှိပါသည်။ ထိုဘဝဂ်မှအောက် အနန္တကောင်းကင်ပြင်ကြီး အတွင်း၌ ငြဟ္မာဘုံအဆင့်ဆင့် နတ်ဘုံအဆင့်ဆင့် ကောင်းကင်ဘုံများ တည်ရှိနေကြပါသည်။

စကြဝဠာကုဋေတစ်သိန်းရှိသော ဤသြကာသ လောကကြီးသည် မဟာလောကဓာတ် တစ်ခုဖြစ်သည်။ ပျက်ချိန်ကျသောအခါ ထိုမဟာလောကဓာတ် စကြဝဠာတစ်ခုအတွင်း၌ ရှိနေကြသော မြင်းမိုရ်တောင်၊ မြေအစရှိသည်တို့သည် နှစ်အသခ်ျပေါင်း မရေမတွက်နိုင်အောင် ကြာညောင်းလတ်သော် ဥတုခေါ်သော မီးဓာတ်အစွမ်းဖြင့် ရင့်မှန်းမသိ ရင့်လာသည်။ ရင့်ဖန်များလတ်သော် အခဲ့ဓာတ်မျိုး၊ အကာဓာတ်မျိုး အဆင့်ဆင့်တို့သည် ကုန်ခန်းကြသည်။ အနှစ်ဓာတ်မျိုးသာ ကျန်ရှိသည်။ အနှစ်ဓာတ်မျိုးသည်လည်း တစ်ဖြည်းဖြည်း ညှဲ့ဖျင်းလာသည်။ ညှဲ့ဖျင်းလာရာမှ ကုန်ခန်းမည်။ များလတ်သော် အသားမှ အနှစ်၊ အနှစ်မှ အဆီမျိုးတို့သာ ကျန်ရှိတော့သည်။ ထိုအခါ မဟာပထဝီ စသည်တို့သည် ဆီဦးခဲ၊ ထောပတ်ခဲ၊ ယမ်းဆီခဲ၊ ကန့်ခဲ၊ ကန့်ဆီခဲကဲ့သို့ မီးထည့်လျှင် မီးလောင်ရန် ကောင်းသော အဆအနှစ်သဘောမျှသာ ရှိလာသည်။

ဤအိုမင်းရင့်ရော်မှုမျိုးသည် မည်သူမျှ ဖန်တီး၍မဟုတ်ပါ။ သဘာဝ နိယာမတရားအရ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုသို့ အိုမင်းရင့်ရော်လာသောအခါ စကြဝဠာသည် ပျက်စီးရမည်မှာ ဓမ္မတာဖြစ်လာသည်။

စကြဝဠာပျက်စီးတော့မည့် အချိန်ရောက်သော် နှစ်တစ်သိန်းကတည်းက လောကဗျူဟာကာမာဝစရနတ်တို့က ကြွေးကြော် သတိပေးလေ့ရှိသည်။ ထိုကြွေးကြော်သံကြောင့် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာ (၈)ဘုံမှ ဗြဟ္မာတို့သည် ကုသိုလ်ကောင်းမှုများ အဆင့်ဆင့် ပြုကျင့်ခြင်း၊ မေတ္တာစျာန် ကမ္မဋ္ဌာန်း အားထုတ်ခြင်းပြုကြသဖြင့် စကြဝဠာပျက်ရာတွင် မပါဝင်သော အာဘဿရာဘုံ အပါအဝင် အထက်ဗြဟ္မာဘုံ၌ ဗြဟ္မာအသီးသီး ဖြစ်ကြရသည်။

စကြဝဠာပျက်ပုံအဆင့်ဆင့်

စကြဝဠာပျက်ခြိန် ရောက်သော် စကြဝဠာဖျက်မီးကြီး မပေါ်ခင် မိုးကြီး ကြီးစွာတစ်ကြိမ် ရွာတတ်သည်။ ယင်းကို ကမ္ဘာဖျက်မိုးဟု ခေါ်သည်။ ထို့နောက် မိုးမရွာတော့ဘဲ အနှစ်တစ်သိန်းခန့်ရှိလတ်သော် ကောင်းကင်၌ နေဗိမာန်များ တစ်စင်းမှ အဆင့်ဆင့် (၇)စင်းပေါ်ထွက် တိုးပွားလာခဲ့သည်။ စကြဝဠာကုဋေတစ်သိန်း ပျက်ရာတွင် ပါဝင်ခဲ့၍ နေဗိမာန်(၇)သိန်း ဖြစ်လာပါသည်။ ဤသို့ဖြစ်ပေါ်လာမှုသည် ဓာတ်သဘာဝ အသိုက်အဝန်းကြီး၏ အဆန်းတကြယ် ဖောက်ပြန်မှုပင်ဖြစ်ပါသည်။

ဤကမ္ဘာတွင် ရံခါ မီးတောင်ပေါက်မှု၊ သမုဒ္ဒရာအောက်မှ မီးတောင် ပေါက်ကွဲမှု၊ မိုးကြီးသည်းစွာရွာ၍ ရေလွှမ်းမိုးမှု၊ မြို့ရွာစသည် ပျက်စီးမှု၊ ငလျင်လှုပ်မှုတို့သည် သဘာဝ တရားတော် ဖောက်ပြန်မှု ဖြစ်သကဲ့သို့ ဤစကြဝဠာ နေ(၇)စင်းထွက်၍ မီးလောင်မှုသည် သဘာဝ နိယာမအရ ဖြစ်လာခြင်းဖြစ်ပါသည်။

ဤနေ(၇)စင်းမှ ထွက်ပေါ်လာသော မီးလောင်မှုကြောင့် ကုဋေတစ်သိန်းသော စကြဝဠာ၊ တောင် ကုဋေတစ်သိန်းတို့သည် ကုန်လေသည်။ ဤစကြဝဠာ ဖျက်မီးကြီးသည် ပထမစျာန် ဖြဟ္မာဘုံတိုင်အောင် လောင် ကျွမ်း၍ မီးစာဟူ၍မကျန် မီးခဲ မီးတောက် အကုန်ချုပ်ငြိမ်းသည်။ ဥတုဟု ခေါ်သော ဓာတ်စုတို့သည် သာလျှင် မီးလောင်ရာတစ်ခွင် ကောင်းကင်ပြင် နှင့်အပြည့် ကျန်ရစ်ခဲ့သည်။

ဤအခြိန်ကာလကို မီး၊ ရေ၊ လေတို့ကြောင့်ပျက်သော အခြိန်ကို သံဝဋ္ဋကပ်ကာလ ဟုခေါ်ပါသည်။ ကောင်းကင်နှင့်အပြည့် ကျန်ရှိနေသော ဥတုမျိုးစေ့တို့သည် အထူးထူး အပြားပြားများပါသည်။ အောက်ကျောက်မြေ (သိလာပထဝီ)ကို လောင်သောမီးတို့မှ ကျန်ရှိနေသော ဥကုတ်သည် နောင်တွင် ထိုနေရာ၌ ကျောက်မြေ ပြန်ဖြစ်ပေါ်နိုင်ရန် ကျောက်မြေ မျိုးစေ့အနေနှင့်

ကျန်သလို၊ အလားတူ စကြဝဠာ တောင် အပိုင်းကြီး (၇)ပိုင်း၊ သမုဒ္ဒရာ၊ စကြဝဠာ၊ နေ၊ လ၊ နက္ခတ်၊ တာရာတို့ ပြန်ပေါ်လာမည့်နေရာများ ကျန်ရှိနေခဲ့ပါသည်။

နတ်၊ ဗြဟ္မာဘုံတို့ကို လောင်သော မီးတို့မှ ကောင်းကင်နှင့်အပြည့် ကျန်ရှိကြကုန်သော ဥတုတို့သည် တစ်ဖြည်းဖြည်း ပွားစီးကြကုန်၍ ကာလ ကြာမြင့်လတ်သော် မိုးတိမ်, မိုးခေတ်, မိုးဥတု, မိုးရာသီအဖြစ်ရောက်၍ တည်ကြလေသည်။

ယင်းသို့ ပျက်စီးပြီးသောအတိုင်း တည်နေသော အချိန်ကို (သံဝဋ္ဋဌာယီ)ကာလဟုခေါ်ပါသည်။ ကမ္ဘာအသစ်တည်လိုသော် မိုးတိမ်၊ မိုးခဲ တို့အဖြစ် တည်ရှိနေကြသော ဥတုတို့မှ ရွှေဦးစွာ မိုးသေး မိုးဖွဲတို့သည် ရွာကုန်သည်။ ထိုအခါ၌ လေတို့သည် ကမ္ဘာပျက် တည်သောကပ် ထက်ဝက်ခန့် ကာလမှ နောက်၌ အပူရှိန် အပူငွေ့ အလျဉ်းမတွေ့ကြကုန် သဖြင့် အလွန်ပင်အေးမြကြကုန်သည်။

ထိုလေတို့နှင့်တွေ့သော မိုးရေ၊ မိုးခေတ်တို့သည် များသော အားဖြင့် မိုးသီး၊ မိုးခဲတွေ ဖြစ်ကြကုန်သည်။ တရွေ့ရွေ့ တိုးပွားလာကြကုန်သဖြင့် ကာလကြာမြင့်သော် ယူဇနာ ၁၀၀ ရှိ၊ ယူဇနာ ၁၀၀၀ ရှိ မိုးကြီး ကြီးမားစွာ ရွာကုန်သည်။

ပထမစျာန် ဗြဟ္မာဘုံတိုင်အောင် ရေခဲ၊ မိုးခဲတို့သည် ပြည့်ကုန်သည်။ စကြဝဠာကုဋ္ဌေတစ်သိန်းတို့သည် မိုးခဲရေခဲ တစ်ပြင်တည်း တည်ရှိလေသည်။ ထိုရေခဲတို့နှင့် ထိစပ်ကုန်ရာ အောက်အောက် ရေခဲတို့သည် လည်း ခဲ၍ ခဲ၍ လိုက်လာကြသည်။ ထိုရေတို့ နေရာမှ အပသို့ ထွက်ကုန်ကြသော လေတို့သည် ထိုရေတို့၌ ဝိုင်းလည်လျက်တည်ကုန်သည်။

မိုးရွာမှု ပြတ်စဲလတ်သော် မိုးခဲ ရေခဲတို့သည် တစ်ဖြည်းဖြည်း လျော့ကျကုန်သည်။ အောက်၌ စကြဝဠာကို ခံသော လေ၊ ရေတို့သည်

မိုးရေ၊ မိုးခဲတို့အားကြီးလာသောအခါ မဆောင်ကြဉ်းနိုင်ဘဲ ရှိကြသည်။ ပိုပိုသမျှသော မိုးရေ မိုးခဲတို့သည် (အောက်သို့ လျှောကျလာရာ မဟာပထဝီတည်ရာသို့ ကျရောက်သောအခါ စကြဝဠာကို ခံသော လေတို့က မိမိတို့အဟုန်ဖြင့် ပိတ်ဆို့ကုန်၏။ ထိုရေခဲပြင်ကြီးတို့သည် အစဉ်အတိုင်း လျှောကျလာရာ ထိုထိုဌာနဌ် ရှိကြသော ဥတုအထူးတို့၏ အစွမ်းဖြင့် ငြဟ္မာဘုံ ဖြစ်မည့်နေရာ၌ ငြဟ္မာဘုံ၊ နတ်ဘုံဖြစ်မည့်နေရာ၌ နတ်ဘုံ၊ စကြဝဠာတောင်ဖြစ်မည့်နေရာ၌ စကြဝဠာတောင်၊ မြင်းမိုရ်တောင်ဖြစ်မည့်နေရာ၌ မြင်းမိုရ်တောင်၊ အပိုင်းကြီး (၇)ပိုင်းဖြစ်မည့် နေရာ၌ အပိုင်းကြီး(၇)ပိုင်း နေရာ၊ သမုဒ္ဒရာ(၅)သွယ်ဖြစ်မည့်နေရာ၌ သမုဒ္ဒရာ(၅)သွယ်နေရာ၊ ကျောက်မြေဖြစ်မည့်နေရာ၌ ကျောက်မြေ၊ ရွှံ့မြေဖြစ်မည့်နေရာ၌ ရွှံ့မြေ၊ နေ၊ လ၊ နက္ခတ်၊ တာရာတို့ဖြစ်မည့်နေရာ၌ နေ၊ လ၊ နက္ခတ်၊ တာရာတို့ နေရာဟူ၍ နေရာအသီးသီး ဖြစ်ပေါ်လာကြသည်။

ရွှေငွေရတနာတို့သည် အလွန်ပေါများစွာ ဖြစ်ပေါ်ခဲ့ကြသည်။ စကြဝဠာတောင် အပိုင်းကြီး(၇)ပိုင်းတို့မှ အပသို့ ထွက်သောလေရှင်နှင့် စကြဝဠာအဝိုင်းကြီးမှအတွင်းသို့ ထွက်သော လေရှင်တို့သည် တိုက်ဆိုင်ကြကုန်ရာ စကြဝဠာတောင်ကို ဗဟိုမဏ္ဍိုင်ပြု၍ စကြဝဠာတောင်ဝိုင်းကြီး အလိုက် ပတ်ဝိုင်းလျက် ဒေးဟုန်ပြင်းစွာ လက်ျာရစ် လှည့်ပတ်နေသော လေပွေစက်ဝိုင်းကြီးဖြစ်နေသည်။

ထိုလေပွေစက်ဝိုင်းကြီးကြောင့် စကြဝဠာတို့သည် လည်ပတ်နေကြရသည်။ ထိုအချိန်မှစ၍ စကြဝဠာတစ်ခုအတွင်း၌ ရှိရမည့် ဘုံစသော နေရာများ စသည်တို့သည် အသီးသီးဖြစ်ပေါ်လာသည်။ ထိုသို့ စကြဝဠာ ပြန်လည်ဖြစ်ပေါ်တည်သော အချိန်ကို (ဝိဝဋ္ဋ)ကာလဟုခေါ်ကြပါသည်။

စကြဝဠာ(ကမ္ဘာ)သစ် ဖြစ်ပေါ်လာပုံ

စကြဝဠာတွင် မြေဆီပေါ်လာသော အချိန်ဝယ် အာဘဿရာ ဗြဟ္မာပြည်မှ အသက်ကံကုန်သော ဗြဟ္မာတို့သည် ဤလူ့ပြည်သို့ လာဖြစ်ကြသည်။ ယင်းတို့ကို ကမ္ဘာဦးလူသားများဟု ခေါ်စမှတ်ပြုကြသည်။

ကမ္ဘာဦးလူသားတို့သည် အစဦးတွင် မိမိတို့၏ ကိုယ်ရောင် ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပလျက် သွားလာ နေထိုင်ကြကုန်သည်။ ကောင်းကင် စျာန်တန်ခိုးဖြင့် သွားလာနိုင်ကြသေးသည်။

နောက်တွင် ကမ္ဘာဦးလူသားတစ်ဦးမှ မြေဆီအရသာကို လက်ဖြင့် ကော်စားမိရာမှ အရသာရှိမှန်းသိပြီး အရသာ၌ တပ်မက်မှု ဖြစ်ကာ အခြား ကမ္ဘာဦးလူသားများပါ စားသုံးလာရာမှ ကိုယ်ရောင်ကိုယ်ဝါများ ပျောက်ကုန် ကြသည်။

ကိုယ်ရောင်ကိုယ်ဝါ ကွယ်ပျောက်၍ အမှောင်အတိ ဖြစ်သွား သောအခါ ကြောက်လန့်စိတ်များဖြစ်ပေါ်လာပြီး အလင်းရောင် တောင့်တလာ ကြသည်။ ထိုအခါ ကမ္ဘာဦးလူသားတို့ တောင့်တချက်အရ နေဝန်းထွက်ပေါ်လာသည်။ နေဝန်း၏ အလင်းရောင်ကြောင့် ကမ္ဘာဦးလူသားတို့ ကြောက်ရွံ့ စိတ်များပျောက်ပြီး ရဲရင့်စိတ်များ ဖြစ်ပေါ်လာ၍ ထိုနေဝန်းကို သူရိယ ရဲရင့်ခြင်းဟူ၍ ခေါ်ဝေါ်လာကြသည်။

နေဝင်၍ ညပိုင်းသို့ တစ်ဖန်ရောက်သော် အမှောင်ထု ဖြစ်လာ ပြန်၍ ကြောက်ရွံ့မှုဖြစ်ကြပြန်သည်။ အခြားအလင်းရောင်တစ်ခု ဖြစ်ပေါ် လာလျှင် ကောင်းမည်ဟု လိုလားတောင့်တကြပြန်သည်။

ကမ္ဘာဦးလူသားတို့ အလိုဆန္ဒအတိုင်း အေးမြသော လဝန်းထွက် ပေါ်လာခဲ့ပြီး အလင်းရောင်ပေးလေသည်။ ကမ္ဘာဦး လူသားတို့က မိမိတို့၏

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၄၃ အလိုဆန္ဒအတိုင်း ဖြစ်လာသည့်အတွက် ယင်းလဝန်းကို ဆန္ဒဟု အမည် ပေးကြသည်။ (ဆန္ဒမှ စန္ဒဟူ၍ ဝေါဟာရပြောင်းခဲ့သည်။)

နေ၊ လ နှင့်အတူ နက္ခတ်၊ ကြယ်တာရာများလည်း ပေါ်ပေါက် လာသည်။ (အမှန်မှာ အခြားစကြဝဠာများလည်း တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာ၍ ဤသည်များကို နေ၊ လ၊ နက္ခတ်၊ တာရာဟု ရှေးကထင်မှတ် ခေါ်ဝေါ်လာကြခြင်းဖြစ်သည်။)

ထို့နောက် စကြဝဠာ၏ လည်ပတ်မှုကြောင့် ညဉ့်၊ နေ့များ ပုံမှန် ဖြစ်ပေါ်လာကာ လ, ပက္ခ, ဥတု, နှစ် စသည်ဖြင့် ရာသီစက်ဝန်းများ ဖြစ်ပေါ်လာလေသည်။

ထို နေ၊ လတို့ ထင်ရှားဖြစ်ပေါ်လာသော နေ့၌ပင် စကြဝဠာ တောင်၊ ဟိမဝန္တာတောင် စသည်တို့ ထင်ရှားဖြစ်ပေါ်လာသလို ကုန်းမြေ၊ တိုက်ကြီးများ၊ ချိုင့်ဝှမ်းများ၊ ပင်လယ် သမုဒ္ဒရာများ တဖြည်းဖြည်း ထင်ရှားစွာ ဖြစ်ပေါ်လာပါသည်။

သလေးဆန် ပေါ်ပေါက်လာပုံ

ကမ္ဘာဦးလူသားတို့သည် ပထမ မြေဆီဩဇာအရသာများကို စားနေ ကြရာမှ လူသားဖြစ်မှုတွင် အချို့က အဆင်းမလှ၊ အချို့က အဆင်းလှ၊ ဖြစ်ကြရာ အဆင်းလှသူများက အဆင်းမလှသူများကို ကဲ့ရဲ့ကြသည်။ မထီမဲ့မြင်ပြုကြသည်။

ထိုသို့ ပြုလာကြသဖြင့် ကမ္ဘာဦးလူသားတို့ စားနေသော မြေဆီ ဩဇာ အရသာများ ကွယ်ပျောက်သွားလေသည်။ မြေဆီဩဇာအရသာများ ကွယ်ပျောက်သွားပြီးနောက် မြေဆီ၊ မြေလွှာများ ပေါ်ပေါက်လာပြန် သည်။ ကမ္ဘာဦးလူသားတို့ အဆင်းလှ၊ မလှ မာန်မူကြသဖြင့် ထိုမြေဆီ မြေလွှာများလည်း ကွယ်ပျောက်ပြန်လေသည်။

ထိုအခါ ထွန်ယက်စရာမလိုဘဲ အလွန်သန့်ရှင်း မွေးကြိုင်သော သလေးဆန်များ အလိုအလျောက် ပေါက်လာသည်။ ထိုဆန်များကို ကမ္ဘာဦး လူသားများ ဆွတ်ခူးစားရပြန်ပါသည်။

နောက်တွင် ကမ္ဘာဦးလူသားတို့ စားလိုသော အချိန်၌ အိုးထဲ ထည့်၍ ကျောက်ပေါ်တင်လိုက်သည်နှင့် အလိုအလျောက် မီးလှုံများ တက်လာကာ ချက်ပြီး ကျက်ပြီး ဖြစ်လေသည်။ သလေးထမင်းတို့သည် မြတ်လေးပန်းငုံသဖွယ် အလွန်တင့်တယ် ဖြူစင်ကြသည်။ ဟင်းလျာမလိုဘဲ အချို အဆိမ့် စသော စားလိုသောအရသာများ ပေါ်ထွက်လာသည်။

အိမ်ရာတည်ထောင်ဖြစ်ပေါ်လာမှု

ကမ္ဘာဦးလူသားတို့သည် ချက်ထားသော သလေးဆန်ကို စားသော အချိန်မှစ၍ ကျင်ကြီး ကျင်ငယ်ဖြစ်ပေါ်လာသည်။ ယင်းတို့ကို စွန့်ထုတ်ရန် ကျင်ကြီး ကျင်ငယ်ပေါက်များ ဖြစ်ပေါ်လာကာ ကျား-မ အသွင်သဏ္ဌာန် များထင်ရှားဖြစ်ပေါ်လာသည်။ ထိုအချိန်မှစ၍ ယောကျ်ား၊ မိန်းမကွဲပြား ခြားနားလာပြီး ယောကျ်ား မိန်းမတို့သည် တစ်ဦးကို တစ်ဦး ကြည့်ကာ ရာဂစိတ်များ ဖြစ်ပေါ်လာကြပြီး မေထုန်အမှုကို ပြုလာကြသည်။

ကမ္ဘာဦးလူသားတို့သည် ချက်ထားသော သလေးဆန်ကို စားသော အချိန်မှစ၍ ကျင်ကြီး ကျင်ငယ်ဖြစ်ပေါ်လာသည်။ ယင်းတို့ကို စွန့်ထုတ်ရန် ကျင်ကြီး ကျင်ငယ်ပေါက်များ ဖြစ်ပေါ်လာကာ ကျား-မ အသွင်သဏ္ဌာန် များထင်ရှားဖြစ်ပေါ်လာသည်။ ထိုအချိန်မှစ၍ ယောကျ်ား၊ မိန်းမကွဲပြား ခြားနားလာပြီး ယောကျ်ား မိန်းမတို့သည် တစ်ဦးကို တစ်ဦး ကြည့်ကာ ရာဂစိတ်များ ဖြစ်ပေါ်လာကြပြီး မေထုန်အမှုကို ပြုလာကြသည်။

ထိုသို့ ပြုသူများကို ပညာရှိသူတော်ကောင်းတို့က ပြာများ၊ အမှိုက် များဖြင့် ပစ်ပေါက်ကြပြီး မသူတော်ဟု ပြောဆိုကာ ကဲ့ရဲ့ရှုတ်ချလာကြ သည်။ မေထုန်အမှုကိုပြုသူတို့သည် မိမိတို့၏ မသူတော်အမှုတို့ကို ဖုံးကွယ်ရန်အတွက် အိမ်ရာများတည်ထောင်၍ နေထိုင်ကြကုန်သည်။ ဤသို့အားဖြင့် အိမ်ရာတည်ထောင်မှုမလွဲ ဖြစ်ပေါ်လာသည်။

အုပ်ချုပ်သူ (သမ္မတ)ဖြစ်ပေါ်လာမှု

ကမ္ဘာဦးလူသားတို့သည် အိမ်ရာတည်ထောင်၍ နေထိုင်လာကြသောအခါ ပျင်းရိသူတစ်ဦးကို အတုလိုက်၍ သလေးဆန်များကို စားလိုသော အချိန်၌သာ ဆွတ်ယူစားသုံးနေရာမှ တစ်ရက်စာ၊ နှစ်ရက်စာ စသည်ဖြင့် အိမ်၌ သိုမှီး သိမ်းဆည်းခြင်းအမှုကို ပြုကြကုန်သည်။

ထိုအချိန်မှစ၍ သလေးဆန်တို့သည် ဖွဲနု ဖွဲကြမ်း အခွံများနှင့်တကွ ဖြစ်ပေါ်လာသည်။ အချိန်ကြာသော် ခူးဆွတ်ပြီးသော နေရာတို့၌ပြန်လည် မပေါက်တော့ချေ။ ထို့ကြောင့် သလေးပျိုးခင်းများကို ပိုင်းခြားပြုလုပ်ရန် မျိုးစပါးနှင့် ပြန်လည်စိုက်ပျိုး လုပ်ကိုင်လာကြသည်။

အခြားသူတစ်ဦး၏ သလေးစပါးခင်းမှ အခြားသူတစ်ဦးက ယူငင်ခြင်း စသည်တို့ကြောင့် တစ်ဦးနှင့်တစ်ဦး အငြင်းခုန် ခိုက်ရန်ဖြစ်လာကြသည်။ ခိုက်ရန်ဖြစ်မှုများ များပြားလာသောအခါ လူအများတို့သည် ညီညွတ်စည်းဝေးမှုပြုကြသည်။

"အချင်းတို့ ငါတို့သည် တစ်ဦးသောသတ္တဝါကို အကြီးအမှူး အဖြစ် သမုတ်ထားကြလျှင် ကောင်းပေလိမ့်မည်။ ထိုသို့ သမုတ်ထားသော သတ္တဝါသည် ငါတို့ထဲက သင့်လျော်မှန်ကန်စွာ ရှုတ်ချသင့်သူကို ရှုတ်ချ၊ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့ရာ၏။ နှင်ထုတ်သင့်သူကို နှင်ထုတ်ရာ၏။ ငါတို့ကမူ ထိုအကြီးအမှူးဖြစ်သူအား သလေးစပါးတို့၏ ဆယ်ပုံတစ်ပုံသော အဖို့ကို ပေးဆက်ကြကုန်အံ့"ဟု တိုင်ပင်ဆွေးနွေးကြပြီးလျှင် အလွန်အဆင်းလှပြီး၊ အတင့်တယ်ဆုံးလည်းဖြစ်၍ လူအများကလည်း လေးစားကြည်ညိုဖွယ်

ရှိသော ဘုန်းကံကြီးမားပြီး အသိဉာဏ်နှင့် ပြည့်စုံ၍ နှိမ့်ချမှု ချိုးမြှောက်မှု ပြုရာ၌ စွမ်းနိုင်သော နောင်ဂေါတမဘုရားဖြစ်လောင်းဖြစ်မည့် သတ္တဝါကို မဟာသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ထိုအချိန်မှစ၍ မဟာသမ္မတ၊ ခတ္တိယ၊ ရာဇဟူသော အုပ်ချုပ်သူ အကြီးအကဲ ပေါ်ပေါက်လာခဲ့သည်။

- လူအများက သမုတ်ထားအပ်သောကြောင့် မဟာသမ္မတ
- လယ်တို့၏ အရှင်သခင်ဖြစ်သောကြောင့် ခတ္တိယ
- တရားနှင့်အညီ ပြည်သူ ပြည်သားတို့အား ချမ်းသာစွာ နှစ်သိမ့်နေတတ်သောကြောင့် ရာဇ

ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ကြရာမှ နောက်ပိုင်းယနေ့ခေတ်ထိ အုပ်ချုပ်သူကို သမ္မတ၊ ရာဇ ဟူသောအမည် စတင်တွင်ခဲ့သည်။

တိုင်းပြည်တစ်ပြည်၌ ပြည့်စုံရမည့် အင်္ဂါအချက်များ

တိုင်းပြည်တစ်ပြည်၌ မိမိက တစ်ပါးတိုင်းပြည်ကို စစ်ထိုးတိုက်ခိုက်ရာ၌ဖြစ်စေ၊ အခြားတိုင်းပြည်က မိမိနိုင်ငံသို့ စစ်လာထိုးတိုက်ခိုက်ရာ၌ဖြစ်စေ တိုင်းပြည်တစ်ပြည် နိုင်ငံတစ်ခု၌ ပြည့်စုံနေရမည့် အင်္ဂါအချက်အလက်များ ရှိနေရပါသည်။

ထိုအင်္ဂါအချက်အလက်များ ပြည့်စုံပါမှ မိမိ၏တိုက်စစ်သည် အောင်နိုင်မည်ဖြစ်သလို ခံစစ်ကိုလည်း အောင်နိုင်ပါမည်။

ဗုဒ္ဓဂေါတမ ဟောကြားခဲ့သော ဆိုင်ရာဆိုင်ရာ သုတ္တန်ဝိနည်းတော်၊ ဇာတ်တော်များ၌ ထိုကဲ့သို့သော စစ်ထိုး စစ်ခံရာ၌ ပြည့်စုံလုံလောက်ရမည့် အင်္ဂါအချက်အလက်များကို ဟောကြားထား သည်ကို တွေ့ရပြီး ရှေးရှေးမြန်မာတို့သည် ထိုဗုဒ္ဓဂေါတမ ဟောကြားခဲ့သော စစ်ထိုးစစ်ခံ ပြုလုပ်ရာ၌ တိုင်းပြည်တစ်ပြည်၏ ပြည့်စုံလုံလောက်ရမည့် အချက်များ ကို စစ်ရေးအရလည်းကောင်း၊ လူနေမှုစနစ်အရလည်းကောင်း၊ ယဉ်ကျေးမှု အရလည်းကောင်း ယနေ့ထက်ထိ လက်ခံကျင့်သုံးတည်ဆောက်လျက် ရှိနေကြပါသည်။ ထိုအရာများကို သိသာနိုင်ရန် အကျဉ်းမျှ ထုတ်နှုတ် ပြအပ်ပါသည်။

မင်း(အစိုးရ)တို့ ပြည်သူပြည်သားတို့အပေါ် ကျင့်ရန် သင်္ဂဟတရား (၄)ပါး

၁။ သဿမေဓ - ရိတ်သိမ်းပြီးသော ကောက်စပါးမှ ဆယ်ပုံတစ်ပုံကို လယ်ခွန်တော်အဖြစ် ကောက်ခံ၊ ခွဲယူမှု၌ ကျွမ်းကျင်လိမ္မာသော ဉာဏ်ပညာရှိခြင်း။

- တိုင်းပြည်နိုင်ငံအပေါ် ၌ ဖြစ်ထွန်းသမျှသော စီးပွားချမ်းသာတို့မှ မျိုးမတ်တို့နှင့် ညှိနှိုင်းတိုင်ပင် စည်းဝေးကြပြီးလျှင် မည်ရွေ့မည်မျှ တောင်းယူရမည်ဟူသော ပြဋ္ဌာန်းချက် ဥပဒေအတိုင်း အပိုအလိုမရှိ မနာကြည်း၊ မထိခိုက်ရအောင် အခွန်တော်များကို ကောက်ခံခွဲယူမှု၌ ကျွမ်းကျင်သော ပညာရှိခြင်း။

၂။ ပုရိသမေဓ - စစ်ထွက်သော စစ်သည်၊ ဗိုလ်ပါ, ရဲမက်စသည့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းကြသော သူရဲကောင်းကြီးတို့အား စားသုံးလောက်အောင် ထမင်း, ရိက္ခာကို ပေးရခြင်း။ မျိုးမတ်စသော အမှုထမ်း, အရာထမ်းတို့အား ရာထူးကြီးငယ်စဉ်အလိုက် လစာ, ရိက္ခာစားနပ် တော်များကို ပေးကမ်းချီးမြှောက်မှု၌ ကျွမ်းကျင် သော ပညာရှိခြင်း။

၃။ သမ္မာပါသ - မိမိနိုင်ငံအတွင်းရှိသော သူဆင်းရဲတို့ကို စာရင်းကောက်ယူ၍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူးသန်းရောင်းဝယ်မှု ပြုလုပ်နိုင်ရန် အရင်းအနှီး, အမတော်ငွေတို့ကို အတိုးအပွား နည်းပါးစွာဖြင့် ပေးကမ်းချီးမြှောက်ရခြင်း၊ ကုန်သည်လယ်လုပ်တို့ကို အပိတ်အပင်မရှိ ဖွင့်ပေး၍ ကြည့်ရှုစောင့်ရှောက်ရခြင်း။

၄။ ဝါစာပေယျ - ဖခင်၊ ဦးကြီး၊ ဦးလေး၊ မိခင်၊ ဒေါ်ကြီး၊ ဒေါ်လေး၊ နှစ်မ၊ အစ်မ၊ အစ်ကို၊ ညီ စသည်

ဖြင့် ပြီးရွှင်ခြင်းလျှင် ရှေ့သွားရှိသော ချစ်ဖွယ်
ချို့သာသော စကား၊ သိမ်မွေ့နူးညံ့သော
စကား ကိုသာ သာယာချေငံစွာ ပြောဆိုခြင်း။

ဤသင်္ဂဟတရား (၄)ပါးကို မင်း(အစိုး၀)၊ နိုင်ငံ ခေါင်းဆောင်တို့ လိုက်နာကျင့်သုံးရပါမည်။ ထိုသို့လိုက်နာကျင့်သုံး ဆောင်ရွက်ပါက တိုင်းသူ ပြည်သားတို့သည် မင်း(အစိုး၀) အလိုသို့လိုက်ပါပြီး မိမိနှင့် ပြည်သူထပ်တူ ကိုယ်စိတ်ညီညွတ်မှု ရရှိကြသည်။ ပြည်ရွာဖွံ့ဖြိုး သာယာ၀ပြောသည်။ မင်း(အစိုး၀) နှင့် ပြည်သူ ညီညွတ်မှု၊ ပြည်သူများ အချင်းချင်း ညီညွတ်မှု ရှိနေကြမည်ဆိုလျှင် မိမိနိုင်ငံ၌ ကျရောက်မည့် အန္တရာယ် ဖယ်ရှားနိုင် မည်။ သူပုန်သူကန်မရှိနိုင်။ နိုင်ငံတော် စည်ပင်၀ပြော၍ အစားအစာ ပေါများနိုင်သည်။

သင်္ဂဟတရား (၄)ပါး

၁။ ပေးကမ်းစွန့်ကြဲခြင်း။
၂။ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း။
၃။ ပြည်သူ့အကျိုးစီးပွားကျင့်ဆောင်ခြင်း။
၄။ ကိုယ်နှင့်ထပ်တူ စိတ်ထား၍ ပြုမူဆောင်ရွက်ခြင်း။

(အံ၊ စတုက္ကနိပါတ)

အမတ်ဖြစ်ထိုက်သူ

၁။ အကြားအမြင်များခြင်း။
၂။ သီလသတင်းရှိခြင်း။
၃။ ရဲရင့်ခြင်း။
၄။ လုံ့လဇွဲရှိခြင်း။

၅။ အမှုကိစ္စကိုပြီးအောင် စီရင်တတ်ခြင်း။

၆။ ခွန်အားကြီးခြင်း။

၇။ လောဘမရှိခြင်း။

၈။ ချစ်ဖွယ်သော အရောင်အဆင်းရှိခြင်း။

စစ်ရေးစစ်ရာတွင် မျိုးမတ်သည်ပင် စစ်တပ်ကို ဦးဆောင်ရ၍ ထိုအင်္ဂါ အချက်များလိုသည်။

အမတ်မဖြစ်ထိုက်သူ

၁။ ရတ္တာ - ရာဂစရိုက်ကြီးသူ

၂။ ဒုဋ္ဌော - ဒုစရိုက်များသူ

၃။ မူဠ္ဍော - မိုက်မဲသောသူ

၄။ မာနော - မာနကြီးသူ

၅။ လုဒ္ဓေါ - ကြမ်းကြုတ်သောသူ

၆။ အလသော- ပျင်းရိသောသူ

၇။ ဧကစိန္တီ - တစ်ခုတည်းသောအမှုဌ် တမ်းတမ်းစွဲစိတ်ရှိသူ

၈။ ဗာလော - အသက်ငယ်သောသူ

မင်းဏီတမန်အင်္ဂါ (၈)ပါး

၁။ ကြားလွယ်ရခြင်း။

၂။ သူတစ်ပါးကို ကြားလွယ်အောင် ဆိုတတ်ရခြင်း။

၃။ ကြိုးစားအားထုတ်၍ မှတ်သားရခြင်း။

၄။ မှတ်သားမှု စွဲမြဲစွာရှိရခြင်း။

၅။ သူတစ်ပါး အရိပ်အခြည်ကို သိတတ်ရခြင်း။

၆။ သူတစ်ပါးကို သိစေတတ်ခြင်း။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၅၁
၇။ အကျိုးစီးပွားရှိသည် မရှိသည်၌ လိမ္မာရခြင်း။
၈။ ငြင်းခုန်ခိုက်ရန် မပြုတတ်ရခြင်း။ (အံ၊ အဋ္ဌကနိပါတ)

မင်းတမန် သံတော်စံ အင်္ဂါ (၆)ပါး

၁။ ပညာရှိခြင်း။
၂။ စကားအရာလိမ္မာတတ်သိခြင်း။
၃။ ရဲရင့်မှုရှိခြင်း။
၄။ သူတစ်ပါးစိတ်ကို သိတတ်ခြင်း။
၅။ ယဉ်ကျေးစွာ ဆက်ဆံတတ်ခြင်း။
၆။ တစ်ဘက်ဆိုတိုင်း ချက်ချင်းပြောနိုင်ခြင်း။

မင်းတို့အလိုရှိအပ်သူ (၄)ယောက်

၁။ စစ်မြေပြင်၌ သူရဲကောင်းအဖြစ် တည်တံ့နိုင်သူ။
၂။ သူကောင်းအဖြစ် ခိုးမြှင့်ရာ၌ နှလုံးအလိုကျဖြစ်သူ။
၃။ အရှင်ကိုချစ်သူ။
၄။ အရှင် အကျိုးစီးပွားကို လိုလားသူ။

မင်းတို့ မပစ်မယ်အပ်သူ (၃)ယောက်

၁။ မင်း၏အသက်ကို ကယ်ပေးသူ။
၂။ ဆင်းရဲသောအချိန်၌ ကူညီ မစပေးသူ။
၃။ မင်းအဖြစ်ကိုရအောင် ဆောင်ရွက်ပေးသူ။

သံလွှတ်ရသော အကြောင်း (၄)ပါး

၁။ သူ့ပိုင်ကို နှိမ်နင်းလို၍ စေလွှတ်ခြင်း။
၂။ သူကစစ်ပြုလာအံ့သည်ထင်၍ ခြင်းရာနူးညံ့စိမ့်လိုသောငှာ စေလွှတ်ခြင်း။
၃။ သူ့ကိုကြောက်ရွံ့ခန့်ငြားစေလို၍ စေလွှတ်ခြင်း။
၄။ သူ့ပြည် သူ့ရပ်၌ဖြစ်သော အထူးအဆန်း အဖြစ်သနစ်တို့ကို သိလို၍ စေလွှတ်ခြင်း။

နှုတ်မလုံသူ (၉)ဦး

လျှို့ဝှက်အပ်သော ကိစ္စဆောင်ရွက်ရာ၌ ပုဂ္ဂိုလ် (၉)ဦးကို အသုံးမပြုရပါ။

၁။ လောဘကြီးသူ၊
၂။ ဒုစရိုက်မှုများသူ၊
၃။ မိုက်မဲသူ၊
၄။ ကြောက်တတ်သူ၊
၅။ လက်ဆောင်ပစ္စည်းအလေးပြုသူ၊
၆။ အသောက်အစား၊ မိန်းမ၊ အပျော်အပါးကြူးသူ၊
၇။ မိန်းမ၊
၈။ ဖို မဟုတ် မ မဟုတ် ယုတ်ညံ့သူ (ယောက်ျားရှာ-မိန်းမရှာ)
၉။ အသက်ငယ်သူ၊

စူးစမ်း၍ သိရသည့် (၇)ပါး

၁။ မိမိက သူလျှိုလွှတ်သဖြင့် သိရသည်။
၂။ သူကလွှတ်သော သူလျှိုကို ကိုယ်ကစောင့်ကြည့်သဖြင့်သိရသည်။

၃။ မိမိကသူ့နိုင်ငံ ကုန်ရောင်းသွားသဖြင့် သိရသည်။

၄။ မိမိနိုင်ငံသို့ လာသော ကုန်သည်တို့ကို ပေးကမ်းဖြားယောင်း၍ သိရသည်။

၅။ မိမိက တမန်စေလွှတ်သဖြင့် သိရသည်။

၆။ သူ့နိုင်ငံမှလာသူကို ဥပါယ်တံမျဉ်ဖြင့် စုံစမ်း၍ သိရသည်။

၇။ သူ့နိုင်ငံတမန်ကို ပေးကမ်းစုံစမ်းသဖြင့် သိရသည်။

မြို့၏ကျက်သရေအင်္ဂါ (၇)ပါး

၁။ အုပ်ချုပ်သူ(မင်း) ရှိခြင်း။

၂။ အရာရာကို ဆုံးဖြတ်စီရင်နိုင်သော အမတ်ရှိခြင်း။

၃။ ပြည်ထောင်အချင်းချင်း အဆွေခင်ပွန်းမင်းရှိခြင်း။

၄။ ရတနာဆယ်ပါး၊ စပါးခုနစ်မျိုးတို့ဖြင့် ပြည့်သောဘဏ္ဍာရှိရခြင်း။

၅။ ခဲယဉ်းသော မြို့ပြ၊ ကျုံးမြောင်း၊ ပစ္စင်၊ ရင်တာလျှောက်ရှိရခြင်း။

၆။ တိုင်းနိုင်ငံရှိရခြင်း။

၇။ ရဲမက်ဗိုလ်ပါပြည့်စုံရခြင်း။

မြို့အင်္ဂါ (၇)ပါး

၁။ ကောင်းစွာစိုက်အပ်သော မတုန်မလှုပ်သောတံတိုင်း ရှိရခြင်း။

၂။ နက်သော ကျယ်သောကျုံး ရှိရခြင်း။

၃။ ကျယ်သော သူရဲပြေး ရှိရခြင်း။

၄။ လက်နက်စုံ များစွာရှိရခြင်း။

၅။ များစွာသော ရဲမက်ဗိုလ်ပါရှိရခြင်း။

၆။ ပညာရှိ၍ လိမ္မာသောတံခါးစောင့် ရှိရခြင်း။

၇။ မြင့်သော မြို့တံခါး ရှိရခြင်း။ (အင်္ဂုတ္တိရ်၊ ပဉ္စကနိပါတ)

မြို့၏အစာ (၄)ပါး

၁။ များစွာသော မြက်,ထင်း,ရေ ရှိရခြင်း။

၂။ များစွာသော သလေး၊ မုယောစပါး ဆန်မျိုးရှိရခြင်း။

၃။ များစွာသော နှမ်း၊ ပဲမျိုးစုံရှိရခြင်း။

၄။ များစွာသော ထောပတ်၊ ဆီဦးပျား၊ တင်လဲ၊ ဆားများရှိရခြင်း။

(အင်္ဂုတ္တိရ်၊ စတုက္ကနိပါတ)

ပြည်၏လုံခြုံမှု အစီအမံများ

၁။ ရဲလောင်း - ရန်သူဝင်ရောက်လာသောအခါ ဖမ်းဆီးရမိရန် မျက်စိလည်အောင် ပြုလုပ်ထားသော အဝကျယ်ကျယ်နှင့် အတွင်းသို့ ကျုံ့၍ တံတိုင်းကာရံထားသော လမ်းကြား။

၂။ ရင်တား - ရန်သူကို ခုခံကာကွယ်ရန် မြေ,အုတ်,သစ်,ဝါးတို့ဖြင့် ရင်ဘတ်လောက်အမြင့် ပြုလုပ်ထားသော အကာအရံ တံတိုင်း။

၃။ တုရိုင် - မြို့တံခါးပေါက် တစ်ဖက်တစ်ချက်၌ ခြုံးပန်းခြုံးနွယ်စသည်တို့ဖြင့် ဆန်းကြယ်စွာ ထုလုပ်ထား၍ ရန်ကိုတားမြစ်ရန် နှစ်ခုယှဉ်၍ စိုက်ထားသော တံခါးတိုင်။

၄။ ရင်လျှောက် - ရန်သူကို ခုခံနှိမ်နင်းရန် သစ်တုံးကြီးများကို တုံးလုံးဆွဲထားသော အကာအရံ။

၅။ သူရဲပုန်း - ကွယ်ကာပုန်းရှောင်ရန်နေရာ။

၆။ လောက်လွဲ - တုတ်တစ်ဘက်စွန်းစီ ကြိုးတပ်၍ လောက်စာလုံး၊ ကျောက်တုံးစသည်ဖြင့် ပစ်သော။

ပြည်ရွာစည်ပင်ရာသော အကြောင်း(၄)ပါး

၁။ လယ်ယာလုပ်သူများ များပြားခြင်း။
၂။ ကုန်သွယ်သူ များပြားခြင်း။
၃။ သီလရှိသောအမတ်များ များခြင်း။
၄။ အကြားအမြင်များသော သီလရှိသော ရဟန်း၊ ပုဏ္ဏားရှိခြင်း။

တိုင်းပြည်စည်ပင်ရာသော အကြောင်း (၁၀)ပါး

၁။ နေ၊ လ၊ ဂြိုဟ်တို့ သွားရာလမ်းမှန်ခြင်း။
၂။ မိုးမှန်စွာရွာခြင်း။
၃။ မြေသြဇာရှိ၍ အသီးကောင်းခြင်း။
၄။ သစ်၊ ကျားစသော အန္တရာယ်ကင်းခြင်း။
၅။ မုဒိမ်းတန္တငြိမ်ခြင်း။
၆။ စစ်မက်ငြိမ်းခြင်း။
၇။ အချင်းချင်း မညှဉ်းဆဲခြင်း။
၈။ တရားဖြောင့်မတ်ခြင်း။
၉။ ရတနာသုံးပါးကို ရိုသေခြင်း။
၁၀။ ရဟန်းတို့ သာသနာကို စောင့်ရှောက်ခြင်း။

ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ ကျင့်ရသူ (၆)ယောက်

၁။ အမျိုးမြတ်သောသူ၊
၂။ သီလစောင့်သောယောက်ျား၊
၃။ သီလစောင့်သော မိန်းမ၊
၄။ ရဟန်း၊
၅။ ရသေ့၊
၆။ ပုဏ္ဏား၊
ဤ(၆)ဦးသည် ဆင်းရဲသော်လည်း အကျင့်ကို မစွန့်ရပါ။

တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့၏ ကျင့်ဝတ်များ

လူသားတို့၏ သမိုင်းစဉ် ခရီးသည် အဆင့်ဆင့် တိုးတက်သော ဖြစ်စဉ် တရားအတိုင်း တိုးတက်ခဲ့သည်မှန်သော်လည်း တစ်သမတ်တည်း တိုးတက်နေသည်မဟုတ်ပါ။

လူသားတို့သည် ကမ္ဘာဦးအစ လူစဖြစ်စဉ်က စားဝတ်နေရေး၊ အေးချမ်းသာယာခဲ့ကြသော်လည်း နောက်ပိုင်း လောဘ၊ ဒေါသ၊ မုသာဝါဒ၊ အဓမ္မဝါဒများ တစ်စတစ်စ တိုးတက်ပေါ်ထွန်းလာရာမှ မြေဆီလွှာ ကွယ်ပျောက်ခဲ့သည်မှ နောက်သလေးဆန်အခဲ့ ဖုံးလာသည်အထိ ဖြစ်လာပြီး၊ လူအများက အုပ်ချုပ်သူ မဟာသမ္မတမင်းကို ရွေးချယ်တင်မြှောက်ရသည် အထိဖြစ်လာခဲ့သည်။

ခေတ်တိုင်း ခေတ်တိုင်း၏ လူသားအဆက်တိုင်း အဆက်တိုင်းသည် လူသားတို့၏ လူနေမှုဘဝ တိုးတက်သည်ထက်တိုးတက်၍ ကောင်းမွန်သည်ထက်ကောင်းမွန်အောင် အဆက်မပြတ် လုပ်ဆောင်နေရသည်။

ဤတာဝန်သည် လူကောင်းကျိုးကို လိုလားသော လူသားတိုင်း၏ တာဝန်ဖြစ်သည်။ သဘာဝအခြေအနေပေးမှုနှင့်အညီ တိုးတက်လိုသော လူသားတို့က လူသားတို့၏ တိုးတက်ရာ တိုးတက်ကြောင်းများကို ကြိုးပမ်းအားထုတ် လုပ်ဆောင်ကြလျှင် လူ့သမိုင်းသည် တက်ကပ်ဟုခေါ်သော သာယာဝပြောသော ဘဝကြီးသို့ ရောက်ကြမည်။ လူသားတို့၏ ကောင်းသော အလေ့အကျင့်များ အားနည်းလာပါက လူသားတို့၏ ကိုယ်စွမ်း ဉာဏ်စွမ်းတို့သည် ညံ့ဖျင်းလာပါက လူ့သမိုင်းသည် တက်ကပ်မှ ဆုတ်ကပ်ဖြစ်လာပါမည်။

လူ့သမိုင်း၏ တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်းတို့တွင် လူသားကို ဦးဆောင်ကောင်းမှု မကောင်းမှုအပေါ် တွင်လည်း များစွာမူတည်နေသည်ကို သမိုင်းစဉ်တစ်လျှောက် တွေ့နေရပါသည်။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၅၇ လူသားတို့၏ မဟာသမ္မတမင်း စတင်ဖြစ်ပေါ်လာသည့်နောက် ခတ္တိယ၊ ရာဇဟူသော အဆင့်ဆင့်ပေါ်လာမှုနောက်တွင် လူသားတို့၏ ဦးစီးခေါင်းဆောင်သည် ရာဇ(မင်း)ဖြစ်လာပါသည်။ ထိုခေါင်းဆောင်ဖြစ်သော မင်း၏ အသိဉာဏ်ကောင်းမှ စွမ်းနိုင်ရည်ရှိ လူသားနှင့် လူသားတို့နေသော ပြည်ရွာ၊ မြို့ပြ ဖွံ့ဖြိုးစည်ပင်သာယာပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၀ ကျော်က ပေါ်ထွန်းလာခဲ့သော ဂေါတမ ရှင်တော်ဘုရားသည် လောကလူသားတို့၏ ခေါင်းဆောင်ကျင့်ဝတ်ခေါ် မင်းကျင့်ဝတ်များကို ထုတ်ဖော် ဟောကြား ပြသခဲ့သည်။ ထိုဗုဒ္ဓထုတ်ဖော် ဟောကြားခဲ့သော ပြည်သူ့ခေါင်းဆောင် မင်းတို့၏(၀၊) အစိုးရတို့၏ကျင့်စဉ်များသည် ယနေ့ထိ ဆက်လက်မှန်ကန်နေဆဲ ဖြစ်ပါသည်။ ထိုဗုဒ္ဓ ဟောကြားခဲ့သော မင်းတို့၏ ကျင့်စဉ်များကို မြန်မာတို့၏ ခေါင်းဆောင်မင်းတို့တွင် ကျင့်ဆောင်ခဲ့သော မင်းတို့၏ လက်ထက်၌ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၍ ပြည်သူ ပြည်သားတို့ သာယာ ချမ်းမြေ့ကြသည်။ မကျင့်သောမင်းတို့ လက်ထက်တွင် တိုင်းပြည် ဆုတ်ယုတ်ပျက်စီး၍ လူသားတို့ ဆင်းရဲရောက်ကြသည်။ သို့အတွက် ထိုမင်းကျင့်စဉ်များကို နောင်မျိုးဆက်တို့သည် လေ့လာသိရှိပြီး မှန်ကန်စွာ ကျင့်သုံးနိုင်ရပါမည်။

မင်းတို့ ကျင့်ရာ မင်းကျင့်တရား (၁၀)ပါး

၁။ အလှူပေးရခြင်း။

၂။ ငါးပါးသီလ၊ ဆယ်ပါးသီလ ဆောက်တည်ရခြင်း။

၃။ ပေးကမ်းစွန့်ကြဲရခြင်း။

၄။ ဖြောင့်မတ်တည်ကြည်ရခြင်း။

၅။ နူးညံ့သိမ်မွေ့ရခြင်း။

၆။ ရှစ်ပါးသီလကို ဆောက်တည်ရခြင်း။

၇။ အမျက်မထွက်ရခြင်း။

၈။ ပြည်သူတို့ကို မညှဉ်းဆဲရခြင်း။

၉။ သည်းခံရခြင်း။

၁၀။ ပြည်သူ့ဆန္ဒကို မဆန့်ကျင်ရခြင်း။

(အသီတိနိပါတ၊ မဟာဝံသ ဇာတက)

မင်းတို့ကျင့်သုံးဆောက်တည်ရသော ကျင့်ဝတ်(၈)ပါး

၁။ သိကြာမင်းသည် သတ္တဝါတို့အား နှိမ်ခြင်း၊ ခိုးမြှောက်ခြင်းကို ပြုသကဲ့သို့ ပြည်သူလူအပေါင်းတို့အား နှိမ့်ခြင်း၊ ခိုးမြှောက်ခြင်းကို ပြုရသည်။

၂။ နေသည် (၈)လတိုင်တိုင် မိမိအရောင်ဖြင့် နေရာကို ခန်းခြောက်စေသကဲ့သို့ တိုင်း၊ နိုင်ငံတို့၌ အခွန်အတုပ်ကို ဖြည်းဖြည်းခံယူရသည်။

၃။ လေသည် သတ္တဝါတို့၏ ကိုယ်တွင်းသို့ ဝင်၍သွားသကဲ့သို့ သူလျှို ဖြင့် သူတစ်ပါးအကြောင်းကို သိအောင်ပြုရသည်။

၄။ ယမမင်းသည် ချစ်သူ မုန်းသူမရွေး ကံအလျောက် သေစေသကဲ့သို့ ချစ်သူမုန်းသူမဟူ အပြစ်နှင့်လျော်စွာ အပြစ်ဒဏ်ပေးရသည်။

၅။ သမုဒ္ဒရာသည် တောင့်တခြင်းမရှိမူ၍ မြစ်ငယ်တို့ စီးဝင်ရာ ဖြစ်သကဲ့သို့ ဥစ္စာစည်းစိမ်တို့ကို မတောင့်တရပါ။

၆။ လပြည့်ဝန်းကိုမြင်သောသူတို့သည်နှစ်လိုကုန်သကဲ့သို့ ခပ်သိမ်း သောသူတို့ မင်း၏မျက်နှာကို မြင်အောင်ပြရသည်။

၇။ မြေကြီးသည် ကောင်း-မကောင်းသူတို့ကို အညီအမျှ စွမ်းဆောင် သကဲ့သို့ တိုင်းကားပြည်ရွာ ဇနပုဒ်တို့၏အကျိုးကို သယ်ပိုး ဆောင်ရွက်ရ၏။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၅၉

၈။ မိုးနတ်သားသည် မိုးလေးလပတ်လုံး ရွာစေသကဲ့သို့ သူရဲသူဘက်တို့အား မျိုးရိက္ခာဖြင့် နှစ်သက်စေရာ၏။ (ရာဇနီတိ)

အုပ်ချုပ်သူမင်းတို့၏ အား (၅)ပါး

၁။ လက်ရုံးအား ရှိရခြင်း။

၂။ ရွှေငွေ ဥစ္စာ ရှိရခြင်း။

၃။ မျိုးမတ်ဗိုလ်ပါအင်အား ရှိရခြင်း။

၄။ အလွန်မြတ်သော မင်းမျိုးဖြစ်ခြင်း။

၅။ ပညာအား ကောင်းရခြင်း။

(စတ္တာလီသနိပါတ်၊ တေသကုဏဇာတ်)

ပြည်သူ့ရွေးချယ်သော မဟာသမ္မတမင်းတို့ ကျင့်စဉ် (၇)ပါး

၁။ အကြိမ်များစွာ မပြတ်စည်းဝေးရခြင်း။

၂။ အညီအညွတ်စည်းဝေး၍ အညီအညွတ်ထခြင်း ပြုအပ်သောကိစ္စကို အညီအညွတ်ပြုလုပ်ကြရခြင်း။

၃။ ရှေးမင်းတို့ မပညတ်သည်ကို မပညတ်၊ ပညတ်ပြီးသည်ကိုလည်း မဖျက်၊ ပညတ်သည့်အတိုင်း ကျင့်သုံးဆောင်ရွက်ရခြင်း။

၄။ ကြီးသူတို့ကို အရိုအသေပြုပူဇော်ခြင်း၊ ကြီးသူတို့၏ စကားကို နာယူခံယူတတ်ရခြင်း။

၅။ အမျိုးသမီးတို့ကို အနှိုင်အထက် မသိမ်းယူရခြင်း။

၆။ ပြည်တွင်းပြည်ပစောင့်သော နတ်တို့အာ ဗလိနတ်စာပေးမြဲတိုင်းပေးရခြင်း။

၇။ ရဟန်းရှင်တို့ကို တရားနှင့်အညီ စောင့်ရှောက်ခြင်း။

(အင်္ဂုတ္တိရ်၊ သတ္တနိပါတ)

ပြည်သူတို့ ချစ်စေသောမင်းတို့ ကျင့်စဉ် (၁၂)ပါး

၁။ ရတနာသုံးပါးကို ပြစ်မှားတော်မမူခြင်း။
၂။ အဘိဇ္ဈာတရားကို မပွား-ရှောင်ခြင်း။
၃။ အလှူပေးသူတို့အား နှစ်သက်လိုလားတော်မူခြင်း။
၄။ ပညာရှိတို့ကို မြတ်နိုးစွာ ပေါင်းဖော်ခြင်း။
၅။ အလှူလိုအပ်က လျင်စွာပေးလှူခြင်း။
၆။ ဓမ္မသတ်စသော ရိုးရာအစဉ်အလာကို ယူတော်မူခြင်း။
၇။ ပုံစံနည်းနာကို ယူတော်မူခြင်း။
၈။ ငါးပါးသီလကို ထာဝရဆောက်တည်ခြင်း။
၉။ ပုံပြင်ထုံးနာနည်းတို့ကို ပြုတော်မူခြင်း။
၁၀။ အမျက်ကို ချုပ်တည်းတော်မူခြင်း။
၁၁။ အကုသိုလ် (၁၂)ပါးကို မပြုခြင်း။
၁၂။ ပြည်သူရဟန်းတို့အား ကောင်းစွာ အုပ်ချုပ်တော်မူခြင်း။

(သုဝဏ္ဏသာမ)

ခြသေ့်ကဲ့သို့ ကျင့်ရသူ (၂)ဦး

၁။ ခြသေ့်မင်းသည် မကြောက်မရွံ့ သတ္တဝါကြီးငယ်တို့ကို ဖမ်းယူသကဲ့သို့ မင်းသည် ခြသေ့်ကဲ့သို့ ကျင့်ရသည်။
၂။ အမှုကြီးငယ်ကို တရားနှင့်အညီ ဆုံးဖြတ်မှုပြုတတ်သော တရားသူကြီး။

မှန်ကင်းကဲ့သို့ ကျင့်ရသူ (၃)ဦး

၁။ အမျိုးမြတ်သောသူ၊
၂။ ပညာရှိသောသူ၊

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၆၁

၃။ အရွယ်ကြီးသောသူ၊

မှန်ကင်းသည် ရိုသေထင်ရှားစွာ ဖြစ်သကဲ့သို့ ဤ(၃)ဦးသည် ရိုသေ ကောင်းမွန်စွာ ကျင့်ရသည်။

ကာဇဂုဏ် (၆)ပါး

ရန်သူကို အောင်မြင်ရန်အတွက် မင်းသည် ဤသို့ကျင့်ရပါမည်။

၁။ သန္ဓိ - ရန်သူအား လက်ဆောင်ပေး၍ စေ့စပ်ခြင်း။

၂။ ဝိဂ္ဂဟ - သူတစ်ပါးနိုင်ငံမှ ရလိုသမျှ စစ်ထိုးတိုက်ယူခြင်း။

၃။ ယာနံ - ရန်သူကိုတိုက်ရန် စစ်ထွက်ခြီတက်ခြင်း။

၄။ အာသနံ - ခုခံတိုက်ခိုက်ကောင်းသော နေရာ၌ နေရခြင်း။

၅။ ဒွေဓံ - အားကြီးသောရန်သူနှင့် အသင့်အတင့်ပြု၍ အားနည်းသောရန်သူနှင့် စစ်ထိုးခြင်း။ (စစ်ထိုးခြင်း၌ အောင်မြင်စေရန် ပရိယာယ်ပြုခြင်း၊ ကွဲပြားစေခြင်း)

မင်း၏နဝရတ်(၉)ပါး

၁။ ပြည်၏ဦးကင် - ပြည်၏တာဝန်ကို ရွက်ဆောင်တတ်သော အမတ်ကြီးများ။

၂။ ပြည်တံခွန် - ရဟန်း သူတော်သူကောင်းများ။

၃။ ပြည်မျက်စိ - ပညာရှိများ (စက်မှုလက်မှု စသော အတတ် ပညာရှိသူများ)

၄။ ပြည်၏နား - သူလျှို။

၅။ ပြည်၏အစွယ် - ရဲစွမ်းရှိသော မင်းညီမင်းသား မင်းဆွေ မင်းမျိုးများ။

၆။ ပြည်မျက်နှာ - အဆင်းလှသော မိန်းမ။

၇။ ပြည်ဝမ်း - သူငွေး သူကြွယ်များ

၈။ ပြည်၏ခြေ - စစ်သည်ဗိုလ်ပါ။

၉။ ပြည်၏လက် - လက်နက် ကိရိယာ။

မင်းတို့ မပြုလုပ်အပ် မဖျက်ဆီးအပ်သော နဝရတ် (၉)ပါး

၁။ ဥစ္စာဆန်ရေ ရှားစေမှု - ပြည်ဝမ်းဖောက်သည် မပြုရာ။

၂။ မှူးမတ်တို့အား အမျက်ရှိ၍ မဆင်မခြင် မရှုတ်ချခြင်းဟူသော ပြည့်ဦးကင်းကို မနှိမ်ရာ။

၃။ ရဟန်းပညာရှိတို့ကို မထောက်မရှု-မဖျက်ခြင်း ဟူသော ပြည်တံခွန်ကို မလှည့်ရာ။

၄။ ပညာရှိတို့ကို မဆင်းရဲ, မညှဉ်းဆဲဟူသော ပြည်မျက်စိကို မဖောက်ရာ။

၅။ မင်းညီမင်းသားတို့အား မဆင်မခြင်ပြုမူဟူသော ပြည့်စွယ်ကို မချိုးရာ။

၆။ ပြည်သူသားသမီးကို အနှိုင်အထက်ပြုမူ ဟူသော ပြည်မျက်နှာကို မဖျက်ရာ။

၇။ စစ်သည်တို့အား မဆင်းရဲ, မညှဉ်းဆဲခြင်းဟူသော ပြည်ခြေကို မဖြတ်ရာ။

၈။ လက်နက်၊ ခဲယမ်း၊ ဆင်၊ မြင်း မလျော့စေခြင်းဟူသော ပြည်လက်ကို မဖြတ်ရာ။

၉။ သူလျှို အမတ်ကို ရှုတ်ချခြင်းဟူသော ပြည်နားကို မဖောက်ရာ။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၆၃

ပင်းအနီးနေ အမှုထမ်းကောင်းအဂ်ါ (၆)ပါး

၁။ အရှင်ကို မကောင်းမှုမှ တားမြစ်ပေးတတ်ခြင်း။

၂။ အရှင်အား အစီးအပွားရှိသည်၌ ယှဉ်စေတတ်ခြင်း။

၃။ အရှင်၏ လျှို့ဝှက်အပ်သော အရာကို လျှို့ဝှက်ထားပေးတတ်ခြင်း။

၄။ အရှင်၏ ကျေးဇူးသတင်းရှိသည်ကို ပြုတတ်ခြင်း။

၅။ အမှု အရေးအခင်းရှိသောအခါ အရှင်ကို မစွန့်လွှတ်ခြင်း။

၆။ အရှင်ပေးအပ်သော တာဝန်ကို ပေးအပ်သည့်အတိုင်း ထမ်းဆောင်တတ်ခြင်း။

ခေါင်းဆောင်ကောင်းတို့၏ကျင့်ဝတ်များ

သဘာဝလောကကြီးသည် မတော်တဆ ဖြစ်ပေါ်နေသော လောကကြီး မဟုတ်ပါ။ တစ်ခုနှင့်တစ်ခု မဆက်မစပ်သော အရာဝတ္ထုများ မတော်တဆဖြစ်သော အစုအဝေးကြီးလည်း မဟုတ်ပါ။ သဘာဝလောကကြီးသည် အကြောင်းကြောင့် အကျိုးဖြစ်ပေါ်နေရသော ဘဝကြီးတစ်ခုဖြစ်ပါသည်။ သဘာဝအတွင်းရှိ အရာခပ်သိမ်းတို့သည် ကိုယ်ခန္ဓာဖွဲ့စည်းမှုတွင် ပါဝင်နေသော အစိတ်အပိုင်းများကဲ့သို့ အချင်းချင်း ဆက်သွယ်မှုအားဖြင့် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်ဆံ ဆက်နွယ်လျက်ရှိနေကြပါသည်။ တစ်ခုကိုတစ်ခု အပြန်အလှန် အာရုံပြုလျက် ရှိနေကြပါသည်။

လူသားတို့သည် အသက်ရှင်လိုကြသည်။ လူ့ဘဝ အသက်ရှင်ရေးသည် လူ့ဘဝအရင်းခံကြီးဖြစ်သည်။ ကိုယ်ခန္ဓာ ရှင်သန်ရန်အတွက် စားမှု သောက်မှု နေမှု ထိုင်မှု ဟူသော အသက်မွေးမှု ကစ္စများကို ရှာဖွေလုပ်ဆောင်ရသည်။

ထိုသို့ ရှာဖွေလုပ်ဆောင်ကြရာတွင် မြေ ရေ လေ မီး ဟူသော သဘာဝပစ္စည်းများနှင့် ထိတွေ့ရသလို လူသားအချင်းချင်း ထိတွေ့ဆက်ဆံရသည်။ သဘာဝပစ္စည်းများကို အသုံးပြုရာမှာဖြစ်စေ၊ လူသားအချင်းချင်း ဆက်ဆံရာမှာဖြစ်စေ အလွယ်တကူ ရှိသည့်အခါရှိ၏။ အခက်အခဲတွေ့ရသည့်အခါ တွေ့ရ၏။ ထိုအခက်အခဲ ပြဿနာများကို ဖြေရှင်းရန် ကျော်လွှန်ရန်အတွက် လူသားသည် မိမိ၏ အသိဉာဏ်ကို အသုံးပြုကာ တိုးတက်ရာ တိုးတက်ကြောင်း ပြဿနာအဖြေကို တွေ့ရာတွေ့ကြောင်း အားထုတ်ကြရသည်။ ကြံဆကြရသည်။

လူမှု ဆက်ဆံရေး ဥပဒေသဆိုသည်မှာ လူလူချင်း ပေါင်းသင်းဆက်ဆံမှုကို ပြုကာရစေသော အကြောင်းအကျိုး ဆက်ဆံမှုတရားဖြစ်ပါသည်။ လူမှုဆက်ဆံရေး ဥပဒေတရားသည် လူပုဂ္ဂိုလ်၏ အလိုဆန္ဒကြောင့်

ဖြစ်ပေါ်လာရသော စိတ္တဇမျိုးမဟုတ်ဘဲ လူသားအားလုံး၏ တည်ရှိရေးကို အခြေပြု၍ဖြစ်ပေါ်နေသော ဓမ္မဓိဌာန်ကျသော နိယာမတရားဖြစ်သည်။

လူသည် မိမိဘဝရပ်တည်ရေးအတွက် (၀၊) အသက်ရှင်ရေးအတွက် အမျိုးမျိုးသော လိုအပ်ချက်များကို ကြံဆောင်ကာ ရှာမှီးနေကြရသည်။ စား ဝတ် နေရေးများ လိုအပ်သလို လူသား၏ လူမှုရေး၊ နိုင်ငံရေး၊ ဘာသာရေးတို့တွင် ခေါင်းဆောင်မှုလုပ်ငန်းများလည်း လိုအပ်လာပါသည်။ ထိုဆိုင်ရာ အသီးသီး၌ ခေါင်းဆောင်နိုင်ရန်အတွက် လူသားသည် မှန်ကန်သော ခေါင်းဆောင်မှု အင်္ဂါများ လိုအပ်လာပါသည်။

ထိုမှန်ကန်သော ခေါင်းဆောင်မှုအတွက် လွန်ခဲ့သော နှစ်ပေါင်း (၂၅၅၀)ကျော်က ပေါ်ထွန်းခဲ့သော ဗုဒ္ဓသည် ဟောကြားလမ်းညွှန်ထားခဲ့ရာ ယနေ့ သိပ္ပံပညာ ထွန်းကားနေသော ခေတ်အထိ မှန်ကန်သော ခေါင်းဆောင် စည်းရုံးနည်း လမ်းညွှန်ချက်များဖြစ်နေပါသည်။

ထိုလူ့အဖွဲ့အစည်းရှိ ဘာသာရေး နိုင်ငံရေး လူမှုရေးတို့တွင် ဦးစီးခေါင်းဆောင်ဖြစ်လိုသောသူတို့သည် ဗုဒ္ဓ လမ်းညွှန်ခဲ့သော လူ့အဖွဲ့ခေါင်းဆောင် ကျင့်စဉ်များကို လိုက်နာ ကျင့်သုံးကြပါက အဖွဲ့အစည်း ခေါင်းဆောင်သာမက နိုင်ငံခေါင်းဆောင် ကမ္ဘာ့ခေါင်းဆောင်အထိ ဖြစ်သွားနိုင်ပါသည်။

ခေါင်းဆောင်အကြီးအမှူး ဖြစ်ရန် စည်းရုံးမှု လုပ်ငန်းအင်္ဂါ (၃)ပါး

(၁) လူတိုင်းကို သိမ်းသွင်းစည်းရုံးနိုင်ရမည်။

(၂) စည်းရုံးရလာမှုကို စနစ်တကျ စုစည်းထားတတ်ရမည်။

(၃) စုစည်းရလာသော အားကို စနစ်တကျ အသုံးချတတ်ရမည်။

စည်းရုံးနည်း (၂)မျိုး

၁။ သဘောတရားနည်းဖြင့် စည်းရုံးခြင်း - ဟောပြောပို့ချခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ စာပေရေးသားပြုစုပြခြင်း၊ ပြန်လည်ပြသခင်းကျင်းတို့ဖြင့် စည်းရုံးနိုင်သည်။

၂။ သဘောတရားလက်တွေ့နည်း ပေါင်းစပ်စည်းရုံးခြင်း - သူ့ဒေသ၊ သူ့ယဉ်ကျေးမှု စရိုက်သည်များကို သိပြီး စိတ်ဝင်စားမှုရှိလာစေရန် ပြုလုပ်ပြီး၊ မိရိုး ဖလာ လက်ခံနေသော သူများကို ဆန်းသစ်သော အတွေးအခေါ်များ ဝင်လာအောင် စိတ်ရှည်စွာဖြင့် ကိုယ်ပိုင်အသိဉာဏ် အကျင့်ဖြင့် မိမိဘက် ပါလာအောင် စည်းရုံးနိုင်ခြင်း။

စည်းရုံးရေးခေါင်းဆောင်၏ ပြည့်စုံရမည့်အင်္ဂါ (၁၀)ချက်

၁။ မိမိနှင့်မိမိလုပ်ဖော်ကိုင်ဘက်များ ဆင်းရဲ ချမ်းသာမှုဌ္ဌ အေးအတူ ပူအမျှ ညီမျှသော စိတ်ထားရှိမည်။

၂။ တရားဥပဒေနှင့် မညီသော လောကအလိုက္ခ မဆောင်ရွက်ဘဲ တရားလမ်းမှန်၏ ကြီးပွားတိုးတက်ခြင်းကိုသာ အဓိကထား၍ ဆောင်ရွက်လုပ်ကိုင်လိုသော စိတ်ဓာတ်ရှိရမည်။

၃။ ရရှိလာသော ဥစ္စာပစ္စည်းထောက်ပံ့ကြေး၊ ရန်ပုံငွေများ စသည် အပေါ်၌ ညီမျှစွာ ဝေဖန်ပေးကမ်းတတ်ရမည်။

၄။ မိမိတို့၏ အမျိုး ဘာသာ ဆုတ်ယုတ်နေရာဌာန၊ အမျိုး ဘာသာ ယဉ်ကျေးမှု မပြန့်ပွားရာ ဌာနတို့ဌ္ဌ မိမိတို့၏ အမျိုးသား ယဉ်ကျေးမှုများ သန့်ရှင်းစင်ကြယ်စွာ တည်ရှိရန်၊ တိုးတက်ပြန့်ပွားရန် ကာယအား၊ ဉာဏအား၊ သဒ္ဓါအားဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လုပ်ကိုင်နေတတ်ရမည်။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၆ရ

၅။ မိမိကိုယ်တိုင်က အကြောင်းမှန် အကျိုးမှန်ကို သိသောဉာဏ်အဖြစ် ရှိရမည်။

၆။ မိမိကိုယ်နှုတ်တို့ဖြင့် ပြောဆို ပြုလုပ်ရာတို့၌ မကောင်းမှုများ မဖြစ်စေရန် လက်လွတ်စပယ် ပြုမူ ပြောဆိုမှု မဖြစ်စေရပါ။ စဉ်းစားဆင်ခြင်၍ သတိပညာနှင့် ပြောမှုပြုရမည်။

၇။ အများနှင့် သင့်တင့်ညီညွတ်သူဖြစ်ရမည်။ အချင်းချင်း ချစ်ခင်ညီညွတ်လျက် ငြူစူစောင်းမြောင်းမှု ကင်းရမည်။ မိမိကိုယ်ကျိုးအတွက် သုံးခြင်းမရှိစေရ။

၈။ ဘာသာတရား၌ ယုံကြည်ကိုးကွယ်သူ ဖြစ်နေရမည်။

၉။ တရား၌ ယုံကြည် ကိုးကွယ်သူဖြစ်နေရမည်။

၁၀။ ထိုဘာသာတရား၏ တပည့်သားအပေါ်၌ ယုံကြည်နေသူ ဖြစ် ရမည်။

(က) ခေါင်းဆောင် (အာဏာနိယ)တို့၏ခံယူချက် (၄) ပါး

၁။ အမျိုးသားရေး မျိုးချစ်ဝါဒ ရှိရမည်။

၂။ အများကောင်းစားရေးဝါဒကို လက်ခံထားရမည်။

၃။ အတ္တထက် ပရကို ဦးစားပေးတတ်ရမည်။

၄။ မိမိနိုင်ငံ၏ အမျိုးသားရေးကို ကြိုးစားလုပ်ကိုင်လိုသော ဝါဒ ဆန္ဒရှိရမည်။

(ခ) အုပ်ချုပ်သူ ခေါင်းဆောင်၏ကျင့်ဝတ် (၁၀) ပါး

(၁) ဒါန - ပေးလှူတတ်မှု ရှိတတ်ရမည်။

(၂) သီလ - အကျင့်ကောင်းများနှင့် ပြည့်စုံရမည်။

(၃) ပရိစ္စာဂ - ပေးကမ်း, စွန့်ကြဲ, ခြိုးမြှင့် ထောက်ပံ့တတ်ရမည်။

(၄) မုဒုက - ကိုယ်, နှုတ်, နှလုံး သိမ်မွေ့ရမည်။

(၅) ဥပေါသထ - ဥပုသ် သီတင်း ဆောက်တည် နေတတ်ရမည်။

(၆) အက္ကောဓ - အမျက်မထွက်တတ်ရပါ။

(၇) အဝိရောဓ - ရဟန်း, ရှင်,လူ ပြည်သူတို့နှင့် မဆန့်ကျင်ရပါ။

(၈) အဝိဟိံသ - ပြည်သူတို့ကို အခွန်အတုပ် အမျိုးမျိုးတို့ဖြင့် မညှဉ်းဆဲရပါ။

(၉) ခန္တီ - သည်းခံစိတ် မွေးမြူတတ်ရမည်။

(၁၀) သမ္မာပဋိပန္နာ - ကျောသား ရင်သား မခွဲခြားဘဲ ဖြောင့်မတ်စွာ၊ မှန်ကန်စွာ ကျင့်တတ်ရမည်။

ခေါင်းဆောင်အကြီးအမှူး၏ ကျင့်ဝတ် (၆)ပါး

၁။ ခေါင်းဆောင်သည် ငယ်သားထက် ဆယ်ဆပို၍ လုံ့လရှိရခြင်း။

၂။ အရပ်(၈)မျက်နှာ မျက်စိဖွင့်ကြည့်က အစဉ်နိုးကြားမှုရှိနေရခြင်း။

၃။ မိမိကိုယ်ကျိုး မကြည့်ရ၊ လက်အောက်ငယ်သားကို ဖေးမကူညီတတ်ရခြင်း။

၄။ မိမိ နောက်လိုက်ငယ်သားအပေါ် သည်းခံစိတ်ထားနိုင်ရခြင်း။

၅။ အမှုတစ်ခုကို မျက်မြင်မဆုံးဖြတ်ရ၊ အချက်အလက် စုံလင်စွာ ကြားနာပြီးမှ စုံစမ်းပြီးမှ အဆုံးအဖြတ်ကို ပေးတတ်ရခြင်း။

ခေါင်းဆောင်ကောင်း၏ စည်းကုံးမှုအောင်မြင်ရန် အင်္ဂါ (၉)ပါး

၁။ သဒ္ဓါ (ယုံကြည်ချက်ရှိ) - မိမိလုပ်နေသော အလုပ်၏ မြင့်မြတ်မှုကို သက်ဝင် ယုံကြည်သော စိတ်ဓာတ်နှင့် ပြည့်စုံရခြင်း။

၂။ အလုပ်တတ် - မိမိ လုပ်နေသော အလုပ်အပေါ်၌ ကျွမ်းကျင်မှုရှိခြင်း။

၃။ တာဝန်ယူ - မိမိလုပ်သမျှ ကိစ္စအားလုံး မိမိကိုယ်တိုင် တာဝန်ယူနိုင်စွမ်းရှိရခြင်း။

၄။ တိုအောင်လုပ် - မိမိကိုယ်မိမိ သိရှိအောင် ဝေဖန်စစ်ဆေးပြီး မိမိ၏ စွမ်းရည်ကို ပိုမို ထက်မြက်အောင် ကြိုးစားရခြင်း။

၅။ စံပြဖြစ် - မိမိ၏ နမူနာကောင်းကို လက်အောက်ခံများကို ပြသနိုင်ခြင်း။

၆။ တာဝန်ရှာ - တာဝန်ကို မရှောင်လွှဲ၊ ပြေးတွေ့လုပ်ရဲရခြင်း၊ တာဝန်နည်းသေးလျှင် များအောင် ရှာကြံတတ်ရခြင်း၊ မိမိ၏တပည့်များကို တာဝန်သိတတ်သည့် စိတ်ဓာတ်နှင့် တာဝန် ယူတတ်သည့် စိတ်ဓာတ်ရှိလာအောင် လုပ်ပေးရခြင်း။

၇။ အခိုင်းတတ် - ငယ်သားများကို တာဝန်ပေးထားသော အခါ အောက်ပါအချက်(၃)ချက်ကို သတိ ပြုနေရခြင်း။
(၁) ခိုင်းလိုက်သော အလုပ်ကို သေချာစွာ နားလည်ရဲ့လား။

(၂) ခိုင်းသော အလုပ်ကို မိမိဖြစ်စေ၊ တစ်ဦးဦးကဖြစ်စေ ကြီးကြပ်မှုရှိရဲ့လား

(၃) ခိုင်းထားသော အလုပ်ကို ပြီးစီးအောင် လုပ်ရဲ့လား။

၈။ မေတ္တာထား - မိမိလက်အောက်ငယ်သားများ၏ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးအခြေအနေတို့ကို ဂရုစိုက်ရခြင်း။

၉။ ပညာပေး - မိမိ လက်အောက်များ သိသင့်သိထိုက်သော အရာများကို အမြဲသိအောင် ဆောင်ရွက်ပေးရခြင်း။

ခေါင်းဆောင်ကောင်း၏ ကိုယ်ကျင့်ဝတ္တရား (၁၅)ပါး

(၁) အခြားသူများအပေါ် မေတ္တာထား ပွားနိုင်ရမည်။
(၂) ကိုယ်, နှုတ်နှစ်ပါး ဖြောင့်မတ် ရိုးသားရမည်။
(၃) စိတ်နေသဘောထား ဖြောင့်မတ်ရမည်။
(၄) ပညာရှိ သူတော်ကောင်း၏ ဆုံးမစကားကို နာခံတတ်ရမည်။
(၅) နူးညံ့သိမ်မွေ့မှု ရှိရမည်။
(၆) မာန်ထောင်လွှားမှု မရှိစေရ။
(၇) တင်းတိမ်ရောင့်ရဲလွယ်ကူရမည်။
(၈) သက်မွေးဝမ်းကျောင်း လွယ်ကူရမည်။
(၉) ပြဿနာ အမှုကိစ္စ နည်းရမည်။
(၁၀) ကိုယ်ပိုင်ပစ္စည်း၊ နေထိုင်မှုပေါ့ပါးစေရမည်။
(၁၁) မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဣန္ဒေြိမ်သက်မှု ရှိရမည်။

(၁၃) ကြမ်းတမ်းခက်ထန် ရိုင်းပျမှုမရှိစေရ။

(၁၄) အပေါင်းအဖော် ဆွေမျိုးတို့၌ တွယ်တာကပ်ငြိ ငဲ့ညှာမှုမရှိစေရ။

(၁၅) ပညာရှိ သူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်စရာကို နည်းနည်းမျှ မလုပ်ရ။

ခေါင်းဆောင်မှုအင်္ဂါ (၁၆) ပါး

(၁) ထိုးထွင်း ကြံဆ လုပ်ဆောင်တတ်မှုနှင့် တီထွင် လုပ်ကိုင် ဆောင်ရွက်တတ်မှု ရှိရမည်။

(၂) မိမိလုပ်နေသော လုပ်ငန်းအပေါ်၌ ကွပ်ကဲမှု ကြီးကြပ်မှုကောင်း ရမည်။

(၃) ဗဟုသုတ ကြွယ်ဝအောင် လေ့လာလိုစိတ် အမြဲရှိနေရမည်။

(၄) အကျင့်စာရိတ္တ အစဉ်ကောင်းမွန်နေရမည်။

(၅) စိတ် စေတနာကောင်း အမြဲ မွေးထားနိုင်ရမည်။

(၆) အမျိုးဘာသာအတွက် သစ္စာရှိနေရပါမည်။

(၇) သူတစ်ပါး အကျိုးပြုစိတ်ဓာတ်နှင့် မိမိအကျိုးပြုနေသော ပြည်သူ များအပေါ် မိဘစိတ်ဓာတ်မျိုးမွေးမြူထားတတ်ရပါမည်။

(၈) မိမိက စည်းကမ်းအရာမှာ စံနမူနာ ဖြစ်စေရပါမည်။

(၉) မိမိလုပ်ကိုင်ဆောင်ရွက်မှု အကျိုးရှိရေးနှင့် ကောင်းကျိုးအတွက် အစဉ် ကြိုးပမ်းဆောင်ရွက်လိုစိတ် ရှိနေရမည်။

(၁၀) ဇွဲ လုံ့လ ကြိုးစားမှု အစဉ်ရှိနေရမည်။

(၁၂) တည်ငြိတည်တွတ်တည်း ဆောင်ရွက်လိုစိတ်၊ စည်းလုံးညီညွတ်မှု စိတ်ရှိအောင် အမြဲဆောင်ရွက်နိုင်ရမည်။

(၁၃) မိမိခေါင်းဆောင်သော အဖွဲ့အစည်း၊ နိုင်ငံ အမြဲစည်းလုံးနေအောင် စည်းရုံးနိုင်ရမည်။

(၁၄) အခွင့်အရေးနှင့်ယှဉ်လာက မိမိက အမြဲအနစ်နာခံနိုင်ရမည်။

(၁၅) အတတ်ပညာ တတ်သိမှု ဘက်စုံ ဉာဏ်ရည်တိုးတက်အောင် စွမ်းဆောင်နိုင်စေရမည်။

(၁၆) အများအကျိုးအတွက် မိမိအကျိုးကို ပယ်စွန့်နိုင်ရမည်။

မိမိ၏စိတ်တိုးတက်ရေးကျင့်စဉ် (၁၅)ချက်

(၁) ကိုယ်ကျင့်တရား ကောင်းမွန်မှုအဓိက ထားတတ်ရမည်။

(၂) ကွန်ဖြူးစောင့်စည်းစိတ်၊ တည်ကြည်သောစိတ် အမြဲသတိထားရှိရမည်။

(၃) အစားအသောက်၊ အနေအထိုင်တို့၌ ဆင်ခြင်တုံတရားရှိရမည်။

(၄) အအိပ်အနေနည်းပြီး၊ အမြဲတမ်း နိုးကြားဖျတ်လတ်နေရမည်။

(၅) ယုံကြည်ချက် ခိုင်မာစွာထားပြီး ချစ်ခြင်း မုန်းခြင်း ကြောက်ခြင်း တွေဝေခြင်းကြောင့် မိမိ၏ ယုံကြည်ချက်ကို အထိပါးမခံတတ်ရမည်။

(၆) သတိတရား အမြဲရှိပြီး ပြောတိုင်း မယုံ မတုန်မလှုပ် ကြံ့ခိုင်စိတ်ရှိရမည်။

(၇) လောက၊ ရာဇ၊ ဓမ္မတို့၌ ကျွမ်းကျင်အောင် လေ့လာထားပြီး အမြဲလေ့လာ မှတ်သားနေတတ်ရမည်။

(၈) ရှေ့ရေးကို မြော်မြင်တတ်သော ပညာရှိပြီး ပရိယာယ် ကြွယ်ဝစွာဖြင့် အသုံးချ ဆောင်ရွက်တတ်သော ဉာဏ်လျင်ရှိရမည်။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၇၃

(၉) မိမိဘဝ လူဖျင်းလူအ အသုံးမက္ခ ဘဝဖြစ်နေမည်ကို အလွန်ရှက်ကြောက်တတ်သော သဘောရှိရမည်။

(၁၀) လုပ်ငန်းကို ဆောင်ရွက်ရာတွင် အားနာသည်၊ သနားသည်ဆိုတာမျိုးကို အဓိကမထားဘဲ မှန်သောအလုပ်ကို အလျှော့မပေးအညှဉ့် မခံဘဲ လုပ်တတ်သော ဇွဲ လုံ့လ ရှိရမည်။

(၁၁) သူတစ်ပါး အပြစ်တင်မှာ လွှမ်းမိုးခံရမှာကို ကြောက်တတ်ရမည်။

(၁၂) အလုပ်၌ စူးစူးစိုက်စိုက် စျာန်ဝင်ပြီး လုပ်တတ်ရမည်။

(၁၃) မိမိရရှိသော အကျိုးအမြတ်ကို မျှဝေခွဲသုံးတတ်ရမည်။

(၁၄) မိမိဆွေမျိုး လူမျိုး နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ရာတွင် မေတ္တာဖြင့် စည်းလုံးညီညွတ်မှုကို ဆောင်ရွက်တတ်ရမည်။

ဤကျင့်စဉ်များသည် ဘုရားလောင်းဝါဒကျင့်စဉ် စိတ်ဓာတ်ဟု ဆိုပါသည်။

ခေါင်းဆောင်ကောင်းတို့ မကျင့်အပ်သော ကျင့်ဝတ်များ

လူသားတို့ စိတ်ဓာတ်ပျက်စီးညစ်နွမ်းစေသောအကြောင်းတရားများ

၁။ အဘိဇ္ဈာ = သူတစ်ပါး ပစ္စည်း မတရားလိုချင်မှု၊

၂။ ဝိသမလောဘ = မတော်မလျော် တပ်မက်လိုလားမှု၊

၃။ ဗျာပါဒ = သူတစ်ပါးကို ပျက်စီးစေလိုမှု၊

၄။ ကောဓ = အမျက်ထွက်မှု၊

၅။ ဥပနာဟ = ရန်ငြိုးဖွဲ့ထားမှု၊

၆။ မက္ခ = သူတစ်ပါးကျေးဇူးကို ချေဖျက်တတ်မှု၊

၇။ ပလာပ = ဂုဏ်တုဂုဏ်ပြိုင် ပြုခြင်း၊

၈။ ကုဿာ = ငြူစူစောင်းမြောင်းခြင်း၊

၉။ မစ္ဆရိယ = ဝန်တိုခြင်း၊ နှမြောခြင်း၊

၁၀။ မာယာ = လှည့်ပတ်လိမ်ဖြားခြင်း၊

၁၁။ သာဌေယျ = စဉ်းလဲ ကောက်ကျစ်ခြင်း၊

၁၂။ ထမ္ဘ = ခက်ထန်ခြင်း၊

၁၃။ သာရမ္ဘ = ချုပ်ချယ်ခြင်း ဖိနှိပ်ခြင်း၊

၁၄။ မာန = မောက်မာခြင်း၊

၁၅။ အတိမာန = အလွန်မာန်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း၊

၁၆။ မဒ = မာန်ယစ်ခြင်း၊

၁၇။ ပမာဒ = မေ့လျော့ခြင်း၊

ခေါင်းဆောင်ကောင်းတို့၏ အနှောင့်အယှက်များ

၁။ ငွေကြေးလာဘ်ပေးမှု၊

၂။ ရာထူးဌာနန္တရဖြင့် ဖြားယောင်းသွေးဆောင်မှု၊

၃။ မိန်းမစသော တဏှာရမ္မက်ဖြင့် မြူဆွယ်သွေးဆောင်မှု၊

၄။ အရက်သေစာ သောက်စား မူးယစ်မှု၊

၅။ လက်နက်ဖြင့် ခြိမ်းခြောက်ခံရမှု၊

၆။ ခြိုးမွမ်းထောပနာများဖြင့် မြှောက်ပင့်ပေးခံရမှု၊

၇။ ဘာသာကိုးကွယ်မှုဖြင့် စည်းရုံးမှု၊

အဓမ္မာဉ်အယှက်ကင်းဓမ္မာဉ်

၁။ သတိရှိစွာထားရမည်။

၂။ ခန္တီလက်နက်ဖြင့် တုံ့ပြန်ရမည်။

၃။ သီလတရားဖြင့် တုံ့ပြန်နိုင်ရမည်။

၄။ သစ္စာတရားဖြင့် တုံ့ပြန်နိုင်ရမည်။

၅။ သဒ္ဓါတရား လက်ကိုင်ထားရမည်။

ခေါင်းဆောင်အကြီးအကဲတို့ မကျင့်ရသောအကျင့် (၆) ချက်

မြင့်မြတ်သော အာဇာနည်ခေါင်းဆောင်သည် -

၁။ ဂဏန်းကဲ့သို့ လက်မအမြဲထောင်ကာ မာန်တက်ကြွမှုမပြုရပါ။

၂။ ပုတ်သင်ကဲ့သို့ သူတစ်ပါးပြောသမျှကို ခေါင်းညိတ်လိုက်နာမပြုရပါ။

၃။ ဝါးပင်ကဲ့သို့ လေယူရာနောက် မတိမ်းမပါရပါ။

၄။ နွားသိုးကဲ့သို့ ရှုးရှုးဒိုင်းဒိုင်း စိတ်တိုမှုနှင့် မပြုလုပ်ရပါ။

၅။ လိပ်ကဲ့သို့ ကိုယ့်ဘက်ကိုယ်ယက် မပြုရပါ။

၆။ ခွေးအ ကဲ့သို့ အစားအစာ အဝစားပြီး စည်းစိမ်ခံ ယစ်မူးမနေရပါ။

ခေါင်းဆောင်ကောင်းတို့၏ အောင်မြင်သော စည်းရုံးနည်းများ

စည်းလုံးညီညာ အောင်ကြောင်းဖြာ

သမဂ္ဂါနံ တပေါ သုခေါ - ညီညွတ်သော သူတို့၏ အကျင့်သဘာဝသည် ချမ်းသာ၏။

ဤလောက၌ လူပုဂ္ဂိုလ်အချင်းချင်းတို့သည် ညီညွတ်စွာ ပေါင်းသင်းဆက်ဆံနေထိုင်ကြပါလျှင် ကြီးပွားတိုးတက်ရန်သာ အခွင့်အလမ်းရှိပြီး ဆုတ်ယုတ်ပျက်စီးရန် စိုးစဉ်းမျှ မရှိနိုင်ပါ။

လူသားတိုင်း ညီညွတ်စွာ နေထိုင်မှုကို နှစ်သက် မြတ်နိုးကြ၏။ လိုလား တောင့်တကြ၏။ မညီညွတ် ကွဲပြားမှုကို မနှစ်သက်ကြ။ အလိုမရှိကြပါ။

သို့ရာတွင် လူသားတို့သည် အမူအကျင့် အမျိုးမျိုး စရိုက်အထွေထွေ ရှိနေကြသဖြင့် ထိုလူများ တစ်ဦးနှင့်တစ်ဦး ကိုယ်စိတ်နှစ်ပါး ညီညွတ်စွာ နေထိုင်ရန်မှာ ကမ္ဘာမြေမျက်နှာပြင်ကြီးကို တစ်ပြင်တည်း ညီညွတ်စွာ ပြုလုပ်ရန် မလွယ်ကူသကဲ့သို့ပင် လွယ်ကူသော အလုပ်မဟုတ်ပါပေ။

ထိုသို့ဖြစ်ပေါ်နေသော အတွေ့အကြုံကို ငြိမ်းစေပြီး ညီညွတ်လျှင် ငြိမ်းချမ်းသာယာသော လူ့ဘောင် လူ့လောက ကမ္ဘာကြီးဖြစ်ပေါ်ရန် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က အိန္ဒိယတွင် ပေါ်ထွန်းခဲ့သော ဂေါတမဗုဒ္ဓက လူသားအချင်းချင်း မေတ္တာ ကရုဏာ ဗြဟ္မစိုရ်တရား ပွားကြ၍ ညီညွတ်မှုရှိစေရန် နည်းလမ်းများကို လမ်းညွှန်ပြသပေးခဲ့ပါသည်။

ထိုလမ်းညွှန်ချက်များကို လူသားများ လိုက်နာပြီး ကျင့်သုံးကြပါလျှင် တိုးတက်အောင်မြင်မှုနှင့် ကြီးပွားချမ်းသာမှုများ ရရှိကြကာ ငြိမ်းချမ်းသာယာသော ကမ္ဘာလောကကြီးကို တည်ဆောက်နိုင်ပါလိမ့်မည်။

ညီညွတ်ရေး

ညီညွတ်ရေးဟူသည် လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ညီညွတ်စွာ ပေါင်းသင်း ဆက်ဆံနေထိုင်နိုင်ရေးပင် ဖြစ်ပါသည်။ ဤကမ္ဘာလောကၟ လူသားအချင်းချင်း ညီညွတ်စွာ ပေါင်းသင်း ဆက်ဆံနေထိုင်ရေးသည် အဓိကဖြစ်ပြီး ညီညွတ်စွာပေါင်းသင်း ဆက်ဆံနေနိုင်ပါမှ တစ်ဦးချင်းသော်လည်းကောင်း၊ တစ်နိုင်ငံလုံးသော်လည်းကောင်း ကြီးပွားတိုးတက်နိုင်ပါမည်။

ညီညွတ်ခြင်း (၃)မျိုး

၁။ ဂဏသာမဂ္ဂီ - မိမိပါတီ မိမိနိုင်ငံသား အချင်းချင်း ညီညွတ်ခြင်း။

၂။ ဓမ္မသာမဂ္ဂီ - မိမိတို့၏ ဝါဒ အယူအဆ အတွေးအခေါ် ညီညွတ်ခြင်း။

၃။ အနဘိနိဗ္ဗတ္တိသာမဂ္ဂီ - ကွယ်လွန်ခဲ့ပြီးသော တိုင်းပြည် ခေါင်းဆောင်တို့၏ ညီညွတ်မှုရှိသည်ကို အစဉ် သတိပြုမိကြခြင်း။

ညီညွတ်ရေးရရှိရန် စည်းရုံးနည်း (၄)နည်း

၁။ ဒါန - စွန့်ကြဲပေးကမ်းခြင်း

ဤလောကၟ အချို့သောသူတို့သည် စွန့်ကြဲပေးကမ်းမှုကို အလိုရှိကြသည်။ စွန့်ကြဲပေးကမ်းမှုသည် မယဉ်ကျေးသော သူတို့ကို ယဉ်ကျေးအောင် ဆုံးမရာၟလည်းကောင်း၊ မိမိအလိုသို့ မလိုက်ပါသူတို့ကို မိမိအလိုသို့လိုက်ပါအောင် စည်းရုံးရာၟလည်းကောင်း အကောင်းဆုံးသော စည်းရုံးနည်းတစ်ခုဖြစ်ပါသည်။

၂။ ပေယျဝဇ္ဇ - ချစ်ဖွယ်ချိုသာသောစကားကို ပြောဆိုခြင်း

အခြို့သော သူတို့သည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းမြောက်မှုထက် ချစ်မြတ်နိုးဖွယ်ရာ ချိုချိုသာသာ ပြောဆိုဆက်ဆံမှုကို အလိုရှိကြသည်။ ထိုသူများကို ပေါင်းသင်းဆက်ဆံရာ၌ ချစ်မြတ်နိုးဖွယ်ရာ ချိုချိုသာသာ ပြောဆို ဆက်ဆံခြင်းမြောက်ရမည်။

ချစ်ဖွယ်သော စကားကို ပြောဆိုခြင်းသည် မိမိအလိုသို့ပါအောင် စည်းရုံးနည်းကောင်းတစ်ခုဖြစ်သည်။ လူအများစုသည် ကြမ်းတမ်းသော စကားကို ပြောဆိုသူကို မနှစ်သက်ကြ။ ဝိုင်းပယ်ကြသည်။ ချိုချိုသာသာ ပြောဆိုခြင်းကိုသာ နှစ်သက်ကြသည်။

၃။ အတ္ထစရိယ - အကျိုးစီးပွားကို ကျင့်ခြင်း

အခြို့သော သူက စွန့်ကြဲပေးကမ်း လှူဒါန်းမှုနှင့် ချစ်မြတ်နိုးဖွယ်ရာ ပြောဆိုတတ်မှု၊ မိမိဘဝ ကြီးပွားတိုးတက်ရေးကိုသာ အလိုရှိကြ၏။ ထိုသူတို့နှင့် ပေါင်းသင်းဆက်ဆံရာ၌ သူတို့၏အကျိုးစီးပွား တိုးတက်ရာ တိုးတက်ကြောင်း အကြံကောင်း ဉာဏ်ကောင်းများကိုသာ ပြောဆိုညွှန်ပြ သွန်သင်ပေးခြင်းဖြင့် ချီးမြှင့်ရပါမည်။

ထိုသို့ အကျိုးစီးပွား တိုးတက်ကြောင်းကို အကြံကောင်း ဉာဏ်ကောင်းများ သေချာပြောဆို ညွှန်ပြပေးခြင်းသည် မိမိအလိုသို့ ပါအောင် စည်းရုံးနည်းဖြစ်ပါသည်။

လောက၌ လူအများ၏ သဘာဝသည် သူ၏အကျိုးကို ပြုလုပ်ပေးမှသာလျှင် ကိုယ်၏အလိုသို့ လိုက်ပါလေ့ရှိပါသည်။ မိမိအလိုသို့ပါအောင် စည်းရုံးလိုလျှင် သူ၏အကျိုးစီးပွားကို ရှေးဦးစွာ လုပ်ဆောင်ပေးရမည်။ ထိုသို့ပြုလုပ်မှသာ မိမိ၏စည်းရုံးရေးအောင်မြင်၍ ညီညွတ်ရေး ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သမာနတ္တတာ - မိမိနှင့်တန်းတူထား၍ ထပ်တူပြုခြင်း

အချို့က အပေါ် (၃)မျိုးထက် နေထိုင်စားသောက်မှုဆိုင်ရာ၌ ခွဲခြားမှုမရှိဘဲ မိမိနှင့်တန်းတူ ပြုမူကိုသာ အလိုရှိပေသည်။ ထိုသူတို့နှင့် ပေါင်းသင်းဆက်ဆံရာ၌ မိမိနှင့်တန်းတူထား၍ တစ်ခုတည်းသောအိပ်ရာ၊ နေရာနှင့် ထိုင်ခြင်း၊ အိပ်ခြင်း အတူတကွ သုံးဆောင်ခြင်း စသည်တို့ဖြင့် ချီးမြှောက်ရမည်။ ထိုသို့ ချီးမြှောက်မှုဖြင့် မိမိသည် လူအများကို စည်းရုံးနိုင်ပါသည်။

လောက၌ လူအမျိုးမျိုးရှိသည်။ ထိုလူအားလုံးကို မိမိအလိုသို့ ပါအောင် စည်းရုံးရန် မလွယ်ကူပါချေ။ အမျိုးဇာတ် ခွဲခြားမှု၊ အဆင့်အတန်း ခွဲခြားမှုပြု၍ ဆက်ဆံပေါင်းသင်းပါလျှင် ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရတတ်၏။

ညီညွတ်စည်းလုံးမှုအကြောင်းတရား (၆)ပါး

၁။ လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ်၌ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ မေတ္တာကာယကံရှိခြင်း။

၂။ လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ်၌ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ မေတ္တာဝစီကံရှိခြင်း။

၃။ လုပ်ဖော်ကိုင်ဖက် အချင်းချင်းအပေါ်၌ မျက်မှောက်၌ဖြစ်စေ၊ မျက်ကွယ်၌ဖြစ်စေ မေတ္တာမနောကံရှိခြင်း။

၄။ တရားသဖြင့် ရအပ်သော (ဓမ္မိယလဒ္ဓ)ပစ္စည်းများကို လုပ်ဖော်ကိုင်ဖက်များနှင့် အညီအမျှ ဝေငှသုံးဆောင်ခြင်း။

၅။ မကျိုး မပေါက် မပြောက်ကျားသော ကိုယ်ကျင့်သီလရှိခြင်း။

၆။ မှန်ကန်သောအယူ တူမျှခြင်း (မြတ်သောအမြင် အယူအဆ တူမျှခြင်း)။

ညီညွတ်ခြင်း အကြောင်းတရား (၁၀)ပါး

၁။ သီလရှိခြင်း။

၂။ ဗဟုသုတရှိခြင်း။

၃။ မိတ်ဆွေကောင်းရှိခြင်း။

၄။ ဆိုဆုံးမလွယ်ခြင်း။

၅။ လုပ်ဖော်ကိုင်ဖက်တို့၏ ပျင်းရိမှုမရှိခြင်း၊ စိမံပညာဖြင့် ကျွမ်းကျင်စွာ ပြုလုပ်စီရင်ရန် စွမ်းနိုင်ခြင်း။

၆။ တရားတော်ကို အလိုရှိခြင်း၊ ချစ်ခင်ဖွယ်ကို ပြောဆိုခြင်း၊ လွန်မြတ်သော တရားတို့၌ မျှားစွာမြတ်နိုးမှုရှိခြင်း။

၇။ အကုသိုလ်ကိုပယ်ရန် ကုသိုလ်ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိခြင်း။

၈။ ပစ္စည်းဥစ္စာအပေါ်၌ ရောင့်ရဲလွယ်ခြင်း။

၉။ သတိရှိခြင်း။

၁၀။ ပညာရှိခြင်း။

ညီညွတ်ရေးအဆုံးအမ

"သူတစ်မင်း ငါတစ်ဖုံ အချင်းချင်း ငြင်းခုံ ခိုက်ရန် ဖြစ်ခြင်းကို ကြောက်ဖွယ် ကောင်းလှသော ဘေးကြီးအဖြစ် ရှုမြင်၍လည်း ကောင်း၊ အချင်းချင်း ငြင်းခုံခိုက်ရန်မဖြစ်ဘဲ ညီညွတ်ခြင်းကို ဘေးရန်ကင်းကွာ အေးချမ်း သာယာလှပေ၏ ဟုရှုမြင်၍လည်း ကောင်း၊ ကိုယ်ရော စိတ်ပါ ညီညီညွတ်ညွတ် နေကြကုန်လော့၊ သာယာချမ်းမြေ့သော စကားကို ပြောဆိုကြကုန်လော့"

ဤသည်ကား ဂဂ်ဂါဝါဋ္ဌသဲစုမက ပွင့်တော်မူခဲ့ကြကုန်သော ဘုရားရှင်တို့၏ အဆုံးအမတည်း။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၈၁

ရန်ကို ရန်မပြုမှ ငြိမ်းဒေးသည်

"ဤလောက၌ ရန်တုံ့မူသဖြင့် ရန်တို့သည် တစ်ရံတစ်ခါမျှ မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းအေးကုန်၏"ဤတရားသဘောသည်ကား ရှေး၌ ဖြစ်သော ဘုရား၊ ပစ္စေကဗုဒ္ဓါတို့၏ သွားရာလမ်းကြောင်းတည်း။

ညီညွတ်ဒေသာင်ပြုသူ၏ ဓကာင်းကျိုး

"အပေါင်း၏ ညီညွတ်ခြင်းသည် ချမ်းသာ၏။ ညီညွတ်သော အပေါင်း၌ ခိုးမြောက်တတ်သော ညီညွတ်ခြင်း၌ မွေ့လျော်သော၊ ကောင်းသော အကျင့်တရား၌ တည်သောသူသည် ငြိမ်းအေးချမ်းသာမှုမှ မဆုတ်မယုတ်၊ အပေါင်းကို ညီညွတ်အောင် ပြုသောကြောင့် အာယုကပ်ပတ်လုံးနတ်ပြည်၌ နေရ၏။"

"ညီညွတ်ရန်ကိုသာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်လော့၊ ညီညွတ်ခြင်းကို အဆူဆူသော ဘုရားရှင်တို့ ချီးမွမ်းတော်မူပါ၏။ ညီညွတ်ခြင်းကို မွေ့လျော်ပျော်ပိုက်ကာ သုစရိုက်တရား (၁၀)ပါး၌တည်သော သူသည် ချမ်းသာရာအမှန်မှ မဆုံးရှုံးချေ။"

ဓကာသမ်ဗီရဟန်းတို့ အချင်းချင်း ငြင်းခုန်မှုဆဋ္ဌ ဆုံးမဩဝါဒစကား

"ချစ်သားတို့ မသင့်လျော်ဘူး မတော်ဘူး၊ ငြင်းခုံခြင်းကို မပြုကြကုန်လင့်၊ ခိုက်ရန်အမှုကို မပြုကြကုန်လင့်၊ ထိပါးနှောင့်ယှက်မှုကို မပြုကြကုန်လင့်၊ ဆန့်ကျင်ဘက်စကားကို မပြောကြကုန်လင့်။"

"ချစ်သားတို့ ခိုက်ရန်အမှု မည်သည်ကို တစ်ဦးတစ်ယောက်မျှ မပြုထိုက်။"

"ချစ်သားတို့ ညီညွတ်ကြကုန်သော ငြင်းခုန်မှုကို မပြုကြကုန်လင့်။"

"ချစ်သားတို့ ငြင်းခုံမှု ခိုက်ရန်ဖြစ်မှု၊ ထိပါး နှောင့်ယှက်မှု၊ ဆန့်ကျင်ဘက်စကားကို ပြောကြားမှုတို့ မည်သည် အကျိုးမဲ့ကို ပြုတတ်ကုန်၏။"

သာကီဝင်ဆွေမျိုး နှစ်ပြည်ထောင်မင်းတို့ ငြင်းခုန်ခိုက်ရန်ဖြစ်မှုဆိုး အဆုံးအမပေးစကား

"မင်းအပေါင်းတို့ . . ဆွေမျိုးအချင်းချင်း ငြင်းခုန်ခိုက်ရန် ဖြစ်ခြင်းသည် အလျင်းပင် မသင့်တော်ပါချေ။ ငြင်းခုံခိုက်ရန် ဖြစ်မှုသည် ပျက်စီးခြင်းအကြောင်းရင်း ဧကန်မှန်လှပါ၏။ အချင်းချင်း အပြန်အလှန် ငြင်းခုံကြသဖြင့် အချင်းချင်း အပြန်အလှန် သတ်ကြကုန်၏။"

"မင်းအပေါင်းတို့ . . ဆွေမျိုးတို့သည် ညီညွတ်ခြင်းကို ရှေးဦးစွာ ရယူသင့်ကုန်၏။ ညီညွတ်ခြင်းကို ရရှိကြပြီးလျှင် ဝမ်းမြောက်ဝမ်းသာ အချင်းချင်း မေတ္တာမာတ်နှီးနှောလျှက် ချစ်ကြည်သောနေခြင်းဖြင့် နေကြကုန်လော့။"

"အဆွေအမျိုးတို့ များကုန်မူကား ကောင်းကုန်၏။ တောဋ္ဌဖြစ်ကုန်သော သစ်ပင်တို့သည်လည်း များကုန်မူကား ကောင်းကုန်၏။ တစ်ပင်တည်းသာ တည်သော ကြီးစွာသော တောစိုးသစ်ပင်ကိုလည်း လေသည် လှန်နိုင်၏။"

ဤညီညွတ်ရေး အဆုံးအမ၌ စိတ်စေတနာမရှိသော သစ်ပင်တို့သည်ပင်လျှင် တစ်ပင်တည်း လွင်တီးခေါင်အရပ်၌ ပေါက်ရောက်တည်နေပါလျှင် လေမုန်တိုင်းဒဏ်ကြောင့် လဲကျပျက်စီးတတ်၏။ ထိုသို့မဟုတ် တစ်ပင်နှင့်တစ်ပင် အမှီပြုကာ အကိုင်းချင်းယှက် နွယ်ချင်းဆက်၍ တည်နေကြပါလျှင် လေမုန်တိုင်းဒဏ်ခံရသော်လည်း လဲကျပျက်စီးမှုမရှိနိုင်ပေ။

အလားတူစွာပင် ဆွေမျိုးများ ညီညွတ်စွာ ပေါင်းစုနေထိုင်ကြပါမူ ပြင်ပမှ စွက်ဖက်လာသော အမှောင့်ပယောဂများကြောင့် ပျက်စီးဆုံးရှုံးမှု မရှိနိုင်ပေ။ အမှောင့်ပယောဂရှိလာသော် ညီညွတ်မှုအားဖြင့် တွန်းလှန်ပယ်ဖျက်နိုင်ပါသည်။ လောကဓံ လေလှိုင်းသည် မည်မျှပင် ကြမ်းသော်လည်း ညီညွတ်မှုရှိပါလျှင် လောကဓံ လှိုင်းတံပိုးကို ခံနိုင်ပါ၏။

၈တတ်တော်လာ ညီညွတ်မှုကြောင့် ကောင်းကျိုးရပုံ

(က) ငုံးငှက်များ၏ စည်းလုံးညီညွတ်ခြင်းနှင့် ညီညွတ်ခြင်း၏ ကောင်းကျိုး

မုဆိုးတစ်ဦးသည် ငုံးငှက်များ ကျက်စားရာ အရပ်သို့ သွားရောက်ကာ ငုံးငှက်၏ အသံကဲ့သို့ မြည်တွန်၏။ ငုံးငှက်များစွာ ရောက်လာသောအခါ ပိုက်ကွန်ကိုပစ်၍ ငုံးငှက်အပေါင်းကို ဖမ်းယူလေ့ရှိ၏။

ခေါင်းဆောင်ငုံးငှက်မင်းသည် ငုံးအပေါင်းကို စုဝေးစေ၍ "ငုံးငှက်အပေါင်းတို့ ဤမုဆိုးသည် ငါတို့၏ ဆွေမျိုးငုံးငှက်အပေါင်းကို အကြိမ်ကြိမ် ပျက်စီးစေခဲ့၏။ ဤငှက်မုဆိုးကြီး ငါတို့ကို မဖမ်းယူနိုင်မည့် နည်းလမ်းကောင်းတစ်ခုကို စဉ်းစားမိပါ၏။ ငှက်မုဆိုးသည် ငါတို့အပေါ် ၌ ပိုက်ကွန်ကိုပစ်ချလျှင် ပစ်ချခြင်း ငုံးတစ်ကောင် တစ်ကောင်လျှင် ပိုက်ကွန်ပေါက်တစ်ပေါက်စီ တစ်ပေါက်စီ၌ ဦးခေါင်းကို စွပ်ထားကြပြီး တညီတညွတ်တည်း ပိုက်ကွန်ကို မ,ချီလျက် အလိုရှိရာ အရပ်သို့ ထောင်သွားကြကာ ဆူးခြုံတစ်ခုပေါ် ၌ ပစ်ချကြကုန်အံ့၊ ထိုသို့ ပစ်ချပြီး ငါတို့သည် ပိုက်ကွန်အောက်မှ ထွက်ကာ လိုရာအရပ်သို့ ပျံသွားကြကုန်အံ့" ဟုအကြံပြုပြောပြသည်။

ငုံးအပေါင်းသည် သဘောတူကြကာ နောက်တစ်နေ့၌ ငှက်မုဆိုး ပိုက်ကွန်ပစ်ချသော် ခေါင်းဆောင်ပြောပြသည့်အတိုင်း ညီညီညွတ်ညွတ် ပြုလုပ်ကြရာ အားလုံးပိုက်ကွန်ကလွတ်ပြီး ချမ်းသာရာရကြသည်။

(သမ္မောဒမာနဇာတက)

(ခ) ဗီလုံးငှက်မငယ် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့၏ ညီညွတ်မှုကြောင့် ဆင်ဆိုးကို အောင်နိုင်မှု

ဗီလုံးငှက်မတစ်ကောင်၏ ငှက်ငယ်များကို ဆင်ဆိုးကြီးသည် ဗီလုံးငှက်မ တောင်းပန်သည်ကို လက်မခံဘဲ ငှက်ငယ်များကို နင်းသတ်ခဲ့သည်။ ဗီလုံးငှက်မငယ်သည် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့ကို မိတ်ဆွေဖွဲ့ပြီးလျှင် ထို ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့၏ ညီညွတ်သော စုပေါင်းအင်အားဖြင့် ဆင်ဆိုးကြီးကို ချောက်ထဲကျစေကာ သေစေ၍ အောင်ပွဲခံခဲ့ကြသည်။

(လဋ္ဌကိဇာတက)

(ဂ) သမင်၊ ခေါက်ရှာငှက်နှင့် လိပ်တို့၏ ညီညွတ်မှု ကောင်းကျိုး

သမင်၊ ခေါက်ရှာငှက်၊ လိပ်တို့သည် အချင်းချင်း အဆွေခင်ပွန်းဖွဲ့ကာ ညီညွတ်စွာ နေခဲ့ကြသည်။ တစ်နေ့တွင် သမင်သည် မုဆိုး၏ကျော့ကွင်းတွင် အမိခံရသောအခါ ခေါက်ရှာငှက်နှင့်လိပ်တို့သည် မိမိတို့ညီညွတ်စည်းလုံးမှုအင်အား၊ မိမိတို့၏စွမ်းအားဖြင့် မုဆိုးကိုလှည့်ပတ်ကာ သမင်ကို မုဆိုးလက်မှ လွတ်စေသော အောင်ပွဲကိုရရှိနိုင်ခဲ့ကြသည်။

သမင်၊ ခေါက်ရှာငှက်၊ လိပ်တို့သည် တိရစ္ဆာန်များပင် ဖြစ်သော်လည်း ညီညွတ်သော စိတ်ဓာတ်ဖြင့် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ကူညီခဲ့ကြ၍ မုဆိုးလက်မှ လွတ်မြောက်ကာ ချမ်းသာရာကို ရခဲ့ကြသည်။

(ကုရုဂ်မိဂဇာတက)

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၈၅

(ဃ) ဝက်မင်း ဦးဆောင်မှုအောက်ဝယ် ညီညွတ်ကြ၍ ကျားရန်ကို အောင်နိုင်ခဲ့သော ကောင်းကျိုး

ကျားတစ်ကောင်သည် ဝက်အများနေရာ ပတ်ဝန်းကျင်တွင်နေ၍ တစ်နေ့ကို ဆူဖြိုးသော ဝက်တစ်ကောင် တစ်ကောင်ကို ဖမ်းယူစားသောက် နေလေ့ရှိသည်။

တစ်နေ့တွင် ခွန်အားကြီးမားပြီး အားအစွမ်းသတ္တိရှိသော တစ္ဆသူကရဝက်ကြီးသည် ထိုဝက်အုပ်သို့ ရောက်ရှိလာသည်။ ဝက်များက ကျား ဖမ်းစားနေမှု အခြေအနေကို ပြောပြသောခါ တစ္ဆသူကရက ခုခံစစ်ကို စနစ်တကျ စီမံပြုလုပ်ပြီး ဝက်အပေါင်း ညီညွတ်စွာဖြင့် ကျားရန်ကို ကာကွယ် ခဲ့ရာ ကျားကို အနိုင်တိုက်ခိုက်နိုင်ပြီး ကျားကို အကြံပေးနေသော ရသေ့ ယုတ်ကိုပါ အပြတ်တိုက်ခိုက် သုတ်သင်နိုင်ခဲ့သည်။

ဤဇာတ်တွင် ဝက်ခေါင်းဆောင် ဦးဆောင်မှုအောက်ဝယ် ဝက်အားလုံး စည်းလုံးညီညွတ်စွာ လိုက်နာဆောင်ရွက် ခဲ့ကြသောကြောင့် ကြီးမားသော ရန်သူကျားကို အောင်မြင်နိုင်ခဲ့ကြခြင်း ဖြစ်သည်။

(တစ္ဆသူရကဇာတက)

(င) ငါးများ စည်းလုံးညီညွတ်ခြင်း၏ ကောင်းကျိုး

လူတို့သည် ငါးတို့ကို မြို့ဖြင့်ထောင်ဖမ်းကြကုန်၏။ ငါးတို့သည် မြို့တစ်ခုဌ် စုဝေးနေမိကြသည်။ ရေမြွေတစ်ကောင်သည် ထိုငါးတို့ကို စားရန် မြို့ထဲသို့ဝင်လာလေသည်။ ငါးတို့သည် စည်းလုံးညီညွတ်စွာဖြင့် မြွေကိုခုခံကိုက်ဖြတ်ရာ မြွေသည် ဒဏ်ရာပြင်းစွာရလျက် မြို့ထဲမှ ထွက်ပြေးရသည်။ ငါးတို့သည် မြွေဝင်ရာ မြို့ပေါက်မှ ထွက်၍ မြွေကို ညီညွတ်စွာဖြင့် ဆက်လက်တိုက်ခိုက်ရာ မြွေသည် အသက်ဆုံးရှုံးရလေသည်။

(ဟရိတမက္ကဋကဇာတက)

(စ) ဝေသာလီ လိစ္ဆဝီမင်းတို့၏ ညီညွတ်ခြင်းကောင်းကျိုး

ဝေသာလီ လိစ္ဆဝီမင်းတို့သည် အလှည့်ကျ စနစ်ဖြင့် စုပေါင်းအုပ်ချုပ်ရေးစနစ်ကို ညီညွတ်စွာ ကျင့်သုံးခဲ့ကြသည်။ ဗုဒ္ဓထံမှ မိမိတို့၏ မဆုတ်ယုတ်ကြောင်း ကြီးပွားတိုးတက်ရာ တရား (၇)ပါးကို နာယူခဲ့ရသော အခါနှစ်မှစ၍ တိုင်းရေးပြည်ရွာကိစ္စများကို အညီအညွတ် စည်းဝေးခြင်း မကြာမကြာ စည်းဝေးခြင်း ပြုလုပ်၍ စီမံခန့်ခွဲကြ၏။

အစည်းအဝေးကို ရုပ်သိမ်းသောအခါ၌လည်း အစည်းအဝေးခန်းမဆောင်မှ တစ်ပြိုင်နက် ထွက်ခွာကြ၍ အစည်းအဝေးကို ရုပ်သိမ်းကြ၏။ မြို့စွန်နယ်ဖျား ရွာငယ် ဇနပုဒ်များ၌ ပုန်ကန်ထကြွမှုများ ဖြစ်ပေါ်နေကြောင်း ကြားသိလျှင် ချက်ချင်း အစည်းအဝေး ပြုလုပ်၍ နှိမ်နင်းမြဲ ဖြစ်သည်။

အရေးပေါ် အစည်းအဝေး ဆင့်ခေါ်ကြောင်း စည်သံ (ခေါင်းလောင်းသံ) အချက်ပေး သံချောင်းသံ ကြားလျှင်လည်း မိမိတို့၏ ကိုယ်ရေးအလုပ်ကိစ္စများကို ရပ်တန့်ကြ၍ အစည်းအဝေးခန်းမဆောင်သို့ လျင်မြန်စွာ လာရောက်ကြပြီး စည်းဝေးကြသည်။

ထမင်းစားနေဆဲဖြစ်လျှင်လည်း စားနေဆဲ ထမင်းကို ရပ်တန့်၍ အစည်းအဝေးသို့ ရောက်လာကြ၏။ အဝတ်အစားနှင့် အဆင်တန်ဆာများ ဆင်ယင်နေဆဲ ဖြစ်လျှင်လည်း တစ်ဝက်တစ်ပျက်နှင့်ပင် အစည်းအဝေးခန်းမသို့ လာ၍ အစည်းအဝေးတက်ရောက်ကြ၏။ ထိုသို့ နေ့စဉ်နှင့်အမျှ အစည်းအဝေးများ ရှိနေကြသော်လည်း အစည်းအဝေးတက်ရောက်ခြင်း၌ ဆုတ်နစ်သော စိတ်မရှိကြချေ။

ထို့ပြင်လိစ္ဆဝီမင်း တစ်ဦးတစ်ယောက်၏ အလုပ်ကိစ္စများ ဆုတ်ယုတ်နေကြောင်း ကြားသိရလျှင်လည်း ကြွင်းကျန်သော လိစ္ဆဝီမင်းများက

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ဘရ ညီများကို ဖြစ်စေ၊ သားများကိုဖြစ်စေ စေလွှတ်၍ ထိုမင်း၏ အလုပ်ကိစ္စကို ကူညီဆောင်ရွက်ပေး၏။

မိမိတို့နိုင်ငံသို့ ဧည့်သည်မင်းများ ရောက်လာလျှင်လည်း တာဝန် တိမ်းရှောင်သော စကားကို မပြောကြားဘဲ မင်းအားလုံးသည် အညီအညွတ် ချီးမြှောက်ပြုစုကြ၏။ မင်းတစ်ဦးဦး၏ မင်္ဂလာကိစ္စရှိလျှင်လည်း ဝိုင်းဝန်း၍ လုပ်ကိုင်ကြ၏။ အနာရောဂါ တစ်ခုခုဖြစ်လျှင်လည်း ကူညီဆောင်ရွက် ပေးကြ၏။

ဤသို့လျှင် လိစ္ဆဝီမင်းတို့သည် တိုင်းရေးပြည်ရာ ကိစ္စနှင့်လူမှုရေး ကိစ္စများကို အညီအညွတ် ဆောင်ရွက်ကြသည်။

ထိုသို့ လိစ္ဆဝီမင်းတို့၏ ညီညွတ်စွာ ဆောင်ရွက်မှုကြောင့် ဝေသာလီ ပြည်ကြီးသည် ကြီးကျယ်ခမ်းနားခြင်း၊ စည်ပင်သာယာခြင်း၊ ဖွံ့ဖြိုးတိုးတက် ခြင်း၊ ပစ္စည်းဥစ္စာများ ပေါကြွယ်ဝခြင်း၊ ငြိမ်းချမ်းမှု အပြည့်အဝရှိလေသည်။ သို့သော် နောက်ပိုင်းတွင် အဇာတသတ်မင်း၏ အကြံပေးပညာရှိ ဝဿ ကာရပုဏ္ဏား၏ သွေးခွဲ စည်းရုံးမှုကြောင့် လိစ္ဆဝီခေါင်းဆောင်တို့သည် တစ်ဦးနှင့်တစ်ဦး အထင်လွဲကြကာ -

- တစ်လမ်းတည်း မင်းသားနှစ်ပါး ယှဉ်တွဲ မသွားကြတော့။

- အစည်းအဝေး ဆင့်ခေါ်သောအခါ ချမ်းသာ ကြွယ်ဝသော မင်းတို့ စည်းဝေးကြကုန်လော။ ရဲရင့်သော မင်းတို့ စည်းဝေးကြကုန်လော။ ဟုဆိုကြကာ အစည်းအဝေး မတက်ကြကုန်။

ထိုအခါတွင်မှ ဝဿကာရ၏ ဖိတ်ခေါ် အကြံပေးချက်ဖြင့် အဇာ-တသတ်က ဝေသာလီကို တိုက်ခိုက်ရာ ဝေသာလီတစ်ပြည်လုံး စည်းလုံး ညီညွတ်မှု ပျက်ပြားသောကြောင့် အဇာတသတ် လက်အောက်ရောက်ပြီး ပျက်ပြုန်းသွားရတော့သည်။

(ဆ) ငုံးငှက်တို့၏ ပျက်စီးဆုံးရှုံးမှု

ငုံးငှက်တို့သည် ပထမ ငုံးခေါင်းဆောင်၏ အကြံပြုချက်ဖြင့် စည်းလုံး ညီညွတ်စွာ မုဆိုး၏ ပိုက်ကွန်ကို ခွိမထုတ်ယူနိုင်ခဲ့သဖြင့် အသက်ဘေးမှ ချမ်းသာရခဲ့ကြသည်။

နောက်တွင် တကောင်အပေါ် တစ်ကောင် နင်းမိကြရာမှ အငြင်းအခုံဖြစ်ပြီး ရန်ဖြစ်ကာ စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ကြသဖြင့် မုဆိုး၏ ပိုက်ကွန်ကို ညီညွတ်စွာ မရုန်းကြသဖြင့် မုဆိုး၏လက်တွင် အသက်သေဆုံးရှုံးပျက်စီးကြရသည်။

(ဇ) ရုက္ခစိုးနတ်နှင့် ဝက်ဝံတို့၏ ရန်ငြိုးကြောင့် ပျက်စီးဆုံးရှုံးရမှု

ကြို့ပင်အောက်တွင်နေသော ဝက်ဝံပေါ်သို့ လေတိုက်သဖြင့် သစ်ကိုင်းခြောက် ကျိုးကျရာ ကြို့ပင်စောင့်ရုက္ခစိုးက မိမိကို ပြုလုပ်သည်ဟု ထင်ပြီး ဝက်ဝံသည် ရန်ငြိုးထားကာ သစ်လာရာသော ပုဇွန်းလက်သမားကို ကြို့ပင်၏ အသားသည် ရထား၏ ဝင်ရိုး၊ ဘီး စသည်ပြုလုပ်ရန် ကောင်းသည်ဟု ကျောက်တွန်းပြောကာ ကြို့ပင်ကို ခုတ်လှဲယူစေသည်။

ထိုအခါ ကြို့ပင်စောင့် ရုက္ခစိုးက ဝက်ဝံကို ကလဲစားချလိုသော စိတ်ဖြင့် ဝက်ဝံသားရေဖြင့် ရထား တုတ်ကြိုးစသည် ပြုလုပ်ရန်ကောင်းသည်ဟု ပုဇွန်း လက်သမားကို ပြောပြရာ ပုဇွန်းလက်သမားက ဝက်ဝံကို သတ်၍အရေခွံကို ယူပြန်သည်။ ဤသို့ဖြင့် ကြို့ပင်စောင့် ရုက္ခစိုး ဗိမာန် ပျောက်ရသလို ဝက်ဝံလည်း သေကျပျက်စီးရသော ဆိုးကျိုးကို ခံစားကြရလေသည်။

(ဖန္ဒနဇာတက)

(စျ) ဖျံနှစ်ကောင် မညီညွတ်မှုကြောင့် ငါးကြင်းသားအကောင်း ဆုံးရှုံးရပုံ

ဖျံနှစ်ကောင်သည် ငါးကြင်းတစ်ကောင်ကို ရလာပြီး သူက ဦးခေါင်းပိုင်း ရသင့်သည်၊ ငါက ဦးခေါင်းပိုင်း ရသင့်သည်ဟု ငြင်းခုံမှု ဖြစ်ကြရာကြားက မြေခွေးက တရားသူကြီးလုပ်ပြီး (၃)ပိုင်း ပိုင်းကာ မြေခွေးက တရားသူကြီးလုပ်ခဆိုပြီး အလယ်အကောင်းဆုံး အသားပိုင်းကို ယူသွားသဖြင့် ဖျံနှစ်ကောင်မှာ အချင်းချင်း မညီညွတ်မှုကြောင့် မိမိတို့ ရလဒ်ကောင်းကျိုးဆုံးရှုံးသွားရသည်။

(ဒဿပုပ္ဖဇာတက)

ညီညွတ်ရေးအဓိဋ္ဌာန်ချက်

"ရန်လိုနေသော သူတို့၌ ရန်မလိုကုန်သည်ဖြစ်၍ ချမ်းချမ်းသာသာ အသက်မွေးနေလိုကြပါကုန်၏။ လူအများစုက ရန်လိုနေကြချိန်မှာပင် ကျွန်ုပ်တို့သည် ရန်မလိုဘဲ နေကြပါကုန်စို့။"

မညီညွတ်ကွဲပြားခြင်းတရား (၆)ပါး

၁။ အမျက် (ဒေါသ) ကြီး၍ ရန်ငြိုးဖွဲ့လေ့ရှိခြင်း။

၂။ သူ့ကျေးဇူးကို ခေ့ျဖက်၍ ဂုဏ်တဂုဏ်ပြုင်လေ့ရှိခြင်း။

၃။ မနာလိုဝန်တိုလေ့ရှိခြင်း။

၄။ ကောက်ကျစ်စဉ်းလဲ၍ လှည့်စားတတ်ခြင်း။

၅။ ယုတ်ညံ့သော အလိုဆိုးရှိသည်ဖြစ်၍ မှားယွင်းစွာယူလေ့ရှိခြင်း။

၆။ မှားယွင်းစွာ သုံးသပ်ဆင်ခြင်အပ်သော မိမိ၏အမှုကို တရားသေဆုပ်ကိုင်ထားပြီး စွန့်လွှတ်ရန် ဝန်လေးတတ်ခြင်း။

ရှင်ဒေဝဒတ် သံဃာကိုကွဲးခဲ့မှု၏ အကျိုးရလဒ်

ရှင်ဒေဝဒတ်သည် သံဃာကို ကိုကွဲးခဲ့ခဲ့သောကြောင့်-

၁။ မိမိရထားသော အဘိညာဉ်များ ကွယ်ပျောက်ခဲ့ရသည်။

၂။ ဘုရားရှင်ကို အမျိုးမျိုးလုပ်ကြံခဲ့သဖြင့် ဘုရားရှင်ကို ဖူးခွင့်မရ။

၃။ မိမိဒါယကာရင်း အဇာတသတ်မင်းက စွန့်ပစ်ခံခဲ့ရသည်။

၄။ နောက်ဆုံးမြေမျိုခံခဲ့ရသည်။

ဝေသာလီ လိစ္ဆဝီမင်းတို့၏ ပျက်စီးမှု

အဇာတသတ်မင်းသည် ဝေသာလီနိုင်ငံ၏ ကြီးကျယ်မှု၊ စည်းလုံးမှု၊ ညီညွတ်မှုကြောင့် တိုက်ခိုက်မရနိုင်သောအခါ ဝေဿကာရပုဏ္ဏားဏ၏ အကြံဖြင့် ဝေဿကာရ ပုဏ္ဏားကိုယ်တိုင် သူလျှိုလုပ် ဝင်စေပြီး ဝေသာလီမင်းညီမင်းသားတို့ကို သွေးခွဲစကားဆိုကာ သွေးခွဲခဲ့သည်။

သို့အတွက် ညီညွတ်သော ဝေသာလီမင်းတို့သည် -

- အချင်းချင်း မယုံမကြည်ဖြစ်လာကြကာ မသင့်မတင့်ဖြစ်လာကြသည်။
- အချင်းချင်း ကွဲပြားလာကြသည်။
- အချင်းချင်း မေတ္တာမဲ့လာကြသည်။

တိုင်းပြည်/မိသားစုကြီးပွားချမ်းသာရေးကျင့်ဝတ်များ

လွန်ခဲ့သော နှစ် ၂၅၅၀-ကျော်က အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဂေါတမသည် လူ့လောက လူ့သဘာဝ အမှန်တရားကို ဖော်ထုတ်ဟောပြ လမ်းညွှန်ခဲ့ရာတွင် လောကလူ့ဘုံရှိ လူသားဟူသမျှတို့သည် လူ့ဘဝ ရပ်တည်နိုင်ရေးအတွက် (ဝါ) စား, ဝတ်, နေ, ရေးအတွက် အလုပ်ကို ကြိုးစား လုပ်ကိုင်ကြရသည်။ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" သတ္တဝါမှန်သမျှ အသက်ရှင်ရေးအတွက် အာဟာရတည်းဟူသော လူ့အသုံးအဆောင်များကို မှီဝဲနေရသည်။ လူ့အသုံးအဆောင် အာဟာရစသော ပစ္စည်းများ ရရန်အတွက် လူသုံးပစ္စည်း ထုတ်လုပ်သောအလုပ်ကို လုပ်နေရသည်။ အလုပ်ဟူသည် တစ်စုံတစ်ခုကို ရရှိရန် ရည်ရွယ်၍ လုပ်ဆောင်နေရမှုဖြစ်သည်။

မိမိစွမ်းအားဖြင့် စားဝတ်နေရေး အဆင်ပြေအောင် အလုပ်လုပ်နေမှုကို ဥစ္စာစီးပွားရှာသည်ဟု ဆိုကြပါသည်။ ဗုဒ္ဓသည် လောကလူသားတို့ စားဝတ်နေရေးအတွက် ဈေးရောင်းမှု၊ စီးပွားရှာမှု၊ ကုန်ထုတ်မှုနှင့် ပတ်သက်၍ လူသားတို့အား လမ်းညွှန်မှုပြု၍ ဟောပေးထားပါသည်။

ထိုဟောကြားလမ်းညွှန်ချက်များသည် ယနေ့အထိ လူသားတို့အား အကျိုးပြုလျက်ရှိနေပါသည်။ သို့အတွက် ဤကျင့်စဉ် ယဉ်ကျေးမှုကို လေ့လာပြီး ဆောင်ရွက်ကြရပါမည်။

လောက၌ရခဲသောအရာများ

ဤလောက၌ အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်၊ ခဲယဉ်းသဖြင့် ရအပ်သောတရားတို့သည် (၄)မျိုးရှိသည်။

ဘောဂသမ္ပတ္တိ - စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်း။

ပရိဝါရသမ္ပတ္တိ - အခြံအရံနှင့် ပြည့်စုံခြင်း။

အာရောဂျသမ္ပဒါ - အနာရောဂါကင်းရှင်း ကျန်းမာခြင်းနှင့် ပြည့်စုံခြင်း။

ဇီဝိတသမ္ပဒါ - အသက်ရှည်စွာနေထိုင်ရခြင်းနှင့် ပြည့်စုံခြင်း။

* ဒိဋ္ဌသမ္ပတ္တိ - နတ်ဘဝစည်းစိမ်နှင့် ပြည့်စုံရခြင်း။

- တရားနှင့်အညီ စည်းစိမ်ဥစ္စာတို့ ဖြစ်ခြင်းကြောင့် ကိုယ်ချမ်းသာ စိတ်ချမ်းသာစွာ ခံစားသုံးဆောင်နိုင်သည်။

- တရားနှင့်အညီ စည်းစိမ်ဥစ္စာတို့ရ၍ ဆွေမျိုး မိတ်ဆွေ အခြံအရံဖြင့် ချမ်းသာစွာနေရသည်။

- တရားနှင့်အညီ စည်းစိမ် ဥစ္စာကိုရ၍ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ စောင့်ရှောက်နိုင်ခြင်းဖြင့် ချမ်းသာစွာ နေရသည်။

- တရားနှင့်အညီ စည်းစိမ်ဥစ္စာကိုရ၍ အသက်ရှည်စွာနေပြီး နောက် သေသောအခါ နတ်ရွာသုဂတိသို့ ရောက်ရခြင်း။

စည်းစိမ်ဥစ္စာ စသည်တို့နှင့် ပြည့်စုံခြင်းတို့သည်ကား ရခဲသော အရာများဖြစ်ကြသည်။ ယင်းတို့ကို လူသားတို့သည် ခေတ်အဆက်ဆက် လိုလားတောင့်တ ရှာဖွေခဲ့သော်လည်း ပြည့်စုံစွာ ရရှိသူနည်းကြသည်။ အတိတ်ကံလည်း ပြည့်ဝ၊ ပစ္စုပ္ပန် ဉာဏ်,ဝီရိယလည်း ရှိကြသူများသာ ပြည့်စုံကြရပါသည်။

ထိုသို့ ပြည့်စုံသည်ဆိုသော်လည်း အားလုံးတစ်ပေါင်းတည်း ပြည့်စုံကြသည်မဟုတ်ပါ။ အချို့က ဥစ္စာစည်းစိမ်ပြည့်စုံသော်လည်း၊ အခြံအရံ မပြည့်စုံ။ ကျန်းမာရေးမပြည့်စုံ။ အချို့က အခြံအရံ၊ ကျန်းမာရေး ပြည့်စုံသော်လည်း ဥစ္စာစည်းစိမ် မပြည့်စုံဖြစ်ကြရသည်။ ဥစ္စာစည်းစိမ်,

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၁၉၃ အခြံအရံ ပြည့်စုံသော်လည်း ဒါနမှု၊ သီလမှု မရှိကြ၍ သေသောအခါ နတ်ရွာ သုဂတိ ရောက်မှု မပြည့်စုံကြပါ။

ရဲစေသော ဤတရား (၄)မျိုး ပြည့်စုံရန်

၁။ သဒ္ဓါသမ္ပဒါ - ယုံကြည်မှုတရားနှင့် ပြည့်စုံရမည်။

၂။ သီလသမ္ပဒါ - အကျင့်စာရိတ္တကောင်းနှင့် ပြည့်စုံရမည်။

၃။ စာဂသမ္ပဒါ - ပေးလှူခြင်း စွန့်ကြဲခြင်းနှင့် ပြည့်စုံရမည်။

၄။ ပညာသမ္ပဒါ - အသိ သတိပညာနှင့် ပြည့်စုံရမည်။

ဤပြည့်စုံမှု (သမ္ပဒါ)တရား လေးပါးသည် မျက်မှောက်ဘဝ၌ စည်းစိမ်ဥစ္စာနှင့် အခြံအရံ တိုးပွားရန် အခြေခံဖြစ်သကဲ့သို့ အနာဂတ် ဘဝ၌လည်း စည်းစိမ်ဥစ္စာ အခြံအရံ တိုးပွားရန် အခြေခံ ဖြစ်နေရပြန်ပါသည်။

အတိတ်ဘဝက သမ္ပဒါလေးပါး ပြည့်စုံ၍ ကံကောင်းသူများသည် မျက်မှောက်ဘဝ၌ ဉာဏ်, ဝီရိယစိုက်ထုတ် လုပ်ပါက စည်းစိမ်ဥစ္စာများ လွယ်ကူစွာ တိုးတက်ဖြစ်ထွန်းပါသည်။

လူ့လောက၌ ရွှေငွေဥစ္စာ ရတနာများ၊ လယ်ယာ ဥယျာဉ်၊ ကွဲ၊ နွား စသည့် မနုဥစ္စာအဖြာဖြာတို့နှင့် ပြည့်စုံကြွယ်ဝခြင်းကို ဘောဂသမ္ပတ္တိ ဟုခေါ်သည်။

ပစ္စည်းဥစ္စာကြွယ်ဝမှု အကြောင်းများ

ဧကပဒဇာတ်၌ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာကြောင်း တစ်ခုတည်းသော အကြောင်းဖြင့် အကျိုးများစွာပြီးမြောက်စေနိုင်သောနည်းကို သားက ဖခင်ကို မေးသည်။

"တစ်ခုတည်းသော အကြောင်းဟူသည် လာဘ်သပ်ပကာ အကျိုးများစွာကို ပြီးစေရာ၌ ကျွမ်းကျင်သူ၏ ဉာဏ်နှင့်ယှဉ်သော လုံ့လသည် အကျင့်(သီလ)နှင့် ယှဉ်တွဲပြီး၊ သည်းခံနိုင်ခြင်း ဂုဏ်နှင့် ပြည့်စုံလေသော် မိတ်အပေါင်းကို ချမ်းသာစေရန် ရန်သူအပေါင်းကို ဆင်းရဲစေရန် အစွမ်းထက်လှ၏။" (ဇာ၊ ၌၊ ၂-၂၁၆)

သား၏အမေးကို ဖခင်က ဖြေကြားမှုဖြစ်သည်။ ဤအဖြေ၌ စည်းစိမ်ဥစ္စာ လာဘ်သပ်ပကာ စသောအကျိုးများစွာကို ပြီးစေ ရစေနိုင်သော တစ်ခုတည်းသော အကြောင်းတရားမှာ -

- ဉာဏ်နှင့်ယှဉ်သော ဝီရိယဖြစ်ကြောင်း၊
- ထိုဝီရိယသည်အကျင့်သီလနှင့် သည်းခံနိုင်ခြင်း လွှမ်းခြုံမှုသာ ပိုမိုအကျိုးဖြစ်ထွန်းနိုင်ပါသည်ဟု အဖြေထုတ်၍ ရပါသည်။

သံယုတ် အာဠာဝကသုတ်၌ အာဠာဝကဘီလူးက ဗုဒ္ဓကို ဥစ္စာပစ္စည်းရနိုင်သောနည်းကိုမေးရာ ဗုဒ္ဓက -

(၁) ပဋိရူပကာရီ - ကာလ, ဒေသနှင့်လျော်သော လုပ်ငန်းကို ပြုလုပ်ခြင်း။

(၂) ဓုရဝါ - စိတ်က လုံ့လပြဋ္ဌာန်းခြင်း၊ စိတ်ထက်သန်မှု ရှိနေခြင်း။

(၃) ဥဋ္ဌာတာ - ကိုယ်ဖြင့် လုံ့လပြုလုပ်ခြင်း၊ လက်တွေ့လုပ်ဆောင်မှုပြုခြင်း။

သဠာယတနဝဂ္ဂသံယုတ် ဂါမဏိသံယုတ် ကုလသုတ်၌ ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာကြောင်း (၃)ပါးဟောထားသည်။

(၁) ဒါန - ပေးကမ်းလှူဒါန်းခြင်း။

- ဒါနသည် လိုအပ်သမျှသော နတ်လူတို့၏ စည်းစိမ်ဥစ္စာကို ပေးနိုင်၏။ (နိဓိကဏ္ဍသုတ်)
- ဒါနသည် ထူးကဲမွန်မြတ်သော လောကီစည်းစိမ်ဥစ္စာကို ပေးစွမ်းနိုင်၏။ (ပါထိကဝဂ် ဋီကာ)
- ဒါနသည် သိကြားမင်း စည်းစိမ်၊ မာရ်နတ်မင်း စည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြာမင်းစည်းစိမ် စသော လောကီစည်းစိမ်၊ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်ဟူ ဆိုအပ်သော လောကုတ္တရာစည်းစိမ်ကို ပေးစွမ်းနိုင်၏။ (သုတ်မဟာဝါ အဋ္ဌကထာ)
- ဒါနသည် မိမိသူတစ်ပါး နှစ်ဦးသားတို့၏ အကျိုး၊ ပစ္စုပ္ပန်လောက၊ တမလွန်လောကအကျိုး အမျိုးမျိုးကို ပြီးစေနိုင်၏။ အခြံအရံ အကျော်အမော် ကျက်သရေမင်္ဂလာစည်းစိမ် ချမ်းသာတို့ကိုလည်း ပေးစွမ်းနိုင်၏။ တရားသဖြင့် ရရှိထားသော စည်းစိမ်ဥစ္စာတို့ဖြင့် တရားထူးရပြီးသော ပုဂ္ဂိုလ်အား လှူဒါန်းလျှင် ငရဲကြီး ရှစ်ထပ်၊ ငရဲငယ်(၆)ထပ်တို့ကို လွန်မြောက်၍ နိဗ္ဗာန်သို့လားရောက်နိုင်၏။ (သံယုတ်ပါဠိတော်)
- အလှူဒါနပြုသူသည် လူ့ဘဝ၊ နတ်ဘဝတို့၌ဖြစ်မူ အလှူဒါနမပြုသူထက် ပို၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံ အကျော်အစောများခြင်း၊ အစိုးရခြင်း ဟူသောအကြောင်း (၅)မျိုးဖြင့် အမြဲတမ်း သာလွန်သည်။ ရဟန်းဘဝ၌ဖြစ်မူ အခြားရဟန်းတို့ထက်

ပစ္စည်းလေးပါးကို မတောင်းခံဘဲ လွယ်ကူစွာ သုံးစွဲရခြင်း ဟူသော အကျိုးငါးပါးရရှိနိုင်သည်။ (အံ၊ ပဉ္စကနိပါတ၊ သုမနသုတ်)

- အတိတ်ဘဝက အစား, အဝတ်, ပန်း, နံ့သာပျော်း, အိပ်ရာ, နေရာကျောင်း, ဆီမီးတို့ကို လှူဒါန်းခဲ့ဖူးသော သူများသည် မျက်မှောက်ဘဝ၌ ချမ်းသာကြွယ်ဝပြီး၊ မလှူဖူးသူများ ဆင်းရဲမွဲတေရသည်။ (ဥပရိပဏ္ဏာသ၊ သုဘသုတ်)

- အလှူဒါနသည် အလှူပေး အလှူခံ (၂)ဦးစလုံး၏စိတ်ကို နူးညံ့ပျော့ပျောင်းအောင်ပြုနိုင်၏။ မလိမ္မာမယဉ်ကျေးသူကို လိမ္မာယဉ်ကျေးအောင် ပြုနိုင်စေ၏။ မိမိစကား နားမထောင်သူကို နားထောင်စေ၏။ (ပါထိကဝဂ် အဋ္ဌကထာ)

ဒါန၏ ဒိဋ္ဌအကျိုးရပုံ

၁။ လူအများချစ်ခင်မြတ်နိုးခံရခြင်း၊

၂။ သူတော်ကောင်းတို့ ချဉ်းကပ်လာခြင်း၊

၃။ ကောင်းသော အကျော်အစောသတင်းပျံ့နှံ့ခြင်း၊

၄။ ပရိသတ်လေးပါးသို့ ရဲရင့်စွာ ချဉ်းကပ်သွားလာနိုင်ခြင်း၊

၅။ သေသောအခါ နတ်ရွာ သုဂတိရောက်ရခြင်း။

(အံ-၂-၃၃၊ သီဟစ်သူကြီး)

လက်ငင်းအကျိုးရမှု

၁။ ပစ္စယဓမ္မိက - ခိုးဆိုးတိုက်ခိုက်ရသော ပစ္စည်းမဟုတ်၊ စင်ကြယ်သော ပစ္စည်းဖြစ်ခြင်း။

၂။ စေတနာမဟတ္တ - စေတနာသုံးတန် လွန်ကဲ မွန်မြတ်ခြင်း။

၃။ ဂုဏာတိရေက - အလှူခံပုဂ္ဂိုလ်က ဂုဏ်ထူးဝိသေမြင့်မြတ်ခြင်း။

၄။ ဝတ္ထုသမ္ပတ္တိ - ရဟန္တာပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထ,ကာစဖြစ်ခြင်း။ (အံ-၄-၃-၂၀-၁၇)

(၂) သစ္စ - မှန်ကန်စွာ ပြောဆိုခြင်း။

- ဝိသမလောဘကြီး၍ မမှန်မကန် ပြောဆိုလုပ်ကိုင်သူများ၊ အကြောင်းမသိခင် ပြောသမျှ အောင်မြင်မှုရနိုင်သော်လည်း အကြောင်းကို သိသောအခါ လူအများယုံကြည်မှု နည်းပါး၍ အားပေးမှုမပြုသောကြောင့် လုပ်ငန်းမအောင်မြင်တော့ဘဲ ဆုတ်ယုတ်သွားရ၏။ မှန်မှန်ကန်ကန် ကြံစည်ပြောဆို ပြုလုပ်ခြင်းကြောင့် အမည်ကောင်းသတင်း ကျော်စောခြင်းသို့ ရောက်ရ၏။ (သံ-၁-၂၁၇)

- မှန်မှန်ကန်ကန် ပြောဆို ပြုလုပ်သူများမှာ ပတ်ဝန်းကျင်၌ နာမည်ကောင်း၊ သတင်းကောင်း ပျံ့သင်းလျက် လူအများ ယုံကြည်အားထားမှုကို ရရှိသည်။ ထိုသို့နာမည်ကောင်းရှိသူများမှာ လုပ်ငန်းကိစ္စပြုလုပ် ရာ၌ အောင်မြင်မှုရ၍ စည်းစိမ်ဥစ္စာ တိုးပွားပြည့်စုံ နိုင်ပါသည်။

- သို့တွက် စျေးရောင်းဝယ်ရာ၌ဖြစ်စေ၊ ကုန်သွယ်ရာ၌ဖြစ်စေ၊ ကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရာ၌ဖြစ်စေ၊ အမှု

ထမ်း အရာထမ်း ပြုလုပ်ရာ၌ဖြစ်စေ၊ အခြားသော လုပ်ငန်းအသီးသီးကို ပြုလုပ်ရာ၌ဖြစ်စေ မှန်ကန်စွာ ပြုလုပ်ပြောဆိုခြင်း ဟူသော သစ္စာတရားကို လက်ကိုင်ထားပါက ကြီးပွားချမ်းသာကြမည်။

(၃) သီလ - ကိုယ်ကျင့် (သီလ) ရှိခြင်း

- လူ့ဝိနည်း လူ့စည်းကမ်း ဟူသော မိဘဝတ်၊ သားသမီးဝတ်၊ ဆရာဝတ်၊ တပည့်ဝတ် စသောအကျင့်များသည် စာရိတ္တသီလ၊ ပညတ်ထားအပ်သော ဒုစရိုက် (၁၀)ပါး၊ ငါးပါးသီလ စသည်တို့သည် ဝါရိတ္တသီလ ဤသီလနှစ်ပါး ပြည့်စုံက ဥစ္စာစီးပွားပြည့်စုံနိုင်သည်။
- ဤလောက၌ သီလမရှိသော သီလပျက်စီးသော ပုဂ္ဂိုလ်သည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာတို့ ပျက်စီးဆုံးရှုံးခြင်းသို့ရောက်ရ၏။ မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာတို့ကိုရရှိ၏။

ဥစ္စာ ပစ္စည်း ကြွယ်ဝချမ်းသာကြောင်း (၇)ပါး

၁။ ဥဋ္ဌာနဝါ - လုံ့လရှိရခြင်း။
၂။ သတိမာ - သတိရှိရခြင်း၊ သမွဇ္ဈန်နှင့် ပြည့်စုံရခြင်း။
၃။ သုစိကမ္မ - ကိုယ် နှုတ် နှလုံး စင်ကြယ်ခြင်း။
၄။ နိသမ္မကာရီ - စုံစမ်းဆင်ခြင်၍ ပြုလုပ်လေ့ရှိခြင်း။
၅။ သညတ - ကိုယ်နှုတ် နှလုံး စောင့်ထိန်းခြင်း။
၆။ ဓမ္မဇီဝီ - တရားနှင့်လျော်စွာ အသက်မွေးခြင်း။
၇။ အပ္ပမတ္တာ - မေ့လျော့ပေါ့ဆမှုမရှိခြင်း။

(ဓမ္မပဒ၊ ကုမ္ဘယောသကဝတ္ထု)

ချမ်းသာ(၄)မျိုး

ကာမဂုဏ်ခံစား ထိုပဂ္ဂိုလ်တို့ သင့်လျော်သော အချိန်အခါကို စွဲ၍ ရအပ်သော ချမ်းသာတို့သည် (၄)မျိုးရှိသည်။

၁။ အတ္ထိသုခ - ရှိမှုချမ်းသာ
- ဤလောက၌ အမျိုးကောင်းသားအား လက်ရုံးအားကို ဆည်းပူး၍ ချွေးဒီးဒီးကျ ဖြစ်စေအပ်ကုန်သော တရားနှင့်ယှဉ်သော တရားသဖြင့် ရအပ်ကုန်သော၊ ထက္ကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့သည် ဖြစ်ကုန်၏။ ထိုစည်းစိမ်တို့သည် ငါအားရှိ၏ဟု ချမ်းသာမှု ရ၏။ ဝမ်းမြောက်မှု ရ၏။ ဤသည်မှာ ရှိမှုချမ်းသာဖြစ်၏။

၂။ ဘောဂသုခ - သုံးဆောင်မှုချမ်းသာ
- ဤလောက၌ အမျိုးကောင်းသားသည် လုံ့လအားထုတ်၍ စည်းစိမ်တို့ကိုရ၏။ ထိုစည်းစိမ်တို့ဖြင့် ချမ်းသာစွာ နေရ၏။ ကုသိုလ်မှုပြု၍ နေရ၏။ ထိုသို့နေရ ဒါနပြုရ၍ ဝမ်းမြောက်မှုကို ခံစားနေရခြင်းသည် သုံးဆောင်မှုချမ်းသာဖြစ်၏။

၃။ အာဏဏျသုခ - ကြွေးမြီမရှိမှုချမ်းသာ
- ဤလောက၌ အမျိုးကောင်းသားသည် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသော ကြွေးမြီကို မပေးဆပ်ရ။ ထိုသို့ မပေးဆပ်ရမှုသည် ကြွေးမြီ မရှိမှုချမ်းသာဖြစ်၏။

၄။ အနဝဇ္ဇသုခ - အပြစ်မရှိသောချမ်းသာ
- ဤလောက၌ အမျိုးကောင်းသားသည် အပြစ်မရှိသော ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြည့်စုံ၏။ ထိုပြည့်စုံမှုသည် အပြစ်မရှိသော ချမ်းသာ ဖြစ်၏။

ချမ်းသာခြင်းသုခ (၃)မျိုး

၁။ မနုဿသုခ - လူဘဝ၌ဖြစ်သော ချမ်းသာ
- လူဘဝ၌ဖြစ်သော သာယာ နှစ်သက်ဖွယ်ရာ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဟူသော ငါးဖြာအာရုံ ကာမဂုဏ်တို့နှင့် ပြည့်စုံစွာနေရခြင်းကြောင့် ဖြစ်ပေါ် ခံစားရသော ချမ်းသာမျိုး ဖြစ်သည်။

၂။ ဒိဗ္ဗသုခ - နတ်ဘဝ၌ဖြစ်သော ချမ်းသာ
- နတ်ဘုံ၊ နတ်နန်း၌ဖြစ်သော နှစ်သက်ဖွယ်ရာ အာရုံငါးပါး ကာမဂုဏ်တို့ဖြင့် ပြည့်စုံစွာ ခံစားစံစားရသော ချမ်းသာမျိုးဖြစ်သည်။

၃။ နိဗ္ဗာနသုခ - နိဗ္ဗာန်ချမ်းသာ
- တဏှာကင်းပြတ်ပြီး ကိလေသာအပူများ မရှိတော့သဖြင့် လုံးဝ အေးငြိမ်းချမ်းသာသော ချမ်းသာမျိုး ဖြစ်သည်။

ချမ်းသာ (သုခ) (၃)မျိုး

၁။ ကာမသုခ - လူ့ဘဝ နတ်ဘဝ၌ ဖြစ်သော နှစ်သက်ဖွယ်ရာ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၂၀၁

ဟူသော ငါးဖြာအာရုံ ကာမဂုဏ်တို့ကို ရရှိခံစား ရာမှ ဖြစ်ပေါ်လာသော ချမ်းသာမျိုးဖြစ်သည်။

၂။ စျာနသုခ - ကိုယ်တိုင် ကြိုးစားအားထုတ်သဖြင့် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ ဖြစ်ပေါ် လာသောအခါ ဖြစ်ပေါ်လာသော ချမ်းသာမျိုး ဖြစ်သည်။

၃။ နိဗ္ဗာနသုခ - ဆင်းရဲဟူသမျှ မြူမျှမရှိ ကိလေသာကင်းပြတ်သော အလွန်မွန်မြတ် အေးချမ်းသာယာသော ချမ်းသာမျိုး ဖြစ်သည်။

ရေရှည်ချမ်းသာ ကြွယ်ဝကြောင်း (၄)ပါး

လူ့လောက၌ ဥစ္စာကြွယ်ဝချမ်းသာသူ များစွာရှိ၏။ လူသားအားလုံး ရေရှည်ချမ်းသာ ကြွယ်ဝသည်မဟုတ်။ အချို့မှာ အခိုက်အတန့် ချမ်းသာပြီး၊ မကြာမီ ဆင်းရဲသွားတတ်သည်။ အချို့မှာ မိဘလက်ထက် ချမ်းသာကြွယ်ဝသော်လည်း သားသမီးများလက်ထက် ဆင်းရဲသွားတတ်ကြသည်။ အချို့မှာ မိဘလက်ထက်မှသည် သားမြေးစဉ်ဆက်တိုင်အောင် ချမ်းသာကြသည်။ ရေရှည် မချမ်းသာခြင်းသည် ရေရှည် ချမ်းသာ ကြွယ်ဝသော နည်းလမ်း ချို့တဲ့သောကြောင့် ဖြစ်ပါသည်။

ရေရှည် ချမ်းသာမှုဖြစ်စေသော အကြောင်း (၄)ပါးမှာ-

၁။ ပျောက်သော စည်းစိမ်ကို ရှာမှီးခြင်း။

၂။ ဆွေးမြေ့ဟောင်းနွမ်းသော ပစ္စည်းကို ထပ်မံပြုပြင်ခြင်း။

၃။ အတိုင်းအရှည် ရှိသဖြင့် စားသောက်ခြင်း။

၄။ အကျင့်သီလရှိသော မိန်းမကိုဖြစ်စေ၊ ယောကျ်ားကို ဖြစ်စေ ဘဏ္ဍာစိုး ခန့်ထားပေးရခြင်း။

ပစ္စည်းဥစ္စာ သုံးစွဲသင့်သော အကြောင်း (၅)မျိုး

ဤလောက၌ ထကြွလှုံ့လ ပြုမူကြောင့် ရအပ်သော လက်ရုံးခွန်အားဖြင့် ဆည်းပူးစုဆောင်းထားအပ်ကုန်သော၊ ချွေးတဒီဒီး ယိုစီးကျအောင် ကြိုးစားသဖြင့် ရရှိအပ်သော တရားသဖြင့် ယှဉ်၍ရအပ်ကုန်သော ပစ္စည်း ဥစ္စာတို့ကို -

၁။ မိမိနှင့်မိဘ၊ သားမယားတို့ကို ချမ်းချမ်းသာသာ နေနိုင်အောင် ပြုလုပ်နိုင်ခြင်း။

၂။ မိတ်ဆွေ၊ အပေါင်းအသင်းတို့ကို ခီးမြှောက်ထောက်ပံ့နိုင်ခြင်း။

၃။ ရန်သူမျိုးငါးပါးကို တားဆီးနိုင်၍ မိမိကိုယ်ကို ဘေးရန်ကင်းအောင် ပြုလုပ်နိုင်ခြင်း။

၄။ ဗလိငါးသွယ်ဟူသော -

(က) ဉာတိဗလိ - ဆွေမျိုးတို့အား ပေးကမ်းပူဇော်ခြင်း။

(ခ) အတိထိဗလိ - ဧည့်သည်တို့အား ပေးကမ်းပူဇော်ခြင်း။

(ဂ) ပုဗ္ဗပေတဗလိ - သေလွန်ပြီးသော မိဘဆွေမျိုး တို့အား ရည်စူး၍ လှူဒါန်းပူဇော်ခြင်း။

(ဃ) ရာဇဗလိ - မင်းအား ပေးကမ်းပူဇော်ခြင်း။

(င) ဒေဝတာဗလိ - နတ်တို့အား ပူဇော်ခြင်း။

ဟူသော ဗလိငါးသွယ် ပူဇော်ပွဲကို စီမံပြုလုပ်နိုင်ခြင်း။

၅။ ရဟန်း သူတော်ကောင်းတို့အား လှူဒါန်းနိုင်ခြင်း။

ချမ်းသာခြင်းနှင့် အခြေအရံဆုတ်ယုတ်ခြင်း အကြောင်း (၇)ပါး

၁။ အဘိဏှာ - မက်မောခြင်း။

- သူတစ်ပါး စည်းစိမ်ဥစ္စာကို မက်မောခြင်း၊ မတရား ရယူလိုခြင်း၊ ယင်းကို တရားမမျှမှု လွန်ကဲမှုတို့ ကြောင့် ဝိသမလောဘ ဟုခေါ်သည်။ ဝိသမ လောဘသည် စည်းစိမ်ချမ်းသာနှင့် အခြံအရံကို ပျက်စီးမှုကို ဖြစ်စေတတ်ပါ၏။

၂။ ဗျာပါဒ - ပျက်စီးစေလိုခြင်း။

- သူတစ်ပါးကို မနာလို ဝန်တိုမှုကြောင့် ပျက်စီး စေရန် စိမ်ရင်း မိမိပါ ပျက်စီးဆုံးရှုံးရခြင်း။

၃။ ထိန - စိတ်၏လေးလံ ထိုင်းမှိုင်းခြင်း။

- အလုပ်ကို စိတ်ပါလက်ပါ မလုပ်လိုခြင်း၊ အလွယ် တကူ အချောင်ရယူလိုစိတ်ရှိခြင်း။

၄။ မိဒ္ဓ - စေတသိက်၏ လေးလံထိုင်းမှိုင်းခြင်း။

- စိတ်မပါ၍ ကိုယ်က လိုက်လုပ်လိုသော ဆောင် ရွက်မှုမရှိတော့၍ မလုပ်ခြင်းကြောင့် ပျက်စီးရခြင်း။

၅။ ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်ခြင်း။

- အလုပ်၌ စိတ်ဝင်စားမှုမရှိဘဲ စိတ်ပျံ့လွင့်နေ တတ်ခြင်း။

၆။ ကုက္ကုစ္စ - နောင်တတစ်ဖန်ပူပန်ခြင်း။

- မိမိအလုပ်အပေါ်၌ အောင်မြင်မှု မအောင်မြင်မှု နှင့်လတ်သက်၍ နောင်တရမှု ပူပန်မှုများ ဖြစ်နေခြင်း။

၇။ ဝိစိကိစ္ဆာ - မဝေခွဲနိုင်ခြင်း။

- ဟိုအလုပ်ကောင်းနိုးနိုး၊ ဒီအလုပ်ကောင်းနိုးနိုး ဟိုစပ်စပ် ဒီစပ်စပ် လိုက်၍ လုပ်ဆောင်နေခြင်း။ (အင်္ဂုတ္ထိုရ် စတုက္ကနိပါတ၊ ပတ္တကမ္မသုတ်)

ဥစ္စာယိုပေါက် (၆)ပါး

၁။ အာလသျံ - ပျင်းရိခြင်း။

- မိမိတို့ ပြုလုပ်ရမည့် ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ အစိုးရဝန်ထမ်းပြုလုပ်ခြင်း၊ စသည်တို့၌ မပျင်းမရိဘဲ ထထကြွကြွ ကျွမ်းကျွမ်းကျင်ကျင် မလုပ်ကိုင်တတ်ခြင်း။

၂။ ပမာဒ - မေ့လျော့ခြင်း။

- မိမိဥစ္စာ စီးပွားရေး လုပ်ငန်းကို အလေးအမြတ်မပြုဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ စားသောက်နေထိုင်မှုများသည် ရသင့်ရထိုက်သော ဥစ္စာစည်းစိမ်အသစ်ကိုလည်း မရနိုင်၊ ရရှိပြီး ဥစ္စာစည်းစိမ်များမှာလည်း တစ်စတစ်စ ယိုယွင်းပျက်စီးတတ်သည်။

၃။ အနုဌာန - ထကြွလုံ့လမရှိခြင်း။

- ဥစ္စာကို ရှာရာ၌ ထကြွလုံ့လရှိမှ ရရှိနိုင်သည်။ ပျင်းရိဖင့်နွဲ နေသူများ ရသင့်ရထိုက်သော ဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်မှု မရှိသောကြောင့် ပျက်စီးဆုံးရှုံးရသည်။

၄။ အသံယမ - ကိုယ်, နှုတ်တို့ မစောင့်စည်းခြင်း။

- မိမိ၏ ကိုယ်, နှုတ်တို့ကို မစောင့်စည်းနိုင်သူများသည် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ ကာမကြူးခြင်း စသောမကောင်းမှု ဒုစရိုက်များကို ပြုလုပ်တတ်ကြပြီး၊ ရုံးပြင်ကနား သွားရောက်ကြရ၍ ငွေကြေးများစွာ ကုန်ကျရသည်။ လုပ်ငန်းကိစ္စပြုလုပ်ရာ၌ ပြုမှား ပြောမှား ရှိကြသဖြင့် ပြဿနာ ထွေပြား၍ ဥစ္စာကုန်ကျရမှုဖြစ်တတ်သည်။

၅။ နိဒ္ဒါ - အအိပ်များခြင်း။

- အိပ်စက်ခြင်းသည် ပုံမှန်အိပ်စက်ခြင်းမျိုးဖြစ်ပါက ကျန်းမာ ရွှင်လန်းမှု ရရှိသဖြင့် ဥစ္စာစီးပွားရှာဖွေရာ၌ အကျိုးများသည်။ သို့သော် လိုသည်ထက်ပို အိပ်ပါက လုပ်ငန်းကိစ္စများ၊ မပြီးမြောက် မအောင်မြင်နိုင်တော့ဘဲ စည်းစိမ်ဥစ္စာ မတိုးပွားတော့ဘဲ ရှိပြီးစည်းစိမ်ဥစ္စာသည် တဖြည်းဖြည်း ယိုယွင်းပျက်စီးတတ်ပါသည်။

၆။ တန္ဒီ - မပျော်မွေ့ခြင်း။

- မိမိပြုလုပ်ဆောင်ရွက်နေသော လုပ်ငန်း၌ မပျော်မွေ့ခြင်းသည် စည်းစိမ်ဥစ္စာ ယိုယွင်းပျက်စီးတတ်ကြောင်းဖြစ်သည်။

လူသားတို့ ဥစ္စာစီးပွား ပျက်စီးကြောင်းများ

စီးပွားပျက်ကြောင်း (၄)ခု မှာ -

(၁) မိန်းမ လိုက်စားခြင်း၊

(၂) အရက်သေစာ မူးယစ် သောက်စားခြင်း၊

(၃) အလောင်းအစား ပြုလုပ်ခြင်း၊

(၄) ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းသင်းဆက်ဆံခြင်း၊

ဥစ္စာပျက်စီးမှု သဘာဝတရား (၅)ပါးမှာ -

(၁) မီး

(၂) ရေ

(၃) မင်း

(၄) ခိုးသူ

(၅) အမွေခံသားသမီးဆိုးများ

စီးပွားပျက်မှုအကြောင်းများမှာ-

(၁) အချိန်အခါမဲ့ သွားလာတတ်ခြင်း၊

(၂) ပွဲလမ်းသဘင်၌ သွားလာပျော်မွေ့ နေတတ်ခြင်း၊

(၃) ပျောက်ဆုံးသော ပစ္စည်းကို ပြန် မရှာမှီးခြင်း၊

(၄) ဆွေးမြေ့ဟောင်းနွမ်းသော ပစ္စည်းကို ပြန်လည်မပြုပြင်ခြင်း၊

ဥစ္စာပစ္စည်းရှာရာ၌ စဉ်းစားရန်အချက်များ

ဥစ္စာပစ္စည်း ရရှိရေးအတွက် စီးပွားလုပ်ငန်း အသီးသီးပြုလုပ်ကြသော သူများသည် မိမိပြုလုပ်ရမည့် လုပ်ငန်း အပေါ်၌ -

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၂၀၇

၁။ လုပ်သင့် မလုပ်သင့် - စီးပွားရေး လုပ်ကိုင်သူများအတွက် မိမိ စီးပွားရေးလုပ်ငန်းအား အကျိုးများသော အလုပ်သည် လုပ်သင့်သော အလုပ်ဖြစ်၍၊ အကျိုးမများသော လုပ်ငန်းသည် မလုပ်သင့်သော အလုပ်ဖြစ်သည်ကို သိရှိနားလည်ရပါမည်။

၂။ မိမိ စီးပွားရေးနှင့် သက်ဆိုင်မှုရှိ မရှိ - လုပ်ငန်းကိစ္စ ပေါ်ပေါက်လာပါက ထိုလုပ်ငန်းသည် မိမိ၏စီးပွားရေးနှင့် ဆိုင် မဆိုင်၊ မိမိတာဝန်ဟုတ် မဟုတ်ကို စိစစ် ဝေဖန်တတ်ရပါမည်။

၃။ မိမိ၏ ကာယအား ဉာဏ်အား ဓနအားနှင့် မျှ မမျှ - လုပ်ငန်းရှင်သည် ကာယအားကို စိုက်ထုတ်လုပ်သူဖြစ်က မိမိပြုလုပ်ရမည့် လုပ်ငန်းသည် မိမိ၏ ကာယအားနှင့် မျှ မမျှကိုလည်းကောင်း၊ ဉာဏ်အားစိုက်ထုတ်၍ လုပ်ကိုင်ရမည့် လုပ်ငန်းဖြစ်က မိမိ၏ ဉာဏ်မှီ မမှီကိုလည်းကောင်း၊ ငွေကြေးစိုက်ထုတ်ရမည့် လုပ်ငန်းဖြစ်က မိမိရှိငွေ အင်အားနှင့်မျှ မမျှ၊ နှိုင် မနှိုင်ကိုလည်းကောင်း ဦးစွာ စိစစ် ဝေဖန်တတ်ရမည်။

၄။ မိမိကျွမ်းကျင်သော လုပ်ငန်း ဟုတ် မဟုတ် - မိမိလုပ်သော လုပ်ငန်း၌ မိမိကျွမ်းကျင်မှု ရှိ မရှိ သုံးသပ်၍ ကျွမ်းကျင်မှုရှိမှလုပ်ရမည်။ ကျွမ်းကျင်မှုမရှိက မလုပ်ရပါ။

မျက်မှောက်ဘဝ၌ ပစ္စည်းဥစ္စာ ချမ်းသာသော သူများသည် ဤလေးပါး ပြည့်စုံ၍ ချမ်းသာကြပါသည်။

"ယောကျ်ားဟူက ကြိုးစား၊ ပညာရှိ မည်းငွေ့ရာ"

(ဇာ-၁-၁၃-၂၉)

ဥစ္စာပစ္စည်းရှာသူတို့ မပေါင်းသင်းအပ်သော မိတ်ဆွေ (၆)ဦး

ဥစ္စာစီးပွား ရှာဖွေသူတို့သည် အောက်ပါ မိတ်ဆွေ (၆)ဦးတို့ကို မပေါင်းဖော်ရပါ။

(၁) လောင်းကစားကြူးသော မိတ်ဆွေ၊

(၂) ကာမဂုဏ်ကြူးသော မိတ်ဆွေ၊

(၃) သေသောက်ကြူးသော မိတ်ဆွေ၊

(၄) အထူးပြု၍ လှည့်ပတ်တတ်သော မိတ်ဆွေ၊

(၅) မာယာဖြင့် လှည့်ပတ်တတ်သော မိတ်ဆွေ၊

(၆) အနိုင်အထက် ပြုအပ်သော မိတ်ဆွေ၊

(ဒီ-၃-၁၄၉၊ ပါထိကဝဂ်၊ သိဂၤါလသုတ်)

ဥစ္စာပစ္စည်း ရှာဖွေသူအတွက် စက်(၄)ပါး

ဥစ္စာပစ္စည်း ရှာဖွေသူတို့သည် စက်(၄)ပါးနှင့် ပြည့်စုံမှသာ မျက်မှောက်ဘဝ စီးပွားဥစ္စာ အောင်မြင်ဖြစ်ထွန်းပြီး ကွယ်ဝချမ်းသာနိုင်ပါသည်။

၁။ ပဋိရူပဒေသဝါသ - မိမိပြုလုပ်မည့် စီးပွားနှင့် သင့်တင့်၊ အဆင်ပြေသော အရပ်ဒေသ၌ နေရခြင်း။

၂။ သပ္ပုရိသူပနိဿယ - စီးပွားလုပ်ငန်း၌ ကျွမ်းကျင် အောင်မြင်ပြီးသော စီးပွားရေး ပညာရှင် သူတော်ကောင်း သူဌေး သူကြွယ်များကို မှီဝဲဆည်းကပ်ရခြင်း။

၃။ အတ္တသမ္မာပဏိဓိ - မိမိ ကိုယ်, နှုတ်, စိတ်ကို စီးပွားရေး လုပ်ငန်းခွင်၌သာ စူးစိုက်တည်ငြိမ်စွာ ထားခြင်း။

၄။ ပုဗ္ဗေစ ကတပုညတာ - လှူသင့်, ပေးသင့်, ချီးမြှောက်သင့်၊ ကျေးဇူးဆပ်သင့်သော ပုဂ္ဂိုလ်များကို

လှူဒါန်းပေးကမ်း ခိုးမြောက် ကျေးဇူး ဆပ်ခြင်း။

(၁) ပဋိရူပဒေသဝါသ - တောင်ဖြစ်စေ၊ ရွာဖြစ်စေ၊ အကြင် အရပ်၌ ချမ်းသာရ၏။ ထိုအရပ်သည် သာလျှင် အသိအမြင်နှင့် ပြည့်စုံသော ယောကျ်ားမြတ်၏ မွေးဖွားရာလည်း မည်၏။

(ဇာ၊ ုကနိပတ၊ ကစ ပဇာ တက)

- မိမိဘဝ ကြီးပွား ချမ်းသာရေးကို အထောက်အကူပြုသော မိမိလုပ်ငန်း နှင့် သင့်လျော်သော အရပ်ဒေသမျိုး သည် သင့်တင့်လျောက်ပတ်သော အရပ် ဖြစ်ပါသည်။ ဥပမာ - ပညာ သင်ယူလို သူတို့အတွက် ကျောင်း တက္ကသိုလ်ရှိရာအရပ်။
- ရောင်းဝယ် ဖောက်ကား လိုသူတို့ အတွက် ကား၊ ရထား၊ သင်္ဘောဆိပ်နှင့် နီး၍ သွားရေး လာရေး အဆင်ပြေ သော စျေးနှင့်နီးသောအရပ်။
- လယ်ယာလုပ်သူတို့အတွက် မိုးလေဝသ မှန်ကန်၍ လယ်ယာပေါသောအရပ်။
- မကျန်းမာသူအတွက် ဆေးရုံ ဆေးခန်း နီးသောအရပ်မျိုး။

- ကုသိုလ်ကောင်းမှု ပြုသူတို့ အတွက် ရတနာသုံးပါး ထွန်းကားရာ အရပ် ဒေသမျိုးများ ဖြစ်ကြပါသည်။

အကြင်အရပ်၌ ဥစ္စာ ရှိသောသူ (သူဌေး)သည်လည်းကောင်း၊ အကြွေး အမြင်များသော ပညာရှိသည်လည်း ကောင်း၊ အစိုးရမင်းသည် လည်း ကောင်း၊ မြစ်ဆိပ်သည်လည်းကောင်း၊ ဆေးဆရာသည်လည်းကောင်း၊ ဤ ငါးမျိုး မရှိလျှင် တစ်နေ့ တစ်ရက်မျှ မနေအပ်ဟု နီတိက ဆိုထားပါသည်။

- မိမိဘဝ ကြီးပွားချမ်းသာရေးအတွက် မသင့်သောအရပ်၌ မနေအပ်ပါ။

(၂) သပ္ပုရိသူပနိဿယ - မိမိဘဝ ကြီးပွား ချမ်းသာရေးကို အထောက်အကူပြုသော မင်းအစိုးရ၊ မိဘ ကောင်း၊ ဆရာသမား ကောင်း၊ မိတ်ဆွေကောင်း၊ စီးပွားရေးလုပ်ငန်း၌ ကျွမ်းကျင်သော ပညာရှိ သူတော် ကောင်းများကို မှီဝဲ ဆည်းကပ်ရမည်။ သို့မှသာ ပညာရေး၊ စီးပွားရေး စသည် အဆင်ပြေ၍ ကြီးပွားချမ်းသာပါမည်။

(၃) အတ္တသမ္မာပဏိဓိ - စီးပွားရေး လုပ်ရာ၌ ကောင်းသော အလုပ်၊ ကောင်းသောအပြော၊ ကောင်း

သောအကြံရှိပြီး၊ လိမ်လည်လှည့်ဖြား ချင်သော စိတ်၊ မတရားအမြတ်ကြီး စားချင်သောစိတ်၊ ခေါင်းပုံဖြတ်ချင် သောစိတ် စသည်များ ဖယ်ရှားနိုင်ရ မည်။ မိမိ၏ ကာယ၊ ဉာဏအား၊ အသုံးချကာ ကြိုးစား၍ လုပ်ကိုင်လို သောစိတ်၊ တရားသဖြင့် စီးပွားရှာလို သော စိတ်များကို ပြုစုပျိုးထောင်၍ စီးပွားလုပ်ခြင်း ဖြစ်သည်။

(၄) ပုဗ္ဗေစကတပုညတာ - ကောင်းမှုပြုရာ၌ ဉာဏ် ဦးစီးသော စိတ်ဖြင့် ပြုလုပ်ခြင်း၊ ဉာဏ်ဦးစီးမှု မပါဘဲ ပြုလုပ်ခြင်းဟူ၍ (၂)မျိုးရှိရာ ဉာဏ်ဦးစီးပြုလုပ်သော ကုသိုလ်သည် အကျိုးပေးကောင်း၏။ ဉာဏ်ဦးစီးမှု မပါသော ကုသိုလ်သည် အကျိုးပေး ညံ့၏။ အတိတ် ဘဝက ဉာဏ်ယှဉ် ကုသိုလ်ပြုခဲ့သော သူသည် ယခုဘဝ တွင် မကြောင့်မကျ မတောင့်မတ ငယ်စဉ်ကတည်းက ဘဝ ပြည့်စုံစွာ နေရသည်။ ကုသိုလ်ညံ့သူသည် ယခု ဘဝတွင် ကံ၊ ဉာဏ်၊ ဝီရိယ အားထုတ် မှ ကြီးပွား ချမ်းသာနိုင်ပါသည်။ ဖွံ့ဖြိုး အကျိုးပေးနိုင်သည်။

ဆင်းရဲမှုအမျိုးမျိုး

ချမ်းသာနှင့်ဆင်းရဲသည် ဆန့်ကျင်ဘက်ဖြစ်သည်။ သို့သော် ယင်းတို့သည် တစ်ခုနှင့်တစ်ခု အကြောင်းအခြင်းအရာချင်း ဆက်စပ်လျက်ရှိသည်။ လောကဌ် ဆန့်ကျင်ဘက်တရားတိုင်းသည် ထိုသို့ဆက်စပ်လျက်ရှိနေပါသည်။ ဥပမာအားဖြင့် အပူနှင့်အအေးတို့သည် ဆန့်ကျင်ဘက်သတ္တိနှစ်ပါးဖြစ်သည်။ သို့သော် သတ္တိနှစ်ပါးသည် အခြင်းအရာအားဖြင့် ဆက်စပ်လျက်ရှိပါ၏။ အကြောင်းမှာ အအေး၏ တိုးပွားလာမှုသည်လည်း အပူ၏လျော့ပါးခြင်းဖြစ်ပါ၏။

အလားတူ ဆင်းရဲတိုးပွားလာမှုသည် ချမ်းသာလျော့ပါးလာခြင်းဖြစ်သကဲ့သို့ ချမ်းသာတိုးပွားလာမှုသည် ဆင်းရဲ၏လျော့ပါးလာခြင်းဖြစ်ပါသည်။

ဗုဒ္ဓက ဆန့်ကျင်ဘက်သဘောတရား (၈)မျိုးကို ဟောကြားထားပါသည် -

(၁) လာဘော - လာဘ်ရခြင်း။
(၂) အလာဘော - လာဘ်မရခြင်း။
(၃) ယသော - အခြံအရံများခြင်း။
(၄) အယသော - အခြံအရံ မရှိခြင်း။
(၅) ပသံသာ - ချီးမွမ်းခြင်း။
(၆) နိန္ဒာ - ကဲ့ရဲ့ခြင်း။
(၇) သုခါ - ချမ်းသာခြင်း။
(၈) ဒုက္ခာ - ဆင်းရဲခြင်း။

ဇာတကဌ် ချမ်းသာ၏ နောက်ဌ် ဆင်းရဲရှိ၏။ ဆင်းရဲ၏နောက်ဌ် ချမ်းသာရှိ၏။ သို့ဖြစ်၍ ချမ်းသာတစ်ခုကို ယူလိုပါက ထိုက်တန်သော ဆင်းရဲနှင့် ရင်းနှီးရသည်။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၂၁၃ လောကီချမ်းသာအတွက်ဖြစ်စေ၊ လောကုတ္တရာချမ်းသာအတွက် ဖြစ်စေ ရှာဖွေရာ၌ဆင်းရဲပင်ပန်းစွာ ကြိုးပမ်း ရှာဖွေမှသာ ရရှိနိုင်ပါသည်။

မဖျိမပက္ကာသ၌ ဗုဒ္ဓက ချမ်းသာတစ်ခုဖြင့် ချမ်းသာတစ်ခုကို မရနိုင်။ စင်စစ် ဆင်းရဲဖြင့်သာ ချမ်းသာကို ရနိုင်သည် ဟုဟောထားခဲ့ပါသည်။

ပစ္စည်းဥစ္စာတို့ဟူသည် မရှိဆင်းရဲ ရှိညှဉ်းဆဲ၊ ဖြတ်စဲပင်ပန်းရဟု ဆိုသည့်အတိုင်း မရှိသောအခါ၌လည်း ရှာဖွေစုဆောင်းရသဖြင့် ပင်ပန်း ဆင်းရဲရ၏။ ရရှိချမ်းသာသောအခါ၌လည်း ဥစ္စာပစ္စည်းကြောင့် ဖြစ်သော မာန၊ ဣဿာ၊ မစ္ဆရိယ၊ သောက၊ ဒေါသ စသော တရားဆိုးများ ဖိစီး နှိပ်စက်ညှဉ်းပန်းခြင်းကို ခံရ၏။ အခြေမလှ၍ ပျက်စီးသွားသော အခါ၌လည်း ဝမ်းနည်းကြေကွဲ ရတတ်ပါသည်။

ဆင်းရဲ (၄)မျိုး

လူ့လောကဝယ် ဥစ္စာ ချမ်းသာကြွယ်ဝရေးတွက် ကြိုးပမ်းရှာဖွေဆဲ ရှာဖွေပြီးသောပုဂ္ဂိုလ်များ၌ ဆင်းရဲ(၄)မျိုးခံစားရသည်ဟု ဗုဒ္ဓက မဟာနိဒ္ဒေသ၌ ဟောကြားထားပါသည်။

၁။ ပရိယေသနမူလဒုက္ခ - ရှာဖွေခြင်းလျှင် အရင်းခံရှိသောဆင်းရဲ။

- အလုပ်လုပ်သူတိုင်း လုပ်ငန်း၌ ကုယစေတာ ဆင်းရဲခြင်းကို တွေ့ကြုံနေရကြသော အခါ ဖြစ်ပေါ် ခံစားရသော ဆင်းရဲမူ အမျိုးမျိုး ဖြစ်သည်။

၂။ အလာဘမူလဒုက္ခ - ရှာဖွေ မရခြင်းလျှင် အရင်းခံရှိသော ဆင်းရဲ။

- ဥစ္စာစီးပွား ကြိုးစားရှာသော်လည်း ကံမလိုက်၍ အကျိုးမပေးသောအခါ ဥစ္စာစီးပွားမဖြစ်၍ ကိုယ်စိတ်နှစ်ပါး ဆင်းရဲစွာ ခံစားရသော ဆင်းရဲမှုမျိုးဖြစ်သည်။

၃။ အာရက္ခမူလကဒုက္ခ

- ထိန်းသိမ်း စောင့်ရှောက်ရခြင်းလျှင် အရင်းခံရှိသော ဆင်းရဲ။
- ကြိုးပမ်းရှာဖွေရရှိလာသော ပစ္စည်းများကို ရန်သူမျိုးငါးပါး အန္တရာယ်ကြောင့် မပျက်စီးရအောင် မည်သို့ ကာကွယ်စောင့်ရှောက်ရမည်နည်းဟု တွေးတောကြံဆလျက် ပူပန်ဆင်းရဲမှု ခံစားရသော ဆင်းရဲမျိုးဖြစ်သည်။

၄။ ဝိပွယောဂမူလဒုက္ခ

- ပျက်ပြား ကွဲကွာရခြင်းလျှင် အရင်းခံရှိသော ဆင်းရဲ။
- မိမိဥစ္စာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးသောအခါ ဖြစ်ပေါ်ခံစားရသော ဆင်းရဲမျိုးဖြစ်သည်။
- အကြင်ဥစ္စာပစ္စည်းတို့သည် ရအောင်ရှာမှီးခြင်း၌လည်း ဆင်းရဲကို ဖြစ်စေတတ်ကုန်၏။ ရရှိပြီးသော ပစ္စည်းတို့ကို ဆုတ်ယုတ် ပျက်စီးသော အခါ၌လည်း နှလုံးမသာမယာ ပူဆွေးဆင်းရဲကို ဖြစ်စေ

တတ်ကုန်၏။ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝ ပြည့်စုံသောအခါ ကာလတို့၌လည်း စည်းစိမ်မာန်ယစ်ဖုံးလျက် လုံးလုံး တွေဝေတတ်ကုန်၏။ ဥစ္စာပစ္စည်းဟူသည် အခါခပ်သိမ်း ချမ်းသာကို မဆောင်နိုင်။

တစ်နည်း ဆင်းရဲ (၄)မျိုး

၁။ နတ္ထိဒုက္ခ - ပစ္စည်းဥစ္စာမရှိ၍ ဆင်းရဲမှု။

- လူအချို့မှာ ကာယ၊ ဉာဏစွမ်းအားရှိသလောက် ကြိုးပမ်းရှာဖွေသော်လည်း ကုသိုလ်ကံ မထောက်မ,၍ ဥစ္စာပစ္စည်း မရနိုင်ဖြစ်၏။ အချို့မှာ ပင်ကိုယ်အရည်အချင်း ကင်း၍ ညံ့ဖျင်းခြင်း၊ ပျင်းရိပေါ့လျော့ခြင်းတို့ကြောင့် ဥစ္စာပစ္စည်းမရှိဟု သိရသည်။ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး အဝဝတို့အတွက် သုံးစွဲရန် ပစ္စည်း ဥစ္စာမရှိခြင်းကြောင့် ရရှိခံစားရသော ဆင်းရဲမျိုးဖြစ်သည်။

၂။ အဘောဂဒုက္ခ - မသုံးဆောင် မခံစားရခြင်းဆင်းရဲ။

- ဤလောက၌ ဥစ္စာပစ္စည်း မပြည့်စုံသူများမှာ ခေတ်ကာလအလျှောက် ပေါ်ပေါက်လာသော အထက်တန်းစား အသုံးအဆောင် ပစ္စည်းမျှားကို စိတ်တိုင်းကျ ဝယ်ယူ သုံးစွဲနိုင်ရန် အလွန်ပင်ပန်း

ခဲယဉ်းလှ၏။ မိသားစု စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ၊ အဆင်ပြေအောင် မသုံးစွဲနိုင်၊ မလျှုနှိုင်ခြင်းကြောင့် ရရှိခံစားရသော ဆင်းရဲမျိုးဖြစ်သည်။

၃။ အာဏာဏျဒုက္ခ - ကြွေးမြီမကင်းဆင်းရဲ။

- သူတစ်ပါးထံမှ ကြွေးမြီယူကာ အသက်မွေးဝမ်းကြောင်း ပြုရသဖြင့် မိမိ၏ မိသားစု- စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ အလွယ်တကူ မဆောင်ရွက်နိုင်ခြင်း၊ ကြွေးမြီပြန်လည် မပေးဆပ်နိုင်ခြင်းအတွက် အချိန်ရှိတိုင်း ပူပန်ဆင်းရဲရခြင်း၊ အချိန်တန်၍ ပြန်လည် မပေးဆပ်နိုင်သောအခါ မြို့ရှင်ထံ ခယတောင်းပန်ရခြင်း စသည်ဖြင့် ခံစားရသော ဆင်းရဲမှုမျိုးဖြစ်သည်။

၄။ သာဝဇ္ဇဒုက္ခ - အပြစ်ရှိခြင်း ဆင်းရဲ။

- ဤလောက၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာနေသူများအနက် အချို့မှာ တရားသဖြင့် ရောင်းဝယ်ဖောက်ကားခြင်း စသည့် သမ္မာအာဇီဝလုပ်ငန်းများကို ပြုလုပ်၍ ကြွယ်ဝချမ်းသာမှုများလည်း ရှိကြသည်။ လူဆင်းရဲများတွင်လည်း ကောင်းသောတောင်ယာလုပ်ငန်း စသည်ဖြင့် သမ္မာအာဇီဝ အသက်မွေးမှု ပြုလုပ်သူလည်း ရှိပါသည်။

သို့သော် မုဆိုးတံငါ အလုပ်မှသည် ခိုးမှု၊ တိုက်မှု၊ လုယက်မှု စသော ဒုစရိုက်မျိုးစုံ ပြုလုပ်၍ မိစ္ဆာဇီဝပြုလုပ်၍ အသက်မွေးမှုများလည်း ရှိ၏။ မိမိ၏ ဒုစရိုက်မှု ပြုလုပ်၍ အပြစ်ပေးခံရခြင်း စဉ်းစားမိ၍ စိတ်ဆင်းရဲခြင်း စသည်ဖြစ်ပေါ်ခံစားရသော ဆင်းရဲမှုမျိုးဖြစ်ပါသည်။

(အံ-၁-၃၈၀-၃၈၁)

ဗုဒ္ဓက အင်္ဂုတ္တိရ် ၂-၃၁၀-၌

"လောက၌ လူမွဲဖြစ်ရခြင်းကိုလည်းကောင်း၊ ကြွေးယူရခြင်းကိုလည်းကောင်း၊ ဆင်းရဲ၏ဟု ဆိုအပ်၏။ သို့တွက် ထိုသူကို ကြွေးရှင်တို့က အစဉ် လိုက်ကုန်၏။ ထိုသူသည် ချုပ်နှောင်ခံရခြင်းသို့လည်း ရောက်ရ၏။ ကာမဂုဏ်ရမှုကို တောင့်တသူတို့အား ထိုနှောင်ဖွဲ့ခြင်းသည် ဆင်းရဲသာတည်း။" (အံ-၂-၃၁၀)

ဘဝဆင်းရဲမှု (၆)မျိုး

ပစ္စည်းဥစ္စာမဲ့၊ လူဆင်းရဲတို့ တွေ့ကြုံခံစားရသော ဆင်းရဲ(၆)မျိုး ရှိသည်။

၁။ ဒလိဒ္ဒဒုက္ခ - ပစ္စည်းဥစ္စာမဲ့၍ ပူပန်ဆင်းရဲရခြင်း။

- ပစ္စည်းဥစ္စာမဲ့သော လူဆင်းရဲတို့မှာ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို မဖြေရှင်း မဆောင်ရွက်နိုင်သဖြင့် အဘက်ဘက်မှ ဆင်းရဲမျိုးစုံ ရောက်ကြရသော ဆင်းရဲမှုမျိုး ဖြစ်သည်။

၂။ ထုဏာဒါနဒုက္ခ - ဆင်းရဲသားတို့၏ ထောက်တည်ရာကား ကြွေးမြီချေးယူမှုပင်ဖြစ်ပါသည်။ ကြွေးမြီသည် ယင်းတို့၏ စားဝတ်နေရေး စသည့်အခက်အခဲများကို လတ်တလော ဖြေရှင်းပေးနိုင်၍ ကံကောင်းထောက်မသူများမှာ ထိုကြွေးမြီဖြင့် ရင်းနှီးလုပ်ကိုင်၍ ပြန်လည်ပြည့်စုံလာနိုင်သော်လည်း အများစုမှာ ထိုသို့ပြည့်စုံမလာဘဲ ကြွေးမြီများ အတိုးပွား လာကာ ကြွေးမြီအတွင်း၌ နစ်သည်ထက် နစ်ကြရသည်။ ကြွေးရှင်ထံ အောက်ချခံကာ ခယတောင်းပန်ရ၍ ဆင်းရဲမှုမျိုးဖြစ်သည်။

၃။ ဝဏိဒုက္ခ - ကြွေးမြီများ တိုးပွားလာသော ဆင်းရဲ။

- ကြွေးမြီယူပြီးနောက် ရက် လ နှစ် ကြာညောင်းလာသောအခါ အတိုးငွေများ ပွားများလာသဖြင့် ဆင်းရဲရသော ဆင်းရဲမှုမျိုးဖြစ်သည်။

၄။ စောဒနာဒုက္ခ - မကြာခဏ ကြွေးတောင်းခံရ၍ ဆင့်းရဲ။

- အတိုးများပြားလာလေ မိမိက မပေးနိုင်လေ ဖြစ်သောအခါ ကြွေးရှင်များက မကြာခဏ အကြွေးတောင်းခံရခြင်း၊ တရားရုံး၌ တရားစွဲခြင်းတို့ကြောင့် ဖြစ်ပေါ်ခံစားရသော ဆင်းရဲမှုမျိုးဖြစ်သည်။

၅။ အနုစရိယဒုက္ခ - ကြွေးရှင်က မိမိနောက်သို့ အစဉ်လိုက်နေသော ဆင်းရဲ။

- ကြွေးရှင်က ကြွေးလာတောင်းသောအခါ မပေးနိုင်၍ ရှောင်တိမ်းနေရခြင်းမျိုး၊ ထိုအခါ ကြွေးရှင်က

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၂၁၉
မိမိနောက်သို့ အမြဲစုံစမ်းလိုက်နေသဖြင့် ဖြစ်ပေါ်
ခံစားရသော ဆင်းရဲမှုမျိုးဖြစ်သည်။

၆။ ပန္ဓနဒုက္ခ - ကြွေးမပေးနိုင်သဖြင့် ဖမ်းဆီးချုပ်နှောင်၍ ထောင်
ချခံရသော ဆင်းရဲ။

- ကြွေးရှင်ကို ခဏခဏ ရှောင်နေသဖြင့် ကြွေးရှင်က
စိတ်ဆိုးပြီး သက်ဆိုင်ရာကို တိုင်ကြား တရားစွဲဆို
ခြင်းကြောင့် ဖမ်းဆီးချုပ်နှောင်ခံရသော ဆင်းရဲမှု
မျိုးဖြစ်သည်။ (အံ-၂-၃၁၀)

ဥစ္စာပစ္စည်းသည် လူ့ဘဝ အနိမ့်အမြင့်ကို ဖြစ်ပေါ်စေနိုင်၏။ ဥစ္စာပစ္စည်းရှိသူသည် ချမ်းသာသောအခါ ကျက်သရေတို့၍ အစစအရာရာ မှတ်တယ်ဖွယ်ရာချည်းသာဖြစ်သည်။ ဥစ္စာပစ္စည်းဆင်းရဲသော အခါ ရှိပြီးဂုဏ်ကျက်သရေ ကျဆင်း၍ အစစအရာရာ မဖွယ်မရာချည်းသာ ဖြစ်ရသည်။

ဥစ္စာပစ္စည်းမွဲ၍ ဆင်းရဲစဉ်က ကာယဗလ၊ ဉာဏဗလ မပြည့်ဝသူပင် ဥစ္စာပစ္စည်း ကြွယ်ဝလာသောအခါ ကာယ၊ ဉာဏနှစ်တန် ပြည့်ဝလာသည် သြဇာ၊ အာဏာကြီး၍ ကြီစည်, ပြောဆို, ပြုလုပ်သမျှ အောင်မြင် တတ်သည်။ ထိုအခါ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်လိုသူများ ဟိုမှ သည်မှ တိုးပွားလာသည်။ မိမိက ကျွေးမွေးနိုင်သဖြင့် သားသမီးများကလည်း ပြန်လည် ကျွေးမွေးစောင့်ရှောက်၏။

ထိုသူသည် ကံမကောင်း အကြောင်းမလှသဖြင့် ဥစ္စာပစ္စည်း ဆုံးရှုံး၍ ဆင်းရဲနွမ်းပါးသွားပါက ယခင်ကရှိသော ဂုဏ်ကျက်သရေများ လျော့ကျကုန်၏။ အသိဉာဏ်နှင့် လုပ်ဆောင်ချက်များ နေရာတကာ၌

အလွဲလွဲ အချော်ချော် ဖြစ်ရ၏။ မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးများ ပျောက်ကုန်၏။ သားသမီးတို့က ပစ်ပယ်လိုကြ၏။

"ဤလောက၌ မိဘကိုပင်၊ ဥစ္စာမြင်မှ၊ ချစ်ခင်မြတ်လေး၊ သားကို မွေး၏။ ပဲရွေးမရှိ၊ မိဘတို့အား၊ သမီးသားလည်း၊ ထံပါးနီးရပ်၊ မကပ်ထုံးကျင်း၊ ရှောင်ကြကွင်း၏" (မယ-၂၆၄)

မျက်မှောက်ဘဝချမ်းသာကြောင်း (၄)ပါး

"အရှင်ဘုရား ကာမဂုဏ်ခံစားကြသော ကျွန်ုပ်တို့ လူသားတို့သည် သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်၌နေရပါကုန်၏။ ကာသိတိုင်းဖြစ် စန္ဒကူးကို သုံးဆောင်ခံစားပါကုန်၏။ ပန်းနံ့သာ နံသာ ပျောင်းတို့ကို ပန်ဆင်လိမ်းကျံပါကုန်၏။ ရွှေငွေတို့ကို သာယာပါကုန်၏။ အရှင်ဘုရား တပည့်တော်တို့အား မျက်မှောက်၌ ချမ်းသာခြင်းအကျိုး စီးပွားအလို့ငှာ၊ ချမ်းသာခြင်းငှာ တမလွန်ဘဝ၌ အစီးအပွားအလို့ငှာ၊ ချမ်းသာခြင်းငှာ ဖြစ်နိုင်ရာသော တရားကို ဟောကြားတော်မူပါဘုရား။

(အံ-၃-၁၀၇-၁၁၀၊ ဒီဃဇာဏုသုတ်)

ဒီဃဇာဏုပုဏ္ဏားက လျှောက်ထားသဖြင့် ဗုဒ္ဓက ပစ္စုပ္ပန် တမလွန် နှစ်တန်ချမ်းသာမှုကို ဖြစ်စေသော ပြည့်စုံမှုလေးပါးကို ဟောကြားနည်း ပေးခဲ့ပါသည်။

မျက်မှောက်ဘဝအကျိုးဧပေး (၄)ပါး

၁။ ဥဋ္ဌာနသမ္ပဒါ - ထက်ကြွလုံ့လနှင့်ပြည့်စုံခြင်း။

- ဤလောက၌ အမျိုးကောင်းသားသည် အသက်မွေးဝမ်းကျောင်း အလုပ်ဖြစ်သော လယ်လုပ်ခြင်းဖြင့် ဖြစ်စေ၊ ကုန်သွယ်ခြင်း

ဖြင့်ဖြစ်စေ၊ နွားကျောင်း မွေးမြူခြင်းဖြင့် ဖြစ်စေ၊ လေးလက်နက်အတတ်ဖြင့် ဖြစ်စေ၊ မင်းမှုထမ်း အလုပ်ဖြင့် ဖြစ်စေ၊ အခြားအတတ် အမျိုးမျိုးဖြင့်ဖြစ်စေ အသက်မွေးမြူ၏။ ထိုထိုလုပ်ငန်း၌ -

(၁) ဒက္ခော - ကျွမ်းကျင်ခြင်း

(၂) အနလသော - ပျင်းရိမှုမရှိခြင်း

(၃) တတြုပါယာယပညာယ သမန္နာဂတော - ထိုလုပ်ငန်းဆိုင်ရာ၌ စူးစမ်းတတ်သော ပညာရပ်နှင့်ပြည့်စုံခြင်း။

(၄) အလံ ကာတုံ အလံ သံဝိဓာတုံ - ကိုယ်တိုင် ပြုလုပ်ရန်နှင့် စီမံ ခန့်ခွဲနိုင်ရန် စွမ်းနိုင်ခြင်း။

ဤ (၄) ချက်သည် ထက္ကြွ လုံ့လနှင့် ပြည့်စုံမှုပင်ဖြစ်ပါသည်။

(၁) ပစ္စည်းဥစ္စာရှာဖွေရာ၌ ဆိုင်ရာလုပ်ငန်းကို ကျွမ်းကျင်စွာ တတ်မြောက်မှုသည် အရေးကြီးလှပါသည်။ မကျွမ်းကျင်သော လုပ်ငန်းကို ပြုလုပ်ပါက လုပ်ငန်းမဖေါ်မြင်ဘဲ ပျက်စီး ဆုံးရှုံးတတ်သောကြောင့် ဖြစ်ပါသည်။ ဥစ္စာပစ္စည်း ရှာဖွေသူတို့သည် အသက်မွေးဝမ်းကျောင်းအတတ် တစ်ခုခုကို ကောင်းစွာတတ်ကျွမ်းပြုလုပ်မှသာ အောင်မြင်နိုင်ပါသည်။

"နှုတ်မှုပညာကိုလည်းကောင်း၊ လက်မှုပညာကိုလည်းကောင်း၊ ငယ်၏ဟူ၍ မအောက်မေ့ရာ၊ ကုန်စင်ကျွမ်းကျင်အောင် တတ်ထားမူကား တစ်ခုသော အတတ်သည်လည်း အသက်မွေးဝမ်းကျောင်းဖြစ်၏"။

(နီတိကျော် - ၄၀- ပိုဒ် ၆)

အတတ်ပညာ၏ အဆင့်နိမ့်မှုသည် ပဓာန မဟုတ်၊ ကျွမ်းကျင်စွာ တတ်မြောက်မှုသည်သာ ပဓာန ဖြစ်သည်။ မည်သည့် အတတ်ပညာမဆို ကျွမ်းကျင်စွာ တတ်မြောက်ထားပါက အသက်မွေးဝမ်းကျောင်း ပြုနိုင်သည်။

"အတတ်ပညာနှင့်တူသော ဥစ္စာသည်မရှိ အတတ်ပညာကို ခိုးသူတို့ မခိုးယူနိုင်ကုန်။ ဤလောက၌ အတတ်သည်ကား အဆွေခင်ပွန်းဖြစ်၏။ တမလွန်ဘဝ၌ ချမ်းသာ ကို ဆောင်၏"။ (နီတိကျော်-၃၉၊ ပိုဒ်၄)

(၂) မိမိလုပ်ငန်း၌ ကျွမ်းကျင်သော်လည်း ထင်ကြွလုံ့လမရှိဘဲ ပျင်းရိနေပါက ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာမည် မဟုတ်ပါချေ။

"ပျင်းရိလေ့ရှိခြင်းသည် စည်းစိမ်ဥစ္စာတို့ ပျက်စီးကြောင်းတည်း" ဟု ဗုဒ္ဓက သိဂီလသုတ်၌ ဟောထားသလို ပျင်းရိလေ့ရှိသူအား အပြစ် (၆)မျိုးပြ၍ စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရမှု အကြောင်းဖြစ်၏။

(၁) အေးလွန်းလှသည်ဟု အမှုကိစ္စကိုမပြု

(၂) ပူလွန်းလှသည်ဟု အမှုကိစ္စကိုမပြု

(၃) မိုးချုပ်လွန်းလှသည်ဟု အမှုကိစ္စကိုမပြု

(၄) စောလွန်းလှသည်ဟု အမှုကိစ္စကိုမပြု

(၅) ဆာလွန်းလှသည်ဟု အမှုကိစ္စကိုမပြု

(၆) ဝလွန်းလှသည်ဟု အမှုကိစ္စကိုမပြု

ဤသို့ မခိုင်လုံသော ကိစ္စများကို ယိုးမယ်ဖွဲ့၍နေသော ထိုသူအား မဖြစ်သေးသော စည်းစိမ်ဥစ္စာတို့သည် မဖြစ်ကုန်။ ဖြစ်ပြီးသော စည်းစိမ်ဥစ္စာတို့သည်လည်း ပျက်စီးခြင်းသို့ ရောက်ကုန်ရ၏။ (ဒီ-၃-၁၄၈)

ဥစ္စာစီးပွားရှာရာ၌ အချိန်ကာလ ပုံသေ သတ်မှတ်၍မရပါ။ အချိန်ကာလ မရွေး ပူအေးမရှောင် လုပ်ကိုင်ကြရသည်။

"အေးလွန်းသည်၊ ပူလွန်းသည်၊ မိုးချုပ်လွန်းသည်ဟု ပြောဆို၍ အမှုကိစ္စတို့ကို မပြုလုပ်ဘဲ စွန့်လွှတ်ကုန်သော သူတို့ကို အကျိုးစီးပွားတို့သည် ကျော်လွန်၍ သွားကုန်၏"။ (ဒီ-၃-၁၅၀)

လူတိုင်း ချမ်းသာကြွယ်ဝလိုကြ၏။ သို့သော် ချမ်းသာ ကြွယ်ဝရန် အတွက် အလုပ်လုပ်ရန်မူ တွန့်ဆုတ်ကြ၏။ လူအချို့သည် အအိပ်ကြွေးခြင်း၊ အစားကြွေးခြင်း၊ ကာမကြွေးခြင်း၊ အမြဲမူးခြင်း စသော စီးပွားပျက်ကြောင်း အလုပ်တို့၌ ဝါသနာထုံခြင်း၊ လွန်စွာ ပျင်းရိခြင်းတို့ကြောင့် စည်းစိမ်ဥစ္စာ မဖြစ်ထွန်းဘဲ ရှိရသည်။

စည်းစိမ် ဥစ္စာတို့ကို ကြံစည် စဉ်းစား၊ တောင့်တရုံမျှဖြင့် မရနိုင်ပါ။ စည်းစိမ်ဥစ္စာ ရကြောင်း နည်းလမ်းကောင်းများကို လက်တွေ့ကျင့်သုံး မှသာ ရနိုင်ပါသည်။

ဗုဒ္ဓက အနာထပိဏ်သူဌေးအား အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်သည် ဖြစ်၍ လောကဋ္ဌ ရခဲသောတရား (၅)ပါးကို ဟောပြခဲ့ပါသည်။

"လောကဋ္ဌ ပြုအပ်သော အမှုတို့သည် လုံ့လဖြင့်သာပြီးကုန်၏။ စိတ်ထဲကြံစည်ရုံမျှဖြင့် မပြီးကုန်။ တစ်စုံတစ်ခုသော အလုပ်ကိုမျှ မလုပ်ဘဲ အိပ်၍ချည်းသာနေသော ခြင်္သေ့မင်း၏ ခံတွင်းဝသို့ သားသမင်တို့သည် အလိုအလျောက်ဝင်မလာကုန်။"

"အလုပ်ဟူက ဂုဏ်ရှိစွ" ဟု ဆိုသည့်အတိုင်း လုံ့လထုတ်၍ ပြုလုပ်နေသူများထံသို့ စည်းစိမ်ချမ်းသာ ကျက်သရေအဖြာဖြာ ရောက်လာပါသည်။

၂။ အာရက္ခသမ္ပဒါ - စောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း။

၃။ ကလ္လာဏမိတ္တတာ - မိတ်ဆွေကောင်းရှိခြင်း။

- ဤလောက၌ အမျိုးကောင်းသားသည် အကြင်ရွာနိုဂုံး၌နေ၏။ ထိုသူသည် ငယ်သော်လည်း ကြီးမြင့်သော ကိုယ်ကျင့်သိလရှိကုန်၏။ သဒ္ဓါတရားနှင့် ပြည့်စုံ၏။ စွန့်ကြဲခြင်းနှင့်ပြည့်စုံ၏။ ပညာနှင့်ပြည့်စုံ၏။ ထို အိမ်တွင် ထိုအိမ်ရှင်၏ သားတို့နှင့်အတူနေ၏။ အတူပြောဆို၏။ အတူဆွေးနွေး၏။
- သဒ္ဓါတရားနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏။
- သီလနှင့်ပြည့်စုံမှုကို အတုလိုက်၍ကျင့်၏။
- စွန့်ကြဲခြင်းနှင့် ပြည့်စုံမှုကို အတုလိုက်၍ ကျင့်၏။
- ပညာနှင့်ပြည့်စုံမှုကို အတုလိုက်၍ကျင့်၏။ ဤသည်မှာ မိတ်ဆွေကောင်းရှိမှုဖြစ်သည်။

သို့ဖြစ်၍ မျက်မှောက်ဘဝ၌ ချမ်းသာကြွယ်ဝလိုသူတို့သည် ယင်း ပုဂ္ဂိုလ်များနှင့်အတူ ပေါင်းသင်းဆက်ဆံ၍ တိုင်ပင်ခြင်း ကျင့်သုံးခြင်းတို့ကို ပြုရပါ၏။

ပေါင်းသင်းထိုက် မိုဝဲထိုက်သော မိတ်ဆွေ (၄)ယောက်

၁။ ဥပကာရမိတ္တ - ကျေးဇူးပြုတတ်သော ကောင်းသော စိတ်ရှိသော မိတ်ဆွေ။

၂။ သမာနသုခဒုက္ခမိတ္တ - ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေ။

၃။ အတ္ထက္စာယိမိတ္တ - အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေ။

၄။ အနုကမ္မကမိတ္တ - အစဉ် သနားတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေ။

၁။ ကျေးဇူးပြုတတ်သော ကောင်းသော စိတ်နှလုံးရှိသော မိတ်ဆွေစစ်ကို အကြောင်း (၄)ပါးဖြင့် သိအပ်၏။

(၁) မူးယစ်သောမိတ်ဆွေကို စောင့်ရှောက်တတ်၏။
(၂) မူးယစ်သောမိတ်ဆွေ၏ ပစ္စည်းဥစ္စာကိုစောင့်ရှောက်တတ်၏။
(၃) ကြောက်ရွံ့နေသော မိတ်ဆွေ၏ အားကိုးရာဖြစ်၏။
(၄) ပြုဖွယ်ကိစ္စပေါ်လတ်သော် ပြောသည်ထက်နှစ်ဆသော စည်းစိမ်ကို ပေး၏။ (ဒီ-၃-၁၅၂)

၂။ ချမ်းသာအတူ ဆင်းရဲအတူဖြစ်သော၊ ကောင်းသောစိတ်နှလုံးရှိသော မိတ်ဆွေကို အဂီါ (၄)ချက်ဖြင့် စစ်ဆေးကြည့်ရပါသည်။

(၁) မိတ်ဆွေအား လျှို့ဝှက်သော အမှုကို ပြောကြား၏။
(၂) မိတ်ဆွေအား လျှို့ဝှက်သော အမှုကို လျှို့ဝှက်ခြင်း။
(၃) ဘေးရန်ဖြစ်လတ်သော် ပစ္စန်။
(၄) ထိုမိတ်ဆွေ၏အကျိုးငှာ အသက်ကိုလည်းစွန့်၏။ (ဒီ-၃-၁၅၂)

၃။ အကျိုးစီးပွားကို ပြောကြားတတ်သော ကောင်းသော စိတ်နှလုံးရရှိသော မိတ်ဆွေကောင်းကို အဂီါ (၄)ချက်ဖြင့် စစ်ဆေးကြည့်ရှုရပါသည်။

(၁) မကောင်းမှုမှ တားမြစ်တတ်၏။
(၂) ကောင်းမှုဌိသက်ဝင်စေ၏။

(၃) မကြားဖူးသော အရာကို ပြောကြားတတ်၏။
(၄) နတ်ပြည်ခရီး ကောင်းသောအကြံဉာဏ်ကို ပြောကြားတတ်၏။
(ဒီ-၃-၁၅၃)

၄။ အစဉ်သနားတတ်သော ကောင်းသောနှလုံးရှိသော မိတ်ဆွေစစ်ကို အင်္ဂါ (၄)ချက်ဖြင့် စစ်ဆေးကြည့်ရပါသည်။

(၁) မိတ်ဆွေ ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်။
(၂) မိတ်ဆွေ အကျိုးဖြစ်ထွန်းခြင်းကို နှစ်သက်သည်။
(၃) မိတ်ဆွေအား ကဲ့ရဲ့စကားပြောသူကို ကန့်ကွက်တားမြစ်တတ်သည်။
(၄) မိတ်ဆွေအား ချီးမွမ်းစကားပြောသူကို ချီးမွမ်းတတ်သည်။

မိတ်ဆွေကောင်းတို့၏ ဂုဏ်အင်္ဂါများ

မိတ်ဆွေကောင်း မိတ်ဆွေစစ်တို့ကို စိစစ်ရွေးချယ်နိုင်ရန်အတွက် အင်္ဂါ (၇)ချက်ကို သိထားရပါမည်။

၁။ သူတစ်ပါးတို့ ပေးနိုင်သော အရာဝတ္ထုကို ပေးတတ်၏။

၂။ သူတစ်ပါးတို့ ပြုနိုင်ခဲသော အမှုကိစ္စကိုပြုတတ်၏။

၃။ သူတစ်ပါး သည်းခံနိုင်ခဲသော အရာကို သည်းခံတတ်၏။

၄။ မိမိလျှို့ဝှက်သောကိစ္စကို အဆွေခင်ပွန်းအားပြောကြားတတ်၏။

၅။ အဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သောကိစ္စကို လျှို့ဝှက်ထား၏။

၆။ ဘေးရောက်သောအခါ မစွန့်ပစ်။

၇။ မိတ်ဆွေပစ္စည်း ကုန်ခန်း ဆင်းရဲခြင်းကြောင့် မထီမဲ့မြင်မပြုတတ်။
(အံ့-သတ္တကနိပါတ-ပထမမိတ္တသုတ်)

ဓလာကီ,ဓလာကုတ္တရာ နှစ်ပြာအကျိုး ပွားစေ ပြစ်စေသော မိတ်ဆွေကောင်း (၇)ယောက်

၁။ သီလနှင့်ပြည့်စုံခြင်းကြောင့် ချစ်ခင်မြတ်နိုးအပ်ခြင်း။

၂။ သမာဓိနှင့်ပြည့်စုံခြင်းကြောင့် ချစ်ခင်မြတ်နိုးအပ်ခြင်း။

၃။ သီလ,မာဓိ,ပညာတို့နှင့် ပြည့်စုံခြင်းကြောင့် စိတ်နှလုံးကိုပွားစေတတ်ခြင်း။

၄။ မသင့်လျော်သည်ကို တွေ့မြင်က လျစ်လျူမရှုဘဲ ပြောဆိုဆုံးမတတ်ခြင်း။

၅။ မိမိအား သတိပေးစကား ပြောကြားလာသည်ကိုလည်း သည်းခံတတ်ခြင်း။

၆။ စျာန်, ဝိပဿနာ, မဂ်, ဖိုလ်, နိဗ္ဗာန်နှင့်စပ်သော နက်နဲသောတရားစကားကို ပြောကြားတတ်ခြင်း။

၇။ မသင့်မလျော်သော အရာဌာနများ၌ တိုက်တွန်းမှုမရှိခြင်း။
(အံ-သတ္တကနိပါတ-ဒုတိယမိတ္တသုတ်)

ဤတရား (၇)ပါးနှင့် ပြည့်စုံသော အဆွေခင်ပွန်းကို မိမိအား မောင်းမဲနှင်ထုတ်သော်မှ မှိုဝဲသည်းခံ ဆည်းကပ်ခစားအပ်၏။(အံ-၂၄၂)

မိတ်ဆွမဲ့ကြောင်း (၃)ပါး

၁။ အမြဲမပြတ် ဝင်ထွက်သွားလာခြင်းကို ရှောင်ကြဉ်ခြင်း။

၂။ လုံးဝမသွားဘဲ အဆက်ဖြတ်ထားခြင်းကို ရှောင်ကြဉ်ခြင်း။

၃။ မတောင်းသင့်သည့်အရာကို မည်သည့်အခါမျှ မတောင်းခြင်း။
(ဇာ-၄-၅-၂၄၆)

မိတ်ဆွေမြဲကြောင်း (၇)ပါး

၁။ ဖြောင့်မတ်တည်ကြည်ခြင်း။

၂။ ဝေဖန်ခွဲခြား၍ ပေးကမ်းချီးမြှင့်တတ်ခြင်း။

၃။ အရာရာ၌ လွန်စွာသည်းခံတတ်ခြင်း။

၄။ မိမိစည်းစိမ်နှင့်လျော်ညီစွာ ဝေဖန်ခွဲခြမ်း၍ ပေးကမ်းချီးမြှင့်လေ့ရှိခြင်း။

၅။ ဆန့်ကျင်ဘက်မပြုမူ၍ လိုက်လျောစွာ ပြုမူတတ်ခြင်း။

၆။ ဟန်မဆောင်တတ်ခြင်း။

၇။ ယုံကြည်စိတ်ချရသော စကားကို မှန်ကန်စွာပြောဆိုတတ်ခြင်း။
(ဟိတောပဒေသ-ပ-၁၂၇-၈)

မိတ်ဆွေတု (၄)ယောက်

လောက၌ မိတ်ဆွေကောင်းယောင်ဆောင်ပြီး မိမိတို့တဝကို ဖျက်ဆီးတတ်သော မိတ်ဆွေတုများ ရှိတတ်ပါသည်။

၁။ အနုပဒတ္ထုဟရအမိတ္တ - စင်စစ်ယူသာ ယူတတ်သော မိတ်ဆွေတု။

၂။ ဝစီပရမအမိတ္တ - နှုတ်ဖြင့်သာလျှင် ပေးတတ်သော မိတ်ဆွေတု။

၃။ အနုပီယဘာဏိမိတ္တ - အကြိုက်လိုက်၍ ပြောဆိုတတ်သော မိတ်ဆွေတု။

၄။ အပါယသဟာယမိတ္တ - ပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သော မိတ်ဆွေတု။

တစ်နေ့နေ့တွင် ဓကန်ကွဲပြားလိမ့်မည်ဟု ယုံမှားနေတတ်ခြင်း

တစ်နေ့နေ့တွင် ကွဲပြားလိမ့်မည်ဟု ယုံမှား သံသယရှိကလည်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနည်းပါး၍ ကွဲပြားတတ်ပါသည်။

ပြောဆိုလုပ်ကိုင်ရာ၌ အပြစ်ကိုသာ ဓရှုရှုလေ့ရှိခြင်း

ပြောဆိုလုပ်ကိုင်ရာ၌ တစ်ဦး၏အပြစ်ကို တစ်ဦးက ရှာကြံနေပါက မကြာမီ ပြဿနာဖြစ်ပွား၍ မိတ်ပျက်ရတတ်သည်။

(ဇာ-၄-၃-၁၇)

မိတ်ပျက်စေကြောင်းတရား (၇)ပါး

၁။ လျှို့ဝှက်အပ်သော အရာကို ဖော်ပြ၍ ပြောကြားတတ်ခြင်း။

၂။ မကြာခဏ တောင်းတတ်ခြင်း (သို့မဟုတ်) မပေးနိုင်သောအရာကို တောင်းခြင်း။

၃။ သနားကြင်နာမှု ကင်းမဲ့ခြင်း။

၄။ ချစ်လွယ် မုန်းလွယ် စိတ်နှလုံး မတည်တတ်ခြင်း။

၅။ မကြာခဏ လွန်စွာ စိတ်ဆိုးတတ်ခြင်း။

၆။ စကားမပီ၊ ပလီပလာ ပြောတတ်ခြင်း။

၇။ လောင်းကစားကြိုးသူဖြစ်ခြင်း။ (ဟိတောပဒေသ)

မိတ်ဆွေကောင်း၊ မိတ်ဆွေတုတို့ကို ရွေးချယ်ပေါင်းသင်းနိုင်သူ မှားမှာ မိတ်ကောင်းနှင့် ပြည့်စုံသဖြင့် မျက်မှောက်ဘဝ၌ပင် စည်းစိမ်ဥစ္စာနှင့် အခြံအရံ တိုးပွားပြည့်စုံနိုင်သည်။

၄။ သမဇီဝိတသမ္ပဒါ - မျှတစွာအသက်မွေးခြင်း

- ဝင်ငွေထွက်ငွေ မျှတစွာ သုံးစွဲတတ်ခြင်း၊ ဤလောက၌ အမျိုးကောင်းသားသည

စည်းစိမ် ဥစ္စာတို့၏ တိုးပွားမှု(ဝင်ငွေ)ကို လည်းကောင်း၊ ဆုတ်ယုတ်မှု(ထွက်ငွေ)ကို လည်းကောင်း သိ၏။

"ဤသို့ သုံးစွဲသော ငါတို့ တိုးပွားမှု(ဝင်ငွေ) သည် ဆုတ်ယုတ်မှု(ထွက်ငွေ)ထက်များလိမ့် မည်။ ငါ၏ဆုတ်ယုတ်မှု(ထွက်ငွေ)သည် တိုးပွားမှု (ဝင်ငွေ)ထက်များလိမ့်မည်မဟုတ်ဟု မမျှားလွန်း မနည်းလွန်း မျှတစွာ အသက် မွေးမှုကို ပြု၏။

- အမျိုးကောင်းသားသည် တိုးပွားမှု(ဝင်ငွေ) နည်းသူဖြစ်ပါလျက် အထက်တန်းကျသော အသက်မွေးမှုကို ပြုအံ့။ ထိုသူအား ဤအမျိုးသားသည် သဖန်းသီးကို စားသုံးသူကဲ့သို့ စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်စားသောက်၏ဟု ဆိုဖွယ်ရာဖြစ်၏။

- အမျိုးကောင်းသားသည် တိုးပွားမှု(ဝင်ငွေ) များသူဖြစ်ပါလျက် ငြိုငြင်ဆင်းရဲသော အသက်မွေးမှုကို အကယ်၍ပြုအံ့။ ထိုသူအား ဤအမျိုးသားသည် အားထားရာမဲ့ သေခြင်းကဲ့သို့ သေရလိမ့်မည်ဟု ဆိုဖွယ်ရာဖြစ်၏။

- အမျိုးကောင်းသားသည် စည်းစိမ် ဥစ္စာတိုးပွားမှုကိုလည်းကောင်း၊ ဆုတ်ယုတ်မှုကို လည်းကောင်း သိ၍ "ဤသို့သုံးသော် ငါ၏ တိုးပွားမှုသည် ဆုတ်ယုတ်မှုထက် များလိမ့်

မည်။ ငါ၏ ဆုတ်ယုတ်မှုသည် တိုးပွားမှု ထက် များလိမ့်မည်မဟုတ်ဟု မမျှားလွန်း မနည်းလွန်း မျှတစွာ အသက်မွေးမှုကိုပြု၏။

- ချိန်ခွင်ကို ဟိုဘက် ဒီဘက် အလေးချိန် မျှတ အောင်ချိန်တွယ် သကဲ့သို့ ဝင်ငွေ နှင့်ထွက်ငွေ ပမာဏကို သိ၍ မျှတစွာ သုံးတတ်ရမည်။ (အံ-၃၊ ၁၀၈-၉)

- သဖန်းသီး စားလိုသူသည် မိမိစားလိုသမျှ ကိုသာ ဆွတ်ခူး၍ မစားဘဲ သစ်ပင်ကို လှုပ် ခြွေ၍ အသီးအားလုံးကို ကြွေကျစေ၏။ ထို့နောက်မှ မိမိစားလိုရာ တစ်လုံးနှစ်လုံး မျှကိုသာစားပြီး ကျန်အသီးများကို အကျိုးမဲ့ ချန်ထားသကဲ့သို့ အလားတူ ပစ္စည်းသုံးစွဲရာ၌လည်း ဝင်ငွေနှင့်ထွက်ငွေ မျှတစွာမသုံးဘဲ အထက်တန်းကျကျနေ၍ အလွန်အကျွံသုံးစွဲသူသည် မိမိ၏ ပစ္စည်းကို မလိုအပ်ဘဲ အကျိုးမဲ့ ကုန်ခန်းစေ၍ မိမိကိုယ်ကို မွဲအောင် ဖန်တီးသူဖြစ်ပါသည်။

- တစ်ဖန် မိမိကဝင်ငွေများပါလျက် မစားရက် မသောက်ရက်၊ မလှူဒါန်း၊ မပေးကမ်း၊ မစွန့် ကြရက်ပါမူ ခိုကိုးအားထားရာမဲ့သူများကဲ့သို့ ဆင်းဆင်းရဲရဲ အသက်မွေး၍ ဘဝဆုံးရ သောကြောင့် အကျိုးမဲ့သေရသော ပုဂ္ဂိုလ် ဟုဆိုပါသည်။

ပစ္စည်းဥစ္စာမျတစ္စာ သုံးစွဲနည်း

ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် သုံးစွဲနည်းမှာ -

"အိမ်ထောင်သည်ဘဝကို တည်ဆောက်သော အမျိုးကောင်းသားသည် ဤသို့စည်းစိမ် ဥစ္စာတို့ကို စုဆောင်း၍ ယင်းတို့ကို လေးဖို့ခွဲရာ၌။ ထိုလေးဖို့အနက် တစ်ဖို့သော ဥစ္စာပစ္စည်းဖြင့် စည်းစိမ်ကို ခံစားရသည်။ နှစ်ဖို့သော ဥစ္စာပစ္စည်းတို့ဖြင့် ကုန်သွယ်မှုစသည်ပြုရာ၏။ လေးခုမြောက်အဖို့ဖြင့် ဘေးရန်ဖြစ်တတ်သော အသုံးစရိတ်အလို့ငှာ သိုမှီးထားရာ၏။"
(ဒီ-၃-၁၅၃-သိဂါလသုတ်)

ဥပမာ - ငွေလေးသောင်းရက တစ်သောင်းကို မိသားစု စားဝတ်နေရေး သုံးလျှုလိုက စားတဲ့အထဲမှ စု၍လျှုပါ။ နှစ်သောင်းကို ရင်းနှီးမှုပြုပါ။ တစ်သောင်းကို ရန်ပုံငွေအဖြစ် စုဆောင်းထားပါ ဟုဆိုလိုပါသည်။

ခြကောင်ကလေးများ၏ တောင်ပို့ကြီး ဖြစ်လာအောင် မြေကြီးသယ်ယူနည်းကိုလည်းကောင်း၊ ပျားကောင်များ၏ ပျားအုံကြီးဖြစ်လာအောင် ပန်းဝတ်ရည်ကို စုပ်ယူ၍ စုဆောင်းနည်းကို လည်းကောင်း ရှုမြင်သုံးသပ်၍ (၀၀) နည်းယူ၍ ဥစ္စာပစ္စည်း အချည်းအနှီး ကုန်ကျမှုကို ရှောင်ရှားလျက် တိုးပွားမှုကိုသာ အစဉ်ကြိုးစားကာ အိမ်ရာ ထူထောင်လူဘောင်၌ နေရာ၏။" (မ၊ ဋ္ဌ-၃-၁၇၅)

"စေ့မြေ့သိပ်သည်း၊ ရွှေ့ရွှေ့စည်းလော၊ စရည်းအိုးခွက်၊ ကြီးစွာလျက်လည်း၊ စဉ်ဆက်ကျများ၊ ပြည့်သောလားသို့၊ ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြပုန်းတောင်ပို့၊ ပို့သည်ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်ထွေး၊ တက်လှစေသော" (လောကသာရပို့)

ပျားနှင့်ယင်ဆင် နှိုင်းယှဉ်ပြ၊

ယင်ကောင်တို့သည် စုဆောင်း မထားတတ်ကြဘဲ ဝမ်းဝရုံသာ ရှာဖွေ စားသောက်တတ်ကြသဖြင့် မရသောအခါ ငတ်ကြရ၏။ ပျားကောင်များမှာမူ ပျားရည်ကို ရထားကြသဖြင့် ရှာဖွေမရသောအခါ၌လည်း မပူပန်ရဘဲ ပြည့်စုံစွာ စားသုံးရသကဲ့သို့ အလားတူ ပစ္စည်းဥစ္စာ ချွေတာစုဆောင်း နိုင်မှုတို့သည်လည်း အိုမင်းမစွမ်းဖြစ်၍ မရှာဖွေနိုင်သော အခါ၌လည်း မပူပန်ရဘဲ ချမ်းသာစွာ စားသုံးနိုင်သည်။

လူ့လောက၌ ချွေတာစုဆောင်းခြင်းမရှိဘဲ ရရသမျှ အကုန်သုံးစွဲသူများမှာ မည်သည့်အခါမှ လူမဲ့ လူဆင်းရဲဘဝမှ လွတ်မြောက်နိုင်ကြမည် မဟုတ်ချေ။ ထိုသူများသည် ယင်ကောင်နှင့်တူလှသည်။

"လောကီဓမ္မတာ၊ တတ်ပညာနှင့်၊ ဥစ္စာရှာဖွေ၊ မပြုနေသော်၊ သေအောင်ဒုက္ခ၊ ဆင်းရဲရလိမ့်၊ လောကမှိုက်တွင်း၊ ပျားနှင့်ယင်ကို၊ မျက်မြင် ပုံထား၊ ဆောင်ရွက်စားလေ၊ ပျားကားအုံပြု၊ အရည်စု၍၊ ထားမှုလဲပွား၊ နောင် ချမ်းသာ၏၊ ယင်မှာသော်ရ၊ ဝမ်းဝရုံသာ၊ အုံကာသောက်စား၊ စုမထား၍၊ ရှာငြားမပြတ်၊ မရငတ်၏၊ ဆက်ဆက်စုမှု၊ အလသဖြင့်၊ ငယ်ကပျင်းသူ၊ ကြီးမူဆင်းရဲ၊ ရစမြဲတည်း။"

(မယဒဝေ၊ ၂၃၃-၂၆၇)

စေ့းသည်ကုန်သည်တို့ ချမ်းသာကြွယ်ဝကြောင်း (၃)ပါး

စေ့းသည်ကုန်သည်များ ကြွယ်ဝကြောင်း (၃)မျိုးရှိသည် -

၁။ စက္ခုမာ - မျက်စိအမြင်ရှိခြင်း။

၂။ ဝိဓူရော - ဉာဏ်နှင့်ယှဉ်သော လုံ့လရှိခြင်း။

၃။ နိဿယသမ္ပန္နော - အမှီကောင်းနှင့် ပြည့်စုံခြင်း။

ဥစ္စာပစ္စည်းရှာဖွေသူတို့၏ ပြည့်စုံမှု (၄)မျိုး (သမ္ပတ္တိ)

၁။ ဂတိသမ္ပတ္တိ - ကောင်းသော တည်ရာဖြစ်ရာရှိခြင်း။

- မိမိ၏ အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ကံကြောင့် လူဘဝ ဖြစ်လာရပြီး၊ အတိတ်ဘဝ ဒါနကြောင့် ချမ်းသာစွာနေရ၏။

- အတိတ်ဘဝ ကုသိုလ်ကြောင့် လူဘဝ ရလာခဲ့သော်လည်း ဒါနမရှိ၍ ဆင်းရဲရသည်။ ထိုသူဘဝအတွက် ယခုဘဝ အလုပ် ဉာဏ် လုံ့လ (ကံ၊ ဉာဏ်၊ ဝီရိယ) ယှဉ်နိုင်မှ ဥစ္စာပစ္စည်း ပြည့်စုံပါမည်။

၂။ ဥပဓိသမ္ပတ္တိ - လူ့ဘဝ၌ ကိုယ်ခန္ဓာ အင်္ဂါပြည့်စုံစွာဖြင့် ရှုချင်စဖွယ် တင့်တယ်လှပသော ရုပ်သွင် သဏ္ဍာန်သည် အလွန်အရေးပါ အရာရောက်၍ မင်းလောင်းရွေးချယ်ရာ၌လည်းကောင်း၊ မိဖုရားလောင်းရွေးချယ်ရာ၌လည်းကောင်း၊ သာမန် ယောကျ်ားကလေး၊ မိန်းကလေးများ ရုံးအလုပ်၊ အရောင်းစာရေး၊ စာရေးမအလုပ် ရွေးချယ်ရာ၌ ရုပ်အဆင်းလှပသူကိုသာ ရွေးချယ် ခန့်ထားလေ့ရှိသည်။

၃။ ကာလသမ္ပတ္တိ - ဥစ္စာဓနရှာဖွေသူတို့အတွက် မိမိတို့ လုပ်ငန်းနှင့် သင့်လျော်သော အချိန်ကာလသည် ကာလသမ္ပတ္တိ ဖြစ်သည်။

ဥပမာ - လယ်လုပ်သူအတွက် မိုးဥတုသည်လည်းကောင်း၊ ယာလုပ်သူအတွက် ဆောင်းဥတု

သည်လည်းကောင်း၊ ဟင်းရွက်သားငါးစေ့းသည် အတွက် နံနက်ပိုင်း၊ ညနေပိုင်းသည် လည်းကောင်း ကာလသမွတ္တိ ဖြစ်ပါသည်။

- လုပ်သင့်လုပ်ထိုက်သော မိမိတို့၏ စီးပွားရေး လုပ်ငန်းများကို အချိန်ကာလနှင့် အညီ လိုက် လျောစွာ လုပ်နိုင်ပါက ကြီးပွားချမ်းသာပါသည်။

၄။ ပယောဂသမွတ္တိ- လုံ့လ ကြိုးစားအားထုတ်ခြင်းနှင့် ပြည့်စုံမှု ဖြစ်သည်။

လုံ့လနှင့်ပြည့်စုံမှုဟူသည်-

- လုပ်ငန်းအရပ်ရပ်၌ တတ်သိနားလည်ခြင်း၊ လိမ္မာခြင်း၊ ပါးနပ်ခြင်း၊ သိတတ်ခြင်းဟူသော ပညာရှိခြင်း၊ အရာရာ၌ မမေ့မလျော့ သတိရှိခြင်း၊ လုံ့လကောင်း၍ သွက်လက်တက်ကြွစွာ လုပ်ဆောင်မှု ရှိခြင်း။

- ဤသုံးမျိုးသည် အစဉ်လိုက် အရေးကြီး၍ ဤသုံးမျိုးနှင့် ပြည့်စုံစွာ ကျင့်သောသူသည် မုချကြီးပွားချမ်းသာနိုင်ပါသည်။

တရားနှင့်မညီသော ကုန်သွယ်ရောင်းဝယ်နည်းများ

၁။ တုလာကူဋ - ချိန်စဉ်းလဲ၍ ရောင်းဝယ်နည်း

- စျေးရောင်း စျေးဝယ်ပြုရာ၌ မှန်မှန်ကန်ကန် ချိန်တွယ်ခြင်းမပြုဘဲ ကောက်ကျစ်စဉ်းလဲ၍ ချိန်တွယ်ခြင်းမျိုးဖြစ်သည်။

(က) ရူပကူဋ္ဌ - အသွင်တူချိန်ခွင်ဖြင့် လှည့် ပတ်ခြင်း။

- အသွင်တူ အလေးတူ ချိန်ခွင် နှစ်ခုကို ထားမှ မိမိက ဝယ်ယူသောအခါ အလေးချိန် ပြည့်သော အလေးဖြင့် ချိန်ယူပြီး၊ ရောင်းဝယ်သောအခါ အလေးချိန် မပြည့်သော အလေးဖြင့် ချိန်ပေးခြင်းမျိုး ဖြစ်သည်။

(ခ) အင်္ဂကူဋ္ဌ - လက်ကူ၍ လှည့်ပတ်ခြင်း။

- မိမိက ဝယ်ယူသောအခါ ချိန်ခွင်နောက်ပိုင်းကို လက်ဖြင့်ဖိနှိပ်၍ ဝယ်ပြီး ရောင်းသောအခါ ချိန်ခွင်အရှေ့ပိုင်းကို ဖိနှိပ်၍ ရောင်းခြင်းမျိုး ဖြစ်သည်။

(ဂ) ဂဟဏကူဋ္ဌ - ချိန်ခွင် ကိုင်နည်းများဖြင့် လှည့်ပတ်ခြင်း။

- ချိန်ခွင်ကို ကိုင်တွယ်ရာ၌ ဉာဏ်ကူ၍ ကိုင်သောနည်း ဖြစ်သည်။ မိမိက ပစ္စည်းဝယ်ယူသောအခါ ချိန်ခွင်ကြိုးကို အရင်းက ကိုင်ယူပြီးချိန်ယူ၍ ရောင်းသည့် အခါ ချိန်ခွင်ကြိုးကို အဖျားက ကိုင်၍ ပေးသောနည်းဖြစ်သည်။

(ဃ) ပဋိစ္ဆန္ဒကူဋ္ဌ - လျှို့ဝှက် ဖုံးကွယ် နည်းဖြင့် လှည့်ပတ်ခြင်း။

- ချိန်ခွင်တန်း၊ ချိန်ခွင်ဘောင်ကို အခေါင်းဖောက်၍ သံမှုန့်ဖြစ်စေ၊ ခဲဖြစ်စေ သွင်းထား၏။

မိမိက ဝယ်သည့်အခါ ယင်း သံမှုန့် စသည်တို့ကို ချိန်ခွင်၏ အရင်းဘက်၌ ထားပြီး၊ ရောင်းသောအခါ ချိန်ခွင်၏ အဖျားဘက်၌ ထား၍ ရောင်းသောနည်းဖြစ်သည်။

(သံ၊၌-၃-၃၃၇)

၂။ ကံသကုဋ္ဌ - အသပြာစဉ်းလဲ၍ ရောင်းဝယ်နည်း။

- ရွှေတု၊ ငွေတု စသည့် ပစ္စည်းတုတို့ဖြင့် လှည့်ပတ်၍ရောင်းဝယ်နည်းမျိုး ဖြစ်သည်။

၃။ မာနကုဋ္ဌ - ခြင်တောင်း၊ ခြင်ခွက်စဉ်းလဲ၍ ရောင်းဝယ်နည်း။

- ဆန်စပါး (ထောပတ်စသည် ရောင်းဝယ်ရာ၌ တောင်း၊ ခွက် စသည်တို့ကို မှန်မှန်ကန်ကန် ခြင်တွယ်ခြင်းမပြုဘဲ စဉ်းလဲကောက်ကျစ်၍ ရောင်းဝယ်ခြင်းဖြစ်သည်။)

ဤနည်းတွင် နည်း (၃)နည်းရှိပါသည် -

(က) ဟဒယဘေဒ = အတွင်း၌ အပေါက် ပေါက်ထားသောခြင်ခွက်ဖြင့်ခြင်ခြင်း။

- ဆီ ထောပတ် စသည်တို့ကို ရောင်းဝယ်သောအခါ၌ အသုံးပြုသောနည်းဖြစ်သည်။ ဆီ ထောပတ် စသည်တို့ကို မိမိကဝယ်သော အခါ အောက်တွင် အပေါက် ဖောက်ထားသော ခြင်အိုး ခြင်ခွက်ဖြင့် ဝယ်ယူ၏။ မိမိက ရောင်းသောအခါ အပေါက်ကိုပိတ်၍ မြန်မြန် လောင်းထည့်ပြီး ရောင်း၏။

- အခြို့မှာ ခြင်ခွက်တွင် အပေါက်ဖောက်မထားသော်လည်း ရောင်းသည့်အခါ ခွက်မှောက် ခွက်ကျန်နည်းကို အသုံးပြုကြသည်။ ခွက်မှောက် ခွက်ကျန်နည်းဆိုသည်မှာ ခြင်ခွက်ဖြင့်ပေးသည့်အခါ ခွက်ကို မြန်မြန် ပြန်မှောက်ပြီး မြန်မြန်ပြန်လှည့်သောနည်းဖြစ်သည်။ ဆီထောပတ် စသည်တို့မှာ အရည်အပြစ်ဖြစ်၍ အောက်သို့ - လျင်မြန်စွာ မဆင်းသဖြင့် ခြင်ခွက်၌ ပြန်ပါလာသည်။ ဤသို့လျှင် တစ်ပိသာ ရောင်းလျှင် (၉၀)သားမျှပေးပြီး တစ်ဆယ်သားခန့် ပြန်ယူသည်။

(ခ) သိခါဘေဒ - ထိပ်ကိုဖျက်၍ ပြင်ခြင်း။

- ဆန်စပါး၊ နှမ်းစသည်တို့ကို ခြင်တွယ်ရာ၌ အသုံးပြုသော နည်းဖြစ်သည်။ ဆန်စပါး စသည်တို့ကို ဝယ်ယူသောအခါ ဖြည်းဖြည်း လောင်းထည့်၍ မောက်စေပြီးမှ ယူ၏။ ရောင်းသောအခါ မြန်မြန်လောင်းထည့်ပြီး ထိပ်ကို စတုတ်ဖြင့် မြန်မြန်တိုက်ပေးပြီးရောင်းသည်။ ဤနည်းတွင် ဖြည်းဖြည်း လောင်းထည့်ခြင်းသည် အကြားတွင် လေမဝင် လေမခံသဖြင့် အမှန်အတိုင်းရ၏။ မြန်မြန်လောင်းထည့်ပြီး မြန်မြန်စတုတ်ဖြင့်တိုက်ခြင်းသည် ကြားတွင် လေဝင် လေခံတတ်သဖြင့် အမှန်တိုင်း လျော့နည်းနေတတ်သည်။

(ဂ) ရဇ္ဇုဘေဒ- ကြိုးကို ဖျက်၍တိုင်းတာခြင်း။

လယ်ယာမြေ စသည်တိုင်းရာ၌ အသုံးပြု သောနည်းဖြစ်သည်။ ကြိုးကို လိုသလို လျှော့ တင်းဆွဲ၍တိုင်းယူခြင်းမျိုးဖြစ်သည်။

၄။ ဥက္ကောဇနသာစိယောဂ- တံစိုးလက်ဆောင်ယူ၍ လိမ်လည်နည်း။

- မှုခင်းစသည် ဖြစ်ပွားရာ၌ တံစိုးလက်ဆောင် ယူ၍မှန်ကန်သည်ကို မမှန်၊ ပိုင်သည်ကို မပိုင် ဖြစ်အောင် စဉ်းလဲ ကောက်ကျစ်လိမ်လည် ခြင်းမျိုးဖြစ်သည်။

- ဤသည်ကို မတရား ရှေ့နေလိုက်သူများ မတရားဆုံးဖြတ်သော တရားသူကြီးများ အသုံး ပြုတတ်ကြသည်။

- ပိုင်ဆိုင်မှု စသည့် မှုခင်းများ ဖြစ်ပွားသော အခါ တံစိုးလက်ဆောင်ပေးနိုင်သူကို တရား နိုင်သူဟူ၍ လည်းကောင်း၊ မပေးနိုင်သူကို တရားရှုံးသူဟူ၍လည်းကောင်း အဆုံးအဖြတ် ပေးတတ်ကြသည်။ ထိုအခါ အမှန်တကယ် ပိုင်ဆိုင်သူများမှာ တံစိုးလက်ဆောင် မပေး နိုင်ကြသဖြင့် ပိုင်ဆိုင်မှု ဆုံးရှုံးကြရသည်။

၅။ ဝဉ္စနသာစိယောဂ- နားလှည့်၍လိမ်နည်း။

- အရောင်းအဝယ် ပြုရာ၌ ရောင်းသူ သို့မဟုတ် ဝယ်သူကို နားလှည့်၍ လိမ်လည် ယူသော နည်းဖြစ်သည်။

ဥပမာပြရာ၌ မုဆိုးတစ်ယောက်သည် သမင်ကြီးတစ်ကောင်နှင့် သမင်ငယ် တစ်ကောင်တို့ကို ရောင်းရန်ယူလာရာ လူတစ်ယောက်က အဘိုး ဘယ်လောက်စီဖြင့် ရောင်းမလဲဟုမေး၏။ မုဆိုးက သမင်ကြီး နှစ်ကျပ်၊ သမင်ငယ်ကို တစ်ကျပ်ဟု ပြောရာ ထိုသူက သမင်ငယ်ကို တစ်ကျပ်ပေး၍ ဝယ်လိုက်သည်။

ထို့နောက် - အနည်းငယ်သွားပြီးသောအခါ ဟော့ ဆရာကြီး ပြန်လာပါဦးဟု အငယ်ကို မလိုချင်ဘူး။ အကြီးကောင်ကိုသာ လိုချင်တယ်ဟု ဆိုသည်။ မုဆိုးကအကြီးကောင်ကို လိုချင်လျှင် နှစ်ကျပ်ပေးဟုပြောသောအခါ လူလည်က ခင်ဗျားကို ငွေတစ်ကျပ်ပေးပြီးပြီ မဟုတ်လား။ အဲဒီငွေတစ်ကျပ်နဲ့ အဲဒီသမင်က တစ်ကျပ် ပေါင်းနှစ်ကျပ်ယူဟု ဆိုပြီး သမင်ကလေးကို ပြန်ပေး၍ သမင်ကြီးကို ယူလိုက်သည်။

ဤနည်းမှာ ရောင်းသူကို နားလှည့်၍ ယူသောနည်းဖြစ်သည်။ အလားတူ ကုန်သည်နှင့်ပွဲစားစေ့ရောင်းသူနှင့် စေ့ဝယ်သူတို့ တစ်ဦးကို တစ်ဦး နားလှည့်၍ ဝယ်ခြင်းဟူသမျှတို့သည် ဤနည်းသာဖြစ်ပါသည်။ (သံ၊ဋ္ဌ၊ ၃-၃၃၈)

၆။ နိကတိသာဓိယောဂ- အတတ်ပညာဖြင့် အတူပြု၍လိမ်နည်း။

- ယောဂအတတ်၊ မာယာအတတ်ပညာတို့ဖြင့် လှည့်ပတ်၍ လိမ်ညာခြင်းမျိုးဖြစ်သည်။

- ဤ၌ ယောဂအတတ်ပညာဟူသည် ဂါထာမန္တန် မန်းမှုတ်၍ ရွှေငွေစသည်တို့ကို ပြုလုပ်သော အတတ်ပညာဖြစ်သည်။

- မာယာအတတ်ဟူသည် မျက်လှည့်နည်းတို့ဖြင့် လူတို့၏ မျက်စိကို လှည့်၍ ရွှေ ငွေ စသည်ပြုလုပ်ပြသတော အတတ်ပညာဖြစ်သည်။

- ထိုအတတ် ပညာရှင်တို့သည် ယင်းတို့၏ အတတ်ပညာဖြင့် ရွှေ ငွေ ပတ္တမြား အစစ်မဟုတ်သည်ကို ရွှေအစစ်၊ ငွေအစစ်၊ ပတ္တမြားအစစ်မှတ်ထင်ရအောင် ဂါထာ မန္တန် မန်းမှုတ်၍ လည်းကောင်း၊ မျက်စိကို လှည့်လည်၍ လည်းကောင်း ပြသ၍ လိမ်လည်ကြသည်။

- ဤအမှတ် (၆)နည်းသည် အမှတ်(၂)နည်းနှင့် အတူပြုလုပ်၍ လိမ်လည်ခြင်းနှင့် တူသယောင် ရှိပါသည်။ အမှတ်(၂) နည်းမှာ အတူနှင့်အစစ်ရောရောင်းသာနည်းဖြစ်ပြီး၊ အမှတ်စဉ် (၆)မှာ ယောဂအတတ်၊ မာယာအတတ်ပညာဖြင့် မန်းမှုတ် လိမ်ညာသောနည်းဖြစ်ပါသည်။

တရားနှင့်မလျော်သော ကုန်သွယ်ရောင်းဝယ်ခြင်းအပြစ်များ

တရားနှင့်မလျော်သော ကုန်သွယ်ရောင်းဝယ်နည်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် -

- မျက်မှောက်ဘဝ၊ တမလွန်ဘဝတို့၌ ထိုက်သင့်သော ပြစ်ဒဏ်ကို ကောန်မုခ္ဍ ခံစားကြရမည်ဖြစ်၏။
- မျက်မှောက်ဘဝ၌ သူတစ်ပါး၏ အပြစ်တင်ကဲ့ရဲ့မှုကို ဦးစွာခံရတတ်၏။
- ထို့နောက်လုပ်ငန်းနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်၏ အယုံအကြည်ကင်းမဲ့မှုကို ခံရတတ်၏။
- စီးပွားဥစ္စာ ဖြစ်ထွန်းသော်လည်း ရေရှည်မတည်တံ့တော့ဘဲ မကြာမီ ပျက်စီးတတ်၏။
- မိမိပိုင် ပစ္စည်းများ လုယက်ဖျက်ဆီး ခံရတတ်၏။
- ရာဇဝတ်အပြစ်ဒဏ်များနှင့်လည်း ကြုံရတတ်၏။

ပုဒ္ဓက ရာသိယ ရွာသူကြီးအား -

"ရွာသူကြီး အကြင်ကာမဂုဏ် ခံစားသူသည် အနိုင်အထက် ပြုလုပ်၍ စည်းစိမ်ဥစ္စာကို ရှာမှီး၏။ ထိုသို့ ရှာမီး၍ မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ၊ မဝေခြမ်း မပေးကမ်း ကောင်းမှုကုသိုလ်ကိုမပြု။ ထိုကာမဂုဏ်ခံစားသူသည် သုံးပါးသောအကြောင်းတို့ဖြင့် ကဲ့ရဲ့ခံရတတ်၏။

- အနိုင်အထက်ပြုလုပ်၍ စည်းစိမ်ဥစ္စာကို မတရားရှာမှီး၏ ဟူ၍ ပထမအကြောင်းဖြင့် ကဲ့ရဲ့ခံရ၏။
- မိမိကိုယ်ကို မချမ်းသာစေ၊ မပြည့်ဖြိုးစေ ဟူသော ဒုတိယအကြောင်းဖြင့်လည်း ကဲ့ရဲ့ခံရတတ်၏။
- မဝေချမ်း၊ မပေးကမ်း ကောင်းမှု မပြု ဟူသော တတိယအကြောင်းဖြင့် ကဲ့ရဲ့ခံရတတ်၏ ဟူ၍ ဟောပြတော်မူ၏။ (သံ-၂-၅၁၅)

"လူမိုက်တို့သည် မတရားသဖြင့်လည်းကောင်း၊ လိမ်လည်လှည့်ဖြား၍လည်းကောင်း၊ နှစ်ပါးသော စည်းကမ်းတို့ဖြင့် ရရှိလာသော ပစ္စည်းဥစ္စာတို့ကို ငါပိုင်ဥစ္စာဟု ထင်မှတ်နေကြ၏။ ထိုပစ္စည်းဥစ္စာတို့သည် ထိုသူအတွက် အဘယ်သို့လျှင် ကိုယ်ပိုင်စင်ကြယ်သော ပစ္စည်းဖြစ်ပါမည်နည်း"

- မတရားသဖြင့် ရှာမှီးစုဆောင်းထားသော ပစ္စည်းဖြစ်သောကြောင့် ထိုပစ္စည်းများသည် ထိုသူထံ၌ ကြာရှည်စွာ တည်တံ့နေမည်မဟုတ်ချေ။ မတရားကုန်သွယ်မှုစသည်ကို ပြုလုပ်ထားသောကြောင့် မင်းဘေးစသော အန္တရာယ်များ ဖြစ်ပေါ်လာနိုင်၏။ ပျက်စီးသွားနိုင်ပါ၏။ သေဆုံးသောအခါ နတ်ပြည်သို့မရောက်နိုင်။ ထိုမတရား စီးပွားရှာခြင်းကား လောကသံသရာ နှစ်ဖြာအကျိုးမှ ဆုတ်ယုတ်ပျက်စီးရသော အကျိုးရှိပါ၏။ (နေတ္တိ-၁၁၀)

မရောင်းဝယ်သင့်သောကုန်ပစ္စည်း (၅)မျိုး

တရားနှင့်မလျော်သဖြင့် ရောင်းမှု ကုန်သွယ်မှု မပြုထိုက်သော ပစ္စည်း (၅)မျိုးရှိသည်။

၁။ သတ္ထဝဏိဇ္ဇာ - ဓား, လုံ စသော လက်နက်ပစ္စည်းများ ရောင်းဝယ်ခြင်း။

၂။ သတ္တဝဏိဇ္ဇာ - လူသတ္တဝါအများကို ရောင်းဝယ်ခြင်း။

၃။ မံသဝဏိဇ္ဇာ - ကြက်၊ ဘဲ၊ ဝက်၊ နွားဆိတ်၊ သားငါး စသည်တို့ကို ရောင်းဝယ်ခြင်း။

- ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ ကျွဲ၊ နွား၊ သား၊ ငါးစသည်တို့ကို မွေးမြူ၍ ကြီးပြင်း ဝဖြိုးလာသောအခါ ရောင်း ဝယ် စားခြင်းမျိုးဖြစ်သည်။

- ထိုသို့ ပြုလုပ်ခြင်းသည် သူတစ်ပါးတို့ သတ်စားရအောင် မိမိက ဖန်တီးပေးရာ ရောက်သောကြောင့် တရားနှင့်မလျော်သော ရောင်းဝယ်ကုန်သွယ်ခြင်းဖြစ်ပါသည်။

- ထို့ပြင် မိမိကိုယ်တိုင် မမွေးမြူဘဲ မွေးပြီးသော ကြက်၊ ဝက်၊ နွား၊ ဆိတ်၊ သား၊ ငါးအရှင်တို့ကို ဝယ်ယူ၍ ရောင်းဝယ်ခြင်းသည်လည်း ဤ၌ အကျုံးဝင်ပါသည်။

(၄) မဇ္ဇဝကိဇ္ဇ

- သေရည်အရက်၊ ဘိန်းဖြူ၊ ဘိန်းမဲ စသော မူးယစ်ဆေးဝါးတို့ကို ရောင်းဝယ်ခြင်း။

- မူးယစ်ထုံထိုင်းစေသော အရက်၊ ကိုကင်း၊ ဘိန်းဖြူ၊ ဘိန်းမဲ၊ ဆေးခြောက်၊ ကစော်စသည်များကို ရောင်းဝယ်ခြင်းမျိုးဖြစ်သည်။

- ထိုပစ္စည်းများသည် သောက်စားမူးယစ်သူများကို ရောဂါမျိုးစုံ ရစေနိုင်၏။ ယုတ်စွအဆုံး အသုံးပြုသူကို သတိလက်လွတ် ဖြစ်စေတတ်၊ ဂုဏ်သိက္ခာမဲ့စေတတ်၏။ သတိလက်လွတ် ဖြစ်သောအခါ မည်သည့်ပြစ်မှုမျိုးမဆို မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ ကျူးလွန်တတ်၏။

- ထိုပစ္စည်းမျိုးစုံတို့ကို ရောင်းချသူများသည် သူတစ်ပါး တို့အား ရောဂါရအောင် သေကျေအောင် အကူ သိုလ်ဖြစ်ပွားအောင် တွန်းပို့ရာ ရောက်သောကြောင့် အပြစ်မကင်းပါချေ။ ထို့ကြောင့် မူးယစ်ဆေးဝါး ရောင်းဝယ်မှုသည် တရားနှင့်မလျော်သော ရောင်း ဝယ်မှုဖြစ်သည်။

၅။ ဝိသဝကိဋ္ဌ - သေစေတတ်သော အဆိပ်စသော ပစ္စည်းများ ရောင်းဝယ်ခြင်း။

- သတ္တဝါများ သေစေတတ်သော အဆိပ်စသော ပစ္စည်းများ ရောင်းဝယ်ခြင်းမျိုး၊ ဥပမာ-ကြွက်သတ် ဆေး၊ ပိုးသတ်ဆေး စသည်တို့ဖြစ်သည်။

- ထိုပစ္စည်းများသည် သတ္တဝါများကို သေစေတတ် သောပစ္စည်းများဖြစ်၍ ယင်းတို့ကို ရောင်းချခြင်း သည် တရားနှင့်မလျော်သော ကုန်သွယ်ရောင်း ဝယ်မှုဖြစ်သည်။

ဤကုန်သွယ်မှု (၅)မျိုးသည် ကောင်းကျိုးမပေါ်၊ သူတစ်ပါးကို ပျက်ဆီးစေတတ်သောကြောင့် ကုန်သွယ်မှုမပြုအပ်သော (၅)မျိုးဟုခေါ်ပါ သည်။

(အံ၊ ပဉ္စကနိပါတ၊ ဝါဏိဇသုတ်)

ပြည်သူတို့ အသိအလိမ္မာရရှိရေး ပညာသင်ကြားမှု တတ်မြောက်မှုများ

နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးမှု အသက်ဝိညာဉ်သည် ပညာရေးပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးဝအမှီသဟဲပြုနေပါသည်။ လက်တွေ့နယ်ပယ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်ဦးရွက်ပြုနေသည်မှာလည်း ပညာရေးပင် ဖြစ်ပါသည်။

၂၀ ရာစုကို ပညာခေတ်ဟု သတ်မှတ်ထားပြီး နည်းပညာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုအောက်တွင် ဂ်ာမ္မာကြီး၏ ရေကြော မြေကြောများ ကျံ့လာခဲ့ရသည်။ ဂ်ာမ္မာကြီးသည် သာမန်ရွာဂလေးတစ်ရွာကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ နီးနီးနားနား မေး ထူး ခေါ် ပြော လုပ်လာနိုင်ခြင်းမှာ ပညာရေး၏ အကျိုးကျေးဇူးပင်ဖြစ်ပါသည်။

မရှိတာထက် မသိတာခက် ဆိုသော စကားသည် အသိပညာကို ဦးစားပေးထားသော အဆိုအမိန့်စကားဖြစ်ပါသည်။ ပညာရေး အားနည်းမှုကြောင့် အသိအလိမ္မာ အားနည်းရခြင်း၊ ပညာရေးအားနည်းမှုကြောင့် တစ်ဦးနှင့်တစ်ဦး အကြား၊ တစ်စုနှင့်တစ်စု အကြား ထိတွေ့ဆက်ဆံမှု နယ်ပယ်အသီးသီး အလှမ်းဝေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းတို့ ဖြစ်ကြရသည်။

ထိုအခြေအနေများကြောင့် လူ့အဖွဲ့အစည်း တည်ငြိမ်အေးချမ်းမှု၏ ဗဟိုမှာ ပညာရေးဖြစ်သည်ကို ကမ္ဘာ့လူသားများက အကြွင်းမဲ့ လက်ခံထားကြရပါသည်။

ပညာသည်သာ အစစအရာရာတွင် အကောင်းဆုံး အားထားဖွယ်ရာ ဖြစ်သည်။ ပညာဖြင့်သာ မိမိဘဝကို တည်ဆောက်နိုင်သလို မိမိဘဝကိုလည်း အကာအကွယ် ပြုနိုင်ပါသည်။ ထို့ထက်မက ပညာဖြင့်သာ နိုင်ငံတည်ဆောက်နိုင်သလို နိုင်ငံကို ကောင်းမွန်စွာ အကာအကွယ်ပြုနိုင်ပါသည်။

ထို့အတွက် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ရှင်တော်ဗုဒ္ဓ သည် ပညာ၏တန်ဖိုး၊ ပညာ၏အတိမ်အနက်၊ ပညာ၏စွမ်းအားများကို အခါအားလျော်စွာ ထုတ်ဖော်ဟောကြားခဲ့ပါသည်။

ထိုပညာရေးကျင့်စဉ်များကို မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟို့သည် ရှေးခေတ်ကတည်းက ပညာရေးယဉ်ကျေးမှုတစ်ရပ်အဖြစ် လက်ခံကျင့်သုံး ခဲ့ရာ ယနေ့အထိဖြစ်သလို ထိုဗုဒ္ဓ ဟောကြားခဲ့သော ပညာရေး လမ်းညွှန် ချက်များသည် ယနေ့သိပ်ပံခေတ်ထိ မှန်ကန်လျက်ရှိနေပါသည်။ ထိုသည်ကို ကို မြန်မာလူ့ဘောင်ရှိ ကျောင်းသား/သူများ အလေးအနက်ထား လိုက်နာသင့်ကြပေသည်။

ပညာနှင့်ပညာရှိပုဂ္ဂိုလ်ရခဲမှု

ပညာကူသည် ဗုဒ္ဓ၏ပါရမီဖြည့်ကျင့်မှု (၁၀)ပါးတွင် တစ်ပါးအပါ အဂင်ဖြစ်ပါသည်။ ပါရမီဆိုသည်မှာ စိတ်ထားမြင့်မြတ် အထက်တန်း ကျသူတို့၏ ကျင့်စဉ်ဖြစ်သည်။ သာမန်လူပုဂ္ဂိုလ်များဒနတွက် လက်လှမ်းမီသော ဒရာမဟုတ်၊ မြတ်နိုးတွယ်တာ ကိုးကွယ်ရာမဖြစ်ပါ။

ပညာပါရမီဖြည့်ရာတွင် နေ့ချင်း ညချင်း တစ်ခဏအတွင်း ပြီးစီး နိုင်သည်မဟုတ်။ ပညာပါရမီပြည့်ဝအောင် အချိန်ကာလ ကြာမြင့်စွာ ဆည်းပူးရသည်။ ဖြတ်လမ်းနည်းလမ်းဖြင့် ပညာရရန် ပညာရှိဖြစ်ရန် အခွင့် အရေးမရှိပါ။ ပကတိသဘောအားဖြင့် ဖြောင့်မတ်မှန်ကန်သော ခရီးဌှ ဖြတ်လမ်းမရှိခြင်းသည်ကား လောကနီယာမတရားဖြစ်ပါသည်။

ပညာရှိဖို့ဆိုသည် စနွှကူးနှံ့သာကဲ့သို့ဖြစ်၏။ ခက်ခဲစွာ ပျိုးထောင် ရ၏။ ဖြစ်ထွန်းခဲ၏။ ကြာမြင့်စွာ အချိန်ပေးရသည်။

သို့တွက် ပညာရှိ၏ အရည်အချင်းကား ကြီးမားလှ၏။ တန်ဖိုး ဖြတ်၍မရနိုင်ပေ။ ပညာရှိသည် လောကဌ ပေါ်ပေါက်ခဲသော ပုဂ္ဂိုလ်

ဖြစ်သည်။ နီတိ၌ လူတစ်ထောင်မှာ တစ်ယောက်သာ ပညာရှိသူဖြစ်နိုင်၏ ဟု ဆိုထားပါ၏။

ဗုဒ္ဓက ပညာရှိပုဂ္ဂိုလ်ရနိုင်ခဲပုံကို -
"ယောကျ်ား အာဇာနည်သည် ဖြစ်ထွန်း ပေါ်ပေါက်နိုင်ခဲ၏။ ယောကျ်ား အာဇာနည်သည် ခပ်သိမ်းသော အရပ်ဒေသ၊ အမျိုး အနွယ်၌ မဖြစ်ထွန်းနိုင်။ ပညာရှိယောကျ်ား အာဇာနည်သည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာ ခြင်းသို့ ရောက်၏"

ဟု ဟောကြား လမ်းညွှန်ထားပါသည်။

ပညာရှိဟူသော ဝေါဟာရအဓိပ္ပါယ်မှာ -
- ပစ္စုပ္ပန်၊ တမလွန်အကျိုးစီးပွားကို ရယူနိုင်သူ၊
- အသိအလိမ္မာ ဉာဏ်ပညာရှိသူ၊
- အကျိုးစီးပွားရှိရာသို့ လမ်းမှန်အတိုင်း သွားတတ်သူ၊

ဟူ၍ ဖြစ်ပါသည်။

ပညာရှိသည် (၄)မျိုးရှိပါသည် -

(၁) စိန္တာကဝိ - မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်၍ သိနိုင်သူ၊

(၂) သုတကဝိ - အခြားသူထံမှ ကြားနာရ၍ သိမြင်နိုင်သူ၊

(၃) အတ္ထကဝိ - မိမိသိပြီးသော အကြောင်းအရာကို အခြေခံ၍ အခြားအကြောင်းအရာများကို သိမြင်နိုင်သူ။

(၄) ပဋိဘာနကဝိ - ကြံစည်စဉ်းစားခြင်းကို အချိန် ကြာမြင့်စွာ မပြုရဘဲ တစ်ခဏချင်း သိနိုင်သူ၊

ဟူ၍ ဗုဒ္ဓက ဟောကြားလမ်းညွှန်ထားပါသည်။

တစ်ဖန် ဗုဒ္ဓ၏ ပညာရကြောင်းကို အင်းဝခေတ် ရှင်မဟာရဋ္ဌသာရက-

သု,စိ,ပု,ဘာ,ဝိ,လိ,သိ,ဓာ အက္ခရာစွဲသုံး
ဤရှစ်လုံးကို သိကုံးပန်းသွင် နေ့တိုင်းဆင်လော့

ဟု ဆိုဆုံးမ ပညာပေးခဲ့ပါသည်။

သု သုဏှောယျ - နာကြားရာ၏
စိ စိန္တွေယျ - ကြံစည်ရာ၏
ပု ပုစ္ဆေယျ - မေးမြန်းရာ၏
ဘာ ဘာသေယျ - ရွတ်ဖတ်ရာ၏
ဝိ ဝိစာရေယျ - စီစစ်ရာ၏
လိ လိက္ခေယျ - ရေးသားရာ၏
သိ သိက္ခေယျ - သင်ကြားရာ၏
ဓာ ဓာရေယျ - ဆောင်ထားရာ၏

ပညာရှာနည်း (၇)ပါး

၁။ နည်းနာအမျိုးမျိုးကို မေးမြန်းရှာမှီးရခြင်း။

၂။ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ သန့်ရှင်းအောင်ထားရခြင်း။

၃။ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ကို အညီအမျှ ထားရခြင်း။

၄။ လိမ္မာပါးနပ်ပြီး ပညာကြီးပွားမှုကို အမြဲလိုလား တောင့်တနေခြင်း။

၅။ ဉာဏ်နည်းသူကို အရေးမထား ရှောင်ရှားကြဉ်ခြင်း။

၆။ ပညာရှိကို မှီဝဲဆည်းကပ်ခြင်း။

၇။ အရာဌာနတိုင်းမှာ နက်နဲသော ပညာဖြင့် အမြဲဆင်ခြင်၍ နေထိုင်ရခြင်း။

အတတ်ပညာနှင့်သင်ယူပုံ

- မကောင်းမှုခေါ်ဆို အကုသိုလ်မှ ကင်းလွတ်သော အတတ်ပညာများကို ကောင်းစွာ တတ်မြောက်ခြင်းသည် မင်္ဂလာမည်၏ဟု မင်္ဂလာတရားတော်၌လမ်းညွှန်ထားပါသည်။
- လက်မှုပညာ အတတ်အမျိုးမျိုး၊ စက်မှုပညာနှင့် သိပ္ပံပညာရပ်အမျိုးမျိုးကို သိပ္ပံပညာဟုခေါ်၍ နှုတ်ဖြင့် သင်အံလေ့ကျက်ရသော သုတပညာရပ်ကို ဝိဇ္ဇာပညာဟုခေါ်ပါသည်။

အတတ်ပညာရပ်များသည် နည်းလမ်းမှန်ကန်စွာ အသုံးပြုသည့် ဒေတွက် ကြီးပွားချမ်းသာနိုင်သော်လည်း လူမိုက်များအတွက်မူ ဆင်းရဲသာ ဖြစ်စေပါသည်။ ကိုယ့်အတတ်နှင့်ကိုယ်စူး ဟူသောစကားသည် အတတ်ပညာကို လွဲမှားစွာ အသုံးပြုသူအား ရည်ရွယ်၍ ဆုံးမထားခြင်းဖြစ်ပါသည်။

ပညာသင်ကြားသူသည် မိမိနှင့်သင့်လျော်သော နည်းကိုအသုံးပြု၍ သင်ကြားရပါမည်။ သင်ကြာနည်းမှန်ကန်ရန် လိုအပ်ပါသည်။ သင်ကြားနည်းလွဲမှားပါက ပိုးသာကုန် မောင်ပုံစောင်းမတတ် ဟူသကဲ့သို့ အချိန်သာကုန်၍ ပညာမရဘဲဖြစ်တတ်သည်။

ကဝိနီတိဆရာက ပညာသင်ကြားသူများအား ပညာသင်ကြားရာ၌ ဥစ္စာပစ္စည်းရှာရာတို့၌ မအိုမည့်သူ၊ မသေမည့်ပုံ အာရုံထားကာ အားထုတ်ရာ၏။ တရားဘာဝနာ ပွားများသောအခါ၌ကား သေမင်းက မိမိ၏ဦးသျှောင်ဆံပင်ကို ဆွဲယူဆုပ်ကိုင်သကဲ့သို့ အမှတ်ထား၍ ကြိုးစားရာ၏ဟု နည်းပေး လမ်းပြထားပါသည်။

ပညာအမြင် (ပညာမျက်စိ) (၅)မျိုး

၁။ ဗုဒ္ဓစက္ခု - ကုန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယ ဉာဏ် ၂-ပါးအမြင်။

၂။ ဓမ္မစက္ခု - မဂ်ဉာဏ်တော်အမြင်။

၃။ သမန္တစက္ခု - ပတ်ဝန်းကျင်အလုံးစုံသိ (သဗ္ဗညုတဉာဏ်)အမြင်။

၄။ ပညာစက္ခု (ဉာဏစက္ခု) - လောကီအတတ်ပညာ၊ လောကုတ္တရာအတတ် ပညာ အရာရာကို မြင်သောအမြင်၊ နောက်ဆုံး အာသဝက္ခယ ကိလေသာကုန်ရာ နိဗ္ဗာန်ကိုမြင် သောအမြင်။

၅။ ဒိဗ္ဗစက္ခု - နတ်မျက်စိနှင့်တူသော အလုံးစုံကို မြင်နိုင်သော အသိဉာဏ်ပညာအမြင် (ဓမ္မသင်္ကီပါဠိ)

ပညာရှိလက္ခဏာ (၃)မျိုး

၁။ သုစိန္တိတစိန္တိ - ကောင်းသောအကြံကို ကြံစည်ခြင်း။

၂။ သုဘာသိတဘာသိ - ကောင်းသောစကားကို ပြောဆိုခြင်း။

၃။ သုကတကမ္မကာရိ - အပြစ်မရှိ ကောင်းသော လုပ်ငန်းကိုသာ ပြုလုပ်လေ့ရှိခြင်း။

ပညာသင်ယူနည်း (၃)မျိုး

၁။ အလဂဒ္ဒူပမာ - မြွေဖမ်းနည်း မတတ်၍ မြွေကိုက်သေရသော ပညာသင်ယူနည်း၊ မိမိ တတ်ထားသော စာပေပညာဖြင့် သူတစ်ပါးအား နှိမ်နင်းရန် ဟူသော သဘောထားဖြင့် သင်ယူခြင်းမျိုး။

၂။ နိဿရဏတ္ထ - မိမိဘဝဆင်းရဲအပေါင်းမှ လွတ်မြောက်ရေး လောကီဆင်းရဲမှ လွတ်မြောက်ပြီး၊ လောကုတ္တရာချမ်းသာမှု ရရေးအတွက် ရည်ရွယ်ချက်ဖြင့် သင်ယူခြင်းမျိုး။

၃။ ဘဏ္ဍာဂါရိက - အတတ်ပညာများကို ထိန်းသိမ်းထားလိုသော သဘောမျိုးဖြင့်သင်ယူခြင်း။

ပညာဉာဏ်ရခြင်းအကြောင်း (၈)မျိုး

ပညာတိုးပွားရခြင်း၏ အကြောင်းတရား (၈)ပါးမှာ -

၁။ ဝယပရိဏာမ - အရွယ်ကိုင့်သဖြင့်ရ၏။

၂။ ယသပရိဏာမ - အခြံအရံကို ငဲ့သဖြင့်ရ၏။

၃။ ပရိပုစ္ဆ - မေးမြန်းသဖြင့် ရ၏။

၄။ တိတ္ထဝါသ - ကြာမြင့်စွာနေရခြင်းဖြင့် ရ၏။

၅။ ယောနိသောမနသိကာရ - ဝေဖန်ကြံဆခြင်းဖြင့်ရ၏။

၆။ သာကစ္ဆ - ဆွေးနွေးတိုင်ပင်ခြင်းဖြင့်ရ၏။

၇။ သိနေဟူပသေဝန - ချစ်သူကို ပေါင်းခြင်းဖြင့်ရ၏။

၈။ ပတိရူပဒေသဝါသ - လျောက်ပတ်သောအရပ်၌နေသဖြင့် ရ၏။

ဉာဏ်ပညာ အားနည်းရခြင်းအကြောင်း (၅)မျိုး

၁။ ကာမစ္ဆန္ဒ - အာရုံငါးပါး ကာမဂုဏ်အပေါ်၌ လိုလားခြင်း။

၂။ ဗျာပါဒ - စိတ်ဆိုးခြင်း။

၃။ ထိနမိဒ္ဓ - ပျင်းရိ ထိုင်းမှိုင်းခြင်း ငိုက်မျည်းခြင်း။

၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ - စိတ်ထားပျံ့လွင့်ခြင်း။

၅။ ဝိစိကိစ္ဆာ - ကောင်းမွန်သော အလုပ်၌ မယုံသင်္ကာဖြစ်တတ်ခြင်း၊

ပညာပျက်စီးနစ်မြုပ်ရခြင်းအကြောင်း(၃)မျိုး

၁။ မိုက်သောတပည့်ကို ပညာသင်ကြားလက်သုံးထားခြင်း။

၂။ အကျင့်ယုတ်သော မိန်းမနှင့်အိမ်ထောင်ပြုခြင်း။

၃။ မသူတော်နှင့်ပေါင်းသင်းဆက်ဆံခြင်း။

ပညာကျက် (ပုဇောဟိတ်) (၃)မျိုး

၁။ ဗေဒင် (၆)ကျမ်း အတတ်၊ လောကီအတတ်ပညာ အမျိုးမျိုးကို ကျွမ်းကျင်စွာ တတ်ကျွမ်း ပြုလုပ်တတ်သူ။

၂။ ထိုအတတ်ပညာမျိုးစုံကို စိတ်ဝင်စားလျက် အစဉ်လေ့လာလိုက်စား နေလေ့ရှိသူ။

၃။ မိမိတတ်သော အသိပညာ၊ အတတ်ပညာဖြင့် အားလုံးအပေါ် မေတ္တာထား ဆောင်ရွက်ပေးလေ့ရှိသူ။

ဘဝတိုးတက် တည်တံ့ရေး အား (၅)မျိုး

၁။ ကာယဗလ - ကိုယ်လက်ကျန်းမာ ဖွံ့ဖြိုးကောင်းမှုရှိခြင်း။

၂။ ဉာဏဗလ - ဘဟုဿုစ္စ, ဝိဇ္ဇာ-သိပ္ပံ ပြည့်စုံစွာရှိခြင်း။

၃။ ဘောဂဗလ - ပစ္စည်းဥစ္စာ ပေါကြွယ်ပြည့်စုံမှုရှိခြင်း။

၄။ စာရိတ္တဗလ - ကိုယ်ကျင့်တရား ကောင်းမွန်မှုရှိခြင်း။

၅။ မိတ္တဗလ - မိတ်ဆွေကောင်းများရှိခြင်း။

(ဤငါးတန်ပြည့်စုံမှု ပညာသင်ကြားမှုတွင် အခက်အခဲမရှိ သင်နှိုင်သလို အသက်ကြီးသောအခါ ဘဝပြည့်စုံမှု ရနိုင်သည်။)

အားငါးပါးရရှိရန် ကြိုးစားရမည့် မတူန်မလှုပ်သော အား (၉)မျိုး

၁။ သဒ္ဓါဗလ - မိမိသည် အလုပ်၌ ယုံကြည်မှုအား ကောင်းရမည်။

၂။ ဝီရိယဗလ - လုံ့လ၊ ဇွဲအားကောင်းရမည်။

၃။ သတိဗလ - အစဉ်ထာဝရ သတိ(အောက်မေ့မှု မပြတ်ရှိရမည်။

၄။ သမာဓိဗလ - တည်ကြည်မှုအား စိတ်ဝင်စားမှု အာရုံစိုက်အားကောင်းရမည်။

၅။ ပညာဗလ - အသိပညာ အတတ်ပညာ အားကောင်းရမည်။

၆။ ဟီရိဗလ - မကောင်းမှု၌ ရှက်တတ်ရမည်။

၇။ ဩတ္တပ္ပဗလ - မကောင်းမှု၌ ကြောက်တတ်ရမည်။

၈။ အဟိရိက - အရှက်ကို မငဲ့ဘဲ ပညာ ဥစ္စာ ယူတတ်ရမည်။

၉။ အနောတ္တပ္ပ - အကြောက်အလန့်မရှိဘဲ ပညာဥစ္စာ ယူတတ်ရမည်။

အင်္ဂါရဿပညာ (၁၈)ရပ်

၁။ အကြားအမြင်အတတ်၊

၂။ ဂဏန်းသချိၤအတတ်၊

၃။ နီတိကျမ်းစာအတတ်၊

၄။ စောင်းငြင်းစသော ကဗျာလင်္ကာအတတ်၊

၅။ ဒူးလေး၊ လင်းလေးအတတ်၊

၆။ ဓမ္မသတ်၊ ရာဇသတ်အတတ်၊

၇။ တံစဉ်၊ စူး၊ ဆောက် စသောလက်သမားအတတ်၊

၈။ ယာယီ၊ ယတြာ၊ ဗျာကရုဏ်းအတတ်၊

၉။ လက်ချိုးရေတွက်သည့်အတတ်၊

၁၀။ စကားကောင်း၊ ထုံးဟောင်း၊ သမိုင်းရာဇဝင်အတတ်၊

၁၁။ ဆေးအတတ်၊

၁၂။ ဗေဒင်အတတ်၊

၁၃။ ဆန်းကျမ်းအတတ်

၁၄။ မန္တန်အတတ်၊

၁၅။ ရယ်ရွှင်မှုဟာသအတတ်၊

၁၆။ လှည့်ပတ်တတ်သော မျက်လှည့်အတတ်၊

၁၇။ သံတမန်အတတ်၊

၁၈။ သဒ္ဒါကျမ်းအတတ်၊

ဤ(၁၈)ရပ်တို့ကား အတတ်ပညာရပ်များဖြစ်ပါသည်။

ပညာအမျိုးအစား

အပြားအားဖြင့်သိသော ပညာ(၂)မျိုး

၁။ ယထာဘူတပညာ - အဟုတ်သိ၊ အမှန်သိ၊ ကုသိုလ်၊ အကုသိုလ်၊ ကြိယာစိတ်တို့နှင့်ယှဉ်သော ပညာဝိဇ္ဇာ။

၂။ ဝဉ္စနာပညာ - သူတစ်ပါးအား လှည့်စားဉာဏ်၊ တဏှာ ပြဋ္ဌာန်းသော စိတ္တဇပွါဒ် (အကုသိုလ် ကြိစည်မှုပညာ)

ကိုယ်တိုင်လုပ်ရသော ပညာ(၃)မျိုး

၁။ စိန္တာမယပညာ - ကြိစည်သဖြင့် သိအပ်သောအရာမျိုး။

၂။ သုတမယပညာ - သူတစ်ပါးထံမှ ကြား၍သိသောအရာမျိုး။

၃။ ဘာဝနာမယပညာ - သမထ ဝိပဿနာ ပွားများသဖြင့် သိသော အရာမျိုး

ပညာအမျိုးအစားများ

၁။ မဟာပညာ

၂။ ပုထုပညာ

၃။ ဟာသပညာ

၄။ ဇဝနပညာ

၅။ တိက္ခပညာ

၆။ နိဗ္ဗေဓိကပညာ

မြန်မာယဉ်ကျေးမှုလောပြည်သူတို့ ကျန်းမာရေး လမ်းညွှန်ချက်များ

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်က အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့သော ဂေါတမဗုဒ္ဓသည် လောက လူသားတို့အတွက် အုပ်ချုပ်ရေး ကျင့်ဝတ်၊ ခေါင်းဆောင်ကျင့်ဝတ်၊ စီးပွားရေးကျင့်ဝတ်၊ နိုင်ငံရေးကျင့်ဝတ်၊ ပညာရေးကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ် စသည်များကို ဟောကြားညွှန်ပြသကဲ့သို့ ကျန်းမာရေး လမ်းညွှန်ချက်များကိုလည်း လောကလူသားတို့အတွက် သံသရာမှ လွတ်မြောက်ရေးအတွက် လောကုတ္တရာတရားကို ဟောခဲ့သလို ကျန်းမာရေး၊ ချမ်းသာရေးအတွက် ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ဗုဒ္ဓက လူသားတို့ ကျန်းမာရေးနှင့်ပတ်သက်၍ အာရောဂျပရမာလာဘာ- ကျန်းမာရေးသည် အမြတ်ဆုံးလာဘ်တစ်ပါး ဟု ဟောကြားခဲ့ပြီး၊ ရဟန်း ရှင် လူတို့ ရုပ်ခန္ဓာရှိနေသရွေ့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ကို ရရှိခံစားနိုင်ကြစေရန် လမ်းညွှန်ဟောကြား နည်းပြခဲ့ပါသည်။

ထိုဗုဒ္ဓဂေါတမ ဟောကြားညွှန်ပြခဲ့သော ကျန်းမာရေးနည်းလမ်းများကို မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀

ကတည်းက လက်ခံကျင့်သုံးလာခဲ့ပါသည်။ ထိုကျန်းမာရေးကျင့်စဉ်များသည် ယနေ့တိုးတက်နေသော သိပ္ပံခေတ်အထိ မလွဲမချော် မှန်ကန်မှုရှိနေခဲ့၍ ဗုဒ္ဓယဉ်ကျေးမှုမှတစ်ဆင့် ဆင်းသက်လာသော မြန်မာဆေးပညာသည် ယနေ့အထိ ကျန်းမာရေးကျင့်သုံးမှု ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ရှိနေခဲ့ပါသည်။

ထိုကျန်းမာရေး မြန်မာ့ယဉ်ကျေးမှု ကျင့်စဉ်များကို မြန်မာမျိုးဆက်သစ်တို့သည် သိရှိနားလည်ပြီး မိမိတို့၏ ယဉ်ကျေးမှုကို တန်ဖိုးထားတတ်စေရန်နှင့် အဟောင်းပေါ် အသစ်ဆင့် ဆိုသကဲ့သို့ အဟောင်းအပေါ် အသစ်ကို တီထွင်နိုင်ကြစေရန် လေ့လာသိရှိထားကြဖို့ လိုပါသည်။

ရုပ်ကိုဖြစ်စေသော အကြောင်းတရား (၄)မျိုး

ရုပ်ကိုဖြစ်စေသော အကြောင်းတရား (၄)မျိုးရှိပါသည် -

၁။ ကမ္မ (ကံ) - အတိတ်ဘဝက ပြုလုပ်ခဲ့သော ကမ္မပထ မြောက်သော အကုသိုလ်ကံ (အကုသိုလ်အလုပ်) (၁၂)မျိုး၊ မဟာကုသိုလ်ကံ (ကြီးကျယ်မြတ်သော ကောင်းမှုအလုပ် (၈)မျိုး)၊ ရူပါဝစရကုသိုလ်ကံ (စျာန်၊ သမထကို အားထုတ်ကျင့်ကြံခဲ့သော အလုပ် (၅) မျိုး)၊ စုစုပေါင်း (၂၅)မျိုးသော အတိတ်ကံတို့သည် အဖျတ်တိုက်သန္တာန် (မိမိ၏သန္တာန်)၌ ကမ္မဇရုပ် (ကံကြောင့်ဖြစ်သောရုပ် (၁၈)ပါး)ကို ပဋိသန္ဓေစိတ်၏ ဖြစ်သည့် (ဥပါဒ်)မှ စ၍ ခဏတိုင်း ခဏတိုင်း ဖြစ်စေကြပါသည်။

၂။ စိတ် - ရုပ်ကို ဖြစ်စေတတ်သော စိတ်များ

- စက္ခုစသော ဒွေးပဉ္စဝိညာဏ် (၁၀)မျိုး၊ အရူပဘုံကို အကျိုးပေးသော (အရူပဝိပါက်) (၄)မျိုး၊ ရဟန္တာတို့ စုတိစိတ်နှင့် အလုံးစုံသော ပဋိသန္ဓေစိတ်မှတစ်ပါး ကျန်စိတ် ၇၅-မျိုးတို့သည် အဇ္ဈတ္တိကသန္တာန်၌ စိတ္တဇ ရုပ်များကို ပထမဘဝင် စတင်ဖြစ်သည်မှစ၍ စိတ်တို့ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်စေပါသည်။

၃။ ဥတု - ပဋိသန္ဓေစဖြစ်သော ခဏ၌ ဖြစ်သော ကမ္မဇရုပ်တွင် ပါဝင်သော တေဇောဓာတ် (သီတ၊ ဥဏှ)

- အဇ္ဈတ္တိကသန္တာန်၌ ပဋိသန္ဓေစိတ်၏ တည်(ငှီ)သည်မှစ၍လည်းကောင်း၊ ဗဟိဒ္ဓသန္တာန်၌လည်းကောင်း ဥတုဇရုပ်တို့ကို မိမိ၏ တည်သည်သို့ ရောက်တိုင်း ခဏမစဲ ဖြစ်စေပါသည်။

၄။ အာဟာရ - စားမျိုအပ်သော အာဟာရ၌ပါသော ဩဇာရုပ်

- အဇ္ဈတ္တိကသန္တာန်၌ အာဟာရဇရုပ်ကို စားမျိုသော ကာလ(ဗဟိဒ္ဓ-ပြင်ပ)၊ ဩဇာ(ပျံ့နှံ့သော အခါ)၌ အဇ္ဈတ္တိက ဩဇာ၏ အထောက်အပံ့ကို ရသဖြင့် မိမိ၏တည်သည့် (ငှီ)သို့ ရောက်တိုင်း ရောက်တိုင်း ခဏမစဲဖြစ်စေသည်။

လူသားတို့၏ ရုပ်ခန္ဓာဖွဲ့စည်းထားမှု

သတ္တဝါတို့၏ ရုပ်ခန္ဓာကို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟူသော မဟာဘုတ် (၄)ပါးဖြင့် အခြေခံဖွဲ့စည်းထားပြီး ထိုမဟာဘုတ်

ရုပ်ကြီး (၄)ခုအပေါ်တွင် အမှီရုပ် ဥပါဒါရုပ် (၂၄)ဖြင့် တည်ဆောက်ထားပါသည်။

(ခ) မဟာဘုတ်ကြီး (၄)ပါး

၁။ ပထဝီ - ခက်မာခြင်း၊ နူးညံ့ခြင်း၊ အစိုင်အခဲသဘော ရှိသည်။

- ဤ ပထဝီဓာတ်ကြီးတွင် အနုအရင့် (၂)မျိုး ရှိသည်။
  (က) နူးညံ့သော ပထဝီမှာ - ရေ၊ သွေး၊ ချွေး၊ လေ၊ အန်၊ အသံ၊ အရောင် စသည်တို့၌ ရှိသော ပထဝီဓာတ် ဖြစ်၍ အလွန်နည်းပါးပြီး အဖတ်, အစိုင်အခဲသဘော မထင်ရှားသော ဓာတ်ဖြစ်သည်။
  (ခ) ပထဝီအရင့် (ခက်မာ ပထဝီ) - ဆံပင်၊ မွေးညှင်း၊ အသား၊ အရိုးတို့၌ရှိသော ပထဝီဓာတ်ဖြစ်သည်။ အလွန်များပြားပြီး အစိုင်အခဲ အဖတ် ထင်ရှားသော ဓာတ်ဖြစ်သည်။

- လူသား၏ ခန္ဓာကိုယ်၌ (၃၂)ကောဋ္ဌာသ (အစုအဝေး) ရှိရာ၌ ပထဝီဓာတ် (၂၀)ပါဝင်ပါသည်။
  (၁) ဆံပင်၊ (၂) မွေးညှင်း၊ (၃) ခြေသည်းလက်သည်း၊ (၄) သွား၊ (၅) အရေ၊ (၆) အသား၊ (၇) အကြော၊ (၈) အရိုး၊ (၉) ရိုးတွင်းခြင်ဆီ (၁၀) အညှို့၊ (၁၁)နှလုံး၊ (၁၂) အသည်း၊ (၁၃) အမွေး၊ (၁၄) အဖျဉ်း၊ (၁၅) အဆုတ်၊ (၁၆) အူမ၊ (၁၇) အူသိမ်၊ (၁၈) အစာသစ်၊ (၁၉) အစာဟောင်း၊ (၂၀) ဦးနှောက်။

၂။ အာပေါ - ဖွဲ့စည်းခြင်း (စိုစွတ်စေးကပ်ခြင်း)၊ ယိုစီးခြင်းသဘော။
(ရေဓာတ်) - အတူဖြစ်ဘက် ရုပ်ကလာပ်တို့ကို ပေါင်းဖွဲ့ ပျံ့နှံ့စေ၏။

ရုပ်ဓာတ် အချင်းချင်းကို တစ်ပေါင်းတည်း ဖြစ်အောင် ဖွဲ့စည်းသော ဓာတ်ဖြစ်ပါသည်။

- အာပေါဓာတ် (၂) မျိုးရှိပါသည်။

(က) ဖွဲ့စည်းအာပေါ - သံ၊ ခဲ၊ သစ်သား စသည်များ (အာပေါနု)

(ခ) ယိုစီးအာပေါ - ရေ၊ နို့၊ ကြံရည် စသည်များ၊ (အာပေါရင့်)

တစ်ဖန် ထပ်မံခွဲစိတ်ကြည့်ပါက -

- (က) ကိုယ်တွင်းအာပေါ (၁၂)မျိုးရှိသည်-

(၁) သည်းခြေ၊ (၂) သလိပ်၊ (၃) ပြည် (၄) သွေး၊ (၅) ချွေး၊ (၆) အဆီခဲ၊ (၇) မျက်ရည်၊ (၈) ဆီကြည်၊ (၉) တံတွေး၊ (၁၀) နှပ်၊ (၁၁)အစေး၊ (၁၂) ကျောင်ငယ်။

- (ခ) ပြင်ပအာပေါ - ရေ၊ နို့၊ ကြံရည် စသည်များ။

၃။ တေဇော - ပူခြင်းအေးခြင်းသဘော (မီးဓာတ်) အတူတူ ဖြစ်ဘက် ရုပ်ကလာပ်များကို ရင့်ကျက်စေတတ်၏။ ထက်စေတတ်၊ ပူစေတတ်၊ နူးညံ့စေတတ်၏။

- တေဇောဓာတ်တွင် အပူအအေး (၂)မျိုးရှိသည်။

(က) သီတတေဇော - အအေး

(ခ) ဥဏှတေဇော - အပူ

- ထပ်မံခွဲစိတ်ပါက ကိုယ်တွင်းတေဇော (၅)မျိုးရှိသည်။

(က) သန္တာပနတေဇော - သာမန်ဖျားသောအခါ ပူလာသော အပူ(တေဇောဓာတ်ပျက်မှ ဖြစ်သောအပူ)

(ခ) ပရိဒဟနတေဇော - အလွန်အမင်း ပူပြင်းသော အပူ (မီးယပ်ပူ၊ ဒူလာပူ ဖြစ်သောအပူ)

(ဂ) ဇီရဏာတေဇော - အိုမင်း ရင့်ရော် ဆွေးမြေ့စေသော အပူ (သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ ခါးကိုင်းခြင်း၊ စသော သတ္တဝါတို့၏ အရွယ်ဖောက်ပြန်ခြင်း၊ သစ်ပင်တို့ အရွက်ကြွေးခြင်း၊ မှည့်ခြင်း၊ ရင့်ခြင်း၊ အထည်အဝတ် အစားတို့ ဆွေးမြေ့ခြင်း စသော သမ္မုတိဇရာကို ဖြစ်စေသော အပူ၊ ထိုအပူသည် ဗြဟ္မာတို့၌မရှိ (ဆေးဝါးဖြင့် ကုသ က ရနိုင်သည်။)

(ဃ) ပါစကတေဇော - အစာအာဟာရကို ကြေညက်စေသော အပူ။

(င) ဥသ္မာတေဇော - ခန္ဓာကိုယ်၌ မပြတ် ပကတိရှိသော ကိုယ်တွေ့အပူ။

- ဤအပူသည် ချမ်းသောကာလ၊ ပူသောကာလ၊ အေးသောကာလ ဟူသော အရပ်တို့၌လည်းကောင်း။
- အသားတုံးကို ကျက်လောက်အောင်ပူသော မီး၏အနီး၌လည်းကောင်း၊ ရေခဲအောင် အေးသော အရပ်၌လည်းကောင်း၊ မတိုးမဆုတ် အညီအမျှဖြစ်သည်။
- လူတို့၏ကိုယ်၌ရှိသော ပကတိ ကိုယ်ငွေ့ ပူမှာ၊ အပူ၊ အအေးတိုင်းသော ပြဒါးတိုင် အမှတ်အားဖြင့် ၉၈-ဒီဂရီရှိသည်။ လူငယ်၌ ၉၆-ဒီဂရီရှိသည်။ အရွယ်ကြီးလျှင် အပူအနည်းငယ်လျော့သည်။ သက်ရှိ သတ္တဝါတို့တွင် အမြဲအပူရှိသည်။ သေသော် အပူမရှိတော့ပါ။

- ဌက်တို့၌ လူတို့ထက် အပူသာသောကြောင့် ၁၁၈-ဒီဂရီရှိသည်။
- သက်မဲ့ဝတ္ထုကို နေ၊ မီးဖြင့် အပူပြုလုပ်က ခဏမျှသာ ပူသည်။

၄။ ဝါယော (လေဓာတ်) - ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်းသဘော ရှိသည်။

- အတူဖြစ်ဘက် ရုပ်ကလာပ်တို့ကို ရွှေ့လျားစေတတ် ရိုက်လွှင့်တတ်သည်။

(က) ထောက်ကန်ဝါယော (အနုစားဝါယော) - ငြိမ်သက်နေသော အရာဝတ္ထုကို ထောက်ကန်နိုင်ပြီး မလှုပ်ရှား နိုင်သော ဝါယော။

(ခ) လှုပ်ရှားဝါယော (အရင့်စား ဝါယော) - လှုပ်ရှားလွင့်ပါးနေသော အရာဝတ္ထု လှုပ်ရှားနိုင်သည်အထိ အရှိန် အဟုန်ဖြစ်ပေါ်လာသော ဝါယော။

- ကိုယ်တွင်း ဝါယော (၁၀)မျိုးရှိသည်။

(၁) ဥဒ္ဓင်္မဝါယော - အထက်သို့ ဆန်တက်သော စသည်တို့ကို ဖြစ်စေသောလေ။

(၂) အဓောဂမဝါယော - အောက်သို့ စုန်ဆင်းသော လေ၊ ကျင်ကြီးကျင်ငယ်၊ လေသက်ခြင်းကို ပြုသောလေ။

(၃) ကုစ္ဆိသယဝါယော - အူအပြင် ဝမ်းခေါင်းအတွင်း၌ ရှိသောလေ။

(၄) ကောဋ္ဌာသဝါယော - အူအတွင်း၌ ရှိသောလေ။

(၅) အင်္ဂါမင်္ဂါနုသာရီဝါယော - ကိုယ် လက် အင်္ဂါကြီးငယ်သို့ ပျံ့နှံ့၍ ရွေ့ခြင်း၊ ဆန့်ခြင်းကို ဖြစ်စေသော လေ။

(၆) အဿာသ ပဿာသ ဝါယော - ထွက်သက် ဝင်သက်လေ။

(၇) သတ္တကဝါယော - အဆစ်, အမျက်, အဆက်, အကြောတို့ကို ကတ်ကြေးဖြင့် ဖြတ်သကဲ့သို့ ဖြစ်စေတတ်သော လေ။

(၈) ခုရကဝါယော - သင်တုန်းမားကဲ့သို့ နှလုံးသားကို ခွဲတတ်ဖြတ်တတ်သောလေ။

(၉) ဥပ္ပလကဝါယော - နှလုံးသားအတွင်း၌ တည်သော လေ။ ဤလေကြောင့် နှလုံးသားသည် ပိန်ချည် ဖောင်းချည် မပြတ်ဖြစ်နေရသည်။ ဤနှလုံး သွေးသား ပိန်ခြင်း ဖောင်းခြင်းကြောင့် သွေးကြောထဲရှိသော သွေး နှင့် နှလုံးသွေးတို့ သည် အထွက်အဝင် အသွားအလာ ပြုနေကြရသည်။ ထို့ကြောင့် ဆေးသမားတို့က ခြေကျင်းဝတ်၊ လက်ကောက်ဝတ်တို့၏ သွေးကြော၌ရှိသော သွေး၏ လှုပ်ရှားမှုကိုကြည့်၍ ရောဂါအနာကို စမ်းသပ် ကြည့်ကြလေ့ရှိသည်။

(၁၀) အတိက္ကမာဒိနိဝတ္တကဝါယော - ရှေးသို့ တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း စသော သွားလာလှုပ်ရှားမှုကို ဖြစ်စေသောလေ။

မဟာဘုတ်ကို မှီသော ဥပါဒါရုပ် (၂၄)မျိုး

လူ သတ္တဝါတို့၏ အခြေခံ မဟာဘုတ် (၄)ပါးတို့ကို အထောက်အကူ ပြုမှီနေသော ဥပါဒါရုပ် အမျိုးအစားသည် (၂၄)မျိုးရှိပါသည်။

(၂) အကြည်ဓာတ် (ပသာဒရုပ်) (၅)မျိုး

မဟာဘုတ်ကို ကြည်လင်စေတတ်သော ရုပ် (၅)မျိုး ဖြစ်ပါသည်။

၁။ စက္ခုပသာဒ - မျက်စိ အကြည်ဓာတ်
- မျက်ဝန်းအလယ် ပုံရိပ်ထင်ရာ မျက်လွှာ ၇-ထပ် အတွင်း၌ သန်းဦးခေါင်းပမာဏရှိသော အကြည်ဓာတ်။

၂။ သောတပသာဒ - နားအကြည်ဓာတ်
- နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဍာန်ရှိ အမွေးနီ၌ တည်သော အကြည်ဓာတ်။

၃။ ဃာနပသာဒ - နှာခေါင်းအကြည်ဓာတ်
- နှာခေါင်းအတွင်း၌ ဆိတ်ခွာပုံစံနှင့်တူသော အရပ်၌ ရှိသော အကြည်ဓာတ်။

၄။ ဇိဝှါပသာဒ - လျှာအကြည်ဓာတ်
- လျှာ၏ အလယ် အထက်ဖျား၌ ကြာပွင့်ဖတ်များ သဏ္ဍာန်ရှိသော အကြည်ဓာတ်။

၅။ ကာယပသာဒ - ကိုယ်အကြည်ဓာတ်
- အသားမာ၊ အရေ၏ အရေပြားခြောက်၊ ခြေသည်း၊ လက်သည်းများ၊ ဆံပင် မွေးညင်း မှတစ်ပါး တစ်ကိုယ်လုံး၌ရှိသော အကြည်ဓာတ်။

ပသာဒရုပ် (၅)ပါးသည် ဖမ်းယူနိုင်သော ကိရိယာ (၅)ခု ဖြစ် သည်။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို သက်ဆိုင်ရာ မျက်စိအကြည်ဓာတ်၊ နားအကြည်ဓာတ်၊ နှာခေါင်းအကြည်ဓာတ်၊ လျှာ အကြည်ဓာတ်၊ ကိုယ်အကြည်ဓာတ်တို့က ဖမ်းယူသည်။ ကာယပသာဒ သည် မဟာဘုတ် ၄-ပါးတွင် ပထဝီ၊ တေဇော၊ ဝါယောကိုသာ ဖမ်းယူ နိုင်သည်။ အာပေါကို မဖမ်းယူနိုင်ပါ။

(၃) အာရုံကျက်စားရာ (ဂဂါစရရုပ်) (၇)မျိုး

၁။ ပြင်ပရှိ ရူပါရုံ (ဝဏ္ဏ) - အဆင်းဓာတ်

၂။ ပြင်ပရှိ သဒ္ဒါရုံ (သဒ္ဒ) - အသံဓာတ်

၃။ ပြင်ပရှိ ဂန္ဓာရုံ (ဂန္ဓ) - အနံ့ဓာတ်

၄။ ပြင်ပရှိ ရသာရုံ (ရသ) - အရသာဓာတ်

၅။ ပြင်ပရှိ ဖောဋ္ဌဗ္ဗာရုံ (ပထဝီ၊ - အတွေ့အထိဓာတ်
တေဇော၊ ဝါယော)

အလွန် နူးညံ့သိမ်မွေ့ပြီး ထိတွေ့စမ်းသပ်၍ မရသောကြောင့် အာပေါသည် ဖောဋ္ဌဗ္ဗမမည်ထိုက်ပါ။

(၄) ဘာဝ (ဖြစ်ပုံအထူး) ရုပ် (၂)မျိုး

၁။ ဣတ္ထိဘာဝ - အမဖြစ်ပုံအထူးကို ဖော်ပြသော ရုပ်၊ အမ သတ္တဝါတို့၏ တစ်ကိုယ်လုံး၌ ပုံ့နှံ့တည် လျက်ရှိပြီး အမဖြစ်ကြောင်းကို သိစေပါ သည်။

၂။ ပုမ္ဘာဝရုပ် - အထီးဖြစ်ပုံ အထူးကို ဖော်ပြသောရုပ်၊ အထီးသတ္တဝါတို့၏ တစ်ကိုယ်လုံး ပုံ့နှံ့

တည်ရှိလျက်ရှိပြီး အထီးဖြစ်ကြောင်းကို သိစေပါသည်။

ဤရုပ် (၂)ခုသည် သက်ရှိတွင်သာရှိသည်။ သက်မဲ့တွင်မရှိပါ။ ထိုရုပ်နှစ်ခုကြောင့် အထီး၊ အမ မတူကြခြင်းဖြစ်ပါသည်။

ထိုဘာဝရုပ် (၂) ခုသည် ကာမဘုံတွင်သာရှိပြီး ငြဟ္မာဘုံတွင် မရှိပါ။ ဤဘာဝရုပ် (၂)ခုသည် ကမ္ဘာဦး ငြဟ္မာပြည်မှ ငြဟ္မာသက်ကြွလာသူတို့တွင် မြေဆီကိုစားမိရာမှ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ် ဖြစ်ခဲ့ကြရသည်။ မူလကမ္ဘာဦးက ဘာဝပဋိသန္ဓေ ခဲခြားမှုမရှိပေ၊ နောက်မှဣတ္ထိဘာဝ၊ ပုမ္ဘာဝ ပဋိသန္ဓေဖြစ်ပါသည်။ ပဋိသန္ဓေအခါ ပဝတ္ထိအခါတို့၌ဖြစ်သော ဘာဝရုပ်သည် ဖောက်ပြန်တတ်ပါသည်။

ဘာဝရုပ်(ဥဘတောဗျည်း) (၃)မျိုးရှိသူ

ယောကျ်ားဘဝမှ မိန်းမစိတ်ပေါက်သူ၊ မိန်းမဘဝမှ ယောကျ်ားစိတ်ပေါက်သူ တို့ကို ဘာဝရုပ် (၂)ခုရှိသူ (ဥဘတောဗျည်း) ဟုခေါ်ကြပါသည်။

ဣတ္ထိယဥဘတောဗျည်း၌ ဣတ္ထိဘာဝတစ်ခုသာရှိသည်။ အကြင်အခါ၌ ဣတ္ထိယဥဘတောဗျည်းသည် မိန်းမ၌ ရာဂစိတ်ဖြစ်ငြားအံ့၊ ထိုအခါ ယောကျ်ားအင်္ဂါ ဖြစ်လာပြီး၊ မိန်းမအင်္ဂါဇာတ်ကွယ်သည်။

ယောကျ်ား၌ ရာဂစိတ်ဖြစ်မူ မိန်းမအင်္ဂါဇာတ်အတိုင်းပင် ရှိပါသည်။ ဣတ္ထိယဥဘတောဗျည်းသည် မိမိလည်း ကိုယ်ဝန်ယူနိုင်သည်။ သူတစ်ပါးကိုလည်း ကိုယ်ဝန်ပေးနိုင်သည်။

ပုရိသဥဘတောဗျည်း၌ ပုရိသဘာဝရုပ်တစ်ခုသာရှိသည်။ ပုရိသဥဘတောဗျည်းသည်လည်း ယောကျ်ား၌ ရာဂစိတ်ဖြစ်မူ ယောကျ်ား အင်္ဂါ

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၂၆၇

ဇာတ်ပျောက်၍ မိန်းမအင်္ဂါဇာတ်ပေါ်လာသည်။ မိန်းမ၌ ရာဂစိတ်ဖြစ်မှု ယောက်ျားအင်္ဂါဇာတ်အတိုင်းပင် တည်ရှိ၏။ ပုရိသဉာတောဗျည်းသည် သူတစ်ပါးကိုသာ ပဋိသန္ဓေပေးနိုင်သည်။ မိမိမှကား ပဋိသန္ဓေမယူနိုင်။ ကိုယ်ဝန်မဆောင်နိုင်။

ဉာတောဗျည်း၌ အင်္ဂါဇာတ် ဖြစ်ပေါ်မှုသည် ကမ္မပစ္စယ ရာဂ သမုဋ္ဌာန်ကြောင့် ဖြစ်ပေါ်နေခြင်း ဖြစ်ပါသည်။

ဟဒယဝတ္ထုရုပ် (နှလုံးသားရုပ်)

နှလုံးသားအတွင်း၌ ပုန်းညက်စေ့တစ်စေ့၏ တည်ရာပမာဏရှိသော တွင်းငယ်တစ်ခုရှိသည်။ ထိုတွင်းငယ်၌ တစ်လက်ခုပ်၏ လေးပုံတစ်ပုံ၊ လက်တစ်ဖက်၏ ထက်ဝက်မျှလောက်သော သွေးပေါ်တွင် တည်ကိန်းသော စိတ် စေတသိက်တို့၏ အမှီပြုရာဖြစ်သော ဝတ္ထုဟုခေါ်သော ရုပ်ကို ဟဒယရုပ်ဟုခေါ်သည်။

မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ ရုပ်သည် ဟဒယဝတ္ထုရုပ်မည်ပါသည်။ ဤဟဒယဝတ္ထုရုပ်ကို ဓာတ်လေးပါးတို့သည် ကျေးဇူးပြုလျက်ရှိသည်။ ဥတု၊ စိတ်၊ အာဟာရတို့သည် ထောက်ပံ့လျက်ရှိသည်။

ဇီဝိတရုပ် (အသက်စောင့်ရုပ်)

အတူတူဖြစ်ဖက်ရုပ်များ၊ မပျက်စီးရလေအောင် မပုပ်သိုးအောင် စောင့်ရှောက်တတ်သော အသက် ဟုခေါ်သော ရုပ်ကို ဇီဝိတရုပ်ဟုခေါ်သည်။ ထိုဇီဝိတရုပ်သည် တစ်ကိုယ်လုံး ပျံ့နှံ့လျက် တည်ကိန်းနေသည်။

စိတ်၊ ဥတု၊ အာဟာရတို့ကြောင့်ဖြစ်သော ရုပ်တို့ကို မိမိ၏သားကို မိမိထိန်း၊ မိမိစောင့်ရှောက်သကဲ့သို့ စိတ်၊ ဥတု၊ အာဟာရတို့က စောင့်ရှောက်သည်။

နောက်ဘဝက ပြုခဲ့သော ကံကြောင့် ဖြစ်သော ရုပ်မူကား ဖြစ် ကြောင်း၊ ကံ ထင်ရှား မရှိသောကြောင့် အမိသေသော သားကို နို့ထိန်းက စောင့်ရှောက်သကဲ့သို့ ဤဇိဝိတရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်တို့ကို မပျက်စီးရလေအောင် စောင့်ရှောက်သည်။

စောင့်ရှောက်ပုံမှာ . . . သစ်သီး သစ်ရွက်အတွင်း၌ ရှိသော အရည်သည် ဤသစ်သီး သစ်ရွက်တို့ကို မပိန်မခြောက် မည်းနွမ်းရလေအောင် စောင့်ရှောက်သကဲ့သို့ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်သော ဇိဝိတရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်တို့ကို မည်းမနွမ်း၊ မပျက်စီးရလေအောင် စောင့်ရှောက်သည်။

ဇိဝိတရုပ်သည် မိမိနှင့်အတူဖြစ်သော ကမ္မဇရုပ်တို့ကို မိမိထင်ရှား ရှိသမျှ ကာလပတ်လုံး စောင့်ရှောက်သည်။ နို့ထိန်းသည် မိမိနို့တိုက်သော သားကို စောင့်ရှောက်သကဲ့သို့ လှေသွားရာနောက်သို့ လှေလှော်သမားပါသကဲ့သို့ မိမိဖြစ်စေတတ်သော ကမ္မဇရုပ်တို့နှင့်စပ်၍သာဖြစ်သည်။

ကျေးဇူးပြုအပ်သော ပစ္စုပ္ပန်ဘဝ အကူဖြစ်ဖက် ကံကြောင့်ဖြစ်သော ရုပ်တို့ကို စောင့်ရှောက်သည်။

အာဟာရရုပ် (ဆောင်ရွက်ရုပ်)

အာဟာရဟူသည် ဆောင်ရွက်ခြင်းဖြစ်သည်။ အာဟာရရုပ်သည် ရုပ်များကို တိုးပွားအောင် အားရှိအောင် ခိုင်ခံ့အောင် ဆောင်ရွက်သော ရုပ်ဖြစ်သည်။ အာဟာရရုပ်သည် အပြင်မှ အစားအသောက်တွင်လည်း ရှိသည်။ သတ္တဝါတို့၏ ကိုယ်တွင်း၌လည်းရှိသည်။

မွေးလာကတည်းက ဩဇာဓာတ်လည်းပါရှိပြီးဖြစ်သည်။ အပြင်က အစားအစာကို စားသောက်ထည့်သွင်းခြင်းမပြုပါက အတွင်းအာဟာရ

သည် မကြီးပွားနိုင်ပါ။ အပြင်က သြဇာအာဟာရဓာတ်များ ဝင်လာသော် အာဟာရဓာတ်များသည် နေရာအနှံ့အပြားသို့ ရောက်သွားသည်။

အပြင်မှ အာဟာရနှင့် အတွင်းမှ အာဟာရ (၂)မျိုး ပေါင်းဆုံမိသောအခါတွင် အတွင်းအာဟာရက ရုပ်များကို တိုးပွားအောင် ဆောင်ရွက်နိုင်သည်။ ဥပမာ မိုးရေကြောင့် နဂိုကရှိနေသော မျိုးစေ့များသည် အပင်ငယ်အဖြစ်သို့ ပေါက်ရောက်လာရသကဲ့သို့ အလားတူ အပြင်မှ အာဟာရဓာတ်နှင့် ကိုယ်တွင်းမှ အာဟာရဓာတ် ပေါင်းဆုံမိသော် ရုပ်များတိုးပွားလာရပါသည်။ မိုးရေသည် အပြင် အာဟာရဓာတ်နှင့်တူသည်။ မျိုးစေ့သည် အတွင်း အာဟာရဓာတ်နှင့်တူသည်။

အာဟာရရုပ်သည် နွားနို့ကို မီးဖြင့်ချက်၍ ထောပတ်ပြုလုပ်ရာ၌ ထောပတ်၊ ဒိန်ခဲ၊ ရက်တက်ရည်၊ (၃)ခု ဖြစ်သကဲ့သို့ သတ္တဝါတို့ စားသောက်သမျှသော အရည်အဖတ်တို့ကို အစာသစ်အိမ်၌ ဝမ်းမီး (ပါစကတေဇော)က ချက်ရာ အရည်၊ အဖတ်၊ အဆီအစေး ဟူ၍ (၃)မျိုး ကွဲလာသည်။ အဖတ်သည် ဆာလောင်ခြင်းကို ဖျောက်သည်။ အရည်သည် မွတ်သိပ်ခြင်းကို ဖျောက်သည်။ အဆီအစေးသည် အသွေးအသားတို့ကို တိုးပွားစေသည်။ စားသောက်သမျှသော အရည်၊ အဖတ် (၅)ပုံ (၁)ပုံသည် အနှစ်သာရမည်သော ရသဓာတ်ဖြစ်သည်။

ဤရသဓာတ်၌ပါသော ရသဓာတ်၏ အနှစ်သည် ရသာကြောတစ်လျှောက် တစ်ကိုယ်လုံး ပျံ့နှံ့တည်ပါသည်။ တစ်ကိုယ်လုံးကို ထောက်ပံ့အားရှိစေပါသည်။ ယင်းအနှစ်သည်ပင် သြဇာဖြစ်ပြီး၊ ယင်းသြဇာသည် ကာဗဋိကာရ အာဟာရမည်ပါသည်။ (သြဇာဟူသည် အဆီပင်ဖြစ်ပါသည်။)

နိပ္ပန္နရုပ် (၁၈)မျိုး

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်း (၄)ပါးကြောင့် ဖြစ်ပေါ်လာသော ရုပ်ကို နိပ္ပန္နရုပ်၊ ခက်မာခြင်းစသော သဘာဝတရား ကိုယ်စီရှိကြ၍ သဘာဝရုပ်၊ ဥပါဒ်၊ ဇရာ၊ အနိစ္စတာဟူသော ပြုပြင်စီရင်မှု (သန်တ) လက္ခဏာတို့နှင့်တကွဖြစ်၍ သလက္ခဏရုပ်၊ ဖောက်ပြန်သော သဘောရှိ၍ ရူပရုပ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ် (၃) ပါးလိုက်ကာ သုံးသပ်ထိုက်သောကြောင့် သမ္မသနရုပ် ဟူ၍ အမည်တွင်ကြပါသည်။

၁။	မဟာဘူတရုပ်	၄-မျိုး
၂။	ပသာဒရုပ်	၅-မျိုး
၃။	ဂေါစရရုပ်	၄-မျိုး
၄။	ဘာဝရုပ်	၂-မျိုး
၅။	ဟဒယရုပ်	၁-မျိုး
၆။	ဇီဝိတရုပ်	၁-မျိုး
၇။	အာဟာရ(သြဇာရုပ်)	၁-မျိုး
		၁၈-မျိုး

(၁) ပရိစ္ဆေဒရုပ် (အာကာသရုပ်)

ပရိစ္ဆေဒရုပ် (အပိုင်းအခြားရုပ်)၊ အာကာသ (ဟင်းလင်းပြင်ရုပ်) လက်ချောင်းများတွင် အကြားရှိသည်။ ထိုအကြားကို အာကာသရုပ်၊ ပရိစ္ဆေဒရုပ်ဟု ခေါ်ပါသည်။ အကြားများသည် လက်ချောင်းများ၏ အခြင်းအရာမျှသာ ဖြစ်သည်။ အဘိဓမ္မာအရ အနုမြူမှုန့်တစ်ခုကို ၃၆-စိတ်ခွဲကြည့်လျှင် ပရမာဏုမြူခေါ် မြူမှုန်ကလေးများ ဖြစ်လာပါသည်။ ယင်းမြူမှုန်ကလေးများကို ရုပ်ကလာပ်မှုန်များ ဟုခေါ်သည်။ ရုပ်ကလာပ်မှုန့်

ကလေးများ၏ တစ်ခုနှင့်တစ်ခု အကြားကလေးများကို ပရိစ္ဆေဒရုပ် အာကာသရုပ်ဟုခေါ် ပါသည်။

ကောင်းကင်သည် ကမ္ဘာကြီးတစ်ခုနှင့်တစ်ခု အကြားဖြစ်သည်။ အကြားဖြစ်သောကြောင့် အာကာသဟုခေါ်ပါသည်။ ပိုင်းခြားထား၍ ပရိစ္ဆေဒ ဟုခေါ်ပါသည်။

(၂) ဝိညတ်ရုတ် (သိစေနိုင်သောရုပ်)

(က) ကာယဝိညတ်ရုပ် - ကိုယ်အမူအရာဖြင့် သိစေသောရုပ်

- လက်ယပ်ခေါ်ခြင်းသည် ကိုယ်အမူအရာအားဖြင့်သိစေနိုင်သော လှုပ်ရှားမှုဖြစ်သောကြောင့် ကာယဝိညတ်ရုပ်ဖြစ်သည်။

(ခ) ဝစီဝိညတ်ရုပ် - နှုတ်အမူအရာဖြင့် သိစေသောရုပ်

- အသံ၏ အခြင်းအရာကို ပြသောအခါ လာပါ၊ သွားပါ စသည် ပြောဆိုခြင်းများသည် ဝစီဝိညတ်ရုပ်ဖြစ်သည်။

ငြိမ်နေသောသူ၊ အိပ်ပျော်နေသောသူတွင် ဝိညတ်ရုပ် မရှိချေ။ မိမိကိုယ်တိုင်သော်လည်းကောင်း၊ တစ်ပါးသော သူသော်လည်းကောင်း မသိစေဘဲ ပြုလုပ်နေခြင်းတွင် ဝိညတ်ရုတ်မပါပေ။

(၃) ဝိကာရရုပ် (ဖောက်ပြန်–ပြောင်းလဲ ထူးခြားသောအမူအရာ)

စိတ်ချမ်းသာသောအခါ၊ အာဟာရမျှတသောအခါ၊ ဥတုသာယာသောအခါ စသည်တို့၌ ရုပ်တို့၏ ပေါ့ပါး၊ နူးညံ့၊ သွက်လက်ခြင်းသည် ထူးခြားသောအမူအရာဖြစ်၍ ဝိကာရရုပ်မည်ပါသည်။

ရုပ်ဟူသမျှ မည်သည့်ရုပ်မဆို ဖောက်ပြန်ပြောင်းလဲပါ၏။ ရုပ် (၂၈)မျိုးတွင် ဤ(၃)မျိုး ဖောက်ပြန်ခြင်းကား ကျန် (၂၅)ပါးထက် ပိုမို ထင်ရှားပါသည်။

(က) လဟုတာရုပ် - မလေးလံဘဲ သွက်လက်ပေါ့ပါးသော အမှု အရာ အထူးရုပ်။

- မှန်မှန်လမ်းလျှောက် သွားနေရာမှ မြောက် တက်သွားအောင် ခုန်လိုက်ခြင်းသည် ပေါ့ပါး သောကြောင့်ဖြစ်ပါသည်။ လဟုတာရုပ်ဖြစ် သည်။

(ခ) မုဒုတာရုပ် - မကြမ်းတမ်းဘဲ နူးညံ့သောသဘော၊ ယဉ်ကျေး သိမ်မွေ့သော သဘောရှိသော ရုပ် ။

- ရိုသေအပ်သော မိဘ၊ ဆရာသမား၊ ရဟန်း၊ သံဃာတော်များရှေ့၌ နူးညံ့ပျော့ပျောင်းသော အမူအရာနှင့် လုပ်ကိုင်ပြောဆိုခြင်း။

- မိန်းကလေးများ တရားရှင် သူတော်ကောင်း များ၊ နူးညံ့ပျော့ပျောင်းစွာ ပြုမူပြောဆိုခြင်း၊ ကွန်ဒြေသိက္ခာထိန်း၍ သွားလာပြောဆိုခြင်း များသည် မုဒုတာရုပ်ဖြစ်သည်။

(ဂ) ကမ္မညတာရုပ် - ပေါ့ပါး နူးညံ့မှုကြောင့် ကိုယ်မှု နှုတ်မှု အမျိုး မျိုး၌ ကောင်းမွန် ခံ့ငြားခြင်း သဘော ဖြစ် သည်။

- ပစ္စည်းအလေးအပင်များကို မ,ရာတွင် အကြောများသည် တောင့်တင်း ခိုင်ခံ့ သား၏။

စာရေးသော် လက်ကလေးများ တောင့်တင်း ခိုင်မာနေ၏။ ဤသည်မှာ ကမ္မညတာရုပ် ရှိသည်။

ဤ ရုပ် (၃)ပါး၏ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်းမှာ ထင်ရှား သောကြောင့် အပြောင်းအလဲမြန် ဖောက်ပြန်မှု မြန်သောကြောင့် ဝိကာရ ရုပ်ဟု ခေါ်ပါသည်။

လက္ခဏရုပ် (အမှတ်အသားပြဧသာရုပ်)

ရုပ်တို့၏ ဖြစ်ခြင်း၊ ရပ်ခြင်း၊ ပျက်ခြင်း၊ အခိုက်အတန့်ကို မှတ်သား ပြခြင်းကို လက္ခဏရုပ်ဟုခေါ်သည်။

(က) ဥပစယရုပ် - ပဋိသန္ဓေ တည်စဉ် ပထမရုပ်တို့ဖြစ်ခြင်း။ ထို့နောက် တစ်ဘဝတာအတွက် ရလိုက်သမျှ ရုပ်များ ပြည့်စုံသည့် တိုင်အောင် တိုးတက် ဖြစ်ခြင်း။

(ဥပစယအခိုက်ကို ပဋိသန္ဓေတည်သည်မှ ဇဝဲါ ဒသက ဖြစ်သည်အထိ သတ်မှတ်ပါသည်။)

(ခ) သန္ဓတိ - တစ်ဘဝအတွက် ရထိုက်သမျှသော ရုပ်များ ပြည့်စုံသည်ကစ၍ အဆက်မပြတ် ထပ်ကာ ထပ်ကာဖြစ်လာခြင်း။

ဥပမာ - လျှပ်စီးမီးလင်းရာတွင် ဖျတ်ဖျတ်နှင့် လှုပ်ရှားကာ အလွန်လျင်မြန်လွန်းသောကြောင့် တစ်ဆက်တည်း ဖြစ်နေသည်ဟု ထင်ရ၏။ (ဇဝဲါဒသကမှ နောက်၌ ဖြစ်သော ရုပ်တို့၏ တည်ရှိမှု)

(ဂ) ဇရတာ - အိုမှု၊ ကျမှု၊ ရင့်ရော်ရွမ်းမှု၊ ဟောင်းနွမ်းဆွေးပုပ်ဆုတ်ယုတ်လျော့ပါးမှု၊ အခိုက်အတန့်။

(ဃ) အနိစ္စတာ - ဖြစ်ပြီးရုပ်တို့၏ ချုပ်ကွယ်ပြတ်စဲခြင်း၊ အခိုက်အတန့်ဖြစ်သည့် ဥပစယ၊ သန္ဓတိရုပ်တို့ကို ပေါင်း၍ ဇာတိရုပ်ဟု ခေါ်သည်။

- ဥပမာ - သစ်ပင်တစ်ပင်၏ ရှေးဦးစွာ ပေါ်ပေါက်လာခြင်းသည် ပထမ ဥပစယ၊
- တစ်နေ့တစ်ခြား တိုးပွားလာခြင်းသည် ဒုတိယဥပစယ
- အတိုးအပွားရပ်လျက် ကာလမြင့်ရှည်နေခြင်းသည် သန္ဓတိ
- ဆုတ်ယုတ်လျော့ပါးခြင်းသည် ဇရတာ
- သေကြေပျက်စီးကုန်ခြင်းသည် အနိစ္စတာ

ဤ ပရိစ္ဆေဒရုပ်စသော ရုပ် (၁၀)မျိုးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း တရား(၄)ပါးတို့က မဖြစ်စေအပ်။ မပြီးစေအပ်သောကြောင့် အနိပ္ဖန္နရုပ် ဟုခေါ်သည်။

- ကိုယ်ပိုင်သဘောတရားမရှိသဖြင့် အသဘာဝရုပ်၊
- ပြုပြင်မှု (သင်္ခတ) လက္ခဏာနှင့်တကွ မဖြစ်သောကြောင့် အလက္ခဏရုပ်၊
- ဖောက်ပြန်မှုမရှိသောကြောင့် အရူပရုပ်၊
- လက္ခဏာယဉ် သုံးပါးတင်၍ မသုံးသပ် ထိုက်သောကြောင့် အသမ္မသနရုပ်၊

အာနိပ္ပန္နရုပ် (၁၀)မျိုး

၁။ ပရိစ္ဆေဒရုပ် ၁-မျိုး

၂။ ဝိညတ်ရုပ် ၂-မျိုး

၃။ ဝိကာရရုပ် ၃-မျိုး

၄။ လက္ခဏရုပ် ၄-မျိုး

စုစုပေါင်း ၁၀-မျိုး

ရုပ် (၂၈)မျိုး

၁။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ
၄-မျိုး ပြုပြင်သောနိပ္ပန္နရုပ် ၁၈-မျိုး

၂။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ
၄-မျိုး မပြုပြင်သောအနိပ္ပန္နရုပ် ၁၀-မျိုး

စုစုပေါင်း ၂၈-မျိုး

ရုပ်ကိုဖြစ်စေသော အကြောင်းတရား (၄)ပါး (ဓယာနိအမျိုးဏာတ်)

သက်ရှိ သတ္တဝါဟူသမျှတို့သည် တစ်ဘဝ၌ ပဋိသန္ဓေ (၄)မျိုးဖြင့် ဘဝသစ်ကို ထူထောင်ခဲ့ကြပါသည်။

တစ်ဘဝ၌ ပဋိသန္ဓေဖြစ်ခိုက်ကို ပဋိသန္ဓေအခါ ဟု ခေါ်ပါသည်။ ထိုပဋိသန္ဓေစိတ်နှင့် ယှဉ်ဘက်စေတသိက်နှင့်ကမ္မဇရုပ်များ ဖြစ်ကြပါသည်။

ကိုယ်ဝန်တည်ခြင်းအင်္ဂါ (၃)မျိုး

၁။ မိဘနှစ်ပါး မေထုန်အားဖြင့် ပေါင်းသင်းခြင်း။

၂။ ပဋိသန္ဓေယူမည့် သတ္တဝါ သေဆဲဖြစ်ခြင်း။

၃။ မိခင်၏ပေါ်ပြီးဆဲ ဥတုသမယနှင့်ကြုံခြင်း။ (ပါရာဇိကဏ်)

ကိုယ်ဝန်တည်နိုင်ပုံ (၈)ပါး

၁။ ရာဂစိတ်နှင့် ကိုယ်လက်သုံးသပ် ပွေ့ဖက်သာယာသဖြင့်တည်နိုင်သည်။

၂။ ရာဂစိတ်နှင့် အဝတ်ပုဆိုးကို ကိုင်တွယ်သာယာသဖြင့်တည်နိုင်သည်။

၃။ ရာဂစိတ်နှင့် သုတ်သွေး ကျင်ငယ်ကို စုတ်ယူ သွတ်သွင်းသဖြင့် တည်နိုင်သည်။

၄။ ရာဂစိတ်နှင့် ချက်ကို သုံးသပ်သဖြင့်တည်နိုင်သည်။

၅။ ရာဂစိတ်နှင့် စိမ်းစိမ်းကြည့်သဖြင့်တည်နိုင်သည်။

၆။ ရာဂစိတ်နှင့်အနံ့ကို နမ်းရှူသဖြင့်တည်နိုင်သည်။

၇။ ရာဂစိတ်နှင့် အသံကို နားထောင်သာယာသဖြင့်တည်နိုင်သည်။

၈။ နှစ်ဦးစုံ မေထုန်ပြုသဖြင့်တည်နိုင်သည်။

(ပါရာဇိကဏ်)

ပဋိသန္ဓေ (၄)မျိုး

၁။ သံသေဒဇပဋိသန္ဓေနေ သတ္တဝါ - ကြာတိုက်၊ သစ်ခေါင်း၊ သစ်သီး၊ ရွံ့ညွန်၊ ရေ အညစ် အကြေး စသည် ငြိကပ်ရာ အရပ်၌ဖြစ်သော သတ္တဝါ။

(ပဒုမာဝတီမိဖုရား၊ စိဉ္ဆမာဏာဝိက၊ ပေါက္ခရသာတိပုဏ္ဏား၊ မယ်လမူ၊ ပိုးလောက်လမ်းများ၊ ခြင်များ စသည်တို့ဖြစ်သည်။)

၂။ ဩပပါတိကပဋိသန္ဓေနေ သတ္တဝါ - ဖြစ်ရာဘုံဘဝ၌ ဘွားကနဲ ခန္ဓာကိုယ် အထင်အရှား ဖြစ်လာသော သတ္တဝါ၊ ကမ္ဘာဦးလူ၊ နတ်၊ ဗြဟ္မာ၊ အချို့သောပြိတ္တာငရဲသားများ စသည်တို့ ဖြစ်သည်။

၃။ သံသေဒဇပဋိသန္ဓေနေ သတ္တဝါ - လူ၊ ကြောင်၊ ခွေး၊ ကျွဲ၊ နွားစသည်များ။

၄။ အဏ္ဍဇပဋိသန္ဓေနေ သတ္တဝါ - ဥခွံအတွင်း ပဋိသန္ဓေနေသူ၊ ကြက်၊ ငှက်၊ ဘဲ စသည်များ။

သံသေဒဇပဋိသန္ဓေရှင် စ၍တည်ပုံ

သံသေဒဇမျိုးသည် အညီပေါ်မှီ၍ ပဋိသန္ဓေနေရခြင်းဖြစ်သည်။ ပဋိသန္ဓေတည်ရာတွင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ၊ ဝတ္ထု ဟူသော ရုပ်အစု (ရူပကာယ) (၇)မျိုး ပါဝင်၍ တစ်မျိုးလျှင် ရုပ်ဝတ္ထု (၁၀) မျိုးစီပါ၍ ရုပ် (၇၀) ပါဝင်ပါမည်။

ဤကလာပ်စည်း (၇)ခု စလုံး တစ်ပြိုင်နက်တည်းဖြစ်၍ အများဆုံး ပါဝင်နိုင်ပါသည်။ လျော့သော သန္ဓေရှင်များလည်း ရှိနိုင်ပါသည်။ သတ္တဝါတစ်ဦး တစ်ကောင်ကောင်တွင် -

- မျက်စိမပါက စက္ခုဒသက ကလာပ် (မျက်စိ အစုရုပ်များ) လျော့နေပါသည်။
- နားမပါက သောတဒသက ကလာပ် (နားအစုရုပ်များ) လျော့နေပါမည်။
- နှာခေါင်းမပါက ဃာနဒသက ကလာပ် (နှာခေါင်းအစုရုပ်များ) လျော့နေပါမည်။
- မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ် သူသည် ဘာဝဒသက ကလာပ်လျော့နေပါမည်။

ဩပပါတိကပဋိသန္ဓေရှင် စ၍တည်ပုံ

ဩပပါတိက ပဋိသန္ဓေရှင်သည် ပဋိသန္ဓေတည်ရာတွင်လည်း စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ၊ ဝတ္ထု ကလာပ်(၇)စည်းနှင့် ရုပ်ဝတ္ထုတစ်ခုစီ၌ (၁၀)စီပါ၍ (၇၀)ပါဝင်၍ တစ်ပြိုင်တည်းဖြစ်၍ တည်နိုင်ပါသည်။ လျော့လျှင် စက္ခု၊ သောတ၊ ဃာန၊ ဘာဝ ကလာပ်များလျော့နိုင်ပါသည်။

ဂဇသေယျက ပဋိသန္ဓေရှင် စတည်ပုံ

ဂဇသေယျက ပဋိသန္ဓေရှင်တွင် အမိဝမ်း တိုက်ရိုက်ယူ ပဋိသန္ဓေနှင့် ဥတွင်သန္ဓေယူ ပဋိသန္ဓေ (၂)မျိုး ပါဝင်ပါသည်။

ဤပဋိသန္ဓေ (၂)ခုတွင် ကာယ၊ ဘာဝ၊ ဝတ္ထု ကလာပ်စည်း(၃)မျိုး အများဆုံး တစ်ပြိုင်တည်းဖြစ်၍ တည်နိုင်သည်။ တစ်မျိုး (၁၀)ခုစီရှိ၍ (၃၀)ရုပ်ရှိပါသည်။ လျော့ပါက ဘာဝဒသက ကလာပ်စည်း လျော့နိုင်ပါသည်။

သဓန္ဓတည်ပုံအဆင့်ဆင့်

ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက၊ ကလာပ်စည်း (၃)မျိုး ဖြင့် ပဋိသန္ဓေ စတင်တည်ရာတွင် ထိုကလာပ်စည်း (၃)ခု ပေါင်းစည်းထားမှုသည် ပမာဏအားဖြင့် အထူးပင် နူးညံ့သည်။ သေးငယ်လှပါသည်။

ပုံစံပြရသော် မွေးကင်းစ ကလေးငယ်၏ ဆံပင်ကဲ့သို့ အလွန်နူးညံ့သော ဆံပင်တစ်ပင်ကိုယူ၍ ဆီထဲသို့ ဆံပင်၏အဖျားကို နှစ်ပါ။ ထို့နောက် ဆွဲထုတ်ယူ၍ အကြိမ်(၁၀၀) ခါ ထုတ်ပစ်ပါ။ ထိုဆံပင်များတွင် ကျန်ရစ်ခဲ့သော ဆီပမာဏသည် ကလာပ်စည်းအားဖြင့် (၃)စည်း၊ ရုပ်အားဖြင့် (၃၀) စုပေါင်းထားသော အစိုင်အခဲဖြစ်ပါသည်။ ထိုအစိုင်အခဲတွင် ပဋိ သန္ဓေစိတ်ပါလာပါသည်။ ဤသည်မှာ ပဋိသန္ဓေ စတည်နေပုံ ဖြစ်ပါသည်။

ပဋိသန္ဓေစိတ်သည် ဝတ္ထုဒသက ကလာပ်ထဲမှ ဝတ္ထုရုပ်ပေါ်တွင် အမှီပြု၍ ပါလာသည်။ ယင်းကို အများအားဖြင့် အသက်ဟုခေါ်နေကြသည်။ အမှန်အားဖြင့် အသက်ဟူ၍မရှိ။ အတ္တဟူ၍ မရှိပါ။ ဝတ္ထုရုပ်ထဲတွင် ကလာပ်စည်းနှင့် စိတ်,စေတသိက်သာ ပါရှိပါသည်။

ဥပမာ - နာရီတွင် အသက်ဟူသော စက်ရှိသောကြောင့် တချက်ချက်မြည်ကာ လှုပ်ရှား သွားလာနေပါသည်။ သို့သော် နာရီကိုဖွင့်ကြည့်ပါက အသက်ကိုမတွေ့ရပါ။ ဇက္ကိတိုင် လက်တံ ခွေးသွားစိတ် စသည်များသာ တွေ့ရသကဲ့သို့ ဖြစ်ပါသည်။

ထိုကလာပ်စည်း (၃)ခုလုံးသည် ကမ္မဇရုပ်များသာဖြစ်ပါသည်။ ပဋိသန္ဓေစိတ်နှင့် ဖြစ်ချင်းပြိုင်မှာ ကာယ၊ ဘာဝ၊ ဝတ္ထု ကလာပ်စည်း (၃) စည်း၊ ရုပ်(၃၀)တို့ ဖြစ်ကြပါသည်။ ထို့နောက် စိတ္တက္ခဏငယ်နှင့် တိုင်းထွာသော် ခဏတိုင်း ခဏတိုင်း အချိန်များတွင် ကမ္မဇရုပ်များ အသစ်အသစ် ထပ်ကာထပ်ကာ ဖြစ်နေကြသည်။

ပဋိသန္ဓေနေသည်မှ မွေးဖွားသည်အထိ

ပဋိသန္ဓေစတင် တည်သည်မှ -

၁။ ပထမသတ္တာဟ (ပထမ ၇-ရက်) - ရေကြည်ပေါက်ငယ် ကလလ ရေကြည်အဖြစ် တည်သည်။

၂။ ဒုတိယသတ္တာဟ (ဒုတိယ ၇-ရက်) - အမြှုပ်ဖြစ်၍တည်သည်။

၃။ တတိယသတ္တာဟ (တတိယ ၇-ရက်) - သားတစ်၊ သွေးခဲ အဖြစ် တည်သည်။

၄။ စတုတ္ထသတ္တာဟ (စတုတ္ထ ၇-ရက်) - မာသော အသားခဲ အဖြစ် တည်သည်။
(ယင်းသည် ကြက်ဥပုံစံ လုံး ဝိုင်း၍ အနည်းငယ် ရှည်လျားသည်။)

၅။ ပဉ္စမသတ္တာဟ (ပဉ္စမ ၇-ရက်) - ခြေ၊ လက်၊ ဦးခေါင်း စသော ခက်မငါးဖြာ ပေါ်ထွက်လာသည်။

ထိုအချိန်တွင် ကလေးအတွက် အာဟာရသည် ချက်ကြိုးမှဝင်သည်။ ကလေးသည် မိခင်၏ အစာအိမ်ကို မျှော့တွယ်သည့်ပမာ တွယ်ထားသည်။ မိခင်စားသော အစာသည် ချက်ကြိုးမှ လျှောက်၍ သူငယ်၏ ဝမ်းတွင်းသို့ ရောက်သောအခါ ထိုအစာကိုချက်ရ၍ ပါစကတေဇောဓာတ် မီးဖြစ်လာသည်။

ယင်းတေဇောဓာတ်မီးဌ ဇီဝိတနဝက ကလာပ် ပါလာပါသည်။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါတို့ ပေါ်ပြီးနောက် တစ်စတစ်စ ရင့်ကျက်

ကြီးထွားလာရာ ၇-လ၊ ၈-လ၊ ၉-လ၊ ၁၀-လ ရောက်သောအခါတွင် ဖွားမြင်ကြသည်။

အသိညာဏ်အားဖြင့် အမိဝမ်းတွင် ပဋိသန္ဓေမှစ၍ တည်ကတည်းကပင် အသိညာဏ်ရှိပါသည်။ သို့ရာတွင် များစွာမရင့်သေးဘဲ ဝမ်းတွင်းတွင် နေရသည်မှာ ပင်ပန်းသည်။ ပင်ပန်းသဖြင့် စိတ်မခိုင် သမာဓိမရှိပေ။

ပဋိသန္ဓေ တည်ကြရာတွင် ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံ အကျိုး(ဝိပါက) အရတည်ကြရာတွင် မဟာဝိပါက်စိတ် (၈)ခုဖြင့် တည်ကြသည်တွင်-

- သောမနဿ (ရွှင်လန်းသော) စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့သူသည် ပင်ကိုယ်အားဖြင့် ရွှင်လန်းစွာနေလေ့ရှိသည်။
- ဉပေက္ခာ (သာမည)စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူသည် ပင်ကိုယ်အားဖြင့် တည်ကြည်စွာ နေလေ့ရှိသည်။
- ရွှင်လန်းမှုထဲတွင် ပို၍ရွှင်လန်းသူက အသခ်ါရိက (တိုက်တွန်းမှုမပါ) ဖြင့် ပဋိသန္ဓေနေခဲ့သည်။ ရွှင်လန်းမှုနည်းသူက သသခ်ါရိက (တိုက်တွန်းမှုပါ)ဖြင့် ပဋိသန္ဓေနေခဲ့သည်။
- ပို၍ တည်ကြည်သူက အသခ်ါရိက (တိုက်တွန်းမှုမပါ)ဖြင့် ပဋိသန္ဓေနေခဲ့သည်။
- တည်ကြည်နည်းသူက သသခ်ါရိက (တိုက်တွန်းမှုပါသဖြင့်) ပဋိသန္ဓေနေခဲ့သည်။
- ဉာဏ်ကောင်းသူက ဉာဏသမ္ပယုတ် (ဉာဏ်နှင့်ယှဉ်၍) ပဋိသန္ဓေနေခဲ့သည်။
- ဉာဏ်မကောင်းသူက ဉာဏဝိပ္ပယုတ် (ဉာဏ်နှင့်မယှဉ်မူ၍) ပဋိသန္ဓေနေခဲ့သည်။

ကမ္မဇရုပ် ဥတုဇရုပ်တို့ စ၍ ဖြစ်ပုံ-ချုပ်ပုံ

ကမ္မဇကလာပ်သည် ပဋိသန္ဓေဖြစ်စ အချိန်မှစ၍ဖြစ်သည်။ (ဥပါဒ်) ဥတုဇရုပ်သည် ပဋိသန္ဓေ၏ တည်ချိန်(ဖြစ်ပေါ်ချိန်)မှစ၍ဖြစ်သည်။ (ဌီ)

မဟာဘုတ် လေးပါးတွင် တေဇောဓာတ်ပါဝင်သည်။ တေဇော သည် တန်ခိုးစွမ်းရည်ထက်မြက်၍ ရုပ်ကလာပ်တစ်ခု ထပ်မံ၍ ပေါက်ဖွား ပေးနိုင်လောက်အောင် စွမ်းရည်ထက်ပါသည်။ ထိုတေဇောဓာတ်သည် ပဋိသန္ဓေဖြစ်စဉ်တွင်ပါသော ကာယဒသကထဲတွင် ပါဝင်ပါသည်။

တေဇောသည် ပဋိသန္ဓေ စဖြစ်ချိန်၌ သူ၏အစွမ်းကို မထုတ် ပေးပါ။ တည်ရှိဖြစ်ပေါ်လာသော (ဌီ)အချိန်တွင်ကား တေဇောဓာတ်အား ကြီးလာသည်၊ ထက်လာသည်။ သို့တွက် တေဇောမှ ဥတုဇကလာပ် (အစု)များဖြစ်သည့် ဥတုကြောင့် ဖြစ်သည်။ ဥတုက မွေးဖွားခြင်းဖြစ်သည်။

ဥတုဇရုပ်ကို ကမ္မဇရုပ်ထဲမှ တေဇောကမွေးဖွားပေးခဲ့သည်။ ကမ္မဇ ရုပ်ထဲမှာပါသော တေဇောသည် ဖြစ်ပြီးနောက် မပျက်ခင်ကြားကာလ (ဌီကာလ)တွင် ဥတုဇရုပ်ကလာပ်များကို (၇)ကြိမ် (၈)ကြိမ် ပေါက်ဖွားသည်။

ကံ၏အရှိန်အားကိုလိုက်၍ ဖြစ်သည့်ကံ၊ အနည်းအများ ကန့်သတ် ချက် မရှိပေ။ ကံအရှိန်အင်အားမရှိပါက အလျင်းမပေါက်ဖွားသည်လည်း ရှိပါသည်။ ဥတုဇရုပ်ဟူသည် ဥတုဟုခေါ်သော တေဇောက ပေါက်ဖွား လာသောကြောင့် ဥတုဇရုပ်ဟုခေါ်ပါသည်။

ကမ္မဇရုပ်များသည် ပဋိသန္ဓေစိတ်၏ ဖြစ်စကာလကို အစပြု၍ ခဏတိုင်း ခဏတိုင်း ဖြစ်နေကြပြီး၊ ထိုကမ္မဇရုပ်များသည် စုတိစိတ်မှ ပြန်၍ရသော် (၁၇)ချက်မြောက်သော စိတ်၏တည်ရာ (ဌီ)ကာလမှအစ ပြု၍ မဖြစ်ကုန်ကြတော့ဘဲ စုတိစိတ်နှင့်အမျှသော ကာလပတ်လုံးသာလျှင်

ဖြစ်၍ ချုပ်ကြပါသည်။ [ပဝတ္တိအခါ - ပဋိသန္ဓေစိတ်၏ - တည်ရာခဏ (ဌီခဏ) မှစ၍ စုတိစိတ်မကျမီအတွင်း နောက်ကာလကို ပဝတ္တိကာလ ဖြစ်နေဆဲကာလဟု ခေါ်ပါသည်။]

ရုပ်တို့အစု (ကလာပ်စည်း) များ

ကမ္မဇကလာပ်စည်း - ကံကြောင့်ဖြစ်သော ရုပ်ကလာပ်စည်း (၉)မျိုး

၁။ စက္ခုဒသကကလာပ် အဝိနိဘ္ဘောဂ+ ဇီဝိတ+ စက္ခုပသာဒ ၁၀

၂။ သောတဒသကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ+သောတပသာဒ ၁၀

၃။ ဃာနဒသကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ+ဃာနဒသက ၁၀

၄။ ဇိဝှါဒသကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ+ဇိဝှါဒသက ၁၀

၅။ ကာယဒသကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ+ကာယပသာဒ ၁၀

၆။ ဣတ္ထိဘာဝဒသကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ+ဣတ္ထိဘာဝ ၁၀

၇။ ပုမ္ဘာဝဒသကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ+ပုမ္ဘာဝ ၁၀

၈။ ဝတ္ထုဒသကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ+ဟဒယဝတ္ထု ၁၀

၉။ ဇီဝိတနဝကကလာပ် အဝိနိဘ္ဘောဂ+ဇီဝိတ ၉

စိတ္တဇကလာပ် (၆)မျိုး

၁။ သုဒ္ဓဋ္ဌကကလာပ် (အဝိနိဘ္ဘောဂ)
အဝိနိဘ္ဘောဂ ၈ ၈

၂။ ကာယဝိညတ္တိနဝကကလာပ်
အဝိနိဘ္ဘောဂ ၈ + ကာယဝိညတ် ၉

၃။ ဝစီဝိညတ္တိ ဒသကကလာပ်
အဝိနိဘ္ဘောဂ ၈ + ဝစီဝိညတ် + သဒ္ဒ ၁၀

၄။ လဟုတာဒိဧကာဒသကကလာပ်

အဝိနိဘ္ဘောဂ-၈ + လဟုတာဒိ-၃ ၁၁

၅။ ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက

အဝိနိဘ္ဘောဂ-၈ + လဟုတာဒိ-၃ + ကာယဝိညတ် ၁၂

၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက

အဝိနိဘ္ဘောဂ-၈ + ဝစီဝိညတ် သဒ္ဒလဟုတာဒိ-၃ ၁၃

ဥတုဇကလာပ် (၄)မျိုး

၁။ သုဒ္ဓဋ္ဌကလာပ် (အဝိနိဘ္ဘောဂ-၈) ၈

၂။ သဒ္ဒနဝက (အဝိနိဘ္ဘောဂ-၈ + သဒ္ဒ) ၉

၃။ လဟုတာဒိဧကာဒသက (အဝိနိဘ္ဘောဂ-၈+လဟုတာဒိ-၃) ၁၁

၄။ သဒ္ဒလဟုတာဒိဒွါဒသက (အဝိနိဘ္ဘောဂ-၈+သဒ္ဒ+လဟုတာဒိ-၃) ၁၂

အာဟာရဇကလာပ် (၂)မျိုး

၁။ သုဒ္ဓဋ္ဌက ကလာပ် (အဝိနိဘ္ဘောဂ-၈) ၈

၂။ လဟုတာဒိဧကာဒသက (အဝိနိဘ္ဘောဂ-၈+လဟုတာဒိ-၃) ၁၁

ရုပ်ကလာပ်များ၏ သဘာဝ

ရုပ်တို့၏ ပေါင်းစပ် ဖွဲ့စည်းပြခြင်းကို ရုပ်အစု (ရူပကလာပ)ဟု ခေါ်ပါသည်။ ထိုရုပ်အစုများသည် -

- အတူတကွဖြစ်
- အတူတကွ ချုပ်-ပျက်
- တူသော မြဲရာရှိ
- ခွဲခြား၍မရအောင် ပေါင်းရောနေသည်။

လူ့ဘုံ၌ရှိသော ပရမတ္ထရုပ်ကလာပ်တစ်ခု၏အရွယ်သည် ပရမာဏုမြူတစ်ခု၏ အစိတ်တစ်သိန်းပုံတစ်ပုံသာ ရှိသည်။ ရုပ်ဓာတ်တို့သည် မည်သည့်ရုပ်မျှ တစ်ခုတည်း မနေပါ။ တစ်ပေါင်းတစ်စည်းသာ နေပါသည်။

ပထဝီ(မြေ) အာပေါ(ရေ)၊ တေဇော(မီး)၊
ဝါယော(လေ) ၄ ပါး

ဝဏ္ဏ(အဆင်း)၊ ဂန္ဓ(အနံ့)၊ ရသ(အရသာ)၊
ဩဇာ(အဆီအစေး) ၄ ပါး

ဤရုပ်(၈)ပါးသည် ခွဲခွာ၍မရသောရုပ် (အဝိနိဗ္ဘောဂရုပ်) ဟု ခေါ်ကြပါသည်။

ဤရုပ်(၈)ခုသည် သန့်ရှင်းစွာ ဖြစ်ပေါ်နေသော ရုပ်(သုဒ္ဓဋ္ဌ) အပေါင်းဟု ခေါ်ကြပါသည်။ ဤ(၈)ပါးအပြင် အခြားဘာမျှ မပါ၍ စင်ကြယ် (သုဒ္ဓဋ္ဌ)ဟုခေါ်ခြင်းဖြစ်ပါသည်။

ဥပမာ - ဆံပင်တစ်ချောင်းကို ဓာတ်ခွဲကြည့်ပါက

- ပျော့ပြောင်းခြင်း၊ မာကြောခြင်း ပထဝီဓာတ်ရှိသည်။
- အချောင်းကလေး၊ အလုံးကလေးဖြင့် ဖြစ်အောင် ဖွဲ့စည်းထားသော အပေါဓာတ်ရှိသည်။
- ကိုင်ကြည့်လျှင် ပြန်၍ တွန်းကန်ခြင်းသဘော၊ လှုပ်ရှားခြင်းသဘော ဝါယောဓာတ်ရှိသည်။
- အနက်ရောင်၊ အဖြူရောင်၊ ရွှေရောင်ဟူသော ဝဏ္ဏ အဆင်းဓာတ်ရှိသည်။
- နမ်းကြည့်လျှင် အနံ့အသက် ဂန္ဓဓာတ်ရှိသည်။
- လျှာဖြင့်လျက်ကြည့်လျှင် အရသာတစ်မျိုးမျိုးတွေ့ရသော ရသာဓာတ်ရှိသည်။
- အဆီအစေးဩဇာဓာတ်ရှိသည်။

- ပထဝီဓာတ်ကို အာပေါဓာတ်ဟူသော ရေက စုရုံးပေးသောကြောင့် ပထဝီဓာတ်အစိုင်အခဲ ဖြစ်လာသည်။ ယူဇနာပေါင်း ၂၄၀၀၀-အထူရှိသော မဟာပထဝီမြေကြီးသစ် ဖြစ်လာရသည်။
- လူ၏ ခန္ဓာကိုယ်တွင် ၃၂ -ကောဋ္ဌာသရှိရာ ပထဝီဓာတ် ၂၀ ပါဝင်ပါသည်။

စိတ်ကြောင့်ဖြစ်သော (စိတ္တဇ)ရုပ် ၈၅ ဖြစ်ပုံချုပ်ပုံ

စိတ္တဇရုပ်များသည် ပဋိသန္ဓေတည်ယူပြီးသည်နောက် ပထမဘဝင် စဖြစ်သည်မှစ၍ စိတ်တို့၏ ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်ကြသည်။ စိတ်သည် ဖြစ်သည်၌ အားရှိသည်။ ရုပ်သည် တည်သည်မှ အားရှိပါသည်။ အားရှိသောအချိန်မှာ ရုပ်များကို ပေါက်ဖွားကြသည်။

ပဋိသန္ဓေဖြစ်စအချိန်တွင် အားမရှိသောကြောင့် စိတ္တဇရုပ်များ မဖြစ်သေးပါ။ ပဋိသန္ဓေ နောင်ဘဝင်များ၌ ဖြစ်ချိန်တွင်ကား အားရှိလာသောကြောင့် စိတ္တဇရုပ်များ ဖြစ်လာကြသည်။

စိတ်တစ်ခုပေါ်လာလျှင် စိတ္တဇကလာပ်ပါလာသည်။ ထိုစိတ္တဇကလာပ်ထဲတွင် တေဇောဓာတ်လည်း ပါလာပါသည်။ ထိုတေဇောဓာတ်က ဥတုဇရုပ် ၇-ခု၊ ၈-ခုကို ဖြန့်သွား၏။ ထိုမှတစ်ဖန် ထပ်၍ ၇-ခု၊ ၈-ခု ဖြာထွက် သွားပြန်ပါသည်။ နောက်တိုးမှန်သမျှသည် ဥတုဇရုပ်များသာဖြစ်သည်။ ထို့ကြောင့် ဥတုဇရုပ်သည် ကမ္မဇရုပ်၏သားစိတ္တဇရုပ်၏ သားလည်း ဖြစ်သည်။

ပဋိသန္ဓေ၏ စဖြစ်စတွင် ကံကြောင့် ကမ္မဇရုပ်ဖြစ်သည်။ ထိုကမ္မဇရုပ်တွင် တေဇောဟုခေါ်သော ဥတုပါသည်။ ထိုတေဇောက ဥတုဇရုပ်များကိုပါ ပေါက်ဖွားလာပါသည်။

ကံ - ကမ္မဇ (တေဇော) - ဥတုဇရုပ်

ပဋိသန္ဓေနောက် ဘဝင်စိတ်၏ ဖြစ်စဉ်တွင် စိတ္တဇရုပ်ဖြစ်သည်။ ထိုစိတ္တဇရုပ်တွင် တေဇောပါ၏။ တေဇောခေါ် ဥတုက ဥတုဇရုပ်များကို ပေါက်ဖွားပေးပြန်သည်။

စိတ် - စိတ္တဇ (တေဇော) - ဥတုဇရုပ်

သတ္တဝါတို့သည် အိုမင်းကြသည်။ အကြောင်းမှာ နေ၏အပူရှိန်ကြောင့် ဥတုမမျှသဖြင့် အိုမင်းကြရပါသည်။

စိတ္တဇရုပ် ချုပ်ပုံ

ကမ္မဇရုပ်ချုပ်သည်မှနောက် စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့ ဖြစ်ကြပါသည်။

အာဟာရဇရုပ် စဖြစ်ပုံ – ချုပ်ပုံ

ပဋိသန္ဓေနောက် စိတ်တစ်ခုခုမှ စိတ္တဇရုပ် ဖြစ်ပေါ်ရာတွင် ထိုစိတ္တဇရုပ်ထဲမှ အဝိနိဘ္ဘောဂရုပ် ၈-၌ တေဇောနှင့်သြဇာ ပါဝင်ပါသည်။

တေဇောမှာ ဥတုဖြစ်သည်။ ဥတုမှ ဥတုဇရုပ်များ ဖြစ်ပေါ် ပေါက်ဖွားသည်။

သြဇာမှာ အာဟာရဖြစ်သည်။ အာဟာရမှ အာဟာရဇရုပ်များ ပေါက်ဖွားသည်။ ဥတုဇရုပ်ထဲတွင်လည်းကောင်း၊ အာဟာရဇရုပ်ထဲတွင်လည်းကောင်း၊ တေဇောနှင့်သြဇာ ပါဝင်ပါသည်။ ထိုတေဇောနှင့်သြဇာသည် အာဟာရဖြစ်၏။ ထိုဥတုနှင့်အာဟာရတို့မှ တစ်ဖန် ဥတုဇရုပ်နှင့် အာဟာရဇရုပ်များ ပေါက်ဖွားလာပါသည်။

ရုပ်ကလာပ် တစ်ခုဖြစ်ပေါ်တိုင်း အဝိနိဘ္ဘောဂရုပ် ၈-ခု ပါဝင်၏။ စိတ်က ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် ဖြစ်စအချိန်မှ ပေါက်ပါသည်။ ကံက ရုပ်ကလာပ်ကို ပေါက်ဖွားလျှင် အချိန်ပြည့် ခဏတိုင်း ခဏတိုင်း ပေါက်ဖွားသည်။

ဥတုနှင့် အာဟာရဇရုပ်များက ရုပ်ကလာပ်များကို ပေါက်ဖွား လာလျှင် တည်သည့် (ဌီ)ခဏမှ ပေါက်ဖွားသည်။

လူစသော သတ္တဝါများသည် မိမိတို့ ပြုလုပ်ခဲ့သော ကံစီမံချက်ကြောင့် ဖြစ်ပေါ်လာရသည်။ မိမိကိုယ်တိုင်က အလုပ်ကောင်း၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့လျှင် ကိုယ်ခန္ဓာ အချိုးအစား ရုပ်ရှည် လှပမည်။ မကောင်းမှု အကုသိုလ်များကို ပြုလုပ်လာခဲ့မိပါက ကိုယ်ခန္ဓာအချိုးအစား မလှမပ အရုပ်ဆိုးကြပါသည်။

ထိုကံကြောင့်ဖြစ်သော ရုပ်ကောင်း ရုပ်ဆိုးတို့ကို ကံထဲတွင်ပါသော တဇောက ပြုလုပ်ဆောင်ရွက် ပေါက်ဖွားပေးပါသည်။ ကံက မူရင်းဖြစ်သည့်အတွက် အလုပ်ချင်းကွာသည်နှင့်အမျှ လူပုံစံ၊ စိတ်နေစိတ်ထား တို့သည် မတူညီကြပါ။

ဩဇာရုပ် (အဆီအစေးရုပ်)

ရုပ်ကလာပ်မှုန် ရှိတိုင်း ဩဇာ(အဆီအစေး)ရှိသည်။ ဩဇာ(အဆီအစေး)သည် မည်သည့်နေရာတွင်မဆို ရှိနေပါသည်။ လူ၏ခန္ဓာကိုယ်တွင် ဩဇာရှိရာ -

- သက်ရှိတွင်ရှိသော ဩဇာကို အဗျဲတ္တဩဇာ(အတွင်းအဆီစေး)
- သက်မဲ့တွင်ရှိသော ဩဇာကို ဗဟိဒ္ဓဩဇာ(အပြင်အဆီအစေး)

အဗျဲတ္တဩဇာကသာ ရုပ်ကလာပ်များကို ပေါက်ဖွားပေးနိုင်ပါသည်။ ဗဟိဒ္ဓဩဇာက ရုပ်ကလာပ်ကို မပေါက်ဖွားနိုင်ပါ။ သို့သော် အဗျဲတ္တကလာပ်ပေါက်ဖွားမှုကို ဗဟိဒ္ဓဩဇာက အကူအညီပေးရသည်။ သတ္တဝါတို့သည် အာဟာရအလို့ငှာ အစာကို စားရသည်။ ထိုအစာသည် ဗဟိဒ္ဓဩဇာဖြစ်သည်။

ခန္ဓာကိုယ်အတွင်းရှိ အဇ္ဈတ္တဩဇာကလာပ်များကို ပေါက်ဖွားပေး နိုင်ရန်အတွက် အစာဟူသော ဗဟိဒ္ဓဩဇာက အကူအညီပေးရသည်။ ဗဟိဒ္ဓ ဩဇာ အကူအညီမရပါက အဇ္ဈတ္တဩဇာသည် ရုပ်ကလာပ်များကို မပေါက်ဖွားနိုင်ပါ။

ထိုအခါ သတ္တဝါတို့သည် အားအင်ကုန်ခန်း ချည့်နဲ့လာရပါသည်။ ဥပမာ - မျိုးစေ့သည် အပင်ကို ပေါက်စေနိုင်၏။ မျိုးစေ့သည် အဇ္ဈတ္တ ဩဇာနှင့်တူပါသည်။ သို့သော် ရေမရပါက မျိုးစေ့အပင် မပေါက်နိုင်ပါ။ ရေသည် ဗဟိဒ္ဓဩဇာနှင့်တူပါသည်။ ထိုရေမရပါက မျိုးစေ့အပင်မပေါက် နိုင်သလို ဗဟိဒ္ဓဩဇာ မရပါက အဇ္ဈတ္တဩဇာသည် ရုပ်ကလာပ်မပေါက် ဖွားနိုင်ပါ။ ဗဟိဒ္ဓဩဇာ၏ အရင်းခံသည် ဥတုဖြစ်သည်။ အဇ္ဈတ္တဩဇာ၏ အရင်းခံကား ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဖြစ်သည်။

ရုပ်၏ ဖြစ်-တည်-ပျက်-ပုံ

လူ သတ္တဝါတို့ သေဆုံး ကွယ်လွန်ခြင်းဟူသော သမ္မုတိမရဏာ ကိုသာ လူတိုင်းသိနေကြပါသည်။ အမှန်မှာ ရုပ်-နာမ်တရားတို့သည် အမြဲ မပြတ် တရစပ်သေဆုံးနေသည်ကို လူတိုင်းမသိ သတိမထားမိကြပါ။

ကမ္မဇရုပ်များသည် အစဉ်မပြတ် ပျက်စီးသေကျေနေကြပါသည်။ ယင်းကို ခဏိကမရဏာ ဟု ခေါ်ပါသည်။

မီးသည် တဖျပ်ဖျပ်နှင့်ဖြစ်လိုက် ပျက်လိုက် ဖြစ်နေသည်ကို ကမ္မဇ ရုပ်များသည်လည်းကောင်း၊ အရာဝတ္ထုများသည်လည်းကောင်း၊ အစဉ် တစိုက် တည်ငြိမ်မှုမရှိဘဲ ဖြစ်လိုက် ပျက်လိုက် ဖြစ်နေပါသည်။ ထိုသို့ ကမ္မဇရုပ်များ တရစပ် ဖြစ်ပျက်နေ၍ လူသတ္တဝါတို့ အရွယ်ရင့်ခြင်း၊ အိုခြင်း၊ နာခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ ပါးရေနားရေတွန့်ခြင်း၊ ခြေဆစ် လက်ဆစ်တို့နာခြင်း စသည့်ပြောင်းလဲမှုများ ဖြစ်နေကြရပါသည်။

နာမ်သံသရာစက် လည်ပုံနှင့် ပြတ်မှု

လူ သတ္တဝါတို့ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ပြီးနောက် စုတိစိတ်ဖြစ်ပေါ်လာသည့် တိုင်အောင်သော အချိန်ကာလ အတွင်းဝယ် စိတ်အစဉ်များ မဖြစ်ပေါ်သေးသော အချိန်များ၌ အားလပ်ချိန်တိုင်း ရတိုင်းရတိုင်း ဘဝင်စိတ်များဟူသည် မြစ်ထဲရှိ ရေအလျဉ်ကဲ့သို့ သတ္တဝါတစ်ယောက်၏ ကိုယ်ထဲတွင်လည်း ဘဝင်အလျဉ်အားဖြင့် မပြတ်မလပ် ဖြစ်ပေါ်နေသည်။

ဘဝတစ်ခုတွင် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ပြီးဆုံးသည့် နောက် အခြားဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟူ၍ ဖြစ်ရပြန်ပါသည်။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့ ဆက်ကာဆက်ကာ ဖြစ်နေခြင်းကို သံသရာ လည်သည်ဟု ဆိုပါသည်။

ဤလောကတွင် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိများကို ချစ်ခြင်း၊ မြတ်နိုးခြင်း၊ နှောင်ဖွဲ့ခြင်းများကို မပြတ်နိုင်သရွေ့ ကာလပတ်လုံး ပဋိသန္ဓေ၊ ဘဝင်၊ စုတိကို ဆက်ကာဆက်ကာ ဖြစ်နေရပါသည်။

တိဟိတ် ပုဂ္ဂိုလ်တို့သည် ကြာမြင့်စွာကပင် သီလကို ဖြူစင်စေခြင်း၊ ဓုတင်ဆောင်ခြင်း၊ သမာဓိတည်ဆောက်ခြင်း၊ ပညာဟူသော ဝိပဿနာကို

ပွားများခြင်းတို့ဖြင့် ကောင်းစွာ ကျင့်ကြံကြလျက် စိတ်,စေတသိက်တို့၏ အမြဲမရှိပါတကားဟု ဝိပဿနာဉာဏ်ပညာဖြင့် ထင်လင်းစွာ သိမြင်ကြသော် စုတေ ရွှေ့လျားခြင်းမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြင့် အမှန်သိပေမည်။

ထိုသို့ သိခြင်းကြောင့် တဏှာတည်းဟူသော အစေး အဖွဲ့ကို ဖြတ်တောက်နိုင်ကြ၍ သခ်ါရတရားတို့၏ အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ ရောက်ကြပေမည်။

ဤသို့ မြတ်နိဗ္ဗာန်မျက်မှောက်ပြုကြ ရောက်ကြလျှင် သံသရာ စက်ဝန်း လည်ပတ်မှု ပြတ်ရပါတော့မည်။

လူတို့၏ ချမ်းသာခြင်း (၃)မျိုး

၁။ လူချမ်းသာ - လူ့ဘဝ စည်းစိမ် ဥစ္စာ ရာထူး၊ အာဏာနှင့် ပြည့်စုံချမ်းသာမှု၊

၂။ နတ်ချမ်းသာ - နတ်ပြည်ခြောက်ထပ်ရှိ နတ်တို့၏ ဒါန အကျိုး ချမ်းသာမှု၊

၃။ ဗြဟ္မာချမ်းသာ - ဗြဟ္မာ (၂၀)တို့၏ အသီးသီးရရှိသော စျာန် ချမ်းသာမှု၊

လူ့ဘဝ လက်တွေ့ ချမ်းသာ (၃)မျိုး

၁။ စျာနသုခ - စျာန် ချမ်းသာ

၂။ မဂ္ဂဖလသုခ - မဂ် ဖိုလ် ချမ်းသာ

၃။ နိဗ္ဗာနသုခ - နိဗ္ဗာန်ချမ်းသာ

ချမ်းသာ (၄)မျိုး

၁။ ဝေဒယိတသုခ - ခံစားစံစားရသော ချမ်းသာ

၂။ သန္တိသုခ - မခံစားရဘဲ အစဉ်ငြိမ်းအေးသော ချမ်းသာ

၃။ ကာယိကသုခ - ကိုယ်ချမ်းသာ

၄။ စေတသိကသုခ - စိတ်ချမ်းသာ

ကျန်းမာချမ်းသာ နဝရတ်(၉)ပါး ဧဆောင်မှု

အဆောင်အဖြစ်၊ ကျန်းမာအရေးအဖြစ် နဝရတ် (၉)ပါးကို ဆောင်လို သောသူသည် လက်စွပ်ပြုလုပ်၍ ဝတ်ရမည်။

လက်စွပ်ပြုလုပ်ရာတွင် ပတ္တမြားကို အလယ်ထားပြီး စိန်ကိုရှေ့ တည့်တည့်က ထားပြီးလျှင် ကြွင်းသော ရတနာ(၇)ပါးကို အစဉ်အတိုင်း လက်ျာရစ်ကွင်းပါ။

ဝတ်ဆင်သူအား ဘေးဥပါဒ်ကင်းရှင်း၍ ရန်အပေါင်းတို့ကို နှိမ်နင်း မည်။ ဘုန်းကျက်သရေ တက်နေပမာ မင်္ဂလာရှိမည်။ လာဘ်လာဘ ပေါများမည်။

နဝရတ်ကိုးပါး၏ အစွမ်းကား -

(၁) ပတ္တမြား - ဘုန်းတောက်

(၂) မြကျောက် - အေးချမ်း

(၃) စိန် - ဂုဏ်ရောင်တောက်

(၄) ကြောင် - သိဒ္ဓိမြောက်

(၅) နီလာ - မေတ္တာဓာတ်ရ

(၆) ဂေါမုတ် - ခွန်အားဖြစ်

(၇) ဥဿဖယား - ကျန်းမာ
(၈) သန္တာ - အကြီးအကဲဖြစ်
(၉) ပုလဲ - ကျက်သရေရှိ

အသက်ရှည်စေသော ကုသိုလ် (၆)မျိုး

၁။ ပရိဿဝနဒါန - ရေစစ်အလှူ။

၂။ အာဝါသဒါန - ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ မဏ္ဍပ်အလှူ။

၃။ ဂိလာနဝတ္ထုဒါန - သူနာတို့အား ဆေးစသော အလှူ။

၄။ ဇဏ္ဏကာဝါသပဋိသ ပျက်စီးယိုယွင်းနေသော စေတီ၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ တံတားတို့ကို ပြင်ဆင် တည်ဆောက်လုပ်သော အလှူ။

၅။ ဇိဝိတဒါန - သတ္တဝါတို့ကို ဘေးမဲ့ပေးလွှတ်ခြင်းအလှူ။

၆။ ပဉ္စသီလသမာဒါန - ငါးပါးသီလကို ခါးဝတ်ပုဆိုး၊ ထဘီကဲ့သို့ မြဲစွာ စောင့်ထိန်းမှု

ခရီးရှည်သွားရခြင်းအကျိုး (၅)ပါး

၁။ အသစ်အသစ် တရားစကား ကြားနာရခြင်း၊ အသိပညာ အတွေ့အကြုံ ရခြင်း။

၂။ ကြားပြီးသော စကား ထပ်မံကြားနာရ၍ သံသယကင်းခြင်း။

၃။ ပရိသတ်ထဲ ရဲဝံ့စွာ ပြောဟောနိုင်ခြင်း။

၄။ အနာရောဂါကင်းခြင်း။

၅။ မိတ်ဆွေ အသိအကျွမ်း ပေါများခြင်း။

သွားတိုက်ခြင်း အကျိုး (၅)ပါး

၁။ စက္ခုသံ - မျက်စိအမြင် ကြည်လင်ခြင်း။

၂။ မုခံ နာ ဒုဂ္ဂန္ဓံ - ပါးစပ် မနံခြင်း။

၃။ ဝိသုဒ္ဓရသဟရဏီ - အာရုံကြောတို့ သန့်ရှင်း အားကောင်းခြင်း။

၄။ ပိတ္တာဒိနပရိယောနဒ္ဓတိ - သည်းခြေ၊ သလိပ်၊ ထမင်း၊ အစာ တို့ကို မရောယှက်ခြင်း။

၅။ ဘတ္တာမသာဆာဒေတိ - ထမင်းဆာခြင်းကို ဖြစ်စေနိုင်ခြင်း။

ကျန်းမာရေးအတွက် စကြိန်သွားခြင်း (၅)မျိုး
(လမ်းလျှောက်ခြင်းအကျိုး)

၁။ ခရီးသွားနိုင်သည်။

၂။ ကြံ့ခိုင်သော အားအင်ရှိသည်။

၃။ ရောဂါကင်းစင်သည်။

၄။ အစာကြည်ကသည်။

၅။ သမာဓိတည်ကြည်သည်။

စကြိန်မသွားအပ်သော နေရာ (၅)မျိုး

၁။ မြေကြမ်းတမ်း၍ ကျင်း၊ ကုန်း၊ ဖုထစ် မညီမညွတ်ရှိခြင်း။

၂။ စကြိန်အတွင်း၌ သစ်ငုတ်တို သစ်ပင်ရှိခြင်း။

၃။ မြက်နွယ်ခွံပုတ်တို့ ရှုပ်ထွေးလွှမ်းအုပ်နေခြင်း။

၄။ အလွန်ကျဉ်းမြောင်းခြင်း။

၅။ အလွန်ကျယ်ပြန့်လွန်းခြင်း။

အသက်ရှည်စေတတ်သော အကြောင်း (၅)မျိုး၏

၁။ သပ္ပါယကာရီ - မိမိနှင့်သင့်လျော်ရာကိုသာ ပြုလေ့ရှိခြင်း။
၂။ သပ္ပါယေ မတ္တံ ဇာနာတိ - ထိုလျော်ရာကို ပြုခြင်း၌ အတိုင်းအရှည် ကိုသိခြင်း။
၃။ ပရိဏာတဘောဇီ - ကြေလွယ်သော အစာကို စားလေ့ရှိခြင်း။
၄။ သီလဝါ - ငါးပါးသီလနှင့် ပြည့်စုံရခြင်း။
၅။ ကလျာဏမိတ္တတာ - မိတ်ဆွေခင်ပွန်းကောင်းရှိခြင်း။
၆။ ဇြဟ္မစာရီ - မြတ်သောအကျင့်ကို ကျင့်လေ့ရှိခြင်း။
၇။ ကာလ - မိမိစရိုက် အားလျော်သော အလုပ်၊ အစား၊ အိပ်မှုတို့ကို အချိန်အခါနှင့် ပြုလုပ်တတ်ခြင်း။ (အင်္ဂုတ္တိရ်)

အသက်တိုစေသော အမှု (၆)မျိုး

၁။ မလတ်ဆတ်သော အသားများ စားသောက်ခြင်း။
၂။ အရွယ်လွန်မိန်းမနှင့်ပေါင်းသင်းမှုပြု၍ မေထုန်ပြုခြင်း။
၃။ နေပူဒဏ် ကြာရှည်ခံခြင်း။
၄။ ရက်လွန် နွားနို့ချဉ်ကို စားမိခြင်း။
၅။ နံနက်နေထွက် မေထုန်မှုပြုခြင်း။
၆။ နေမြင့်မှအိပ်ယာ ထလေ့ရှိခြင်း။

ကျန်းမာရေးအတွက် နေ့၌ အိပ်စက်အနားယူသင့်သူ (၁၇)ဦး

၁။ အပင်ပန်းခံသူ
၂။ မေထုန်မှီဝဲပြီးစသူ
၃။ ခရီးပြင်းသွားသူ
၄။ ဆင်၊ မြင်းတို့ ပန်းအောင်စီးသူ
၁၀။ သက်လုံပျက်သူ
၁၁။ လေနာရှိသူ
၁၂။ ဓာတ်အား ခွန်အားကုန်ခန်းသူ
၁၃။ သလိပ်ကုန်ခန်းသူ

၅။ ကိုယ်လက်နွမ်းနယ်သူ
၆။ ဝမ်းသက်သူ
၇။ ရင်ကျပ် ရင်ဘတ်နာရှိသူ
၈။ ပန်းနာရှိသူ
၉။ ရေငတ်နာရှိသူ
၁၀။ သူအို
၁၁။ အရက်များစွာ ယစ်မူးသူ
၁၂။ အဇီဏ်ကြေနာရှိသူ
၁၃။ ညဉ့်ကို မအိပ်ရသူ

ဆေးဆရာအကျော် သမားတော်အင်္ဂါ (၅)မျိုး

သမားကောင်းတို့၌ အမြဲထားရှိရမည့် ဂုဏ်အင်္ဂါများမှာ -

၁။ ဝေဒပဏ္ဍိတ - ရာသီ၊ နက္ခတ်၊ သတ်ဖြတ်၊ ပေဒင်တို့၌ တတ်သိနားလည် လိမ္မာကျွမ်းကျင်ရခြင်း။

၂။ ဘိသက္ကဆေက - ဆေးပေး ဆေးကုသမှု၌ ကျွမ်းကျင်ခြင်း။

၃။ နာနာသတ္ထဒက္ခ - ဆေးကျမ်းအရပ်ရပ်တို့ကို ကျမ်းကောင်း ကျမ်းမြတ်တို့၌ တတ်သိလိမ္မာခြင်း။

၄။ ဥပဓိသမ္ပတ္တိ - ကြည်ညို အားကိုးဖွယ် တင့်တယ် ခန့်ညားသော ရုပ်အဆင်းသဏ္ဌာန်နှင့်ပြည့်စုံခြင်း။

၅။ ဇြဟ္မစာရီ - ဇြဟ္မစိုရ်တရားလေးပါးနှင့် ပြည့်စုံလုံခြုံသူ ဖြစ်ခြင်း။

သမားတော်ကြီးဂုဏ်အင်္ဂါ (၃)ပါး

၁။ ပဏ္ဍိတဂုဏ် - အနာရောဂါဖြစ်ကြောင်း လက္ခဏာ၊ ရာသီဥတု စသည်ကို ပိုင်နိုင်စွာ သိရှိနားလည် လိမ္မာခြင်း။

၂။ ဒက္ခဂုဏ် - ရောဂါနှင့်သင့်လျော် လျောက်ပတ်ပျော်ကာ ကင်းစေတတ်သော ဆေးဝါးဓာတ်စာတို့ကို သိရှိနားလည် တတ်သိသော အတိုင်းမဆိုင်းမတွ ကုသပေးနိုင်သော အစွမ်းသတ္တိဂုဏ်ရှိခြင်း။

၃။ အနာလသဂုဏ် - နေ့ညဉ့်မဟူ ပင့်ဆောင်ခေါ်ယူသူတို့နှင့် အတူ လိုက်သွားနိုင်ခြင်း၊ ပကတိ ထက္ကြွလုံ့လရှိသော ဂုဏ်။

သမားတော်ကြီး (၄)မျိုး

၁။ ဓာတ်သမား - သစ်မြစ်၊ ဥ-ဖုၤ ရွက်၊ ညွန့်ဖူး၊ ပွင့်၊ ကင်း၊ သီး၊ သား၊ ငါးတို့ဖြင့် လူနာအားလျော်စွာ ကျွေးမွေးပေးရသော ဆေးဆရာ။ (သမားတော်)

၂။ နက္ခတ်သမား - ရာသီ၊ နက္ခတ်၊ နေ၊ လတို့၏ အသွားအလာကို တွက်ချက်စစ်ဆေးလျက် နက္ခတ်ကြိုက် စာကိုသာပေးကျွေး၍ ကုသော ဆေးဆရာ။ (သမားတော်)

၃။ ဗိန္ဒေါသမား - ဗိန္ဒေါသမား၊ သစ်မြစ်၊ ဥ-ဖုၤ ရွက်၊ ကင်း၊ သီး တို့၏ အပေါင်းကို စုဆောင်း ထောင်းထုအမှုန့်ပြု၍ ပေးကုသော ဆေးဆရာ။ (သမားတော်)

၄။ ဟူးရားသမား - လူနာ၏ မွေးသက္ကရာဇ်၊ နှစ်၊ လ၊ ရက်၊ နေ့အချိန်တို့ကို ပေဒင်တွက်လျက် ယတြာ

ချခြင်း၊ သက်စေ့ထီး၊ မီး၊ ပန်း၊ ရေချမ်း၊ လှူဒါန်းပေးခြင်း၊ နံသင့်အသားသုံးချောင်းကို တံတားခင်းစေခြင်း၊ ညောင်ထောက်ခြင်းစသည်ဖြင့် ကုသပေးသောဆရာ။

(သမားတော်)

သတ္တဝါတို့ တည်နေရခြင်း အကြောင်းတရား (၈)မျိုး

၁။ ရာဂ

၂။ ဒေါသ

၃။ မောဟ

၄။ ဒိဋ္ဌိ

၅။ အနုသယ

၆။ မာန

၇။ ဝိစိကိစ္ဆာ

၈။ ဥဒ္ဓစ္စ

အကျွမ်းမဝင်ရာ (၇)ပါး

၁။ ကုတ္တိ - မိန်းမ

၂။ ဒုဋ္ဌုန - သူယုတ်

၃။ ဝိသ - အဆိပ်

၄။ သိဏ္ဍီ - ဦးချိုရှိသတ္တဝါ

၅။ ရောဂ - ကူးစက်တတ်သော လူနာ

၆။ နဒီ - မြစ်

၇။ ရာဇကုလ - မင်းမျိုး

(သုဇာဓာလင်္ကာရ)

အနာရောဂါဖြစ်ရခြင်း၏အကြောင်း (၈)ပါး

၁။ ဝါတသမုဋ္ဌာန - လေကြောင့်ဖြစ်

၂။ ပိတ္တသမုဋ္ဌာန - သည်းခြေကြောင့်ဖြစ်

၃။ သေမ္ဟသမုဋ္ဌာန - သလိပ်ကြောင့်ဖြစ်

၄။ သန္နိပါတိက - အထက်(၃)ပါး စုပေါင်းမိ၍ဖြစ်

၅။ ဥတုဝိပရိဏာမ - ဥတုဖောက်ပြန်သောကြောင့်ဖြစ်

၆။ ဝိသမပရိဟာရ - အစာအာဟာရ မညီညွတ်မှုကြောင့်ဖြစ်

၇။ ဩပက္ကမိက - သူတစ်ပါး ရိုက်ပုတ်ခတ်မှုကြောင့်ဖြစ်

၈။ ကမ္မဝိပါက - ကံအကျိုးကြောင့်ဖြစ်

(သဋ္ဌာယတနသံယုတ်၊ မိလိန္ဒပဉှာ)

အရက်သောက်ခြင်းအပြစ် (၆)ပါး

၁။ သံသရာအပြစ်ကြီးလေးသည်။

၂။ ဥစ္စာဆုတ်ယုတ်ပျက်စီးတတ်၏။

၃။ ငြင်းခုံမှုများစွာ ဖြစ်တတ်၏။

၄။ ရောဂါထူပြောဖြစ်တတ်၏။

၅။ အကျော်အစောဂုဏ် ကင်းမဲ့တတ်၏။

၆။ မလုံမခြုံဖြစ်ကာ အရှက်ကင်းမဲ့တတ်၏။

အနာမျိုး (၉၆) ပါး

၁။ စက္ခုရောဂါ - မျက်စိ၌ဖြစ်သော အနာ

၂။ သောတရောဂါ - နား၌ဖြစ်သော အနာ

၃။ ဃာနရောဂါ - နှာခေါင်းတွင်း၌ဖြစ်သော အနာ

၄။ ဇိဝှါရောဂါ - လျှာ၌ဖြစ်သော အနာ
၅။ ကာယရောဂါ - ကိုယ်၌ဖြစ်သော အနာ
၆။ သီသရောဂါ - ဦးခေါင်း၌ဖြစ်သော အနာ
၇။ ကဏ္ဏရောဂါ - နားရွက်၌ဖြစ်သော အနာ
၈။ မုခရောဂါ - ခံတွင်း၌ဖြစ်သော အနာ
၉။ ဒန္တရောဂါ - သွား၌ဖြစ်သော အနာ
၁၀။ ကာသောရောဂါ - ချောင်းဆိုးနာ
၁၁။ သာသော - ကြို့ထိုးနာ
၁၂။ ပိနာသော - နှာခေါင်းအပ၌ ဖြစ်သောအနာ
၁၃။ ဆာဟော - တစ်ကိုယ်လုံးပူသောအနာ
၁၄။ ဇရော - ဖျားသောအနာ
၁၅။ ကုစ္ဆိရောဂေါ - ဝမ်း၌ဖြစ်သောအနာ
၁၆။ မုစ္ဆာ - တွေဝေမေ့သောအနာ
၁၇။ ပက္ခန္ဒိကာ - သွေးအန်တတ်သော ဝမ်းလေနာ
၁၈။ သူလာ - ထိုးကျင့်စေတတ်သော ဝမ်းလေနာ
၁၉။ ဝိသုစိကာ - ကြီးစွာဝမ်းလျှောသောအနာ (ကာလနာ)
၂၀။ ကုဋ္ဌံ - နူနာရောဂါ
၂၁။ ဂဏ္ဍော - အိုင်းနာ၊ မြင်းဖုစသောအနာ
၂၂။ ကိလာသော - ညှင်း၊ တင်းတိပ်နာ
၂၃။ သောသော - အဆုတ်နာ၊ ပန်းနာ
၂၄။ အပွမာရော - ဝက်ရူး၊ ကြက်ရူး၊ နတ်ဘီလူး ဖမ်းစားသောအနာ
၂၅။ ဒဒ္ဒု - သွေးနာ
၂၆။ ကစ္ဆု - ဝဲကြီး၊ ဝဲစိုနာ

၂၇။ ကက္ကာ - ဝဲငယ် ဝဲခြောက်နာ

၂၈။ နာသော - ခြေသည်း လက်သည်း စသည်ခြစ်မိအနာ

၂၉။ ဝိကစ္ဆိကာ - ခြေဖဝါး လက်ဖဝါး ကွဲအက်နာ

၃၀။ လောဟိမိတ္တံ - သွေးသည်းခြေနာ၊ နီသောသည်းခြေနာ

၃၁။ မဓုမေဟော - ဆီးချိုနာ

၃၂။ အံသော - သရိယိုနာ

၃၃။ ပိဋ္ဌကာ - ထွတ်မြင်းနာ၊ ပါးရောင်နာ

၃၄။ ဘဂန္ဒလာ - ကရင်ဂျိနာ၊ ဆင်နာ

(ဤ၌ မျက်စိနာအစ ဘရင်ဂျိနာအဆုံးရှိသော ၃၄-ပါးတို့တွင် နာသော အပွမာရော၊ ဤအနာ (၂)ပါးသည် သည်းခြေ၊ သလိပ်၊ လေတို့ကြောင့် မဖြစ်မူ၍ ကြွင်း ၃၂-ပါးသော အနာတို့သည်သာ သည်းခြေ၊ သလိပ်၊ လေတို့ကြောင့် ဖြစ်၏)

တစ်ဖန်

၃၅။ ပိတ္တသမုဋ္ဌာနာ - သည်းခြေကြောင့်ဖြစ်သောအနာမျိုး ၃၂-ပါး

၃၆။ သေမ္ဟ သမုဋ္ဌာနာ- သလိပ်ကြောင့်ဖြစ်သော အနာမျိုး ၃၂-ပါး

၃၇။ ဝါတသမုဋ္ဌာနာ - လေကြောင့်ဖြစ်သော အနာမျိုး ၃၂-ပါး

အားဖြင့် အနာမျိုး (၉၆)မျိုးဖြစ်သည်။

(ဒဿဂုတ္တိရ်+မဟာနိဒ္ဒေသ)

၃၈။ သန္နိပါတာ - သည်းခြေ၊ သလိပ်၊ လေကြောင့်ဖြစ်သောအနာ

၃၉။ ဥတုပရိဏာမဇာ - ဥတုဖောက်ပြန်၍ဖြစ်သောအနာ

၄၀။ ဝိသမပရိဟာရဇာ- ကိုယ်ခန္ဓာ မညီမညွတ် ကျန်းမာရေးနှင့်ဆန့်ကျင်ဘက် ဆောင်ရွက်မှုကြောင့် ဖြစ်သော အနာ

၄၁။ သြပက္ကမိကာ - ထိုး၊ ခုတ်၊ သတ်ဖြတ်သော သူတစ်ပါးတို့ လုံ့လ ကြောင့် ဖြစ်ရသောအနာ

၄၂။ ကမ္မဝိပါကဇာ - ကံကြောင့်ဖြစ်သော အနာ(ဝဋ္ဌနာမျိုး)

၄၃။ သီတံ - ချမ်းအေးမှုကြောင့် ဖြစ်သောအနာ

၄၄။ ဥဏှံ - ပူလောင်ခြင်းကြောင့် ဖြစ်သောအနာ

၄၅။ ဇိဃစ္ဆာ - ဆာလောင်ခြင်းကြောင့်ဖြစ်သောအနာ

၄၆။ ပိပါသာ - မွတ်သိပ်ခြင်းကြောင့်ဖြစ်သောအနာ

၄၇။ ဥစ္စာရော - ကျင်ကြီးစွန့်လိုခြင်း

၄၈။ ပဿာဝေါ - ကျင်ငယ်စွန့်လိုခြင်း

ယင်းတို့ကိုလည်း အနာဟူ၍ သတ်မှတ်သည်။

(ဒသဂ်ုတ္တရပါဋိတော်)

ကုဋ္ဌနုနာ (၁၈)မျိုး

၁။ ကာပါလိက - ကိုယ်ရေ နီ, ညို, အဖုပေါက်, ကြမ်းခြောက်၍ အလွန်နာကြင်ခြင်းဖြစ်မှု။

၂။ သြဒုမ္ဗုရ - ကိုယ်ရေ နီ, သဖန်းသီးဖုထ၊ အလွန် ယား၊ ဆံပင် အသွေး ဖြော့တော့သော အဆင်းရှိမှု။

၃။ မဏ္ဍလ - ကိုယ်ရေ ဖြူ၊ နီ၊ စေးထန်းထန်း၊ အဖု အကွက် ထမှု ။

၄။ ဣက္ခဇိဝှါ - အနာဖြစ်ရာ၌ လျှာကဲ့သို့ရှိ၏။ အတွင်း၌ ဝါညို ရှိ၏။ အနာကျယ်၏။

၅။ ပုဏ္ဍရိက - အရေသည် ကြာရွက်နုသကဲ့သို့ အနည်းငယ် နီ၍ ဖြူ၏။

၆။ သီမ - အရေကြေးနီ အဆင်းကဲ့သို့ ရှိ၏။ အသားစ ခြောက်၏။ တစ်စတစ်စ ပျံ့နှံ့၍ တက်၏။

၇။ ကာက - အရေချင်ရွေး ကဲ့သို့ရှိ၏။ အတွင်း၌ ညို၏။ ဘေးနားနီ၏။ ခြောက်သွေ့ကိုက်ခဲ နာကျင်၏။

၈။ ကေကုဋ - ချွေးမထွက်၊ ငါးတစ်ငါးတုံးကဲ့သို့ ကြီးစွာ ဖြစ် ပေါ်လာတတ်၏။

၉။ ဂဇစမ္မ - အရေသည်ဆင်ရေကဲ့သို့ ထူ၏။

၁၀။ ဒဗ္ဗဒလ - ယား၏၊ နီရောင်ရှိ၏။ အဖုတို့ဖြင့် ပြည့်၏။ အဖုပေါက်ကွဲလျက် အဝတ်ပုဆိုးတို့ဖြင့် အထိ မခံနိုင်အောင် နာကျင်၏။

၁၁။ ကိဋိဘ - ခြောက်သောအရောင်ရှိ၏။ ညိုမည်း၏။ ကြမ်း ထော်၏။

၁၂။ ဝေပါဒိက - လက်,ခြေတို့၏ အရေသည် ကွဲပျက်ပေါက်ပဲ့ ခြင်းသို့ရောက်၏။ အလွန်နာကျင်၏။

၁၃။ အလသ - အရေ၌ များစွာယား၍ အဖုကြီးတွေ ပေါ် ပေါက် လာတတ်၏။

၁၄။ ဒဒ္ဒု - အရေနီလျက်၊ ယားပြီး အဖုတို့ထတတ်၏။

၁၅။ ပါမာ - ပူလောင်၏။ ယား၏။ သေးငယ်သော အနီ အဖုကလေးများ ပေါ်ပေါက်လာတတ်၏။

၁၆။ ဝိပ္ပေါဋ္ဌက - အရေ၌ ညိုညိုနီနီ သေးငယ်သော အဖုကလေး တွေဖြစ်လာတတ်၏။

၁၇။ သတာရု - အရေ၌ နီနီညိုညို အဖုကြီးတွေ ထတတ်၏။

၁၈။ ဝိဓစ္ဆိကာ - အရိုးအဆစ်တို့ကို ဆွေးမြေ့ ပြုတ်ပြတ်စေ၏။

(အမတသာဂရ)

အရွေးရောဂါ (၈)မျိုး

၁။ ရာဂုမ္မတ္တက - တဏှာရာဂ ရမ္မက်ဖြင့် ရွေးသောရောဂါ

၂။ ကောဓုမ္မတ္တက - ဒေါသလွန်ကဲဖြစ်သော အရွေးရောဂါ

၃။ ဒိဋ္ဌုမ္မတ္တက - အယူဖောက်ပြန်ကြီစည်လွန်းသဖြင့် ဖြစ်သော အရွေးရောဂါ

၄။ မောဟုမ္မတ္တက - မိုက်မဲ တွေဝေ၍ဖြစ်သော အရွေး ရောဂါ

၅။ ယက္ခုမ္မတ္တက - ဘီလူး သရဲ စုန်း နတ်ဖမ်းပူး၍ ဖြစ်သောအရွေး ရောဂါ

၆။ ပိတ္တုမ္မတ္တက - သည်းခြေပျက်၍ဖြစ်သော အရွေးရောဂါ

၇။ သုရာမ္မတ္တက - သေရည် သောက်လွန်သဖြင့်ဖြစ်သော အရွေး ရောဂါ

၈။ ဗျသနုမ္မတ္တက - စည်းစိမ်ဥစ္စာပျက်သဖြင့် ရွေးသောရောဂါ

နှလုံးသွေးအရောင် (၆)မျိုး

လူတို့၏ စိတ်အရဖြစ်ပေါ်လာသော သွေးရောင် (၆)မျိုးရှိသည် -

၁။ ရာဂစရိုက်ထူပြောသူ၏နှလုံးသွေးသည် - ခြုပ်ရည်ကဲ့သို့ နီမောင်းသော အဆင်းရှိ၏။

၂။ ဒေါသစရိုက်ထူပြောသူ၏နှလုံးသွေးသည် - ထောက်ရှာသီးမှည့်ကဲ့သို့ မည်းနက်သော အဆင်း ရှိ၏။

၃။ မောဟစရိုက်ထူပြောသူ၏ နှလုံးသွေးသည် - သားဟင်းလျာ ဆေးရည်ကဲ့သို့ ဖြော့တော့သောအဆင်းရှိ၏

၄။ ဝိတက်စရိုက်ထူပြောသူ၏နှလုံးသွေးသည်- မဖြူ။ မည်သို့ ပဲစင်းငုံ အဆင်းကဲ့သို့ ဖြောတော့ သောအဆင်းရှိ၏။

၅။ သဒ္ဓါစရိုက်ထူပြောသူ၏နှလုံးသွေးသည် - မဟာ လှေကားပန်း အဆင်း ကဲ့သို့ ဝါဝင်း ကြည်လင်သော အဆင်း ရှိ၏။

၆။ ပညာစရိုက်ထူပြောသူ၏နှလုံးသွေးသည် - ပွတ်သစ်စ ပတ္တမြား ကဲ့သို့ သန့်ရှင်းစင်ကြယ် သောအရောင်ရှိ၏။
(အဘိဓမ္မာ)

ပိုးမျိုး (၈၀)

၁။ ဆံရင်းဦးရေကို မှီသော လောက်ပိုး ၂ မျိုး - စလပိုး၊ မိဂ်လပိုး။

၂။ ဦးနှောက်၌ပိုး ၂ မျိုး - ဥတ္တမမိုး၊ အန္တောဥတ္တမပိုး။

၃။ မျက်စိ,နား,နှာခေါင်း၌ ပိုး ၃မျိုး - နှာရုမုခ၊ ဒန္တမုခ၊ မံသကပိုး။

၄။ လျှာ၌ဖြစ်သောပိုး ၃ မျိုး - ကာမုခပိုး၊ အပွတိဘယပိုး၊ အာပေါလပိုး။

၅။ သွားရင်း၌ဖြစ်သော ပိုး ၃မျိုး - စာရန္တ၊ တရုဏ၊ ပန္နကပိုး။

၆။ ခြေသည်း၊ လက်သည်း၊ အရေလွှာ၊ အကြောတို့၌ ဖြစ်သောပိုး (၃)မျိုး - လေဟပိုး၊ ဆဝပိုး၊ ဆဝဋ္ဌပိုး။

၇။ အသားစိုင်၊ အကြောဆိုင် ၌ဖြစ်သော ပိုး (၃) မျိုး - တုလနပိုး၊ ရတ္တပိုး၊ လောဟိတပိုး။

၈။ လည်ချောင်း၌ဖြစ်သော ပိုး(၂)မျိုး - ဝေရဗ္ဘပိုး၊ မဟာဝေရဗ္ဘပိုး။

၉။ ရိုးတွင်းခြင်ဆီ၌ဖြစ်သော ပိုး (၃)မျိုး - တုလနပိုး၊ ရတ္တာ၊ လောဟိတာ။

၁၀။ အည်ို့၌ဖြစ်သောပိုး(၂)မျိုး - ဝတာပိုး၊ ဝဂ္ဂုဝတာပိုး။

၁၁။ နှလုံးသား ဟဒယဝတ္ထု၌ ဖြစ်သောပိုး (၄)မျိုး - ဒန္ဓပိုး၊ မဟာဒန္ဓပိုး၊ ရောဟိတပိုး မဟာရောဟိတပိုး။

၁၂။ အသည်း၌ဖြစ်သောပိုး(၄)မျိုး- ဝရုဏပိုး၊ တဏှာပိုး၊ သီဝလပိုး၊ မဟာသီဝလပိုး။

၁၃။ အဖျဉ်း၊ သရက်ရွက်၌ဖြစ် သော ပိုး (၆)မျိုး - အဋ္ဌိဝိဓပိုး၊ အဒဋ္ဌသဒ္ဒပိုး၊ အဋ္ဌိ သီဝလပိုး၊ အဋ္ဌိသင်္ကိုပိုး၊ မဇ္ဇပိုး၊ မဇ္ဇသီဝရပိုး။

၁၄။ အဆုပ်၌ဖြစ်သောပိုး(၆)မျိုး - သေတပိုး၊ လောဟိတပိုး၊ ကာလ ပိုး၊ ကာလသိရပိုး၊ စူကာပိုး၊ မဟာ စူကာပိုး။

၁၅။ အူအတွင်း၌ဖြစ်သောပိုး(၆)မျိုး- စူရန္ဓပိုး၊ မဟာစူရန္ဓပိုး၊ သိပ္ပပိုး၊ မဟာသိပ္ပပိုး၊ အန္တဝရိုး၊ ပက္ကာဝရိုး

၁၆။ အစာသစ်၊ အစာဟောင်း၌ - လဗျု၀၊ မဟာလဗျု၀၊ ဩဇ၀၊ ဖြစ်သော ပိုး (၄)မျိုး သိဋ္ဌိ၀ပိုး။

၁၇။ သည်းခြေ၊ သလိပ်၊ ပြည်၊ - နီလပိုး၊ ပီတပိုး၊ ဥဒ္ဓာပိုး၊ ဒါန၀ါ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည် ပိုး၊ အာသမုခပိုး၊ ၀ဟနပိုး၊ ဗဟိဒ္ဓ တို့၌ဖြစ်သောပိုး(၁၀)မျိုး ပိုး၊ ဟန၀ပိုး၊ မုဋ္ဌိခါဒပိုး၊ ဝိသာလ ပိုး၊ ဟလမုခိပိုး။

၁၈။ နှလုံးသွေး၌ဖြစ်သောပိုး(၂)မျိုး - အဘိမုခပိုး၊ ဇလာမုခပိုး။

၁၉။ ကိုယ်၏အရှေ့ပိုင်း၌ဖြစ်သော- ကရပိုး၊ ကရန္ဒပိုး၊ ကရဏီယပိုး၊ ပိုး (၅)မျိုး ကံဟကပိုး၊ ဟက္ကကပိုး။

၂၀။ ကိုယ်၏အနောက်ပိုင်း၌ဖြစ် - လောဟမုခပိုး၊ မဟာလောဟမုခ သောပိုး (၅)မျိုး ပိုး၊ အာလာလောဟမုခပိုး၊ မဟာ အာလာလောဟမုခပိုး၊ နှာရုပိုး။

၂၁။ ကိုယ်၏အောက်ပိုင်း၌မှီခို - စက္ကပိုး၊ စက္ကသီရပိုး၊ ဝေဇ္ဈကပိုး၊ စား၀ေသာ ပိုး(၅)မျိုး ဇဏ္ဍသီ၀ရပိုး၊ ပုထုကပိုး။

ကျန်းမာရေးချို့တဲ့စေနိုင်သော စိတ်ဓာတ်အားနည်းခြင်း (၂၅)မျိုး

၁။ ကောဓ - အမျက်ထွက်ခြင်း

၂။ ဥပနာဟ - ရန်ငြိုးဖွဲ့ခြင်း

၃။ မက္ခ - ကျေးဇူးမဲ့ပြုခြင်း

၄။ ပလာသ - တုပြိုင်ခြင်း

၅။ ဣဿာ - ငြူစူခြင်း

၆။ မစ္ဆရိယ - ဝန်တိုခြင်း

၇။ မာယာ - လှည့်ပတ်ခြင်း

၈။ သာထေယျ - စဉ်းလဲခြင်း

၉။ ထမ္ဘ - မိုက်မဲခိုင်ခဲ့ခြင်း

၁၀။ သာရမ္ဘ - သူ့သီလကို ဖျက်ဆီးခြင်း

၁၁။ မာန - စိတ်ကြီးဝင်ခြင်း

၁၂။ အတိမာန - အလွန်အမင်းစိတ်ကြီးဝင်ခြင်း

၁၃။ မဒ - မာန်ဖြင့်ယစ်ခြင်း

၁၄။ ပမာဒ - မေ့လျော့ခြင်း

၁၅။ ထိန - စိတ်၏လျော့ကျခြင်း

၁၆။ မိဒ္ဓ - ငိုက်မြည်းခြင်း

၁၇။ အာလသျ - ပျင်းရိခြင်း

၁၈။ ပါပမိတ္တ - ခင်ပွန်းယုတ်နှင့်ပေါင်းခြင်း

၁၉။ ရူပ - အဆင်း၌တပ်မက်လွန်းခြင်း

၂၀။ သဒ္ဒ - အသံ၌တပ်မက်လွန်းခြင်း

၂၁။ ဂန္ဓ - အနံ့၌တပ်မက်လွန်းခြင်း

၂၂။ ရသ - အရသာ၌တပ်မက်လွန်းခြင်း

၂၃။ ဖောဋ္ဌဗ္ဗ - အတွေ့၌တပ်မက်လွန်းခြင်း

၂၄။ ခုဒ္ဒါပီပါသ - ဆာလောင်မွတ်သိပ်ခြင်း

၂၅။ အရတိ - တရား၌မမွေ့လျော်ခြင်း

ရောဂါဖြစ်ကြောင်း ပယောဂ (၄)မျိုး

၁။ သွေးပယောဂ ၂။ လေပယောဂ - ဓာတ်ပိန်နှောဆရာအလို

၃။ ဝိဇ္ဇာမယပယောဂ ၄။ ကဒ္ဒိမယပယောဂ - မှော်ဝိဇ္ဇာ၊ အောက်လမ်း ဆရာအလို

ဧလေမျိုး (၈၀)

(က) ပါဒရက်လေ ၈-မျိုး

(ခ) အဇိဏ္ဏာလေ ၁၂-မျိုး

(ဂ) ဘဝင်လေ ၁၂-မျိုး

(ဃ) ဦးခေါင်းလေ ၁၂-မျိုး

(င) အင်္ဂမင်္ဂလေ ၁၁-မျိုး

(စ) သတ္ထကလေ ၇-မျိုး

(ဆ) အင်္ဂမင်္ဂဝိကာရလေ ၁၃-မျိုး

(ဇ) အဓိမာနလေ ၅-မျိုး

စုစုပေါင်းလေ ၈၀-မျိုး

(က) ပါဒရက်လေးမျိုး (၈)မျိုး (ပပါဧလေ)

၁။ ဥဏ္ဏဝါတ - ခြေမှပူ၍တက်သောလေ။

၂။ သီတဝါတ - ခြေမှအေး၍ တက်သောလေ။

၃။ ဥဘယဝါတ - ပူ-အေး (၂)ပါးရောစပ်၍တက်သောလေ။

၄။ ဥပါဝါတ - တစ်စုံတစ်ရာ ကပ်ငြိသကဲ့သို့ ထင်၍တက်သောလေ။

၅။ ကပ္ပလဝါတ - အခြား ဝတ္ထုတို့ဖြင့် ကပ်ဆွဲနေသလို ထင်သောလေ။

၆။ ဇောဂ္ဂဝါတ - မြော့တွယ်သကဲ့သို့ ထင်သောလေ။

၇။ တုတ္ထဝါတ - မျဉ်းမျဉ်းသာသာတက်သောလေ။

၈။ ဇလသုလဝါတ - ထုံအေး နာကျင်ကိုက်ခဲသောလေ။

(ခ) အဇိဏ္ဏလေ (၁၂)မျိုး (အစာမကြေလေ)

၁။ အဇိဏ္ဏဝါတ - အစာမကြေသောလေ။

၂။ အပါစကဝါတ - အစာမကျက် မနပ်သောလေ။

၃။ ဝိရေစနဝါတ - ဝမ်းသွားစေတတ်သောလေ။

၄။ အဝိသမဝါတ - ဝမ်းမဖြောင့်စေတတ်သောလေ။

၅။ ကုစ္ဆိပူရဝါတ - ဝမ်းဖောရောင်စေတတ်သောလေ။

၆။ အင်္ဂဂေလညဝါတ - ဝမ်းကိုကျိကျိရုစ်ရုစ်နာစေတတ်သောလေ။

၇။ ကမ္မလဝါတ - ထိုမှ ဤမှ လှိုင်းထသကဲ့သို့ တက်သောလေ။

၈။ သူလပိတ္တကဝါတ - ဝမ်းကိုက်စေတတ်သောလေ။

၉။ ဝိဗန္ဓကဝါတ - ဝမ်းကိုနှိုင်စေတတ်သောလေ။

၁၀။ ပိဋ္ဌအန္ဓကဝါတ - စမြင်းကို ခံစေတတ်သော လေမြင်းသရိုက်။

၁၁။ အန္ဓနိင်္ဂဒဝလဝါတ - အူဆုံးကို ထွက်စေတတ်သောလေမြင်းသရိုက်။

၁၂။ ယက္ခပိတ္တမေဒဝါတ - သွေးအဆီကို ယိုဆင်းစေတတ်သော လေမြင်းသရိုက်။

(ဂ) ဘဝင်လေ (၁၂) မျိုး

၁။ ဘဝင်္ဂဇဂ္ဂရိဝါတ - ဘဝင်မြင့်သောလေ

၂။ ကာသဝါတ - ချောင်းဆိုးသောလေ

၃။ သိမာလုရဝါတ - ရင်လေးကျပ်ဆို့၊ ဆွဲဆိုင်းသောလေ (ယင်းကို လေကျပ်သဘိ၊ လေဆုံဆို့၊ လေခေါင်ဆွဲဟု ခေါ်သည်။)

၄။ ပုန္နရဝါတ - ရင့်ပြည့်မောက်တက်သော လေ။

၅။ စလဝါတ - ရင်ခုန်နှလုံးတုန်သောလေ။

၆။ သွာတဝါတ - အသံကိုပျက်စေတတ်သောလေ။

၇။ သိနာဝါတ - ပန်းခြင်း ဟိုက်ခြင်း ရှိုက်ခြင်းကို ဖြစ်စေတတ်သောလေ။

၈။ ခေါသဝဝါတ - ကြို့ထိုးသောလေ။

၉။ သဟသဝါတ - သမ်းဝေ မှုးမိုက်ခြင်းကို ဖြစ်စေတတ်သောလေ။

၁၀။ ပက္ခာသဝါတ - နံကြားရင်ဘတ်တို့၌ လျှံခြင်း၊ ထိုးခြင်းကို ပြုတတ်သော လေ။

၁၁။ အမာသယဝါတ - အဖျဉ်းအစုတည်နေသော လေပျဉ်လေချပ်။

၁၂။ ဂေါလဝါတ - လေလုံးလေခဲတည်စေသောလေ။

(ဃ) ဦးဇခါင်းလေ (၁၂)မျိုး

၁။ သီသဉ္ဇာဝါတ - ထိပ်နဖူးခေါင်းပူသောလေ။

၂။ သီသသီလဝါတ - ခေါင်းကိုက်ခဲသောလေ။

၃။ စက္ခုန္ဓကဝါတ - မျက်စိကြက်တက်မမြင်သောလေ။

၄။ စက္ခုသူလဝါတ - မျက်စိကျိန်းအောင့်စေတတ်သောလေ။

၅။ သောတသူလဝါတ - နားကိုက်နားအူစေတတ်သောလေ။

၆။ သောတအန္ဓကဝါတ - နားပင်းဆိတ်စေတတ်သောလေ။

၇။ မုခဝါတ - ခံတွင်းသွားဖုံး နာစေတတ်သောလေ။

၈။ ဇိဝှါနိဂ္ဂလဝါတ - လျှာကိုထွက်စေတတ်သောလေ။

၉။ ဘဝင်္ဂစလဝါတ - ဘဝင်လှုပ်အားကြီး၍ ဂကားမပြီသောလေ

၁၀။ ဇိဝှါဖောဋ္ဌကဝါတ - ရောင်စေတတ်သောလေ။

၁၁။ ဇိဝှါထဒ္ဓကဝါတ - လည်ချောင်းခံတွင်းမဟနိုင်သောလေ။

၁၂။ ဇိဝှါ ပဝေသနဝါတ - လျှာကို တိုဝင်စေတတ်သောလေ။

(င) အင်္ဂမင်္ဂလေ (၁၁)မျိုး

၁။ အင်္ဂမင်္ဂဝါတ - အင်္ဂါ ကြီး ငယ်သို့ သက်ရောက် စေတတ်သောလေ။

၂။ မံသကဝါတ - အသားအရေ ဖောက်ပြန် စေတတ်သောလေ။

၃။ မံသဝိသုဝိကပါတ - အသားရေကို အပ်နှင့်ထိုးဆွ၏ကဲ့သို့ ရွှေ့စေတတ်သောလေ။

၄။ နိလပိတဝါတ - အသည်း၊ အူ၊ အသားအရေတို့ကို ညှိုရွှေ့စေတတ်သောလေ။

၅။ လသိကဝါတ - ကိုယ်လက်စသည် စေးထိုင်းစေတတ်သော လေ။

၆။ အလသကဝါတ - ကိုယ်လက် လေးလံ ထိုင်းမှိုင်းစေတတ်သော လေ။

၇။ အန္တကဝါတ - အကြော၊ အသား၊ အရေအတွင်း၌ ကပ်စေးသကဲ့သို့ ထင်သောလေ။

၈။ ပက္ခဝါတ - ကိုယ်တစ်ခြမ်းသေစေတတ်သောလေ။

၉။ အဘိတဝါတ - ရွဲ့စောင်းစေတတ်သောလေ။

၁၀။ မူဂဝါတ - ဆွံ့အစေတတ်သောလေ။

၁၁။ သုက္ခဝါတ - ဓာတ်လေးပါး အသားအရေတို့ကို ခြောက်ခန်းစေတတ်သောလေ ။

(စ) သတ္ထကလေ (၇)မျိုး

၁။ ခုရကဝါတ - ဖြတ်တတ်သော လေသင်တုန်း။

၂။ ကတ္တရဝါတ - အသည်းနှလုံးကို ဖြတ်တတ်သော လေကတ်ကျေး။

၃။ သတ္ထကဝါတ - အသည်းနှလုံးကို ဓားဖြင့် ဖြတ်သကဲ့သို့ သောလေ။

၄။ ဘိဇ္ဇနဝါတ - အရိုး အရေတို့ကို ကွဲအက် စုတ်ပြတ်စေ သောလေ။

၅။ ဘုဇ္ဇဝါတ - မြွေနဂါးဆိပ်ကဲ့သို့ ပူ၍ အခွေအခွေတက် သော လေ။

၆။ ဥပ္ပါဋကဝါတ - ပြင်းထန် လျင်မြန်စွာ အင်္ဂါ ကြီးငယ်တို့ကို ထွက်စေတတ်သောလေ။

၇။ အင်္ဂနိဂ္ဂလဝါတ - အင်္ဂါ ကြီးငယ်တို့ကို ဖြည်းဖြည်း သာသာ ထွက်စေတတ်သောလေ။

(ဆ) အင်္ဂမင်္ဂဝိကာရလေ (၁၃)မျိုး

၁။ ကုစ္ဆေဒကဝါတ - ကိုယ်အလုံး၌ရှိသော လေဖြတ်၍ သေစေ တတ်သော လေ။

၂။ စလဝါတ - ခြေလက်လေးလံ တုန်လှုပ်သောလေ။

၃။ အင်္ဂပဝေသဝါတ - အင်္ဂါကြီးငယ်တို့သို့ ဝင်သောလေ။

၄။ အင်္ဂဖောဋဝါတ - အင်္ဂါဇာတ်ရောင်စေတတ်သောလေ။

၅။ ဩနတဝါတ - ကုန်းကွကိုင်းစေတတ်သောလေ။

၆။ ကာယဖောဋဝါတ - ကိုယ်လုံးရောင်ဖောသောလေ။

၇။ ဥဒ္ဓမဝရောဟဝါတ - တွန့်ခြင်း, လိမ်ခြင်းကို ဖြစ်စေတတ်သော လေ။

၈။ မုတ္တကိတ္တဝါတ - ကျင်ငယ်မထွက်နိုင်အောင် ပိတ်ဆို့ထား သော လေ။

၉။ ကောသဥဒ္ဓရိဝါတ - ဝှေးတက်စေသောလေ။

၁၀။ အဏ္ဍဖောဋဝါတ - ဝှေးစေ့ရောင်ဖောစေတတ်သောလေ။

၁၁။ ကာယပန္ဓနဝါတ - တစ်ကိုယ်လုံးဆိုင်းတွစေတတ်သော လေ။
၁၂။ ဂျဟဝါတ - ပိန်ကြိုစေတတ်သောလေ။
၁၃။ သာခဝါတ - ခြေလက်ဦးခေါင်း ဆတ်ဆတ်မြန်မြန် တုန်လှုပ်စေတတ်သောလေ။

(၈) အဓိမာနလေ (၅)မျိုး

၁။ အဓိမာနဝါတ - ရူးသွပ်စေတတ်သောလေ။
၂။ မုခပန္ဓကဝါတ - အာခံတွင်းကို-ကျဉ်းစေတတ်သောလေ။
၃။ ခိပ္ပဝါတ - လျင်စွာတတ်စေတတ်သော သူငယ်နာလေ။
၄။ ကာယလဟုကဝါတ - ကိုယ်လက်ပေါ့ပါးစေတတ်သောလေ။
၅။ ကာယဂရုကဝါတ - ကိုယ်လက်လေးစေတတ်သောလေ။

ဗုဒ္ဓပေးသော အနာရောဂါနှင့်ဆေးကုသနည်းများ

ဘီလူးဖမ်းစားသော အနာဖြစ်က - အသားစိမ်းသွေးစိမ်း သောက်ရ၏။
ခေါင်းပူသော ဦးယန်နာဖြစ်က - ဦးခေါင်းလိမ်းသုတ်ဆီ (အုန်းဆီ၊ ပရုပ်ဆီ)
နှာရည်ယိုက - နှာနှတ်တံကို အသုံးပြုရ၏။ ရှုဆေးကို သုံးရ၏။
လေနာရောဂါဖြစ်က - ဆီကျက်၌ သေရည် အနည်းငယ် ထည့်၍ သောက်ရ၏။
အဆစ်ကိုက်ခဲသော လေရောဂါဖြစ်က - သွေးကို ဖောက်ထုတ်ရမည်။
ခြေကွဲက - ခြေနယ်ဆီကို သုံးရမည်။

သွေးစုနာပေါက်က - ဓားငယ်ဖြင့် ဖောက်ခွဲ၊ ဖန်ရည်ဆေး၊ နှမ်းမှုန့်ညက်အုံ၍ အဝတ်ဖြင့်စည်း ထားရမည်။

အနာအမာသည် ယားပါက - မုန်ညင်းမှုန့်ကို ဖြူးပေးရသည်။

အနာအမာသည် ယောင်ပါက - မိုင်းတိုက်ပေးရမည်။

အမာၨ် အသားတက်က - သင်တုန်းဓားဖြင့် ဖြတ်ရမည်။

အမာသည် အသားမတက်ပါက - အမာသုတ်လိမ်းရန် ဆီနှင့်အဝတ် စည်းသင့်က စည်းထားရမည်။

မြွေကိုက်ခံရပါက - ကျင်ကြီး ကျင်ငယ် ပြာ မြေညက် ဟူသော လေးပါးကို ပေးရမည်။

အဆိပ်သောက်မိပါက - ကျင်ကြီးစွန့်ပြီးစကို ရေဖျော်သောက် ရသည်။

ပီယဆေးကြောင့် အနာဖြစ်က - ထွန်သွားၨ်ကပ်သော မြေကိုဖျော် သောက်ရ၏။

ဝမ်းမီးပျက်ပါက - ထမင်းခြောက် ပျားရည်ကိုသောက် ရမည်။

ဖြော့သောပိန်ကြုံသောရောဂါဖြစ်က - နွားကျင်ငယ်ရေဖြင့် စိမ်သော ဖန် ခါးသီးရေကို သောက်ရ၏။

သလိပ်သည်းခြေ လေဖြစ်က - ဝမ်းလျှောဆေးကို သောက်ရမည်။

ဗုဒ္ဓခွင့်ပြုခဲ့သော ဆေး(၅)ပါး

၁။ ထောပတ်

၂။ ဆီ

၃။ ဆီဦး

၄။ ပျားရည်

၅။ တင်လဲ

ခြေနာလိမ်းဆေးဆီ (၅)မျိုး

၁။ ဝံဆီ

၂။ ငါးဆီ

၃။ လင်းပိုင်ဆီ

၄။ ဝက်ဆီ

၅။ မြည်းဆီ

ဖန်ရည်ဆေး

၁။ တမာဖန်ရည်

၂။ လက်ထုပ်ဖန်ရည်

၃။ ပြူးတား ပုံလုံးခါးဖန်ရည်

၄။ ခွေးတောက်ဖန်ရည်

၅။ သစ်ဝင်ဖန်ရည်

နားကိုက်ရောဂါ

ပုဇွန်လုံးဆီကို ချက်စားရသည်။

နာဖျားသူအတွက် ဆေးရွက် (၅)မျိုး

၁။ တမာရွက်

၂။ လက်ထုပ်ရွက်

၃။ ပြူးတား ပုံလုံးခါးရွက်

၄။ ရုံးရွက်

၅။ ဝါးရွက်

နာဗျားသူအတွက် အသီး (၇)မျိုး

၁။ အိပ်မွေ့သီး
၂။ ပိတ်ချင်းသီး
၃။ ငြုပ်သီး
၄။ ဖန်ခါးသီး
၅။ သစ်ဆိမ့်သီး
၆။ သျှစ်သျှားသီး
၇။ သမင်စာသီး

မျက်စဉ်းဆေး (၃)မျိုး

အထူးထူးသော ဆေးတို့ဖြင့် ဖော်စပ်ထားသော -
၁။ ရေယဉ်ခံ၍ပြုသော မျက်စဉ်း
၂။ ငွေ့မျက်စဉ်း
၃။ မင်သေမျက်စဉ်း

မျက်စဉ်းအမှုန့်လိမ်းဆေး

၁။ စန္ဒကူးမှုန့်
၂။ တောင်ဇလပ်မှုန့်
၃။ အကျော်မှုန့်
၄။ ကရမက်မှုန့်
၅။ နွားမြေရင်းမှုန့်

ကျန်းမာထောက်ကူရာ နို့အရသာ (၅)မျိုး

၁။ ဒိရ - နို့စိမ်း / နို့ကျက်
၂။ ဒဓိ - ဒိန်ခဲ
၃။ တက္က - ရက်တက်ရည်
၄။ နဝနီတ - ဆီဦး
၅။ သပ္ပိ - ထောပတ်

ဆေးဟက်ဝင် (တြိဖလ) (၃)မျိုး

ခြို-ချဉ်-ဖန်	ခါး-ဖန်-ခြို
၁။ သျှစ်သျှားသီး	၁။ ဆီးဖြူသီး
၂။ သစ်ဆိမ့်သီး	၂။ သစ်ဆိမ့်သီး
၃။ ဖန်ခါးသီး	၃။ ကြဇုသီး

မအိုမနာဆေးမြစ် (၃)မျိုး

၁။ မုတ္တာ - နွားမြက်ရင်း
၂။ ပိပ္ပလီမူလ - ပိပ္ပလီမြစ်
၃။ ဂန္ဓတိက - မြက်မွှေး
ယင်းတို့ကို ပျားရည်နှင့်စား၍။

ဆေးဟက်ဝင်နံ့သာ (၅)ပါး

၁။ နံ့သာဖြူ
၂။ နံ့သာနီ
၃။ ကရမက်
၄။ အကျော်
၅။ စမွါ
(ဤနံ့သာ ၅-မျိုးသည် အပူကို ငြိမ်းစေသည်။ သွေး,လေ,သလိပ်, သည်းခြေတို့ကို နှိုင်သည်)

ဆေးဟက်ဝင်နံ့သာမျိုး (၁၀)ပါး

၁။ ကာလာနုသာရီစသော အမြစ်နံ့သာ
၂။ စန္ဒကူးစသော အနှစ်နံ့သာ
၃။ ထင်ရှူးစသော အကာနံ့သာ

၄။ သစ်ကျပိုးစသော အခေါက်နံ့သာ

၅။ ဆီးစသော အလွှာနံ့သာ

၆။ ပွဲညက်စသော အရည်နံ့သာ

၇။ ကွမ်းရွက်စသော အရွက်နံ့သာ

၈။ ကံ့ကော်၊ မာလာကျိုးကျူးစသော အပွင့်နံ့သာ

၉။ ဇာတိပို့လ်စသော အသီးနံ့သာ

၁၀။ အလုံးစုံအနံ့နှင့် ပြည့်စုံသော သက်နံ်းစသော ပင်စည်နံ့သာ

ဤ နံ့သာတို့သည် လူတို့ခန္ဓာကိုယ်၌ ဖြစ်ပေါ်သော အနာရောဂါ အမျိုးမျိုး သောက်၊ ရူ၊ လိမ်းခြင်းအားဖြင့် ရောဂါများ ပျောက်နိုင်သည်။

(သာရတ္ထသင်္ဂဟ)

အာယုဝဍ္ဎနဆေး (၄)မျိုး

၁။ ထောပတ်

၂။ ပျားရည်

၃။ တင်လဲ

၄။ နှမ်းဆီ

ယင်း (၄)ပါး အမျှစီထည့် နေ့(သို့) မီးနှင့် ချက်ရသည်။

ဆေးဘက်ဝင် စန္ဒကူး (၄)မျိုး

၁။ ရတ္တစန္ဒန - စန္ဒကူးနီ

၂။ ကာလာနုသာရီ - စန္ဒကူးနက်

၃။ ဟရိစန္ဒန - စန္ဒကူးရွှေ

၄။ ဂန္ဓသာရ - စန္ဒကူးဖြူ

ဆေးဘက်ဝင်စမုန်မျိုး (၅)မျိုး

၁။ စမုန်စပါး
၂။ စမုန်ဖွဲ
၃။ စမုန်ဖြူ
၄။ စမုန်နီ
၅။ စမုန်နက်

စမုန်မျိုး (၇)မျိုး

၁။ ဇီယာ
၂။ စမွတ်
၃။ စမုန်စပါး
၄။ စမုန်ဖွဲ
၅။ စမုန်ဖြူ
၆။ စမုန်နီ
၇။ စမုန်နက်

ဆေးဘက်ဝင်ဆား (၅)မျိုး

၁။ ဇဝက်သာ
၂။ သိန္ဓော
၃။ ဆားပုတ်
၄။ သမုဒ္ဒရာဆား
၅။ ရွှက္ခမူဆား

တစ်နည်း

၁။ ဆား ၂။ သိန္ဓော ၃။ သဲဆပ်ပြာ ၄။ ယမ်း ၅။ ကျပ်ခိုး

တစ်နည်း

၁။ သမုဒ္ဒရာဆား၊ ၂။ သိန္ဓော ၃။ ဆားပုတ် ၄။ ကျပ်ခိုး ၅။ မြေပေါက်ဆား

ဆေးဒါန်းမျိုး (၄)မျိုး

၁။ သေလဟာရိတာလ - ကျောက်ဆေးဒန်း (နန္ဒင်းသားကဲ့သို့ရှိ၏။)

၂။ ကာလ သာဒရ - ဆေးဒန်းမြင်းသိလာ၊ (ချိပ်သားကဲ့သို့ရှိ၏။)

၃။ တာလ သုဝဏ္ဏ - ဆေးဒန်းရွှေဝါ၊ (ပုရပိုက်ခေါက်ရွှေကဲ့သို့ ရှိ၏။)

၄။ သုဂ္ဂဟာရိကာလ - ဆေးဒန်းဖြူ။ (မြေဖြူကဲ့သို့ရှိ၏။)

ကြာဇု (၇)မျိုး

၁။ ဇဝန္တိမည်သော ကြာဇု - ရွှေသောအဆင်းရှိ၏။ အဆီအစေး ကို ထုတ်၍သော်လည်းကောင်း။ ဆီထောပတ်၊ ပျားရည်တို့နှင့် ချက်၍ သော်လည်းကောင်း သုံးဆောင်ငြားအံ့။ ရောဂါခပ်သိမ်း ချမ်းသာစေတတ်၏။

၂။ ရောဟိဏီမည်သော ကြာဇု - ကြောင်သော အဆင်း၊ လုံးသော လျောင်းသော သဏ္ဌာန်ရှိ၏။ အား, အဆင်း အမှုတို့ဖြိုးစေတတ်၏။ အမာနာ ခပ်သိမ်း ကိုလည်း ပျောက်စေတတ်၏။

၃။ ဝိဇယမည်သော ကြာဇု - ဗူးသီးနှင့်တူသော အဆင်း၊ လုံးသော သဏ္ဌာန်ရှိ၍ ပေါက်သော အမာနာ၊ ထိခိုက်ရှနာ ဒဏ်ရာဟူသမျှတို့ကို ပျောက်ကင်းစေတတ်၏။

၄။ အဘယမည်သော ကြာဇု- ငါးမြှောင့်ရှိ၏။ မျက်စိရောဂါကို လျင်မြန်စွာ ပယ်ပျောက်စေတတ်၏။

၅။ အာမရိကာမည်သောကြာဇု-ထူးထွေမွန်မြတ်သော ရသာရုံနှင့် ပြည့်စုံ၏။ ဝမ်းကိုလျော့သက်စေခြင်း၌သိမ်မွေ့သော သတ္တိရှိ၏။

၆။ ပုတနာမည်သောကြာဇု - အသားပါး၍ အစေ့ကြီး၏။ ကိုယ့်ကိုလိမ်းခြင်းတို့၌ အလွန်တန်ခိုးရှိ၏။

၇။ ကာသု(စေတကီ) မည်သော ကြာဇု - (၃)မြှောင့်ရှိ၏။ မွေးထုန် ရနံ့နှင့် ပြည့်စုံ၏။

ကုံကုမံ (၄)မျိုး

၁။ ကုမုဒ္ဓရာ ကုံကုမံ

၂။ ပဒုမ္မာ ကုံကုမံ

၃။ ကုသုမာ ကုံကုမံ

၄။ ကုကုမာ ကုံကုမံ

အားဆေးပန်းမျိုး (၅)ပါး

၁။ ပန်းဥ

၂။ ပန်းနု

၃။ ပန်းရင်း

၄။ ပန်းမ

၅။ ပန်းလ

ယင်းတို့ကို အမှုန့်ပြု၍ အစားအစာ၌ ထည့်စားက အားတိုးစေပါသည်။

ကြိုတင်မသိနိုင်သောအရာ (၅)မျိုး

၁။ အသက်မည်မျှ ရှည်ရလိမ့်မည်ကို မသိနိုင်။

၂။ မည်သည့် အနာရောဂါကျရောက်ဖြစ်ပေါ်လာမည်ကို မသိနိုင်။

၃။ သေရမည့်အချိန်ကာလကို မသိနိုင်။

၄။ ကိုယ်ကောင်ကြီး မြုပ်နှံရမည့် သချိုင်းကို မသိနိုင်။

၅။ နောက်ဘဝ လားရောက်ရမည့်ဘဝကို မသိနိုင်။

(ဝိသုဒ္ဓိမဂ်)

တိုင်းပြည်ကာကွယ်ရေး စစ်ရေး အတတ်ပညာများ

စစ်ဟူသည်

စစ်သည် နိုင်ငံအချင်းချင်း သဘောထား ဆန့်ကျင်နေမှုများကို အနုနည်း၊ သံတမန်နည်းတို့ဖြင့် ဖြေရှင်းခြင်းငှာ မစွမ်းနိုင်သောအခါ လက်နက်စွဲကိုင် တိုက်ခိုက်၍ ဖြေရှင်းခြင်းဖြစ်သည်။

လူသားတို့သည် စစ်ကိုမလိုလားအပ်သော်လည်း ရှောင်ကွင်း၍ ရနိုင်မည် မဟုတ်သဖြင့် လာမည့်ဘေး ပြေးတွေ့ရန် စစ်ကို စီမံထားရ ဖြည့်ဆည်းထားရသည်။

စစ်ပညာသည် နိုင်ငံနှင့် လူမျိုးအတွက် အသက်နှင့်ထပ်တူ အရေးကြီးသည်။ နိုင်ငံအတွက် သေရေးရှင်ရေးပင်ဖြစ်ရကား နိုင်ငံတော်၏ လုံခြုံမှု ပျက်စီးစေမှုကို ပြုနိုင်စွမ်းသော အရာဖြစ်ပါသည်။

ကမ္ဘာဦးအစ မဟာသမ္မတမင်း ဖြစ်ပေါ်ပြီးနောက် ခတ္တိယ အဆင့်သို့ ရောက်သောအခါ လူဦးရေတိုးပွားလာခဲ့ပြီး နေရာသစ်၊ ပြည်သစ် တည်ထောင်လာခဲ့ကြသည်။ မင်းညီ မင်းသားတို့သည် မိမိတို့၏ ဆွေမျိုးဉာတိ အစုတို့ဖြင့် နယ်သစ် ပယ်သစ် ပြည်သစ် အသီးသီး တည် ထောင်လာကြသည်။

ဥက္ကာက မင်းလက်ထက် နွားသတ်၍ ယဇ်ပူဇော် လာသောအချိန် မှစ၍ လူသားတို့သည် ယဇ်ပူဇော်မှုကို အကြောင်းပြု၍ လည်းကောင်း၊ နယ်ပယ် ပြည်ရွာအုပ်စိုးလိုမှု လောဘကြောင့်လည်းကောင်း၊ တစ်ဦးအပေါ် တစ်ဦး မနာလိုမှု၊ ဝန်တိုမှုများကြောင့်လည်းကောင်း၊ ဒေါသ၊ အာဃာတ၊ မာနများဖြစ်ပေါ်လာကြကာ စစ်မက်တိုက်ခိုက်မှုများ ဖြစ်ပေါ်လာရသည်။

ရှင်တော်ဗုဒ္ဓသည် ကမ္ဘာဦးအစ ကမ္ဘာစတည် ဖြစ်ပေါ်လာပုံ၊ လူသားများ စတင်ဖြစ်ပေါ်လာပုံ၊ မြေဆီသြဇာများ စားသောက်လာပုံ၊

တစ်ဦးကိုတစ်ဦး လှမလှ ကဲ့ရဲ့လာကြပုံ၊ သလေးဆန် နေ့ဖို့ညစာ ဆွတ်ခူး ယူလာရာမှ ခိုးမှုများ ဖြစ်ပေါ်လာပုံ၊ လိမ်ညာမှုများ ဖြစ်ပေါ်လာပုံ၊ ရိုက်နှက် တိုက်ခိုက်မှုများဖြစ်ပေါ်လာပုံ၊ နောက်ဆုံးအုပ်ချုပ်သူသမ္မတ ရွေးချယ်ရ သည်အထိ ဖြစ်ပေါ်လာပုံ အကြောင်းစုံကို ဆိုင်ရာဆိုင်ရာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့၌ ဟောကြားပြသခဲ့ပါသည်။

ထိုဟောကြား ပြသခဲ့မှုတို့တွင် လူသားတို့၌ မဟာသမ္မတ နောက် ခတ္တိယ၊ ရာဇာတို့ခေတ်၌ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ တရားဆိုးများ လွှမ်းမိုးလာကြပြီး တစ်ဦးနှင့်တစ်ဦး တစ်ပြည်နှင့်တစ်ပြည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အမျိုးဇာတိဟူသော မာန်ဖြင့် တိုက်ခိုက်ခြင်း သိမ်း ပိုက်ခြင်းပြုလာကြရာမှ ကမ္ဘာတွင် စစ်ဆိုသည်မှာ စတင်ဖြစ်ပေါ်လာခဲ့ ရသည်။

ထိုသို့ စစ်ဖြစ်ပေါ်လာသောအခါ ထိုးစစ်အောင်နိုင်ရေး၊ ခံစစ် အောင်နိုင်ရေးအတွက် လူသားတို့သည် နည်းပညာ အမျိုးမျိုးတို့ကို တွေးခေါ် ကြံဆ၍လည်းကောင်း၊ ဘဝလက်တွေ့ အတွေ့အကြုံအရလည်းကောင်း၊ နည်းနာ စနစ်အမျိုးမျိုးတို့ကို တီထွင်ကြံဆ လုပ်ကိုင်လာကြသည်။

ဤသို့ဖြင့် ကမ္ဘာပေါ်ရှိ လူသားတို့၌ စစ်ပညာနှင့် စစ်လက်နက် အမျိုးမျိုးတို့သည် ပေါ်ထွက်လာခဲ့ကြသည်။ ယနေ့အထိ စစ်ဖြစ်မှုစသော လက်နက်စမ်းသပ်မှုတို့သည် ပေါ်နေဆဲ တိုက်နေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံ မြန်မာလူမျိုးတို့သည် ဗုဒ္ဓ၏တရားတော်များ ရောက်ရှိ လာခဲ့သော လွန်ခဲ့သော နှစ်ပေါင်း (၂၅၅၀)ကျော်ကတည်းက ထိုဗုဒ္ဓ၏ ဆိုင်ရာဆိုင်ရာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၌ ပါသော စစ်ပညာ၊ စစ်အတတ်၊ စစ်နည်းဗျူဟာ၊ စစ်လက်နက်၊ စစ်တပ်ဖွဲ့စည်းမှုတို့ကို အတုယူလက်ခံကာ မိမိတိုင်းပြည် ကာကွယ်ရေးအတွက်လည်းကောင်း၊ တိုင်းပြည် ဂုဏ်သိန်ဝါ

ကြီးမားရေး အတွက်လည်းကောင်း၊ သူတစ်ပါး၏ ထိုးစစ် တိုက်စစ်ကို ခံနိုင်ရည်ရှိရေး အောင်မြင်ရေးအတွက်လည်းကောင်း၊ ပိဋကတ်စာပေမှ ထုတ်နှုတ်၍ လက်ခံကျင့်သုံးလာခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။

ထိုစစ်ရေး ယဉ်ကျေးမှုတို့ကို မြန်မာနိုင်ငံသားတို့ သိသင့်သိထိုက် ကျင့်သုံးသင့် ကျင့်သုံးထိုက်သောကြောင့် ဤနေရာ၌ အကျဉ်းမျှ ဖော်ပြအပ်၊ မှတ်သားနာယူစေအပ်ပါသည်။

အဋ္ဌာရသ (၁၈)ရပ် ပညာရပ်များ

မင်း၊ မင်းညီမင်းသား၊ စစ်သူကြီး၊ စစ်မှူထမ်းနှင့် ပြည်သူပြည်သားတို့သည် အရေးကြုံလျှင် အားလုံးကောင်းစေရန် အဋ္ဌာရသဟုခေါ်သော (၁၈)ရပ်သော အတတ်ပညာတို့ကို သင်ကြားတတ်မြောက်ကြရသည်။

၁။	သုဘာတိ	-	အကြားအမြင်အတတ်။
၂။	သမ္မုတိ	-	ဓမ္မသတ်၊ ဥပဒေအတတ်။
၃။	သခ်္ခ	-	အရေအတွက်နှင့် ဂဏန်းအတတ်။
၄။	သောဂါ	-	တံစည်း၊ စူး၊ ဆောက် စသောအတတ်။
၅။	နီတိ	-	ကျင့်ရာ မကျင့်ရာ အကျိုးရှိရာ မရှိရာ၊ ဆုံးမရ နီတိကျမ်းစာအတတ်။
၆။	ဝိသေသကာ	-	ယာယီ, ယတြာစသော ဗျာကရိဏ်အတတ်။
၇။	ဂန္ဓဗ္ဗာ	-	စောင်း, ညှင်းစသော ကဗျာလင်္ကာအတတ်။
၈။	ဂဏိကာ	-	လက်ဆစ်ချိုး၍ ရေတွက်သောအတတ်။
၉။	ဓနုဗေဒါ	-	တူလေး၊ လင်းလေးအတတ်။
၁၀။	ပုရာဏာ	-	စကားဟောင်းအတတ်။
၁၁။	တိကိစ္ဆာ	-	ဆေးဆရာ၊ ဆရာဝန်အတတ်။

၁၂။ ဣတိဟာသ - ရှေးထုံးဟောင်းအတတ်။

၁၃။ ဇောတိ - ဗေဒင်အတတ်။

၁၄။ မာယာ - လှည့်ပတ်မှုအတတ်။

၁၅။ ဆန္ဒတိ - ဆန်းကျမ်းအတတ်။

၁၆။ ကေတု - သံတမန်အတတ်။

၁၇။ မန္တာ - မန္တန်အတတ်။

၁၈။ သဒ္ဒါ - သဒ္ဒါကျမ်းအတတ်။

ဤတွင် အကြားအမြင်အတတ်၊ တူလေး လင်းလေးအတတ်၊ ဆေးအတတ်၊ လှည့်ပတ်မှုအတတ်၊ သံတမန်အတတ်တို့သည် တိုင်းပြည်၏ စစ်ရေး စစ်ရာနှင့်သက်ဆိုင်လျက်ရှိသည်။ ဤအတတ်များကို နိုင်ငံသားတိုင်း တတ်ထားရသည်။

နိုင်ငံတိုးခဲ့ကျယ်နိုင်သော အကြောင်း (၈)ပါး

၁။ စစ်၏ခေါင်း - မည်သော - စစ်သူကြီးရှိနေခြင်း။

၂။ စစ်၏မျက်စိ - မည်သော - ဟူးရားအတတ်ရှိရခြင်း။

၃။ စစ်၏နား - မည်သော - လိမ္မာသော သူလျှိရှိရခြင်း။

၄။ စစ်၏အား - မည်သော - စစ်သည်ဗိုလ်ပါများများ ရှိရခြင်း။

၅။ စစ်၏ခံတွင်း - မည်သော - လိမ္မာသော တမန်ရှိရခြင်း။

၆။ စစ်၏အစွယ် - မည်သော - အမတ်သူရဲကောင်းရှိရခြင်း။

၇။ စစ်၏အခြေ - မည်သော - ခြေသည်သူရဲကောင်းများရှိရခြင်း။

၈။ စစ်၏လက် - မည်သော - လက်နက် ကိရိယာရှိရခြင်း။

စစ်ဖြစ်ရသော အကြောင်း (၁၃)ပါး

၁။ နိုင်ငံအပိုင်းအခြား အငြင်းပွားမှုဖြင့် စစ်ဖြစ်ရသည်။

၂။ ဥစ္စာပစ္စည်းလို၍ စစ်ဖြစ်ရသည်။

၃။ ဆင်ကောင်း၊ မြင်းကောင်း(စစ်လက်နက်)လိုသောကြောင့် စစ်ဖြစ်ရသည်။

၄။ သမီးကညာလိုသောကြောင့် စစ်ဖြစ်ရသည်။

၅။ ကုန်းတိုက်ဥပါယ်ပြုသောကြောင့် စစ်ဖြစ်ရသည်။

၆။ သစ္စာဖောက်သောကြောင့် စစ်ဖြစ်ရသည်။

၇။ စေပါးသော ရာဇသံ၊ အနိမ့်အမြင့်ကိုမသိသောကြောင့် စစ်ဖြစ်ရသည်။

၈။ အဆွေအမျိုးကို ဖျက်သောကြောင့် စစ်ဖြစ်ရသည်။

၉။ မင်းတို့က မိမိမြို့ကို မစောင့်ရှောက်သောကြောင့်စစ်ဖြစ်ရသည်။

၁၀။ သူရဲသူခက်မရှိသောကြောင့် စစ်ဖြစ်ရသည်။

၁၁။ ကုန်သည်တို့ကြောင့် စစ်ဖြစ်ရသည်။

၁၂။ ရန်ငြိုးဖွဲ့သောကြောင့် စစ်ဖြစ်ရသည်။

၁၃။ အမျက်ကြီးသောကြောင့် စစ်ဖြစ်ရသည်။

တစ်နည်း စစ်တိုက်မှုအကြောင်းများ

၁။ မိမိတို့တိုင်းပြည်အတွင်း တိုက်ပွဲအဖြစ်မခံလိုသဖြင့် နိုင်ငံငယ်များတွင် ခြေကုပ်ရယူကာ ထိုနိုင်ငံငယ်သားများအား လက်နက်ပေး၍ တိုက်ခိုက်ပေးခြင်း။

၂။ ဩဇာခံနိုင်ငံများတွင်သာ ကန့်သတ်စစ်ဆင်ခြင်း။

၃။ နိုင်ငံငယ်များကို (၂)ပိုင်းခွဲ၍ အိမ်ကြက်ချင်း အိုးမဲသုတ် အချင်းချင်း တိုက်စေခြင်း။

၄။ ကြေးစားစစ်သည်များနှင့်သာ တိုက်စေခြင်း။

၅။ မိမိနိုင်ငံ၏ ဘဏ္ဍာငွေကို နည်းနိုင်သမျှ နည်းစွာ သုံးပြီး၊ လက်အောက်ခံ သို့မဟုတ် ဩဇာခံနိုင်ငံတို့မှ အမြတ်အစွန်းဖြင့် စစ်ဆင်ခြင်း။

၆။ ကြားနေနိုင်ငံအား စီးပွားရေး သတ်ကွက်ဖြင့် ခြိမ်းခြောက်၍ မိမိဘက်ပါစေကာ ငွေကြေးချေးငှားရန် မိမိရန်သူအား တိုက်စေခြင်း။

စစ် (၂) မျိုး

၁။ မတရားသောစစ် - အင်အားကြီးနိုင်ငံကြီးများက အင်အားသေးနိုင်ငံများကို ကျွန်ပြုလိုခြင်း။ ထိုနိုင်ငံမှ ရသမျှသော ဥစ္စာပစ္စည်းတို့ကို ရလို၍ စစ်ဆင် တိုက်ခိုက်သိမ်းယူခြင်း။

၂။ တရားသောစစ် - မိမိကို ကျွန်ပြုလာသော နိုင်ထက်စီးနင်းပြုလာသူ၊ မိမိ၏ သယံဇာတကို မတရားထိန်းသိမ်းသူ၊ လူလူချင်း ညှဉ်းဆဲနှိပ်စက်မှုတို့မှ လွတ်မြောက်ရန် ခုခံတော်လှန် တိုက်ခိုက်မှုသည် တရားသောစစ်ဖြစ်ပါသည်။

စစ်အောင်ရာ အကြောင်းကြီးများ

၁။ တိုင်းပြည်သာယာခြင်း - မိမိနိုင်ငံ သာယာဝပြောမှု စစ်နိုင်မည်။ မိမိပြည်တွင်းရေး မငြိမ်လျှင် စစ်ရေးခက်မည်။

၂။ မင်းနှင့်အမတ်တို့ သစ္စာဖြောင့်မှန် ညီညွတ်စွာရှိခြင်း။

၃။ သူရဲတို့၏ စွန့်စားခြင်း - နိုင်ငံအတွက် စွန့်လွှတ် စွန့်စားလို သော အရည်အချင်းရှိ သူရဲကောင်း စစ်သည်များ ရှိရမည်။

၄။ သူရဲတို့က မင်းကိုငဲ့ကွက်၍ ချစ်ကြည်ညိုခြင်း - မင်း၏အမိန့်ကို နှစ်သက်မြတ်နိုးစွာ လက်ခံဆောင်ရွက်မှုရှိရမည်။

၅။ လက်နက်ဆင်မြင်း ပေါများရမည်။

၆။ အစားအစာ မျိုးရိက္ခာ ပေါများရမည်။

၇။ မင်းကြီးနှင့် တိုင်းပြည်နံ ပေါ်ထွန်းစေရမည်။

၈။ သူလျှိုကောင်းရမည်။

၉။ တစ်ပါးစသည်တို့ အစည်းအရုံးပျက်အောင် ပြုတတ်ရမည်။

၁၀။ စစ်ထွက်သွားခိုက် အိမ်၌ရှိသော မယားသည် ဖောက်ပြားမှုမရှိ တရားကုစောင့်ရမည်။

(သုဓနုဇာတက)

တစ်ဦးချင်း စစ်ရန်အောင်ရာသောအကြောင်းများ

၁။ ဒက္ခ - လိမ္မာခွင့်သိခြင်း။

၂။ သူရ - ရဲရင့်တည်ကြည်ခြင်း။

၃။ ပညာ - စူးစမ်းမြော်မြင်ခြင်း။

တစ်နည်း စစ်ရန်အောင်ရာသော အကြောင်းလေးပါး

၁။ သစ္စာ - ဖြောင့်မတ်ခြင်း။

၂။ ဓမ္မ - တရားကိုကျွမ်းကျင်သိခြင်း။

၃။ ဝီရိယ - အားထုတ်စွမ်းဆောင်နိုင်ခြင်း။

၄။ စာဂ - ကိုယ်ခန္ဓာနှင့် ဥစ္စာကို စွန့်လွှတ်ဝံ့ခြင်း။

"သစ္စံ ဓမ္မော ဓိတိ စာဂေါ၊ ရိဋ္ဌံ သော အတိဝတ္တတိ။"

ယဿ - အကြင်သူအား၊ သစ္စံ - မှန်ကန်စွာ သုံးစွဲပြောဆိုခြင်းသည် လည်းကောင်း၊ ဓမ္မော-အမြော်အမြင် ဆင်ခြင်ဉာဏ်သည်လည်းကောင်း၊ ဓိတိ-ထက္ကြံလုံ့လသည် လည်းကောင်း၊ စာဂေါ - စွန့်လွှတ်ဝံ့မှုသည်လည်းကောင်း၊ အတ္ထိ-ရှိ၏၊ သော-ထိုတရားလေးပါနှင့် ပြည့်စုံသောသူသည်၊ ရိဋ္ဌံ-ရန်သူအပေါင်းကို၊ အတိဝတ္တတိ-လွှမ်းမိုးနိုင်၏။ (ဧကကနိပါတ၊ ဝါနရိန္ဒဇာတ်)

ယခုခေတ်စစ်အာဏာရှာ အကြောင်း (၁၄)ပါး

၁။ ရည်ရွယ်ချက်တိကျ ခိုင်မြဲခြင်း။

၂။ စိတ်ဓာတ်ခိုင်မြဲကောင်းမွန်ခြင်း။

၃။ စစ်အင်အားကို တစ်စုတည်းသုံးခြင်း။

၄။ အင်အားဖြန်းတီးမှုမရှိခြင်း။

၅။ တိုက်စစ်စွမ်းရည်ကောင်းခြင်း။

၆။ ရွှေ့ပြောင်းရယူလွယ်ခြင်း။

၇။ လုံခြုံမှုရှိရခြင်း။

၈။ အငိုက်ဖမ်းနိုင်ခြင်း။

၉။ သတင်းစုံစွာ ရယူနိုင်ခြင်း။

၁၀။ ပြောင်းလွယ် ပြင်လွယ်ခြင်း။

၁၁။ ပူးပေါင်းဆောင်ရွက်မှုရှိခြင်း။

၁၂။ အုပ်ချုပ်မှုကောင်းခြင်း။

၁၃။ နောက်ပိုင်းလုံခြုံခြင်း။

၁၄။ ပြည်သူတစ်ရပ်လုံး စိတ်ရောကိုယ်ပါ အားပေးကူညီမှုရရှိခြင်း။

စစ်အောင်ရာသောအကြောင်း (၁၂)ပါး

၁။ စစ်စီရာ၌ လိမ္မာကျွမ်းကျင်ခြင်းကြောင့် စစ်အောင်ရာသည်။

၂။ မင်းနှင့်အမတ်တို့ ညီညွတ်ကြသဖြင့် စစ်အောင်မြင်ရသည်။

၃။ ပေးကမ်းခြင်း၌ အမျက်မရှိသဖြင့် စစ်အောင်မြင်ရသည်။

၄။ စစ်သူကြီးခန့်ထားစီရင်တိုင်း သရဲသခက်တို့၌ တည်သဖြင့် စစ်အောင်ရာသည်။

၅။ စစ်သူရဲကောင်းများစွာရှိသဖြင့် စစ်အောင်ရာသည်။

၆။ ယတြာ မန္တန်ပြုကောင်းသဖြင့် စစ်အောင်မြင်ရာသည်။

၇။ ဇာတာစန်းလက် ကောင်းသဖြင့် စစ်အောင်မြင်ရာသည်။

၈။ မျိုးရိုက္ခာ ရေ ဆန် ထင်း မြက်များသဖြင့် စစ်အောင်မြင်ရာသည်။

၉။ မင်းစသော ပြည်သူတို့ အနာကင်းသဖြင့် စစ်အောင်မြင်ရသည်။

၁၀။ သူလျှိုကိုစေ၍ သူ့ပြည် ရန်သူ ဘေးအန္တရယ်ကင်းသဖြင့် စစ် အောင်မြင်ရသည်။

၁၁။ ပြည်စောင့်နတ်တို့ကို မပြတ်ပူဇော်သဖြင့် စစ်အောင်ရာသည်။

၁၂။ ဆင်ကောင်း မြင်းကောင်းများသဖြင့် စစ်အောင်ရာသည်။

စစ်ရှုံးရသော အကြောင်း (၁၀)ပါး

၁။ မင်း အမတ် စသည်တို့သည် ယစ်ဝနေသောကြောင့်။

၂။ ပြည်သူတို့ အနာအဖျား များသောကြောင့်။

၃။ စစ်သည် သူရဲ နှလုံးပျော့ညံ့သောကြောင့်။

၄။ မင်းသတ္တိ မရဲသောကြောင့်။

၅။ တစ်ဘက် ယတြာ မန္တန် အင်းအိုင် စီရင်ကောင်းသောကြောင့်။

၆။ မကောင်းသော နက္ခတ်တို့နှင့် ယှဉ်မိသောကြောင့်။

၇။ ဆင် မြင်း မကောင်းသောကြောင့်။

၈။ မင်းနှင့်အမတ်တို့က မညီညွတ်သောကြောင့်။

၉။ သူရဲကောင်းတို့ မရှိသောကြောင့်။

၁၀။ ငတ်မွတ်ခေါင်းပါးသောကြောင့်။

စစ်၏အစိတ်အပိုင်း (၇)ပါး

စစ်ပညာတွင် အစီအရင် (၇)ပါးရှိသလို၊ အစိတ်အပိုင်းလည်း (၇)ပါး ရှိပါသည်။

၁။ စစ်ခေါင်း - ပညာရှိ စစ်သူကြီး အုပ်ချုပ်သူ တပ်မှူး စစ်သူကြီး ရှိရခြင်း။

၂။ စစ်နား - စစ်သူလျှိုကောင်း (စစ်ထောက်လှမ်းရေး) ရှိရခြင်း။

၃။ စစ်မျက်စိ - စစ်မြေပြင် စစ်သဘောကို ကျွမ်းကျင်ပိုင်နိုင်သူ (ရှေးက ဟူးရားပေဒင်ထားခြင်းသည် သူတို့က စစ်သားများ အားတက်အောင် မန္တန်ယတြာ စီရင်ပေးခြင်းဖြစ်သည်။ အဓိကမဟုတ်ပါ။)

၄။ စစ်ခါး - လူတွင် ခါးခိုင်ရန် အရေးကြီးသကဲ့သို့ ရဲစွမ်းသတ္တိမှုခြင် တစ်ပါးရန်သူကို တွန်းလှန်ဖြိုဖျက်နိုင်သော၊ အရည်အချင်းရှိသော သူရဲကောင်း တပ်မှူးများ၊ စစ်သည်များ ရှိရခြင်း။

၅။ စစ်ခံတွင်း - ရန်သူအားလည်းကောင်း၊ နယ်ခံသားတို့အားလည်းကောင်း၊ မိမိဘက်သို့ စိတ်ပါလာအောင် ဆွဲဆောင်နိုင်သော စကားအရာ အင်္ဂါ(၈)တန် နှင့်ပြည့်စုံစွာ ပြောဆိုနိုင်သူ။

၆။ စစ်လက် - များစွာသော သေနတ်၊ လက်နက် စွဲကိုင်ထား သော ခြေလျင်စစ်သည်များ ရှိရခြင်း။

၇။ စစ်ခြေ - များစွာသော မြင်းစီးသူရဲ၊ ဆင်စီးသူရဲ (ယခု ခေတ် ကားတပ်တွင် သံချပ်ကာ ယန္တရားတပ် စသည်များ ရှိရခြင်း။

စစ်၏ကြီးမွားကြောင်း (၇)မျိုး

၁။ စစ်အိပ် - မိမိ၏တပ်နေထားကို သူ့တပ်သားတို့က မသိ စေရ၊ တပ်မရှိဟု ထင်စေခြင်း။

၂။ စစ်နှိုး - စစ်သည်တော်တို့အား ပင်ပန်းမှုကို ပပျောက် အောင် ဖြေရှင်းပေးရခြင်း။ (သက်သာချောင် ချိရေး သဘောဖြစ်သည်။)

၃။ စစ်ပျို - မျိုးရိုက္ခာ စသည်ထောက်ပံ့ရေး မပြတ်စေခြင်း။

၄။ စစ်ရဲ - စစ်သည်တို့ စိတ်လက်မသာသောအခါ အာဏာ ဖြင့် ခြိမ်းခြောက်၍ ဆင်းရဲစေခြင်း။ (စည်းကမ်း ထိန်းသိမ်းမှုသဘောဖြစ်ပါသည်။)

၅။ စစ်ဆိတ် - စစ်ရေးကိစ္စစီမံချက်ကို လျှို့ဝှက်ထားခြင်း။

၆။ စစ်ရှင် - ထိုက်သင့်သော ရာထူး ဘွဲ့ဂုဏ် ရိက္ခာစသည် ပေးကမ်းခြင်း။

စစ်ဆင် စစ်မတိုက်အပ်သော အချိန်အခါ

၁။ မင်း၏ ဇာတာနှင့်စန်းယှဉ်နက္ခတ်ဆက်ပြတ် ဂြိုဟ်စား အသွား အလာ မညီသော အချိန်ကာလ။

၂။ စပါး၊ ဆန်၊ ရေ တို့ကို ငတ်မွတ်ခေါင်းပါးသောအခါဖြစ်ခြင်း။

၃။ ကြယ်လတာရာတို့ အသွားအလာ မမှန်သောအခါ ဖြစ်ခြင်း။

၄။ မင်းမှုထမ်းစသည် သူရဲတို့ တိုက်အားမရှိသောအခါဖြစ်ခြင်း။

၅။ အဓိကရဖြစ်သော သစ်ပင်မှစ၍ ဆင်၊ မြင်း၊ ရထား၊ ဘုရား၊ ဂူ၊ ကျောင်းတို့ ပျက်စီးခြင်း။

စစ်ရှုံးရသော အကြောင်း (၇)ပါး

၁။ အစားအစာမျိုးရိက္ခာ မလုံလောက်ခြင်း။

၂။ စစ်မှုထမ်းကို စိတ်ကွက်ခြင်း။

၃။ စစ်မှုထမ်းတို့ မငြိမ်မသက်ခြင်း။

၄။ လက်နက် ခဲယမ်း၊ ဓား၊ လှံ၊ ဆင်၊ မြင်း ရှားပါးခြင်း။

၅။ ကြယ်,လတို့ အသွားအလာ မမှန်ခြင်း။

၆။ ပညာမရှိခြင်း။

၇။ စစ်မှုထမ်းတို့ရဲ့ ရဲစွမ်းသတ္တိရှိလျက် နှိပ်စက်လှည့်စား၍ သူ့မယားကို မှားယွင်းလွန်ကျူးခြင်း။

စစ်သူကြီး အင်္ဂါ(၉)ပါး

၁။ တစ်ဘက်ရန်သူကို နှိမ်နင်းနိုင်သော ပညာရှိရခြင်း။

၂။ အောင်ရာမြေကို သိတတ်ရခြင်း။

၃။ အရေးမသာ စစ်ရှုံးသောအခါ စစ်သည်ရဲမက် မစွန့်ရခြင်း။

၄။ ချမ်းသာဆင်းရဲ မျှတရခြင်း။

၅။ စွမ်းပကား ခွန်အားကြီးရခြင်း။

၆။ စင်ကြယ်သန့်ပြန့်သော အကျင့်ရှိရခြင်း။

၇။ သေနင်္ဂဗျူဟာ ကျမ်းကို တတ်ရခြင်း။

၈။ စစ်သည်ရဲမက်တို့ မပင်ပန်းအောင် စီရင်တတ်ခြင်း။

၉။ လုံလ ရဲရင့်ခြင်းဂုဏ်နှင့် ပြည့်စုံရခြင်း။

တစ်ဘက်ရန်သူ စုံစမ်းသိနိုင်သော အကြောင်း (၇)ပါး

၁။ မိမိဘက်က သူလျှို့လွှတ်သဖြင့် သိရသည်။

၂။ သူ့ဘက်က လွှတ်သည်ကို ကိုယ့်ဘက်က စောင့်ကြပ်ကြည့်သဖြင့် သိရသည်။

၃။ မိမိဘက်က ကုန်ရောင်းသွားသဖြင့် သိရသည်။

၄။ သူ့ဘက်က ကုန်ရောင်းလာသူကို ပေးကမ်းဖြားယောင်း၍ သိရသည်။

၅။ မိမိက တမန်စေသဖြင့် သိရသည်။

၆။ သူ့ဘက်အရပ်မှလာသော သူတို့အား ဥပါယ်တံမျဉ်ဖြင့် စုံစမ်း၍ သိရသည်။

၇။ သူ့ဘက်က တမန်ကို ပေးကမ်းစုံစမ်းသဖြင့် သိရသည်။

တပ်မှူးကောင်း (ခစ်သူကြီး)အင်္ဂါ (၆)မျိုး

၁။ အောင်ရာမြေကို သိရခြင်း။

၂။ ရန်သူအခြေအနေကို ခန့်မှန်းနိုင်ရခြင်း။

၃။ မိမိစစ်သည်များကို သာသမီးကဲ့သို့ ကြင်နာရခြင်း။

၄။ အမိန့်ကို နာခံအောင် လုပ်တတ်ခြင်း။

၅။ တွေဝေမှုမရှိရခြင်း။

၆။ ရန်သူနှင့်မိမိအကြောင်းကို သိရခြင်း။

စစ်အရာ ပညာ (၅)ပါး

၁။ အတ္ထညုတာ - အကျိုးကိုသိခြင်း။

၂။ ဓမ္မညုတာ - အကြောင်းကိုသိခြင်း။

၃။ မတ္တညုတာ - အတိုင်းအရှည်ကိုသိခြင်း။

၄။ ကာလညုတာ - အခါသမယကို သိခြင်း။

၅။ ပရိသညုတာ - ပရိသတ်ကိုသိခြင်း။

တစ်နည်း ပညာ (၅)ပါး

၁။ ယောဂသိက္ခာ - စစ်မှုဒ္ဓ လိမ္မာခြင်းပညာတစ်ပါး။
၂။ ဝိနိစ္ဆယသိက္ခာ - တရားနှင့် ညီစွာ ဆုံးမခြင်းဒ္ဓ လိမ္မာခြင်း တစ်ပါး။
၃။ ကေတုသိက္ခာ - နိမိတ်တစ်ထောင်စသည်တို့ဒ္ဓ လိမ္မာသော ပညာတစ်ပါး။
၄။ ပေါရာဏသိက္ခာ - ရှေးဒ္ဓဖြစ်ဖူးသော စကားဟောင်း မင်းစဉ် မင်းဆက်အကြောင်းအရာဒ္ဓ လိမ္မာသော ပညာတစ်ပါး။
၅။ ဟတ္ထိအဿသိက္ခာ- ဆင်စီးမြင်းစီးအရာတို့ဒ္ဓ လိမ္မာသော ပညာ တစ်ပါး။

ခေါင်းဆောင်လုပ်သူ၏ ပညာ(၅)ပါး

၁။ ပညဝါ - ဆင်ခြင်မြော်မြင်သော ပညာရှိခြင်း။
၂။ ဗုဒ္ဓိသမ္ပန္နော - မချို့တဲ့သော ပညာနှင့်ပြည့်စုံခြင်း။
၃။ ဝိဓာနဝိဓိကောဝိဒါ - အခမ်းအနား အလုပ် အစီရင်ဒ္ဓ လိမ္မာသော ပညာရှိခြင်း။
၄။ ကာလညုတာ - အခါဟုတ်သည် မဟုတ်သည်များမှာ လိမ္မာသိသော ပညာရှိခြင်း။
၅။ သမယညုတာ - အခွင့်သင့်သည်၊ မသင့်သည်ဒ္ဓ လိမ္မာသိတတ်သော ပညာရှိခြင်း။

စစ်သူရဲကောင်းအမျိုးမျိုး

၁။ ဟတ္ထာရောဟာ - ဆင်စီးသူရဲကောင်း
၂။ အဿာရောဟာ - မြင်းစီးသူရဲကောင်း
၃။ ရထိကာ - ရထားစီး သူရဲကောင်း

၄။ ဓနုဂ္ဂဟာ - လေးအတတ် ကျွမ်းသောသူရဲကောင်း

၅။ စေလက - စစ်ပွဲ၌အောင်လံကိုကိုင်၍ ရှေ့မှသွား သော သူရဲကောင်း။

၆။ စလက - ဤနေရာ၌ မင်းကြီးရပ်တည်၊ ဤနေရာ၌ အမတ်စစ်သူကြီး ရပ်တည် စသည်ဖြင့် စစ်ဆင်မှုကို စီရင်တတ်သော သူရဲကောင်း။

၇။ ပိဏ္ဍာဒါယကာ - ရန်သူ၏ စစ်တပ်ထဲသို့ဝင်ရန် ရန်သူတို့၏ ဦးခေါင်းကို အသားစိုင်ကဲ့သို့ ဖြတ်၍ ခုန်၍ ခုန်၍ ထွက်လာနိုင်သော သူရဲကောင်း။ တစ်နည်း - စစ်မြေပြင်အလယ်၌စစ်သည် တို့ကို ထမင်းခွက်ကိုင်၍ ကျွေးမွေးတတ် သော စစ်သူရဲကောင်း။

၈။ ဥဂ္ဂါရာဇပုတ္တာ - အလွန် ထင်ရှားသော စစ်မြေပြင်၌ လှည့်လည် တတ်ကုန်သော မင်းသား သူရဲကောင်း။

၉။ ပက္ခန္ဒိနော - အဘယ်ရန်သူ၏ ဦးခေါင်းကို ဖြတ်ယူရဲ မည်နည်းဟုမေး၍ စစ်မြေပြင် ရန်သူ အလယ်၌ မိမိလိုလားသူ၏ ဦးခေါင်းကို ဖြတ်ယူနိုင်စွမ်းသော သူရဲကောင်း။

၁၀။ မဟာနာဂ - ဆင်ပြောင်ကြီးကဲ့သို့ ရဲရင့်သော သူရဲ ကောင်း (ဆင်တို့မည်သည် ရန်သူတို့မည်မျှ ရှေ့ရှုပြေးလာသော်လည်း နောက်မဆုတ်

သက့ဲသို့ ဆင်ပြောင်ကြီးကဲ့သို့ ရဲရင့်သော စစ်သူရဲကောင်း)

၁၁။ သူရ - စစ်ဝတ်တန်ဆာ၊ သားရေချပ်တန်ဆာ၊ ဆင်ထားလျက် သမူဒ္ဒရာကို ကူးစေခြင်းငှာ စွမ်းနိုင်သော တစ်ဦးချင်း စွမ်းနိုင်သော စစ်သူရဲကောင်း။

၁၂။ စမ္မယောဓ - သားရေအင်္ကျီရည်ကို ဝတ်၍လည်းကောင်း၊ သားရေပြားဒိုင်းကို ကာ၍လည်းကောင်း တိုက်ခိုက်သော စစ်သူရဲကောင်း။

၁၃။ ဒါသိကပုတ္တ - အရှင်သခင်အပေါ်၌ သစ္စာရှိ ချစ်ခြင်းရှိပြီး၊ အရှင်သခင်အတွက် စွန့်လွှတ်စွန့်စားသော သူရဲကောင်း။

စစ်သည်အမျိုးအစား

၁။ မောလ - ရွှေးဘိုးဘေးအစဉ်အဆက်မှစ၍ အစုရင်း စျေးရင်းဖြစ်သော အမှုထမ်းများ။

- ယင်းတို့မှာ အထူး ယုံကြည် စိတ်ချရပြီး ဆွေမျိုးလည်း မကင်း၊ အစု အမှုထမ်းလည်း အစဉ်အဆက်ဖြစ်သဖြင့် အတွင်းကိုယ်ရံ အပြင်ကိုယ်ရံ အစုများတွင် ထားလေ့ရှိသည်။ (ဘေးဘိုးစဉ်ဆက် စစ်မှုထမ်းဖြစ်သည်။)

၂။ ဘူတ - ယုံကြည်စိတ်ချရသော အမှုထမ်းကောင်း။

- စုကြိုး ၆ ကြောင်း ခိုင်းထားဝယ်၊ မာရဘင်စသော လစာရိက္ခာပေး၍ အမှုထမ်းစေသော ယုံကြည် ခိုင်မာသော စစ်သည် အစုမျိုး။

၃။ သေကို
- ပြည်သူ့စစ်။
- မိမိ နိုင်ငံ၊ မြို့ရွာ အရေးအကြောင်းရှိက အသင့် စည်းရုံးထားပြီး စစ်သည်။

၄။ သခါ
- ကူညီလာသော စစ်သည်။ အရေး အကြောင်း ဖြစ်လာသောအခါ မဟာမိတ် နိုင်ငံများမှ မေတ္တာဖြင့်လည်းကောင်း၊ အခကြေးငွေဖြင့် လည်းကောင်း ကူညီ ငှားရမ်းသောစစ်သည်။

၅။ ရိပု
- လက်အောက်ခံ နိုင်ငံမှ စစ်သည်။
- မိမိက အခြားနိုင်ငံကို သိမ်းပိုက်ရရှိသော အခါ မိမိနိုင်ငံသားထဲမှ စည်းရုံးကာ စစ်မှုထမ်းစေသူများ။

၆။ ဝိဋ္ဌက
- နယ်မြေခံ အမှုထမ်းစစ်သည်။
- စစ်ကြောင်းချီရာ၌ လမ်းခရီးကျွမ်းကျင်သော သူများကို လမ်းပြသဖွယ် စုစည်း တာဝန်ယူစေသောစစ်သည်များ၊ (တစ်နည်း) ပြည်သူ့စစ်များ။

မောလံ ဘူတံ သေကို သခါ၊ ရိပု ဝါ ဝိဋ္ဌကံ ဗလံ၊
ပုဗ္ဗံ ပုဗ္ဗံ ဂါရဝေါတု၊ ဗလာနံ ဗျသနံ တထာ။

စစ်သည်တော်၏ကျင့်ဝတ် (၁၉)ပါး

စစ်သည်ဘဝကား တိုင်းပြည်နှင့် အမျိုးဘာသာ သာသနာအကျိုး သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရ၍ မွန်မြတ်လှသူဖြစ်သည်။ တာဝန်လည်း ကြီးလှပေသည်။ တာဝန်ကျပွန် စည်းကမ်းကောင်းရန် လိုအပ်သည်။ စစ်သည်တော်သည် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရ။ တိုင်းပြည် အတွက်သာဖြစ်ရသည်။ ထိုမွန်မြတ်သော စစ်သည်တော်များ အတွက် ကျင့်ဝတ်များရှိသည်။ ထိုမွန်မြတ်သော စစ်သည်တော်များအတွက် ကျင့်ဝတ် များမှာ -

(၁) နိုင်ငံတော်၏ သစ္စာကို စောင့်သိခြင်း။
(၂) စစ်စည်းကမ်းများကို ကြပ်တည်းစွာ လိုက်နာစေခြင်း။
(၃) ပြည်သူ့ပစ္စည်းကို နိုင်ထက်မယူရခြင်း။
(၄) လုံလ ဇွဲကောင်းရခြင်း။
(၅) စစ်မှုကိစ္စများ၌ နှုတ်လုံရခြင်း။
(၆) မိမိ၏လက်နက်ကို ခင်မင်မြတ်နိုးရခြင်း။
(၇) မိမိကိုယ်ကို အားကိုးရခြင်း။
(၈) အသောက်အစား အပျော်အပါး ရှောင်ရခြင်း။
(၉) ဘေးအန္တရာယ်ကို ရဲရဲရင့်ရင့် ရင်ဆိုင်ရခြင်း။
(၁၀) အကြီးအကဲများ အမိန့်ကို တိကျစွာ လိုက်နာရခြင်း။
(၁၁) အထက်ပေးအပ်သော တာဝန်ကိုဝမ်းမြောက်စွာ ထမ်းဆောင်ရခြင်း။
(၁၂) ကျရောက်သော တာဝန်ဝတ္တရားများကို တိကျစွာ ထမ်းဆောင် ရခြင်း။
(၁၃) ရဲဘော်ရဲဘက်စိတ်ရှိခြင်း။
(၁၄) ကိုယ်ချင်းစာနာတတ်ရခြင်း။
(၁၅) အကြီးအကဲများကို မိမိဆရာသမားအဖြစ် ထားရခြင်း။

(၁၆) တာဝန်ကို မလစ်ဟင်းစေရခြင်း။

(၁၇) မိမိတပ်၏ ဂုဏ်သိက္ခာကို မြှင့်တင်ရခြင်း။

(၁၈) တိုက်ခိုက်ရာတွင် ရန်သူအပေါ် မီးလို နေလိုကျင့်ရခြင်း။

(၁၉) သူတစ်ပါး သားမယားအပေါ်၌ သစ္စာရှိရခြင်း။

စစ်ရာထူး အခေါ်အဝေါ်များ

၁။ အိုးစား - တပ်ဖွဲ့ငယ်မှူးဖြစ်သည်။ (အိုးစားတစ်ဖွဲ့တွင် (၅)ယောက်ပါသည်။)

၂။ အကြပ် - တပ်စိတ်မှူး

၃။ သွေးသောက် - တပ်စုမှူးဖြစ်သည်။ (စစ်ချီသောအခါ မြင်းစီးလိုက်ရသည်။ ထီးနီ၊ ထီးအထွတ်နီ၊ ထီးနားရွက် နီဆောင်းရသည်။)

၄။ တပ်မှူး - တပ်ခွဲမှူးဖြစ်သည်။ စစ်ချီသောအခါ မြင်းစီးလိုက်ရသည်။ ထီးနီ ထီးအထွတ်နှင့် ထီးနားရွက် ရွှေချ၍ ဆောင်းရသည်။

၅။ ဗိုလ် - တပ်မှူးဖြစ်သည်။ စစ်ချီသောအခါ မြင်းစီးလိုက်ရသည်။ ထီးရွက် ရွှေပိန်းချ ဆောင်းရသည်။

၆။ တပ်ပေါင်းဗိုလ် - တစ်ထောင်ထက်ပိုသော ဗိုလ်တို့အပေါ် အုပ်ချုပ်သည်။ (တပ်မဟာမှူး၊ စစ်ဗျူဟာမျိုးဖြစ်သည်။)

၇။ ဗိုလ်ချုပ် - တပ်ပေါင်းဗိုလ်တို့ကို အုပ်ချုပ်ရသည်။ (တပ်မမှူး၊ တိုင်းမှူးဖြစ်သည်။)

၈။ ဗိုလ်မှူးစစ်ဘုရင် - ဗိုလ်ချုပ်တို့အပေါ်တွင် အုပ်ချုပ်ရသည်။ (စစ်သူကြီးဟုခေါ်သည်။)

၉။ တပ်ရေး - ဗိုလ်တပ်တွင် ပါဝင်သည်။ တပ်နှင့်ပတ်သက်၍ သင့်တော်အောင် ဆောင်ရွက်ရသည်။ (တပ်ထောက်ဖြစ်သည်။)

၁၀။ နာခံ - တပ်စည်းကမ်းကို ထိန်းသိမ်းရသောအရာရှိဖြစ်သည်။

၁၁။ စစ်ကဲ - စစ်ဦးစီး ဗိုလ်မှူးကြီးဖြစ်သည်။ (စစ်မှုဆိုင်ရာဦးစီးအရာရှိ)

၁၂။ ထောင်မှူး - လေ့အမှုထမ်းတစ်ထောင်ကို အုပ်ချုပ်ရသူအရာရှိ။

စစ်အလံအမျိုးအစားများ

၁။ သတ္တရုဇယ - အဝါရောင်ခံတွင်း လဝန်း အစိမ်းနှင့်ယုန်ရုပ်။

၂။ သတ္တရုစိန် - အစိမ်းရောင်ခံတွင် နဂါးရုပ်။

၃။ ရွှေပြည်မှန်ကင်း - ထက်အောက် ပန်းရောင်၊ အလယ်က အပြာ။

၄။ ရွှေပြည်နတ် - ထက်အောင်ပန်းရောင်၊ အလယ်က အနီ။

၅။ ရွှေပြည်တမွတ်စ - ထက်အောက်အနီ၊ အလယ်က အစိမ်း။

၆။ ရွှေပြည်တံဆိပ် - ထက်အောက်အစိမ်း၊ အလယ်က ရွှေဝါရောင်။

၇။ သတ္တရုဇမ္မူ - ထက်အောက် အနီ၊ အလယ် အဖြူခံတွင် ခြင်္သေ့ရုပ်။

၈။ သတ္တရုမြဇမ္မူ - ရွှေဝါရောင်အောက်ခံတွင် နေဝန်းအနီ အလယ် ဥဒေါင်းရုပ်။

၉။ မဟာသတ္တရု - အဖြူခံတွင် ဘီလူးရုပ်။

စစ်သံ (၁၀)မျိုး

ရန်သူနှင့် ရင်ဆိုင်တွေ့သော် စစ်သံ (၁၀)ပါးကို တစ်ပြိုင်တည်း ပြုလျက် စစ်၏ပုခုံးဖြစ်သော တပ်(၂)တပ်သည် သင့်လျော်သော စစ်ထိုး ခြင်းဖြင့် ဝဲ-ယာတောင်ပံမှ တဟုန်တည်းချီတက် တိုက်ခိုက်ရပါသည်။

စစ်သံ (၁၀)ပါးမှာ -

(၁) ဆင်သံ
(၂) မြင်းသံ
(၃) ရထားသံ
(၄) ဗိုလ်ခြေသံ
(၅) သေနတ် အမြောက်သံ
(၆) တိုက်မောင်းသံ
(၇) တိုက်စည်သံ
(၈) တံပိုးသံ
(၉) မုဒိန်သံ
(၁၀) စည်ကြိုးသံ

စစ်မချီရာ (၆)မျိုး

တိုက်စစ်ဆင်ရာ၌ စစ်မချီရာ အခြေအနေ (၆)ပါးရှိပါသည်။

၁။ နွေကာလနှင့် မိုးကာလဖြစ်ခြင်း။
၂။ ရှုံ့ညွှန် တံစီးတို့များသောလမ်းဖြစ်ခြင်း။
၃။ စားသောက်ဖွယ် ရှားပါးသော လမ်းဖြစ်ခြင်း။
၄။ မြစ်ရေတို့ နည်းပါးသော အရပ်ဖြစ်ခြင်း။
၅။ အနေကျဉ်းမြောင်း လမ်းမကောင်းသော အရပ်ဖြစ်ခြင်း။
၆။ ရှေးကစစ်ဦးပျက်ဖူးခြင်း။

စစ်တပ်ဖွဲ့ အမျိုးအစားများ

၁။ ဆင်

၂။ မြင်း

၃။ ရထား

၄။ ခြေသည်ယောကျ်ား

၁။ အနည်းဆုံးဆင်တပ်ဖွဲ့ - ဆင်(၃)စီးနှင့် ဆင်ခြေဖုံး ယောကျ်ား (၁၂)ယောက်။

၂။ အနည်းဆုံးမြင်းတပ်ဖွဲ့ - မြင်း (၃)စီးနှင့် စီးသူလုံကိုင်ယောကျ်ား (၃)ယောက်။

၃။ အနည်းဆုံးရထားတပ်ဖွဲ့ - ရထား (၃)စီးပါပြီး၊ တစ်စီးလျှင် စီးသူ မောင်းသူ၊ နားပန်းစောင့်သူ (၂)ဦး လေးယောက်ရှိသည်။

၄။ ခြေသည်တပ်ဖွဲ့ - ယောကျ်ားလေးယောက် လက်နက်စွဲ လျက်ပါရှိသည်။

အငယ်ဆုံးခြေသည်တပ်ဖွဲ့ပုံ

ခြေသည်သူရဲ	၅
ဆင်စီးသူရဲ	၁၂
မြင်းစီးသူရဲ	၉
ရထားစီးသူရဲ	၄
ဆင်	၁
မြင်း	၃
ရထား	၁

စုံစုံပေါင်းရထား	၁
မြင်း	၃
ဆင်	၁
စစ်သူရဲ	၃၀

ဆင်စီးသူရဲနေရာယူပုံ

ဦးစီး(ဆင်လည်စီးသူ)	၁
ကုန်းလည်စီး (ဆင်ကျောပေါ်စီးသူ)	၁
ပဲ့စီး (ဆင်နောက်ပိုင်းစီးသူ)	၁
အစွယ်တစ်ဘက်တစ်ချက် ၁-ဦးစီ	၂
ဆင်နားရွက်တစ်ဘက်တစ်ချက် ၁-ဦးစီ	၂
ဆင်ခြေလေးချောင်းအနီး ၁စီး စီ	၄
အမြီးအနီး	၁
	၁၂ ဦး

မြင်းစီးသူရဲနေရာယူပုံ

စစ်သည်တစ်ဦးက မြင်းစီး၍ နှစ်ယောက်က ဘေးတစ်ဘက် တစ်ချက်စီက လိုက်ရသည်။

အကျောဘက်တပ်ဖွဲ့စည်းပုံ (မဃဒေဝလက်ခံ)

၁။ ပတ္တိ - ရထားတစ်ဆောင်၊ ဆင်ပြောင်တစ်စီး၊ မြင်းသုံးစီးနှင့် ရဲကြီးငါးယောက်၊ နည်းစဉ်လျှောက်ဖြင့် ထိုလောက် စစ်သည် ပတ္တိမည်၏။

၂။ သေနမုခ - ထိုသည် ပတ္တိ၊ သုံးပြန်ရှိက၊ ခေါ်ဘိသည်ာ သေနာမုခ။

၃။ ဂုမ္ဘ - ထိုမုခအား သုံးခုပွားသော မည်ငြားဂုမ္ဘ။

၄။ ဂကာ - ဂုမ္ဘမြောက်သုံး၊ ခေါ်ထုံး ဂကာ။

၅။ ဝါဟိနီ - ဂကာသုံးလီ ဝါဟိနီသည်။

၆။ ပုတန - ဝါဟိနီစစ် သုံးပြန်ဖြစ်က တွင်လစ် ပုတနာ။

၇။ စမူ - ပုတနာဟူ သုံးဆယူသော် စမူမည်ငြား။

၈။ အနီကိန်း - စမူအားလျှင် မြောက်ပွားတြီ၊ အနီကိန်း။

၉။ ခေါဘဏီ - ယင်ဆယ်လီဖြင့် ခေါဘဏီစစ်၊ ကိုးဆင့်ဖြစ်၏။

ပုတနာ-ပုတနမည်သော တပ်လည်းကောင်း၊ စမူ-စမုမည်သော တပ်လည်းကောင်း၊ အနီကိန်း-အနီကိနီမည်သော တပ်လည်းကောင်း၊ ဒသနီကိနီ-အနီက (၁၀)တပ်သည် အက္ခောဘဏီတိ အက္ခောဘိနီတပ်ဟူ၍ ဝုစ္စရေ - ဆိုအပ်၏။

အကျွောဘဏီတပ်ဖွဲ့ပုံ


အကျွောဘဏီ
တပ်တော်စု
၂၁၈၇၀၀
အနိကိနိ
တပ်မကြီး
၂၁၈၇၀၀
စမု
စမု
စမု
တပ်မ
ပုတန
တပ်မဟာ
ဝါဟိနိ
တပ်ရင်း
ဂကာ
ဂကာ
ဂကာ
စစ်ကြောင်း
၂၇၀
ဂုမ္ဘ
တပ်ခွဲ
၉၀
သေနာမုခ
သေနာမုခ
သေနာမုခ
တပ်စု
၃၀
ပတ္တိ
တပ်စိတ်
၁၀
ရထား-၁
ဆင်-၁
မြင်း-၃
ခြေလျင်-၅
တပ်ဖွဲ့

သေနင်္ဂဗျူဟာစစ်ပညာများ

မြန်မာတို့သည် အစဉ်အလာအားဖြင့် ယဉ်ကျေးမှုရေးရာများတွင် သာမက သေနင်္ဂဗျူဟာစစ်ပညာပါ ဗုဒ္ဓဟောကြားထားခဲ့သော စစ်နှင့် ပတ်သက်သောနည်းလမ်းများကိုယူခဲ့ပါသည်။

ဇာတ်နိပါတ်တော်များတွင် စစ်နှင့်ပတ်သက်သော ဇာတ်တော်တော်တော်များများ ပါဝင်သည်ကိုတွေ့ရပါမည်။

သေနင်္ဂဗျူဟာတွင်-

၁။ စစ်မဟာဗျူဟာ= နိုင်ငံတော်ကာကွယ်ရေးအတွက် လက်ခံကျင့်သုံးသောသဘော (မူဝါဒဖြစ်သည်)

၂။ စစ်နည်းဗျူဟာ = အဆိုပါစစ်ဗျူဟာကိုပင် အကောင်အထည်ပေါ်အောင်ပြုလုပ်သောဗျူဟာဖြစ်သည်(စစ်မြေပြင်တွင် လက်တွေ့ကျင့်သုံး တိုက်ခိုက်ရသော နည်းပရိယာယ်ဖြစ်ပါသည်)

စစ်မဟာဗျူဟာ(၄)မျိုး

၁။ ပဒုမံ = ပဒုမာပွင့်ကဲ့သို့စစ်ဆင်ခြင်း

၂။ သကဋ္ဌံ = လှည်းဦးကဲ့သို့စစ်ဆင်ခြင်း

၃။ စက္ကံ = စက်ဝန်းကဲ့သို့စစ်ဆင်ခြင်း

၄။ ရထံ = ရထားကဲ့သို့စစ်ဆင်ခြင်း

* ပဒုမံ၊ သကဋ္ဌံ စက္ကံ၊ ရထံ ဗျူတံ စတုဗ္ဗိဓံ။
ပါဋိယံ သေနာဝိညုနာ၊ တထာဂတေန ဘာသိတံ။

ပဒုမံ - ပဒုမာပွင့်ကဲ့သို့ စစ်ဆင်ခြင်း၊ သကဋ္ဌံ - လှည်းဦးကဲ့သို့ စစ်ဆင်ခြင်း၊ စက္ကံ - စက်ဝန်းကဲ့သို့စစ်ဆင်ခြင်း၊ ရထံ- ရထားကဲ့သို့စစ်ဆင်

ခြင်း၊ ကွတိ - ဤသို့၊ စတုဗ္ဗိဓံ- လေးပါးအပြားရှိသောစစ်ဆင်ခြင်းကို၊ သေနာဝိညုနာ - စစ်ဆင်ခြင်းဌာ အကြွင်းမဲ့သိတော်မူသော၊ တထာဂတော်မြတ်စွာဘုရားသည်၊ ပါဋိယံ- ပါဋိတော်၌၊ ဘာသိတံ-ဟောတော်မူအပ်၏။

နည်းဗျူဟာများ

စစ်နည်းဗျူဟာသည် စစ်၏အစီရင်ဖြစ်ပါသည်။ စစ်၏အစီအရင် (ယုဒ္ဓဝိဓယ) (၇)မျိုးရှိပါသည်-

၁။	သေနင်	=	စစ်အင်္ဂါ(၇)ပါး
၂။	သေနာဂတိ	=	စစ်ချီခြင်း(၄)ပါး
၃။	သေနုပဂ	=	စစ်ကပ်ခြင်း(၂)ပါး
၄။	သေနာယုဒ္ဓ	=	စစ်ထိုးခြင်း(၆)ပါး
၅။	သေနာပဋိဂ္ဂဟ	=	စစ်ခံခြင်း(၆)ပါး
၆။	သေနာဘေဒါ	=	စစ်ဖျက်ခြင်း (၆)ပါး
၇။	သေနာနိဝတ္တန	=	စစ်ပြန်ခြင်း(၃)ပါး

စစ်ဗျူဟာကြီး(၄)ရပ်နှင့် စစ်အစီအရင်(၇)ပါးနှိုင်းယှဉ်ပုံ

၁။	ခံစစ်	=	စစ်ခံခြင်း
၂။	ခွါစစ်	=	စစ်ပြန်ခြင်း
၃။	တိုက်စစ်	=	စစ်ထိုးခြင်း၊ စစ်ဖျက်ခြင်း
၄။	ချီစစ်	=	စစ်ချီခြင်း၊ စစ်ကပ်ခြင်း

သေနင်္ဂါစ သေနာဂတိ၊ တထာသေနုပဂါသေနာ
ယုဒ္ဓါပဋိဂ္ဂဟာသေနာ၊ ဘေဒါ နိဝတ္တနာစေတိ
သတ္တဓာ ယုတ္တဝိဓယော

သေနင်္ဂါစ - စစ်အင်္ဂါ(၇)ပါးလည်ကောင်း၊ သေနာဂတိစ- စစ်ချီခြင်း (၄)ပါးသည်လည်းကောင်း၊ တထာ- ထိုမှတပါး၊ သေနုပဂါစ- စစ်ကပ်

ခြင်း (၂)ပါးလည်းကောင်း၊ သေနာယုဒ္ဓါစ - စစ်ထိုးခြင်း (၆)ပါးလည်းကောင်း၊ သေနာပဋိဂ္ဂဟာစ- စစ်ခံခြင်း(၆)ပါးလည်ကောင်း၊ သေနာဘေဒါစ- စစ်ဖျက်ခြင်း (၆)ပါးလည်းကောင်း၊ သေနာနိဝတ္တနာစ- စစ်ပြန်ခြင်း(၃)ပါးလည်းကောင်း၊ ဣတိ- ဤသို့၊ သတ္တဓာ- ခုနှစ်ပါးအပြားအားဖြင့်၊ ယုဒ္ဓဝိဓယော- စစ်၏အစီအရင်တို့ကို၊ ဉာတဗ္ဗာ- သိအပ်ကုန်၏။

စစ်ဗျူဟာကြီး(၆)ရပ်

၁။ စစ်ချီခြင်း - ချီစစ်
၂။ စစ်ကပ်ခြင်း
၃။ စစ်ထိုးခြင်း - တိုက်စစ်
၄။ စစ်ဖျက်ခြင်း
၅။ စစ်ခံခြင်း - ခံစစ်
၆။ စစ်ပြန်ခြင်း - ခွါစစ်

စစ်ဗျူဟာ(၁၀)ပါး

၁။ မေဃဂတိကဗျူဟာ = တိမ်တိုက်ကဲ့သို့ ဆင်မြင်းရထား စစ်ပိုလ်ပါအပေါင်းတို့ကို ပတ်လည်ထက်ဝန်း ဝန်းရံခင်း ကျင်းလျက် မင်းကအလယ်က နေသောစစ်။

၂။ သပ္ပဂတိကဗျူဟာ = မြွေသွားသကဲ့သို့ စစ်အင်အားအများနှင့် မင်းရှေတည်၍ အစဉ်ရှည်စွာ နောက်သို့ စစ်အင်အားထားလျက် ထိုးသောစစ်။

၃။ မဏ္ဍူကဗျူဟာ = ဖားခုန်သကဲ့သို့ စစ်သည် အညံ့များကို နောက်ထား၍ သူရဲကောင်း ရွေထားလျက် အထောက်ထောက် အတန်တန်ထိုးစစ်။

၄။ သီဟဂတိကဗျူဟာ = ခြင်္သေ့သွားသကဲ့သို့ ဆင်ကောင်း၊ မြင်းကောင်း သူ့ရဲကောင်းဝန်းရံလျက် မင်းရှေတည်ထိုးစစ်။

၅။ ဗျူဟဂတိကဗျူဟာ = သူ့ရဲကောင်းတို့ကို တစ်ခုတည်း တညီတညာ ကွယ်ရာထားလျက် အခွင့်လျော်မှ တစ်ဘက်သတ်ကို ချွတ်၍ တစ်လုံးတည်း ထိုးစစ်။

၆။ မဓုကဗျူဟာ = ပျားလပို့ကဲ့သို့ မင်းနှင့်စစ်သည်ညှဉ်တို့အလယ် မှာနေ၍ သူ့ရဲကောင်းတို့ကို အထပ်ထပ် ဝန်းရံစေလျက်ထိုးစစ်။

၇။ ဇလဝါကုရဗျူဟာ = ပိုက်ကွန်တို့ကို တည့်တည့်တန်းလျက် ရှိသကဲ့သို့ ရှေတပ် နောက်တပ်မရှိ တညီ တညာ စစ်မျက်နှာဖြန့်ထိုးစစ်။

၈။ ဇန္ဆုဂတိကဗျူဟာ = ခြင်္ကပ်းသည့်အိမ်ကို လုံခြုံစွာလုပ်၍တက်သကဲ့ သို့ စစ်သည်တို့ကို လုံခြုံအောင် ကတုတ် ရင်းတာလုပ်၍ထိုးသောစစ်။

၉။ ဒီဇဂတိကဗျူဟာ = ဟင်္သာပျံသကဲ့သို့ သူသို့သာ တစ်ချိန်တည်း မသွားမူ၍ ကွဲပြားသောစစ်သည်တို့ကို စုရုံး ပြီးမှထိုးသောစစ်။

၁၀။သေလသိရဗျူဟာ = ကျောက်တောင်ထွက်သကဲ့သို့ တပ်တောင့် ကာ ခိုင်ခန့်အောင် လုပ်ဆောင်စီရင်၍ သူ့ စစ်သည်တို့ ရောက်မှ အခွင့်လျော်စွာ ထိုး သော စစ်။

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ

မေယျဂတိ၊ သပ္ပေါဂတိ၊ မဇ္ဈာကာဂတိ၊ သီဟဂတိ၊ ဗျဉ္ဇဂတိ မဓုကာ၊ ဇလဝါကုရံ ဇန္ဓကာ ဒီဇာဂတိ သေလော သိဂ်္ဂီ။

စစ်အာဂီ(၇)ပါး

၁။ ကောဋိမူလဗျူဟာ = စစ်ဖျား စစ်လျင်(စစ်ဦးခေါင်း)

၂။ ဥရုဗျူဟာ = စစ်၏ရင်ဝ

၃။ ကဏ္ဌဗျူဟာ = စစ်၏ပုခုံး

၄။ ပဿဗျူဟာ = စစ်၏နံပါး

၅။ မဇ္ဈိဗျူဟာ = စစ်၏ဝမ်း

၆။ ပိဋ္ဌဗျူဟာ = စစ်၏ကျောက်ကုန်း

၇။ ပဋိဂ္ဂဟဗျူဟာ = စစ်ခံတပ်

---

*ဥရော ကဏ္ဌော ပဿောစေဝ၊ မဇ္ဈံ ပိဋ္ဌိ ပဋိဂ္ဂဟော၊ ကောဋိမူလ ဗျူဟောစေတိ၊ သတ္တင်္ဂဗျူဟာ ဥစ္စရေ။

ဥရောဗျူဟော- စစ်၏ရင်ဝလည်းကောင်း၊ ကဏ္ဌောဗျူဟောစ- စစ်၏ ပုခုံးနှစ်ဖက်လည်းကောင်း၊ ပဿောဗျူဟောစ - စစ်၏နံပါးနှစ်ဖက်လည်းကောင်း၊ မဇ္ဈိဗျူဟောစ- စစ်၏ဝမ်းတပ်မလည်းကောင်း၊ ပိဋ္ဌိဗျူဟောစ- စစ်၏ကျောကုန်းသည်လည်းကောင်း၊ ပဋိဂ္ဂဟောဗျူဟောစ- စစ်၏ခံတပ်သည် လည်းကောင်း၊ ကောဋိမူလဗျူဟောစ- စစ်ဖျားစစ်လျင်လည်းကောင်း၊ ကွတိ-ဤသို့၊ သတ္တင်္ဂ ဗျူဟာ-ခုနှစ်ပါးကုန်သောစစ်၏အင်္ဂါတို့ကို၊ ဥစ္စရေ- မိန့်ဆိုအပ်၏။

၁။ စစ်လျှင် (စစ်ဦးခေါင်း)

ဗိုလ်မှူး၊ ဗိုလ်ချုပ်စစ်ကဲ၊ နာခံ သံဆင့်နှင့်တကွ တပ်တစ်တပ်ဖွဲ့စည်း၍ ရှေဖျားကခြိတက်ပြီးလျှင် ရန်သူတို့ကို ကင်းထောက်ကြည့်ရသည်။ (ယခုခေတ် ရှေကာတပ်၏သဘော)

တာဝန်မှာ-

(က) မိမိ တိုက်နိုင်သော ရန်သူ အင်အားဖြစ်က ခုခံမှုကို ဖျက်ဆီး တိုက်ခိုက်ခြင်း

(ခ) အရေးကြီးသော မြေနေရာကို သိမ်းပိုက်၍ ခြေကုပ်ယူရခြင်း

(ဂ) ရန်သူအင်အားကြီးတပ်များကိုထိန်းချုပ်ထားရခြင်း

၂။ စစ်ရင်ဝ

ရှေ့စစ်များ (ကာတပ်)ထက် ဗိုလ်ပါအင်အား ပိုမိုများသော တပ်မကိုဖွဲ့စည်း၍ စစ်ဖျားစစ်လျှင် နောက်မှ မလှမ်းမကမ်းမှ ထက်ကြပ်လိုက်ပါရသည်။ (ယခုခေတ် ရှေရန်တပ်နှင့်သဘောတူသည်)။

တာဝန်မှာ-

(က) ရှေကာတပ်နှင့် မတွေ့ရသေးသော ရန်သူ၏ ခုခံမှုအတွင်းသို့ မိမိ တပ်များ အရမ်းပဲ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်။

(ခ) အင်အားနည်းသော ရန်သူ၏ ခုခံမှုကို ရှင်းလင်းတိုက်ဖျက်ရန်နှင့် အကယ်၍ အင်အားကြီးသော ရန်သူတွေ့ပါက ပင်မတပ် ပြင်ဆင်ချိန်ရအောင် အကာအကွယ်ပေးရန်။

၃။ စစ်ပုခုံး

စစ်ဖျားစစ်လျှင်မှာရှိသောဗိုလ်ပါအင်အားထက် (၂)ဆများပြားပြီး လျှင် ထိုဗိုလ်ပါအားကိုပင်တပ်(၂)တပ်ဖွဲ့စည်း၍ တစ်တပ်မှာ စစ်ရင်ဝင်လက်ဝဲ၊ တစ်တပ်မှာ စစ်ရင်ဝင်လက်ျာပြု၍ မလှမ်းမကမ်းမှ ထပ်ကြပ်မကွာလိုက်ရသည်။ (ယခုခေတ် ဘေးရန်တပ်သဘောဖြစ်သည်)

တာဝန်မှာ-

(က) ချီတက်နေသော စစ်ကြောင်းပင်မကို ရန်သူမှ အကဲမကြည့် မထောက်လှန်းနိုင်ရန်ကာကွယ်ခြင်း။

(ခ) မိမိတပ်များအား ရန်သူက အငိုက် မဖမ်းနိုင်ရန် ကာကွယ်ခြင်း။

(ဂ) ပင်မတပ် ပြင်ဆင်ချိန်ရရန် ဆောင်ရွက်ရခြင်း။

၄။ စစ်၏ဝမ်း

စစ်၏ရင်ဝထက်ပိုမိုများပြားသော စစ်အင်အားကိုဖွဲ့စည်းထားပြီး စစ်၏ရင်ဝနောက်တည့်တည့်နေရသည်။ ဘုရင်များစစ်ထွက်က ဤစစ်ဝမ်းမှာပင်နေရသည်။ အိမ်ရှေမင်းမပါက စစ်သူကြီးနေရသည်။ (ယခုခေတ် ပင်မတပ်သဘောဖြစ်ပါသည်)

တာဝန်မှာ-

ရန်သူ၏ပင်မအင်အားစုကို တိုက်ခိုက်ပြီး နောက်ဆုံးရည်မှန်းချက် နေရာကို သိမ်းပိုက်ယူရမည့်တာဝန်ဖြစ်သည်။

၅။ စစ်၏နံပါး

ဗိုလ်မှူး ဗိုလ်ချုပ် စစ်ကဲ နာခံစုံသော တပ်မ(၂)တပ်ဖွဲ့စည်းပြီးလျှင် စစ်တပ်တစ်တပ်၌ စစ်ရင်ဝဖြစ်သောတပ်နှင့် ဗိုလ်ပါအင်အားချင်းတူမျှလျက် စစ်ဝမ်းဖြစ်သော တပ်မကြီး၏ဝဲ ယာ မလှမ်းမကမ်းမှလိုက်ရသည်။ (ယခုခေတ်ဘေးရန်တပ်သဘောဖြစ်သည်)

သို့ရာတွင် ရှေးခေတ်နည်းတွင် စစ်ရင်ဝ(ရှေ့ရံတပ်)တွင်လည်း စစ်ပုဆုံး ဘေးရန်တပ်ကိုထားရှိလျက် စစ်၏ဝမ်း(ပင်မတပ်)တွင်လည်း စစ်နံပါး (ဘေးရန်တပ်)ထားရှိခြင်းဖြင့် ပိုမိုစေ့စပ်သေချာစွာ သေချာစွာလုံခြုံစေမှု ကိုပြုကြပါသည်။

၆။ စစ်၏ကျောက်ကုန်း

ဗိုလ်ပါအင်အားကိုစစ်ရင်ဝ၊ စစ်နံပါးတို့ထက် အနည်းငယ်ပိုမိုများ ပြားစေ၍ တပ်တစ်တပ်ဖွဲ့စည်းပြီးလျှင် စစ်၏ဝမ်းဖြစ်သော တပ်မကြီး၏ နောက်တည့်တည့် မလှမ်းမကမ်းမှလိုက်ရသည်။

(ယခုခေတ်အရန်ထားရှိသောတပ်မျိုးဖြစ်သည်။ စစ်၏သဘောများ အမြဲတမ်း အရံရှိနေရပါမည်။)

၇။ စစ်ခ

ဗိုလ်ပါအင်အား များပြားနိုင်သမျှ များပြားလျက် စစ်၏ ကျောကုန်း၏ နောက်တည့်တည့် မလှမ်းမကမ်းမှလိုက်ရသည်။

(ယခုခေတ် နောက်အရန်တပ်သဘောဖြစ်ပါသည်)

တာဝန်မှာ

(က) ပင်မတပ်၏ နောက်ကျောမှ ရန်သူ တိုက်ခိုက်မှု ကာကွယ်ရန်။

(ခ) ပင်မတပ်ဖွဲ့နောက်ပိုင်းကို ရန်သူမနှောင့်ယှက်နိုင်စေရန်။

ဤစစ်အင်္ဂါ(၇)ပါးသည် အကြီးဆုံးတပ်မတော်ကိုအခြေခံ၍ပြဆိုပါသည်။ သေးငယ်သောတပ်ဖွဲ့များတွင်လည်း မိမိအင်အားနှင့်လျော်ညီစွာ ဤစစ်အင်္ဂါ(၇)ပါးကို လိုက်နာကျင့်သုံးကြရပါသည်။ ခြိုတက်လျှင်လည်း ဤအတိုင်းခြိုတက်၍ တပ်ချလျှင်လည်း ဤအတိုင်းချရပါသည်။

စစ်မဟာဗျူဟာကြီး(၂၉)ရပ်

၁။ မဏ္ဍာကဗျူဟာ = ဖားစစ်

ခြင်္သေ့သည် ဖားသူငယ်ကို မလောက်လေးမလောက်စားဟု အားကြိုးမာန်တက်စစ်ထိုးသော် ရွံရှေတွင်မြုပ်လျှင်ဖားတို့သည် ခြင်္သေ့၏တူရူမနီးမဝေးမှဝိုင်းရံ၍ ကြိုးကြိုးကြံကြံမြည်သောအသံကိုပြုကြသည်။ ခြင်္သေ့နားခံပြင်း၍ အပြင်းလိုက်သော်ခရီးလွန်သဖြင့် ညွန်ရေနက်အတွင်းရောက်ကာလ ဖားတို့က ခြင်္သေ့ဝဲယာရံကာ မြူးတူးကြပြန်ရာ ခြင်္သေ့အမျက်ဟုန်းဟုန်းထွက်၍ အပြင်းလိုက်သောအခါ ပင်ပန်းလှသောကြောင့် တစ်ခဏချင်း သေကျေပျက်စီးခြင်းသို့ရောက်ရသည်။

ဖားစစ်၏သဘောကား မိမိသည် အင်အားသေးသည်ဖြစ်၍ မိမိမနေသင့်သောအရပ်တွင် အဆုံးအဖြတ်ပေးမည့်စစ်ပွဲကိုရှောင်ရှားလျက် မိမိအတွက် အရပ်အနေသင့်သော စစ်အောင်ရာဒေသသို့ရန်သူအားကျူးသွင်း၍ သွေးဆောင်ပြီး အပြီးပိုင်ခြေမှုန်းသောစစ်မဟာဗျူဟာဖြစ်သည်။

၂။ သပ္ပဗျူဟာ = မဟာမိတ်ပြုစစ်

ခြင်္သေ့သည် အမျက်အလျောက် ဖားတို့လက်ဝယ်ပျက်စီးခြင်းရောက်ရသည်ဟု ဆင်ခြင်ပြီးလျှင် မျက်စောင်းရိပ်ကာမျှဖြင့် မွဲပြာဖြစ်စေနိုင်သော တန်ခိုးရှိသောနဂါးမျိုး၊ တောတွင်းရှိမြွေတို့ကို မိတ်ဆွဖွဲ့ပြီးလျှင် ဖားတို့ကိုတိုက်ကာ ဖားတို့ကိုသေကျေပျက်စီးစေခြင်းဖြစ်သည်။

စစ်တို့၏သဘောသည် မိမိတစ်ဦးတည်းတိုက်ခိုက်သည်ထက် မဟာမိတ်နိုင်ငံများ ဖွဲ့စည်း၍ တိုက်ခိုက်ခြင်းသည် ပိုမိုအောင်မြင်နိုင်သည်။

၃။ ဥပါယဗျူဟာ = ဥပါယ်စစ်

မဟုတ်သော်လည်း ဟုတ်သယောင်ယောင် ယုံဘွယ်ရှိအောင် သွယ်ဝိုက်၍ ရှေသိမ်း နောက်ဝိုက် နာထိုက်နာဟန် ခြေဆံသာယာစွာ

ပြေပြေပြစ်ပြစ် မချစ်သော်လည်း အောင့်ကာနမ်း သကဲ့သို့ ပရိယာယ် ဥပါယ်တံမျဉ်ဖြင့်ယှဉ်၍ စစ်ကိုနိုင်အောင်ပြုခြင်း

စစ်အောင်နိုင်ရေးဥပါယ်လေးပါးဖြင့်လည်းကျင့်သုံးရသည်-

(က) ဘေဒဥပါယ် = သူ၏ညီညွတ်မှုကို ကွဲပျက်အောင် ဖျက်ဆီးနိုင်ခြင်း။

(ခ) ဒဏ္ဍဥပါယ် = လက်နက်အင်အား လူအင်အားနှင့် ဖိ၍ ဒဏ်ထားခြင်း။

(ဂ) သာဖျဥပါယ် = အရေးဆို၍ ငြိမ်ဝပ်အောင်ပြု၍ အောင်မြင်အောင် ပြုခြင်း။

(ဃ) ဒါနဥပါယ် = လက်ဆောင်ပေး၍ အောင်မြင်ခြင်း။

စစ်အောင်နိုင်ရေးအတွက် စဉ်းလဲခြင်း(မာယာ)သုံးမျိုးကိုလည်း သုံးရပါသည်။ (စစ်တိုက်ရာတွင် မိမိနိုင်ရေးသာ အဖို့ရှိသည်။ တရားသည် မတရားသည် သဘောမရှိ။ စစ်အောင်နိုင်ရေးအတွက် ရန်သူကို လှည့်စားခြင်း မာယာသုံးမျိုးကို ကျင့်သုံးရသည်)

(က) ဇီဝိတမာယာ = အသက်၏ပျက်စီးဖွယ်ရာ၌စဉ်းလဲရခြင်း (စစ်သည်၏အသက်နှင့်ရင်း၍ စဉ်းလဲရမှုမျိုးဖြစ်သည်)

(ခ) ယောဂမာယာ = သူ၏စစ်ကိုအောင်သွယ်ရာ၌စဉ်းလဲရခြင်း

(ဂ) မဟာဝိနာသမာယာ = သတ္တဝါတို့ပျက်ဆီးဘွယ်ရာ၌စဉ်းလဲရခြင်း

၄။ ကွတ်ထိဗျူဟာ= မိန်းမမာယာစစ်

ချောမောလှပသောမိန်းမဖြင့် ရန်သူအား မိန်းမဖြင့်မြှုဆွယ်၍ စစ်အောင်စေခြင်း၊ သမီးကညာဆက်သခြင်းဖြင့် မဟာမိတ်ပြု၍ ရွှေလမ်းငွေလမ်းဖောက်သဘောမာယာပြု၍ အောင်နိုင်ခြင်း။

၅။ သုဝဏ္ဏဟာ = ကျေးသားစစ်

စကားတတ်သောကျေးသားသည် လိုရာကိုပြီးအောင်ဆောင်ရွက်နိုင်သကဲ့သို့ သံတမန်တို့သည် စကားအရာ၌လိမ္မာသည်ဖြစ်၍ မိမိနိုင်ငံ၏လိုရာကို အောင်မြင်နိုင်အောင်ပြောဆိုစေနိုင်သောနည်းဖြစ်သည်။

၆။ မေယ္ယဟာ = မိုးစစ်

လျှပ်ပန်း မိုးကြိုးဆံတို့ တပြိုင်နက်ပြု၍ မိုးကြိုးရွာချသကဲ့သို့ တပ်၏အင်အားကိုသွန်၍ချသောတိုက်ပွဲကိုအောင်စေသောနည်းဖြစ်သည်။

၇။ ပတ္တဏ္ဏဟာ = သူလျှိုစစ်

ရန်သူ၏အနေအထား အစီအမံကို သူလျှိုစေ၍သိပြီးမှတိုက်ရသောစစ်ဖြစ်ပါသည်။

၈။ ဝိဒ္ဒဏ္ဏဟာ = ဆင်ခြင်စစ်

ရန်သူ မိတ်ဆွေဟု အတတ်မပြောနိုင်သောအခါ သတိမလစ်ကင်းစေဘဲ ဉာဏ်ဖြင့်ဆင်ခြင်စဉ်းစားပြီးဆောင်ရွက်သော စစ်ဆင်နည်းဖြစ်သည်။

၉။ ဝါရကဏ္ဏဟာ = တပ်ကိုလေးဘက်လေးတန်အထပ်ထပ်ချစစ်

အဘက်ဘက်မှလုံခြုံမှုရှိအောင် တပ်အချင်းချင်းအပြန်အလှန်ကူညီနိုင်ခြင်း၊ အရန်တပ်များလုံလုံလောက်လောက်ချထားပြီး ရန်သူမထိုးဖောက်နိုင်အောင် တပ်ကိုအထပ်ထပ်ချထားခြင်းဖြစ်သည်။

၁၀။ ပဒုမဏ္ဏဟာ= ကြာချပ်စစ်

ကြာပွင့် ကြာချပ်ကဲ့သို့ အဆင့်ဆင့် အထပ်ထပ်တပ် ချထားစီရင်ခြင်း၊ ရန်သူက ပျော့ကွက်ရှာမရအောင် မထိုးဖောက်နိုင်အောင် စီမံထားမှုဖြစ်သည်။

၁၁။ မဓုဗျူဟာ = ပျားစစ်

ပြည်သူစစ်ဗျူဟာဖြစ်သည်။ မိမိနိုင်ငံသို့ ရန်သူစစ်ဝင်လာလျှင် ပျားတို့ကဲ့သို့ တညီတညွတ်တည်း ဝိုင်းဝန်း၍တိုက်ခိုက်သောစစ်ဗျူဟာဖြစ်သည်။

၁၂။ ဘေရီဗျူဟာ = စည်ကြိုးစစ်

တစ်သွေးတစ်သံအမိန့်ဖြင့် စစ်ဗျူဟာခင်းခြင်းဖြစ်သည်။

၁၃။ ကိဋ္ဌကဗျူဟာ = ပုရွက်ဆိတ်စစ်

ပိုးရွ ခြ ပုရွက်တို့သည် ငယ်သောသဘောဖြစ်လျက်များစွာသော ဝတ္ထုတို့ကိုဆောင်ယူသွားနိုင်သကဲ့သို့ တစ်ဘက်သားရန်သူအင်အားကြီးများသော်လည်း ရဲမက်တစ်စုညီညီညွတ်ညွတ် ရွတ်ရွတ်ခွံ့ခွံ့တိုက်ခြင်းဖြစ်သည်။ ဤစစ်ကိုပျောက်ကြားစစ်ဟူ၍လည်းခေါ်သည်။

၁၄။ ရုက္ခဗျူဟာ = သစ်ပင်စစ်

သစ်စေ့ကိုစိုက်ပျိုး၍ ရေသွန်းလျှင် တရွေ့ရွေ့ တစ်နေ့ထက်တစ်နေ့ အပင်ပေါက်ပြီး အကိုင်းအခက် အရွက် စည်ပင်ပွားသကဲ့သို့ စစ်အင်အားကို အစဉ်တိုးပွားအောင်စုစည်း၍ စစ်အင်အားကြီးများအောင်ပြုသောစစ် ဖြစ်သည်။

၁၅။ ဥဂ္ဂတဗျူဟာ = ရဲရင့်သူ ညံ့သူ ခွဲခြားစေသောစစ်

စစ်ဦးဘီလူး ဆိုသကဲ့သို့ တိုက်ခိုက်ရန်လာသူက မိမိတပ်နယ်မြေကို အလွယ်တကူ မထိုးဖောက်နိုင်ရန်အတွက် အရည်အချင်းရှိသော တပ်များကို ရှေ့တန်းထားပြီး ညံ့သောတပ်များကို နောက်တန်းလုံခြုံရေးထားသော စစ်ဗျူဟာဖြစ်သည်။

၁၆။ အဂ္ဂိဗျူဟာ = မီးစစ်

မီးတို့မည်သည် သစ်ဆွေး အဟောင်းအမြင်းတို့ကို ကုန်အောင်လောင်၍ မီးရှိန်မီးကျိုးကြီးမားမှ သစ်ခက်စိမ်းစိုစိုတို့ကို မကြွင်းမကျန်ရအောင် လောင်စေသကဲ့သို့ ရှေးဦးစွာ တပ်သိမ် တပ်ငယ်တို့ကို လွယ်ရာတိုက်ဖျက်သိမ်းယူကာ အင်အားများလာမှ တပ်မကြီးကို နှိုင်အောင်တိုက်သောတိုက်နည်းဖြစ်သည်။

၁၇။ ကာကဗျူဟာ

ကျီးရဲသည် လူပုံထဲဝယ်ပျံကာဝဲ၍ ငါးသားအမဲတို့ကို သုတ်ယူသကဲ့သို့ မိမိဘက်ကစစ်သည် အားနည်းသော်လည်း တစ်ဘက်စစ်သည်များကို ရုတ်တရက် ဝင်တိုက်စေသော နည်းဖြစ်သည်။

၁၈။ ဗျဂ္ဃဗျူဟာ = ကျားစစ်

ကျားသည် ခြေလေးဘက်ခါင်းအမြီးတို့ကိုမလှုပ်မရှားအသာသွား၍ သားကောင်ကိုဖမ်းစားသကဲ့သို့ တစ်ဘက်ရန်သူမသိရအောင် အသံမထွက်စေဘဲ တိတ်တဆိတ် ပုန်းအောင်းချောင်းမြောင်းတိုက်နည်းဖြစ်သည်။ ရန်သူကိုလှည့်စား၍ အငိုက်ဖမ်းတိုက်သောနည်းဖြစ်သည်။

၁၉။ မက္ကဋဗျူဟာ = ပင့်ကူစစ်

အတန့်တန့်အကန့်အကွက် အယှက်အတင်ချည်မျှင်ရှုပ်ထွေးပင့်ကူမြွေးကဲ့သို့ ရန်သူသည် ပင့်ကူအိမ်တွင်မိသော ယင်ကောင်ကဲ့သို့ ပြန်လမ်းမရှိစေရန် တပ်ချခင်းကျင့်ထားသောစစ်ဗျူဟာဖြစ်သည်။

၂၀။ စီရဗျူဟာ = ရေရှည်စစ်

ရန်သူမြို့ကို ကြည်း ရေအထပ်ထပ် ဝန်းရံပိတ်ဆို့ စီမံထားပြီးအစားအစာ လုံလောက်စွာဖြင့် နှစ်ကာလကြာရှည် ကြံစည်တိုက်နည်းဖြစ်သည်။

၂၁။ ဟာသဗျူဟာ = စစ်ရှင်

စစ်သည်များ စိတ်ဓာတ် အမြဲတက်ကြွနေစေရန် ရန်သူဘက် စိတ်ဓာတ်ကျစေရန် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပကာ စစ်ရှင်ကိုအသုံးပြုသောနည်း ဖြစ်သည်။

၂၂။ သသဗျူဟာ = ယုံနားရွက်စစ်

ယုန်နားရွက်ကဲ့သို့ တစ်ဘက်တစ်ချက် ဝဲယာ နှစ်သွယ်တပ်စွန်ထားတည်ပြီးလျှင် ယာတပ်ကစစ်ရေးနိမ့်ကာလ ဝဲတပ်က ကူညီတိုက်ရသည့်စစ်ဗျူဟာဖြစ်သည်။

၂၃။ ဥဒကဗျူဟာ = ရေစစ်

မြစ်မရေသည်ကြီးစွာသောလှိုင်းတံပိုးဖြင့် လွှမ်းမိုးလျက်မပူစေရချမ်းအေးစေသကဲ့သို့ တစ်ဘက်ရန်သူပေါ်လာလျှင် စစ်သည်တို့မပင်ပန်းအောင်အစေအစပ်ပြောဆို၍ အောင်မြင်စေသောစစ်ဗျူဟာဖြစ်သည်။

၂၄။ စန္ဒဗျူဟာ = လစစ်

ကောင်းကင်အပြင်ဝယ် ကြယ်တာရာအလယ် လမင်းသဖွယ် အတင့်အတယ် ဗိုလ်ဝိုင်းရံလျက် မိမိ၏သူရဲတို့အား ကြည်ရွှင်လှစွာဖြင့် တင့်တယ်စွာ စစ်ချီတက်ခြင်းစစ်ဗျူဟာဖြစ်သည်။

၂၅။ သူရိယဗျူဟာ = နေမင်းစစ်

နေမင်းသည် ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်နှစ်ထောင်တို့ကို အရောင်ဖြန့်ထွန်းလင်းနိုင်သော်လည်း ငယ်လှစွာသောဝါးလုံးအတွင်းသို့ အရောင်အလင်း မထွန်းလင်းနိုင်သကဲ့သို့ အရေးမသာ၍ အလုပ်အကြံခက်ခဲလျှင် ခက်ခဲသောတပ်ကိုလွှဲ၍ သူရဲသူခက်တို့ ရဲရင့်အောင် အနှံ့အပြား ရွက်ဆောင်ပြင်ပတိုက်သော စစ်ဗျူဟာဖြစ်သည်။

ရန်သူ၏ပျော့ကွက် ဟာကွက်ကို ပထမတိုက်ပြီး ရန်သူအား အထီးကျန် စေပြီးမှ ချေမှုန်းတိုက်ခိုက်သောဗျူဟာဖြစ်ပါသည်။

၂၆။ ဓညဗျူဟာ= လယ်ယာစစ်

တောင်သူယောက်ျားသည် ကောက်လျင်၊ ကောက်လတ်၊ ကောက်ကြီး၊ လယ်ကော၊ လယ်ဝှမ်း၊ လယ်ချိုင့်များကို ဆင်ခြင်၍ ပျိုးရင့်ပျိုးနုအလျောက် ချင့်ချိန် စိုက်ပျိုးသကဲ့သို့ စစ်လက်၊ စစ်ရင်း၊ စစ်နံ၊ စစ်ခံ၊ စစ်မအနေအထား ကျကျ အစဉ်သင့် တပ်ချထားသော စစ်ဗျူဟာဖြစ်သည်။

၂၇။ ယက္ခဗျူဟာ = ဘီလူးစစ်

စစ်ဦးဘီလူး ဆိုသည့်အတိုင်း မဆုတ်မဆိုင်းဘဲ ရွပ်ရွပ်ချံချံ တိုက်ခိုက်သော စစ်ဗျူဟာမျိုးဖြစ်သည်။ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲမျိုး ဖြစ်သည်။

၂၈။ နိဂြောဓဗျူဟာ = ညောင်ပင်စစ်

ညောင်ပင်ကြီးသည် သံမယ်နအပေါင်းနှင့်မြဲမြံခိုင်ခံ့စွာ ရိုက်နှက် ထားသည့်ပမာ များစွာသော မြစ်မ၊ မြစ်သေး၊ မြစ်မွှားတို့ကြောင့် လေမုန်တိုင်း တိုက်ခတ်သော်လည်း မယိမ်းမယိုင်ကြံ့ကြံ့ခိုင်သကဲ့သို့ တပ်ထောင်တာ လုံလုံခြုံခြုံ မရွှေ့မလျားရှိစေသော စစ်ဗျူဟာမျိုးဖြစ်သည်။

၂၉။ သိဒ္ဓိဗျူဟာ= ဦးနှိမ်စစ်

တိုင်းတစ်ပါးကိုတိုက်ခိုက်၍နိုင်သော်နောက်ထပ်မတုဝံ့ မယှဉ် ဝံ့အောင် ဆင် မြင်း လက်နက် လူသူအကုန်သိမ်းယူပြီးလျှင် ထိုမြို့ထိုရွာ တွင် အရည်အချင်းရှိသူကို အလုံးအရင်း ဆင် မြင်း လူသူ လက်နက် ကိရိယာ အမြောက်အမြားနှင့် မြို့စားကွပ် ခန့်အပ် စောင့်စေသော စစ်ဗျူဟာ ဖြစ်သည်။

စစ်ချီခြင်းအမျိုးအစား(၄)မျိုး

စစ်ချီခြင်းအပြား လေးပါးရှိသည်။ သို့သော်မည်သို့ပုံသဏ္ဌာန်ဖြင့် ချီသည်ဖြစ်စေ စစ်အင်္ဂါ(၇)ပါးအတိုင်း တပ်ဖြန့်ချီရသည်။

၁။ ပါသာဒိကာဗျူဟာ = ပြာသာဒ်ပုံသဏ္ဌာန်ကဲ့သို့စစ်ချီခြင်း

ရှေးဖျားစစ်အင်အား အနည်းငယ်ထားပြီး နောက်ပိုင်း စစ်အင်အား များများ ထုထည်ထား၍ စစ်ချီခြင်းဖြစ်သည်။

မိမိ၏တပ်များအားလုံး ရန်သူ၏ကျိုးသွင်းမှုအထဲသို့ မရောက်စေရန်နှင့် ရန်သူနှင့်ရင်ဆိုင်ရသောအခါ အဆင့်ဆင့်ထုထည်နှင့်တိုက်ခိုက်ရန် ဖြစ်သည်။ ရှေးစစ်ဖျားသွယ်၍ နောက်စစ်အင်အား ကြီးစွာဖြင့် ချီခြင်းသဘောဖြစ်သည်။

၂။ သမဒဏ္ဍာကာ = ရှားလျင်ကဲ့သို့စစ်ချီခြင်း

စစ်ဖျား စစ်လယ် စစ်နောက် အညီအမျှ ချီခြင်းဖြစ်ပေသည်။ သဘောအားဖြင့် လမ်းကျင်း လမ်းကြမ်းများတွင် ချီတက်ရာ၌ သုံးသည်။ စစ်တစ်ကြောင်းတည်း ချီတက်ခြင်း သို့မဟုတ် ရှေနောက်တန်းလျက် ချီတက်ခြင်း သဘောမျိုးဖြစ်သည်။

၃။ မုဒိင်္ဂဗျူဟာ = မုရိုးစည်ကဲ့သို့ စစ်ချီခြင်း

ရှေပိုင်း နောက်ပိုင်းတွင် စစ်အင်အား အနည်းငယ်သာထားပြီး အလယ်ပင်မတပ်တွင် အင်အားအလုံးအရင်းနှင့် ထားရှိခြင်းဖြစ်သည်။ (စစ်ရင်း စစ်ဖျားသေး၍ အလယ်တွင်အင်အားကြီးစွာဖြင့် ချီသည့်နည်းဖြစ်သည်)

၄။ စကော်ဋ္ဌကဗျူဟာ = ပန်းတောင်းပုံသဏ္ဌာန်ကဲ့သို့စစ်ချီခြင်း

ရှေတန်းတွင်အင်အားများများထားပြီး နောက်ပိုင်းတွင်အင်အား နည်းနည်းထားရှိခြင်းဖြင့် စစ်ချီခြင်းဖြစ်သည်။ ရန်သူနှင့်တကယ် ရင်ဆိုင်

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၃၆၅ ရန် နီးသောအခါတွင် အင်နှင့်အားနှင့် တဟုန်တည်း ရန်သူစစ်ကို ချေဖျက်ရန်ဖြစ်သည်။

စစ်ဖျားကြီး၍ နောက်စစ်အင်အား တရွေ့ရွေ့ငယ်သော နည်းဖြစ်သည်။

* ပါသာဒိကဗျူဟောစေဝ၊ မုဒိဂ်သမဒဏ္ဍကာ။
စင်္ကော်ဋ္ဌက ဗျူဟောစေတိ၊ ဂတိ သေနာ စတုဋ္ဌမာ။

ပါသာဒိကဗျူဟောစေဝ - ပြာသာဒ်ကဲ့သို့ စစ်ချီခြင်းသည် လည်းကောင်း၊ မုဒိဂ် သမဒဏ္ဍကာ ဗျူဟာစ- မုရိုးစည်ကဲ့သို့ စစ်ချီခြင်း ရှားလျှင်ကဲ့သို့ စစ်ချီခြင်းကိုလည်းကောင်း၊ စင်္ကော်ဋ္ဌကဗျူဟာ စ - ပန်း တောင်းပုံကဲ့သို့ စစ်ချီခြင်း လည်းကောင်း၊ ဣတိ- ဤသို့၊ စတုဋ္ဌမာ- လေးပါး အပြားရှိကုန်သော၊ ဂတိ သေနာ - စစ်ချီခြင်းတို့ကို၊ ဉာတဗ္ဗာ- သိအပ်ကုန်၏။

စစ်ချီတက်ရခြင်း(၅)ပါး
(ယာန- စစ်ချီခြင်း၊ စစ်ထွက်ခြင်း၊ စစ်ရေးပြခြင်း)

(က) ဝိဂ္ဂယှော = မိမိ၌ရှိသော ရဲမက် လက်နက်ကိုင်ဖြင့် အစုံမဟာမိပ် ရဲမက် လက်နက်အကုန်ယူ၍ ရန်သူအပေါင်းကို တိုက်ခိုက်သိမ်းယူ၍ စစ်ချီခြင်း။

(ခ) သန္ဓာယော = တစ်ခြားနိုင်ငံ စစ်ထိုးမည်ဟု ချီတက်ရာ၌ လမ်းဖြတ်၍ သွားရသောကြောင့် နောက်ကျကျန်ရစ်မည့်ရန်သူတို့ကို အစေ့အစပ် မိတ်ပြု၍ စစ်ချီတက်ခြင်း။

(ဂ) သမ္မာယော = ရန်သူမင်းက စစ်တက်လာသည်ကို ဆီးကြို တိုက်ခိုက်ရအောင် ဆိုင်ပြိုင်၍ နှစ်ဦးနှစ်ဘက် ရာဇပကတိကို ဖျက်ဆီးပြီးလျှင် နှစ်ဦးပြိုင်၍ စစ်ခိုတက်ခြင်း။ အနည်းငယ်သော ရွှေ ငွေ ဥစ္စာအနှစ်သာရကိုစွဲ၍ အကျိုးစီးပွား များစွာ ဖြစ်မည်ကို တစ်စုံတစ်ယောက်သောသူက ဝန်ခံ၍သော်လည်းကောင်း ရန်သူမင်းကို အောင်ခြင်းဌာ စစ်ခိုတက်ခြင်း။

(ဃ)ပသက်ဟော = တစ်ပါးသောအရပ်၌ လူပ်ရှား ပေါင်းဆုံ၍ တစ်ပါးသောအရပ်သို့ စစ်ခိုခြင်း။

(င) ဥပေက္ခာ စ = ရန်သူမြို့ကို တိုက်ခိုက်မည့် ခိုတက်ရာ ရန်သူ မြို့ကိုရောက်၍ တိုက်၍ရလျှင် အကျိုးနည်းမည်ကိုမြင်၍ ထိုရန်သူ၏ မိတ်ဖြစ်သော နိုင်ငံကို စစ်ခိုတက်၍တိုက်ခိုက်ခြင်း။

* ဝိဂ္ဂယ္ဟာ သန္ဓာယော တထာ၊ သမ္မာယော ထ ပသက်ဟော ဥပေက္ခာ စေတိ နိပုဏောာ၊ ယာနံ ပဋ္ဌဝိဓံ မတံ။

ဣတိ- ဤသို့၊ နိပုဏောာ- စစ်ခို စစ်တက် စစ်ရေးပြဋ္ဌ လိမ္မာ ကုန်သော ပညာရှိသည်၊ ယာနံ- စစ်ခို စစ်တက် စစ်ရေးပြခြင်းဂုဏ်ကို၊ ပဋ္ဌဝိဓံ - ငါးပါးအပြားရှိသည်ဟူ၍၊ မတာ- သမုတ်အပ်၏။

စစ်ကပ်ခြင်း(၂)မျိုး

စစ်ခိုခြင်း(၄)မျိုးတွင် ရန်သူနှင့်နီးကပ်လာသည်နှင့်တပြိုင်နက် စစ်ကပ်ခြင်း(၂)ပါးဖြင့် ရန်သူထံ ချဉ်းကပ်ရပါသည်။

၁။ စန္ဒကဗျူဟာ = လမင်းပုံစံစစ်ကပ်ခြင်း

လမင်းကို ကြယ်နက္ခတ်တို့ခြံရံသကဲ့သို့ မင်း(သို့မဟုတ်) စစ်သူကြီးသည် အလယ်ကနေ၍ စစ်သည်ဗိုလ်ပါများကဝန်းရံလျက် ရန်သူစစ်တပ်အပါးသို့ ချဉ်းကပ်ခြင်းဖြစ်သည်။ သို့တည်းမဟုတ် ရန်သူအားတိုက်ခိုက်ခြင်းမပြုမီ အချိန်ပိုင်းအနည်းငယ်မျှကာလအတွင်းတွင် ရန်သူထံသို့ ချဉ်းကပ်ခြင်းဖြစ်သည်။

၂။ ပဘင်္ဂရဗျူဟာ = နေမင်းပုံစစ်ကပ်ခြင်း၊ စစ်ချီခြင်း

စစ်ချီခြင်းလေးပါးတွင် တစ်ပါးပါးဖြင့်ချီ၍ ရန်သူစစ်တပ်နှင့် နီးကပ်လာသော် ကြယ်နက္ခတ်ခြံရံသော နေမင်းကဲ့သို့ မင်း သို့မဟုတ် စစ်သူကြီးသည် ရွှေတည့်တည့်ကနေလျက် စစ်သည်ဗိုလ်ပါတို့ကမူနောက်မှနေ၍ မင်း သို့မဟုတ် စစ်သူကြီးရှိရာသို့ ရွှေရွှေလိုက်စေပြီးလျှင် ရန်သူစစ်တပ်ကို ချဉ်းကပ်ခြင်းဖြစ်သည်။ ရန်သူနှင့် နီးသောအခါ ခေါင်းဆောင်လုပ်သူက ရွှေဆောင်၍ တိုက်ခြင်းဖြစ်သည်။

* စန္ဒကာ ဗျူဟောစေဝ၊ ပဘင်္ဂရ ဗျူဟော တထာ၊
ဒွိမာ သေနူပသင်္ကမာ၊ ဝိညေယျာ ဗျူဟဝိညူနာ။

စန္ဒကာဗျူဟောစေဝ - လမင်းပမာရှိသောစစ်ကပ်လည်းကောင်း၊ တထာ - ထို့မှတပါး၊ ပဘင်္ဂရဗျူဟောစေဝ - နေမင်းပမာရှိသော စစ်ကပ်လည်းကောင်း၊ ဣတိ - ဤသို့၊ ဒွိဓါ - နှစ်ပါးအပြားအားဖြင့်၊ သေနူပသင်္ကမာ - စစ်ကပ်ခြင်းတို့ကို၊ ဗျူဟဝိညူနာ - စစ်ကပ်ခြင်း၌ လိမ္မာသော စစ်သူကြီးသည်၊ ဝိညေယျာ-သိအပ်ကုန်၏။

တိုက်စစ်နည်းများ

ရန်သူ၏စစ်ခံခြင်းကိုကြည့်၍ စစ်ထိုးခြင်း(၆)ပါးတွင် တစ်ပါးပါးဖြင့် စစ်ဆင်ခြင်းကို ပြုလုပ်ရပါသည်။

၁။ ဒွိဇာဓိပ = ဂဠုန်တောင်ကဲ့သို့ စစ်ထိုးခြင်း။

၂။ ဝါရိဝေဂ = ရေယာဉ်ကဲ့သို့သော စစ်ထိုးခြင်း။

၃။ ဉဿဘ = နွားလားဉဿဘကဲ့သို့ စစ်ထိုးခြင်း။

၄။ ဓနုက = လေးပြင်းထန် လေးညှို့ဖြန်းသကဲ့သို့ စစ်ထိုးခြင်း။

၅။ မကာရ = မကန်းကွက်ကဲ့သို့ စစ်ထိုးခြင်း။

၆။ ဘုဇဂ = မြွေတွားသကဲ့သို့သော စစ်ထိုးခြင်း။

၁။ ဂဠုန်တောင်ကဲ့သို့စစ်ထိုးခြင်း

အလယ်တပ်မတွင် မင်း(သို့မဟုတ်)စစ်သူကြီးနေ၍ ဝဲယာ ဂဠုန်တောင်ဖြန့်သကဲ့သို့ ဖြန့်၍ တိုက်ခြင်းပင် ဖြစ်ပါသည်။ ရန်သူအား ဝိုက်သိမ်း၍ ဝိုင်းဝန်း၍ဘေးပန်းတိုက်နည်းဖြစ်သည်။

၂။ ရေယာဉ်ဆင်းသကဲ့သို့စစ်ထိုးခြင်း

ရန်သူစစ်တပ်ရှိရာသို့ ရေ၏လျင်မြန်ခြင်းဖြင့် တစ်လုံးတစ်ခဲတည်း မကွဲပြားဘဲ ဖိဖိစီးစီးစစ်ထိုးခြင်းဖြစ်သည်။ လှိုင်းတံပိုးများသည် တစ်လုံးပြီးတစ်လုံး ထပ်ဆင့်လိုက်ပါသကဲ့သို့ တိုက်စစ်၏အဟုန်ကို မလျော့စေဘဲ တိုက်နည်းဖြစ်သည်။

၃။ နွားလားဉဿဘကဲ့သို့စစ်ထိုးခြင်း

ဉဿဘနွားလားသည် တစ်ဟုန်ထိုး ဦးတည်မိရာကို အတင်းလိုက်လံဝှေ့သကဲ့သို့ ရန်သူစစ် ရင်ဆိုင်မိရာအရပ်ကို တစ်ဟုန်ထိုးအင်အားသုံး၍ စစ်ဦးဘီလူး ဆိုသကဲ့သို့ ထိုးဖောက်တိုက်ခိုက်ခြင်းဖြင့် ရန်သူအား ပြန်လည်စုရုံး၍မရလောက်အောင် ကစဉ့်ကရဖြင့် အခြေအနေဖန်တီးနိုင်မှုကို ဆုံးရှုံးစေသောနည်းဖြစ်သည်။ ဝက်ခေါင်းထိုးစစ်ဆင်နည်းဟူ၍လည်း ခေါ်ပါသည်။

၄။ လေပြင်းထန် လေညှိုးဖြန်းသကဲ့သို့စစ်ထိုးခြင်း

လေးကိုင်းညွတ်သည့်သဏ္ဌာန်စစ်ထိုးခြင်း၊ ရန်သူရှိရာသို့ ဘယ်ညာ တောင်းပန်ညွတ်ဖြန့်၍ တစ်ပြိုင်တည်း တစ်ဟုန်ထိုး လေးညှိုးဖြန့်သကဲ့သို့ အဟုန်ပြင်းစွာ တိုက်ခိုက်ခြင်းဖြစ်သည်။

၅။ မကန်းကွက်ကဲ့သို့ စစ်ထိုးခြင်း

မကန်းကွက်ကဲ့သို့လေးထောင့် လေးစုံအလယ်တပ်မပြုပြီးလျှင် တိုက်ခြင်းဖြစ်သည်။ တစ်နည်း မှန်ကူကွက်(မကန်းကွက်ပုံ)အထပ်ထပ် တိုက်နည်းဖြစ်သည်။

၆။ မြေတွားသကဲ့သို့စစ်ထိုးခြင်း

ကောက်ကောက်ကွေးကွေးသွားသကဲ့သို့ စစ်ထိုးခြင်းမျိုးဖြစ်သည်။ မြွေသည် ရန်သူအား အထပ်ထပ် ရစ်ပတ်ထားသကဲ့သို့ ရန်သူအား ထွက်ပေါက်မရစေဘဲ ဝိုင်းညှပ်၍ဖိသတ်နည်းဖြစ်သည်။

* ဒွိဇာဓိပေါ ဝါရိဝေဂေါ၊ ဥသဘော ဓနူကောပိစ၊
မကာရော ဘုဇင်္ဂေါစေတိ၊ ဆဓာ သေနာယုဒ္ဓါဗျူဟာ။

ဒွိဇာဓိပေါ စ = ဂဠုန်တောင်ကဲ့သို့ စစ်ထိုးခြင်းလည်းကောင်း။
ဝါရိဝေဂေါ စ = ရေယာဉ်ကဲ့သို့ စစ်ထိုးခြင်းလည်ကောင်း။
ဥသဘော စ = နွားလားဥသဘကဲ့သို့ စစ်ထိုးခြင်းလည်းကောင်း။
ဓနူကောပိ စ = လေးပြင်းထန်သော ညှိုဖြန်းသကဲ့သို့ စစ်ထိုးခြင်း လည်းကောင်း။
မကာရော စ = မကန်းကွက်သို့ စစ်ထိုးခြင်းလည်းကောင်း။
ဘုဇင်္ဂေါ စ = မြွေတွားသကဲ့သို့ စစ်ထိုးခြင်းလည်းကောင်း။
ဣတိ - ဤသို့၊ ဆဓါ - ခြောက်ပါးအပြားအားဖြင့်၊ သေနာ ယုဒ္ဓါ ဗျူဟာ - စစ်ထိုးခြင်းတို့ကို၊ ဉာတဗ္ဗာ - သိအပ်ကုန်၏။

စစ်ဖျက်ခြင်း(၆)ပါး

ရန်သူသည် မည်သည့်နည်းဖြင့် စစ်ခံခြင်းကိုပြုခဲ့သော် မည်ကဲ့သို့ စစ်ထိုးခြင်းဖြင့် သူ့စစ်ကို ဖျက်ရမည်ကို သိရမည်။

၁။ ဒွိဇာဓိပေန သကဋ္ဌံ = လှည်းဦးကင်းယောင်သူ ကဆောင်သော စစ်ကို ဂဠုန်တောင်စစ်ဖြင့် ဖျက်ရသည်။

၂။ ဥသဘေန စ ဥဒ္ဓနံ = ခုံလောက်သဏ္ဌာန် ခံသောစစ်ကို ဥသဘစစ်ဖြင့် ဖျက်ရမည်။

၃။ နဒိစရံဝိစ္ဆိကဋ္ဌ ဝါရိဝေဂေန = ရင်ဘောင်တန်း ခံသော စစ်၊ ကင်းလက်မသဏ္ဌာန်ခံသော စစ်ကို ရေယာဉ်စစ်ဖြင့် ဖျက်ရမည်။

၄။ ဝက်ပါဒံမကာရေန = ကျီးခြေကဲ့သို့သော စစ်ကို မကန်းစစ်ဖြင့် ဖျက်ရမည်။

၅။ ဘုဇကနမဓုကရံမဓုပက္ခေန = ပျားလပို့ သဏ္ဌာန်ခံသောစစ်၊ မြွေတွား စစ်၊ လေးညှိုဖြန်း၊ လေးဖြင့်ထန် စစ်ဖြင့် ဖျက်ရမည်။

* ဒွိဇာဓိပေန သကဋ္ဌံ၊ ဥသဘေနစ ဥဒ္ဓနံ၊
နဒိ စရံ ဝိစ္ဆိကဋ္ဌ၊ ဝါရိ ဝေဂေန ဘိန္ဒတိ။

ဝက်ပါဒံ မကာရေန၊ ဘုဇကေန မဓုကရံ၊
ဓနုပက္ခေန ဝိညေယျံ ဆဗ္ဗိဓံ သေနဘေဒနံ။

* ဣတိ- ဤသို့၊ ဆဗ္ဗိဓံ- ခြောက်ပါးအပြားရှိသော၊ သေနဘေဒနံ- စစ်ဖျက်ခြင်းကို၊ ဝိသေယျံ- သိအပ်ရာ၏။

သကဋ္ဌ- လှည်းဦးကင်းယောင်ဆောင်သောစစ်ကို၊ ဒွိဇာဓိပပေန-ဂဠုန်တောင်စစ်ဖြင့်၊ ဆိုန္ဒတိ- ဖျက်ရာ၏။ ဥဒ္ဓနံ- ခုံလောက်အသွင် သူကဆင်သောစစ်ကို၊ ဥသဘေန- နွားလားဥသဘစစ်ဖြင့်၊ ဆိုန္ဒတိ- ဖျက်ရာ၏။ နဒီ စရဏ္ဍ- ရင်ဘောင်တန်းငှက်ကဲ့သို့သောသူစစ်ကို၊ ဝိစ္ဆိကဏ္ဍ-ကင်းလက်မကဲ့သို့သောသူ၏စစ်ကို၊ ဝါရိဆေကေန- ရေယာဉ်စစ်ဖြင့်၊ ဆိုန္ဒတိ-ဖျက်ရာ၏။ ဝက်ပါဒံ- ကျီးခြေကဲ့သို့သောစစ်ကို၊ မကာရေန- မကန်းစစ်ဖြင့်၊ ဆိုန္ဒတိ- ဖျက်ရာ၏။ မဓုကရံ- ပျားလပို့ကဲ့သို့သောစစ်ကို၊ ဘုဇကေန-မြွေတွားစစ်ဖြင့်လည်းကောင်း၊ ဓနုပက္ခေန- လေးညှို့ဖြန့်လေးပြင်းထန်စစ်ဖြင့်လည်းကောင်း၊ ဆိုန္ဒတိ- ဖျက်ရာ၏။

တိုက်စစ်၏ဗျူဟာ(၈)ချက်

တိုက်စစ်ပြုလုပ်ရာ၌ ပြုလုပ်ရသော ဗျူဟာ(၈)ချက်သည် အရေးကြီးပါဝင်ရသည်။

၁။ သိဒ္ဓိဗျူဟာ မေဃဗျူဟာ = ရန်သူအားလွှမ်းမိုးခြင်း

၂။ ပတ္တဗျူဟာ = သတိစုဆောင်းခြင်း

၃။ ဘေရီဗျူဟာ = စီမံချက် ပြုလုပ် အမိန့်ထုတ်ခြင်း (ပြောင်းလွယ်ပြင်လွယ်ပြုလုပ်ခြင်း)

၄။ ဥပါယဗျူဟာ = အငိုက်ဖမ်းမှုနှင့် လှည့်စားမှု အစီအစဉ်

၅။ နိဂြောဓဗျူဟာ = တိုက်စစ်ဆင်ရန်အတွက် လိုသော အင်အားကို စုရုံးခြင်း

၆။ ဓာရကဗျူဟာ = တပ်များ ဖြန့်ခြင်း (တပ်ကူများ ဖြည့်ခြင်း)

၇။ သပ္ပဗျူဟာ = အဆက်အသွယ်ပြုပြင်ခြင်း

၈။ ဥဂ္ဂတဗျူဟာ = အုပ်ချုပ်မှုအစီအစဉ်

စစ်ထိုးခြင်း(၃)ပါး

စစ်ထိုးခြင်းမည်သည် -

၁။ ပကာသယုဒ္ဓ = အတိအလင်း စစ်မျက်နှာရင်ဆိုင်၍တိုက်ခြင်း။

၂။ ကုဋ္ဌယုဒ္ဓ = တပ်ကိုမြေပြင်ထား၊ လျို့ဝှက် ကောက်ကျစ်စဉ်းလဲ ပြု၍တိုက်ခြင်း (၀၊) ခြုံခိုတိုက်ခိုက်ခြင်း။

၃။ တုဏ္ဍိယုဒ္ဓ = စကားမပြောဘဲ တပ်ကို ချီတက်စေခြင်း၊ ညဉ့် အခါ စီးနင်းတိုက်ခိုက်ခြင်း။

တစ်နည်းတိုက်စစ်နည်း(၅)သွယ်

၁။ ဝိဂ္ဂယှ = အင်အားစုပေါင်း၍ တိုက်နည်း။ ရန်သူလက်နက် ကိုယ့်လက်နက် ဖြစ်စေ၍ ရန်သူထံမှရသော လက်နက်ဖြင့် စုပေါင်းတိုက်နည်း။

၂။ သန္ဓာရော = ရန်သူရှေ့ပိုင်းကို တိုက်ရန် ရန်သူနောက်ပိုင်းကို နှစ်သိမ့်၍ တိုက်ခိုက်နည်း လှည့်စားမှုနှင့် ပဉ္စမံ တပ်မျှားအသုံးပြုမှု။

၃။ သမ္ဖုယော = မဟာမိတ်နှင့်ပူးပေါင်းတိုက်နည်း။

၄။ ပသဂ်္ဂတော = တစ်နေရာ၌ စုဆောင်းစေပြီး တစ်နေရာ၌ တိုက် စေခြင်း၊ ရန်သူအထင်မှားအောင် တစ်ဖက်မှ အငိုက်ဖမ်း၍တိုက်နည်း

၅။ ဥပေက္ခာ = အကျိုးမရှိရာကိုချန်၍အကျိုးရှိရာကိုတိုက်ခြင်း

ဆင့်ပွားနည်းဗျူဟာနည်းများ

တိုက်စစ်နှင့် ပတ်သက်၍ ဟာကွက်မရှိအောင် အဖက်ဖက်မှ ပြည့်စုံအောင် အောက်ပါတိုက်နည်းဗျူဟာများဖြင့်လည်း တိုက်ရပါသည်။

၁။ စန္ဒဗျူဟာ = ပခုံးချင်းထိ၍ တစ်ကြောင်းတည်း တိုက်ခိုက်ခြင်း၊ ရန်သူအား ထွက်ပေါက် မရအောင် ပိတ်ဆို့ တိုက်နည်း။ ကွက်ဖြန့်နင်း တိုက်နည်း။

၂။ ဗောဂဗျူဟာ = တစ်စုတစ်လုံးတည်း တိုက်ခိုက်ခြင်း။ အင်အား အားလုံးစုပေါင်း၍ အသုံးပြုသော စစ်အောင်နိုင်နည်း။

၃။ မဏ္ဍလဗျူဟာ = ရစ်ပိုက်ပိတ်ဆို့၍ တိုက်ခိုက်နည်း။

၄။ အသံဟတဗျူဟာ = ခွဲ၍ ထုတ်ပင့်တိုက်ခိုက်သောနည်း။ ရန်သူ အင်အားကို ကွဲပြားစေပြီး အမှည့် ချွေသောနည်း။

ဆင့်ပွားတိုက်ခိုက်နည်းစစ်နည်းဗျူဟာများ

၁။ အခိုးအငွေ့ချ၍တိုက်ခိုက်နည်း - ရန်သူကိုယှဉ်ကာနီး မီးခိုးပုံး ပစ်ပေးနည်း။

၂။ ဖားခုန်သကဲ့သို့တိုက်ခိုက်နည်း - အဆင့်ဆင့် တိုက်နည်း။ ခြေကုတ်စခန်း တစ်ခုပြီး တစ်ခုရအောင် တိုက်နည်း။

၃။ ကျားဟိန်းသံကဲ့သို့အော်ဟစ်၍ တိုက်ခိုက်နည်း - ရန်သူစိတ်ဓာတ် ချောက်ချား အောင် မိမိဘက်မှ အား တက် စေအောင် အော်ဟစ် တိုက်ခိုက်နည်း။

၄။ ပျားကဲ့သို့အုံ၍တိုက်ခိုက်နည်း - ရန်သူအား ခေါင်းဆောင်မှူ မပေးဘဲ အဆက်မပြတ် ဖိနှိပ် တိုက်ခိုက်နည်း။

၅။ ခြများကဲ့သို့အစုလိုက် တိုက်ခိုက်နည်း - အင်အားစုပေါင်း၍ ရန်သူ အား အဆက်မပြတ် ဝါးမျိုတိုက်ခိုက်နည်း။

၆။ ပိုက်ကွန်ကဲ့သို့ဖြန့်၍ - ကျုံးသွင်း တိုက်ခိုက်နည်း။ ရန်သူကို မိမိ၏ ထောင် ချောက် သတ်ကွင်းထဲသို့ ဝင်လာစေသောနည်း။

၇။ ဟသ်ာပျံသကဲ့သို့တိုက်ခိုက်နည်း - တပ်အားလုံး တညီတညွတ် တည်း အဟုန် ပြင်းစွာဖြင့် လျင်မြန်စွာ တိုက်နည်း ရန်သူကို အချိန်မပေးဘဲ တိုက်နည်း။

၈။ ကျောက်ဆောင်ပုံသဏ္ဌာန်ကဲ့သို့ - လှိုင်းတံပိုးများ အကြိမ်ကြိမ် ရိုက်ခတ်လာ သော်လည်း ကျောက်ဆောင်ကြီး မပြိုလဲ သကဲ့သို့ ကြံ့ကြံ့ခံသော ခံစစ် ဖြင့် တိုက်နည်း။

၉။ မီးဝိုင်းပုံသဏ္ဌာန်ဖြင့်တိုက်ခိုက်နည်း- ရန်သူ၏ အင်အားနည်းရာကို ပထမ တိုက်ခိုက်ပြီးမှ ရန်သူပင်မတပ်အား အထီးကျန်စေ၍ တိုက်နည်း။

၁၀။ မြွေသွားပုံကဲ့သို့တိုက်နည်း - ရန်သူအား အထပ်ထပ် ညှပ်ရာ ထွက်ပေါက် မရှိ တိုက်နည်း။

ခံစစ်နည်းများ

စစ်ခံနည်း(၆)ပါး

စစ်ထိုးခြင်း(၆)ပါးတို့တွင် တစ်ပါးပါးဖြင့်သူ၏စစ်တပ်က စစ်ဆင် စစ်ထိုးလာလျှင် စစ်ခံခြင်း(၆)ပါးဖြင့်စစ်ခံရပါမည်။

၁။ နဒီစရဗျူဟာ = ရင်ဘောင်တန်းငှက်ကဲ့သို့စစ်ခံခြင်း

၂။ ဝိစ္ဆိကဗျူဟာ = ကင်းလက်မကဲ့သို့စစ်ခံခြင်း

၃။ သကဋ္ဌဗျူဟာ = လှည်းဦးကင်းကဲ့သို့စစ်ခံခြင်း

၄။ မဓုဝတ္တနဗျူဟာ = ပျားလပို့ကဲ့သို့စစ်ခံခြင်း

၅။ ဝက်ပါဒဗျူဟာ = ကျီးခြေကဲ့သို့စစ်ခံခြင်း

၆။ ဥဒ္ဓနဗျူဟာ = ခုံလောက်ကဲ့သို့စစ်ခံခြင်း

၁။ ရင်ဘောင်တန်းငှက်ကဲ့သို့စစ်ခံခြင်း

တပြေးညီစွာတန်း၍စစ်ခံခြင်း။ မြစ်ကိုကူးသောတံတားကဲ့သို့ ရင်ဘောင်တန်း၍စစ်ခံခြင်း။

၂။ ကင်းလက်မကဲ့သို့စစ်ခံခြင်း

အလယ်တွင်တပ်မခံ၍ ဝဲ-ယာနှစ်ဖက်ကင်းလက်မကဲ့သို့စစ်ခံခြင်း။ ရန်သူအား ကင်းလက်မကြား သတ်ကွင်းထား၍စစ်ခံခြင်း။

၃။ လှည်းဦးကင်းကဲ့သို့စစ်ခံခြင်း

ညံ့သောစစ်သည်များကိုအလယ်တွင်ထား၍ အစွမ်းကောင်းသော သူရဲတို့ကို အဖက်ဖက်ဝန်းရံစေလျက်စစ်ခံခြင်း။ ဝက်ခေါင်းထိုး ပုံသဏ္ဌာန် စစ်ခံခြင်း။

၄။ ပျားလပို့ကဲ့သို့စစ်ခံခြင်း

တပ်မကိုအလယ်မှထား၍ ပျားအုံကဲ့သို့ တစ်စုတစ်ခဲတည်းစစ်ခံခြင်း။ ရန်သူသည် မည်သည့်ဘက်ကလာသည်ဖြစ်စေ ပတ်လည်ခုခံနိုင်ရန် စီမံထားသောခံစစ်ဖြစ်သည်။

၅။ ကျီးခြေကဲ့သို့စစ်ခံခြင်း

နောက်တပ်တစ်သွယ် ရှေ့တပ် သုံးသွယ်ထား၍ ကျီးခြေကဲ့သို့ စစ်ခံခြင်း။ ပတ်လည်ခံတပ်အပြင် လေးဘက်လေးမျက်နှာသည် ကွင်းထားရှိသည်။

---

* နဒီစရံ ဝိစ္ဆိကဉ္စ၊ သကဋံ့ မဓုဝတ္တနံ
ဝက်ပါဒံ ဥဒ္ဓနဉ္စ၊ ဆစာ သေနာ ပဋိဂ္ဂဟာ၊

နဒီစရဉ္စ = ရင်ဘောင်တန်းငှက်ကဲ့သို့စစ်ခံခြင်းလည်းကောင်း၊
ဝိစ္ဆိကဉ္စ = ကင်းလက်မကဲ့သို့သောစစ်ခံခြင်းလည်းကောင်း၊
သကဋဉ္စ = လှည်းဦးကင်းကဲ့သို့စစ်ခံခြင်းလည်းကောင်း၊
မဓုဝတ္တနဉ္စ = ပျားလပို့ကဲ့သို့သောစစ်ခံခြင်းလည်းကောင်း၊
ဝက်ပါဒဉ္စ = ကျီးခြေကဲ့သို့သောစစ်ခံခြင်းလည်းကောင်း၊

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ ၃၇၇

၆။ ခုံလောက်ကဲ့သို့စစ်ခံခြင်း

စစ်တပ်ကိုသုံးစွဲခွဲ၍ ဖိုခနောက်လုံးဆိုင်သကဲ့သို့စစ်ခံခြင်း။

အောင်မြေကိုသိအပ်ခြင်း

ခံစစ်ယူရာတွင် အရမ်းမဲ့ မယူရပါ။ မြေအနေအထားကို သေချာစွာ လေ့လာ၍ အောင်မြေ(၇)ပါးနှင့်အညီ ယူရသည်-

၁။ သာယာသောကုန်းမြေဖြစ်ခြင်း။

၂။ မြက်ရေတို့ပေါများခြင်း။

၃။ မျိုးရိက္ခာရလွယ်သောနေရာဖြစ်ခြင်း။

၄။ ရန်သူတို့ တိုက်ခင်း မသာယာသောမြေဖြစ်ခြင်း။

၅။ အတင်းဝင် ထိုးဖောက်သော်လည်း မပေါက်ရောက်နိုင်အောင် ခဲယဉ်းသော မြေအရပ်ဖြစ်ခြင်း။

၆။ သစ်ဝါးတို့ ပေါများသောမြေအရပ်ဖြစ်ခြင်း။

၇။ စားကောင်းသော သစ်ဥသစ်မြစ်ကို ရလွယ်သောမြေဖြစ်ရခြင်း။

(သုဓနုဇာတက)

ခွာစစ် (စစ်ပြန်)

ခွာစစ်ကို ရှေးက(စစ်ပြန်)ဟူ၍ခေါ်ဆိုခဲ့ပါသည်။ ခွာစစ်ပြုခြင်းသည် စစ်ရှုံး၍ ပြေးရသည့်သဘော မဟုတ်ပါ။ ရန်သူကို လှည့်စားလို၍ လည်းကောင်း ရန်သူကိုအောင်မြင်ပြီး မိမိ၏အမှုကိစ္စပြီးသဖြင့် မလွဲမသွေ ပြန်ရမည်ဖြစ်၍ ပြန်ခြင်းဖြစ်ပါသည်။

ဥဒ္ဓနဋ္ဌ = ခုံလောက်ကဲ့သို့သော စစ်ခံခြင်းလည်းကောင်း၊
ကွတိ- ဤသို့၊ ဆမာ- ခြောက်ပါးအပြားအားဖြင့်၊ သေနာပဋိဂ္ဂဟာ- စစ်ခံခြင်းတို့ကို၊ ဉာတဗ္ဗာ- သိအပ်ကုန်၏။

ခွာစစ်၏ရည်ရွယ်ချက်မှာ-

၁။ ရန်သူကိုတိုက်အားကိုနှောင့်ယှက်၍ အင်အား ယုတ်လျော့စေရန် နှင့် ဖျက်ဆီးရန်။

၂။ ရန်သူအား အရေးနိမ့်စေမည့် နေရာတွင်းသို့ ကျုံးသွင်း ခေါ်ဆောင်ရန်။

၃။ အဆုံးအဖြတ်ပေးနိုင်သော တိုက်စစ်မဆင်မီ အချိန်ပိုမိုရစေရန်။

စစ်ပြန်ခြင်း(၃)ပါး

၁။ အဂိုဇာလဗျူဟာ = မီးထွန်းသကဲ့သို့စစ်ပြန်ခြင်း

မိမိတို့တပ် ပြန်တော့မည့်အကြောင်းကို မကွယ်မဝှက်ဘဲ ရန်သူ အား လိုက်ရဲလျှင် လိုက်ခဲ့ကြ ဟု ကြေညာအသိပေးလျက် ထင်ထင်ရှားရှား ပြန်လည်ထွက်ခွာခြင်းဖြစ်သည်။ ရန်သူသည် မိမိက မည်သို့ ပြုလုပ်ထား မည်ကို မသိနိုင်သဖြင့် ဇဝေဇဝါ ဖြစ်စေပြီး နှောင့်နှေးစေသော နည်း ဖြစ်သည်။

၂။ အမာဝါသီဗျူဟာ = လကွယ်ကဲ့သို့စစ်ပြန်ခြင်း

မိမိတပ်ဖြန့်မည့် အကြောင်းကို ရန်သူအရိပ်အခြည် မသိစေရဘဲ ပြန်နည်းဖြစ်သည်။ ခွာစစ်ပြုမည်ကို အထူးလှို့ဝှက်ထားပြီး လိုက်နာစေခြင်း ဖြစ်သည်။

---

* အဂိုဇာလ ဗျူဟာစေဝ၊ အမာဝါသီ ဗျူဟာ တထာ။
သီဟဂတိ ဗျူဟာစေတီ၊ တိဓာ သေနာနိဝတ္တာနံ။
အဂိုဇာလ ဗျူဟာစေဝ = မီးထွန်းသကဲ့သို့စစ်ပြန်ခြင်းလည်းကောင်း၊
အမာဝါသီဗျူဟာစေဝ = လကွယ်သကဲ့သို့စစ်ပြန်ခြင်းလည်းကောင်း၊

၃။ သီဟဂတိဗျူဟာ = ခြေသေ့သွားသကဲ့သို့စစ်ပြန်ခြင်း

ရန်သူက မိမိအား ဝိုင်းထား၍ အခြား စစ်ကူမရ၍ အတင်း ဖောက်ထွင်းရမည့် အခါမျိုးတွင်သုံးလေ့ရှိသည်။ တပ်မှူးလုပ်သူသည် ဦးဆောင်၍ ရန်သူအား အတင်းဖောက်ထွင်းသောနည်းဖြစ်ပါသည်။

တစ်နည်းစစ်ပြန်နည်း(၃)မျိုး

၁။ သတ္ထနာဒီ = လက်နက်သံပြု၍စစ်ပြန်ခြင်း

ရန်သူအား ထိုးစစ်ဆင်တော့မည့် အယောင် ခြိမ်းခြောက် လှည့်စားပြီး စစ်ပြန်ခြင်းဖြစ်သည်။ ခွာစစ်ဆင်တော့မည့်အချိန်တွင် ရန်သူအား အမြောက်လက်နက်စသည်ဖြင့် အပြင်းအထန် ပစ်ခတ်ဦးနှိမ်ထားပြီးမှ အဆင့်ဆင့် ဆုတ်ခွာခြင်းသဘောဖြစ်သည်။

၂။ မဂ္ဂဆိန္ဒ = ခရီးကိုဖျက်၍စစ်ပြန်ခြင်း

ရန်သူကမိမိထိုးစစ်၏ ဦးတည်ချက်၊ ရည်ရွယ်ချက်ကို မခန့်မှန်းနိုင်အောင် လှည့်စားသောနည်း ဖြစ်သည်။ ဤသို့ဖြင့် ရန်သူသည် ထင်ယောင် ထင်မှားဖြစ်ပြီး ရန်သူစီမံချက် ပျက်ပြားစေနိုင်ပါသည်။ ရောင်ပြခြင်း သဘောမျိုးဖြစ်သည်။

၃။ စိရဋ္ဌ = ကြာမြင့်စွာနေ၍စစ်ပြန်ခြင်း

ရန်သူတစ်ဖန်ပြန်၍ ဦးထောင်မလာအောင် ရန်သူနယ်မြေတွင် ကြာမြင့်စွာနေပြီးမှ စစ်ပြန်ခြင်းဖြစ်ပါသည်။ ရန်သူနယ်မြေသားတို့၏ တုန့်ပြန်မှုကို စိတ်ချရသောအချိန်ကျမှသာ တပ်အင်အားအများစုကို ပြန်လည်

တထာ - ထိုမှတပါး၊ သီဟဂတိဗျူဟာစေဝ= ခြေသေ့ သွားသကဲ့သို့ စစ်ပြန်ခြင်းလည်းကောင်း၊ ဣတိ- ဤသို့၊ တိဝိဓာ= သုံးပါးအပြားအားဖြင့်၊ သေနာနိဝတ္တနံ- စစ်ပြန်ခြင်းတို့ကို၊ ဝိညေယျံ= သိအပ်၏။

ရုပ်သိမ်းသော သဘောဖြစ်သည်။ ယင်းနယ်မြေတွင် ငြိမ်ဝပ်ပိပြားမှုရှိသွားသောအခါကျမှသာ တပ်ရုပ်ခြင်းမျိုး ဖြစ်သည်

စစ်လက်နက်အမျိုးမျိုး

စစ်တိုက်ခိုက်ရာ၌ ရှေးအစဉ်အဆက်က အသုံးပြုသော လက်နက် အမျိုးအစား (၄)မျိုး ခွဲခြားပြထားပါသည်။

၁။ မုတ္တာ မုတ္တာလက်နက် - လက်မှလွှတ်၍ လည်းကောင်း၊ မလွှတ်ဘဲ လည်းကောင်း၊သုံးစွဲနိုင်သော လက်နက်မျိုး (တုတ်၊ ဓားမြှောင်)။

၂။ အမုတ္တာလက်နက် - လက်မှ မလွှတ်ရသော လက်နက်မျိုး။ (ဓားရှည်၊ လှံရှည်)။

၃။ မုတ္တာလက်နက် - လက်မှ လွှတ်ရသော လက်နက်မျိုး။ (ခဲ၊ လှံတို၊ အဲမောင်း)

၄။ ယန္တမုတ္တာလက်နက် - ပစ်လွှတ်ရသော လက်နက် (သေနတ်၊ စိန်ပြောင်း၊ မြား စသည်)။

လက်နက်အမျိုးမျိုးများ

(၁) ဓားအမျိုးမျိုး (သံလျက်ပါ)
(၂) လှံအမျိုးမျိုး (လှံရှည်၊ အဲမောင်း)
(၃) လေးမြားအမျိုးမျိုး
(၄) ဆောက်ပုတ်
(၅) တင်းပုတ်
(၆) လက်ရိုက်တုတ် (ဝါးရင်းတုတ်)
(၇) ခက်ရင်း

(၈) ချွန်း
(၉) ဒိုင်း
(၁၀) လွှာ
(၁၁) ကာ-ခွင်
(၁၂) ကာတောင်း
(၁၃) သေနတ်၊ မီးပေါက်
(၁၄) စိန်၊ စိန်ပြောင်း၊ အမြောက်၊ မြတပူ

ဓားအမျိုးမျိုးနှင့် ပြုလုပ်မှု ကိုင်ဆောင်မှု

ဓားကို သူ့ရာထူးအလိုက် ပြုလုပ်ရသော သဘောမျိုးရှိသလို ကိုင်ရာတွင်လည်း ခွဲခြား ၊ ဓားအဆင့်အတန်း ခွဲခြားထားပါသည်။

ဓားပြုလုပ်ရာတွင် ဓားအဖျားက အဆုံးတိုင်အောင် နှစ်ခေါက်ခေါက်၊ အလယ်ကျရာတွင် ဓားပြားအမျှ ချိုးပြီး ကိုင်ဆောင်ရသည်။

၁။ ၁၁-ချိုး - သိကြားမင်းစွဲသော သံလျက်။
၂။ ၁၂-ချိုး - ပရိသတ်ကိုင်သော သံလျက်၊ ကောင်းကင်ပျံသော သံလျက်။
၃။ ၁၃-ချိုး - ပုဏ္ဏားစွဲကိုင်သော သံလျက်၊ (မဟောသဓာဇာတ်၌ ကေးဝဋ္ဌပုဏ္ဏားကိုင် သံလျက်)။
၄။ ၁၄-ချိုး - မာရ်နတ်စွဲကိုင်သော ဓားသံလျက်။
၅။ ၁၅-ချိုး - ရွှေအိုးရစေသော ဓား (ဓတရဋ္ဌနဂါးမင်းဓား)
၆။ ၁၆-ချိုး - အသုရာမင်းကိုင်သောဓား။
၇။ ၁၇-ချိုး - သူကောင်ပုပ်ကို စောင့်သောဓား။
၈။ ၁၈-ချိုး - ဘုရားလောင်းကုန်သွယ်ရာဆောင်သောဓား။
၉။ ၁၉-ချိုး - အသူရိန်နတ်မင်းကိုင်ဓား။

၁၀။ ၂၁-ချိုး - သူကောင်းပြုစား။

၁၁။ ၂၂-ချိုး - စစ်ထိုးရာမအောင်စား။

၁၂။ ၂၃-ချိုး - မဟာသမာထာဝရကိုင်စား။

၁၃။ ၂၄-ချိုး - ဓနဓနသူဌေးဆောင်စား။

စားအမျိုးအစားများ

(က) နန်းစဉ်စားများ

(၁) သီလဝင်စား

(၂) သံရှင်

(၃) လက်သုံးတော်စား

(၄) ဆင်လည်ပြတ်စား

(၅) နန်းစဉ်စား

(၆) စကြာစား

(၇) ယိမ်းနွဲ့ပါးစား

(ခ) ရာထူးအလိုက် အမည်ပေးထားသော စားများ

(၁) မှန်ကူ - အရှေ့ဝင်းမျူးကိုင်ရစား။

(၂) စစ်ဝန်း - အနောက်ဝင်းမျူးကိုင်ရစား။

(၃) ခိုနန်း - လက်ျာဝင်းမျူးကိုင်ရစား။

(၄) ပုံနန်း - လက်ဝဲဝင်းမျူးကိုင်ရစား။

(၅) နန်သူဆံမြိတ် - မိဖုရားများ အဆောင် သဘောထား ကိုင်ရစား။

(၆) သံလျက်စား - အသွား နှစ်ဖက်ရှိစား၊ မင်းများသာ ကိုင်ရစား။

(၇) သီလဝင်စား - အကျင့်ကောင်းမြတ်သူများကိုင်ရစား (မင်းညီမင်းသား အိမ်ရှေ့မင်း)။

(၈) ကာ - ရန်သူ၏ လှံ၊ စားတို့ကို ခုခံကွာကွယ်သော ပစ္စည်း။

(၉) ဒိုင်း - ဒိုင်း၏ပုံသဏ္ဌာန်မှာ အဝိုင်းဖြစ်သည်။

(၁၀) လွှာ - လွှာ၏ပုံသဏ္ဌာန်မှာ ဝမ်းဘဲဥပုံဖြစ်သည်။ (လေးထောင့်ပုံလည်း ရှိသည်)။ (ဒိုင်းနှင့်လွှာကို ကာဟူ၍ ခေါ်ပါသည်။)

(၁၁) ဒိုင်းခွန်း - သားရေကို အုပ်ဆောင်းထားသကဲ့သို့ သစ်စေး သားရိုးကိုင်၍ ပြုလုပ်ထားသော အရာ။

(၁၂) တင်ကျည်း - တုတ်၊ လက်နက်၊ (သိုင်း ဟူ၍လည်း ခေါ်သည်။)

(၁၃) သိုင်း - ခြောက်တောင်ခန့် ရှည်သော တုတ်တစ်မျိုး။ ကြိမ်ကို အဝတ်ဖြူစ ဆွဲထားပြီး၊ သိုင်းဘွဲ့ဖြူဟု ခေါ်သည်။ မင်းခမ်းမင်းနားအဆောင်အယောင်အဖြစ် အသုံးပြုသည်။ မင်းခမ်းမင်းနားတွင် ရှေ့သိုင်းနောက်သိုင်းဖြင့် လိုက်ပါရသည်။

(၁၄) အဲမောင်း - လှံရှည်တစ်မျိုးဖြစ်သည်။ မြင်းသည်တော်တို့ သုံးစွဲသည်။

(၁၅) လှံတို - လှံ၏အရွယ်အစားကိုလိုက်၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။

(၁၆) လေးမြား - လေး လက်နက်မြား။

(၁၇) ချွန်း - ဆင်ဦးစီးများ ကိုင်သောလက်နက်။

(၁၈) သေနတ်မီးပေါက်- ယမ်းကို အသုံးပြုပြီး မီးပေါက်စေသော လက်နက်ဖြစ်သည်။

လေးအထူး (၂)မျိုး

၁။ ဒဉ္ဍဓနလေး - တင်ပြီးသော လေးညို့အလယ်၌ ဗိုလ် (၂၀၀၀) ပမာဏ တစ်ကာရခန့် ချိန်ဝန်ကိုဖွဲ့၍ လေးကိုကိုင်လျက် ချီကြွသော် လေးညို့အလယ်နှင့် လေးကိုင်းအလယ် ကြားသည် မြားတင်လောက်အောင် ခွင်လည်းကျယ်အံ့။ တစ်ကာရခန့်ဝန်ချိန်သည် မြေမှကြွအံ့၊ လေးညို့ လေးကိုင်းသည်လည်း မပြတ်၊ မကျိုးမြဲမြံအံ့။

- ထိုလေးသည် ဗိုလ်(၂၀၀၀) အားရှိသောဒိဿဟဿ ဒဉ္ဍဓနလေးမည်၏။(လင်းလေး) (အကယ်၍ လေးကြမ်းလွန်း၊ သန်လွန်းအံ့၊ မြားတင်လောက်အောင် ခွင်မကျယ်မိသင်ချိန်ဝန်မြေမှ ကြွနိုင်ခဲ၏။ အကယ်၍ လေးညံ့လွန်း၊ ပျော့ပြောင်းလွန်းအံ့၊ မြားတင်လောက်သည်ထက်သာမက ခွင်ကျယ်မှ ချိန်ဝန်မြေမှ ကြွနိုင်ခဲ၏။ မြားတင်လောက်အောင် ခွင်ကျယ်သည်နှင့် ချိန်ဝန်မြေမှ

ကြွသည့်အရာ တစ်ပြိုင်နက်ညီမျှသော ဗိုလ် ၂၀၀၀ အားရှိသော ဒဋ္ဌဓနမည်ပါသည်။)

၂။ သဟဿာမလေး - ယောက်ျား(၁၀၀၀) တင်ချနိုင်သော လေး။ ယောက်ျား (၁၀၀၀) ဆောင်ရွက်ကောင်းသော ချိန်ဝန်သာရကို ချိုကြွနိုင်သော လေးသည် လူဗိုလ်ခြေ (၁၀၀၀)အားရှိသော သဟဿာမလေးမည်ပါသည်။ (ထိုလေးကား ဆဒ္ဒန် (၁၀)စီး အားရှိသော ပစ္စိမဘဝိက ဘုရားလောင်းတို့သာ စွဲကိုင်နိုင်သည်။)

(က) မြားရေးကြီး (၁၂)မျိုး

၁။ သရပတိဗာဟာနမြားရေး - မြားတစ်ခု အသွားကို မြားတစ်ခုဖြင့် တားမြစ်နိုင်ခြင်း။

၂။ စက္ကဝိန္ဒမြားရေး - ရထား စက်ဘီးကိုပင် ထွင်းဖောက်နိုင်အောင် ပစ်နိုင်ခြင်း။

၃။ သရလဋ္ဌိမြားရေး - မြားအဆင့်ဆင့် စေလွှတ်၍ အုန်းပင်ထန်းပင် သဏ္ဌာန်ဖြစ်အောင် ပစ်နိုင်ခြင်း။

၄။ သရရဇ္ဇုမြားရေး - မြားအဆင့်ဆင့် လွှတ်၍ ကြိုးသဏ္ဌာန်ဖြစ်အောင် ပစ်နိုင်ခြင်း။

၅။ သရဝေဓိမြားရေး - မြားတစ်ခုဖြင့် မြားတစ်ခုကို ထွင်းဖောက်အောင် ပစ်နိုင်ခြင်း။

၆။ သရပါသာဒမြားရေး - မြား အဆင့်ဆင့် လွှတ်၍ ပြာသာဒ် သဏ္ဌာန် ဖြစ်အောင် ပစ်နိုင်ခြင်း။

၇။ သရသောပါနမြားရေး - မြား အဆင့်ဆင့် လွှတ်၍ စောင်းတန်း သဏ္ဌာန်ဖြစ်အောင် ပစ်နိုင်ခြင်း။

၈။ သရမဏ္ဍပမြားရေး - မြား အဆင့်ဆင့် လွှတ်၍ မဏ္ဍပ် သဏ္ဌာန် ဖြစ်အောင် ပစ်နိုင်ခြင်း။

၉။ သရပါကာရမြားရေး - မြားအဆင့်ဆင့်လွှတ်၍ တံတိုင်း နံရံ ကဲ့သို့ဖြစ်အောင် ပစ်နိုင်ခြင်း

၁၀။ သရပေါက္ခရဏီမြားရေး - မြား အဆင့်ဆင့် လွှတ်၍ ရေကန် သဏ္ဌာန် ဖြစ်အောင် ပစ်နိုင်ခြင်း။

၁၁။ သရပဒုမမြားရေး - မြားအဆင့်ဆင့်လွှတ်၍ ပဒုမ္မာကြာချပ် သဏ္ဌာန်ဖြစ်အောင် ပစ်နိုင်ခြင်း။

၁၂။ သရဝဿမြားရေး - မြား အဆင့်ဆင့် လွှတ်၍ မြားမိုးရွာ သကဲ့သို့နေအောင် ပစ်နိုင်ခြင်း။

(ခ) မြားရေးငယ် (၄)ပါး

၁။ အက္ခဏဝေဓိ - လျှပ်တစ်ပြက်အတွင်း အချက်မျှားစွာ ပစ်ခြင်း။

၂။ ဝါလဝေဓိ - သားမြီးယပ်ကိုပင် မှန်အောင်ပစ်ခြင်း။

၃။ သရဝေဓိ - ဦးစွာပစ်သောမြားကို နောက်မြားဖြင့် မှန်အောင်ပစ်ခြင်း။

၄။ သဒ္ဒဝေဓိ - အသံကြားသည်နှင့် မှန်အောင်ပစ်ခြင်း။

(၈) တစ်နည်း မြားရေးငယ် (၆)ပါး

၁။ ဝက်ဝေဓိ - လျှပ်တစ်ပြက်အတွင်း မြားတစ်ထောင် လွှတ်နိုင်ခြင်း

၂။ စက္ကဝေဓိ - မြားပြာသာဒ်၊ နေဝန်း၊ လဝန်း၊ လေး ကျွန်းလုံး၊ စကြဝဠာပုံ ဖြစ်အောင် ပစ်နိုင်ခြင်း။

၃။ ခဂ္ဂဝေဓိ - ရွှေလံအဖျား၊ သံလျက်သွားကို ထက်ဝက် ကွဲအောင် ပစ်နိုင်ခြင်း။

၄။ ဝါလဝေဓိ - ဧကီသားကောင် အမြီးကိုပင် ကွဲအောင် ပစ်နိုင်ခြင်း။

၅။ သဒ္ဒဝေဓိ - ညအမှောင်ထဲတွင် အသံကြားရာကို မှန်အောင်ပစ်နိုင်ခြင်း။

၆။ ဥဒကဝေဓိ - ရေထဲ၌ လှုပ်ရှားနေသော ငါးမိကျောင်း တို့ကို မှန်အောင် ပစ်နိုင်ခြင်း။

လေးအတတ်များ

ရှေးခေတ် စစ်လက်နက် အတတ်ပညာတွင် လေးအတတ်သည် အလွန် အရေးပါလှသည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် လေး အတတ်ဖြင့် မိမိ၏ ပညာစွမ်းရည်ကို ပြသခဲ့သည်။

ထိုလေးအတတ်ပညာရပ်နှင့်ပတ်သက်၍ ဘုရားရှင် ဟောကြား သော ဇာတ်တော်များ၊ သုတ်၊ ဝိနည်းတော်တို့၌ ဆိုင်ရာ အခန်းကဏ္ဍ အလိုက် ဟောကြားထားသည်ကိုလည်း တွေ့ရပါသည်။

လေးအမျိုးအစား (၂) မျိုး

၁။ စာပလေး - အလယ်၌ကိုင်းသော တန်ပိုးသဏ္ဌာန် ရှိသော (လင်းလေး)

၂။ ကောဒဏ္ဍာလေး - လုံးလျောင်းသော လေးကိုင်းရှိသော လေး (တူးလေး)

လေးသင်ပုံ - ဆရာထံ လေးသင်ရာ၌ တစ်ကြိမ်ထက်တစ်ကြိမ်၊ တစ်စ ထက်တစ်စ ကြံ့ခိုင်သော လေးအထူး၊ မြားကို စွဲကိုင်နိုင် အောင် လေ့လာခြင်း၊ လက်ဖနောင့်နှိပ်ဟန်၊ လက်ချောင်း ဆုပ်ဟန်၊ ခြေနေဟန်၊ ထားဟန်၊ တင်းတင်းကြပ်ကြပ် ကိုင်ဟန်၊ ညှို့ငင်ဟန်၊ မြားတင်ဟန်၊ မြားဖွဲ့ဟန်များ ကို သတ်မှတ်ခြင်း၊ ရည်ရွယ်ချက်၊ ပန်းတိုင်မှန်အောင် စက်အမှတ်ကို ပစ်ခြင်းများသည်ပင် လေးသင်သည်၊ လေ့ကျင့်သည် မည်ပါ၏။

ဆရာကိုင်သင်- ညှို့မတင်မီ လေးထောင့်တစ်ထွာ၊ ညှို့တင်ပြီး လေး ပြသောလေး ထောင့်တည်း၊ လေးတောင် ပမာဏရှိသော လေးကို (အာစရိယခနု) ဆရာထံ၌ သင်ရသည်။ လေ့ကျင့်ရာ၌ စွဲမြဲကိုင်ရသည်။

- သင်ကြားလေ့ကျင့်ပြီးက အားအစွမ်းအလျောက် ပိုလ် တစ်ရာ၊ ပိုလ်တစ်ထောင်၊ စသည်ဖြင့် ပိုလ်နှင့်ခြင်၍ စွဲကိုင်သည်။

လေးပစ်ရာ၌- မဇ္ဈိမ ပုရိသ အတောင်ဖြင့် လေးတောင်တာဖြင့် အတာ ဥသဘ (၂၀)သည် တစ်ဥသဘ မည်၏။ (မဇ္ဈိမပုရိသ၏ တစ် ဖွဲ့သော တာထောင်သည် ပကတိ ပုရိသ၏ တောင်ထွာဖြစ်သည်။

ပိုလ်ပမာဏတွက်ပုံ - ၅-ကျပ်သည် ၁-ပိုလ်၊ အကျပ် ၄၀-သည် တစ်ပိုလ် (အဘိဓာန်ဋီကာ) အကျယ် ၁၀ ဝိ သည် တစ်ပိုလ်၊ တစ်ပိသာသည် တစ်ပိုလ်(ဝိနယ)

- ၂-သည် အက္ခ ၁-ခု၊ ၅-အက္ခသည် ဓာရဏာ ၁-ခု၊ ဓာရဏာ ၁၀-သည်တစ်ပိုလ်၊ (ဤသို့တွက်၍ ၅-ကျပ်ကို တစ်ပိုလ်ဟုဆိုသည်။)

- ၁၀-သည် အက္ခတစ်ခု၊ ၈-အက္ခသည် ဓာရဏာ တစ်ခု၊ ဓာရဏာ ၁၀-သည်တစ်ပိုလ်၊ (ဤသို့တွက်၍ အကျပ် ၄ဝိ ကို တစ်ပိုလ်ဟုဆိုပါသည်။)

- ပိုလ် (၁၀၀) သည် တူလာတစ်ခု၊ တူလာ (၂၀) သည် ဘာရတ တစ်ခု၊ တစ်ဘာရလျှင် ပိုလ် ၂၀၀၀ ဖြစ်၍၊ ဝန်ချိန် တစ်ဘာရကို ချိန်ိုင်သော လေးသည် ပိုလ် ၂၀၀၀ အားရှိသော လေး မည်ပါသည်။

(အင်္ဂုတ္တိရ် နဝက၊ သဋ္ဌာယတနသံယုတ်)

စစ်လှေမျာ်း

ရှေးစစ်ဆင်ရေးတွင် ရေကြောင်း၌ စစ်ဆင်ရာ၌ လှေမျာ်းသည် အရေးပါသော ရေကြောင်း စစ်ဆင်ရေးယာဉ်မျာ်း ဖြစ်ကြပါသည်။

စစ်ပွဲတွင် အဓိက အသုံးပြုသည့် ကား၊ ရဲလှေကြီးမျာ်းဖြစ်သည်။ မင်းစီးရန်အတွက် လောင်းလှေမျာ်းရှိပါသည်။ လှော်ကား၊ သံလှေ၊ လောင်းလှေ၊ ကတ္တား။ လွန်းကြင်း၊ ဇလာကပင်၊ ကူရွက်၊ သမ္ဗာန်၊ လှော်လှေ၊ ခတ်လှေ စသည်ဖြင့် တွေ့ရပါသည်။

လေ့ကျင့်သားရေးချယ်မှု

စစ်သားတစ်ဦးသည် -

- ခြေဆယ်ပွဲအောင်မှ မြင်းတင်သည်။
- မြင်းဆယ်ပွဲအောင်မှ ဆင်စီးရသည်။
- ဆင်ဆယ်ပွဲအောင်မှ လှေစီးရသည်။

လှေလှော်သားတို့သည် ဤမျှ အဆင့်မြင့်သည်ကို တွေ့ရပါသည်။

လှေတော်အမှုထမ်းတို့၏ ဘွဲ့အမည်များ

လှေတော်အမှုထမ်းများကို စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့ပေးရာ၌ ရေကြောင်းဆိုင်ရာ ဘွဲ့များပေးလေ့ရှိပါသည်။

ဘွဲ့အမည်မှာ -

(၁) ဂင်္ဂါဇေယျ

(၂) ဇလသူရ

(၃) ဇလသင်္ဘီ

(၄) ဂင်္ဂါသူ ဟူ၍ ဘွဲ့ပေးလေ့ရှိသည်။

အဝတ်တန်ဆာအားဖြင့်

- ဦးထုပ်ရွှေ၊ လက်ကြပ်ငွေ၊ ပုဆိုးအနီရောင်၊ ခြုံးပန်းဒက်ဘယက်

တို့ကို ဆင်ပေးရသည်။

လှေရေးတက်ရေး (၃၇)

၁။	ဘုရားရှိခိုး	၂။	ရွှေလောင်းခြီ
၃။	ရွှေလောင်းထွက်	၄။	ဖောင်တော်ယှဉ်
၅။	တက်ကောက်	၆။	တက်မြှောက်
၇။	တက်တန်း	၈။	တက်စောင့်

၉။ တက်ထောင်
၁၀။ တက်ယုက်
၁၁။ တက်ဝုက်
၁၂။ တက်ခပ်
၁၃။ တက်လု
၁၄။ အိမ်မိုးခြင်တင်
၁၅။ ဇင်ယော်သုတ်
၁၆။ ဇင်ယော်ဝဲ
၁၇။ ဝမ်းဘဲတောင်ဖြန့်
၁၈။ ဝမ်ဘဲကန့်
၁၉။ လက်ပြန်
၂၀။ ခေါ်တော်မူ
၂၁။ ကိန္နရာတောင်ခတ်
၂၂။ နတ်သမီးပန်းဆွတ်
၂၃။ နတ်သမီးပန်းလှမ်း
၂၄။ နတ်သမီးပန်းတောင်း
၂၅။ သံလျက်ထမ်း
၂၆။ ဆေးတံတော်တိုး
၂၇။ ရာဇမတ်ကြီး
၂၈။ ရာဇမတ်ငယ်
၂၉။ နေရောင်ကာ
၃၀။ နေရောင်ပြ
၃၁။ တင်းတိမ်ရံ
၃၂။ တင်းတိမ်လှစ်
၃၃။ သုံးချက်ဖောက်ပြန်
၃၄။ စမွာယဉ်ရုံ
၃၅။ ဆင်စွယ်ဝန်းယုက်
၃၆။ ကိန္နရာတောင်ယုက်
၃၇။ နတ်သမီးပန်းခိုး

ဆင်တမ်

ဆင်သည် စစ်တိုက်ရာတွင် အရေးပါသော သတ္တဝါဖြစ်သည်။ ဆင်ဆိုတိုင်း စစ်မြေပြင်တွင် မသုံးရပါ။ ဆင်ကို စမ်းသပ်လေ့ကျင့်၍ မှတ်ကျောက်တင်ခံသော ဆင်များကို စစ်မြေတွင် သုံးရပါသည်။

ဆင်ကို ဦးစွာ ကျားဟိန်းသံကိုလည်းကောင်း၊ ကျားရုပ်ဖြင့်လည်းကောင်း ခြိမ်းခြောက်၍ မကြောက်လျှင် တီးသံ၊ မှုတ်သံ၊ နဲ့သံ စသည်ဖြင့် ခြိမ်းခြောက်ရပြန်ပါသည်။

ထိုမှခံနိုင်လျှင် သေနတ်အမြောက် ပစ်ဖောက်၍ ခြိမ်းခြောက်ရပြန်သည်။ ထိုမှ ခံနိုင်လျှင် စစ်သည်တို့၏ အော်ဟစ်သံ၊ ကြိမ်းမောင်းသံ၊

ဒိုင်းလွှားရိုက်ခတ်သံ စသည်တို့ဖြင့် ခြိမ်းခြောက်ရပြန်သည်။ ဤသို့မှ မကြောက်မရွံ့ ခံနိုင်တုံသော ဆင်ကိုမှ လေ့ကျင့်၍ စစ်မြေပြင်သို့ သွင်းရသည်။

အဲမောင်းရေးနှင့်မြင်းရေး (၃၇)မျိုး

ရှေးခေတ်စစ်တို့တွင် လူကိုင်လက်နက်တွင် ဓားလုံသည် အရေးပါလက်နက်ဖြစ်သလို ဆင်နှင့်မြင်းစီးပြီး၊ လုံ ဓားနှင့် တိုက်သော စစ်ရေးအခင်းအကျင်းသည် အရေးပါသော စစ်ပညာဖြစ်ပါသည်။

အဲမောင်း ခေါ် လုံရေး (၃၇)နှင့် မြင်းရေး (၃၇)ရေး ဖြစ်ပါသည်။ ယင်းတို့သည် ခွဲ၍မရပါ။ အတူယှဉ်တွဲ တတ်အပ်သော စစ်ရေးအတတ်များဖြစ်ပါသည်။

မြင်းရေး		အဲမောင်း(လုံရေး)
၁။	ပယ်ဝန်းမြင်းစီးဟန်	- သက်တင်ရဲသောက်ဟန်လုံရေး
၂။	လယ်စိတ်မြင်းစီးပုံ	- ခြင်္သေ့တန်းဆွဲဟန်လုံရေး
၃။	ပယ်ခွဲမြင်းစီးဟန်	- ရွှေစလွယ်တင်ဟန်လုံရေး
၄။	စန္ဒာရယ္ဒက်မြင်းစီးဟန်	- သိကြားတန်ဆောင်ကိုင်ဟန်လုံရေး
၅။	လေးကျွန်းမှန်ကူမြင်းစီးဟန်	- ပြဟ္မာလက်လှမ်းဟန်လုံရေး
၆။	ဘုံနန်းတန်ဆောင်မြင်းစီးဟန်	- လက်ျာကဉီးဟန်လုံရေး
၇။	စွန်ဝဲမြင်းစီးဟန်	- ဟင်္သာတောင်ယှက်ဟန်လုံရေး
၈။	ဆင်ထူးမြင်းစီးဟန်	- စွန်တောင်ဖြန့်ဟန်လုံရေး
၉။	ရွှေနန်းတိုင်စည်မြင်းစီးဟန်	- ကြင်စပန်းတင်ဟန်လုံရေး
၁၀။	ကြာချပ်မြင်းစီးဟန်	- တင်ပိုက်ဟန်လုံရေး
၁၁။	အုန်းပင်ရေသွန်းမြင်းစီးဟန်	- ဂဠုန်တောင်ခုန်ပဟန်လုံရေး
၁၂။	နှမ်းထွက်မြင်းစီးဟန်	- တိမ်ခြည်ဖုံးဟန် လုံရေး

၁၃။ စွန်သုတ်မြင်စီးဟန် - တံပိုးသွဲ့ဟန်လှုံရေး
၁၄။ ရှစ်မြောင့်ခိုနန်းမြင်းစီးဟန် - အမြီးသွေးဟန်လှုံရေး
၁၅။ လက်ျာဆက်ကြာဖူးမြင်းစီးဟန် - စလွယ်တင်ဟန်လှုံရေး
၁၆။ နွယ်ဝင်မြင်းစီးဟန် - ပြည်လုံးရစ်လည်ဟန်လှုံရေး
၁၇။ နဝတက်ရေလည်မြင်းစီးဟန် - ကြက်မိုးစွတ်ခါဟန်လှုံရေး
၁၈။ ရာဇမတ်မြင်းစီးဟန် - ရေရစ်လည်ဟန်လှုံရေး
၁၉။ ခိုနန်းပုံလိပ်မြင်းစီးဟန် - ကညောင်တင်ဟန်လှုံရေး
၂၀။ ရွှေတံခွန်မြင်းစီးဟန် - ပင်လယ်တောင်ဝှေးစွဲဟန်လှုံရေး
၂၁။ မြင့်မိုရ်ပုံလိပ်မြင်းစီးဟန် - လက်ဝဲကဉီးဟန်လှုံရေး
၂၂။ ကြာယပ်မြင်းစီးဟန် - လက်ဝဲရင်အုပ်ဟန်လှုံရေး
၂၃။ နတ်သားဗိမာန်မြင်းစီးဟန် - လက္ခရစ်အုပ်ဟန်လှုံရေး
၂၄။ ရွှေပြက်မြင်းစီးဟန် - ကျွဲတုံးတင်ဟန်လှုံရေး
၂၅။ ဝါကြိုတ်လိမ်မြင်းစီးဟန် - မင်တင်လှုံရေး
၂၆။ ကွန်းရုံးတက်မြင်းစီးဟန် - ချည်သွတ်ဟန်လှုံရေး
၂၇။ ခရုပတ်မြင်းစီးဟန် - ပုစ္ဆတန်းစွဲဟန်လှုံရေး
၂၈။ အောက်ချင်းပုံတံဆိပ်မြင်းစီးဟန် - ရွှေလှုံမောက်တိုရိပ်ဟန်လှုံရေး
၂၉။ ကွန်းရုံးတက်မြင်းစီးဟန် - ချည်သွတ်ဟန်လှုံရေး
၃၀။ ကြာသွက်အိုးမြင်းစီးဟန် - ရွှေလှုံစဲရစ်ထောက်ဟန်လှုံရေး
၃၁။ ရွှေတံဆိပ်မြင်းစီးဟန် - ဆင်ကန်းတောတိုးဟန်လှုံရေး
၃၂။ သမက်စောင်ရန်းမြင်းစီးဟန် - လက်ျာရွှေ့ဖော်လှုံရေး
၃၃။ ဘီလူးတိုင်ရေလုမြင်းစီးဟန် - ကျားမြီးစွဲဟန်လှုံရေး
၃၄။ ဘီလူးပုခက်မြင်းစီးဟန် - ကွဲမြီးခတ်ဟန်လှုံရေး
၃၅။ ဘီလူးနားထွင်းမြင်းစီးဟန် - ဆံထုံးရစ်ဟန်လှုံရေး
၃၆။ ရေပြက်မြင်းစီးဟန် - ရွှေလှုံလက်ဝဲတော်လှုံရေး
၃၇။ ရေကန်သက်ဆင်းမြင်းစီးဟန် - ခက်မလေးဖြာလှုံရေး

အဓမောင်းမြင်းဓရး (၃၇) ပါး

အဓမောင်း(လုံ့ရေး) ၃၇ နှင့်မြင်းရေး (၃၇)သည် ခွဲမရပါ။ မြင်းရေး (၃၇)နှင့် ကိုင်ဆောင်သော အဓမောင်း(လုံ့ရေး) ၃၇ သည် တစ်ပါတည်း ပါဝင်သွားပါသည်။

၁။ ပယ်ဝန်းမြင်းစီးဟန်နှင့် သက်တင်ရေသောက်ဟန်လုံ့ရေး - လုံ့ကို ဝဲယာစပ် ခြောက်ကြိမ်ပြည့်အောင် သွဲ့ပြီး လက်ျာလက်ကို မြှောက်ကွေး ပြီးလျှင် လက်ဖမိုးကို လုံ့အထက်ကအုပ်၍ ပယ်ဝန်းမြင်းစီးရေး စပ်မိသည့် တိုင်အောင် လုံ့သွားကို လက်ျာဖက် မြင်း၏နားနှင့်အမျှ ကိုင်တွယ်စီးနင်းရသည်။

၂။ လယ်စိတ်မြင်းစီးပုံနှင့် ခြသေ့်တန်းဆွဲဟန်လုံ့ရေး - လုံ့ကို ဝဲ ယာ ခြောက်ကြိမ် ပြည့်အောင် သွဲ့ပြီးလျှင် လက်ျာလက်ကို မြင်း၏လက်ျာ တဖျားသို့ ရောက်အောင် တန်းတန်းလုံ့ကို အောက်က လက်ဖမိုးထား၍ လုံ့သွားကို မြေနှင့်လက်လေးသစ် အကွာထားရှိပြီး ကိုင်တွယ်လျက် ပယ်စိတ် မြင်းရေစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၃။ ပယ်ခွဲမြင်းစီးဟန်နှင့် ရွှေစလွယ်တင်ဟန်လုံ့ရေး - လုံ့ကို ဝဲ ယာ (၆)ကြိမ်ပြည့်အောင် လွှဲပြီးလျှင် လက်ျာလက်ကို လက်ဝဲလက် အပေါ် ဝဲပုခုံးနှင့် ကပ်၍ လုံ့ကိုကိုင်ပြီးလျှင် ပယ်ခွဲမြင်းစီးရေးစပ်မိသည် တိုင်အောင် ၎င်းလက်ကို မပျက်ဘဲ တစ်ဘက်သတ် သွဲ့၍စီးရသည်။

၄။ စန္ဒာရယှက် မြင်းစီးဟန်နှင့် သိကြားတန်ဆောင် ကိုင်ဟန် လုံ့ရေး - လုံ့ကို ဝဲယာ (၆)ကြိမ်ပြည့်အောင် သွဲ့ပြီးလျှင် စန္ဒာရယှက် မြင်းလေ့စပ်မိသည့်တိုင်အောင် လုံ့သွားကို အထက်မတ်မတ် လုံ့ရိုးများကို ရင်ဘတ်တည့်တည့်ထိလျက် ကိုင်ပြီး စီးနင်းရသည်။

၅။ လေးကျွန်းမှန်ကူမြင်းစီးဟန်နှင့် ငြဟ္မာလက်လှမ်းဟန် လုံရေး - လုံကို ဝဲယာ (၆)ကြိမ်ပြည့်အောင် သွဲ့ပြီးလျှင် လုံသွားကို ရှေ့ထား၍ လက္ခာလက်ကို လက်ျာဘက်နားရှေ့ (မြင်းနား)လုံကို တန်းတန်းကိုင်ပြီး လေးကျွန်းမှန်ကူ မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၆။ ဘုံနန်းတန်ဆောင်မြင်းစီးဟန်နှင့် လက္ခာကဉီးဟန်လုံရေး- လုံကို ဝဲယာ(၆)ကြိမ်ပြည့်အောင် သွဲ့ပြီးလျှင် သိကြားတန်ဆောင်ကိုင်နည်း များကဲ့သို့ ရင်ဘတ်နှင့်မထိစေဘဲ လက်ျာဘက်ဦးသို့ လုံကိုပြောင်းရွှေ့ ကိုင်တွယ်ပြီး ဘုံနန်းတန်ဆောင်မြင်း စီးရေစပ်မိသည့်တိုင်အောင် စီးနင်း ရသည်။

၇။ စွန်ဝဲမြင်းစီးဟန်နှင့် ဟသ်ာတောင်ယှက်ဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ်ပြည့်အောင် သွဲ့ပြီးလျှင် လုံသွားကို နောက်သို့နေစေ၍ ပုခုံး လည်ကုပ် ယွန်းယောင်တင်ပြီးလျှင် စွန်ဝမြင်းစီးရေး စပ်မိသည့် တိုင်အောင် စီးနင်းရသည်။

၈။ ဆင်ထူးမြင်းစီးဟန်နှင့် စွန်တောင်မြင့်ဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ်ပြည့်အောင် သွဲ့ပြီးလျှင် လုံရိုးကို လက်မောင်းပေါ်သို့ တင်ကာ လုံသွားနောက်ကထားပြီး ကန်းကူတံကို ကိုင်ရာ ဆင်ထူး မြင်းစီး ရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၉။ ရွှေနန်းတိုင်စည်မြင်းစီးဟန်နှင့် ကြင်စပန်းတင်ဟန်လုံရေး- လုံကို ဝဲ ယာ (၆)ကြိမ်ပြည့်အောင် သွဲ့ပြီးလျှင် လက္ခာလက်ကို လက်ဝဲ ပုခုံးတင် လုံကိုင်သကဲ့သို့ ကိုင်၍ လုံသွားကို အထက်ထားပြီးလျှင် ရွှေနန်း တိုင်စဉ် မြင်းစီးရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၀။ ကြာချပ်မြင်းစီးဟန်နှင့် တင်ပိုက်ဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ်ပြည့်အောင် သွဲ့ပြီးလျှင် လက္ခာကနဦး တင်ကိုင်သကဲ့သို့ လုံသွား

ကို အောက်လုံကို မတ်မတ်ထားပြီး တင်ပါးနှင့်ထိအောင် ကိုင်လျက် ကြာချပ် မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၁။ အုန်းပင်ရွှေသွန်း မြင်းစီးဟန်နှင့် ဂဠုန်တောင်ညွှတ်ဟန် လုံရေး - လုံကို ဝဲယာ (၆)ကြိမ်သွဲ့ရာ (၆)ကြိမ်စေ့၍ လက်ျာဘက်သို့ လုံရောက်လာက လုံသွားကို နောက်ပြန်ဖြစ်အောင် လက်နှင့်လှည့်ပြီးလျှင် လက်ကတီးကြားတွင် ညှပ်ထားကာ ကုန်းပင်ရေသွန်းမြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၂။ နွယ်ထွက်မြင်းစီးဟန်နှင့် တိမ်ခြည်ဖုံးဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ် သွဲ့ပြီးလျှင် လုံကို လက်ဝဲဘက်သို့ ထားလျက် နဖူးနှင့် တည့်တည့်လုံကို မြှောက်ခြီကိုင်တွယ်ပြီးလျှင် နွယ်ထွက်မြင်းစီးရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၃။ စွန်သုတ် မြင်းစီးဟန်နှင့် တံပိုးသွဲ့ဟန် လုံရေး - လုံကို ဘယ် ညာ (၆)ကြိမ်သွဲ့ပြီးလျှင် လုံသွားကိုနောက် အရှိုးဖျားကိုရှေ့တန်းတန်း ထား၍ နှုတ်ခမ်းအနီး လုံရိုးကပ်လျက် တံပိုးမှုတ်သကဲ့သို့ ကိုင်ပြီး စွန်သုတ်မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၄။ ရှစ်မြောင့်ခိုနန်းမြင်းစီးဟန်နှင့် အမြီးသွေးဟန်လုံရေး - လုံကို ဝဲ ယာ (၆)ကြိမ်သွဲ့ပြီးလျှင် လက်ကို အောက်သို့ တန်းတန်း လက်ျာတင်ပါးသို့ ချ၍ လုံကိုလည်း အသွားရှေ့ အရိုးနောက်ထားလျက် တန်းတန်း ကိုင်ကာ ပထမအသွားကို အောက်အထက် မနိမ့်မမြင့်စေရ၊ တူရူးထိုး သကဲ့သို့ တစ်ကြိမ် နှစ်ကြိမ် ဒုတိယလုံသွားကို နောက်ပြန်၍ နောက်ကို ထိုးသကဲ့သို့ တစ်ကြိမ် နှစ်ကြိမ် ရှေ့နောက်ပြန်လှန်ပြီးလျှင် (၈)မြောင့် ခိုနန်းမြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၅။ လက်ျာဆက်ကြာဖူးမြင်းစီးဟန်နှင့် စလွယ်တင်ဟန်လုံရေး-လုံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လက်ကို ရင်ဝယ်တည့်တည့် လုံသွားကို လက်ဝဲပုခုံးထက် လက်နှင့်ကပ် စလွယ်တပ်သကဲ့သို့ ကိုင်ကာ ၎င်းလက်ကို မဖြည်ဘဲ လုံသွားကို ပုခုံးပေါ် တည်စေလျက် လက်ကို ဦးခေါင်းထက်သို့ မြှောက်ယူပြီး လက်နှင့်လုံရိုးကို လက်ျာဘက်သို့ ချပြီးလျှင် လက်ဆက်ကြာဖူး မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၆။ နွယ်ဝင်မြင်းစီးဟန်နှင့် ပြည်လုံးရစ်လည်ဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ် သွဲ့ပြီးလျှင် လုံကို အသွားအထက်က ထားလျက် လက်ကို တန်းတန်းအထက်သို့ မြှောက်ခို၍ လုံရိုးကို ကိုင်ပြီးလျှင် နွယ်ဝင်မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၇။ နဝတက်ရေလည်မြင်းစီးဟန်နှင့် ကြက်မိုးစွတ်ခါဟန်လုံရေး-လုံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် အမြီးသွေးလုံကိုင်သကဲ့သို့ ကိုင်ကာ လုံကို အဆက်မပြတ် ဆတ်ဆတ်ခါလျက် နဝတက် ရေလည်မြင်းစီးရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၈။ ရာဇမတ်မြင်းစီးဟန်နှင့် ရေရစ်လည်ဟန် လုံရေး - လုံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် ယင်းသွဲ့နည်းထက် လျင်မြန်စွာ ဝဲယာ သွဲ့လျက် ရာဇမတ်မြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၁၉။ ခိုနန်းပုံလိမ်းမြင်းစီးဟန်နှင့် ကညောင်တင်ဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လက်ကို ကြက်မိုးဆွတ်ကိုင်နည်းကဲ့သို့ လုံသွားကို နောက်ပြန်ထားပြီး ခိုနန်းပုံလိမ်း မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၂၀။ ရွှေတံခွန်မြင်းစီးဟန်နှင့် ပင်လယ်တောင်ဝှေးစံဟန် လုံရေး-လုံကို ဝဲယာ သွဲ့ပြီးလျှင် လုံအသွားကို အောက်ကထားလျက် ကန့်ကူတံ

ကိုင်သကဲ့သို့ တောင်ဝှေးစွဲဟန် ကိုင်ပြီးလျှင် ရွှေတံခွန်မြင်းရေးစပ်မိသည့် တိုင်အောင် စီးနင်းရသည်။

၂၁။ မြင်းမိုရ်ပုံလိပ်မြင်းစီးဟန်နှင့် လက်ဝဲကဉီးဟန်လှံရေး - လှံကို ဝဲယာ သွဲ့ပြီးလျှင် လက်ျာလက်သို့ မပြောင်းဘဲ လက်ျာကနဉီး တင်သကဲ့သို့ လက်ဝဲကဉီးတင်လျက် မြင့်မိုရ်ပုံလိပ်မြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၂၂။ ကြားယပ်မြင်းစီးဟန်နှင့် လက်ဝဲရင်အုပ်ဟန်လှံရေး- လှံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် သိကြားတန်ဆောင် ကိုင်သကဲ့သို့ လက်ဝဲဘက် လက်မောင်းကဉီးကဲ့သို့ လက်ကို ခွေ၍ထားပြီး နတ်သားဗိမာန် မြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၂၃။ နတ်သားဗိမာန်မြင်းစီးဟန်နှင့် လက်ျာရင်အုပ်ဟန်လှံရေး- လှံကို ဝဲယာ (၆)ကြိမ် သွဲ့ပြီးလျှင် လကျာ်ကနဉီးကဲ့သို့လက်ကို ခွေ၍ထားပြီး နတ်သား ဗိမာန်မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၂၄။ ရေပြက်မြင်းစီးဟန်နှင့် ကျဲတုံးတင်ဟန်လှံရေး - လှံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လှံသွားကို မြင်း၏လည်ပင်းဖျား မေးအောက်သို့ တန်းတန်း သွင်းလျက် ရေပြက်မြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၂၅။ ဝါကြိုတ်လိမ်းမြင်းစီးဟန်နှင့် မင်တင်လှံရေး - လှံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လှံသွားကို လက်ဝဲဘက်သို့ လှံကို တန်းတန်းထား လျက် လှံရိုးကိုမြင်း၏ လည်ဆံပေါ်တင်ပြီး လက်ကို တန်းတန်းကိုင်တွယ်ကာ ဝါကြိတ်လိမ်မြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၂၆။ ကွန်းရုံးတက် မြင်းစီးဟန်နှင့် ချည်သွတ်ဟန်လှံရေး - လှံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လှံသွားကို ရှေ့ထားလျက် ချည်သွေ့ကို ကိုင်

ဗုဒ္ဓယဉ်ကျေးမှုလာ နိုင်ငံတည်ဆောက်ပြုပြင်ရေးအတွက် ဝတ္တရားများ သက့ဲသို့ ကိုင်တွယ်ပြီး ချည်သွတ်မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၂၇။ ခရုပတ်မြင်းစီးဟန်နှင့် ပုစ္ဆတန်းစွဲဟန်လှံရေး - လှံကို ဝဲယာ (၆)ကြိမ် သွဲ့ပြီးလျှင် ယာဘက်တွင် လှံသွားကို မြေသို့ ကောက်ဟန် ကိုင်လွယ်ပြီး ခရုပတ်မြင်းရေး စပ်မိသည့်ကိုင်အောင် စီးနင်းရသည်။

၂၈။ အောက်ချင်းပုံတံဆိပ် မြင်းစီးဟန်နှင့် ရွှေလှံမောက်တိုရိပ်ဟန် လှံရေး - လှံကို ဝဲယာ (၆)ကြိမ် သွဲ့ပြီးလျှင် လှံရိုးကို မောက်တိုနှင့်အမျှ ဝဲယာ ပြန်လှန်ကာ အောက်ချင်းပုံ တပ်ဆိပ်မြင်းရေး စပ်သည့်တိုင်အောင် စီးနင်းရသည်။

၂၉။ ကက္ကုသီးမြင်းစီးဟန်နှင့် ပိုးချည်လွှာဘယ်ညာလှံရေး - လှံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လှံရိုးဖျားယာဘက်သို့ လှံသွားကို ဝဲဘက်ထား၍ မျက်နှာရှေ့တန်းတန်း ကိုင်တွယ်ပြီး ကက္ကုသီးမြင်းရေး စပ်မိသည့်တိုင် အောင် စီးနင်းရသည်။

၃၀။ ကြာသွတ်အိုးမြင်းစီးဟန်နှင့် ရွှေလှံဝဲရစ်ထောက်ဟန်လှံရေး - လှံကို ဝဲယာ (၆)ကြိမ် သွဲ့ပြီးလျှင် လှံကို လက်ျာဘက်က ကိုင်တွယ်၍ လက်ဝဲဘက်သို့ လှံသွားမြေးကို ထောက်ဟန်ကိုင်တွယ်ပြီး ကြာသွတ်အိုး မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၃၁။ ရွှေတံဆိပ်မြင်းစီးဟန်နှင့် ဆင်ကန်းတောတိုးဟန် လှံရေး - လှံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လှံသွားကို ရှေ့ထား၍ ရှေ့တိုးဟန် ကိုင်တွယ်ပြီးလျှင် ရွှေတံဆိပ်မြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၃၂။ သမက်စောင်ရန် မြင်းစီးဟန်နှင့် လက်ယာရှေ့ဖော်လှံရေး- လှံကို ဝဲ ယာ (၆)ကြိမ်သွဲ့ပြီးလျှင် လက်ကို တန်းတန်းအောက်သို့ ချထား

လျက် လုံရိုးဖျားက ကိုင်တွယ်ပြီး လုံသွားကို လက်ဘက်ပါး နားထင်ထား ပြီးလျှင် သမက်စောင်ရန်း မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၃၃။ ဘီလူးတိုင်ရေလုမြင်းစီးဟန်နှင့် ကျားမြီးဆွဲဟန်လုံရေး - လုံကို ရှေ့ထိုးဟန် နောက်ထိုးဟန် ပြု၍ ဘီလူးတိုင်ရေလုမြင်းရေး စပ်မိသည့် တိုင်အောင် စီးနင်းရသည်။

၃၄။ ဘီလူးပုခက်မြင်းစီးဟန်နှင့် ကျွဲမြီးခတ်ဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လုံသွားကို မြင်းအမြီးနားသို့ ထားလျက် ကျွဲမြီး ခတ်ဟန် ကိုင်တွယ်ပြီး ဘီလူးပုခက်မြင်းရေး စပ်မိသည့်တိုင်အောင် စီးနင်း ရသည်။

၃၅။ ဘီလူးနားထွင်း မြင်းစီးဟန်နှင့် ဆံထုံးရစ်ဟန်လုံရေး - လုံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် နောက်ဆံပင်ဟန် လုံကိုယူငင်ပြီး ဘီလူး နားထွင်း မြင်းရေးစပ်မိသည့်တိုင်အောင် စီးနင်းရသည်။

၃၆။ ရေပြွက်မြင်းစီးဟန်နှင့် ရွှေလုံလက်ဝဲတော်လုံရေး - လုံကို ဝဲယာ (၆)ကြိမ် သွဲ့ပြီးလျှင် လုံသွားကို လက်ဝါးပါးနားထားလျက် ရေပြွက် မြင်းရေးစပ်သည့်တိုင်အောင် စီးနင်းရသည်။

၃၇။ ရေကန်သက်ဆင်း မြင်းစီးဟန်နှင့် ခက်မလေးဖြာ လုံရေး- လုံကို ဝဲယာ (၆)ကြိမ်သွဲ့ပြီးလျှင် လက်ျာဘက်တွင် လုံကို ရစ်ခေါင်းလှည့် သကဲ့သို့ လှည့်လျက် ရေကန်သက်သက်ဆင်း မြင်းရေးစပ်မိသည့်တိုင် အောင် စီးနင်းရသည်။

ရှေးက မြင်းခင်းသဘင်ကျင်းပ၌ စစ်သူရဲကောင်းတို့ကို ရွေးချယ်လေ့ ရှိကြသည်။

အခန်း(၃)

ခင်ပွန်းကြီး (၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး၊ ဆိုးကျိုးများ

လူ့လောကမှာ လူရယ်လို့ ဖြစ်လာကတည်းက ကျေးဇူးနှင့် မကင်းကြပေ။ ကျေးဇူးဆိုတာ ဘာလဲဟုမေးစရာရှိ၏။

မြန်မာသတ်ပုံကျမ်းမှာ - တစ်ဦးက တခြားတစ်ဦးအပေါ်မှာ ပြုလုပ်သော အကျိုးဆောင်မှုနှင့် ကောင်းကျိုးကို "ကျေးဇူး"ဟူ၍ ဖွင့်ဆိုထားပါသည်။

မိမိဘဝ ကြီးပွားတိုးတက်စေရန် တည်တံ့ခိုင်မြဲစေရန် လမ်းညွှန်ကူညီပြုလုပ်ပေးသူကို "ကျေးဇူးရှင်" ဟုခေါ်ဆိုပါသည်။

ကုသိုလ်ကောင်းမှုများသည် ကောင်းမှုရှင်ကို အပါယ်လေးပါးမှ ကင်းလွတ်စေလျက် ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရအောင်ပြုလုပ်ပေးတတ်၍ ကုသိုလ်ကောင်းမှုများနှင့် ကောင်းမှုရအောင် ပြုလုပ်ပေးသူများကိုလည်း သတ္တဝါတို့၏ "ကျေးဇူးရှင်"ဟု ခေါ်ဆိုပါသည်။

နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ တစ်စုံတစ်ယောက်၏ ကူညီစောင့်ရှောက်မှု၊ ပေးကမ်းမှုကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ သိတတ်ခြင်းကို "ကျေးဇူးသိသည်" ဟု ဆိုလိုပါသည်။

မဖြစ်သေး မရရှိသေးသော အခြေအနေကို ဖြစ်လာအောင်၊ ရရှိလာအောင် ပြုလုပ်ပေးခြင်း၊ ရရှိပြီးသော အခြေအနေကို တည်တံ့တိုးတက်လာအောင် ပြုလုပ်ပေးခြင်းကို "ကျေးဇူးပြုသည်"ဟု ဆိုပါသည်။

တုန့်ပြန်ကူညီခြင်း၊ ထုတ်ဖော်ချီးကျူးခြင်း၊ အောက်မေ့သတိရခြင်း စသည်ဖြင့် သူတစ်ပါး၏ ကျေးဇူးကို ပေးဆပ်ရမည်သာ ဖြစ်၏။ ထိုသို့ ပြုလုပ်မှုကို "ကျေးဇူးဆပ်သည်"ဟု ခေါ်ဆိုရပါမည်။

အကုသိုလ်မှ ရှောင်ကြဉ်ခြင်း၊ ဆင်ခြင်ပွားများခြင်း စသည်ဖြင့် ကုသိုလ်၏ကျေးဇူးကို တုန့်ပြန်မှု ပြုရပါမည်။

ကျေးဇူးကို သိရုံမျှဖြင့် တာဝန်ကျသည်ဟု မဆိုရပါ။ စွမ်းနိုင်သမျှ ပေးဆပ်ပါမှ၊ ပေးဆပ်နိုင်အောင် ကြိုးစားပါမှ ကျေးဇူးဆပ်ရာ တုန့်ပြန်ရာ ရောက်ပါသည်။

မစိုးရိမ်ပဌာန်းဆရာတော်ကြီးက

"သူ၏ကျေးဇူး ရှိခဲ့ဖူး၊ အထူး ပြန်ဆပ်နိုင်စေသော်၊
မဆပ်နိုင်စေ ရှိပစေ၊ မချေမဖျက် မိစေသော်"

ဟူ၍ ဆုတောင်းထားသည်ကို တွေ့ရှိရပါသည်။

တစ်လုပ်ကျွေးဖူး၊ သူ့ကျေးဇူး၊ အထူးမမေ့အပ် ဟူ၍ ဆိုရိုးစကား ရှိခဲ့ပါသည်။ မဃဒေဝလင်္ကာမှာ -

"ရတနာသုံးပါး၊ ဘိုးဘွားမိဘ၊ စရိယနှင့်၊ ခေတ္တနားဝင်၊ တော သစ်ပင်၏၊ တင်ရာအထူး၊ ဂုဏ်ကျေးဇူးကို၊ စူးစူးရှရှ၊ သိပါကြ၍၊ ကာယ ဝစီ၊ မနသီမှု၊ ဤသုံးခုဖြင့်၊ သူပြုပေးဖူး၊ သူ့ကျေးဇူးကို၊ အထူး တုန့်ပြန်၊ ဆပ်ပေးရန်ဟု၊ ပြန်လှန်ဖို့သာ၊ ဟောခဲ့ပါသည်၊ သစ္စာရှိကြစေသတည်း"

ဟူ၍ ကျေးဇူးရှင်များနှင့် ကျေးဇူး ပြန်ဆပ်ကြရန် လမ်းညွှန် ဆုံးမထားသည် ကို တွေ့ရှိရပါသည်။

"အကြင်သူ၊ ကြည်ဖြူနှစ်သက်၊ သူ့အိမ်ထက်ဝယ်၊ တစ်ရက် တစ်ည၊ တစ်ကြိမ်မျှလျှင်၊ သုခခံစား၊ များများမဟုတ်၊ တစ်လုပ်

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ၄၀၃

ထမင်း၊ တစ်ရှုပ်ဟင်းကို၊ ဝမ်းတွင်းလျှာနူး၊ သုံးရဖူးမူ၊ ထိုသသူအား၊ ပြစ်မှားတရံ၊ မနောကံမှ၊ မကြံအပ်"

ဟူ၍ ဝိဓူရပျို့မှာ ဖော်ပြထားပါသည်။

"အကြင်သူသည် အကြင်သစ်ပင်၏ အရိပ်၌နေလည်း နေဖူးခဲ့၏။ အိပ်လည်း အိပ်ခဲ့ဖူး၏၊ ထိုသူသည် ထိုသစ်ပင်၏ အကိုင်းအခက်ကို မချိုးဖဲ့ မဖျက်ဆီးရာ၊ အကယ်၍ ချိုးဖဲ့ ဖျက်ဆီးမိအံ့၊ ထိုသူကို ခင်ပွန်းပြစ်မှားသော သူယုတ်မာ စာရင်းသို့ သွတ်သွင်းရာ၏"

ဟူ၍ ဟောထားပါသည်။

ကျေးဇူးပြုဖူးသူမှန်သမျှ ကျေးဇူးရှင်သာဖြစ်ပါသည်။ ဤလောက၌ ကျေးဇူးကိုသိတတ်သူ၊ တုန့်ပြန်ပေးဆပ်သူတို့ကား နည်းပါးသည်။ ကျေးဇူးကို လျစ်လျူရှုသူ၊ ပြစ်မှားသူသာ များပြားလှပါသည်။ ထို့ကြောင့် ရှေးပညာရှင်များက "တင်ပေဖူးသည့်၊ ကျေးဇူးရှိလျက် အဆပ်ခက်" ဟူ၍ ဆိုထားပါသည်။

ဘုရားရှင်က အင်္ဂုတ္တိရ်၊ ဒုကနိပါတ်၌ -

"ရဟန်းတို့ လောက၌ ရနိုင်ခဲသော ပုဂ္ဂိုလ်နှစ်မျိုးရှိ၏။ ၎င်းမှာ သူတစ်ပါးအား ရှေးဦးစွာ ကျေးဇူးပြုတတ်သူ၊ သူတစ်ပါး၏ ကျေးဇူးကို တုံ့ပြန်ပေးဆပ်တတ်သူတို့ ဖြစ်ကြသည်"

ဟူ၍ ဟောတော်မူထားပါသည်။

အထူး အရေးကြီးသည်က သူ့ကျေးဇူးကို မချေဖျက်မိရန် စောင့်ထိန်းတတ်ရန် ဖြစ်ပါသည်။ ထိုကဲ့သို့ မဟုတ်ဘဲ သူ့ကျေးဇူးကို ချေဖျက်မိပါက ဆင်းရဲဒုက္ခအမျိုးမျိုးကို ရရှိခံစားနိုင်ပါသည်။

ကျေးဇူးကန်းသူနှင့်ပတ်သက်လို့ မန်လည်ဆရာတော်ဘုရားကြီးက မယဒေဝလင်္ကာမှာ -

"ဤလူ့ဘဝ၊ လူ့လောက၌၊ ဉာဏသမ္ပဇဉ်၊ ကင်းမယှဉ်ဘဲ၊ ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ ဗာလဟူ၏၊ ခွေးတူမထူး၊

ကျေးဇူးကျိုးရှိ၊ ဂုဏ်သတ္တိကို၊ မသိတတ်ကြ၊ မိုက်ခေါင်လှသား၊ မိတ္တဒုဿ၊ ဇာလဟူသည်၊ လူမသမာ၊ ထိုမျှားစွာတို့၊ ချမ်းသာစီးပွား၊ မတည့်ငြားတည့်၊ လျော့ပါး ယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိဏ်စစ်ရေ၊ ကျမျှားရေသို့၊ သရေမတိုး၊ ဘုန်းရောင် ညှိုးလျက်၊ တန်ခိုးနေ့ည၊ ဆုတ်ကပ်ပမာ၊ ယုတ်တတ်စွာ၏"

ဟု ဆိုဆုံးမထားခဲ့ပါသည်။

ထို့ကြောင့်ကျေးဇူးကြီးမားကြကုန်သော ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားမိစေရန်လည်းကောင်း၊ မိမိ ဘဝတစ်လျှောက် ကျေးဇူးကြီးမားကုန်သောသူများ၏ ကျေးဇူးကို သိရှိ၍ ကျေးဇူးပြန်လည် ဆပ်နိုင်ကြစေရန် ခင်ပွန်းကြီးဆယ်ပါးကို သိထားသင့်ပါသည်။

ခင်ပွန်းကြီးဆယ်ပါး

လောကတွင် မပြစ်မှားထိုက်သော ကျေးဇူးရှင်များရှိ၏။ ၎င်းကို ခင်ပွန်းကြီး ဆယ်ပါးဟု ခေါ်ဆိုကြပါသည်။ ၎င်းခင်ပွန်းကြီးဆယ်ပါးမှာ-

၁။ မြတ်စွာဘုရား

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ပါရမီဖြည့်ကျင့်၍ သစ္စာလေးပါး တရားမြတ်ကို ကိုယ်တိုင်သိမြင်၊ သူတစ်ပါးတို့ကိုလည်း ဟောဖော်ညွှန်ကြားသော ပုဂ္ဂိုလ်ကို မြတ်စွာဘုရားဟုခေါ်ပါသည်။

၂။ ပစ္စေကဗုဒ္ဓါ

နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကျင့်၍ သစ္စာလေးပါးတရားမြတ်ကို ကိုယ်တိုင်သိမြင်ကြသည်။ သတ္တဝါဝေနေယျများကို ကျွတ်ထိုက်အောင် မဟောပြနိုင်သော်လည်း ပါရမီရှင်တို့ ကုသိုလ်ပါရမီပြည့်စေရန် မြတ်သောအလှူခံ ပုဂ္ဂိုလ်ကို ပစ္စေကဗုဒ္ဓါ ဟု ခေါ်ပါသည်။

၃။ ရဟန္တာပုဂ္ဂိုလ်

အဂ္ဂသာဝက၊ မဟာသာဝကစသော အာသဝေါတရား ၄-ပါး ကုန်ခန်းသည့် ပုဂ္ဂိုလ်များကို ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

၄။ လက်ဝဲရံ လက်ယာရံ အဂ္ဂသာဝက

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်နှစ်ပါးတို့သည် လက်ဝဲရံ လက်ယာရံ အဂ္ဂသာဝကများဖြစ်သည်။ ၎င်းတို့သည် တစ်သခြေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီဖြည့်ကျင့်ရပါသည်။

လက်ဝဲရံ လေးဆယ်၊ လက်ယာရံ လေးဆယ် ပေါင်းရှစ်ဆယ် ရှိ၏။ အဂ္ဂသာဝက ၂-ပါးမှတစ်ပါး ကျန် (၇၈)ပါးသော ပုဂ္ဂိုလ်တို့သည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရ၍ မဟာသာဝကဟု ခေါ်ပါသည်။

၅။ အမိ

သားသမီးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်နူးစေ၍ လူအပေါင်းတို့အား လူ့လောကသို့ ပို့ဆောင်ပေးသူကို အမိ၊ မိခင်၊ အမေ ဟုခေါ်ဆိုပါသည်။

၆။ အဖ

သားသမီးများနှင့်အတူ ဇနီးမယားကို တစ်သက်တာပတ်လုံး ကျေးမွေး စောင့်ရှောက်တတ် အန္တရာယ်အပေါင်းမှ အကာအကွယ်ပေးတတ်ခြင်းရှိသော သူကို အဖ၊ ဖခင်၊ အဖေ ဟုခေါ်ဆိုကြပါတယ်။

ကိုးလလွယ်၊ ဆယ်လ မွေးဖွားပေးခဲ့တဲ့ အမိနှင့် ထိုအမိနှင့် သားသမီးတို့ကို ကိုယ်ဝန်တည်သည်မှသည် ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်လူဖြစ်လာ၍ လူ့လောကထဲသို့ လူတစ်လုံး သူတစ်လုံးဖြစ်လာသည်အထိ ကျေးမွေးစောင့်ရှောက်ပေးခြင်း၊ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ကို

ဆောင်ရွက်ခဲ့ကြတဲ့ ဖခင်တို့ကို အနှိုင်းမဲ့သော ဂုဏ်နှင့် ပြည့်စုံသော အနန္တ ဂုဏ်အင်ကျေးဇူးရှင် ဘုရားနှင့်တစ်ဂိုဏ်းတည်း ထားပါသည်။

၇။ အလေးအမြတ်ပြုအပ်သူ

အရွယ်ကြီးခြင်း၊ အမျိုးမြတ်ခြင်း၊ ပညာကြီးခြင်း၊ သီလ၊ သမာဓိ၊ သိက္ခာကြီးခြင်းစသော ဂုဏ်တို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို အလေးအမြတ်ပြုအပ်သူဟု ခေါ်ပါသည်။

၈။ ဆုံးမသွန်သင်ပေးသူ

တပည့်တို့၏ အကျိုးစီးပွားနှင့် ပတ်သက်၍ နည်းပေးလမ်းပြ လုပ်ပေးတတ်သူ၊ တပည့်တို့၏ နှလုံးသားဉယျာဉ်၌ အလိမ္မာပန်းကလေးများ၊ ပညာပန်းကလေးများ လန်းဆန်းပွင့်ဖူးလာအောင် မေတ္တာရေစင် သွန်းဖျန်းပေးတတ်သူ၊ တပည့်တို့၏ မေတ္တာနှင့်မြတ်နိုးမှု၊ ရိုသေမှု၊ ကြည်ညိုမှုကို ခံယူရရှိသူ၊ တပည့်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ စံနမူနာ၊ နည်းနာဟူသော နည်းငါးနာ(နာငါးနာ)ကို လက်ကိုင်ပြုထားသူကို ဆရာဟူ၍ ခေါ်ဆို ပါသည်။

မန်လည်ဆရာတော်ဘုရားကြီးက -

“ရှေ့ရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလို စိတ်က၊ ဆုံးမတတ်သူ၊ ဆရာ ဟူလော့”

ဟုမယဒေဝလက်ာ၌ ဖွဲ့ဆိုထားပါသည်။

၉။ ပေးကမ်းဖူးသူ

ထမင်းတစ်လုပ်၊ ရေတစ်မှုတ်ဖြစ်စေ၊ နောက်ဆုံး နေရာထိုင်ခင်း ပေးသည်မှအစ အထောက်အပံ့ ပြုပေးသူကို ပေးကမ်းဖူးသူဟု ခေါ်ပါသည်။

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ၄၀၇ ၁၀။ တရားဟောပုဂ္ဂိုလ်

ဘုရားစကား၊ တရားစကားတော်တွေကို ပြန်လည် ဟောကြားပေးသူ၊ ဓမ္မစာပေများကို ပို့ချပေးသူကို တရားဟောပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

ဤပုဂ္ဂိုလ်တို့ကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိခဲ့သော် ဒဏ် (၁၀)ပါး တစ်ပါးပါး ခံရတတ်သည်။ ထို့ကြောင့် မပြစ်မှားမိအောင် သတိပြုရှောင်ကြဉ်ရပါမည်။

ခင်ပွန်းကြီးဆယ်ပါးပြစ်မှား၍ ဆင်းရဲရောက်ရပုံ

မြတ်စွာဘုရားဌ ပြစ်မှားမှု

သတ္တဝါတို့သည် ပညာတည်းဟူသော စက္ခု မရှိသည်၏ အဖြစ်ကြောင့် ငါဘုရား, တပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ငါဘုရား အဆုံးအမဖြစ်သော တရားတော်၏ ဂုဏ်ကျေးဇူးကို မသိကြကုန်။ ပညာတည်းဟူသော စက္ခုတို့မှ ကင်းကုန်သော သူတို့သည် သူကန်းတို့မည်ကုန်၏။ ပညာရှိကုန်သော သူတို့သည် စက္ခုရှိကုန်သော သူတို့မည်ကုန်၏ဟု မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ဂရဟဒိန္ဒကို အကြောင်းပြု၍ ဟောထားခဲ့ပါသည်။ ထို့ကြောင့် ပညာမျက်စိ ရှိရန်လိုအပ်ပါသည်။

ခင်ပွန်းကြီး ဆယ်ပါးထဲမှ မြတ်စွာဘုရားကို ပြစ်မှားမိသောကြောင့် မြေမျိုခံရသော သုပ္ပဗုဒ္ဓမင်းကြီးအကြောင်းကို တင်ပြလိုပါသည် -

ဘုရားရှင်သည် နိဂြောဓာရုံကျောင်းတိုက်၌ သီတင်းသုံး နေတော်မူသောအခါကဖြစ်၏။ ဒေဝဒတ်၏ဖခင် သုပ္ပဗုဒ္ဓမင်းကြီးသည် မြတ်စွာဘုရား ဆွမ်းခံကြွလာသည်ကို ဆီးတားပိတ်ပင်ခဲ့သော မကောင်းမှုကံကြောင့် မြတ်စွာဘုရားရှင်က “ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့ဝယ်

ပြာသာဒ်၏ အောက်ဖြစ်သော စောင်းတန်းလျှခါးရင်း၌ မြေမျိုခံရလိမ့်မည်”ဟု မိန့်တော်မူသည်တွင် ပြာသာဒ်ဘုံ ခုနစ်ဆင့်ထက်သို့တက်၍နေလေ၏။ ခုနစ်ရက် မြောက်သောနေ့တွင် ပြာသာဒ်ထက်၌ မနေနိုင်တော့ဘဲ အောက်သို့ဆင်းရာတွင် မြေမျိုခြင်းကို ခံရလေတော့သည်။

တစ်ဖန် ဘုရားရှင်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆို၍ ပြစ်မှားမိသောကြောင့် ချက်ချင်း အဝီစိငရဲသို့ ကျရောက်ခဲ့ပုံ သာဓကကို တင်ပြလိုပါသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အခါကဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မူလာသည့် အခြိန်မှစတင်၍ တိတ္ထိတို့ကို လျှဒါန်းမည့်သူ နည်းပါးလာ၏။ ကြည်ညိုသူနည်းလာ၏။ လာဘ်လာဘ နည်းပါးမှုကြောင့် တိတ္ထိများတိုင်ပင်၍ မြတ်စွာဘုရားရှင်၏ကျေးဇူး မဲ့ကို ပြောကြား ပြုလုပ်နိုင်သူကို ရွေးချယ်ခဲ့ရာ “စိဉ္စမာဏဝိကာ”ပရိဗိုဇ်မလေးကို တာဝန်ပေးလေတော့၏။

ထို“စိဉ္စမာဏဝိကာ”ပရိဗိုဇ်မလေးသည် အလွန်လှပတင့်တယ်၏။ နတ်သမီးကဲ့သို့ သူ၏ကိုယ်မှ အရောင်တို့သည် ထွက်ကုန်၏။ တစ်နေ့သော် “စိဉ္စမာဏဝိကာ”ပရိဗိုဇ်မလေးသည် ညနေမိုးချုပ်လျှင် ဇေတဝန်ကျောင်းဘက်သို့သွား၊ ကျောင်းအနီးရှိ တိတ္ထိတွေထံမှာ ညအိပ်၍ နံနက်မိုးလင်းမှ ပြန်လာ၏။ လူတွေက ဘယ်ကလာသနည်းဟုမေးလျှင် “ဇေတဝန်ကျောင်းမှာ ရဟန်းဂေါတမနှင့် အတူသွားအိပ်ပြီး ပြန်လာသည်”ဟု လူတွေ ကို ထင်ယောင်ထင်မှားဖြစ်အောင် ပြောဆိုခဲ့လေ၏။

ရှစ်လ ကိုးလလောက်ရောက်သောအခါ ဝမ်းဗိုက်ကို ပျဉ်ချပ်တွေကပ်၍ အပေါ်ကအဝတ်တွေပတ်ပြီး၊ ပဋိသန္ဓေ အရင့်အမာရှိသည့်ပုံ သဏ္ဌာန်ပြုလုပ်ပြီး မြတ်စွာဘုရား တရားဟောနေစဉ် ပရိသတ်ထဲဝင်၍ “ရှင်ဂေါတမ၊ သင်ကတော့ လူတွေနဲ့ တရုန်းရုန်း ပျော်နေလိုက်တာ၊ ကျုပ်

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ၄၀၉ မှာတော့ ရှင်နှင့်ရထားသည့် ကလေးကို ဘယ်မှာမွေးရမှန်းမသိ၊ မွေးဖို့ နေရာလေး ရှာပေးပါဦး"ဟု ပြောဆိုစွပ်စွဲနေလေတော့၏။ တစ်ချို့လူတွေက သနားပြီး မြတ်စွာဘုရားရှင်အပေါ် ထင်ယောင်ထင်မှား ဖြစ်မိ၏။

ထိုအခါ မြတ်စွာဘုရားရှင်က "အိုနှမ အသင်သည် ပြောဆိုအပ်သော စကား၏ ဟုတ်မှန်သည့် အဖြစ်ကိုလည်းကောင်း၊ ချွတ်ယွင်းသည့် အဖြစ်ကိုလည်းကောင်း၊ ငါဘုရားသည်သာလျှင်လည်းကောင်း၊ အသင် သည်လည်းကောင်း၊ နှစ်ဦးသော သူတို့သာ သိကြကုန်၏"ဟု မိန့်တော်မူလိုက်၏။

လူတစ်ချို့သည် ကိုယ်ဝန်ကိစ္စကို ဘုရားရှင်နှင့်စဉ္ဆမာဏဝိကာ ပရိဗိုဇ်မလေးတို့ နှစ်ကိုယ်ကြားသာသိသည်ဟု ဘုရားရှင်၏ မိန့်တော်မူချက်ကို ပို၍ပင် သံသယဝင်ကာ ထင်ယောင်ထင်မှား ဖြစ်မိလေတော့၏။

ထိုအခြင်းအရာကို သိကြားမင်းသည် မနေနိုင်တော့ဘဲ နတ်သားလေးယောက်ကို ကြွက်ယောင်ဖန်ဆင်းစေပြီး "စဉ္ဆမာဏဝိကာ"ပရိဗိုဇ်မလေးကိုယ်ပေါ်တွင် ပတ်ထားသော ပျဉ်ချပ်များကို တစ်ပြိုင်နက် ကိုက်ဖြတ်လိုက်ရာ ပျဉ်ချပ်တွေ ပြုတ်ကျပြီး ကိုယ်ဝန်မရှိတော့မှန်း သိကြသဖြင့် တရားနာ လူများက "စဉ္ဆမာဏဝိကာ"ပရိဗိုဇ်မလေးအား ဝိုင်းဝန်း ရိုက်နှက်၍ ဇေတဝန်ကျောင်းတော်မှ နှင်ထုတ်လိုက်လေတော့၏။

ဇေတဝန်ကျောင်း အပြင်ဘက်အရောက်တွင် "စဉ္ဆမာဏဝိကာ" ပရိဗိုဇ်မလေးသည် ချက်ချင်းပင် အဝီစိငရဲသို့ ကျသွားရလေတော့၏။ တိတ္ထိတွေမှာ ကြည်ညိုသူပို၍ နည်းပါးလာပြီး၊ မြတ်စွာဘုရားရှင်မှာ တိုး၍ တိုး၍ ကြည်ညိုသူ များပြားလာပါတော့သည်။

ဤဖြစ်ရပ်ကို ကြည့်ပါက ကျေးဇူးရှင်ဖြစ်သော မြတ်စွာဘုရားကို ပြစ်မှားမိသောကြောင့် ဒိဋ္ဌဓမ္မ ချက်ချင်း အကျိုးပေးခြင်းပင်ဖြစ်ပါသည်။

ပစ္စေကဗုဒ္ဓါအား ပြစ်မှားမှု

ပစ္စေကဗုဒ္ဓါအား ပြစ်မှားမိခဲ့သောကြောင့် လူနှူဖြစ်ရပုံကို ဆက်လက်တင်ပြလိုပါသည် - ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူသော အခါကဖြစ်၏။ ဘုရားရှင် တရားတော်ဟောတော်မူသည်ကို ပရိသတ်စွန်းကနေ၍ တရားနာသော သုပ္ပဗုဒ္ဓ လူနှူသည် သောတာပန် ဖြစ်၍ မိမိရသော ဂုဏ်ကို လျှောက်ရန် ကြံနေစဉ် သိကြားမင်းက သုပ္ပဗုဒ္ဓ၊ ငါဥစ္စာမျှားစွာပေးအံ့။ ဘုရားကို ဘုရားမဟုတ်ဟု ဆိုလော့ဟုဆို၏။ သုပ္ပဗုဒ္ဓ သည် သိကြားမင်း၏ မျက်နှာကိုကြည့်၍ သင်ကား အဘယ်သူနည်း၊ သိကြားလော၊ အလွန်တရာ မိုက်စွတကား၊ ဤမျှလောက် မိုက်သောသူနှင့် ငါ စကားဖက်ပြောင်၍ မပြောလို၊ ငါ၌ သူတော်ကောင်း ဥစ္စာရတနာ ခုနစ်ပါး မျှားစွာရှိ၏ဟု မောင်းမဲလိုက်သည်။ မြတ်စွာဘုရားထံ ရောက်လျှင် အကျိုး အကြောင်း လျှောက်လေတော့၏။

ဤသုပ္ပဗုဒ္ဓသည် လွန်လေပြီးသော ဘဝတစ်ခု၌ တဂရသိခီမည်သော ပစ္စေကဗုဒ္ဓါတစ်ပါးကို တံတွေးဖြင့် ထွေး၍ ပြစ်မှားမိခဲ့ဖူးသောကြောင့် ကြာမြင့်စွာ ငရဲခံခဲ့ရပြီး ဝိပါက်အကြွင်းအားဖြင့် လူနှူဖြစ်ရသည်။

ထို့ပြင် ရှင်ပစ္စေကဗုဒ္ဓါကိုပြစ်မှားမိ၍ ပြိတ္တာဖြစ်ခဲ့ရပုံကို သာဓကအားဖြင့် တင်ပြလိုပါသည်။ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါက ဖြစ်၏။ ဂိဇ္ဈကူဋ်တောင်၌ ရဲရဲတောက် သံတူအလုံး ခြောက်သောင်းတို့သည် မပြတ် ဦးခေါင်းကိုထုကုန်သည်ဖြစ်၍ သုံးဂါဝုတ်ရှိသော အတ္တဘော(ခန္ဓာကိုယ်) ဖြင့်ခံနေရသော သဋ္ဌကူဋ်ပြိတ္တာ ကြီးကို ရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည် တွေ့မြင်၍ ဘုရားရှင်ကို လျှောက်ထားရာ သဋ္ဌကူဋ်ပြိတ္တာကြီးသည် အတိတ်ဘဝက ရှင်ပစ္စေက ဗုဒ္ဓါတစ်ပါးကို ပြစ်မှားမိခဲ့ဖူးသော မကောင်းမှုကံကြောင့် ဖြစ်ရပုံကို ဤသို့ မိန့်တော်မူခဲ့ပါသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကျောက်စရစ်ကို လက်ဖြင့်ပစ်ခတ်သောအတတ်၌ အပြီးတိုင် တတ်မြောက်သော တစ်ယောက်သော သူဆွံ့သည် ရှိလေ၏။ ထိုသူသည် ကျောက်စရစ်တို့ကို ပစ်၍ ညောင်ရွက်တို့ကိုပြတ်စေပြီး ဆင်ရုပ်၊ မြင်းရုပ်စသည်တို့ကိုဖြစ်စေလျက် ရွာရှိကလေးငယ်တို့ကိုပြသကာ အသက်မွေးလျက်နေလေ၏။ သူ၏ အတတ်ပညာကြောင့် မင်း၏ချီးမြှောက်မှုကိုခံခဲ့ရသဖြင့် လုလင်ယောက်ျား တစ်ယောက်သည် သူ၏အတတ်ပညာကို သင်ယူတတ်မြောက် ခဲ့လေသည်။

လုလင်ယောက်ျားသည် အတတ်ပညာကို စူးစမ်းလိုကြောင်း ဆရာအားပြောရာ နွား၊ လူစသည်တို့ကိုလည်ကောင်း၊ အမိ အဖစသည်တို့ စောင့်ရှောက်မှုကင်းသူ (စောင့်ရှောက်စိုးပိုင်သူ) ကင်းရှင်းသူတို့ကိုလည်းကောင်း စူးစမ်းရန် မှာကြားခဲ့သဖြင့် နွားတို့ကိုတွေ့သော်လည်း စိုးပိုင်သူ ပစ္စည်းရှင် ရှိသောကြောင့်လည်ကောင်း၊ လူစသည်တွေ့သော်လည်း ဆွေမျိုးမိဘ စောင့်ရှောက်သူများရှိ၍လည်းကောင်း မပစ်ခတ်ခဲ့ပေ။

တစ်နေ့၌ "သုနေတ္တ" အမည်ရှိသော ပစ္စေကဗုဒ္ဓါသည် ဗာရာဏသီပြည်သို့ ဆွမ်းရှာခြင်းငှာကြွလာသည်ကိုမြင်၍ ဤသူကား အမိအဖဆွေမျိုး ဉာတိ စောင့်ရှောက်စိုးပိုင်သူမရှိ ဤသူ၌ ပစ်ခတ်သော် ဒဏ်မရှိဟုကြံစည်ပြီး သူ၏အတတ်ပညာကို စူးစမ်းလို၍ ပစ္စေကဗုဒ္ဓါ၏လက်ယာနားတွင်းသို့ ရည်မှန်းလျက် ကျောက်စရစ်ကိုပစ်လိုက်သောအခါ ကျောက်စရစ် သည် လက်ယာနားတွင်းဖြင့်ဝင်၍ လက်ဝဲနားတွင်းဖြင့်ထွက်သွားလေ တော့သည်။

ပစ္စေကဗုဒ္ဓါသည် ဆွမ်းခံမကြွနိုင်တော့ဘဲ ကောင်းကင်ခရီးဖြင့် သီတင်းသုံးနေရာဖြစ်သော သစ်ရွက်မိုးကျောင်းသို့ပြန်ကြွ၍ ထိုဝေဒနာဖြင့်ပင် ပရိနိဗွာန်စံဝင်တော်မူရလေ၏။ မြို့၌နေသူလူအပေါင်းသည် ပစ္စေကဗုဒ္ဓါကိုမမြင်ကြ၍ ကျောင်းသို့သွားကြည့်ရာ ပရိနိဗွာန်ပြုသည်ကိုသိ၍

ငိုကြွေးနေကြစဉ် ကျောက်စရစ်ပစ်သောယောကျ်ားသည် မိမိအတတ်ပညာကိုစူးစမ်းလို၍ပစ်မိကြောင်းပြောရာ လူအများ၏သတ်ဖြတ်ခြင်းကို ခံရပြီး သေပွဲဝင်ရာရလေတော့၏။

ထိုလူမိုက်သည် သေလွန်ပြီးသော် အဝီစိငရဲ၌ ဖြစ်ခဲ့ရပြီး မကောင်းမှု ဝိပါက်ကြွင်းကျန်သောကံကြောင့် ဂိဗ္ဗကုဋ္ဌတောင်ထိပ်၌ သဋ္ဌကူဋပြိတ္တာဖြစ်လာခဲ့ကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။ ဤသည်မှာ ရှင်ပစ္စေကဗုဒ္ဓါကိုပြစ်မှားမိသောကံကြောင့် ပြိတ္တာဖြစ်ခဲ့ရခြင်းဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်များအား ပြစ်မှားမှု

ရဟန္တာမထေရ်မြတ်ကြီးများအား ပြစ်မှားမိပါက အပြစ်ရရှိပုံကို တင်ပြလိုပါသည်။ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသော အခါက ဖြစ်၏။ ဇမ္ဗုကဟူသော တက္ကတွန်းသည် ကျင်ကြီးစွန့်ရာအရပ်၌ အဝတ်မဝတ်ဘဲ ညဉ့်အခါ ကျင်ကြီးကို စားလျက်၊ နေ့အခါ ခြေတစ်ဘက်ကို မြှောက်လျက် ခံတွင်းကို ကောင်းကင်သို့ ရှေ့ရှုဟလျက် လေကိုစားသည်။ မြေပြိုမည်စိုးသောကြောင့် ခြေတစ်ဖက်ကို ကြွသည်ဟု လူအများကို ပြောလျက် တစ်ဆယ့်ငါးနှစ် ပတ်လုံးနေ၏။ အင်္ဂ, မဂဓတိုင်းသူ တိုင်းသားတို့သည် သူတော်ကောင်း မှတ်၍ လစဉ်မပြတ် ထောပတ်များ၊ အဆီ အမြိန် အရသာတို့ဖြင့် ပူဇော်လေသော် သမန်းမြက်ဖျားဖြင့်ကော်၍ လျှာဖျားဌ တင်ပြီးလျှင် သွားကြွလော့၊ အကျိုးဖြစ်လောက်ပါပြီ ဆို၍ လွှတ်လိုက်လေ၏။

ဘုရားရှင်သည် ဇမ္ဗုက၏နေရာသို့ ကြွတော်မူ၍ တစ်ညဉ့်ပတ်လုံး တည်းခိုတော်မူပြီးလျှင် မိုးသည်းထန်စွာရွာ၍ ထိုအရပ်သည် သန့်ပြန့်သော နေရာဖြစ်လေ၏။ ထွန်းပသော ရောင်တော်ဖြင့် နတ်မင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့ ဆည်းကပ်ခစားလေ၏။ ဇမ္ဗုကသည် ဘုရားရှင်ထံသို့လာ

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ငှာ သော နတ်၊ သိကြား၊ ဗြဟ္မာတို့ကိုမြင်၍ မိုးသောက်သောအခါ မြတ်စွာဘုရားကို လျှောက်ထားလေ၏။

ဘုရားရှင်လည်း နတ် သိကြား ဗြဟ္မာတို့သည် ဆည်းကပ်လာကြောင်းကို မိန့်တော်မူပြီး၍ "ဇမ္ဗုက သင်သည် ကဿပဘုရားလက်ထက် ရဟန်းဖြစ်သောအခါ အာဂန္တုက ရဟန်းဖြစ်သော ရဟန္တာတစ်ပါးအား ကုလမစ္ဆေရဖြစ်၍ ဤဒါယကာလှူသော ဆွမ်းထက် မစင်ကိုစားခြင်းကပိုး၍မြတ်သေး၏ ဟုဆိုသော ဝစီကံကြောင့် ဘုရားနှစ်ဆူတို့၏ အကြားမြေကြီးတစ်ယူဇနာနှင့် သုံးဂါဝုတ်ထိအောင် ငရဲခံပြီးမှ ဝိပါက်အကြွေးဖြင့် ဤသို့ယုတ်မာစွာ ဖြစ်ရတကား၊ အဘယ်ကြောင့် လူတို့ကို လှည့်ပတ်နေသနည်း" စသည်ဖြင့် ဆုံးမတော်မူ၍ ဧဟိဘိက္ခု ပဉ္စင်းခံတော်မူသည်။ ထိုခဏာမှာပင် ဇမ္ဗုကသည် အဘိညာဉ်သမာပတ်နှင့်တကွ ရဟန္တာအဖြစ်သို့ရောက်လေ၏။

ထို့ပြင် တစ်နေ့သောအခါ ဂိဇ္ဈကူဋ်တောင်မှအဆင်း ချောက်တစ်ခုကိုတွေ့၍ ခုန်ကူးမိသော ရှင်မဟာကစ္စည်းမထေရ်ကို ဝဿကာရ ပုဏ္ဏားကြီးက မျောက်နှင့်တူသည်ဟု ကဲ့ရဲ့ပြစ်မှားလေ၏။ မြတ်စွာဘုရားက "ကန်တော့လျှင် ကောင်းမည်၊ မကန်တော့လျှင် မျောက်ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားသော်လည်း မာနဓာတ်ခံဖြင့် မကန်တော့ဘဲနေလေ၏။

သေလွန်သောအခါ ဝေဠုဝန်ဥယျာဉ်၌ မြင်းမြီးဆွဲ မျောက်ကြီးဖြစ်လေ၏။ ဝဿကာရဟု အသံပြုလိုက်လျှင် ခေါ်သူ၏နောက်သို့ (အနီးအနားသို့) ရောက်လာတတ်၏။ အကြောင်းသိသူများက "ဩဋ္ဌ ကျုပ်တို့ အမတ်ချုပ်ကြီးက ဒီမှာရောက်နေတာကိုး"ဟု ပြောသောအခါ လူ့ဘဝတုန်းက အဖြစ်အပျက်ကို သတိရပြီး ရှက်လှချည်ရဲ့ဆိုကာ သူ၏မျက်ခွက်ကိုလက်ဖြင့်အုပ်၍ ဖုံးအုပ်ထားရသည်အထိ ဖြစ်ရလေတော့သည်။

လက်ဝဲရံ လက်ယာရံ အဂ္ဂသာဝက

အဂ္ဂသာဝကကြီးများကို ပြစ်မှားမိလျှင်လည်း ပဒုမငရဲသို့ ကျရောက်ရပုံကို တင်ပြလိုပါသည် -

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောကာလိက ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူခဲ့၏။ အကြောင်းမှာ ဤကောကာလိက ရဟန်းသည် ကောကာလိကမြို့၌ ကောကာလိက သူဌေး၏ သားဖြစ်၏။ ရဟန်းဝတ်ပြီးသော် မိမိဖခင်ဖြစ်သော သူဌေးကြီး ဆောက်လုပ် လှူဒါန်းသော ကျောင်း၌ နေလေ၏။ (ဤကောကာလိက ရဟန်းသည် စူဋ္ဌကောကာလိက ဖြစ်၏။ ဒေဝဒတ်၏ တပည့်သည် ပုဏ္ဏား၏သားဖြစ်သော မဟာကောကာလိကဖြစ်၏။)

အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်တို့သည် ငါးရာသော ရဟန်းတို့နှင့်တကွ ဝါကပ်ရန် နီးလာ၍ ကောကာလိကမြို့သို့ ရောက်ရှိ၍ ကောကာလိက နေထိုင်သော ကျောင်းတိုက်သို့ ရောက်ရှိလာ၏။ ငါ့ရှင် ကောကာလိက ငါတို့သည် ဤအရပ်ဌာန၌ ဝါတွင်းသုံးလပတ်လုံး ဝါကပ်ဆို၍ နေကုန်အံ့။ သင်သည် တစ်စုံတစ်ယောက်သောသူအား မပြောကြားပါလင့်ဟု ပဋိညာဉ်ကိုယူ၍ နေကြကုန်၏။ သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီး၍ ပြန်ကြွမည့်အကြောင်း ကောကာလိကကို ပန်ကြားကြကုန်၏။

ကောကာလိကသည် ငါ့ရှင်တို့ ယနေ့တစ်ရက်မျှကို ဆိုင်းငံ့နေကြလျက် မနက်ဖြန်ခါ၌ သွားပါကုန်ဟု တားမြစ်ပြီး နှစ်ရက်မြောက်နေ့၌ မြို့သို့ ဝင်၍ လူဒါယကာတို့အား အဂ္ဂသာဝက ၂ -ပါးရောက်ရှိနေကြောင်း ပြောဆိုလေတော့၏။ ဒါယကာတို့သည် အဂ္ဂသာဝက ၂-ပါးအား လှူဒါန်းရန် ထောပတ်၊ တင်လဲ၊ သင်္ကန်း စသည်တို့ကို ယူဆောင်လာကြကုန်၏။

ကောကာလိကသည် ဤသို့အကြံအစည်ဖြစ်၏။ ဤအဂ္ဂသာဝက တို့သည် အတိုင်းထက်အလွန် အလိုနည်းကုန်၏။ နှုတ်မြွက်ပြောအပ်

ဝိညတ်နှင့် စပ်ယှဉ်သော စကားဖြင့် ဖြစ်ပွားလာသော လာဘ်ကိုမခံယူ မသာယာကုန်လတ္တံ့၊ ကျောင်းနေရဟန်းအား ပေးလှူအံ့ဟု အကြံဖြစ်၏။ ထိုပစ္စည်းမျှားကိုယူ၍ မထေရ်ထံသို့ သွားလေ၏။ အဂ္ဂသာဝကတို့သည် ပစ္စည်းကိုမြင်လျှင်ပင် ငါတို့အား မအပ်စပ်ကုန်။ သင်ကောကာလိကလည်း မအပ်စပ်ကုန်၏ဟု ပယ်မြစ်တော်မူ၍ ဖဲကြွသွားကုန်၏။

ကောကာလိကသည် လာဘ်မရ၍ အဂ္ဂသာဝကမျှားအား ပြစ်တင် ကဲ့ရဲ့ ရန်ငြိုးထားလေ၏။ အဂ္ဂသာဝကနှစ်ပါးတို့သည် တစ်ဖန် ကောကာလိက မြို့သို့ ကြွလာရာ မြို့သူမြို့မျှားမှ မှတ်မိ၍ မြို့အလယ်၌ မဏ္ဍာပ် ဆောက် လုပ်၍ ပရိက္ခရာတို့နှင့်တကွ ပေးလှူကြကုန်၏။

ဤအခြင်းအရာကို ကောကာလိက ရဟန်းမြင်၍ အဂ္ဂသာဝက တို့အား အသင်တို့သည် ရှေးအခါ၌ အလိုနည်းဘိသကဲ့သို့ ဟန်ဆောင် ပြုမူကုန်၏။ ဤယခုအခါ၌ကား ယုတ်မာသော ရဟန်းတို့ဖြစ်ကုန်ပြီဟု ကဲ့ရဲ့ ပြစ်တင်ပြောဆိုလေ၏။ ထို့နောက် ကောကာလိကသည် ဘုရားရှင် ထံသွား၍ အဂ္ဂသာဝကတို့၏ အပြစ်မျှားကို လျှောက်ထားလေ၏။ ဘုရား-ရှင်က သုံးကြိမ်တိုင် တားမြစ်တော်မူလေ၏။ ကောကာလိကသည် ဘုရားရှင် သုံးကြိမ်တိုင်တိုင် တားမြစ်သည်ကို လက်မခံမနှစ်သက်ပေ။

ထို့နောက် မကြာမီ ကောကာလိကရဟန်းအား မုန်ညင်းစေ့မျှ လောက်ကုန်သော အိုင်းအမာတို့သည် တစ်ကိုယ်လုံး ပေါက်ရောက်ကုန်၏။ ထိုအိုင်းအမာတို့သည် မုန်ညင်းစေ့မှ ပဲနောက်ပမာဏ၊ ပဲစင်ငုံစေ့ပမာဏ၊ အိမ်ဇီးစေ့ပမာဏ၊ သျှစ်သျှားသီးပမာဏ၊ ဥသျှစ်သီးပမာဏ၊ ဝါးမျှစ်ဖျား ပမာဏစသည်ဖြင့် အစဉ်အတိုင်း ကြီးထွားလာ၏။ ဝါးမျှစ်မျှား ပမာဏ ကြီးပွားလာပြီးနောက် ပေါက်ကွဲ၍ သွေးပြည်ယိုစီးကုန်၏။

ဇေတဝန်ကျောင်းတော်၏ အထွက်တံခါးအနီး၌ စက်ဆုပ်ဖွယ်ရာ အနာရောဂါကို ခံစားပြီး ငြိုးတွားနေလျက် ဌက်ပျောဖက်တို့၌ အိပ်နေရ

သော ကောကာလိကသည် ထိုအနာရောဂါဖြင့်ပင် သေလွန်၍ ပဒုမငရဲသို့ ကျရောက်ရလေ၏။

တစ်ဖန် အဂ္ဂသာဝက တစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ပြစ်မှားမိ၍ အဝီစိငရဲသို့ ကျရောက်ရပုံကို သာဓကဖြင့် တင်ပြလိုပါသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေချိန်ဖြစ်၏။ တစ်နေ့၌ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် မထေရ်နှစ်ပါးတို့သည် ကဲ့ပေါတချောက်မှာ ဆောက်လုပ်ထားသောကျောင်း၌ သီတင်းသုံးနေထိုင်၏။

အရှင်သာရိပုတ္တရာသည် လဆန်းပက္ခညဉ့်၌ ဆံချသစ်စဖြစ်သော ဦးခေါင်းရှိသည်ဖြစ်၍ လွင်တီးခေါင်၌ အမှတ်မရှိသော သမာပတ်ကိုဝင်စားနေတော်မူချိန် ဘီလူးနှစ်ယောက်သည် မြောက်ဘက်ဟိမဝန္တာရှိ ဘီလူးအစည်းအဝေးမှပြန်လာပြီး မိမိတို့နေရာ အရပ်သို့သွားကြရာ လရောင်အောက်ဝယ် တပြောင်ပြောင်ဖြစ်နေသော အရှင်သာရိပုတ္တရာ၏ဦးခေါင်းကိုမြင်၍ ဘီလူးတစ်ယောက်က“ အဆွေ ဤရဟန်း၏ ဦးခေါင်းကို ငါပုတ်ခတ်လိုသည်”ဟု ပြော၏။ “အဆွေ မပြုလင့်၊ ဤရဟန်းကား တန်ခိုးကြီးမားလှသည်”ဟု တားမြစ်သော်လည်း မထေရ်မြတ်၏ဦးခေါင်းကို ပုတ်ခတ်လိုက်လေသည်။ ပုတ်ခတ်မှုကား အလွန်ပြင်းထန်ပါ၏။ ခုနှစ်တောင်ရှိသောဆင်သော်မှ ချက်ချင်းပင်သေနိုင်၏။ ကြီးစွာသော တောင်ထွဋ်သော်မှ ဖရိုဖရဲကွဲသွားနိုင်၏။ သို့သော် မထေရ်သည်ကား သမာဓိကြောင့် ဘာမှမဖြစ်ပါ။

ထိုခဏာ၌ပင်လျှင် ဘီလူးသည်“အမလေး.. ပူလိုက်တာ ပူလိုက်တာ”ဟု အော်ဟစ်ကာ ကောင်းကင်ထက်မှကျပြီး အဝီစိငရဲသို့ချက်ချင်းပင် ကျခံသွားရလေတော့၏။ ဤသို့ အဝီစိငရဲသို့ ချက်ချင်းကျသွားရခြင်းမှာ အဂ္ဂသာဝကတစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်အား စော်ကားမိသောကြောင့်ဖြစ်ပါသည်။

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ငှာ

အမိ အဖတို့ကို ပြစ်မှားမှု

လောက ၌ ကျေးလူးကြီးမားရာတွင် အမိ၊ အဖသည် ပါဝင်၏။ အမိ၊ အဖများကို ကိုယ်၊ နှုတ်၊ စိတ် တစ်ပါးပါးဖြင့် ပြစ်မှားမိပါက ဆိုးကျိုးကို ခံစားရမည်သာဖြစ်၏။ အမိ၊ အဖတို့ကို ပြစ်မှားမိပါက ငရဲသို့ ကျရောက်ရပုံကို အောက်ပါ သာဓကတို့ဖြင့် သိရှိနိုင်ပါသည်။

အရှင်မဟာမောဂ္ဂလာန် အလောင်းတော်သည် တစ်ခုသောဘဝ၌ မိခင် ဖခင်များကို ပြုစုလုပ်ကျွေး၍နေလေ၏။ တစ်နေ့သော် မယား၏ အလိုဆန္ဒအရ မိဘနှစ်ပါးကို တောသို့ထုတ်ပြီး သူ့နှိုး ဓားပြယောင်ဆောင်ကာ ရိုက်နှက်၍ သတ်ခဲ့ဖူး၏။ ထိုအကုသိုလ်ကံကြောင့် သေလျှင် ငရဲသို့ကျခံရပါသည်။ နောက်ဆုံး အရှင်မဟာမောဂ္ဂလာန်ဘဝ၌ တန်ခိုးအရာမှာ ဧတဒဂ်ရပါလျက် ခိုးသူတို့၏ ရိုက်နှက်သတ်ဖြတ်မှုကို ခံရပြီး ပရိနိဗ္ဗာန် စံဝင်ခဲ့ရလေ၏။

မြတ်စွာဘုရားလက်ထက်တော်က မြတ်စွာဘုရားရှင်အား ကြည်ညိုလေးစားသော ဗိမ္မိသာရမင်း၌ သားတော်တစ်ပါး ရှိ၏။ ၎င်းသည် အဇာတသတ် မင်းသားလေးပင်ဖြစ်၏။ ဖခင်သည် သာသနာတော်ကို ကြည်ညိုလေးစားသောသူဖြစ်သော်လည်း သားကလေး အဇာတသတ် မှာမူ ဤသို့မဟုတ် ဘုရားရှင်ထံ မဆည်းကပ်ဘဲ အရှင် ဒေဝဒတ်ထံ ဆည်းကပ်ခဲ့လေ၏။ ဘုရင်ဖြစ်သောအခါ အရှင်ဒေဝဒတ်၏ မကောင်းသော အကြံပေးမှုဖြင့် ခမည်းတော်ကို သတ်ကာ ပိတုဃာတက ကံကြီးထိုက်လေတော့၏။ ထိုအကုသိုလ်ကံကြောင့် အပါယ်ငရဲသို့ ကျရောက်လေ၏။

အလေးအမြတ်ပြုအပ်သူများကို ပြစ်မှားမှု

မိမိထက် အသက်သိက္ခာကြီးမားသူ၊ ကိုယ်ကျင့်သီလ ကောင်းမွန်သူ၊ ဂုဏ်ရှိန်ဝါကြီးမားသူ၊ အမျိုးမြတ်သူ၊ ပညာကြီးသူတို့ကို အလေးအမြတ်

ပြုအပ်သူဟုခေါ်၏။ ထိုသူများကို မပြစ်မှားသင့်ပါ။ ပြစ်မှားမိပါက ဘေး ဒုက္ခရောက်တတ်ပုံကို တင်ပြလိုပါသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော အခါ ကောကမုဆိုးသည် ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို ခွေးဖြင့် နှုတ်ခိုက်၍ လိုက်လေသော် သစ်ပင်ထက်သို့တက်၍ ရဟန်းသည် ပြေးလေ၏။ အောက်ကနေ၍ တုတ်ဖြင့် ထိုးသည်ရှိသော် မထေရ်၏သင်္ကန်းသည် မုဆိုး၏ အပေါ်သို့ လွှမ်း၍ကျလေ၏။ ခွေးတို့သည်လည်း မုဆိုးကို ရဟန်း ထင်မှတ်၍ ကိုက်လိုက်ရာ သေပွဲဝင်ရှာလေ၏။

ထို့ပြင် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ နေတော်မူ သောအခါ ကျောက်ထွင်းသမား တစ်ယောက်၏ အိမ်၌ ပတ္တမြားကို ကြိုးကြာငှက် မျိုသည်ကို ဆွမ်းခံကြွလာသော တိဿမထေရ်မြင်လေ၏။ ကျောက်ထွင်း သမားသည် ပတ္တမြားကို မတွေ့၍ ရဟန်းယူသည်ဟု ထင်မှတ်၍ ရိုက် လေ၏။ ကြိုးကြာသေမည်စိုး၍ ကြိုးကြာမျိုသည်ဟု ပြောတော်မမူ၊ မယားက တောင်းပန်သော်လည်း မရပါ။ ကြိုးကြာသည် မထေရ်မှ ဖြာဖြာထွက်နေသော သွေးကို သောက်လေသော် ကြိုးကြာကို ဒေါသထွက်၍ ခြေထောက်နှင့် ကန်ထုတ်လိုက်ရာ ကြိုးကြာသေလေ၏။ ကြိုးကြာသေရာမှ သင့်ပတ္တမြား ကြိုးကြာမျိုသည်ဟု မိန့်တော်မူ၏။ ကြိုးကြာ ကိုခွဲကြည့်ရာ ပတ္တမြားတွေ့တော့မှ ရဟန်းကို ကန်တော့တောင်းပန်ရှာ လေ၏။ မထေရ်သည် ရဟန်းအတတ် ပိဏ္ဍာပါတ်ကို မပြတ်ကြိုးစားခဲ့သော အားဖြင့် မမှားကြည်ဖြူ အိမ် ဟူသမျှ ဆွမ်းပန်းရ၏၊ ဤမှစ၍ တစ်နေ့ တစ်ရက် သူ့အိမ်ထက်သို့ မတက် လိုပြီ"ဟုဆို၍ ဓုတင်ဆောက်တည်၏။ မကြာမြင့်မီ ထိုအနာဖြင့် ပရိနိဗ္ဗာန် စံဝင်ရလေ၏။

ကျောက်ထွင်းသမားသည် ထိုအကုသိုလ်ကံကြောင့် ငရဲ၌ဖြစ်ခဲ့ ရပြီး ကြိုးကြာငှက်သည် လူဝမ်း၌ ပဋိသန္ဓေနေလေ၏။ တောင်းပန်ခဲ့သော မယားကား နတ်ပြည်၌ဖြစ်ရလေတော့၏။

ဆုံးမသွန်သင်ပေးသူကို ပြစ်မှားမှု

မိမိအား လောကီ၊ လောကုတ္တရာ ပညာများကို သင်ကြားပေးသော ဆရာများကို မပြစ်မှားသင့်ပါ။ ပြစ်မှားမိပါက ဘေးဒုက္ခ ရောက်ရပုံကို တင်ပြလိုပါသည်။

ဘုရားရှင်လက်ထက်က အရှင်ဒေဝဒတ် ရဟန်းသည် မြတ်စွာဘုရား၏ နည်းပေးလမ်းညွှန် ဆုံးမမှုကြောင့် တရားအားထုတ်ရာ လောကီစျာန် အဘိညာဉ်တန်ခိုးများ ရရှိလာခဲ့သည်။ ထိုစျာန်အဘိညာဉ် တန်ခိုးများရရှိလာခြင်းသည် ဘုရားရှင်ကြောင့်ဟု သူမထင် သူ၏စွမ်းဆောင်မှုကြောင့်ရလာခြင်းဖြစ်သည်ဟု ကိုယ့်ကိုယ်ကို အထင်ကြီးကာ စိတ်ကြီးဝင်လေ၏။ ဘုရားကို ယှဉ်ပြိုင် တိုက်ခိုက်လာ၏။ ဘုရားအာဏာကိုပါ ရယူလိုပြန်သေး၏။ တစ်နေ့သောအခါ အဇာတသတ် မင်းသားငယ်ကို တန်ခိုးဖြင့် သိမ်းသွင်းကာ သူ့ဘက်ပါအောင် သွေးဆောင်စေပြီး ဘုရားရှင်အား သတ်ခြင်းငှာ ပြုလေတော့၏။ ဘုရားရှင်သည် ရှေးဘဝက ဝိပါက်ကံကြမ္မာကြောင့် ခြေတော်၌ သွေးစိမ်းတည်ခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ ဒေဝဒတ်ရဟန်းသည် လောကီစျာန်အဘိညာဉ် တန်ခိုးရရှိအောင် ဆုံးမသွန်သင်ပေးသော ဆရာ သခင် ဘုရားရှင်ကို ပြစ်မှားမိသော အကုသိုလ်ကံ ကြောင့် အဝီစိငရဲသို့ ကျရောက်ရလေတော့၏။

တစ်ဖန် ဆရာကျေးဇူးကို ပုန်ကန်မိ၍ ဒုက္ခရောက်ခဲ့ရသည့် အကြောင်းကို တင်ပြလိုပါသည် -

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဒွန်းစက္ကားအမျိုးဌိဖြစ်၏။ အခါမဲ့အသီး သီးစေနိုင်သော မန္တန်ကိုတတ်၏။ ထိုမန္တန်ဖြင့် တောဌ သရက်ပင်ကိုမန်း၍ သီးစေ မှည့်စေပြီး၊ သရက်သီးမှည့်များကို လှည့်လည်ရောင်းချ၍ သားမယားကို မွေးမြူ၏။

တစ်ဖန် ဆရာကျေးဇူးကို ပုန်ကန်မိ၍ ဒုက္ခရောက်ခဲ့ရသည့် အကြောင်းကို တင်ပြလိုပါသည် -

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်းသည် ဒွန်းစက္ကားအမျိုးဌိဖြစ်၏။ အခါမဲ့အသီး သီးစေနိုင်သော မန္တန်ကိုတတ်၏။ ထိုမန္တန်ဖြင့် တောဌ သရက်ပင်ကိုမန်း၍ သီးစေ မှည့်စေပြီး၊ သရက်သီးမှည့်များကို လှည့်လည်ရောင်းချ၍ သားမယားကို မွေးမြူ၏။

ဖြဟ္မဒတ်မင်း၏ ပုရောဟိတ်သား ပုဏ္ဏားသည် တက္ကသိုလ်ပြည်မှ ပညာစုံ၍အပြန် ထိုဒွန်းစကြားကြီးကို တွေ့မြင်လေသဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုကာ အတတ်ပညာကို သင်ယူလေသည်။

ထိုလုလင်အား သင်၏ဆရာကား အဘယ်သူနည်း ဟုမေးကြလျှင် ဒွန်းစကြားဖြစ်ကြောင်း ပြောရမည်ကို ရှက်ပြီး လွဲမှားကာ ပြောလျှင် ဤမန္တန်သည် အကျိုးသက်ရောက်ခြင်းရှိလိမ့်မည်မဟုတ်ဟု ဆရာဖြစ်သူက မှာကြားလိုက်လေ၏။ လုလင်က အမှန်အတိုင်း ပြောပါမည် ဟု ဝန်ခံပြီး ဗာရာဏသီပြည်မင်းထံ မင်းခစားအမှုထမ်းလေ၏။

မင်းကြီးသည် အခါမဟုတ်သည့် သရက်သီး ရပုံရနည်းကို မေးတော်မူရာ မန္တန်အစွမ်းကြောင့်ရပါကြောင်း လျှောက်ထားသဖြင့် ဥယျာဉ်တော်သို့ ခေါ်ပြီးပြလေရာ တစ်ခဏချင်းပင် သရက်သီးများမှာ မှည့်ဝင်းပြီး မိုးသီးမိုးပေါက်ပမာ ကြွေသက်လာသဖြင့် ဆုတော်လာဘ်တော်များ ပေးလေ၏။

ထို့နောက် ဤမန္တန်ကို အဘယ်ဆရာထံ၌ သင်ခဲ့သနည်းဟုမေးရာ အမှန်ဝန်ခံရမည်ကို ရှက်သဖြင့် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှ သင်ယူခဲ့ပါသည်ဟု မုသားဆိုလိုက်သည်နှင့်တစ်ပြိုင်နက် အာဂုံရပြီးသော မန္တန်သည်လည်း ကွယ်ပျောက်သွားလေတော့၏။

နောက်များမကြာမီ မင်းကြီးသည် သရက်သီးများ အလိုရှိသဖြင့် မန္တန်ကို ရွတ်ခိုင်းရာ မန္တန်၏အစကို ရှာမရသဖြင့် ယနေ့နက္ခတ် မယွဉ်သဖြင့် သရက်သီးများ မသီးစေနိုင်ပါဟု လျှောက်ထားလျှင် မင်းကြီးက မယုံကြည်၍ ယုတ္တိမတန်ဟု မိန့်တော်မူပြီးလျှင် အမှန်ကိုလျှောက်ထားစေမှ သိတော်မူသဖြင့် "ဤလုလင်သည် လူယုတ်မာ ဖြစ်သည်၊ မန္တရား၏ တန်ခိုးကို မကြည့်ဘဲ မျိုးနွယ်ကိုသာ ကြည့်သည်၊ မြတ်သောမန္တရားကို ရလျှင် မျိုးနွယ်သည် ဘယ်အကျိုးရှိအံ့နည်း"ဟုဆိုပြီး လုလင်အား နန်းတွင်းမှ နှင်ထုတ်လိုက်လေသည်။

ပေးကမ်းပူးသူကို ကျေးဇူးကန်းပြစ်မှားမှု

"တစ်လုပ်စားဖူး သူ့ကျေးဇူး၊ ကျေးဇူးသိတတ် မမေ့အပ်" ဟု ရှေးပညာရှိများက ဆိုဆုံးမတတ်ကြသည်။ မိမိအပေါ် ကျေးဇူးရှိသူများကို ကျေးဇူးကန်းမိပါက ဒုက္ခရောက်ရတတ်ပုံကို သာဓကအားဖြင့် တင်ပြလိုပါသည်။

မဟာကပိဇာတ်တော်၌ ပုဏ္ဏားတစ်ယောက်သည် မျက်စိလည်လမ်းမှား၍ ချောက်ကြီးတစ်ခုၦ်ကျ၍ အားကိုးရာမဲ့နေသည်ကို ဘုရားလောင်း မျောက်မင်းတွေ့မြင်၍ ရှေးဦးစွာ ပုဏ္ဏား၏ အလေးချိန်ညီမျှသော ကျောက်တုံးတစ်တုံးကို ထမ်း၍ အစမ်းခုန်တက်ပြီး နောက်တစ်ဖန် ပုဏ္ဏားကို ကျောပိုး၍ ခုန်တက်ရာ ကယ်တင်ပြီးနောက် မောပန်းလွန်း၍ ပုဏ္ဏားပေါင်ပေါ်၌ အိပ်ပျော်လေ၏။

ပုဏ္ဏားသည် သူ၏အသက်ကို ကယ်တင်သည့် ကျေးဇူးကို မသိကျေးဇူးကို မထောက်ထားဘဲ ဘုရားလောင်း၏ ဦးခေါင်းကို ကျောက်တုံးဖြင့် ထုလိုက်၏။ ဘုရားလောင်းမှာ မသေသော်လည်း ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွား၏။ သို့သော် မိမိလမ်းမပြလျှင် ပုဏ္ဏား အိမ်မပြန်တတ်မည်စိုး၍ သွေးစက်ဖြင့် လမ်းပြကာ အိမ်လမ်းအထိ လိုက်ပို့လေ၏။

ကျေးဇူးကန်းသော ပုဏ္ဏားသည် ဘုရားလောင်း၏ မျက်စိကွယ်ရာသို့ရောက်သည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်ပေါ်မှ အပိန့်အဖုများထွက်ကာ ထိုရောဂါဖြင့်ပင်သေ၍ ငရဲသို့ ကျရောက်ရလေတော့၏။

တရားဟောပုဂ္ဂိုလ်

မိမိအား ဘဝသံသရာမှ လွတ်မြောက်အောင် တရားကို ဟောပေးသူ၊ ဗုဒ္ဓစာပေများကို ယဉ်ကျေးလာအောင် သင်ကြားပေးသူ၊ တရားနာယူရန် ပြောကြားလာသူများနှင့် တရားတော်ကို မထီမဲ့မြင် ပြုမူခြင်းသည်

တရားတော်ကို စော်ကားရာရောက်၏။ တရား၏ ကျေးဇူးတော်ကို စော်ကားရာ ရောက်၏။ တရားဟောပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ တရားတော်ကိုသော်လည်းကောင်း၊ တရားတော်၏ ဂုဏ်ကျေးဇူးကိုသော်လည်းကောင်း မသိလျှင် တရားထူး၊ တရားမြတ် မရရှိနိုင်ချေ။ တရားထူး မရပါက ဘဝနစ်နာရပုံကို အောက်ပါ သာဓက အားဖြင့် သိရှိနိုင်ပါသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အခါကဖြစ်၏။ ဥပါသကာ ငါးယောက်သည် တရားနာမည်ဟု ကြံ၍ ဘုရားရှင်ထံ လာကြ၏။ တစ်ယောက်သောသူသည် မြတ်စွာဘုရား တရား ဟောနေသည်ကို နားမထောင်ဘဲထိုင်လျက် အိပ်နေတော့၏။ ထိုသူသည် ဘဝငါးရာ မြွေဖြစ်ခဲ့ဖူး၏။

တစ်ယောက်သည် မိုးပေါ်သို့ မော့ကြည့်နေ၏။ သူသည် ဘဝ ငါးရာ ဗေဒင်နက္ခတ်သမား ဖြစ်ခဲ့ဖူး၏။ တစ်ယောက်သည် မြေကြီးကို လက်ဖြင့်ခြစ်၍နေ၏။ သူသည် ဘဝငါးရာ တီကောင်ဖြစ်ခဲ့ဖူး၏။

တစ်ယောက်သည် သစ်ပင်တစ်ပင်ကို လှုပ်၍နေ၏။ ထိုသူသည် ဘဝငါးရာ မျောက်ဖြစ်ခဲ့ဖူး၏။ နောက်ဆုံးတစ်ယောက်မှာမူ ဗေဒင်သုံးပုံကို သင်ယူဖူးသော ပုဏ္ဏား ဖြစ်ဖူးသောကြောင့် မြတ်စွာဘုရား တရားဟော သည်ကို ဗေဒင်သင်နေရသကဲ့သို့ ရိုရိုသေသေ နားထောင်၏။

ယင်းဥပါသကာ ငါးယောက်အနက်မှ နောက်ဆုံး တစ်ယောက် သာလျှင် တရားထူးရရှိပြီး၊ သောတာပန်အရိယာဖြစ်လေသည်။ ကျန်လေး ယောက်မှာကား တရားဟောပုဂ္ဂိုလ်ကို မရိုသေခြင်း၊ တရားတော်ကို မရိုသေခြင်း၊ ဂုဏ်ကျေးဇူးကို မသိရှိခြင်းတို့ကြောင့် တရားထူး မရရှိကြဘဲ ဘဝသံသရာ ဝဲသြဃထဲတွင် တဝဲလည်လည် နေရလေတော့သည်။

တစ်ဖန် ဆက်လက်တင်ပြလိုသည်မှာ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသောအခါ တိတ္တိဆရာကြီး(၆)ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သော သိဉ္စည်းဆရာကြီး (သဉ္စယပေလဋ္ဌပုတ္တ)သည် ဘုရားအမည်ခံကာ တပည့်ပရိသတ်အများ ခြံရံလျက် ရာဇဂြိုဟ်၌ ရှိနေနှင့်၏။

ထိုဆရာကြီးထံ၌ ဥပတိဿနှင့်ကောလိတအမည်ရှိသော ပရိဗိုဇ်နှစ်ဦးသည် နောက်လိုက်တပည့်ပရိသတ်ငါးရာတို့နှင့်အတူ ပရိဗိုဇ်ရဟန်းပြု၍ နေကြလေသည်။ ထိုဥပတိဿနှင့် ကောလိတတို့သည် သိဉ္စည်းဆရာကြီး၏ တရားသည် ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း မဟုတ်၊ အနှစ်သာရရှိသော လမ်းစဉ်မဟုတ်သည်ကို ကောင်းစွာ သဘောပေါက်သွားကြသဖြင့် အမြိုက်တရားကိုလှည့်လည်ရှာဖွေရန် အမြိုက် တရားကို အလျင်တွေ့သူကပြန်လည်ပြောပြရန် ကတိကဝတ်ပြုထားကြ၏။

အရှင်အဿဇိမထေရ်သည် ရာဇဂြိုဟ်မြို့သို့ဆွမ်းခံကြွစဉ် ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိမထေရ်၏ ကြည်လင်သော အသားအရေ၊ ကွန်ဒြေတည်ကြည်စွာ ဆွမ်းခံကြွတော်မူသည်ကိုမြင်ရသဖြင့် တရားထူးရှိသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ကောင်းစွာအကဲခတ်မိလေသည်။

ရှင်အဿဇိမထေရ်နောက်သို့လိုက်၍ "သင်၏ဆရာကား မည်သူပါနည်း။ အဘယ်အရာကို နှစ်သက်ပါသနည်း" စသည်ဖြင့်မေးလျှောက်ရာ ရှင်အဿဇိမထေရ်က ငါ၏ဆရာကား ဂေါတမဘုဒ္ဓတည်း။ ယေ ဓမ္မာ ဟေတုပ္ပဘဝါ စသည်ဖြင့် သစ္စာလေးပါးတရားကိုဟောကြားရာ ဥပတိဿသည် သောတာပန်တည်လေတော့၏။

တစ်ဖန် ဥပတိဿပရိဗိုဇ်သည် မိမိရရှိထားသော တရားကို ကောလိတအား ဟောပြရာ ကောလိတပရိဗိုဇ်သည်လည်း သောတာပန်တည်၏။ နှစ်ဦးတိုင်ပင်ကာ ဘုရားရှင်ထံသွားရန် ဆုံးဖြတ်ကြလေသည်။

ဘုရားရှင်ထံမသွားမီ မိမိတို့ဆရာ သိဉ္ဇည်းဆရာကြီးထံသွား၍ ရရှိလာသောတရားကို ဟောပြသော်လည်း လက်မခံ၊ ဘုရားရှင်ထံလိုက်ပါရန် ခေါ်ဆောင်သော်လည်း လိုက်ပါရန်ငြင်းဆန်၍နေ၏။ သိဉ္ဇည်းဆရာကြီးက "အမောင်တို့ ဆရာကြီးလုပ်ပြီးမှ ငါတပည့်မခံလိုပြီ ရှိပါစေတော့ လောက၌ လူမိုက်နှင့်ပညာရှိတွင် လူမိုက်သာ များသည်မဟုတ်လော။ ပညာရှိသူများ ပညာရှိသော ဂေါတမထံသွားကြလိမ့်မည်။ လူမိုက်များ ငါ့ထံသို့ လာကြပေလိမ့်မည်"ဟု ပြောဆို၍နေခဲ့လေ၏။ ဥပတိဿနှင့် ကောလိတတို့ ထွက်ခွာသွားသောအခါ ပရိသတ်ပြုကွဲ၍ အခြေအရံ နည်းပြီး ဝမ်းနည်းကြကွဲကာ သွေးပွက်ပွက်အန်လျက် ကျန်ရစ်ခဲ့လေတော့၏။

ဥပတိဿနှင့်ကောလိတတို့သည် ဘုရားရှင်ထံရောက်ပြီး "ဧဟိဘိက္ခု"ရဟန်းများဖြစ်ကာ ရဟန္တာများဖြစ်ကြကုန်၏။ မြတ်စွာဘုရားရှင်သည် ဥပတိဿဖြစ်သော အရှင်သာရိပုတ္တရာအား လက်ယာတော်ရံ အဂ္ဂသာဝက ရာထူးပေးပြီး၊ ကောလိတဖြစ်သော အရှင်မဟာမောဂ္ဂလာန်အား လက်ဝဲတော်ရံ အဂ္ဂသာဝကရာထူးကို ပေးတော်မူလေသည်။

ဤဖြစ်ရပ်ကို ကြည့်ပါက တရားထူး ရရှိထားသော တပည့်ကြီးများ၏ တရားတော်ကိုလည်း လက်မခံ၊ မိမိမာနကို ခဝါမချ၊ ဘုရားရှင်ထံလိုက်ပါရန် ခေါ်ဆောင်သော်လည်း လိုက်ပါရန် ငြင်းဆန်ခဲ့၏။ နောက်ဆုံးတရားထူး မရရှိဘဲ ဘဝနိဂုံးချုပ်ရလေတော့၏။ ဤသည်မှာ တရားဟောပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို မသိခြင်း၊ တရားတော်ကို မထီမဲ့မြင်ပြုမိခဲ့ခြင်းကြောင့် တရားထူး မရရှိခြင်းပင်ဖြစ်ပါသည်။

ခင်ပွန်းကြီးဆယ်ပါး၏ ကျေးဇူးကို သိတတ်၍ အကျိုးကြီးရရှိခံစားရပုံ မြတ်စွာဘုရား

ခင်ပွန်းကြီးဆယ်ပါးထဲတွင် အဦးဆုံးဖြစ်သော မြတ်စွာဘုရားရှင်၏ ကျေးဇူးကို သိတတ်၍ အကျိုးကြီးမား ခံစားရပုံကို သာဓကအားဖြင့် တင်ပြလိုပါသည်။

သာဝတ္ထိပြည်၌ အဒိန္နပုဗ္ဗက သူဌေးသား မဋ္ဌကုဏ္ဍလီ အမည်ရှိသော လူလင်သည် ဒါန သီလ အစရှိသော ကုသိုလ်ကို တစ်စုံတစ်ခု မပြုဖူးဘဲ သေခါနီး၌ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို မြင်တော်မူ၍ ကြည်ညိုကာမျှဖြင့် စုတိကျ၍ တာဝတိံသာ၌ ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်ဝယ် နတ်သမီးတစ်ထောင် အခြံအရံရှိသော နတ်သားတစ်ယောက် ဖြစ်ခဲ့ရလေ၏။

တစ်ဖန် ဆက်လက်တင်ပြလိုသည်မှာ - ဘုရားရှင်သည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ဗိမ္မိသာရမင်းကို ပန်းတော် ဆက်သော သုမနပန်းသည် သည် ပန်းဆက်ခြင်းဌာ နန်းတော်သို့အလာတွင် ရောင်ခြည်တော် ခြောက်သွယ်လွှတ်၍ မြတ်စွာဘုရား၏ တင့်တယ်ခြင်းဖြင့် သံယာအပေါင်း ခြံရံလျက် ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို မြင်၍ ကြည်ညိုကာ မင်းကို မဆက်ရ၍ သတ်လိုမူသတ်ပါစေ၊ တိုင်းပြည်မှ နှင်ထုတ်လိုမူ နှင်ထုတ်ပါစေ ဟုကြိုပြီးလျှင် အလုံးစုံသော ပန်းတို့ဖြင့် ဘုရားရှင်အား ပူဇော်လေ၏။

ပူဇော်သမျှ ပန်းတို့သည် ဘုရားရှင်အပေါ်၌ ဗိတာန်ကြက်၍ နောက်တော်မှလည်း ပန်းဗိတာန်ကာ၍ လက်ဝဲလက်ယာမှလည်း ပန်းဗိတာန်ကာ၍ ကြွတော်မူရာသို့ လိုက်လေ၏။ ရပ်တော်မူလျှင်လည်း ပန်းတို့သည် ရပ်လေ၏။ ရာဇဂြိုဟ်မြို့တွင်း မြို့ပ အိမ်တို့မှ လူတို့သည် တစ်အိမ်မကျန် ထွက်၍ကြည့်ကြလေ၏။

သုမနပန်းသည်အား များစွာသော လက်ဆောင်တို့ကို ပေးလေကုန်၏။ ပိမိုသာရမင်းကြီးသည်လည်း ဤအံ့ဖွယ်သရဲကိုမြင်၍ ဆင်ရှစ်စီး၊ မြင်းရှစ်စီး၊ ကျွန်မိန်းမရှစ်ယောက်၊ ကျွန်ယောက်ျား ရှစ်ယောက်၊ သတို့သမီးရှစ်ယောက်၊ အသပြာ ရှစ်ထောင်၊ ရွာကြီးရှစ်ရွာတို့ကို ချီးမြှင့်တော်မူ၏။

တစ်ဖန် မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကိုသိ၍ ချမ်းသာသော သုဂတိဘဝသို့ရောက်ခဲ့ရပုံကိုလည်း သာဓကအားဖြင့် တင်ပြလိုပါသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အခါကဖြစ်၏။ "မဟာဓန"မည်သော ကုန်သည်ကြီးသည် ငါးရာကုန်သော လှည်းတို့ကို ဝတ်ပန်းပုဆိုးများ အပြည့်သယ်ဆောင်၍ ကုန်သွယ်ရန်အလို့ငှာ ဗာရာဏသီပြည်မှ သာဝတ္ထိပြည်သို့ သွားလေ၏။

ထို"မဟာဓန"ကုန်သည်ကြီးသည် တစ်ခုသောမြစ် ကမ်းသို့ရောက်၍ နက်ဖြန်ခါ၌ မြစ်ကိုကူးမည်ဟုကြံ၍ ထိုနေရာ၌နေလေ၏။ ညအခါ၌ ကြီးစွာသောမိုးကြီးရွာသွန်း၍ မြစ်သည်(၇)ရက်ပတ်လုံး ရေတွေပြည့်လေ၏။ မြို့၌နေသော လူတို့သည်လည်း (၇)ရက်ပတ်လုံး နက္ခတ်ပွဲသဘင်ကျင်းပနေကြ၏။ ပွဲသဘင်ပြီးဆုံးမှ သာဝတ္ထိမြို့သို့ရောက်၍ မိမိပါလာသော ပစ္စည်းများရောင်းချသော်လည်း ပစ္စည်းများမကုန်ခဲ့ပေ။

ဤ"မဟာဓန"ကုန်သည်ကြီးသည် " ငါကား ခရီးဝေးစွာလာခဲ့ရ၏။ ပြန်သွားပြီး တစ်ခေါက်ပြန်လာပါက ကြာမြင့်မည်ဖြစ်သည်။ ဤသာဝတ္ထိမြို့၌သာလျှင် ဥတုသုံးပါးလုံးနေ၍ ဤဝတ်ပန်းပုဆိုးတို့ကိုရောင်းချရတော့အံ့"ဟု အကြံဖြစ်လေ၏။

ထိုအချိန်တွင် မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ဆွမ်းခံခြင်းငှာ လှည့်လည်လျက် ထိုကုန်သည်ကြီး၏စိတ်အကြံကို သိတော်မူ၍ ပြုံးတော်

မူပြီး ရှင်အာနန္ဒာမထေရ်အား မြတ်စွာဘုရားက “ဤမဟာဓနကုန်သည်ကြီးသည် မိမိ၏ အသက်အန္တရာယ်ကို မသိမူ၍ ဤနှစ်ပတ်လုံး သာဝတ္ထိမြို့၌နေထိုင်၍ ဘဏ္ဍာကိုရောင်းချခြင်းငှာ စိတ်အကြံဖြစ်နေသည်” ဟု မိန့်တော်မူလေ၏။

တစ်ဖန် ရှင်အာနန္ဒာမထေရ်ကလျှောက်ထားရာ မြတ်စွာဘုရားရှင်က “ဤ မဟာဓနကုန်သည်ကြီးသည် ခုနှစ်ရက်မျှသာလျှင် အသက်ရှင်နေ၍ မကြာမီသေမင်းခံတွင်းသို့ သက်ဆင်း ကျရောက်လတ္တံ့”ဟု မိန့်တော်မူလေ၏။

ရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်၏ခွင့်ပြုချက်ဖြင့် မဟာဓနကုန်သည်ကြီးထံသွား၍ အကျိုးအကြောင်းပြောလိုက်ရာ ကုန်သည်ကြီးသည် ထိတ်လန့်တုန်လှုပ်၍ ဘုရားအမျှးရှိသောသံဃာတော်များကို ပင့်ဖိတ်၍ ခုနှစ်ရက်ပတ်လုံး ကြီးစွာသောအလှူကိုပေးလှူ၏။ မြတ်စွာဘုရားရှင်အား ကြည်ညိုသောစိတ်ဖြင့် တရားဒေသနာတော်ကိုနာယူပြီး ချိန်တွင် သောတာပတ္တိဖိုလ်၌တည်နေတော့၏။

ကုန်သည်ကြီးသည် မြတ်စွာဘုရားရှင်ကို ခရီးစဉ်အတိုင်းလိုက်ပါပို့ဆောင်၍ လမ်းခရီးမှ ပြန်လာခဲ့ပြီး ငါ့အား ဦးခေါင်းခဲဘိသကဲ့သို့သော နာကျင်ခြင်းဝေဒနာဖြစ်သည် ဟုပြောဆို၍ အိပ်ရာ၌ အိပ်နေစဉ် သေလွန်ကာ တုသိတာနတ်ပြည်၌ ဖြစ်ရလေတော့၏။ ဤကဲ့သို့ မဟာဓနကုန်သည်ကြီး တရားထူးရခဲ့ခြင်းမှာ ဘုရားရှင်၏ဂုဏ်ကျေးဇူးကို သိသောကြောင့်ပင် ဖြစ်ပါသည်။

ပစ္စေကဗုဒ္ဓါ

ပစ္စေကဗုဒ္ဓါ၏ကျေးဇူးဂုဏ်တို့ကို သိ၍ ရှိခိုးပူဇော်ခြင်း၊ လှူဒါန်းခြင်း၊ ကာကွယ် စောင့်ရှောက်ပေးခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ခဲ့၍ ကောင်းကျိုး အနန္တသုခတို့ကို ခံစားရရှိပုံကို တင်ပြလိုပါသည်။

ဤကမ္ဘာမှပြန်၍ရောက်သော် ၉၄-ကမ္ဘာမြောက် ကမ္ဘာသာသနာပ ကာလတစ်ခုဌ် ပုဏ္ဏာထေရိမလောင်းလျာသည် စန္ဒဘာဂါမြစ်အနီးဌ် ကိန္နရိမလေးဖြစ်နေခဲ့၏။ တစ်နေ့သောအခါ ထိုကိန္နရိမလေးသည် ပစ္စေကဗုဒ္ဓါတစ်ဆူကို ဖူးတွေ့ရလေလျှင် အလွန်ကြည်ညိုသောစိတ်ဖြစ်ပေါ်လာပြီး ဆန်းကြယ် လှပသော နွယ်ပန်းခိုင်ကိုခူးပြီး၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းလိုက်သည်။ လှူဒါန်းပြီးလျှင် အရှင်မြတ်ကို မျက်စိတစ်ဆုံး လက်အုပ်ချီပြီး ဖူးမြော်ကြည်နူးနေ၏။ ထိုသို့ လှူရသည်ကိုလည်း အာရုံထဲဌ် မပျောက်နိုင်အောင် မြင်ကာ ကုသိုလ်ပွားလျက်ရှိသည်။

ထိုဘဝမှ စုတေသောအခါ ၉၄-ကမ္ဘာတိုင်တိုင် အပါယ်မလားဘဲ နတ်မိဖုရား (၃၆)ကြိမ်၊ လူ့ပြည်ဌ် စကြဝတေးမင်း၏ မိဖုရား (၁၀)ကြိမ်၊ ဤသို့ စသည်ဖြင့် သုဂတိဘုံဌာနတို့ဌ်သာ လှည့်လည်စံစား၍ ဂေါတမဗုဒ္ဓလက်ထက်ဌ် သာဝတ္ထိမြို့တွင် ဂဟပတိမဟာသာလမျိုးဌ် ဖြစ်ရပြီး၊ ပုဏ္ဏာအမည်ဖြင့် ရဟန်းမပြု၍ ရဟန္တာထေရိမဖြစ်ကာ ပရိနိဗ္ဗာန် စံဝင်ခဲ့ရလေ၏။

တစ်ဖန် ပစ္စေကဗုဒ္ဓါအား ခရီးဦးကြိုဆိုမှုကြောင့် အကျိုးရရှိပုံကို တင်ပြလိုပါသည်။ မြတ်စွာဘုရားလက်ထက်က သူဌေးတစ်ဦးသည် နက္ခတ်ကောင်းချိန်ဌ် မွေးဖွားသော ကလေးတစ်ယောက်ကို မွေးစားပြီးနောက် သူ၏မိန်းမမှ သားတစ်ယောက် မွေးဖွားလာသောအခါ ပထမ မွေးစားသားယောသကကို အမွေပေးရမည်စိုး၍ ၇-ကြိမ်တိုင်တိုင် သေကြောင်းကြံသော်လည်း အသက်မသေ မိမိ၏ သားအရင်းသာ သေသွားသဖြင့် အခဲမကျေဖြစ်နေသော သူဌေးကြီးသည် ယောသကအား အမွေမပေးရန် ဆုံးဖြတ်ထား၏။

သို့သော် ယောသက၏ ဇနီးဖြစ်သူ သူဌေးသမီး၏ အသိဉာဏ်ကြွယ်ဝမှုကြောင့် သူဌေးကြီး၏ ပစ္စည်းဥစ္စာအားလုံးတို့သည် သူဌေးကြီးသေသောအခါ ယောသက၏ ပစ္စည်းများ ဖြစ်လာလေသည်။

ဤသာဓကၦ သူဌေးသားယောသကသည် ၇-ကြိမ်တိုင်တိုင် လုပ်ကြံခံရသော်လည်း အသက်မသေဘဲ အမွေဘဏ္ဍာ ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ရခြင်းမှာ တစ်ခုသောဘဝၦ ခွေးဖြစ်စဉ်က ပစ္စေကဗုဒ္ဓါတစ်ပါးအား အန္တရာယ်ကင်းရှင်းစေရန် စောင့်ရှောက်ဖူးသော ကုသိုလ်ကံ(ခရီးဦးကြဆိုမှု)ကြောင့် ရရှိလာခဲ့ခြင်းဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်

ရဟန္တာအရှင်မြတ်များကို မသိ၍ဖြစ်စေ၊ သိရှိ၍ဖြစ်စေ မပြစ်မှားထိုက်ပါ၊ အကယ်၍ ပြစ်မှားမိပါက ပြန်လည်၍ ဝန်ချတောင်းပန် ကန်တော့ရပါမည်။ တစ်ချို့သော သူတို့သည် ရဟန္တာမထေရ်မြတ်ကို ပြစ်မှားမိကြောင်းသိသဖြင့် ပြန်လည်၍ တောင်းပန်ဝန်ချ ကန်တော့လိုက်သောအခါ ကောင်းကျိုးသုခကို ရရှိခံစားခဲ့ရပုံ သာဓကများ တင်ပြလိုပါသည်။

သာဝတ္ထိပြည်၌ သားနှစ်ယောက်ဖခင် သောရေယျ သူဌေးသားတစ်ယောက်သည် ရှင်မဟာကစ္စည်းမထေရ်၏ လှပသော ရုပ်ဆင်းအင်္ဂါကိုမြင်၍ "ငါ့မိန်းမဖြစ်လျှင် ကောင်းလေစွ" ဟုမနောကံဖြင့် ပြစ်မှားမိလေတော့၏။ ထိုခဏ၌ပင်လျှင် ယောကျ်ားအသွင် ပျောက်၍ မိန်းမအသွင် ပေါ်လာလေ၏။

မိမိအဖြစ်အပျက်ကို ရှက်လှသောကြောင့် မိမိနေရပ်သို့ ပြန်မသွားဘဲ ခြေဦးတည့်ရာသို့ ထွက်ခွာသွား၏။ ထို့နောက် တက္ကသိုလ်ပြည်မှ သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျကာ မိခင်ဘဝဖြင့် ကလေး ၂ ယောက်

ရခဲ့ပြန်၏။ နှစ်ကာလကြာသော် ဇာတိမြို့မှ ရောက်ရှိလာသော ကုန်သည် မိတ်ဆွေ၏ အကြံပေးချက်အရ အရှင်မဟာကစ္စည်းထံ သွားရောက်၍ တောင်းပန်ကန်တော့ရာ ယောက်ျားဇာတိ ပြန်ပေါ်လာလေတော့၏။

ထို့ပြင် ရာဇဂြိုဟ်ပြည်မှ ပိတ်ချင်းသီးရောင်းသော ဒကာတစ်ဦးကို ပိလိန္ဒဝစ္ဆမထေရ်က "ဟဲ့ သူယုတ် နင့်တောင်းထဲက ဘာတွေလဲ" ဟု မေးသည်ကို စိတ်ဆိုးပြီး "ကြွက်ချေးတွေ"ဟု ပြန်ပြောလိုက်သောကြောင့် တစ်ခဏချင်းပင် ပိတ်ချင်းသီးများ ကြွက်ချေးဖြစ်ကုန်တော့၏။ မိတ်ဆွေ တစ်ဦး၏အကြံပေးချက်အရ မထေရ်ထံ သွားရောက်၍ ဝန်ချကန်တော့ သောအခါ ပိလိန္ဒဝစ္ဆမထေရ်က "ဟဲ့ ဒကာ ဘာတွေလဲ"ဟု မေးသည်တွင် "ပိတ်ချင်းသီးတွေပါဘုရား" ဟု လျှောက်ထားသည်နှင့် တစ်ပြိုင်နက် ကြွက်ချေးအားလုံးတို့သည် ပိတ်ချင်းသီးတွေ ဖြစ်သွားလေတော့၏။

အဂ္ဂသာဝက

အဂ္ဂသာဝကများဖြစ်ကြသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာ မောဂ္ဂလာန်မထေရ်တို့ကို အနည်းငယ်မျှ ပူဇော်ရုံမျှဖြင့် ချမ်းသာသုခကို ရရှိခံစားရကြောင်း ဝတ္ထုသာဓကဖြင့် တင်ပြလိုပါသည်။

မြတ်စွာဘုရား လက်ထက်တော်၌ တန်ခိုးအရာတွင် အသာဆုံး ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလာန် မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူရာ ရေ၌ပွင့်သော ကြာပန်းအမျိုးမျိုးနှင့် ကုန်း၌ပွင့်သော ပန်းမျိုးစုံတို့ အလယ်၌ ကြီးကျယ်ခမ်းနားသော ဗိမာန် တော်ကို တွေ့မြင်ခဲ့ရလေ၏။ ထိုဗိမာန်အတွင်းဝယ် နတ်သမီးများစွာ ခြံရံ လျက် ပျော်စံနေသော နတ်သမီးကို မြင်ရပြန်၍ ရှေးဘဝကုသိုလ်ကံကို မေးမြန်းတော်မူလေသည်။

ထိုအခါ နတ်သမီးက သူ၏ရှေးဖြစ်ဟောင်းကို လျှောက်သည်မှာ တပည့်တော်မသည် ရာဇဂြိုဟ်မြို့တော်၏ အရှေ့နာဠကရွာ၌ နေသော "ပေသဝတီ"အမည်ရှိသော အမျိုးသမီး ဖြစ်ခဲ့ပါသည်။ တစ်နေ့သောအခါ ဥပတိဿ(အရှင်သာရိပုတ္တရာ) အမည်ရသော အဂ္ဂသာဝကကြီးကို မြင်၍ ကြည်လင်ရွှင်လန်းသော စိတ်ဖြင့် ပန်းမျာစွာကို လှူဒါန်းပူဇော်ခဲ့ဖူးပါသည်။ ထိုကောင်းမှုကြောင့် ဤဗိမာန်ကြီးကိုရ၍ ချမ်းသာအေးမြစွာ ခံစားရပါကြောင်း လျှောက်ထားလေ၏။ ဤသည်မှာ အဂ္ဂသာဝက တစ်ပါးဖြစ်သော အရှင်သာရိပုတ္တရာ၏ ကျေးဇူးကိုသိခဲ့၍ ရရှိခဲ့သော သာဓကပင် ဖြစ်ပါသည်။

အမိ၊ အဖ

လောကၠ ကျေးဇူးကြီးမားသူထဲတွင် အမိနှင့်အဖသည်လည်း ပါဝင်လေ၏။ မိခင် ဖခင်များ ကျေးဇူးကြီးမားပုံကို မြတ်စွာဘုရားများစွာ ဟောကြားထားပါသည်။ အမိ၏ကျေးဇူး၊ အဖ၏ကျေးဇူးကို ကုန်အောင် မဆပ်နိုင်ကြပေ။ ကုန်အောင် မဆပ်နိုင်သော်လည်း ကျေးဇူးကိုသိလျက် သားကောင်း သမီးကောင်းလေးများဖြစ်အောင် ကြိုးစားသင့်ပါသည်။ မိခင် ဖခင်ကျေးဇူးကို သိတတ်မှုကြောင့် ကောင်းကျိုးအမျိုးမျိုးတို့ကို ရရှိခံစားခဲ့ရသော သာဓကများကို ထုတ်နှုတ်တင်ပြလိုပါသည်။

ရာဇဂြိုဟ်ပြည် မာဂဓမင်းလက်ထက် ဘုရားလောင်း ကျေးမင်းသည် ဌက်အပေါင်းခြံရံလျက် မဂဓလယ်တောအနီးရှိ လက်ပံတောအုပ်၌ နေ၏။ ကျေးတို့သည် ထိုလယ်တောရှိ သလေးစပါးများကို စားကြ၏။ ဘုရားလောင်း ကျေးမင်းကမူ စားပြီးလျှင် စပါးနှံများကို ကိုက်ခဲ့ယူသွား၏။

တစ်နေ့သောအခါ လယ်စောင့်သည် ဘုရားလောင်းကျေးမင်းကို ဖမ်း၍ လယ်ရှင်ပုဏ္ဏား ကောသိယထံသို့ ပို့ရာ လယ်ရှင်ပုဏ္ဏားက "သင်

သည် စားရုံသာမက အဘယ်ကြောင့် အပိုချိယူသွားပါသနည်း”ဟုမေး၏။ ဘုရားလောင်းကျေးမင်းက “ငါသည် မိဘတို့အား ကျေးဇူးဆပ်ခြင်း ကြွေးဟောင်းဆပ်မှု၊ သားသမီးများအား ကျွေးမွေးခြင်း ကြွေးသစ်ချမှု၊ သက်ကြီးရွယ်အို ဆွေမျိုးများအား ကျွေးမွေးခြင်း ရွှေအိုးမြေပ်နှံမှုအတွက် အပိုချိယူသွား၏”ဟု ပြောဆိုလိုက်လေသည်။

လယ်ရှင်ပုဏ္ဏားသည် ဘုရားလောင်း၏ စိတ်ဓာတ်ကို ကြည်ညိုရှိ လယ်များကို ပေးလှူပြီး ပန်းနုံသာတို့ဖြင့် ပူဇော် လွှတ်လိုက်လေသည်။ ဘုရားလောင်းကျေးမင်းသည် အသက်ဘေးမှလွတ်ကင်း၍ လယ်များစွာကို ရရှိခဲ့ခြင်းမှာ မိဘကျေးဇူးကို သိတတ်သောကြောင့်ပင်ဖြစ်ကြောင်း သာလိကေဒါရဇာတ်တော်၌ ဘုရားရှင် ဟောကြားထားပါသည်။

ဂင်းပြင် ဖခင်ကျေးဇူး သိတတ်ပုံကို ဆက်လက်တင်ပြလိုပါသည်။ သောဏဂိရိတောင်ပေါ်ကျောင်း၌ သီတင်းသုံးနေသော ရဟန္တာ အရှင် သောဏ၏ ဖခင်ကြီးသည် မုဆိုးအလုပ်ဖြင့် အသက်မွေးမြူလာခဲ့၏။ အသက်ကြီးကာမှ သားတော်အထံ၌ ခိုဝင်၍ ရဟန်းဝတ်ခဲ့၏။ မကျန်းမာ၍ သေခါနီးသောအခါ သူပြုခဲ့သော အကုသိုလ်ကံ အကျိုးပေးခြိန်ရောက်ကာ ခွေးနက်ကြီးများ ကိုက်တော့မည့်ဟန်ဖြင့် စိတ်အစဉ်မှာ ဂတိနိမိတ်ထင်မြင်လာ၏။ “သား ခွေးနက်ကြီးတွေ မောင်းပေးပါ”ဟု ကြောက်လန့်စွာ ယောင် ယမ်းပြောဆိုလေ၏။

ရဟန္တာအရှင်သောဏသည် သူ၏ဖခင်ကြီး သေလွန်က ငရဲကျမည်ကိုသိ၍ “ငါသို့သော သားရှိပါလျက် ငရဲသို့မကျစေသင့်”ဟု ဆင်ခြင်ပြီး သာမဏေများအား ပန်းများကို ခူးယူစေ၍ စေတီရင်ပြင်တော်မှာ ထားစေသည်။

ဖခင်ဦးပဉ္စင်းကြီး လဲလျောင်းရာ ညောင်စောင်းကိုလည်း စေတီရင်ပြင်ပေါ်သို့ ပြောင်းရွှေ့ပြီး “ဦးပဉ္စင်းကြီးအတွက် ဘုရားမှာ ပန်းလှူထားပါတယ်၊ အာရုံပြုပါ” ဟုပြောဆို၍ သတိပေးလိုက်၏။

ဦးပဉ္စင်းကြီးသည် ငရဲနိမိတ်ဆိုးများပျောက်၍ နတ်ပြည်သို့ ရောက်စေနိုင်မည့် အာရုံနိမိတ်များ ပြောင်းလဲထင်ပေါ်၍ သေလွန်သော အခါ ကောင်းသော သုဂတိနတ်ပြည်သို့ ရောက်ရှိသွားလေတော့၏။

ထို့ပြင် ဘုရားလောင်းတော်သည် ဝေပူရကိုတ္တိမင်း ဖြစ်စဉ်အခါက မယ်တော်ကံကုန်၍ မီးသင်္ဂြိဟ်ရာ ထိုမင်းသားလေးက "ငါ့ကို ထင်းပြု၍ သင်္ဂြိဟ်ကြပါ"ဟု ပြောဆိုသဖြင့် မင်းသား၏ ဆန္ဒအရ မင်းသားကို ထင်းပြု၍ မီးသင်္ဂြိဟ်ခဲ့သည်။

မယ်တော်၏အလောင်းကိုသာ မီးကျွမ်းသော်လည်း မင်းသား ကိုယ်မှာ အမွှေးတစ်ချောင်းမျှ မီးစွဲလောင်ခြင်းမရှိဘဲ ချမ်းချမ်းသာသာ ဖြင့် အသက်ထက်ဆုံးတိုင်တိုင် တရားဓမ္မနှင့်အညီ မင်းပြုခဲ့ရလေသည်။

ဤဖြစ်ရပ်ကိုကြည့်ပါက ဘုရားလောင်းတော် မင်းသားလေးသည် မိခင်၏ကျေးဇူးကိုသိတတ်မှု၊ မိမိအသက်ကို ပဓာနမထားဘဲ အသက်ကို စွန့်လွှတ်၍ မိဘကျေးဇူးဆပ်ပုံကို ကြည့်ညိုလေးစားသင့်ပါသည်။ မိခင် ကျေးဇူးတော်ကြောင့် မင်းသားလေးသည် အသက်ဘေးမှ လွတ်ကင်း ရခြင်း၊ ပို၍ပို၍လူအများကြည့်ညိုလေးစားမှုကိုရရှိလာခြင်း၊ တရားဓမ္မနှင့် အညီ မင်းပြု၍ မင်းစည်းစိမ်ကိုရရှိလာခဲ့ခြင်းမှာ မိခင်ကျေးဇူးကို သိတတ်မှု ကြောင့်ဖြစ်ပါသည်။

မိဘ၏ကျေးဇူးကိုသိတတ်မှုကြောင့် အသက်ဘေးမှ ကင်းဝေးပြီး ချမ်းသာသုခအမျိုးမျိုးကိုခံစားခဲ့ရပုံ သာဓကများကို ဆက်လက်၍တင်ပြ လိုပါသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အမိကိုလုပ်ကျွေးသောရဟန်းတစ်ပါးကိုအကြောင်းပြု၍ အောက်ပါ ဇာတ်တော်များကို ဟောတော်မူခဲ့သည်။

ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း လက်ထက် "သုတနု" အမည်ရှိ ဘုရားလောင်း သူဆင်းရဲသည် သူရင်းငှားလုပ်ပြီး အမိကိုလုပ်ကျွေး၏။ တစ်နေ့သောအခါ သမင်လိုက်ဝါသနာပါသည့် ဗြဟ္မဒတ်မင်းသည် အခြံအရံများစွာဖြင့် တောသို့ဝင်၍ သမင်တို့ကိုလိုက်၏။ မင်းသည် သူဘက်မှ ပြေးသည့် "ဧဟိ"အမည်ရှိသော သမင်ကိုလိုက်ရာ မရသဖြင့် တောနက်ထဲ အထိလိုက်ရာမှ သမင်တစ်ကောင်ကိုသတ်ပြီး ထမ်းပိုးဖြင့်ထမ်း၍ ပြန်လာ၏။ ခရီးအကြားဝယ် ညောင်ပင်အောက်၌ အပန်းဖြေရာ သူ့အား ညောင်ပင် စောင့်ဘီလူးက "သင်သည် ငါ၏အစာဖြစ်ပြီ"ဟု ပြောလေ၏။

မင်းသည် "ဤသမင်ကိုလည်း သင့်အားပေးအံ့။ နက်ဖြန်မှစ၍ နေ့တိုင်း ထမင်းခွက်နှင့်တကွ လူတစ်ဦးကိုလည်းလွတ်၍ ဆက်ပါအံ့"ဟု ကတိပေးသဖြင့် သူ့ကိုဘီလူးက လွှတ်ပေးလိုက်၏။ မင်းသည်မြို့သို့ဝင်၍ အမတ်တစ်ဦး၏ အကြံပေးချက်အတိုင်း နေ့တိုင်းနှောင်အိမ်မှလူကိုထုတ်၍ ထမင်းခွက်နှင့်တကွ ဘီလူးထံစေလွှတ်၏။ နှောင်အိမ်မှလူတို့ကုန်သော် ဆင်ပေါ်၌ အသပြာ တစ်ထောင်ထုပ်ကို တင်စေပြီး "အဘယ်သူသည် ဤဥစ္စာကိုယူ၍ ဘီလူးထံသို့ထမင်းပို့မည်နည်း" ဟု စည်တီး၍ လှည့်လည် စေ၏။ မည်သူမျှ မယူဝံ့ကြပေ။

ဘုရားလောင်း 'သုတနု' လုလင်သည် ထိုငွေတစ်ထောင်ထုပ်ကို ယူ၍ အမိအားပေးခဲ့ပြီး မင်းထံမှ ဖိနပ်၊ ထီး၊ သန်လျက်တို့ကိုတောင်းယူ၍ ရွှေခွက်၌ ထမင်းထည့်ပြီး ဘီလူးထံသွား၏။ သူသည်ထမင်းခွက်ကို သစ်ပင်၏အရိပ်အတွင်း၌ထား၍ သစ်ပင်၏အရိပ်အပြင်ဘက်၌နေ၍ ဖိနပ်စီး၊ ထီးဆောင်းပြီးရပ်လျက် ဘီလူးအား "ထမင်းကိုစားလော့" ဟု ဆို၏။ ဘီလူးက "ထမင်းခွက်ကိုယူ၍ ဤဘက်လာလော့၊ သင်နှင့်ထမင်းသည် ငါ့အစာဖြစ်သည်" ဟုဆိုလေ၏။

ဘုရားလောင်းက "ငါသည် သင်ပိုင်သော သစ်ပင်ရိပ်ကို မခို၊ ထီးရိပ်သာ ခို၏၊ သင့်မြေကို မနင်း ငါ့ဖိနပ်ကို သာနင်း၏၊ သင့်နယ်မြေ သစ်ပင်ရိပ်၌မနေ၍ သင်ငါ့ကိုမစားနိုင်" စသည်ဖြင့် ဘီလူးကိုခြိမ်းခြောက်၍ တရားဟောဆုံးမပြီး ငါးပါးသီလ၌ တည်စေ၏။ သူသည် ဘီလူးအား သန်လျက်စသည်တို့ကို ကိုင်ခိုင်းပြီး ခေါ်လာခဲ့လေ၏။

သုတနုလုလင်သည် ဘီလူးကိုခေါ်လာသည်ဟု မင်းအား လျှောက် ကြ၏။ မင်းသည် အမတ်အပေါင်းခြံရံလျက် ဘုရားလောင်း 'သုတနု' လုလင်အား ခရီးဦးကြိုဆိုပြီး စစ်သူကြီးရာထူးကို ပေးလေ၏။ တစ်ဖန် ဘီလူးကိုလည်း မြို့တံခါး၌နေစေ၍ နေ့တိုင်းထမင်းဦးကို ကျွေးမွေးလေတော့၏။

ဤဖြစ်စဉ်ကိုကြည့်ပါက ဘုရားလောင်း'သုတနု'လုလင်လေးသည် နေ့စဉ်နေ့တိုင်း အမိကို လုပ်ကျွေးခဲ့သောအကျိုး၊ မိခင်၏ ကျေးဇူးကို သိတတ်မှုတို့ကြောင့် အသက်ဘေးမှကင်းဝေးပြီး ချမ်းသာအမျိုးမျိုးကို ရရှိ လာခဲ့ခြင်းဖြစ်ပါသည်။

တစ်ဖန် ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက် ဘုရားလောင်း လင်းတ (ဂီဇ္ဈ) သည် မျက်မမြင်မိဘတို့ကို ဂူတစ်ခုထဲ၌ထားပြီး နွားသား စသည်တို့ကို ယူဆောင်၍ ကျွေးမွေးပြုစုလုပ်ကျွေးလေ၏။

တစ်နေ့သောအခါ သူသည် သုသာန်တစ်ခုသို့ အစာရှာသွားရာ မုဆိုးတစ်ဦးထောင်ထားသည့် ကျော့ကွင်း၌မိလေ၏။ ဘုရားလောင်းသည် "ငါမရှိသော် ငါမိဘတို့ပျက်စီးတော့မည်" ဟုပြောဆို၍ ငိုကြွေးလေ၏။ မုဆိုးသည်လာ၍ "အဘယ်ကြောင့်ငိုကြွေးလေသနည်း" ဟုမေးရာ ဘုရား လောင်းက သူကျွေးမွေးပြုစုနေသည့် မိဘများအကြောင်းကိုပြောပြ၏။ မုဆိုးက သူ၏စိတ်စေတနာကို ကြည်ညိုနှစ်သက်၍ ကျော့ကွင်းမှဖြေပြီး အသက်ဘေးမှလွတ်လိုက်လေ၏။

အဆိုပါ အဖြစ်အပျက်ကိုကြည့်ပါက တိရစ္ဆာန်ပင်ဖြစ်သော်လည်း မိဘတို့ကို ကျေးမွေးပြုစု လုပ်ကျွေးခဲ့မှုကြောင့် အသက်ဘေးမှလွတ်ကင်းခဲ့ရခြင်းဖြစ်ပါသည်။

အလေးအမြတ်ပြုအပ်သူ

မိမိထက် အသက်၊ သိက္ခာ၊ သီလ၊ သမာဓိ၊ ပညာစသည့် ဂုဏ်ကြီးမားသူများကို ရိုသေခြင်း၊ ရှိခိုးခြင်း၊ ထိုသူတို့၏ ကျေးဇူးကို သိရှိပါက ယခု ဘဝတွင် လည်းကောင်း၊ နောက်ဘဝများစွာတွင် လည်းကောင်း ကောင်းကျိုးအနန္တကို ရရှိနိုင်ကြောင်းကို သာဓကများဖြင့် တင်ပြလိုပါသည်။

ဟိမဝန္တာတော၌ ခါ၊ မျောက်၊ ဆင်တို့သည် ညောင်ပင်တစ်ပင်ကို အမှီပြု၍ နေကြ၏။ သူတို့သည် အချင်းချင်း မရိုသေကြသဖြင့် "ငါတို့သည် သက်ကြီးသူကို ရိုသေသင့်၏" ဟုတိုင်ပင်ကြပြီး၊ ညောင်ပင်ကိုမူတည်၍ အသက်ကြီးသူကို ရွေးကြရာ ဆင်က "ငါသည် ငယ်စဉ်က ညောင်ပင်ကို ပေါင်ကြားခွဲထား၍ သွားဖူး၏"ဟုပြော၏။ မျောက်က "ငါသည် ငယ်စဉ်က ညောင်ပင်၏ အညွှန့်တို့ကို ကိုင်လျက် စားဖူး၏"ဟု ပြော၏။ ခါဠက်က "ဤညောင်ပင်သည် ညောင်သီးစားသော ငါ၏မစင်မှ ပေါက်လာခဲ့၏" ဟု ပြောဆိုကြလေ၏။

ထိုအခါမှစ၍ ဆင်မျောက်တို့သည် အသက်ကြီးသော ခါဠက်အား ရိုသေခြင်း၊ ရှိခိုးခြင်းပြုကြ၏။ ခါဠက်သည် သင်တို့သည် အကျင့်သီလနှင့် ပြည့်စုံ၍နေကြရန် ဆုံးမပေးပြီး အသက်ထက်ဆုံး နေကြလျက် သေလွန်သောအခါ အားလုံး နတ်ပြည်သို့ ရောက်ရှိခဲ့ကြလေသည်။

ဆုံးမသွန်သင်ပေးသူ

မိမိအား လောကီပညာ၊ လောကုတ္တရာပညာ စသည်တို့ကို သင်ကြားပေးသူများ၏ ကျေးဇူးကို သိတတ်မှုကြောင့် ချမ်းသာသုခတို့ကို ရရှိပုံကို တင်ပြလိုပါသည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါကဖြစ်၏။ ကောသမ္မီပြည်မှ တိဿမထေရ်သည် ခီဏာသဝဖြစ်သော သာမဏေငယ်နှင့်တကွ မြတ်စွာဘုရားထံသို့ လာသည်ရှိသော် လမ်းခရီး၌ ကျောင်းတစ်ခုဝယ် တည်းခို၍ အိပ်လေ၏။

သာမဏေငယ်သည်လည်း ဥပဇ္ဈာယ်ဆရာအား သဟဿေယျအာပတ်မှလွတ်စေခြင်းငှာ မထေရ်အိပ်သော ညောင်စောင်း အနီးဝယ် ထိုင်၍နေ၏။ မထေရ်သည် အရုဏ်တက်ခါနီး၌ သာမဏေကို နှိုးခြင်းငှာ ယပ်ရိုးဖြင့် ကျမ်းကိုဆောင့်ရာတွင် သာမဏေငယ်၏ မျက်စိကို ထိခိုက်မိ၍ မျက်စိပျက်လေ၏။

သာမဏေငယ်သည် ဆရာ နှလုံးမသာမယာဖြစ်မည်ကို စိုးရိမ်၍ မျက်စိပျက်သည်ကို မပြောဘဲ လက်တစ်ဖက်ဖြင့် မျက်စိကို အုပ်၍ တစ်ဘက်ဖြင့် ဝတ်ကြီးဝတ်ငယ်ကို ပြုစု၍နေ၏။ မျက်နှာသစ်ရေ ဒန်ပူကိုလည်း လက်တစ်ဘက်ဖြင့်သာလျှင်ကပ်၏။ ဤသာမဏေသည် မလိမ္မာစွတကား၊ လက်နှစ်ဘက်ဖြင့်သာလျှင် ရေဒန်ပူကို ကပ်ရာ၏ဟု ဆိုသော အခါမှ အကြောင်းစုံကိုလျှောက်၏။ မထေရ်သည် သူတော်ကောင်းဖြစ်သော သာမဏော၊ ငါကား ဝန်လေးသော အမှုကို ပြုမိခဲ့၏။ ငါ၏အပြစ်ကို သည်းခံပါဟု ကန်တော့ဝန်ချ၍ တောင်းပန်ခဲ့ရပါသည်။

တစ်ဖန် ဆရာကျေးဇူး သိတတ်ပုံကို တင်ပြလိုပါသည်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဥပတိဿပရိဗိုဇ်ဘဝက အရှင်အဿဇိ မထေရ်ထံမှ တရားတော်ကို နာကြားရ၍ သောတာပန်တည်ခဲ့သည်။ ထို့ကြောင့် အရှင်သာရိပုတ္တရာသည် ဆရာဖြစ်သော အရှင်အဿဇိမထေရ်ကို ပူဇော်သည့်အနေဖြင့် ရောက်လေရာ အရပ်တိုင်း၌ အရှင်အဿဇိ မထေရ်ရှိရာ အရပ်ဘက်သို့ ဦးခေါင်းပြု၍ အိပ်ခြင်း၊ ရှိခိုးခြင်းတို့ကို အမြဲပြုလေ့ရှိသည်။ ဤအပြုအမူကို ကြည့်ခြင်းအားဖြင့် အရှင်သာရိပုတ္တရာ

မထေရ်၏ ဆရာသမားအပေါ် လေးစားကော်ရော် ပူဇော်မြတ်နိုးပုံ၊ ကျေးဇူးသိတတ်ပုံတို့ကို သိရှိနိုင်ပါသည်။

ထို့ပြင်ဆရာစကား နားထောင်၍ ရှင်ဘုရင်ဖြစ်ခဲ့သော သာဓကကို တင်ပြလိုပါသည်။ ရှေးအခါက ဗာရာဏသီပြည့်ရှင် ဘုရင်တစ်ပါးဌ ဆိုဆုံးမရန် ခက်သော ဒုဋ္ဌကုမာရအမည်ရှိသားတစ်ယောက် ထွန်းကား၏။ ဖခင်ဘုရင်ကြီးက သားဖြစ်သူကို ခေါ်၍ ဥယျာဉ်၌နေသော ဆရာရသေ့ထံ အပ်နှံပြီး အပြောအဆို ကြမ်းတမ်းခက်မာသော သူ၏သားကို လိမ္မာအောင် ဆုံးမပေးရန် အပ်နှံထားခဲ့၏။

ဆရာရသေ့သည် မင်းသားငယ်ကို ဥယျာဉ်သို့ ခေါ်ပြီး တမာပင်ငယ် တစ်ပင်ကို တွေ့သည်တွင် နုတ်၍ မြည်းခိုင်းလေ၏။ မင်းသားသည် တမာရွက်ကိုဝါး၍ ခါးလှသောကြောင့် "ထွီ"ဟုဆိုကာ ထွေးလေ၏။ တမာပင်ကိုလည်း နုတ်ချပစ်လိုက်၏။

ဆရာရသေ့က "မင်းသား ဤသစ်ပင်သည် ငယ်ငယ်ကလေးဖြစ်ပါလျက် ဤမျှခါးလေ၏။ ကြီးသောအခါ မည်သို့ ဖြစ်လိမ့်မည်နည်း"ဟု ဆိုကာ "သင်မင်းသားသည် တမာပင်ကို နုတ်၍ချပစ်၏။ သင်သည်လည်း ယခုငယ်စဉ်ကပင် ဤမျှရုန့်ရင်းကြမ်းတမ်းဘိ၏။ ကြီးသောအခါ မည်သို့ဖြစ်လိမ့်မည်နည်းဟု တိုင်းသူပြည်သားတို့ကဆို၍ သင့်ကို တိုင်းပြည်မှ နှင်ထုတ်သော် မခက်ပါသလော၊ ထို့ကြောင့် အရာရာကို သည်းခံ၍ ပြည်သူတို့အပေါ် ချစ်ခင်စိတ်ထားပါ။ သူတစ်ပါး ဆုံးမသည်ကို နားလည်ပါ" ဟု ဆုံးမ၏။ မင်းသားသည် ဆရာရသေ့၏ ဆုံးမစကားကို နားထောင်၍ အမူအရာများ သိမ်မွေ့နူးညံ့ပြီးလျှင် ဖခင် ကွယ်လွန်သောအခါ ရှင်ဘုရင်ဖြစ်ခဲ့ရလေ၏။

ပေးကမ်းဖူးသူ

တစ်လုပ်စားဖူး သူ့ကျေးဇူးဆိုသည့်အတိုင်း သူတစ်ပါး ကျွေးသည့် ထမင်းကို စားသုံးမိပါက သူ့ကျေးဇူးကိုသိ၍ ကျေးဇူးသိတတ်ပုံကို သာဓက ပြလိုပါသည်။ ပင်းယခေတ်တွင် ငါးစီးရှင်ကျော်စွာ၏ သူရဲကောင်း ငခင်ညို သည် အသင်္ခယာစောယွမ်းကို လုပ်ကြံရန် စစ်ကိုင်းသို့သွားရာ အခွင့်မသာ သဖြင့် တောတွင်း၌ ပုန်းခိုနေခဲ့ရ၏။ (၃)ရက်အတန်ကြာ ထမင်းမစားရဘဲ ရှိခဲ့၏။ အခွင့်သာ၍ ညအချိန်၌ နန်းတော်ပေါ်သို့ တက်ခဲ့ရာ အသင်္ခယာ စောယွမ်း နတ်တင်ထားသော ထမင်းနှင့်အမဲသားကို စားမိပြီး ထမင်း သခင်ကို မသတ်ရက်တော့ဘဲ စက်တော်ရာဘေးရှိ ပတ္တမြားဓားကိုယူ၍ ပြန်ဆင်းခဲ့လေသည်။ ငါးစီးရှင်မင်းကလည်း ကျေးဇူးသိတတ်သူအဖြစ် သတ်မှတ်၍ ဆက်လက်ချီးမြှောက်တော်မူခြင်းကို ခံခဲ့ရလေသည်။

ထို့ပြင် မြန်မာရာဇဝင်တွင် အလောင်းစည်သူမင်းတရားကြီးသည် ဖောင်စက်ြာဖြင့် ဇမ္ဗူဒိပ်ကျွန်းကို လှည့်လည်နိုင်သူဖြစ်၍ သူ၏ဘိုးလောင်း တော်၊ ဘေးလောင်းတော်များကို သူ့လောက်ဘုန်းမကြီးဟု အထင်သေး ပြစ်မှားသော စိတ်အကြံအစည် ဖြစ်ပေါ်ခဲ့သည်။ ယင်းပြစ်မှားမှုကြောင့် အလောင်းစည်သူ မင်းတရားကြီးသည် ချက်ချင်းလက်ငင်း ဒိဋ္ဌဓမ္မ မျက်စိ ကွယ်ရလေတော့သည်။ တစ်ဖန် ဘိုးလောင်းတော်၊ ဘေးလောင်းတော် တို့၏ ရုပ်တုများကို ပြုလုပ်၍ အပြစ်ကို တောင်းပန်ဝန်ချကန်တော့သည့် အခါမှ မျက်စိနှစ်ကွင်း အလင်းပြန်လည်ရရှိကြောင်း မှန်နန်းရာဇဝင်၌ ဖော်ပြထားပါသည်။

၎င်းပြင် တစ်ခါက ညီအစ်ကို ခုနစ်ယောက်သည် လယ်ထွန်ရန် တောသို့သွားကြ၏။ အထွေးဆုံးညီငယ်သည် လယ်အစွန်၌ နွားများကို ကျောင်း၍နေရာ အတူပါလာသော ခွေးအိုတစ်ကောင်ကို ခြုံစပ်တွင်ရှိ

သော စပါးကြီးမြွေက ရစ်ပတ်သဖြင့် မြွေကို တုတ်ရှည်ဖြင့် ပုတ်ခတ်၍ ခွေးကို လွှတ်စေ၏။ စပါးကြီးမြွေသည် ခွေးကိုလွှတ်၍ လူကို ဖမ်းပြန်၏။

ခွေးသည် သူ့သခင်ကို မြွေက ဖမ်းယူသောအခါ ထွက်မပြေးဘဲ ယာဂုအိုးပေါ်၌ တင်ထားသော ဓားကိုနှုတ်သီးဖြင့် ကိုက်ခဲ့ပြီး မြွေပတ်ခံရသော ညီငယ်၏အနီးတွင် ချထားပေးလေ၏။ ခွေး၏လှုပ်ရှားပုံကို တွေ့မြင်ရသောအခါ နောင်တော်များက ညီငယ်ရှိရာသို့ ပြေးလာကြပြီး စပါးကြီးမြွေကို ဓားဖြင့်ခုတ်သတ်လိုက်သောကြောင့် ညီငယ်လည်း အသက်ချမ်းသာရာကို ရရှိသွားလေသည်။

တရားဟောပုဂ္ဂိုလ်

မိမိအား သံသရာဝဲသြဃမှ လွတ်မြောက်အောင် ဟောကြားပေးသူ၏ ဂုဏ်ကျေးဇူးကို သိတတ်သူ၊ တရားတော်ကိုလည်းကောင်း၊ တရားဟောပုဂ္ဂိုလ်ကိုလည်းကောင်း ဂုဏ်ကျေးဇူး သိတတ်ခြင်း၊ တရားတော်ကို ရိုသေခြင်း ရှိသူတို့သည် ကောင်းကျိုး အနန္တ ရရှိပုံကို အောက်ပါသာဓကဖြင့် သိရှိနိုင်ပါသည်။

ဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌သီတင်းသုံးနေတော်မူစဉ်အခါကဖြစ်၏။ ပုဏ္ဏားမ မန္တာနီထံတွင် စောရနက္ခတ်နှင့်ယှဉ်သော သားတစ်ဦးဖွား၏။ သူ့အား အဟိသက (သူတစ်ပါးကိုမည်းဆဲသူ) ဟု အမည်မှည့်ထားလေ၏။

အရွယ်ရောက်သောအခါ အဟိသကအား တက္ကသိုလ်သို့ ပညာသင်သွားရန်စေလွှတ်၏။ သူသည် ဉာဏ်ပညာကောင်း၍ ဆရာနှင့်ဆရာကတော်တို့ကချစ်ခင်ကြသည်ကို မနာလိုဖြစ်၍ ကျန်ကျောင်းသားများက "အဟိသကနှင့် ဆရာကတော်"တို့ ဖောက်ပြန်ကြောင်း ကုန်းတိုက်ရာ၊ ဆရာဖြစ်သူသည် နောက်ဆုံးယုံမိပြီး အထင်လွဲကာ အဟိသကကို

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ၎ဌာသူတစ်ပါးကသတ်၍ သေစေရန် စိတ်အကြံဖြင့် လက်ညှိုးတစ်ထောင်ဖြတ်၍ ပူဇော်ရန် မှာကြားလိုက်လေ၏။

အဟိံသကသည် တောသို့ဝင်၍ လူတွေ့ကိုသတ်ကာ လက်ညှိုးများဖြတ်၍ လည်တွင်ချိတ်ဆွဲထားလေ၏။ လက်ညှိုးများပန်းကုံးလုပ်၍ လည်တွင်ဆွဲသောကြောင့် "အင်္ဂုလိမာလ"ဟု လူအများခေါ်ကြ၏။ ထိုအချိန်တွင် တစ်ထောင်ပြည့်ရန် တစ်ချောင်းသာလိုတော့၏။ "ဒီကနေ့ မည်သူမဆိုငါသတ်၍ လက်ညှိုး ဖြတ်ယူမည်" ဟု စိတ်ကို ဆုံးဖြတ်ထားလေ၏။ ထိုအချိန်တွင် ကောသလမင်းသည် တပ်နှင့်ထွက်၍ဖမ်းမည်ဟု ရာဇသံကို မိခင်ကြီး ကြားလေရာ သား၏အသက်ဘေးမှ လွတ်အောင် သားရှိရာသို့ လိုက်ရှာလေတော့၏။

အင်္ဂုလိမာလသည် မိခင်ကိုမြင်၍ မိခင်ကိုသတ်ရန်လိုက်လေ၏။ ထိုအကြောင်းကို ဘုရားရှင်သိခဲ့ရာ အင်္ဂုလိမာလနှင့် မိခင်တို့နှစ်ဦးကြားဝင်၍ ရပ်လေတော့၏။ အင်္ဂုလိမာလသည် မိခင်ကိုမလိုက်ဘဲ ဘုရားရှင်နောက်သို့လိုက်လေ၏။ လိုက်၍မမီ။ ထိုအခါ အင်္ဂုလိမာလက "ရဟန်းကြီးမပြေးနှင့် ရပ်လော့၊ ရပ်လော့"ဟု အော်ဟစ်ပြောလေ၏။

ဘုရားရှင်က "ငါကားမပြေး ရပ်နေသည်၊ သင်သာပြေးနေသည်။ သင်ကား သူ့အသတ်သတ်မှုကျူးလွန်နေသဖြင့် သံသရာဝယ်ကျင်လည်ပြေးသွားရဦးမည်။ ငါဘုရားမှာမူ သံသရာဝယ် မလည်နှိုင်တော့" ဟုတရားဟောတော်မူလိုက်၏။

ဘုရားရှင်၏တရားကိုကြားရချိန်တွင် ချက်ချင်းသတိရပြီး လက်နက်ကိုချကာ ဝန်ချကန်တော့၍ ရဟန်းပြုလေ၏။ အင်္ဂုလိမာလအား ဇေတဝန်ကျောင်းသို့ ခေါ်သွားလေ၏။ ကောသလမင်းသည် အင်္ဂုလိမာလကိုဖမ်းရန်လာစဉ် ဘုရားရှင်ထံဝင်၍ ဖူးမြော်ကာ စကားပြောရင်း အင်္ဂုလိမာလ ရဟန်းဖြစ်နေပြီဖြစ်ကြောင်း ဘုရားရှင်ကမိန့်တော်မူလေ၏။ အင်္ဂုလိမာလမထေရ်

သည် နောက်မကြာမီ ကမ္မဋ္ဌာန်းတရား အားထုတ်၍ ရဟန္တာဖြစ်သွား လေ၏။

ဤဖြစ်ရပ်ကိုကြည့်ပါက လူသတ်သမားကြီးသည် တရားဟော ပုဂ္ဂိုလ်နှင့်မတွေ့၊ တွေ့ခဲ့သော်လည်း တရားဟောပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူးကို မသိ၊ မနာယူ မထိမဲ့မြင်ပြုမိခဲ့ပါက အဝီစိငရဲသို့ ဧကန်ကျရောက်မည် ဖြစ်ပါသည်။

အရဟတ္တမဂ်ဉာဏ်ဖြင့် အကုသိုလ်အပြစ်များကိုအကြွင်းမဲ့ပယ် သတ်၍ ငရဲမှလွတ်ခဲ့ပြီး ရဟန္တာဘဝသို့ရောက်ခဲ့ရခြင်းမှာ တရားဟော ပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူးကိုသိရှိခြင်း၊ တရားကိုနာယူကျင့်ကြံပြီး အားထုတ် ခြင်းတို့ကြောင့် ရရှိခဲ့ခြင်းဖြစ်ပါသည်။

တစ်ဖန် မြတ်စွာဘုရားရှင်လက်ထက်တော်၌ ဥတေနမင်းကြီး တွင် သာမာဝတီ မည်သော မိဖုရားတစ်ဦးရှိ၏။ ထိုမိဖုရားအား မင်းက နေ့တိုင်း ပန်းဝယ်ရန် အသပြာရှစ်ကျပ်တို့ကိုပေးထား၏။ မိဖုရားကြီးတွင် ခုဇ္ဇုတ္တရာ အမည်ရှိသော ကျွန်မတစ်ဦးရှိ၏။ ထိုကျွန်မသည် သုမန ပန်းသည်ထံတွင် နေ့တိုင်းပန်းဝယ်၍ သာမာဝတီမိဖုရားထံ ဆက်သရ၏။

သုမနပန်းသည်သည် မြတ်စွာဘုရားအမျှူးပြုသော သံဃာတော် များအား ဆွမ်းကျွေးပြီး တရားနာယူစဉ် ခုဇ္ဇုတ္တရာကျွန်မလည်းဝင်ရောက်၍ တရားနာခဲ့ရာ သောတာပတ္တိဖိုလ်၌တည်လေ၏။ ထိုကျွန်မသည် တရား မရခင် အခြားရက်နေ့တို့၌ အသပြာလေးကျပ်တို့ကို မိမိအတွက်ခိုးယူ၍ ကျန်အသပြာ လေးကျပ်ကိုသာ ပန်းတို့ကို ဝယ်ယူ၍ မိဖုရားကို အမြဲ ဆက်သခဲ့ပါသည်။ တရားရရှိလာပြီးနောက် အသပြာရှစ်ကျပ်ဖိုးလုံး ဝယ်ယူ၍ မိဖုရားထံ ဆက်သခဲ့လေသည်။

မိဖုရားသာမာဝတီသည် ခုဇ္ဇုတ္တရာကျွန်မအား "ဒီနေ့ ပန်းဖိုးကို မင်းကြီးက နှစ်ဆပေးသနားတော်မူလေသလော" ဟုမေးမြန်းရာ ခုဇ္ဇုတ္တရာ

ကျွန်မက မိမိ၏အဖြစ်အပျက်ကိုပြောကြားပြီး မိမိသည် မြတ်စွာဘုရား ထံ၌ တရားနာခဲ့ရ၍ တရားထူးရရှိခဲ့ခြင်းကြောင့် အသပြာလေးကျပ်တို့ကို မခိုးယူဘဲ အသပြာ ရှစ်ကျပ်ဖိုးလုံး ဝယ်ယူခဲ့ကြောင်း ရှင်းပြလိုက်၏။

မိဖုရားသည် ဒေါသမထား အပြစ်မမြင်ဘဲ ခုဇ္ဇုတ္တရာကျွန်မအား "အမြိုက်တရားတော်ကို ငါတို့အား တစ်ဖန်ဟောကြားပေးပါလော့" ဟု တောင်းပန်ခဲ့ပြီး ကောင်းမွန်စွာ ရေချိုးစေလျက် အဝတ်ပုဆိုးတို့ကိုပေးစေ၏။ ထိုအခါ ကျွန်မသည် မြတ်သောနေရာ၌ထိုင်လျက် သာမာဝတီနှင့် ငါးရာကုန်သော နန်းတွင်းသူ မောင်းမမိသံတို့ကို တရားဟောတော်မူလေ၏။

ထိုခုဇ္ဇုတ္တရာကျွန်မ၏တရားကိုနာကြား၍ သာမာဝတီနှင့်အတူ အလုံးစုံသောမောင်းမမိသံအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ခဲ့ကြလေတော့၏။ နန်းတွင်းသူမောင်းမအပေါင်းတို့သည် ခုဇ္ဇုတ္တရာကျွန်မကို ရိုသေစွာရှိခိုး၍ ကျွန်မဘဝမှ ကင်းလွတ်ခွင့်ပေးခြင်း၊ မိခင်အရာ ဆရာသမားအရာ၌ထား၍ ပူဇော်လေတော့၏။

သာမာဝတီနှင့်တကွ နန်းတွင်းသူများ တရားထူး ရရှိခဲ့ခြင်းမှာ ခုဇ္ဇုတ္တရာသည် ကျွန်မ တစ်ယောက်ပင်ဖြစ်သော်လည်း ကျွန်မ ဟုမမြင်၊ တရားဟောပုဂ္ဂိုလ်ဟု မြင်ခြင်း၊ ဂုဏ်ကျေးဇူးကို သိခြင်း၊ တရားတော်၏ ဂုဏ်ကျေးဇူးကိုသိခဲ့ခြင်းတို့ကြောင့် တရားထူးရရှိခဲ့ခြင်းဖြစ်ပါသည်။

တစ်ဖန် ဆက်လက်၍ တင်ပြလိုသည်မှာ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ်အခါကဖြစ်၏။ အရှင် မဟာကစ္စည်း မထေရ်သည် အဝန္တိတိုင်း ဇနပုဒ်တို့၌ အမျိုးအိမ်ရှိရာမြို့ကို အမှီပြု၍ ပဝတ္တတောင်၌ သီတင်းသုံးနေ၏။ ထိုအချိန်တွင် ကောဋိကဏ္ဏသောဏ အမည်ရှိသော ဥပါသကာတစ်ဦးသည် ရဟန်းဝတ် ခွင့်တောင်း၍ ရဟန်းပြုခဲ့လေ၏။

ဤကောဋိုကဏ္ဍသောဏမထေရ်သည် မြတ်စွာဘုရား၏ခွင့်ပြုချက်အရ တစ်ဆယ့်ခြောက်ပါးသောဝဂ်, ရှစ်ပါးသောဝဂ်ရှိကုန်သော တရားတော်တို့ကို သရဘညဝတ်ဖြင့်ရွတ်ဆိုခဲ့ရာ မြတ်စွာဘုရားက သာဓုခေါ်၍ ကောင်းချီးပေးသံကို နတ်ဗြဟ္မာများမှတဆင့် မထေရ်၏ မိခင်အိမ်တွင်းရှိနတ်ကလည်း ကောင်းချီးပေးလေ၏။

မိခင်ဖြစ်သော ဥပါသိကာမကြီးသည် အိမ်တွင်းနတ်နှင့် အပြန်အလှန်စကားပြောရာ အိမ်တွင်းနတ်က "အသင်၏သားဖြစ်သော ကောဋိုကဏ္ဍသောဏ မထေရ်သည် ယခု မြတ်စွာဘုရားနှင့် အတူတကွ တစ်ခုသော ဂန္ဓကုဋီ၌ သီတင်းသုံးနေ၍ တရားကိုဟော၏။ မြတ်စွာဘုရားသည် အသင့်သား၏ဟောကြားသောတရားကို ကြားနာနှစ်မြို့ ကြည်ညိုသည်ဖြစ်၍ ကောင်းချီးပေးတော်မူသလို ငါလည်း ကောင်းချီးပေးခြင်းဖြစ်၏" ဟု ပြောဆိုခဲ့လေသည်။

မိခင်ကြီးသည် ဝမ်းမြောက်၍ သားတော်ဟောသောတရားကို နာယူလို၍ သားတော်အားတရားဟောရန် တောင်းပန်ခဲ့လေ၏။ သားတော်ရဟန်း၏တရားတော်ကို နာယူလို၍ အိမ်၌ကျွန်မတစ်ဦးတည်းသာထား၍ ဆောက်လုပ်ထားသော မဏ္ဍပ်သို့အခြံအရံများစွာဖြင့် တရားနာယူလေ၏။

ထိုအချိန်တွင် ခိုးသူတို့သည် အိမ်ကိုဖောက်၍ ပစ္စည်းများကိုခိုးယူနေကြောင်း အိမ်ကျွန်မကပြောကြားရာ မိခင်ကြီးက "ခိုးသူတို့သည် မိမိတို့တွေ့မြင်သောအသပြာတို့ကို ခိုးယူကြလိမ့်မည်။ ငါသည် ငါ့သား၏ဟောကြားသော တရားစကားကို ကြားနာနေ၏။ ငါ့အား တရားတော်၏အန္တရာယ်ကို မပြုပါလင့်။ အိမ်သို့ ပြန်သွားလေလော့"ဟု ပြောဆိုပြန်လွှတ် လိုက်လေ၏။

အိမ်ကျွန်မက သုံးလေးကြိမ် ပြောဆိုသော်လည်း မိခင်ကြီးက လက်မခံဘဲ ဆက်လက်၍တရားတော်ကိုသာ ရိုသေစွာနာကြားလေ၏။

ထိုအချင်းအရာကို ခိုးသူအကြီးမှူးဖြစ်သောသူသည် ဥပါသိကာမ၏ စကားကိုကြား၍ သတိသံဝေဂရကာ ခိုးယူထားသော ပစ္စည်းများကို ရှိရင်းနေရာသို့ ပြန်ထားခိုင်းခဲ့ပြီး မိမိ၏အမှားများကို တောင်းပန်ဝန်ချ၍ ရဟန်းဝတ်ခွင့် တောင်းခံခဲ့သဖြင့် ကိုးရာသော ခိုးသူအားလုံးတို့သည် ရဟန်းပြုခဲ့ကြလေ၏။

ဤဖြစ်ရပ်ကိုကြည့်ပါက သားဖြစ်သူကောင့်ကလွှာသောဏမထေရ်ဟောကြားအပ်သောတရားတော်ကို ရိုသေစွာနာယူတတ်ခြင်း၊ တရားဟောပုဂ္ဂိုလ်သည် မိမိသားပင်ဖြစ်သော်လည်း တရားဟောပုဂ္ဂိုလ်၏ဂုဏ်ကျေးဇူးကိုသိတတ်မှု၊ မိမိ၏အိမ်တွင် ခိုးသားများ၏ ဖောက်ထွင်းခံခဲ့ရသော်လည်း ပစ္စည်းမဆုံးရှုံး ခိုးသားများက ပြန်ထားခဲ့ရခြင်း၏ အဖြစ်သည် "တရားကို စောင့်ရှောက်ခြင်းသည် တရားတော်က ပြန်လည်၍ စောင့်ရှောက်ခြင်းပင်ဖြစ်၏"။ ထို့သို့ ရရှိလာခဲ့ခြင်းမှာ "တရားဟောပုဂ္ဂိုလ်၏ ကျေးဇူးကိုသိတတ်မှု"ကြောင့်ပင်ဖြစ်ပါသည်။

ခင်ပွန်းကြီးဆယ်ပါးပြစ်မှား၍ ရရှိသော ဒဏ်(၁၀)ပါး

ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိခဲ့ပါက ဒဏ် (၁၀)ပါးတို့တွင် တစ်မျိုးမျိုးသော်လည်းကောင်း၊ ပစ္စုပ္ပန်, တမလွန် နှစ်တန်ဘဝမှာ မုချဆိုးကျိုး ခံစားရမည်ဟု ဘုရားရှင်က အောက်ပါအတိုင်း ဟောကြားထားပါသည် -

(၁) ပြင်းထန်သော ရောဂါဝေဒနာများ ကပ်ရောက်တတ်ခြင်း။

(၂) ပစ္စည်းဥစ္စာအဖြာဖြာတို့ ဆုံးရှုံးပျက်စီးရခြင်း။

(၃) လက်ခြေစသော ကိုယ်အင်္ဂါများ ပျက်စီးတတ်ခြင်း။

(၄) ဆေးကုန်မရလောက်အောင် ရောဂါဝေဒနာ ကြီးစွာခံစားရခြင်း။

(၅) စိတ်လေလွင့် ရူးသွပ်ခြင်း။

(၆) မင်းပြစ်မင်းဒဏ်သင့် ခံရခြင်း။

(၇) ရုန့်ရင်းကြမ်းတမ်းစွာ သူတစ်ပါးတို့၏ အစွပ်အစွဲ အပြောအဆို ခံရတတ်ခြင်း။

(၈) ဆွေမျိုးဉာတိများ ပျက်စီးရခြင်း။

(၉) စည်းစိမ်ဥစ္စာရံသင်းပင်း ပျက်စီးရခြင်း။

(၁၀) နေထိုင်ရာ အဆောက်အအုံများ မီးလောင်ခံရခြင်း။

လင်္ကာ

"သွေးအန်ဖြစ်လွယ်၊ ရောင်းဝယ်ရုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နူနာကုဋ္ဌ၊ ရူးကြဖောက်ပြန်၊ မင်းဒဏ်သင့်ခဏ်း၊ ကြမ်းတမ်းစွပ်စွဲ၊ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ်၊ နေအိမ်မီးလောင်၊ ဒုက္ခကောင်သည်၊ လူ့ဘောင်ဒိဋ္ဌ၊ တွေ့ကြုံရ၍၊ သေကငရဲ ကမ္ဘာစွဲ၏။"

"ဝေဒနာကြမ်း၊ ကုန်းခမ်းဥစ္စာ၊ ကိုယ်အင်္ဂါပျက်၊ နှိပ်စက်နာဆိုး၊ ရူးသွပ်မျိုးနှင့်၊ မင်းစိုးပြစ်ဒဏ်၊ စွပ်စွဲခံရိုး၊ ဆွေမျိုးပျက်စီး၊ ပစ္စည်းဆွေးပုပ်၊ အိမ်ကုန်မီးဝါး၊ ဤဆယ်ပါးသည်၊ ရထားလက်ငင်းအပြစ်တည်း။"

"တရားမခင်၊ အမှားမြင်လျက်၊ အစဉ်ဆိုးဝါး၊ လူမိုက်များသည်၊ သေသွားပြီးနောက်၊ ငရဲရောက်သော်၊ နောက်ထပ်တစ်ဖန်၊ ပူရပြန်၏။"

(ဓမ္မပဒ၊ ဒဏ္ဍဝဂ်၊ မဟာမောဂ္ဂလာနတ္ထေရဝတ္ထု)

ခင်ပွန်းကြီး (၁၀)ပါးအား မပြစ်မှား၊ ဂုဏ်ကျေးဇူးကိုသိတတ်သူများ ရရှိသော အကျိုးတရားများ

ခင်ပွန်းကြီးဆယ်ပါး၏ ကျေးဇူးဂုဏ်ကို သိတတ်သူများ၊ မပြစ်မှားကြသူများ အကျိုးတရားများ ရရှိခံစားနိုင်ကြောင်း တေမိယဇာတ်တော်၌ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(၁) အခြားအရပ်တစ်ပါးသို့ ရောက်သော်လည်း အစားအစာ ကျေးဇူးပြုသူပေါများခြင်း။

(၂) တစ်ရွာ တစ်ကျေးသို့ ရောက်သော်လည်း အောက်တန်း နောက်တန်းမကျဘဲ လာဘ်ပူဇော် သက္ကာရနှင့် ပြည့်စုံရခြင်း။

(၃) မင်းဘေး၊ သူခိုးဘေး၊ ဓားပြဘေး၊ နိုင်ထက်ကလူ ညှဉ်းပန်းနှိပ်စက်တတ်သော သူများနှင့် မတွေ့ဆုံရခြင်း။

(၄) စိတ်ချမ်းသာစွာ နေထိုင်ရခြင်း။

(၅) ကြယ်တာရာတို့ဖြင့် ဝန်းရံသော လမင်းကြီးကဲ့သို့ လူပုံအလယ်၌ တင့်တယ်စွာ နေထိုင်ရခြင်း။

(၆) ရဲရင့်တည်ကြည်သော ဂုဏ်ကျေးဇူးတို့၏ တည်ရာဖြစ်ခြင်း။

(၇) ကျေးဇူးသတင်း ကျော်စောပျံ့နှံ့ခြင်း။

(၈) ခြံရံသင်းပင်းတို့နှင့် မကွဲမကွာ နတ်တို့၏ ကျက်သရေပမာ တင့်တယ်ရွှင်လန်းစွာ နေရခြင်း။

(၉) ဥစ္စာပစ္စည်းများဖြင့် ပြည့်စုံကြွယ်ဝခြင်း။

(၁၀) မြင့်မားသော တောင်ချောက်ကမ်းပါးမှ မတော်တဆ ကျရောက်သောအခါ အသက်မသေ ကယ်မည့်သူပေါ်လာရခြင်း။

(၁၁) မိမိ၏ သားသမီးမြေးမြစ်တို့နှင့် ပျော်ပါးရွှင်လန်းစွာ အသက်ထက်ဆုံးနေရခြင်း။

(၁၂) အကိုင်းအခက်နှင့် ပြည့်စုံသော ပင်ညောင်ပင်ကြီး ကဲ့သို့ အခြေခိုင်မာစွာ တစ်နေ့တခြား ၊ တက်နေအလားကဲ့သို့ စည်ပင်ပြန့်ပွားခြင်း။

ခင်ပွန်းကြီး(၁၀)ပါး ကန်တော့နည်း

သံသရာသည် ရှည်လျားလှပါသည်။ နိဗ္ဗာန် မရသေးသမျှ ဘယ်ရွှေ့ ဘယ်မျှ ရှည်လျားနေမည်ကို မသိနိုင်ပါ။ မိမိနှင့် မတော်စပ်ဖူးသော မိခင်၊ ဖခင်၊ ဆရာသခင်၊ ဘကြီး၊ ဘထွေးစသည့် ဆွေမျိုးများ မရှိဟု မြတ်စွာဘုရား ဟောကြားထားခဲ့ပါသည်။

ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရသဖြင့် ဘာတွေဖြစ်လာခဲ့သည်ကို မြတ်စွာဘုရားမှတစ်ပါး မသိမမြင်နိုင်ပါ။ သို့ဖြစ်၍ အတိတ်ဘဝက တော်စပ်ဖူးခဲ့သော မိခင်၊ ဖခင်၊ ဆရာသခင် စသည့် ကျေးဇူးရှင်များအပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားမိခဲ့ပါက ဆင်းရဲဒုက္ခများစွာကို ခံစားရမည်ဖြစ်၍ သိ၍ဖြစ်စေ, မသိ၍ဖြစ်စေ ပြစ်မှား ကျူးလွန်မှုရှိခဲ့လျှင် ထိုအပြစ်တွေကိုပျောက်အောင် ဝန်ချကန်တော့မှ ပျောက်မည်ဖြစ်ပါသည်။

ထို့ကြောင့် ခင်ပွန်းကြီး ဆယ်ပါးအပေါ်၌ သိ၍ဖြစ်စေ၊ မသိ၍ဖြစ်စေ ပြစ်မှားမိခဲ့ပါက အပြစ်များပျောက်ကင်းအောင် အောက်ဖော်ပြပါအတိုင်း ဝန်ချကန်တော့ကြရမည် -

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ၄၄၉

အရှင်ဘုရား၊ ဘုရားတပည့်တော်သည် သံသရာအစမှစ၍ ယနေ့တိုင်အောင် -

၁။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ အပေါ်၌သော်လည်းကောင်း။

၂။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ပစ္စေကဗုဒ္ဓါ ကိုယ်တော်မြတ်ကြီးတို့ အပေါ်၌သော်လည်းကောင်း။

၃။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော အဂ္ဂသာဝက မထေရ်မြတ်ကြီးတို့ အပေါ်၌သော်လည်းကောင်း။

၄။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ရဟန္တာ အရှင်မြတ်ကြီးတို့ အပေါ်၌သော်လည်းကောင်း။

၅။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော မိခင်တို့ အပေါ်၌သော်လည်းကောင်း။

၆။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော ဖခင်တို့ အပေါ်၌သော်လည်းကောင်း။

၇။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော လိမ္မာရန် ကျိုးကြောင်းပြ၍ ပညာသင်ပေးကြကုန်သော ဆရာသမားတို့ အပေါ်၌သော်လည်းကောင်း။

၈။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဆည်းပူးဖြည့်ကျင့်လျက်ရှိကြကုန်သော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်၊ မိမိထက် ဂုဏ်သိက္ခာကြီးမားကြကုန်သောသူတို့အပေါ်၌သော်လည်းကောင်း။

၉။ ဂုဏ်ကျေးဇူးကြီးမားကြကုန်သော တရားဓမ္မတို့ကို ဟောပြောပြသ ဆိုဆုံးမကြကုန်သော သူတို့အပေါ်၌သော်လည်းကောင်း။

၁၀။ ထမင်းတစ်လုပ်၊ ရေတစ်မှုတ်၊ နေရာထိုင်ခင်း စသည်ဖြင့် ပေးကမ်းခြိုးမြှင့် ထောက်ပံ့ဖူးကုန်သော ကျေးဇူးရှင်ပုဂ္ဂိုလ်တို့ အပေါ်၌ သော်လည်းကောင်း။

"ကာယကံ၊ ဝစီကံ၊ မနောကံ"ဟု ဆိုအပ်သော သုံးပါးသောကံတို့ဖြင့် ပြစ်မှားမိခဲ့သည်ရှိခဲ့ပါက ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ကန်တော့ရသော ကောင်းမှုကံစေတနာတို့ကြောင့် အလုံးစုံသောဘေး၊ ရောဂါအန္တရာယ် အပေါင်းတို့မှ ကင်းဝေးပြီးလျှင် မြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိမြင်၍ နိဗ္ဗာန်သို့ ဝင်စံနိုင်သောကိုယ် ဖြစ်ရပါစေသား အရှင်မြတ်ဘုရား။

လောကီမင်္ဂလာ အဖြာဖြာတို့သည်လည်း စိတ်ကြိုတိုင်း၊ တောင့်တ တိုင်း လွယ်ကူလျင်မြန်စွာ ပြည့်စုံ၍ နှလုံးစိတ်ဝမ်းအေးချမ်းရပါစေသား အရှင်မြတ်ဘုရား။

ခင်ပွန်းကြီးဆယ်ပါးပြစ်မှားမိသူများ ကုသရန်နည်းလမ်းများ

လောကရှိ ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားလေးပါးကြောင့် ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက်ထားသောခန္ဓာကိုယ်ကြီးတွင် ရောဂါဝေဒနာအမျိုးမျိုးတို့ ဖြစ်ပေါ်ခံစားကြရသည်။

ယင်းရောဂါဝေဒနာအမျိုးမျိုးတို့ကို ဆေးအမျိုးမျိုး၊ သမားတော်အမျိုးမျိုးနှင့်ကုသကြပါသည်။ ထိုသို့ကုသ၍ မပျောက်ကင်းပါလျှင် ကံနာဝဋ်နာဟု ခေါ်ဆိုကြပါသည်။ ထိုကံနာ ဝဋ်နာစွဲကပ်ခံရသောသူများသည်

ခင်ပွန်းကြီး(၁၀)ပါး ပြစ်မှားသူ၊ မပြစ်မှားသူတို့၏ ကောင်းကျိုး/ဆိုးကျိုးများ ၇၅၁ အတိတ်ဘဝကပြုခဲ့သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၏ အကျိုးဆက် ဝိပါကဝင်္ဆနာနှင့် အတိတ်ဘဝကပြုခဲ့သော အကုသိုလ်ဒဏ် ပြန်ခံရခြင်းများရှိပါသည်။

ဥပမာ- အတိတ်ဘဝက စကျွပါလမထေရ်သည် ဆေးသမားဖြစ်စဉ်က ဆေးကုခမရ၍ စိတ်စေတနာဆိုးပြီး မျက်စိကန်းဆေးပေး၍ ယခုဘဝတွင် မျက်စိပြန်၍ကန်းရခြင်း၊ ပူတိဂတ္တတိဿမထေရ်သည်လည်း ရှေးဘဝက ကြက် ငှက်များကို ခြေဖြတ် လက်ဖြတ်လုပ်ခဲ့၍ ယခုဘဝတွင် ပေါက်ပြဲကွဲသော ရောဂါဝေဒနာရခြင်း စသည်များသည် ကံတူအကျိုးပေးသော ကံနာများ ဖြစ်ကြသည်။

ခင်ပွန်းကြီးဆယ်ပါးတွင် တစ်ပါးပါးကိုပြစ်မှား၍ မကောင်းကျိုးခံစားနေရသူများ၊ ရောဂါဝေဒနာတစ်မျိုးမျိုး ခံစားနေရသူများသည် ဤမကောင်းကျိုး ရောဂါဝေဒနာဆိုးမှ လွတ်လမ်းမရှိနိုင်ပါ။ လောကတစ်ခုလုံး တစ်သံသရာလုံး စုန်းစုန်းနစ်ရတော့မည်လောဟု မေးစရာရှိပါ၏။

ပုဒ္ဓဘာသာတို့တွင် ထိုကျေးဇူးရှင်များအား ပြစ်မှားမှုနှင့်ပတ်သက်၍ ကုသနည်းကို နည်းပေးထားပါသည်။ ပုဒ္ဓဘာသာဝင်တို့သည် နေ့စဉ် ဘုရားရှိခိုးတိုင်း ဘုရားရှိခိုးကန်တော့ချိုးမှာ - ဩကာသ၊ ဩကာသ၊ ဩကာသ စသည်ဖြင့် ကန်တော့လေ့ရှိပါသည်။

မိမိတို့နေ့စဉ် စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည် ဆောင်ရွက်ရာ၌ များသောအားဖြင့် လောဘဦးစီးမှု၊ ဒေါသဦးစီးမှု၊ မောဟဦးစီးမှုတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြလေ့ရှိရာ ထိုသို့လုပ်ဆောင်ရန် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ ရှိလာကြပြီး မပြစ်မှားသင့်သော ပုဂ္ဂိုလ်အားပြစ်မှားမိတတ်ကြပါသည်။

ထိုသို့ရှိလာနိုင်၍ အပြစ်မရှိကြစေရန် ကံနှာ ဝဋ်နာမဖြစ်ကြစေရန် ပစ္စုပ္ပန်မှာ အကုသိုလ်ဆိုးကျိုးများ မခံစားကြစေရန် ရောဂါဝေဒနာဆိုးများ မကျရောက်မခံစားကြစေရန် ရည်ရွယ်ပြီး ရှေးရှေးဆရာတော်ကြီးများက ကန်တော့ချိုးတွင်ရေးသား၍ စီရင်ခဲ့ကြခြင်းဖြစ်ပါသည်။ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားမိသောသူသည် မိမိပြစ်မှားမိမှုကိုသိလျှင်သိခြင်းသက်ဆိုင်ရာပုဂ္ဂိုလ်ထံ ဝန်ချကန်တော့တောင်းပန်၍ ထိုပုဂ္ဂိုလ်ကခွင့်လွှတ်လျှင် ပျောက်ကင်းနိုင်ပါသည်။

ဥပမာ- သောရေယျသူဌေးသားသည် ရှင်မဟာကစ္စည်းကို ပြစ်မှားမိ၍ မိန်းမဘဝသို့ ရောက်ရာ၌ ရှင်မဟာကစ္စည်းကို ကန်တော့သဖြင့် ရှင်မဟာကစ္စည်းက ခွင့်လွှတ်ရာ မိမိ၏ မူလယောကျ်ားဘဝသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

မိမိကပြစ်မှားမိခဲ့၍ နောက်မှသိပြီး ထိုပုဂ္ဂိုလ်ထံ ဝန်ချတောင်းပန်ရန် ထိုပုဂ္ဂိုလ်က ကွယ်လွန်ပြီးဖြစ်ခဲ့သော် ထိုပုဂ္ဂိုလ်၏ မြေပုံအုတ်ဂူရှိရာသို့ သွား၍ ကန်တော့ဝန်ချ ရှိးခိုးတောင်းပန်ရပါမည်။ မိမိကပြစ်မှားမိသူကို ရှာဖွေမတွေ့လျှင် ထိုသူကို ရည်မှော်မှန်းပြီး ကန်တော့ဝန်ချ တောင်းပန်ရပါမည်။

ဥပမာ-ပုဂံရာဇာဝင်တွင် အလောင်းစည်သူမင်းကြီးသည် ဘိုးဘွားတို့ကို ပြစ်မှားမိ၍ မျက်စိကွယ်ခဲ့ရာတွင် ဘိုးဘွားတို့၏ ရုပ်တုပြုလုပ်ပြီး ကန်တော့ပွဲနှင့် ပြန်လည်တောင်းပန် ကန်တော့လိုက်သဖြင့် မျက်စိအလင်း ပြန်ရခဲ့ပါသည်။

ထိုသို့ကျေးဇူးရှင်များကိုပြစ်မှား၍ ကံနှာ ဝဋ်နာရှိကြသူများကို ရှေးမြန်မာဆေးဆရာကြီးများက စိမ်ရေသင့်နာဟု ခေါ်ဆိုလေ့ရှိကြပါသည်။ ထိုကံနှာ ဝဋ်နာ(စိမ်ရေသင့်နာ)ရှိသူများကို ရှေးအခါက ကုသနည်း (၃) နည်းဖြင့် ကုသလေ့ရှိကြပါသည်။ ၎င်းတို့မှာ-

(၁) ဘုရားနည်းဖြင့်ကုသခြင်း

(၂) သမားနည်းဖြင့်ကုသခြင်း

(၃) ဆရာနည်းဖြင့်ကုသခြင်း

ဘုရားနည်းဖြင့်ကုသခြင်းများမှာ ပြစ်မှားခဲ့သောပုဂ္ဂိုလ်ကို တိုက်ရိုက်သွား၍ ဝန်ချတောင်းပန်ကန်တော့ခြင်း၊ သေဆုံးက သင်္ဂြိုဟ်းသို့သွား၍ကန်တော့ခြင်း၊ ရှာမတွေ့ပါက ရည်မှော်၍ကန်တော့ခြင်းဖြင့် ကန်တော့၍ ကုသနည်းဖြစ်ပါသည်။

သမားနည်းဖြင့်ကုသခြင်းမှာ ဆေးဆရာသမားတော်များက မိမိတွက်ချက်စီမံထားသောနည်းအရ ကုသခြင်းမျိုးဖြစ်ပါသည်။ ဥပမာ-အလောင်းစည်သူမင်းအား ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့ကစီမံပေးသော အစီအစဉ်ဖြင့် ရုပ်တုများပြုလုပ်စေခြင်း၊ ကန်တော့ပွဲများပြုလုပ်စေခြင်း စသည်ဖြင့် စီမံဆောင်ရွက်ပြီးကန်တော့ခြင်းဖြင့် ကုသခြင်းမျိုးဖြစ်ပါသည်။

ဆရာနည်းဖြင့်ကုသခြင်းမှာ - ဆိုင်ရာရောဂါရှင်၏ အားထားကိုးကွယ်ရာ ဆရာတော် သံဃာတော်များနှင့် လူကြီးသူမတို့က ကြားကပြောဆိုဆောင်ရွက်ပေးပြီး သက်ဆိုင်ရာပုဂ္ဂိုလ်ကို ကန်တော့ခြင်းဖြင့် ကုသနည်း ဖြစ်ပါသည်။

ဥပမာ- သောရေယျသူဌေးသားကို မိတ်ဆွေသူငယ်ချင်းက စီမံဆောင်ရွက်ပေးပြီး အရှင်မဟာကစ္စည်းကို ကန်တော့စေခြင်းဖြင့်ပြုလုပ်ခြင်း၊ မိမိရွာဦးကျောင်းဆရာတော်ကို ပြစ်မှားမိခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ မကန်တော့ မတောင်းပန်မိ၍ ရောဂါစွဲကပ်ဖူးသော ကျောင်းအစ်မကြီးတစ်ဦးကို သက်ဆိုင်ရာ ဂိုဏ်းချုပ်ဆရာတော်က ခေါ်ယူ၍ ရွာဦးကျောင်း ဆရာတော်ထံဝင်ရောက်၍ ပြန်လည်ကန်တော့စေရန် သြဝါဒပေးခြင်း၊ စီမံပေးခြင်းမျိုးဖြစ်ပါသည်။

မိမိတို့သည် သံသရာတစ်လျှောက် ဘဝမျိုးစုံ ကျင်လည်ခဲ့ရပါသည်။ ကံကောင်းထောက်မ၍ ယခုရခဲသော လူ့ဘဝကို ရလာခဲ့ကြသည်။ ရခဲသော လူဘဝတွင်လည်း မိမိတို့ပြုခဲ့သော ဒါနသီလကို အကြောင်းပြု၍လည်းကောင်း၊ ကုသိုလ် အကုသိုလ်ကံအကျိုးကြောင့်လည်းကောင်း ဘဝအနိမ့်အမြင့် အဆင့်အတန်း ကွာခြားမှုတွေနှင့် ဤလူ့ဘဝတွင် ကြုံတွေ့ကျင်လည်နေရပါသည်။

ထိုသို့ကျင်လည်နေရာ၌ လူ့ဘဝရပ်တည်နိုင်ရေးအတွက် စားဝတ်နေရေးတို့ကို လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယတရားတို့ဖြင့် နေ့စဉ်လွှမ်းခြုံပြီး ရှာဖွေလုပ်ကိုင်နေကြရသည်။ ထိုသို့လုပ်ကိုင်ရာတွင် မပြစ်မှားသင့်သောပုဂ္ဂိုလ်ကို ပြစ်မှားသော ကာယကံမှု, ဝစီကံမှု, မနောကံမှုများ ရှိလာခဲ့ကြပါသည်။

ဤသို့ရှိလာခဲ့ကြသည်ကို ဥစ္စာပစ္စည်းဇော၊ သားသမီး သားမယားဇော၊ ရာထူးဂုဏ်သိန်ဇော စသည်တို့ဖြင့် မောဟဖုံးကာ မသိနိုင် မမြင်နိုင်ခဲ့ကြပေ။ သို့သော် ထိုမိမိပြုခဲ့သော အကုသိုလ်စေတနာဇောအကျိုးက တစ်နေ့နေ့တစ်ချိန်ချိန် မုချအကျိုးပေးမှာ သေချာလှပါသဖြင့် မိမိတို့သည် ကာယကံမှု ဝစီကံမှု မနောကံမှုပြုလုပ်တိုင်း မပြစ်မှားသင့်သောပုဂ္ဂိုလ်များကို မပြစ်မှားမိအောင် ဉာဏ်နှင့်ယှဉ် သတိဝင်၍ လုပ်ဆောင်ကြရန် အလေးအနက်ထားရမည်ဖြစ်ပါသည်။

အခန်း(၄)

မြန်မာ့ယဉ်ကျေးမှုလာ အန္တရာယ်ကင်း ပရိတ်နှင့် သိမှတ်ဖွယ်ရာများ

ပရိတ်နိဒါန်း

မြတ်စွာဘုရားသခင်သည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူပြီးသည့် အခါမှစ၍ ပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ ၄၅-ဝါ ပတ်လုံး ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့အား တရားအမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့လေသည်။ ထိုသို့ ၄၅-ဝါပတ်လုံး ဟောကြားအပ်သော တရားတော်တို့သည် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် မကအောင်ပင် များမြောင်လှကုန်၏။ ထိုတရားတော်တို့၏ ဦးတည်ချက်မှာကား ကိလေသာမှ လွတ်မြောက်ရေး တစ်ခုတည်းသာ ဖြစ်လေသည်။

တရားတော်တို့တွင် လူ, ရှင်, ရဟန်းတို့၏ ဘေးရန်ကင်းဝေးချမ်းသာရေးအတွက် အရန်အတားအဖြစ် ဟောကြားအပ်သော တရားတော်တို့လည်း အပါအဝင် ဖြစ်လေသည်။ ထိုတရားတော်တို့ကိုပင် ပါဠိလို "ပရိတ္တာ" မြန်မာလို "ပရိတ်"ဟု ခေါ်ဝေါ်ရလေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ပရိတ်တို့မှာ နိကာယ် ငါးရပ်၊ ပိဋကတ် သုံးပုံတို့ဝယ် ကြိုကြားကြိုကြား တကွဲတပြားစီ ဖြစ်လျက် ရှိကြရာ ဆရာတော်ကြီးတို့သည် ထိုပရိတ်တို့ကို တပေါင်းတည်း စုပေါင်း၍ သီးခြား ကျမ်းတစ်စောင်တစ်ဖွဲ့အဖြစ် စီစဉ်တော်မူခဲ့ကြလေသည်။ ထိုသို့ ရွေးဆရာတော်ကြီးများ စုပေါင်းစီစဉ်ထားခဲ့သော ပရိတ်ကျမ်းသည်ပင် ယခုအခါ မြန်မာနိုင်ငံ၌ "ပရိတ်ကြီး" ဟူသော အမည်ဖြင့် ထင်ရှားလေသည်။

ဧခတ်အဆက်ဆက် ပရိတ်ရွတ်မှု

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက်၌ ပရိတ်သည် အရေးကြီးသော ဘာသာရေးလုပ်ငန်းတစ်ရပ် ဖြစ်ခဲ့ပေသည်။ သာသနာနှစ် ၅၁၁-ခန့်၌ ပေါ်ထွန်းခဲ့သော မိလိန္ဒမင်းကြီးသည် ပရိတ်နှင့်ပတ်သက်သော ပြဿနာကို အရှင်နာဂသိန်အား လျှောက်ထား၍ အရှင်နာဂသိန်ကလည်း မိလိန္ဒမင်းကြီး သဘောကျ ကျေနပ်လောက်အောင် ဥပမာအမျိုးမျိုးဖြင့် ဖြေဆိုထားသည်ကို မိလိန္ဒပဉ္ဉာပါဠိတော် (နှာ ၁၅၂-၁၅၅)၌ ပြဆိုထားလေရာ ထိုခေတ်၌လည်း ပရိတ်ရွတ်မှုအလေ့အထ ရှိခဲ့သည်ကို သိနိုင်ကြပေသည်။

အဋ္ဌကထာဆရာ၊ အရှင်မဟာဗုဒ္ဓဃောသမထေရ် ပေါ်ထွန်းချိန် ဖြစ်သည်။ သာသနာနှစ် ၉၀၀-ကျော် ၁၀၀၀-ခန့်၌လည်း ပရိတ်ရွတ်ဖတ်မှုကို ဘာသာဝင်တို့ လိုက်နာ ကျင့်သုံးခဲ့ကြကြောင်းကို သိရပေသည်။ ပါရာဇိကဏ်အဋ္ဌကထာ (၃-၆၇)၌လည်း လူတို့အတွက် ပရိတ်ရွတ်ပေးမှုနှင့် ပတ်သက်၍ ရဟန်းတော်တို့ လိုက်နာစရာများကို ပြဆိုထားရာ ယင်းသည်လည်း ထိုအခါတွင် လူတို့ သည် မိမိတို့အရေးကိစ္စ ပေါ်သောအခါ ရဟန်းတော်တို့ကိုပင်၍ ပရိတ်တရား နာယူလေ့ရှိပုံ၏ အထောက်အထားတစ်ရပ်ပင် ဖြစ်ပေသည်။ ထိုကျမ်း၌ပင် ပရိတ်ရေ၊ ပရိတ်ချည်အကြောင်းများကိုပါ တစ်ပါတည်း ပြဆိုထားပြန်ရာ ပရိတ်ရေ၊ ပရိတ်ချည်တို့ကို ဘေးရန်တားဆီးရန်အတွက် ယုံကြည်စွာ အသုံးပြုခြင်းသည်လည်း ထိုအခါက အသားကျလျက်ရှိသော ဘာသာရေးလုပ်ငန်း တစ်ခုဖြစ်ကြောင်း သိနိုင်ပြန်သည်။

ထို့ပြင် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ (နှာ-၃၀၅)၌လည်း ရဟန်းတို့နှင့် လူဝတ်ကြောင်တို့၏ ဘာသာရေးကျင့်သုံးမှု ထူးခြားပုံကို ပြဆိုရာတွင်

"ဂဟဋ္ဌော ရတနသုတ္တ မင်္ဂလသုတ္တမတ္တမ္ပိ ပေါတ္ထကေ လိခိတွာ ဌပေတိ၊ ပဗ္ဗဇိတာ နိစ္စံ သဇ္ဈာယန္တိ" လူဒါယကာသည် ရတနသုတ်၊ မင်္ဂလသုတ်မျှကို သော်လည်း အလွတ်အရမကျက်ဘဲ ပေ၌သာရေး၍ထားသည်။ ရဟန်းတို့သည်ကား ယင်းတို့ကို အမြဲရွတ်အံ သရဇ္ဈာယ်ကြသည်ဟု ပြဆိုထားသည်ကို တွေ့ရှိနိုင်သည်။

သာသနာနှစ် ၉၁၂-ခုတွင်၊ သီဟိုဠ်ကျွန်း၌ နန်းတက်သော ဒုတိယ ဥပတိဿမင်းလက်ထက်၌ ဘုရားရှင်လက်ထက်က ဝေသာလီပြည်၌ ဖြစ်သကဲ့သို့၊ ဒုဗ္ဘိက္ခဘေး၊ ရောဂါဘေးတို့ ဖြစ်ပေါ်လေရော ရဟန်းတော် တို့သည် ညဉ့်သုံးယံပတ်လုံး (ရတနသုတ် ပရိတ်တော်ကို ရွတ်သဖြင့် ထိုဘေးတို့ ပပျောက်ခဲ့ဖူးလေသည်။) (စူဠဝံသ၊ ၃၇ ပရိစ္ဆေဒ၊ ၁၁၉-၁၉၈ ဂါထာများ)

မြန်မာနိုင်ငံ၌လည်း ပုဂံခေတ်ဦးပိုင်းကပင် ပရိတ်ရွတ်ဖတ်မှု ရှိခဲ့ကြောင်း ကျောက်စာ အထောက်အထားများအရ သိရှိရသည်။ ကျန်စစ်သားမင်းကြီးသည် နန်းတော် ဆောက်လုပ်သောအခါ အရှင်အရဟံ အမျှုးရှိသော ရဟန်းတော် (၄၀၀၈)ပါးတို့ကို ပရိတ်မင်္ဂလာ ရွတ်စေခဲ့သည်။ (ကျန်စစ်သား မင်းတရားကြီး၏ နန်းတော် မွန်ကျောက်စာ မြန်မာပြန်၊ နှာ၊ ၄၇-၄၈)

သက္ကရာဇ် ၅၅၂-ခုနှစ်တွင်လည်း သိယ်သူရ်မည်သော အမတ်ကြီးသည် ဂူဘုရား ဌာပနာသောအခါ သံဃာတော်များကို ပင့်၍ ပရိတ်ရွတ်စေ ခဲ့ကြောင်းကို တောင်ဂူနီဘုရား ကျောက်စာတွင် တွေ့ရှိရသည်။ ထို့အတူပင် သက္ကရာဇ် ၆၂၃-ခုနှစ်၌လည်း အစစ်လတ်မင်းသမီးသည် ဂူဘုရားဌာပနာ သောအခါ သံဃာတော်တို့ကို ပင့်၍ ပရိတ်ရွတ်စေခဲ့ကြောင်း ကျောက်စာ (စာရင်း-၃၀၃၊ ပုံ ၂၀၀၊ ပုဂံကျောက်စာညွှန့်ပေါင်း၊ နှာ-၉၀) အထောက် အထား တွေ့ရှိရပေသည်။

ပုဂံခေတ်တွင် ကျန်စစ်သားမင်းကြီးသည် နန်းတော်တည်ဆောက် ရာတွင် သံယာတော်တို့ကို ပရိတ်ရွတ်စေခဲ့သကဲ့သို့ အင်းဝခေတ်၊ ကုန်းဘောင် ခေတ် ဘုရင်များလည်း အခါအားလျော်စွာ ပရိတ်ရွတ်စေမှု၊ နာယူမှုတို့ကို ပြုလုပ်ခဲ့ကြ၍ မင်းခမ်းမင်းနားတို့ဌာပင် ပရိတ်ရွတ်မှု နာယူမှုတို့ကို ပြုလုပ်ခဲ့ ကြသည်ကို တွေ့ရှိရသည်။

သာလွန်မင်းတရားကြီးသည် သားတော် ရှင်တရုပ်ကို အလိုတော် ပြည့်ပြီးနောက် လေးထပ်ကျောင်းဆရာတော်၊ စံကျောင်းဆရာတော်တို့နှင့် ဆရာတော်အပေါင်းကို နန်းတော်သို့ပင့်၍ ဆွမ်း လုပ်ကျွေးတော်မူပြီးလျှင် ပရိတ်တရားတော်ကိုလည်း နာယူတော်မူခဲ့သည်။ နောင်တော်ဘုရား သား တော် သခင်ပုကို ညီတော် မင်းရဲကျော်စွာ သမီးတော် ခင်မလှစံဖြူးနှင့် စုံဖက်တော်မူသည်တွင်လည်း လေးထပ်ကျောင်းဆရာတော်ကို သံယာ တော်တို့နှင့်တကွ ပင့်၍ ပရိတ် နာယူတော်မူခဲ့သည်။ (သာသနာလင်္ကာရ စာတမ်း၊ နှာ၊ ၁၇၀-၁၇၁)

အိမ်ရှေ့မင်းတို့ အိမ်တော်တက် အခမ်းအနားကို ကျင်းပသော အခါ အိမ်ရှေ့မင်းသည် ပရိတ်တော်နာဆောင်သို့ ရောက်တော်မူလျှင် ပရိတ်တော်ကို နာတော်မူ၍ ပရိတ်တော်အိုး၊ ပရိတ်တော်ပန်းတို့ကို ပြင်ရုံးသို့ထုတ်၍ မင်းသား မင်းမြေး မှူးတော် မတ်တော်တို့ကို ဝေပြီးမှ အိမ်သို့ ပြန်ကြရသည်။ (လောကဗျူဟာ အင်ရုံစာတမ်း၊ နှာ-၁၇)

မန္တလေး ရတနာပုံ ပဉ္စမသင်္ဃိယနာတင် မင်းတရားကြီး ဗုဒ္ဓါ ဘိသိက်ခံသည့် နည်းအတိုင်း ရေးသားအပ်သော မဟာသုတကာရီ မဃ ဒေဝလင်္ကာသစ်၊ ပိုဒ်ရေ-၅၇ ၌လည်း "နန်းကြီးထက်ပေါ်၊ တက်ပြီးသော် လျှင်၊ သူတော်မြတ်စစ်၊ တရာ့ရှစ်လည်း၊ အောင်မေတ္တာစိတ်၊ မွမ်းမွမ်း ထိတ်မျှ၊ ပရိတ်ဂါထာ၊ ဟောရွတ်ကာနှင့်"ဟု ပြဆိုထားလေရာ ပရိတ်ရွတ်

ဖတ် နာယူမှုသည် ဘုရင်မင်းမြတ်တို့ အဘိသိက်ခံရာ၌ပင် နေရာပေးထားရသော ဘာသာရေးကိစ္စတစ်ရပ်ဖြစ်သည်ကို တွေ့နိုင်ပေသည်။

ဤသို့လျှင် ပရိတ်သည် ဘာသာဝင် အပေါင်းတို့၏ ဘေးရန်ကင်းကွာ ချမ်းသာမှုကိုလည်း ရွက်ဆောင်ခဲ့၏။ ဘာသာဝင်တို့အား စိတ်နှလုံး ချမ်းမြေ့မှုကိုလည်း ပေးစွမ်းခဲ့၏။ ကိုယ့်ကိုကိုယ် ယုံကြည်မှုကိုရစေလျက် အရာရာမှာပင် ရဲရင့်ခြင်းကို ဖြစ်စေခဲ့၏။ ဤမျှ ကျေးဇူးပြုလျက်ရှိသည့် အဖိုးမဖြတ်နိုင်သော ဘာသာရေး အမွေ၊ ယဉ်ကျေးမှု အမွေကြီးတစ်ခုကို အဘယ်မည်သော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် စွန့်ပယ်ပါတော့မည်နည်း။

ပရိတ်စီစဉ်မှု

ပရိတ်ကြီးကို စုပေါင်း စီစဉ်ရာတွင် ရှေးဆရာတော်ကြီးတို့သည် မိလိန္ဒပဉ္ဉာပါဠိတော်၌လည်းကောင်း၊ အရှင်မဟာဗုဒ္ဓဃောသ မထေရ်အဋ္ဌကထာ တို့၌လည်းကောင်း တွေ့ရှိရသော ဟောကြား မိန့်ဆိုချက်တို့ကို မှီငြမ်းပြုလျက် စီစဉ်တော်မူခဲ့ကြဟန် တူပေသည်။ မိလိန္ဒပဉ္ဉာ ပါဠိတော်၊ မေဏ္ဍကပဉ္ဉာအခန်း၊ မစ္ဆုပါဿမုတ္တိပဉ္ဉာ (နှာ-၁၅၂)၌ မြတ်စွာဘုရား ညွှန်းဆိုဟောကြားခဲ့သော ပရိတ်တို့ကို ပြထားရာဝယ် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓပရိတ်၊ မောရ ပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ အင်္ဂုလိမာလပရိတ်တို့ကို တွေ့ရသည်။

ထို့အတူပင် အရှင်မဟာဗုဒ္ဓဃောသ မထေရ်သည် ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ဟူသော ခေတ်သုံးပါးတို့တွင် အာဏာခေတ်ကိုဖွင့်ပြရာ၌ စကြဝဠာကုဋ္ဌေတစ်သိန်းပမာဏ ရှိသော ယင်းအာဏာခေတ်၌ အရှိန်အဝါ ပျံ့နှံ့နိုင်သော ပရိတ်တို့ကို ထုတ်ပြလေ့ရှိ၏။ ထိုသို့ ထုတ်ပြရာတွင် ပါရာဇိကဏ် အဋ္ဌကထာ (ပ၊ ၁၂၉) ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

(ဒု၊ ၄၄)တို့၌ ရတနသုတ်, ခန္ဓ, ဓဇဂ္ဂ, အာဋာနာဋိယ, မောရ ပရိတ်တို့ကို ထုတ်ပြ၍၊ ဒီဃနိကာယ် ပါထိကဝဂ္ဂအဋ္ဌကထာ (၈၁) ဥပရိပဏ္ဏာသ အဋ္ဌကထာတို့၌ကား အာဋာနာဋိယ, မောရ, ဓဇဂ္ဂ, ရတနပရိတ်တို့ကိုသာ ပြ၍ အာဒိသဒ္ဒါကိုပါ ထည့်သွင်းကာ မိန့်ဆိုထားသည်ကို တွေ့ရပါသည်။

အင်္ဂုတ္တိရ် အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၂၊ ၂၁၀)နှင့် မဟာနိဒ္ဒေသအဋ္ဌကထာ (၃၃၆)တို့၌မူ အာဋာနာဋိယသုတ်, ကသိဂိလိ, ဓဇဂ္ဂ, ဗောဇ္ဈင်္ဂ်, ခန္ဓ, မောရ, မေတ္တာနှင့် ရတနပရိတ်တို့ကို ထုတ်ပြထားလေသည်။ ဆိုခဲ့ပြီးတို့ကို ပေါင်းလိုက်လျှင် မိလိန္ဒပဉ္ဉာပါဠိတော်နှင့် မျှားစွာသော အဋ္ဌကထာတို့တွင် ပရိတ်အဖြစ်ဖြင့် ဖော်ပြအပ်သော သုတ်တို့မှာ ရတနသုတ်, မေတ္တာ, ခန္ဓ, မောရ, ဓဇဂ္ဂ, အာဋာနာဋိယ, အင်္ဂုလိမာလ, ဗောဇ္ဈင်္ဂ်နှင့် ကသိဂိလိသုတ်တို့ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ပရိတ်ကြီးကို စီစဉ်သော ရှေးဆရာတော်ကြီးတို့သည် အထက်ပါသုတ်တို့တွင် ကသိဂိလိသုတ်မှတစ်ပါး အခြားသုတ် အားလုံးကိုပင် ယူ၍ မင်္ဂလသုတ်, ဝဋ္ဋသုတ်နှင့် ပုဗ္ဗဏှသုတ်တို့ကိုပါ ထည့်သွင်းလျက် စီစဉ်ထားသည်ကို တွေ့ရှိရလေသည်။ ထိုသို့ စီစဉ်ထားသောအခါ ရွတ်လိုသော ထိုထို ပရိတ်မှန်သမျှ၏ ပုဗ္ဗကိစ္စအဖြစ်၊ "သမန္တာမုစ၍ အာရက္ခံ ဂဏှန္တု" တိုင်အောင်သော စကားရပ်ကိုလည်းကောင်း၊ ထိုထိုသုတ်တို့၏ အစတွင် ဆိုင်ရာ အမွမ်းဂါထာများကိုလည်းကောင်း ထည့်သွင်းလျက် စီစဉ်တော်မူခဲ့ကြသည်။ ထို့ပြင် အာဋာနာဋိယသုတ် မူရင်းသည် အာဏာပြင်းသောသုတ်ဖြစ်၍ ဘီလူးစသည် ဖမ်းစားပူးကပ်သော အခါမှ ရွတ်သင့်သောသုတ်ဖြစ်သောကြောင့် နေ့စဉ်ရွတ်ဖတ်မှုနှင့် သင့်လျော်အောင် ယင်းသုတ်မှ ဂါထာအချို့ကိုသာ ယူလျက် ဘုရားဂုဏ်တော်များကို ထည့်သွင်း၍ လည်းကောင်း၊ ဗောဇ္ဈင်သုတ်မူရင်းမှာ စုဏ္ဏိယ (စကားပြေ)ဖြစ်နေ၍ ရွတ်ဖတ်လွယ်ကူစေရန် ဂါထာသီကုံး၍လည်းကောင်း၊ ပုဗ္ဗဏှသုတ်

ကိုလည်း အင်္ဂုတ္တရနိကာယ်မှ ဘုရားဟော ဂါထာများကို ပါဝင်စေ၍ သင့်လျော်သလို ဖြည့်စွက်လျက်လည်းကောင်း စီစဉ်ခဲ့ကြလေသည်။

သို့ဖြစ်၍ ပရိတ်ကြီးပါ ယင်းသုံးသုတ်တို့၌လာသော စကားရပ်တို့တွင် အချို့သာ ဘုရားဟောအစစ်ဖြစ်ပြီး၊ အချို့မှာကား ဘုရားဟောနှင့် သင့်လျော်အောင် စီစဉ်သော ဆရာတော်ကြီးများ ထည့်သွင်းထားခဲ့သော စကားရပ်များ ဖြစ်လေသည်။ အင်္ဂုတ္တရထာ တို့၌ ပြဆိုထားသော်လည်း ဣသိဂိလိသုတ်တို့ကား ပရိတ်ကြီး၌ ထည့်သွင်းတော်မမူခဲ့ကြပေ။ ယင်းသုတ်သည် နတ်ပြဟ္မာတို့၏ အမည်များကို ထုတ်ဖော်ပြသသော မဟာသမယသုတ်နှင့် အလားတူစွာ ပစ္စေကဗုဒ္ဓါတို့၏ အမည်တော်များကို ထုတ်ဖော် ကျူးရင့်သောသုတ်ဖြစ်၍ နေ့စဉ်ရွတ်ဖတ်မှုအတွက် အရေးမကြီးလှသောကြောင့် ချန်ထားတော်မူခဲ့ကြဟန်တူပေသည်။

ပရိတ်ရွတ်သူနှင့် ပရိတ်နာသူတို့၏အင်္ဂါများ

ပရိတ်သည် အတန်တန်သော ဘေးရန်အန္တရာယ်တို့ကို ကာကွယ်တားဆီးနိုင်သည် ဆိုသော်လည်း ပရိတ်ရွတ်ဖတ် နာယူနည်းမကျပါက အကျိုးရမည်မဟုတ်ချေ။ ဆေးဝါးဟူသည် ရောဂါကို ပယ်ဖျောက်ရန် စီမံထားသောပစ္စည်းဖြစ်၍ ဆိုင်ရာရောဂါကို ပျောက်စေနိုင်သည် မှန်သော်လည်း အညွှန်းအတိုင်း မလိုက်နာဘဲ သုံးစွဲလျှင်ကား ဆေးအကျိုးကို ခံစားရမည် မဟုတ်ပေ။ ထို့အတူပင် ပရိတ်တော်တို့မှာ ရွတ်ဖတ်နာယူသူတို့၏ ဘေးရန် ကင်းကွာရေးအတွက် ဟောထားသော တရားများဖြစ်သော်လည်း ရွတ်ဖတ် နာယူရာ၌ ဆိုင်ရာ ညွှန်ကြားချက်တို့ကို မလိုက်နာလျှင်ကား လိုအပ်သောအကျိုးကို ရနိုင်မည်မဟုတ်ပေ။

ယင်းညွှန်ကြားချက်တို့ကား ပရိတ်ရွတ်သူတို့ ပြည့်စုံရမည့် အင်္ဂါ (၃)ပါးနှင့် ပရိတ်နာသူတို့ ပြည့်စုံရမည့် အင်္ဂါ(၃)ပါးတို့ပင် ဖြစ်လေသည်။

ဤသို့လျှင် ရွတ်သူ, နာသူတို့၌လိုအပ်သည့် အင်္ဂါတို့နှင့် ပြည့်စုံမှသာ ပရိတ်အကျိုးကို ခံစားကြရမည်ဖြစ်ရကား ပရိတ်ရွတ်သူ နာသူတို့သည် ရှေးဦးစွာထိုအင်္ဂါတို့နှင့် ပြည့်စုံအောင် ပြုလုပ်ခြင်းဖြင့် ညွှန်ကြားချက်ကို တိတိကျကျလိုက်နာလျက် ပရိတ်အကျိုးကို ပြည့်ပြည့်ဝဝ ခံစားကြရန် အားထုတ်သင့်သည်။

အရှင်အာနန္ဒာမထေရ်သည် ပရိတ်မရွတ်မီ ဘုရားဂုဏ်ကို အတော်စုံအောင် ဆင်ခြင်သည်ဆိုရာ၊ အခြား ပရိတ် ရွတ်သူများသည်လည်း ဤအချက်ကို လေးနက်စွာ မှတ်သားလိုက်နာသင့်၏။ ပရိတ်ရွတ်ရာ၌ သာမက မည်သည့်ကောင်းမှု ပြုရာ၌မဆို ရှေးဦးစွာ ဘုရားရှင်ကို အောက်မေ့ခြင်းမှာ အစဉ်ပြုထိုက်သော တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

အရှင်အာနန္ဒာမထေရ်ကဲ့သို့ ကရဏာစိတ် ထားရမည်ဆိုရာ၌ ကရဏာစိတ်ထားမှာ ပရိတ်ရွတ်သူ၏ ပြည့်စုံရမည့် အင်္ဂါတစ်ရပ်ပင်ဖြစ်သည်။ ပရိတ်ရွတ်ဆိုရာ၌ အနက်သဒ္ဒါ ချွတ်ယွင်းလျှင် ကောင်းစွာလေ့လာမထား၍ ပုဒ်ဗျည်းတွေ ယုတ်လျော့ကျနေလျှင် ပရိတ်တန်ခိုး မရှိဘဲ ကောင်းစွာ လေ့လာကျက်မှတ်ထား၍ အကျအလျော့မရှိဘဲ အနက်သဒ္ဒါလည်း မှန်ကန်အောင် ရွတ်သူ၏ ပရိတ်သာလျှင် တန်ခိုးရှိ၏။ လာဘ်ဟူသော အကြောင်းကြောင့် သင်ယူ ရွတ်ဆိုသူ၏ ပရိတ်လည်း အကျိုးမပြီးစေ။ မေတ္တာရှေ့သွားပြု၍ ရွတ်ဆိုသူ၏ ပရိတ်သာ အကျိုးပြီးစေ၏။ ထို့ကြောင့် ပရိတ်ရွတ်သူ၌ အင်္ဂါသုံးပါး ပြည့်စုံရမည်။ ထိုအင်္ဂါ သုံးပါးကား -

၁။ အနက်သဒ္ဒါကို သုတ်သင်၍ ကောင်းစွာ သင်ယူထားခြင်း။

၂။ ပုဒ် ဗျည်းတို့ကို မယုတ်စေရ၊ ပြည့်စုံအောင် လေ့လာ ကျက်မှတ်ထားခြင်း။

၃။ လာဘ်လာဘကိုမငဲ့၊ မေတ္တာရှေ့ထား၍ ရွတ်ဆိုခြင်း။

ပရိတ်ရွတ်သူ၌ ရှိရမည့် အင်္ဂါသုံးပါး ပြည့်စုံရသကဲ့သို့ "နာသူ၌လည်း အင်္ဂါ သုံးပါး" ပြည့်စုံမှသာ ပရိတ်အကျိုးကို ခံစားရမည်။ ထိုအင်္ဂါသုံးပါးကား -

၁။ ပဠာနန္တရိယကံမရှိခြင်း။

၂။ နိယတမိစ္ဆာဒိဋ္ဌိမဟုတ်ခြင်း။

၃။ ပရိတ်တန်ခိုးကို ယုံကြည်ခြင်းတို့တည်း။ (မိလိန္ဒပဉှာ-၁၅၅)

- သဒ္ဒါ အနက်၊ မှန်လျက်ရှိစေ၊ ကျေအောင်လေ့လာ၊ မေတ္တာရေ့ထား၊ ရွတ်သူအား၊ ကျိုးများ ပရိတ်မြတ်။
- ပဠာနန္တရိ၊ နိယတဒိဋ္ဌ၊ ပရိတ်မယုံ နာသူကြီ၊ ကျိုးဂုဏ်မရတတ်။

ဤ "ပဏိဓာနတော ပဋ္ဌာယ" စသည်မှာ ဓမ္မပဒ အဋ္ဌကထာ (ဒု-ပကိဏ္ဏကဝဂ္ဂ၊ အတ္တနော ပုဗ္ဗကမ္မဝတ္ထု၊ ၂၇၅)မှ အရှင်အာနန္ဒာမထေရ်ဆင်ခြင်ပုံပင်ဖြစ်၏။

မင်္ဂလသုတ်ပရိတ်တော်ဖြစ်စဉ်နှင့် အကျိုးတရားများ

ဗုဒ္ဓဘာသာ တရားတော်တွင် ကောလာဟလခေါ် ကြီးတင်ကြွေးကြော်သံတို့ ပေါ်ပေါက်တတ်ကြသည်။

မောနေယျအကျင့် ကျင့်သူ မပေါ်ပေါက်မီ ၇-နှစ်က ကြီးတင်၍ မောနေယျ ကောလာဟလပေါ်ပေါက်နေသည်။

ထို့အတူပင် မင်္ဂလကောလာဟလခေါ် မင်္ဂလာတရား ပေါ်ထွက်လာမည့်သတင်းသည် (၁၂)နှစ်ကြီးတင်၍လည်းကောင်း။

စကြဝတေးမင်း ပေါ်ပေါက်လာမည့် စက္ကဝတ္တိ ကောလာဟလသည် အနှစ်(၁၀၀)ကြီးတင်၍ လည်းကောင်း။

ဘုရားပွင့်ပေါ်တော်မူမည့် ဗုဒ္ဓကောလာဟလသည် အနှစ် (၁၀၀၀)ကြာတင်၍လည်းကောင်း။

ကမ္ဘာပျက်မည့် ကပ္ပကောလာဟလ သည် အနှစ်(၁)သိန်း ကြာတင်၍လည်းကောင်း ပေါ်ပေါက်ခဲ့ကြသည်။

မင်္ဂလကောလာဟလအရ မင်္ဂလာဟူသော စကားသည် လူ နတ် တို့အကြားဝယ် ၁၂-နှစ်တိုင်တိုင် ပြန့်နှံ့နေသည်။ မင်္ဂလာဟူသော စကား နှင့်ပတ်သက်၍ ဤအရာများကိုမြင်ရလျှင် မင်္ဂလာဖြစ်သည်ဟု ဒိဋ္ဌမင်္ဂလာ သမားများက ဆိုကြသည်။ ဤအသံများကိုကြားရလျှင် မင်္ဂလာဖြစ်သည်ဟု သုတမင်္ဂလာသမားများက ဆိုကြပြန်သည်။ ဤအနံ့အရသာ ဤထိတွေ့မှု တို့ကို ခံစားရလျှင် မင်္ဂလာဖြစ်သည်ဟု မုတမင်္ဂလာသမားများက ဆိုကြ ပြန်သည်။

ဤသို့လျှင် မင်္ဂလာဟူသော စကားကို မိမိတို့ နှစ်သက်သလို အဓိပ္ပါယ် ဖွင့်ဆိုနေကြသဖြင့် တညီတညွတ်တည်း အားလုံး လက်ခံနိုင် သော ဖွင့်ဆိုချက်ကို မရရှိခဲ့ကြပေ။ မင်္ဂလာကို ငြင်းကြခုန်ကြ အငြင်းပွား ကြပြီး လူ (၃)စုကွဲပြားနေသည်။ လူတို့ အယူအဆ ကွဲပြားသကဲ့သို့ပင် နတ်တို့လည်း အယူကွဲကြပြန်သဖြင့် နတ် လူတို့လောကဝယ် မင်္ဂလာနှင့် ပတ်သက်၍ အခက်တွေ့အဖြေရှာမရ ဖြစ်နေကြသည်။ ထိုအခါ တာဝတိံသာ နတ်တို့သည် အညီအညွတ် စုဝေးကြပြီး သိကြားမင်းအား မင်္ဂလာစကား၏ အဓိပ္ပါယ်ကို မေးမြန်းကြသည်။

ထိုအခါ သိကြားမင်းက “အို နတ်အပေါင်းတို့ ထွန်းလင်း တောက်ပသော မီးပုံကြီး၏အလင်းရောင် ထင်ရှားရှိပါလျက် ပိုးစုန်းကြူး အရောင်ကို အားကိုးနေသကဲ့သို့ မင်္ဂလာတရားအားလုံးကို အကြွင်းအကျန် မရှိ အကုန်အစင် သိမြင် ဟောကြားတော်မူနိုင်သော မြတ်စွာဘုရားရှင် ထင်ရှားရှိနေပါလျက် အသင်တို့သည် ငါ့ကို ဘာကြောင့် လာမေးနေကြ

သနည်း။ အချင်းနတ်သားတို့ လာ သွားကြကုန်စို့။ မြတ်စွာဘုရားအား မေးလျှောက်ကြကုန်အံ့”ဟု သိကြားမင်းက နတ်များတို့အား မိန့်ကြားလေသည်။ ထို့နောက် သိကြားမင်းသည် စကားအရာ လိမ္မာကျွမ်းကျင်သော နတ်သားတစ်ဦးအား မဂ်လာစကား မေးလျှောက်ရန် စေလွှတ်လိုက်သည်။

ထိုအချိန်၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ သိကြားမင်း စေလွှတ်လိုက်သော နတ်သားသည် သန်းခေါင်ယံအချိန်၌ ဇေတဝန်ကျောင်းတိုက်ကြီး တစ်ခုလုံးကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေပြီး မြတ်စွာဘုရားကို ရှိခိုးကာ မတ်တတ်ရပ်လျက် မဂ်လာတရား ဟောကြားတော်မူပါရန် လျှောက်ထားမေးမြန်းလေသည်။

“ဘုန်းတော်ကြီးလှပါသော မြတ်စွာဘုရား။ . . နတ် လူများစွာသတ္တဝါတို့သည် ခုရော နောင်ပါ သံသရာတစ်လျှောက်လုံး ကြီးပွားချမ်းသာရေးကို လိုလား တောင့်တကြပါကုန်သည်ဖြစ်၍ မဂ်လာတရားတော်ကို စဉ်းစားကြံစည်ကြပါကုန်၏ အရှင်ဘုရား။ (၁၂)နှစ်ကြံစည် ကြပါကုန်သော်လည်း အဖြေမှန်ရှာမရပါသဖြင့် တစ်လောကလုံး၏ အစီးအပွားကို ပေးဆောင်နိုင်သော ကောင်းမွန်မှန်ကန်မြင့်မြတ်လှသည့် မဂ်လာတရားတော်ကို ဟောပြတော်မူပါ အရှင်ဘုရား”

ဟု မဂ်လာတရား ဟောပြတော်မူရန် တောင်းပန်လျှောက်ထားသဖြင့် (၃၈)ဖြာ မဂ်လာတရားတို့ကို ဟောကြားတော်မူသည်။ ထိုမဂ်လာတရားပွဲတော်သို့ စကြဝဠာတိုက် တစ်သောင်းမှ နတ် ဗြဟ္မာများစွာတို့လာရောက်တရားနာယူကြလေသည်။ တရားပွဲပြီးဆုံးသောအခါ နတ်ဗြဟ္မာအပေါင်း ကုဋေတစ်သိန်း ရဟန္တာ ဖြစ်ကြလေသည်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များအဖြစ် မရေမတွက်နိုင်အောင် ဖြစ်ကြကုန်၏။

၃၈ဖြာ မင်္ဂလာတရားများကို လိုက်နာ ကျင့်ကြံကုန်သော သူတို့သည် ဤလောကတွင် စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာတို့ နေ့စဉ်နေ့တိုင်း တိုးတက်ပြီး ကောင်းကျိုးမင်္ဂလာ စည်ပင်ပွားများ ဝေဖြာကြမည်။ ဘေးရန်များကင်းဝေးပြီး ချစ်သူခင်သူ ပေါများကြမည်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာကြမည်။ မိမိပြောဆို ကြံစည် လုပ်သမျှ အောင်မြင်ကြရမည်။ မင်္ဂလာတရားတော်ကို ကျင့်ကြံသူတို့သည် လောကီ လောကုတ္တရာ အဖြာဖြာ တိုးတက်ကြမည်။ အရှုံးနှင့် မတွေ့ကြုံရဘဲ အမြဲထာဝရ အောင်ပန်းများကိုသာ ပန်ဆင်ကြရမည်။ ထို့ကြောင့် အကျိုးစီးပွား များပြားမြင့်မြတ်လှသည့် မင်္ဂလာတရားတော်တို့ကို ကျက်မှတ် ရွတ်ပွား ကျင့်ကြံအားထုတ်ရမည် ဖြစ်ပေသည်။

ရတနသုတ်ပရိတ်တော်ဖြစ်စဉ်နှင့် အကျိုးတရားများ

ဝေသာလီပြည်သည် ဘုရားရှင် ပွင့်တော်မူစဉ် အခါက ဝပြော သာယာသော ပြည်ကြီးတစ်ပြည် ဖြစ်လေသည်။ တစ်ချိန်တွင် ဝေသာလီပြည်၌ မိုးလေဝသ မမှန် ကောက်ပဲသီးနှံ အပျက်အစီးများပြား၍ ငတ်မွတ်ခေါင်းပါးမှု ဖြစ်ပွားသည်။ ငတ်မွတ်ရာမှ ဆင်းရဲသားတို့ သေကျေပျက်စီးရလေသည်။ သေသူတွေ များလွန်း၍ သေသူအလောင်းများကို မစွန့်ပစ်နိုင်တော့ချေ။ လူသေတို့၏ အပုပ်နံ့ကြောင့် ပြင်းထန်သော မြွေဆိပ်ကဲ့သို့ လျင်မြန်စွာ ကူးစက်သည့်ရောဂါများ ဖြစ်ပေါ်လာသည်။ မြေဘုတ်၊ ဘီလူး၊ တစ္ဆေ၊ သရဲ တို့ကလည်း မြို့တွင်းသို့ဝင်ကာ လူသေတို့ကို စားကြလေသည်။

ဤသို့ ဝေသာလီပြည်၌ ရောဂါဘေး၊ ဘီလူး သရဲဘေး၊ ငတ်မွတ်ခေါင်းပါးဘေး ဟူသော ဘေးသုံးမျိုး ကျရောက်နေသောအခါ ဝေသာလီပြည်သူပြည်သားများသည် လိစ္ဆဝီမင်းတို့နှင့် ညှိနှိုင်းကြပြီးလျှင် ဘုရားရှင်ကိုပင့်ဖိတ်ရန် ဆုံးဖြတ်ကြသည်။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရထံသို့

မြန်မာ့ယဉ်ကျေးမှုလာ အနှစ်ရာယ်ကင်း ပရိတ်နှင့် သိမှတ်ဖွယ်ရာများ ၄၆၇ လက်ဆောင်ပဏ္ဏာနှင့်တကွ တမန်စေလွှတ်ပြီး ဘုရားရှင်ကို ပင့်ဖိတ်လျှောက်ထားကြသည်။

ဘုရင် ဗိမ္ဗိသာရသည် ရာဇဂြိုဟ်မှ ဝေသာလီသို့ သွားရာလမ်းခရီးကို ပြုပြင်ပေးသည်။ ဘုရားရှင်သည် ရဟန်းငါးရာ ခြံရံပြီး ဝေသာလီသို့ကြွသည်။ ဘုရင် ဗိမ္ဗိသာရက ရာဇဂြိုဟ်မှ ဂင်္ဂါမြစ်ရောက်သည်အထိ ငါးရက်ခရီးတွင် ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်း၊ ပန်း၊ ရေချမ်းတို့ ဖြင့်လိုက်၍ ပြုစုလုပ်ကျွေးသည်။

ဂင်္ဂါမြစ် တစ်ဘက်ကမ်းသို့ ရောက်တော်မူသောအခါ လိစ္ဆဝီမင်းနှင့် ပြည်သူပြည်သားများသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အား ဗိမ္ဗိသာရမင်း ပူဇော်သည်ထက် မယုတ်လျော့ရအောင် ပူဇော်ကြလျက် ပင့်ဆောင်ကြသည်။ လိစ္ဆဝီမင်းတို့သည် လည်မျိုအထိ ရေထဲသို့ဆင်းကာ ဘုရားရှင်ကို ကြိုဆိုကြသည်။

ထိုခဏမှာပင် ကောင်းကင်ပြင်၌ မိုးတိမ်များ အုံ့မှိုင်းလာပြီး လျှပ်စီးများလက်၍ မိုးထစ်ချုန်းကာ မိုးကြီးရွာမည့်ပုံ ဖြစ်လာသည်။ ဘုရားရှင် ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ပထမခြေချလိုက်သည်နှင့် တစ်ပြိုင်နက် ပေါက္ခရဝဿမိုးကြီး ရွာချလေသည်။

ဝေသာလီပြည်၌ ပုဆစ်ဒူးလောက်၊ ပေါင်လောက်၊ ခါးလောက် ပမာဏရှိသော ရေတို့သည် ဖြစ်ပေါ်လာလျက် မြို့တွင်းရှိ လူသေကောင် အပုပ်နံ့ ဟူသမျှတို့ကို ဆေးကြောပြီး ဂင်္ဂါမြစ်ထဲသို့ မျှောပါစေသည်။

မြတ်စွာဘုရားရှင်သည် ဂင်္ဂါမြစ်ကမ်းမှ ဝေသာလီပြည်သို့ (၃)ရက်ခရီး ကြွသွားတော်မူသည်။ မြို့တံခါးသို့ ဘုရားရှင် ခြေချသောအခိုန်မှစ၍ ဘီလူး၊ သရဲ၊ တစ္ဆေ အမျှားအပြား ထွက်ပြေးကြကုန်သည်။

ဘုရားရှင်သည် ရှင်အာနန္ဒာကို ခေါ်တော်မူပြီးလျှင် "ချစ်သား အာနန္ဒာ ရတနသုတ်ကို ငါဘုရားထံမှသင်ယူ၍ လိစ္ဆဝီမင်းသားတို့နှင့်

အတူ မြို့ရိုးတံတိုင်း သုံးထပ်တို့အကြား၌ လှည့်လည်၍ ရွက်လေ” ဟု မိန့်ကြားသည်။

ရှင်အာနန္ဒာသည် ဘုရားရှင်ထံမှ ရတနသုတ်ပရိတ်ကို သင်ယူပြီး ဝေသာလီပြည် တံတိုင်းကြီး သုံးထပ်အကြား၌ စင်္ကြန်သွားကာ ပရိတ်ရွတ် တော်မူသည်။ တစ်မြို့လုံးကို ပရိတ်ရေဖြင့်ဖြန်းလျက် လှည့်လည်တော် မူသည်။

ရှင်အာနန္ဒာ မထေရ်မြတ်သည် ရတနသုတ် ပရိတ်တော်ကို ရွတ်ဆို၍ ပရိတ်ရေများ ပက်ဖျန်းစဉ် ထိုရေတို့သည် ပန်းပွင့် ပန်းပေါက် ကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားပြီး အနာရောဂါ ကျရောက်နေသူများထံသို့ ထူးဆန်းစွာ ကျရောက်လေသည်။ ပရိတ်ရေစင်ရေပေါက် ကျရောက်သူတို့ သည် ချက်ချင်းပင် ရောဂါပျောက်ကင်း ကုန်ကြသည်။ ရောဂါပျောက်၍ ကျန်းမာမှု ရှိလာကြသောသူတို့သည် ရှင်အာနန္ဒာထံသို့ ဝိုင်းလာကြပြီး ပူဇော်ကြသည်။

ဘုရားရှင်သည် လိစ္ဆဝီမင်းတို့ ဆောက်လုပ်အပ်သော မဏ္ဍပ် ကျောင်း၌ ပရိသတ်အပေါင်း ခြံရံလျက် သီတင်းသုံးနေလေသည်။ သိကြားမင်း စသော နတ်အပေါင်းတို့သည်လည်း ဘုရားရှင်ထံသို့ လာရောက်ရှိခိုး ပူဇော်ကြသည်။

ရှင်အာနန္ဒာသည် ပရိတ်ရွတ်ဆိုပြီးသည့်အဆုံး၌ ရောဂါပျောက် သူ အပေါင်းခြံရံလျက် ဘုရားရှင်ထံသို့ ပြန်ကြွလာသည်။ မြတ်စွာဘုရားရှင် သည် ထိုပရိသတ်အပေါင်းတို့အား တရားဟောကြားတော်မူသည်။ ဝေသာလီ ပြည်ကြီးသည် ထိုအချိန်မှစ၍ ကျရောက်နေသော ဘေးကြီးသုံး မျိုးလုံး ပျောက်ကင်းသွားပြီး သာယာဝပြောလာလေသည်။

ရတနသုတ် ပရိတ်တော်သည်ကား ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကို သီကုံးဖွဲ့ဆိုထားသော သုတ်တော်

ဖြစ်သည်။ အရှင်အာနန္ဒာမထေရ် ပရိတ်ရွတ်ပွားသကဲ့သို့ ကရုဏာစိတ်ပွားများ၍ ဂုဏ်တော်တို့ကို အာရုံပြုကာ ရွတ်ပွားပါလျှင် အစားအစာရှားပါးမှုကင်းဝေးပြီး အစားအသောက်များ ပေါများနိုင်သည်။ အနာရောဂါများ မကပ်မရောက်နိုင်ဘဲ ကြောက်မက်ဖွယ်ရာ ကပ်ရောဂါတို့မှ ကင်းဝေးနိုင်သည်။ မိမိအိမ် မိမိမိသားစု မိမိရပ်ရွာမြို့နယ်တို့တွင် ဤပရိတ်တော်ကို ရွတ်ပွားပါက အန္တရာယ်အမျိုးမျိုးမှ အကာအကွယ်ပေးစွမ်းနိုင်သည်။ ဖြစ်ပွားနေသော ရောဂါတို့လည်း အလျင်အမြန်ကင်းကွာ ပျောက်ကွယ်နိုင်သည်။

လူတို့ကို နှိပ်စက်တတ် ဒုက္ခပေးတတ်သော အစိမ်းသရဲ၊ တစ္ဆေ၊ မြေဘုတ်၊ စုန်း၊ နတ်ကဝေ၊ နတ်မိစ္ဆာတို့သည် အနီးအပါးသို့မကပ်ရောက်နိုင်ဘဲ အရပ်တစ်ပါးသို့ ထွက်ပြေးကြရသည်။ မိမိကို ဒုက္ခမပေးနိုင်၊ မနှိပ်စက်နိုင်ကြပေ။ ဤပရိတ်တော် တန်ခိုးအာနိသင်မှာ စကြဝဠာပေါင်းကုဋေတစ်သိန်းထိ လွှမ်းမိုးနိုင် အကျိုးပေးနိုင်သော တန်ခိုးသတ္တိထူးရှိသဖြင့် နေ့စဉ် မှန်မှန် ရွတ်ဆို နာကြား သဒ္ဓါပွားများကြရပေမည်။

မေတ္တာသုတ်ပရိတ်တော်ဖြစ်ခဲ့ရန့် အကျိုးတရားများ

အခါတစ်ပါး၌ ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီးလျှင် ဟိမဝန္တာနှင့် တစ်ဆက်တည်းနေသော တောအုပ်တစ်အုပ်သို့ ဝင်ရောက်ကာ သစ်ပင်ရင်းများ၌ တရားအားထုတ်နေကြသည်။ ရဟန်းတို့၏ သီလတန်ခိုးကြောင့် သစ်ပင်ထက်ရှိ နတ်များမှာ သစ်ပင်ထက်တွင် မနေဝံ့ကြတော့ဘဲ ကလေးများကို လက်ဆွဲကာ လှည့်လည်နေကြရကုန်သည်။

တစ်နေ့ ပြန်နိုးနိုးနှင့် စောင့်နေခဲ့ရာ ရဟန်းများ ပြန်တော့မည် မဟုတ်သည်ကိုသိရ၍ မနေဝံ့အောင် ညဉ့်အခါ၌ ကြောက်မက်ဖွယ်

အဆင်းအသံများ ပြကာ ခြောက်လှန့်ကြလေသည်။ ရဟန်းများသည် ထိတ်လန့်ကြ၍ ရောဂါအမျိုးမျိုးရကာ သမာဓိမရ ဖြစ်ကြရသည်။ ရဟန်းတို့သည် ငါတို့တစ်တွေ ဤအရပ်မှာ မနေသင့်ဟု ဆုံးဖြတ်ပြီးလျှင် ဘုရားရှင်ထံသို့ ပြန်ကြွသွားကာ ဤအကြောင်းကို လျှောက်ထားကြသည်။

ဘုရားရှင်သည် ဤရဟန်းများအတွက် ဤအရပ်မှလွဲ၍ အခြားသင့်လျော်သောအရပ်မရှိဟု မြင်တော်မူ၍ ထိုအရပ်၌ပင် ပြန်လည်နေကြရန် မိန့်တော်မူကာ မေတ္တာသုတ်ကို ကမ္မဋ္ဌာန်းအလို့ငှာလည်းကောင်း၊ အကာအကွယ် အရံအတားအလို့ငှာလည်းကောင်း သင်ကြားပေးတော်မူလိုက်သည်။

ရဟန်းတော်များသည် ထိုနေရာသို့ ပြန်လာကြပြီးလျှင် ဘုရားရှင် သင်ပေး ညွှန်ကြားအပ်သည့်အတိုင်း မေတ္တာသုတ်ကို ရွတ်ဆိုလျက် မေတ္တာဘာဝနာ ပွားများကြရာ နတ်များက ချစ်ခင်မြတ်နိုးလာကြလျက် ဝတ်ကြီးဝတ်ငယ်များကိုပင် ပြုလုပ်ပေးကြသည်။ စောင့်ရှောက်ကြသည်။ ရဟန်းတော်များသည် မေတ္တာဘာဝနာပွား၍ ထိုမေတ္တာကို အခြေခံကာ ဝိပဿနာ အားထုတ်ကြရာ ထိုဝါတွင်းမှာပင် အားလုံး ရဟန္တာ ဖြစ်သွားကြလေသည်။

ထို့ကြောင့် ဤမေတ္တာသုတ်ပရိတ်တော်၏ တန်ခိုးအာနုဘော်ကြောင့် မကောင်းဆိုးဝါး၊ နတ်မိစ္ဆာ၊ တစ္ဆေ သရဲတို့သည် မခြောက်လှန့်နှိုင်ကြပေ။ ဤမေတ္တာသုတ်တော်ကို နေ့စဉ်မှန်မှန်ရွတ်ပွား၍ မေတ္တာဘာဝနာ ပွားများအားထုတ်နေကြလျှင် ချမ်းသာစွာ အိပ်ရခြင်း၊ ချမ်းသာစွာ နိုးရခြင်း၊ အိပ်မက်ကောင်းများ မက်ရခြင်း၊ လူနတ်တို့ချစ်ခင်ကြခြင်း၊ အဆိပ်ပြီးခြင်း၊ လက်နက်မထိခိုက်ခြင်း၊ မေတ္တာ ဘာဝနာကြောင့် စျာန်ရသူ ဖြစ်ပါက ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားရောက်ရခြင်း စသော မေတ္တာအကျိုး(၁၁)မျိုးကို ရရှိနိုင်ပေသည်။ သို့ဖြစ်၍ အကျိုးများလှသော မေတ္တာသုတ်ကို ရွတ်ပွားကျင့်ကြံရပေသည်။

ခန္ဓသုတ်ပရိတ်တော်ဖြစ်စဉ်နှင့် အကျိုးတရားများ

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါနှင့် ရဟန်းတစ်ပါးသည် အဆိပ်ပြင်းထန်သော မြွေအကိုက်ခံရ၍ ပျံလွန်တော်မူလေသည်။ ထိုအကြောင်းကို ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က ထိုရဟန်းမှာ ဝိရူပက္ခစသော နဂါးမျိုးတို့၌ မေတ္တာပို့လျှင် အကိုက်ခံရမည် မဟုတ်ကြောင်း မိန့်တော်မူ၍ မိမိ၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ရေးအတွက် ဝိရူပက္ခဟိ မေ မေတ္တံ စသော ခန္ဓသုတ်ပရိတ်တော်ကို ဟောတော်မူပြီး ပရိတ်အရံအတားကို ခွင့်ပြုတော်မူခဲ့ပါသည်။

ဘုရားဖြစ်တော်မူသည့် အခါမှသာ ဤခန္ဓပရိတ်တော်ကို ဟောကြားခွင့်ပြုတော်မူသည်မဟုတ် ဘုရားလောင်း ရသေ့ ဖြစ်စဉ်ကလည်း ရသေ့အပေါင်းအား ဤခန္ဓပရိတ်ကို သင်ကြားပေးခဲ့ဖူးပေသည်။

ဘုရားလောင်းသည် ရသေ့ ရဟန်းပြုကာ ဟိမဝန္တာ၌ ရသေ့များစွာနှင့်နေစဉ် ရသေ့တစ်ပါး မြွေကိုက်ခံရ၍သေရခြင်းမှာ မြွေမျိုးတို့၌ မေတ္တာမပို့ခြင်းကြောင့်ဟု အမိန့်ရှိပြီး မေတ္တာပို့ပုံကို နည်းပေးသောအား ဖြင့် ဤခန္ဓသုတ် ပရိတ်တို့ကိုပင် သင်ပေးခဲ့သည်။ ဤသုတ်ကား မေတ္တာပွားခြင်း၊ ဘုရားဂုဏ်တော် ပွားများခြင်းတို့ဖြင့် ပြုစီရင်ထားသော ဗုဒ္ဓမန္တန်တော်ကြီးဖြစ်၏။ သတ္တဝါများအပေါ်၌ မေတ္တာ အထူးရောက်စေလျက် ဘုရားကို လွန်စွာကြည်ညို အားထားသူများအဖို့ ဤသုတ်၏ အစွမ်းအာနုဘော်ကို ကိုယ်တွေ့ ခံစားကြရမည်ဖြစ်၏။ ထိုသူများအဖို့ မြွေစသော သတ္တဝါများ ရန်မမူဘဲ ရှောင်ရှားကြသည့်အပြင် မြွေကိုက်ခံရသူအား ဤသုတ်ကို ရွတ်ဖတ် ကုသပေးခြင်းဖြင့် အဆိပ်ကို ပယ်ဖျောက်စေနိုင်ပါသည်။

ဤသုတ်တော်ကို ရွတ်ဖတ်ခြင်းဖြင့် အဆိပ်ပြင်းထန်သော မြွေကင်း စသော သတ္တဝါတို့၏ အဆိပ်ဘေးဒဏ်ကို ကာကွယ်နိုင်သည်။ နတ် မန္တန်ဆေးကဲ့သို့ အဆိပ်ကိုပယ်စေနိုင်၏။ အခြား ဘေးရန်အန္တရာယ်များကိုလည်း တားဆီးကာကွယ်နိုင်၏။ လောကဓာတ်ပေါင်း ကုဋ္ဌေတစ်သိန်း အာဏာခေတ်အတွင်း၌ နေထိုင်ကြကုန်သော သတ္တဝါအားလုံးတို့အတွက် အမြဲထာဝရ အန္တရာယ်ကို ကာကွယ်ပေးနိုင်သော တန်ခိုးသတ္တိအာနုဘော်ရှိသဖြင့် ဤသုတ်တော်ကို အမြဲမပြတ်ရွတ်ဖတ်သင့်ပေသည်။

မောရသုတ်ပရိတ်တော်ဖြစ်စဉ်နှင့် အကျိုးတရားများ

ဘုရားလောင်းသည် ဥဒေါင်းမင်းဖြစ်စဉ်အခါက ဟိမဝန္တာဒေသ ဒဏ္ဍကဟိရည တောင်၌နေသည်။ အဆင်းကား ရွှေရောင်အဆင်းရှိသည်။

ရွှေဥဒေါင်းမင်းသည် နေထွက်ချိန်တွင် နေကိုကြည့်ကာ ဥဒေတယံ-စသော ဂါထာတော်ကို ရွတ်ဆို၍ နေမင်းနှင့်တကွ ဘုရားရှင်တို့ကို ရှိခိုးပြီးမှ အိပ်တန်းဆင်းကာ အစာရှာထွက်လေ့ရှိသည်။ ညနေတွင်လည်း တောင်ထိပ်မှနေ၍ ဝင်သောနေကို ကြည့်ကာ အပေတယံ-စသော ဂါထာကိုရွတ်ဆို၍ နေမင်းနှင့်တကွ ဘုရားရှင်တို့ကို ရှိခိုးပြီးမှ အိပ်တန်းဝင်တတ်၏။ ဤပရိတ်တန်ခိုးကြောင့် ရွှေဥဒေါင်းမင်းမှာ ကြောက်လန့်ခြင်း၊ ကြက်သီးထခြင်းများ မရှိခဲ့ပေ။ အန္တရာယ်အားလုံး ကင်းဝေးပြီး ကျန်းမာချမ်းသာစွာ နေထိုင်ရသည်။

တစ်နေ့တွင် ဗာရာဏသီပြည်မှ မုဆိုးတစ်ယောက်သည် ဟိမဝန္တာ၌ တောလှည့်လည်စဉ် ရွှေဥဒေါင်းမင်းကို တွေ့ခဲ့၍ မိမိ၏သားကို နေရာဌာန အတိအကျနှင့် သွားရမည့်ခရီးစဉ်ကိုပါ ပြောပြထားခဲ့သည်။ ဗာရာဏသီမင်း၏ မိဖုရား ခေမာဒေဝီသည် ရွှေဥဒေါင်းမင်း တရားဟောသည်ကို နာရသည်ဟု အိပ်မက်မြင်မက်ပြီး ထိုတရားနာလိုသော စိတ်ဖြင

မအိပ်နိုင် မစားနိုင် ဖြစ်နေလေသည်။ ဘုရင်ကမေး၍ မိဖုရားက ရွှေညဒေါင်းမင်း၏ တရားကို နာလိုကြောင်းလျှောက်ထားသည်။ ဘုရင်သည် မုဆိုးကျော်တို့ကိုခေါ်ယူပြီး စုံစမ်းရာ ဖခင်ထံမှကြားခဲ့သည့် မှတ်သားခဲ့ရသော မုဆိုးက ဒဏ္ဍကဟိရညတောင်ဝယ် ရွှေညဒေါင်းမင်းရှိကြောင်း သူ့ဖခင်မသေမီက ပြောပြသွားသည့်အကြောင်းကိုလျှောက်ထားသည်။ ဘုရင်က ထိုမုဆိုးကိုပင် ထိုတောင်သို့သွားပြီး ရွှေညဒေါင်းမင်းကို ဖမ်းယူခဲ့ရန် စေလွှတ်ခဲ့သည်။ မုဆိုးသည် ဟိမဝန္တာသို့သွား၍ ရွှေညဒေါင်းမင်း အစာရှာရာ မြေပြင်တဝိုက်၌ ကျော့ကွင်းထောင်၍ ဖမ်းသည်။ (၇)နှစ်ကြာခဲ့သည်။ ဖမ်းမရချေ။ မုဆိုးသည် ထိုတော၌ပင် သေဆုံးခဲ့ရလေသည်။

ခေမာဒေဝီမိဖုရားသည် ရွှေညဒေါင်းမင်း၏တရား မနာရသောသောကဖြင့် နတ်ရွာစံခဲ့ရလေသည်။ ဘုရင်သည် မိဖုရားသေဆုံးရသဖြင့် ရွှေညဒေါင်းမင်းကို စိတ်နာကာ ဟိမဝန္တာတော ဒဏ္ဍကဟိရည တောင်ထိပ်မှ ရွှေညဒေါင်းမင်း၏ အသားကို စားရသူသည် မအိုနိုင်၊ မသေနိုင်ဟူ၍ ရွှေပြားပေါ်တွင် အက္ခရာကမ္ဘည်း ရေးထိုးခဲ့ပြီး မကြာမီပင် နတ်ရွာစံလေသည်။ ထိုစာကိုမြင်ရသော နောက်မင်းဆက်များသည် မုဆိုးများကို လွှတ်ကာ ဖမ်းစေခဲ့သော်လည်း ဖမ်းမရနိုင်ခဲ့ပေ။ မင်းဆက် (၆) ဆက် တိုင်တိုင် လွန်ခဲ့သည်။

(၇)ဆက်မြောက် မင်းလက်ထက်ဝယ် လွှတ်သော မုဆိုးသည် အကြံ တစ်ခုရသည်။ ဒေါင်းပျိုမကိုမွေးပြီး က,တတ် တွန်,တတ်အောင် သင်ပေးထားသည်။ ထိုဥဒေါင်းပျိုမကို ယူပြီး မုဆိုးသည် ရွှေညဒေါင်းမင်းထံသို့ သွားသည်။ ဥဒေါင်းပျိုမကို " မ "သံ ပေးစေသည်။ ဘုရားလောင်းဥဒေါင်းမင်းသည် " မ "သံကို ကြားသောအခါ ပရိတ်ရွတ်မှုကို သတိမရတော့ဘဲ သွားခဲ့ရာ ကျော့ကွင်း၌ မိခဲ့ရသည်။ မုဆိုးသည် ရွှေညဒေါင်းမင်းကို ဖမ်းပြီး ဘုရင့်ထံဆက်သသည်။ ရွှေညဒေါင်းမင်းက မိမိကိုဖမ်းခြင်း

အကြောင်း မေးသည်။ ဘုရင်က ရွှေညဒေါင်းမင်း၏အသားကို စားခဲ့ရပါက မအိုနိုင်၊ မသေနိုင်ဆို၍ ဖမ်းခဲ့ရကြောင်း ပြောပြလေသည်။ ထိုအခါ ရွှေညဒေါင်းမင်းက“ အရှင်မင်းကြီး ကျွန်ုပ်ကား မသေရပြီလော သေရမည် ဖြစ်သည်။ ကျွန်ုပ် သေရလျှင် ကျွန်ုပ်၏အသားကို စားသောသူသည် အဘယ်ကြောင့် မသေဘဲ ရှိပါအံ့နည်း”

“ညဒေါင်းမင်းက ရွှေအဆင်းရှိသောကြောင့် ဖြစ်ပါသည်”

“မင်းကြီး မင်းကြီးထင်သလို မဟုတ်ပါ”

“မင်းကြီး ကျွန်ုပ်ရွှေအဆင်းရှိခြင်းမှာ အကြောင်းရှိပါသည်။ ရှေးအခါက စကြာမင်းဖြစ်စဉ် မိမိသည် ငါးပါးသီလကျင့်သုံးပြီး လူအားလုံး ကိုလည်း ကျင့်သုံးစေသော ကောင်းမှုကံကြောင့် ဖြစ်ပါသည်” ဟု ရွှေညဒေါင်း မင်းက ဤသို့ပြောပြီး စကြာမင်းဖြစ်စဉ်က စီးခဲ့သောရထားမှာ ဤမင်္ဂလာ ကန်တော်ထဲ၌ ရှိကြောင်း ပြောပြသည်။ ကန်မှ ဆယ်ယူသောအခါ မင်္ဂလာ ရထားကိုရ၍ မင်းကြီးသည် ညဒေါင်းမင်း၏ ပြောသောစကားကို ယုံကြည် သွားသည်။

ဘုရားအလောင်း ညဒေါင်းမင်းက “မြတ်သောမင်းကြီး သေခြင်း ကင်းရာ နိဗ္ဗာန်မှတစ်ပါး သခ်ါရတရားအားလုံးတို့သည် မမြဲကြကုန်၊ ပျောက်ကွယ်ခြင်း ပျက်ဆီးခြင်း သဘောရှိကြကုန်၏”စသည်ဖြင့် မမြဲသော သဘောကိုဟောပြပြီး မင်းကြီးအား ငါးပါးသီလ လုံခြုံစေ၏။ ဘုရင်သည် ဘုရားလောင်း ညဒေါင်းမင်းအား ကြည်ညိုလှသဖြင့် ထီးနန်းကို လှူဒါန်း သည်။ ရွှေညဒေါင်းမင်းလည်း ဘုရင်အား ထီးနန်းကို ပြန်လည် ပေးအပ်ကာ ကုသိုလ်ကောင်းမှုများကို မမေ့မလျော့ ပြုလုပ်ရန် ဆုံးမ သြဝါဒပေးပြီး ဟိမဝန္တာသို့ ပြန်သွားလေသည်။ ဘုရင်မင်းကြီးလည်း ဘုရား အလောင်း ညဒေါင်းမင်း၏ သြဝါဒအတိုင်း ဒါန သီလတရားများကို ပြုလုပ်လေသည်။

ဤ မောရသုတ် ပရိတ်တော်သည်ကား ဘုရားအလောင်း ညဒေါင်းမင်း အိပ်တန်းတက်၊ အိပ်တန်းဆင်း ရွတ်ပွားခဲ့သော ပရိတ်တော်

ဖြစ်သည်။ မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူသောအခါ ဤမောရသုတ် ပရိတ်တော်ကို ထပ်မံ ဟောကြားတော်မူခဲ့သည်။ ဤပရိတ်တော်၏ တန်ခိုးကြောင့် ရန်သူတို့အန္တရာယ်မှ လွတ်ကင်းနိုင်သည်။ မလိုသူတို့ နည်းမျိုးစုံဖြင့် ကြိုးပမ်း နှိပ်စက်သော်လည်း အန္တရာယ် မဖြစ်နိုင်ပေ။ ပြဟ္မမန္တန်ခေါ် အမြင့်မြတ်ဆုံးသော ပရိတ်တော်ဖြစ်သဖြင့် အိပ်ယာဝင် အိပ်ယာထ ရွတ်ဖတ်သင့်ပေသည်။

ဝဋ္ဋသုတ်ပရိတ်တော်ဖြစ်စဉ်နှင့် အကျိုးတရားများ

ဘုရားအလောင်းတော်သည် သဗ္ဗညုတ ဉာဏ်တော်မြတ်ကို ရရှိရန်အတွက် ပါရမီ အဆောက်အဦများကို ကြိုးစား ဖြည့်တင်းနေတော်မူစဉ် ဘဝတစ်ခုတွင် မဂဓတိုင်း တစ်ခုသော တောအုပ်ဝယ် ငုံးမျိုးဌ် ဖြစ်သည်။ ဥမ္မပေါက်ကာစ အခါဌ်ပင် အိမ်ကြက်ပမာဏ အရွယ်ရှိသည်။ ငုံးငယ်၏ မိဘတို့သည် ငုံးငယ်ကို အသိုက်ဌ်ထားကာ အစားအစာကို ကောင်းစွာ ရှာဖွေကျွေးကြကုန်၏။

တစ်နေ့တွင် ထိုနေရာဌ် တောမီး အကြီးအကျယ် လောင်လေသည်။ ငှက်အပေါင်းတို့သည် သေဘေးမှ ကြောက်သည်ဖြစ်၍ အဝေးသို့ပျံပြေးကြသည်။ ငုံးငယ်၏ မိဘတို့သည်လည်း သေဘေးမှ ကြောက်၍ ငုံးငယ်ကို ပစ်ကာ ပျံပြေးကြသည်။ ငုံးငယ်သည် အသိုက်ဌ်ဝပ်လျက် လည်ကိုမော့ကာ တဖြည်းဖြည်း လောင်လာသော တောမီးကိုကြည့်၍ စဉ်းစားမိသည်။

"ငါ့တွင် အတောင်ရှိလျက် ကောင်းကင်သို့ ပျံနိုင်သော အစွမ်း မရှိချေ။ ခြေထောက်များရှိလျက် သွားနိုင်သော အစွမ်းလည်း မရှိပေ။ အကယ်၍ရှိမူ ငါသည် ဤမီးဘေးမှ ဝေးရာသို့ ပျံနိုင်ပေမည်။ ယခု ငါ၏ မိဘတို့သည် သေဘေးမှကြောက်၍ ပြေးကြပြီ။ ငါ့တွင် အားကိုးစရာမရှိ။ မှီခိုစရာ လည်းမရှိ။ ဤလောကဌ် သီလကျေးဇူးသည် ရှိ၏။ လွန်လေပြီး

သောအခါ၌ ပါရမီတို့ကို ဖြည့်ဆည်းပြီး သစ္စာလေးပါးကို သိတော်မူကုန်သော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ အရဟတ္တဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကုန်သော မှန်ကန်ခြင်း၊ ချစ်ခြင်း၊ သနားခြင်း၊ သည်းခံခြင်းနှင့် ပြည့်စုံကုန်သော သဗ္ဗညု ဘုရားရှင်တို့မည်သည် ဤလောက၌ ရှိကြကုန်၏။ ထိုဘုရားရှင်တို့ သိအပ်ကုန်သော တရားတို့သည်လည်း ရှိကုန်၏။ ငါသည် ဤပရိနိဗ္ဗာန် စံဝင်ပြီးသော ဘုရားရှင်တို့၏ ကျေးဇူးနှင့် ငါ့တွင်ဖြစ်နေသော အဖြစ်မှန် သစ္စာ သဘောတရားတို့ကို သစ္စာဆိုရပါမူ ဤတောမီးဘေးမှ လွတ်ပေရာ၏။”

ငုံးငယ်သည် ဤသို့စဉ်းစားမိပြီး ပွင့်တော်မူပြီးသော ဘုရားရှင်တို့ကို အာရုံပြု၍ တရားတော်ဂုဏ်၏ စွမ်းအားကို အောက်မေ့ဆင်ခြင်ကာ သစ္စာစကားကို အောက်ပါအတိုင်း ဆိုလေသည်။

“ငါ့မှာအတောင်များ ရှိပါသည်။ သို့သော် မပျံနိုင်သေးပါ။ ခြေထောက်များလည်း ရှိပါသည်။ သို့သော် မသွားနိုင်သေးပါ။ အမိအဘတို့ လည်း သေမည့်ဘေးကြောင့် ငါ့ကိုထားခဲ့၍ ထွက်ပြေးသွားကြပါပြီ။ အို . . တောမီးကြီး ဤမှန်သော သစ္စာစကားကြောင့် သင်တောမီးကြီးသည် ဤအရပ်မှ ဖယ်ခွာသွားပါလော့။”

ငုံးမင်းသည် အသိုက်၌နေလျက် ဤသို့ဆိုသည်ရှိသော် တဟုန်းဟုန်း တောက်လောင်နေသော တောမီးကြီးသည် ရေသို့ရောက်သော မီးအလား တစ်ဆယ့်ခြောက်ပယ်သော အရပ်ကို ရှောင်ကွင်းကာ ငြိမ်းသွားလေသည်။ သစ္စာတရားနှင့်တူသော အား မည်သည်မရှိ သစ္စာအားသည် အားအကောင်းဆုံး ဖြစ်လေသည်။ ဤဝဋ္ဋသုတ်တော်လာ သစ္စာစကားသည်ကား ပါရမီရှင် ဘုရားအလောင်း၏ စကားများ၊ သစ္စာများဖြစ်၍ အာနိသင်အစွမ်းထက်ရလေသည်။

ဤသုတ်တော်ကို မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာနှင့် ရဟန်းတော်တို့အား ပြန်လည်ဟောကြားတော်မူသည်။ ငုံးမင်း၏သစ္စာစကားကြောင့် မီးကွင်းခဲ့သော ထိုနေရာသည် ကမ္ဘာတည်သမျှ မီးကွင်းနေရသည်။ ဤမျှလောက် တန်ခိုးအာနိသင် ကြီးမားလှသည်။ ဤသုတ်တော်ကို နေ့စဉ်မှန်မှန် သဒ္ဓါ ပညာ စေတနာအပြည့်အဝဖြင့် ရွတ်ဆိုပါက မီးကွင်းနိုင်သည်။ မီးဘေးအန္တရာယ်ကိုတားဆီးနိုင်သည်။ ဤသုတ်တော်ကိုရွတ်ဆိုမည့်အခါ ဘုရား တရား သံဃာတော်၏ဂုဏ်ကိုအာရုံပြု၍ သစ္စာတရား၏ စွမ်းအားကို အပြည့်အဝ ယုံကြည်ကာ ရွတ်ဆိုကြရပေမည်။

ဓဇဂ္ဂသုတ်ပရိတ်တော်ဖြစ်စဉ်နှင့်အကျိုးတရားများ

ဓဇဂ္ဂသုတ် ပရိတ်တော်ကို အောက်မေ့ရုံမျှဖြင့်သော်လည်း သတ္တဝါတို့သည် ကောင်းကင်၌သော်ပင် မြေပြင်ပေါ်၌ကဲ့သို့ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဆောက်တည် ရပ်တည်ရာကို ရကြကုန်၏။ ဘီလူး ခိုးသူ စသည်တို့ကြောင့် ဖြစ်ပေါ်လာသော ဘေးရန်ခပင်း ပိုက်ကွန်ကျင်းမှ လွတ်မြောက်ကုန်ကြသော သူတို့သည်ကား ရေတွက်၍မကုန် များပြားလှပေကုန်၏။

ဤအခါးစကားသည် သဂါထာဝဂ္ဂ သက္ကသံယုတ် အဋ္ဌကထာ၊ ဓဇဂ္ဂသုတ်အဖွင့်၌ ဆိုထားသော ဝတ္ထုအရ ဖြစ်ပါသည်။ သီဟိုဠ်ကျွန်း၊ ဒီဃဝါပီ စေတီထက်၌ အင်္ဂတေ ဖူးချောကိုင်နေသော ရဟန်းတစ်ပါးသည် စေတီအထက်ဆင့် လက်ရမ်းမှ လိမ့်ကျ၍ စေတီဝမ်းပြင်ဖြင့် လျောကျလာသည်။ အောက်၌နေကြသော ရဟန်းများက "ငါ့ရှင် ဓဇဂ္ဂသုတ်ကို ဆင်ခြင်ပါ" ဟု လှမ်းအော်ပြောကြသည်။

လိမ့်ကျလာသော ရဟန်းသည် သေရမည့်ဘေးမှ ကြောက်လန့်သဖြင့် "ဓဇဂ္ဂသုတ်သည် ငါ့ကို စောင့်ရှောက်ပါစေသတည်း"ဟု ဆိုလိုက်ပါသည်။ ထိုခဏမှာပင် စေတီထဲမှ အုတ်နှစ်ချပ် ရုတ်တရက် ပေါ်ထွက်

လာပြီး လေ့ကားထစ်ဖြစ်လျက် ခံပေးလေသည်။ အပေါ်ရှိ ရဟန်းများက နွယ်လေ့ကားချပေးရာ ထိုလေ့ကားပေါ်သို့ ရဟန်းရောက်လျှင် အုတ်ဒုစ်ချပ်မှာ တည်မြဲတိုင်းသော မူလနေရာသို့ ပြန်ဝင်၍ တည်သွားသည်။

ဤဓဇဂွသုတ်တော်တွင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်ကို ရွတ်ဖွားရခြင်းဖြင့် ဘေးရန်အန္တရာယ်မှ ကင်းဝေးနိုင်ကြောင်း မြတ်စွာဘုရားကိုယ်တိုင် အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်-

“ ရဟန်းတို့ ရှေးအခါတုန်းက တာဝတိံသာနတ်တို့နှင့် အသူရာနတ်တို့သည် နတ်စစ်ပွဲကြီးတစ်ပွဲ ဆင်နွှဲရန်အတွက် စုဝေးခဲ့ကြဖူးသည်။ နတ်စစ်သည် အပေါင်းတို့သည် စစ်ရေးပြပွဲကြီးတစ်ခု တာဝတိံသာနတ်ပြည်၌ ကျင်းပခဲ့ဖူးသည်။ ထိုစစ်ရေးပြပွဲကြီး၌ သိကြားနတ်မင်းက တာဝတိံသာ နတ်စစ်သည် အပေါင်းတို့အား ဤသို့ မိန့်ခွန်း မြွက်ကြားခဲ့သည်။

အို.. နတ်စစ်သည်အပေါင်းတို့ သင်တို့သည် စစ်မြေပြင်သို့ ရောက်၍ ကြောက်ရွံ့ထိတ်လန့်စိတ် ဝင်လာခဲ့သည်ရှိသော် ထိုအချိန်တွင် ငါသိကြားမင်း၏ အောင်လံတော်ကို မော်ကြည့်ကုန်လော့၊ ငါသိကြားမင်း၏ အောင်လံတော်ကို မော်ကြည့်လိုက်လျှင် ကြောက်ရွံ့ထိတ်လန့်စိတ်တို့ ပြေပျောက်ကာ ရဲရင့်စိတ်တို့ ဖြစ်ပေါ်လာလိမ့်မည်။

အကယ်၍ ငါ၏အောင်လံတော်ကို မော်မကြည့်နိုင်လျှင် ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာနနတ်မင်းကြီးတို့၏ အောင်လံတော်များကို မော်ကြည့်ကုန်လော့။ ထိုအခါ သင်တို့၏ ကြောက်ရွံ့ထိတ်လန့်စိတ်တို့ ပြေပျောက်ကာ ရဲရင့်စိတ်တို့ ဖြစ်ပေါ်လာကြလိမ့်မည်။

ရဟန်းတို့ သိကြားနတ်မင်း၊ ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း ဤသာန နတ်မင်းတို့၏ အောင်လံတော်ကို မော်ကြည့်ကြသည်ရှိသော်

ကြောက်ရွံ့ ထိတ်လန့်စိတ်တို့သည် ပျောက်ချင်လည်း ပျောက်မည်။ မပျောက်ချင်လည်း မပျောက်ဘဲရှိနိုင်မည်။ အဘယ်ကြောင့်နည်း ဆိုရလျှင် ရဟန်းတို့ သိကြားမင်းသည် ရာဂ ဒေါသ မောဟ မကုန်ခန်းသေးပေ။ ရာဂ ဒေါသ မောဟတို့ကို မပယ်သတ်နိုင်သေးပေ။ ထို့ကြောင့် သိကြားမင်း ကိုယ်တိုင်ပင် ကြောက်ရွံ့တတ်သေး၏။ ကိုယ် တုန်လှုပ်တတ်သေး၏။ စိတ် ခြောက်ခြားတတ်သေး၏။ ကြောက်ရွံ့စိတ်ကြောင့်လည်း ထွက်ပြေး တတ်သေး၏။

ရဟန်းတို့ ငါဘုရားကလည်း သင်ရဟန်းတို့ကို ဤသို့မိန့်ကြား တော်မူသည်။ သင်ရဟန်းတို့ တောထဲ၌ သီတင်းသုံး နေကြသည့်အခါ သစ်ပင်အောက်၌ သီတင်းသုံးနေကြသည့်အခါ ဆိပ်ငြိမ်ရာအရပ်သို့ ကပ်ရောက်နေကြသည့်အခါ ဘေးအန္တရာယ်များ၊ ကိုယ်တုန်လှုပ်မှုများ ကြက်သီး မွေးညင်းထခြင်းများ ဖြစ်ပေါ်လာငြားအံ့။ ထိုအချိန်အခါတွင် အရဟံ အစရှိသော ငါဘုရား ဂုဏ်တော်များကို အာရုံပြုကြကုန်လော့၊ အောက်မေ့ကြကုန်လော့။ ငါဘုရား၏ ဂုဏ်တော်တို့ကို အောက်မေ့ အာရုံပြုလိုက်ကြလျှင် ထိုဘေးဒဏ် အန္တရာယ်မျိုးစုံတို့ ပျောက်ကွယ်သွားကြလိမ့်မည်။ ငါဘုရား၏ ဂုဏ်တော်တို့ကို မအောက်မေ့ မပွားများနိုင်လျှင် သွာက္ခာတ အစရှိသော တရားဂုဏ်တော်တို့ကို အောက်မေ့ကြကုန်လော့။ ထိုသို့ တရားဂုဏ်တော်တို့ကို အောက်မေ့ အာရုံပြုလိုက်ကြလျှင် ထိုဘေး ဒဏ် အန္တရာယ်မျိုးစုံတို့ ပျောက်ကွယ်သွားကြလိမ့်မည်။ တရားတော်၏ ဂုဏ်တို့ကို မအောက်မေ့ မပွားများနိုင်လျှင် သုပွဋိပန္နော အစရှိသော သံဃာဂုဏ်တော်တို့ကို အောက်မေ့ ပွားများကြကုန်လော့။ ထိုသို့ သံဃာ ဂုဏ်တော်တို့ကို အောက်မေ့အာရုံပြုလိုက်ကြလျှင် ထိုဘေးဒဏ် အန္တရာယ် မျိုးစုံတို့ ပျောက်ကွယ်သွားကြလိမ့်မည်။

ရဟန်းတို့ . ထိုသို့ အန္တရာယ်မျိုးစုံ ဘေးမျိုးစုံတို့ ပျောက်ကွယ် သွားရသည်မှာ အဘယ်ကြောင့်နည်း-

ရဟန်းတို့ . မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံယူတော်မူထိုက်၏။ တရားဥသုံ အလုံးစုံကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူ၏။ ရာဂ ဒေါသ မောဟ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးတော်မူ၏။ ကြောက်ရွံ့ခြင်း ကင်းတော်မူ၏။ ကိုယ် တုန်လှုပ်ခြောက်ခြားခြင်း ကင်းတော်မူ၏။ စိတ် တုန်လှုပ်မှု ကင်းဝေးတော်မူ၏။ ကြောက်ရွံ့စိတ် ဖြင့် ထွက်ပြေးလေ့ မရှိတော့သောကြောင့်ပင် ဖြစ်ပေ၏။

အထက်ပါ ဘုရားဟော စကားတော်အရ ဤသုတ်တော်ကို ရွတ်ပွားလျှင် အန္တရာယ်မျိုးစုံ ဘေးမျိုးစုံ ကင်းဝေးနိုင်သည်။ ကြောက်ရွံ့ထိတ်လန့်မှု ကင်း၍ ရဲရင့်သောစိတ်ဖြစ်ပေါ်နိုင်သည်။ သားရဲ တိရစ္ဆာန်ဘေး၊ ဘီလူးဘေး၊ သရဲဘေး၊ နာနာဘာဝတို့၏ ခြောက်လှန့်နှိပ်စက်မှု အန္တရာယ်တို့ကို ကာကွယ်နိုင်သဖြင့် နေ့စဉ်မှန်မှန် ရွတ်အံသင့်ကြပေသည်။

အာဠာနာဋိယပရိတ်တော်ဖြစ်ခဲ့ရန့် အကျိုးတရားများ

အခါတစ်ပါး၌ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် နတ်စစ်သည်များနှင့်အတူ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်၌ သီတင်းသုံးတော်မူသော ဘုရားရှင်ထံ သန်းခေါင်ယံအချိန်မှာ ရောက်လာကြသည်။ ဝေဿဝဏ် နတ်မင်းကြီးသည် ဘုရားရှင်အား ဤသို့ လျှောက်ထားသည်။

“ မြတ်စွာဘုရား လောက၌ ဘုရားအားကြည်ညိုသော နတ်ဘီလူးများ၊ မကြည်ညိုသော နတ်ဘီလူးများ အမျိုးမျိုးရှိကြပါသည်။ မကြည်ညိုသော နတ်ဘီလူးများက များပါသည်။ အကြောင်းမှာ ဘုရားရှင်က ပါဏာတိပါတ စသော မကောင်းမှုမှ ရှောင်ရန် ဟောတော်မူပါ၏။ သူတို့က ထိုမကောင်းမှုများကို မရှောင်ကြပါ။ မကောင်းမှုမှ ရှောင်ရန်စကားကို သူတို့ မကြိုက် မလိုလားကြသောကြောင့် ဖြစ်ပါသည်။ တောအုံ ခဲ့ကြား

အစွန်အဖျား ကျသော ကျောင်းများ၌ ရဟန်းများနေကြရာ ထိုအရပ်မှာ သာသနာကို မကြည်ညိုကြသော နတ်ဘီလူးများ ရှိနေကြ၍ ထိုဘီလူးတို့ ကြည်ညို၍ ပရိသတ်လေးပါးကို မညှဉ်းဆဲကြ၊ စောင့်ရှောက်ကြရန် အာဠာနာဋိယ မည်သော အကာအကွယ် အစောင့်အရှောက်ကို ခံတော်မူပါ"ဟု လျှောက်ထားသည်။ ဘုရားရှင်က လက်ခံတော်မူ၍ ဝေဿဝဏ်နတ်မင်းကြီးက ဝိပဿီသ စ နမတ္ထု စသည်ဖြင့်လျှောက်ထားသည်။

မြတ်စွာဘုရားသည် ဤအကြောင်းအရာနှင့် ပတ်သက်၍ ရဟန်းတို့ကို စည်းဝေးစေပြီး ဘုရားရှင်က မကြည်ညိုသေးသော နတ်ဘီလူးတို့ ဘုရားသာသနာ၌ ကြည်ညိုစေရန်နှင့် ပရိသတ်လေးပါးတို့ကို မညှဉ်းဆဲဘဲ ကာကွယ် စောင့်ရှောက်စေရန် ဤပရိတ်တော်ကို ခွင့်ပြုတော်မူသည်။

ယခု ရွတ်ဖတ်နေကြသော အာဠာနာဋိယသုတ်မှာ ဘုရားရှင် ဟောတော်မူခဲ့သော အာဠာနာဋိယ သုတ်တော်ကြီးမှ ၆-ဂါထာကိုသာ ယူ၍ အခြား ဘုရားဂုဏ်တော်ပြ ဂါထာများထည့်သွင်းကာ ရှေးဆရာတော်ကြီးများ စီစဉ်ထားသည့် သုတ်ဖြစ်ပါသည်။ ဝိပဿီအစရှိသော (၇)ဆူကုန်သော ဘုရားရှင်တို့ကို ရှိခိုးပူဇော်ထားသည့် ဂါထာများဖြစ်ပါသည်။

ဤပရိတ်တော်ကိုရွတ်ဖတ်ရခြင်းဖြင့် နတ်ဘီလူး၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့ မနှောင့်ယှက်နိုင်ပါ။ ထိုသူတို့၏ အန္တရာယ်မှ ကင်းဝေးနိုင်ပါသည်။ အရပ်လေးမျက်နှာရှိ နတ်မင်းကြီး လေးပါးတို့ကို မေတ္တာပို့၍ အန္တရာယ်မှ စောင့်ရှောက်ရန် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ဖြင့် တိုင်တည်သော ဂါထာများဖြစ်၍ နတ်အားလုံးတို့၏ ချစ်ခင်မှုကို ခံရပါသည်။ စောင့်ရှောက် ကာကွယ်မှုကို ရရှိနိုင်ပါသည်။

အင်္ဂုလိမာလသုတ်ပရိတ်တော်ဖြစ်စဉ်နှင့် အကျိုးတရားများ

အင်္ဂုလိမာလသည် ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားသားဖြစ်သည်။ မွေးဖွားစဉ်က တစ်မြို့လုံး၌ လက်နက်များ တပြောင်ပြောင်

အရောင်ထွက်ကြသည်။ မင်း၏ သံလျက်တော်လည်း အရောင်ထွက်သည်။

ထို့ကြောင့် နက္ခတ်ကို တွက်ကြည့်ရာ စောရနက္ခတ်နှင့်ယှဉ်သော သားမွေးသည်ဟု ပုရောဟိတ်က သိပြီး မင်းထံဝင်ကာ မင်းကိုမစိုးရိမ်ရန် လျှောက်ထားသည်။ သားကိုလည်း အဟိသက(သူတစ်ပါးကိုမည္ဉ်းဆဲသူ) ဟု အမည်ပေးထားခဲ့သည်။

အဟိသက အရွယ်ရောက်သော် ဖခင်ပုရောဟိတ်က တက္ကသိုလ်သို့ ပညာသင်စေလွှတ်သည်။ အဟိသကသည် ဉာဏ်ကောင်း၍ ဆရာက ချစ်ခင်နှစ်သက်သည်။ ဆရာ ကတော်ကလည်း ချစ်ခင်သည်။ ထိုသည်ကို မနာလိုသော ကျောင်းသားအချို့က အဟိသကနှင့် ဆရာကတော်တို့ ဖောက်ပြန်သည်ဟု ဆရာ့ကို ကုန်းတိုက်ကြသည်။

ဆရာက ပထမတော့ မယုံနောက် ပြောပါများတော့ ယုံပြီး အထင်လွဲကာ အဟိသကကို သူတစ်ပါးသတ်၍ သေစေရန် ရည်ရွယ်ချက်ဖြင့် လက်ညှိုးတစ်ထောင် ဖြတ်ပေးပြီး ကန်တော့မှသာ ပညာအကျိုးခံစားရမည် ဟု မိန့်ကြားသည်။

အဟိသက သည် တောသို့ဝင်ကာ လာသမျှလူကို သတ်သည်။ လက်ညှိုးများကို ဖြတ်ကာ ပ နန်းကုံးသဖွယ် လည်တွင် ဆွဲထားသည်။ သို့အတွက် သူ့ကို အဟိသကအမည်မှ “အင်္ဂုလိမာလ”ဟု လူတို့က အမည် ပြောင်း၍ ခေါ်တွင်ခဲ့ကြသည်။ အင်္ဂုလိမာလဆိုသည် လက်ညှိုးများကို ပန်းကုံးလုပ်၍ ဆွဲထားသူဟု အဓိပ္ပါယ်ရသည်။

လက်ညှိုး တစ်ထောင်ပြည့်ရန် တစ်ချောင်းသာ လိုသောနေ့တွင် ကောသလမင်းသည် တပ်နှင့်ထွက်၍ အင်္ဂုလိမာလကိုဖမ်းရန် စီစဉ်သည်။ မိခင် ပုဏ္ဏေးမကြီး မန္တာနီသည် သားအတွက် စိုးရိမ်သောကဖြစ်ပြီး သားရှိရာ တောအုပ်သို့ လာခဲ့သည်။ အင်္ဂုလိမာလသည် ယနေ့အဖ

မြန်မာ့ယဉ်ကျေးမှုလာ အနှစ်ရာယ်ကင်း ပရိတ်နှင့် သိမှတ်ဖွယ်ရာများ ၄၈၃ လာသော မည်သူ့ကိုမဆိုသတ်ရန်စီမံထားသည်။ မိခင်ကိုမြင်သောအခါ အဂ်ုလိမာလသည် မိခင်ကိုသတ်ရန် လိုက်လေသည်။

ဘုရားရှင်သည် အဂ်ုလိမာလ၏ အရဟတ္တမဂ်ဉာဏ် ရင့်ကျက်လာသည်ကို သိတော်မူ၍ လည်းကောင်း၊ အဂ်ုလိမာလအပေါ် မဟာကရုဏာတော် ကြီးမားစွာ ထားတော်မူ၍လည်းကောင်း အဂ်ုလိမာလနှင့် မိခင်ကြားသို့ ဝင်ခဲ့သည်။ အဂ်ုလိမာလသည် မိခင်နောက်သို့ လိုက်မှုကို ရပ်ပြီး ဘုရားရှင်နောက်သို့လိုက်သည်။ ဘုရားရှင်ကို မမီ ဖြစ်နေသည်။ "ရဟန်းကြီး မပြေးနှင့် ရပ်လော့ ရပ်လော့"ဟု အော်ဟစ်ပြီးလိုက်သည်။ "ငါကား မပြေး ရပ်နေသည်၊ သင်သာ ပြေးနေသည်၊ သင်သည် သူ့အသက်သတ်မှု ကျူးလွန်နေသဖြင့် သံသရာဝယ် ကျင်လည် ပြေးသွားရဦးမည်၊ ငါဘုရားမှာမူ သံသရာဝယ် မလည်ရတော့"ဟု မိန့်တော်မူ၏။

ဘုရားရှင်၏ ထိုစကားကို ကြားရသောအခါ အဂ်ုလိမာလသည် ချက်ခြင်းသတိရပြီး ဘုရားရှင်ကို ဝန်ချတောင်းပန်သည်။ ချက်ခြင်း ရဟန်းပြုသည်။ ဘုရားရှင်သည် အဂ်ုလိမာလကို ဇေတဝန်ကျောင်းသို့ ခေါ်လာခဲ့သည်။

ကောသလမင်းသည် အဂ်ုလိမာလကို ဖမ်းရန် တပ်နှင့် ထွက်လာစဉ် ဘုရားကို ဝင်ဖူးမည်ဆိုပြီး ဇေတဝန်ကျောင်းသို့ ဝင်သည်။ ဘုရားရှင်နှင့် စကားပြောရင်း ဘုရားရှင်က အဂ်ုလိမာလ ရဟန်းဖြစ်နေပြီဖြစ်ကြောင်း ပြောပြသည်။

အဂ်ုလိမာလမထေရ်သည် နောင်အခါ ကမ္မဋ္ဌာန်းအားထုတ်၍ ရဟန္တာဖြစ်သည်။ အဂ်ုလိမာလမထေရ် ဆွမ်းခံကြွသောအခါ လူတို့သည် မူလကအရှိန်ကြောင့် ကြောက်လန့်ပြီး ထွက်ပြေးကြသည်။ အချို့က အိမ်တံခါး ပိတ်ကြသည်။ အချို့က ထွက်ပြေး ပုန်းရှောင်ကြသည်။ အချို့မပြေးနိုင်၍ မြေမှာဝပ်ကြပြီး အဂ်ုလိမာလ မမြင်နိုင်အောင် မျက်နှာကို

ကွယ်ဝှက်ထားကြသည်။ အချို့က ဒုတ် ခဲတို့ဖြင့် ပစ်ခတ်ကြသည်။ အရှင် အင်္ဂုလိမာလ မထေရ်သည် သည်းခံတော်မူသည်။

တစ်နေ့တွင် အင်္ဂုလိမာလမထေရ် ဆွမ်းခံကြွစဉ် မီးမဖွားနိုင်၍ ဆင်းရဲဒုက္ခ ပြင်းစွာခံစားနေရသော အမျိုးသမီးငယ်တစ်ဦးကို တွေ့ရသည်။ အင်္ဂုလိမာလမထေရ်သည် ထိုအမျိုးသမီးကို အလွန် သနားလှသဖြင့် ကျောင်းသို့ပြန်ကာ ဘုရားရှင်ကို လျှောက်ထားသည်။

ဘုရားရှင်က အင်္ဂုလိမာလကို ဤသို့ သစ္စာပြုလော့ဟု အမိန့် ရှိကာ သစ္စာဆိုခိုင်းသည်။

"အို နှမ ငါသည် အရိယာဖြစ်သည်မှ စ၍ သူတစ်ပါး၏ အသက်ကို မသတ်ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် သင့်အား ချမ်းသာပါစေ၊ သင်၏ ကိုယ်ဝန်သည်လည်း ချမ်းသာစွာ မွေးဖွားပါစေ"

အင်္ဂုလိမာလမထေရ်သည် ထိုသစ္စာစကားကို နှုတ်ငုံဆောင်ပြီး ထိုအမျိုးသမီးငယ်အိမ်သို့ သွားကာ သစ္စာဆိုသည်။ သစ္စာစကားအဆုံးဝယ် ရေစစ်မှ ရေလျှာကျသကဲ့သို့ အမိဝမ်းတွင်းမှ ကလေးသည် ချမ်းသာစွာ မွေးဖွားလေသည်။

ထိုအချိန်မှစ၍ အင်္ဂုလိမာလမထေရ်တွင် အန္တရာယ်ကင်းပြီး လာဘ်လာဘ၊ ဆွမ်းတို့သည် ပေါများလာခဲ့သည်။ ဤသို့ အင်္ဂုလိမာလပရိတ် သည် လွယ်ကူစွာ မီးဖွားနိုင်ခြင်းစသော အကျိုးတို့ကို ရရှိနိုင်လေသည်။

ဇောဇ္ဈင်္ဂသုတ်ပရိတ်တော်ဖြစ်ခဲ့ပုံနှင့် အကျိုးတရားများ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်ပြည်အနီး ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသော အရှင်မဟာကဿပ မထေရ်သည် မကျန်းမမာ ဖြစ်တော်

မူသည်။ မြတ်စွာဘုရားရှင်သည် အရှင်မဟာကဿပထံ ကြွသွားတော်မူပြီး ဗောဇ္ဈင်ခုနစ်ပါး တရားကို ဟောတော်မူသည်။

ထိုတရားကို နာရသော အရှင်မြတ်သည် ဤသို့နှလုံးသွင်း၏-

"ငါကား ရဟန်းပြု၍ (၇)ရက်မြောက်၌ သစ္စာတရားတို့ကို ရသော အခါ ဤဗောဇ္ဈင်တရားများ ထင်ရှားဖြစ်လာခဲ့ဖူးသည်။ ဘုရားရှင်၏ သာသနာကား ဝဋ်ဒုက္ခ လွတ်မြောက်ရေး အစစ်အမှန် ဖြစ်ပါပေသည်"

ဤသို့ နှလုံးသွင်းပြီးနောက် မထေရ်မြတ်၏ ခန္ဓာကိုယ်မှ သွေးများ ကြည်လင်ကာ ဥပါဒါရုပ်များ စင်ကြယ်လာမှုကြောင့် ကြာဖက်၌ကျသော ရေပေါက်ပမာ ရောဂါများသည် ကိုယ်ခန္ဓာမှ ပျောက်ကွယ်သွားကြသည်။

ထို့အတူ ဂိဒ္ဓကူဋ်တောင်၌ သီတင်းသုံးနေတော်မူသော အရှင် မောဂ္ဂလာန်မထေရ်မြတ် မကျန်းမာစဉ်အခါမှာလည်း ဗောဇ္ဈင်သုတ်ကိုပင် ဘုရားရှင် ဟောတော်မူရာ အရှင်မောဂ္ဂလာန်မထေရ်၏ ရောဂါများ ချက်ခြင်း ယူပစ်သလို ပျောက်ကင်းခဲ့သည်။

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ရောဂါဝေဒနာ နှိပ်စက်ခံရသော အခါ၌ စုန္ဒမထေရ်သည် ထိုဗောဇ္ဈင်ခုနစ်ပါး တရားကိုပင် ရိုသေစွာ ရွတ်ဆိုလေရာ ဘုရားရှင်သည် ဝမ်းမြောက်တော်မူသောကြောင့် တစ်ခဏ ချင်းပင် ထိုရောဂါမှ ပျောက်ကင်း ချမ်းသာခဲ့လေသည်။

ပရိတ်ကြီး(၁၁)သုတ်တွင် ပါဝင်သော ဗောဇ္ဈင်သုတ်ကား ဘုရား ဟောကြားတော်မူသည့် မူရင်းဗောဇ္ဈင်သုတ် မဟုတ်ပါ။ ဘုရားဟော ဗောဇ္ဈင်သုတ်တော်ကို နာကြားရသဖြင့် အရှင်မဟာကဿပ၊ အရှင်မောဂ္ဂ လာန်နှင့် မြတ်စွာဘုရား ကိုယ်တိုင်၌ ဖြစ်ပေါ်နေသော အနာရောဂါ အသီးသီး ကင်းပျောက်၍ ကျန်းမာ ချမ်းသာခဲ့ကြပုံကို ဖော်ပြ၍ သစ္စာပြု ထားသည့် ဂါထာများပါဝင်သည့် သုတ်ဖြစ်သည်။

ရှေးကျမ်းဂန်တတ် ဆရာတော်ကြီးများ ပြုစုစီရင်ထားသည့် သစ္စာပြုဂါထာများဖြစ်၍ ဘုရားဟော ပရိတ်တော်ကဲ့သို့ပင် အစွမ်းထက်ပါသည်။ ထိုဟောဖွယ်သုတ် ပရိတ်တော်သည် ဘုရားဟောထားသည့် မူလဟောဖွယ်သုတ်ကဲ့သို့ပင် ရောဂါဝေဒနာများကို ပျောက်ကင်းနိုင်သောကြောင့် အနာရောဂါ ဖြစ်လာသည့်အခါ ဟောဖွယ်သုတ်ကို ဗုဒ္ဓဘာသာဝင်တို့ ယုံယုံကြည်ကြည်ဖြင့် နာယူလေ့ရှိကြသည်။ နာယူသည့်အတိုင်းလည်းကိုယ်တွေ့ အနာရောဂါများ ပျောက်ကင်း ချမ်းသာဖူးသည့်သူများ အများအပြားရှိကြသည်။

ဤပရိတ်တော်၏ အစတွင် သံသရာဝယ် ကျင်လည်နေကြကုန်သောသူတို့အတွက် ရောဂါဝေဒနာမျိုးစုံ ကင်းပျောက်စေရန်အတွက် မာရ်နတ်ရန်ကို အောင်မြင်နိုင်၊ နှိမ်နင်း ပျောက်ကင်းစေနိုင်သော ဟောဖွယ်(၇)ပါး တရားတို့ကို ပွားများရမည်။ ဤဟောဖွယ်(၇)ပါး တရားတို့သည်ကား ဘဝ ဝဋ်ဒုက္ခများမှ လွတ်ကင်းနိုင်သည်။ မြင့်မြတ် ကောင်းမွန်လှသည်။ မအို၊ မနာ၊ မသေ၊ ရောဂါခပ်သိမ်း၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်စေနိုင်သည့် ဂုဏ်တော်များစွာ ပေါင်းစု ပြည့်စုံရာဖြစ်သည်။ ဆင်းရဲ ဝေဒနာ ရောက်၍နေကြကုန်သော သတ္တဝါအားလုံးတို့အတွက် ဆေးမြတ် ဆေးကောင်းဖြစ်သော ဤသုတ်ကို ယုံယုံကြည်ကြည် ရွတ်ပွားကြရပေမည်။

ပုဗ္ဗဏ္ဟသုတ်ပရိတ်တော်ဖြစ်ခဲ့ရန့် အကျိုးတရားများ

ဘုရားဂုဏ်ကို အာရုံပြုရသော ကုသိုလ်စေတနာ အာနုဘော်ဖြင့် မကောင်းသော အတိတ် နိမိတ်နှင့် ဂြိုဟ်ဆိုးတို့မှ ကင်းလွတ်စေသောသုတ်တော်ဖြစ်၏။ သုတ်တော် အမည်အားလျော်စွာ နံနက်အချိန်၌သာ

မြန်မာ့ယဉ်ကျေးမှုလာ အနှစ်ရာယ်ကင်း ပရိတ်နှင့် သိမှတ်ဖွယ်ရာများ ၄၈၇ ရွတ်ဆိုကြရန် သတ်မှတ်ထားသော်လည်း မည်သည့် အချိန်တွင်မဆို ရွတ်ဆိုလျှင် အကျိုးများသည်သာဖြစ်၏။

ဤသုတ်တော်၏ ဆိုလိုရင်းမှာ သုစရိုက်တရားကျင့်သူ မြတ်သော အကျင့်ကို ကျင့်သူတို့အား နက္ခတ်ကောင်း၊ မင်္ဂလာကောင်း၊ အခါကောင်း၊ ခဏကောင်း အားလုံးအကောင်းချည်း ဖြစ်၍ မကောင်းသော နက္ခတ် မင်္ဂလာ အခါမရှိ၊ နက္ခတ်မင်္ဂလာ အခါကောင်းကြုံရန် ဓာတ်ရိုက် ယတြာ ပြုလုပ်ရန်မလို၊ သူတော်ကောင်း တရားများ ကျင့်ရန် လိုအပ်သည် ဟုဆိုလို၏။

ဤပုဗ္ဗဏှသုတ်၌ နောက်ဆုံး သုနက္ခတ္တံ စသော သုံးဂါထာသည် အင်္ဂုတ္တိရ် ပထမအုပ် ပုဗ္ဗဏှသုတ်၌ လာသော ဘုရားဟော ဂါထာများ ဖြစ်သည်။ ယံ ကိဉ္စိ ဝိတ္တံ စသော သုံးဂါထာသည် သုတ္တာနိပါတ် ရတန သုတ်၌လာသော ဘုရားဟော ဂါထာများ ဖြစ်ကြသည်။ ကျန်ဂါထာများကား ရှေးဆရာတော်တို့ စီစဉ်ထားခြင်း ဖြစ်သည်။ ပုဗ္ဗဏှသုတ်လာ ဂါထာများကို အစွဲပြု၍ ပုဗ္ဗဏှသုတ်ဟူ၍ ခေါ်ဆိုကြခြင်းဖြစ်သည်။

ထင်းမီးကြောင့် ထမင်းကျက်ရသည် ဆိုသကဲ့သို့ ဗုဒ္ဓါနုဘာဝေန-ဘုရား၏ဂုဏ်တော်ကို အာရုံပြု၍ဖြစ်သော ကုသိုလ် စေတနာအစွမ်းကြောင့် ဟုဆိုထားသောကြောင့် ဘုရားရှင်ကို အာရုံပြုသော စေတနာအစွမ်းသည်ပင် ဘုရား၏ အာနုဘော်ဖြစ်ရကား ရွတ်ဆိုနေသော အချိန် အခါတိုင်း အကျိုးထူးများ ရရှိမည်သာ ဖြစ်ပါသည်။

မြတ်စွာဘုရား၏ တရားတော်များကို ကျင့်ကြံနေသူအတွက် အချိန်အခါမရွေး နေရာဒေသမရွေး ကောင်းကျိုးမင်္ဂလာ ပြည့်စုံလာမည် သာ ဖြစ်သဖြင့် လောကီရေးရာ အယူအဆများနောက်သို့ လိုက်၍ ပေဒင်

ယတြာ ဓာတ်ရိုက် ဓာတ်ဆင်၊ နတ်ဒေဝါ ဝိဇ္ဇာတပသီ လောကီကိုးကွယ်ပသ ပူဇော်မှုများ ပြုလုပ်ရန်မလိုတော့ပေ။ တရားတော်အတိုင်း လိုက်နာကျင့်ကြံသူအတွက် အခြိန်တိုင်း အခါတိုင်း နက္ခတ်ကောင်း မင်္ဂလာကောင်း အခါကောင်းတို့သာ ဖြစ်ပွားပေါ် ပေါက်နေမည် ဖြစ်သည်။

ဤသုတ်တော်ကို ရွတ်ဆိုရခြင်းဖြင့် အတိတ်ဆိုး နိမိတ်ဆိုး ဂြိုဟ်ဆိုး ကြမ္မာဆိုး ဇာတာဆိုးတို့ မကျရောက်စေဘဲ အတိတ်ကောင်း နိမိတ်ကောင်း ဂြိုဟ်ကောင်း ဇာတာကောင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးအစ သာယာသော ဘဝများကို တည်ဆောက်နိုင်ကြမည်။ ဘေးဒုက္ခ အန္တရာယ်တို့မှကင်းဝေးပြီး ငြိမ်းချမ်းသာယာသော လူ့လောကကြီး ဖြစ်ပေါ်လာမည်။ သို့ဖြစ်၍ လူသားတိုင်း ငြိမ်းချမ်းအောင်မြင် သာယာစေရန်အတွက် ဤသုတ်တော်ကို ရွတ်ပွားသင့်ကြပေသည်။

အခန်း(၅)

မြန်မာ့ယဉ်ကျေးမှုလာ အသက်ဂုဏ်ဝါကြီးသူများအပေါ်ဦး ယဉ်ကျေးလိမ္မာ ဆက်ဆံနည်းစနစ်များ

ကာယကံယဉ်ကျေးမှု (ကိုယ်အမူအရာယဉ်ကျေးခြင်း)

၁။ ဘုရားဆင်းတု၊ ပုံတော်၊ ဓမ္မကျမ်းဂန်များကို မြင့်မြတ်သောနေရာ၌ ထား၍ ကိုင်တွယ်လိုလျှင် လက်အုပ်ချီ ရှိခိုးပြီးမှ ကိုင်တွယ်ရမည်။ ကြမ်းပြင်မှာ ချထားခြင်း၊ ချိုင်းကြားညှပ်၍ ယူခြင်းစသည်ဖြင့် မရှိမသေမပြုရ။

၂။ တရားဓမ္မနာယူသောအခါ ဓမ္မကထိကကိုသာမက တရားတော်ကိုပါ အလေးဂရုပြုသောအားဖြင့် ဦးထုပ်ချွတ်ရမည်။ ခေါင်းပေါင်းဖြစ်လျှင် ဆံစဖော်ရမည်။ တရားသံကြိုးခွေကို အမြင့်မှာထားဖွင့်ရမည်။ ဒူးတုပ်လျက်ဖြစ်စေ၊ လက်အုပ်ချီ၍ဖြစ်စေ၊ တရားရှုမှတ်သည့်ပုံစံဖြင့်ဖြစ်စေ အရိုအသေပြုနာယူရမည်။

၃။ ရဟန်းသံဃာ၊ သီလ သိက္ခာရှိသူ၊ အသက်အရွယ် ကြီးသူများ အနီး၌နေထိုင်သောအခါ ဝေးလွန်း၊ နီးလွန်း၊ ရှေ့တည့်တည့်၊ နောက်တည့်တည့် မြင့်သောနေရာနှင့် လေတင် လေညာနေရာများ၌ မနေထိုင်ရပါ။ (ဝေးနီးလွန်းရာ၊ မြင့်လေညာနှင့်၊ တည့်စွာနောက်ကျ၊ ဤခြောက်ဝ၊ မုချအပြစ်များ)။

၄။ ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီးသူတို့ အနီး၌ထိုင်လျှင် မြင့်သောနေရာ၊ မြတ်သောနေရာ၊ ခေါင်းရင်းနေရာတို့၌ မထိုင်ရ။

၅။ ရဟန်းသံဃာ၊ ဆရာမိဘများအား ရှိခိုးလျှင် ခြေဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးတို့ကို မြေ၌ (သို့) ကြမ်းပြင်၌ထိ၍ ရှိခိုးရမည်။

၆။ ရဟန်းသံဃာ၊ ဆရာ မိဘ၊ အသက်အရွယ်ကြီးသူများ အနီးမှ ပြန်လည် ထွက်ခွာလာသောအခါ လက်အုပ်ချီကာ ကိုယ်ကို ညွှတ်လျက် လေးငါးလှမ်း နောက်ပြန်ဆုတ်ပြီးမှ လိုရာအရပ်သို့ သွားရမည်။ ချက်ချင်း နောက်ကျောပေး မပြန်ရ။

၇။ ခရီးလမ်းမပေါ်၌ ရဟန်းသံဃာတို့နှင့် တွေ့သောအခါ ဦးထုပ်၊ ဖိနပ်တို့ကို ချွတ်၍ ထီးကိုရုပ်ကာ လက်အုပ်ကို နဖူးပြင်အထိ တင်လျက် ခြေစုံရပ်တန့်ပြီး ရှိခိုးရမည်။

၈။ ပစ္စည်းဝတ္ထု တစ်စုံတစ်ခုကို ပေးသောအခါ၊ ယူသောအခါတို့၌ အလွန်သေးငယ်သော အရာပင်ဖြစ်စေကာမူ လက်နှစ်ဖက်ဖြင့် ပေးရ၊ ယူရမည်။

၉။ ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများအနီးမှ ဖြတ်သန်းသွားလာသောအခါနှင့် ပရိသတ်အတွင်း၌ သွားလာသောအခါ ခါးကိုကုန်း၍ ခေါင်းကိုညွှတ်ကာ သွားလာရမည်။

၁၀။ လမ်းခရီးသွားလာရာတွင် ကျဉ်းကျပ်သောနေရာများ၌ ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ်ကြီးသူများအား ခြေစုံရပ်၍ လမ်းဖယ်ပေးရမည်။ တိုးဝှေ့ကျော်တက်မသွား၊ရ။

၁၁။ မီးရထား၊ ကား၊ သင်္ဘောများပေါ်တွင် ရဟန်းသံဃာနှင့် အိုမင်း မစွမ်းသော ပုဂ္ဂိုလ်များ သာသနာ့နွယ်ဝင် သီလရှင်များအား နေရာပေးလှူရမည်။ ထိုပုဂ္ဂိုလ်တို့နှင့် နေရာလု၍ မထိုင်ရ။

၁၂။ ခရီးသွားလာရာတွင် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ အိုမင်းမစွမ်းသော ပုဂ္ဂိုလ်များအား လိုအပ်လျှင်ဖေးမတွဲထူခြင်း၊ အထုပ်အပိုး သယ်ယူပေးခြင်းဖြင့် ဖေးမကူညီရမည်။

၁၃။ ရဟန်း သံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား လက်ဆွဲနှုတ်ဆက်ခြင်း၊ ဆလံပေးခြင်း၊ လက်ယပ်ခေါ်ခြင်းဖြင့် မဆက်ဆံရ၊ လက်အုပ်ချီ အရိုအသေပြု၍ ဆက်ဆံရမည်။

၁၄။ ရဟန်းသံဃာ၊ ဆရာမိဘတို့ ကျိန်းစက်အိပ်ပျော်နေလျှင် ထိုသူတို့ အနီးမှ ခြေသံမကြားအောင် ခြေကို ဖော့နင်း၍ သွားရမည်။

၁၅။ ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ် ကြီးသူများထံသို့ ချဉ်းကပ်သောအခါ မကောင်းသော ကိုယ်နှုံများရှိက ဆေးကြောသုတ်သင်ပြီးမှ ချဉ်းကပ်ရာ၏။

၁၆။ လမ်းတွင်တွေ့၍ နှုတ်ဆက်ရာ၌ ချစ်ခင်လေးစားသော အမူအရာဖြင့် လက်အုပ်ကြာငုံရင်မှာထားပြီး နှုတ်ဆက်ခြင်း၊ ဦးညွတ်ခြင်း၊ ပြုံးပြခြင်းတို့ ပြုလုပ်ရမည်။

၁၇။ အမျိုးသမီးများသည် ရဟန်းသံဃာ၊ သီလသိက္ခာရှိသူ၊ အသက်အရွယ်ကြီးသူများ ရှေ့မှောက်တွင် ကိုယ်ဝတ်ထဘီပြင်ဝတ်ခြင်း၊ အလှပြင်ခြင်းများ မပြုလုပ်ရ။

၁၈။ အမျိုးသမီးများသည် မလုံမခြုံ၊ မယဉ်ကျေးသော ဝတ်စားဆင်ယင်မှုဖြင့် ရဟန်းသံဃာ၊ ဆရာမိဘ၊ အသက်အရွယ် ကြီးသူများထံ သွားလာဝင်ထွက်ခြင်း မပြုရ။

၁၉။ မမြင်ဆိတ်ကွယ်ရာအရပ်၌ ရဟန်းတော်ထံ အမျိုးသမီးတစ်ဦးတည်း မချဉ်းကပ်ရ။

၂၀။ အမျိုးသမီးတစ်ဦးသည် ရဟန်းတစ်ပါးပါးနှင့် ပြောဆိုဆွေးနွေးခြင်းပြုလုပ်လိုပါက သိကြားနားလည်သော အမျိုးသားတစ်ဦးကို ခေါ်သွားရမည်။

၂၁။ အမျိုးသမီးများသည် ရဟန်းသံဃာတော်များအား ဆံပင်ဖြန့်ခင်း ၍ဖြစ်စေ၊ လက်စသည်တို့ဖြင့် ကိုယ်တွယ်ထိတွေ့၍ဖြစ်စေ ရှိမခိုးရ၊ အရိုအသေမပြုရ။

၂၂။ ဘုရားရင်ပြင်၊ ကျောင်းဝင်း၊ ဆေးရုံ စာသင်ကျောင်း စသော လူအများစုဝေးရာ နေရာဌာနများ၌ ကွမ်းတံတွေး ထွေးခြင်း၊ ချေနှပ်စသော အညစ်အကြေးများ စွန့်ခြင်းမပြုရ။

၂၃။ တစ်စုံတစ်ဦး ဘုဉ်းပေး၊ စားသောက်နေသော နေရာ၌ ချွေဟပ်ခြင်း နှပ်ညှစ်ခြင်းမပြုရ။

၂၄။ ချောင်းဆိုး ချောင်းဟန့်လျှင် တစ်စုံတစ်ဦးဘက်လှည့်၍ မပြုလုပ်ရ၊ လက်ကိုင်ပုဝါအုပ်၍ဖြစ်စေ၊ အခြားနေရာသို့ ထသွား၍ဖြစ်စေ ပြုလုပ်ရမည်။ လေလည်လိုလျှင် လူသူဝေးရာသို့ သွား၍ ပြုလုပ်ရမည်။

ဝစီကံယဉ်ကျေးမှု
(အပြောအဆို နှုတ်အမူအရာ အသုံးအနှုန်းယဉ်ကျေးခြင်း)

၁။ မြတ်စွာဘုရားကို ဗုဒ္ဓဟု နာမည်ဖော်၍ ခေါ်ဝေါ်သုံးစွဲခြင်း မပြုရ။ မြတ်စွာဘုရား၊ ဘုရားရှင်စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲရမည်။

၂။ မြတ်စွာဘုရား၊ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်ထားရှိသော နေရာကို ဘုရားကျောင်းဆောင်၊ ဘုရားဆောင်ဟု ပြောဆိုရမည်။ ဘုရားစင်ဟု မပြောရ။

၃။ ဘုရားရှိခိုးရာ၊ ဝတ်ပြုရာအဆောက်အအုံကို ဘုရားရှိခိုးကျောင်း၊ ဝတ်ကျောင်း၊ ဓမ္မာရုံဟု ပြောဆိုရမည်။

၄။ တရားဓမ္မဟောပြောနာယူရာ အဆောက်အအုံကို ဓမ္မာရုံ၊ တရားသဘင်မဏ္ဍပ်ဟု ပြောဆိုရမည်။

၅။ ဆင်းတုတော်၊ ရုပ်ပွားတော်၊ ပုံတော်၊ ရဟန်းသံဃာတော်နှင့် သာသနာ့နွယ်ဝင်သီလရှင်များကို သပ္ပါယ်သည်။ တင့်တယ်သည်၊ ကြည်ညိုဖွယ်ကောင်းသည်ဟု ပြောရမည်။ ချောသည်၊ လှသည်ဟုမပြောရ။

၆။ ရဟန်းသံဃာတော်များ၊ သာမဏေများက ခေါ်လျှင် ဘုရား၊ အရှင်ဘုရားဟု ထူးရမည်။ ဆရာမိဘစသော ရိုသေလေးစားထိုက်သူတို့ကခေါ်လျှင် ခင်ဗျာ၊ ရှင်ဟု ထူးရမည်။

၇။ ရဟန်းသံဃာတော်များ၊ သာမဏေများနှင့် ပြောဆိုရာတွင် ဟုတ်မှန်ကြောင်းဝန်ခံလျှင် မှန်ပါ အရှင်ဘုရား၊ တင်ပါ အရှင်ဘုရားဟု ပြောဆိုရမည်။ ဆရာမိဘ စသော ရိုသေလေးစားထိုက်သူတို့နှင့် ပြောဆိုရာတွင် ဟုတ်မှန်ကြောင်း ဝန်ခံလိုလျှင် ဟုတ်ကဲ့ခင်ဗျာ၊ ဟုတ်ကဲ့ရှင်၊ မှန်ပါတယ်ခင်ဗျာ၊ မှန်ပါတယ်ရှင့်ဟု ပြောဆိုရမည်။

၈။ ရဟန်းသံဃာတော်များ၊ သာမဏေများနှင့် ပြောဆိုရာတွင် မဟုတ်မှန်ကြောင်း လျှောက်တင်လိုလျှင် မဟုတ်ပါ အရှင်ဘုရား၊ ဘုရား တပည့်တော် မှားပါတယ် အရှင်ဘုရားဟု ပြောဆိုရမည်။ ဆရာမိဘ စသော ရိုသေလေးစားထိုက်သူတို့နှင့် ပြောဆိုရာတွင် မဟုတ်မှန်ကြောင်း ငြင်းလိုလျှင် မဟုတ်ပါခင်ဗျာ၊ မမှန်ပါခင်ဗျာ၊ မမှန်ပါရှင်၊ ကျွန်တော် မှားသွားပါတယ် ခင်ဗျာ၊ ကျွန်မ မှားသွားပါတယ်ရှင်ဟု ပြောဆိုရမည်။

၉။ ရဟန်းတော်များကို ထေရ်၊ ဝါကြီးလျှင် ဆရာတော် ဘုရား၊ ဘုန်းတော်ကြီးဘုရား ဟုလည်းကောင်း၊ ထေရ်၊ ဝါ ငယ်လျှင်

ဦးပဉ္ဇင်းဘုရား၊ သာမဏေများကို ကိုရင်ဘုရား၊ အရှင်ဘုရားဟု လည်းကောင်း ခေါ်ဝေါ်ရမည်။ ဘုန်းဘုန်း၊ ဘဘုန်း၊ ဘဘုရားဟု မခေါ်ဝေါ်ရ။

၁၀။ သက်တော်၊ ဝါတော်၊ သိက္ခာတော်ကြီးရင့်သော ဆရာတော်ကြီးများကို ဦးသောဘိတ၊ ဦးသုမနဟု အမည်ကို မခေါ်ဆိုရ၊ ကျောင်းတိုက်၊ မြို့တို့ကိုစွဲ၍ သီတဂူဆရာတော်၊ စွန်းလွန်းဆရာတော်၊ ရွှေကျင်တိုက်သစ်ဆရာတော်၊ မကွေးဆရာတော် စသည်ဖြင့် သုံးနှုန်းပြောဆိုရမည်။

၁၁။ ရဟန်း သံဃာတော်များ၊ သာမဏေများ၊ သီလရှင်များနှင့် စကားပြောဆိုရာတွင် မိမိကိုယ်ကို ဘုရားတပည့်တော်၊ တပည့်တော်မဟု သုံးနှုန်း ပြောဆိုရမည်၊ မိဘဆရာနှင့် ရိုသေလေးစားထိုက်သူများနှင့် ပြောဆို လျှင် ကျွန်တော်၊ ကျွန်မ ဟု သုံးနှုန်းပြောဆိုရမည်။

၁၂။ သံဃာတော်များ နေထိုင်ရာကို မေးလိုလျှင် ဘယ်မှာနေသလဲဟု မမေးရ၊ ဆရာတော် ဘယ်မြို့မှာ သီတင်းသုံးတော်မူပါသလဲ အရှင်ဘုရားဟု မေးရမည်။

၁၃။ သံဃာတော်များ အိပ်စက်နေသည်ကို ကျိန်းစက်နေသည်ဟု သုံးနှုန်း ပြောဆိုရမည်။

၁၄။ ဘုရား၊ ရဟန်း၊ သံဃာတော်များ ရေချိုးနေသည်ကို ရေသပ်ပါယ် နေသည်ဟု ပြောဆိုရမည်။

၁၅။ ရဟန်း သံဃာများသုံးသော အိမ်သာကို ကုဋီဟုခေါ်သည်။ ရဟန်း သံဃာများ ကျင်ကြီး၊ ကျင်ငယ်စွန့်သည်ကို ကိုယ်လက်သန့်စင် သည်၊ ကုဋီတက်သည်ဟု ပြောဆိုရမည်။

၁၆။ ရဟန်းသံဃာများ သွားလာသည်ကို ကြွသွား၊ ကြွလာသည်ဟု သုံးနှုန်းပြောဆိုရမည်။

၁၇။ ရဟန်း သံဃာများအား မေးမြန်းသည်ကို လျှောက်ထား၊ လျှောက်တင်သည်ဟု ပြောဆိုရမည်။

၁၈။ ရဟန်း သံဃာများက ပြောဆိုသည်ကို မိန့်တော်မူသည်၊ မိန့်ကြားသည်ဟု ပြောဆိုရမည်။

၁၉။ ရဟန်း သာမဏေများ ကွယ်လွန်သည်ကို ပုံလွန်တော်မူသည်၊ ဘဝနတ်ထံ စံတော်မူသည်ဟု ပြောဆိုရမည်။

၂၀။ ဘုန်းကြီးများ အသုဘပွဲ ပြုလုပ်သည်ကို စျာပနပွဲ၊ ဘုန်းကြီးပျံပွဲဟု ပြောဆိုရမည်။

၂၁။ ဘုရားသာသနာသုံး စကားအနေဖြင့် အမျိုးသားများကို ဒကာ၊ ဒါယကာ၊ ဥပါသကာဟုငင်း၊ အမျိုးသမီးများကို ဒကာမ၊ ဒါယိကာမ၊ ဥပါသိကာမ ဟု သုံးနှုန်းပြောဆိုရမည်။

၂၂။ မြန်မာ့ ယဉ်ကျေးမှုအရ ပြောဆို ဆက်ဆံရာတွင် အရွယ်ကို လိုက်၍ အဘိုး၊ အဘွား၊ ဦးကြီး၊ ဦးလေး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မ ဟုလည်းကောင်း၊ ကိုယ့်အောက် ငယ်လျှင် မြေး၊ သား၊ သမီး၊ တူ၊ တူမ၊ ညီမလေး၊ မောင်လေးဟုလည်းကောင်း သုံးနှုန်းပြောဆိုရမည်။

၂၃။ တစ်ဦးနှင့် တစ်ဦးတွေ့လျှင် အရှင်ဘုရား ကျန်းမာပါရဲ့လား၊ ဦးလေး ကျန်းမာပါရဲ့လား၊ မင်္ဂလာပါခင်ဗျာ၊ မင်္ဂလာပါရှင် စသည်ဖြင့် နှုတ်ဆက် ပြောဆိုရမည်။

၂၄။ တစ်ဦးနှင့် တစ်ဦးခွဲခွာလျှင်လည်း အရှင်ဘုရား တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား၊ ပြန်ပါဦးမယ်၊ ခွင့်ပြုပါဦး ဟု လေးစားမွန်ရည် ဖော်ရွေစွာ ပြောဆိုရမည်။

၂၅။တစ်ဦး တစ်ယောက်ကို မတော်တဆ ထိခိုက်မိ၍ဖြစ်စေ၊ အခြားကိစ္စ အတွက်ဖြစ်စေ တောင်းပန်ရန်ရှိလျှင် ခွင့်လွှတ်ပါခင်ဗျာ၊ ကန်တော့၊ ကန်တော့ပါ၊ သည်းခံပါဟု ယဉ်ကျေးစွာ ပြောဆို ရမည်။

မနောကံယဉ်ကျေးမှု (စိတ်ယဉ်ကျေးမှု)

၁။ သူတစ်ပါး ပစ္စည်း ဥစ္စာကို မတရားလိုချင်သောစိတ် မထားရ။

၂။ သူတစ်ပါး၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာ ဂုဏ်သိန်ကို ဖျက်ဆီးလိုသော စိတ်မထားရ။

၃။ ကြီးသူနှင့်ဖြစ်စေ၊ ငယ်သူနှင့်ဖြစ်စေ တွေ့ဆုံသောအခါ ထိုပုဂ္ဂိုလ် တို့အား ကျန်းမာပါစေ၊ ချမ်းသာပါစေ ဟု မေတ္တာပွားရမည်။

၄။ ကံ-ကံ၏ အကျိုးကို ယုံကြည်၍ ကိုယ်ချင်းစာနာသည့် စိတ် ကောင်း စိတ်မြတ်ကို မွေးမြူရမည်။

၅။ ကိုယ့်ထက်သာသောသူကို မနာလိုသောစိတ်ထားမျိုး၊ ကိုယ့်အောက် နိမ့်သူကို နှိမ့်ချလိုသော စိတ်ထားမျိုး၊ ကိုယ်နှင့် တန်းတူသူကို ပြိုင်လိုသော စိတ်ထားမျိုးနှင့် မဆက်ဆံရ။

မိဘဆရာ သက်ကြီးဂုဏ်ကြီး ဆက်ဆံရေးယဉ်ကျေးမှု

အလေးပြုအပ်သူများမှာ ရတနာသုံးပါး၊ ဆရာမိဘစသော ဂုဏ်ကြီးသူ အသက်ကြီးသူများတည်း။ ရဟန်းများ၌ အသက်မလိုက်ပဲ သီကျွာဝါကြီးသူက ဂရု-အလေးအမြတ်ပြုအပ်သူ ဖြစ်ရသည်။ ဤသူ အလေးအမြတ်ပြုအပ်သူဖြစ်ကြောင်း သိရသည်မှာ ရိုသေခြင်း၊ အလေးပြုခြင်းဖြင့်

သိရမည်ဖြစ်ရာ ရိုသေခြင်းကို ဂါရဝအလေးပြုအပ်သူဖြစ်ကြောင်း ဆိုရသည်။ ရိုသေလေးစားသော အခြင်းအရာဖြင့် ဖြစ်သော ကုသိုလ်စိတ်ပင်။

ရိုသေထိုက်သူများကို ရိုသေသမှု အလေးမပြုသူကို သူတော်ကောင်းများ မလိုလား။ တယ်ရိုင်းစိုင်းတဲ့သူဟု ကဲ့ရဲ့ကြ၏။ ရိုသေတတ်အလေးပြုတတ်သူကိုကား လိုလားနှစ်သက်ကြ၏။ တယ်လိမ္မာတဲ့သူပဲဟု ခိုးမွမ်းကြ၏။ ဤအချက်ဖြင့်ပင် အဂါရဝ၏ အမင်္ဂလာအဖြစ်၊ ဂါရဝ၏ မင်္ဂလာအဖြစ်မှာ ထင်ရှားနေပါသည်။ မြတ်စွာဘုရားက ကြီးသူအား ရိုသေသူများသည် ယခုဘဝလည်း အခိုးအမွမ်းခံရကြောင်း၊ နောင်ဘဝလည်း သုဂတိဘဝရောက်ရကြောင်း ဇာတ်နိပါတ် တိတ္တိရဇာတ် (၉)၌ ဟောတော်မူ၏။ ထို့ပြင် အသက်ကြီးသူ ဂုဏ်ကြီးသူတို့ကို ရှိခိုးလေ့ရှိသူ၊ အရိုအသေပြုအပ်သူတို့အား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားရှိခြင်းဟူသော အကျိုးလေးပါး တိုးပွားနိုင်ကြောင်း ဓမ္မပဒ(၂၉)၌ ဟောတော်မူ၏။ ဆိုခဲ့ပြီး စက္ကဝတ္တိသုတ်အရ၌လည်း သိနိုင်သည်။ ထို့ပြင်လူကြီးတို့၏ ချစ်မြတ်နိုးမှု၊ လေးစားမှု၊ ကူညီစောင့်ရှောက်မှု ခံရခြင်းစသည်ဖြင့် ရမည့် အကျိုးများကား များလှ၏။

ဥပရိပဏ္ဏာသ စူဠကမ္မဝိဘင်္ဂသုတ် (၂၇၇)၌ "လုလင် ဤလောက၌ အချို့သော ယောကျ်ား၊ မိန်းမသည် ခက်ထန် မာန်ကြီးသည်ဖြစ်၍ ရှိခိုးထိုက်သူကို ရှိမခိုး၊ ခရီးဦးကြိုဆိုထိုက်သူကို မကြိုဆို၊ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းဖယ်ပေးထိုက်သူကို လမ်းဖယ်မပေး၊ ကောင်းစွာပြုစုထိုက်သူကို မပြုစု၊ အလေးပြုထိုက်သူကို အလေးမပြု၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော်ထိုက်သူကို မပူဇော်၊ ထိုသူကား သူစွဲယူထားသော ကံအရ စုတေသော် ငရဲ ရောက်ရ၏။ ငရဲမရောက်ပဲ လူဖြစ်စေကာမူ ဖြစ်ရာ ဖြစ်ရာ၌ နိမ့်ကျသိမ်ငယ်သော အမျိုး၌ ဖြစ်ရ၏။ လုလင် ဤရှိခိုး မခိုးခြင်း စသော မရိုသေမှုမှာ နိမ့်ကျသော အမျိုး၌ဖြစ်တတ်သော

အကျင့်ဖြစ်သည်"ဟု ဟောတော်မူ၏။ ရိုသေထိုက်သူကို ရိုသေခြင်းစသည်ကို ပြုသူမှာ နတ်ပြည်ရောက်ရခြင်း၊ နတ်ပြည်မရောက်စေကာမူ ဖြစ်ရာဖြစ်ရာ၌ မြင့်မြတ်သော အထက်တန်းမျိုး၌ ဖြစ်ရကြောင်း ဟောကြားတော်မူသည်။

ရိုသေခြင်း အလေးပြုခြင်းတို့မှာ ထိုပုဂ္ဂိုလ်ကို ချစ်မြတ်နိုးခြင်းကြောင့်ဖြစ်၏။ အရိုအသေခံရသော ပုဂ္ဂိုလ်ကလည်း ချစ်ခင်လေးမြတ်တော့သည်သာ။ ထိုသို့ မေတ္တာရှိနေကြလျှင် အချင်းချင်း ဒုက္ခရောက်နေသောအခါ ကရုဏာလည်း ဖြစ်နိုင်တော့၏။ မေတ္တာရှိနေကြသူအချင်းချင်း တစ်ဦးတိုးတက်သောအခါ တစ်ဦးက မုဒိတာဖြစ်ကာ ဝမ်းသာရသည်။ အမှားအယွင်း အနည်းငယ်ရှိသော အခါလည်း ဥပေက္ခာပြုနိုင်၏။ ဤသို့လျှင် ဂါရဝမှုမှာ ဗြဟ္မဝိဟာရတရားတွေ စည်ပင်ကြောင်း၊ ဣဿာ, မစ္ဆရိယ, မာန, ဒေါသစသည် ကင်းဝေးကြောင်း၊ အလွန်ကောင်းသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်ရာ၊ ထိုယဉ်ကျေးမှု ဖြစ်သူ၌ အသက်ရှည်ခြင်းစသည် ဖြစ်နိုင်သည်ဆိုသော ဆိုခဲ့ပြီးသော အကျိုးများမှာ သဘာဝကျပေသည်။ လောကသာယာရေးအတွက်လည်း အရေးပါသော ယဉ်ကျေးမှု တစ်ရပ်ပင်ဖြစ်သည်။ မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးသူ၊ မိဘဆရာ၊ သက်ကြီးဂုဏ်ကြီးသူတို့ကို နှိမ့်ချအပ် အလေးအမြတ်ပြုအပ်သော ဆက်ဆံရေးသည် မြန်မာ့ယဉ်ကျေးမှု တစ်ရပ်ပင် ဖြစ်ပါသည်။

စကားပြောနည်းဆိုင်ရာ စကားကြီး (၁၀)ခွန်း

စကားပြောဆိုရာ၌ မုသာဝါဒ - မမှန်မကန် လိမ်ညာပြောဆိုခြင်း၊ ဖရုသဝါစာ - ဆဲဆိုကြိမ်းမောင်း ခြိမ်းခြောက် ဟိန်းဟောက်၍ ကြမ်းတမ်းခက်ထန် ရိုင်းပျစ်စွာ ပြောဆိုခြင်း၊ ပိသုဏာဝါစာ - ချစ်ခင်နေသူတို့ တစ်ဦးနှင့်တစ်ဦး အထင်လွဲ စိတ်ဝမ်းကွဲပြား အချင်းများအောင်

ကုန်းတိုက်ပြောဆိုခြင်း၊ သမ္ဗပ္ပလာပဝါစာ - အရေမရ အဖတ်မရ အကျိုး မရှိသော လုပ်ဇာတ် ထိုးဇာတ် ဒဏ္ဍာရီပြဇာတ်၊ ပုံပြင်၊ ဝတ္ထု စကားပေါ့၊ စကားလွင်၊ စကားဖျဉ်းနှင့်တူသော တောင်စဉ်ရေမရ စကားဖွာများကို ပြောဆိုခြင်း ဤလေးမျိုးတို့သည် ဝစီကံ အကုသလ ကမ္မပထ အပြစ်ရှိသော အကုသိုလ်ပြောဆိုနည်းတို့ဖြစ်သည်။ ရှောင်ကြဉ်ရမည်ဖြစ်သည်။ မရှောင်ကြဉ်ဘဲ ပြောဆိုနေလျှင် ဤဘဝမှာလည်း အပြစ်ဒဏ်ခံရသည်။ သံသရာဘဝ အဆက်ဆက်၌လည်း ကြောက်မက်စရာ ဆိုးကျိုးဒုက္ခများကို မုချခံစားရသည်။

စကားကောင်း စကားမှန်များကို ပြောဆိုရာ၌လည်း စကားပြောဆိုနည်း (၁၀)မျိုး ခွဲခြားထားကြသည်။ စကားပြောဆိုရာ၌ ကျွမ်းကျင်လိမ္မာစေရန် မြန်မာလူမျိုးတို့က စကားကြီးဆယ်ခွန်းဟု အမည်တပ်၍ သတ်မှတ်ထားကြသည်။ မုန်တိုင်ပင်ဆရာတော်က မှတ်သားရလွယ်ကူစေရန် သုံးပုံတံချုံကျမ်း၌ အောက်ပါအတိုင်း လက််စီ၍ရေးထားခဲ့သည်-

(၁) ရေကူးညာတင်
(၂) ကောက်ပင်ရိတ်လှီး
(၃) ရေစီးဖောင်ဆန်
(၄) အိုးတန်ဆန်ခပ်
(၅) ဆီပွတ်ကျည်ပွေ့
(၆) ဆင်ဝှေ့ရန်ရှောင်
(၇) တောင်သူယာခုတ်
(၈) ကြက်ဆူတ်ခွပ်ပစ်
(၉) ရေစစ်သည့်အင်
(၁၀) ခက်တင်မောင်းနှင်း

အခြင်း ဆယ်ပါး ဤစကားကို မှတ်သားဝမ်းတွင်း လေ့စေမင်း။

(၁) ရေကူးညာတင်ပြောနည်း

မြစ်တစ်ဖက်မှ လိုရာဆိပ်ကမ်းသို့ ကူးလိုလျှင် မြစ်ညာကတင်၍ ကူးမှ လိုရာသို့ ရောက်သကဲ့သို့ မိမိအလိုရှိရာသို့ ရောက်အောင် အထက်က တင်ကူး၍ ပြောဆိုခြင်းသည် ရေကူးညာတင် ပြောနည်း မည်၏။

အူထုံးနေသည့် သူငှေးသားကို ကုသရာ၌ ဗိုက်ခွဲကုသပြီး၊ ပက်လက် မလှုပ်မယှက် ၇-ရက်နေရမည်ကို ဆရာဇီဝက,က ကြိုတင်၍ ၁၀-ရက်နေရမည်ဟု ကတိပြု ဝန်ခံချက်ယူပြီးမှကု၏။

(၂) ကောက်ပင်ရိတ်လှီးပြောနည်း

စပါးရိတ်လျှင် ကောက်ပင်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ တံစဉ်ဖြင့် အရင်းမှဖြတ်၍ ရိတ်ယူသကဲ့သို့ တစ်ဘက်လူ၏ စကားကို သိမ်းကျုံးဖမ်းယူပြီးမှ အရင်းကဖြတ်၍ ပိုင်လောက်အောင် ပြောဆိုခြင်း သည် ကောက်ပင်ရိတ်လှီး ပြောနည်းမည်၏။

သူငှေးသား ၂-ယောက်တို့ သည် အချင်းများရာ တစ်ယောက်က သင်သတ်သော ဗျိုင်းသည် ငါဗျိုင်း ဖြစ်သည်။ ဤဗျိုင်းသည် တစ်နေ့ ရွှေဒင်္ဂါးတစ်ပြား ခြိယူပေး၍ အဖိုးတန် လှသည်။ အသပြာတစ်ထောင် လျော်ပါဟု ဆို၏။ ထိုသူ၏စကားကို အပိုင် ဆွဲ၍ အခုမှ သူခိုးကို မိသည်၊ ဤဗျိုင်းသည် ငါထံမှ တစ်နေ့လျှင် ရွှေဒင်္ဂါး တစ်ပြား နေ့စဉ်ခိုးယူ ပေးနေ သည်မှာ ဒင်္ဂါးပြားတစ်ထောင်ရှိပြီ။ သင့် ဝန်ခံချက်အရ ဤဗျိုင်း ခိုးပေး သည်ကို သင်ကလက်ခံခဲ့သည်။ ကဲ ယခု အသပြာတစ်သိန်း ပြန်ပေးပါဟု ပြောဆိုနည်းဖြစ်၏။

(၃) ရေစီးဖောင်ဆန်ပြောနည်း

ဖောင်ကြီးသည် အညာသို့ ဆန်သောအခါ လိုရာဆန္ဒ ရှိသမျှကို တင်ယူ၍ ဖြည်းညင်းသာယာစွာ ဆန်လျှင် လိုရာအရပ်သို့ ရောက်နိုင်

သကဲ့သို့ စကားအရာတွင်လည်း ဥပမာ ဥပမေယျတို့ဖြင့် ဖြည်းညင်း သာယာစွာ လိုရာရောက်အောင် ပြောဆိုခြင်းသည် ရေစီးဖောင်ဆန် မည်၏။

ပုဂံခေတ် နရသီဟပတေ့မင်း လက်ထက် တရုတ်တို့ ပုဂံမြေသို့ ဝင်ရောက်လာသည်ကို ရှင်ဒီသာပါမောက် မထေရ်သည် ပီကင်းသို့ အရောက်သွား၍ ဥပမာ ဥပမေယျတို့ဖြင့် တန်ဆာဆင်၍ ငြိမ်းချမ်းရေး စကား ဆိုနည်းမျိုး ဖြစ်၏။

(၄) အိုးတန်ဆန်ခပ်ပြောနည်း

အိုးနှင့်ဆန်သည် တန်အောင်ချက်လျှင် နူးနပ်စွာ သုံးဆောင်ရ သကဲ့သို့ စကားအရာတွင်လည်း မယုတ်မလွန်နှင့် လိုရင်းရောက်အောင် ပြောဆိုခြင်းသည် အိုးတန်ဆန်ခပ်ပြောနည်း မည်၏။

မြားဒဏ်ရာဖြင့် မျောနေသော သုဝဏ္ဏသာမ မျက်မမြင် ဒုက္ခလ နှင့် ပါရိကာတို့ကို သိကြား မင်းက နတ်ရေစင်သွန်းဖျန်း၍ လိုရာဆုတစ်ခု တောင်းပါဟု ဆိုသောအခါ ဒုက္ခလနှင့် ပါရိကတို့က သားရွှေအိုးထမ်းလာ သည်ကို မြင်လိုပါသည် ဟုတောင်းသဖြင့် သားလည်း အသက်ရှင်၊ မိဘ တွေလည်း မျက်စိမြင်၊ ရွှေအိုးလည်းရ ပြောဆိုပုံဖြစ်သည်။

(၅) ဆီပွတ်ကျည်ပွေ့ပြောနည်း

ဆီကိုရအောင် ပွတ်သည့်အခါ အထပ်ထပ် အခါခါ ပွတ်ရသကဲ့သို့ အလိုရှိသော စကားကို ထပ်ကာထပ်ကာ ပြောဆိုခြင်းသည် ဆီပွတ် ကျည်ပွေ့မည်၏။

ဘုရားပိန္နဲတိုင်ကိစ္စ ဆွေးနွေးရာတွင် ဘုရင်က မန်ကျည်းနှစ်ကို သဘောကျ၏။ အမတ်ကြီး ဦးပေါ်ဦးက ကျွန်းကို သဘောကျ၏။ စကား

ပြောရာတွင် ဦးပေါ်ဦးက မန်ကျည်းနှစ်လည်း ကောင်း၊ ကျွန်းလည်း ကောင်း၏ ဟုဆို၏။ ဘုရင်က ရှားနှစ်ကောဟုမေးရာ ရှားနှစ်လည်း ကောင်း၊ ကျွန်းလည်း ကောင်း၏ ဟု မိမိလိုသော ကျွန်းကို ထပ်ခါထပ်ခါ ပြောနည်း ဖြစ်၏။

(၆) ဆင်ဝှေ့ရန်ရှောင်ပြောနည်း

ဆင်ဝှေ့မည်ဟု လိုက်လျှင် လွတ်ရာလွတ်ကြောင်း တိမ်းရှောင်က ချမ်းသာရာ ရသကဲ့သို့ စကားအရာတွင်လည်း မိမိအဖို့ ဘေးရောက်မည့် စကားကို ရှောင်လွှဲ၍ ပြောဆိုခြင်းသည် ဆင်ဝှေ့ရန်ရှောင်နည်းမည်၏။

ရက်မ,အောက် မြေကြီးအထိ ရွှေချထားသည့် အိမ်ရှေ့မင်း၏ ကျောင်းမှ ရွှေများကို မြို့ဝန်က အဖျက်ခိုင်းရာ အိမ်ရှေ့မင်း စိတ်ဆိုးပြီး သတ်မည်ပြုရာ မှန်လှပါ။ အရှင်မင်းသားသည် ဧကရာဇ်မင်းဖြစ်ပါမည်။ ထိုအခါမှ ရက်မအောက် မြေကြီးအထိ ကျောင်းတိုင်ကို ရွှေချရန်အတွက် အဖျက်ခိုင်းခြင်းဖြစ်ပါသည်ဟု ပြောဆိုနည်းဖြစ်၏။

(၇) တောင်သူယာခုတ်ပြောနည်း

တောင်သူတို့သည် ယာခုတ်လျှင် ခြုံငယ် သစ်ပင်ငယ်တို့ကို ဦးစွာ ရှင်းလင်းခုတ်ထွင်ပြီးမှ သစ်ပင်ကြီးများကို ခုတ်လဲသကဲ့သို့ စကားအရာ တွင်လည်း ဦးစွာအရေးမကြီးလှသည့် စကားငယ်များကို ပြောဆိုပြီး နောက်မှ စကားကြီးများကို ပြောခြင်းဖြင့် အနိုင်ယူခြင်း ပြောဆိုခြင်းသည် တောင်သူယာခုတ် ပြောနည်းမည်၏။

မဟောသဓာဇာတ်တွင် ဥစ္စာနှင့် ပညာ ဘယ်သင်းကမြတ်ကြောင်း လျှောက်ကြရာ မဟောသဓက ပညာသည်သာ မြတ်ကြောင်းကို လောကီ

ဥပမာများမှ တစ်ဖြည်းဖြည်း သင့်ညှတ ဘုရားရှင်အထိ မြင့်မြတ်ပုံ လျှောက်နည်းဖြစ်၏။

(၈) ကြက်ဆုတ်ခွပ်ပစ်ပြောနည်း

ကြက်တို့၏ သဘောသည် ခွပ်မည်ပြုသောအခါ နောက်သို့ ဆုတ်၍ အရှိန်ယူပြီး တကယ်ခွပ်သော အခါမှသာ ရဲရင့်စွာ ရှေ့တိုးစီး၍ ခွပ်သကဲ့သို့ စကားအရာတွင်လည်း သူ့အလိုကို လိုက်တန်သရွေ့ လိုက်ပြီးလျှင် စီးသောအခါမှ စီးလျက်ပြောသော စကားမျိုးသည် ကြက်ဆုတ်ခွပ်ပစ် ပြောနည်းမည်၏။

(၉) ရေစစ်ပမာ စကားပြောနည်း

ဓမ္မကရိဏ်ခေါ် ပရိက္ခရာရှစ်ပါးတွင် ပါဝင်သော ရေစစ်ခွက်ကို ရေတွင် နှစ်၍ ပြည့်လျှင် ထိပ်မှအပေါက်ငယ်ကို လက်မဖြင့် ပိတ်ယူပါက ခွက်တွင်းရှိ ရေများ မထွက်နိုင်သကဲ့သို့ တစ်ဘက်လူ၏ စကားကိုပိတ်မိအောင် ပြောဆိုခြင်းသည် ရေစစ်ပမာစကားပြောနည်းမည်၏။

သူငယ် လေးယောက်တို့သည် စကားမယုံက ကျွန်ပြုစတမ်းဟူသော ကတိစကားဖြင့် မဖြစ်နိုင်သောပုံတို့ကို ပြော၏။ အဖိုးအိုအလှည့် ရောက်သောအခါ အဖိုးအိုက သူ့ယာခင်းထဲတွင် ဝါပင်တစ်ပင် စိုက်သည်။ အပင်ကြီးသည် အဆမတန် ကြီးထွားလာပြီး ဝါပွင့် ၄-ပွင့် ပွင့်သည်။ ထိုမှ ဝါသီးကြီး ၄-လုံးသီးသည်။ ထိုဝါသီးထဲမှ လူတစ်ယောက်စီ မွေးလာသည်။ ထိုသူငယ် ၄-ယောက်ကို မွေးထားပြီး ခိုင်းစားလာခဲ့ရာ ထိုကျွန် ၄-ယောက် ထွက်ပြေးသွားကြသည်။ အခုမှ တွေ့ရသည်။ မင်းတို့ ၄-ယောက်သည် ငါ့ကျွန်များ ဖြစ်သည်ဟုဆို၏။ မယုံလျှင်လည်း ကျွန်ဖြစ်ရမည်။ ယုံပါသည်ဟုဆိုလျှင် ကျွန်ဖြစ်ရမည်။ ပိတ်မိသော စကားပြောနည်းဖြစ်၏။

(၁၀) ခက်တင်မောင်းနင်းပြောနည်း

သူ့စကားကို ဟုတ်၏လည်းမဆို၊ မဟုတ်ဟုလည်း မဆိုဘဲ မတင်မကျ ပြောဆိုခြင်းသည် ခက်တင်မောင်းနင်း ပြောနည်းမည်၏။ စပါး ထောင်းရာ၌ ဖွဲမျှားကို ပြာလှေ့ရန် မောင်းတံကို ဂွဖြင့်ထောက်ပြီး နင်းလည်း မနင်း၊ ချလည်းမချဘဲ စပါးကျိုးယူ လေ့သကဲ့သို့ မတင်မကျ ပြောနည်း ဖြစ်၏။

သူခိုးတစ်ယောက်သည် ခိုးမှုဖြင့် စစ်မေးသောအခါ သူသည် တောင်ဖီလာ ဆရာတော်ကြီး၏ တူဖြစ်သည် ဟုလျှောက်၏။ ဆရာတော် ကိုမေးလျှောက်သောအခါ ဤသူသည် ငါ့တူ မဟုတ်ဟု မည်သူပြော သနည်းဟု မိန့်တော်မူလိုက်၍ ထိုသူအသတ်ခံရမူမှ လွတ်ခဲ့သည်။ (အကျယ်ကို သိလိုမူ မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)တွင် ရှုပါ)။

အခန်း(၆)

ဗုဒ္ဓယဉ်ကျေးမှုလာ မြန်မာ့ရိုးရာဓလေ့ထုံးစံပွဲများ

မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် မြန်မာပြည်ဖွား တိုင်းရင်းသား အားလုံးတို့သည် လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာ အချိန်ကာလကတည်း ကပင် အတူတကွ လက်တွဲ၍ ဥမကွဲသိုက်မပျက် စည်းလုံး ညီညွတ်စွာ နေထိုင်ခဲ့ကြသောလူမျိုးများ ဖြစ်ကြသည်။ ရေ မြေ တော တောင် သဘာဝ ပထဝီဝင်အခြေအနေ ဒေသန္တရအခြေအနေအရ ကွဲပြားမှု အနည်းငယ် ရှိကြသော်လည်း များသောအားဖြင့် ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ တူညီကြသည်။

မဇ္ဈိမဒေသတွင် မြတ်စွာဘုရားပွင့်တော်မူ၍ တရားတော်များကို ဒေသစာရီ ကြွခရီးဟောပြတော်မူသောအခါ မြန်မာပြည်ဖွားတိုင်းရင်းသား တို့သည်လည်း မြတ်စွာဘုရား၏ တရားတော်များကို မှတ်သားနာယူကြရ သည်။ သမိုင်းစာပေမှတ်တမ်းများအရ တကောင်းခေတ်၊ သရေခေတ္တရာ ခေတ်၊ ဝေသာလီခေတ်၊ သုဝဏ္ဏဘူမိခေတ်၊ ဟန်လင်းခေတ်၊ ပျူခေတ်တို့ တွင် မြန်မာတိုင်းရင်းသားတို့ ရဟန်းခံ ရှင်ပြု မင်္ဂလာများကိုခံယူကြကာ ဗုဒ္ဓဘာသာ၏ အမြင့်ဆုံးသော ယဉ်ကျေးမှု ဓလေ့များကို လိုက်နာသည် အထိ မြန်မာ့ယဉ်ကျေးမှုများ မြင့်တက်နေကြပြီဖြစ်ကြောင်းတွေ့ရသည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်မှ သမိုင်းပညာ ရှင်တို့၏ အေဒီ ၈-ရာစုလောက်က မှတ်တမ်းအရ ယောက်ျားကလေးရောမိန်းကလေးပါ အသက် (၇)နှစ်ရှိလျှင် ဘုန်းကြီးကျောင်းသွား၍ အသက် (၂၀) ပတ်ဝန်းကျင် အထိ ဗုဒ္ဓစာပေများကို သင်ယူကာ ရှင်သာမဏေ၊ သီလရှင်ဝတ်သည့် ဓလေ့ကောင်းများ ခိုင်မြဲနေပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာ တိုင်းရင်းသားတို့သည် ဗုဒ္ဓ အဆုံးအမများကို တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး နယ်ပယ်အထိ ကျယ်ကျယ်ပြန့်ပြန့် လက်ခံလိုက်နာ ကျင့်သုံးနေကြပြီ ဖြစ်ကြောင်း သမိုင်းသုတေသီများ၏ အဆိုအရ လေ့လာသိရှိရပါသည်။

ပုဂံခေတ်သို့ ရောက်သောအခါ၌မူ အနော်ရထာမင်းလက်ထက် ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာ ဖြစ်လာပြီး ဗုဒ္ဓယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံအဖြစ် တညီတညွတ်တည်း လက်ခံလိုက်နာ ကျင့်သုံးလာကြသည်။ ပုဂံခေတ်မှ စတင်ခဲ့သော အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့သည် ဆုတ်ယုတ်သည်မရှိ တိုးတက်သည်ထက် တိုးတက်၊ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာကြသည်မှာ မျက်မှောက်ခေတ်အထိပင် ဖြစ်လေသည်။ ယခုအခါ၌မူ မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓယဉ်ကျေးမှုတို့သည် ခွဲခြား၍မရအောင် ရောနှောပေါင်းစပ်ကာ အမျိုးသားယဉ်ကျေးမှုအဖြစ် ပေါ်ထွန်းနေပြီဖြစ်သည်။ တစ်ချို့သော လောကီမင်္ဂလာအယူအဆ ဓလေ့ထုံးစံတို့မှတစ်ပါး ပင်မယဉ်ကျေးမှု အသွင်အပြင် လက္ခဏာများမှာ ဗုဒ္ဓဒေသနာ အဆုံးအမတရားတော်များမှ ရရှိခဲ့ကြခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသားတို့သည် လူမျိုးအားဖြင့် အနည်းငယ် ကွဲပြားကြသော်လည်း ထိုလူမျိုးအများစုတို့ တညီတညွတ်တည်းကိုးကွယ်သော ဘာသာမှာ ဗုဒ္ဓဘာသာဖြစ်သဖြင့် အမြင်ချင်းတူညီကြသည်။ အမြင်ချင်း တူညီကြသဖြင့် ပြုမူဆောင်ရွက် လေးစားလိုက်နာ ကျင့်ကြံအားထုတ်မှု အသွင်ချင်းလည်း တူညီကြသည်။ အမြင်တူ အသွင်တူဖြင့် နိုင်ငံတော်ကို တူညီစွာတည်ဆောက်နိုင်ခဲ့ကြသဖြင့် နိုင်ငံတော်သည် အဓွန့်ရှည်ကြာ တည်ငြိမ်အေးဆေးစွာ တည်ရှိနိုင်ခဲ့သည်။ ဗုဒ္ဓဘာသာတရားတော်၏ အဆုံးအမကြောင့် မြန်မာ

တို့သည် စည်းလုံးညီညွတ် ပျော်ရွှင်ချမ်းမြေ့စွာ လောကီ လောကုတ္တရာ နှစ်ဖြာသောလုပ်ငန်းများကို တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။

ဗုဒ္ဓဒေသနာတော်လာ ဇာတ်နိပါတ်တော်များနှင့် တရားတော်များကို စာပေ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ ပီသုကာ အနုပညာယဉ်ကျေးမှုလက်ရာ မျိုးစုံတို့ဖြင့် ဆန်းကြယ်စွာတီထွင်ရေးသား ထုလုပ်ဆောင်ရွက်နိုင်ခဲ့ကြသဖြင့်လည်း မြန်မာ့အနုပညာ ယဉ်ကျေးမှုလက်ရာတို့သည် အာရှတိုက်တွင် စံထားဖွယ်ရာ လေးစားစရာဖြစ်လာကြသည်။ ဗုဒ္ဓဒေသနာတော်မှ ရရှိသော စုစည်းညီညွတ်မှု အားမာန်ကြောင့် အိမ်နီးချင်းနိုင်ငံတို့အလယ် ထည်ထည်ဝါဝါ ထင်ရှားစွာ ရပ်တည်နိုင်ခဲ့သည်။ ပုဂံခေတ် အနုပညာ လက်ရာများကား မြန်မာ့ကျက်သရေနှင့် ဗုဒ္ဓဘာသာ ဂုဏ်အရောင်ကို ထာဝရ ဆောင်နေကြပေသည်။

မြန်မာတို့ကို ကျေးဇူးအပြုဆုံးအရာမှာ မြတ်ဗုဒ္ဓ၏ တရားတော်ဖြစ်၍ မြန်မာတို့အတွက် အနန္တကျေးဇူးရှင် ဖြစ်ပေသည်။ ထို့ကြောင့်ပင် မြန်မာပြည်ဘွား တိုင်းရင်းသားတို့သည် ဗုဒ္ဓတရားတော်များကို သဒ္ဓါ၊ ပညာ၊ စေတနာဖြင့် လေ့လာကျက်မှတ် ပွားများကျင့်ကြံ လိုက်နာရပေမည်။ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို မပျောက်မပျက်ရအောင် ထိန်းသိမ်းလျက် အမျိုး၊ ဘာသာ၊ သာသနာစိတ်ဓာတ် ရှင်သန်နိုးကြား တိုးပွားနေအောင် ထာဝစဉ် ကြိုးစားကြရပေမည်။

ရှင်ပြုရဟန်းခံပွဲ

ရှင်ပြုမင်္ဂလာပွဲသည် ဗုဒ္ဓဘာသာ မြန်မာ ယောကျ်ားလေးတိုင်း ဧကန်ပြုလုပ်သည့် မင်္ဂလာပွဲတော်တစ်ခုဖြစ်သည်။ ရှင်ပြုခြင်းသည် ဗုဒ္ဓမြတ်စွာ၏ သာသနာ့ဝန်ကို ထမ်းဆောင်စေရန်အတွက် ရှင်သာမဏေပြုလုပ်ပေးခြင်းပင်ဖြစ်သည်။

ရှေးခေတ် ဗုဒ္ဓဘာသာဝင်တို့သည် လူငယ်များကို ဘဝတစ်လျှောက်လုံး လူတော်လူကောင်းဖြစ်သွားစေရန် ရှင်ပြုပေးကြသည်။ ရှင်သာမဏေဘဝတွင် ရှင်ကျင့်ဝတ်များကို လိုက်နာကျင့်ကြံရပြီး၊ အစားအစားသောက်ပုံ၊ အဝတ်ဝတ်ပုံ၊ နေထိုင်သွားလာပုံ၊ ပြောဆိုဆက်ဆံပုံ စသည်တို့ကို ဘုရားရှင် အဆုံးအမတော်အတိုင်း လိုက်နာကျင့်ကြံခဲ့ကြရသည်။ ရှင်သာမဏေတို့သည် သာသနာ့ဝန်ကို မထမ်းဆောင်နိုင်တော့၍ လူ့ဘဝရောက်လာကြသော အခါ၌လည်း သာသနာတော်၏ အဆုံးအမအတိုင်း ဆက်လက်လိုက်နာကြသဖြင့် လူယဉ်ကျေးလေးများ ဖြစ်လာကြသည်။ ရှေးအခါက မြန်မာလူငယ်များတွင် ဆိုးသွယ်လူငယ်ပြဿနာမပေါ်ပေါက် ခဲ့ကြပေ။

ရှင်သာမဏော ပြုလုပ်ပေးခြင်းသည် လူမှုရေးရာ ပြဿနာတို့ကို အဖြေရှာရာတွင် အကောင်းဆုံးသော ဆောင်ရွက်ချက်တစ်ခု ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သာကီဝင်မင်းသား မြတ်စွာဘုရားသည် အမွေတောင်းခံလာသော မိမိ၏သားတော် ရာဟုလာမင်းသားလေးအား လောကီအမွေတို့တွင် အမြတ်ဆုံး အကောင်းဆုံးဖြစ်သော ဘုရင်ဖြစ်ရမည့် ထီးနန်းအမွေကိုမပေးမူဘဲ ဘဝလွတ်မြောက်ရေး ဖြစ်သည့် လောကုတ္တရာအမွေကို ပေးကာ ရှင်သာမဏော ပြုပေးခဲ့သည်။ သာကီဝင်မင်းသား ရာဟုလာ၊ အသောကမင်းကြီး၏ သားတော်မဟိန္ဒ စသော လူ့လောကတွင် အထက်တန်းရောက်နေသော သူများ၏ သားသမီးများကိုယ်တိုင်ပင် ရှင်သာမဏော ဘောင်သို့ ဝင်ရောက်ခဲ့သော အစဉ်အလာကောင်းများကြောင့် ရှင်သာမဏော ဘဝသည် အမြင့်မြတ်ဆုံးသော လူတို့ဘဝထက်ပင် သာလွန်မြင့်မြတ်ပေသည် ဟူသော ခံယူချက်တို့ လူငယ်တို့ နှလုံးသားဝယ် စွဲလမ်းသွားပါသည်။ ထိုအစဉ်အလာအစွဲကို မြန်မာတို့သည် ဦးထိပ်ပန်ဆင်၍ ဘုရင်မင်းတရားမှအစ တောအနှံ့ တောင်အနှံ့ ပျံ့နှံ့နေထိုင်သူ အားလုံးပင် ရှင်သာမဏော ဘဝကို မရလျှင်မဖြစ်၊ မရမနေ အရယူခဲ့ကြပေသည်။

မြန်မာတို့သည် ရှင်သာမဏေဘဝကို အလေးအနက် တန်ဖိုးထားကြသည်။ ရှင်မပြုရသေးလျှင် အိမ်ထောင်မပြုရ ဟူသော စွဲလမ်းမှုအထိ အရိုးစွဲ ယုံကြည်ခဲ့ကြသည်။ သားယောကျ်ားလေး မွေးဖွားလာသည် နှင့်တစ်ပြိုင်နက် အရွယ်ရောက်လာလျှင် ရှင်ပြုပေးနိုင်ရန် မိဘနှစ်ပါးတို့သည် အလုပ်ကို ပို၍ကြိုးစားကြသည်။ ငွေကြေးစုဆောင်းကြသည်။

ဤစိတ်ဓာတ် ဤအယူအစွဲကြောင့် စီးပွားရေး တိုးတက်လာကြသည်။ ငွေစုဆောင်းသည့် အလေ့အထကောင်းများ ရလာကြသည်။ ရှင်ပြုမင်္ဂလာပွဲတွင် ရှင်ဒကာ ရှင်ဒကာမအဖြစ် စုံညီတွဲ၍ အလှူရေစက်ချပွဲဆင်နွဲနိုင်ရန်အတွက် မေတ္တာ၊ သစ္စာ၊ သဒ္ဓါတို့ပါ ပူးတွဲချည်နှောင်လာကြသဖြင့် အိမ်ထောင်ရေးပြဿနာများ၊ လင်မယား ကွာရှင်းပြတ်စဲမှုများ၊ လျော့နည်းခဲ့ကြသည်။ သားလေးအား အနာဂတ်တွင် ရှင်ပြုနိုင်ရေး ဟူသော သံယောဇဉ်နှောင်ကြိုးကြောင့် မိဘတို့ အိမ်ထောင်ရေး စိုပြည်ခိုင်မြဲခဲ့ကြသည်။ မျှော်မှန်းချက်၊ မျှော်လင့်ချက်များ ဦးထိပ်ထား ကြိုးပမ်းကြသဖြင့် လုပ်ငန်းအဝဝ အဆင်ပြေလာကြသည်။

ဆယ်ကျော်သက်အရွယ် ရောက်ရှိလာသောအခါ ပညာသင်ကြားရန် ဘုန်းတော်ကြီးကျောင်းများသို့ အပ်နှံကြသည်။ ထို့နောက် ရှင်သာမဏေပြုလုပ်ပေးရန် မောင်ရှင်လောင်းများကို ဆရာဘုန်းတော်ကြီးထံ အပ်နှံကြသည်။ ရှင်မဖြစ်မီ သိမှတ်ဖွယ်ရာများကို သင်ယူနိုင်ရန် အချိန်ယူ၍ ကြိုတင်အပ်နှံကြသည်။ ဘုန်းတော်ကြီးများကလည်း သက်န်းတောင်းနည်း၊ သရဏဂုံယူနည်း၊ သက်န်းပေးနည်း၊ ပစ္စဝေက္ခဏာဆင်ခြင်နည်း၊ သီလသိက္ခာပုဒ်ဆောက်တည်နည်း၊ ဥပဇ္ဈာယ်ယူနည်းများကို ဌာန်ကရိုဏ်းကျကျ သင်ပေးကြသည်။ ဤသို့ဖြင့် ရှင်သာမဏေဘဝ ရောက်လာသောအခါ ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးသိမ်မွေ့သော ကိုရင်လေးများ ဖြစ်လာကြသည်။

မိဘတို့မှာလည်း ရှင်သာမဏေလေးများအား ဝမ်းသာကြည်နူးမှု အပြည့်ဖြင့် ကြည့်မဝ၊ ရှုမဝ၊ ဖူးမြော်မဝ အားရကျေနပ် နေကြသည်။ ရှင်ကျင့်ဝတ်အတိုင်း နေထိုင် သွားလာ၊ စားသောက် ဝတ်ရုံသည်ကို တွေ့ရသဖြင့် မိမိသားဟူသော အသိစိတ်ပျောက်ကာ လွန်စွာ သပ္ပါယ်လှသည့် ဘုရားသားတော်လေးများအဖြစ် အားပါးတရ ရှိခိုးကြသည်။

ဆွမ်းကပ်၊ ဖျော်ရည်ကပ် ပြုလုပ်ကြပြီး ဘုရားသွား ကျောင်းတက် သွက်လက်လာခဲ့ကြသည်။ မြတ်စွာဘုရား၏မိထွေးတော် မဟာပဇာပတိ ဂေါတမီ ထေရီမကြီး ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် ဘုရားမယ်တော် ဘဝ ဟူသည် အမျိုးသမီးများ အတောင့်တဆုံး၊ အမြတ်နိုးဆုံးသော ဆုပင်ဖြစ်ပါ ကြောင်း လျှောက်ထားခဲ့သည်။ မိထွေးတော်၏ ထုံးကို နှလုံးမူ၍ ရှင်သာမဏေများ ရဟန်းတော်များ၏ ရှင့်မယ်တော် ရှင့်ခမည်းတော်၊ ရဟန်းမယ်တော် ရဟန်းခမည်းတော် ဘဝဟူသည် လူ့လောကတွင် တန်ဖိုး အရှိဆုံးသော ဘဝဖြစ်သည် ဟူသော ဘဝအသိ ကိန်းဝပ်လာသည်။ နိုင်ငံ အုပ်ချုပ်သော ရှင်ဘုရင် မင်းများနှင့်တန်းတူ မယ်တော်၊ ခမည်းတော် ဟူသော တော်ဝင် အခေါ်အဝေါ်ကို ခံကြရသည်။ ခမည်းတော် မယ်တော် ဘဝနှင့် ကွယ်လွန်ပါမူ ရွှေထီးမိုး၍ အသုဘချရသည်အထိ ဂုဏ်ပြုကြသည်။

ကိုရင်လေးများသည် ဘုရားရှိခိုး၊ ပုတီးစိပ်၊ ကမ္မဋ္ဌာန်းထိုင်၊ သင်္ဂြိဟ် သဒ္ဒါ စာဝါလေးများကို သင်ယူကြရသည်။ ဇနတ္ထပကာသနီ၊ ဓမ္မပဒ၊ ငါးရာ့ ငါးဆယ် ဇာတ်နိပါတ်များ၊ ဇာတ်ကြီးဆယ်ဘွဲ့စသော ပုဒ္ဓဘာသာစာပေ များကို ဖတ်ကြရသည်။ အနည်းဆုံး တစ်ဝါလောက်ဆိုကြရသဖြင့် ဘာသာ ရေးအသိ အလိမ္မာ အတော်လုံလောက်စွာ နားလည်သွားကြသည်။ ဘုရား၊ တရား၊ သံဃာ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို နားလည်သွားကြသည်။ လောကသံသရာ နှစ်ဖြာအကျိုးရှိစေမည့် မင်္ဂလသုတ်၊ သိဂီလောဝါဒသုတ် စသည်တို့ကို သင်ယူကြရသဖြင့် လူငယ်ဘဝကပင် ဘာသာရေး၊ လူမှုရေး

များ သဘောပေါက်ခဲ့ကြသည်။ ကိုးခန်းပျို့၊ သံဝရပျို့ စသော ပျို့၊ ကဗျာ၊ လင်္ကာများကိုလည်း အတော်အတန် တီးမိ ခေါက်မိ ရှိနေကြသည်။

ရှင်သာမဏေလေးများသည် ရှင်ဘဝနှင့် ပျော်ရွှင်စွာ သာသနာ့ဝန်ထမ်းဆောင်နေပါမူ မိဘဆွေမျိုးများအားလုံးတို့ အာစိဏ္ဏကံ ကုသိုလ်တိုးပွားကြရသည်။ ရဟန်းခံရန် အချိန်တန်သောအခါ ရဟန်းခံမင်္ဂလာပွဲ ဆင်နွှဲရန်အတွက် အထူးစီမံချက်ဆွဲ၍ အားခဲကြိုးစားလုပ်ကိုင်ကြ ငွေကြေး စုဆောင်းကြပြန်သည်။

ရှင်သာမဏေလေးများသည် သာသနာ့ဘောင်၌ မပျော်ပိုက်၍ ရှင်လူထွက်လာသော အခါ၌လည်း ကွမ်းတောင်ကိုင် အပျိုချောတို့ လောကဝယ် မျက်နှာပွင့်လန်း စန်းပွင့်သူများဖြစ်လာကြသည်။ စားပုံ သွားပုံ အစ ယဉ်ကျေးသိမ်မွေ့လာကြသည်။ သာသနာတော်၏ အဆုံးအမကြောင့် ဘဝတည်ငြိမ် ကျန်းမာရေး ရင့်ကျက်လာသည့်အပြင် လူပျိုဘော်ဝင်စ အရွယ်ကောင်းသို့ ရောက်လာသဖြင့် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်လာသည်။

ရပ်ရေး၊ ရွာရေး၊ ဘာသာရေး၊ လူမှုရေး၊ ဒုမင်္ဂလ၊ သုမင်္ဂလ ကိစ္စအဝဝတို့တွင် ဗုဒ္ဓဘာသာ ဓလေ့ထုံးစံများကို စနစ်တကျ နေရာမှန် လူမှန် ပုဂ္ဂိုလ်မှန် စီမံခန့်ခွဲတတ်လာသည်။ ရွာလူငယ်တို့၏ ခေါင်းဆောင်ဖြစ်လာသည်။ ရပ်ရေး၊ ရွာရေး တွင်ကျယ်လာသဖြင့် အုပ်ချုပ်ရေးတာဝန်များကိုပင် ဆောင်ရွက်လာသည်အထိ တိုးတက်လာသည်။

ထို့မှနောက်ဝယ် လူလောကအလယ် ဂုဏ်တင့်တယ်စွာ နေထိုင်နိုင်သူ လုပ်ကိုင်ဆောင်ရွက်နိုင်သူ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့တွင် တွင်ကျယ်သူဘဝမှ နိုင်ငံသားကောင်းများဘဝအထိ တိုးတက်လာခဲ့ကြသည်။ ဤသည်မှာ ဗုဒ္ဓဘာသာ အမွေအနှစ်ကောင်းများကြောင့် မြန်မာလူငယ်တို့ဘဝ သာယာအေးမြ တည်ငြိမ်စွာ တိုးတက်လာမှုပင် ဖြစ်သည်။

မြန်မာလူငယ်တို့တွင် ရှေးယခင်က ဆိုးသွမ်းလူငယ် ပြဿနာမရှိခဲ့သည်မှာ ဤရှင်ပြုမင်္ဂလာ၏ အနှစ်သာရရှိရှိ ကျေးဇူးပြုမှုပင်ဖြစ်လေသည်။

"ကလေးအရွယ် လိမ္မာနှင့်ပါမှ ကြီးရင့်က လိမ္မာမည်။
မလိမ္မာ ပြည်ထောင်စုလျှင် ကောင်းမှုမတည်။"

ဟူသော ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏ အဆုံးအမ သြဝါဒ တော်အတိုင်း လူငယ်ကောင်းမှ လူကြီးကောင်းများ ပေါ်ထွက်နိုင်မည်။ လူငယ်တော်မှ လူကြီးကျော်များ ထွက်ပေါ်လာနိုင်မည်။ စိတ်အာရုံအားကြီးထွား တက်ကြွနေသည့်အရွယ် လူငယ်လူရွယ်တို့ကို လူကောင်းသူကောင်း လူတော်လူမော်ဖြစ်အောင် ပို့ဆောင်နိုင်သည့် အခြေခံအကျဆုံး လုပ်ငန်းမှာ ရှင်ပြုမင်္ဂလာပင်ဖြစ်ပေသည်။

ရှင်သာမဏေအဓိ ဂုဟလာဂ

ရှင်သာမဏေပြုခြင်း ကိုရင်ဝတ်ခြင်းသည် ဘုရားရှင်လက်ထက်တော်ကပင်ရှိခဲ့သော အစဉ်အလာတစ်ခု ဖြစ်သည်။ မြတ်စွာဘုရား သာသနာတော်၌ ပထမဆုံး သာမဏေဖြစ်လာသူမှာ ဘုရားသားတော် ရာဟုလာမင်းသားကလေး ဖြစ်သည်။ မြတ်စွာဘုရားသည် ဘုရား ဖြစ်ပြီးနောက် ပထမဆုံးအကြိမ် နေပြည်တော် ကပိလဝတ္ထုသို့ ကြွရောက်တော်မူစဉ် သားတော် ရာဟုလာသည် ထီးမွေ၊ နန်းမွေ ဆက်ခံရန် အမွေတောင်းခံလာသည်။ မြတ်စွာဘုရားရှင်က လောကုတ္တရာ အမွေအဖြစ် သားတော်ကို သာမဏေ ဝတ်ပေးလိုက်သည်။

ရှင်သာမဏေ ပြုပေးရန်အတွက် အရှင်သာရိပုတ္တရာထေရ်အား တာဝန်ပေးခဲ့သည်။ သရဏဂုံသုံးပါးဖြင့် ရှင်သာမဏေအဖြစ်ကို ငါဘုရား ခွင့်ပြုတော်မူကြောင်း မိန့်ကြားတော်မူသည်။ မြတ်စွာဘုရား၏ ခွင့်ပြုတော်မူချက်အရ သားတော် ရာဟုလာကို သာမဏေ ပြုပေးရာမှ ဤသာသနာတော်တွင် ရှင်သာမဏေ စတင်ပေါ်ပေါက်လာသည်။

မြတ်စွာဘုရား လက်ထက်တော်က ဗုဒ္ဓဘာသာဝင် ယောကျ်ားလေး တိုင်းကို ရှင်ပြုပေးရမည်ဟု စည်းကမ်း သတ်မှတ်ချက်လည်း မရှိ။ ဓလေ့ ထုံးစံလည်း မရှိခဲ့ချေ။ မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားလာသောအခါ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုအသွင်သို့ ပြောင်းလဲရာမှ ရှင်ပြုခြင်း အလေ့အထသည် ကျယ်ပြန့်လာသည်။ မြန်မာဗုဒ္ဓဘာသာ ယောကျ်ားလေးတိုင်း ရှင်မပြုလျှင် မဖြစ်သည့် အခြေအနေသို့ ရောက်ရှိအောင် စီစဉ်နိုင်ခဲ့ကြသည်။

မြန်မာဘုရင် အဆက်ဆက်ပင် ထီးတော်ရိပ်ဖွား သားတော်များကို ဆရာတော်များထံ အပ်နှံ၍ စာတော်ပြန်ပွဲတွင် အောင်မြင်ကြကုန်သော သားတော်တို့အား ဝါဆိုလဆန်း (၁၄)ရက်၊ (၁၅)ရက်နေ့များတွင် အခမ်းအနားဖြင့် ရှင်ပြု ပဉ္စင်းခံပွဲများ ကျင်းပကြသည်။ ထို့အတူပင် တိုင်းသူပြည်သားများကလည်း မိမိတို့သားများကို ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းကာ ရှင်ပြုမင်္ဂလာပွဲ ကျင်းပကြသည်။

သာသနာ့အမွေ ရှင်သာမဏေ

ရှင်ပြုခြင်းသည် ဘာသာရေး၊ သာသနာရေး ကိစ္စဖြစ်သည်။ သာသနာ့ ညောင်ပင်ကြီး တည်တံ့ပြန့်စည်နေခြင်းမှာ ရေသောက်မြစ်ကောင်းသောကြောင့်ဖြစ်သည်။ ရေသောက်မြစ်ကို အားဖြည့်ပေးမှ အရှည်တည်တံ့ပေမည်။ သာသနာတော်ကြီး၏ ရေသောက်မြစ်ဟူသည် ဓမ္မအားဖြင့် ရှင်ကျင့်ဝတ်စသော ဝိနည်းတော်ဖြစ်၍ ပုဂ္ဂလအားဖြင့် ရှင်သာမဏေများ ရဟန်းအဆက်မပြတ် ပေါ်ထွန်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် သာသနာတော်ရေသောက်မြစ်များ အားကောင်းအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ သာသနာတော် ထွန်းကားခါစ အခါသမယတွင် ဒေဝါနံပိယတိဿမင်းကြီးက အရှင်မဟိန္ဒ မထေရ်မြတ်အား သာသနာ

တော်သည် ဤနိုင်ငံ၌ တည်ပါပြီလား အရှင်ဘုရားဟု မေးလျှောက်ရာ သာသနာတော် တည်ပါပြီ။ သို့ရာတွင် သာသနာ့အမြစ်အရင်း မသက်ဆင်း တတ်သေးဟု မိန့်တော်မူ၏။ အဘယ်အခါကျမှ သာသနာ့အမြစ်အရင်း သက်ဆင်းသည် မည်ပါသလဲဘုရား ဟု လျှောက်ထားပြန်ရာ သီဟိုဠ်ကျွန်းသား မိဘနှစ်ပါးမှ သီဟိုဠ်ကျွန်း မြေပေါ်မှာပင် မွေးဖွားသော သူငယ်သည် ဤကျွန်းမှာပင် ရှင်သာမဏေ ဝတ် ရဟန်းဝတ်ပြီးနောက် ဤကျွန်းမှာပင် ရှင်ကျင့်ဝတ် ရဟန်းကျင့်ဝတ် ကို သင်ယူလေ့ကျက်၍ ဤကျွန်းမှာပင် ဘဝတူ သီဟိုဠ်ကျွန်းသားတို့ကို တစ်ဆင့်ပို့ချ သင်ကြားပေး၏။ ထိုအခါ သာသနာ အမြစ်အရင်း သက်ဆင်းသည် မည်ပေတော့သည်ဟု မိန့်တော် မူသည်။

အရှင် မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်အား အသောက မင်းတရားကြီးက သာသနာတော်အတွက် ဤရွှေဤမျှ လှူဒါန်းသဖြင့် သာသနာ့ အမွေခံပုဂ္ဂိုလ်ဖြစ်ပါပြီလားဟု မေးမြန်းရာ မိမိ၏ သားသမီးများ ကို သာသနာတော်သို့ သွတ်သွင်းပေးမှ သာသနဒါယဒ္ဒ သာသနာ့အမွေခံ ဖြစ်မည်ဟု မိန့်တော်မူသည်။ ထိုမိန့်ဆိုချက်အရ ဗုဒ္ဓဘာသာဝင် အားလုံး တို့သည် သာသနာ့ အမွေခံများ ဖြစ်စေရန်အတွက် မိမိတို့၏ သားသမီး မြေးမြစ်များနှင့် အခြားသူတို့၏ သားသမီးများကို မဖြစ်မနေ သာသနာ့ ဘောင်သို့ သွတ်သွင်း၍ ရှင်ရဟန်းပြုလေ့ ရှိခဲ့ကြသည်။

ရှင်လောင်းလှည့်ခြင်းအစ ဗုဒ္ဓလက်ထက်က

ရှင်ပြုမင်္ဂလာပွဲများ ဆင်နွှဲကြရာတွင် ရှင်လောင်းလှည့်ပွဲ ပြုလုပ်ခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုတစ်ခု ဖြစ်သည်။ ထိုပွဲသည် ရှင်လောင်းလျာများကို ဘုရင့်သားတော် အဆောင်အယောင်ဖြင့် လောကီနည်းအရ ခမ်းမြောက်ပူဇော်သည့် ပွဲမျိုးဖြစ်၍ ခဲ့နိုင်သလောက် ကျယ်ဝန်းသည်။

ရှင်လောင်းများကို ဘုရင့်သားတော်များ သဖွယ် ဆင်ယင်ပေးကြပြီး ဆင်၊ မြင်း၊ ထမ်းစင် စသည်ဖြင့် လှည့်လည်ပွဲ ပြုလုပ်ကြပုံမှာ အလှူရှင်၏ ငွေကြေး အင် အားအလိုက် မြို့ရွာဒေသအလိုက် အကြိုက်ကိုလိုက်၍ ကွဲပြားခြားနားကြသည်။

ဘုရားရှင် လက်ထက်တော်က ပဏ္ဍိတသာမဏော လောင်းလျာကို ကျောင်းတော်သို့ မပို့မီ လူ့ဘဝ၌ ပြုသင့်ပြုထိုက်သော ပူဇော်သက္ကာရလုပ်ငန်းများကို မိဘဆွေမျိုးများကိုယ်တိုင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ပေးပြီး ကျောင်းတော်သို့ ခေါ်ဆောင်ခဲ့သည်ဟု ဓမ္မပဒ၌ ဖွင့်ဆိုထားသည်။ ဝနဝါသီတိဿ သာမဏေလောင်းလျာကို ကျောင်းသို့ ပို့ဆောင်ရာ၌လည်း ထို့အတူပင် ခမ်းနားစွာ ပို့ဆောင်ကြောင်း ဖော်ပြထားသည်။

သိရိမမ္မာသောကမင်းကြီး လက်ထက်တွင် ညီတော်တိဿ ရဟန်းပြုရာတွင် အသောကာရုံ ကျောင်းသို့အရောက် လမ်းတစ်လျှောက် တန်ဆာဆင်စေပြီး စစ်သည်အပေါင်း ခြံရံကာ ခမ်းနားစွာ ပို့ဆောင်စေသည်။ ဓမ္မဒိန္နာ ထေရီမ သာသနာဘောင်သို့ ဝင်ရောက်ရာ၌လည်း ထေရီမလောင်းလျာကို အဆင်တန်ဆာ လှပစွာ ဆင်ယင်စေပြီး ဆွေမျိုးအပေါင်း ခြံရံစေကာ တစ်မြို့လုံးကို တန်ဆာဆင်၍ ခမ်းနားစွာ ပို့ဆောင်ပေးခဲ့သည်။

ပိမ္မီသာရမင်း၏ မိဖုရားကြီး ခေမာသည် သာသနာ့ဘောင်သို့ ဝင်ရန် ကျောင်းသို့ သွားသောအခါ ရွှေထမ်းစင်နှင့် ခမ်းနားစွာ ပို့ဆောင်ခဲ့သည့် ထုံးလည်းရှိသဖြင့် ခမ်းနားစွာ ကျင်းပလေ့ရှိကြသည်။

ဤသည်တို့ကို ထောက်ဆပါက ရှင်လောင်းလှည့်ခြင်းသည် ဗုဒ္ဓလက်ထက်တော်ကပင် စတင်ခဲ့သော မင်္ဂလာပွဲဖြစ်ကြောင်း တွေ့ရသည်။ ရှင်ရဟန်း ပြုလုပ်ခြင်းသည် အောက်တန်းကျသော အညံ့စားအလုပ်မဟုတ်၊

သာကီဝင်မင်းမျိုးဖြစ်သော ဘုရားရှင်ကိုယ်တိုင် စတင်ခဲ့သော မြင့်မြတ်သော လုပ်ငန်းဖြစ်သည်။ သာသနာတော်အတွက် ဂုဏ်တက်စေသော လုပ်ငန်းမျိုး ဖြစ်၍ အားပေးသင့်ကြပေသည်။

ရှင်သာမဏေ ပြုသင့်သော အရွယ်

အသက် တစ်ဆယ့်ငါးနှစ် မပြည့်သူကို ရှင်ပြုခွင့် မပေးရဟု မြတ်စွာဘုရား ပထမဦးစွာ ပညတ်တော်မူခဲ့သည်။ ထို့နောက် မိမိ ဆွမ်းခွက်၌ ကျီးက နှိုက်သည့်အခါ ထိုကျီးကို ခြောက်လှန့်နိုင်လောက်လျှင် ရှင်ပြုနိုင်ပြီဟု ထပ်မံ ခွင့်ပြုတော်မူသည်။ ဤခွင့်ပြုချက်မှာ ထူးခြားသော အခြေအနေ အရသာ ခွင့်ပြုတော်မူခြင်း ဖြစ်သည်။ မူလက ပညတ်ချက်သည်သာ ယေဘုယျအားဖြင့် သာမဏေလောင်းများအတွက် သင့်လျော်သော အသက်အရွယ် ဖြစ်ပေသည်။

ရှင်သာမဏေအဖြစ် ခံယူမှုအတွက် အဓိက ရည်ရွယ်ချက်မှာ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ = သံဝရာဝင့်ဆင်းရဲမှ လွတ်မြောက်ရန် ဖြစ်ပေသည်။ သို့ဖြစ်၍ အသက်အရွယ် လွန်စွာငယ်သော သူတို့အတွက် အသိဉာဏ် မရင့်သန်နိုင်သေးသဖြင့် ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ ဆိုသကဲ့သို့ အကျိုးထက် အပြစ်က ပိုများနိုင်သည်။ ဆေးအတွက် လေးနိုင်သည်။ "အမြင်ကပ် သက်နှင့်သတ်" ဟူသော စကားကဲ့သို့ ကျောင်းပိတ်ချိန် ကစားလွန်း၍ ရှင်ပြုပြီး ကျောင်းပို့ထားခြင်းသည် လုပ်ကောင်းသော အလုပ်မျိုး မဟုတ်ပေ။ ရှင်သာမဏေ အဖြစ်သည် ဆရာနှင့် သာမဏေလောင်း နှစ်ဦးစလုံး သရဏဂုံ ပီပီသသ ဌာန်ကရိဏ်းကျကျ အသံအပြင်း အပျော့၊ အဖွင့် အပိတ် မှန်ကန်မှသာ ရှင်သာမဏေ အစစ် ဖြစ်နိုင်သည်။ အစစ်ဖြစ်မှသာ နတ်လူဦးခိုက် ရှိခိုးထိုက်ပေသည်။

ရှင်လောင်းတို့ ပြုကျင့်ရမည့် အရာများကို ကြိုတင်ပြင်ဆင်မှု မရှိဘဲ ကျောင်းခေါ်လာပြီး နေ့ချင်းပြီး ဝတ်ပေးခြင်း၊ သက်နှံမနိုင် အလွန်

ငယ်ရွယ်သူများကို ဝတ်ပေးခြင်း၊ သရဏဂုံကို ပီသအောင် မရွတ်ဆိုနိုင်သူများကိုဝတ်ပေးခြင်း၊ "ပဏ္ဏာ၊ ထေ၊ ပက်၊ ဆန်၊ ပဥ္စာနန်၊ ဒုသံ၊ ဥဘောပါ၊ ရှင်မပြုရ၊ ဆယ့်တစ်မျှ၊ မှတ်ကြအာဘဗွာ" ဆောင်ပုဒ်လက်ာအရ ရှင်ပြုခွင့်မပေးခဲ့သူများကို ဝတ်ပေးခြင်း၊ မြင့်မြတ်သော သာသနာတော်၏ ဂုဏ်ဒြပ်နှင့် မကိုက်ညီသည့် လက်ပြတ်၊ ခြေပြတ်စသော ရှင်ရဟန်းမပြုထိုက်သူ ၂၂-ဦး ကို ဝတ်ပေးခြင်း စသည်တို့ကို ရှောင်ကြဉ်သင့်ပေသည်။

ရှင်ပြုမင်္ဂလာမှတ်ဖွယ်ရာ

မိဘခွင့်မပြုသော သားကို ရှင်မပြုပေးရပါ။ မိဘများကို ပန်ကြားပြီးမှသာ ရှင်ပြုပေးရသည်။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူစဉ် ဗေဟိဘိက္ခု ခေါ်တော်မူ၍ ရဟန်းအဖြစ်သို့ ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ရှင်အဖြစ် ရဟန်းအဖြစ်ကို ပြုဖို့ မခွဲခြားဘဲ သရဏဂုံဖြင့်ပင် ပြုလုပ်ပေးရန် ခွင့်ပြုတော်မူခဲ့သည်။ နောင်အခါတွင် သရဏဂုံဖြင့် မဟုတ်တော့ဘဲ ဥ တ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းခံပေးရမည်ဟု ပညတ်တော်မူခဲ့သည်။ ရှင်သာမဏေ အဖြစ်ကိုမူ သရဏဂုံဖြင့်ပင် ခွင့်ပြုတော်မူခဲ့သည်။ သရဏဂုံ ပီသရေးသည် ရှင်သာမဏေဘဝ ရရှိရေးအတွက် အရေးပါဆုံး ဖြစ်သည်။

ရှင်သာမဏေ တစ်ဦးအတွက် အပြစ်ကြီးငယ်တို့ကို ဆုံးမ၍ သင်ပေးရသော ဥပဇ္ဈာယ်ဆရာ၊ ခေါင်းရိတ် သင်္ကန်းဝတ် သရဏဂုံပေးသော ပဗ္ဗဇ္ဇာစရိယဆရာ၊ ဩဝါဒပေးရသော ဩဝါဒါစရိယဆရာ ဟူ၍ ဆရာသုံးမျိုးရှိသည်။

ရှင်သာမဏေဟူသည် လူဝတ်ကြောင်ဘဝမှ ရဟန်းသာမဏေဘဝသို့ ကူးပြောင်းကာ ဘဝသစ် ဖြစ်ရခြင်းနှင့်တူသည်။ ရှိခိုးခံရခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါး အသုံးအဆောင်များ

အလှူဒါနများကို ခံယူရသည့် ဘဝသစ် ဖြစ်လာသည်။ သားသမီးတို့သည် ရိုးရာထုံးစံအတိုင်း အတူလိုက်တတ်ကြ သက့ဲသို့ပင် ရှင်သာမဏေတို့သည် လည်း မိမိတို့ ရှင်ပြု ဆရာသမားများ၏ စားပုံ ဝတ်ပုံ နေပုံ ပြောဆိုပုံ စသည်တို့ကို အတူလိုက်တတ်ကြသဖြင့် ဆရာကောင်းများထံ အပ်နှံရန် အရေးကြီးသည်။

ဆရာကောင်း တပည့်ဖြစ်ပါမှ သာသနာတော်အတွက် ကျက်သရေ ရှိသူ ဖြစ်ပေမည်။ ခမည်းတော် မယ်တော် ဒါယကာတို့လည်း သာသနာ ပြုရကျိုးနပ်ကြပေမည်။ ရှင်သာမဏော စနစ်တကျ ဖြစ်မြောက်ရေး၊ လောက သာသနာ နှစ်ဖြာအကျိုး ရရှိရေးအတွက် လောကီရေးကို အလေးပေးလွန်း သော ရှင်ပြုပွဲကြီးများကို ဆင်ခြင်သင့်ပေသည်။ ပကာသနများကို ဦးစား ပေးလွန်းသဖြင့် ငွေကုန်ကြေးကျများကာ အကြွေးတင်ကြသည်။ လူတွေ လည်း ပင်ပန်းကြသည်။ ငွေကုန်လူပန်း အလှူဆန်း တစ်မျိုး မဖြစ်ရလေ အောင် ရှောင်သင့်ကြပေသည်။ အပိုဖြစ်သော ပကာသန အကာပိုင်းကို လျော့ကြ၍ သာသနာရေး အနှစ်ပိုင်းကို ဝိုင်းဝန်းကြိုးပမ်း သင့်ပေသည်။

မိမိတို့ရပ်ရွာ ဓလေ့အလိုက်နှင့် အလှူရှင်များ၏ ငွေကြေးအင်အား အလိုက် မောင်ရင်လောင်းများကို လှပစွာဆင်ပြင်ပေးကြသည်။ ရှင်လောင်း လှည့်မည့် အချိန်တွင် မိမိတို့ ရိုးရာနတ်များကို ပြကြသည်။ မောင်ရှင်များကို မြင်းပေါ်တင်ကာ ရွှေထီးမိုး၍ ရိုးလိုက်ရတုများ ရွတ်ဆိုပြီး ကာလသား တစ်သိုက်တို့ ပျော်ပါးနှစ်ခြိုက်စွာ လိုက်ပါကြသည်။ အုံးပွဲ ငှက်ပျောပွဲရွက်သူ၊ သပိတ် သင်္ကန်း ပရိက္ခရာ ငွေပဒေသာပင်များကို ကိုင်သူ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် အပျိုချော တစ်စုကလည်း အစွမ်းကုန် ဝတ်စားပြင်ဆင်၍ ပျော်ရွှင်စွာ ပါဝင်ကြသည်။ အိုးစည် ဗုံမောင်း၊ အတီး၊ အမှုတ်၊ အကအခုန် မျိုးစုံ ပြင်ဆင်၍ ဗျာသံ စည်သံ တည့်ညံဖြင့် ရှင်လောင်းလှည့်ပွဲ ဆင်နွဲ လှည့်လည်ကြသည်။ တစ်ပါး၊ နှစ်ပါး၊ ရှင်လောင်းလှည့်ပွဲမှအစ ရှင်လောင်း

များစွာ စုပေါင်းလှည့်လည် ပွားများသည်ကား တောရွာအလိုက် နှစ်ခြိုက်ပျော်မြူးစရာ အကောင်းဆုံး လှည့်လည်ပွဲပင် ဖြစ်လေသည်။ ဘာသာသာသနာကို အလေးထား ကိုးစားကြသည့် လူမျိုးများဖြစ်၍ ရှင်လောင်းလှည့်ပွဲကို တစ်အားခဲကာ ဆင်နွှဲပါဝင်ကြသည်။

ကျောင်းတော်သို့ ရောက်ရှိသောအခါ ရှင်လောင်းဝတ်တန်ဆာမကိုင့် စလွယ် ရတနာတို့ကို ချွတ်၍ ခေါင်းတုံးရိတ်ကြသည်။ ခေါင်းရိတ်နေစဉ် "အတ္ထိ ကုမသို့ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော"ဟု တစပဉ္စက ကမ္မဋ္ဌာန်း ရွတ်ဆိုပွားများ၍ ခေါင်းရိတ်ခံကြ ဆံချကြသည်။ မြင့်မြတ်သော အရဟာတ္တဓဇ သင်္ကန်းကို မဆင်မြန်းမီ လူနှံ့ ကင်းပျောက်စေရန် အတွက် မောင်ရှင်လောင်း၏ ကတုံးရိတ်ပြီးစ ဦးခေါင်းကို နန်းအနည်းငယ် ပွတ်လိမ်းပေးလေ့ ရှိကြသည်။ ထို့နောက် ဆရာတော်ဘုရားထံမှောက်သို့ လာရောက်ကြကာ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ ရှင်သာမဏေဝတ်ပွဲ စတင်တော့သည်။

မောင်ရှင်လောင်းတို့သည် ပထမဦးဆုံး မိမိတို့၏ သင်္ကန်းများကို လက်နှစ်ဖက်ဖြင့် ကိုင်ထားကြသည်။ သင်္ကန်းကပ် ပါဠိအနက်များကို ရွတ်ဆိုကြပြီး မိမိတို့ လက်ရှိသင်္ကန်းကို ယူတော်မူ၍ ရှင်သာမဏော ပြုပေးပါရန် တောင်းပန်လျှောက်ထားပြီး ဆရာတော်ကို သင်္ကန်းကပ်ကြသည်။ ထို့နောက် သင်္ကန်းတောင်း ပါဠိအနက်များကို ရွတ်ဆို၍ ဆရာတော်ထံမှ သင်္ကန်းကို ပြန်တောင်း၍ သင်္ကန်း ဝတ်ပေးကြသည်။ သင်္ကန်း ဝတ်ပြီးသောအခါ သာမဏေရ ပဗ္ဗဇ္ဇာသီလ ဖြစ်သော ဆယ်ပါးသီလကို ခံယူဆောက်တည်ကြရသည်။ သရဏဂုံ ဆောက်တည်သောအခါ ဆရာတော် သင်ကြားပေးသည့်အတိုင်း ဒွာန်ကရိုဏ်း ပီသစွာ ရွတ်ဆို ဆောက်တည်ကြရသည်။ သရဏဂုံသည် ရှင်သာမဏေအတွက် အသက်ပမာ အရေးပါလှသဖြင့် ဆရာတပည့် နှစ်ဦးလုံး သေချာစွာ ဂရုတစိုက် ရွတ်ဆိုကြရသည်။

ဆယ်ပါးသီလ ခံယူပြီးသောအခါ ရှင်သာမဏေဝတ်ခြင်း ကိစ္စ ပြီးသွားပေပြီ။ မိမိတို့၏ မွေးနံအလိုက် (နေ့နံအလိုက်) ဆရာတော်က ဘွဲ့အမည်ကို မှည့်ပေးသည်။ ဆရာတော်ထံ ဥပဇ္ဈာယ်ယူကြသည်။ ပစ္စ-ဝေက္ခဏာ ဆင်ခြင်နည်းများနှင့် လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ ရှင်ကျင့်ဝတ် များကို သင်ကြားပေးတော်မူသည်။ ထို့နောက် ရှင်ဖြစ်ဆွမ်းကျွေးပွဲသို့ ကြွရောက်တော်မူလာကြကုန်သော သံဃာတော် အရှင်မြတ်တို့နှင့်အတူ သာသနာဘောင်သို့ ဝင်ကာစ မောင်ရင်သစ်များကို ဆွမ်းဆက်ကပ်ကြ သည်။ အလှူပွဲသို့ ကြွရောက် အားပေးကြကုန်သော ပရိသတ်တို့အား ထမင်း ကျွေးမွေးကြသည်။ ထို့နောက် ရှင်ဖြစ်တရားတော် နာယူကြပြီး ရေစက်ချ အမျှဝေကာ ရှင်ပြုမင်္ဂလာပွဲကို အောင်မြင်စွာ ဆင်နွှဲကြ လေသည်။

ပဉ္စင်းခပွဲ

ရဟန်းခံပွဲ၊ ပဉ္စင်းခံပွဲမှာမူ ရဟန်းသံဃာတော်တို့၏ အရေးအကြီးဆုံး ပွဲပင်ဖြစ်သည်။ ရဟန်းလောင်းကို ပထမဦးဆုံး ရှင်သာမဏော ဝတ်ပေး ရသည်။ ထို့နောက် သိမ်ဝင်ကြသည်။ သိမ်ထဲတွင် သံဃာတော်အနည်းဆုံး ငါးပါးရှိမှ ရဟန်းခံပွဲ ပြုလုပ် အောင်မြင်နိုင်သည်။ ရဟန်းခံရာတွင် ရဟန်း လောင်း သုံးပါးထိသာ တစ်ကြိမ်တည်း ရဟန်းခံယူနိုင်သည်။ စွမ်းဆောင် နိုင်သော သံဃာတော် တစ်ပါးပါးက သံဃာ့ထံပါးမှ နှစ်တောင့်ထွာ၏ အပြင်ဘက်အရပ်တွင် ရပ်နေသော ရဟန်းလောင်းကို သွားရောက်ဆုံးမ သည်။ ထို့နောက် သံဃာထံသို့ ပြန်လာစေရန် ခေါ်ယူပြီး သံဃာတော်များ ကို ရှိခိုးခိုင်းသည်။ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ၍ နေစေသည်။ သံဃာ တော်တို့က ဥ တို်စတုတ္ထ ကမ္မဝါစာကို ပီသစွာ ရွတ်ဖတ်တော် မူကြသည်။ သံဃာတော်တို့ သုံးကြိမ် ကမ္မဝါစာ ရွတ်ဖတ်ပြီးသောအခါ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိသွားပြီဖြစ်သည်။

ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ၊ ကာရကသံဃာ အရေအတွက်၊ သိမ်၊ မြို့ရွာနယ်ပယ်နှင့် ရဟန်းဖြစ်သော နှစ်၊ လ၊ ရက်၊ နာရီ တိတိကျကျ မှတ်တမ်းတင်၍ သာသနာဝင်အဖြစ် ရေးမှတ်ကြသည်။ သိမ်ဆင်းသော အခါ အလှူရှင်တို့က လှူဖွယ်ဝတ္ထုတို့ကို လောင်းလှူကြသည်။ ဤသည်တို့မှာ မြန်မာ့ယဉ်ကျေးမှုစဉ်လာ ရှင်ပြုရဟန်းခံ မင်္ဂလာပွဲပင် ဖြစ်သည်။

ဘုရားအနေကဇာတင်ပွဲ

ဗုဒ္ဓဘာသာဝင်များသည် မိမိတို့၏ နေအိမ်၌ ဖြစ်စေ၊ ဇရပ်၊ တန်ဆောင်း၊ ဓမ္မာရုံများ၌ဖြစ်စေ ရုပ်ပွားဆင်းတုတော်များကို ကိုးကွယ်ပူဇော်ထားလေ့ရှိကြ၏။ ထိုသို့ ကိုးကွယ်ကြရာ၌လည်း သာမန်သဘောမျှသာ မဟုတ်ဘဲ သက်တော်ထင်ရှား ဘုရားရှင်၏ ဉာဏ်တော်များကို အာရုံယူပြီး တကယ့် ဘုရားရှင်ကို ပူဇော်နေကြရသည့်ပမာ စိတ်၌ယူစွဲလျက် ပူဇော်လေ့ရှိကြ၏။

ထိုသို့ ရုပ်ပွားဆင်းတုတော်ကို ပူဇော်ကိုးကွယ်ကြရာ၌ သက်တော်ထင်ရှား မြတ်ဘုရား၏ ကိုယ်တော်စားအဖြစ် ကိုးကွယ်နိုင်စေရန်အတွက် ရုပ်ပွားဆင်းတုတော်ကို ရှေးဦးစွာ အနေကဇာတင်လေ့ ရှိကြ၏။

"အနေကဇာတိ သံသာရံ" ဟူသော ပါဠိ၌ အနေကဇာတိဟူသော ပါဠိဝေါဟာရကို မြန်မာဝေါဟာရအဖြစ် "အနေကဇာ"ဟု ခေါ်ဝေါ်ထားကြခြင်းဖြစ်သည်။ မြန်မာလို တစ်ပါးမက များလှစွာသော ဘဝ၊ ဘဝပေါင်းများစွာဟု အဓိပ္ပါယ်ရ၏။ တင်-ဆိုသည့် စကားမှာ မင်းလောင်းအား ရာဇဘိသိက် သွန်းလောင်း၍ ဘုရင်အဖြစ် တင်မြှောက်သကဲ့သို့ မိမိတို့ကိုးကွယ်မည့် ရုပ်ပွားဆင်းတုတော်အား သက်တော်ထင်ရှား ဘုရားရှင် အလားတူမျှသော သဒ္ဓါတရားဖြစ်ပွားစေရန်နှင့် ဘုရားရှင်၏ ကိုယ်တော်စားအဖြစ် ယုံကြည် သိမှတ်ရန် ဗုဒ္ဓါဘိသိက် သွန်းလောင်း၍ ဘုရားအဖြစ် သိဒ္ဓိတင်ခြင်းဟု အဓိပ္ပါယ်ရသည်။

အနေကဇာတင်ပွဲ ဖြစ်ပေါ်လာပုံ

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ မိုးသောက်ယံအချိန်တွင် သုံးလောကထွတ်ထား သဗ္ဗညူ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ထိုသို့ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးနောက် ဘုရားရှင်၏ သန္တာန်တော်၌ "သံသရာဝဋ်ဒုက္ခ လွတ်မြောက်ရခြင်း၊ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အဖြစ်ကို ရရှိလာခြင်း" တို့ကို ပြန်လည်စဉ်းစား ဆင်ခြင်တော်မူရာ လွန်စွာနှစ်သက်အားရ ဝမ်းမြောက်လှသော ပီတိတရား ဖြစ်ပေါ်လာပြီးနောက် "အနေကဇာတိ သံသာရံ" အစချီသော ဥဒါန်းနှစ်ဂါထာကို စိတ်တော်ဖြင့်သာ ကျူးရင့်တော် မူသည်။ ဤသို့ ကျူးရင့်ခြင်းသည် ဘုရားရှင်တိုင်း ဘုရားဖြစ်တော်မူကြသည်နှင့် တစ်ပြိုင်နက် ကျူးရင့်တော်မူကြမြဲပင် ဖြစ်သည်။

ထိုဥဒါန်းဂါထာတော်တို့သည် မြတ်စွာဘုရား၏ ပထမဆုံးသော စကားတော် (ပထမဗုဒ္ဓဝစန)ပင် ဖြစ်သောကြောင့် ပထမဆုံးသော စကားတော်ကို ရွတ်ဆိုပူဇော်၍ ဥဒ္ဒိဿစေတီမျှသာဖြစ်သော ရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေကမင်္ဂလာ ဆင်ယင်ကျင်းပခြင်းကို တီထွင်စီစဉ်ပေးခဲ့ကြလေသည်။ ရုပ်ပွားတော်များကို အနေကဇာ တင်ပြီးမှသာ ကိုးကွယ်ရသည် မဟုတ်ချေ။ အနေကဇာ မတင်သော်လည်း ဥဒ္ဒိဿစေတီဖြစ်၍ ကိုးကွယ်ထိုက်ပါ၏။ သို့သော် ဗုဒ္ဓဘာသာဝင်တို့သည် ပုံတူမျှသာဖြစ်သော ရုပ်ပွားဆင်းတုတော်အပေါ်၌ ယုံကြည်လေးနက်မှု ရှိကြစေရန်နှင့် ဘုရားနှင့်စပ်၍ ကုသိုလ်တရား တိုးပွားလာကြစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဘုရားအနေကဇာတင်ပွဲကို စီစဉ်ပြုလုပ်ခဲ့ကြပေသည်။

ထိုသို့ အနေကဇာတင်ပွဲ ပြုလုပ်ခြင်းဖြင့် သာမန်ဖြစ်သည့် ရုပ်ပွားဆင်းတုတော်ကို အနေကဇာတင်ပြီးသည့်အခါ သက်တော်ထင်ရှား သဗ္ဗညူ

ဘုရားကဲ့သို့ အလွန်တန်ခိုး အာနုဘော် ကြီးမားလာသည်ဟု စိတ်တွင် ထင်မှတ်ယုံကြည်လာကြသည်။ ဤသို့ ရုပ်ပွားဆင်းတုတော် အပေါ်၌ သက်တော်ထင်ရှား ဘုရားနှင့်မခြား စိတ်စေတနာ ထားရှိနိုင်ခြင်းကြောင့် ဘုရားရှင်အစစ်ကို ကိုးကွယ်ပူဇော်သဖြင့် ရရှိသော လောကီ လောကုတ္တရာ အကျိုးထူးများနှင့် တူမျှသော အကျိုးကို ရရှိစေနိုင်၍ ဤအနေကဇာတင်ပွဲ ပြုလုပ်၍ ကိုးကွယ်ခြင်းသည် ကောင်းမြတ်လှပေသည်။

အနေကဇာတင်ပွဲ စတင်ပေါ်လာသည့်ခေတ်

ထိုဘုရား အနေကဇာတင်ပွဲသည် မြန်မာနိုင်ငံတွင် မည်သည့်ခေတ်၊ မည်သည့်မင်းလက်ထက်တွင် စတင်ပေါ်ပေါက်လာကြောင်းကို လက်လှမ်းမီသရွေ့ သုတေသနပြုရသည့် ကျောက်စာ၊ ပေစာ၊ သမိုင်း၊ မော်ကွန်း၊ ပျို့၊ လက်ဝ၊ ချင်း စသည့် ရှေးဟောင်းစာပေများ၌ မတွေ့ရှိရသောကြောင့် အတိအကျ ဖော်ပြရန် ခဲယဉ်းပါသည်။

သို့သော် တောင်ငူခေတ်၊ ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ခံဆင်ဖြူများရှင်မင်းတရား လက်ထက် သက္ကရာဇ် ၉၃၄-ခုနှစ်တွင်မူ ထိုဘုရားအနေကဇာတင်ပွဲ အလေ့အထ ပေါ်နေပြီ ဖြစ်ကြောင်းကိုကား 'သုဇောဓိတ' မဟာရာဇဝင်ကြီး၊ ဒုတိယတွဲ ၄၂၀-လာ အောက်ပါသမိုင်းအထောက်အထားများအရ အတိအကျဆိုနိုင်ပါသည်။

ဘုရား (ဒဂုံဆံတော်ရှင်)တွင် ငါးရက်နေတော်မူ၍ ရေအား ကြည်းအားဖြင့် ပြန်တော်မူသည်။ ရွှေနန်းတော်သို့ ရောက်တော်မူလျှင် ရွှေရုပ်တု၊ မိုးကြိုးရုပ်တု၊ ငွေရုပ်တု၊ ပဉ္စလောဟာရုပ်တို့ကို အနေကဇာတင်တော်မူသည်။ ယင်းသို့ ပြုလုပ်သောအခါ ပင့်သော သံဃာတော်ကား မြန်မာပြည်အလုံး၊ တစ်တိုင်းပြည်အလုံး၊ ယွန်းပြည်အလုံး၊ ရှမ်းပြည်အလုံးတွင် ရှိသော ကျောင်းနေပုဂ္ဂိုလ်ပေါင်း သုံးထောင်ငါးရာ ငါးကျိပ် ငါးပါးတို့ကို

ဘုရားဝန်းကျင်တွင် မဏ္ဍပ်ကနားကြီး အဆောင်ဆောင်ဆောက်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။

သို့သော် ဤဘုရားအနေကဇာတင်ပွဲကား မြန်မာနိုင်ငံတွင် စတင်ပေါက်ပွားခဲ့သည့် ပွဲမဟုတ်၊ အခြား နိုင်ငံတစ်ခုမှ မြန်မာနိုင်ငံသို့ ရောက်လာ သည့်ပွဲ ဖြစ်ဟန်ရှိသည်ဟု သုတေသီတို့ ယူဆကြပါသည်။ ပါဠိ မြန်မာ စာပေပညာရှင်ကြီး တစ်ဦးဖြစ်သူ မဟာပညာဗလဘွဲ့ရ ဆရာဉာဏ်က-

"ဤအနေကဇာတင်ခြင်း အလေ့အထမှာလည်း ဘုရားကိုးဆူ ပူဇော်နည်း စသည်များကဲ့သို့ ဇင်းမယ်ပြည်မှစ၍ ဖြစ်ပေါ်လာပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ ရောက်လာဟန်တူသည်"

ဟု မြန်မာစွယ်စုံကျမ်း၌ ဖော်ပြထားပါသည်။

အနေကဇာတင်လေ့ရှိသောစေတီ

အနေကဇာတင်ပွဲ ဆင်ယင်ကျင်းပရာ၌ စေတီတော်တိုင်းကို အနေကဇာတင်လေ့မရှိကြ။ ဥဒ္ဒိဿက စေတီတော်တစ်မျိုးတည်းကိုသာ အနေကဇာတင်ကြ၍ ကျန်စေတီတော်များကို တင်လေ့မရှိကြပေ။

ခုဒ္ဒကနိကာယ်၊ တေရသကနိပါတ်၊ ကာလိင်္ဂဗောဓိဇာတ် နိဒါန်းတွင် ဘုရားရှင်ဟောတော်မူခဲ့သည့် သာရီရိက (ဓာတု)စေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီဟူသော စေတီတော်သုံးမျိုးနှင့် သာရတ္ထသင်္ဂဟ အဋ္ဌကထာ၌လာသော သာရီရိက (ဓာတု)စေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီ သုံးမျိုးတို့ကိုပေါင်း၍ ရှေ့ပိဋကကျမ်းဂန်တတ် ဆရာတော်ကြီးများက စေတီတော်များမှာ-

၁။ သာရီရိက (ဓာတု)စေတီ

၂။ ဓမ္မစေတီ

၃။ ပရိဘောဂစေတီ

၄။ ဥဒ္ဒိဿကစေတီ ဟူ၍ လေးမျိုးရှိကြောင်း သတ်မှတ်မိန့်ဆို တော်မူခဲ့ကြပါသည်။

သာရီရိက(ဓာတု)စေတီ ဟူသည် ဗုဒ္ဓမြတ်စွာ၏ ခန္ဓာကိုယ်တော် က ဖြစ်သော ဓာတ်တော်၊ မွေတော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်၊ စွယ်တော်၊ သွားတော်၊ ဆံတော်၊ မွေးညှင်းတော်၊ ခြေသည်း၊ လက်သည်း တော် တို့သည်လည်းကောင်း၊ ထိုဓာတ်တော် စသည်တို့ကို ဌာပနာသွင်း၍ တည်ထားသော စေတီတော်များသည်လည်းကောင်း သာရီရိက (ဓာတု) စေတီဖြစ်ပါသည်။

ဓမ္မစေတီ ဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော် မူခဲ့သော ပဋိစ္စသမုပ္ပါဒ်တရား၊ ပဋ္ဌာန်းတရားစသော ပိဋကတ်တော်များကို လည်းကောင်း၊ ထိုတရားတော်များကို ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ သံပြား၊ ခဲပြား၊ ကျောက်ပြား စသည်တို့၌ ရေးထွင်းကာ ဌာပနာသွင်း၍ တည်ထား သော စေတီတော်များကိုလည်းကောင်း "ဓမ္မစေတီ"ဟု ခေါ်ပါသည်။

ပရိဘောဂစေတီ ဆိုသည်မှာ ဘုရားလောင်း၏ အသုံးအဆောင် ဖြစ်သော ဝတ်လဲတော် ပုဆိုးတော်တို့သည်လည်းကောင်း၊ မြတ်စွာဘုရား၏ အသုံးအဆောင်ဖြစ်သော ဗောဓိပင်၊ ကျောင်းတော်၊ သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေးတော်စသော ပရိက္ခရာ၊ အဆောက်အအုံ တို့သည်လည်းကောင်း ယင်းတို့ကို ဌာပနာ၍ တည်ထားသော စေတီတော် များသည်လည်းကောင်း "ပရိဘောဂ"စေတီဟု ခေါ်ပါသည်။

ဥဒ္ဒိဿကစေတီ ဆိုသည်မှာ ရွှေ၊ ငွေ၊ မြ၊ ကျောက်စိမ်း၊ ကြေး၊ သံခဲ၊ ကျောက်၊ အုတ်၊ အင်္ဂတေ၊ မြေ၊ သစ်သား စသည်တို့ကို ဘုရားရှင် ပုံသဏ္ဌာန်နှင့်တူစွာ ထုလုပ်ထားသော ရုပ်တုတော်၊ ဆင်းတုတော်များ

သည်လည်းကောင်း၊ ဆေးမင်တို့ဖြင့် ရေးဆွဲရိုက်နှိပ်ထားသော ဘုရား
ဓာတ်ပုံ၊ ပန်းချီကား စသည်တို့သည်လည်းကောင်း ယင်းတို့ကို ဌာပနာ
သွင်း၍ တည်ထားသော စေတီတော်များသည်လည်းကောင်း "ဥဒ္ဒိသက'
စေတီဟု ခေါ်ပါသည်။

ဤစေတီတော် လေးမျိုးတို့တွင် ဥဒ္ဒိသက စေတီတော်တစ်မျိုး
ကိုသာ အနေကဇာတင်လေ့ရှိကြပါသည်။ သာရီရိက ခေါ် (ဓာတု)စေတီ
ဓမ္မစေတီ၊ ပရိဘောဂစေတီတော်တို့ကား မြတ်ဗုဒ္ဓ ရှင်တော်ဘုရားနှင့်
ဆက်နွယ်စပ်လျဉ်းသော ပူဇော်ဖွယ်ဝတ္ထုများဖြစ်ကြပါသည်။

ဥဒ္ဒိသက စေတီတော်မြတ်မှာမူ "ဥဒ္ဒိသကံ အဝတ္ထုကံ" ဟု
ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာ၌ လာရှိသည့်အတိုင်းကို ရှင်တော်ဗုဒ္ဓနှင့်
ဆက်စပ်သော ဝတ္ထုပစ္စည်း တစ်စုံတစ်ရာ မပါရှိချေ။ မြတ်စွာဘုရားကို
ရည်ညွှန်း၍ ဘုရားရှင်ကိုယ်စား ပုံတူထုလုပ်ထားသည့် စေတီတော်မျှသာ
ဖြစ်ပါသည်။ ထို့ကြောင့် ဘုရင်များကို ရာဇာဘိသိက်မြောက် သက္ခဲသို့
အလေးဂရု အထူးပြုရန်အတွက် ဗုဒ္ဓါဘိသေက မင်္ဂလာအဖြစ် အနေကဇာ
တင်ကြခြင်းဖြစ်ပါသည်။

အနေကဇာတင် ဆင်ယင်ကျင်းပပုံ

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရားအနေကဇာတင်ပွဲကို
နံနက်စောစော အရုဏ်တက်ချိန်၌ဖြစ်စေ၊ နံနက် ၁၀-နာရီ၊ ၁၁-နာရီ
အချိန်၌ဖြစ်စေ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းခဲဖွယ် ဘောဇဉ်များ
ဆက်ကပ်ပြီး ကျင်းပပြုလုပ်လေ့ရှိကြသည်။ ဘုရားအနေကဇာ မတင်မီ
အနေကဇာ တင်မည့် ဥဒ္ဒိသကစေတီတော်မြတ်အား ဆွမ်း၊ ခဲဖွယ်၊
ဘောဇဉ်၊ ရေချမ်း၊ ပန်း၊ နံ့သာ၊ ဆီမီး၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား
စသည်တို့ကို လှူဒါန်း ပူဇော်ထားကြသည်။ အနေကဇာတင်ရန် ကြွရောက်

လာကြသည့် သံဃာတော်များသည် ပန်း၊ နံ့သာ၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်တို့ကို အသီးသီး ကိုင်ဆောင်ကြလျက် အနေကဇာတင်မည့် ဥဒ္ဒိဿကစေတီတော်ကိုရှိခိုးကာ ရှေးဦးစွာ -

၁။ အနေကဇာတိ သံသာရံ အစချီသော ဥဒါန်းနှစ်ဂါထာကို (၃)ကြိမ် ရွတ်ဆိုကြသည်။

၂။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ရွတ်ဆိုပြီး အဆုံးတွင် ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ စသော ပထမဥဒါန်းဂါထာတော်ကို ဆက်လက်ရွတ်ဆို ပူဇော်ကြသည်။

၃။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို ပဋိလုံအားဖြင့် ရွတ်ဆိုပြီး ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ စသော ဒုတိယဥဒါန်း ဂါထာတော်ကို ဆက်လက် ရွတ်ဆိုကြသည်။

၄။ ထို့နောက် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ အစုံအဆန် ရွတ်ဆို ပူဇော်၍ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ စသော တတိယဥဒါန်း ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြသည်။

၅။ ထို့နောက် ဇယန္တော ဗောဓိယာ မူလေ စသော အဘိသေက ဂါထာတော်များနှင့် ဘုရားဂုဏ်တော်များ (မာရ်နတ်မင်းကို အောင်ပွဲ ခံချိန်တွင် နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတို့ ရွတ်ဆို သီကျူးကြွေးကြော်ခဲ့သော) "ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ" စသော ဥဿေါသနဂါထာများကို ရွတ်ဆိုပူဇော်ကြသည်။

၆။ ထို့နောက် သုနက္ခတ္တံ သုမင်္ဂလံ စသော အာသီသပတ္ထနာ ဂါထာများကို ရွတ်ဆိုပူဇော်ကာ အနေကဇာတင်တော်မူကြသည်။

သံယာတော်များက ရွတ်ဆိုပူဇော်၍ ပြီးဆုံးသောအခါ ဒကာ ဒကာမများက သာဓုသုံးကြိမ် ခေါ်ကြရသည်။ သာဓုခေါ်ပြီးတိုင်း သံယာတော် တစ်ပါးက အသင့်လျှုထားသည့်ပန်း၊ ပေါက်ပေါက်တို့ကို ကြဲ၍ ဘုရားကို ပူဇော်ရသည်။ အနေကဇာ တင်ပြီးသောအခါ အမွှေးနံ့သာ ရေများထည့်ထားသည့် ဖလားထဲသို့ သပြေခက်ကိုနှစ်ကာ "ဇယန္တော ဗောဓိယာ မူလေ" အဘိသိက် ဂါထာရွတ်ဆို၍ အမွှေးနံ့သာ ရေတို့ဖြင့် ပက်ဖျန်း သွန်းလောင်း ပူဇော်ပြီး ဗုဒ္ဓါဘိသေက မင်္ဂလာကို ပြုလုပ်လေ့ ရှိကြသည်။

ဘုရားအနေကဇာတင်ရခြင်းအကျိုး

ဘုရားအနေကဇာတင်ပွဲမှ ရရှိသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် များသည် သံသရာတွင် လူ့ဘုံ နတ်ဘုံ ဟူသော သုဂတိဘုံများသို့ ပို့ဆောင် ပေးနိုင်သည့်အပြင် နိဗ္ဗာန်ရောက်ကြောင်း အထောက် အပံ့ကောင်းများ လည်းဖြစ်သည်။ လက်ရှိဘဝ၌ပင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း၊ အသက် ရှည်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာခြင်း၊ အားခွန်ဗလနှင့် ပြည့်စုံခြင်း၊ ကိုယ်အရည်အသွေး စိုပြည်လှပခြင်းဟူသည့် အကျိုးတရား များကို လည်း ရရှိနိုင်သည်။

ထိုသို့ အကျိုးရှိသောကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဘုရားအနေကဇာ တင်ပွဲကို စဉ်လာမပျက် ယုံကြည်စွာ လိုက်နာဆောင် ရွက်သင့်လှပေသည်။

အိမ်တက်မင်္ဂလာပွဲ

အိမ်တက် မင်္ဂလာပွဲဆိုသည်မှာ ဗုဒ္ဓရှင်တော်မြတ် ဘုရား၏ လမ်းညွှန်တော်မူချက်များ၊ သဘောတူ ခွင့်ပြုတော် မူချက်များအရ လိုက်နာပြုလုပ်သည့် လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာ၊ ယဉ်ကျေးမှု အဖြာဖြာတို့ ဖြစ်ပါသည်။

ယခုတင်ပြမည့် အိမ်တက်မင်္ဂလာပွဲသည်လည်း ရှင်တော်ဗုဒ္ဓ သဘောတူ ခွင့်ပြုတော်မူချက်အရ ပြုလုပ်ကြသည့် မင်္ဂလာပွဲများဖြစ်ရကား ဗုဒ္ဓယဉ်ကျေးမှုပွဲ တစ်ပွဲပင် ဖြစ်ပါသည်။ အိမ်တက်မင်္ဂလာပွဲ ဆိုသည်မှာ အိမ်စသော အဆောက်အအုံ သစ်များကို မတက်ရောက် မနေထိုင်မီ ထိုအဆောက်အအုံ သစ်များ၌ ကြီးပွားချမ်းသာကြောင်း ကောင်းမှုမင်္ဂလာ အပေါင်းကို ကျင်းပပြုလုပ်သော ပွဲမျိုးဖြစ်ပါသည်။

'အိမ်တက်'ဟူသော အသုံးအနှုန်းသည် အိမ်ကို ခေါင်းတပ်၍ ပမာနနည်း၊ ဥပလက္ခဏာနည်း အားဖြင့် ဆိုထားသည့် အသုံးအနှုန်းဖြစ်ရကား ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ၊ ရုံးစသော အဆောက်အအုံသစ်များ အားလုံး၌ ကျင်းပပြုလုပ်ကြသည့် ကျောင်းရေစက်ချပွဲ၊ ကျောင်းသစ်ဖွင့်ပွဲ၊ ဇရပ်၊ ဓမ္မာရုံဖွင့်ပွဲ၊ ရုံးသစ်ဖွင့်ပွဲ စသောပွဲများသည်လည်း ဤအိမ်တက်မင်္ဂလာ ပွဲတွင် အကျုံးဝင်ကြပေသည်။

မြန်မာလူမျိုးတို့၏ အိမ်တက်မင်္ဂလာပွဲ

မြန်မာလူမျိုးတို့သည် များသောအားဖြင့် အိမ်စသော အဆောက်အအုံသစ်များကို ဆောက်လုပ် ပြီးစီးသည့်အခါ ထိုအဆောက်အအုံသစ်များသို့ ရဟန်းသံဃာများကို ပင့်ဖိတ်ကာ ဆွမ်းစသော ခဲဖွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို ဆက်ကပ်ကျွေးမွေးခြင်း၊ လှူဒါန်းဖွယ်ရာ

ပစ္စည်းဝတ္ထု အဖြာဖြာတို့ကို လှူဒါန်းဆက်ကပ်ခြင်း၊ ဘုန်းတော်ကြီးများထံမှ သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသီလတို့ကို ခံယူဆောက်တည်ခြင်း၊ ပရိတ် တရားတော်များကို နာယူခြင်း၊ သတ္တဝါများအား အမျှပေးဝေခြင်း၊ သာဓု အနုမောဒနာပြုခြင်း စသည်ဖြင့် ဒါန သီလ ဘာဝနာ ကောင်းမှုမင်္ဂလာ အဖြာဖြာတို့ကို ယုံယုံကြည်ကြည်ဖြင့် အမြတ်တနိုး ပြုလုပ်လေ့ ရှိကြပေသည်။

ရဟန်း သံဃာတော်များကလည်း ဤကဲ့သို့ မင်္ဂလာ ယူသည့် အခါမျိုး၌ အိမ်သူအိမ်သားများ ချမ်းချမ်းသာသာ မင်္ဂလာရှိရှိ နေထိုင်နိုင်ကြရန် မင်္ဂလသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် စသည့် အန္တရာယ်ကင်း ပရိတ် တရားတော်များကို ရွတ်ဖတ်ချီးမြှင့်ပေးလေ့ ရှိကြပါသည်။ သို့ရာတွင် တစ်ချို့ မိသားစုများမှာ ပစ္စည်းဥစ္စာ လွန်စွာဆင်းရဲကြ၍ ရဟန်းသံဃာများအား ဆွမ်းကပ်ခြင်း၊ ပစ္စည်းဝတ္ထုများကို လှူဒါန်းပူဇော်ခြင်းတို့ကို မပြုနိုင်ရှာကြချေ။ သို့သော် ယုံကြည်မှုသဒ္ဓါကား အပြည့်အဝရှိကြ၏။ အစဉ်အလာကိုလည်း လေးစားကြ၏။

ထို့ကြောင့် ညနေချမ်းတွင် ရဟန်းသံဃာများပင့်၍ အန္တရာယ်ကင်း ပရိတ်တရား နာယူခြင်း စသည်ဖြင့် အိမ်တက်မင်္ဂလာပွဲကို အကျဉ်းချုံး၍ ပြုလုပ်လေ့ရှိကြသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ကား အများအားဖြင့် အစဉ်အလာကို လွန်စွာ လေးစားကြသူများ ဖြစ်ပေသည်။ ဤအိမ်တက်မင်္ဂလာနှင့် စပ်လျဉ်း၍ ဆောက်လုပ်ပြီးစ အဆောက်အအုံသစ်များ၌သာ အိမ်တက်မင်္ဂလာမှုကို ပြုကြသည်မဟုတ်။ အဆောက်အအုံမှာ သစ်သည်ဖြစ်စေ၊ ဟောင်းသည်ဖြစ်စေ မိမိတို့ ပြောင်းရွှေ့ နေထိုင်ကြသည့် အခါ၌ပင် အိမ်တက်မင်္ဂလာမှုကို ပြုလုပ်လေ့ရှိကြလေသည်။

ထီမ်းမြားလက်ထပ်မင်္ဂလာပွဲ

'ဗုဒ္ဓမြတ်စွာ၊ ပွင့်ပေါ်လာ၊ သတ္တဝါအပေါင်း၊ ချမ်းသာကြောင်း' ဆိုသည့် ဗုဒ္ဓဒေသနာတော်နှင့် အညီ လောကသုံးခွင် ဘုံအပြင်၌ မြတ်ဗုဒ္ဓ ဘုရားရှင်တို့ ပွင့်တော်မူလာခြင်းမှာ သတ္တဝါ အစားစားတို့ လောကီ လောကုတ္တရာ ချမ်းသာများ ဖြစ်ပွားပေါ် ပေါက်လာဖို့ရန် အတွက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လောကုတ္တရာချမ်းသာရေး အတွက် သတ္တဝါများ သံသရာမှလွတ်မြောက်ရေး တရားတစ်မျိုးတည်း ကိုသာ ဟောကြား လမ်းညွှန်တော်မူခဲ့သည် မဟုတ်ပါ။

ဘဝသံသရာတစ်ခွင်တွင် ကျင်လည်နေကြရသည့် အခါမှာလည်း သတ္တဝါများ ကြီးပွားချမ်းသာရန်အတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွား ရေး၊ အုပ်ချုပ်ရေးစသည့် လောကကြီးပွားချမ်းသာရေး လမ်းညွှန်တရား များအပြင် လူလူချင်း အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံ နေထိုင်နိုင်ရေး စသည့် လူမှုရေးလမ်းညွှန် တရားများကိုလည်း သိဂီါလောဝါဒသုတ်၊ မင်္ဂလ သုတ်၊ ဝသလသုတ် စသော ထိုထိုသုတ္တန်များတွင် ဟောကြားတော်မူခဲ့ ပါသည်။ အထူးသဖြင့် သုတ်ပါထေယျ ပါဠိတော်၊ သိဂီါလောဝါဒသုတ် တွင် သိဂီါလ သူတို့သားကို အကြောင်းပြုပြီး လူ့ကျင့်ဝတ်တရားများကို ဟောကြား လမ်းညွှန်တော်မူခဲ့ပါသည်။

ထိုလူ့ကျင့်ဝတ်များတွင် -

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"

ဆိုသည့် မိဘများ လိုက်နာ ဆောင်ရွက်ရမည့် မိဘတို့ ကျင့်ဝတ် ငါးပါးလည်း ပါဝင်ပါသည်။

ထိုငါးပါးအနက် "ထိမ်းမြားခြင်းလျှင်" ဆိုသည့် ကျင့်ဝတ်ကာမိဘတို့သည် မိမိတို့သားသမီးများ အချိန်တန် အရွယ် ရောက်လာသည့် အခါ 'ပတိရူပေန ဒါရေန သံယောဇန္တီ' ဆိုသည့် ရှင်တော်ဗုဒ္ဓ၏ လမ်းညွှန်တော်မူချက်အတိုင်း မျိုးရိုးစဉ်လာ ရုပ်ဆင်းအင်္ဂါနှင့် ကိုယ်ကျင့်သီလစသည်တို့သည် သင့်တင့်လျောက်ပတ်သည့် အမျိုးသား အမျိုးသမီးများနှင့် ထိမ်းမြားပေးရမည်ဟု အဓိပ္ပါယ်ရပေသည်။

သို့ဖြစ်၍ ယခုကာလတွင် နှစ်ဖက်သော မိဘတို့ တိုင်ပင်ညှိညွှန်း ပြုလုပ်ကျင်းပကြသည့် ထိမ်းမြားမင်္ဂလာပွဲကား ဗုဒ္ဓရှင်တော်မြတ်ဘုရားညွှန်ကြားတော်မူထားသည့် မိဘတို့ ဝတ္တရားနှင့်အညီ လိုက်နာဆောင်ရွက်ကြသည့် ပွဲဖြစ်သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုပွဲ တစ်ပွဲပင် ဖြစ်ပါသည်။

ထိမ်းမြားမင်္ဂလာဆိုသည်မှာ

ထိမ်းမြားမင်္ဂလာပွဲ ဟူသော ဝေါဟာရ၌ 'ထိမ်း'မှာ ပေါရာဏစကားဟောင်းတစ်ခုဖြစ်၍ မှတ်သားခြင်း၊ စွဲမှတ်ခြင်းဟု အဓိပ္ပါယ်ရသည်၊ 'မြား'ကား အမြိတ်အစွန်းဖြင့် ဆက်သွယ်ခြင်းဟု ဆိုလိုပေသည်။ ထို့ကြောင့် ထိမ်းမြားတစ်ပုဒ်လုံးမှာ သတို့သားနှင့် သတို့သမီးတို့အား တစ်ဦးနှင့်တစ်ဦး အကြင်လင်မယားအဖြစ် စွဲမှတ်ထားစေရန် ဆက်သွယ်ပေးခြင်းဖြစ်သည်ဟု ဆရာကြီးဦးဖိုးလတ်က မြန်မာစာ အဖွင့်ကျမ်းတွင် ရှင်းလင်းထားပါသည်။

ပါဠို အဘိဓာန် ဋီကာ နိဿယကျမ်းပြု ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ ဝေါဟာရတွဲ ပကာသနီကျမ်း၌ကား 'ထိမ်း'ဟူသော ပုဒ်သည် ရည်မှတ်ခြင်း၊ မှန်းထားခြင်း အနက်ရှိသည်ဟု မိန့်ဆိုထားပ်သည်။ မည်သို့ပင် မိန့်ဆိုကြစေကာမူ 'ထိမ်းမြားခြင်း'ဆိုသည်မှာ တာဝန်

ရှိသူ လူကြီးမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ခြင်း မင်္ဂလာဆောင်ခြင်း စုလျားရစ်ပတ်ခြင်း ပင် ဖြစ်ပါသည်။

မင်္ဂလာ ဆိုသည်မှာ တိုးတက်ကြီးပွားကြောင်း၊ ပြည့်စုံကြောင်း ကောင်းသော လုပ်ငန်းဟု အဓိပ္ပာယ်ရသည်။ တစ်နည်းအားဖြင့် တင့်တင့်တယ်တယ်ရှိမှု၊ ကျက်သရေရှိမှုကိုလည်း မင်္ဂလာဟု ခေါ်ဆိုပါသည်။ ထိမ်းမြားခြင်း အမှုကို ပြုရာ၌ သတို့သား သတို့သမီး နှစ်ဦးစလုံးတို့မှာ ရှုမြင်ကြရသည့် မင်္ဂလာပရိသတ်များအဖို့ နှစ်သက်စဖွယ် တင့်တင့်တယ်တယ် ရှိကြသည်။ ကျက်သရေမင်္ဂလာရှိကြသည်။ နှစ်ဖက်သော မိဘဆွေမျိုး မိတ်သင်္ဂဟများထံမှ လက်ဖွဲ့မင်္ဂလာများကို ရရှိ၍ တိုးတက်လာကြသည်။ ထို့ကြောင့် ရှေးပညာရှင်ကြီးများက ထိမ်းမြားခြင်းကို မင်္ဂလာတစ်ပါးဟု သတ်မှတ်ကာ "ထိမ်းမြားမင်္ဂလာ"ဟု ခေါ်ဝေါ် သမုတ်ခဲ့ကြခြင်းဖြစ်ပေသည်။

ထိမ်းမြားမင်္ဂလာနှင့် လောကလူ့ဘောင်

လူ့ဘောင် လူ့လောကတွင် မြောက်ကျွန်းသူ မြောက်ကျွန်းသားများမှတစ်ပါး အခြားကျွန်းများတွင် အမျိုးသားနှင့် အမျိုးသမီးတို့ အိမ်ရာတည်ထောင်၍ ပေါင်းသင်းနေထိုင်ကြခြင်းသည် ကမ္ဘာဦးကာလ ကပင် ရှိခဲ့သော ကမ္ဘာ့နိယာမ အစဉ်အလာကြီးတစ်ခုပင် ဖြစ်ပါသည်။ သို့ရာတွင် သက်ဆိုင်ရာ မိဘတို့က သားသမီးတို့အား ထိမ်းမြားမင်္ဂလာ ပြုလုပ်ပေးခြင်း မလေ့ကား လူသားတို့ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလာချိန်ရောက်မှပင် စတင်ပေါ်ပေါက်လာခဲ့သည်ဟု ယူဆရပေသည်။

သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်တို့ ပွင့်ပေါ်တော်မူလာ၍ လူ့ကျင့်ဝတ်များကို ဟောကြားသည့်အခါ၌မူ မိဘနှစ်ပါးတို့ ဧကန်လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ်ငါးပါးတွင် 'ထိမ်းမြားပေးရခြင်း' မင်္ဂလာကို ကျင့်ဝတ်တစ်ပါးအဖြစ် သတ်မှတ် ဟောကြားတော်မူခဲ့ပေသည်။

ရှေးဟောင်း လောကီပညာရှင်ကြီးများကလည်း လောကီရေးဌ်ကြီးပွားတိုးတက်မည့် မင်္ဂလာနိမိတ်ကိုယူ၍ ပဋိသန္ဓေ တည်နေခြင်း (ဂဗ္ဘဝါသ)မင်္ဂလာ၊ ဖွားမြင်ခြင်း (ဝိဇာတ) မင်္ဂလာ၊ ခေါင်းဆေးကင်ပွန်းတပ်ခြင်း(သိရောဒက)မင်္ဂလာ၊ ဆံချခြင်း(ကေသစ္ဆေဒန)မင်္ဂလာ၊ ပုခက်တင်ခြင်း(ဒေါဠာကရဏ)မင်္ဂလာ၊ နာမည်မှည့်ခြင်း(နာမကရဏ)မင်္ဂလာ စသည်ဖြင့် ပဋိသန္ဓေနေချိန်မှစ၍ အိမ်ထောင်ပြုသည်အထိ လောကီမင်္ဂလာ ၁၂ ပါးတို့ကို သတ်မှတ်ပြုလုပ်ခဲ့ကြရာ ထိမ်းမြားခြင်း (အာဝါဟ ဝိဝါဟ)မင်္ဂလာလည်း တစ်ပါး ပါဝင်ခဲ့ပေသည်။

ထိုမင်္ဂလာ ၁၂-ပါးတွင် ထိမ်းမြားခြင်း မင်္ဂလာကား လောကလူ့ဘောင်တွင် အရေးအကြီးဆုံးနှင့် အကျယ်ဝန်းဆုံး မင်္ဂလာ ဖြစ်သကဲ့သို့ ကိစ္စအများဆုံး၊ ပြဿနာအပေါ်ဆုံး မင်္ဂလာ တစ်ပါးလည်း ဖြစ်သည်။ ထို့ကြောင့် ယဉ်ကျေးမှု တိုးတက်လာသော ခေတ်တွင် နိုင်ငံအုပ်ချုပ်သူများသည် လက်ထပ်ထိမ်းမြားခြင်းကိစ္စ၌ ပြဿနာများ မပေါ်ပေါက်နိုင်စေရန် ဓလေ့ထုံးတမ်း တရားဥပဒေများကို ပြဋ္ဌာန်းလာကြရပေသည်။

ဥပမာ - မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေများ၌ လက်ထပ်ထိမ်းမြားခြင်း ကိစ္စတွင် လက်ထပ်မည့် ယောကျ်ားနှင့် မိန်းမသည် အသက်အရွယ်အားဖြင့်လည်းကောင်း၊ စိတ်အသိဉာဏ် အားဖြင့်လည်းကောင်း အရွယ်ရောက် ပြည့်စုံသူများ ဖြစ်ရမည်။ စိတ်ပေါ့ ရူးသွပ်သူများ မဖြစ်စေရ။ ထိမ်းမြား လက်ထပ်မည့် ယောကျ်ားနှင့် မိန်းမ သည် ဆွေမျိုးရင်းချာများ မဖြစ်စေရ။ လက်ထပ်မည့် အမျိုးသမီးတွင် တရားဝင်အိမ်ထောင် မရှိစေရ စသည်တို့ ဖြစ်ပါသည်။

ထိမ်းမြားခြင်း (၁၀)မျိုး

ထိုထိမ်းမြားခြင်း မင်္ဂလာနှင့် ပတ်သက်၍ ရှေးရှေးခေတ် လောကီပညာရှင်ကြီးများက ထိမ်းမြားခြင်း ဆယ်မျိုးကို သတ်မှတ်ပိုင်းခြား စီမံထားခဲ့ကြပါသည်။ ထိုဆယ်ပါးမှာ -

၁။ ပုဆိုးတန်းတင် ထိမ်းမြားခြင်း၊
၂။ လက်ဆုံစား၍ ထိမ်းမြားခြင်း၊
၃။ လက်စွပ်လဲ၍ ထိမ်းမြားခြင်း၊
၄။ အဝတ်လဲ၍ ထိမ်းမြားခြင်း၊
၅။ လက်ထပ်၍ ထိမ်းမြားခြင်း၊
၆။ ဒါလီဖွဲ့၍ ထိမ်းမြားခြင်း၊
၇။ စုလျားရစ်ပတ်၍ ထိမ်းမြားခြင်း၊
၈။ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်း၊
၉။ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်း၊
၁၀။ ဦးထိပ်၌ ရေစက်သွန်းချ၍ ထိမ်းမြားခြင်းတို့ဖြစ်ပါသည်။

ထိုဆယ်ပါးတွင် -

၁။ ပုဆိုးတန်းတင် ထိမ်းမြားခြင်းမှာ သတို့သား သတို့သမီး နှစ်ဦးတို့သည် ပရိသတ်အလယ်သို့ ကန်တော့ မထွက်တော့ဘဲ မိမိတို့ဘာသာ လွတ်လပ်စွာနေပြီးလျှင် သူတို့သမီး၏ အခန်းအတွင်းရှိ ကြိုးတန်း ကြိမ်တန်းတို့တွင် သတို့သား၏ ပုဆိုးအစရှိသည်တို့ကို တင်၍ထိမ်းမြားခြင်း။

၂။ လက်ဆုံစား၍ ထိမ်းမြားခြင်းမှာ ထမင်း၊ သို့မဟုတ် ကောက်ညှင်း မုန့်ပဲ လက်ဖက်တို့ကို သတို့သား သတို့သမီး နှစ်ဦးတို့ လက်ဆုံစားစေ၍ ထိမ်းမြားခြင်း။

၃။ လက်စွပ်လဲ၍ ထိမ်းမြားခြင်းမှာ သတို့သား၏ လက်စွပ်ကို သတို့သမီးသို့၊ သတို့သမီး၏ လက်စွပ်ကို သူတို့သားသို့ အချင်းချင်း လဲလှယ်ဝတ်စေ၍ ထိမ်းမြားခြင်း။

၄။ အဝတ်လဲ၍ ထိမ်းမြားခြင်းမှာ သတို့သားသည် သတို့သမီးအိမ်သို့အရောက်တွင် သတို့သမီး၏ ဆွေမျိုးတစ်စုက ရေချိုးပေး၍ အဝတ်၊ ပုဆိုးအသစ်တို့ကို ထုတ်ပေး လဲလှယ်စေ၍ထိမ်းမြားခြင်း။

၅။ လက်ထပ်၍ ထိမ်းမြားခြင်းမှာ သတို့သမီး၏ လက်ယာလက်ဖဝါးကို ဖြန့်ခံထား၍ သတို့သား၏ လက်ယာ လက်ဖဝါးကို အပေါ်က တင်စေပြီးလျှင် ထိမ်းမြားခြင်းဖြစ်၏။ အဓိပ္ပါယ်မှာ ရွှေနှစ်ပြားကို တစ်ပြားတည်း ဂဟေစပ်ဘိသကဲ့သို့ နှစ်ကိုယ်တွင် တစ်ကိုယ်တည်း၊ နှစ်စိတ်တွင် တစ်စိတ်တည်း ဖြစ်စေသတည်းဟူသော အထိမ်းအမှတ်ဖြင့် ထိမ်းမြားခြင်းဖြစ်သည်။ (သတို့သား၏ လက်ယာလက်ဖဝါးကို ဖြန့်ခံထားစေ၍ သတို့သမီး၏ လက်ယာလက်ကို ထည့်ပြီးလျှင် ထိမ်းမြားရာ၏ဟု အဆိုရှိလေသည်။ ဤနည်း၏ သာဓကကို ထောက်ရှု၍ ဘုရားအလောင်း ဝေဿန္တရာဘဝတွင် သိကြားမင်း ပုဏ္ဏားကမယ်မဒ္ဒီကို အလှူခံရာ ပုဏ္ဏား၏ ဖြန့်ခံထားသော လက်ယာလက်ဖဝါးထဲသို့ မယ်မဒ္ဒီ၏ လက်ယာလက်ကိုကိုင်၍ ထည့်လှူလိုက်ခြင်းဖြစ်သည်။)

၆။ ဒါလီဖွဲ့၍ ထိမ်းမြားခြင်းမှာ ကွင်းလိုက် လေးတောင်ခန့်ရှိသော ရွှေကြိုးတစ်ကုံးကို သတို့သား သတို့သမီး နှစ်ဦးတို့၏ လည်ဝယ် ကွင်းလိုက်စွပ်၍ ထိမ်းမြားခြင်း။

၇။ စုလျားရစ်ပတ်၍ ထိမ်းမြားခြင်းမှာ သတို့သမီး ကိုယ်ဝယ် လွှမ်းခြုံထားသော ဖြန့်လိုက်လျှင် အနံနှစ်တောင် အလျားခြောက်

တောင်ခန့်ရှိသော ပဝါကို စုလျားတဘက်ဟူ၍ ခေါ်လေသည်။ ထိုစုလျားတဘက်ဖြင့် သတို့သား သတို့သမီး နှစ်ဦးတို့ကို ရစ်ပတ်ဖွဲ့၍ ထိမ်းမြားခြင်း။

၈။ ပန်းကုံးစွပ်၍ ထိမ်းမြားခြင်းမှာ သတို့သား၌ ပန်းကုံးတစ်ကုံး၊ သတို့သမီး၌ ပန်းကုံးတစ်ကုံး ရှေးဦးစွာ သတို့သမီးက သတို့သားကို ပန်းကုံးစွပ်၍ တစ်ဖန် သတို့သားက သတို့သမီးသို့ ပန်းကုံးစွပ်ပြီးလျှင် ထိမ်းမြားခြင်း။

၉။ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်းမှာ လက်ယာရစ် ခရုသင်း၊ သို့မဟုတ် ရွှေ၊ ငွေ ဖန် စသော ရေခွက်တစ်ခုခုထဲသို့ သတို့သား သတို့သမီး နှစ်ဦးတို့၏ လက်ယာ လက်များကို ချထားစေ၍ ထိမ်းမြားခြင်း။

၁၀။ ဦးထိပ်၌ ငွေစင်သွန်း၍ ထိမ်းမြားခြင်းမှာ လက်ယာရစ် ခရုသင်း၊ သို့မဟုတ် ရွှေ၊ ငွေ၊ ဖန်စသော ရေခွက်ထဲသို့ နဝရတ်ကိုးပါး နှင့် နံ့သာမျိုးငါးပါးရည်တို့ကို ထည့်၍ သပြေညွှန့်ကိုစိုက်ပြီးလျှင် သတို့သား သတို့သမီး နှစ်ဦးတို့၏ ဦးထိပ်၌ သွန်းလောင်း၍ ထိမ်းမြားခြင်းဟူ၍ ဆယ်ပါးဖြစ်ပေသည်။

ထိုဆယ်မျိုးတွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ကြွရောက်လာကြသည့် မင်္ဂလာပရိသတ် ဗိုလ်ပုံအလယ်၌ အတင့်တယ်ဆုံး၊ အယဉ်ကျေးဆုံး ထိမ်မြားခြင်းမှာ 'သြဒပတ္တာကိန်' ခေါ် ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်းပင်ဖြစ်သည်။ ထို သြဒပတ္တာကိန်ခေါ် ထိမ်းမြားခြင်းကား ရေဖလားကြီး တစ်လုံးထဲသို့ သတို့သား သတို့သမီး နှစ်ဦးစလုံး၏ လက်တစ်ဖက်စီကို ချစေပြီး 'ဤဖလားထဲကရေသည် မကွဲမပြား တစ်သားတည်း တည်နေသလို၊ သင်တို့ဇနီးမောင်နှံလည်း မကွဲမပြား တည်နေကြပါစေ' ဟု ထိမ်းမြား

ပေးသူက (၀၊) ဘိသိက်ဆရာက ပြောဆို၍ ထိမ်းမြားခြင်းမျိုးတည်းဟု ပါရာဇိကဏ်အဋ္ဌကထာ၊ ဒု-၁၄ ၌ ဖွင့်ပြထားပါသည်။

ယခုခေတ်၌ ကျင်းပပြုလုပ်နေကြသည့် ထိမ်းမြားမင်္ဂလာပွဲများကို ကြည့်လျှင် အထက်ပါ ထိမ်းမြားခြင်း ဆယ်မျိုးတွင် တစ်မျိုးတည်းသာ မဟုတ်ဘဲ နှစ်မျိုး သုံးမျိုး စသည်ရောနှော၍ ထိမ်းမြားနေကြသည်ကို လွဲလာ တွေ့ရှိရပေသည်။ အချို့ မင်္ဂလာပွဲများတွင် ရေဖလားကြီး တစ်ခုထဲ၌ ရွှေနှစ်ပြားကို တစ်ပြားတည်း ဂဟေစပ်ဘိသကဲ့သို့ သတို့သမီး၏ လက်ယာ လက်ဖဝါးကို ဖြန့်ထား၍ သတို့သား၏ လက်ယာ လက်ဖဝါးကို အပေါ်က ထပ်ပြီးမှ လက်ထပ်ပေးသူက အထက်ပါအတိုင်းဆို၍ ထိမ်းမြားပေးလေ့ရှိကြသည်။ ထို ထိမ်းမြားမင်္ဂလာပွဲကား ထိမ်းမြားခြင်း ဆယ်မျိုးတွင် လက်ထပ် ထိမ်းမြားခြင်းနှင့် ဩဒပတ္တကိန် ခေါ် ရေခွက်၌ လက်စုံချ၍ ထိမ်းမြားခြင်း နှစ်မျိုးတို့ကို ရောနှောပြုလုပ်သော ထိမ်းမြားမင်္ဂလာပွဲတည်း။

တစ်ချို့ မင်္ဂလာပွဲများ၌မူ သတို့သား သတို့သမီးတို့၏ ထပ်ထား သည့်လက်များကို စုလျားခေါ် ပဝါငယ်ဖြင့် ရစ်ပတ်လျက် စုလျားရစ်ပတ် ထိမ်းမြားခြင်းမျိုးကိုပါ ထည့်စွက်၍ ထိမ်းမြားခြင်း သုံးမျိုးတို့ဖြင့် လက်ထပ် ထိမ်းမြားလေ့ ရှိကြပါသည်။ အချို့ကား သတို့သား သတို့သမီးများအား စံပယ်ပန်းကုံးများ စွပ်၍လည်းကောင်း၊ ကွင်းလိုက် လေးတောင်ခန့်ရှိသော ရွှေကြိုးကုံးကြီး သို့မဟုတ် စံပယ်ကုံးကြီးကို သတို့သား သတို့သမီးနှစ်ဦး လုံး၏ လည်၌ကွင်းလိုက်စွပ်၍လည်းကောင်း၊ ပန်းကုံးစွပ် ထိမ်းမြားခြင်း၊ ဒါလီဖွဲ့၍ ထိမ်းမြားခြင်းတို့ကိုပါ ရောနှောပြီး ထိမ်းမြားခြင်း လေးမျိုးငါးမျိုး တို့ဖြင့် ထိမ်းမြားမင်္ဂလာပွဲ ကျင်းပပြုလုပ်လေ့ ရှိကြသည်ကို တွေ့ရပေသည်။

ထိမ်းမြားမင်္ဂလာပွဲသုံးမျိုး

အထက်ပါ ထိမ်းမြားခြင်း ၁၀-မျိုးဌိလည်း ထိမ်းမြားမင်္ဂလာပွဲ ကျင်းပပြုလုပ်ရာဌာန၊ (၀၂) သတို့သမီး ဆောင်ယူရာဌာနကို အကြောင်းပြု၍ -

(၁) အာဝါဟမင်္ဂလာ၊
(၂) ဝိဝါဟမင်္ဂလာ၊
(၃) စရုမင်္ဂလာ

ဟူ၍ သုံးမျိုးသုံးစား ကွဲပြားသွားပေသည်။

ထိုတွင် အာဝါဟမင်္ဂလာ ဆိုသည်မှာ သတို့သမီးကို သတို့သား အိမ်သို့ ခေါ်ဆောင်ကာ သတို့သားအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာပွဲဖြစ်သည်။

သတို့သမီးအိမ်၌ မင်္ဂလာပွဲကျင်းပပြုလုပ်ပြီး သတို့သမီးကို သတို့သားအိမ်သို့ ပို့ဆောင်သော မင်္ဂလာပွဲကို ဝိဝါဟမင်္ဂလာဟုခေါ်သည်။

ဤနှစ်မျိုးမှာ ပါရာဇိကဏ် အဋ္ဌကထာ စသော ကျမ်းဂန်များ၌ လာရှိ၍ စရုမင်္ဂလာမှာ ပညာရှိများ နောက်ထပ် ထည့်သွင်းထားသော ထိမ်းမြားမင်္ဂလာဖြစ်သည်။

မိမိတို့ နေရာအိမ်မှတစ်ပါး ကြီးကြယ်ခမ်းနားသော ဟိုတယ် စသည့် အဆောက်အအုံကြီးများ၌ ကျင်းပပြုလုပ်သည့် ထိမ်းမြားမင်္ဂလာပွဲမျိုးကို စရုမင်္ဂလာ ဟုခေါ်ပါသည်။

ဓနုစပ်ကြောင်းလမ်း မင်္ဂလာပွဲ

ထို ထိမ်းမြားမင်္ဂလာပွဲကို မကျင်းပ မပြုလုပ်မီ ထိုမင်္ဂလာပွဲနှင့် ပတ်သက်၍ ပဏာမအနေဖြင့် ပြုလုပ်သည့် ရှေ့ပြေး မင်္ဂလာပွဲ တစ်ပွဲ

ရှိပါသေးသည်။ ထိုရှေ့ပြေးမင်္ဂလာပွဲကို စေ့စပ်ကြောင်းလမ်းပွဲဟု ခေါ်ကြသည်။ မြန်မာလူမျိုးတို့ကမူ ထိုပွဲကို စေ့စပ်ပွဲ၊ ကြောင်းလမ်းပွဲ၊ မြန်းပွဲဟု အမျိုးမျိုး ခေါ်ဝေါ်ကြသည်။ ထိုပွဲငယ်ကား ထိမ်းမြား မင်္ဂလာပွဲကြီးကို အဆင်ပြေပြေ မင်္ဂလာရှိရှိဖြင့် ထမြောက်အောင်မြင်စွာ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် နှစ်ဦးနှစ်ဖက် တိုင်ပင်စေ့စပ်ကြပြီး ထိမ်းမြားမင်္ဂလာပွဲကြီး ကျင်းပရေး အစီအစဉ်ကို ကြိုတင် စီစဉ်ကြသည့်ပွဲပင် ဖြစ်ပါသည်။

ထို စေ့စပ်ကြောင်းလမ်းသည့် ပွဲတွင် ထိမ်းမြားမင်္ဂလာပွဲ အခမ်းအနား ကျင်းပမည့်နေရာ နေ့ရက် အချိန်နာရီ စသည့် အစီအစဉ်များကို နှစ်ဖက်သော မိဘဆွေမျိုးတို့ တိုင်ပင် စီစဉ်လေ့ရှိကြပါသည်။ ထိုစေ့စပ်ကြောင်းလမ်းပွဲသည် မင်္ဂလာပွဲကြီး ထမြောက်အောင်မြင် ပြီးစီးရေးအတွက် စီစဉ်ကြခြင်း ဖြစ်ရာ ကောင်းမွန်သောလုပ်ငန်း ဖြစ်သောကြောင့် ထိုစေ့စပ်ကြောင်းလမ်းပွဲကိုလည်း မင်္ဂလာပွဲ ဟုပင် ခေါ်ဆိုနိုင်ပါသည်။ ထိုစေ့စပ်ကြောင်းလမ်းပွဲကား ယခုခေတ်မှ ပေါ်လာသည့် မင်္ဂလာပွဲ မဟုတ်ပါချေ။ ဗုဒ္ဓမြတ်စွာ မပွင့်လာမီ လောကလူသားတို့ ယဉ်ကျေးလာသည့် အချိန်ကပင် ထိမ်းမြားမင်္ဂလာပွဲနှင့် အတူ စတင် ပေါ်ပေါက်ခဲ့ဟန်ရှိပေသည်။

ဘုရားလက်ထက်က စေ့စပ်ပွဲ

ဗုဒ္ဓကျမ်းဂန်များ၌ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူချိန်က စေ့စပ်ကြောင်းလမ်းပွဲ တစ်ပွဲကို တွေ့ရှိရပါသည်။ သာဝတ္ထိမြို့ရှိ မိန်းကလေး နေအိမ်၌ ကျင်းပပြုလုပ်ကြသည့် စေ့စပ်ကြောင်းလမ်းပွဲဖြစ်သည်။ သာဝတ္ထိမြို့သူ ကလေးတစ်ဦးကို တောသူငှေးသား တစ်ယောက်နှင့် လက်ထပ်ထိမ်းမြားရန်အတွက် နှစ်ဖက်သော မိဘဆွေမျိုးများသည် နေ့ကောင်းရက်ကောင်း ရွေးချယ်ကြပြီး ထိမ်းမြားမင်္ဂလာပွဲ ကျင်းပမည့်နေ့ရက်ကို ထိုစေ့စပ်ကြောင်းလမ်းပွဲတွင် သတ်မှတ်လိုက်ကြပါသည်။

ထိုသို့ ရွေးချယ်သတ်မှတ်ပြီးမှ သတို့သား၏ မိဘများသည် သူတို့ကိုးကွယ်သည့် တိတ္ထိရဟန်းကြီး ထံမှောက်သို့ သွားရောက်ကြ၍ သတ်မှတ်ထားသည့်ရက် ကောင်းမကောင်းကို မေးမြန်း လျှောက်ထားကြသည်။ ထိုအခါရဟန်းကြီးက 'သူတို့ ငါ့ကို အရင်မမေးဘဲ ရက်ရွေးပြီးမှ လာမေးကြတယ်၊ ဒီမင်္ဂလာပွဲကို မပျက်ပျက်အောင် ငါဖျက်မယ်'လို့ မကောင်းကြံပြီး -

"မင်းတို့ ရွေးထားတဲ့ရက်ဟာ နက္ခတ်မကောင်းဘူး၊ မင်္ဂလာမှုကို မပြုကြနဲ့၊ ပြုရင် အားလုံးပျက်စီးကြလိမ့်မယ်၊ ငါပေးတဲ့ရက်မှာ လုပ်ကြ" ဟု ရက်ရွေး အခါပေးလိုက်လေသည်။

သတို့သားမိဘများသည် ရဟန်းကြီး၏ ဟောပြောချက်ကို ယုံကြည်ကြပြီး သတ်မှတ်ထားခဲ့သည့်နေ့တွင် သာဝတ္ထိမြို့သို့ မင်္ဂလာဆောင်မသွားကြတော့ချေ။ ထိုနေ့တွင် သတို့သမီးအိမ်၌ မင်္ဂလာဆောင် အခမ်းအနားကိစ္စအဝဝကို အဆင်သင့် ပြုလုပ် ပြင်ဆင်ထားလေရာ အချိန်ကုန်သည်အထိ သတို့သား ပေါ်မလာသဖြင့် အခြားသင့်လျော်ရာ သာဝတ္ထိမြို့သားဘစ်ဦးနှင့် လက်ထပ်ထိမ်းမြားလိုက်ရလေတော့သည်။

နောက်တစ်နေ့တွင် သတို့သားဘက်က ရောက်လာကြကာ သတို့သားမှာ အလာကောင်းသော်လည်း အခါနှောင်းသဖြင့် ဇနီးလောင်းကို လက်လွတ်သွားရရှာပေသည်။ ထိုဇာတ်လမ်းကို အကြောင်းပြု၍ ဗုဒ္ဓရှင်ဒေတာ်မြတ်ဘုရားက-

"မိုက်မဲသော သတို့သားသည် နက္ခတ်ကို ယုံကြည်၍ နက္ခတ်ကောင်းကို စောင့်မျှော်ခဲ့သည့်အတွက် သတို့သမီးရမှုဟူသော အကျိုးတရားကို လက်လွတ်သွားရရှာပေပြီ။ အကျိုးရမှု အကျိုးပြီးစီးမှုသည်သာ လူတိုင်းအဖို့ နက္ခတ်ကောင်း ဖြစ်လေသည်။ ကောင်းကင်တွင် သွားနေသည့် နက္ခတ်က မည်သည့်အကျိုးတရားကိုမျှ ဖြစ်ပွားပေါ်ပေါက်အောင် မပြုလုပ်နိုင်"

ဟူ၍ ဟောကြားတော်မူခဲ့ရာ ရက်ရာဇာ၊ ပြဿဒါး ရွေးဘူများ သတိထားစရာ ကောင်းလှပေသည်။ သို့သော် မင်္ဂလာကိစ္စ ပြုသည့်အခါ၌ ဖြစ်စေ၊ စီးပွား ရေးစသော လုပ်ငန်းတစ်ခုခုကို ရွက်ဆောင်ကြရာ၌ ဖြစ်စေ၊ ဗေဒင်ပညာအရ ပြဿဒါးရက်၊ ဝါရမိတ္တာရက်များကို ရှောင်ရှားကြ၍ အမြိတ္တာစုတ်ရက်၊ ရက်ရာဇာစသော ရက်ကောင်း နေ့ကောင်းများ၌သာ ဆောင်ရွက်ပြုလုပ်ခြင်းဓလေ့သည် မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးမှု အစဉ်အလာ တစ်ခုကဲ့သို့ ဖြစ်နေပေသည်။

ထို့ကြောင့် ထိမ်းမြားမင်္ဂလာ ပွဲများကို ကျင်းပ ပြုလုပ်ကြသည့် အခါ၌ ဗေဒင်ပညာအရ 'ဝါ၊ ဝါ၊ တော်၊ တော်၊ ပြာ၊ ပေါင်းခေါ်၊ ခြောက်ဖော် မပေါင်းရ' ဆိုသကဲ့သို့ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပေါင်းလတို့၌ ထိမ်းမြားမင်္ဂလာပွဲ ကျင်းပခြင်းတို့ကို အများအားဖြင့် ရှောင်ရှားလေ့ရှိကြသည်။

ထိုသို့ ရှောင်ရှားကြခြင်းမှာ -

"ဝါဆို၊ ဝါခေါင် ထိမ်းလျှင်လ၊ သေကိန်းပ ဆွေကြင်ဖော်၊
ခေါင်းပါးစွာ တော်သလင်းနှင့်၊ သားပုတ္တာ ခြွေရံကင်းပါလိမ့်၊
ကွင်းရှောင်ကြ လနတ်တော်။
ပြာသိုမှာ ဥစ္စာ ယွင်းပါလို့၊ ကွေကွင်းကြ တပေါင်းနော်၊
မလျော်တဲ့ ခြောက်လ။
ကြွင်းမာသေ၊ ထိမ်းမြားပါလေတော့၊ ရံခြွေရွှေ ဆန်စပါး
ရယ်တို့၊ ပေါများ ကုံလုံလို့၊ လူ့ဘောင်မှာ အိုအောင်ပေါင်း
ရမယ်ကွယ် ကျောင်းကြီးအစ်မ"

ဆိုသည့် ဗေဒင်လင်္ကာအရ အပြစ်များ ဖြစ်တတ်သည်ဟု လက်ခံယုံကြည်ထားကြသောကြောင့် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ အိမ်ထောင်ရေးတရား

ဘဒ္ဒိယမြို့အနီး မြတ်လေးတောဌ် ဗုဒ္ဓရှင်တော်ဘုရား သီတင်းသုံးနေတော်မူသည့် အချိန်က ဖြစ်ပါသည်။

မေဏ္ဍကသူဌေးကြီး၏ မြေးဖြစ်သည့် ဘဒ္ဒိယမြို့သား ဥဂ္ဂဟသူဌေးကြီးသည် နက်ဖြန်နံနက် သူ့အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် ဗုဒ္ဓမြတ်စွာကို သွားပင့်ခဲ့သည်။

နောက်တစ်နေ့ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ မြတ်စွာဘုရားကို- "ရှင်တော်မြတ်ဘုရား။ ။ ဘုရားတပည့်တော်ရဲ့ ဒီသမီးပျိုကလေးများဟာ မကြာမီ ခင်ပွန်းသည်များရဲ့ အိမ်သို့ အသီးသီး လိုက်ပါသွားကြရမှာ ဖြစ်ပါသည်။ ဒီကလေးမများ အဓွန့်ရှည်စွာ ကြီးပွားချမ်းသာနိုင်ရန် ဆုံးမစကားမိန့်ကြားတော်မူပါဘုရား"ဟု လျှောက်ထားပါသည်။ ထိုအခါ ရှင်တော်ဗုဒ္ဓက -

၁။ အိမ်ရှင်မဆိုသည်မှာ ခင်ပွန်းသည်၏နောက်မှ အိပ်ရာဝင်ပြီး၊ ခင်ပွန်းသည် အိပ်ရာက မထမီ ထရသည်။ ခင်ပွန်းသည်အား လုပ်ပေးစေချင်သည့်အရာ မေးမြန်းပြီး ကျေနပ်အောင် လုပ်ကိုင်ပြုစုပေးရမည်။ ခင်ပွန်းသည်ကို ချီးသာယဉ်ကျေးစွာ ဆက်ဆံပြောဆိုရမည်။

၂။ ခင်ပွန်းသည် လေးစားသည့် မိဘ ဆရာသမားများနှင့် ရဟန်းတော်များကို ရိုသေလေးစားရမည်။ ရှိခိုးပူဇော်ရမည်။ ဧည့်သည်များကို နေရာထိုင်ခင်းပေးပြီး ကျွေးမွေး ဧည့်ခံရမည်။

၃။ ချက်ပြုတ်မှု၊ ချုပ်လုပ်မှု စသည့်အိမ်တွင်းမှု လုပ်ငန်းများကို ကိုယ်တိုင် ကျွမ်းကျင် တတ်မြောက်ပြီး စိမံခန့်ခွဲတတ်ရမည်။

၄။ အိမ်တွင်းရှိ အလုပ်သမားများ အလုပ် လုပ်၊ မလုပ်ကို အမြဲသိနေရမည့်အပြင် အလုပ်သမားများ၏ ကျန်းမာရေးနှင့် အခကြေးငွေ

အပြည့်အစုံ ရ၊ မရကိုလည်း သိရှိနေရမည်။ မျှတမှုရှိစေရန် စီမံခန့်ခွဲပေးရမည်။

၅။ ခင်ပွန်းသည် ပေးအပ်လာသည့် ဥစ္စာပစ္စည်းများကို လုံခြုံအောင် ထိန်းသိမ်းတတ်ရမည်။ 'စီးတဲ့ရေ ဆယ်တဲ့ကန်သင်း' ဆိုသကဲ့သို့ မကုန်သင့်သည်ကို မကုန်အောင် စီမံတတ်ရမည့်အပြင် အပျော်အပါး လိုက်စားခြင်းစသည့် ပစ္စည်းဥစ္စာ ဆုတ်ယုတ်ကြောင်း အမှုမျိုးကိုလည်း ရှောင်ကြဉ်ရမည်။

စသော ဩဝါဒငါးချက်ကို ဟောကြားဆုံးမတော်မူပါသည်။

ဤအိမ်ထောင်ရေး တရားကား အမျိုးသမီးများအား ဆုံးမသော တရားဖြစ်၍ အမျိုးသားများအတွက် မပါခြင်းဖြစ်ပါသည်။ အမျိုးသားများအတွက် သိဂါလောဝါဒသုတ်၌ ဟောကြားတော်မူထားပါသည်။

အသုဘရှုပွားပုံ

အသုဘ ကမ္မဋ္ဌာန်းကို သူသေကောင်၌သာ ရှုမှတ်စီးဖြန်းနိုင်သည် မဟုတ်၊ အသက်ရှင်နေဆဲတွင် ဖောယောင်နေသူ၊ အနာမှ ပြည်တစိုစို ယိုထွက်နေသူ၊ နီတွေးတွေးသွေးများ ယိုထွက်နေသူ ဖြူဖွေးသော သွားများ ပေါ်ထွက်နေသူ အစရှိသူတို့၌လည်း ရှုမှတ်စီးဖြန်းနိုင်သည်။ ရှုမှတ်ပုံမှာ-

"သူသေကောင်သည် စက်ဆုပ်ရွံရှာဖွယ် ဖြစ်သကဲ့သို့ အသက်ရှင်ဆဲ ဤခန္ဓာကိုယ်သည်လည်း မတင့်မတယ် စက်ဆုပ်ရွံရှာဖွယ်ရှိ၏။ အဆင်တန်ဆာ အမျိုးမျိုးဖြင့် လှပတင့်တယ် နှစ်သက်ဖွယ်ကောင်းအောင် ဖုံးလွှမ်း ဆင်ယင်ထားသောကြောင့်သာ နှစ်သက်ဖွယ်ဟု ထင်မှတ်မှားနေကြခြင်းဖြစ်သည်။ ဤခန္ဓာကိုယ်ကား စုံစွတ်သော အရေထူ အရေပါးတို့ဖြင့် ဖုံးလွှမ်းထားသော အသားစိုင်၊ အကြောစု၊ အရိုးစုတို့သာ ဖြစ်ချေ၏။ ပိုး အမျိုးမျိုးတို့၏ ကိန်းအောင်းရာ၊ ရောဂါ အမျိုးမျိုးတို့၏ တည်ရာ၊ ဆင်းရဲ

ဒုက္ခ အမိုးမိုးတို့၏ မှီတွယ်ရာဖြစ်၏။ ဒါရကိုးပေါက်နှင့် မွေးညှင်းပေါက်များစွာ တို့မှ ယိုစီးထွက်ကျသော ကျင်ကြီး ကျင်ငယ်၊ နှပ်၊ တံတွေး၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး အစရှိသည်တို့သည် စက်ဆုပ် ရွံရှာဖွယ်များ ဖြစ်သကဲ့သို့ ယိုစီးထွက်ကျခြင်း မရှိသေးသော ခန္ဓာကိုယ်အတွင်းရှိ ကျင်ကြီး ကျင်ငယ် နှပ်၊ တံတွေး၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး စသည်တို့သည်လည်း စက်ဆုပ်ရွံရှာဖွယ်များသာ ဖြစ်ချေ၏။ ဤခန္ဓာကိုယ်ကြီးကို သုတ်သင်ပြုပြင် ဆင်ယင်ခြယ်သခြင်း မရှိပါက မင်းစိုးရာဇာ သူတောင်းစား၊ သူဌေး၊ ဆင်းရဲသား မဟူ မည်သူမဆို အားလုံး စက်ဆုပ် ရွံရှာဖွယ်ချည်းပါတကား။ ဤခန္ဓာကိုယ်ကြီး၏ အတွင်းသားများကို နွားသေကို အရေဆုတ်ခွာသကဲ့သို့ အပြင်ကို ထုတ်ပြထားပါက ခွေး ကျီး စသည်တို့ မလာအောင် တုတ်ကိုင်စောင့်ရမည်သာ ဖြစ်၏။" ဤသို့ စသည်ဖြင့် ရှုမှတ်စီးဖြန်းရမည်။

မည်သူမဆို ခန္ဓာကိုယ်မှာ အညစ်အကြေးများ သုတ်သင်ရသောအခါ ဆေးကြောပေးရသောအခါ၊ ကျင်ကြီးကျင်ငယ် စွန့်သောအခါ စသည်တို့၌ မိမိခန္ဓာကိုယ်ကြီး၏ ဒါရကိုးပေါက်မှ ယိုစီးထွက်ကျပုံ၊ အသုဘသဘောကို တရှုတရိုက်မျှ နှလုံးသွင်း ဆင်ခြင်မိလျှင်ပင် များစွာ အကျိုးရှိပေသည်။

'အသုဘတစ်ခေါက် ကျောင်းဆယ်ခေါက်' ဟူသော ဆိုထုံးအရ အသုဘပို့တတ် မသာပို့တတ်အောင်လည်း ကြိုးစားကြရာ၏။

ရှုမှတ်စီးဖြန်းခြင်း၏ အကျိုး

ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ဤအသုဘကမ္မဋ္ဌာန်းကို စနစ်တကျ ရှုမှတ်ပွားများလျှင် -

(၁) လောကီ စျာန်သမာပတ်များကို ရရှိခြင်း

(၂) မဂ် ဖိုလ် တရားထူးကို ရရှိခြင်း ဟူသော အကျိုးအာနိသင်များကို မျက်မှောက်ဘဝ၌ပင် ရရှိခံစားရမည် ဖြစ်သည်။

ဆွမ်းသွတ်တရားနာယူပွဲ

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဆွမ်းမျိုး မိဘ သားသမီးများ ကွယ်လွန် အနိစ္စ ရောက်သွားသည့် အခါတိုင်း အသုဘ ရုပ်အလောင်း အိမ်၌ရှိနေစဉ်အခါ၌ဖြစ်စေ ကွယ်လွန်ပြီး ခုနစ်ရက်မြောက် သည့် နေ့၌ဖြစ်စေ ဆွမ်းသွတ်တရားနာယူပွဲများကို ကျင်းပပြုလုပ်လေ့ ရှိသည်။

တစ်ဦးတစ်ယောက် ကွယ်လွန်လျှင် သံဃာတော်ကို ပင့်၍ ဆွမ်းဘောဇဉ်များကို ကွယ်လွန်သူအတွက် ရည်မှန်းလှူဒါန်းပြီး ရေစက်ချ အမျှဝေလေ့ ရှိသည်။ အသက်ပျောက်ဆွမ်း၊ သက်ပျောက်ဆွမ်းသွတ်ဟု ခေါ်လေ့ရှိကြသည်။ ဆွမ်းပွဲစဉ်ဟု ခေါ်သည်။

ကွယ်လွန်သူကို သုဿာန်သို့ ပို့ဆောင်သင်္ဂြိဟ်သောအခါ ဆွမ်းမျိုး၊ မိဘ၊ ရုပ်နိုးရုပ်ဝေး၊ မိတ်ဆွေတို့သည် အသုဘဘာဝနာပွား၍ အမျှဝေကာ သခ်ၤိုင်းသို့ လိုက်ပါပို့ဆောင်ကြသည်။ တတ်နိုင်သလောက် သံဃာတော် တို့ကို ပင့်ဖိတ်၍ သရဏာဂုံတင် ရေစက်ချ အမျှပေးဝေပြီး မြွတ်နှံသင်္ဂြိဟ် လိုက်ကြသည်။ ထိုနေ့ မနက်ဘက် သပိတ်သွတ်ခြင်းကို မြေချဆွမ်းသွတ်ပွဲ ဟုခေါ်ပြီး ပရိသတ်များကိုလည်း ကျွေးမွေးလေ့ရှိသည်။ ခုနစ်ရက်မြောက် နေ့၌မူ တတ်နိုင်သလောက် သံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ် သပိတ်သွတ်ကြပြန်သည်။ ရက်လည်ဆွမ်း၊ ရက်လည် သပိတ်သွတ် ဟု ခေါ်သည်။ သပိတ်ထဲသို့ ဆွမ်းများ ထည့်ပြီး ဆွမ်းဟင်းများကို ချိုင့်များဖြင့် ထည့်ကာ လှူဒါန်းကြသဖြင့် သပိတ်သွတ် ဆွမ်းအလှူဟု ခေါ်ခဲ့ကြသည်။ ကွယ်လွန်သူကို ရည်စူး၍ အမည်ကို ထုတ်ဖော်ကာ ရေစက်ချ အမျှဝေ ရသည်။

တစ်လမြောက် ဆွမ်းသွတ်အလှူကို လလည်ဆွမ်းသွတ်၊ တစ်နှစ် ပြည့်၍ လှူဒါန်းသော အလှူကို တစ်နှစ်ပြည့်ဆွမ်းသွတ်၊ နှစ်ပတ်လည်

ဆွမ်းသွတ် စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ သားသမီးတို့ ဝတ္တရားတွင် "လျှူမျှဝေ၍" ဟုပါရှိသဖြင့် ကွယ်လွန်သူ မိဘ အဘိုးဘွားစသော ဆွေဟောင်းမျိုးဟောင်းတို့အား ရည်မှန်းလျှူဒါန်း အမျှဝေရခြင်းသည် ကျန်ရစ်သူ သားသမီးတို့အတွက် မလွဲမသွေ ဆောင်ရွက်ရမြဲ ဝတ်တစ်ခုအဖြစ် လက်ခံထားကြသဖြင့် မိမိတို့အင်အားအလိုက် လျှူဒါန်းအမျှဝေကြလေသည်။

သီလရှိသော ရဟန်း သံဃာတော်တို့အား သေသူကို ရည်မှန်း၍ လျှူဒါန်းခြင်း၊ အမျှပေးခြင်းသည် သေဆုံးသူတို့ ပြိတ္တာဘဝသို့ ရောက်နေပါက ကောင်းကျိုးသုခ ခံစားရစေသည်။ ထိုဒါနအကျိုးကို ပြိတ္တာတို့ သုံးဆောင်ခံစားရ၏။ ဆွေမျိုး ပြိတ္တာတို့ကို ရည်ညွှန်း၍ ကုသိုလ်ပြု အမျှပေးဝေခြင်းကြောင့် ဆွေမျိုးပြိတ္တာတို့သည် ပြိတ္တာဘဝမှလွတ်၍ နတ်ပြည်လောကသို့ ရောက်ကြရလေ၏ဟု မြတ်စွာဘုရား ဟောကြားတော်မူထားသဖြင့် သေသူရည်မှန်း လျှူဒါန်းအမျှဝေမှုသည် ကောင်းမြတ်သော အစဉ်အလာတစ်ခုပင်ဖြစ်၏။

ရည်မှန်းလျှူလျှင် သေသူရနိုင်

မြတ်စွာဘုရားသည် ပါဝါပြည် ရွှေပန်းထိမ်သည်သား စုန္ဒ၏ ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် ဇာဏုဿောဏိ ပုဏ္ဏားကြီးရောက်လာပြီး ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထား၏။

"အရှင် ဂေါတမ . . . တပည့်တော်တို့ ပုဏ္ဏားများသည် သေဆုံးသူတို့ကို ရည်မှန်းပြီး အလှူဒါန ပြုကြပါသည်။ ထိုအလှူဒါနသည် တပည့်တော်တို့ ရည်မှန်းသည့်အတိုင်း သေသူဆွေမျိုးများထံ ရောက်ပါသလား၊ သေသူဆွေမျိုးတို့သည် ထိုအလှူဒါနကို သုံးဆောင်ကြရပါသလား"

" ပုဏ္ဏားကြီး. . . သေဆုံးသွားသူ ဆွေမျိုးများသည် ငရဲသား၊ တိရစ္ဆာန်၊ လူ၊ နတ် ဖြစ်သွားသော် သေဆုံးသူကို ရည်မှန်း၍ လျှူဒါန်းသည့် အလှူ၏အကျိုးကို မခံစားရပေ။ ထိုအလှူသည် သေဆုံးသူဆွေမျိုးများထံ

သို့ မရောက်ရှိပေ။ သေဆုံးသူ ဆွေမျိုးများသည် ပြိတ္တာဖြစ်မှသာ ထိုပြိတ္တာထံသို့ ထိုအလှူဒါန ရောက်ရှိနိုင်သည်။ ထိုအလှူဒါန၏ အကျိုးကို ရရှိခံစားနိုင်သည်။ သေဆုံးသူ ပြိတ္တာမဖြစ်လျှင် သံသရာဘဝများမှာ ရှည်လျားလှသည် ဖြစ်သောကြောင့် ထိုအလှူ၏ အကျိုးကို ဘဝဟောင်း ဘဝပေါင်းများစွာက ဆွေဟောင်း မျိုးဟောင်းပြိတ္တာတို့ ခံစားရပေသည်။ အကယ်၍ ဆွေဟောင်း မျိုးဟောင်းပြိတ္တာတို့ အကျိုးမခံစားရစေကာမူ ထိုကုသိုလ်ဒါနသည် အလှူရှင်အား ရောက်ရာဘဝတွင် မွန်မြတ်သည့် အစားအသောက် အသုံးအဆောင် စသည်တို့ကို ရရှိ ခံစားနိုင်ပေသည်"ဟု မြတ်စွာဘုရားက ဖြကြားတော်မူလေသည်။ ပြိတ္တာလေးမျိုးတို့ အနက် ပရဒတ္တူပဇီဝိတပြိတ္တာ မျိုး(ပြိတ္တာ တစ္ဆေ သရဲ)တွင် ဖြစ်မှသာ အကျိုးခံစားခွင့် ရှိသည်။ အလှူခံ ပုဂ္ဂိုလ်တို့ သီလစင်ကြယ်မှသာ ရည်ညွှန်းလှူဒါန်း အမျှပေးဝေမှုသည် အကျိုး တရား ကြီးမားသည်။

အလှူခံသီလရှိမှ အကျိုးခံစားရ

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်သည် ခမည်းတော်ကို လုပ်ကြံပြီးနောက် စိတ်မချွင်ပြ အိပ်မရဖြစ်နေစဉ် ကောင်းကင်၌ ပြိတ္တာတစ်ဦးသွားသည်ကို တွေ့ရ၍ ဘုရင်က လှမ်း၍မေးရာ ဗာရာဏသီရှိ သမီးထံသွား၍ ရည်ညွှန်း လှူဒါန်းသော ကုသိုလ်အဖို့ကို သွားယူမည့် အကြောင်းပြန်ပြောသည်။ အပြန်တွင် သူ့ထံဝင်ရန် ဘုရင်က မှာလိုက်သည်။ အပြန်တွင် ဘုရင့်ထံဝင်၍ ပြိတ္တာကြီးက ပြောသည်မှာ "သီလမရှိသော ဒုဿီလ ပုဏ္ဏားတို့ကို လှူဒါန်းပြီး အမျှဝေသောကြောင့် ထိုအလှူ၏ အကျိုးကို မခံစားခဲ့ရပါ။ ဘုရားအမျှူးရှိသော သံဃာတော်တို့အား သူ့ကို ရည်မှန်း၍ လှူဒါန်းပေးပြီး အမျှဝေပါ"ဟု တောင်းပန်သည်။ အဇာတသတ်မင်းသည် ဘုရားအမျှူးရှိသော သံဃာတော်တို့အား လှူဒါန်းအမျှဝေရာ ထိုပြိတ္တာကြီး ကျွတ်လွတ်၍ နတ်ဘဝသို့ ရောက်သွားခဲ့သည်။

ထို့အတူပင် ဝဗုမာန အရပ်၌နေသော မုဆိုးတစ်ဦးသည် ကွယ်လွန်သူ ဆွေမျိုးပြိတ္တာတို့အား ရည်စူး၍ အလှူဒါနပြုရာ သုံးကြိမ်တိုင်တိုင် သီလမရှိသည့် ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းမိလေသည်။ ထိုအခါ "ဒုဿီလ ပုဂ္ဂိုလ်ကြီးက ငါ့ဟာတွေ လုယူထားတယ်"ဟု ပြိတ္တာကြီးက ဟစ်အော်လေသည်။ ထိုအော်သံကြားမှ မုဆိုးကြီးသည် သတိရပြီး အကျင့်သီလနှင့် ပြည့်စုံသော သီလဝန္တ ရဟန်းတော်အား ပင့်၍ လှူဒါန်းအမျှဝေသည်နှင့် တစ်ပြိုင်နက် ပြိတ္တာသည် အကျိုးခံစားခွင့် ရရှိသွားလေသည်။

ဖုဿ ဘုရားရှင် လက်ထက် ညီတော်မင်းသား သုံးဦးတို့သည် ဘုရားရှင်အား ဝါတွင်းသုံးလ ပတ်လုံး ဆွမ်းကပ် လှူဒါန်းကြသည်။ မိမိတို့ကိုယ်တိုင် ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်လျက် ဘဏ္ဍာစိုးတစ်ယောက်ကို တာဝန်ယူ ချက်ပြုတ်စေ၏။ ဘဏ္ဍာစိုး၏ ဆွေမျိုးများသည် ချက်ပြုတ်ရေး တာဝန်ကို ယူကြ၏။ ဆွေမျိုး အချို့တို့သည် ဘုရား သံဃာအား ကပ်မည့် ဆွမ်းဟင်းများကို တိတ်တဆိတ် ယူထားကြကုန်၏။ ထိုဘဝမှ စုတေသည် ရှိသော် ငရဲ၌ဖြစ်ကုန်၏။ ကဿပ ဘုရားလက်ထက်တွင် ငရဲမှလွတ်၍ ပြိတ္တာ ဖြစ်လာကြကုန်၏။ လွန်စွာ ဆင်းရဲငတ်မွတ်ကုန်၏။ ကဿပ ဘုရားရှင်အား လျှောက်ထားရာ ဂေါတမ ဗုဒ္ဓလက်ထက် ဗိမ္ဗိသာရမင်းကြီး အလှူပြု အမျှဝေမှ ဝလင်စွာ စားသောက် ရမည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန် ကျောင်းတော်ကြီးကို လှူဒါန်းကာ ရေစက်ချ၏။ ပြိတ္တာတို့လည်း မိမိတို့ကို အမျှဝေလိမ့်မည်ဟု တွေးကြံကြပြီး မြို့တံတိုင်းအနီးသို့ စုဝေးရောက်လာကုန်၏။ မင်းကြီးမှာ အမျှမပေးဝေသဖြင့် ပြိတ္တာတို့သည် စိတ်ပျက်အား လျော့ကာ ညအချိန်တွင် နန်းတော်သို့ဝင်ပြီး ခြောက်လှန့်ကုန်၏။ မြတ်စွာ ဘုရားကို လျှောက်ထားရာ အဖြစ်မှန်ကို သိရ၍ ထပ်မံဆွမ်းကျွေးပြီး အမျှ ဝေလေသည်။ ထိုအခါမှ ပြိတ္တာတို့ သာဓုခေါ်၍ နတ်အစားအစာများက

စားသုံးရသည်။ သို့ရာတွင် မင်းကြီးလှူဒါန်းရာ၌ အဝတ် သင်္ကန်း မပါသဖြင့် ဆွမျိုးပြိတ္တာတို့ အဝတ်အစား မဝတ်ရသေးကြောင်း မင်းကြီးအား ပြန်ပြော ကြသောအခါ မင်းကြီးသည် နောက်တစ်နေ့၌ သံဃာတော်တို့အား ပင့်ဖိတ် ဆွမ်းကျွေးပြီး သင်္ကန်းများ ပေးလှူကာ အမျှဝေ၍ သာဓုခေါ်သော အခါမှ နတ်ဝတ်တန်ဆာတို့ကို ရရှိသွားလေသည်။ သို့ဖြစ်၍ သီလရှိသူ ရဟန်း တော်တို့အား သေသူကို ရည်မှန်း၍ လှူဒါန်းအမျှဝေ ဆွမ်းသွတ်တရား နာယူမှုကို ပြုလုပ်သင့်ပေသည်။

သေသူရည်မှန်း၍ လှူဒါန်းသော ဆွမ်းသွတ်အလှူ၌ ရဟန်း သံဃာတော်များအား ပုဂ္ဂိုလ်ကို မရည်မှန်းဘဲ သံဃာအများကို ရည်မှန်း၍ လှူဒါန်း ဆက်ကပ်ရမည်။ ထိုသူ ကြားသိအောင် အမည်ကိုခေါ်၍ "သင့် အတွက် စားဖွယ်သောက်ဖွယ်၊ အဝတ်အထည်များကို သံဃာတော်များ အား လှူဒါန်းပြီး ဖြစ်သည်။ ထိုကုသိုလ်အဖို့ကို ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ပါ"ဟု ၃ ကြိမ်အမျှဝေရမည်။

အခန်း(၇)

အတုယူဖွယ်ရာ ဇာတ်တော်ကြီးများ

တေမိယဇာတ်တော်ကြီး

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ကာသိတိုင်း၌ ကာသိကရာဇ်မင်းကြီးမင်းပြု၏။ ထိုမင်းကြီးသည် မင်းကျင့်တရားနှင့်ပြည့်စုံ၏။ မဒ္ဒရာဇ်တိုင်း သာဂလပြည် မဒ္ဒရာဇ်မင်း၏သမီးတော် စန္ဒာဒေဝီမှာ မိဖုရားခေါင်ကြီးဖြစ်၏။ သားသမီးမထွန်းကားသဖြင့် မျိုးဆက်မပြတ်ရေးအတွက် ပြည်သူတို့ကတောင်းဆိုကြသည်။ မိဖုရားကြီးသည် ဥပုသ်သီလစောင့်ထိန်းပြီး မိမိ၏သီလကို အာရုံပြုဆင်ခြင်ကာ ဘုန်းကံရှင် သားထူးရရေးအတွက် ဆုတောင်း၏။ မိဖုရားကြီး၏ သီလတန်ခိုးကြောင့် ဘုရားအလောင်းနတ်သား သည် တာဝတိံသာနတ်ပြည်မှစုတေကာ မိဖုရားကြီးဝမ်း၌ သန္ဓေတည်လာ၏။ ဘုရားအလောင်းနတ်သားမှာ နတ်မဖြစ်မီဘဝက ဗာရာဏသီမင်းဖြစ်ခဲ့၏။ အနှစ်(၂၀)လုံးလုံး သုစရိုက်တရားများ မကျင့်သုံးဘဲ အကုသိုလ်မှုအပြုများခဲ့သောကြောင့် ဥဿဒငရဲငယ်၌ လူတို့အရေအတွက်အားဖြင့် အနှစ်ရှစ်သောင်း ငရဲဒုက္ခခံခဲ့ရသူဖြစ်သည်။ ငရဲမှလွတ်သောအခါ တာဝတိံသာဝယ် နတ်စည်းစိမ်ခံစားပြီး သက်တမ်းစေ့လျှင် အထက်နတ်ပြည် ယာမာဘုံသို့ ပြောင်းရွှေ့ရန် ရည်သန်ထားသော်လည်း လူ့ပြည်သွား၍ ပါရမီဖြည့်ရန် သိကြားမင်း၏တောင်းပန်မှုကြောင့် လူ့ပြည်၌ ပဋိသန္ဓေယူလာခဲ့ခြင်း ဖြစ်သည်။ အလောင်းတော်နတ်သား၏ အခြံအရံနတ်သား ငါးရာလည်း နတ်သက်ချွေကာ ဘုရင်ကြီး၏ မှူးမတ်သားများအဖြစ် သန္ဓေယူလာကြကုန်၏။

ကိုးလလွယ်ဆယ်လစေ့သော် ဘုရားအလောင်းမင်းသားနှင့်အတူ အမတ်သားငါးရာတို့ပါ ဖွားဖက်တော်များအဖြစ် မွေးဖွားလာကြ၏။ ဘုရင်

ကြီးသည် မင်းသားနှင့် ဖွားဖက်တော်တို့အား နို့ထိန်းများပေးအပ်ပြီး ကြီးကျယ်စွာထား၏။ ဘုရားအလောင်း မင်းသားကိုလည်း တေမိယမင်းသားဟု အမည်မှည့်၏။ စကြဝတေးမင်း ဖြစ်ထိုက်သော ရုပ်လက္ခဏာနှင့်ပြည့်စုံ၏။

တစ်နေ့တွင် ဘုရားလောင်းတေမိယ မင်းသားလေးသည် ထီးဖြူ အုပ်မိုးထားသော မြပုခက်၌ မှေးစက်နေစဉ် တတိယဘဝ ဘုရင်ဖြစ်စဉ် အကုသိုလ်ပြုမိခဲ့သဖြင့် ငရဲ၌ဖြစ်ကာ ဒုက္ခကြီးစွာခံစားခဲ့ရပုံကို ဇာတိဿရ ဉာဏ်ဖြင့် အောက်မေ့တွေ့ရှိရသဖြင့် ယခုဘဝထပ်မံ၍ ဘုရင်ဖြစ်ရန် အရေးတွေးမိကာ ကြောက်ရွံ့ထိတ်လန့်သွား၏။ ဘုရင်မဖြစ်ရန် မည်ကဲ့သို့ ကျင့်ဆောင်ရပါမည်နည်းဟု တွေးတောကြံဆနေစဉ် ဘဝဟောင်းက မယ်တော်ဖြစ်ခဲ့ဖူးသော ထီးချက်စောင့်နတ်သမီး ကိုယ်ထင်ပြလာပြီး ဘုရင်မဖြစ်လိုလျှင် အကောင်းပကတိဘဝမှ ဆွံ့,ချင်ယောင် အ,ချင် ယောင် နားမကြား,ချင်ယောင်ဆောင်၍နေပါ။ မင်းကြီးက အနုံ အအ မဂ်လာ ကျက်သရေမရှိသူထင်ပြီး စွန့်ပစ်မှ တောထွက်၍ ရဟန်းပြုပါဟု အကြံပြု၏။ ထိုနေ့မှစ၍ တေမိယမင်းသားသည် ကျန်းမာသန်စွမ်းသူ အဖြစ်မှ သူဆွံ့၊ သူအ၊ သူပင်းယောင်ဆောင်ကာ မိမိ၏ရည်မှန်းချက် အမိဋ္ဌာန်အောင်ရေးအတွက် မလှုပ်မယှက်နေလေတော့သည်။ မည်သည့် အခက်အခဲ မည်မျှဆင်းရဲပါစေ ကျော်လွှားဖြတ်သန်းပြီး ရှင်ရဟန်းပြုရန် အမိဋ္ဌာန်လေသည်။

ထိုနေ့မှစ၍ တေမိယမင်းသားသည် နို့ဆာ၍ငိုကြွေးခြင်း၊ ချော့မြူ၍ ရယ်မောခြင်း၊ အဝတ်သစ်ဝတ်ဆင်ပေး နံ့သာလိမ်းခြယ်ပေး၍ ပျော်ရွှင် ဝမ်းသာခြင်း စသည့်အမူအရာများကို မပြတော့ဘဲ သူဆွံ့ သူအ, ပမာ မလှုပ်မယှက် နေလေသည်ကို မယ်တော်ကြီးသိသွားသဖြင့် နည်းမျိုးစုံဖြင့် စမ်းသပ်သော်လည်း အမူအရာ မပြောင်းသောကြောင့် ခမည်းတော် မင်းကြီးထံ သံတော်ဦးတင်လေသည်။

အလိုစမ်းကြခြင်း

ခမည်းတော် မယ်တော်တို့သည် တစ်နှစ်သားအရွယ် လူငယ်တို့ ခုံမင် မက်မောတတ်သော မုန့်ခဲဘွယ် ဘောဇဉ် အရသာမျိုးစုံတို့ဖြင့် ဖြားယောင်း သွေးဆောင် စမ်းသပ်ကြ၏။ တေမိယမင်းသားလေးမှာ အပါယ် ဒုက္ခ ကြောက်ရွံ့လှသဖြင့် ဘုရင် မဖြစ်ရန် သည်းခံ၍ အဓိဋ္ဌာန် ပါရမီဖြည့်ခဲ့သည်။

မင်းသား(၂)နှစ်သားအရွယ်ရောက်သောအခါ (၂)နှစ်သားတို့ ကြိုက်တတ်သော သစ်သီးမျိုးစုံ ချိုချဉ်ရသာရှိသော သရက်, ပိန္နဲ, နရွဲ, သစ်မည်စည်, တည်, လွန်, သစ်ကြား စားသောက်ဖွယ် အသီးမျိုးစုံနှင့် ချော့တခါ ခြောက်တလှည့် စမ်းပြန်၏။ တစ်နှစ်လုံး နည်းမျိုးစုံသုံးသော်လည်း အဓိဋ္ဌာန်ပါရမီ မပျက်ခဲ့ပေ။

မင်းသားငယ် (၃)နှစ်သားရောက်လတ်သော် သုံးနှစ်သားတို့ နှစ်သက်တတ်သော ဆင်ရုပ်, မြင်းရုပ်, ဆိတ်ရုပ်, ကြက်ရုပ်စသည့် အရုပ်မျိုးစုံတို့နှင့် အလိုစမ်းပါသော်လည်း ပါရမီရှင်မင်းသားကို အဓိဋ္ဌာန် ပျက်ပြားအောင် မလုပ်နိုင်ခဲ့ပေ။

(၄)နှစ်သားဖြစ်လာသောအခါ လေးနှစ်သားတို့ခုံမင်တတ်သော ထမင်း, ခဲဖွယ်, အဖျော်ယမကာ ဟင်းမျိုးစုံ ကြော် ချက် ဖုတ်ကင်၍ အလို စမ်းပြန်သော်လည်း အချိန်သာကုန်သည် အလိုမပြည့်ခဲ့ကြပေ။

(၅)နှစ်အရွယ် ကလေးငယ်တို့သည် မီးအရှိန်ကို မခံစားဝံ့ ကြောက်ရွံ့တတ်သည်ဟု ဆိုကာ တေမိယမင်းသားနေရာ ပတ်ဝန်းကျင်ကို ပြင်ဆင်၍ မီးရှို့ကြကုန်၏။ ဘုရားအလောင်းသည် မီးရှိန်ကြောင့် တုန်လှုပ်မှု မရှိ၊ အဓိဋ္ဌာန် ပါရမီကို မြဲမြံစွာ စောင့်ထိန်းနိုင်ခဲ့လေသည်။

(၆)နှစ်သို့ရောက်သောအခါ အမုန်ယစ်သောဆင်ကို ရှေးရှု မောင်းနှင်၍ ရွံ့ကြောက် ထိတ်လန့်အောင် စမ်းကြပြန်၏။ တုန်လှုပ်မှုမရ

သည်းခံအနိုင်ယူခဲ့ပြန်သည်။ (၇)နှစ်သို့ရောက်သောအခါ မြွေနှင့်စမ်းပြန်၏။ (၈)နှစ်သို့ရောက်သောအခါ ပွဲလမ်းသဘင်ဖြင့် အလိုစမ်းပြန်၏။

(၉)နှစ် သို့ရောက်သောအခါ သန်လျက်ဓားဖြင့် ထိုးခုတ်မည့်ဟန် အလိုစမ်းသော် လည်း မအောင်မြင်ခဲ့ပေ။

(၁၀)နှစ်ရောက်သောအခါ နားကောင်းသလားဟုသိရန် ခရုသင်း မှုတ်၍ အလိုစမ်းကြပြန်၏။ အချည်းနှီးပင်။

(၁၂)နှစ်သားအရွယ်တွင် စည်ကြီးတီး၍ အလိုစမ်းသော်လည်း မရခဲ့ပေ။

(၁၃)နှစ်သားအရွယ်တွင် ဆီမီးမျိုးစုံဖြင့် စမ်းပြန်၏။

(၁၄)နှစ်သား ရောက်လျှင် တကိုယ်လုံး တင်လဲရည်သုတ်လိမ်း၍ ထား၏။ ခြင် ယင်ရဲတို့ ဝိုင်းအုံကိုက်ခံရသော်လည်း အဓိဌာန်ပါရမီ မပျက်ခဲ့ပေ။

(၁၅)နှစ်သားအရွယ်တွင် အလှအပ အမွှေးအကြိုင် ကြိုက်တတ် သည်ဟုဆိုကာ ရေချိုးမပေး။ မစင် ကျင်ကြီး ကျင်ငယ်လိမ်းကျံကာ အလို စမ်းသော်လည်း သည်းခံ ကျော်လွှားနိုင်ခဲ့သည်။

(၁၆)နှစ်သား အရွယ် ရောက်သော် သလွန်ပေါ်တွင်ထားပြီး အောက်က မီးမယပ်ဖျူးထားပြီး မီးခိုး မီးပူတိုက်ကြကုန်၏။ ထိုသည့် ဒဏ်ကိုသည်းခံပြီး အဓိဌာန်ပါရမီဖြည့်ခဲ့သည်။ မီးတိုက်၍ အလိုစမ်းသော် လည်း မတုန်မလှုပ်နေသော ဘုရား အလောင်းမင်းသားကို ခမည်းတော် မယ်တော်တို့သည် သနားစဖွယ် ငိုယို တောင်းပန်ကြကုန်၏။ အလောင်း တော်မြတ်ကား အဓိဌာန်မဖျက် ဆက်လက် ဆောင်ရွက်လေသည်။

(၁၇)နှစ်အရွယ် ရောက်သောအခါ အမျိုးသမီး လှကညာများစွာ ရွေးထုတ်၍ ကာမဂုဏ်အမျိုးမျိုးဖြင့် ဖြားယောင်းပြန်၏။ အဆင်း အနံ့ အရသာ အတွေ့အထိမျိုးစုံဖြင့် မည်မျှပင်ဖြားယောင်းပါသော်လည်း စိတ်နှလုံး ကြံ့ကြံ့ခံ၍ အဓိဌာန်ကိုမဖျက် အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပြန်သည်။

သုဿာန်ထုတ် မြေမြှုပ်ရန်အကြံပေး

ဘုရားအလောင်း တေမိယမင်းသားသည် အကုသိုလ်ပွား ငရဲလားစေတတ်သည့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်ရန် ကြောက်ရွံ့သဖြင့် ဆွံ့အသူပမာ အဓိဋ္ဌာန်ပါရမီကို သည်းခံဖြည့်ကျင့်ခဲ့သည်။ အသက်အရွယ်(၁၇)နှစ်ထိ နည်းမျိုးစုံစမ်းသပ်သော်လည်း မလှုပ်မယှက် သူအ အသွင် မြင်ရသဖြင့် ဘုရင်ကြီးသည် အမတ်ကြီးတို့နှင့်တိုင်ပင်၏။ ကျက်သရေမရှိ။ သူအ တစ်ယောက်ကို နန်းတော်ထဲကြာရှည်ထားလျှင် ပျက်စီးကိန်းရှိပါသည်ဟု ပုဏ္ဏားတို့၏စကားကိုလက်ခံပြီး သားတော်တေမိယမင်းသားအား နန်းတော်မှ ထုတ်၍ သုသာန်တစပြင်၌ မြေမြှုပ်သတ်ရန် စီမံလေသည်။

ထိုစကားကို မိဖုရားခေါင်ကြီးကြားသော် မွေးဖွားခါစပေးခဲ့သော ဘုရင့်ထံမှ ဆုလာဘ်စကားအတိုင်း (၇)ရက် ထီးနန်းအမွေတောင်းခံသဖြင့် (၇)ရက် မင်းဝတ်စားဆင်မြန်းပြီး ထီးနန်းစိုးစံရ၏။ တေမိယကမူ မလှုပ်။ ထီးနန်းအပ်ပြီးနောက် မယ်တော်ကြီးသည် တေမိယမင်းသားအား စကားပြောရန် (၆)ရက်ပတ်လုံး ငိုယိုတောင်းပန်၏။ မင်းပြုရမည့်ဘေးကို ကြောက်ရွံ့သဖြင့် မယ်တော်ကို သနားလှသော်လည်း စကားမပြောဘဲ အဓိဋ္ဌာန်ပါရမီဖြည့်ခဲ့သည်။

(၇)ရက်မြောက်နေ့တွင် တေမိယမင်းသားအား သုသာန်ထုတ်၍ မြေမြှုပ်သတ်ရန် အမိန့်ချပြီး ရထားထိန်းသုနန္ဒလက်သို့ အပ်လိုက်သည်။ မယ်တော်ကြီးမှာ လူးလှိမ့်ငိုကြွေးနေစဉ်မှာပင် ရထားထိန်းလည်း မင်းသားကိုမြို့ပြင်သို့ထုတ်ပြီး သုသာန်သို့ရောက်လျှင် အဝတ်တန်ဆာတို့ကိုဖြုတ်ယူကာ မင်းသားကိုထားခဲ့လျက် မြေမြှုပ်သတ်ရန် တွင်းတူးနေ၏။ ဘုရားအလောင်းလည်း မိမိ၏အားအင်ကို လှုပ်ရှား စမ်းသပ်ကြည့်ပြီး ရထားပေါ်မှဆင်းကာ တွင်းတူးနေသော ရထားထိန်းထံသွား၍ ဘာလုပ်နေသလဲဟု မေး၏။ ထို့နောက် ရထားထိန်းကို တရားဟောပြ၏။ ရထားထိန်းက

ပြည်တော်သို့ပြန်၍ မင်းပြုပါရုန် အဖန်ဖန် တောင်းပန်သော်လည်း မိမိသည် မင်းအဖြစ် စိုးစံရန် စက်ဆုပ်သောကြောင့် ဆွံအ,နားပင်းဟန်ဆောင်ခဲ့ကြောင်း ရှင်းပြ၏။ ရထားထိန်းသည် နေပြည်တော်သို့ အလျင်အမြန်ပြန်ပြီး ထိုအကြောင်းကို ခမည်းတော် မယ်တော်တို့အား လျှောက်ထား၏။ ရထားထိန်းထွက်သွားချိန်မှာ တေမိယမင်းသားသည် ရသေ့ရဟန်းပြုလေတော့၏။ ရဟန်းအဖြစ်သို့ရောက်ပြီး ကမ္မဋ္ဌာန်းတရား ပွားများသောအခါ မကြာမြင့်မီပင် စျာန်သမာပတ် အဘိညာဉ်တို့ကိုရလေသည်။

သုနန္ဒရထားထိန်း၏ လျှောက်တင်သံကို ကြားရသောအခါ ခမည်းတော် မယ်တော်တို့သည် ခရီးလမ်းကိုပြုပြင်တန်ဆာဆင်ပြီး အခြွေအရံများနှင့်တကွ သားတော်ရှိရာသို့ လိုက်ပါလာကြကုန်၏။ သားတော် တေမိယရသေ့လေးကို တွေ့လေလျှင် ထီးနန်းစံရန် တောင်းပန်ကြကုန်၏။ တေမိယရသေ့လေးက တရားဟောပြသဖြင့် အံ့ဩဝမ်းသာကြည်ညိုစွာဖြင့် ချီးမွမ်းပူဇော်ကြကုန်၏။ တေမိယရသေ့၏ တရားစကားကြောင့် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရခြင်း၏ ကြောက်မက်ဖွယ်ရာကို သဘောပေါက်ကြပြီး ခမည်းတော် မယ်တော်နှင့် ပရိသတ်တို့ ရသေ့ရဟန်း ပြုကြလေသည်။ ထို သတင်းကို ဗာရာဏသီပြည်သားတို့ကြားရလျှင် လူ့ဘောင်လူလောက၏ ကြောက်မက်ဖွယ်ရာကို သဘောပေါက်ကြပြီး ရွှေငွေရတနာဥစ္စာစည်းစိမ် တို့ကို စွန့်လွှတ်ပြီး အားလုံးရဟန်းပြုကြလေသည်။

ဗာရာဏသီမင်းနှင့် ပြည်သူတို့ ရဟန်းပြုကြကြောင်းကို အနီးရှိသာမန္တရာဇမင်းကြားလျှင် နိုင်ငံပြည်ရွာကိုသိမ်းရန် ချီတက်လာ၏။ ဗာရာဏသီ ပြည်သားတို့ စွန့်ပစ်ထားသော ဥစ္စာဘဏ္ဍာတို့ကိုမြင်လျှင် ပညာဉာဏ်ဖြင့် ဆင်ခြင်ကာ တရားစကားကို တစ်ဆင့်ကြားနာရသဖြင့် ဘုရားလောင်းထံ မေးမြန်းလိုက်ပါသွားပြီး ထပ်ဆင့်တရားနာရသောအခါ အားလုံးရဟန်းပြုကြလေသည်။ ခုနှစ်ပြည်ထောင်သောမင်းနှင့် ပြည်သူ

တို့သည် ဆင့်ကဲဆင့်ကဲ တရားနာရသဖြင့် အားလုံးတောထွက် ရဟန်း ပြုကြလေသည်။

ဘုရားလောင်း၏ ဆုံးမစကားအတိုင်း လိုက်နာကျင့်ပွားကြသဖြင့် စျာန်အဘိညာဉ်ရရှိကြကာ ကွယ်လွန်သောအခါ၌ ဗြဟ္မာ့ဘုံအသီးသီးသို့ ရောက်ကြလေသည်။ ဇာတ်တော်ပေါင်းသောအခါ ခမည်းတော် ကာသိ ကရာဇ်မင်းနှင့် မယ်တော် စန္ဒာဒေဝီမိဖုရားကြီးတို့မှာ ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် မာယာဒေဝီတို့ဖြစ်လာကြပြီး တေမိယ ရသေ့လေးမှာမူ ဗုဒ္ဓမြတ်စွာဖြစ်တော်မူလာသည်။

တိုင်းပြည် အုပ်ချုပ်ရသော အလုပ်သည် အကုသိုလ်ဖြစ်ရန် လွန်စွာ လွယ်ကူသည်။ အကုသိုလ်ဖြင့် ကွယ်လွန်လျှင် အပါယ်ငရဲသို့ ကျရောက်နိုင်သည်။ တစ်လသားအရွယ် တေမိယမင်းသားသည် တရား စီရင်နေသော ခမည်းတော်၏ ရင်ခွင်တွင် နေထိုင်ရင်း ခိုးသူတို့အား ပြစ်ဒဏ် အမိန့်ချမှတ် နေသည်ကိုတွေ့ရပြီး အတိတ်ဘဝက ငရဲဒုက္ခကို ပြန်လည်သတိရ ထိတ်လန့်လှုပ်သဖြင့် မင်းဘဝကို ခက်ခက်ခဲခဲ ရှောင်လွဲခဲ့ရ လေသည်။

မဟာဇနကဇာတ်တော်ကြီး

ရွှေနန်းစည်းစိမ်ကိုစွန့်လွှတ်၍ ဘုရားဖြစ်ရန် တောထွက်တော်မူ ခဲ့သော ဘုရားရှင်၏ နေကွမ္မပါရမီတော်ကို ရဟန်းတော်တို့က ချီးမွမ်းကြ သည်ကိုအကြောင်းပြု၍ ရှေးတုန်းကလည်း ဘုရားအလောင်းသူတော် ကောင်းတို့သည် သံဝေဂရဖွယ် သေးငယ်သော အကြောင်းလေးကို အကြောင်းပြု၍ ကြီးကျယ်သောနန်းစည်းစိမ်ကို စွန့်လွှတ် တောထွက်တော် မူသော ဘဝဖြစ်စဉ် မဟာဇနကဇာတ်တော်ကြီးကို ဟောပြတော်မူခဲ့သည်။

ရှေးလွန်လေပြီးသောအခါက ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဟာဇနကမည်သောမင်းကြီး စိုးစံနေ၏။ ထိုမင်းကြီး၌ အရိဋ္ဌဇနကမင်း

သားနှင့် ပေါလဇနကမင်းသားဟူ၍ သားတော်နှစ်ပါးရှိ၏။ ခမည်းတော် မင်းကြီးက သားတော်ကြီး အရိဋ္ဌဇနကမင်းသားအား အိမ်ရှေမင်းသား အဖြစ် လည်းကောင်း၊ ပေါလဇနကညီငယ်အား စစ်သေနာပတိ အဖြစ် လည်းကောင်း ခန့်အပ်ထားလေသည်။ ခမည်းတော် နတ်ရွာစံသောအခါ သားတော်ကြီးသည် ထီးနန်းကိုဆက်ခံပြီး ညီတော်မှာအိမ်ရှေမင်းဖြစ်လာသည်။ ညီနောင်နှစ်ပါး ချစ်ကြည်စွာနေထိုင်ကြစဉ် အိမ်ရှေမင်းသားကို မကျေနပ်သော အမတ်တစ်ယောက်သည် အရိဋ္ဌဇနကမင်းကြီးထံ ဝင်ရောက်ခစားပြီး ညီတော်ပေါလဇနကသည် ထီးနန်းကိုလုယူ၍ မင်းကြီး၏ အသက် အန္တရာယ်ကိုပေးရန် စီစဉ်နေကြောင်း ဂုံးတိုက်စကားပြော၏။ အကြိမ်များစွာ လျှောက်ထားဖန်များလာသောအခါ နောင်တော်ဘုရင်ကြီးက ယုံကြည်လာပြီး ညီတော်ကို ဖမ်းဆီးထောင်ချလိုက်သည်။ ညီတော်သည် မိမိသည် နောင်တော်အပေါ် သစ္စာမဖောက်ကြောင်း သစ္စာစကားဆိုသောအခါ အချုပ်နှောင်မှ လွတ်မြောက်သွားသည်။ ထိုအခါမှစ၍ ညီတော်သည် နောင်တော်ကို ပုန်ကန်ရန်စီစဉ်လေတော့သည်။

ညီတော်ပေါလဇနကမင်းသားသည် နောင်တော်ကိုစစ်ထိုးရန် မိထိလာမြို့တော်သို့ချီတက်ပြီး ထီးနန်းကိုအပ်မည်လော စီးချင်းထိုးမည်လောဟု ရာဇသံပေးလေသည်။ ထိုစကားကိုကြားသောအခါ ဘုရင်ကြီးသည် မိဖုရားထံသွားရောက်ပြီး ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်၍ စစ်အနိုင်အရှုံးကိုမသိနိုင်သောကြောင့် သတိနှင့်အဆင်သင့် ပြင်ဆင်ထားရန် ပြောဆိုပြီး စစ်ထွက်ခဲ့လေသည်။ စစ်ပွဲတွင် ပေါလဇနကမင်း၏ လှံချက်ကြောင့် အရိဋ္ဌဇနကမင်းကြီး ကျဆုံးလေသည်။ ပေါလဇနကမင်းကြီး ထီးနန်း စိုးစံလေသည်။

အရိဋ္ဌဇနကမင်းကြီး၏မိဖုရားသည် မင်းကြီးကျဆုံးကြောင်းကို ကြားသိရလျှင် ရွှေငွေပတ္တမြား အဖိုးတန်ရတနာများကို တောင်းခံထည့်၍

အဝတ်ဟောင်းဖုံးအုပ်ကာ သူဆင်းရဲမအသွင် ဟန်ဆောင်၍ မြို့မှထွက်ခွာခဲ့လေသည်။ နေပြည်တော်နှင့် အလှမ်းဝေးရာ စမ္မာနဂိုရ်ပြည်သို့သွားရန် ဇရပ်တစ်ဆောင်၌ နားနေ၏။ ထိုအခါ ဝမ်းတွင်းရှိ ဘုရားအလောင်းကိုယ်ဝန်၏ ဘုန်းတန်ခိုး အာနုဘော်ကြောင့် သိကြားမင်းသည် သူအိုယောင်ဖန်ဆင်းကာ ရထားမောင်းလာပြီး မိဖုရားကြီးရှေ့၌ ရပ်လာ၏။ စမ္မာနဂိုရ်ပြည်သို့ သွားမည့်ရထားဖြစ်ကြောင်း သိရသဖြင့် ခရီးကြုံလိုက်လာ၏။ ယူဇနာခြောက်ဆယ် ဝေးကွာသောခရီး ဖြစ်သော်လည်း သိကြားမင်း၏တန်ခိုးကြောင့် ညနေချိန်တွင်ရောက်လေသည်။ စမ္မာနဂိုရ်ပြည်အဝင် ဇရပ်ပေါ်တွင် အနားယူနေစဉ် ဒိသာပါမောက္ခဆရာကြီး ဥဒိစ္စပုဏ္ဏားကြီးသည် တပည့်များခြံရံလျက် ရေချိုးရန်ထွက်လာစဉ် မိဖုရားကြီးကိုတွေ့သဖြင့် မိမိ၏နှမအရင်းသဖွယ် ချစ်ခင်သောကြောင့် အိမ်သို့ခေါ်ဆောင်သွား၏။ ဘုရင်ကြီး၏ မိဖုရားကြီးမှန်း သိသောကြောင့် ပို၍ဂရုစိုက်လေသည်။ ပုဏ္ဏားကြီး၏ဇနီးကလည်း မိမိ၏ယောက်မအဖြစ် အသိအမှတ်ပြုကာ အထူး စောင့်ရှောက်၏။ ထိုအိမ်မှာပင် ဘုရားအလောင်းကို ဖွားမြင်၏။ မဟာဇနကဟု အမည်မှည့်ထား၏။

မဟာဇနကမင်းသားသည် သူငယ် အရွယ်ရောက်သော် မိမိခမည်းတော်မှာ အရိဋ္ဌဇနကမင်းကြီးဖြစ်ကြောင်း သိရသဖြင့် မိမိနိုင်ငံတော်မိထိလာပြည်ကို ပြန်လည်ရရှိရေးအတွက် ဥစ္စာ စုဆောင်းနိုင်ရန် ဘိုင်ပင်၏။ သုဝဏ္ဏဘူမိသို့ ကုန်သွယ်ရန်အတွက် ပင်လယ်ခရီးမှ သင်္ဘောစီး၍ထွက်၏။ မယ်တော်ကမူ မိမိယူဆောင်ခဲ့သော ရတနာများကို ဆုခွဲရောင်းချ၍ ရဲမက်ဗိုလ်ပါစုဆောင်းရန် ပြောဆိုသော်လည်း မဟာဇနကမင်းသားက မိမိအစွမ်းအစဖြင့် ဥစ္စာရတနာစုဆောင်းရန် မိခင်ကို ခတောင်းပန်ပြီး ပင်လယ်ခရီးထွက်ခဲ့လေသည်။ ၇-ရက်ကြာ သောအခါ ခလေပြင်းမုန်တိုင်း တိုက်ခတ်လာသဖြင့် သင်္ဘောသည် ပင်လယ်ပြင်တွင် ကွဲပျက်သွားလေသည်။ ခရီးသည်(၇၀၀)တို့သည် သင်္ဘော ပျက်သောအခါ

မိမိတို့ကိုးကွယ်သော နတ်အမျိုးမျိုးကိုပသကာ ကယ်တင်ကြပါရန် ရှိခိုးဆုတောင်းကြကုန်၏။ ထိုသူတို့ နတ်ပသ ဆုတောင်းနေစဉ်မှာပင် သဘော်သည် တဖြည်းဖြည်း နစ်မြုပ်လာပြီး ငါး လိပ် မိကျောင်း မကန်းတို့၏ ကိုက်ဖြတ် စားသောက်ခြင်း ခံရ၏။ ပတ်ဝန်းကျင် ရေပြင်ကျယ်သည် လူတို့၏သွေးများဖြင့် ချင်းချင်းနီနေ၏။ ဘုရားအလောင်းသည် ထိုအခြေအနေကိုသုံးသပ်ပြီး ခိုင်ခံ့သောပုဆိုး၊ အင်္ကျီများကို ထောပတ်နှင့်နှစ်ကာ ရေငန်မစိုမစုပ်စေရန် စိမ်၏။ ထောပတ် ပျားရည်တို့ကို တဝစားသောက်ပြီး ခိုင်ခံ့အောင်ဝတ်ဆင်ပြီး ကြိုးနှင့်ခိုင်ခံ့အောင်တုတ်နှောင်ကာ သဘော်၏ အမြင့်ဆုံး ရွက်တိုင်ဖျားသို့ တက်ရောက်ပြီး အားကုန် ခုန်ချလေ၏။ သွေးပြင်ကျယ်ကို ကျော်ဖြတ်ပြီး မိကျောင်း မကန်းတို့မှလွတ်ကင်းရာ ပင်လယ်ရေပြင်သို့ရောက်လျှင် ယောက်ျားတို့၏စွမ်းအားကို အားကိုးပြီး ကူးခတ်လေသည်။

(၇)ရက်တိုင်တိုင် ပင်လယ်ရေပြင်တွင် နားလိုက် ကူးလိုက် ကြိုးစားခဲ့ရာ (၇)ရက်မြောက်နေ့တွင် မဏိမေခလာနတ်သမီးပေါ်လာပြီး ကယ်တင်ခဲ့လေသည်။ မဏိမေခလာနတ်သမီးသည် မင်းသားကိုပွေ့ချီပြီး မိထိလာပြည် မင်္ဂလာဥယျာဉ်ထဲရှိ ကျောက်ဖျာပေါ်၌ တင်ထားပေး၏။ မင်းသားလည်း အလွန်မောပန်းခဲ့သဖြင့် ကျောက်ဖျာပေါ်တွင် အိပ်ပျော်သွား၏။ ထိုအချိန်မှာပင် မိထိလာပြည့်ရှင် ပေါလဇနကမင်းကြီးသည် ပြင်းစွာ နာဖျားရာမှ နတ်ရွာစံခဲ့သည်။ မင်းကြီးတွင် သားယောကျ်ား မထွန်းကားဘဲ သီဝလိဒေဝီခေါ် သမီးတစ်ဦးသာရှိခဲ့သည်။ သမီးတော်မှာ သက်တော် ၁၆-နှစ်ရှိပြီး ရုပ်ရည်အလွန်ချောမောလှပ၏။ လိမ္မာရေးခြားလည်း ရှိ၏။ အသိဉာဏ်လည်း ကြွယ်ဝ၏။ ဘုရင်ကြီး နတ်ရွာစံကာနီးတွင် အမတ်ကြီးတို့အား ဤသို့မှာခဲ့၏။ သမီးတော်နှစ်သက်၍ ကာယဗလ၊ ဉာဏ ဗလ အားနှစ်ပါးနှင့် ပြည့်စုံသူဖြစ်က သမီးတော်နှင့် ပေးစားထိမ်းမြား၍ ထီးနန်းအပ်နှင်းရန် မှာကြားခဲ့၏။

မင်းကြီးမှာခဲ့သော ကာယဗလဟူသည်မှာ ဗိုလ်ခြေတစ်ထောင် တင်မှရသော လေးတော်ကို တစ်ယောက်တည်း တင်ချနိုင်ရမည်ဖြစ်၏။ ဉာဏဗလဆိုရာ၌ နန်းဦးသလွန်တော်သည် ခေါင်းရင်း ခြေရင်း တညီတည်း ဖြစ်၏။ သမီးတော်နှင့် အမတ်ကြီးအချို့သာ အမှန်သိ၏။ ထိုသလွန်တော်၏ ခေါင်းရင်းကို အမှန်ပြောနိုင်သူ ဖြစ်ရမည်။ ၁၆ လုံးသောရွှေအိုးများကို ဖော်ထုတ်ပေးနိုင်သူ ဖြစ်ရမည်။ ထိုရွှေအိုးကြီး ၁၆ လုံး မြုပ်ထားရာအရပ် မျက်နှာဒေသ ၁၆-ရပ်ကို လျှို့ဝှက်စကားဖြင့် မိန့်ကြားထားခဲ့သည်။

ပေါလဇနကမင်းကြီး နတ်ရွာစံ၍ သဂြိုဟ်ပြီးနောက် (၇)ရက်ကြာလေသော် မှူးမတ်တို့သည် ညီလာခံကျင်းပပြီး မင်းကြီး၏မိန့်မှာချက်အတိုင်း အရည်အချင်းပြည့်စုံသူကို ထီးနန်းအပ်ရန်တိုင်ပင်ကြပြီး ရှေးဦးစွာ စစ်သူကြီးကို ရွေးချယ်ကြ၏။ သီဝလိဒေဝီလည်း စစ်သူကြီးကို အရည်အချင်းစစ်ဆေးရန် မိမိအဆောင်သို့ ဝင်စေ၏။ စစ်သူကြီး၏ ယောက်ျားကောင်း ယောက်ျားမြတ် အရည်အချင်းကို စစ်ဆေးလိုသဖြင့် အဆောင်တော်ကို ခေါက်တုန့်ခေါက်ပြန် ပြေးခိုင်း၏။ စစ်သူကြီးလည်း မင်းသမီးခိုင်းသမျှ ပြေးပြ၏။ မင်းသမီးက ခြေကိုဆုပ်နယ်စမ်းပါဟု ခိုင်းစေသည့်အတိုင်း မင်းသမီး၏ခြေကို နှိပ်နယ်ပေး၏။ စစ်သူကြီး၏ယောက်ျားမြတ် စိတ်ဓာတ် အားနည်းပုံကိုသိရှိ၍ ခြေဖြင့်တွန်းဖယ်လိုက်ပြီး အင်္ဂြေအရံတို့ကို ဆွဲထုတ် ခိုင်းလိုက်၏။ စစ်သူကြီး အရေးမလှကြောင်းကို သိရှိသဖြင့် ရွှေတိုက်စိုးကို လွှတ်ပြန်၏။ ယောက်ျားမြတ်မပီသ၊ မိန်းမအလိုသို့သာ လိုက်သည်ကိုတွေ့ ရသဖြင့် ဖယ်ထုတ်လိုက်ပြန်၏။ ထို့နောက် သူဌေးကြီး၊ ထီးတော်မိုး၊ သံလျက်ဆွဲ စသူတို့ကို အကဲစမ်းပြီး ပယ်ချခဲ့လေသည်။ ဉာဏဗလ ပြဿဖို့ဝေးစွ သမီးတော်နှစ်သက်မှုကိုမျှ မခံနိုင်ဘဲရှိလေသည်။ နောက်ဆုံးတွင် ထီးနန်းနှင့် ထိုက်တန်သော ဘုန်းရှင် ကံရှင် သမ္ဘာရှင် ပညာရှင်မင်းလောင်း ကိုရှာဖွေရန် ဖုဿရထားလွှတ်ရန် စီမံကြလေသည်။

မြင်းဖြူလေးစီးဆွဲသော ဖုဿရထားကိုစီမံကြပြီး ထီးနန်းနှင့်ထိုက်တန်သောသူထံ သွားရောက်ရပ်တန့်ရန် အဓိဋ္ဌာန်ပြုပြီး ရှေကလွတ်ကာ မျူးမတ် စစ်သည်တော် ပရိသတ်တို့က ဝန်းရံလိုက်ပါကြကုန်၏။ ဖုဿရထားသည် မြို့တော်ကို လက်ျာရစ်လှည့်ပတ်သွားလာပြီး ဘုရားလောင်း ဇနကမင်းသား လျှောင်းစက်နေရာ မင်္ဂလာဥယျာဉ်သို့ ချဉ်းကပ်၏။ ကျောက်ဖျာထက်တွင် စက်တော်ခေါ်နေသော မဟာဇနကမင်းသားကို တွေ့လေလျှင် ခြေဖဝါးတော်ရှိ စက်လက္ခဏာတို့ကိုဖတ်၍ တူရိယာငါးပါး ပြိုင်တူတီးမှုတ် ပူဇော်ပြီး မင်းသားထထိုင်တော်မူလေလျှင် ထီးနန်းစိုးစံရန် လျှောက်ထားတောင်းပန်ကာ မင်းအဖြစ် ဘိသိတ်သွန်းလောင်းလေသည်။

ဘုရားအလောင်း မဟာဇနကမင်းသားသည် အကြောင်းအရာစုံလင်စွာသိသောအခါ မင်္ဂလာရထားထက်သို့ ကွတော်မူပြီး စစ်အင်္ဂါလေးပါး မျူးမတ်များခြံရံကာ နန်းတော်အရှေ့မုခ်ဝမှဝင်၍ နန်းတော်သို့ကွတော်မူသည်။ နန်းတော်သို့ရောက်လျှင် မျူးကြီးမတ်ရာ သေနာပတိတို့နှင့် စကားပြောနေတော်မူစဉ် သီဝလိဒေဝီမင်းသမီးသည် ဇနကမင်းကြီးအား အကဲစမ်းလိုသဖြင့် အဆောင်တော်သို့ကွရောက်ပါရန် လျှောက်ထားလာ၏။ မင်းချင်း၏စကားကို မကြားဟန်ပြု၍နေ၏။ သီဝလိဒေဝီသည် တစ်ကြိမ်ဖြင့် မလာရောက်သဖြင့် ဒုတိယအကြိမ် လွှတ်ပြန်၏။ ဇနကမင်းကြီးကွမလာသဖြင့် တတိယအကြိမ် စေလွှတ်ပြန်၏။ သီဝလိဒေဝီလည်း ဇနကမင်းကြီး၏ စိတ်ဓာတ်ကို အကဲခတ်မိသဖြင့် တောင့်တမျှော်လင့် နေသောအခါမှ မဟာဇနကမင်းကြီးသည် မျူးမတ်တို့ခြံရံကာ မင်းသမီး၏အဆောင်တော်သို့ တင့်တယ်တည်ငြိမ်စွာ ကွတော်မူလာသည်။ မင်းသမီးလည်း အဆောင်တော်ဦးမှ ကြိုဆိုပြီး နန်းမဆောင်သို့ပင့်၏။

ခမည်းတော်မင်းကြီး မိန့်မှာခဲ့သော သလွန်တော်ခေါင်းရင်းကို မေးမြန်းကြကုန်၏။ ဘုရားအလောင်း မဟာဇနကမင်းကြီးသည် ပရိယာယ်

ဖြင့် သိအောင်ပြုအံ့ဟု တစ်ဖက်သို့စကားပြောဟန် အနည်းငယ်ပြုပြီးမှ ရွှေဥသျှောင်ကျင်အား ဦးခေါင်းမှချွတ်၍ လက်ဖြင့်ကိုင်ကာ သီဝလိဒေဝီအား အမှတ်မထင် လှမ်းပေးလိုက်သည်။ သီဝလိဒေဝီသည် ဘုရင်ကြီး၏ ရွှေဥသျှောင်ကျင်ကို ရင်ခွင်၌လည်း ပွေ့မထားသာ ကိုင်၍လည်းမထားသာ ဖြစ်သဖြင့် သလွန်တော်၏ ခေါင်းရင်းဖက်၌ တရိုတသေချထားလေသည်။

အတန်ငယ်ကြာမှ ပြဿနာကို သတိရဟန်ဖြင့် တဖန်မေးစေပြီး ရွှေဥသျှောင်ကျင် ချထားရာဖက်သို့ ညွှန်ပြတော်မူပြီး သလွန်တော်၏ခေါင်းရင်းကို ညွှန်ပြတော်မူလေသည်။ ဗိုလ်ခြေတစ်ထောင်တင်ရသော လေးတော်ကိုမူ ဆင်ပြောင်ငါးစီး အားမာန်ကြီးသော ဘုရားအလောင်း မဟာဇနကမင်းကြီးသည် နန်းရင်ပြင် ပရိသတ်ဗိုလ်ထုအလယ်တွင် လွယ်ကူစွာတင်ပြ ချပြအားအစွမ်းပြတော်မူနိုင်သည်။

နောက်နေ့တွင် မှူးမတ်ပေါင်းများစွာခြံရံလျက် ရွှေအိုးကြီး(၁၆)လုံးကို ဖော်ထုတ်ညွှန်ပြပေးတော်မူနိုင်လေသည်။ မှူးမတ် ပရိသတ်တို့သည် မဟာဇနကမင်းကြီးအား ကောင်းစွာချီးမြှောက်ပူဇော်ပွဲ နန်းသိမ်းပွဲသဘင်ကျင်းပကြလေသည်။ ဝိဒေဟရာဇ်တိုင်းအတွင်းရှိ ခရိုင် မြို့ပြ ရွာ နိဂုံးမှစ၍ အကြီးအအုပ်တို့ကလည်း လာရောက်ပူဇော် ကြကုန်၏။

မဟာဇနကမင်းကြီးသည် သီဝလိဒေဝီကို မိဖုရားခေါင်ကြီးအဖြစ် ချီးမြှောက်လျက် စမ္ပာနဂိုရ်ပြည်မှ မယ်တော်နှင့် ကျေးဇူးရှိခဲ့သော ပုဏ္ဏားမိသားစုတို့ကိုလည်း နေပြည်တော်သို့ခေါ်ဆောင်ကာ ပူဇော်ချီးမြှောက်လေသည်။ ထိုအချိန်မှစ၍ မဟာဇနကမင်းကြီးသည် တိုင်းသူပြည်သားတို့အား ရင်ဝယ်သားကဲ့သို့ ခွဲခြားမှုမရှိ တရားနှင့်အညီအုပ်ချုပ်၏။ မြို့တံခါးလေးရပ်နှင့် မြို့လယ်တို့၌ အလှူမဏ္ဍပ်ကြီး ငါးဆောင် ဆောက်လုပ်ပြီး နေ့စဉ်အလှူပေးကာ မွေ့လျော်စွာ စံနေခဲ့သည်။

မဟာဇနကမင်းကြီးသည် ထီးနန်းစည်းစိမ်ကို ခံစားနေရင်း ဤထီးနန်းစည်းစိမ် ရရှိခြင်း၏ အကြောင်းရင်းကို သုံးသပ်မိသည်။ မိမိသည် ခမည်းတော်၏ အမွေဖြစ်သော ဤထီးနန်းစည်းစိမ်ကို ပြန်လည်ရရှိခြင်းမှာ မိမိ၏ ကံ ဉာဏ် ဝီရိယစွမ်းကြောင့်သာဖြစ်ကြောင်း ပင်လယ်တွင်း၌ သဘော်ပျက်စဉ် အခြားသဘော်သားများစွာတို့သည် အားမကိုးထိုက်သော နတ်ဒေဝတာများစွာကို အားကိုးမှားကာ မိမိ၏ဝီရိယစွမ်းကို အသုံးမပြုခဲ့ကြကြောင်း၊ မိမိမှာမူ မိမိတွင်ရှိသော ဝီရိယတည်းဟူသော ပင်မစွမ်းအားကို မပျင်းမရိ အားမလျော့ဘဲ ဇွဲ လုံ့လအပြည့် အသုံးချခဲ့သဖြင့် ကယ်မယ့်သူကိုလည်းတွေ့ခဲ့ရပြီး မိမိ၏ကံအစွမ်းကြောင့် ထီးနန်းစည်းစိမ်ကို ရရှိခဲ့ကြောင်း အသိဉာဏ်ပညာကိုလွှာ၍ အသုံးချခဲ့သဖြင့် ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ကာ နောက်ဆုံးတွင် ကံ ဉာဏ် ဝီရိယအကျိုးအနေဖြင့် နန်းစည်းစိမ်ကို ရရှိခဲ့သည်။ လူဟူသည် မိမိ၏အင်အားဖြစ်သော ကံ ဉာဏ် ဝီရိယစွမ်းအားဖြင့်ကြိုးစားပါမူ မိမိမျှော်မှန်းသော ထီးနန်းစည်းစိမ် အောင်မြင်မှုကို ရရှိမည်ဖြစ်မည်ဟု သုံးသပ်မိကာ အားပါးတရ ဥဒါန်းကျူးခဲ့လေသည်။

နောင်အခါတွင် သီဝလိဒေဝီ မိဖုရားကြီးသည် ဒီဃာဝုမည်သော သားတော်လေးကို ဖွားမြင်ခဲ့သည်။ သားတော်ဒီဃာဝုကို အိမ်ရှေမင်းအရာ အပ်နှင်းခဲ့သည်။ တစ်နေ့တွင် ဥယျာဉ်မှူး၏ လျှောက်တင်ချက်အရ မဟာဇနကမင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူလိုသောစိတ် ဖြစ်၏။ အခြွေအရံများစွာဖြင့် ဥယျာဉ်တော်သို့ထွက်ကြွခဲ့ရာ ဥယျာဉ်အဝင်ဝတွင် အသီးများပြွတ်သိပ်နေသော သရက်ပင်တစ်ပင်ကို တွေ့ရသည်။ အခြားတစ်ဖက်တွင် အသီးလုံးဝမသီးသော သရက်ပင်တစ်ပင် ရှိသည်။ ဥယျာဉ်မှူးသည် မဲ့ရွဲ့ပြီးအရသာရှိလှသည့် သရက်သီးများကို ခူးဆွတ်ပြီး မင်းကြီးအားဆက်သ၏။ အရသာလွန်စွာရှိလှသဖြင့် အပြန်မှ ထပ်မံ ဆွတ်ချူစား

ဦးမည်ဟုစိတ်ကူးကာ ဥယျာဉ်ထဲသို့ကြွဝင်ခဲ့၏။ နောက်လိုက်ဗိုလ်ပါတို့လည်း သရက်သီးကို ဘုရင်ကြီး စားသုံးပြီးပြီဟု သဘောထား၍ ခူးဆွတ်စားကြကုန်၏။ အသီးမစားရသူတို့ကလည်း မကျေမနပ်ဖြစ်ကာ အကိုင်းအခက်များကိုပါ ချိုးဖဲ့ဖျက်ဆီးကြကုန်သဖြင့် သရက်ပင်သည် ဖရိုဖရဲကျိုးပဲ့ပျက်စီးသွားသည်။ မင်းကြီးသည် ဥယျာဉ်တော်မှ ပြန်ထွက်လာသောအခါ အသီးတို့နှင့်ဝေဆာလှုပနေသော သရက်ပင်သည် ယခုအခါ ကျိုးပဲ့ပျက်စီးနေသည်ကို တွေ့ရသဖြင့် မေးကြည့်သောအခါ ထိုအကြောင်းကိုသိရသဖြင့် သံဝေဂရတော်မူသည်။ မိမိ၏ ထီးနန်းစည်းစိမ်သည်လည်း လူတို့မက်မောစရာဖြစ်၍ ရန်သူတို့နှင့် ဆက်ဆံနေကြောင်း အသီးသီးသော အပင်နှင့်တူကြောင်း၊ ရသေ့ရဟန်းဘဝမှာမူ ရန်သူမရှိသဖြင့် အသီးမသီးသော သစ်ပင်ပမာ ဘေးအန္တရာယ် မရှိကြောင်း နှလုံးသွင်းမိသဖြင့် တောထွက်၍ ရသေ့ ရဟန်းပြုရန် ဆုံးဖြတ်လိုက်လေသည်။

နန်းတော်သို့ရောက်လျှင် စစ်သူကြီးအားခေါ်၍ နန်းတော်ပြာသာဒ်ထက်၌ တစ်ယောက်တည်း ရဟန်းတရား အားထုတ်လိုကြောင်း စားတော်အုပ်ဆက်သူ၊ ရေပူရေချမ်း ကမ်းလှမ်းသူ၊ အမှုလုပ်သူတို့မှတစ်ပါး မိဖုရားအပါအဝင် မည်သူမျှ မဝင်စေရဟု အမိန့်ထုတ်လေသည်။ မင်းကြီးသည် တရားအားထုတ်နေသည်မှာ လေးလမျှပင်ကြာသွားသည်။

နောက်ဆုံးတွင် မင်းကြီးသည် ပရိက္ခရာရှစ်ပါးကို ဝတ်ဆင်၍ ဆံမုတ်ဆိတ်တို့ကို ပယ်စွန့်ကာ ရဟန်းဝတ်တော်မူသည်။ သီဝလိဒေဝီနှင့် မိဖုရားတို့သည်လည်း မင်းကြီးကိုတွေ့ရန် နံနက်စောကပင် ပြာသာဒ်ထက်သို့ တက်လာကြ၏။ ရဟန်းအသွင်ဖြင့် ဆင်းကြွလာသောမင်းကြီးကို မမှတ်မိကြသဖြင့် လမ်းဖယ်ပေးကြကုန်၏။ အထက်ထပ်တွင် မင်းကြီးကိုမတွေ့ရဘဲ ဝတ်လဲတော်တို့ကိုတွေ့မှ ရဟန်းမှာ မင်းကြီးဖြစ်မည်ဟု တွေးကြပြီး နောက်ကလိုက်ကြကုန်၏။ အရှေ့စမုခ်တွင် မင်းကြီးကိုတွေ့ကြ မှီကြသဖြင့်

ငိုယို တောင်းပန်ကြကုန်၏။ မြို့ရွာများကို မီးရှို့ကြပြီး နိုင်ငံတော်ငြိမ်ဝပ်မှ ရဟန်းပြုပါရန် တောင်းပန်ကြကုန်၏။ လူဆိုး သူခိုးတို့ ထကြွဟန် ဖန်တီး၍ ငြိမ်ဝပ်အောင်စီမံပြီးမှ ရဟန်းပြုရန် တောင်းပန်ကြကုန်၏။ မင်းကြီးက မိမိသည် နိုင်ငံအပေါ် ထီးနန်းစည်းစိမ်အပေါ်တွင် အာလယပြတ်ကြောင့်ကြ ကင်းပြီးဖြစ်၍ မိမိ၏ဥစ္စာဟု အမှတ်မထားကြောင်း မိန့်တော်မူပြီး မြောက်ဘက် တံခါးမှ ထွက်ကြတော်မူလေသည်။

မည်သို့မျှ တား၍မရသဖြင့် မင်းကြီးနောက်သို့ မိဖုရားပရိသတ်တို့ လိုက်ပါကြကုန်၏။ ယူဇနာ(၄၀)ခရီးအထိ နောက်ကလိုက်လာကြသဖြင့် စွဲကိုင်သောတောင်ဝှေးဖြင့် စည်းသားကာ လိုက်ပါကျော်ဖြတ်သူတို့အား မင်းပြစ် မင်းဒဏ်ပေးရန် အမိန့်ထုတ်တော်မူသည်။ အခြားသူတို့မလိုက်ရဲကြသော်လည်း သီဝလိဒေဝီ လူးလဲငိုကြွေးရာမှ စည်းပျက်လေလျှင် တဖန်လိုက်ကြပြန်ကုန်၏။ ဟိမဝန္တာတောသို့ ရှေးရှုကြွတော်မူရာ ယူဇနာ(၆၀)တိုင်ခဲ့သည်။ အခြွေအရံတို့သည် ညဉ့်ရောက်လျှင် သစ်ခက်တဲနန်းဆောက်၍နေကြပြီး လိုက်မြဲလိုက်ကြကုန်၏။

ဟိမဝန္တာတောရှိ ရွှေဂူ၌ သီတင်းသုံးနေသော အဘိညာဉ်ရနာရဒရသေ့သည် ဇနကမင်း၏အဖြစ်ကို မြင်တော်မူသဖြင့် မိဖုရားအပါအဝင် ကိလေသာအာရုံကို မပယ်နိုင်ပါက ရဟန်းမမည်ကြောင်း ဆုံးမ၏။ ထို့အတူပင် မိဂါဇိန်အမည်ရှိ အဘိညာဉ်ရ ရသေ့ကလည်း ဆုံးမ၏။ မမေ့မလျော့လုံ့လပြုရန် မိန့်မှာတော်မူ၏။ ဆက်လက်ထွက်ခွာခဲ့ရာ ထူကာမြို့သို့ရောက်လာ၏။ ထိုအချိန်တွင် မြေခွေးတစ်ကောင်သည် အမဲကင်ကို ကိုက်ခဲလာရင်း မင်းကြီးအနီးသို့ရောက်လျှင် လန့်ဖျပ်ကာ အမဲကင်ကို ပစ်ချပြီး ထွက်ပြေးသွား၏။ ပိုင်ရှင်စွန့်ပစ်ပြီးသောအရာဖြစ်၍ ပုံသက္ကအဖြစ်ကောက်ယူကာ ဘုဉ်းပေး၏။ မိဖုရားကြီးက တားမြစ်ပြန်၏။ ထူကာမြို့၏ တောင်တံခါးဝသို့ရောက်လျှင် ကစားနေသော မိန်းကလေးတစ်ဦး

ကိုတွေ့၏။ လက်တစ်ဖက်တွင် လက်ကောက်(၂)ကွင်း ဝတ်ထားသဖြင့် ထိခိုက်အသံမြည်၏။ လက်တစ်ဖက်တွင်မူ (၁)ကွင်းထဲသာ ဝတ်ထားသဖြင့် အသံမမြည်ပေ။ မိဖုရားကြီး သတိရစေရန် အသံဘာကြောင့်မြည်ရသနည်းဟု မင်းကြီးကမေး၏။ ဉာဏ်ပညာရှိသူ မိန်းကလေးက အဖော်အဖက်ရှိ၍ မြည်သံထွက်ကြောင်း၊ ရဟန်းဟူသည် အဖော်မမှီး တစ်ကိုယ်တည်း နေရမည်ဖြစ်ပါလျက် ဘာ့ကြောင့် အဖော်အဖက်များနှင့် လှည့်လည်နေပါသနည်း ဟု ဆုံးမ၏။ မိဖုရားကြီးမှာ မိန်းကလေးစကားကြောင့် ရှက်သဖြင့် ခွဲခွာရန် ဆုံးဖြတ်ပြီး နေရစ်ခဲ့သော်လည်း မခွဲနိုင်မခွာရက်သောကြောင့် နောက်က လိုက်ပြန်လေသည်။

ထူကာမြို့တွင်းသို့ မင်းကြီး ဆွမ်းခံဝင်သော် မြားတံကို မီးကင်လျက် မျက်စိတစ်ဖက်မှိတ်ကာ မြားဖြောင့် မဖြောင့်ကြည့်နေသော လေးသမားတစ်ယောက်ကို တွေ့လေသည်။ အကြောင်းကိုမေးသော် လေးသမားက မျက်စိနှစ်ဖက်ဖြင့်ကြည့်လျှင် စိတ်ထွေပြား၍ အလိမ်အကောက်ကို မသိနိုင်ပါ။ မျက်စိတစ်ဖက်မှိတ်ပြီး တစ်ဖက်တည်းသော မျက်စိဖြင့်ကြည့်မှသာ ဖြောင့်မဖြောင့်သိနိုင်သည်။ ရှင် ရဟန်းဖြစ်ပါလျက် အဘယ့်ကြောင့် ကိစ္စများအောင် မိန်းမအဖော်နှင့်အတူ သွားလာရပါသနည်း ဟု ကဲ့ရဲ့ဆုံးမ၏။ မင်းကြီးသည် ဆွမ်းဘုဉ်းပေးပြီး မိဖုရားကြီးကို စိတ်နာအောင် လမ်းခွဲသွားရန် မိန့်တော်မူသော်လည်း မခွဲနိုင်သဖြင့် မင်းကြီးနောက်သို့ လိုက်ပြန်လေသည်။ မင်းကြီးသည် ခရီးဆက်ခဲ့ရာ ဟိမဝန္တာတောကြီးကို မြင်ရလေသည်။ ထိုအခါ မင်းကြီးသည် အနီးရှိ မြက်ပင်တို့ကိုဆွဲဖြတ်ပြီး မိမိနှင့် တိုင်းကား ပြည်ရွာမိဖုရားကြီးတို့သည် အပြတ် ပြတ်စဲခဲ့ပြီးဖြစ်ကြောင်း၊ ပြတ်ပြီးမြက်များ ပြန်လည်ဆက်မရနိုင်တော့ သကဲ့သို့ ပယ်ပြီးသော ကိလေသာတရား တို့ကို ပြန်လည်၍ အသက်မသွင်းလိုတော့ကြောင်း အပြတ်ပြောတော်မူသည်။ ထိုစကားကိုကြား

လျှင် သီဝလိဒေဝီသည် ပူပင် ပြင်းပြ လဲကျ မိန်းမော သတိလစ်သွား လေသည်။ အခြွေအရံတို့ မိဖုရားကြီးကို ပြုစုနေစဉ် မင်းကြီးသည် ခြေရာ ဖျောက်၍ တောသို့ဝင်လေသည်။

ဘုရားအလောင်း ဇနကရသေ့ကြီးသည် ဟိမဝန္တာတောနက်ထဲသို့ ကြွဝင်တော်မူပြီး တရားအားထုတ်ရာ (၇)ရက်အတွင်း၌ပင် စျာန်အဘိညာဉ် များကိုရရှိပြီး အနှစ်သုံးထောင်ပတ်လုံး လူတို့ဒေသသို့ မကြွတော့ဘဲ ဟိမဝန္တာ၌ပင် သီတင်းသုံးလေသည်။ ခြေရာခံ၍မရသဖြင့် မိဖုရားကြီးနှင့် ပရိသတ်တို့လည်း နေပြည်တော်သို့ ပြန်ကြလေသည်။ နေပြည်တော်သို့ ရောက်လျှင် သားတော်ဒီဃာဝုကို ဘိသိတ်သွန်းပြီး ထီးနန်းအပ်နှင်းသည်။ ထို့နောက် သီဝလိဒေဝီသည် ဆံပင်ကိုပယ်၍ ဥယျာဉ်တော်၌ ရဟန်းပြုကာ တရားအားထုတ်သဖြင့် မကြာမီ စျာန်အဘိညာဉ်တို့ကို ရလေသည်။ အနှစ် သုံးထောင်ပတ်လုံးနေ၍ စုတေသော် ဗြဟ္မပါရိသဇ္ဈာဘုံသို့ရောက်၏။ ဘုရား အလောင်း ရသေ့ကြီးမှာ စုတေသော် ဝေဟပ္ဖုလ်ဘုံသို့ ရောက်လေသည်။

ဇာတ်တော်ပေါင်းလျှင် သီဝလိဒေဝီသည် ယသောဓရာထေရီဖြစ်လာပြီး သားတော်ဒီဃာဝုမှာ ရာဟုလာထေရ်ဖြစ်လာကာ မဟာဇနကမင်းကြီး မှာမူ ဂေါတမရှင်တော်မြတ်ဘုရား ဖြစ်တော်မူလာလေသည်။

သုဝဏ္ဏသာမဇာတ်တော်ကြီး

မြတ်စွာဘုရားရှင်လက်ထက် အမိအဘကိုလုပ်ကျွေးသော ရဟန်း တော်တစ်ပါးကိုအကြောင်းပြု၍ ဤဇာတ်တော်ကိုဟောတော်မူသည်။

သာဝတ္ထိပြည်ဝယ် ကုဋုမ္ဗရစ်ဆယ်ကြွယ်ဝသော သူဌေးတစ်ယောက် ၌ သားတစ်ဦးရှိသည်။ ထိုသားငယ်သည် တစ်နေ့သောအခါ မြတ်စွာဘုရား ရှင်၏ ဇေတဝန်ကျောင်းတော်၌ကျင်းပသော တရားပွဲသို့ တရားနာလာ ရောက်ပြီး တရားဆုံးသောအခါ လူဘဝဖြင့် ကုသိုလ်ကိုအစွမ်းကုန်ပြုလုပ် ရန် မလွယ်ကူကြောင်း ရဟန်းဘဝဖြင့်သာလျှင် ကုသိုလ်တရားများကို

အစွမ်းကုန် အားထုတ်နိုင်မည်ဖြစ်ကြောင်း သဘောပေါက်ပြီး ရဟန်းပြုရန် မိဘတို့ထံတောင်းပန်၏။ နည်းမျိုးစုံဖြင့်တောင်းပန်မှ ခွင့်ပြုချက်ရသဖြင့် ရဟန်းဝတ်ကာ ၁၂နှစ်လုံး တောရဆောက်တည်နေ၏။ မိခင်ဖခင်တို့မှာ ထိုအချိန်အတွင်း ဆင်းရဲသွားပြီး ခိုကိုးရာမဲ့ဘဝဖြင့် တောင်းရမ်းစားသောက်နေရ၏။

တစ်နေ့တွင် သာဝတ္ထိနှင့် အလှမ်းဝေးကွာသော ရဟန်းငယ်နေထိုင်ရာ တောရကျောင်းသို့ အာဂန္တုတစ်ပါးကြွလာ၏။ သာဝတ္ထိရှိ မိဘတို့၏အကြောင်းကိုမေးကြည့်ရာ ဆင်းရဲလှသဖြင့် တောင်းစားသူများဘဝရောက်နေကြောင်းသိရ၏။ စိတ်မကောင်းလှသဖြင့် လူထွက်လုပ်ကျွေးပြုစုမည်ဟုထွက်လာခဲ့ရာ ဘုရားရှင်က မိဘကျေးဇူးအကြောင်း ဟောတော်မူသဖြင့် မိမိမြတ်နိုးလှသော ရဟန်းအဖြစ်ဖြင့်ပင် မိဘတို့အား လုပ်ကျွေး၏။ ဆွမ်း၊ ယာဂုတို့ကိုရလျှင် မိဘတို့အား ရှေးဦးစွာ ကျွေးမွေး၏။ မိမိမှာမူ ပိုလျှံမှသာ ဘုဉ်းပေး၏။ နေ့ရက်ကြာရှည်သော် ရဟန်းငယ်သည် ဆွမ်း၊ သင်္ကန်းစသည် ချို့ငဲ့ပြီး ကြုံလှိုလာရာ ရဟန်းအချို့တို့က လူဝတ်ကြောင်တို့ကို လုပ်ကျွေးရသလောဟု ကဲ့ရဲ့ကြကုန်၏။ ဘုရားရှင်အားလည်း လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းငယ်အား ခေါ်ယူမေးမြန်းပြီးနောက် မိဘတို့အား လုပ်ကျွေးခြင်းသည် ကောင်းမွန်မြင့်မြတ်လှပေ၏ဟု သာဓုခေါ်တော်မူ၏။ ငါဘုရားသည်လည်း ရှေးရှေးဘဝက ဤ ကဲ့သို့ မိဘတို့ကို ရသေ့ရဟန်းဘဝဖြင့် လုပ်ကျွေးပြုစုခဲ့ဘူးသည်ဟု မိန့်တော်မူပြီး ဤဇာတ်တော်ကို ဟောတော်မူ၏။ ရှေးလွန်လေပြီးသော အခါက ဗာရာဏသီပြည်မှ မနီးမဝေးသောအရပ်၌ မြစ်တစ်စင်းရှိ၏။ ထိုမြစ်၏ ကမ်းတစ်ဘက်တစ်ချက်၌ တံငါရွာ တစ်ရွာစီ ရှိလေသည်။ ရွာနှစ်ရွာရှိ တံငါ အကြီးအကဲတို့သည် မိမိတို့၌သားသမီးမွေးဖွားပါက ထိမ်းမြားရန် ကတိပြုထားကြ၏။ နောက်မကြာမီပင် တစ်ရွာစီအကြီးအကဲ

တို့သည် ဒုက္ခလ အမည်ရှိသောသားနှင့် ပါရိကာအမည်ရှိသော သမီးတို့ကို မွေးဖွားကြ၏။ ထိုကလေးနှစ်ယောက်တို့သည် တံငါမျိုးဌိဖြစ်သော်လည်း သူ့အသက်သတ်မှု စသော အကုသိုလ်တို့ကို မပြုလုပ်ကြပေ။ သူတို့သည် ဖြဟ္မာ့ပြည်မှလာသောသူတို့ဖြစ်၍ အိမ်ထောင်ပြုမှုကိုလည်း စက်ဆုပ်ကြလေသည်။ အရွယ်ရောက်သော် နှစ်ဖက်မိဘဆွေမျိုးတို့သည် ကတိအတိုင်း လက်ထပ်ရန် စီမံကြကုန်၏။ သူတို့သည် မိမိတို့ အချင်းချင်း ဆက်သွယ်ပြီး မိဘတို့စိတ်ကျေနပ်စေရန် လက်ခံကြပြီး ကာမဂုဏ်မေထုံမှုမှ ရှောင်ကြဉ်ကာ စင်ကြယ်စွာ အတူနေခဲ့ကြသည်။ နောက်ဆုံးတွင် နှစ်ဖက်မိဘများကို ခွင့်ပန်၍ တောထွက် ရဟန်းပြုကြလေသည်။

ဟိမဝန္တာတောအနီး မိဂသမ္မတာကမ်းတွင် ဥယျာဉ်၊ ရေကန်၊ ကျောင်းသင်္ခမ်းများကို စီမံကြပြီး ဖြဟ္မစိုရ်ကမ္မဋ္ဌာန်းစီးဖြန်း၍ နေကြကုန်၏။ ထိုအချိန်တွင် သိကြားမင်းသည် ရသေ့နှစ်ပါးတို့၏အကြောင်းကို ဆင်ခြင်ကြည့်သည်ရှိသော် မျက်စိကွယ်မည့်အကြောင်းကို မြင်သဖြင့် သားယောကျ်ားလေးတစ်ယောက်ရရန် စီမံပေး၏။ ထိုသားယောကျ်ားလေး မွေးဖွားသည်ရှိသော် သုဝဏ္ဏသာမဟု အမည်မှည့်ကြကုန်၏။ တောတွင်းရှိ ကိန္နရာ ကိန္နရီမများနှင့် သမင် ဒရယ် ချေငယ် စိုင် ဆတ်စသော သတ္တဝါတို့က စောင့်ရှောက်ကြကုန်၏။ (၁၆)နှစ်သားအရွယ် ရောက်လတ်သော် မိခင် ဖခင်တို့နှင့် လှည့်လည် သစ်သီးရှာဖွေရာ လိုက်ပါခဲ့သဖြင့် တောတောင် ရေမြေ အပင် အခက် အသီး သားပေါင်းစုံတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်လေသည်။ တစ်နေ့သောအခါ ဒုက္ခလနှင့်ပါရိကာတို့သည် မိုးကြိုးသည်းထန်စွာရွာချသဖြင့် သစ်ပင်ကြီးတစ်ပင်အောက် တောင်ပို့ထက်တွင် မိုးခိုကြ၏။ ရသေ့တို့ခန္ဓာကိုယ်မှ ချွေးနှင့်မိုးရေတို့သည် တောင်ပို့ထဲရှိ တွင်းတစ်တွင်းသို့ စီးကျ၏။ တွင်းခေါင်းတွင်ရှိ မြွေဟောက်သည် အမျက်ထွက်၍ မှုတ်လေသော် အဆိပ်ငွေ့တို့သည် မျက်စိတို့ကို ထိခိုက်သဖြင့် မြွေဆိပ် သင့်သဖြင့် မျက်စိကွယ်ကြကုန်၏။

သုဝဏ္ဏသာမသည် မိခင်ဖခင်တို့ ပြန်ရောက်ချိန်တွင် ပြန်မရောက်သဖြင့် လိုက်လံရှာဖွေရာ မျက်စိကွယ်နေသော မိဘတို့ကိုတွေ့ရလေသည်။ မိဘတို့၏အကြောင်းကို ကြားသိရသောအခါ သုဝဏ္ဏသာမရသေ့လေးသည် ငိုလည်းငို၏။ ရယ်လည်း ရယ်၏။ ငိုရခြင်းမှာ မိဘတို့မျက်စိကွယ်ကြောင်းသိရ၍ ဝမ်းနည်း ငိုကြွေးခြင်းဖြစ်၏။ ရယ်ရခြင်းမှာ မိဘတို့ကို ပြုစုလုပ်ကျွေးခွင့်ရပြီဖြစ်၍ ဝမ်းသာမှု ပီတိအဟုန်ကြောင့် ရယ်ခြင်း ဖြစ်လေသည်။

ထိုနေ့မှစ၍ မိဘနှစ်ပါးတို့ကို ကျောင်းသခ်ၤဏ်းတွင်သာနေစေပြီး ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ပြုလုပ်ပေး၏။ သား သမင်အပေါင်းခြံရံလျက် မိဂသမ္မတာမြစ်သို့ သွားရောက်ကာ ခြုံးရေ သောက်ရေ သုံးဆောင်ရေတို့ကို ခပ်ပေးပြုစု၏။ တောတောင်အနှံ့ လှည့်ပတ်ဖွေရှာကာ ခြုံမြိန်ရသာရှိသော သစ်သီးမျိုးစုံကို စုဆောင်းရှာဖွေပြီး ကျွေးမွေးပြုစု၏။ ဒုက္ကုလပါရိကာနှင့် သုဝဏ္ဏသာမရသေ့တို့၏ မေတ္တာဓာတ်အရှိန်ကြောင့် တောအုပ်တစ်ခုလုံးသည် အချင်းချင်း ရန်တုံ့မမူကြဘဲ ချစ်ခင်ကြင်နာ ကိုယ်စိတ်ချမ်းသာစွာ နေထိုင်ကြကုန်၏။ လူနှင့်သားကောင်တို့ ပျော်ရွှင်ချမ်းမြေ့စွာ ဆက်ဆံနေထိုင်ကြကုန်၏။ လူ တိရစ္ဆာန် သတ္တဝါတို့၏ ချစ်ခင်ကြင်နာမေတ္တာ ငြဟ္မစိုရ်တရားကြောင့် တောစောင့်နတ် တောင်စောင့်နတ် အပေါင်းတို့ပါ မေတ္တာသက်ဝင်လာကြသဖြင့် အပင်အခက်တို့ စိမ်းစို အသီးအနှံတို့ ရသာဓာတ်ပြည့်ဝပြီး ငြိမ်းချမ်းသာယာသော နေရာလေး ဖြစ်နေသည်။

ထိုအချိန်တွင် ဗာရာဏသီပြည့်ရှင် ဘုရင် ပီဠိယက္ခသည် သမင်သားကို အလွန်တပ်မက်လှသောကြောင့် မယ်တော်အား တိုင်းပြည်ကို အပ်နှင်းပြီး လက်နက်ငါးပါးစွဲကိုင်ကာ ဟိမဝန္တာတောသို့ဝင်ပြီး ပစ်ခတ်စားသောက်နေ၏။ မင်းကြီးသည် သမင်များကို လိုက်လံ ရှာဖွေ ပစ်ခတ်နေစဉ် သားသမင်ပေါင်းများစွာ ခြံရံလျက် ရေခပ်ရန်ထွက်လာသော သုဝဏ္ဏ

သာမကိုတွေ့ရလျှင် လူလော နတ်လော ဃံသယဖြစ်လာပြီး အားနည်းအောင်ပြုပြီးမှ မေးမည်ဟုဆုံးဖြတ်ကာ မြားဖြင့် ပစ်လိုက်၏။ သုဝဏ္ဏသာမရသေ့လေးအား မြားထိမှန်ပြီး လက်ျာနံပါးမှဝင်၍ လက်ဝဲနံပါးမှထွက်၏။ သမင်များလည်း အလန့်တကြား ပြေးကြလေသည်။

သုဝဏ္ဏသာမသည် မိမိအား မြားမှန်ကြောင်းသိရလျှင် သတိထားလျက် ရေအိုးကို ပခုံးထက်မှချ၍ ခမည်းတော် မယ်တော်တို့ရှိရာအရပ်ကို ဦးခါင်းပြု၍လဲချလိုက်ပြီး ဒဏ်ချက်ဝေဒနာပြင်းပြစွာခံစားရလေသည်။ ခံတွင်းမှစီးဆင်းလာသော သွေးများကို ထွေးထုတ်လျက် ငါ့အား အဘယ်သူသည် ပစ်ခတ်ဘိသနည်း ငါ၏အသားသည် စားကောင်းသည်လည်း မဟုတ်ပါဘဲလျက် အဘယ်ကြောင့် ပစ်ခတ်ပါသနည်းဟု မြည်တမ်းလေသည်။

ပိဋိယက္ခမင်းကြီးကြားလေလျှင် ဤသူငယ်သည် မြားဖြင့်အပစ်ခံရပါလျက် ဆဲရေးရေရွတ်ခြင်းမပြု သာယာစွာသာပြောဆိုဘိ၏။ ငါသွား၍ မေးအံ့ဟု ကြံလျက် ရသေ့လေးထံသွားပြီး စကားပြော၏။ မိမိဇာတ်ကြောင်းကိုပြောပြပြီး ဘုရင်တစ်ပါးဖြစ်ကြောင်း ပြောဆို၏။ ဘာ့ကြောင့် ပစ်ခတ်ပါသနည်းဟု မေးသောအခါ မိမိပစ်အံ့ဆဲဆဲ သမင်သည် သင် သုဝဏ္ဏသာမကိုမြင်၍ လန့်ဖျပ်ထွက်ပြေးသွားသောကြောင့် အမျက်ထွက်၍ ပစ်ရပါသည်ဟုဆိုသောအခါ သုဝဏ္ဏသာမက မိမိအား မည်သည့်တိရစ္ဆာန်မျှ ထိတ်လန့်ခြင်းမရှိကြောင်း အလွန်ကြောက်တတ်သော ကိန္နရာတို့သည်ပင် မိမိနှင့်အတူ လိုက်ပါနေထိုင်ကြောင်း ပြောဆိုလျှင် မင်းကြီးကစူးစမ်းလို၍ ပစ်မိပါကြောင်း ပြောဆိုရလေသည်။

သုဝဏ္ဏသာမကို မေးမြန်းသောအခါ မျက်မမြင် မိခင်ဖခင်ရသေ့နှစ်ပါးကို ပြုစုလုပ်ကျွေးနေပါကြောင်း ယခုအခါ မိမိပြန်အလာကို စောင့်မျှော်နေကြလောက်ပြီ ဖြစ်ကြောင်း၊ အမိအဖတို့သည် မိမိမြားမှန်၍ ဒဏ်ရာ ရသည်ကိုသိလျှင် လွန်စွာဒုက္ခရောက်ဖွယ် ရှိပါကြောင်း မိမိအဖို့

တွင် များမှန်သော ဒုက္ခဆင်းရဲထက် အမိအဖတို့၏ အားကိုးရာမဲ့ ဒုက္ခကို တွေးမိ၍ ပို၍ဆင်းရဲပါကြောင်း အမိအဖတို့သည် ဒီနေ့မှစ၍ မျက်စိမမြင် စမ်းတဝါးဝါးဖြင့် တောကြီးမျက်မဲထဲတွင် ဆင်းရဲဒုက္ခ ရောက်ရတော့မည် ဖြစ်ကြောင်း မြည်တမ်း၍ ငိုကြွေးလေသည်။

ပီဋိယက္ခမင်းကြီးသည် မိမိမြားဖြင့်ပစ်လိုက်သော သုဝဏ္ဏသာမ မှာ ဒုက္ခသည်မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးနေသော သားသူတော်ကောင်းလေး တစ်ယောက် ဖြစ်နေကြောင်းသိရသဖြင့် မိမိ၏အမှားကို နောင်တရကာ သုဝဏ္ဏသာမကိုယ်စား သုဝဏ္ဏသာမ၏ မိဘနှစ်ပါးကို လုပ်ကျွေးတော့မည် ဟုကြံလျက် နေရာအရပ်ကို မေး၏။ သုဝဏ္ဏသာမလည်း အရပ်ဒေသညွှန် ပြပြီး မိဘတို့အား ရှိခိုးလိုက်ပါကြောင်း ပြောဆိုပြီး မိန်းမောလဲကျသွားလေ သည်။ ပီဋိယက္ခမင်းကြီးလည်း မြားဆိပ်တက်၍လဲကျသွားသော သုဝဏ္ဏသာမ ရသေ့လေး၏ဖြစ်အင်ကို မြင်တွေ့ရသဖြင့် ဝမ်းနည်းစွာ ငိုကြွေးလေသည်။ မင်းကြီး ငိုကြွေးနေချိန်တွင် သုဝဏ္ဏသာမ၏ ရှေးဘဝများစွာက မိခင်ဖြစ်ခဲ့ ဖူးသော ဗဟုသုန္ဓရီနတ်သမီးသည် သုဝဏ္ဏသာမကို စောင့်ရှောက်ရန် ရောက်လာ၏။ ဗဟုသုန္ဓရီနတ်သမီး ရောက်မလာပါက သုဝဏ္ဏသာမသည် များဆိပ်ဖြင့် မေ့မြောနေရာမှ အမှန်ပင်သေဆုံးသွားမည် ဖြစ်သည်။ သုဝဏ္ဏ သာမ အသက်ရှင်လာခြင်း၊ ဒုက္ခလနှင့်ပါရိကာတို့ မျက်စိအလင်းရခြင်း၊ ပီဋိယက္ခ မင်းကြီး တရားရ၍ သားသမင်အသက် မသတ်ဘဲ ကုသိုလ် ကောင်းမှုပြုလုပ် ခြင်းတို့ကြောင့် နဂ်ပြည်သို့ လားရောက်ရခြင်းဟူသော အကျိုးသုံးပါးကို မျှော်ကာ ကိုယ်ထင်ပြ၍ မင်းကြီးနှင့် စကားဆို၏။ အသင်မင်းကြီးသည် များတစ်စင်းတည်းဖြင့် သုဝဏ္ဏသာမနှင့် မိဘနှစ်ပါး ကို သတ်ရာရောက်သည်။ ထိုအပြစ်မှ ကင်းလွတ်စေရန် မျက်မမြင် မိဘ နှစ်ဦးကို လုပ်ကျွေးလော့ဟု တိုက်တွန်း၏။

ပီဋိယက္ခမင်းကြီးသည် သုဝဏ္ဏသာမ သေပြီဟု ထင်မှတ်ကာ တောပန်း အမျိုးမျိုးဖြင့်ပူဇော်ပြီး သောက်ရေအိုးကိုယူကာ ရေခပ်ပြီး ဒုက္ခလ

နှင့်ပါရိကာတို့ရှိရာသို့ သွားလေသည်။ ကျောင်းသခ်ိမ်းတွင်းသို့ ခြေသံပြင်း စွာဖြင့် ဝင်သွား၏။ သား၏ခြေသံ မဟုတ်ကြောင်းသိသဖြင့် မည်သူနည်း ဟုမေး၏။ ပီဋိယကမ္မမင်းကြီးဖြစ်ကြောင်း သိရလျှင် အကြောင်းစုံကြားပြီး သောအခါ ငိုကြွေးကြကုန်၏။ မင်းကြီးက သုဝဏ္ဏသာမကိုယ်စား လုပ်ကျွေး ပါမည်ဟုဆိုသော်လည်း မင်းကြီးသည် မိမိတို့အား မလုပ်ကျွေးအပ်ဟုပြော ပြီး သုဝဏ္ဏသာမ မြားမှန်ရာအရပ်သို့ လိုက်ပို့ပါဟု တောင်းပန်ကြကုန်၏။ ညအခါမိန်မသွားရန် ဖြောင်းဖြသော်လည်း မရဘဲ တောင်းပန်ကြသဖြင့် လက်ကိုတွဲ၍ ပို့ဆောင်ရလေသည်။ မြားမှန်ရာ နေရာသို့ရောက်လျှင် သုဝဏ္ဏ သာမ၏ ခြေရင်း ခေါင်းရင်းတို့၌ တစ်ယောက်စီထိုင်ကြကာ ငိုကြပြန်၏။ မင်းကြီးက သေပြီဟုပြောသော်လည်း မိဘနှစ်ပါးတို့သည် သုဝဏ္ဏသာမ ရင်ပေါ် လက်တင်၍ စမ်းသပ်ကြည့်သောအခါ အသက်မသေသေး ကြောင်းသိရပြီး သစ္စာပြုလျက် အဆိပ်ငွေ့ပြေစေရန် ကြိုးစားကြလေသည်။

မိခင်ကြီး ပါရိကာက ဤသို့သစ္စာပြု၏-

" ငါ့သား သုဝဏ္ဏသာမသည် ကုသိုလ် ကမ္မပထတရား ဆယ်ပါးကို ကျင့်ခဲ့သူဖြစ်ပါသည်။ ငြဟ္မစရိယ မြတ်သောအကျင့်ကို ကျင့်သူဖြစ်ပါသည်။ သစ္စာစကားကိုသာ ဆိုတတ်သူဖြစ်ပါသည်။ မိဘတို့ကို လုပ်ကျွေးသူဖြစ်ပါ သည်။ အသက်ကြီးသူ အမိအဖတို့ကို ရိုသေသူဖြစ်ပါသည်။ ငါသည် ငါ့သား သုဝဏ္ဏသာမအား ငါ့အသက်ထက် ချစ်မြတ်နိုးပါသည်။ ငါနှင့် အဘ ရသေ့ကြီးတို့ ပြုလုပ်ခဲ့သော ကောင်းမှုတို့ကြောင့် ငါ့သားမြားဆိပ် ပျောက်ပါစေသတည်း"ဟု သစ္စာပြု၏။ သစ္စာစကားဆုံးလျှင် သုဝဏ္ဏသာမ သည် မိန်းမောနေရာမှ တစ်ဘက်သို့စောင်း၍ အိပ်လေသည်။ ဖခင်ဒုက္ကုလ ရသေ့ကြီး၏ သစ္စာ(၇)ချက် ဆိုပြီးသောအခါ သုဝဏ္ဏသာမသည် တစ်ဖက် သို့ပြောင်း၍ အိပ်ပြန်၏။ မိခင်ဟောင်း ဗဟုသုန္ဒရီနတ်သမီးက ဤသို့သစ္စာ ဆို၏။ ငါသည် ဂန္ဓမာဒနတောင်၌ အမြဲနေပါသည်။ သုဝဏ္ဏသာမ မှတစ်ပါး

ချစ်မြတ်နိုးသူဟူ၍မရှိပါ။ ဂန္ဓမာဒနတောင်၌ တောအားလုံးသည် နံ့သာအတိရှိ၏။ အခြား သစ်ပင်မရှိပါ။ ဤမှုန်သော သစ္စာစကားကြောင့် မြားဆိပ် ပျောက်ပါစေသတည်း။ သစ္စာပြုပြီးသည်နှင့် တစ်ပြိုင်နက် သုဝဏ္ဏသာမသည် ကောင်းစွာ ထနိုင်လေသည်။ ထိုအခါ သိကြားမင်းရောက်လာပြီး လိုရာဆုတောင်းစေ၏။ ဒုက္ကုလနှင့်ပါရိကာတို့က သားရွှေအိုးထမ်းလာသည်ကို မြင်လိုပါသည် ဟုဆုတောင်းလိုက်ရာ သုဝဏ္ဏသာမလည်း အသက်ရှင် ရွှေအိုးလည်းဆုရ မိဘနှစ်ပါးလည်း မျက်စိအမြင် ပြန်လည်ရကြလေသည်။

သုဝဏ္ဏသာမ ရသေ့လေးသည် ပိဋိယကမ္မမင်းကြီးအား တရားဟောပြ၏။ မည်ကဲ့သို့သောရာမှ ရှင်လာရပါသနည်းဟု မင်းကြီးကမေးရာ သုဝဏ္ဏသာမက ဝေဒနာပြင်းထန်၍ မိန်းမောခြင်းသာ ဖြစ်ကြောင်း မိဘလုပ်ကျွေးသူကို နတ်တို့က ဆေးကုပေးကြောင်း မိဘလုပ်ကျွေးသူကို လူခပ်သိမ်းတို့က ချီးကျူးလျက် ထိုသူသေသောအခါ နတ်ပြည်သို့ ရောက်ရကြောင်း ဟောပြပြီး မင်းတို့ကျင့်ရန် တရား ဆယ်ပါးကို ဟောပြလေသည်။ အမိအဘတို့ကို လုပ်ကျွေးခြင်း၊ သားမယားတို့အား ထောက်ပံ့ ခြင်း၊ မျှးမတ် ဗိုလ်ပါ ပြည်သူတို့အား စွန့်ကြဲခြင်း၊ ဆင်မြင်းဗိုလ်ပါတို့၌ တရားသဖြင့် ကျင့်ခြင်း ရွာနိုဂုံးတို့၌ တရားနှင့်အညီ အုပ်ချုပ်ခြင်း၊ တိုင်းကား ပြည်ရွာတို့၌ တရားနှင့်အညီ ကျင့်ခြင်း၊ ရဟန်းပုဏ္ဏားတို့၌ တရားသဖြင့် ကျင့်ခြင်း၊ သားငှက်တို့၌ တရားသဖြင့် ကျင့်ခြင်း၊ တရားဓမ္မကိုကောင်းစွာ ကျင့်ကြံလိုက်နာခြင်း၊ တရားဓမ္မတို့ကို မမေ့မလျော့ ကျင့်ခြင်းတို့ ဖြစ်သည်။ ထို့နောက် ပိဋိယကမ္မမင်းကြီးကို ငါးပါးသီလ စောင့်ထိန်းစေ၏။ မင်းကြီးလည်း ဗာရာဏသီပြည်သို့ပြန်၍ ကောင်းမှုကုသိုလ်ပြုလုပ်ကာ နတ်ပြည်သို့ရောက်လေသည်။ သုဝဏ္ဏသာမနှင့်ဒုက္ကုလ ပါရိကာတို့သည်လည်း စျာန်အဘိညာဉ်ရရှိကြပြီး အသက်အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားကြလေသည်။

ပိဋိယက္ခမင်းကြီးမှာ ရှင်အာနန္ဒာမထေရ်၊ ဗဟုသုန္ဒရီနတ်သမီးမှာ ဥပ္ပလဝဏ်ထေရီ၊ သိကြားမင်းသည် အရှင်အနုရုဒ္ဓါမထေရ်၊ ဒုက္ကုလသည် အရှင်မဟာကဿပ၊ ပါရိကာသည် ဘဒ္ဒကာပိလာနီထေရီ ဖြစ်လာကြပြီး သုဝဏ္ဏသာမ ရသေ့လေးမှာ ရှင်တော်ဗုဒ္ဓ မြတ်စွာဘုရားဖြစ်လာလေသည်။

နေမိဇာတ်တော်ကြီး

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ မဃဒေဝမင်းကြီး မင်းပြု၏။ မင်းကြီးသည် ဆတ္တာသည်အား မိမိဦးခေါင်း၌ ဆံဖြူတစ်ပင် ပေါက်လာသည်ကို တွေ့မြင်လျှင် ငါအားပြောပါဟု မိန့်မှာထား၏။ တစ်နေ့တွင် ဆတ္တာသည် သည် မင်းကြီး၏ ဦးခေါင်းမှ ဆံဖြူတစ်ပင်ကိုနှုတ်၍ လက်ဝါးပေါ်တွင် တင်၍ပြသည်။ မင်းကြီးသည် ကြီးစွာသော ထိတ်လန့်ခြင်းဖြစ်ပေါ်လာပြီး ငါ၏ဦးခေါင်းတွင် သေမင်းအောင်လံလွှင့်ထူခဲ့ပြီ၊ လောကီအာရုံ ကာမဂုဏ်များကို ပယ်စွန့်၍ တရားကျင့်ရန် အတွက် ရသေ့ရဟန်း ပြုခြိန်ရောက်လာပြီဟု ဆုံးဖြတ်ကာ သားတော်ကြီးကို ထီးနန်းအပ်၍ ရဟန်းပြုလေသည်။ ထိုမဃဒေဝရဟန်းသည် စျာန်အဘိညာဉ်ရသဖြင့် ကွယ်လွန်သောအခါ ဗြဟ္မာပြည်၌ဖြစ်၏။

မဃဒေဝမင်းကြီး၏ ထီးမွေကို ဆက်ခံကြသော မင်းများသည်လည်း ထိုမင်းကြီးနည်းတူ ဆံဖြူမြင်လျှင် တောထွက်ကြမြဲ ဖြစ်သည်။ မဃဒေဝဗြဟ္မာကြီးသည် ဗြဟ္မာပြည်မှ စုတေခဲ့၍ မိထိလာပြည်၌ မင်းကြီး၏ မိဖုရားကြီးဝမ်းတွင် ပဋိသန္ဓေယူ၏။ ဖွားမြင်လတ်သော် ဘုန်းလက္ခဏာနှင့် ပြည့်စုံသော မင်သားငယ်ကို နေမိမင်းသားဟု အမည်မှည့်ကုန်၏။ ခမည်းတော် မင်းကြီးသည် ဆံဖြူတော်မြင်၍ တောထွက်လေသော် သားတော်နေမိမင်းသားသည် ထီးနန်းသခင် ဘုရင်ဖြစ်လာသည်။ နေမိမင်းကြီးသည် ဘုရင် ဖြစ်လာပြီးနောက် နေ့စဉ် အလှူဒါနပြု၏။ မြို့တံခါး ၄-မျက်နှာ

မြို့လယ် ဤ ၅-ဌာနတို့၌ အလှူဇရပ်ကြီး တစ်ဆောင်စီဆောက်၍ ဇရပ်တစ်ဆောင်လျှင် အသပြာတစ်သိန်းအားဖြင့် တစ်နေ့လျှင်အသပြာငါးသိန်းပေးလှူ စွန့်ကြ၏။ အလှူခံဟူသမျှ ကြီးငယ်မြင့်မြတ် ယုတ်လတ်မရွေး အလှူပေး၏။ နှစ်ကာလကြာညောင်းလတ်သော် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေမိမင်းကြီး၏ အလှူဝတ္ထုကို မသုံးဆောင်ရသောသူ မည်သည်မရှိ အနှံ့အပြန့် သုံးဆောင်ကြရသည်။

နေမိမင်းကြီးသည် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ အမြဲတမ်းလုံခြုံအောင် စောင့်ထိန်းသည်။ ကျိုးပေါက် ပြောက်ကျားမရှိ ပကတိစင်ကြယ်စွာစောင့်သုံးသည်။ မူးကြိုးမတ်ရာ သေနာပတိ တိုင်းပြည့်ဝန်ထမ်းအရာထမ်း၊ အမှုထမ်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ ဒါးမခုတ် မကျန် ပြည်သူ အားလုံးတို့အားလည်း ငါးပါးသီလကို လုံခြုံစင်ကြယ်စွာ စောင့်စေသည်။ မင်းရေး စိုးရေး အမှုအခင်းမရှိစေရဘဲ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်ကျင့်သုံးခြင်း၊ သူတော်ကောင်း တရားပွားများအားထုတ်စေခြင်းဖြင့် အချိန်ကုန်လွန်စေ၏။ အစည်းအဝေးဓမ္မသဘင်ကျင်းပပြီး ပြည်သူ ပြည်သားတို့အား ငရဲဘေး၏ ကြောက်မက်ဖွယ်ကောင်းပုံ၊ နတ်ပြည်ခရီး၏ အေးချမ်းသာယာပုံကို ညွှန်ပြ၍ တရားဓမ္မဟောပြဆုံးမတော်မူလေ့ရှိသည်။ တိုင်းကားပြည်ရွာတို့သည် မည်သည့် ဘေးဒုက္ခအန္တရာယ်မှမရှိကြဘဲ ဆင်းရဲကင်းကွာ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် ဒါနမှု၊ သီလမှု အားထုတ်ကြရသဖြင့် ထိုသူတို့ ကွယ်လွန်သောအခါ နတ်ပြည်၌-ထပ်၌ နတ်သား နတ်သမီးတို့နှင့် စည်ကား၏။ ငရဲပြည် တိတ်ဆိတ်နေ၏။ နတ်အပေါင်းတို့သည်လည်း တာဝတိံသာနတ်ပြည် သုဓမ္မာ ဓမ္မသဘင်ဝယ် စုဝေးကြပြီး နေမိမင်းကြီးသည် ငါတို့၏ကျေးဇူးရှင် ဆရာအစစ် ဖြစ်ပေ၏။ ဤမင်းကြီးကို အမှီပြု၍ ဤနတ်စည်းစိမ်ကို ငါတို့ ခံစားရပေ၏။ ကျေးဇူးကြီးလှပေစွဟု နေမိမင်းကြီး၏ ဂုဏ်တော်ကို အဖန်တလဲလဲ ချီးမွန်းနေကြကုန်၏။

တစ်နေ့တွင် နေမိမင်းကြီးသည် ဤသို့ ကြံစည်၏။ ငါသည် အလှူဒါနများကို ကိုယ်တိုင်လည်းပြု သူတစ်ပါးကိုလည်း ပြုစေခဲ့၏။ ဒါန၏ အကျိုးကြောင့် သတ္တဝါတို့သည် သံသရာဝယ် ပစ္စည်းဥစ္စာ ရတနာတို့ ပေါများကြွယ်ဝ ချမ်းသာကြ၏။ လိုလေသေးမရှိ စိတ်တိုင်းကျ သုံးဆောင်ကြရ၏။ ထို့အတူပင် ငါသည် ၅-ပါး၊ ၈-ပါး စသောအားဖြင့် ကိုယ်ကျင့်သီလတို့ကို ကိုယ်တိုင်လည်း ကျင့်သုံးဆောက်တည်ခဲ့၏။ သူတစ်ပါးတို့ သီလစောင့်ရန် စီမံတိုက်တွန်းပေးခဲ့၏။ သီလနှင့်ပြည့်စုံကြသဖြင့် သတ္တဝါတို့သည် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟူသော ဒုဂ္ဂတိဘေးတို့မှ ကင်းဝေးကြပြီး လူ့ပြည် နတ်ပြည်တို့ဝယ် အသက်ရှည်ကြာ အနာကင်းဝေး အဆင်းလှပ ကျန်းမာရေးနှင့် ပြည့်ဝကြကုန်၏။ ခွန်အား ဗလ ဉာဏ်ပညာနှင့် ပြည့်စုံကြကုန်၏။ ဘုန်းတန်ခိုး အာနုဘော် ကြီးမားကြကုန်၏။ သို့ဖြစ်၍ ဒါနနှင့်သီလ ဤနှစ်ပါးတွင် ဘယ်အရာက ပို၍မြတ်ပါသနည်း။ ပို၍ အကျိုး ကြီးပါသနည်းဟု ကြံ၏။ တိကျသော အဖြေမှန်ကိုမရသဖြင့် မဆုံးဖြတ် နိုင်ဘဲ ရှိခဲ့၏။

ထိုအခါ ဘုရားအလောင်း၏ သီလ အာနုဘော်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူပြင်းတင်းမာ၍ လာ၏။ အကြောင်းကို သိလိုသဖြင့် စူးစမ်းသည်ရှိသော် နေမိမင်းကြီး၏ သံသယကို တွေ့ရသည်။ ထို့ကြောင့် သိကြားမင်းသည် လူ့ပြည်သို့ ဆင်းသက်၍ နေမိမင်းကြီး၏ ကျက်သရေတိုက်ခန်းသို့ဝင်ပြီး ကိုယ်ထင်ပြလျက် ဤသို့ဆို၏။ အရှင်မင်းကြီး ဒါန၏အကျိုးထက် သီလ၏အကျိုးက သာ၍မြတ်ပါသည်ဟု ဖြေ၏။ အမြတ်ဆုံး အကြီးဆုံးဖြစ်သော အလှူပေးမှု၊ မဟာဒါန၏ အကျိုးသည်ကား အယုတ်ညံ့ဆုံးဖြစ်သော သီလ၏အကျိုးကို မမှီပါ။ အဂီါ တစ်ပါးနှင့်ပြည့်စုံသော အညံ့ဆုံးသီလသည် ပဒေသရာဇ်မင်း၊ ဧကရာဇ်မင်း၊ စကြာမင်းတို့၏ စည်းစိမ်ကို ပေးတတ်ပါ၏။ အလယ်အလတ်ဖြစ်သော သီလစွမ်းကြောင့် လူ့စည်းစိမ်ထက် အဆအရာမက ကောင်းမြတ်သည့်

နတ်စည်းစိမ်ကို ပေးစွမ်းနိုင်ပါသည်။ အမြတ်ဆုံးဖြစ်သော သီလစွမ်းကြောင့် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းအဖြစ်သို့ ရောက်စေနိုင်ပါ၏။ အိမ်ရာမထောင်ဘဲ ခြိုးခြံစွာ ကျင့်ကုန်သော ရသေ့ရဟန်းတို့သည် ဗြဟ္မာမင်းအဖြစ်သို့ ရောက်ဖူးကြလေကုန်သည်ကား များလှပေပြီ။ ထိုဗြဟ္မာမင်း၏ အဖြစ်ကို ဤတစ်ကျွန်းလုံးအပြည့် ဒါနဝတ္ထု အထူးအမြတ်တို့ကို စုပုံ၍ အသက်ထက်ဆုံး အမြဲလှူဒါန်းပူဇော်ခြားသော်လည်း ရလွယ်သည် မဖြစ်နိုင်ရာဟု ပြောပြလေသည်။

အရှင်နေမိမင်းကြီး ယင်းသို့ ဒါနထက် သီလက အကျိုးမြတ်သော်လည်း ဤဒါနကုသိုလ်၊ သီလကုသိုလ် (၂)ပါးသည် ကံ,ကံ၏အကျိုးကိုယုံကြည်ကုန်သော ယောက်ျားမြတ် သူတော်ကောင်တို့၏ အလေ့အကျင့် ချည်းပင်ဖြစ်၍ ဒါန သီလ ကုသိုလ် ၂-မျိုးလုံးကို မမေ့မလျော့ ပြည့်စုံအောင် ကျင့်သုံးပါဟု အဖြေပေးတိုက်တွန်း၍ တာဝတိံသာသို့ ပြန်လေသည်။ တာဝတိံသာရှိ သုဓမ္မာနတ်သဘင်ဝယ် စုဝေးနေကြကုန်သော နတ်အပေါင်းတို့သည် သိကြားမင်းပြောပြသော စကားကို ကြားကြကုန်လျှင် မိမိတို့၏ ကျေးဇူးရှင် နေမိမင်းကြီးအား တာဝတိံသာနတ်ပြည်သို့ ပင့်ဆောင်ပေးပါ။ ပူဇော်လိုကြပါသည်ဟု တောင်းပန်ကြသဖြင့် သိကြားမင်းသည် မာတလိနတ်သားအား ပင့်ဆောင်ပေးရန် စေလွှတ်လေ၏။

မာတလိနတ်သားသည် သိန္ဓောမြင်း ၁၀၀၀-ကလျက် ဝေဇယန္တာနတ်ရထားကို စီးကာ မိထိလာပြည်သို့ သွားပြီးလျှင် နေမိမင်းကြီးအား ပင့်ဆောင်ခဲ့၏။ ရထားမှူး မာတလိက တာဝတိံသာခရီးသည် လမ်းကြောင်းနှစ်ကြောင်း ရှိပါသည်။ ငရဲပြည်အနီးခရီးလမ်းနှင့် နတ်ပြည်အနီး ခရီးလမ်းဟူ၍ရှိရာ မည်သည့်လမ်းက သွားလိုပါသနည်း ဟုမေး၏။ နေမိမင်းကြီးသည် ခရီးလမ်း နှစ်ခုလုံးကို မြင်တွေ့လိုသဖြင့် ငရဲပြည်လမ်းကသွားပြီးမှ နတ်ပြည်ခရီးသို့ ဆက်ရန် ပြောကြား၏။

ငရဲပြည်သည် သဠိဝ်းငရဲ၊ ကာဠသုတ်ငရဲ၊ သယ်ာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲဟူ၍ ငရဲကြီး

(၈)ထပ်ရှိ၏။ ငရဲကြီး(၈)ထပ်တို့၌ မြို့တံတိုင်းကား သံဖြင့် ကာရံထား၏။ အထူ ၉-ယူဇနာစီ ရှိ၏။ တစ်မျက်နှာလျှင် တံခါး ၄-ပေါက်စီ ရှိ၏။ မြို့မှာ ၄-ထောင့် ဖြစ်၏။ မြို့အတွင်း မြေပြင်သည် သံမြေ ဖြစ်၏။ အလျားအနံ ယူဇနာ ၁၀၀-စီ ရှိ၏။ မီးလျှံမှာ ကမ္ဘာပျက်သည့်တိုင်အောင် အမြဲတောက်လောင်နေ၏။ ငရဲသတ္တဝါတို့ကား မီးလျှံကြားဝယ် ဒုက္ခခံကြရကုန်၏။ ငရဲကြီး ၈-ထပ်၌ ငရဲထိန်းမရှိ၊ ငရဲသားတို့မှာ ကံ ကံ၏အကျိုးကို မယုံကြည်ဘဲ အကုသိုလ်ပြုသူ၊ မိစ္ဆာအယူမှားသူ၊ စဉ်းလဲကောက်ကျစ်ဝန်တိုသူ၊ သတ္တဝါတို့အား သနားကရုဏာမရှိသူ၊ သူ့အသက်သတ်သူ၊ သူ့ဥစ္စာခိုးသူ၊ နှိပ်စက်ကလူပြုမူတတ်သူ၊ မတရားသက်သေခံသူ၊ မမှန်စကားပြောသူ၊ ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံပြုသူ၊ ရတနာသုံးပါးကို ဆဲရေးသူစသော အကုသိုလ် ကမ္မပထကံအလိုက် ခံကြရ၏။

- ငရဲဘုံသားတို့၏ အသက်တမ်းမှာ လူတို့အရေအတွက် အနှစ် ၉-သိန်းသည် စတုမဟာရာဇ်နတ်အသက်ဖြစ်၏။ ထိုနတ်သက်သည် သဋ္ဌိဝါး ငရဲကြီး၌ ၁-ရက်ဖြစ်၏။ရက် ၃၀-လျှင် ၁-လ၊ ထိုလဖြင့် ၁၂-လသည် တစ်နှစ်၊ ထိုနှစ်ဖြင့် အနှစ် ၉-သန်း သည် သိဋ္ဌိဝါးငရဲသားတို့၏ သက်တမ်းဖြစ်သည်။

- လူအရေအတွက် အနှစ် ၃-ကုဋေ ၆-သန်းသည် တာဝတိံသာနတ်သက်၊ ထိုနတ်သက်သည် ကာဠသုတ်ငရဲကြီး၏ ၁-ရက်၊ ထိုသို့သော နှစ် ၃-ကုဋေ ၆-သန်းသည် ကာဠသုတ်ငရဲသက်တမ်းဖြစ်သည်။

- လူနှစ် ၁၄-ကုဋေ ၆-သန်းသည် ယာမာနတ်သက်ဖြစ်၏။ ယာမာနတ်တစ်သက်သည် သယ်ာတငရဲကြီး၌ ၁-ရက်၊ ထို ရက်အားဖြင့် အနှစ် ၁၄-ကုဋေ ၆-သန်းသည် သယ်ာတငရဲကြီးသက်တမ်းဖြစ်၏။

- လူနှစ် ၅၇-ကုဋ္ဌေ၊ ၆-သန်းသည် တုသိတာ နတ်ပြည်၌ တစ်သက်၊ ထိုသက်တမ်းသည် ရောရုဝင်ရဲ၌ ၁-ရက်။ ငရဲသက် နှစ် ၅၇-ကုဋ္ဌေ၊ ၆-သန်းသည် ထိုငရဲကြီး၏ သက်တမ်း ဖြစ်၏။

- လူနှစ်ကုဋ္ဌေ ၂၃၄-သန်းသည် နိမ္မာနရတိ နတ်ပြည်၌တစ်သက်၊ ထိုတစ်သက်သည် မဟာရောရုဝင်ရဲ၌ ၁-ရက်၊ ထိုရက်အားဖြင့် ကုဋ္ဌေ ၂၃၄-သန်းသည် မဟာရောရုဝ ငရဲသက် ဖြစ်၏။

- လူနှစ်ကုဋ္ဌေ ၉၂၁ နှင့် ၆-သန်းသည် ပရနိမ္မိတဝသဝတ္တီ နတ်သက်၊ ထိုနတ်သက်သည် တာပနငရဲကြီး၌ ၁-ရက်၊ ထိုရက်အားဖြင့် အနှစ် ၉၂၁ ကုဋ္ဌေနှင့် ၆-သန်းသည် တာပန ငရဲသက်ဖြစ်သည်။

- လူတို့နှစ် အန္တရကပ်ထက်ဝက်သည် မဟာတာပန ငရဲကြီး၏ သက်တမ်းဖြစ်၏။ လူတို့၏ အန္တရကပ်သည် အဝီစိ ငရဲကြီး၏သက်တမ်းဖြစ်၏။ အဓိကအားဖြင့်မူ မိမိတို့ကျူးလွန်ခဲ့သော အကုသိုလ်ကံသာ အဓိကဖြစ်သည်။ အကုသိုလ်ကံက အပြည့် ပြုလုပ်ခဲ့လျှင် ထိုမျှရှည်လျားစွာ သက်တမ်းပြည့် ဒုက္ခဆင်းရဲ ခံရသည်။

ထိုငရဲကြီး ၈-ထပ်တွင် ငရဲကြီး ၁-ထပ်၏ ၁-မျက်နှာတွင် ငရဲငယ် ဥဿဒရက်၊ ငရဲငယ် ၄-ခုရံသဖြင့် ငရဲကြီး ၁-ထပ်လျှင် ငရဲငယ် ၁၆-ခု ရံ၏။ ငရဲကြီး ၈-ထပ်ဖြစ်၍ ငရဲငယ် ၁၂၈-ခု ရံ၏။ နေမိမင်းကြီးကို မာတလိရထားမှူးသည် သိဒ္ဓိဝင်းငရဲကြီး၏ ငရဲငယ်အရံဖြစ်သော ဝေတရဏီ ကြိမ်ပိုက်ချောင်း ဥဿဒရက်ငရဲသို့ ရှေ့ရှုနှင့်၏။ ထိုငရဲတွင် ခါးစပ်နေသော သံရည်ပူတို့ဖြင့် ပြည့်နေသည့်ရေပြင်၌ အလျှံတစ်ထိန်ထိန် တောက်နေ

သော သံကြာရွက်တို့ ရှိကုန်၏။ ချောင်းတစ်ပြင်လုံး သင်္ဂုန်းသွားဖြင့် စီစိုက်ကာ ပြည့်နေ၏။ သံကြာရွက်ပေါ်၌ ထက်စွာသော ထွန်းတုံးပမာဏ သံဆူးတို့ အလျှံတစ်ပြောင်ပြောင် တောက်လျက် တည်ရှိကြကုန်၏။ သံဆူးတို့သည် အထက်၌ အသွားထက်လှသည့် သံဆူးသံကြိမ်နွယ်တို့သည် ချောင်းလုံးပြည့် တည်ရှိကုန်၏။ ချောင်းနား၌ ငရဲထိန်းတို့သည် သန်လျက်၊ လှံမ၊ ချွန်းတောင်း၊ ခက်ရင်း၊ ဆောက်ပုတ် လက်နက်စွဲကိုင်လျက် ငရဲသားတို့ကို ထိုးပုတ်ရိုက်နှက် ညှဉ်းဆဲကြကုန်၏။ မခံနိုင်သဖြင့် ကြိမ်ပိုက်ထဲသို့ ခုန်ချကြကုန်၏။ သံကြိမ်ဆူးတို့ ရစ်ပတ်ခုတ်ထိုးခံရသဖြင့် အပိုင်းပိုင်း အပေါက်ပေါက် ဖြစ်ကုန်၏။ ကြိမ်ဆူး ကြိမ်နွယ် မီးလျှံတို့မှ လျှောကျ၍ တောက်လောင်နေသော သံဆူးမျှားပေါ်သို့ကျပြန်၏။ သံဆူးတို့ဖြင့် တံကျင်လျှို့ ခံကြကုန်၏။ သံဆူးမျှားပေါ်မှ အပိုင်းပိုင်း စုတ်ပြတ်ပြီး သံကြာရွက်တို့ အပေါ် ကျကုန်၏။ အလွန်ဆင်းရဲ ကြကုန်၏။ ထိုမှ အလွန်ခါးစပ်သော သံရည်ပူပေါ်သို့ ကျကုန်၏။ အဆိုးအလှဲ့ ထွက်နေသော မီးလောင်သံရေပြင်၌ အပိုင်းပိုင်းပြတ်လျက် ဆင်းရဲကြီးစွာ ဒုက္ခခံကြရပြန်၏။ ငိုယိုအော်ဟစ်လျက် မီးတောက်ရေပြင်ထဲ၌ စုန်တုံဆန်တုံ ခံကြရကုန်၏။ ရေထဲဒုက္ခ မခံနိုင်၍ ကမ်းသို့ ပြန်တက်လတ်သော် ငရဲထိန်းတို့က ထိုးခုတ်ရိုက်နှက်ကြ ပြန်၏။ အချို့သော ငရဲသားတို့ကို သံမြားချိတ်ဖြင့် အာခေါင်သွင်း ဆွဲငင်ကုန်၏။ အချို့တို့ကို မီးလောင်သံပြင်၌ ပက်လက်လှဲလျက် ရဲရဲတောက်သံတွေခဲ တို့ဖြင့် ပါးစပ်ထဲ သိပ်ကြကုန်၏။

ထိုငရဲသားတို့ ဒုက္ခခံရပုံကို နေမိမင်းကြီး မြင်သော် ကိုယ်တိုင် ခံစားနေဘိသို့ ထင်လာပြီး လွန်စွာတုန်လှုပ် ကြောက်ရွံ့၏။ မာတလိကို ဘာကြောင့် ဤမျှ ဒုက္ခခံရပါသနည်းဟု မေး၏။ မာတလိက ဤသို့ရှင်းပြ၏။ ဤငရဲသားတို့သည် လူ့ဘဝတုန်းက လူဆိုးမျှား ဖြစ်ကြ၏။ လက်ရုံးအားကိုးဖြင့် အနိုင်အထက် နှိပ်စက်ပုတ်ခတ် ထောင်းသတ် ညှဉ်းဆဲခဲ့ကြကုန်၏။ သူတစ်ပါး ဥစ္စာကို လုယက်ဖျက်ဆီးခဲ့ကြကုန်၏။ မိမိ၏ငွေအား

ပစ္စည်းအား၊ ကိုယ်အားမျှားဖြင့် အာနည်းသူ၊ ငွေကြေး ရှားပါးသူတို့ကို မတရား လုပ်ဆောင်ခဲ့ကြ၏။ ဘုန်းပညာအာဏာ အရှိန်အဝါကိုသုံးပြီး ညှဉ်းပန်းနှိပ်စက် အနိုင်အထက် ပြုခဲ့ကြကုန်၏။ လက်ရုံးအားကိုး စည်းစိမ် ငွေကြေး ဥစ္စာအားကိုး၊ ဘုန်းပညာအားကိုးဖြစ်သော အားသုံးရှင်တို့သည် ဤဝေတရဏီ ကြိမ်ပိုက်ချောင်းငရဲ၌ ယခုတွေ့မြင်ရသည့်အတိုင်း ဆင်းရဲ မျိုးစုံ ခံကြရကုန်ပါ၏ဟု လျှောက်၏။

ထို့နောက် ခွေးကျားကြီး ငရဲ၊ သုနခဉ္ဇဿငရဲကို ပြပြန်၏။ ဆင်ပမာဏရှိသော ခွေးတို့သည် ကြောက်မက်ဖွယ် အဆင်းရှိကုန်၏။ သွား နှုတ်သီးတို့ မီးတောက်နေသော သံဖြင့်ပြီးသော ကျီးလင်းတတို့လည်း ရှိကုန်၏။ ငရဲခွေးတို့သည် ငရဲသားတို့ကို မီးတောက်နေသော သံပူမြေပြင်၌ လဲကျစေပြီး အသားကို ကိုက်စားကြကုန်၏။ ရင်ဘတ်မျက်နှာ လျှာ မျက်လုံး အသားအသွေးတို့ကို ထက်လှစွာသော သံသွားမျှားဖြင့် ကိုက်ဆွဲ ဖဲ့ကာ အရိုးချည်းကျန်အောင် စားကြကုန်၏။ ကျီးလင်းတတို့ကလည်း ထက်လှသော သံနှုတ်သီးမျှားဖြင့် အရိုးကိုဖောက်၍ ခြင်ဆီတို့ကို စားကြကုန်၏။ ငရဲသားတို့သည် ငိုယို အော်ဟစ် လူးလိမ့်လျက် ပျက်တုံဖြစ်တုံ ကံမကုန်သမျှ ခံကြရကုန်၏။ ထိုငရဲသားတို့၏ လူ့ဘဝဖြစ်စဉ်ကို မာတလိက ဤသို့ လျှောက်၏။ လူ့ဘဝတုန်းက စဉ်းလဲဝန်တို ဆဲဆိုနှုတ်ကြမ်း လူညစ် ညမ်းတို့ ဖြစ်ခဲ့ကြသည်။ သူတော်ကောင်း ရဟန်း ပုဏ္ဏားတို့ကို ဆဲဆို မလေးစား မထီမဲ့မြင် ပြစ်တင်ချုပ်ချယ် ကဲ့ရဲ့ရှုတ်ချခဲ့ကြကုန်၏။ မိမိပစ္စည်း မျှားကို မလှူရက်ပဲ ဖုံးကွယ်ဝှက်ထားကြပြီး၊ သူတစ်ပါး လှူဒါန်းသည်ကို မနာလို မနှစ်သက်သောအားဖြင့် တားမြစ်ပြီး မကောင်းမှုပြုခဲ့သူမျှား ဖြစ်ကြောင်း လျှောက်ထား၏။

ထို့နောက် မာတလိသည် နေမိမင်းကြီးအား သဇာတိဥဿဒ ငရဲကို ပြပြန်၏။ ၉-ယူဇနာလောက်ရှိသော ရဲရဲတောက် လောင်နေသည့်

သံမြေအပြင်၌ ထန်းလုံးလောက်ရှိသည့် မီးတောက်လုံတံဖြင့် နောက်က ရိုက်၍လဲကျအောင်ပြုပြီး၊ ထိုလုံတံဖြင့် ညက်ညက်ကျအောင် ရိုက်ကြကုန်၏။ အခါမလပ် ရိုက်ခံရ၏။ ထိုသူတို့၏အပြစ်ကား လူ့ဘဝဖြစ်စဉ် အချိန်က အမျိုးကောင်းသားသမီးတို့ ကောင်းမြတ်အကျင့်ကိုလည်း ကောင်း၊ သီလစောင့်သူတို့ကို လည်းကောင်း၊ ပေးကမ်းသူမျှားကိုလည်း ကောင်း၊ မနာလိုဝန်တို မရှုစိမ့်ဖြင့် အပြစ် ပြုခဲ့ကြသူမျှားဖြစ်သည်။ သူတော်ကောင်းတို့ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲအောင် ညှဉ်းဆဲစောင်းမြောင်း သူမျှားဖြစ်သည်။ မိမိကိုယ်တိုင်မှာမူ အကုသိုလ် ပြုလုပ်ပြီး ကုသိုလ်ပြုလုပ်သူ တို့ကို ညှဉ်းဆဲ ချုပ်ချယ်လေ့ ရှိသူတို့သည် တစ်ကိုယ်လုံး တောက်လောင် နေသော ဤငရဲ၌ ခံရ၏ ဟုလျှောက်၏။

ထို့နောက် မာတလိသည် မီးကျီးတွင်းငရဲသို့ ပြပြန်၏။ ငရဲထိန်းတို့ သည် အလှံတပြောင်ပြောင် တောက်လောင်နေသော သန်လျက် လုံမ ခွန်းတောင်း၊ လုံတံ၊ ဆောက်ပုတ် လက်နက်မျိုးစုံတို့ကို စွဲကိုင်လျက် ငရဲသားတို့ကို ဝိုင်းရံ၍ ထိုးခုတ် ရိုက်နှက်ကြကုန်၏။ မီးကျီတွင်းထဲသို့ မောင်းချကြကုန်၏။ မီးကျီခဲတို့သည် ငရဲသားတို့၏ ခါးထိအောင် နစ်မြုပ် လျက် သံခြင်းတောင်းဖြင့် မီးကျီခဲများကို ကျုံး၍ လောင်းကြကုန်၏။ မိမိ တို့၏ ဦးခေါင်းကို မီးကျီစုထဲသို့ ထိုးသွင်းပွတ်မွှေကြကုန်၏။ ထိုသူတို့သည် ကား လူ့ဘဝတုန်းက လူတို့က စုဆောင်းလှူဒါန်းထားသော ငွေကို ကိုယ်ကျိုး အတွက် သုံးစွဲပြီး၊ တကယ်မလှူကြကုန်။ ကောက်ကျစ်စဉ်းလဲစွာ နှိုက်ယူ သုံးစွဲပြီး သူတစ်ပါး အလှူငွေကို မတရားစားကြသူမျှား ဖြစ်သည်ဟု လျှောက်၏။

ထို့နောက် မာတလိသည် သံအိုးကင်းငရဲကို ပြပြန်၏။ လောဟ ကုမ္ဘီငရဲ၌ တောင်ကြီးပမာဏရှိသော သံအိုးကင်း၌ အလှံတပြောင်ပြောင် တောက်လောင်နေသော သံရည်ပူတို့သည် အပြည့်အလှံ ရှိနေကုန်၏။ ငရဲထိန်းတို့သည် ငရဲသားတို့ကို ခြေကကိုင်၍ ဦးခေါင်းဇောက်ထိုး သံရည်

အိုးထဲသို့ ချလိုက်သဖြင့် ငရဲသားတို့သည် ငိုယိုမြည်တမ်းလျက် မြုပ်ကြကုန်၏။ နှစ်ပေါင်းများစွာကြာမှ ပေါ်လာပြန်၏။ ကြာကြာမနေရ တစ်ခါသံရေပူထဲ မြုပ်ကြရကုန်၏။ ဤသူတို့သည် သူတော်ကောင်းတို့အား ဆဲရေးသတ်ပုတ် ချုပ်ချယ် စောင်းမြောင်း နည်းမျိုးစုံဖြင့် နှိပ်စက်ကြသူများဖြစ်သည်ဟု လျှောက်၏။

ထို့နောက် မာတလိသည် ပြာပူမြစ် ငရဲကို ပြပြန်၏။ တပေါဒါမြစ်သည် မီးလောင်နေသည့် သံမြေအနီး၌ စီး၏။ ထိုသံမြေအဆုံးတွင် ကြည်လင်သော ရေအရောင်ရှိ ဆိပ်ကမ်းတစ်ခု ရှိ၏။ ပူစွာသော မီးအရှိန်ကြောင့် ငရဲသားတို့သည် ရေငတ်လှသဖြင့် မီးလောင်သံမြေကို နင်းလျက် ထိုမြစ်ကမ်းသို့ ပြေးသွားကြကုန်၏။ မြစ်ကမ်းသို့ သက်ဆင်းသည်ရှိသော် မြစ်ကမ်းပြင်သည် ရဲရဲတောက်လာ၏။ မြစ်ရေတို့မှာလည်း ရဲရဲတောက် ပြာပူတို့သာ ဖြစ်ကုန်၏။ ရေငတ်မှု ပြင်းစွာဖြစ်၍ ငရဲသားတို့သည် ထိုပြာပူကိုပင် သောက်ကြ၏။ နှုတ်ခမ်း အာစောက် လည်ချောင်း ရင်နှလုံး သည်းပွတ် အူသိမ် အူမတို့သည် တစ်ကိုယ်လုံး ပူလောင်စေလျက် စအိုပေါက်မှ ထွက်ကျကုန်၏။ ပူလောင်မှုဒဏ် သည်းမခံနိုင်သည် ဖြစ်၍ လက် ၂ - ဘက် ထိပ်ဘက်မြောက်ကာ သနားစဖွယ် ငိုယို မြည်တမ်းကြလေသည်။ ထိုငရဲသို့ ရောက်ရသူများမှာ ဆန်စပါး အသီးအနှံ အသားငါး ရောင်းကုန်ပစ္စည်းများကို အတုများ၊ ဖွဲ ဆန်ကွဲ ရေထိုး ရောင်းချသူများ၊ အလေးချိန်ခွင် ခိုး၍ ရောင်းချသူများ၊ ချိန်စဉ်းလဲ တောင်းစဉ်းလဲ အသွပြာစဉ်းလဲ ရောင်းဝယ်ကြသူများ ဖြစ်သည်။

ထို့နောက် မာတလိသည် သတ္တိဟတ ဥဿဒ ငရဲကိုပြ၏။ ငရဲထိန်းတို့သည် လုံ သန်လျက် ခက်ရင်း ချွန်းတောင်း စွဲကိုင်လျက် မီးတောက်သံမြေ၌ ငရဲသားတို့ကို အပိုင်းပိုင်း ဖြတ်ကြကုန်၏။ လုံမဖြင့် နံပါးတစ်ဘက် မှ နံပါးတစ်ဘက်သို့ ထိုးဆွကြကုန်၏။ ချွန်းတောင်း လုံမ

ခက်ရင်းတို့ဖြင့် ချိတ်ငင် တွန်းဆွဲကြကုန်၏။ ရိုက်နှက် ညှဉ်းဆဲကြကုန်၏။ ဤသူတို့မှာ အိမ် ခြံနံရံစသည်တို့ကို ဖောက်ထွင်း ခိုးယူကြသူများ၊ အာဏာဖြင့် အနိုင်အထက် လုယက်ခိုးခြင်း၊ လိမ်ညာ လှည့်ပတ်ခိုးခြင်း၊ သူတစ်ပါး၏ သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာများကို ခိုးယူခြင်း၊ သား ငါး ကျွဲနွား ဆိတ် ဝက် ကြက် စသည် တို့ကို ခိုးယူ၍လည်းကောင်း၊ မွေးမြူ၍လည်းကောင်း၊ ရက်ရက်စက်စက် သတ်ဖြတ်ခိုးယူ အသက် မွေးခဲ့ကြသူများ ဖြစ်သည်။

ထို့နောက် မာတလိသည် သူနာပဏ ဥဿဒရက် ငရဲကိုပြ၏။ ငရဲထိန်းတို့၏ ရုပ်သွင်မှာ ကြောက်မက်ဖွယ် ကောင်းလှ၏။ မီးတောက်နေသော သံကြိုးဖြင့် ချည်နှောင်ဆွဲငင်ကာ မီးလောင်သံမြေပြင်ဝယ် ထိုးခုတ် ကွပ်မျက် လက်နက်မျိုးစုံဖြင့် ကစားနေကြကုန်၏။ ထိုသူတို့သည်ကား ဆိတ် ဝက် ကျွဲ နွား မွေးမြူသတ်ဖြတ် ရောင်းဝယ်ဖောက်ကား စားသုံးခဲ့သူများဖြစ်သည်။ ဆိတ် နွား ဘဲ ကြက် စသည်တို့၏ အသက်ကို လည်ချောင်းသွေးဖြင့် ယဇ်ပူဇော်ခဲ့ကြသူများ ဖြစ်သည်။

ထို့နောက် မာတလိသည် ကျင်ကြီး ကျင်ငယ်တွင်းကို ပြပြန်၏။ ငရဲသားတို့သည် ကျင်ကြီးကျင်ငယ် နံစော်သိုးပုပ် စက်ဆုပ်ဖွယ်အနံ့တို့ဖြင့် ဆိုဝါးနံစော်လှသော မစင်အိုင်ကြီးထဲတွင် အလုတ်အလွေး အထွေးအလိပ် သိပ်သွင်းစားသောက် နေကြကုန်၏။ ငရဲထိန်းတို့က ရိုက်ပုတ် ထုနှက်ကြသဖြင့် မစင်ရေများထဲတွင် ငုပ်လျှိုး ပုန်းအောင်းကြရကုန်၏။ မစင်တို့သည် ပါးစပ်ထဲသို့ ဝင်ကြကုန်၏။ နှာခေါင်းပေါက်မှ ဝင်ကြကုန်၏။ ထိုငရဲသားတို့မှာ လူ့ဘဝတုန်းက သတ်ဖြတ်ညှဉ်းဆဲသူ၊ ရာဇဝတ်ဘေးသင့်အောင် အမှုဆင်လျက် နှိပ်စက်ခဲ့ကြသူ၊ ကျေးဇူးရှိသူတို့ကို ကျေးစွပ်ခဲ့ကြသူ၊ သူတော်ကောင်းတို့ကို နှိပ်စက်ခဲ့ကြသူ၊ အပြစ်ရှာ အမှုဆင် မတရားဖမ်းဆီးခဲ့ကြသူ၊ ခင်ပွန်းကောင်းများကို ပြစ်မှားခဲ့ကြသူ၊ တံစိုးလက်ဆောင်ယူငင် စားသုံးခဲ့သူများ ဖြစ်လေသည်။

ထို့နောက်မာတလိသည် သွေးပြည်တွင်း၌ နစ်နေကြရသော ငရဲသားတို့ကို ပြ၏။ ထိုငရဲသားတို့သည် သွေးပြည် အရိအရွဲတို့ကို စားကြရသောက်ကြရ၊ မြိုကြရကုန်၏။ ငရဲသားတို့ ရိုက်နှက် နှိပ်စက်သဖြင့် သွေးပြည် တွင်းကြီးထဲတွင် မြုတ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် ပါးစပ် ပေါက် နှာခေါင်းပေါက်တို့မှ စားသောက်နေကြရကုန်၏။ ထိုသူတို့ကို သက်ကြီး ရွယ်အို မသန်မစွမ်း ဒုက္ခရောက်နေကြသူတို့ကို မယားဟောင်းကုန်းချောစကားဖြင့် ညှဉ်းပန်း နှိပ်စက် သတ်ဖြတ်ခဲ့ကြသူများ ဖြစ်၏။ ဘုရားရဟန္တာ၊ ရဟန်း၊ သံဃာ၊ သီလရှိသူများကို ညှဉ်းဆဲသတ်ပုတ်ကြသူများ ဖြစ်၏။

ထို့နောက် မာတလိသည် ဝိဒ္ဓဝိဟတငရဲကို ပြပြန်၏။ ငရဲသားတို့သည် ထန်းလုံးမျှရှိ ညီးညီးရဲရဲ သံမြားကောက်ဖြင့် အာစောက်လျှာရင်းဖောက်ထွင်းထိုးချိတ် ဆွဲငင် ခံနေကြရကုန်၏။ သံမီးတောက် မြေပြင်ဝယ် ခြေလက်လှီးဖြတ် ခံနေကြရကုန်၏။ ထိုသူတို့ကား လူ့ဘဝတုန်းက တရားသူကြီး၊ ရာပြတ်၊ ပွဲစား၊ မတရားရွေ့နေများ ဖြစ်ကြ၏။ မတရားလာဘ်စားသူများ ဖြစ်ခဲ့ကြသူများ ဖြစ်လေသည်။

ထို့နောက် လူ့ဘဝတုန်းက ဇနီး၊ လင်မယား၊ လင်ယောကျ်ားမသိအောင် ဖောက်ပြန်ခဲ့ကြသဖြင့် တောင်လုံးကြီးများ ဖိကြိတ်သဖြင့် သံပူမြေဝယ် ခေါင်းပြတ် ကိုယ်ပြတ် အပိုင်းပိုင်းပြတ်နေသော ငရဲဘုံကို ပြ၏။ ထို့နောက် မီးကျီစုတွင်းကြီးထဲသို့ ထိုးစိုက်မောင်းရိုက် ခေါ်ဆောင်သွားပြီး ခြေ ၂-ချောင်းကို ကိုင်ဆွဲ၍ ဇောက်ထိုးပစ်ချခံရသော ငရဲသားတို့ကို ပြ၏။ ထိုသူတို့မှာ လူ့ဘဝတုန်းက သူတစ်ပါး မယားကိုမတရားစော်ကားသိမ်းပိုက်ခဲ့သူများ ဖြစ်၏။ ထို့နောက် လက်ံတော ငရဲကိုပြ၏။ သံမြေပြင်၌ပေါက်နေသော လက်ံပင်ကြီး၏ ဆူးတို့မှာ ၂-မိုက်ရှိကုန်၏။ အလျှံတပြောင်ပြောင် တောက်နေ၏။ ငရဲထိန်းတို့၏ ရိုက်နှက်မှုဒဏ် မခံနိုင်သဖြင့် လက်ံပ် ပင်ပေါ် တက်ပြေးကြရကုန်၏။ ငရဲသားတို့ တက်သောအခါ

အသားအရေတို့သည် စုတ်ပြတ် ဒုက္ခ ခံကြရကုန်၏။ ထိုသူတို့ကား ကံနှင့် ကံအကျိုးကို မယုံကြည်သော မိစ္ဆာဒိဋ္ဌများ ဖြစ်၏။ ဒါန သီလ ဘာဝနာတို့၏ ဂုဏ်ကို ပစ်ပယ်လျက် အကုသိုလ်မှုကိုသာ ပြုကြကုန်၏။

အကုသိုလ် မကောင်းမှု ကံများကို နည်းမျိုးစုံဖြင့် ပြုလုပ်ကုန်သော သူတို့ခံရမည့် ငရဲငယ်မျှကိုသာ ပြပြီး၊ မဆုံးနိုင်သော ငရဲဘုံတို့မှ လမ်းခွဲကာ နတ်ရွာလမ်းသို့ ရှေ့ရှုမောင်းနှင်၏။ မြင့်မိုရ်သတ္တရဘာန်သို့ မရောက်မီ ရထားလမ်းအနီး ကောင်းကင်ယံတွင် အမြင့် ၁၂-ယူဇနာ အလျားအနံ ထိုမျှကျယ်သော ရွှေမြေပြင်ထက်ဝယ် မွေးပျံ့သင်းထုံ ပန်းမျိုးစုံပွင့်သော ဥယျာဉ်ကို သီတာရေကန် ခြံရံပတ်လျက် ရတနာမျိုးစုံ တောက်ပနေသည့် ဘုံ ၅-ဆင့်ရှိသည့် ပတ္တမြားပီမာန်အတွင်း ရတနာသလွန်ပေါ်၌ လှပစုံညီ နတ်သမီး ၁၀၀၀-ခစားနေသည့် ပီရဏီနတ်သမီး၏ ဘုံပီမာန်ကို တွေ့ရ၏။ ပီရဏီနတ်သမီးသည် ကဿပဘုရားရှင်လက်ထက် သူဌေးကျွန်မ ဘဝတွင် သတင်းသီလ ပြည့်စုံစွာ စိတ်ယုတ်ပယ်ရှား ကုသိုလ်ကံများကို ပြုခဲ့ပါသည်။ ဧည့်သည်များ၊ ရဟန်းတော်များနှင့် လူအများတို့အပေါ် ဧည့်ဝတ်စောင်ဝတ် ကျေပွန်ခဲ့ပါသည်။

အိမ်ရှင်သူဌေးက သံဃာတော် ရှစ်ပါးအား အသပြာ ၈-ကျပ်ဖြင့် တစ်နေ့မပြတ် လှူဒါန်းလုပ်ကျွေးလိုသဖြင့် မယား သားသမီးတို့ကို တိုင်ပင်ရာ ငြင်းဆိုကြသဖြင့် ကျွန်မသည် အသပြာ ၈-ကျပ်ဖြင့် အပန်းခံ ချက်ပြုတ် အရိုအသေ ဆွမ်းကျွေးခဲ့ပါသည်။ မိမိရသော ငွေကြေးများကိုပါ နေစဉ်စု၍ အဖို့အစု ပါဝင်ခဲ့ပါသည်။ သံဃာတော်တို့ လိုအပ်ရာ ပစ္စည်းလေးပါးကို စေတနာအပြည့်ဖြင့် ပြုစုခဲ့သော ကုသိုလ်ကံကြောင့် ပီမာန်ပေါက်၍ ရေကန် အသင့် ကြာအသင့် အခြံအရံ ရတနာမျိုးစုံ အသင့်ဖြင့် နတ်စည်းစိမ် ခံစား ရပါသည်။

ထို့နောက် တောင်မြင့်မိုရ်သို့ ရှေ့ရှုနှင်လေသော် အရောင်တောက်ပ ရွှေပီမာန် ၇-ဆောင်ဝယ် ၁-ထောင်စီ ပီမာန်နေ နတ်သမီးအပေါင်း ခစား

လျက် သောဏဒိန်နတ်သား ပီမာန်နားသို့ ရောက်၏။ ပီမာန်ရောင် အဝတ်တန်ဆာရောင် ကိုယ်အဆင်းအရောင်တို့ တောက်ပြောင်နေသော နတ်သမီးများစွာတို့သည် နတ်သားကို ခစားနေရ၏။ ရှေးဘဝကုသိုလ်မှာ တရားရသဖြင့် ရှာဖွေ၍ရသော ငွေကြေးများဖြင့် ဘုရား တရား သံဃာတို့အား မပြတ်လုပ်ကျွေး၏။ သံဃာတော်တို့အတွက် ကျောင်း ကုဋီ ၇-ဆောင် လှူဒါန်းပြီး၊ သံဃာတော်တို့အား ပစ္စည်းလေးပါး မပြတ်လှူဒါန်းခဲ့၏။ ငါးပါး သီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲ၏။ ဥပုသ်သီလ အမြဲစောင့်၏။ သို့ဖြစ်၍ ဤနတ်စည်းစိမ်ကို ရရှိခဲ့သည်။

ထို့နောက် အမြင့် ၂၅-ယူဇနာ၊ ရတနာ ၇-ပါးနှင့် ပြည့်ဝတောက်ပပြီး နတ်သမီး ထောင်သောင်းခြံရံနေသော စိန် ရွှေရတနာစုလစ်မွန်းခွန် လှပတင့်တယ်သည့် ဖလိကပီမာန်ဝယ် နတ်သမီး အပေါင်းတို့ ပျော်ပါးစွာစံနေကြသည်။ ထိုနတ်သမီးတို့၏ ကုသိုလ်မှာ ရတနာ ၃-ပါးအား အမြဲတမ်းရိုသေစွာ ယုံကြည်ခြင်း၊ ငါးပါး ရှစ်ပါး သီလများကို မပြတ်ဆောက်တည်ခြင်း၊ သူတော်ကောင်းတရား ပွားများခြင်း၊ မေတ္တာပို့ အမျှဝေဘာဝနာမှုတို့ကို စုပေါင်းညီညာ ပြုခဲ့ကြ၍ ဖြစ်သည်။ ထို့နောက် ပတ္တာမြားပီမာန်၊ မြပီမာန်၊ ကြောင်မျက်ရွဲပီမာန် စသည်တို့၌ ကာမဂုဏ် ချမ်းသာပျော်ရွှင်စွာ ခံစားနေကြသော ဥယျာဉ်ပီမာန် ပဒေသာပင်တို့ဖြင့် တင့်တယ်နေသည့် နတ်သား နတ်သမီးတို့၏ ပီမာန်များကို ပြပြီးနောက် တာဝတိံသာနတ်ပြည် စိတ္တကူဋ်ရှိ တံခါးမုခ်သို့ ရောက်၏။

ထိုတံခါးမုခ်တွင် သိကြားနတ်မင်းတို့၏ ရွှေရုပ်များကို ပြ၏။ မာယလုလင်ဘဝက ကုသိုလ် ပြုဘက် မစလရွာသား ၃-ကျိပ် ၂-ယောက်သော နတ်မင်းကြီးများ၏ အရုပ်များကိုလည်းပြ၏။ နန္ဒဝန်ဥယျာဉ်၊ မဟာနန္ဒာကန်တော် စသည်တို့နှင့် တင့်တယ်လှသော မဟာသုဒဿနသိကြားစံရာ မြို့တော်သို့ဝင်၏။ သုဓမ္မာဓမ္မသဘင်ကြီးသည်ကား မြို့၏ အရှေ့မြောက်ဘက် ပင်လယ်ကသစ်ပင်၏အနီး၌ ရှိ၏။ အလှား အနံ

ယူဇနာ ၃၀၀ ရှိ၏။ အဝန်းယူဇနာ ၉၀၀ ရှိ၏။ အမြင့်ယူဇနာ ၅၀၀ ရှိ၏။ မြေအပြင်ကား ဖန်ဖြင့်ပြီး၏။ တိုင် အခြင် ထုပ်လျှောက် စသည်တို့ကား မြကျောက်ဖြင့် ပြီး၏။ ကျောက်မျက်ရွဲ၊ ပုလဲ၊ မဿာရကန်၊ ဥဿဖရား၊ ပတ္တမြား၊ နီလာ၊ သန္ဓာကျောက်မျိုး ၉-ပါးသော ရတနာတို့ဖြင့် ခြယ်လှယ်ထား၏။ ပင်လယ်ကသစ်ပင်ကား အမြင့်၊ အချင်း၊ ယူဇနာ ၁၀၀-ရှိ၏။ လူတို့နှစ် ၁၀၀-မှ တစ်ကြိမ် ပွင့်၏။ တန်ခိုးကြီးသော နတ်တို့၏ နေရာ၌ ပန်းအခင်းဖြစ်စေ၏။

သိကြားမင်းသည် စည်းဝေးခြံန် ရောက်သောအခါ ဝေဇယန္တာ ပြာသာဒ်နန်း၌နေလျက် ဝိဇယုတ္တာခရုသင်းကို မှုတ်၏။ သိကြားမင်းသည် ရောဝဏ်ဆင်ကိုစီး၍ နတ်မိဖုရားကြီး ၄-ယောက်နှင့်တကွ ၃-ကုဋေ၊ ၆-သန်းမျှသော နတ်သမီးအပေါင်း ခြံရံလျက် သဘင်သို့ ထွက်စံ၏။ထိုနတ် သဘင်၌ စတုမဟာရာဇ် နတ်မင်းကြီးတို့သည် အခြံအရံဖြစ်သော ဘီလူး၊ ကုမ္ဘဏ်၊ နဂါး၊ ဂဠုန်တို့နှင့်တကွ တက်ရောက်ကြရ၏။ လူပြည် လူသားတို့ ကုသိုလ်ကောင်းမှုပြုကြသော ရွှေပေလ္ဟာ မှတ်တမ်းကို ဆက်သွင်းကြကုန်၏။

မာတလိသည် နေမိမင်းကြီးကို သုဓမ္မာနတ်သဘင်သို့ ဆောင်ယူခဲ့၏။ နေမိမင်းကြီး၏ အားပေးတိုက်တွန်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ် ခံစားနေရသော နတ်တို့သည် နေမိမင်းကြီးကို ရိုသေစွာ ကန်တော့ကြကုန်၏။ အခြားသော နတ်ပရိသတ်အလယ်၌ တရားစကား ဟောကြားတော်မူ၏။ နတ်တို့၏ ပူဇော်အထူးကို ခံယူပြီးနောက် နေမိမင်းကြီးသည် မာတလိမောင်းနှင်သော နတ်ရထားနှင့် မိထိလာမြို့တော်သို့ ပြန်ရောက်ခဲ့သည်။

မိမိကိုယ်တိုင် တွေ့ခဲ့ရသည့် ငရဲဒုက္ခ၊ နတ်ပြည်သုခများကို ဟောပြတော်မူပြီး၊ တောထွက်၍ ရဟန်းပြုတော်မူသည်။ စျာန်အဘိညာဉ်များ

ကို ပွားများပြီး ဗြဟ္မာဘုံသို့ လားလေ၏။ ဇာတ်တော်ပေါင်းသော် နေမိမင်းကြီးသည် ရှင်တော်ဗုဒ္ဓမြတ်ဘုရား ဖြစ်လာလေသည်။

မဟော်သဓာ ဇာတ်တော်ကြီး

ရဟန်းတော်တို့သည် ဓမ္မသဘင်၌ မြတ်စွာဘုရားရှင်၏ ပညာပါရမီတော်ကို ချီးမွမ်းပြောဆိုနေကြရာ ဘုရားရှင် ကြွလာပြီး သဗ္ဗညုတဉာဏ်တော်ကိုရပြီးရာ ယခုဘဝ၌ ပညာဉာဏ်တော်ကို ချီးမွမ်းခြင်းကား အံ့ဖွယ်မရှိသေး၊ ရှေး မဟော်သဓာဘဝ ပညာဉာဏ် မရင့်သေးမီက ပင်လျှင် ပညာရှိခဲ့ဖူးသည်ဟု မြွက်ကြားတော်မူပြီး ရဟန်းတို့၏ လျှောက်ထား တောင်းပန်မှုကြောင့် မဟော်သဓာ ဇာတ်တော်ကြီးကို ဟောကြားတော်မူခဲ့သည်။

ရှေး လွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ ဝိဒေဟမင်းကြီး မင်းပြုနေ၏။ ထိုမင်းကြီး၌ သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ အမတ်ကြီး လေးယောက်ရှိလေသည်။ မင်းနေပြည်တော်၏ အရှေ့အရပ်မျက်နှာ၌ ပါစီနယဝမဇ္ဈဂုံးရွာ၊ အနောက်ဘက်၌ ပစ္ဆိမယဝမဇ္ဈဂုံးရွာ၊ မြောက်ဘက်၌ ဥတ္တရယဝမဇ္ဈဂုံးရွာ၊ တောင်ဘက်၌ ဒက္ခိဏယဝမဇ္ဈဂုံးရွာဟူ၍ ရွာကြီးလေးရွာရှိပြီး သူဌေးသူကြွယ် ကုန်သည် လယ်လုပ်တို့ဖြင့် ရွာကြီး အသီးသီးစည်ကားလှလေသည်။

ထိုရွာများအနက်မှ ပါစီနယဝမဇ္ဈဂုံးရွာ၌ သီရိဝမ္ဗနအမည်ရှိ သူဌေးကြီးနှင့် သုမနာဒေဝီအမည်ရှိ သူဌေးကတော်ကြီးဝမ်းမှ မဟောသဓာ သူဌေးသားကို ဖွားမြင်ခဲ့သည်။ မွေးဖွားစကပင် သိကြားမင်းပေးသော ဆေးလုံးကိုကိုင်၍ မွေးဖွားလာသဖြင့် မဟာ+သြသဓ= မဟောသဓဟု အမည် မှည့်ကြကုန်။ ထိုဆေးလုံးအစွမ်းဖြင့် (၇)နှစ်တိုင်စွဲကပ်နေသော ဖခင် သူဌေးကြီး၏ ခေါင်းကိုက်နာကို ပျောက်အောင်ကုသနိုင်ပြီး လူများစွာတို့၏ ဝေဒနာများကိုလည်း ပျောက်ကင်းစေခဲ့သည်။ မဟောသဓာ ပဋိသန္ဓေ

ယူသောနေ့မှာပင် ဝိဒေဟရာဇမင်းကြီးသည် နန်းရင်ပြင်၌ မီးတောက်ကြီး လေးခုအလယ်မှ မီးပုံငယ်တစ်ခုသည် ငြဟ္မာ့ပြည်တိုင်အောင် မီးတောက် မီးလျှံတက်နေကြောင်း အိပ်မက်မြင်မက်ခဲ့သည်။ မဟောသဓာနှင့်အတူ ဖွားဖက်တော်တစ်ထောင်တို့ ဖွားမြင်ခဲ့ပြီး ရာလယ်မကျွေးပွဲတွင် ပျော်ရွှင်စွာ နေထိုင်ကစားခဲ့ကြသည်။ မဟောသဓာနှင့်လူငယ်ဖော်တို့သည် (၇)နှစ်သား အရွယ်မှာပင် ထူးဆန်းအံ့ဩဖွယ်ဇရပ်တစ်ဆောင်ကို ကြီးကြပ်ဆောက်လုပ်ခဲ့ကြသည်။ ထိုသတင်းကို မင်းချင်းတို့ကြားသိသဖြင့် ဝိဒေဟရာဇမင်းကြီးအား လျှောက်ထားကြသည်။ မင်းကြီးက မိမိအိပ်မက်မြင်မက် သောပညာရှိမဟောသဓာကို နန်းတော်သို့ခေါ်ယူခြီးမြှောက်ရန် မိန့်တော်မူသော်လည်း သေနကအမတ်ကြီးက မနာလိုဝန်တိုစိတ်ဖြင့် တားမြစ်ခဲ့သဖြင့် မင်းချင်းတို့ကိုစောင့်ကြည့်ရန်ခိုင်းစေခဲ့၏။

မဟောသဓာသတို့သားသည် (၇)နှစ်အရွယ်ကပင်စတင်၍ ပညာစွမ်းပြ၏။ ရှေးဦးစွာအမဲသားတရားစီရင်မှု ပေါ်ပေါက်လာ၏။ လူတစ်ယောက်သည်စျေးမှအမဲသားဝယ်လာရာ စွန်တစ်ကောင်သုတ်ခြီသွား၏။ လူတို့ လိုက်လံ ခြောက်လှန့်သော်လည်းမရပေ။ မဟောသဓာသည် စွန်၏အရိပ်ကို အမှီလိုက်၍နင်းကာ လက်ခုပ်တီးလျက် ဟစ်အော်လေလျှင် စွန်၏ဝမ်းကို ဖောက်ခွဲသကဲ့သို့ ဖြစ်သဖြင့် အသားတစ်ကိုချ၍ ပြေး၏။ မြေသို့မကျမီ မဟောသဓာက အမိဖမ်းပြီး ပိုင်ရှင်ကိုပေး၏။ ထိုအံ့ဖွယ်အစွမ်းကိုမြင် ရလျှင် မင်းချင်းသည် ဘုရင်ကြီးကို လျှောက်တင်၏။ သေနကအမတ် ကြီးက ဆက်လက်စောင့်ကြည့်ရန်ပြောသဖြင့် နန်းတော်သို့ မခေါ်ခဲ့ရပေ။

ထို့နောက် လုလင်တစ်ယောက်သည် နွားပိုင်ရှင်ထံမှ နွားကိုခိုးမှုပေါ်လာ၏။ မဟော်သဓာက နွားကို မည်သည့်အစာ ကျွေးထားသနည်းဟု စစ်မေးပြီး နွားခိုးက ယာဂုနှင့်နှမ်းဖတ်ကျွေးသည်။ နွားရှင်က မြက်ကိုသာ ကျွေးသည်ဟူသောအဖြေကို လူများအားမှတ်သားစေပြီး သျှစ်သျှားရွက်ကို

အရည်ဖျော်၍ နွားကို တိုက်၏။ နွားဝမ်းသက်သောအခါ မြက်ဖတ်တို့သာတွေ့သဖြင့် နွားခိုးကို ဖော်ထုတ်ပေးခဲ့သည်။

ထို့နောက် လည်ရွဲခိုးမှု ပေါ်လာ၏။ လည်ရွဲပိုင်ရှင်မသည် လည်ရွဲကိုချွတ်၍ ရေချိုး၏။ အခြားမိန်းမတစ်ယောက်သည် ထိုလည်ရွဲကိုခိုး၍ ဝတ်ဆင်ပြေး၏။ ပိုင်ရှင်လိုက်၍ ဖမ်းမိသော် မဟောသဓာထံ အဆုံးအဖြတ်ခံရန် ရောက်လာ၏။ ချည်လည်ရွဲကို မည်သည့်ရနံ့ဖြင့် ဆွတ်ဖြန်းထားသနည်းဟုမေးပြီး သူခိုးမက ရနံ့ပေါင်းစုံ ပိုင်ရှင်မက သျှစ်သျှားပွင့်ဖြင့် ဆွတ် ထားသည်ကို မှတ်ထားစေပြီး အနံ့ခံကောင်းသူအား အနံ့ခံစေရာ သျှစ်သျှားပွင့်အနံ့သာ ရသဖြင့် ခိုးသူကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ တစ်နေ့တွင် ချည်ထွေးခိုးမှု ပေါ်လာပြန်၏။ ဝါခင်းစောင့် သူမသည် ချည်လုံးကိုယူပြီး ရေချိုးဆင်းစဉ် ကမ်း၌ချထား၏။ မိန်းမတစ်ယောက်က ခိုးယူပြေး၏။ မဟောသဓာထံရောက်သောအခါ ချည်လုံးထဲ၌ မည်သည့် အရာခံ၍ထား ကြောင်း မေးစစ်မှတ်သားထားပြီး ချည်လုံးကိုဖြည်စေသော် ပိုင်ရှင်ပြောသည့်အတိုင်း အထဲတွင် တည်စေ့ကိုတွေ့ရသဖြင့် သူခိုးမပြောသည့်ဝါစေ့ကို ထည့်မထားကြောင်း အားလုံးမြင်ရအောင် ရှင်းပြဆုံးဖြတ်ခဲ့သည်။

တစ်ခါသော် မိန်းမတစ်ယောက်သည် သားငယ်ကိုချီ၍လာ၏။ ရေကန်အရောက် မျက်နှာသစ်လိုသဖြင့် သားငယ်ကိုချထားစဉ် ဘီလူးမတစ်ကောင် ရောက်လာပြီး ခဏမျှ ချော့မြူဟန်ပြုပြီး ချီယူထွက်ပြေးသွား၏။ မဟောသဓာထံရောက်လျှင် စည်းသားပြီး ကလေးငယ်ကို စည်းပေါ်ထားကာ ခြေနှင့်လက် တစ်ဘက်စီဆွဲ၍ အနိုင်ရယူသူက ပိုင်ရှင်ဟုမိန့်၏။ အသီးသီးဆွဲကြသော် နာကျင်သဖြင့် ကလေးငယ်ငို၏။ မိခင်က သနားသဖြင့် လွှတ်လိုက်သော်လည်း ဘီလူးမကမူ မညှာမတာဆွဲ၏။ ထိုအခါ လူတို့အား မဟောသဓာက မေး၏။ မိခင်သည် သနားညှာတာစိတ်ဖြင့်

လွှတ်မြဲဖြစ်ကြောင်း ဖြေဆိုကြသဖြင့် ဘီလူးမကို ခြိမ်းခြောက်စစ်ဆေးပြီး တရားပြ၍ နောင်မပြုလုပ်ရန် ဆုံးမလိုက်လေသည်။

တစ်ကြိမ်တွင် မယားခိုးမှုတစ်ခု ပေါ်လာ၏။ ဂေါတကာဋ္ဌသည် (၇)နှစ်ကျွန်ခံသဖြင့် ဒီဃတာလကို ရခဲ့သည်။ မိဘရပ်ထံ ပြန်ရာ လမ်းခရီး အကြားတွင် မြစ်တစ်ခုသို့ ရောက်၏။ ထိုမြစ်ကိုမကူးဝံ့ဘဲရှိစဉ် ဒီဃပိဋ္ဌိ ဆိုသူ ရောက်လာပြီး မြစ်တစ်ဘက်သို့ပို့ရန် တောင်းပန်၏။ ထိုမြစ်သည် ရေတိမ်သော်လည်း ကြောက်မှန်းသိသဖြင့် ရေနက်လေဟန်ပြောဆိုပြီး မယားဖြစ်သူ ဒီဃတာလကို ရှေးဦးပို့ရန် ပခုံး၌ထမ်းပြီး ရေထဲတွင် ထိုင်လျက်ကူး၏။ ထိုမိန်းမကို သွေးဆောင်ဖျားယောင်း၍ တစ်ဘက်ကမ်း သို့ရောက်လျှင် ခေါ်ဆောင်သွားလေသည်။ ဂေါတကာဋ္ဌသည် မိမိမယား ကို ခိုးယူထွက်ပြေးကြောင်း သိသဖြင့် မယားဇောကြောင့် ရေနစ်မှာကို မကြောက်တော့ဘဲ မြစ်ထဲကူး၏။ တစ်ဘက်သို့ ရောက်လျှင် သူ့မယား ငါ့မယား အငြင်းပွားသဖြင့် မဟောသဓာထံရောက်လာ၏။ မိန်းမကလည်း ဒီဃပိဋ္ဌိကို မိမိလင်ပါဟု ဆို၏။ ထိုသူတို့ကို သီးခြားစီထားပြီး မိန်းမ၏ အမည် မိဘ နေရပ် စသည်တို့ကို မေးမြန်လေသော် ဒီဃပိဋ္ဌိသည် အမှန် မပြောနိုင်တော့ပေ။ မယားခိုးအား ဆုံးမ၍ နောင်မပြုရန် ထောင်းထု လွှတ်လိုက်လေသည်။

တစ်နေ့တွင် ရထားလုမှုပြဿနာ ပေါ်လာ၏။ လူတစ်ယောက် သည် လှည်းရထားစီးလျက်လာစဉ် မဟောသဓာ၏ ပညာဉာဏ်ကြီးပုံကို ပြလိုသော သိကြားမင်းသည် လုလင်အသွင်ဖန်ဆင်းကာ ပိုင်ရှင်ခေတ္တ အောက်ဆင်းစဉ် ရထားကိုမောင်း၍ ပြေး၏။ ထိုအမှုကို စစ်ဆေးသော အခါ မဟောသဓာက ထိုသူနှစ်ယောက်ကို ရထားနောက်ပိုင်းကိုဆွဲ၍ ရထားနောက်ကို လိုက်ရမည်။ လိုက်နိုင်သူက ပိုင်ရှင်ဟုပြောဆိုပြီး လူတစ် ယောက်ကို ထိုရထားကို အပြင်းမောင်းစေ၏။ ရထားရှင်မှာ လူသာမန်ဖြစ် သဖြင့် မောပန်းကာ မလိုက်နိုင်ဘဲ လွှတ်လိုက်ရ၏။ သိကြားဖန်ဆင်းထား

သော လူမှာမူ မမောမပန်း လိုက်နိုင်၏။ မဟာသဓက လူတို့အား လူနှင့် နတ် ကွာခြားပုံကိုပြောပြ၏။ မလိုက်နိုင်သူမှာ ပိုင်ရှင်လူသာမန်ဖြစ်ကြောင်း ရှင်းပြ၏။ သိကြားမင်းကလည်း မဟာသဓာကို ချီးမွမ်းဂုဏ်ပြုခဲ့လေသည်။

တစ်နေ့တွင် ဝိဒေဟရာဇ်မင်းကြီးသည် မဟာသဓာ၏ ပညာဉာဏ်ကို စမ်းလိုသဖြင့် တစ်ထွာမျှရှိသော ရှားနှစ်တုတ်တစ်ခုကို အရင်း အဖျား ညီအောင်ပွတ်စေပြီး ပို့လာ၏။ တုတ်၏ အရင်းနှင့် အဖျားကို မဖော်နိုင်ပါက အသပြာတစ်ထောင်ဒဏ်တပ်မည်ဟု အမိန့်ထုတ်လိုက်၏။ ရွာသားတို့လည်း မဟာသဓာထံ ရောက်လာကြကုန်၏။ ထိုအခါ မဟာသဓာသည် တုတ်၏ အလယ်ချက်၌ ကြိုးချည်ပြီး ရေခွက်ထဲသို့ချခိုင်း၏။ အရင်းပိုင်းသည် လေးလံသဖြင့် အရင်ဆုံးနစ်၏။ အရင်နစ်သော အပိုင်းက အရင်း နောက်မှ နစ်သော အပိုင်းက အဖျားဖြစ်ကြောင်း တင်လျှောက်ထားစေသည်။

တစ်နေ့သော် ဘုရင်ကြီးသည် ဦးခေါင်းခွံနှစ်ခုကိုပို့လာ၏။ ယောက်ျားဦးခေါင်းခွံနှင့် မိန်းမဦးခေါင်းခွံ ခွဲခြားပေးရန် မိန့်မှာလိုက်၏။ မဟာသဓာက ဦးခြားရေးလိမ်ယှက်သော ခေါင်းခွံသည် မိန်းမဦးခေါင်းခွံ ကျန်တစ်ခုက ယောက်ျားဦးခေါင်းခွံဟု လျှောက်ထားစေလိုက်သည်။ တစ်နေ့တွင် ဘုရင်ကြီးသည် မြွေဖို မြွေမနှစ်ကောင်ပို့လိုက်ပြီး အထီးအမ ခွဲခြားပေးရန် မိန့်မှာလိုက်၏။ မဟာသဓာက ဦးခေါင်းလည်းကြီး အမြီး လည်းဖွံ့ မျက်စိလည်းကျယ် လည်လည်းစပ်သောမြွေသည် မြွေဖို၊ ဦးခေါင်းငယ် အမြီးသွယ် မျက်စိလည်းကျဉ်း လည်ရေးလည်းမစပ်သောမြွေက မြွေမဟုခွဲခြား ဖြေပေးလိုက်၏။

တစ်နေ့တွင် ဘုရင်ကြီးသည် ထိပ်ပေါ်၌လဘို့ရှိ၍ ခြေနှစ်ဖက်၌ ဦးချိုရှိကာ ကိုယ်လုံးဖြူလျက် အခါသုံးချိန်တွန်တတ်သော နွားလားဥသဖကို ပို့ဆက်စေဟု အမိန့်ထုတ်လိုက်၏။ မဟာသဓာက ကြက်ဖအဖြူကြီး တစ်ကောင်ကို ပို့ဆက်စေလိုက်၏။

ဝိဒေဟရာဇ်မင်းကြီး၌ ဘိုးတော် ကုသမင်းကြီးအား သိကြားမင်း ဆက်သော အကောက်ရှစ်ပါးပါသည့် နန်းစဉ်ပတ္တမြားကြီးမှာ အချိန်ကြာလတ်သဖြင့် ကြိုးဟောင်းပြတ်နေ၏။ ကြိုးသစ်ကို မတတ်နိုင်ဘဲ ရှိနေ၏။ ပတ္တမြားကြီးကိုကြိုးသစ်တပ်ပေးရန် အမိန့်တော်ထုတ်လိုက်၏။ မဟောသဓာက ပတ္တမြားကြီး၏ အပေါက်ဝ တစ်ဘက်ကို ပုရွက်ကျဉ်တွင်းဝ၌ တေ့ထားပြီး ကျန်တစ်ဖက် အပေါက်ဝနားတွင် ပျားရည်သုတ်ထား၏။ ပျားရည်သုတ်ထားသည့်ကြိုးစကို ပုရွက်ကျဉ်တို့ ဆွဲယူသွားသော် ထိုကြိုးစသည် တစ်ဘက်အဝသို့ ပေါက်ရောက်သွားသည်။ ဤနည်းဖြင့် အကောက်ရှစ်မျိုးရှိသော နန်းစဉ် ပတ္တမြားကြီးကို ကြိုးသီပြီးဖြစ်တော့၏။ မင်းကြီးအား ဆက်သ လိုက်လေသည်။

မင်းကြီးသည် မဟောသဓာ၏ ပညာဉာဏ် ကြီးကျယ်ပုံကို စမ်းသပ်လိုပြန်သဖြင့် နွားလားတစ်ကောင်အား ဝမ်းဖောင်းအောင် ပဲပြုပ်ကို ကျွေး၍ ကိုယ်ကို နန္ဒင်းသုတ်လိမ်းကာ ထိုနွားလားကို သားဖွားအောင် ပြုလုပ်၍ ပို့ဆက်ရမည် ဟုစေလာ၏။ မဟောသဓာသည် စကားအရာလိမ္မာကျွမ်းကျင်၍ ပြောတတ်ဆိုတတ် ရဲရင့်သော ရွာသားတစ်ယောက်ကို ရွေးချယ်ပြီး မင်းကြီးထံမှောက်သို့ ဝင်ရောက်ကာ ငိုယိုလျက် မိမိဖခင် သားမဖွားနိုင်၍ ကယ်တော်မူပါဟု လျှောက်ထားခိုင်း၏။ မင်းကြီးက ဘယ်လို လုပ်ပြီး ယောကျ်ားက သားဖွားနိုင်ပါမလဲဟု မိန့်တော်မူသောအခါ ဒီလို ဆိုလျှင် ကျွန်တော်မျိုးတို့လည်း မင်းကြီး၏ နွားလားအထီးကြီးကို သားဖွားအောင် မပြုနိုင်ပါကြောင်း အလျှောက်ခိုင်း၏။ မင်းကြီးလည်း ပြုံးတော်မူကာ မဟောသဓာ၏ ပညာကို ချီးမွမ်းတော်မူသည်။

တစ်ခါတွင်မူ မင်းကြီးသည် ဆန်လည်းမဟုတ် ရေလည်းမဟုတ် ထမင်းအိုးလည်းမဟုတ် ခုံလောက်(မီးဖို)လည်းမဟုတ် မီးလည်းမဟုတ် ထင်းလည်းမဟုတ် ယောကျ်ား မိန်းမလည်းမဟုတ် စီမံချက်ပြုတ်၍ လမ်း

မဟုတ်သည်မှပို့ဆက်သော ထမင်းချဉ်ကို ပို့ဆက်ရမည်ဟု မိန့်မှာတော်မူ၏။ မဟောသဓသည် ထိုပြဿနာကိုဖြေရန်အတွက် ဆန်ကွဲကို နှင်းရေဖြင့် အိုးသစ်၌ထည့်ပြီး သစ်သားစိမ်းသုံးချောင်းထောက်ပေါ်တွင် ပွတ်မီးဖြင့် သစ်ရွက်ခြောက်ကိုလောင်စေ၍ ချက်ပြီးလျှင် အင်္ဂါရုစ်ပါးနှင့်ပြည့်စုံသောထမင်းချဉ်ဟု ကမ္ဘည်းတင်ကာ နပုံးပဏ္ဏာတ်ကိုရွက်စေပြီး တောလမ်းမှ ပို့ဆက်ခိုင်းလိုက်လေသည်။

တစ်နေ့တွင် မင်းကြီးသည် ဤသို့အမိန့်ထုတ်၏။ ငါ၏ မင်္ဂလာရောကန်အဖြစ် အသုံးပြုရန် အရှေ့ပါစိနယဝမဇ္ဈဂုံးရွာရှိ ကြာမျိုးငါးပါးနှင့်ပြည့်စုံသောရေကန်ကို ပို့ဆက်ရမည်ဟု စေလာ၏။ ထိုပြဿနာကိုဖြေဆိုရန်အတွက် မဟောသဓသည် စကားအရာ လိမ္မာရဲရင့်သော လူတစ်ယောက်ကိုခေါ်၍ တကိုယ်လုံး ရေစွတ်စို ရွံ့ညွှံ လိမ်းကျံလျက် မင်းကြီးထံသို့ ဝင်ရောက်စေပြီး ဤသို့လျှောက်ပါ။ ကျွန်တော်မျိုးတို့ရွာမှ ရေကန်ကို ဖမ်း ဆီးယူဆောင်လာခဲ့ရာ မြို့တော်ကိုမြင်လျှင် တောသားရေကန်သည် ထိတ် လန့်ကြောက်ရွံ့ပြီး ရွာသို့ပြန်ပြေးသွားပါသည်။ ယဉ်ကျေးပြီးသော ဘုရင်မင်းကြီး၏ ရေကန်တော်နှင့် မျှားခေါ်မှရပါမည်။ ဘုရင့်ရေကန်တော်ကို ထည့်ပေးတော်မူပါဟု လျှောက်စေ၏။ ဘုရင်ကြီးက ငါ့ရေကန်တော်ကို ဘယ်လိုလုပ်ခေါ်၍ရမလဲဟု မိန့်တော်မူသောအခါ အရှင်မင်းကြီးတောင် ခေါ်၍မရလျှင် ကျွန်တော်မျိုးတို့လည်း ရွာက ရေကန်ကို ဒီရောက်အောင် ဘယ်လိုလုပ် ဆောင်ယူ၍ ရတော်မူမှာပါလဲ ဘုရားဟု လျှောက်စေ၏။ မင်းကြီးလည်း ပြုံးတော်မူပြီး မဟောသဓကို ချီးမွမ်းတော်မူသည်။

တစ်ခါသော် ဘုရင်ကြီးသည် အရှေ့ပါစိနယဝမဇ္ဈဂုံးရွာရှိ ဥယျာဉ်တော်ကို မင်္ဂလာဥယျာဉ်သစ်ပြုလုပ်ရန် ပို့ဆက်ရမည်ဟု အမိန့်ထားတော်မူ၏။ မဟောသဓလည်း စကားအရာရဲ ရင့်သူတစ်ယောက်ကို စေလွှတ်၍

တောမှ ဥယျာဉ်ကို ဖမ်းယူလာရာ ထွက်ပြေးသွားသဖြင့် မျှားခေါ်ရန် မင်းကြီး၏ ဥယျာဉ်တော်ကို စေလွှတ်တော်မူပါဟု လျှောက်ထားပြီး ရှေးနည်းတူ အဖြေပေးခဲ့သည်။

မင်းကြီးသည် မဟောသဓာကို နှန်းတော်သို့ ခေါ်ယူလိုလှသဖြင့် အမတ်ကြီးတို့ကို မတိုင်ပင်တော့ဘဲ မြင်းစီး၍ထွက်လာခဲ့၏။ မြင်းတော်သည် ခြေကွဲကာ ခြေကျိုးသွားခဲ့သည်။ အမတ်ကြီးတို့က အပြစ်တင်ကြသည်။ နောက်ဆုံးတွင် မဟောသဓာ နန်းတော်သို့ အလိုအလျောက် ရောက်လာစေရန် စီမံကြပြီး အရှေပါစိနယဝမဏ္ဍဂုံးရွာသို့ သူဌေးတစ်ယောက်နှင့် မြင်းကောင်းတစ်စီး ပို့ဆက်စေဟု အမိန့်ထုတ်၏။ မဟော-သဓာ ကြားသိလျှင် မြင်းကောင်းတစ်စီးဟူသည်မှာ မိမိကိုရည်ရွယ်၍ ဆိုသည် ဟုသိပြီး ဖခင်သူဌေးကြီးအား နန်းတော်သို့ ရှေးဦးစွာစေပြီး မိမိမှာမူ မြည်းတစ်ကောင်ကို ဖမ်းယူ၍ နောက်မှလိုက်၏။ နန်းတော်သို့ ရောက်လျှင် ဖခင်ကြီးက မိမိနေရာ၌ ထိုင်ရန်ခေါ်သဖြင့် ဖခင်နေရာ၌ နေရာယူ၏။ အမတ်ကြီးများက မဟောသဓာသည် မိဘတို့ကို မရိုမသေသူ ဟုကဲ့ရဲ့ကြကုန်၏။ ထိုအခါ မဟောဓက မိမိယူလာသော မြည်းကို ယူဆောင်၍ မည်မျှတန်ပါသနည်း ဟုမေး၏။ မင်းကြီးက ရှစ်ကျပ်မျှ တန်မည် ဟုဆို၏။ ဤမြည်းနှင့်ဆက်ဆံသောမြင်းမှ ပေါက်ဖွားလာသော အသတို့ရိမြင်းသည် မည်မျှတန်ဖိုးရှိပါသနည်းဟုမေးရာ အဘိုးအနှဲ့ထိုက်တန်ပါသည်ဟု ဖြေကြ၏။ သားသည် အဘထက် မြတ်သည်လည်း ရှိသေးကြောင်း လျှောက်တင်၏။ ဘုရင်ကြီး၏ အမတ်ကြီးများသည် အသိဉာဏ် နည်းလှပေ၏ဟု ပြန်လှန်ပြက်ရယ်ပြုလေသည်။

မင်းကြီးလည်း မဟောသဓာ၏စကားကို ကျေနပ်လှပြီး ထိုအချိန်မှစပြီး သားတော်အဖြစ် မွေးမြူသည်။ ဖခင်သူဌေးကြီးကိုလည်း ထိုရွာကို အုပ်ချုပ်ရန် ခန့်အပ်တော်မူသည်။

မဟောသဓာ နန်းတော်သို့ရောက်ပြီးနောက် မြို့တောင်တံခါးဝ အနီးရှိ ရေကန်အနီးတွင် ထန်းပင်တပင်ရှိ၏။ ထိုထန်းပင်ပေါ်ရှိ ကျီးသိုက်ထဲတွင် အလွန်တန်ဖိုးရှိသော ပတ္တမြားတစ်လုံးရှိ၏။ ပတ္တမြားအရိပ်သည် ရေကန်ထဲတွင်ထင်နေရာ သေနကအမတ်ကြီး၏ လျှောက်တင်ချက်အရ ဘုရင်ကြီးသည် ရေကန်ထဲရှိ ရေကိုကုန်အောင် ပက်ထုတ်သော်လည်း ပတ္တမြားကို မရဘဲ ရှိနေ၏။ မဟောသဓာက လူတစ်ယောက်ကို ထန်းပင်ရှိ ကျီးသိုက်သို့တက်၍ ပတ္တမြားကိုယူကာ မင်းကြီးအားဆက်ခဲ့၏။ တစ်နေ့တွင် မင်းကြီးဥယျာဉ်တော်ထွက်ရာ ပုတ်သင်တကောင်က ဦးခေါင်းညိတ်ပြသည်ကို သဘောကျ၍ ငွေအသပြာ လေးရွေးဖိုး အမဲဝယ်ကျွေးရန် အမိန့်ချမှတ်ခဲ့သည်။ ဥပုသ်နေ့ အမဲဝယ်မရသဖြင့် ငွေအသပြာလေးရွေးကို ပုတ်သင်၏လည်ဘို ဆွဲပေးထားရာ ဥစ္စာမာန်တက်၍ မင်းကြီးအား အရိုအသေ မပြုသည်ကို မဟောသဓာက ရှင်းပြနိုင်ခဲ့သည်။

တစ်နေ့တွင် မိထိလာပြည်သား ပိဂုံတ္တရလုလင်သည် တက္ကသိုလ်ပြည်၌ပညာသင်၏။ ဆရာကြီးက သဘောကျ၍ သမီးနှင့်ပေးစား၏။ ပိဂုံတ္တရမှာ ဘုန်းမရှိ၍ သတို့သမီးအနီး မကပ်နိုင်ပေ။ လမ်းတွင် သဖန်းသီးတောင်းရာ မရ၍ ကိုယ်တိုင်တက်၍ခူးစဉ် အပင်ခြေရင်းတွင် ဆူးခက်ရံ၍ ထွက်ပြေးသွား၏။ ဝိဒေဟရာဇ်မင်းကြီး တိုင်းခန်းလှည့်လည်စဉ် တွေ့မြင်သဖြင့် ကောက်တော်မူကာ မိဖုရားကြီးမြောက်ထား၏။ ဥဒုမ္ဗရ အမည်တွင်၏။ တစ်နေ့တွင် ဘုရင်နှင့်မိဖုရား တိုင်းခန်းလှည့်လည်စဉ် ပိဂုံတ္တရသည် လမ်းပြင်နေသည်ကိုတွေ့၍ မိဖုရားပြုံး၏။ ဘုန်းကံခြင်း မတူသဖြင့် မိမိကို ပစ်ထားခဲ့သူ ဖြစ်ကြောင်း မိဖုရားကပြောသော် ဘုရင်က မဖြစ်နိုင်ဟုဆိုကာ အထင်လွဲပြီး သတ်မည်ပြု၏။ သိန်းအမတ်ကြီးကလည်း ယုတ္တိ မရှိဟု လျှောက်၏။ မဟောသဓာကမူ လူချင်းတူသော်လည်း ဘုန်းကံချင်း ကွာခြားလွန်းသဖြင့် ဖြစ်နိုင်ကြောင်း လျှောက်ထားမှ အသက်ချမ်းသာရာ ရ၏။

မိဖုရားကြီးက ကျေးဇူးတင်သဖြင့် မဟောသဓကို မောင်အဖြစ်ကျေးမွေးခွင့် အခြိန်မရွေး အစားအစာပို့ရန် တံခါးကို ပိုင်ခွင့်ရခဲ့သည်။

တစ်နေ့တွင် မင်းကြီး နန်းရင်ပြင်၌ စကြံန်လျှောက်နေစဉ် ဆိတ်နှင့် ခွေးတို့ မိတ်ဆွေဖြစ်နေသည်ကို တွေ့ရ၏။ ဆိတ်က စားဖိုဆောင်မှ အမဲကို ခိုးပေးပြီး ခွေးက ဆင်တင်းကုပ်မှ မြက်ကို ခိုးပေးသည်ကို တွေ့ရ၏။ ထိုအကြောင်းကို ပြဿနာပြု၍ အမတ်ကြီးတို့အားမေး၏။ မဟောသဓသည် ဥဒုမ္ဗရဒေဝိထံသွား၍ ယမန်နေ့က မင်းကြီး စကြံန်သွားရာနေရာကို မေးပြီး ဆင်ခြင်သော် ခွေးနှင့်ဆိတ်တို့၏အခြေအနေကိုတွေ့ရပြီး အဖြေမှန်ကို ပေးနိုင်ခဲ့သည်။

တစ်နေ့တွင် မင်းကြီက ပညာနှင့်ဥစ္စာ မည်သည်က မြတ်ကြောင်းမေး၏။ သေနကအမတ်တို့က ပညာရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဥစ္စာရှင်၏ အစေအပါးသာဖြစ်၍ ဥစ္စာကမြတ်သည်ဟု တင်လျှောက်၏။ မဟော သဓာကမူ ဥစ္စာအတွက် လူတို့ မကောင်းမှုပြုကြသောကြောင့် အပါယ်က္ပ တတ်သည်။ ပညာရှင်မှသာ အပြစ်ကိုမြင်နိုင်သဖြင့် ပညာကမြတ်ကြောင်း လျှောက်၏။ သေနကအမတ်က ကျွန်ုပ်တို့ ပညာရှိအမတ်တို့သည် ဥစ္စာရှင် မင်းကြီးကို ခစားရကြောင်းလျှောက်၏။ မဟောသဓာက တကယ်ပြဿနာ ပေါ်လာသောအခါ ပညာရှိကိုသာ မေးရကြောင်း လျှောက်တင် အနိုင်ယူ ခဲ့သည်။

မဟောသဓသည် အသက်(၁၆)နှစ်အရွယ်ရောက်လျှင် မိဖုရားကြီးက ဇနီးရှာရန်တိုက်တွန်းသဖြင့် ဆင်းရဲသား အပ်ချုပ်သမားယောင် ဆောင်၍ထွက်ခဲ့ရာ လယ်လုပ်နေသော သူဌေးလင်မယားနှင့် သမီး အမရာကို တွေ့ရသည်။ အမရာကိုတွေ့လျှင် ရုပ်လက္ခဏာကို သဘောကျသဖြင့် လင်ရှိ မရှိ သိရှိရန် လက်ဆုပ်ပြ၏။ ပညာဉာဏ်ရှိသော အမရာကလည်း အဓိပ္ပါယ်ကို သိသဖြင့် လက်ဖြန့်ပြကာ လင်မရှိကြောင်း ဖြေဆိုခဲ့သည်။

အမရာ၏ အိမ်သို့သွားပြီး အဝတ်ဟောင်းများကိုချုပ်၏။ အမရာ၏ ပညာကျွမ်းကျင်မှုကို စူးစမ်းရန် ဆန်တစ်ခွက်နှင့် မုန့်ကြွပ်၊ ယာဂု၊ ထမင်းသုံးမျိုးလုပ်ခိုင်း၏။ ဆန်ရင်းကို ထမင်း၊ ဆန်လတ်ကို ယာဂု၊ ဆန်ကွဲကို မုန့်ကြွပ်လုပ်ပေး၏။ အရသာမရှိဟု ဟန်ဆောင် အပြစ်တင်သော်လည်း အမရာက သည်းခံသဖြင့် မိန်းမမြတ်ဖြစ်ကြောင်းသိကာ မိဘတို့ထံတောင်း၍ မြို့သို့ခေါ်ခဲ့သည်။ တံခါးမှူးထံ အပ်နှံခဲ့ပြီး မင်းချင်းတစ်ယောက်အား စေလွှတ်ပြီး ဘုရင့်သားတော်က အသပြာတစ်ထောင်နှင့် တောင်းရမ်းကြောင်း ပြောခိုင်း၏။ အမရာကငြင်းသဖြင့် အာဏာနှင့် အတင်းခေါ်ခိုင်း၏။ အမရာက ငိုယိုငြင်းပယ်ခဲ့သည်။ အမရာ၏စိတ်ဓာတ်ကို စမ်းသပ်ပြီးမှ လျှောက်တင်သဖြင့် ဘုရင်နှင့်မိဖုရားတို့ကြီးမှူး၍ ခမ်းနားစွာ လက်ထပ်ပေးခဲ့သည်။

မဟောသဓာ အိမ်ထောင်ကျလျှင် အမရာဒေဝီဟူသော အသိဉာဏ်ရှင်တစ်ဦးပါ လက်တွဲမိသွားသဖြင့် သေနကအမတ်တို့ အကောက်ကြံကြ၏။ ဘုရင်ကြီး၏ ပတ္တမြားဆံကျင်ကို သေနကအမတ်ကခိုးပြီး ကျွန်မကို ရက်တက်ရည် ရောင်းဟန်ဆောင်၍ အမရာထံ ပို့စေ၏။ ထို့အတူပင် ပက္ကုသအမတ်က ရွှေပန်းကုံး၊ ကာမိန္ဒအမတ်က ကမ္မလာ၊ ဒေဝိန္ဒအမတ်က ရွှေခြေနင်းတို့ကို ခိုးပြီး အမရာထံ ဟင်းရွက်ရောင်းဟန်ပြု၍ ပို့စေ၏။ အမရာသည် ရက်တက်သည် ကျွန်မတို့၏ အမူအရာကို သံသယရှိ၍ ခေါ်၍ဝယ်၏။ ထိုကျွန်မတို့ကို တစ်နေရာသို့ စေလွှတ်ပြီး အိုးထဲနှိုက်ကြည့်သောအခါ ထိုဘုရင်၏ ရတနာတို့ကို တွေ့ရသဖြင့် ရက်စွဲ လိပ်စာအမတ်ကြီးတို့၏ အမည်ကို သေချာစွာရေးမှတ်၍ ဝယ်ယူထား၏။ အမတ်လေးယောက်တို့သည် မင်းကြီးထံ ဝင်ခစား၍ ရတနာများရှိမရှိ ဝတ်ကြည့်တော်မူပါ လျှောက်၏။ ဘဏ္ဍာတိုက်ကို ဖွင့်၍ကြည့်သော် မရှိတော့ကြောင်းတွေ့ရသဖြင့် သူခိုးကိုရှာစေ၏။ အတွင်းဝင် အပြင်ထွက်နိုင်သူမှာ မဟောသဓာပင် ရှိသဖြင့် အိမ်သို့သွား၍ရှာရန် ကုန်းချောကြကုန်၏။ ထိုရတနာ

များကို တွေ့ရသဖြင့် ဘုရင်ကြီးသည် မဟောသဓကို အမျက်ထွက်ပြီး မျက်နှာလွှဲကြောင်း မဟောသဓက သိလျှင် ခေတ္တရှောင်တိမ်းနေရ၏။ အမတ်ကြီးတို့သည် မဟောသဓ ထွက်ပြေးကြောင်း သိလေလျှင် အမရာဒေဝီကို သိမ်းပိုက်ရန် တစ်ယောက်ကိုတစ်ယောက် အသိမပေးဘဲ ဆက်သွယ်လာကြကုန်၏။

အမရာဒေဝီသည် လူလေးငါးယောက်ဆန့်ရုံ တွင်းတူးစေပြီး မစင်များအပြည့်ထည့်ကာ ခလုတ်ပါသော ယန္တရားပျဉ်ဖုံးထားပြီး ရေချိုးခန်းလုပ်ထား၏။ ခိုန်းထားသော အခိုန်ရောက်လျှင် သေနက အမတ်ကြီးရောက်လာ၏။ ရှေးဦးစွာရေချိုးပါဦး ဟုပြောပြီး ကိုယ်တုံးလုံး ရေချိုးနေစဉ် ယန္တရား ခလုတ်ကို နင်းလိုက်ရာ မစင်တွင်းထဲသို့ ပြုတ်ကျသွားသည်။ အဖုံးပျဉ်ကို ပြန်ဖုံးထား၏။ ထို့နောက်ရောက်လာသော ကာမိန္ဒ၊ ဒေဝိန္ဒ၊ ပက္ကုသအမတ် တို့ကို ရှေးနည်းတူ မစင်တွင်းထဲသို့ ကျစေ၏။ တစ်ညလုံး အမတ်ကြီးလေးယောက်တို့ မစင်တွင်းထဲနေကြရပြီး မိုးလင်းမှ အမရာက တွင်းထဲမှ ထုတ်ယူပြီး မုတ်ဆိတ်ရိတ် တစ်ကိုယ်လုံး ကော်ရည်သုတ် ဂွမ်းများ ဖြင့်ကပ်ပြီး ဖျာလိပ် ခေါင်းတွင် သွင်းကာ သူတို့အိမ်မှ လာရောက် ရောင်းချသော ဘုရင့်ရတနာများကို ကမ္ပည်းမှတ်တမ်းနှင့်အတူ ဝိဒေဟရာဇမင်းကြီးအား ဆက်သပြီး မဟောသဓ ခိုးသူမဟုတ်၊ အမတ်ကြီးတို့သာ ခိုးသူများဖြစ်ကြောင်း လျှောက်ထားပြီး ဖျာလိပ်များကို ဖွင့်ဖြည်၍ ပြလေရာ အမတ်ကြီးတို့ လွန်စွာ အရှက်ရကြသည်။

မဟောသဓမရှိသောအခါ နန်းတော်ကြီးသည် တရားသံမှ ဆိတ်ငြိမ်သွားသည်။ ထီးချက်စောင့်နတ်သမီးသည် ဘုရင်ကြီးအားဆုံးမလို၍ ပြဿနာမေး၏။ (၇)ရက်အတွင်း မဖြေနိုင်ပါက ဦးခေါင်းကိုရိုက်ခွဲမည်ဟု ခြိမ်းခြောက်၏။ လက်၊ ခြေတို့ဖြင့် ပုတ်ခတ်ခြင်းကို ခံရပါလျက် စိတ်မဆိုး အမျက်မထွက် နှစ်သက်ကြည်နူးကြရသူကား အဘယ်သူနည်း စသော

မေးခွန်းလေးခုမေး၏။ မဟောသဓာမှတစ်ပါး ဖြေဆိုနိုင်မည့်သူကို မတွေ့ရသဖြင့် ဘုရင်ကြီးသည် အိုးထိန်းသည်ထံ အိုးလုပ်နေသော မဟောသဓာကို လိုက်လံရှာဖွေ ခေါ်ယူရလေသည်။ သုံးလေးလအရွယ် သားငယ်နှင့် မိခင်ဖြစ်ကြောင်း စသော အဖြေတို့ကို ပေး၏။ နတ်သမီးက ကောင်းချီးပေးလေသည်။

နောင်သောအခါတွင် လျှို့ဝှက်ရမည့်စကားကို မည်သူ့အား ပြောရမည်နည်းဟူသော ပြဿနာကို အမတ်ကြီးတို့ ကုန်းချောတိုက်တွန်းမှုကြောင့် ဘုရင်ကမေး၏။ ဘုရင်ကြီးက လျှို့ဝှက်စကားကို မယားအားပြောရမည်။ သေနကက အဆွေခင်ပွန်းကို၊ ပက္ကုသက သားချင်းကို၊ ကာမိန္ဒက သားကို၊ ဒေဝိန္ဒက အမိကို ပြောရမည်ဟု ဆို၏။ မဟောသဓာကမူ မည်သူ့ကိုမျှ မပြောအပ်ပါဟု လျှောက်၏။ အမတ်ကြီးတို့ ကုန်းစကားကို နားယောင်သော မင်းကြီးက မဟောသဓာကို သတ်ရန် သံလျက်ကို အပ်လိုက်၏။ ထိုပြဿနာမှာ အမတ်ကြီးတို့ အကြံဟုသိသဖြင့် မဟောသဓာသည် အမတ်ကြီးတို့ စုဝေး၍ တိုင်ပင်ရာ ထမင်းပွဲခုံအောက် ဝင်၍ ချောင်းမြောင်း နားထောင်၏။

ဘုရင့်ထံ လျှောက်တင်ချက်အကြောင်း ဆွေးနွေးကြ၏။ သေနကမှာ ပြည့်တန်ဆာမ တစ်ဦးနှင့်တောထဲတွင် ပျော်မြူးပြီး လက်ဝတ်ရတနာများကို ယူကာ သတ်ဖြတ်ခဲ့ကြောင်း မိတ်ဆွေတစ်ဦးသာသီရာ ထိုမိတ်ဆွေနှုတ်စောင့်၍ မိတ်ဆွေကို လျှို့ဝှက်စကားပြောရမည်ဟု ဘုရင်ကိုလျှောက်ခဲ့ကြောင်း ပြောပြ၏။ ပက္ကုသက မိမိပေါင်မှာ ကုဋ္ဌနူနာရှိသည်ကို မိမိ၏ညီသာ သိကြောင်း ဘုရင်ကြီးကထိုပေါင်၌ ခေါင်းအုံး၍ အိပ်တတ်ကြောင်းညီကို ပြောသင့်သည်ဟု ဘုရင်ကို လျှောက်ခဲ့ကြောင်း ပြောပြ၏။ ကာမိန္ဒက မိမိသည် တစ်လတစ်ကြိမ် ဘီလူဖမ်းနာစွဲ၍ ခွေးရူးကဲ့သို့ အော်ဟစ်သည်။ မိမိသားသာ သိကြောင်းပြောပြ၏။ ဒေဝိန္ဒကလည်း မိမိသည် မင်းကြီး၏

ပတ္တမြားကို ခိုးယူမိကြောင်း အမိသာ သိကြောင်းပြောပြ၏။ မဟောသဓာက အားလုံး မှတ်ထား၏။ မဟောသဓာကိုသတ်ရန် သန်လျက်အပ်လိုက်သဖြင့် နောက်နေ့ နန်းတော်သို့ သတိထား၍ ဝင်ပါဟု မိဖုရားကြီးက မှာလိုက်၏။

နံနက်အချိန် မြို့တံခါးဝတွင် အမတ်ကြီးတို့ မဟောသဓာကို သတ်ရန် စောင့်သော်လည်း စောစောဝင်မလာသဖြင့် စိတ်ပျက်၍ နန်းတော်သို့ သွားကြသည်။ နေမြင့်မှ မဟောသဓာနန်းတော်သို့ ဝင်လာ၏။ မဟောသဓာသည် နန်းတံခါးဝတွင် ဘုရင်ကို ရှိခိုးလျှက် ရပ်နေသဖြင့် ဘုရင်က မဟောသဓာသည် သူ့ကို လုပ်ကြံလိမ့်မည်ဟူသော အမတ်ကြီးတို့စကားမှာ မဖြစ်နိုင်ကြောင်း ယုံကြည်သွားသည်။ ဘာ့ကြောင့်နေမြင့်မှ နန်းတော်သို့ အခစား ဝင်ရသနည်းဟု ဘုရင်က မေးလေသော် အရှင်မင်းကြီးက လျှို့ဝှက်စကားကို မယားအား ပြောသင့်သည်ဟု ဆိုခဲ့ပါသည်။ သို့သော် အရှင်၏အကြံကို မိဖုရားကြီးအား ပြောပြခဲ့သဖြင့် မိဖုရားက လူလွှတ်ပြောသဖြင့် အရှင့်အကြံကို သိရသောကြောင့် စောစောမဝင်ပါဟု လျှောက်၏။ ဘုရင်ကြီးက နှုတ် မစောင့်စည်းသူဟု အမျက်ထွက်လျှင် အရှင်မင်းကြီး အမှန်တော့ မိဖုရား မပြောလည်း ကျွန်တော့ ပညာဖြင့် သိပြီးသားပါ။ အရှင့်အမတ်ကြီးလေးယောက် အကြောင်းကိုလည်း ကျွန်တော်သိပြီးဖြစ်ပါသည်ဟုဆိုကာ တစ်ယောက်စီ အကြောင်းကို လျှောက်ထား၏။ လျှို့ဝှက်ချက်များကို သိရသောအခါ ဘုရင်ကြီးသည် အမတ်လေးယောက်တို့ကို နှောင်အိမ်သွင်း၍ တံကျင်လျှိုလျှက် လည်ပင်းကို သန်လျက်ဖြင့် ခုတ်ဖြတ်ရန် အမိန့်ချ၏။ မဟောသဓာက အပြစ်မှ ခွင့်လွှတ်ရန် တောင်းပန်သဖြင့် အမတ်တို့ကို မသတ်ဘဲ ကျွန်အဖြစ် မဟောသဓာကိုပေး၏။ မဟောသဓာက ကျွန်အဖြစ်မှ လွှတ်ပေးပြီး ပကတိအတိုင်းရာထူးစည်းစိမ်ပြန်ပေး၏။ ထိုနေ့မှ စ၍ အမတ်ကြီးတို့သည် မဟောသဓာအား မကောင်းမကြံရဲတော့ပေ။

မဟောသဓာကိုလည်း သေနာပတိ အမတ်စစ်သူကြီးအဖြစ် ခန့်အပ်၏။ ဘုရင်ကြီးကို သွန်သင်ဆုံးမပြီး မြို့တော်ကြီးကိုလည်း ချဲ့ထွင်တည်ဆောက်၏။ နိုင်ငံအသီးသီးမှ ရောက်လာကြကုန်သော ကုန်သည်တို့နှင့်ဆက်သွယ်၍ လက်ဆောင်ပဏ္ဏာစီစဉ်ကာ နိုင်ငံအနှံသို့ဖွားဖက်တော်တို့ကို သံအမတ်အဖြစ် ပို့ထား၏။ ထိုနိုင်ငံတို့မှ အတွင်းစကားများကို ထောက်လှန်းစေ၏။ တစ်နေ့တွင် ကပိလတိုင်း ဥတ္တရပဉ္စာလရာဇ်ပြည်၌ သခ်ၤပါလကအမည်ရှိသော စူဠနီဗြဟ္မဒတ်မင်းသည် မင်းပြု၏။ ကေဝဋ္ဋ အမည် ရှိသော အမတ်ကြီးတစ်ဦးရှိ၏။ လက်နက် လူသူစုရုံးနေကြောင်း မဟောသဓာ၏သူလျှိုက သတင်းပို့၏။ မဟောသဓာသည် မိမိမွေးမြူထား သော ကျေးသားကို ရွှေချိုင့်ဖြင့် မွေးထားရာမှ ထုတ်ဆောင်၍ ဥတ္တရပဉ္စာ လရာဇ်မင်း၏ အကြံအစည်ကို ထောက်လှန်းရန် စေလွှတ်လိုက်၏။ ကျေးသားလည်း ပျံထွက်သွား၏။

ထိုနှစ်၌ ကေဝဋ္ဋပုဏ္ဏားသည် ဗြဟ္မဒတ်မင်းကြီးအား တစ်ရာသော ထီးဆောင်းမင်းတို့အား စိုးမိုး၍ ဧကရာဇ်မင်းဖြစ်စေရန် မင်းနှင့်ပုဏ္ဏား တို့နှစ်ယောက် ဥယျာဉ်တော်သို့ကြွပြီး နှစ်ကိုယ်ကြား တိုင်ပင်၏။ မင်းကြီးက စစ်သည်တို့ဖြင့် နိုင်ငံတစ်နိုင်ငံကို ချီတက်ဝိုင်းရံထားပါ။ မိမိက မြို့တွင်းသို့ဝင်၍ ပရိယာယ်ဖြင့် ပြောဆိုအညံ့ခံစေပါမည်။ ဤနည်းဖြင့် တစ်ရာသော မင်းတို့ကို အနိုင်ယူ ခေါ်ဆောင်လာကာ အောင်သေသောက်ဟန်ပြု၍ အရက်တွင် အဆိပ်ခပ်ပြီးသတ်ကာ ဧကရာဇ်မင်း ဖြစ်အောင်ပြောပြ၏။ မဟောသဓာစေလွှတ်သော ကျေးသားသည် ဘုရင်နှင့်ပုဏ္ဏား နှစ်ကိုယ်ကြား တိုင်ပင်ရာ သစ်ပင်ထက်မှ ချောင်းမြောင်း နားထောင်၍ ကေဝဋ္ဋပုဏ္ဏား၏ ဦးခေါင်းပေါ်သို့ မစင်စွန့်ချကာ မဟောသဓာထံ ပြန်လာခဲ့ပြီး သတင်းစုံ လျှောက်ထား၏။

ထိုသတင်းကို ကြားရသောအခါ မဟောသဓာသည် နိုင်ငံတော်ကို အခိုင်အခံ့ တည်ဆောက်၏။ မြို့ပြကျုံးမြောင်းတို့ကို နက်အောင်တူး၍

မကန်း မိချောင်းတို့ကိုလွှတ်ကာ ရေအပြည့် ဖြည့်ထား၏။ ရန်သူတို့ မဝင်နိုင်အောင် ညှောင့် ခလုတ်မျိုးစုံ ဖန်တီးထား၏။ ရန်သူတို့ ဝင်ရောက်လာသော် အလွယ်တကူ ခြိုးဖျက်နိုင်ရန် စက်ယန္တရားခလုတ်များကို တံတားများတွင် တပ်ဆင်ထား၏။ အစာရေစာရိက္ခာ ဖြည့်တင်းထား၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် နိုင်ငံငယ်များကိုစုစည်း၍ စစ်တပ်ကြီး ဖွဲ့ကာ (၉၉) ပြည်ထောင်တို့ကို သိမ်းပိုက်ပြီး ဝိဒေဟရာဇ်တိုင်းပြည်ကို သိမ်းပိုက်ရန် စီစဉ်သည်။ သူလျှိုအမတ်အသီးသီးထံမှ သတင်းရသဖြင့် ကြိုတင်ပြင်ဆင်ထား၏။ ကေဝဋ္ဋိပုဏ္ဏားမှာ မဟောသဓာ၏ ပညာဉာဏ်ကို သိထားသူဖြစ်၍ ချက်ချင်း မတိုက်သေးဘဲ မင်းငယ်(၉၉)ပါးနှင့် အောင်သောက်ရန် စီစဉ်၏။ နေ့ရက် အတိအကျသိရန် ထောက်လှန်းခိုင်းလိုက်သဖြင့် နေ့ရက်သိရလေ သည်။ ကေဝဋ္ဋိအမတ်နှင့်ဗြဟ္မဒတ်မင်းတို့သည် အရက်အိုးကြီးများကို စီစဉ်ပြီး စားကောင်းသောက်ဖွယ် ခင်းကျင်းကာ ဥယျာဉ်တော်၌ အောင်သေသောက်ပွဲ စီစဉ်ထား၏။ မင်းငယ်(၉၉) ယောက်၏ အသက်ကို ကာကွယ်လိုသဖြင့် ထိုနေ့တွင် ဖွားဖက်တော်သူရဲ(၁၀၀၀)ကိုစေလွှတ်၍ ဝိဒေဟရာဇ် မင်းကြီးအတွက် နေရာလုဟန်ဆောင်၍ အဆိပ်ပါသော အရက်အိုးတို့ကို ရိုက်ခွဲစေ၏။

ဗြဟ္မဒတ်မင်းကြီးသည် မိထိလာပြည်သားတို့ ဖျက်ဆီးသွားသော သတင်းကိုကြားရလျှင် မင်းငယ်(၉၉)ဦးကို စည်းရုံးကာ မိထိလာမြို့တော်သို့ သိမ်းပိုက်ရန် စစ်ချီလာ၏။ ညတွင်းချင်းပင် ရန်သူစစ်တပ်တို့ ဝိုင်းရံထားသဖြင့် ဝိဒေဟရာဇ်မင်းကြီးနှင့်တကွ အမတ်များ ပြည်သူများသည် ထိတ်လန့်ကြကုန်၏။ အားလုံး ကြောက်ရွံ့တုန်လှုပ်နေသော်လည်း မဟောသဓာကမူ ကြိုတင်စီမံပြီးဖြစ်၍ မကြောက်မရွံ့ နန်းတော်သို့ဝင်၍ ခစား၏။

ဝိဒေဟရာဇ်မင်းကြီးကို မကြောက်စေရန် နှစ်သိမ့်၍ မြို့သူမြို့သားတို့ကိုလည်း မကြောက်ရွံ့စေရန် စည်လည်စေ၏။ ထိုအချင်းအရာကို စူဠနီ

ဗြဟ္မဒတ်မင်းမြင်လျှင် မေး၏။ မဟောသဓ၏ သူလျှိုအမတ်တို့က မဟော သဓ၏ဘုန်းပညာဉာဏ်စွမ်း အစီအစဉ်ကြောင့် ဝိဒေဟရာဇ်မင်းကြီးသည် တစ်ရာသော ထီးဆောင်းမင်းတို့ကို အောင်ပွဲခံနိုင်တော့မည်ဖြစ်၍ ပျော်ရွှင် နေကြောင်း လိမ်လည်တင်လျှောက်ကြကုန်၏။

စူဠနီဗြဟ္မဒတ်မင်းကြီး ကြားသိရသော် အမျက်ထွက်သဖြင့် မိထိလာ မြို့ကို အပြင်းတိုက်စေ၏။ မဟောသဓာ အကွပ်အကဲကောင်းပြီး တပ်သား တို့ ရွပ်ရွပ်ခွံ့ခွံ့ကာကွယ်ကြသဖြင့် မြို့မပေါက်ဘဲရှိရာ ဆယ့်ငါးရက်မျှကြာ သွား၏။ မြို့တွင်းသူတို့ ရေငတ်၍ အည့ံခံစေရန် မြို့ကိုပိတ်ဆို့ထား၏။ မဟောသဓာသည် အတောင်ခြောက်ဆယ်ရှိသော ဝါးလုံး၌ အဆစ်ကို ဖောက်၍ ရေနှင့်ရွံ့ညွန်ပြည့်စေလျက် ကြာစေ့ကိုစိုက်၍အပင်ပေါက်လေ လျှင် အရိုးရှည်ကြာပင်များကိုနှုတ်၍ ပဉ္စလရာဇ်မင်း၏ တပ်သားများထံသို့ သရော်၍ ပစ်ချပေးလေသည်။ သူလျှိုအမတ်တို့က ကောက်ယူပြီး ဗြဟ္မဒတ် မင်းကို ဆက်လေကာ မြို့တွင်း၌ အတောင်ရှစ်ဆယ်နက်သော ရေကန်များ ရေအပြည့်ရှိသည်ဟု ကြားဖူးကြောင်း လျှောက်ကြကုန်၏။ ရေပြဿနာ မရှိမှန်း ယုံကြည်သဖြင့် ဆန်စပါးကို မြို့တွင်းမသွင်းရန် ပိတ်ပင်ပြန်၏။

မဟောသဓာက မြို့ရိုးပေါ်၌ ရွံ့ညွန်တင်၍ စပါးစိုက်စေပြီး စပါး ပင်များ ပေါက်လာသောအခါ မြို့တွင်း၌ သိုလှောင်ရာမှ ပို၍ စွန့်သော စပါးစေ့တို့မှ အပင်ပေါက်လောက်အောင် ပေါများကြောင်း သူလျှို အမတ်တို့က လျှောက်ကြပြန်၏။ ထင်းသစ်မသွင်းရန် အမိန့်ထုတ်ပြန်၏။ မြို့တံတိုင်း အနီးတွင် မို့မောက်အောင်စုပုံထားသော ထင်းပုံများကိုပြ၍ ထင်းအပြည့် ရှိကြောင်း သူလျှိုအမတ်တို့က လျှောက်ကြပြန်၏။ မည်သို့မျှ လုပ်ကြံမရသဖြင့် ကေဝဋ္ဋနှင့် မဟောသဓာပညာရှိခြင်း တရားစစ်ထိုးရန် စကားစစ်ထိုးရန် စီစဉ်ကြ၏။ ပညာရှိတစ်ဦးက ရှိခိုးလျှင် အနိုင်ရခြင်း ဖြစ်သည် ဟု သဘောတူကြ၏။ ကေဝဋ္ဋမှာ အသက်ကြီးသူဖြစ်၍ မဟော သဓာသည် ငယ်ရွယ်သူ ဖြစ်သောကြောင့် ကေဝဋ္ဋကို ရှိခိုးလိမ့်မည်ဟု

အပိုင်တွက်ထား၍ စီစဉ်ခြင်း ဖြစ်သည်။ တရားစစ်ထိုး မင်းရင်ပြင်၌ မင်းအမတ်တို့ စုံလင်သောအခါ မဟောသဓသည် ဝိဒေဟရာဇ်မင်းကြီးထံမှ အကောက်ရှစ်ပါးရှိသော ပတ္တမြား ကိုယူဆောင်၍ လက်ဝါးတော်၌တင်ကာ ကေဝဋ္ဋထံသွား၏။ ပတ္တမြားကို လိုချင်လှသဖြင့် မိမိကဲ့သို့သော ပညာရှိအား လက်ဆောင်ပေးသင့်သည် မဟုတ်လောဟု ဆိုလာ၏။ လိုချင်လျှင် ပေးပါမည် လက်ဖြန့်ပါဟု မဟောသဓ ဆိုလေသော် ကေဝဋ္ဋသည် လက်ဖြန့်၏။ မဟောသဓက လက်ချောင်း ကြားမှ အောက်သို့လွှတ်ချလိုက်၏။ ကေဝဋ္ဋသည် ပတ္တမြားကို ကုန်း၍ကောက်၏။ မဟောသဓသည် ကေဝဋ္ဋ၏ခေါင်းကို မထနိုင်အောင် လက်ဖြင့်ဖိထားပြီး ပရိသတ်ကြား လောက်အောင် ကျွန်ုပ်ကား သင်၏မြေး အရွယ်မျှသာ ရှိပါသေးသည် ရှိမခိုးပါနှင့် အော်ပြောပြီး ကေဝဋ္ဋပုဏ္ဏား၏ နဖူးကို မြေနှင့်ပွတ်၍ ကွဲပြဲစုတ်စေ၏။ ရှိမခိုးပါနှင့်ဟုဆိုပါလျက် ရှိခိုးရမည်လောဟု မြည်တွန်ကာ တွန်းဖယ်ပစ်လိုက်လေသည်။ မဟောသဓ၏ အခြံအရံတို့က ပတ္တမြားကို ကောက်ယူထားကြသည်။ မဟောသဓ၏အခြံအရံတို့က ကေဝဋ္ဋပုဏ္ဏား သည် ငါတို့အရှင်ကိုရှိခိုးသည်ဟု ကြွေးကြော်ကြကုန်၏။ စူဠနီပြဟ္မဒတ်နှင့် မင်းအပေါင်းတို့သည် ဦးညွတ်နေသောပုဏ္ဏားကို မြင်၍ မိမိတို့စစ်ရှုံးပြီဟု ကြွေးကြော်ပြီး ထွက်ပြေးကြလေသည်။ မဟောသဓ၏ စစ်သည် ရဲမက်တို့ကပါ လိုက်လံ တိုက်ထုတ်ကြသဖြင့် သစ်တပ် တဲနန်းသို့ ပြန်သွားကြသည်။

စူဠနီပြဟ္မဒတ်မင်းသည် မိထိလာမြို့ကို ဝိုင်းရံ၍ ဖိနင်းတိုက်ခိုက်ရန် အကြံရှိသည်။ သူလျှိုအမတ်တို့ထံမှ မဟောသဓ သိလျှင် စစ်သည် အင်အားချင်း ကွာခြားလှသဖြင့် ပရိယာယ်ဖြင့်တိုက်ရန် စီစဉ်၏။ ဝိဒေဟရာဇ်မင်းကြီး၏ ဆရာ ပုရောဟိတ် အနုကေဝဋ္ဋကိုခေါ်၍ မိထိလာပြည်သားတို့ကို မလိုလားဟန်ပြု၍ ပဉ္စလရာဇ်မင်း၏ စစ်သည်တို့ကို အစား

အစာ ပေးကမ်းကာ စကားသွင်းစဉ် ကျွန်ုပ်တို့က ဖမ်းဆီး ဒဏ်ခတ်ဟန်ပြုပါမည်။ ထို့နောက် နှင်ထုတ်ပါမည်။ ကျွန်ုပ်တို့အား ရန်ငြိုးဖွဲ့ဟန်ပြု၍ ပဉ္စာလရာဇ်ထံ မင်းဘက်သို့ ဝင်ပြေးပါ။ ကျွန်ုပ်တို့ကိုတိုက်မည်ဟု စစ်သည်တို့ကိုခေါ်ဆောင်ခဲ့ပြီး မိကျောင်းပေါသော ကျုံးဘက်မှ ဆင်းကူး၍တိုက်ပါ။ စစ်သည်တို့ တွန့်ဆုတ်ခဲ့သော် မဟောသဓာဘက်သားတွေဟု ကုန်းချော်၍ ထိုသူတို့၏ စစ်ဝတ်တန်ဆာတို့တွင် ကျွန်ုပ်၏တံဆိပ်ခပ်နှိပ်ပါ။ ပဉ္စလရာဇ်မင်းကြီးကို ထိုတံဆိပ်တို့ကိုပြပြီး မဟောသဓာ ဘက်တော်သားတွေဖြစ်သည်ဟု ယုံကြည်လာအောင် ပြောပါ။ ဒီစစ်သားတွေသည် စိတ်မချရ။ စူဠနီဗြဟ္မဒတ်မင်းကြီးကိုဖမ်းပြီး မဟောသဓာထံအပ်နှင်းသည်။ ဒီစစ်သည်တို့ မသိခင် မင်းကြီးနှင့်ကျွန်ုပ်တို့ ပြန်ပြေးကြမည်ဟု စည်းရုံးသိမ်းသွင်းပြီး ညဉ့်အခါ မင်းကြီးကိုခေါ်၍ပြေးပါ။ ကျွန်ုပ်တို့တပ်ကိုလည်း အကြောင်းကြားပါဟု သွန်းသင်ပြီး စူဠနီဗြဟ္မဒတ်မင်းထံ စေလွှတ်၏။ အစီအစဉ်အတိုင်း အချိန်ယူ၍ စီစဉ်ခဲ့ရာ စူဠနီဗြဟ္မဒတ်မင်း ယုံကြည်ပြီး အနုကေဝဋ္ဋနှင့်အတူ ညဉ့်အခါပြေး၏။ ဘုရင်ပြေးကြောင်းသိလျှင် အခြားစစ်သည်တို့လည်း လိုက်ပါ ပြေးကြကုန်၏။ မဟောသဓာစစ်သည်တို့ကပါ အော်ဟစ်တိုက်ခိုက်ကြသဖြင့် စစ်တပ်အားလုံးသည် ညဉ့်တွင်းချင်း ပြေးကြလေရာ ပစ္စည်းဘဏ္ဍာများစွာကို ဝိဒေဟရာဇ် တိုင်းသားတို့ ကောက်ယူ ရရှိလေသည်။

စူဠနီဗြဟ္မဒတ်မင်းသည် စစ်ရှုံးပြီးနောက် တစ်နှစ်ကြာသောအခါ မဟောသဓာကို လက်စားချေ သတ်ဖြတ်နိုင်ရန် စီမံကြပြန်၏။ စူဠနီဗြဟ္မဒတ်မင်း၏သမီးတော် ပဉ္စာလစန္ဒီမင်းသမီးနှင့် ဝိဒေဟရာဇ်မင်းကြီးအား လက်ထပ်ပေးမည်ဟု ဖြားယောင်းသောအကြံ ကြံကြပြန်၏။ မင်းကြီး၏ နန်းတော်ပြာသာဒ် အထက်ဆင့်သို့ ကေဝဋ္ဋနှင့်မင်းကြီး နှစ်ယောက်သား တက်ကြပြီးတိုင်ပင်၏။ ဘုရင်ကြီး၏ သာလိကာမက ကြားရလေသည်။

ထို့နောက် မိထိလာသို့သွားပြီး ကောဝဋ္ဋအမတ်သည် ဝိဒေဟရာဇ်မင်းကြီးနှင့် စူဠနီဗြဟ္မဒတ်မင်းတို့ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်း ဖောက်သည့် အနေဖြင့် သမီးတော်ကို ဆက်သပါမည်ဟု လျှောက်၏။ သေနက အမတ်ကြီးတို့က သဘောတူကြသည်။ မဟောသဓက မဖြစ်နိုင်ဟု တွက်ဆကာ ဖြားယောင်းခြင်းသာဖြစ်ပါသည်ဟု လျှောက်၏။ ဝိဒေဟရာဇ် မင်းကြီးသည် တက္ကာရမွက်ကြီးသူဖြစ်၍ မဟောသဓကို စိတ်ဆိုး၏။ မဟောသဓလည်း အကြောင်းစုံ သိနိုင်ရန် ကျေးသားကို သာလိကာမထံ စေလွှတ်၏။ ဖြားယောင်း၍သတ်ရန် စီစဉ်ပုံအလုံးစုံကို သိရ၍ မဟောသဓထံ ပြန်ပြောပြ၏။

မဟောသဓသိလျှင် ဝိဒေဟရာဇ်မင်းကြီးမှာ ကာမဂုဏ်နှိပ်စက်ခံနေရပြီဖြစ်၍ ပဉ္စလရာဇ်ပြည်သို့ မုချသွားပေသည်။ အားလုံးဘေးအန္တရာယ် ကြုံကြမည်ကို ကြိုတင်သိမြင်သဖြင့် စူဠနီဗြဟ္မဒတ်မင်းထံ ဦးစွာသွား၍ လက်ထပ်နန်းဆောက်ရန် မြေအောက် ဥမင်လမ်းဖောက်ရန် လျှောက်ထားပြီး စိမံ၏။ လက်ထပ်နန်းဆောက်ရန်အတွက် အလုပ်သမား ဗိသုကာပန်းရံစသည့် ပညာသည်များနှင့် ဓား လံ့ ပေါက်တူး လက်နက်ယူဆောင်၍ သွား၏။

ခရီးတစ်ယူဇနာလျှင် တစ်ရွာကျတည်းပြီး အမတ်တစ်ယောက်စီ အုပ်ချုပ်စေလျက် ဆင်မြင်းရထား စီစဉ်ထားစေ၏။ ဂင်္ဂါမြစ်သို့ရောက်သော် သစ်များကိုစုဆောင်းပြီး မြစ်နှင့်(၂)ဂါဝုတ်အကွာ၌ မြစ်ဆိပ်မှ ထိုနေရာအရောက် ဥမင်လိုဏ်ကျယ်တူးစေပြီး ထိုနေရာမှ ပဉ္စလရာဇ်မင်းကြီး၏ နန်းတော်တိုင်အောင် တစ်ဂါဝုတ်ခရီးမျှကို ဥမင်ကွေ့တူးစေ၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် မိမိဆန္ဒပြည့်ဝတော့မည်ဟု ဝမ်းသာနေ၏။ မဟောသဓကိုလည်း အလိုရှိသမျှ ခွင့်ပြု၏။ ဥမင်လိုဏ်ခေါင်းတံခါးဝထားမည့် နန်းတော်လှေကားခုံကို ကောင်းအောင် ပြုပြင်ပေးပါမည်ဟု ဆိုပြီး

အောက်ခံကို ခိုင်မာအောင်ပြုပြင်၏။ အဝင်အထွက်မရှိစေရန် တံခါးစောင့်ခန့်ထားခွင့် တောင်းဆို၏။ မြို့နှင့်ဂင်္ဂါမြစ်အကြား တစ်ဂါဝုတ်ခန့်နေရာ၌ လက်ထပ် နန်းဆောက်၏။ ဥမင်မုတ်တံခါးကို ဂင်္ဂါမြစ်နား၌ တစ်ခုထား၏။ အမြင့် ဆယ့်ရှစ်တောင်ရှိသော မြို့ကိုတည်၏။ ဥပကာရီမြို့ဟု သမုတ်၏။ ဥမင်ကိုလည်း အခန်းပေါင်းများစွာဖွဲ့၍ ဖွင့်ပိတ်ရန် ယန္တရားတပ်သော တံခါးတို့ဖြင့် လှုပအောင်ပြု၏။ ပန်းချို ပန်းပုရုပ်မျိုးစုံဖြင့် အလွန် အံ့ဩစဖွယ် ဆန်းကြယ်၏။ အတွင်း၌ ဆီမီးမပြတ် ထွန်းညှိထား၏။

ကိစ္စအားလုံးပြီးသော် ဝိဒေဟရာဇမင်းကြီးကို ပင့်ခေါ်လိုက်၏။ ဥမင်ကိုမပြဘဲ ဥပကာရီမြို့တွင်းသို့ ခေါ်ဆောင်ခဲ့၏။ စူဠနီဗြဟ္မဒတ်မင်းကြီး အားလည်း ကြွလာပါရန် အကြောင်းကြား၏။ စူဠနီဗြဟ္မဒတ်မင်းကြီးသည် မယ်တော်စလာကဒေဝီ၊ မိဖုရားကြီး နန္ဒာဒေဝီ၊ သားတော် ပဉ္စာလစန္ဒာ၊ သမီးတော် ပဉ္စာလစန္ဒီတို့ကို နန်းတော် အထက်ဆင့်၍ စုရုံးထားခဲ့ပြီး ဆယ့်ရှစ်ခေါဘိဏီစစ်တပ်ကြီးနှင့်လာပြီး ညဉ့်အခါ၌ ဥပကာရီမြို့ကို ဝိုင်းရံလေတော့သည်။ ထိုအခါ မဟာသဓာသည် သူရဲကောင်းသုံးရာတို့ကို ဥမင်ခရီးဖြင့် စူဠနီဗြဟ္မဒတ်မင်းကြီး၏ နန်းတော်သို့စေလွှတ်၍ ဝိဒေဟရာဇ ရန်သူတို့ကို ဝိုင်းမိထားပြီဖြစ်၍ အောင်ပွဲခံရန် အားလုံး ကြွတော်မူပါဟု လျှောက်၍ မယ်တော်တို့ကို ဖမ်းခေါ်စေခဲ့သည်။ အားလုံး ဥမင်လမ်းဖြင့် ရောက်လာသည်။

ဝိဒေဟရာဇမင်းကြီးနှင့် အမတ်တို့သည် စစ်သည်များစွာတို့ လက်နက်ကိုယ်စီဖြင့် ဝိုင်းထားသည်ကိုမြင်မှ ကြောက်ရွံ့ တုန်လှုပ်ကြကုန်၏။ မဟာသဓာကမူ မိမိစကားကိုမနာယူခဲ့သဖြင့် အားလုံးဒုက္ခရောက်ကြတော့မည်ဟုခြိမ်းခြောက်၏။ သေနကအမတ်ကြီး အကြံအတိုင်း လုပ်ဆောင်ပါဟု သရော်၏။ သဘေးနှိပ်စက်သဖြင့် အားလုံးသွေးဆုတ်နေကြ၏။ မဟာသဓာသာလျှင် လုပ်ဆောင်နိုင်ပါသည်။ အားလုံး၏

အသက်ကို ကယ်တော်မူပါဟု ရှိခိုး တောင်းပန်ကြကုန်၏။ မိမိတို့အမှားကို ခွင့်လွှတ်ပါ သနားတော်မူပါဟု အကြိမ်ကြိမ်လျှောက်မှ မဟောသဓက ကယ်တင်ပါမည်ဟု စိတ်သက်သာရာရစေ၏။ ဥမင်တွင်း လက်ထပ်နန်းၭ ဝိဒေဟရာဇမင်းကြီးနှင့် သမီးတော်ပဥ္စာလစန္ဒီကို ထိမ်းမြားလက်ထပ်ပေးသည်။ ဥမင်လမ်းဖြင့် မြစ်သို့သွား၍ ဂင်္ဂါမြစ်တွင် အသင့်ဆောင်ထားသော လှေများဖြင့် မိထိလာသို့ ပြန်လွှတ်လိုက်လေသည်။

မဟောသဓကမူ ပြန်မလိုက်သေးဘဲ စူဠနီဗြဟ္မဒတ်မင်းနှင့် စကားပြောရန် ဥပကာရီမြို့ရိုးပေါ်သို့ တက်လေသည်။ ဥမင်တံခါးဝၭ သံလျက်ကို မြုပ်ထားခဲ့သည်။ မဟောသဓသည် စိတ်အေးချမ်းသာစွာ အိပ်စက်ပြီး နံနက်လင်းလျှင် မြို့သို့ချဉ်းကပ်လာသော ဗြဟ္မဒတ်မင်းကြီးနှင့် ရင်ဆိုင်လေသည်။

မဟောသဓက သမီးတော်နှင့် လက်ထပ်ပေးရန် အစီအစဉ်ကို မေးရာ ဗြဟ္မဒတ်မင်းက မဟောသဓနှင့် ဝိဒေဟရာဇမင်းကိုသတ်ပြီး အောင်ပွဲခံတော့မည်ဟု ကြုံးဝါးပြောဆို၏။ အရှင်မင်းကြီး အကြံကောင်း သော်လည်း နှောင်းခဲ့ပါပြီ။ ယခုပင် ဝိဒေဟရာဇမင်းကြီးသည် သမီးတော် ပဥ္စာလစန္ဒီနှင့် လက်ထပ်ပြီးပြီဖြစ်၍ မိထိလာသို့ ပြန်သွားပါပြီ။ မင်းကြီးက ကျွန်တော်တို့ကို လက်ဖြတ် ခြေဖြတ်သတ်လျှင် ဝိဒေဟရာဇမင်းကြီးက လည်း မယ်တော် မိဖုရား သားတော်တို့ကို လက်စားချေပါလိမ့်မည်။ မယုံကြည်လျှင် နန်းတော်သို့ပြန်၍ ကြည့်ပါဟုပြော၏။ ဗြဟ္မဒတ်မင်းကြီးလည်း လူလွှတ်၍ကြည့်စေသော် အားလုံးမရှိတော့ကြောင်း သိရလေသည်။ မဟောသဓက မိဖုရားကြီးချောမောကြောင်း မယ်တော်ကြီးပညာကြီးလှ ကြောင်း အကယ်၍ ကျေးဇူးကြလျှင် ဗြဟ္မဒတ်မင်းကြီးထံအရောက်ပြန် ပို့ပေးပါမည်ဟု ပြော၏။ မဟောသဓကမိမိသည် မင်းနှစ်ပါးချစ်ကြည်မှုကို လိုလား၍ ဤသို့ဆောင်ရွက်ရကြောင်း ဥမင်လိုဏ်ကြီးမှာ အံ့မခန်းဖွယ်

ထူးဆန်းလှပါကြောင်း လက်နက်စွန့်၍ မင်းကြီးနှင့်မင်းငယ်များကြည့်ရှုရန် ဖိတ်ခေါ်လေသည်။ အားလုံးတို့သည် ဥမင်လိုဏ်ကြီးထဲသို့ လက်နက်မဲ့ ဝင်ရောက်လာကြကုန်၏။ မဟာသဓာက ရှင်းလင်းပြသ ယန္တရားတို့ကို ပြသ၏။

ဥမင်လိုဏ်ကြီး၏ ခမ်းနားမှုကို မြင်တွေ့ရသဖြင့် အားလုံးက ချီးမွမ်း ကြကုန်၏။ ယန္တရားခလုတ် အမျိုးမျိုးကို ဖွင့်လိုက်ပိတ်လိုက်ဖြင့် အခန်းများ၏ ခမ်းနားမှုကိုပြသပြီး လိုဏ်ခေါင်းထွက်ပေါက်ဝသို့ ရောက်သော အခါ ခလုတ်နှိပ်၍ ဥမင်ကိုပိတ်လိုက်၏။ လူအားလုံးတို့ လိုဏ်ခေါင်းထဲ ပိတ်မိကြကုန်၏။။ မင်းကြီးနှင့်မဟောသဓာ နှစ်ဦးတည်းသာရှိသောအခါ မိမိဝှက်ထားသော သံလျက်ကို ဆွဲထုတ်၍ မင်းကြီး၏ ဦးခေါင်းကိုနှိမ်ပြီး ခုတ်ဟန်ဆောင်၏။ စူဠနီပြဟ္မဒတ်မင်းကြီးလည်း ကြောက်ရွံ့တုန်လှုပ်သွား သည်။ အသက်ချမ်းသာပေးပါရန် တောင်းပန်သဖြင့် မင်းကြီးထံ သန်လျက်အပ်ပြီး ပညာစွမ်းပြလို၍သာ ဖြစ်ပါသည်။ အန္တရာယ်မပြုလိုပါ။ အသက်ထက်ဆုံး ဘေးမဲ့ပေး ငြိမ်းချမ်းစွာနေကြစို့ဟု တောင်းဆို၏။ ဗြဟ္မဒတ်မင်းကြီးက ဒီလောက် ပညာစွမ်းထက်သူဖြစ်ပါလျက် ဘာကြောင့် ဇမ္မူဒိပ်တစ်ကျွန်းလုံး အစိုးရသည့် ဘုရင်အဖြစ် မပြုလုပ်လိုသနည်းဟု မေးလျှင် မိမိသည် သူတစ်ပါးအသက်ကိုသတ်၍ မိမိကောင်းစားရေးကို မပြုလိုပါဟုလျှောက်၏။ ဥမင်ထဲပိတ်မိနေသော လူများအတွက် ခလုတ် နှိပ်ဖွင့်ပေးသဖြင့် အသက် ချမ်းသာရာရကြ၏။ မင်းအများက ကျေးဇူး ကြီးလှပါကြောင်းပြောဆိုရာ အောင်သေသောက်ပွဲကျင်းပပြီး အဆိပ်ခပ် ထားသောအရက်ကိုသောက်ရန် စီစဉ်စဉ်ကလည်း မိမိသည် မင်းအများ၏ အသက် ကယ်ခဲ့ဖူးကြောင်း ပြောပြသဖြင့် မင်းအပေါင်းတို့က မဟောသဓာ ကို ပူဇော်ကြကုန်၏။ ဗြဟ္မဒတ်မင်းကြီးကလည်း မဟောသဓာကိုမြတ်နိုးလှ သဖြင့် မိမိပြည်၌နေထိုင်ရန် တောင်းပန်၏။ ဆုလာဘ်များစွာပူဇော်၏။

မဟောသဓကလည်း ဝိဒေဟရာဇ် မင်းကြီးကွယ်လွန်မှသာ ဤပြည်သို့ လာရောက် နေထိုင်ပါမည်ဟု လျှောက်ထား၍ အခြွေအရံများစွာနှင့် မိထိလာသို့ပြန်လေသည်။ ဝိဒေဟရာဇ်မင်းကြီးနှင့် ပြည်သူပြည်သား အားလုံးကလည်း ဝမ်းပန်းတသာ ကြိုဆိုဂုဏ်ပြု ပူဇော်ကြကုန်၏။

သမိုးတော်ပဉ္စာလစန္ဒီဒေဝီသည် သားတော်ဒီဃာဝုမင်းသားကို ဖွားမြင်၏။ ဒီဃာဝုမင်းသား အရွယ်ရောက်လျှင် ဝိဒေဟရာဇ်မင်းကြီးနတ် ရွာစံသဖြင့် မဟောသဓသည် ဒီဃာဝုမင်းသားကို ထီးနန်းအပ်ပြီး ကတိ အတိုင်း ပဉ္စာလရာဇ်ပြည်သို့ ပြောင်းရွှေ့ခဲ့သည်။ မဟောသဓအား စစ် သူကြီးအရာဖြင့် ပြည်ထဲရေးကို လွှဲအပ်၍ စည်းစိမ်တူ ပြုလေသည်။ မင်းကြီး လေးစားသော ဘေရီပရိဗိုဇ်မသည် ပညာရှိ၏။ မဟောသဓကို မမြင်ဘူးသေးချေ။ မဟောသဓကို မင်းကြီးက ခိုးမြောက်ပြီလောဟု သို၍ လက်ဝါးပြ၏။ မဟောသဓက လက်သီးဆုတ်ပြ၏။ ခိုးမြောက်ပြီ လောဟု မေးသည်ကို ခိုးမြောက်မခံရသေးဟု ဖြေခြင်းဖြစ်၏။ မဟော သဓကို ဒီလိုဆိုလျှင် ဆံပယ်၍ ဘာ့ကြောင့် ရဟန်းမပြုပါသနည်းဟု ဦးခေါင်းကို သပ်ပြ၏။ မဟောသဓက မိမိ၌ ကျွေးမွေးစောင့်ရှောက်ရမည့် သူများလှပါသေးသည် ဟူသောအနေဖြင့် ဝမ်းကိုသပ်ပြ၏။ မိဖုရားနှင့် မောင်းမတို့က မဟောသဓအပေါ် အညှိုး မပြေသေးသဖြင့် မင်းကြီးထံ ကုန်းချောကြကုန်၏။ စုံစမ်းကြည့်သော် မမှန်ကြောင်းသိသဖြင့် မင်းကြီး သည် မဟောသဓကို လုံးဝယုံကြည်တော်မူသည်။

မင်းကြီး၏ခိုးမြောက်မှုမှာ တကယ်စိတ်ပါလက်ပါ ခိုးမြောက်မှု လောဟု မဟောသဓကသိလို၍ ဘေရီပရိဗိုဇ်မကို အမေးခိုင်း၏။ ပညာရှိ ဘေရီသည် မင်းကြီးအား ရေစောင့်ဘီလူး ပြဿနာကိုမေး၍ စုံစမ်း၏။ မင်းကြီးရယ် မယ်တော်စလာကဒေဝီ မိဖုရားကြီးနန္ဒာဒေဝီ ညီတော်တိခ ဏာမန္ဒီမင်းသား စားတော်ကဲ့ ဓနုသေခ ကောင်္ခပုဏ္ဏား မဟောသဓတို့

လှေစီး၍ သမုဒ္ဒရာသို့ထွက်စဉ် မျောပါသွားရာ ရေစောင့်ဘီလူးက ထိုသူတို့ကို အစဉ်အတိုင်းပေးမှ မင်းကြီးအသက်ကို ချမ်းသာပေးမည်ဆိုသော်မည်သူကို ရွေးဦးစွာပေးမည်နည်းဟုမေး၏။

မင်းကြီးက မယ်တော် မိဖုရား ညီတော် စားတော်ကဲ့ ကေဝင်္ဆတို့ကို ပေးမည်။ နောက် မိမိကိုယ်ကိုပေးမည်။ မဟောသဓကိုကား မပေးနိုင်ပါဟုဖြေ၏။ လူအများ အစည်းအဝေးပွဲကြီး ကျင်းပပြီး ဘေရိက ထိုပြဿနာကို မေးမြန်းရာ စူဠနီဗြဟ္မဒတ်မင်းကြီးက အထက်ပါအတိုင်း မဟောသဓ၏ဂုဏ်ပညာကို ချီးမွမ်း၍ မဟောသဓကို မိမိအသက်ထက် မြတ်နိုးပါကြောင်း ဖြေဆိုလေသည်။

ဇာတ်တော်ပေါင်းသော် အမရာဒေဝီသည် ယသော်ဓရာဒေဝီ၊ ဝိဒေဟရာဇ်မင်းသည် ကာဠဒေဝီထေရ်၊ ကေဝင်္ဆသည် ဒေဝဒတ်၊ စူဠနီဗြဟ္မဒတ်မင်းကြီးသည် အရှင်သာရိပုတ္တရာထေရ်၊ ကျေးသားသည် ရှင်အာနန္ဒာထေရ်၊ မဟောသဓသည် ဘုရားရှင် ဖြစ်လာလေသည်။

ဘူရိဒတ် ဇာတ်တော်ကြီး

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်စောင့်သုံးကြသော ဒါယကာတို့အား အကြောင်းပြု၍ ရှေးတုန်းကလည်း သူတော်ကောင်းတို့သည် ကာမဂုဏ်ကိုပယ်၍ ဥပုသ်စောင့်ခဲ့ဖူးကြပြီဟု မိန့်တော်မူကာ ဥပါသကာတို့၏ တောင်းပန်မှုကြောင့် ဘူရိဒတ်ဇာတ်တော်ကြီးကို ဟော်တော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးမင်းပြု၏။ သားတော်ကြီးကို အိမ်ရှေ့အရာ ပေးထား၏။ မိမိထင်ရှားရှိစဉ် ဘုရင့်အာဏာ လုယူမည်စိုး၍ အရပ်ဝေးသို့ ပို့ထား၏။ သားတော်သည် ယမုံနာမြစ်အနီး တောင်ကြားတစ်ခု၌ ရသေ့အသွင်ဖြင့် နေရသည်။

ဘောဂဝတီနဂါးပြည်မှ နဂါးမတစ်ဦးသည် ရသေ့ကျောင်းသို့ လာပြီး ပန်းမွေ့ရာခင်းပြီး စောင့်နေ၏။ ရသေ့နှင့်နဂါးမတို့သည် လောကီဓလေ့အတိုင်း ပေါင်းသင်းဆက်ဆံကြကုန်၏။ နှစ်ကာလကြာသော် သားငယ်သာဂရနှင့် သမီးတော် သမုဒ္ဒဇာတို့ကို ဖွားမြင်၏။ ခမည်းတော် နတ်ရွာစံလျှင် အမတ်ကြီးတို့က ထီးနန်းစိုးစံရန် လာရောက်ပင့်ကြ၏။ နဂါးမမှာ မလိုက်လာဘဲ သားသမီး ၂-ယောက်နှင့်အတူ မင်းသားလိုက်လာပြီး ထီးနန်းဆက်ခံခဲ့သည်။ ဘုရင်ကြီးသည် ရေပျော်နဂါးမျိုးနွယ် သားနှင့်သမီးတို့ ပျော်ပါးရန်အတွက် ရေကန်ကြီးတစ်ခုတူး၍ ပျော်မြူးစေ၏။ တစ်နေ့တွင် ထိုရေကန်ထဲမှ လိပ်ကြီးတစ်ကောင်ကို တွေ့ရသဖြင့် သားသမီးငယ်တို့ ကြောက်ရွံ့ကြသည်။ ထိုလိပ်ကိုဖမ်း၍ ယမုနာမြစ်ကြီးထဲ လွှတ်လိုက်ရာ ထိုလိပ်သည် နဂါးပြည်သို့ ရောက်ရှိသွားသည်။

နဂါးပြည်ရှိ ဓတရဋ္ဌနဂါးမင်း၏ သားတော်တို့သည် လိပ်၏စကား အရ ငြဟ္မဒတ်မင်းကြီးထံ လာရောက်ခစားကြပြီး သမီးတော် သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်းနှင့် ပေးစားရန် တောင်းဆိုကြ၏။ မင်းကြီးက ငြင်းပယ်သော် နဂါးပြည်မှ နဂါးတို့ ရောက်လာကြပြီး။ နန်းတော်ကို ခြိမ်းခြောက်သဖြင့် ပေးစားရန် ဝန်ခံလိုက်သည်။ သမုဒ္ဒဇာသမီးတော်သည် ဓတရဋ္ဌနဂါးမင်းနှင့် ပေါင်းသင်းရပြီး နဂါးပြည်သို့ လိုက်ပါသွားရသော်လည်း နတ်နဂါးတို့ဖြစ်၍ လူအသွင် ဖန်ဆင်းထားသဖြင့် လူ့ပြည်ဟုသာ ထင်နေ၏။ နဂါးအသွင် မမြင်စေရန် ဓတရဋ္ဌနဂါးမင်းကြီးက အမိန့်ထုတ်ထား၏။

သမုဒ္ဒဇာမိဖုရားသည် သုဒဿန ဒတ္တ သုဘောဂ အရိဋ္ဌဟူသော သားတော်လေးပါး ဖွားမြင်၏။ လူ့ပြည်ဟုသာ ထင်နေသော မယ်တော်ကို စမ်းသပ်လိုသဖြင့် အငယ်ဆုံးသား အရိဋ္ဌသည် နို့စို့နေစဉ် နဂါးအသွင်ပြလေသည်။ မယ်တော်မှာလန့်ပြီး လက်ဖြင့် ပုတ်ခတ်လိုက်သဖြင့် အရိဋ္ဌမျက်စိတစ်ဘက် ပျက်သွားခဲ့သည်။ ကာဏာရိဋ္ဌဟု ခေါ်ကြတော့၏။

မယ်တော်လည်း နဂါးပြည်သို့ ရောက်နေပြီဖြစ်ကြောင်း သိသွားလေသည်။ နဂါးပြည်ကို ငါးပိုင်းပိုင်း၍ သားတော်နှင့် ခမည်းတော်တို့ အုပ်ချုပ်ကြ၏။ ဓတရဋ္ဌနဂါးမင်းကြီးသည် ဝိရူပက္ခအမည်ရှိ စတုမဟာရာဇ် နတ်မင်းကြီးထံ ခစားဝင်သောအခါ ပညာရှိသော ဒတ္တာကို ခေါ်သွားတတ်၏။ တာဝတိံသာတွင် ကျင်းပသော နတ်နဂါးအလယ်တွင် သိကြားမင်းက ပြဿနာတစ်ရပ်မေးရာ ဒတ္တာသာလျှင် ဖြေဆိုနိုင်သဖြင့် မြေကြီးထုပမာ ကြီးမားကျယ်ပြန့်ခိုင်ခံ့သော ပညာရှိပေ၏ဟု ဂုဏ်ပြုသောအားဖြင့် ဘူရိဒတ္တာဟု အမည်ကို သိကြားမင်းက ပေးအပ်လေသည်။

ဘူရိဒတ္တာသည် သိကြားမင်း၏ စည်းစိမ်ကို လွန်စွာနှစ်သက်လှသဖြင့် နဂါးပြည်သို့ ပြန်ရောက်လျှင်ဆိတ်ငြိမ်ရာ ဥယျာဉ်တစ်ခုဌ္ဌ ကုသိုလ်များစေရန် ဥပုသ်စောင့် တရားအားထုတ်၏။ နဂါးမငယ်တို့က အတီးအမှုတ် အဆိုအက အယူအယတို့ဖြင့် ဝန်းရံဖျော်ဖြေကြသဖြင့် ဥပုသ်မတည် နိုင်တော့ပေ။ ဥပုသ်စောင့်သုံးရန် လူ့ပြည်သို့လာပြီး၊ ယမုံနာမြစ်အနီး၌ ထွန်တုံးဖျား ပမာဏကိုယ်ကို ဖန်ဆင်းလျက် အသွေးအသား အသက် ကိုပင် ယူပါစေ။ ဥပုသ်စောင့်သုံးမှုကို မဖျက်တော့အံ့ဟု အဓိဋ္ဌာန်၍ ဥပုသ် စောင့်လေသည်။

ထိုအချိန်မှာပင် ဗာရာဏသီပြည်သား နေသာဒအမည်ရှိ ပုဏ္ဏားသည် သောမဒတ္တာအမည်ရှိ သားနှင့်အတူ သမင်ဖမ်း သတ်ဖြတ်ရောင်းချအသက်မွေး၏။ တစ်နေ့တွင် ပုဏ္ဏားသည် ယမုန်နာမြစ်၌ သမင်ဖမ်းစဉ် မိုးချုပ်သွားသဖြင့် ဘူရိဒတ္တာ ဥပုသ်စောင့်ရာ တောင်ပို့ထက်ရှိ သစ်ပင်ပေါ်၌ အိပ်၏။ နဂါးမတို့သည် နဂါးမင်းထံလာရောက် တီးမှုတ်ကြသံကို ကြားရသဖြင့် ဘူရိဒတ္တာကို မေး၏။ ဘူရိဒတ္တာသည် မိမိမှာ နဂါးဖြစ်ကြောင်း အလမ္ဘာယ်သမားတို့အား ပြချေသော် အန္တရာယ်ဖြစ်မှာ စိုးရိမ်၍ နဂါးပြည်သို့ခေါ်၍ ပြုစု၏။ ထိုသူသားအဖသည် လူ့ပြည်သို့ ပြန်လိုကြောင်းပြော

သဖြင့် ဘူရိဒတ္တနတ်မင်းက ပြန်ပို့၏။ လူ့ပြည်တွင် ဆင်းရဲစွာ အသက်မွေးနေရသဖြင့် ဘူရိဒတ်နဂါးမင်းနှင့် တွေ့ရာနေရာသို့ သွား၏။ အလမ္ဘာယ်ဆရာတစ်ယောက်သည် ဘူရိဒတ်နဂါးမင်းကို ပြုစုရန် ရောက်လာကြသော နဂါးမတို့ ရေကူးနေစဉ် မန္တန်ရွတ်လျှင် နဂါးမတို့သည် ပတ္တမြားကိုမယူနိုင်ဘဲ ပြေးကြကုန်၏။ အလမ္ဘာယ်ပုဏ္ဏားသည် ထိုပတ္တမြားကို ကောက်ယူ၍ လာစဉ် လမ်း၌ နေသာဒပုဏ္ဏားနှင့်တွေ့၏။ နေသာဒပုဏ္ဏားသည် ပတ္တမြားကို လိုချင်လှသဖြင့် အလမ္ဘာယ်ပုဏ္ဏားထံ တောင်းရာ နဂါးကိုပြနိုင်လျှင် ပေးမည်ဟု ဆို၏။ နေသာဒလည်း ပတ္တမြားကို လိုချင်တပ်မက်လွန်းသဖြင့် ဘူရိဒတ်နဂါးမင်းကို ပြလေသည်။

ဘူရိဒတ်နဂါးမင်းသည် ကျေးဇူးမဲ့သော နေသာဒပုဏ္ဏားကိုမြင်လျှင် သီလပျက်မည်စိုး၍ အမျက်မထွက်ချေ။ အလမ္ဘာယ်ပုဏ္ဏားလည်း နေသာဒအား ပတ္တမြားကိုပေးပြီး၊ မန္တန်ကိုရွတ်လျက် နဂါးမင်းကိုဖမ်းပြီး ရိုက်ပုတ်နှိပ်စက်၏။ စိတ်ဆိုးပြီး အဆိပ်ငွေ့ဖြင့် မှုတ်သတ်နိုင်သော်လည်း ဥပုသ်ပျက်မှာ စိုးရိမ်၍ သည်းခံ၏။ ဘူရိဒတ်နဂါးမင်းအား ပခြုပ်ထဲထည့်ပြီး အလမ္ဘာယ်ပုဏ္ဏားသည် အလမ္ဘာယ်ပြစားလေသည်။ ဗာရာဏသီမင်း၏ နေပြည်တော်မင်းရင်ပြင်၌ အလမ္ဘာယ်ပြရန် စီစဉ်ကြကုန်၏။

ဘူရိဒတ်သည် နဂါးပြည်ရှိ မယ်တော် ခမည်းတော်တို့ထံ မရောက်သည်မှာ အခြိန်ကြာသဖြင့် ဘေးအန္တရာယ် ကြုံတွေ့နေပြီဟု ဆုံးဖြတ်ကာ ညီအစ်ကိုနဂါးတို့ ဘူရိဒတ်ကို ရှာဖွေရန် လူ့လောကသို့ ထွက်လာကြသည်။ သုဒဿနနဂါးမင်းသည် ရသေ့အသွင်ဖြင့် ရှာဖွေသော် နန်းရင်ပြင်သို့ ရောက်လာ၏။ နန်းရင်ပြင်ဝယ် အလမ္ဘာယ်ပုဏ္ဏားသည် ဘူရိဒတ်ကို အလမ္ဘာယ်ပြရန် ပခြုပ်မှ ထုတ်၏။ ရသေ့အသွင်ဖြင့် ရောက်နေသော နောင်တော် သုဒဿနကို မြင်လျှင် ရသေ့ခြေဖမိုးထဲ ဦးခါင်းထား၍ ငိုကြွေး၏။ ထို့နောက် အလမ္ဘာယ်ပုဏ္ဏားနှင့် ရသေ့တို့သည် အသပြာငါးထောင်ကြေးထား၍ အလမ္ဘာယ်မြွေနှင့် ရသေ့၏ဖား တိုက်စေမည်ဟု

လောင်းကြေးပွဲကြီး စတင်လေသည်။ ရသေ့သည် ဖားငယ် အဇမုခီကို လက်ဝါးပေါ်သို့တင် ပါးစပ်မှအဆိပ်ကို အန်ချစေ၏။ အဆိပ်ကိုပြု၍ ဤအဆိပ်ကို မြေသို့ချလျှင် ဗာရာဏသီတစ်ပြည်လုံး ပျက်ပြုန်းတော့မည်ဟု ကြိမ်းဝါး၏။ ထိုအကြောင်းကို မင်းကြီးကြားလျှင် ပြုင်ပွဲသို့ ထွက်ကြွလာ၏။ ရသေ့က မင်းကြီး အဆိပ်ကို ပစ်ချရန် နေရာမရှိပါ။ မြေသို့ချလျှင် သစ်ပင် အားလုံး ခြောက်သွားပါလိမ့်မည်။ ကောင်းကင်သို့ပစ်လျှင် မိုး ၇-နှစ်ခေါင် ပါလိမ့်မည်။ ရေသို့ချလျှင် ရေသတ္တဝါများစွာ သေကျေပါလိမ့်မည်ဟုဆို၏။ ထိုအခါ မင်းကြီးက ရှင်ရသေ့ကို အားကိုးပါ၏။ သင့်လျော်သလို စီမံပါဟုဆိုလေ၏။ တွင်းကြီး ၃-တွင်းတူးစေပြီး နွားချေးနှင့်နတ်ဆေးများ တစ်ကျင်းစီထည့်ပြီး အဆိပ်ကို ကျန်တွင်း၌ ချရာ အလျှံတက်ပြီး နွားချေး တွင်းနှင့် နတ်ဆေးတွင်းသို့ အလျှံကူးစက်၍ ကျေပျောက်သွားသည်။ အလမ္ဘာယ်ပုဏ္ဏားလည်း အခိုးသင့်ပြီး အဆိပ်သင့်ကာ ကိုယ်အရေကွက်၍ ဖြူလေ၏။ ထိုအခါမှ အလမ္ဘာယ်ပုဏ္ဏား ကြောက်ရွံ့ထိတ်လန့်ပြီး ပခြုပ်ထဲမှ ဘူရိဒတ်နဂါးမင်းကို လွှတ်လေသည်။

ဘူရိဒတ်နှင့် သုဒဿန အဇမုခီတို့က နဂါးအသွင်ကို ပြလျက် မိမိတို့သည် ဗာရာဏသီမင်းကြီး၏ သမီးတော် သမုဒ္ဒဇနှင့် ဓတရဋ္ဌနဂါး မင်းတို့၏ သားသမီးများဖြစ်ကြောင်း ပြောပြ၏။ မင်းကြီးသည် မိမိခမည်း တော်၏ သမီး၊ မိမိနှမတော်၏ သားများဖြစ်ကြောင်း သိရ၍ ကောင်းစွာ ချီးမြှောက်လေသည်။ ဘူရိဒတ်နဂါးမင်းကလည်း အလမ္ဘာယ်ပုဏ္ဏားဖမ်းစဉ် ကပင် နဂါးမျက်စောင်း ပစ်လွှတ်ခဲ့ပါက ဖွဲပြာကျသွားမည်ကို သိပါလျက်နှင့် သီလပျက်မည်စိုးသောကြောင့် အလမ္ဘာယ်ခိုင်းသမျှ ဒုက္ခခံလျက် လိုက်နာ ခဲ့ရကြောင်း၊ အားလုံးသော တိုင်းသူပြည်သား ငါးပါးသီလ လုံခြုံကြရန် တရားဟောပြလေသည်။ ထို့နောက် နဂါးပြည်သို့ ပြန်ကြလေသည်။

ဘူရိဒတ် ညွှန်ပြခဲ့သော နေသာဒပုဏ္ဏားလည်း ကျေးဇူးရှင်ကို ပြစ်မှားသောကြောင့် နှုနာစွဲကပ်လေလျှင် ယမုံနာမြစ်သို့ ဆင်း၍ အပြစ်

ဆေးလျှော်မည်ဟု ရေငုပ်ရာ သုဘောဂနဂါးတွေ့၍ ဖမ်းယူနှိပ်စက်ပြီး နဂါးပြည်သို့ ခေါ်ဆောင်ခဲ့သည်။ ပုဏ္ဏားက လိမ်လည်၍ မိမိသည် ဗေဒင်သင် မီးပူဇော် အလှူခံစားသည့် ဗြာဟ္မဏ သူတော်မြတ် ဖြစ်ပါသည်ဟု လိမ်လည်၍ တောင်းပန်၏။ ဘူရိဒတ်ကို မေးကြည့်မည်ဟု ဘူရိဒတ် အိပ်ဆောင်သို့ လာလေသော် ကာဏာရိဋ္ဌ တံခါးစောင့်နေ၏။ ပုဏ္ဏား လိမ်သည်ကို အဟုတ်မှတ်၍ ပုဏ္ဏားတို့သည် ဗြဟ္မာကြီး၏သားများ ဖြစ်ကြသည်။ ထိုပုဏ္ဏားတို့ကို သတ်ဖြတ်လျှင် ဗြဟ္မာကြီး အမျက်ထွက်သဖြင့် နဂါးပြည် ပျက်ပါမည်။ ယဇ်ပူဇော်ခြင်း၏ ဂုဏ်ကျေးဇူးကို ကာဏာရိဋ္ဌက ချီးမွမ်းဂုဏ်တင် ပြောဆို၏။

နဂါးပြည်မှ နဂါးတို့သည် ဘူရိဒတ် အခြေအနေကို မေးရန် ရောက်လာကြစဉ် ကာဏာရိဋ္ဌ၏ ယဇ်ပွဲချီးကျူးမှုကို ကြားရသဖြင့် အမှန် ထင်နေကြ၏။ ဘုရားအလောင်း ဘူရိဒတ်သည် နဂါးပရိသတ်တို့ အယူမှား မိစ္ဆာဝါဒကို မယူမိစေရန် အားလုံးကိုလည်း စည်းဝေးစေပြီး ယဇ်ပူဇော်ခြင်း သည် မှားသည်။ မီးကိုပူဇော် လောင်စာကျွေးသောသူသာ ငါကောင်းမှုပြုသည်ဟု အမှန်ယူဆလျှင် မီးသွေးဖုတ်သမား ဆားချက်သမားတို့သည် ကောင်းမှုပြုရာ ကုသိုလ်ရှင်များဖြစ်ကြပေလိမ့်မည်။ မီးသည် မြင့်မြတ်သည်ဟု ပုဏ္ဏားတို့ပြောသည့်အတိုင်း မှန်နေလျှင် အကောင်ပုပ်ကို မီးစာကျွေးလျှင် အဘယ်ကြောင့် လောင်မြိုက်စားသုံးလေသနည်း။ အမျိုးလေးပါးတို့ ကိုလည်း ဗြဟ္မာကြီးက မဖန်ဆင်းခဲ့။ ဗြဟ္မာကြီးက မည်သူကိုမှ မဖန်ဆင်းခဲ့၊ ပုဏ္ဏားတို့ လှည့်စားသော စကားသာဖြစ်သည်။ တကယ်မဟုတ်၍ အမှန် စကား အမှန်တရားမဟုတ်၊ မိစ္ဆာဝါဒ မိစ္ဆာဒိဋ္ဌိသာ ဖြစ်၏။ သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်ခြင်း၊ သူတစ်ပါး၏ အသက်ကိုသတ်၍ ပူဇော်ခြင်း သည် ကောင်းသောအကျင့် သုစရိုက်တရားမဟုတ်။ ဒုစရိုက်တရားသာ ဖြစ်သည်။ သုစရိုက်တရားများကို မြတ်နိုးသော ဗြဟ္မာများသည် ဒုစရိုက်

တရားများ ပြုကျင့်သည်ကို မည်သည့်အခါမှ မလိုလား မနှစ်သက်ပေ။ ဖြဟ္မာတို့သည် စျာန်ပိတိသာ ပွားများ အသက်ရှည်ကြသူများဖြစ်၍ ထိုဖြဟ္မာ တို့ကို ရည်မှန်း၍ ယဇ်ပူဇော်မှုသည် ဖြဟ္မာကို ပူဇော်ရာ မမည်။ နတ်ဖြဟ္မာ များကို စော်ကားရာ မည်၏။ ဖြဟ္မာကြီးတို့သည် အကုသိုလ်မှု ပြုလုပ်သည် ကို လုံးဝမလိုလား၊ တားမြစ်ဟောပြောကြကုန်၏။

ထို့ကြောင့် မီးပူဇော် ယဇ်ပူဇော်မှုတို့သည် ပုဏ္ဏားတို့၏ လိမ်ညာ မှုသာဖြစ်သည်။ ပုဏ္ဏားတို့သည် ဖြဟ္မာကြီး၏ ပါးစပ်မှ မွေးဖွားသည်ဟူ သော စကားမှာ ပုဏ္ဏားတို့၏ အယုတ်မာဆုံး ပြောဆိုမှုဖြစ်သည်။ သတ္တဝါ ဟူသမျှ မိခင်တို့၏ ယောနိမဂ် သန္ဓေပေါက်မှ မွေးဖွားရမြဲ ဖြစ်ပါလျက် ပုဏ္ဏားတို့ကို ဖြဟ္မာကြီး၏ ပါးစပ်မှ မွေးဖွားသည်ဟု ပြောဆိုခြင်းသည် စျာန် သမာပတ် ချမ်းသာကို ခံစားနေသော ဖြဟ္မာအစစ်များကို စော်ကား ခြင်းဖြစ်သည်။ ဖြဟ္မာတို့၏ ပါးစပ်ပေါက်နှင့် မိခင်တို့၏ ယောနိပေါက်ကို ယှဉ်တွဲ အသုံးချခြင်းသည် ဖြဟ္မာတို့ကို မဟုတ်မမှန် လုပ်ကြံပုတ်ခတ်ခြင်း ဖြစ်သည်။ အပြစ်အကြီးဆုံးသော မုသာဝါဒ လိမ်လည်မှုဖြစ်သည်။ ထို့ကြောင့် သင်နဂါးတို့သည် ယနေ့မှစ၍ ပုဏ္ဏားတို့၏ မီးပူဇော်မှု၊ ယဇ်ပူဇော်မှု၊ သူတစ်ပါးအသက်သတ်၍ ပူဇော်မှု စသော အကုသိုလ်ဒုစရိုက်များကို ပယ်ရှားကြရမည်။ မိစ္ဆာဝါဒ၊ မိစ္ဆာဒိဋ္ဌိ မဟုတ်မမှန်သော အကျင့်တို့ကို လိုက်နာပါက အပါယ်လေးပါးသို့ ကျရောက်ပြီး၊ ဆင်းရဲကြီးစွာ ကြုံရမည် ဖြစ်၍ ဝေးစွာရှောင်ကြဉ်ကြပါ။ ငါးပါးသီလ၊ ဥပုသ်သီလတို့ မပြတ်စောင့် ထိန်းကြပါ။ သားစိမ်း ငါးစိမ်း ဖားစိမ်းစားသည့် အဟိတ်ဘဝမှ လွတ် အောင် ကြိုးစားကြပါဟု တရားပြ ဆုံးမ၏။

ဇာတ်ပေါင်းသည်ရှိသော် ဘူရိဒတ်နဂါးမင်းသည် လူသုံးပါးတို့၏ ကိုးကွယ်ရာ ရှင်တော်မြတ်ဘုရား ဖြစ်လာလေသည်။

စန္ဒကုမာရဇာတ်တော်ကြီး

ရဟန်းတို့သည် မြတ်စွာဘုရားအား ရှင်ဒေဝဒတ်က သက်ရန်ကြိုးစားသော်လည်း ဘုရားရှင်မှာ သူတစ်ပါး၏ လက်ချက်ဖြင့် ပရိနိဗ္ဗာန်စံရိုးမရှိ။ ရှင်ဒေဝဒတ်သာ ပျက်စီးရကြောင်း တရားသဘင်၌ ပြောဆိုနေကြစဉ် ဘုရားရှင်ကြွတော်မူလာပြီး ဒေဝဒတ်သည် ယခုဘဝမှာသာ သတ်ရန်ကြိုးစားသည် မဟုတ်သေး။ ရှေးတုန်းကလည်း ကြိုစားခဲ့သည်ဟု မိန့်တော်မူရာ ရဟန်းတော်တို့က တောင်းပန်သဖြင့် စန္ဒကုမာရဇာတ်တော်ကြီးကို ဟောတော်မူ၏။

ရှေးလွန်လေပြီးသောအခါက ဗာရာဏသီပြည်သည် ပုပ္ပဝတီအမည်ရှိ၏။ ထိုပြည်၌ ဝသဝတ္တီမင်း မင်းပြု၏။ ထိုမင်း၏ သားတော်ကြီးကား စန္ဒကုမာရမင်းသားဖြစ်ပြီး အိမ်ရှေ့မင်းသားဖြစ်၏။ ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏားမှာ ခဏ္ဍဟာလဖြစ်၏။ ခဏ္ဍဟာလပုဏ္ဏားသည် တရားရုံး၌ တရားဆုံးဖြတ်ရာတွင် လာဘ်စားပြီး မတရားဆုံးဖြတ်၏။ တစ်နေ့တွင် တရားရှုံးသူတစ်ယောက်သည် တရားရုံးမှ အော်ဟစ်ထွက်လာခဲ့၏။ စန္ဒကုမာရမင်းသားကို မြင်တွေ့လျှင် အနီးသို့ ချဉ်းကပ်ပြီး ပုဏ္ဏား၏ တံစိုးလက်ဆောင် လာဘ်စား၍ မတရားစီရင်ပုံကို တိုင်ကြား၏။ ထိုအခါ စန္ဒကုမာရမင်းသားသည် တရားရုံးသို့ တက်ရောက်ပြီး အမှုကို ပြန်လည်စစ်ဆေးပြီး အမှန်အတိုင်း စီရင်ပေး၏။ ပရိသတ်များစွာတို့က ဝမ်းမြောက်ဝမ်းသာအော်ဟစ် ကောင်းချီးပေးကြ၏။

ထိုအကြောင်းကို ဘုရင်ကြီးကြားလျှင် ခဏ္ဍဟာလကို ရာထူးမှ ချကာ စန္ဒကုမာရအား တရားရေးဌာနကို ကိုင်တွယ်စေလေသည်။ ခဏ္ဍဟာလသည် ထိုအချိန်မှစ၍ စန္ဒကုမာရကို နှိပ်စက်ရန် ကြံစည်၍နေ၏။ ဘုရင်ကြီးသည် အသိဉာဏ်နည်းသူဖြစ်သည်။ တစ်နေ့တွင် အိပ်စက်စဉ် တာဝတိံသာနတ်ပြည်သို့ ရောက်သွားပုံကို မြင်မက်၏။ ဘုရင်ကြီးသည်

တာဝတိံသာသို့ ရောက်လိုလှ၏။ ထို့ကြောင့် ခဏ္ဍဟာလပုရောဟိတ်ကို အကြံတောင်း၏။ ပုဏ္ဏားသည် မိမိအကြံအောင်တော့မည်ဟု ဝမ်းမြောက်လျက် မင်းကြီးအား သူတစ်ပါးတို့ ပြုနိုင်ရန် ခက်ခဲသော သဗ္ဗစတုက္ကယဇ်ကို ပူဇော်လျှင် အသက်ရှင်လျက် ယခုချက်ချင်းပင် တာဝတိံသာသို့ရောက်နိုင်ကြောင်း၊ ငြဟ္မာတို့၏ ကျမ်းစာတွင် ဟောပြထားပါသည်။ အမျိုးလေးပါးမှစ၍ သက်ရှိအားလုံး တစ်မျိုးလျှင် လေးကောင်စီသတ်၍ ပူဇော်ပါဟု အကြံပေး၏။ အသိဉာဏ်နည်းသော ဘုရင်ကြီးက ယုံကြည်ပြီး ယဇ် ပူဇော်ရေး ခေါင်းဆောင်၊ ယဇ်ပုရောဟိတ် အဖြစ် ခဏ္ဍဟာလပုဏ္ဏားကို အာဏာကုန် လွှဲအပ်၏။

ခဏ္ဍဟာလပုဏ္ဏား၏ ယဇ်ပူဇော်ပွဲ အစီအစဉ်ကို သားတော် သမီးတော် မှစ၍ ပြည်သူအားလုံးက ကန့်ကွက်ကြသော်လည်း ခဏ္ဍဟာလသည် ဘုရင့်စစ်သည်တော်များကို ခေါ်ယူကာ ယဇ်သားကောင်များကို ဖမ်းတော့သည်။ စန္ဒကုမာရမင်းသား ဦးဆောင်သော သားတော် သမီးတော်ဆွေတော် မျိုးတော်၊ အမတ်ကြီး၊ သူဌေးသူကြွယ်မှစ၍ ကျွဲ နွား ကြက် ဝက်ထိ အားလုံးယဇ်ပူဇော်ရန် စီမံ၏။ သတ္တဝါတို့သည် သေမည့်ဘေးကို ကြောက်ရွံ့ကြသဖြင့် မိမိတို့ မပါစေရန်အတွက် ရွှေငွေဥစ္စာ ရတနာတို့ကို ပေး၍လွတ်အောင် လာဘ်ပေးကြရ၏။ တောသူတောင်သား လယ်သမား များမှာလည်း အသက်ဘေးဖြစ်လာသဖြင့် မိမိပိုင် လယ်ယာ ကျွဲ နွား သားသမီး၊ ဇနီးမယားများကို လာဘ်ထိုး၍ ရုန်းကြရကုန်၏။ မင်းမိန့် မင်း အာဏာကို အသုံးပြုကာ ခဏ္ဍဟာလသည် သနားညှာတာမှုမရှိ လာဘ် လာဘ ရသမျှယူ၍ လူသတ္တဝါတို့ကို သတ်ရန် စုဆောင်းလေသည်။

ခဏ္ဍဟာလသည် ယဇ်ပူဇော်ပွဲကြီးကို အမြန်စီမံရန် တိုက်တွန်းပြီး မင်းရင်ပြင်ဝယ် ယဇ်တိုင်ထူပြီး ယဇ်တွင်းများတူးကာ စန္ဒကုမာရ စသော သက်ရှိသတ္တဝါများကို နှောင်ကြိုးတဲ့၍ ခြံနှောင်ထားကြကုန်၏။ ပြည်သူ

တို့၏ ငိုယိုအော်ဟစ်သံကား ဘဝဂ်လျှံမျှ ကျယ်လောင်လှ၏။ ပြည်သူတို့၏ ငိုယိုတောင်းပန်သံတို့ အုန်းအုန်းကြွက်မျှ ဆူညံနေစဉ်မှာပင် စန္ဒကုမာရ၊ ဝါမဂေါတ္တ၊ ဘဒ္ဒသေန၊ သူရိယကုမာရ မင်းသားလေးပါးတို့ကို နန်းရင်ပြင်သို့ ခေါ်ထုတ်လာသည်။ ထို့နောက် သမီးတော် ဥပသေနာ၊ ကောလိလာ၊ မုဒိတာ၊ နန္ဒာတို့ကို ခေါ်ဆောင်လာသည်။ မိဖုရားကြီးများဖြစ်သော ပုဏ္ဏမုခ၊ ဘဒ္ဒိယ၊ သိင်္ဂါလ၊ ဝမ္မု တို့ကိုလည်းကောင်း၊ သူဌေးကြီးများဖြစ်သော အဘယင်္ကရ၊ နဋ္ဌာဂိရိ၊ အစ္စုဂ္ဂတ၊ ဝရုဏနန္ဒတို့ကိုလည်းကောင်း၊ မြင်းကေသနီ၊ သုရာမုခ၊ ပုဏ္ဏက၊ ဝိနဘက တို့ကိုလည်းကောင်း၊ နွားလားဥဿဘများဖြစ်သော ယူထပတိ၊ နောဇ၊ နိသဘ၊ ဂဝံပတိ တို့ကိုလည်းကောင်း၊ တစ်မျိုးလျှင် ၄-ဦးစီ ပါဝင်သော သက်ရှိသတ္တဝါမျိုးစုံတို့ကို နှောင်ကြိုးတဲ၍ ခဏ္ဍဟာလ ပုဏ္ဏားဦးဆောင်သော ယဇ်ပူဇော်ရေးအဖွဲ့က နန်းရင်ပြင် ယဇ်တိုင်များသို့ ယူဆောင်လာကြပြီး ယဇ်တွင်း အသီးသီး၏ အနီးတွင် နေရာချထားကုန်၏။

မင်းကြီး၏ မယ်တော် ခမည်းတော်တို့သည် ဘုရင်ကြီးထံဝင်၍ မေးလေသော် မိမိသည် နတ်ပြည်သို့ရောက်လို၍ ယဇ်ပူဇော်မည်ဟု ဆိုလေသည်။ ခမည်းတော် မယ်တော်တို့က ယဇ်ပူဇော်ခြင်းသည် ကောင်းသော အကျင့်မဟုတ်၊ ဗြာဟ္မဏတို့၏ စိတ်ကူးယဉ် မိစ္ဆာဝါဒမျှသာ ဖြစ်သည်။ ယဇ်ပူဇော်ခြင်းသည် သူတစ်ပါးအသက်ကို သတ်ဖြတ်သော အလုပ်ဖြစ်၍ အလှူဒါန မမည်ပါ။ အကုသိုလ် ဒုစရိုက်သက်သက်ဖြစ်သည်။ အကုသိုလ် ဒုစရိုက်ပြုလုပ်သဖြင့် သုဂတိဘုံဖြစ်သော နတ်ပြည်သို့ မည်သို့သောအကြောင်းကြောင့်မှ မရောက်နိုင်။ ဗြာဟ္မဏပုဏ္ဏား အသိဉာဏ်ကင်းမဲ့သော လူမိုက်လူယုတ်မာတို့၏ ဖောက်ပြန်သော စိတ်ကူးအကြံအစည်သာ ဖြစ်သည်။ သတ်ဖြတ်ခြင်းကင်းသော အလှူဒါနသည်သာ နတ်ပြည်သို့ ပို့ဆောင်နိုင်ပါသည်။ တိုင်းပြည်ပျက်မျှ သတ်ဖြတ်ပူဇော်သည့် ယဇ်ပူဇော်ပွဲကို ရပ်ဆိုင်း

ပေးပါဟု ဆုံးမကြသော်လည်း ဆရာပုဏ္ဏား ခဏ္ဍဟာလ၏ သွန်သင်ဆုံးမမှု ဖြစ်သည်ဟု ဆိုကာ ဘုရင်ကြီးက ငြင်းပယ်၏။

နောက်ဆုံးတွင် ဘုရားအလောင်း စန္ဒကုမာရက ဤအစီအစဉ်သည် မိမိကြောင့် ဖြစ်ရခြင်း ဖြစ်ပါသည်။ ခဏ္ဍဟာလ ပုဏ္ဏားသည် မိမိကို သတ်လိုသော အာယာတစိတ်ဖြင့် ယဇ်ပူဇော်ပွဲကြီး စီမံခြင်း ဖြစ်ပါသည်။ မိမိတို့၏ အသက်ကို ချမ်းသာပေးပါဟု လျှောက်၏။ မင်းကြီးသည် သနားစိတ်ဝင်လာပြီး မသတ်တော့ပါ ကြံစည်၏။ ထိုအကြောင်းကို ယဇ်ပူဇော်ရန် စီစဉ်နေသော ခဏ္ဍဟာလကြားလျှင် ဘုရင့်ထံ ပြေးလွှားရောက်ရှိလာပြီး၊ မိမိအတွက် ချက်ချင်း နတ်ပြည်ရောက်နိုင်သည့် လူသာမန်တို့ ပြုနိုင်ခဲသော ယဇ်ပွဲကြီးကို ဖျက်ရသလောဟု ပြစ်တင်၏။ အသိဉာဏ် နည်းပါးသော မင်းကြီးသည် ပုဏ္ဏား၏ မြှောက်ပင့်သံကို နားထောင်ပြီး ယဇ်ပွဲကြီးကို အမြန် စီမံရန် မိန့်ဆိုပြန်၏။

စန္ဒကုမာရမင်းသားက တစ်ဖန်လျှောက်ပြန်၏။ မိမိတို့အား သတ်ဖြတ်လိုက်လျှင် နိုင်ငံအနှံ့ ပုန်ကန်သောင်းကျန်းမှုများ ဖြစ်ပေါ်လာမည်။ သူပုန်ရန်ကာကွယ်နိုင်သူမှာ မိမိတို့သာ ဖြစ်သည်။ ဗြာဟ္မဏပုဏ္ဏားတို့သည် ကျေးဇူးရှင်များကို ပစ်မှား အသိဉာဏ် ခေါင်းပါးသူများ ဖြစ်ပါသည် စသည်ဖြင့် လျှောက်တင်၏။ ဘုရင်ကြီးလည်း လွှတ်ရန် စီမံပြန်၏။ ခဏ္ဍဟာလရောက်လာပြီး အပြစ်တင်၍ အမြန်ပူဇော်ရန် တိုက်တွန်းပြန်၏။

ဘုရားအလောင်း စန္ဒကုမာရမင်းသားသည် ခမည်းတော်မင်းကြီးအား ဤသို့လျှောက်၏။ ခမည်းတော်မင်းကြီး ယခုယဇ်ပူဇော်ရန် ဖမ်းဆီးထားသော သူများတွင် ခဏ္ဍဟာလပုဏ္ဏား သူတို့ဘာသာဝင် ဗြာဟ္မဏတို့ မပါဝင်ပါ။ အကယ်၍ ခဏ္ဍဟာလ ပုဏ္ဏားဆိုတိုင်း ယဇ်ပူဇော်၍ နတ်ပြည်သို့ ပူဇော်သူရော၊ ပူဇော်ခံရသူများပါ ရောက်ကြမည် ဧကန်ဖြစ်သည်မှန်လျှင် ခဏ္ဍဟာလပုဏ္ဏားနှင့် သူ၏သားမယား ဆင်မြင်း ကျွဲနွားတို့ကို သတ်၍

အဘယ့်ကြောင့် ခက္ခဟာလပုဏ္ဏားသည် ယဇ်မပူဇော်ပါသနည်း။ အဖြေကား ရှင်းပါသည်။ တကယ်နတ်ပြည်သို့ ပို့ဆောင်နိုင်သော အလှူဒါန မဟုတ်၍ သူတစ်ပါးကိုသာ သတ်ဖြတ်ပူဇော်ခြင်း ဖြစ်ပါသည်။ ရွှေဉာဏ် တော်နှင့် ဆင်ခြင်ပါ။ သတ္တဝါတို့ကိုသတ်၍ လည်ချောင်းသွေးဖြင့် ယဇ် ပူဇော်ခြင်းသည် ကုသိုလ်ရသည်ဟူသော အယူဝါဒမှာ အသိဉာဏ် ကင်းမဲ့သူ ဗြာဟ္မဏတို့၏ အယူသာ ဖြစ်ပါသည်။ မှားယွင်းပါသည်။ မိစ္ဆာဒိဋ္ဌိ အယူအဆ မိစ္ဆာဝါဒဖြစ်၍ လွှတ်တော်မူပါဟု လျှောက်၏။ စန္ဒကုမာရ မင်းသား၏ မယားတို့ကလည်း တောင်းပန်ကြကုန်၏။ အိမ်ရှေ့စံ စန္ဒ ကုမာရ၏ သားတော် ဝသုလကလည်း တောင်းပန်ပြန်၏။ မြေးတော်ကို ချစ်သော ဘုရင်ကြီးသည် လွှတ်ရန် စီမံပြန်၏။ ပုဏ္ဏားစကားကြောင့် ပြန်၍ ယဇ်ပွဲ စီမံပြန်သည်။

ခက္ခဟာလပုဏ္ဏားသည် မင်းကြီး၏ စိတ်ဝေခွဲမရ နှစ်လုံးနှစ်ခွ ဖြစ်နေသည်ကို သိသဖြင့် စန္ဒကုမာရမင်းသားတို့ကို ချက်ခြင်း ခေါ်ဆောင် လေသည်။ မယ်တော်မိဖုရားကြီး ဂေါတမီ၊ စန္ဒကုမာရမင်းသား၏ မိဖုရား၊ ယဋ္ဌိကာ၊ ဩပရကို၊ ပေါက္ခရဏီ၊ ကာသိကာတို့ တောင်းပန်ကြကုန်၏။ အိမ်ရှေ့မင်းသား၏ မိဖုရားကြီး စန္ဒာဒေဝီသည် မိမိကိုပါသတ်၍ ယဇ်ပူဇော် ပါဟု ငိုယိုတောင်းပန်၏။ နောက်ဆုံးတွင် ခက္ခဟာလပုဏ္ဏားသည် ရွှေခွက် ကို မင်းသား၏ လည်ပင်းအောက်၌ခံ၍ သန်လျက်ကို ထမ်းကာရပ်လေ သည်။ စန္ဒာဒေဝီသည် မိမိအဖို့ သစ္စာတရားမှတစ်ပါး အားကိုးရာမရှိတော့ ဟုသိ၍ ပရိသတ်အလယ် လှည့်ကာ ခက္ခဟာလပုဏ္ဏားသည် မူမမှန်သော အာယာတစိတ်ဖြင့် မကောင်းမှုကို ပြုပါသည်။ ဤစကားသည် အမှန်ပင် ဖြစ်ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ငါ၏လင်သည် ချမ်းသာ၍ ငါနှင့်အတူ အသက်ထက်ဆုံး ပေါင်းသင်းနေရပါစေသတည်း။ နတ်အပေါင်း တို့သည် တရားတော်ကို စောင့်ပါစေသတည်းဟု သစ္စာပြု၍ တောင်းပန် တိုင်တည်လေသည်။

ထိုအသံသည် တာဝတိံသာနန်းစံ သိကြားထံ ချက်ချင်းရောက်သွား သဖြင့် သိကြားမင်းသည် ရဲရဲတောက် လှံတံကိုကိုင်လျက် မင်းသားကို မသတ်လင့် လွှတ်လော့ဟု ခြိမ်းခြောက်ပြောဆိုလာလေသည်။ မင်းနှင့်ပုဏ္ဏား တို့သည် ကြောက်ရွံ့၍ ထွက်ပြေးကြကုန်၏။ လူတို့သည် ဖမ်းဆီးချည် နှောင်ထားသော သူတို့ကို ဖြေလွှတ်ကြကုန်၏။ လူတို့သည် ဝမ်းမြောက် ဝမ်းသာ အော်ဟစ် ကြွေးကြော်ကြလျက် ဘုရင်နှင့် ပုဏ္ဏားယုတ် နောက်သို့ လိုက်ကြကုန်၏။ ခဲများ တုတ်များဖြင့် ပစ်ခတ်လေရာ ခဏ္ဍဟာလပုဏ္ဏား သေလေသည်။ ဘုရင်ကို သတ်မည်ပြုရာ စန္ဒကုမာရမင်းသားက တောင်းပန် သဖြင့် မသတ်ကြကုန်။ ဘုရင်အဖြစ်မှ ဖြုတ်ချပြီး သစ်ခေါက်ပုဆိုးအဝတ် ကို ဦးခေါင်း၌ရစ်ကာ ဒွန်းစဏ္ဍားအဖြစ်ဖြင့် ဒွန်းစဏ္ဍားတို့ နေရာအရပ်သို့ နှင်ထုတ်လိုက်လေသည်။

စန္ဒကုမာရမင်းသားကို ထီးနန်းလွှဲအပ်ကြပြီး၊ ပြည်သူအပေါင်းတို့ သည် ပျော်ပွဲ ရွှင်ပွဲ သဘင်ပွဲကြီး ဆင်နွှဲကြလေသည်။ စန္ဒကုမာရသည် မင်းကြီးကို ပြည်တွင်းသို့ ဝင်မလာစေဘဲ ပေးမြဲကျွေးမြဲပေး၍ ရိက္ခာထောက်ပံ့ ထား၏။ စန္ဒကုမာရသည် တရားသဖြင့် အုပ်ချုပ်ပြီး အလှူဒါနမျိုးစုံပြုကာ ဗြာဟ္မဏဝါဒကို ချေဖျက်ပြီး၊ မှန်ကန်သော အယူဝါဒများကို လိုက်နာ ပြုကျင့်စေသဖြင့် ကွယ်လွန်သောအခါ မင်းနှင့်ပရိသတ်တို့သည် နတ်ပြည် များသို့ ရောက်ကြရလေသည်။

ဇာတ်တော်ပေါင်းသော် ခဏ္ဍဟာလသည် ရှင်ဒေဝဒတ်၊ စန္ဒကုမာရ မင်းသားသည် ဘုရားရှင် ဖြစ်တော်မူလာလေသည်။

မဟာနာရဒဇာတ်တော်ကြီး

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပဉ္စဝဂ္ဂိငါးဦးတို့အား တရားဦးဟောကာ ယသနှင့် ယသသူငယ်ချင်း ၅၄ ယောက်၊ စုစုပေါင်း ရဟန္တာ(၆၀)တို့နှင့်အတူ မိဂဒါဝုန်တော၌ ပထမဝါ

ကပ်တော်မူ၏။ ဝါကျွတ်ပြီးနောက် ပဝါရဏာပြုတော်မူကာ ၆-ကျိပ်သော ရဟန်းတော်တို့အား နယ်အသီးသီးသို့ သာသနာပြု လွှတ်တော်မူ၏။ ကိုယ်တော် တိုင်မှာမူ ဥရုဝေဋ္ဌတောသို့ ကြွတော်မူသည်။ ထိုတောတွင် ဥရုဝေဋ္ဌ ကဿပ၊ နဒီကဿပ၊ ဂယာကဿပရသေ့ ညီနောင်၊ ရှင်တစ်ထောင် တို့အား ရဟန္တာ ဖြစ်စေတော်မူပြီး ရဟန္တာများ ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ ဗိမ္ဗိသာရမင်း သည် ပရိသတ်အပေါင်း တစ်သိန်း နှစ်သောင်းနှင့် အတူ ဘုရားရှင်အား ခရီးဦးကြိုဆို၏။ ထိုပရိသတ်ထဲမှ ပုဏ္ဏားသူကြွယ် တို့သည် ယခင်က ဥရုဝေဋ္ဌကဿပအား ရဟန္တာဟု ထင်မှတ်ကိုးကွယ်လာခဲ့ကြ၏။ မြတ်စွာဘုရားနှင့် ဥရုဝေဋ္ဌကဿပကို တွေ့ရရာ ဘုရားရှင်က တပည့်လော၊ ဥရုဝေဋ္ဌကဿပက တပည့်လောဟု ခွဲခြားမသိဖြစ်နေရာ မြတ်စွာဘုရားရှင်က သိတော်မူသဖြင့် ဥရုဝေဋ္ဌ ကဿပအား အဘယ်ကြောင့် ယဇ်ပူဇော်ခြင်းကို စွန့်ပစ်ခဲ့သနည်းဟု မေးတော်မူ၏။

ထိုအခါ ဥရုဝေဋ္ဌကဿပသည် ဘုရားရှင်၏ အလိုတော်ကို သိသဖြင့် ယဇ်ပူဇော်မှုသည် မှားသောအယူဖြစ်၍ စွန့်လွှတ်ခဲ့ပါသည်ဟု လျှောက်တင်ပြီး၊ မြတ်စွာဘုရား၏ ခြေတော်အစုံကို ဦးခေါင်းဖြင့်တိုက်ကာ ရှိခိုးပြီး၊ တပည့်တော်သည် မြတ်စွာဘုရား၏ တပည့်ဖြစ်ပါသည်။ မြတ်စွာ ဘုရားသည် တပည့်တော်၏ ဆရာဖြစ်ပါသည်ဟု ကောင်းကင်သို့ ထန်းတစ်ဖျား နှစ်ဖျား သုံးဖျား အလီလီပျံတက်ပြီး ၇-ကြိမ်တိုင်တိုင် လျှောက်ထား၏။

ထိုအခါမှ ပရိသတ်တို့သည် မြတ်စွာဘုရား၏ တန်ခိုးတော်ကို သိရှိကြပြီး၊ ဥရုဝေဋ္ဌကဿပအား ဆုံးမတော်မူနိုင်ပါပေသည်ဟု ချီးမွမ်း ကြကုန်၏။ ထိုအခါ ဘုရားရှင်ကြွလာပြီး သဗ္ဗညုတဉာဏ်တော်ရပြီးသည့် ယခုအခါမှသာ ဆုံးမနိုင်သည်မှာ အံ့ဖွယ်မဟုတ်သေး။ ရှေးအခါကလည်း ဥရုဝေဋ္ဌကဿပ၏ အယူမှားခြင်းကို ပယ်ဖျောက်တော် မူနိုင်ခဲ့ဖူးသည်သာ

ဟု မိန့်တော်မူပြီး ရဟန်းတို့ တောင်းပန်သဖြင့် နာရဒဇာတ်တော်ကြီးကို ဟောတော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌ အင်္ဂတိ အမည်ရှိ မင်းကြီးမင်းပြု၏။ ထိုမင်းကြီးသည် တရားနှင့်ပြည့်စုံ၏။ မင်းကြီး၏ သမီးတော်မှာ ရုဇာဒေဝီဖြစ်ပြီး၊ အဆင်းအလွန်လှ၏။ အလှူပေးရန် လခွဲတစ်ကြိမ် ဥစ္စာအသပြာ တစ်ထောင်ပေး၏။ ထိုမင်းကြီးတွင် ဝိဇယ၊ သုနာမနှင့် အလာတ အမတ်ကြီး ၃-ဦး ရှိ၏။ တစ်နေ့သော တန်ဆောင်မုန်းလပြည့်ညတွင် မင်းကြီးသည် သာယာသောလပြည့်ဝန်းကို ကြည့်ပြီး ထိုသို့ သာယာသည့် ညချမ်းအချိန်တွင် မည်သို့သော် မွေ့လျော်မှုနှင့်မွေ့လျော်သင့်ပါသနည်းဟု အမတ်တို့ကို မေး၏။ စစ်သူကြီးဖြစ်သော အလာတ အမတ်က စစ်ထိုး၍ အောင်ပွဲ ယူသင့်သည်ဟု လည်းကောင်း၊ သုနာမအမတ်က ကခြင်း သီခြင်း ကာမဂုဏ်တို့ဖြင့် ပျော်မွေ့ သင့်သည်ဟု လည်းကောင်း၊ ဝိဇယအမတ်က ရဟန်း ပုဏ္ဏားတို့အား ဆည်းကပ်၍ ယုံမှားခြင်းကို လျှောက်ရသော်ကောင်း၏ဟု လည်းကောင်း အသီးသီး တင်လျှောက်ကြကုန်၏။ ဝိဇယအမတ်၏ အကြံကို မင်းကြီးက နှစ်သက်သည်။ ထိုအခါ အလာတအမတ်က မိဂဒါဝုန်တော၌ အဝတ်မဝတ်သော တက္ကဒွန်းထံ ဆည်းကပ်သင့်ကြောင်း အကြံပေး၏။ မင်းပရိသတ်တို့သည် ကဿပတက္ကဒွန်းထံ ရောက်ပြီး မိဘ၊ ဆရာသမား၊ သားမယား၊ အသက်ကြီးသူ၊ ရဟန်း ပုဏ္ဏား၊ မျူးမတ်ဗိုလ်ပါ၊ မြို့ရွာနိုဂုံး၊ ပြည်ထဲရေး စသည်တို့၌ မည်ကဲ့သို့ ကျင့်ရမည်ကိုလည်းကောင်း။ နတ်ပြည်သို့ ရောက်ရန် မည်သည့်တရားကို ကျင့်ရမည်ကိုလည်းကောင်း၊ မည်သည့် တရားပျက်သဖြင့် အဝီစိငရဲသို့ ကျရမည်ကိုလည်းကောင်း မေး၏။

တက္ကဒွန်းက တရားကျင့်သူသည် ကောင်းကျိုးကိုလည်း မရ။ မကောင်းကျိုးကိုလည်း မရ။ တမလွန်လောကသည် မရှိ။ အမိအဘ ဆရာ

ဟူ၍မရှိ။ သူမိုက်က ပေးလှူသည်ကို ပညာရှိက သုံးစားကြသည်။ အလှူ၌ အကျိုး မရှိ။ မကောင်းမှု၌လည်း အပြစ် မရှိ။ လောက၌မြဲသော အရာမှာ မီး မြေ ရေ လေ ချမ်းသာ ဆင်းရဲ အသက်ဟူ၍ ၇-ပါးရှိသည်။ လူအားလုံးသည် ၈၄-ကမ္ဘာပြည့်က စင်ကြယ်၏။ စသည်ဖြင့် ဟောပြသည်။

အလတအမတ်က တက္ကဒွန်း၏ စကားသည် အလွန်မှန်ပါသည်။ မိမိသည် အတိတ်ဘဝက နွာသတ်သမား ဖြစ်ခဲ့ပါသည်။ ယခုဘဝတွင် စစ်သူကြီး အမတ်ဖြစ်လာပါသည်။ ငရဲသို့ မလားရပါဟု ထောက်ခံ၏။ ဗီဇက ကျွန်ယောကျ်ားကလည်း မိမိသည် ရှေးဘဝက ဘာဝအမည်ရှိ သီလနှင့်ပြည့်စုံသော သူဌေးကြီးဖြစ်ခဲ့ပါသည်။ သီလနှင့် ပြည့်စုံခဲ့သော်လည်း ယခုကျွန်ဖြစ်နေပါသည်။ ယခုဘဝတွင် သီတင်းသီလ ဆောက်တည်ခဲ့သော်လည်း အလာတအမတ်ပြောသကဲ့သို့ အချည်းနှီး ဖြစ်မည်စိုး၍ ငိုယိုပါသည်ဟု လျှောက်၏။ အမှန်မှာမူ ဗီဇကသည် ကဿပ ဘုရားရှင် လက်ထက် ယောကျ်ားတစ်ဦးဖြစ်ရာ နွားပျောက်ရှာစဉ် စိတ်ပင်ပန်းနေချိန် ရဟန်းတစ်ပါးက ခရီးလမ်းကို အကြိမ်ကြိမ် မေးသည်ကို စိတ်ဆိုး၍ ကျွန်မသား ရဟန်းဟု ဝစီကံဖြင့် ပစ်မှားမိသောကြောင့် ထိုအကုသိုလ်ကံ အခွင့်ရသဖြင့် ယခုအခါ သူဆင်းရဲ၏ဝမ်း၌ ဖြစ်ရခြင်းဖြစ်၍ ကုသိုလ်ကံ အကျိုးပေးခွင့် မကြုံသေးသဖြင့် အကျိုး မခံစားရသေးခြင်းသာ ဖြစ်သည်။

မင်းကြီးသည် ထိုသူတို့၏ အယူဝါဒနှင့် စကားကို ကြားရသဖြင့် ကာမဂုဏ်ကိုသာ ခံစား၍နေတော့မည်ဟု လျှောက်ကြား၍ တက္ကဒွန်းထံမှ ပြန်ခဲ့၏။ နောက်တစ်နေ့မှစ၍ အမတ်တို့ကို စုဝေးစေပြီး နန်းရေးပြည်မှုကို အမတ်တို့နှင့်လွဲကာ မိမိမှာမူ အရက်သေစာ မူးယစ် အရသာ ကာမဂုဏ်များကိုသာ စံစားတော့သည်။ အလှူဇရပ်တို့ကို ဖျက်သိမ်းပြီး မိန်းမပျိုအို များကို အနိုင်အထက် သိမ်းယူပြီး ကာမဂုဏ် အပျော်ကြူးလေတော့သည်။ တစ်ပြည်လုံးက မကျေမနပ် ဖြစ်လာသည်။

တိတ္ထိတက္ကဒွန်းတို့၏ အယူမှား မိစ္ဆာဝါဒကို ခမည်းတော်မင်းကြီး လိုက်နာကျင့်သုံးနေကြောင်း ကြားသိရသဖြင့် သမီးတော်ရုဇာသည် မင်းကြီး ထံရောက်လာပြီး ဤသို့လျှောက်၏။ မင်းသမီးသည် ရှေ့ ၇-ဘဝ၊ နောက် ၇-ဘဝကို အောက်မေ့နိုင်သော ဇာတိသရဉာဏ်ရှိ၏။ အဖိတ်နေ့သို့ ရောက်သောအခါ ရုဇာမင်းသမီးသည် ခမည်းတော်ထံသွား၍ လှူမြွှဝတ် အတွက် အသပြာတစ်ထောင် တောင်းခံရာ ခမည်းတော်မင်းကြီးက အလှူ ပြု၍ အကျိုးမရှိကြောင်း ပြောဆိုလေသည်။ မင်းကြီးက အလာတအမတ် နှင့် ဗီဇကတို့ ပြောစကားကို သမီးတော်အား ပြန်ပြော၍ အလှူအကျိုးမရှိ ကြောင်း ပြောဆို၏။ ခမည်းတော်သည် လူမိုက်တို့၏ စကားကို ဆည်းကပ် မိ၍ မှားလေပြီ။ မကောင်းမှုသည် အမှန်ပင် ငရဲ၌ နစ်ရသည်။ အလာတ အမတ်သည် ရှေးရှေးကောင်းမှု ကြွင်းကျန်နေသေး၍ အပါယ်သို့မကျခြင်း ဖြစ်သည်။ ဗီဇကသည် မကောင်းမှု အကျိုးကုန်လျှင် ကောင်းရာသုဂတိသို့ လားရမည်။ ခမည်းတော်မင်းကြီး မကောင်းသောသူနှင့် ပေါင်းဖော်ခြင်း သည် မအပ်၊ ငါးပုပ်ကို ထုပ်သော သမန်းမြက်သည် ငါးပုပ်နံ့ စွဲနေသကဲ့သို့ သူယုတ်နှင့်ပေါင်းလျှင် သူယုတ်သာဖြစ်၍ ငရဲသို့သာ လားရပါမည်ဟု တရားဟော၏။

ရုဇာမင်းသမီးသည် မိမိ၏ရှေ့ဘဝကို ဆက်၍ လျှောက်ထား၏။ မိမိသည် ရှေ့ဘဝတုန်းက ရာဇဂြိုဟ်ပြည်၌ ရွှေပန်းတိမ်သည်၏ သားဖြစ်၏။ မကောင်းသောမိတ်ဆွေနှင့် ပေါင်းသင်းမိသဖြင့် သူတစ်ပါး သားမယား များကို လွန်ကျူးခဲ့မိပါသည်။ ထို့နောက် စုတေပြန်သော် ကောသမ္မီပြည်၌ သူဌေးသားဖြစ်ပြန်ရာ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းမိသဖြင့် ဒါန၊ သီလ ဆည်းပူးပါသည်။ ထိုမှ စုတေပြန်သော် ပန်းတိမ်သည်ဘဝ အကုသိုလ် အကျိုးဆက်ကြောင့် ရောရုဝငရဲ၌ ဖြစ်ရပါသည်။ ငရဲမှလွတ်သော် ဘိန္နာဂတ ပြည်၌ သင်းကွပ်ခံရသော ဆိတ်ဖြစ်ပါသည်။ ထို့နောက် ဂဝတွင် မျောက် ဖြစ်ပြီး ဝေးစေ့အထုတ်ခံရပါသည်။ ထို့နောက် ဒဿနတိုင်း၌ နွားဖြစ်ပြီး

ဝေးစေ့အထုတ်ခံရပြန်၏။ ထို့နောက် ဝဇိုတိုင်း၌ ကျားမ မဟုတ်၊ နပုံး ပက္ကျပ် ဖြစ်ပြန်၏။ ကာမေသုမိစ္ဆာစာရကံကို အသီးသီးခံရပြီးမှ တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးဖြစ်ရပါသည်။ ထို့နောက် မိန်းမအဖြစ် ခြောက်ဘဝ ဖြစ်ရပြန်ပါသည်။ ထို့နောက်မှ တန်ခိုးကြီးသော နတ်သားဖြစ်ရကြောင်း၊ ကောင်းမှု မကောင်းမှုတို့သည် မပျောက်မပျက် လိုက်တတ်ပါကြောင်း တရားဟောပြ၏။ နံနက်မှစ၍ ညဉ့်သုံးယံပတ်လုံး တရားဟောပြသည်ကို နှစ်သက်မှုရှိသော်လည်း ကဿပတကွဒွန်း၏ ဒိဋ္ဌိအယူကို မစွန့်နိုင်ပေ။ မင်းသမီး၏ တရားဟောပြမှုကို တစ်တိုင်းပြည်လုံး ဝမ်းမြောက်ကြလေသည်။

ရုဇာမင်းသမီးသည် ခမည်းတော်အား ဆုံးမ၍ မရလေသော် လက်မလျှော့ဘဲ လက်အုပ်ချီ၍ တရားစောင့်သော လူ နတ် ဗြဟ္မာတို့သည် ဤအရပ်သို့လာ၍ ခမည်းတော်အား ဆုံးမ၍ မိစ္ဆာဝါဒကို ချေခွတ်ဟောပြတော်မူပါဟု အဓိဋ္ဌာန်၏။

ထိုအခါ ဘုရားလောင်း နာရဒ ဗြဟ္မာကြီး ကြားသိရလျှင် ရသေ့အသွင်ကို ဆောင်ယူ၍ ကောင်းကင်ခရီးမှ မင်းကြီး၏ နန်းပြဿဒ်သို့ ဝင်ပြီး ရှေ့တော်၌ ရပ်လေသည်။ ရုဇာမင်းသမီးလည်း ရသေ့ကို မြင်လျှင် ရှိခိုးလျက်နေ၏။ မင်းကြီးသည် ထိတ်လန့်သဖြင့် ရသေ့ကို မေး၏။ ရသေ့က မိမိသည် နာရဒအမည်ရှိကြောင်း ရှေးဘဝက ဒါန သီလပြုလုပ်ပြီး၊ သမထဘာဝနာကိုပါ ပွားခဲ့သဖြင့် ကောင်းကင်ပျံနိုင်သော တန်ခိုးရှိကြောင်း၊ အမိအဘပြုစုမှု ကုသိုလ်၊ ပစ္စုပ္ပန်လောက၊ တမလွန်လောက၊ အမှန်ပင်ရှိကြောင်း၊ လူတို့သည် ကာမဂုဏ်တပ်မက်ခြင်းကြောင့် တမလွန်ကိုမသိခြင်း ဖြစ်ကြောင်း ဟောပြ၏။ နာရဒဗြဟ္မာမင်းသည် မင်းကြီးအား ငရဲဘေးဖြင့် ခြိမ်းခြောက်၍ မိစ္ဆာအယူမှ လွတ်စေအံ့ဟု လောကန္တရိုတ်ငရဲ၊ ခွေးကျားကြီး ခုနှစ်ကောင်ရှိသော ငရဲ၊ မြား လုံတံတို့ဖြင့် ညှဉ်းဆဲသော ငရဲ၊

မီးကျီစုငရဲ၊ ဆူးလက်ပံပင်ငရဲ၊ ကြိမ်ပိုက်ချောင်းငရဲ စသည်တို့ကို ပြောဆို၍ ပြသလေသည်။ မင်းကြီးသည် ထိုအခါမှ ထိတ်လန့်၍ ငရဲမှလွတ်မည့် ကောင်းမြတ်သော အကျင့်တို့ကို ဟောကြားရန် တောင်းပန်၏။ ဒါန သီလ ကျင့်စဉ်များကို ဟောပြလေသည်။

ထို့နောက် သမီးတော် ရုဇာမင်းသမီးကို ချီးမွမ်းပြီး ကုသိုလ်စွမ်းအား ကို ဟောပြတော်မူသဖြင့် မင်းကြီးသည် ကဿပတကွက္ကဒွန်း ဟောပြသော မိစ္ဆာဒိဋ္ဌိအယူအား စွန့်ကာ အလှူဇရပ်များကို ဖွင့်လှစ်ပြီး၊ ဒါနမှု သီလမှုတို့ တစ်ဖန်ပြန်၍ အားထုတ်လေ၏။ ပြည်သူတို့လည်း ဝမ်းမြောက်ပျော်ရွှင်စွာ အလှူပေးကြပြီး၊ နတ်ပြည်လောကသို့ ရောက်ကြကုန်၏။ ထို့နောက် နာရဒ ဗြဟ္မာကြီးသည် မိစ္ဆာဝါဒကင်းစင်ပြီးဖြစ်၍ ဗြဟ္မာပြည်သို့ ပြန်ကြွ သွားလေသည်။

ဇာတ်တော်ကို ပေါင်းသည်ရှိသော် အလာတ အမတ်သည် ရှင်ဒေဝဒတ်၊ ကဿပတကွက္ကဒွန်းသည် လိစ္ဆဝီမင်းသား သုနက္ခ၊ ရုဇာမင်းသမီး သည် ရှင်အာနန္ဒာမထေရ်၊ အင်္ဂတိမင်းကြီးသည် ဥရုဝေဠုကဿပထေရ်၊ နာရဒဗြဟ္မာမင်းသည် ဂေါတမမြတ်စွာဘုရားရှင် ဖြစ်တော်မူလေသည်။

ဝိဓူရဇာတ်တော်ကြီး

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် ရဟန်းတို့သည် ဘုရားရှင်သည် ပညာဉာဏ်ကြီးလှပေ သည် ဟုချီးမွမ်းနေကြစဉ် ဘုရားရှင်ကြွလာပြီး ရဟန်းတို့ ဘုရားဖြစ်ရာ ယခုအခါ၌ ပညာဉာဏ်ကြီးမားသည်မှာ အံ့ဖွယ်မဟုတ်သေး။ ရှေးဘဝများ ကလည်း သူတစ်ပါးတို့၏ အယူကို နှိမ်နင်းပယ်ဖျောက်ပေးတော်မူခဲ့ဖူး သည့်ပြင် ပုဏ္ဏကဘီလူး စစ်သူကြီးကို ဆုံးမ၍ မိမိ၏အသက်ကို ချမ်းသာရာ ရအောင် ပြုနိုင်ခဲ့ဖူးသည်ဟု မိန့်တော်မူ၏။ သံယာတော်တို့က တောင်းပန် သဖြင့် ဝိဓူရဇာတ်တော်ကြီးကို ဟော်တော်မူသည်။

ရှေးလွန်လေပြီးသောအခါ ကုရုတိုင်း၊ ကုန္ဒပတ္တနဂိုရ်မြို့တွင် ဓနဥ္စယကောရဗျမင်းကြီး မင်းပြုနေ၏။ ထိုမင်းကြီး၌ ဝိဓူရပညာရှိ သုခမိန်တစ်ယောက်ရှိ၏။ ဗာရာဏသီပြည်တွင် ပုဏ္ဏားသူကြွယ် ၄-ဦးသည် ရဟန်းပြုတောထွက်ပြီးနောက် လှည့်လည်သွားလာနေခဲ့ရာ အင်္ဂတိုင်း၊ စမ္ပာနဂိုရ်မြို့သို့ ရောက်၍ မင်းဥယျာဉ်၌ သီတင်းသုံးနေကြရာ သူကြွယ်မိတ်ဆွေ ၄-ဦးတို့ တွေ့မြင်ကြည်ညိုသဖြင့် တစ်ပါးစီ ပင့်ဆောင် ကိုးကွယ်ကြ၏။ ရသေ့များသည် နေ့အခါတွင် တစ်ပါးက တာဝတိံသာနတ်ပြည်၊ တစ်ပါးက နဂါးပြည်၊ တစ်ပါးက ဂဠုန်ပြည်၊ တစ်ပါးက ကုန္ဒပတ္တမင်း၏ မိဂါဇိန်အမည်ရှိသော ဥယျာဉ်ဟော်တို့၌ အသီးသီးသွားရောက်၍ နားနေကြပြီး၊ ပြန်ရောက်သောအခါ မိမိတို့ရောက်ရာအရပ် အသီးသီးတွင် တွေ့မြင်ခဲ့ရသည့် စည်းစိမ်ချမ်းသာတို့ကို သူကြွယ်တို့အား အသီးသီးဟောပြ၏။ ထိုသူကြွယ်တို့သည် ရသေ့များပြောသော စည်းစိမ်တို့ကို စွဲလမ်းမြတ်နိုးကြပြီး အလျှုဒါန ကုသိုလ်ကောင်းမှုများ ပြုကြ၏။ နောက်ဘဝတွင် ထိုသူဌေးတို့သည် ဆရာရသေ့တို့ပြောပြရာ ဘုံဘဝများကို စိတ်စွဲလမ်းကြသဖြင့် ဘဝအသီးသီး၌ ဖြစ်ကြရလေသည်။ တစ်ယောက်က တာဝတိံသာနတ်ပြည်တွင် သိကြားမင်းဖြစ်၏။ တစ်ယောက်က နဂါးပြည်၌ ဝရုဏနဂါးမင်းဖြစ်၏။ တစ်ယောက်က ဂဠုန်မင်းဖြစ်၏။ တစ်ယောက်မှာမူ ဓနဥ္စယကောရဗျမင်း၏ သားတော်ဖြစ်၍ ခမည်းတော် နတ်ရွာစံသောအခါ ကောရဗျမင်းဖြစ်လာ၏။ ထိုမင်းလေးပါးတို့သည် တစ်နေ့တွင် ဥပုသ်ဆောက်တည်ကြပြီး တရားဘာဝနာပွားရန် မိဂါဇိန်ဥယျာဉ်သို့ ရောက်ကြပြီး၊ ညနေချမ်းတွင် မိမိတို့တွင် မည်သူ၏သီလသည် အမြတ်ဆုံးဖြစ်ပါသနည်းဟု သိကြားမင်းက မေး၏။ နဂါးမင်း၊ ဂဠုန်မင်း၊ ကောရဗျမင်းတို့ကလည်း မိမိတို့ သီလသာလျှင် အမြတ်ဆုံးဟု ဆိုကြ၏။ သိကြားမင်းကလည်း မိမိသည် ၃- ကုဋေ ၆-သန်းသော နတ်သမီးတို့၏ ကာမဂုဏ် အတွေ့ကို ရှောင်ခွာ၍ ဥပုသ်စောင့်နိုင်ခဲ့ခြင်းဖြစ်၍ အခြားသူတို့၏ သီလထက် မြတ်သည်ဟုဆို၏။

နောက်ဆုံးတွင် ဝိဓူရသုခမိန်ထံ အဆုံးအဖြတ်ခံရန် သဘောတူကြလေ သည်။ ဝိဓူရသုခမိန်က မင်းလေးပါးတို့၏ သီလများသည် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ မင်းအားလုံးတို့သည် တဏှာအလို ကာမဂုဏ်အလို တို့ကို ဖြတ်နိုင်သူများဖြစ်၍ အားလုံးအတူတူပင်ဖြစ်သည် ဆုံးဖြတ်၏။ မင်းအားလုံး ကျေနပ်သဖြင့် ဘုရားအလောင်းဝိဓူရကို ပူဇော်ကြကုန်၏။ နဂါးမင်းသည် လည်ဆွဲပတ္တမြားဖြင့် ပူဇော်ပြီး၊ နဂါးပြည်သို့ပြန်သော် ပတ္တမြားမတွေ့သဖြင့် နဂါးမိဖုရား ဝိမလာဒေဝီက မေးရာမှ ဝိဓူရသုခမိန် အကြောင်းပြောပြ၏။ မိဖုရားသည် ဝိဓူရကို အလွန်ကြည်ညိုသဖြင့် ဝိဓူရသုခမိန်၏တရားကို နာလိုသောကြောင့် ဥပါယ်တမည်ဖြင့် ဝိဓူရ၏နှလုံးသားကို ရလိုကြောင်း ပြော၏။ သမီးတော် ဣရန္ဓတီသည် မိခင်၏ ဆန္ဒပြည့်ဝစေရန် ဝိဓူရကို ခေါ်နိုင်သည့် လင်ယောကျ်ားကို ရှာရန် ကာဠမျက်စဉ်း တောင်ထိပ်သို့ တက်လျက် သီဆိုကခုန် မြူဆွယ်နေ၏။

ဝေဿဝဏ် နတ်မင်းကြီး၏တူ ပုဏ္ဏကနတ်ဘီလူး စစ်သူကြီးသည် သီချင်းသံကို ကြားသောအခါ ဣရန္ဓတီထံ ရောက်ပြီး၊ ဝိဓူရ၏နှလုံးသားကို တောင်းယူပေးမည်ဟု ဝန်ခံပြီး လုပ်ငန်းစတင်တော့၏။ ပုဏ္ဏကသည် ဝေပုလ္လ တောင်ထိပ်မှ မနောမယပတ္တမြားကို ယူဆောင်ကာ ကောရဗျမင်းထံ လာပြီး ကစ္စည်းလုလင်ဟန်ဆောင်ကာ ကြွေအန်ကစားရန် စကားဆို၏။ လောင်းကြေးမှာ မိမိရုံးလျှင် ပတ္တမြားနှင့်စီးတော်မြင်းဖြစ်သည့် သိန္ဓော မြင်းကို ပေးမည်ဟုဆို၏။ သိန္ဓောမြင်း၏ အစွမ်းကိုပြရန် မြို့တော်ကို မြို့ရိုး ပေါ်မှ စီးပြ၏။ မြို့ရိုးတစ်ဝက် မြင်းမှား ဆက်စီဝိုင်းထားသကဲ့သို့ ထင်ရ၏။ ရေပြင်ပေါ်တွင် စီးပြရာ ခွာကိုရေမစွပ်ဘဲ ကြာရွက်ပေါ်တွင် သွားနိုင်၏။ လက်ဝါးပြင်ပေါ်၌ ရပ်ပြ၏။ ပတ္တမြားစွမ်း ပြပြန်၏။ မြို့လုံးအနှံ့ ကျေးငှက် မျိုးစုံ၊ လူရှင်ရဟန်းမျိုးစုံ၊ တူရိယာမျိုးစုံ၊ သားရဲကုန်းရဲ သတ္တဝါစုံ၊ တော တောင် သမုဒ္ဒရာအစုံ၊ နတ်ပြည်နှင့်တကွ ရှုခင်းစုံ အားလုံး ပတ္တမြားပေါ်

တွင် ထင်ကာတွေ့မြင်နိုင်သည်။ ထူးဆန်းအံ့သြလောက်ဖွယ် အရည်ဆယ်ပါး ကို တွေ့ရသည်။

ပုဏ္ဏကဇာ လောင်းကြေးကို သိရသောအခါ ကောရဗျမင်းကြီးက မိမိကိုယ် မိဖုရားကြီး ထီးနန်းမှအပ ကျန်လိုသမျှကို ယူနိုင်သည်ဟု ဆို၏။ သဘောတူကြ၍ ကြွေအန်ကစားရာ အခြားနိုင်ငံမှ မင်းများကို သက်သေထား၍ ကစား၏။ ကောရဗျမင်းမှာ ကြွေအန်ကစားတိုင်း မိခင်ဟောင်း ကိုယ်စောင့်နတ်သမီး၏ တန်ခိုးဖြင့် နိုင်မြဲဖြစ်၏။ ပုဏ္ဏကနှင့်ကစားရာ ပထမပွဲတွင် ပုဏ္ဏကရှုံး၏။ အကြောင်းကိုရှာသောအခါ နတ်သမီးတန်ခိုးဖြစ်ကြောင်းသိရ၍ နတ်ဘီလူးက မျက်စောင်းထိုးလိုက်ရာ နတ်သမီးထွက်ခွာသွားရ၏။ ဆက်လက်ကစားရာ ပုဏ္ဏကနိုင်လေသည်။ လောင်းကြေးအဖြစ် ပုဏ္ဏက က ဝိဓူရသုခမိန်ကို တောင်း၏။ မင်းကြီးသည် ဝိဓူရသုခမိန်ကို မပေးလိုသဖြင့် သုခမိန်သည် လောင်းကြေးတွင် မပါကြောင်းငြင်း၏။ ဝိဓူရသုခမိန်ထံ အဆုံးအဖြတ်ခံ၏။ ဝိဓူရက မိမိသည် မင်းကြီး၏ ကျွန်တစ်ပါးဖြစ်၍ မင်းကြီးပြုလိုရာ ပြုထိုက်သည်ဟု လျှောက်လျှင် မင်းကြီးလည်း စိတ်ဆိုး၍ ဝိဓူရကို ပေးလိုက်၏။ သုခမိန်သည် လိုက်ပါမသွားခင် လူတို့ကျင့်ရမည့် သာဓုနရခေါ် လူကောင်းတို့ကျင့်စဉ်ကို ဟောပြ၏။ ဝိဓူရသည် မလိုက်ပါခင် ပုဏ္ဏကထံခွင့်ပန်၍ ၂-ရက် ၃-ရက်နေပြီး၊ မယားအနော်ဇာ၊ သား ဓမ္မပါလ၊ ချွေးမ စေတ တို့ကို ဟောပြဆုံးမ၏။

ပြည်သူပြည်သားတို့သည် ငိုယိုကြကုန်၏။ ပုဏ္ဏကသည် ဝိဓူရကို သတ်ပြီး အသည်းနှလုံးကို ထုတ်ယူ၍ ဣရန္ဓတီအား ပေးအံ့ဟုကြံ၍ ကာဠတောင်ထိပ်သို့ ရောက်သောအခါ ကြောက်လန့်စေရန် ဘီလူးအသွင်၊ ခြင်္သေ့ ဆင် မြွေ အသွင်များကိုပြ၍ ခြောက်လှန့်၏။ လေပြင်းတိုက်ခြင်း၊ တောင်လှုပ်ခြင်း၊ တောင်ခေါင်းထဲမှ အော်ခြင်း၊ တွန်းထိုးခြင်း၊ လွှင့်ပစ်ခြင်း

စသည်တို့ကိုပြုပြီး ဇောက်ထိုးဆွဲကာ မြင်းမြီးခွံခွါ၍ တောင်စဉ်အတိုင်း မြင်းစိုင်းပြန်၏။ နောက်ဆုံးတွင် ဝိဓူရကို အကြောင်းစုံမေးရာ သိရသဖြင့် ငါကိုသတ်လိုမူ တရားနာပါဦးဟုပြောပြီး တရားဟောသည်။ သူတော်ကောင်း တရားကို နာယူပြီးသောအခါ ပုဏ္ဏကသည် ဝိဓူရက နေရပ်သို့ ပြန်ပို့မည်ဟုဆို၏။ ဘုရားအလောင်း ဝိဓူရက နဂါးမိဖုရားသည် တရားနာလို၍ ပင့်ဖိတ်ခြင်းဖြစ်မည်ဟု သိ၍ နဂါးပြည်သို့ ခေါ်ပါဟုဆို၏။

နဂါးပြည်သို့ ရောက်သောအခါ ဝရုဏနဂါးမင်းကြီးနှင့် ဝိမလာဒေဝီတို့ကို တရားဟောပြ၏။ ဝိမလာဒေဝီ၏ တရားနာလိုသော ချဉ်ခြင်းလည်း ပြေပျောက်၏။ နဂါးမင်း မိဖုရားတို့က ရတနာမျိုးစုံတို့ဖြင့် ပူဇော်၏။ ပုဏ္ဏကအားလည်း သမီးတော်နှင့် ပေးစား၏။ ပုဏ္ဏကသည် ဝိဓူရအား ကျေးဇူးတင်သဖြင့် မနောမယပတ္တမြားနှင့် ပူဇော်၏။ ဝိဓူရသုခမိန်သည် နဂါးတို့အား ကုသိုလ်ကောင်းမှု မပြတ်ပြုရန် ဟောပြောတိုက်တွန်းခဲ့၏။ ပုဏ္ဏကကိုလည်း သူတော်ကောင်းတရား ဟောပြချေချွတ်ပြီး ယဉ်ကျေးအောင်ဆုံးမ၏။ ပုဏ္ဏကသည် ဘုရားအလောင်း ဝိဓူရကို သိန္နောမြင်းပေါ်တင်၍ နေအိမ်အရောက် ပြန်ပို့ပြီး နှုတ်ဆက်ကာ စတုမဟာရာဇ်ပြည်သို့ ပြန်ခဲ့လေသည်။

ဝိဓူရပြန်ရောက်ပြီးခါနှမ်မှစ၍ ကောရဗျမင်းကြီးသည် လောင်းကစားမှုကို အပြီးတိုင် စွန့်လွှတ်ပြီး ထောင်သားများကို ဘေးမဲ့လွှတ်ပြီး၊ သဘင်ပွဲကြီးခံကာ ပူဇော် ဂုဏ်ပြုလေသည်။ ဝိဓူရသည်လည်း ကုသိုလ်ကောင်းမှု မပြတ်ပြုကာ ကွယ်လွန်သောအခါ နတ်ရွာသို့ လားလေသည်။

ဇာတ်ပေါင်းသော် ပုဏ္ဏကသည် ရှင်အင်္ဂုလိမာလ၊ ဝိဓူရသုခမိန်မှာ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဖြစ်လာလေသည်။

ဝေဿန္တရာဇာတ်တော်ကြီး

မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်ပြီးနောက် ပဉ္စဝဂ္ဂိုဏ်းဦး၊ ယသသူတို့သား၊ ယသ၏ သူငယ်ချင်း ၅၄-ယောက် စုစုပေါင်း ရဟန္တာ (၆၀)တို့နှင့်အတူ ပထမဝါကပ်တော်မူသည်။ ဝါကျွတ်သောအခါ ရဟန်းတော်တို့ကို သာသနာပြု စေလွှတ်တော်မူပြီး ကိုယ်တော်တိုင် ဥရုဝေဠ ကဿပတို့ကို ချဲ့ချွတ်တော်မူကာ ရသေ့ညီနောင် ရှင်တစ်ထောင်တို့နှင့် အတူ ရာဇဂြိုဟ်သို့ ကြွတော်မူပြီး ဝေဠုဝန် ကျောင်းတော်ကို အလှူခံ၍ သာသနာပြုခဲ့ရာ ရဟန္တာတစ်သောင်း ပေါ်ပေါက်လာသည်။ သုဒ္ဓါဒန မင်းကြီးက အမတ်တစ်ယောက် နောက်လိုက်တစ်ထောင်စီနှင့် ဆယ်ကြိမ် ပင့်ဖိတ်ခဲ့ရာ အားလုံး ရဟန္တာဖြစ်ကြသဖြင့် ကပိလဝတ္ထု၊ ပြည်သား တစ်သောင်း၊ ရာဇဂြိုဟ်ပြည်သား တစ်သောင်း၊ ရဟန္တာနှစ်သောင်း ခြံရံလျက် ဆွေတော်မျိုးတော်တို့ရှိရာ ကပိလဝတ္ထုသို့ ကြွတော်မူသည်။

ဆွေတော်မျိုးတော်တို့သည် နိဂြောဓာရုံကျောင်းတော်ကို တင်လှူပြီး ခမ်းနားစွာ ကြိုဆိုခဲ့ကြသော်လည်း ဘုရားရှင်ကို မိမိတို့ထက် ငယ်ရွယ်သူ ဟု ယူဆကာ မင်းမာနတက်ပြီး ရှိမခိုးကြသဖြင့် ဘုရားရှင်သည် ဆွေတော် မျိုးတော်တို့၏ မာနကို ချိုးနှိမ်ရန် တန်ခိုးပြာဋိဟာပြသည်။ ထို့နောက် ကောင်းကင်သို့ ပျံတက်တော်မူပြီး ပေါက္ခရဝဿမိုး ရွာချသည်။ စိုသင့်သူ များသာစိုပြီး မစိုသင့်သူတို့ကို မစိုသဖြင့် သာကီဝင်မင်းတို့ မာနချကာရှိခိုး ကြသည်။ ပရိသတ်တို့က ပေါက္ခရဝဿမိုးနှင့် ပတ်သက်၍ အံ့ဩြဝမ်းသာ ချီးမွမ်းကြရာ ဘုရားရှင်က ရှေးတုန်ကလည်း ဤသို့ရွာသွန်းစေခဲ့ဖူးသည် ဟု မိန့်တော်မူပြီး ဤဇာတ်တော်ကို ဟောတော်မူသည်။

ရှေးသရောအခါက သိဝိတိုင်း၊ စေတုတ္တရာပြည်၌ သိဝိရာဇ်မင်းကြီး မင်းပြု၏။ သားတော် သိဥ္စည်းမင်းသား အရွယ်ရောက်လျှင် မဒ္ဒရာဇ်မင်း၏ သမီး ဖုဿဒေဝီနှင့် ထိမ်းမြားကာ ထီးနန်းအပ်သည်။ ဘုရားအလောင်း

သည် တာဝတိံသာမှ စုတေခဲ့ပြီး၊ မိဖုရားကြီးဝမ်းဦဝင်၍ ပဋိသန္ဓေတည်လာသည်။ ဝေဿန္တရာမင်းသားအဖြစ် ဖွားမြင်ခဲ့သည်။ မွေးဖွားစကပင် လျှုရန်ဥစ္စာ ရှိပါသလောဟု မယ်တော်အား မေးမြန်းသဖြင့် အသပြာတစ်ထောင်ထုပ်ကို အလှူပြုရန် ပေးခဲ့ရသည်။ မင်းသားဖွားသောနေ့မှာပင် ဆင်ဖြူတော် ရောက်လာ၏။ လေးငါးနှစ် အရွယ်ကပင် လည်ဆွဲအဖို့ တစ်သိန်းတန် ပတ္တမြားကို ချွတ်၍လှူ၏။ အမြဲမပြတ် အလှူဒါနပြုရုံသာမက ခန္ဓာကိုယ် အစိတ်အပိုင်းများကိုပင် စွန့်လှူရန် ကြံစည်၏။

အသက် ၁၆-နှစ်တွင် မဒ္ဒရာဇမင်း၏ သမီးတော် မဒ္ဒီဒေဝီနှင့် ထိမ်းမြား၍ ထီးနန်းအပ်၏။ ဝေဿန္တရာမင်းကြီးသည် ဘုရင်ဖြစ်သည့်နေ့မှစ၍ နေ့စဉ် အသပြာ ၆-သိန်း စွန့်လှူ၏။ ဇာလိမင်းသားနှင့် သမီးတော် ကဏှာဇိန်တို့ကို ဖွားမြင်ခဲ့သည်။ တစ်နေ့သောအခါ ကလိင်္ဂတိုင်းသည် မိုးခေါင်သဖြင့် ငတ်မွတ်ဘေးကြီး ဆိုက်ရောက်၏။ ပုဏ္ဏားတို့သည် ဆင်ဖြူတော်ကို အလှူခံလာ၏။ အဖိုးနှစ်သန်းလေးသိန်း အဖိုးထိုက်သည့် ဆင်တန်ဆာ၊ အဖိုးမဖြတ်နိုင်သော ပတ္တမြားခြောက်လုံးနှင့် ပစ္စယဆင်ဖြူတော်ကို လှူလိုက်၏။ ဆင်ဖြူတော် လှူလိုက်သဖြင့် ပြည်သူတို့သည် အမျက်ထွက်ခါ ခမည်းတော် မင်းကြီးထံသွားပြီး ဝေဿန္တရာမင်း မိသားစုကို တိုင်းပြည်မှနှင်ထုတ်ရန် တောင်းဆိုကြ၏။ ဝေဿန္တရာမင်းသည် တိုင်းပြည်မှမထွက်မီ ဆင်, မြင်း, ရထား, နို့စားနွားမ, ကျွန်ယောကျ်ား, ကျွန်မိန်းမစသော ၇-မျိုးသော လှူဖွယ်တို့ကို ၇-ရာစီလှူ၏။ စားသောက်ဖွယ်တို့ကို လှူရာ၌ မပါမရှိစေရန် သေအရက်ပါမချန် လှူသည်။

ထို့နောက် မဒ္ဒီဒေဝီထံသွား၍ ဒါနတည်းဟူသော အလှူရွှေအိုးကြီးကို အမြဲမြှုပ်နှံရန် တရားဟောပြီး မိမိမှာ ပြည်သူတို့၏ အလှူကို မဆန့်ကျင်လိုသဖြင့် တိုင်းပြည်မှခွာ၍ သွားရတော့မည်ဖြစ်ကြောင်း၊ နန်းတော်တွင် သားသမီးများနှင့် ချမ်းသာစွာနေပြီး ယောကျ်မကြီးများကို ဝတ်ပြု၍

နေရစ်ရန် ပြော၏။ မဒ္ဒိဒေဝီကလည်း သေအတူရှင်မကွာ ဟိမဝန္တာသို့ လိုက်ပါမည်ဖြစ်ကြောင်း၊ ဟိမဝန္တာတောတွင် သစ်သီးဝလံ ရှာဖွေဆက်သမည်ဖြစ်ကြောင်း ဟိမဝန္တာခြိုးမွမ်းခန်းဆို၍ ပြော၏။

မယ်တော်မိဖုရားကြီးကလည်း သိဠဉ်းမင်းကြီးထံသွား၍ ပြည်မှ ထွက်ခွာရန် နှင်ထုတ်မှုကို ရုပ်သိမ်းရန် တောင်းပန်၏။ ပြည်သူတို့၏ ဆန္ဒကို လိုက်လျောခြင်းသာ ဖြစ်ပါသည်။ မိမိအမိန့်မဟုတ်ပါဟု မိန့်တော်မူ၏။ ဝေဿန္တရာနှင့် မဒ္ဒိဒေဝီတို့ ခမည်းတော် မယ်တော်တို့ကို ကန်တော့သောအခါ မယ်တော်ကြီးက မဒ္ဒိဒေဝီအား သားသမီးတို့နှင့်အတူ နေခဲ့ရန်ပြော၏။ သိဠဉ်းမင်းကြီးကလည်း တောတောင်၏ ကြောက်မက်ဖွယ်ရာကို ပြော၍ တား၏။ မဒ္ဒိဒေဝီက လင်နှင့်ကင်းသော မိန်းမသည် အောင်လံကင်းသော စစ်ရထားကဲ့သို့ တန်ဖိုးမရှိကြောင်း ပြန်ပြော၏။ နန်းတော်တစ်ခုလုံး ယူကြုံးမရ ငိုယိုကြကုန်၏။ မိုးသောက်ယံရောက်သောအခါ အမတ်ခြောက်ထောင် ခြံရံလျက် သိန္ဓောမြင်းကသော ရထားဖြင့် ဝင်္ကပါတောင်သို့ ထွက်တော်မူ၏။ မြို့မှ အတန်ငယ်ကွာသောအခါမှ နေပြည်တော်သို့ လှည့်ကြည့်တော်မူပြီး အမတ်တို့ကို ပြန်လွှတ်၍ ဝေဿန္တရာမင်းကြီးနှင့်အတူ မဒ္ဒိဒေဝီ၊ သားတော် ဇာလီ၊ သမီးတော် ကဏှာဇိန် တို့သည် ရထားစီး၍ တောသို့ဝင်တော်မူလေသည်။ လမ်းခရီးတွင် ပုဏ္ဏားလေးယောက်တို့က မြင်းလေးစီးကို လည်းကောင်း၊ တစ်ယောက်က ရထားကိုလည်းကောင်း အလှူခံကြသဖြင့် လှူဒါန်းပြီး၊ ခြေလျင်ခရီး ဆက်ကြသည်။

စေတုတ္တရာပြည်မှ ၅-ယူဇနာကွာ သုဝဏ္ဏဂိရိတာလတောင်သို့ ရောက်၏။ ထိုမှဆက်သော် နောက် ၅-ယူဇနာကွာ ကောန္တိမာရမြစ်သို့ လည်းကောင်း၊ ထိုမြစ်မှ နောက် ၅-ယူဇနာကွာတွင် တုဏ္ဏဝိနာလိပုဏ္ဏား ရွာသို့လည်းကောင်း၊ ထိုမှ ၁၀-ယူဇနာကွာ စေတတိုင်း၊ မဒ္ဒပြည်သို့လည်းကောင်း ရောက်၏။ ဆွေတော်မျိုးတော်တို့က ဝိုင်းအုံလာကြပြီး၊ တောင်းပန်သော်လည်း လက်မခံဘဲ ဝင်္ကပါတောင်ခရီးသို့ လျှောက်ကြပြန်သည်။

၁၅-ယူဇနာ လျှောက်ပြီးကြသောအခါ ဟိမဝန္တာတောစပ်သို့ ရောက်၏။ ထိုမှ မြောက်သို့သွားသော် ဂန္ဓာမာဒနတောင်သို့ ရောက်၏။ ထိုမှ ခရီးဆက်ခဲ့သော် ဝေပုလ္လတောင်နှင့် ကေတုမတီမြစ်သို့ရောက်၏။ ထိုမှ လွန်သော် သာနုတောင်ထိပ် ညောင်ပင်ကြီးသို့လည်းကောင်း၊ ထိုမှ နာလိကကျောက်တောင် မုစလိန္ဒာအိုင်နှင့်ရောက်၏။ ထိုမှဆက်၍လျှောက်သော် ဝက်ပါတောင်သို့ ၁၅ ယူဇနာခရီးကို ဆက်လက်ထွက်ခွာခဲ့ကြသည်။ ဝက်ပါတောင်သာယာသော စခန်းသို့ရောက်လျှင် ဝိသကြုံနတ်သား ဖန်ဆင်းထားသည့် ကျောင်းသစ်မ်းနှင့် ရသေ့အသွင် ဝတ်ဆင်စရာများကို တွေ့ရသဖြင့် အသီးသီး ဝတ်ဆင်ကာ ဥပုသ်သီလကျင့်သုံးလျက် ၇-လတိုင်တိုင် ရသေ့ သူတော်စင် ဘဝဖြင့် လေးဦးလုံး နေထိုင်ကြကုန်၏။ ထိုအချိန်တွင် ကလိင်္ဂတိုင်း၊ ဒုန္ဒိဝဋ္ဌ ရွာနေ ဇူဇကာပုဏ္ဏားသည် ရပ်ရွာများသို့ လှည့်လည်အလှူခံ၍ ရသမျှ ငွေကြေးဥစ္စာများကို အခြားပုဏ္ဏားတစ်ဦးထံ အပ်နှံထား၏။ နှစ်ကာလ ကြာရှည်စွာ အလှူခံထွက်နေရာမှ ပြန်ရောက်၍ မိမိဥစ္စာကို တောင်းလေသော် မပေးဆပ်နိုင်သဖြင့် သမီးပျို အမိတ္တာပုံကို ပေးရလေသည်။ အမိတ္တာပုံမှာ လိမ္မာသောကြောင့် အခြားပုဏ္ဏားတို့က ခြိုးမွမ်းကြပြီး မိမိတို့ဇနီးများကို အတုယူရန် ပြောကြ၏။ မိမိလင်သားတို့က မိမိတို့ကို အပြစ်တင်သောအခါ အခြားပုဏ္ဏား မိန်းမတို့က အရှက်ရကြပြီး၊ အမိတ္တာပုံကို ဆဲဆိုကဲ့ရဲ့ကြ၏။ အမိတ္တာပုံသည် ရေဆိပ်သို့ ရေခပ်ရန်မျှ မထွက်ရဲတော့ပေ။ ထို့ကြောင့် လင်ပုဏ္ဏားအိုကြီး ဇူဇကာကို အခိုင်းအစေ ရှာခိုင်း၏။ ဝက်ပါတောင်ရှိ ဝေဿန္တရာမင်းကြီးသည် အလှူခံလာ သူတို့အား လက်ချည်းမပြန်စေရဘဲ အလှူခံသမျှ လှူဒါန်းသည်ကို ကြားထားရသဖြင့် သားနှင့်သမီးကို သွားရောက် အလှူခံရန် နားပူနားဆာ လုပ်လေသည်။

စားနပ်ရိက္ခာယူ၍ ဇူဇကာသည် စေတုတ္တရာပြည်သို့ ထွက်လာ၏။ အလှူခံပုဏ္ဏားမှန်းသိ၍ ပြည်သူတို့က ခြိမ်းခြောက်လေသော် ပုဏ္ဏားသည် အသက်လု၍ ပြေး၏။ သူပြေးသောလမ်းမှာ ဝက်ပါတောင်သို့ သွားရာ

လမ်းဖြစ်နေသည်။ တောအုပ်တွင် စေတမုဆိုးနှင့်တွေ့၍ အလှူခံမှန်းသိ လေလျှင် အသတ်ခံရမည်စိုး၍ သိဉ္ဇည်းမင်းကြီး၏ တမန်တော်ပါဟု လိမ်ပြော၏။ မုဆိုးက ခရီးလမ်းညွှန်လိုက်လေသည်။ အစ္စုတရှင်ရသေ့နှင့် တွေ့သောအခါ တွင်လည်း ဇူဇကာသည် လိမ်လည်၍ လမ်းမေးခဲ့၏။ ဇူဇကာသည် ဝေဿန္တရာတို့ နေရာ ကျောင်းသခ်ိမ်းသို့ ရောက်လျှင် ပုန်းအောင်းနေပြီး သာနုတောင်ထိပ် သစ်ပင်အောက်တွင်အိပ်ကာ မဒ္ဒီဒေဝီ သစ်သီးရှာထွက်ချိန်မှ အလှူခံရန် စီမံထား၏။ မဒ္ဒီဒေဝီ သစ်သီးရှာထွက်သွားသောအခါ ဇူဇကာပုဏ္ဏားသည် ဝေဿန္တရာမင်းကြီးထံ ချဉ်းကပ်ပြီး သားနှင့်သမီးကို အလှူခံ၏။ ဇာလီနှင့် ကဏှာဇိန်တို့မှာ ကြောက်ရွံ့သဖြင့် ပြေးကြပြီး ရေကန် ကြီးထဲတွင် ကြာဖက်များအောက်၌ ပုန်းနေကြ၏။ ဝေဿန္တရာမင်းကြီးက သားတို့ သမီးတို့ ခမည်းတော်၏ ပါရမီကို ကူညီဖြည့်ပေးကြပါ ပြောမှ တက်လာကြကုန်၏။

ဝေဿန္တရာမင်းကြီးသည် သားတော် သမီးတော်တို့ကို ပုဏ္ဏား လက်အပ်ကာ ရေစက်သွန်းချ၍ လှူ၏။ သားတော်အား ရွှေစင်နိုက္ခ တစ်ထောင်၊ သမီးတော်အား ကျွန်ယောကျ်ားတစ်ရာ၊ ကျွန်မိန်းမတစ်ရာ၊ ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘတစ်ရာ ရွှေစင်နိုက္ခတစ်ရာ ငွေစင် နိုက္ခတစ်ရာ အသီးသီးတန်ဖိုးဖြတ်၍ ရွေးယူလျှင် ခွင့်ပြုရန် မိန့်တော် မူပြီး မဒ္ဒီဒေဝီ ပြန်မရောက်မီ ပြန်ရန်ခရီးလမ်းတို့ကို ညွှန်ပြလိုက်၏။ ပုဏ္ဏား သည် သားတော် သမီးတော်တို့ကို နွယ်ကြိုးဖြင့် ချည်နှောင်၍ ရိုက်ပုတ် ခေါ်ဆောင်သွား၏။ လဲကျလေလျှင် ဝေဿန္တရာမင်းကြီးထံ ပြန်ပြေးလာကြ ကုန်၏။ သားသမီးတို့၏ ငိုကြွေးမှုကြောင့် ဝေဿန္တရာမင်းကြီးသည် ပြန်လည် ယူရန် ကြံစည်မိသည်။ သို့သော် ဘုရားဖြစ်ရန် အဓိဋ္ဌာန်ဖြင့် တရားတော်ကို နှလုံးသွင်းကာ မျက်စိနှင့်နားကို သတိနှင့်ထိန်း၍ သည်းခံရ ရှာသည်။ ပုဏ္ဏားသည် ထိုနေ့မှာပင် ဝက်ပါတောင် တံခါးသို့ ရောက် လေသည်။

သားတော် သမီးတော်တို့ကို ဝေဿန္တရာမင်းကြီးသည် ရေစက်ချလျှူဒါန်းလိုက်သည်ရှိသော် မဟာပထဝီမြေကြီးသည် ကောင်းချီး နုမော်သာဓုခေါ်လျက် တုန်လှုပ်၏။ တောစောင့်နတ်တို့က မင်းကြီး အလှူအနှောင့်အယှက်မဖြစ်စေရန် မဒ္ဒီဒေဝီ၏ အပြန်လမ်းကို ခြေသံ့ ကျားအသွင်များပြု၍ ဟန့်တားအချိန်ဆွဲထားကြကုန်၏။ ညချမ်းအချိန်မှ မဒ္ဒီဒေဝီ ကျောင်းသခင်မ်းသို့ရောက်၏။ ရှေးယခင်က သားငယ် သမီးငယ်တို့၏ အသံဖြင့် သာယာနေ၏။ မိခင်ပြန်လာသောအခါ ခရီးဦးကြို၍ အသီးများကို သယ်ယူကြ၏။ ယနေ့မှာမူ လူသံ သူသံ ဆိတ်ညံနေ၏။ သားသမီးတို့၏ အရိပ်အယောင်မျှ မမြင်ရ။ သားသမီးတို့ကို ခေါ်ငင်သောအခါ ထူးသံမကြားရသဖြင့် မဒ္ဒီဒေဝီသည် ရင်ထဲစိုးထိတ်ကာ ဝေဿန္တရာမင်းကြီးထံသွား၏။ မေးမြန်းသော်လည်း ပြန်လည်မဖြေကြား ဆိတ်ဆိတ်သာနေသော မင်းကြီးကို တွေ့ရသဖြင့် မဒ္ဒီဒေဝီသည် လူးလိမ့်ငိုကြွေး၏။ တစ်ညလုံးငိုကြွေးနေသော မဒ္ဒီဒေဝီ သက်သာရာရစေရန် မိုးသောက်သောအခါမှ အလှူခံများထံ လှူလိုက်ကြောင်း ပြောပြ၏။ တရားဟောပြသဖြင့် ပါရမီဖြည့်ဘက် မဒ္ဒီဒေဝီသည် သောကကို သိမ်း၍ နှလုံးပူငြိမ်းကာ ဝမ်းသာသာဓုခေါ်လေသည်။

ထိုအခါ သိကြားနေရာ ပဏ္ဍုကမ္ဗလာသည် တင်းမာလာ၏။ ဆင်ခြင်သည်ရှိသော် ဝေဿန္တရာမင်းကြီး၏ အလှူအတန်း ရက်ရောမှုကို တွေ့ရ၏။ အခြားပုဏ္ဏားတို့သည် မဒ္ဒီဒေဝီကို လာရောက်အလှူခံလျှင် လှူမည်သာဖြစ်သည်။ မဒ္ဒီဒေဝီမရှိလျှင် နေရေးထိုင်ရေး အခက်အခဲ တွေ့မည်ကို သိသဖြင့် မိမိကိုယ်တိုင်ပင် ပုဏ္ဏားအိုယောင်ဆောင်၍ ဤဝေဿန္တရာမင်းကြီးထံ ရောက်လာပြီး မဒ္ဒီဒေဝီကို အလှူခံလေသည်။ မင်းကြီးသည် မဒ္ဒီဒေဝီကို ခေါ်ယူဖြောင်းဖျပြီး ကြည်နူးဝမ်းသာ ရေစက်ချ၍ လှူလိုက်သည်။ ထိုအခါမှ ပုဏ္ဏားအို အသွင်ဖျောက်ကာ မိမိမှာ နတ်တို့သနင်း သိကြားမင်း

ဖြစ်ကြောင်း၊ ဝေဿန္တရာမင်းကြီးသည် မည်သူမျှ မလျှုနိုင်သည့် သားသမီး ဇနီးမယားများကိုပင် ကြည်ကြည်ဖြူဖြူ စွန့်လျှုနိုင်သည့် ဘုရားအလောင်း သူတော်ကောင်းဖြစ်ကြောင်း၊ အခုအချိန်မှစပြီး လိုရာဆုကို ပေးမည်၊ တောင်းဆိုပါဟု ဆုပေး၏။ ဝေဿန္တရာမင်းကြီးသည် ဆုရှစ်ပါးကို တောင်းလေသည်။

ဇူဇကာပုဏ္ဏားသည် သူငယ်နှစ်ယောက်ကို အလှူခံသွားပြီး ခရီးတွင်တွင်နှင်ခဲ့ရာ ၁၅-ရက်ကြာသောအခါ စေတုတ္တရာပြည်သို့ ရောက်၏။ သိဉ္ဇည်းမင်းကြီး ကြားသိလေလျှင် ရှေ့တော်သို့ ခေါ်၏။ မြေးတော်များဖြစ်ကြောင်း၊ ခမည်းတော် ဝေဿန္တရာမင်းကြီးက ပုဏ္ဏားအားလှူလိုက်ကြောင်း၊ သတ်မှတ်တန်ဖိုးပေး၍ ရွေးယူနိုင်ကြောင်း ကြားသိရလျှင် ဇူဇကာပုဏ္ဏားအား ကောင်းစွာ ကျွေးမွေးဧည့်ခံပြီး တန်ဖိုးအလိုက်ပေးကာ ရွေးယူလေသည်။ သိဉ္ဇည်းမင်းကြီးသည် ပြည်သူတို့ကို ထိုအကြောင်းရှင်းပြသောအခါ ပြည်သူတို့က ဝေဿန္တရာမင်းကြီးအား ယနေ့ပင် ခေါ်ပေးတော်မူရန် တစ်ခဲနက် တောင်းဆိုကြသဖြင့် ပြည်သူ့ဆန္ဒနှင့်အညီ ခမည်းတော်သိဉ္ဇည်းမင်းကြီးသည် စစ်သည် ရထားတို့ကို ပြင်ဆင်၍ လမ်းခရီးကို ရှင်းလင်းစေသည်။ ဇူဇကာပုဏ္ဏားသည် မမြင်စဖူး မျှားပြားလှသည့် စည်းစိမ်တို့ကို မြင်လျှင် စားကောင်းသောက်ဖွယ်တို့ကို မတန်တဆစားသဖြင့် ဇူဇကာပုဏ္ဏားသည် အစားလွန်၍ သေလေသည်။ ဇူဇကာပုဏ္ဏား လှူတာအကုန်စားသဖြင့် ဗိုက်ကား၍သေသည်ဟု ဆိုရိုးတွင်ခဲ့သည်။

သိဉ္ဇည်းမင်းကြီးလည်း တပ်ထောင်တာဗိုလ်ထုနှင့် လူစု၍သွားလေသော် ဝေဿန္တရာမင်းကြီး၏ ကျောင်းသခ်ိမ်းသို့ ရောက်၏။ ခမည်းတော်မယ်တော် မြေးတော်တို့သည် ဝေဿန္တရာမင်းကြီးနှင့် မဒ္ဒီဒေဝီတို့ကို တွေ့ဆုံသောအခါ ဝမ်းနည်းပက်လက် ငိုကြွေးကြကုန်၏။ အားလုံး ပူဆွေးငိုကြွေးရာမှ မိန်းမောသတိလစ်သွားကြကုန်၏။ အမတ်တို့ ပြုစုသော်လည်း သတိ

မရဖြစ်နေ၏။ ထိုအခါ သိကြားမင်းရောက်လာပြီး ပေါက္ခရဝဿမိုးရေစင်သွန်းဖြန်း ရွာချပေး၏။ မဟာပထဝီ မြေကြီးလည်း တုန်လှုပ်၏။ မင်းအားလုံးလည်း ကျန်းမာပကတိ ရွှင်လန်းစွာ ရှိကြလေသည်။ သိဉ္ဆည်းမင်းကြီးသည် ထီးနန်းစည်းစိမ်အလုံးစုံကို အပြီးတိုင် လွှဲအပ်ကာ ဝေဿန္တရာမင်းကြီးထံ အပ်နှံလေသည်။

ဇာတ်တော်ပေါင်းသော် ဇူဇကာပုဏ္ဏားသည် ရှင်ဒေဝဒတ်၊ မဒ္ဒီဒေဝီသည် ယသောဓရာထေရီ၊ ဝေဿန္တရာမင်းကြီးသည် ဘုရားရှင်ဖြစ်လာလေသည်။

အခန်း(၈)

ဗုဒ္ဓယဉ်ကျေးမှု မြန်မာနိုင်ငံအတွင်းသို့ သက်ဆင်းရောက်လာပုံ

ဘုရားရှင်လက်ထက် ရောက်ရှိလာပုံ

(က) ရာမညတိုင်း ဥက္ကလာပသို့ ဆံတော်ရောက်ရှိလာခြင်း

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ရှင် ဘုရားအဖြစ်ရောက်တော်မူပြီးလျှင် သတ္တာသတ္တာဟ စံနေစဉ် (၇×၇=၄၉ ရက်) တိုင်တိုင် မျက်နှာသစ်ခြင်း၊ ကိုယ်တော်ကိုသုတ်သင်ခြင်း၊ အာဟာရဘဉ်းပေး သုံးဆောင်ခြင်းကိစ္စ မရှိ၊ စျာနသုခ၊ မဂ္ဂသုခ၊ ဖလသုခဖြင့်သာ စံနေတော်မူသည်။

(၄၉)ရက်စေ့သောနေ့ အရဏ်တက်သောအခါ၌ မျက်နှာတော်သစ်လိုသော ဆန္ဒဖြစ်တော်မူသည်ကို သိကြားမင်းသည် သိတော်မူ၍ ဆေးကိစ္စကို ပြီးစေတတ်သော ကြစုသီး၊ ကွမ်းရိုး၊ ဒန်ပူ၊ အနဝတတ်မျက်နှာသစ်ရေများကို ကပ်လှူလာ၍ ကြစုသီးကို ဘဉ်းပေးတော်မူခြင်းသည်ပင် ကိုယ်တော်သုတ်သင်ခြင်းကိစ္စ ပြီးသည်။ ကွမ်းရိုး၊ ဒန်ပူ၊ အနဝတတ်မျက်နှာသစ်ရေများဖြင့် မျက်နှာသစ်တော်မူပြီးတွင် ရှေးပဉ္စမဘဝက တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့၏ အမိဖြစ်ခဲ့ဖူးသော ထိုတောအုပ်ရှိ နတ်သမီးသည် လှည်းငါးရာတို့ မလည်မသွားတတ်အောင် ချုပ်လေသောကြောင့် ဗလိနတ်စာ ပေးခြင်း၊ ပဿခြင်းကို ပြုလုပ်ကြသည်ရှိသော် -

> “အချင်း ကုန်သည်တို့ . . . လောက၌ ဘုရားပွင့်တော်မူပြီး ဤလင်းလွန်းပင်ရင်း၌ ဘုရားသခင်ရှိတော်မူ၏၊ သင်တို့မှာပါသော ပျားမုံဆုပ်၊ မုံကြွက်ကျစ်များဖြင့် လုပ်ကျွေးကြလေ”

ဟု နတ်သမီးကဆိုလျှင် နတ်သမီး လမ်းညွှန်သည့်အတိုင်း ဘုရားရှင်ထံသို့ သွား၍ မုန့်များ ဆက်ကပ်လှူဒါန်း ကြသည်။ ဘုရားရှင်က ဒွေဝါစိက သရဏဂုံ ဆောက်တည်စေသည်။

(ထို့ကြောင့် ကုန်သည်ညီနောင်တို့သည် ယောက်ျားတို့တွင် ရှေးဦးစွာ သရဏဂုံတည်သော အရာ၌ ဧတဒဂ် ရကုန်သည်။ အမျိုးသမီးတို့တွင် ဃနာန္ဒမိဆွမ်းလှူသော သုဇာတာသည် ရှေးဦးစွာ သရဏဂုံတည်သော အရာ၌ ဧတဒဂ်ရသည်။)

ကုန်သည်ညီနောင်တို့က ရေရှည်ကိုးကွယ်ပူဇော်ဖို့ရာကို တောင်းခံကြသည်ရှိသော် ဘုရားရှင်က လက်ျာလက်တော်ဖြင့် ဦးခေါင်းကို သုံးသပ်၍ လက်တော်တွင် ကပ်ငြိပါလာသော ဆံတော် (၈)ဆူကို ပေးလေသည်။

တပုဿ ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ထံမှ ရလာသော ဆံတော်(၈)ဆူကို မိမိတို့နေရာ ရာမညတိုင်း ဥက္ကလာပဇနပုဒ်၊ ပေါက္ခရဝတီ မြို့သို့ ပြန်ရောက်လျှင် ဥက္ကလာပမင်းကြီး၏ အကူအညီဖြင့် ဆံတော်များကို ရွှေကြုတ်တွင်ထည့်၍ ပထမဆံတော်စေတီကို တည်ထားကိုးကွယ်ခဲ့ကြသည်။

ထိုဘုရားဖြစ်တော်မူစ အခါနှင်ကပင် မြန်မာပြည်သို့ ဗုဒ္ဓသာသနာသည် ရောက်ရှိခဲ့သည်ဟု ဆိုရပါမည်။

(ခ) ရာမညတိုင်း သုဝဏ္ဏဘူမိသို့ ဘုရားရှင်ကြွလာခြင်း

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓ ပွင့်တော်မမူမီ ကာလရှည်စွာကပင် ကရဏ္ဍတိုင်း သုဘိန္နမြို့၊ တိသမင်းလက်ထက်၌ အမတ်ကြီး၏ သား တိသကုမ္မာနှင့် ညီ ဇယကုမ္မာ တို့သည် လူ့ဘဝအဖြစ်၌ သံဝဂေရ၍ သမုဒ္ဒရာအနီး မစ္ဆဂိရိကျောက်တောင်ဝယ် ရသေ့ပြုနေကြသည်။

ထိုအခါ နဂါးမနှင့် ဝိဇ္ဇာမိုရ်တို့ ဆက်ဆံကြ၍ ဥနှစ်လုံးဥပြီး နဂါးမက စွန့်သွားသည်။ ထိုဥနှစ်လုံးကို နောင်တော်ရသေ့က ရလာ၍ ညီတော်နှင့် တစ်ယောက်တစ်လုံးစီ ထိန်းသိမ်းထားကြသည်။ အချိန်စေ့သော် ထိုဥ-မှ

ကလေး သားနှစ်ယောက် မွေးဖွားခဲ့သည်။ (၁၀)နှစ်အရွယ်မှာ ညီတော်ရသေ့ မွေးသော ကလေးသည်၊ သေလွန်၍ မဇ္ဈိမတိုက် မိထိလာပြည်တွင် ဂဝံပတိ သတို့သား ဖြစ်ရလေသည်။

ခုနစ်နှစ် အရွယ်ရောက်လျှင် ဘုရားရှင်ထံအပ်၍ ရဟန်းပြုသဖြင့် ရဟန္တာဖြစ်လေသည်။ နောင်တော်ရသေ့ထံရှိ သူငယ်သည် (၁၇)နှစ်အရွယ် ရှိလျှင် သိကြားမင်းက သုဓမ္မပါလ(သထုံ)မြို့ကို ဖန်ဆင်းပေးသဖြင့် သီရိမာသောက (သီဟရာဇာ)အမည်ခံလျက် မင်းပြုလေသည်။

ရဟန္တာအရှင်ဂဝံပတိသည် မိခင်ကို တွေ့ချင်၍ မိထိလာပြည်သို့ ဘုရားထံခွင့်ပန်၍ ကြွသွားရန် စီစဉ်စဉ် အမိသေလွန်ကြောင်းသိရ၍ 'အမိသည် အဘယ်မှာဖြစ်လေသနည်း' ဟု ဆင်ခြင်လတ်သော် မုဆိုးတံငါတို့ဖြင့် အသက်မွေးမှုများသော ရာမညတိုင်းပြည်မှာ ဖြစ်သည်ကို သိတော်မူသည်။

'ငါသွား၍ မဆုံးမသော် ငါ၏အမိသည် အပါယ်လားတော့မည်' ဟုကြံစည်မိ၍ ဘုရားရှင်ထံ ခွင့်ပန်၍ ရာမညတိုင်းသို့ ကောင်းကင်ခရီးဖြင့် ကြွသွားလေသည်။ ရာမညတိုင်း သထုံပြည်သို့ရောက်သော် အထက် ယခင်ဘဝက အကိုတော်စပ်ခဲ့ဖူးသော သီဟရာဇာမင်းနှင့်တကွ ပြည်သူပြည်သားတို့အား တရားဟော၍ ငါးပါးသီလ၌ တည်စေသည်။ ထိုအခါ သီဟရာဇာမင်းက 'သခင်က လူတွင် အထွဋ်အဖျား ဖြစ်လေသလော'ဟု မေးသည်။

'မင်းမြတ်. . . ငါကား လူတွင် အထွဋ်အဖျားမဟုတ်၊ (၃၁)ဘုံတွင် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အထွဋ်အဖျား မကိုဋ္ဌသရဖူဖြစ်တော်မူသော ငါ၏ဆရာ မြတ်စွာဘုရားသည် မဇ္ဈိမတိုက် ရာဇဂြိုဟ်ပြည်မှာ ယခု ရှိနေပါသည်'

ဟု အရှင်ဂဝံပတိက ဖြေသည်။

'အရှင်ဘုရား. . . ထိုဘုရားရှင်ကို တပည့်တော်တို့ ဖူးမြင်ရလေအောင် ပင့်ဆောင်ပေးတော်မူပါ' ဟု သီဟရာဇာမင်းက တောင်းပန်

လျှောက်ထားသည်ကို အရှင်ဂဝံပတိက ဝန်ခံ၍ ဘုရားရှင်အား ပင့်ဖိတ်သော် (၈)ဝါမြောက်တွင် သံဃာတော် (၂)သောင်းနှင့် ရာမညတိုင်း သထုံသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူသည်။ ရောက်တော်မူလျှင် ရတနာမဏ္ဍပ်တွင် သီတင်းသုံးနေတော်မူ၍ မင်းနှင့်တကွ ပြည်သူပြည်သားတို့အား တရားရေအေး တိုက်ကျွေးတော်မူကာ သရဏာဂုံ တည်စေသည်။

ထိုအခါ တရားလာနာပြီး ဘုရားရှင်ကို ဖူးမြင်ကြသော ရသေ့ခြောက်ဦးတို့အား ဆံတော် (၆)ဆူ ပေးသနားတော်မူသည်။ ထို့နောက် (၄၅)ဝါ ရောက်၍ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသော အခါ၌လည်း အဓိဋ္ဌာန်တော် မူရင်းရှိသည့်အတိုင်း သင်္ဂြိဟ်ရာ လောင်တိုက်တော်က (၃၃)ချောင်းသော သွားတော်ဓာတ်ကို အရှင်ဂဝံပတိက တန်ခိုးတော်ဖြင့် ထုတ်ယူ၍ သထုံပြည်သို့ ဆောင်ပြီးလျှင် သီဟရာဇာမင်းအား ပေးအပ်၍ ကျောက်စေတီ (၃၃)ဆူ တည်ထား ကိုးကွယ်ထားလေသည်။

ဤသို့လျှင် ဘုရားဖြစ်တော်မူပြီးနောက် (၈)ဝါမြောက်ကပင် ရဟန္တာဂဝံပတိ ပြုလုပ်ဆောင်ရွက်ခဲ့၍ ရာမညတိုင်း သထုံ၌ ဗုဒ္ဓသာသနာသည် စောစွာရောက်ရှိ ပျံ့နှံ့ခဲ့သည်။

(၈) ရက္ခပူရတိုင်း (ဧညဝတီ)သို့ ဘုရားရှင်ကြွလာခြင်း

ဗုဒ္ဓသည် ဝါတော် (၂၀) သင်္ကာရာဇ် ၁၂၃-ခုတွင် ရခိုင်ပြည်သို့ ကြွရောက်၍ အနောက်ဘက်အရပ်၌ရှိသော ကစ္ဆပနဒီခေါ် ကုလားတန်မြစ်၏အရှေ့ဘက်ကမ်း သေလာဂီရိ ကျောက်ဆောင်ထက်၌ သီတင်းသုံးနေသည်။

ဗုဒ္ဓ ရခိုင်ပြည်သို့ ကြွရောက်လာကြောင်းကို ဧညဝတီမင်း စန္ဒသူရိယမင်းသည် ကြားသိ၍ ယခင်ယခင် ဗုဒ္ဓ၏ သတင်းကြားကတည်းက ဖူးမြော်လိုသော ဆန္ဒရှိနေသူအားလျော်စွာ ယခု ဘုရားရှင်ကြွလာသည်ဟု သတင်း

ကြားရသောအခါ ချက်ချင်းပင် နောက်ပါခြွေရံများစွာနှင့် သွားရောက်၍ ဘုရားရှင်ကို ဖူးတွေ့လေသည်။ ဘုရားရှင်ကို ဖူးမြော်ပြီးနောက် -'အရှင် ဘုရား တပည့်တော်တို့အား သနားစောင့်ရှောက် ခိုးမြှင့်သော အားဖြင့် ဓညဝတီမြို့သို့ ကြွရောက် သီတင်းသုံးတော်မူပါ' ဟု လျှောက်ထား တောင်းပန်လေသည်။

ပုဒ္ဓသည် နောက်ပါ ရဟန္တာ (၅၀၀)နှင့်အတူ ကြွတော်မူ၍ ထိုမြို့၌ (၃)လတိုင်တိုင် မင်းနှင့်ပြည်သူတို့အား တရားဟောကြားပေးတော်မူသည်။ (၃) လပြည့်သော် မဇ္ဈိမဒေသသို့ ပြန်ကြွမည်ပြုသော် စန္ဒသူရိယမင်းသည် ဘုရားရှင်ကို ကြည်ညိုဖူးမြော်မဝနိုင်ရကား ပုဒ္ဓကိုယ်စား နိမ္မိတကိုယ်ဟူး ရုပ်တုသွန်းလုပ်ကိုးကွယ်မှု ပြုခွင့်ပေးပါရန် တောင်းပန်လျှောက်ထားသည်။

ဓညဝတီမြို့တော်၏ အရှေ့မြောက်ဘက် အရပ်ရှိ သီရိဂုဏ်တောင် ထိပ်တွင် သက္ကရာဇ် ၁၂၃-ခု ကဆုန်လပြည့်နေ့ ပုဒ္ဓဟူးနေ့တွင် စတင် သွန်းလုပ်သည်။

မဟာမြတ်မုနိ ရုပ်ပွားတော်ကို စတင်သွန်းလုပ်ရာတွင် ရုပ်ပွားတော်၏ဦးခေါင်းတော်မှာ မဆက်စပ်ဘဲ ဟ,နေသောကြောင့် သုံးကြိမ်တိုင်အောင် ပြုလုပ်ရာ မထူးခြား ကွာဟမြဲ ကွာဟနေသောကြောင့် ပုဒ္ဓထံသွားရောက် လျှောက်ထားသည်။

ပုဒ္ဓက ကြွလာပြီး ရုပ်ပွားတော်ကို ရင်ငွေ့လှုံပြီး လက်ဖဝါးတော်ဖြင့် (၇)ကြိမ် သုံးသပ်ပေးတော်မူရာ ထိုအချိန်မှ အောင်မြင်စွာ သွန်းလုပ်ပြီးစီး လေသည်။ ထိုအခါ ဘုရားရှင်က 'ညီတော်မုနိဘုရား၏ကိုယ်စားတော်အဖြစ် လူ နတ်မျှားစွာတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူလေလော့' ဟု ဗျာဒိတ်စကား မိန့်ကြားခဲ့သည်။

မဟာမုနိရုပ်ပွား သွန်းလုပ်ပြီးနောက် ပိုလျှံသော ရတနာသတ္တုများဖြင့် မဟာမြတ်မုနိ ညီတော်များအဖြစ် မုနိ (၃)ဆူ ထပ်မံသွန်းလောင်း

ခွင့်ပြုရန် ဗုဒ္ဓအား ထပ်မံလျှောက်ထား တောင်းပန်ရာ ဗုဒ္ဓကခွင့်ပြုသဖြင့် မုနိ (၃)ဆူ ထပ်မံသွန်းလုပ် ပူဇော်ခဲ့ကြသည်။ သွန်းလုပ်ခဲ့သော မုနိ (၄) ဆူမှာ အရွယ်အစား မတူညီသော်လည်း မျက်နှာတော်များမှာ တစ်ဆူနှင့် တစ်ဆူ တူညီနေပါသည်။ ဤကား ထူးခြားချက်ဖြစ်ပါသည်။

ထိုအချိန်မှစ၍ မြန်မာနိုင်ငံ ရက္ခပူရတိုင်းတွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်သာသနာပြုသဖြင့် ဗုဒ္ဓသာသနာသည် ရောက်ရှိနေပြီဟု မှတ်ယူရပါသည်။

(ဃ) မြန်မာနိုင်ငံ သုနာပရန္တတိုင်းသို့ ဘုရားရှင်ကြွလာခြင်း

မြတ်စွာဘုရားရှင် ဝါတော် (၂၀)တွင် စူဋ္ဌပုဏ်၊ မဟာပုဏ် ညီနောင်နှစ်ဦးတို့သည် အိန္ဒိယသို့ ကုန်ကူးသွားကြရင်း ဘုရားရှင်ထံ၌ တရားနာယူကြရသဖြင့် မဟာပုဏ်သည် သံဝေဂရကာ ရဟန်းပြုသွားခဲ့သည်။ ရဟန္တာဖြစ်ပြီးသောအခါ သုနာပရန္တတိုင်း၌ ပြန်သီတင်းသုံးနေထိုင်ပြီး ညီတော်စူဋ္ဌပုဏ်ကို မိမိတို့ အရပ်ဒေသ၌ လက်လေးသစ်ခန့်ပင် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနီကျောင်းတော်ကို ဆောက်လုပ်စေသည်။

ကျောင်းဆောက်လုပ်ပြီးသောအခါ မဟာပုဏ်မထေရ်က သုနာ-ပရန္တတိုင်းသားများနှင့်ညှိနှိုင်းပြီး ဘုရားရှင်ကို သုနာပရန္တတိုင်းသို့ ကြွရောက်ရန်ပင့်လျှောက်သည်။

ဘုရားရှင်က ကြွရောက်ရန် သဘောတူပြီး သုနာပရန္တတိုင်းသို့ မာတလိဖန်ဆင်းပေးသော ပြာသာဒ်ယာဉ် (၅၀၀)ဖြင့် ကြွတော်မူသည်။

ခရီးအကြားတွင် သစ္စဗန္ဓတောင်၌နေသော သစ္စဗန္ဓရသေ့ကို ချေချွတ်၍ ဆဋ္ဌာဘိညာရဟန္တာအဖြစ်သို့ ရောက်စေသည်။ အစဉ်ထာဝရ ပူဇော်စေရန် ခြေတော်ရာများ ချထားပေးခဲ့သည်။ ဘုရားရှင်သည် စန္ဒကူးကျောင်းကို အလှူခံတော်မူပြီး ဝါဏိဇ္ဇဂါမရွာ ဣသိဒိန္နသူဌေးစသော ထင်ရှား

သူတို့ကိုလည်းကောင်း၊ စည်းဝေးလာကြကုန်သော လူ၊ နတ်၊ ဗြဟ္မာတို့အား လည်းကောင်း တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးတော်မူရာ (၇)ရက်အတွက် မဂ် ဖိုလ်ရသော အရိယာအပေါင်း တစ်ရက်တစ်ရက်လျှင် (၈၄၀၀၀)စီ အကျွတ်တရား ရကြသည်။

မြန်မာနိုင်ငံတွင် ဘုရားရှင်လက်ထက်ကတည်းကပင် ဗုဒ္ဓသာသနာ ရောက်ရှိခဲ့သလို အရိယာများလည်း ပေါ်ပေါက်ခဲ့သည်။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သက္ကရာဇ် (၂၃၅) ခုတွင် တတိယသံဂါယနာတင်ပြီးသောအခါ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်၏ တပည့်ရင်း အရှင်ယောနကဓမ္မရက္ခိတ မထေရ်သည် နောက်ပါ သံဃာ လေးပါးနှင့်အတူ ဥပသမ္ပဒကံ (ရဟန်းခံကိစ္စ) ဆောင်လောက်သော သံဃာ အရေအတွက်နှင့်အတူ အပရန္တတိုင်းသို့ သာသနာပြုကြွရောက်ခဲ့သည်။ အဂ္ဂိက္ခန္ဓောပမ သုတ္တန်ဒေသနာဖြင့် ဟောကြားပြ၍ သုနာပရန္တတိုင်းသား ခုနစ်သောင်းကို သာသနာ၌ ကြည်ညိုစေပြီး မဂ်ဖိုလ်တရားကို ရစေသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံ သုနာပရန္တတိုင်း ဗုဒ္ဓသာသနာနှင့် အဆုံးအမများသည် ဘုရားရှင်လက်ထက်မှစ၍ စဉ်ဆက်မပြတ် ဆက်ရောက် ရှိခဲ့ပါသည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနာက်

(က) ရှင်သောဏနှင့် ရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိသို့ ကြွရောက်သာသနာပြုခြင်း

ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာ ၂၃၅-ခု ရောက်သော် အိန္ဒိယနိုင်ငံ၌ မောရိယအင်ပါယာ သီရိဓမ္မာသောကမင်းကြီးသည် အရှင် မောဂ္ဂလိပုတ္တတိဿမထေရ်၏ အကူအညီဖြင့် သာသနာပ တိတ္ထိ အယူအဆ များကို သုတ်သင်ရန် တတိယသံဂါယနာတင်ပြီးနောက် ပစ္စန္တရာဇ်တိုင်းတို့၌ သာသနာတည်စေရန် (၉)တိုင်း (၉)ဌာနသို့ သာသနာပြုမထေရ်များ စေလွှတ်

ခဲ့ရာတွင် သုဝဏ္ဏဘူမိသို့ ရှင်သောဏနှင့် ရှင်ဥတ္တရတို့သည် နောက်ပါသံဃာ (၅)ပါးတို့နှင့်အတူ သာသနာပြုကြွခဲ့သည်။

ထိုအချိန်၌ သုဝဏ္ဏဘူမိ သထုံပြည်ဝယ် သီရိမာသောကမင်းမင်းပြုနေသည်။ သထုံပြည်ကား ကေလာသတောင်ထိပ် အနောက်တောင်တွင် ရှေ့တစ်ဝက်တောင်ထိပ်၊ အနောက်တစ်ဝက်မြေညီ၌ တည်သည်။ ထိုမြို့ကို တင်လဲချက်သောလူတို့ အိမ်ကဲ့သို့ အများရှိသောကြောင့် ဂေါဠမတ္တိကာမြို့ ဟူ၍ခေါ်သည်။

ထိုမြို့သည် သမုဒ္ဒရာနှင့် နီးသောကြောင့် ရေစောင့်ဘီလူးမတို့သည် မင်းအိမ်၌ သားဖွားတိုင်း ဝင်ယူ စားသောက်ကြလေ့ ရှိသည်။ သာသနာပြုမထေရ်တို့ ရောက်သောနေ့သည် မင်းအိမ်၌ သားဖွားနေခိုက်ကြုံ၍ ဘီလူးမအုပ်စုသည် အရံငါးရာနှင့်လာသည်ကို လူတို့မြင်၍ ကြောက်လန့် ကြွေးကြော်ကြ၏။ ထိုသို့သောအချိန်တွင် မထေရ်တို့သည် ကြောက်မက်ဖွယ်ကောင်းသော ခြင်္သေ့နှင့်တူသော ခေါင်းတစ်လုံး ကိုယ် (၂)ခုရှိသော မနုဿီဟသဏ္ဌာန်နှင့် အရေအတွက် နှစ်ဆထက်သာအောင် ဖန်ဆင်းပြီးမှ ဘီလူးမတို့ကို လိုက်၍ပိတ်ဆီးကုန်လျှင် ဘီလူးမတို့ ထွက်ပြေးကြကုန်သည်။

မထေရ်တို့သည် ဘီလူးမတို့ တစ်ဖန် မလာစိမ့်သောဌာ ပရိတ်အရံအတားကို ပြုပေးသည်။ ထိုအချိန် ဗညားဝေးရောက်နေကြသော လူတို့အား ဖြဟ္မဇာလသုတ်ကို ဟောကြားရာ လူ(၆၀၀၀)တို့ အကျွတ်တရားရပြီးသောတာပန်စသော အရိယာဖြစ်ကြသည်။ (၃၅၀၀)သော ယောကျ်ားတို့သည် ရဟန်းပြုကြကုန်၏။ ရဟန်းပြုသော မင်းသား မင်းမျိုးနွယ် (၁၅၀၀) ရှိသည်။

ကျန်သော သူတို့ကား သရဏဂုံတည်စေသည်။ ထိုကာလမှစ၍ ယနေ့ဖွားစ မင်းသားငယ်တို့ကို သောဏုတ္တရာဟူ၍ နာမည်မှည့်ကြသည်။

လူငယ် ခပ်သိမ်းတို့အားလည်း ဘီလူးဘေးကို တားဆီးခြင်းငှာ ထန်းရွက်၊ စလူရွက်များတွင် မထေရ်တို့ ဖန်ဆင်းပေးသော မနုဿီဟရုပ်ကိုရေး၍ ဦးခေါင်းထက် တင်ထားကြကုန်သည်။ သထုံမြို့၏ အရှေ့မြောက်ထောင့် တောင်ထိပ်၌ မနုဿီဟရုပ်ကို ထုလုပ်ထားကြသည်။

ဤသို့လျှင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် သက္ကရာဇ် ၂၃၅-ခုနှစ်တွင် အရှင်သောဏ၊ အရှင်ဥတ္တရနှင့် သာမဏေ မထေရ် (၅)ပါးတို့ ပြုစု၍ ရာမညတိုင်း၌ ဗုဒ္ဓသာသနာသည် တတိယအကြိမ် မြောက် ထွန်းကားနေခဲ့သည်။

(ခ) ရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်မှ ပိဋကတ်တော်များ သယ်ယူလာခြင်း

အရှင်ဗုဒ္ဓဃောသသည် ပုဏ္ဏားရွာတစ်ရွာမှ မွေးဖွားလာသော ပုဏ္ဏားလုလင် ဖြစ်သည်။ ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းသို့ ရောက်အောင် တတ်၏။ ထိုထိုအယူဝါဒကိုလည်း ကောင်းစွာ သိကျွမ်း၍ သူတစ်ပါးနှင့် အပြောအဟော အဖြေအတင် ဝါဒကိုလည်း အလွန်ကြူး၏။ ဇမ္ဗူဒိပ်မြေပြင် အလုံးကို လှည့်ပတ်လတ်သော် တစ်ဆောင်သောကျောင်းသို့ ရောက်၍ တည်းခိုနေထိုင်သည်။

ထိုကျောင်း၌နေသော ရှင်ရေဝတမထေရ်အား ပုဏ္ဏားလုလင်က ဗေဒင်သုံးပုံနှင့်စပ်သော ပြဿနာကိုမေးရာ ရှင်ရေဝတမထေရ်က အလုံးစုံ ဖြေပြသည်။ တစ်ဖန်မထေရ်က ပရမတ်နှင့်စပ်သော ပြဿနာကို မေးရာ ပုဏ္ဏားလုလင် မဖြေဆိုနိုင်သောအခါ ပုဏ္ဏားလုလင်က - 'အဘယ် မန္တန်နည်း'ဟုမေးသည်။ 'ဗုဒ္ဓမန္တန်ဖြစ်သည်'ဟု ရှင်ရေဝတက ဖြေသည်။ 'ထိုမန္တန်ကို သင်ကြားလိုပါသည်' 'ငါကဲ့သို့ ရဟန်းဝတ်ပါမှ သင်ကြားနိုင်မည်' ဟုပြောသောအခါ ပုဏ္ဏားလုလင်သည် မိဘတို့ထံ ခွင့်ပန်၍ ရှင်ရေဝတထ

ရဟန်းပြုပြီး ပိဋကတ်သုံးပုံကို သင်ယူခဲ့သည်။ ဘုရားသခင်ကဲ့သို့ နက်နဲသော အကျော်အစောရှိသောကြောင့် ဗုဒ္ဓယောသ ဟု ဆရာက အမည်ပေးသည်။

အရှင်ဗုဒ္ဓယောသသည် အရှင်ရေဝတထံ၌ နေလျက် ဉာဏောဒယ ကျမ်း၊ အဋ္ဌသာလိနီကျမ်းများကို ပြုစုပြီးမှ ပရိတ်အဋ္ဌကထာ ပြုမည်ဟု အားထုတ်ဆဲတွင် ရှင်ရေဝတမထေရ် က 'ဤဇမ္ဗူဒိပ်၌ ပါဠိတော်မှသာရှိသည်၊ အဋ္ဌကထာလည်း မရှိ၊ အာစရိယဝါဒလည်း ကွဲပြားခြားနားနေကြ၏၊ သို့တွက် ရှင်မဟိန္ဒဆောင်ယူသွားသော သီဟိုဠ်၌ရှိသော အဋ္ဌကထာ၊ သံဂါယနာ သုံးတန်တင်ထားသော ပါဠိတော်၊ အရှင်သာရိပုတ္တရာ စသော ရဟန္တာတို့ ဟောထားသော စကားစဉ်များသည် သီဟိုဠ်ကျွန်း၌ ရှိသည်။ သင်သွား၍ မာဂဓဘာသာဖြင့် ရေးသားပြန်ယူခဲ့၊ ထိုသို့ ပြန်ယူသော် လူခပ်သိမ်းတို့ စီးပွားများလတ္တံ့'ဟု ဥပဇ္ဈာယ်ဆရာက စေခိုင်းသဖြင့် အရှင်ဗုဒ္ဓယောသသည် သီဟိုဠ်သို့ကူး၍ အနုရာဓပြို့ မဟာဝိဟာရကျောင်းတိုက်သို့ ဝင်ပြီးလျှင် သံဃပါလမထေရ်ထံ သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒအလုံးစုံကို ကြားနာသင်ယူပြီးမှ အဋ္ဌကထာများကို ပြုအံ့သောငှာ ပန်ကြားသည်။

မထေရ်ကြီးက သီလေ ပတိဋ္ဌာယ စသော ဂါထာကိုပေး၍ 'ဤဂါထာ၌ သင်၏အစွမ်းကို ပြပါဦး'ဟု မိန့်ကြားသဖြင့် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ အကျဉ်းချုံး၍ ဂါထာ (၁၄၀၀၀၀)ပမာဏရှိသော ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစုခဲ့သည်။ ပထမပြုသောကျမ်း ဝှက်ခံရ၍ ဒုတိယနေ့ဆက်ပြုစု၏။ ဝှက်ခံရပြန်၏။ တတိယနေ့ ဆက်ပြုစုသည်။ ထို့နောက် သုံးစောင်လုံးကို သံဃာအား ပြသော် အားရနှစ်သက်ကြ၍ အဋ္ဌကထာနှင့်တကွ ပိဋကတ်များကို မာဂဓဘာသာသို့ ကူးယူခွင့်ပြုသည်။

ပါဠိ၊ အဋ္ဌကထာ အားလုံးကို မာဂဓဘာသာဖြင့် ကူးယူပြီးသော် ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်ခဲ့သည်။ သို့သော် သီကြားမင်းက ဇမ္ဗူဒိပ်ကျွန်း၌ ဗုဒ္ဓ

သာသနာသည် အားနည်းခဲ့ပြီး၊ ပစ္စန္တရာဇ် သုဝဏ္ဏဘူမိ၌ ထွန်းကားပါမည်ဟု လျှောက်ထားပြီး လှေဦးကို သုဝဏ္ဏဘူမိသို့ လှည့်ပေးလိုက်ရာ ရှင်မဟာဗုဒ္ဓဃောသသည် ပိဋကတ်ပါဋိ အဌကထာများနှင့် အတူတကွ သုဝဏ္ဏဘူမိ (သထုံ)သို့ ရောက်ရှိလာခဲ့သည်။ ထိုပါဋိတော် အဌကထာစာပေများ ရောက်လာသောအခါမှ စာပေ သင်ကြားမှုများရှိလာပြီး ဗုဒ္ဓသာသနာသည် အခြေကျ ခိုင်မြဲလာပါတော့သည်။

ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဋ္ဌတွင် ဝဋ္ဋဂါမဏိမင်း လက်ထက်၌ ကျင့်သုံးခဲ့သော ရွာထိပ်၌ ဇရပ်ဆောက်၍ သံဃာတော်များက ကလေးသူငယ်များကို စာပေသင်ကြား ပေးသကဲ့သို့ လူကြီးများကို တရားဓမ္မဟောကြားသွန်သင် ဆုံးမစေခဲ့ရာမှ ရာမညတိုင်းတွင် ရွာထိပ်၊ မြို့ထိပ်တို့၌ ဘုန်းကြီးကျောင်း ပညာရေးစနစ် စတင်ပေါ်ပေါက်ခဲ့သည်။

(၈) မြန်မာနိုင်ငံ(သရေခေတ္တရာ) ပျုမြို့ပြ နိုင်ငံများသို့ ယဉ်ကျေးမှုများရောက်လာခြင်း

သာသနာနှစ် (၁၀၁)နှစ် ရှိသောအခါ ရသေ့၊ သိကြား၊ နဂါး၊ ဂဋုန်၊ ဂုမ္ဘဏ်၊ စန္ဒီ၊ ပရမီသွာရ ဤသူတော်စဉ် (၇)ယောက်တို့ တည်ထား ပေးသော သရေခေတ္တရာမည်သော ရသေ့ပြည်တွင် မင်းပြုသော မျက်စိ (၃)ခု အတုမဲ့ခေါင် ဒွတ္တဘောင်မင်းကြီး လက်ထက်၌ အိန္ဒိယမှ အရှင်သံဃရက္ခိတမထေရ်တို့ ကြွရောက်၍ သာသနာပြုခဲ့သည်။ ထိုသရေခေတ္တရာ၌ ရဟန္တာ (၃၀၀၀)ရှိခဲ့ပြီး၊ မင်းကြီးက မပြတ် ပစ္စည်းလေးပါး လှူဒါန်းဆက်ကပ်ပေးခဲ့သည်။

ရဟန္တာ မထေရ်မြတ်က ဘုရားရှင်၏ ဓာတ်တော် (၆)ဆူကို ချီးမြှင့်သဖြင့် မင်းကြီးက ညည်းညည်း၊ စည်းစည်း၊ ပေါပေါ လျောလျော၊ မြသီတင်းသောကြမာ ဟူသော စေတီ(၆)ဆူ တည်ခဲ့သည်။ လက်ရုံးတော်ဓာတ်တော်ကို မြင်ဗာဟုစေတီနှင့်ဆိုသော် (၇)ဆူ တည်ခဲ့သည်။

ဤသရေခေတ္တရာ ပျူမြို့ပြနိုင်ငံ၌ ဗုဒ္ဓဘာသာထွန်းကားပြီး ဘုန်းကြီးကျောင်းများ ပေါ်ထွန်းနေပြီဖြစ်ကြောင်း ကျက်ခေါင်းစား ငတစ်ပါးမင်းသည် ဘုန်းကြီးကျောင်းထွက် မင်းတစ်ပါးဖြစ်ပြီး ဗုဒ္ဓသာသနာကို အထူးအားပေး ဆောင်ရွက်ခဲ့သည်ဟု ဆိုပါသည်။

တရုတ်မှတ်တမ်းအရ ပျူမြို့ပြနိုင်ငံတွင် ဘုန်းကြီးကျောင်းပေါင်း (၂၀)ရှိပြီး ယောက်ျားလေးရော မိန်းကလေးပါ အသက်(၇)နှစ် အရွယ်ရောက်လျှင် ဆံချ၍ ဘုန်းကြီးကျောင်းသို့ပို့ကာ သံဃဩဝါဒ ခံယူလေ့ရှိသည်။ အသက်(၂၀)ပြည့်၍ သာသနာဘောင်၌ မလျော်မွေ့လျှင် ဆံရှည်ပြန်ထားကာ လူဝတ်လဲပြီး လူတို့ကျင့်ဝတ်အတိုင်း နေသည်ဟု မှတ်တမ်းရေးထားသည်ကို တွေ့ရသည်။

ဤသရေခေတ္တရာ၊ ဗိသနိုး၊ ဟန်လင်း၊ ပျူမြို့ပြနိုင်ငံတို့တွင် အောက်မြန်မာပြည် ရာမညတိုင်းမှတစ်ဆင့် ထေရဝါဒဗုဒ္ဓဘာသာသည် ရောက်လာပြီး ထေရဝါဒဗုဒ္ဓသာသနာစစ်စစ် ထွန်းကားနေသေးသည်ဟု မှတ်ယူရပါမည်။

(ဃ) မြန်မာနိုင်ငံအလယ်ပိုင်း အထက်ပိုင်းသို့ မဟာယာနနှင့် ဗြာဟ္မဏ ရောဝင်သော သာသနာရောက်ရှိလာခြင်း

အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ဗုဒ္ဓသာသနာသည် မူလ ထေရဝါဒစစ်စစ် ဖြစ်ခဲ့သော်လည်း မြန်မာနိုင်ငံ အလယ်ပိုင်းတကောင်း၊ သရေခေတ္တရာ၊ ပျူ၊ ပုဂံ စသော မြန်မာပြည် အလယ်ပိုင်း၊ အထက်ပိုင်းသို့ ရောက်ရှိလာသော သာသနာမှာ စစ်မှန်သော ထေရဝါဒ မဟုတ်တော့ဘဲ အိန္ဒိယတွင် အယူအဆအမျိုးမျိုးဖြင့် ဖြစ်ပေါ်ထွန်းနေသော မဟာယာနဂိုဏ်းကွဲ ဗုဒ္ဓဘာသာများ ရောနှောရောက်လာသည်ဟု ဆိုရပါမည်။

အေဒီ (၆) ရာစု နောက်ပိုင်းတွင် အိန္ဒိယ၌ မဟာယာန အတွေး အခေါ်အမျိုးမျိုးနှင့် ဂိုဏ်းအမျိုးမျိုး ပေါ်ထွန်း ပေါ်ပေါက်လာခဲ့သည်။ အိန္ဒိယနိုင်ငံသို့ မွတ်စလင်တို့ တိုက်ခိုက်လာသောအခါ ထိုအိန္ဒိယရှိ မဟာယာနတို့သည် အိန္ဒိယနိုင်ငံ မြောက်ပိုင်းမှသော်လည်းကောင်း၊ အရှေ့ပိုင်းဘင်္ဂလားမှလည်းကောင်း မြန်မာနိုင်ငံသို့ ဝင်ရောက်သည် ဟုခန့်မှန်းကြသည်။ ထိုသို့ ဝင်လာရာတွင် ဟိန္ဒူ ဗြာဟ္မဏဝါဒနှင့် ရောနှောဝင်လာသည်ဟု ဆိုပါသည်။

သရေခေတ္တရာပျက်ကာနီးတွင် အိန္ဒိယမှ ရောက်လာသော သမ္မိတိ နိကာယဂိုဏ်းသည် ဗုဒ္ဓဘာသာဂိုဏ်းကွဲ (၁၈)ခုတွင် အယ္လဝါဒ အဖောက် ပြန်ဆုံး ဖြစ်သည်။ ထိုဂိုဏ်းသည် ဝဇိုပုတ္တက ဂိုဏ်းခွဲဖြစ်ပြီး ဝဇိရယာန ဂိုဏ်း၏ မ-သုံးလုံး ကျင့်စဉ်ကို လိုက်ကျင့်သုံးခဲ့သည်ဟု ဆိုပါသည်။

မသုံးလုံးကျင့်စဉ်မှာ -

မဇ္ဇ	-	သေရည်
မံသ	-	အသား
မေထုန	-	မေထုန်အကျင့်

ဤဂိုဏ်းသည် သရေခေတ္တရာပြည်ရောက်လာပြီး သုံးလေးလ အကြာ မိမိတို့ဂိုဏ်း အယူအဆများ မဖြန့်ဝေ၊ မတည်ဆောက်မီ သရေခေတ္တရာပြည်သည် ငစကောစစ်(စကောကရင်)တို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပျက်သုဉ်းရသောအခါ ပျူမင်း သုပညာနဂရဆိန္ဒမင်း၏ သားတော်တစ်ပါးဖြစ်သော သမုဒ္ဒရာဇမင်းသားသည် မိမိစုန်းမိသော အလုံးအရင်းနှင့် အထက်သို့ ဆန်တက် ထွက်ပြေးခဲ့သည်။

ထိုအချိန်တွင် ပျူ ကမ်ယံ၊ မြန်မာ ဟူ၍ သုံးစုကွဲလေသည်။ ပျူနှင့် ကမ်းယံတို့ တစ်ဖန်ကွဲပြန်သော် ကမ်းယံတို့က ရခိုင်ဘက်သို့ ထွက်ပြေးပြောင်းရွှေ့နေကြသည်။ ပျူအချင်းချင်း စစ်ဖြစ်ပြန်၍ သုံးစုကွဲပြန်သည်။

ဘစ်စုကို ကျပင်းတို့ ယူသည်။ တစ်စုကို သက်တို့က ယူသည်။ တစ်စုက တောင်ညိုအရပ်၌ ပြည်ထောင်၍ နေလေသည်။ သုံးနှစ်ရှိသောအခါ မွန်တို့က တိုက်ပြန်သဖြင့် ပျက်သည်။ ထိုမှတစ်ဆင့် ပန်းတောင်သက်သာ အရပ်၌ တည်ထောင်နေပြန်သည်။ ခြောက်နှစ်ရှိလျှင် ကမ်းယံတို့က တိုက်၍ ပျက်ပြန်သည်။ ထိုမှတစ်ဆင့် မင်းတုန်းတွင် တည်ထောင်၍နေသည်။ (၃)နှစ်နေပြီးနောက် သမုဒ္ဒရာဇမင်းသည် သက္ကရာဇ် (၂၉)၊ (အေဒီ ၁၀၈)ခုတွင် ပျူ-မြန်မာ(၁၉)ရွာကို စုစည်း၍ ယုန်လွတ်ကျွန်း၌ မြို့ပြနိုင်ငံ တည်ထောင်နေခဲ့သည်။

ထိုအချိန် ထိုမြို့ပြ နိုင်ငံတွင် သမ္မတိနိကာယ ဂိုဏ်းဝင်တို့သည် သမထီးအရပ်ကို တည်ဆောက်၍ အရည်းကြီးကျင့်စဉ်ကို စတင်ဖြန့်ဖြူးသာသနာပြုခဲ့သည်။ အရည်းကြီးဟူသော အမည်မှာ အရိယဟူသော ပါဠိနှင့်အာရညကကို ယူထားခြင်း ဖြစ်သည်။ အရည်းကြီး ရဟန်းတို့သည် မဲနက်သောသင်္ကန်းကို ဝတ်ကာ ဆံမုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးတို့ကို အရှည်ထားကြသည်။ သူတို့သည် နတ်နဂါးတို့ကို ကိုးကွယ်ကြသည်။

အရည်းကြီးတို့၏ လုပ်ငန်းကျင့်စဉ်မှာ မြင်းစီးခြင်း၊ လက်ဝှေ့သတ်ခြင်း၊ သေရည်သေရက် သောက်ခြင်း၊ အဂိုရတ်ထိုးခြင်း၊ အင်းချခြင်း၊ မန္တန်စုပ်ခြင်း၊ ယတြာစီရင်ခြင်း၊ နတ်ပူဇော်ပသခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုသခြင်း၊ သိုက်၊ တပေါင်စနည်း အတိတ်နိမိတ်တို့ကို ကောက်ယူပေးပြီး လိုက်နာစေခြင်း စသည့်အမှုများကို ပြုလုပ်ကြသည်။

တစ်နှစ်တစ်ကြိမ် တောင်ထိပ်ပေါ်၌ တိရစ္ဆာန်ကိုသတ်၍ ယဇ်ပူဇော်ရာ၌ ရှင်ဘုရင်များကို ကူညီကြသည်။ ယဇ် ပူဇော်ပသခံရသော တိရစ္ဆာန်များ၏ ဦးခေါင်းများကို သူတို့၏ ဘုရားကျောင်း၌ ဆွဲထားကြသည်။ သူတို့၏ အယူအဆမှာ အသက်ကို သတ်မိသော်လည်း ပရိတ်မန္တန် ရွတ်ဖတ်ခြင်းဖြင့် အကုသိုလ်အပြစ်များ ပျောက်သည်ဟု ဟောပြောကြသည်။

မိဘကို သတ်မိသော် ပရိတ်မန္တန်ရွတ်က ထိုအပြစ်မှ ပျောက်ကင်းသည်။ ထိမ်းမြားမင်္ဂလာ ပြုပြီးသောနေ့၌ သားကောင်း သမီးကောင်းများ ထွန်းကားရရှိစေရန် မင်္ဂလာဦးညဉ့် အရည်ကြီးထံသို့ ပို့ဆောင်ကာ ပန်းဦးဆက်ကြရသည်။

အရည်းကြီး ရဟန်းတို့သည် ဘုရင်များ၏ ကိုးကွယ်မှုကို ခံယူကာ တိုင်းသူပြည်သားအပေါ်၌ ဩဇာတန်ခိုး အာဏာ လွှမ်းမိုးခဲ့ကြသည်။ သမုဒ္ဒရာဇဓမင်းမှစ၍ (၂၃)ဆက်မြောက် ပုပ္ပါးစောရဟန်းမင်းသည် ထီးနန်းသုံးခိုက် မျူးမတ်၊ ပုရောဟိတ်၊ မိဖုရားတို့နှင့်တိုင်ပင်ကာ နန်းတင်ထားသော အရည်းကြီးရဟန်းတစ်ပါး ဖြစ်သည်။ သူသည် တန်ခိုးအရှိန်အဝါကြီးသည့် အားလျော်စွာ သက္ကရာဇ်ဖြိုလျက် သက္ကရာဇ်အသစ်ကို ပြုလုပ်သဖြင့် မြန်မာရာဇဝင်တွင် သက္ကရာဇ်အသစ် တည်သောမင်းအဖြစ် ထင်ရှားခဲ့သည်။

အေဒီ ၉၃၁-၉၄၆ တွင် နန်းတက်သော ညောင်ဦးစောရဟန်းမင်းမှာလည်း အရည်းကြီးရဟန်းတစ်ပါး ဖြစ်သည်။ သူသည် အရည်းကြီးရဟန်းတို့နှင့်တိုင်ပင်ကာ ပုထိုးငါးလုံး တည်ထောင်ခဲ့သည်။ ထိုပုထိုး(၅)လုံးတွင် နတ်ရုပ်လည်းမဟုတ်၊ ဘုရားရုပ်လည်း မဟုတ်သော အရုပ်ထုလုပ်ကာ ညနံနက် ထမင်းဟင်း သေစာတင်၍ ကိုးကွယ်သည် ဟုဆိုပါသည်။ နတ်ကွန်းများကို ဆောက်လုပ်ကာ ပူဇော်သောကြောင့် နတ်ကျောင်းဒကာ မင်းချမ်းသာဟု ခေါ်ဝေါ်ကြသည်။

သာသနာနှစ် ၁၂၀၀ ကျော် (အေဒီ ၈ ရာစု)လောက်တွင် အိန္ဒိယနိုင်ငံမှ တန္တရ မန္တရနှင့် ဝိဇ္ဇာအတတ်တို့သည် အထက် မြန်မာနိုင်ငံသို့ မြောက်ဘက် အနောက်ဘက်မှ အဆက်မပြတ် ဝင်ရောက်ခဲ့သည်။ အရည်းကြီးရဟန်းတို့သည် ထိုတန္တရ မန္တရ ဝိဇ္ဇာ အတတ်များကို ကျင့်သုံးကာ သာသနာပြုခဲ့ကြသဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး ပျံ့နှံ့ ထွန်းကားသွားလေသည်။

မဟာယာနနွယ်ဝင် အရည်းကြီးရဟန်းတို့သည် သမုဒ္ဒရာဇမင်းမှ စ၍ အနော်ရထာမင်း တိုင်အောင် နှစ်ပေါင်း ၅၀၀ ခန့် ကြီးစိုး လွှမ်းမိုးခဲ့သည်။

(ဇ) မြန်မာနိုင်ငံနှင့် ဗြာဟ္မဏဝါဒကြီးစိုးမှု

အာရိယန်လူမျိုးတို့ စတင်ကိုးကွယ် ယုံကြည်ခဲ့သော ဗြာဟ္မဏဝါဒသည် ခရစ်နှစ်အစောပိုင်းကပင် အိန္ဒိယနိုင်ငံမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့ ထွန်းကားခဲ့သည်။ အိန္ဒြမြစ်ဝှမ်းတွင် အာရိယန်လူမျိုးတို့ တန်ခိုးအာဏာ ကြီးမားလာသည်နှင့်အမျှ သူတို့ ကိုးကွယ် ယုံကြည်ခဲ့ကြသော ဗြာဟ္မဏဘာသာလည်း ကျယ်ပြန့်ထွန်းကားလာခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ရှိရင်းစွဲ အသားမည်း ဒရာဗီဒီယန်း လူမျိုးများသည်ပင် နောက်ပိုင်း၌ ဗြာဟ္မဏဘာသာသို့ သက်ဝင်ယုံကြည်လာကြသည်။ ထို့ကြောင့် ဗြာဟ္မဏဘာသာသည် အိန္ဒိယနိုင်ငံ၏ အဓိကဘာသာရေးအဖြစ် ယုံကြည် အားကိုးလာခဲ့ကြသည်။

ဗြာဟ္မဏဘာသာသည် (အေဒီ ၃ ရာစု) နောက်ပိုင်းတွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ အာရိယန်နွယ်ဖွား ဟိန္ဒူများသည် ဘင်္ဂလားအော်ကို ဖြတ်ကျော်ကာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ကူးသန်းရောင်းဝယ်ရန် သွားလာခဲ့ကြသည်။ သူတို့ ရောက်ရာ အရပ်ဒေသတို့၌ မိမိတို့ကိုးကွယ်သော ဗြာဟ္မဏဘုရားရှိုးကျောင်းများကို တည်ဆောက်ကြသည်။ သူတို့ အယူဝါဒများ ထွန်းကားအောင် ဆောင်ရွက် ပြုလုပ်ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် တကောင်း၊ ပီသနိုး၊ ပျူ သရေခေတ္တရာ၊ ပုဂံစသော ခေတ်အဆက်ဆက်တွင် ဗြာဟ္မဏ အယူအဆဖြစ်သော နတ်ရုပ်များ၊ နတ်ကိုးကွယ်မှုများ ထွန်းကားခဲ့သည်။

မြန်မာနိုင်ငံ အထက်ပိုင်း တောင်တွင်းကြီးအနီး ပိဿနိုးမြို့ဟောင်းများသည် ဗြာဟ္မဏဘာသာဝင်တို့၏ နတ်ဘုရားတစ်ပါးဖြစ်သော ပိဿနိုးနတ်မင်းကို ဂုဏ်ပြုမှုနှင့် ခေါ်ထားသော အမည်ဖြစ်သည်။ ဤမြို့အမည်ကို ထောက်ဆခြင်းအားဖြင့် ဗြာဟ္မဏဝါဒ မည်မျှလွှမ်းမိုးခဲ့သည်ကို မှန်းဆ၍ သိနိုင်သည်။

သရေခေတ္တရာမြို့ တည်ထောင်ရာတွင်လည်း ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသွာရ၊ မဟာပိန္ဆဲ ဤသူတော် (၇)ပါးက အချင်းတစ်ယူဇနာအဝန်း (၃) ယူဇနာ တံခါးကြီး (၃၂) ပေါက်၊ ကုံး မြို့ရိုး စသော အင်္ဂါ (၇)ပါးနှင့် ပြည့်စုံသော သရေခေတ္တရာမြို့ကို သက္ကရာဇ် (၁၀၁)ခုနှစ် တန်ခူးလဆန်း ၁၁ ရက်နေ့တွင် ရွှေနန်းတော်နှင့်တကွ တည်၍ ဒွတ္တဘောင်မင်းအား သိကြားမ,၍ နန်းတက်လေသည်။ မြို့တည်ရာတွင် ပါဝင်သော စန္ဒီ၊ ပရမေသွာရ၊ မဟာပိန္ဆဲနတ်မင်းတို့မှာ ဗြာဟ္မဏဘာသာဝင်တို့၏ နတ်များဖြစ်ကြသည်။ သရေခေတ္တရာခေတ်၌ ဗြာဟ္မဏဘာသာ လွှမ်းမိုးမှု ရှိနေခဲ့သည်။

မြန်မာနိုင်ငံ ပုဒ္ဓဘာသာတွင် ဗြာဟ္မဏယဉ်ကျေးမှု လွှမ်းမိုးရုံသာမက ဗြာဟ္မဏကိုးကွယ်သော ပိဿနိုးနတ်မင်းကြီး သီတင်းသုံးရာ ကျောင်းတော်ကြီးအဖြစ် ထင်ရှားသောကျောင်းမှာ နတ်လျောင်းကျောင်း ဖြစ်သည်။ မူလက ထိုနတ်လျောင်းကျောင်း၏ သေသနဂါးမင်းပေါ်တွင် အိပ်စက်နေသော ပိဿနိုး နတ်မင်းကြီးကို တွေ့ရသည်။

ထိုပိဿနိုး နတ်မင်းကြီး၏ချက်မှ ကြာပန်းသုံးခိုင် ပွင့်ဖူးလျက်ရှိပြီး ထိုကြာပန်းသုံးခိုင်ပေါ်တွင် ဗြဟ္မာ၊ ပိဿနိုး၊ သျှိဝတို့ကို မုဒြာအမျိုးမျိုးဖြင့် တွေ့ရသည်။ ထိုသို့လျောင်းနေသော ပိဿနိုး နတ်မင်းကြီးကို အကြောင်းပြု၍ နတ်လျောင်းကျောင်း ဟုခေါ်ကြခြင်းဖြစ်သည်။

အနော်ရထာမင်းလက်ထက် နတ်ကိုးကွယ်မှုကို တားမြစ်ရာတွင် နတ်ရုပ်များကို သိုလှောင်ထားရာ ဌာနဖြစ်သောကြောင့် နတ်လှောင်ကျောင်း ဟုပြောင်း၍ ခေါ်ခဲ့ကြသည်။

ပုဂံခေတ် ဘုရားများ၏ နံရံဆေးပန်းချီရုပ်များတွင်လည်း ငြဟ္မာ၊ ဗိသနိုး၊ သျှိဝ၊ သူရဿတီ၊ မဟာပိန္နဲ့ စသော ငြာဟ္မဏဝါဒဆိုင်ရာ နတ်ရုပ်များကို တွေ့ရပါသည်။

မြန်မာမင်း အဆက်ဆက်တို့သည် မြို့သစ်၊ နန်းသစ် တည်ရာ၌ လည်းကောင်း၊ ဘုရင်များ ဘိသိက်ခံမင်္ဂလာမြောက်ခြင်း ကိစ္စများကို ပြုလုပ်ရာတွင်လည်းကောင်း၊ ပုခက်တင်မင်္ဂလာ၊ လက်ထပ်မင်္ဂလာပြုလုပ်ရာတွင်လည်းကောင်း ငြာဟ္မဏဝါဒီ ပုဏ္ဏားတို့သည် မပါလျှင်မဖြစ်သော မင်းဆရာများဖြစ်ကြသည်။ သူတို့၏ စီစဉ်ညွှန်ကြားပေးမှု အောက်တွင် လိုက်ပါဆောင်ရွက်ကြရသည်။

မင်္ဂလာအခမ်းအနား၌ ကြိုးသုံးချောင်း စလွယ်ကြိုးများကို လွယ်ထားရ၏။ ကြိုးသုံးချောင်းအဓိပ္ပါယ်မှာ ငြဟ္မာ၊ ဗိသနိုး၊ သျှိဝနတ်မင်းကြီးသုံးပါးကို ရည်ရွယ်၍ ပြုလုပ်ထားခြင်းဖြစ်သည်။ မဟာယာန ဗုဒ္ဓဘာသာစာပေ၌ ပိဋကတ်တော်များကို ပညာနတ်သမီး သူရဿတီက စောင့်ရှောက်သည်ဟု ခံယူထားကြသည်။ မြန်မာလူမျိုးများ အဆောက်အဦ တစ်ခုခုကို ဆောက်လုပ်ရာ၌ ဖြစ်စေ၊ မင်္ဂလာအခမ်းအနား တစ်ခုခုကို ပြုလုပ်လိုရာ၌ ဖြစ်စေ၊ ရက်ကောင်း အချိန်ကောင်း (မင်္ဂလာအချိန်) ရွေးချယ်ပြုလုပ်ကြသည်မှာ ထိုငြာဟ္မဏဝါဒနှင့်ပတ်သက်သော အယူအဆ ဖြစ်ပါသည်။

မြန်မာဘုရင်များသည် မိမိတို့တာသာ ထီးနန်းသိမ်းပိုက်ကာ တိုင်းပြည် အုပ်ချုပ်ရုံဖြင့် ဘုရင်အစစ် မဖြစ်သေးချေ။ ပုဏ္ဏားတို့က ဘိသိက်(ရေစင်)

သွန်းပေးမှသာလျှင် ဘုရင်အစစ်ဖြစ်၍ ဘုန်းတန်ခိုးအာဏာ တိုးတက်သည်ဟုယူဆကြသည်။

ဤအကြောင်းအရာများကို ထောက်ဆ၍ ခေတ်အဆက်ဆက်မှသည် ယနေ့တိုင်အောင် မြန်မာလူမျိုးများ အပေါ်တွင် ဗြာဟ္မဏဝါဒယဉ်ကျေးမှုများ လွှမ်းမိုးလျက် ရှိသည်ကို သိရပါသည်။

(စ) အထက်မြန်မာပြည်၌ ရှင်အရဟံနှင့် အနော်ရထာမင်းတို့ ဗုဒ္ဓသာသနာနှင့်ယဉ်ကျေးမှု ပြန့်ပွားအောင်ဆောင်ရွက်ခြင်း

မြန်မာသက္ကရာဇ် ၄၀၆ (အေဒီ ၁၀၄၄)ခုတွင် ပုဂံနေပြည်တော်၌ အနော်ရထာမင်းစောသည် နောင်တော် စုကွတေးကို စစ်အောင်နိုင်၍ မင်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

ထိုအချိန်၌ မဟာယာနအနွယ်ဝင် အရည်းကြီး ရဟန်းတို့ ကြီးစိုးနေချိန်ဖြစ်သည်။ အနော်ရထာမင်းသည် ဘုန်းလက်ရုံးနှင့် ပြည့်စုံပြီး ဉာဏ်အမြော်အမြင်ကြီးမားသော မင်းတစ်ပါးဖြစ်သည်။ သူသည် အရည်းကြီးတို့၏ အမှုအကျင့်များကို လုံးဝ မနှစ်သက်ချေ။ စစ်မှန်သော သာသနာတော် ကိုသာ မျှော်မှန်း တောင့်တနေခဲ့သည်။

အနော်ရထာမင်း နန်းတက်၍ (၉)နှစ်အကြာတွင် အောက်မြန်မာပြည် သုဝဏ္ဏဘူမိမှ အရှင်အရဟံသည် အထက်မြန်မာပြည် ပုဂံသို့ သာသနာပြုကြွရောက်ခဲ့ရာ အနော်ရထာမင်းကြီးသည် တောထဲမှ မုဆိုးပင့်လာသော ရှင်အရဟံကို ဖူးတွေ့မြင်ရသောအခါ အလွန်ကြည်ညိုမိသည်။ ရှင်အရဟံ၏ တရားကို ကြားနာရသောအခါ ရှင်အရဟံအပေါ် လုံးဝယုံကြည်ခဲ့ပြီး ပုဂံတွင်ရှိနေသော ရဟန်းတု ရဟန်းယောင် အရည်းကြီးများ လူဝတ်လဲစေ၍ စစ်မှုထမ်းစေသည်။ တစ်ချို့ နယ်စပ်သို့ ထွက်ပြေးကြသည်။ အနော်ရထာမင်းသည် ရှင်အရဟံ၏ အကူအညီဖြင့် ဗုဒ္ဓသာသနာ စစ်မှန်သော တရားတော်များ ထွန်းကားရရှိရေးကို ကြိုးစားဆောင်ရွက်ခဲ့သည်။

ရှင်အရဟံမထေရ်က မင်းကြီးအား -

" ဘုရားရှင်၏ သာသနာတော်တွင် ပရိယတ္တိ သာသနာ ရှိပါမှ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ ရှိနိုင်သည်။ ပရိယတ္တိဟူသော ပိဋကတ် သုံးပုံလည်းမရှိသေး၊ ဤပြည်တွင် ဘုရားရှင်၏ သရီရဓာတ်တော်၊ မွေတော်လည်း မရှိသေးချေ။ မွေတော် ဓာတ်တော် ပိဋကတ်တော်ရှိသော ပြည်ရွာသို့ လက်ဆောင်ပဏ္ဏာဖြင့် တောင်းခံပါ၊ ထိုအရာများရှိမှ သာသနာတော် အရှည်တည်မည်" ဟု မိန့်ကြားသည်။

"အဘယ်တိုင်းပြည်မှာ ရပါအံ့နည်း" ဟု မင်းကြီးမေးသော် - "သုဝဏ္ဏဘူမိတိုင်း၊ သထုံပြည်မှာ ပိဋကတ်သုံးပုံ၊ အစုံ (၃၀) ရှိသည်။ မွေတော် ဓာတ်တော်များလည်း များစွာရှိသည်" ဟု မိန့်ကြားသော အခါ မင်းကြီးသည် လက်ဆောင်ပဏ္ဏာများ စီရင်၍ သထုံသို့ စေလွှတ်၍ တောင်းစေသည်။

သထုံမနူဟာမင်းက မကောင်းသော စိတ်နှလုံးဖြင့် "သင်တို့ လူရိုင်းတွေနှင့် တန်သလော" ဟု မိန့်ကြားလိုက်သဖြင့် အနော်ရထာမင်းသည် ပြင်းစွာအမျက်ထွက်၍ စစ်အင်္ဂါလေးပါး စီရင်ပြီး သထုံကို တိုက်စေသည်။

သထုံပြည်ကို အောင်မြင်သောအခါ မင်းအဆက်ဆက်တို့ ရွှေပန်းတောင်းတွင် ထား၍ ကိုးကွယ်သော ဓာတ်တော်၊ မွေတော်နှင့် ပိဋကတ်တော် အစုံ (၃၀) ကို သထုံမင်း၌ရှိသော ဆင်ဖြူတော် (၃၂)စီးတွင် တင်ကာ သယ်ယူခဲ့သည်။ ပိဋကတ်တော် ရဟန်းပညာရှိ လူပညာရှိများ လက်မှုပညာသည် စသော ပညာသည် အစုံတို့ကိုလည်း သယ်ဆောင်ယူလာခဲ့သည်။

ပိဋကတ်တော်များ ပုဂံသို့ ရောက်သောအခါန်မှစ၍ အနော်ရထာ မင်းသည် ရှင်အရဟံ၏ အကူအညီဖြင့် မြန်မာပြည်အနှံ့ မြို့ရွာတိုင်းဌ ကျောင်းကန် ဇရပ်များ တည်ဆောက်စေပြီး သာသနာကျယ်ပြန့်အောင် ဆောင်ရွက်သည်။ စေတီပုထိုးများ တည်ထားပေးသည်။

နတ်ကိုးကွယ်မှုနှင့် အရည်းကြီးကိုးကွယ်မှုကို အပြတ်ခိုမ်နင်းပေးပြီး ထေရဝါဒ ပိဋကတ်တော်များ သင်ကြားမှု မြန်မာပြည်အနှံ့ ပျံ့အောင် ဆောင်ရွက်ခဲ့သည်။

ထိုအနော်ရထာမင်းနှင့် ရှင်အရဟံတို့ လက်ထက်မှစ၍ မြန်မာ နိုင်ငံ ခေတ်အဆက်ဆက်တွင် ထေရဝါဒ ဗုဒ္ဓသာသနာသည် နေလို လလို ထွန်းကားလာခဲ့လေသည်။

